www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အောင်စေပိုင် စီစဉ်ဖန်တီးသည်

မဂ္ဂဇင်း

၂၀၁၃ ခုနှစ်၊ မေလ
အတွဲ(၇)၊ အမှတ်(၁၁)

ကျေးဇူးရှင်မိဘနှစ်ပါးအား ရိုသေမြတ်နိုး
လက်ဆယ်ဖြာထိပ်မှာမိုး၍
ရှိခိုးပူဇော်ကန်တော့ပါ၏။

BURMESE CLASSIC .com

သက်တော်မြဲဂါထာ

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ။
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
- အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်ဇာအကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com






# မာတိကာ

## ဘာသာရေးဘုရားသမိုင်း


| | | | |
|---|---|---|---|
| - မြို့င်အင်း(သို့)ဗျိုင်းအင်းဘုရား | ... | မြမဥ္စူဝေ(ကျုံမငေး) | ၇ |
| - အရိုးတော်ပုံဘုရားကလေးသမိုင်းနှင့် ဘုရားပွဲ | ... | ခင်ခင်လှ(အင်းစိန်) | ၂၆ |
| - ရွှေတိဂုံရင်ပြင်တော်မှ ထီးတော်စေတီ | ... | ကိုအေးမြင့်(ရှေး/သု) | ၅၀ |
| - မော်ရမြိုင်သာသနာ ဝဇီရာရာမဆရာတော်နှင့်..... | ... | မုဒုံစောနောင်ဖေ | ၉၄ |
| - တီကျစ်မြို့ရဲ့ မြသိန်းတန် | ... | ဗေဒသုတေသီဆရာမျိုး | ၁၁၁ |


## ဘာသာရေးသုတ/ရသဆောင်းပါး


| | | | |
|---|---|---|---|
| - ရည်မှန်းမူဇော် ဓမ္မာလင်္ကာရဆရာတော် | ... | လှစံ(ပညာရေး) | ၁၀ |
| - ဖွားဖက်တော်ခုနစ်ပါးနှင့်..... | ... | ချစ်မုန်းခင်(ကြို့ပင်ကောက်) | ၁၇ |
| - ရာဇဂုရု ပယင်းတွင်းဆရာတော် (အပိုင်း-၂) | ... | ဓမ္မာစရိယဦးငွေးလှိုင် | ၂၀ |
| - လူတစ်ယောက်နှင့်လူတစ်ခြမ်း | ... | မေတ္တာရှင်ရွှေပြည်သာ | ၃၅ |
| - မစ္ဆရိယစိတ်ကိုရှောင်..... | ... | မင်းဖေမြင့်(မုဒုံ) | ၄၃ |
| - တတိယရွှေကျင်သာသနာပိုင် ဒီပဲယင်းဆရာတော် | ... | မောင်ဆန္ဒ(လယ်ဝေး) | ၄၇ |
| - ဝဋ္ဋနာဒီပနီ | ... | သုခ | ၇၈ |
| - ဝိညာဉ်နှင့် ပြိတ္တာဟူသည်မှာ | ... | ရဲရဲထွန်း(ဟသ်ာတ) | ၁၁၉ |
| - သတိထားကာ လျှော့စားပါ | ... | မုံရွာနေဇာ | ၁၄၂ |


## မန္တန်၊ ဂါထာ၊ ကျင့်စဉ်


| | | | |
|---|---|---|---|
| - ပဋိကတ်တိုက်တံခါးဖွင့်ဂါထာတော် | ... | တင့်ထူး(ဇေယျဝတီ) | ၃၃ |
| - အသက်ဘေးအန္တရာယ်မှလွတ်မြောက်သော..... | ... | ဆရာမင်းသုဖြ | ၄၆ |
| - အလိုတော်ပြည့် ပဌာန်းစေတီတော် | ... | ဆန်းညွှန့်(ဓမ္မာစရိယ) | ၅၇ |
| - သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ကြီး | ... | ဂမ္ဘီရဆရာလှမျိုး | ၆၉ |
| - ဆင်းရဲကင်းစေ မင်္ဂလာဂါထာရွတ်ကြလေ | ... | အမျိုးလှ | ၇၅ |
| - မာတင်္ဂဂါထာတော် | ... | မင်းကြည်ဖြူ | ၉၁ |
| - ဝေဒါသာကုညွှန်းပြုသက်သေ | ... | လှကျော်ညွှန့်(ရေကင်း) | ၁၀၇ |
| - သွေးလေထက်လေ ကိုးစနေ | ... | ခင်ခင်ဝင်း(မောရဝတီ) | ၁၂၄ |


## တိုင်းရင်းဆေး


| | | | |
|---|---|---|---|
| - အနီးအဝေးမခက်ဆီးဆေးတစ်လက် | ... | ဇရာမြေကျော်ဝေ | ၆၂ |
| - အဝလွန်၊ ဗိုက်ခေါက်ထူသော ပျို့ပျို့အိုအို..... | ... | ခင်ထွေး(သန်လျင်) | ၇၇ |
| - သွားကိုက်သွားနာ..... | ... | မိုးစက်(အဏ္ဏဝါ) | ၁၈၀ |
| - ဆရာကိုသီဟပြောတဲ့..... | ... | သစ္စာဝါဒီမြတ်စောလင်း | ၂၁၅ |
| - သပွတ်ခါးသီး ရင်ကျပ်ပန်းနာပြီး | ... | နတ်မေ[illegible]မှတ်ကျောက် | ၂၅၂ |
| - တမာပင် ဆေးဖက်အသုံး..... | ... | ကျော်တင့်ဆွေ | ၂၈၀ |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## ဗုဒ္ဓဝင်ရသ


- ထူးခြားဆန်းကြယ်ရဟန်းနောက်ကမိန်းမငယ် ... တက္ကသိုလ်သျှင်သီရိ ၆၃
- လှည့်ပတ်မာယာ သဲကိုးဖြာ ... ကျော်သန်းစံ ၈၆
- တာဝတိံသာပြန် ကြွက်ဖြူလေး ... သာစည်အောင်တင် ၁၀၃
- ဝါရမီဖြည့်စွက်မည့် သုမိတ္တာ ... အောင်မြင့်မြတ်(ပြည်ရွှေဘို)၁၂၉


## အထွေထွေသုတ၊ ရသဆောင်းပါး


- ရှင်မဟာကဿပဇာတာ ... တင်နိုင်တိုး ၈၉
- အာဟာရနှင့်ကျန်းမာရေး ... ရွှေဥဒေါင်း ၁၂၀
- အာစိဏ္ဏကံပုဂ္ဂိုလ် အဘဦးဂျိုးသိန်း..... ... ကိုရွှေသိမ်းအေး ၁၆၀
- ပအိုဝ်းမြေက ဂျပန်နည်းပညာ ... ဗေဒသုတေသီဆရာမျိုး ၁၇၃
- သင်မယုံလဲ ပုံပြင်တော့မဟုတ် ... ပန်းတနော်နောင်လတ် ၁၈၈
- တအုပ်စင် ... သုတအံ့ ၁၉၁
- ဖျားနိမိတ် ... ကိုသက်ရှည် ၂၂၀
- ဘေဘီလုံမှ မြစ်နှစ်မြွာ..... ... မောင်လင်းအောင် ၂၃၂
- အိပ်မက်နှင့် သဏ္ဍာန်တူ ... ဦးအုန်းမြင့် ၂၉၂
- သမ္မတလင်ကွန်းနှင့် သမ္မတကနေဒီ ... မောင်ကြည်မျိုး ၃၁၅


## ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ


- အိပ်မက်က ပေးတဲ့အိုး ... တင်မောင်မောင်(ပေါက်ကုန်း) ၁၃၆
- တတိယနေ့ ... လွှမ်းရိပ်(စလင်း) ၁၄၇
- ခင်လွန်းသူရဲ့ ဝိညာဉ် ... မောင်ထွဋ်ကောင်း ၁၅၆
- ပုဂ္ဂိုလ်တွေနဲ့..... ... ရီရီဖွေး ၁၆၆
- တစ်ပွဲစား ဦးကွမ်းနှင့်ကိုပေတလူ ... ဦးကျော်(လှိုင်သာယာ) ၁၈၂
- အဖြေမသိတဲ့ပုစ္ဆာ ... မောင်လင်းသစ် ၁၉၆
- သားစိမ်းကြိုက်သူများ ... တင့်ထူး(ဇေယျဝတီ) ၂၀၅
- ဦးဘအေးစေတီ ... ပန်းတနော်နောင်လတ် ၂၁၀
- သစ္စာလိပ်ပြာ ... ဇလွန်ကျော်ဦး ၂၂၄
- နောက်ဆုံး အမျှဝေသံ ... သန်းဆွေသစ် ၂၄၀
- နတ်ကြီးသည့်ဝါးတောင် ... မောင်မောင်မိုးအောင် ၂၄၅
- ခေါ်တော်ကားတစ်စီးရဲ့ဖြစ်ရပ်ဆန်းကြယ် ... မြသိန်း ၂၅၃
- ရှင်ထိုး ... ဘနွှင်း(မြန်မာပြန်) ၂၆၈
- ဘုရားသရ ကျောက်နီမျက်နှင့်..... ... စန်းလွင်ဦး(ခရာမြိုင်) ၂၈၁
- အသက်ဘေးက သီသီလေး ... မင်းရဲကျော် ၂၉၅
- ကျောင်းလာအပ်သော ပရလောကသားများ ... လုစံ(ပညာရေး) ၃၀၃
- ညည်းလေပြေ ... မုဒိုသုမွန် ၃၀၉
- နတ်ဆိတ်ဂျာအေး ... ချစ်မင်းသူ ၃၁၉
- ဒဲတိုင်ရှင် ... ကျော်မင်းညွှန့်(လှည်းကူး) ၃၃၀












www.burmeseclassic.com

www.burmeseclassic.com

# ပဥ္စဂုဏ် အပတ်စဉ် ဝန္နာမိ





**အယ်ဒီတာချုပ်**
မောင်ညိုအေး (ပန်းတော)
**တာဝန်ခံအယ်ဒီတာ**
ကိုကိုလှ(ကမာမြေ)
**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဟိန်းမင်းဇော်
**ကွန်ပျူတာစာစီ**
စန်းစန်းထွေး၊ A7 Group
**ကြော်ငြာနှင့် ဖြန့်ချိရေး** - မိမိလေး၊ ယုန်လေး
**ပြင်ပဆက်သွယ်ရေး** - ယဉ်မင်းဆု
**မျက်နှာဖုံးစာလုံးဒီဇိုင်း** - ကျော်မင်းမောင်
**မျက်နှာဖုံးပန်းချီ** - ကျော်စိုးညိန်း
**အတွင်းသရုပ်ဖော်ပန်းချီ**
ဝင်းသိန်း၊ မောင်မြင့်ငွေ၊ ရန်နိုင်ဦး၊ သန့်စင်၊ အောင်နိုင်လတ်၊ ကျော်ဦး၊ စကြူ၊ ကျော်စိုးညိန်း၊ ဆူးထက်အောင်၊ ပညတ်၊ အောင်ကျော်၊
**တန်ဖိုး** - (၂၂၀၀)ကျပ်
**အုပ်ရေ** - (၅၀၀)

**ထုတ်ဝေသူ**
ဦးညီဇော်ထွန်း (၀၄၃၃၇)
**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။
**အတွင်းဖလင်** - ကိုမျိုးညွန့် (A7 Group)
**စာအုပ်ချုပ်** - ဦးတင်လှ
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်ကျင်ယုံ(ကောင်းစံပုံနှိပ်တိုက်)၊ အမှတ်(၂၇၉/ခ)၊ ၄၀-လမ်း၊ အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။

BURMESE CLASSIC .com

| | |
|---|---|
| မန္တလေး | ထွန်းဦးစာပေ |
| | နဂါးစာပေ |
| ရှမ်းတောင်၊ ကယား | မိလျံနှာစာပေ |
| မော်လမြိုင် | ကျော်ကျော် |
| ပြည် | သုခ၊ နေစေး |
| နေပြည်တော် | မြတ်ရွှေတောင်စာပေ |
| နေပြည်တော်ပျဉ်းမနား | ဖြိုးဝေလွင်စာပေ |
| ပဲခူး | သဇင် |
| ဟင်္သာတ | တာလေးမောင် |







## အဆောင်၊ အစီအရင်၊ ယတြာ


- အိမ်ထောင်ရေးတစ်သက်လုံး. . . . . ... ဦးအောင်မြိုင် ၀၄၅
- ကံကောင်းစေမည့် အကြံပြုစာမျက်နှာ ... ဓေတ္တရာဆရာကျော် ၂၀၃
- ကံကောင်းစေလျှင် ကန်ဆယ်ပြင် ... သိင်္ဂါးသန်းအောင်(မြင်းခြံ) ၂၀၇
- ချစ်သူကို အိမ်ထောင်ဖက်ရွေးသင့်. . . . . ... ဝင်းဇော်(သုံးဆယ်) ၂၃၆
- အဆောင်ကောင်း အဆောင်မြတ် ... သက်နှင်းဆွေ(ပုပ္ပါး) ၂၇၄
- ဘုန်းကံမြင့်မား. . . . . ... ဦးကျော်(ပြည်) ၃၀၇
- အသီးသီး၊ သားတင် အင်းအစီအရင် ... မောင်တင်ကြွယ်(ပြည်) ၃၁၆
- ဂမ္ဘီရရောင်စင် အလင်းတိုင်အစီရင် ... ဓေတ္တရာဆရာကျော် ၃၂၆


## အသုံးချပညာရပ်များ


- ၂၀၁၃၊ မေလ၊ ၁၂ ရာသီခွင်နှင့် သင့်ကံတရား ... တက္ကသိုလ်စိုးမိုးနိုင် ၁၅၂
- နာမက္ခရဆန်း ... ဂမ္ဘီရဆရာလှမျိုး ၁၉၃
- ၂၀၁၃၊ မေလ၊ ကောင်းကင်ဂြိုဟ် ရပ်တည်မှု
၁၂ ရာသီ လဂ်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ ... ဦးဇေယျာကို ၂၅၇
- ၂၀၁၃၊ မေလအတွက် လိုအင်ဆန္ဒပြည့်ဝ
အောင်မြင်စေမည့် (ကာ၊ကူ၊ဖွင့်)နဝင်းယတြာအစီအရင်များ. . . ဆရာမြတ်ထွန်းခေါင် ၂[illegible]
- ဘဝပုစ္ဆာအဖြေရှာ ကဏ္ဍ ... [illegible] ၃၀[illegible]
- ၂၀၁၃၊ မေလ၊ တြင်းရုပ်အဟောစာတမ်းများ ... [illegible] ၃၃[illegible]


www.burmeseclassic.com


www.burmeseclassic.com




ရောင်ခြည်တော်ကွန့်မြူးနေသော ဗုဒ္ဓရုပ်ပွားတော်မြတ်
ရွှေဥမင်ရိပ်သာကျောင်း၊ အင်းတကော်မြို့၊

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

## နေပြည်တော် တပ်ကုန်းမြို့မှ

# မြိုင်အင်း (သို့မဟုတ်) ဖျိုင်းအင်းဘုရား

■ မြမဥ္ဇူဝေ(ကျုံမငေး) ■



မြန်မာနိုင်ငံ မြေလတ်ပိုင်း နေပြည်တော်မြို့နယ်အတွင်းမှ တပ်ကုန်းမြို့သည် ရှေးဟောင်းစေတီဘုရားများနှင့် သာသနာထွန်းသော မြို့တစ်မြို့ဖြစ်ပါသည်။ သာသနာအမွေခံ ကျောင်းဇရပ်များနှင့်လည်း တင့်တင့်တယ်တယ် ဂုဏ်သတင်းကြွယ်သော မြို့တစ်မြို့လည်း ဖြစ်ပါသည်။

တပ်ကုန်းမြို့၏ အဓိကကျသော မဖြစ်မနေ သွားသင့်သော နေရာသည် စေတီဘုရားများ တည်ရာသို့ဖြစ်၍ ရှေးဟောင်း ဆုတောင်းပြည့်ဘုရားတစ်ဆူသို့ သွားခဲ့ပါသည်။ ဘုရား၏ ဘွဲ့အမည်မှာ "မြိုင်အင်း" ခေါ် "ဖျိုင်းအင်းစေတီ" ဖြစ်ပါသည်။ စေတီတော်၏ သမိုင်းစဉ်ကို မေးမြန်းမိသောအခါ -

ဂေါတမဘုရားရှင် နှစဉ်အခါက တစ်ခုသော ဘဝတွင် "ဒေဝဒတ်" လောင်းလျာသည် ဖခင် ကျွဲမင်းဖြစ်၍ ဂေါတမဘုရားလောင်းလျာသည် သား ကျွဲမင်းဖြစ်ခဲ့ပြီး ဖခင် ကျွဲမင်းက "ကျွဲထီးဆို သတ်စေ" ဟူသော အမိန့်ဖြင့် အထီးမှန်သမျှ သတ်နေသောကြောင့် မိခင် ကျွဲမကြီးက သားငယ် ကျွဲကလေးကို တောတောင်ထဲ၌ ပုန်းကွယ်၍ မွေးခဲ့၏။

သားငယ် ကျွဲကလေးက ဖခင်၏ အမုန်းရန်ကို တုံ့ပြန်ယှဉ်ပြိုင်လိုသော်လည်း မိခင်က အရွယ်မရောက်သေး၍ တားမြစ်ခဲ့၏။ သားငယ် ကျွဲကလေးကလည်း အလောင်းလျာပီသစွာ ကြံ့ခိုင်ကြီးထွားလာသောအခါ ဖခင်အား တုံ့ပြန်တိုက်ခိုက်ရန် ခွင့်တောင်းလာပြန်သောကြောင့် မိခင်က ဆီးသီးပင်မှ ဆီးသီးများကို တစ်လုံးမကျန် ချိုးဖျားနှင့် ခတ်၍



www.burmeseclassic.com

www.burmeseclassic.com



မြေသို့ ကျစေနိုင်သော စွမ်းအားရှိမှ အဖကို ပြိုင်ပါဟု ဆိုခဲ့ပါသည်။

ထို့နောက် အချိန်ကျလာသောအခါ အဖ ကျွဲမင်းနှင့် သား ကျွဲမင်းတို့ တစ်ခုသော မြေပြန့်နေရာ၌ တွေ့ဆုံကာ "ခတ်"နေကြသည်။ အပြိုင်ကျဲ၍ ခတ်ကြသည်မှာ မြေပြင်သည် အင်းကြီးပမာဖြစ်ခဲ့ရာ ကာလကြာလာသောအခါ "ပြိုင်အင်းအရပ်"ဟု ခေါ်ခဲ့ကြောင်းနှင့် ဘုရားလောင်း ကျွဲမင်းဘဝနှင့် ကျက်စားခဲ့သော ဤပြိုင်အင်းသည် တန်ခိုးရှိလှသော သမိုင်းဝင် နေရာမြတ်တစ်ခုဟု အဆိုရှိခဲ့ဖူးပါသည်။ ထိုအချိန်အခါက ဖြစ်ခဲ့ဖူးသော ကျွဲမင်းတို့ဘဝ ဖြစ်ပျက်ခဲ့မှုကို အကြောင်းပြုကာ အမှတ်အသားအဖြစ် စေတီတစ်ဆူတည်ခဲ့သည်ဟုလည်း ဒေသခံများက ဆိုကြပါသည်။

ပြိုင်အင်းဘုရားနှင့် မနီးမဝေးသော တောအုပ်တစ်ခုတွင် ကျွဲမင်းသား ပုန်းခိုကာ အဖကို ယှဉ်ပြိုင်ထိုးခတ်နိုင်ရန် လေ့ကျင့်နေရာတစ်နေရာရှိကြောင်းနှင့် ထိုနေရာကို "ပုန်းတောရွာ"ဟု ရှေးအခါက ခေါ်ခဲ့ကြောင်း၊ ကာလရွေ့လျောလာသောအခါ "ပိန်းတောရွာ"ဟု ဖြစ်လာကြောင်းနှင့် တိမ်မြုပ်အိုဟောင်းနေသော ဘုရားပရဝုဏ်ကို ရွာသားများနှင့် အသေအချာတူးဖော်ကြသောအခါ ရှေးလူကြီးများ ဆို

စကားအရ "ပြိုင်အင်းဘုရား"ပင် ဖြစ်မည်ဟု ဆိုပြီး တော[illegible]
များကို ရှင်းခဲ့ပါသည်။

ပြိုင်အင်းကြီးသည်လည်း အင်းရေများ ခန်းနေပြီး [illegible]
မြင်ရသော ဘုရားဝတ်တိုသည် ပြိုင်အင်းစေတီကြီးသာ [illegible]
မည်ဟု ပါးစပ်ရာဇဝင် စကားအရ ရွာသားများက အမှ[illegible]
အသားပြုခဲ့ကြပါသည်။


ယခုအခါ စာရေးသူတို့ ဖူးတွေ့ရသော ပြိုင်အင်း[illegible]
သည် မျက်နှာစာမုခ် လေးဘက်တွင် အာရုံခံ ဝတ်ပြု [illegible]
ဆောင်နှင့်အတူ ကြည်ညိုသပ္ပာယ်ဖွယ် မြင်ကွင်းများနှင့်အ[illegible]
သာသနိက နယ်မြေအတွင်း စေတီဘုရားရုပ်ပွားတော်[illegible]
နှင့် ဖူးတွေ့ရမှာ ဖြစ်ပါသည်။ အလှူရှင်တစ်ဦးမှ "ဗိုင်းအင်[illegible]
ဘုရားအတွက် ရည်စူး၍ လှူဒါန်းပါသည်ဟူသော စာက[illegible]
ကို တွေ့မိ၍ မေးမြန်းမိသောအခါ အပြိုင်အဆိုင် ဝေ့ယ[illegible]
တိုက်ခိုက်ရာအရပ်တွင် တည်ထားသည့် စေတီ၏ ဘွဲ့အမ[illegible]
ကိုလည်း "ပြိုင်အင်းဘုရား"ဟု ဘွဲ့တည်တွင်ခဲ့ရာ ပြိုင်ဆို[illegible]
သော သဘောသည် နိမိတ်ပမာဖြစ်ကာ ကျေးရွာအတွ[illegible]
သူထက်ငါ ပြိုင်ဆိုင်မှုများနှင့် ကြုံဆုံလာရသောကြော[illegible]
တဖြည်းဖြည်း ထိခိုက်မှုများ ဖြစ်လာမည်ကို စိုးရိမ်[illegible]
ကြောင့် "ဗိုင်းအင်းစေတီ"ဟု ခေါ်ခဲ့ကြသဖြင့် ရွာသ[illegible]



www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com

သည်း "ဖိုင်းအင်းရွာ"ဟု အမည်တွင်လာရသည်ဟု ဆိုကြပါသည်။

ဖိုင်းအင်းစေတီတော်သည် ဆုတောင်းပြည့်စေသောကြောင့် ဆုတောင်းပြည့်ဘုရားဟုလည်း ခေါ်ကြပါသည်။ စေတီတော်၏ သာသနိက နယ်မြေသည် အပြောကြမ်း၊ အဆိုကြမ်းခြင်းများကို နှစ်သက်ခြင်းမရှိကြောင်း။ မူလစေတီတည်ရာမှ စ၍ ယနေ့တိုင် မြေကြမ်းသည့်သဘောရှိကြောင်းလည်း ဆိုကြပါသည်။

နေပြည်တော် တပ်ကုန်းမြို့နယ်သို့ အခါအခွင့်သင့်၍ ရောက်ကြလျှင် ပြိုင်အင်း (သို့မဟုတ်) ဖိုင်းအင်းဘုရားသို့ သွားရောက်ဖူးမြော်သင့်ပါသည်။ ခရီးလမ်းလည်း သင့်သောကြောင့် ရေးဟောင်း သမိုင်းဝင် ဘုရားကြီးသို့ ဘုရားဖူးတစ်ခေါက်ရောက်ကြလျှင် အခါခါပင် ဖူးမြော်ချင်စိတ်များ ပေါ်လာမှာ ဖြစ်ပါသည်။ အဖနှင့် သား အပြိုင်ခတ်ကြရာတွင် အလှုံ၍ သား အနိုင်ရသွားသဖြင့် ကွဲ့မအပေါင်းလည်း မိတို့ရင်သွေး သားကလေးများအတွက် ရင်အေးသွားရသည်မှာ ပုံပြင်ဆန်ဆန် ဖြစ်ရပ်ကလေးကို အကြောင်းပြု၍ တည်ရှိ စံပျော်နေသော ပြိုင်အင်း (သို့မဟုတ်) ဖိုင်းအင်းစေတီဘုရားသည် စည်ကားနေသော သာသနိက နယ်မြေအဖြစ် တွေ့ရမှာ ဖြစ်ပါသည်။

မူလ ဒါယကာ မည်သူဖြစ်သည်ကို အတိအကျဖော်ပြနိုင်ခြင်း မရှိသော်လည်း သာသနာကို ကိုးကွယ်ယုံကြည်ကြသော အလှူရှင်များ၏ စေတနာ သဒ္ဓါအားများကြောင့် ဖိုင်းအင်းစေတီတော်နှင့်အတူ ရုပ်ပွားဆင်းတု၊ ကျောင်း၊ ဇရပ်များနှင့် သပ္ပာယ်စွာ တည်ရှိနေပါသည်။

* * *

မြမဥ္စုခဝ(ကျုံမငေး)

မှီငြမ်း

- ဖိုင်းအင်းစေတီ၏ လက်ကမ်းကြော်ငြာပါ ဘုရားသမိုင်း။ (ဥပသကာအဖွဲ့)။
- ဗေဒသုတေသီ ဆရာမျိုး၏ဆောင်းပါး(ဘုန်းရောင်ဂျာနယ်၊ အမှတ်-၁၁၁)။
- စာရေးသူ၏ ဘုရားဖူးခဲ့ရသောမှတ်တမ်း။ (၁၆-၅-၂၀၁၁)။

www.burmeseclassic.com

www.burmeseclassic.com

# ရည်မှန်းပုဂ္ဂိုလ် ဓမ္မာလင်္ကာရ ဆရာတော်

လှစံ (ပညာရေး)

BURMESE CLASSIC .com

လက်ျာတော်ရံ ရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန်တို့ ပရိနိဗ္ဗာန်စံပြီးခါစ မကြာသေးသောအချိန် ရှင်တော်ဗုဒ္ဓသည် နောက်ပါ သံဃာတော်များစွာဖြင့် ဒေသစာရီ ကြွချီတော်မူရာ ဝဇ္ဇီတိုင်း၊ ဥက္ကစေလမြို့ ဂင်္ဂါမြစ်ကမ်းနံဘေးသို့ ရောက်တော်မူသောအခါ နောက်ပါ သံဃာတော်များသည် ဗုဒ္ဓကိုယ်တော်မြတ်ရှေ့ဆောင်နေ၍သာ ဒေသစာရီခရီးကို လိုက်ပါခဲ့ရသော်လည်း မျက်နှာများက မကြည်မသာ၊ ညှိုးလျက်၊ ငေါ်လျက်။ အဘယ်ကြောင့်နည်း။

သာသနာပြုရာတွင် အတောမဲ့ထိပ်ခေါင် ရှင်တော်ဗုဒ္ဓ၏ လက်ရုံးကြီးနှစ်ဆူ သာဝကကြီးနှစ်ပါး။ ထိုသာဝကကြီးနှစ်ပါး ရှိသောအရပ်သည် ရှင်တော်ဗုဒ္ဓ ရှိနေတော်မူသကဲ့သို့ဖြစ်သည်။ စိတ်ချရသည်။ ဘုရားရှင်ကိုယ်တော်တိုင်ကလည်း -

"သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့ ··· သင်တို့ ရှိနေသောအရပ်သည် ငါဘုရားရှိနေသည်နှင့်တူ၏"

ဟူ၍ပင် မိန့်တော်မူခဲ့ဖူးလေသည်။




အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက
ဘဒ္ဒန္တဝိသုဒ္ဓ(ဓမ္မာလင်္ကာရ)ဆရာတော်ဘုရားကြီး




www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်





www.burmeseclassic.com

www.burmeseclassic.com

ထိုမျှ အားထားရသော အဂ္ဂသာဝကကြီးနှစ်ပါး ပရိနိဗ္ဗာန်စံဝင်ကုန်ကြသောအခါ သာသနာတော်ကြီးအတွက် အဖက်ဖက်မှ ဆုံးရှုံးနစ်နာမှုများ ကြီးမားစွာ ဖြစ်ခဲ့ရသည်။

"ရဟန်းတို့… အနှစ်သာရ ပြည့်ဝသော သစ်ပင်ကြီး တစ်ပင်မှ အကိုင်းကြီးနှစ်ခု ကျိုးကျဘိကုန်သကဲ့သို့ သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့ ပရိနိဗ္ဗာန်စံကုန်ကြခြင်းသည် အနှစ်သာရ ပြည့်ဝသော သာသနာတော် သစ်ပင်ကြီးမှ အကိုင်းကြီးနှစ်ခု ကျိုးကျသွားသည်နှင့် တူလှချေ၏"

BURMESE CLASSIC .com


ဟု ရှင်တော်ဗုဒ္ဓ မိန့်ကြားခဲ့လေသည်။

ယခုအခါတွင်လည်း ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ဓမ္မာလင်္ကာရကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုဒ္ဓိ သက်တော်ရှည် ဆရာတော်ဘုရားကြီး(ဓမ္မာလင်္ကာရ ဆရာတော်) သည် သက်တော် ၉၅နှစ်၊ သိက္ခာတော် ၇၅ဝါ၊ ၁၃၇၄ခုနှစ်၊ တော်သလင်းလဆန်း ၁၄ရက်(၂၉-၉-၂၀၁၂)၊ စနေနေ့ည ၇နာရီအချိန်တွင် လူ့ပြည် ငြိး၍ နတ်ထီး စံပျော်တော်မူခဲ့လေပြီ။ အနှစ်သာရပြည့်ဝသော သာသနာတော် သစ်ပင်ကြီးမှ အကိုင်းကြီးတစ်ကိုင်းကား ကျိုးခဲ့ရလေပြီ။

ဆရာတော်ဘုရားကြီး၏ တပည့် ရဟန်း၊ သံဃာတော်များ၊ ရန်ကုန်မြို့၊ ပဲခူးမြို့နှင့် အနယ်နယ်အရပ်ရပ်မှ တပည့်ယောဂီအပေါင်းတို့က မြင့်မိုရ်တောင်ကြီး ပြိုလဲသွားသလို၊ အစားထိုးမရသော ဆုံးရှုံးမှုကြီးကြောင့် မျက်စိနှစ်လုံးကွယ်သွားခဲ့သလို ခံစားရပြီး ဆောက်တည်မရဖြစ်ခဲ့ကြရသည်။ ဖူးလျက် မဝ၊ တသသဖြင့် ၂၁ရက်တိုင်တိုင် နေ့/ည မပြတ် ကုသိုလ်ပြု တရားပွဲများ ကျင်းပ၊ လုပ်အားဒါန၊ ငွေဒါနတို့ဖြင့် ပူဇော်အထူးပြုခဲ့ကြလေသည်။

၁၃၇၄ခု၊ သီတင်းကျွတ်လဆန်း ၅ရက်(၂၀-၁၀-၂၀၁၂)၊ စနေနေ့ ၁၂နာရီအချိန်မှ စတင်၍ စံကျောင်းတော်ရှိ ဓမ္မာလင်္ကာရ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများတို့မှ စိန်ကတ္တီပါ လွှမ်းခြုံပေးခဲ့သည်။

စံကျောင်းတော်မှ လောင်တိုက်တော်သို့ ပင့်ဆောင်ရာတွင် ရှေးဦးစွာ တပည့် သံဃာတော်များ၊ ထို့နောက် ပဲခူးတိုင်း ဝန်ကြီးချုပ် ဦးညာဏ်ဝင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အကြီးအကဲများ၊ ထို့နောက် ရန်ကုန်မြို့မှ တပည့် ဒကာများတို့က အစီအစဉ်အတိုင်း ထမ်းပိုး ပင့်ဆောင်ခဲ့ကြပြီး ဆက်လက်၍ ပဲခူးမြို့မှ တပည့် ဒကာများ၊ ထို့နောက်



ဆရာတော်ကြီး၏ရုပ်ကလာပ်တော်ကို
အမွှေးနံ့သာတုံးတို့ဖြင့် ဤသို့မီးပူဇော်ခဲ့ကြသည်

တပည့် ရဟန်း သံဃာတော်များတို့က ရုပ်ကလာပ်တော်ကို လောင်တိုက်တော်သို့ ပင့်ဆောင် ထမ်းပိုးခဲ့ကြလေသည်။ ဆရာတော်ဘုရားကြီးအား လာရောက်ဖူးမြော် ပူဇော်ကြသူများမှာ အထူးများပြားလှသည်။ အနယ်နယ်အရပ်ရပ်မှ ကားကြီး၊ ကားငယ်အသွယ်သွယ်ဖြင့် လာရောက်ကြသလို ပဲခူးမြို့သူမြို့သားများကလည်း မြို့လုံးကျွတ်နီးပါး လာရောက်၍ နောက်ဆုံးအနေဖြင့် ဂါရဝပြု ဖူးမြော် ပူဇော်ခဲ့ကြလေသည်။


ဤသို့ဖြင့် မွန်းလွဲ ၂နာရီကျော်တွင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ဝိသုဒ္ဓ(ဓမ္မာလင်္ကာရ) ဆရာတော်ဘုရားကြီး၏ အန္တိမ သာဓု ကိစ္စနအဂ္ဂိဈာပန ပူဇော်ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ၊ စည်းကမ်းရှိစွာဖြင့် အောင်အောင်မြင်မြင် ကျင်းပပြုလုပ်ခဲ့ကြလေသည်။

ဓမ္မာလင်္ကာရ ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့မှ ၂၅မိုင်မျှ ဝေးကွာသော "ဒါးပိန်"ဟူသော မြို့ငယ်ကလေးတွင် ခမည်းတော် ဦးလွန်းညို၊ မယ်တော် ဒေါ်မယ်[illegible]တို့၏ ဒုတိယမြောက် သားရတနာဖြစ်ပေသည်။ [illegible] ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com



လောင်တိုက်တော်နှင့် တာဝန်ကျအကျိုးဆောင် လူငယ်များ

ဒါခေါင်လပြည့်ကျော် ၃ရက်(၁၃-၈-၁၉၁၉)၊ ဗုဒ္ဓဟူးနေ့ နံနက် ၄နာရီအချိန်တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့လေသည်။ မြန်မာတို့သည် ကလေးငယ်ကို အမည်ပေးရာတွင် အများအားဖြင့် နေ့သင့်-နံသင့်ပေးလေ့ရှိသည့်အတိုင်း ဇာတာ ဆရာက "မောင်လှမြင့်"ဟု အမည်ပေးခဲ့သော်လည်း မိဘများက ကလေးသဘာဝ ငိုယိုခြင်း မရှိ၊ အကြမ်းပတမ်း ဆော့ကစားခြင်းလည်း မရှိ၊ အေးအေးနေလေ့ရှိသော သားငယ်ကို နေ့နံ မစပ်၊ ဂုဏ်နှင့် ဟပ်၍ အနွတ္ထညာ "မောင်ဘအေး"ဟု သာ ခေါ်တွင်ခဲ့ကြလေသည်။

ဒါးပိန်မြို့ "သခွတ်ပင်"တောရ ဆရာတော် အရှင်ဥက္ကံသထံတွင် ပညာသင်ကြားချိန် ကျောင်းသားအရွယ်ကပင် အခြားသူများကဲ့သို့ သစ်ပင်တက်၊ နပန်းသတ်၊ ခုန်ပေါက်ပြေးလွှားသော ကြမ်းတမ်းသည့် ကစားနည်းတို့ကို မကစားဘဲ သဲပုံစေတီတည်ခြင်း၊ သဲပုံစေတီရှေ့တွင် ပန်းပင်များ စိုက်ခြင်း၊ ခြံခြမ်းစိတ်များ၊ တုတ်ချောင်းများဖြင့် ကျောင်း၊ ဇရပ်ပုံစံအဆောက်အအုံများ ဆောက်လုပ်ခြင်းဖြင့် အေးအေးဆေးဆေး ကစားလေ့ရှိခဲ့သည်။ "ပုဗ္ဗေဇာတံ နိမိတ္တံ၊ ပုဗ္ဗနိမိတ္တံ"ဟု ဆိုရိုးအရ အနာဂတ်တွင် ရဟန်းတော်ဘဝဖြင့် ထူးထူးခြားခြား သာသနာပြုရန် ပုဗ္ဗနိမိတ်ဖြစ်ကြောင်း အထင်အရှားသိခဲ့ရလေပြီ။

ဆရာတော်လောင်းလျာကို အသက် ၁၄နှစ်အရွယ်၌ သာမဏေဘောင် သွတ်သွင်းခဲ့ရာတွင် ဘွဲ့အမည်ကို "ရှင်ဝိသုဒ္ဓ"ဟု နာမတံဆိပ် ခပ်နှိပ်တော်မူခဲ့လေသည်။ ထို့နောက် ၁၃၀၁ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ဒါးပိန်မြို့ တိုင်ကွမ်းကျောင်း(ဇေတဝန်ကာရုံကျောင်း) ခဏ္ဍသိမ်တော်တွင် ဇီးဖြူကုန်းကျောင်းဆရာတော် ဘဒ္ဒန္တနာဂိန္ဒ(အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ဘုရားကြီးအား ဥပဇ္ဈာယ်ပြု၍ ဒါးပိန်မြို့ ရေချင်းယားရပ်၊ ဦးအောင်ညွှန့်-ဒေါ်စိမ်းညွှန့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဥပသမ္ပဒကံဆောင် ရဟန်းဘောင်သို့ ရောက်ရှိတော်မူခဲ့သည်။

ရဟန်းဘဝတွင် ပဲခူးမြို့ မြို့မ စာသင်တိုက်ကြီး အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မြို့မ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမာရစာရထံတွင် ပိဋကတ်ကျမ်းစာများကို သင်ယူခဲ့သည်။ ထို့နောက် ဖိုက်ဦးမြို့မှ ပဲခူး လိပ်ပြာကန်ရပ်ကွက်သို့ ပြောင်းရွှေ့လာသော ကျောင်းအမကြီး ဒေါ်သန်း၊ သားဖြစ်သူ ဗိုလ်ကြီး ရဲဒင်(မော်ကွန်းဝင် ပထမအဆင့်) မိသားစုတို့ လှူဒါန်းသော (၂.၅၁)ကေရှိ ဥယျာဉ်ခြံကြီးဘဝမှ ဆရာတော်၏ ကြိုးပမ်းအားထုတ်မှုကြောင့် ဤမျှခမ်းနားကြီးကျယ်သော သာသနိကအဆောက်အအုံများ၊ ပန္နည်းမျိုးဖြင့် ကုံလုံပြည့်စုံနေသော "ဓမ္မာလင်္ကာရ ကျောင်းတိုက်ကြီး"အဖြစ် ဝင့်ထည်စွာ ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်ပေသည်။

ဓမ္မာလင်္ကာရ ဆရာတော်ဘုရားကြီး၏ သာသနာ့ရေးဆောင်ရွက်မှုများအား တမူထူးခြား အံ့သြဖွယ်ကောင်းလှသည်။ ဆရာတော်သည် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်တရားဟောရာတွင် တွေ့ရှိရသော ဗုဒ္ဓရုပ်ပွားတော်အကျိုးအပျက်များကို တွေ့ရှိ ဖူးမြော်ရသဖြင့် ပင့်ဆောင်လာပြီး ခေါင်းမပါလျှင် ခေါင်းဆက်၊ လက်မပါလျှင် လက်ဆက် စသည်ဖြင့် ပြုလုပ်ကိုးကွယ်ခဲ့ရာ ယခုအခါ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များသည် ကျောင်းနှင့် မဆံ့အောင်ပင် ဖြစ်ခဲ့ရလေသည်။

ဘုရားစေတီတော်များကို ပြုပြင်ကိုးကွယ်ခြင်း၊ အသစ်တည်ဆောက်ခြင်း ပြုလုပ်ခဲ့သည်တို့ကို အကျဉ်းအားဖြင့် ဖော်ပြရလျှင်...

* သနပ်ပင်မြို့ ကကုန်းကျေးရွာရှိ စေတီပျက်ကို ပြုပြင်၍ "အောင်ချမ်းသာစေတီ"ဟု ဘွဲ့မည်ပေးခဲ့ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

* ရှမ်းပြည်မြောက်ပိုင်း နောင်ချိုတွင် "နှစ်ကျိပ်ရှစ်ဆူ မနောမယ" ဘွဲ့မည်နှင့် စေတီတော်တစ်ဆူ။

* ပုသိမ်ကြီးမြို့နယ်၊ ငရုံ့မင်းလိုဏ်ဂူတွင် ကြေးသွန်း ရုပ်ပွားတော်။

* လှည်းကူးမြို့နယ်၊ စာဘူးတောင်းရွာအနီးတွင် ကရဝိတ်အောက်ခံ စေတီတော်။

* မြင်းခြံမြို့နယ်၊ ဂျုတ်ပင်ကျေးရွာတွင် ရှေးဟောင်း စေတီပြိုပျက်နေသည်ကို ပြုပြင်၍ "ချောင်းဦးဘုရား" (ခ) "ရှင်တစ်ရာစေတီ" ဘွဲ့မည်ပေးခဲ့ခြင်း။

* တောင်သာမြို့နယ်၊ နန်းမြင့်တောင်ထိပ်တွင် ဝသက မင်းကြီး တည်ထားခဲ့သော စေတီတော်ကို ပြန်လည်ပြုပြင် ခြင်း။

* လယ်ဝေးမြို့နယ်၊ လောမြို့တွင် "သာယာအေးစေတီ" နှင့် ဓမ္မာရုံ၊ အလယ်ရိုးမတွင် အဿကမှာမင်း တည်ထားခဲ့ သော "ကျိုက်ဒေးမြတ်စေတီတော်" ကို ပြုပြင်ခြင်း။

* ကဝမြို့နယ်ရှိ ရှေးဟောင်းစေတီ "ကျိုက်သိရိမြတ်"။

* ပဲခူးမြို့နယ်၊ စည်တီးကျေးရွာရှိ အလောင်းမင်းတရား ကြီး တည်ထားကိုးကွယ်ခဲ့သော "ထီးဖြူစေတီ" တို့ ပျက်စီး ယိုယွင်းနေသည်ကိုလည်း ပြုပြင်ခဲ့သည်။

* သနပ်ပင်မြို့ အောင်မြေရွာနတွင် "အောင်မြေဗောဓိ ဇေယျရုံသီ" ဗုဒ္ဓရုပ်ပွားတော်၊ ဆရာတော်ဘုရား၏ မွေးရပ်မြေ ဒါးပိန်မြို့ရှိ ကန်ဦးကျောင်းတိုက်တွင် "ပြည်တော်အေးစေတီ"။

* ပဲခူးမြို့အနောက်ဘက် ဘုရင့်နောင်ရွာအနီးတွင် ဗားမဲ့ဆရာတော်ဘုရားကြီး တည်ထားကိုးကွယ်ခဲ့သော "ရွှေ ရန်အောင်စေတီတော်" ကြီးကိုလည်း ပြန်လည်ပြုပြင်ပေးခဲ့ပါ သည်။

•••

ဓမ္မာလင်္ကာရ ဆရာတော်ကြီး၏ သာသနာရေးဆောင် ရွက်မှုများတွင် အလွန်ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များ လည်း တွေ့ရှိခဲ့ရသည်။ အလောင်းစည်သူမင်းကြီး တည်ထား ကိုးကွယ်ခဲ့သော "ဖောင်တော်ဦးစေတီ" သည် ပုဂံ ငလျင် ကြောင့် ပြိုကျပျက်စီးခဲ့ရသည်။ ဆရာတော်ကြီးက စေတီ တော်ကို ပြန်လည်ပြုပြင်၍ ရွှေထီးတော်အသစ်တင်ခဲ့သည်။ ထူးခြားမှုမှာ ထိုအချိန်က ရောဝတီမြစ်မှာ ရေခန်းခြောက်ပြီး သဲသောင်များပင် ပေါ်နေသည်။ သောက်သုံးရေ အလွန်ရှားပါး နေသော အချိန်ဖြစ်သည်။ ဖောင်တော်ဦးစေတီတော်၏ ဘုရားထီးတင်ပွဲအမီ ရောဝတီမြစ်ရေများ တစ်မုဟုတ်ချင်း တက်လာခဲ့သည်။ ထိုအဖြစ်မျိုး တစ်ခါမျှ မကြုံဘူးသေးသော



ဤသို့ လောင်တိုက်တော့သို့
သယ်ယူပို့ဆောင်ခဲ့ကြသည်

မြို့လူမြို့သားများ ရင်သပ်ရှုမော အံ့သြခဲ့ကြရသည်။ ဆရာတော် ဘုရားကြီး၏ ပါရမီတော်ကြောင့်ပေလော၊ ဖောင်တော်ဦးစေတီ မြတ်၏ တန်ခိုးတော်ကြောင့်ပေလော၊ မသိနိုင်ခဲ့။

ထို့ပြင် ပဲခူးမြို့ရှိ "စိန်သာလျောင်း" ရုပ်ပွားတော်မြတ် ကြီးမှာ မည်သည့် ဓိပါက်တော်များကြောင်း မသိ။ လေးကြိမ် တိုင်တိုင် စံကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းခဲ့ကြ သော်လည်း အမိုးမိုးပြီးသည်နှင့် လေပြင်းများ တိုက်ခတ်၍ ပြိုကျပျက်စီးခဲ့သည်သာ ဖြစ်ခဲ့ရသည်။ အများသူငါတို့က စံကျောင်းပြုလုပ်၍ မရနိုင်ဟူ၍ပင် ပြောစမှတ်ပြု ယုံကြည်ခဲ့ ကြသည်။

ဆရာတော်ကြီးသည် နိုင်ငံတော်အစိုးရ တာဝန်ရှိသူ များ၏ လျှောက်ထား တောင်းပန်ချက်အရ စံကျောင်းတော် ကြီး ပြီးမြောက်အောင် တာဝန်ယူ ဆောင်ရွက်ပေးမည်ဖြစ် ကြောင်း မိန့်ကြား၍ ဩဝါဒစရိယ ဆရာတော်အဖြစ် ကြီး ကြပ်၍ တာဝန်ယူ ဆောက်လုပ်ခဲ့လေသည်။

ဆရာတော်သည် တစ်နှစ်လျှင် ရှင်အပါးတစ်ရာပြုခဲ့ ရာ ၁၀နှစ်မြောက် ခရီးပေါက်သောအခါ ရှင်အပါးတစ်ထောင် ပြည့်ခဲ့လေပြီ။ ထိုအခါ ဓမ္မာလင်္ကာရကျောင်းတိုက်ကြီးအတွင်း



www.burmeseclassic.com

www.burmeseclassic.com

ဉာဏ်တော်အမြင့် ၄၉ပေရှိသော "ရှင်တစ်ထောင်ပြည့် စေတီတော်"ကို တည်ခဲ့သည်။ ဉာဏ်တော်အမြင့် ၄၉ပေ ထားရှိခြင်းမှာ ဘုရားအလောင်းတော်သည် သုမေဓာသမီး သုဇာတာ လှူဒါန်းသော ဃဏာနို့ဆွမ်းကို ၄၉လုတ် ဘုဉ်းပေးတော်မူသည်ကို အကြောင်းပြု၍ သတ္တဝါအများ အာဟာရပြည့်ဝစေရေးအတွက် အမြင့် ၄၉ပေ ထားရှိကြောင်း သိရသည်။

ဆရာတော်ကြီးသည် မြန်မာပြည်အောက်ပိုင်းတွင် ပေါ်ပေါက်ဘူးသေးသော သမ္မုဒ္ဒေဘုရားများကို "ပဲခူး-သမ္မု

ဆောင်ရွက်ခဲ့သမျှကို ဖော်ပြရလျှင် ဆုံးနိုင်မည်မထင်ပေ။ ဤကဲ့သို့ပင် သာသနာအကျိုး ဆောင်ရွက်တော်မူကြသော ဆရာတော်ကြီးများ မြန်မာပြည်တစ်ဝှမ်းတွင် ရှိကြသည်။ သာသနာတည်းဟူသော သစ်ပင်ကြီး၏ အကိုင်းအခက်များပင် ဖြစ်ကြသည်။

ထိုသာသနာ သစ်ပင်ကြီး၏ အကိုင်းတစ်ခုဖြစ်သော ပဲခူးမြို့ တွင်းကြီးရပ်၊ ဓမ္မာလင်္ကာရကျောင်းတိုက်တော်ကြီး၏ အာဒိကမ္မိက ပဓာန နာယက အဂ္ဂမဟာ သဒ္ဓမ္မဇောတိက



တရားနာယူနေကြသော ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့အကြီးအကဲများ

အမည်ဖြင့် ငါးသိန်း၊ နှစ်သောင်း၊ နှစ်ထောင်၊ နှစ်ဆယ့်ကုန်သော ရုပ်ပွားတော်များကို ဓမ္မာလင်္ကာရကျောင်းထဲတွင် ဂန္ဓကုဋိတိုက်ကျောင်းဆောင်လုပ်၍ ပူဇော်ပြီး ထိုင်းနိုင်ငံမှ လှူဒါန်းသော ဉာဏ်တော်အမြင့် ၁၂ ရှိသော ထိုင်တော်မူ ကြေးသွန်းရုပ်ပွားတော်ကြီး သွားပင့်ဆောင်၍ ပဲခူး မဟာမြတ်မုနိဘွဲ့အမည်ဖြင့် ဓမ္မာရကျောင်းတိုက်၏ အရှေ့တောင်ထောင့်တွင် ဂန္ဓကုဋိဖြင့် ပူဇော်ထားရှိပြီး ထိုင်းနိုင်ငံမှ သံဖို+သံမ ကြေးခေါင်းတော်ကြီးနှစ်လုံးကိုလည်း ရုပ်ပွားတော်ကြီးအနီးတွင်ခဲ့လေသည်။

ဓမ္မာလင်္ကာရ ဆရာတော်ဘုရားကြီး၏ သာသနာရေး

ဓဇနှင့် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဘွဲ့တံဆိပ် နှစ်တန်ခံယူရရှိတော်မူခဲ့သော သက်တော်ရှည် ဆရာတော်ကြီးဖြစ်သည့် ဘဒ္ဒန္တ ဝိလာသ ဓမ္မာလင်္ကာရ ဆရာတော် မထေရ်မြတ်ကြီးသည် သက်တော် ၉၅နှစ်၊ သိက္ခာတော် ၇၅ဝါတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေပြီ။

ဖူးလျက် မဝ၊ တလျက် မပြေ အဖြေခက်၍ သည်းအူပြတ်မျှ ခံစားခဲ့ကြရသော တပည့်အများ ဝမ်းနည်းပူဆွေးဖြစ်ခဲ့ကြရသည်။ ဆရာ့ကျေးဇူးဂုဏ်အထူးကို ဦးလည်မသုန် လေးစားယုံကြည်ကြကုန်သော တပည့်အပေါင်းတို့သည် ဗုဒ္ဓသာသနာ အရွှန်းရည်ကြာ တည်ရေးကို ဆရာတော်ဘုရားအား ကျေးဇူးဆပ်သည့်အနေဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်ရန် တာဝန်ရှိကြလေပြီ။

အမိဗ္ဗာန်မြောက် ခရီးပေါက်လိုသူများအတွက် မော္ဓလကျ်ာရ ဆရာတော်ဘုရားကြီး၏ "အရိယာသိဒ္ဓိလမ်းစဉ် သရဏဂုံ ပုတီးစိပ်နည်း"ကို ရေးသားဖော်ပြပေးလိုက်ပါသည်။

**အရိယာသိဒ္ဓိလမ်းစဉ် သရဏဂုံ ပုတီးစိပ်နည်း**

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ တစ်ပတ်၊**
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ တစ်ပတ်၊
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ တစ်ပတ်၊
**ဓမ္မံ သရဏံ ဂစ္ဆာမိ တစ်ပတ်၊**
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ တစ်ပတ်၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ တစ်ပတ်၊
**သံဃံ သရဏံ ဂစ္ဆာမိ တစ်ပတ်၊**
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ တစ်ပတ်၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ တစ်ပတ်၊
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ
(ဆိုပြီး ပုတီးတစ်ပတ်စိပ်)။
ဒုတိယမ္ပိ - ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ
(ဆိုပြီး ပုတီးတစ်ပတ်စိပ်)။
တတိယမ္ပိ - ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ
(ဆိုပြီး ပုတီးတစ်ပတ်စိပ်)။

ဤပုတီးစိပ်နည်းသည် တြင်းကြေ၊ နဝင်းကြေ ပုတီးစိပ်နည်းဖြစ်ပါသည်။ အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုးနတ်၊ သိကြားမင်း၊ လောကပါလနတ်မင်း၊ သာသနာစောင့်နတ်မင်းကြီးများအား တိုင်တည်ပြီး မွေးနေ့မှစ၍ ပုတီးစိပ်ပါ။ ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ လောကီသိဒ္ဓိ အောင်မြင်ရပါလို၏ ဆုတောင်းပါ။ (သို့မဟုတ်) လိုရာဆုကို တောင်းပါ။

ပုတီးစိပ်ပြီးလျှင် ပုတီးစိပ်နည်း ချမှတ်ပေးသော ဆရာအရှင်သူမြတ်နှင့် နတ်ကောင်း နတ်မြတ်တို့အား လည်းကောင်း၊ ဘိုးတော်များနှင့် သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်တို့အား လည်းကောင်း အမျှပေးဝေပါ။ မေတ္တာပို့ပါ။ ၎င်းတို့က ကူညီစောင့်ရှောက်ပါလိမ့်မည်။



ဇရက် အမိဗ္ဗာန်အောင်မြင်လျှင် အမှတ်ကလေး တစ်မှတ်၊ နောက်တစ်ကြိမ် ဇရက် အောင်မြင်လျှင် အမှတ် ကလေး နှစ်မှတ်၊ အမှတ်ကလေး ၉မှတ်ရပါက အမှတ်ကြီး တစ်မှတ်ရပြီ။ လောကီ၊ လောကုတ္တရာ အောင်မြင်နိုင်ပြီ အမှတ်ကြီး (၁၀၈)မှတ်ရပြီဆိုပါက သိဒ္ဓိအမှန်ရမည် သေချာလေပြီ၊ အိပ်မက်ပေးလျှင် ပေးသည့်အတိုင်း ကျင့် အကြားအမြင်ရတတ်ပါသည်။ ကျင့်ကြံအားထုတ်နိုင်ကြ စေ။

* * *

လှစံ(ပညာ

မှီငြမ်းပြု၊

- ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ မဟာထေရ်မြတ်ကြီး(ထီလာအရှင်ရေ
- အရိယာသိဒ္ဓိလမ်းစဉ် (မော္ဓလကျ်ာရ ဆရာတော်ဘုရားကြီး)။



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူသည် ဓမ္မမိတ်ဆွေများဖြစ်သော မှူခင်းသတင်းထောက် ဒေါ်ဌေးဌေးဦး၊ ကျောင်းဆရာမလေး လေးလေးနွယ်၊ ဓာတ်တော်အလှူရှင် ဒေါ်ညွန့်ညွန့်သန်း၊ ဒေါ်ခင်မိုးဆွေ(မြန်နော်င်)၊ ဒေါ်ကြည်ကြည်မြင့်တို့နှင့်အတူ တန်ဆောင်မုန်းလပြည့်နေ့တွင် ဆရာတော် ဦးစိန္တိတ၏ ကျောင်း၌

# ဘုရားဖက်တော် ခုနစ်ပါးနှင့် မဟာပုရိသ လက္ခဏာတော်

ချစ်မုန်းခင် (ကြို့ပင်ကောက်-လယ်တီ)

www.burmeseclassic.com

www.burmeseclassic.com

ဥပုသ်သီလဆောက်တည်ပြီး ဓမ္မာရုံအတွင်းရှိ ဗုဒ္ဓ ဝင်ခန်း၌ သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသောအခါ ဖွားဖက် တော် ခုနစ်ပါးနှင့် ထင်ရှားသော ပုဗ္ဗနိမိတ်ကြီးများ ဖြစ်ပေါ် လာပုံ၊ ဘုရားအလောင်းတော်ဟူ၍ သိမြင်နိုင်သော မဟာ ပုရိသခေါ် ယောက်ျားမြတ် လက္ခဏာတော် ၃၂ပါးတို့အား ဖတ်ရှုလေ့လာပြီး ဂမ္ဘီရဆန်းကြယ် စာဖတ်ပရိသတ်များ သိရှိနိုင်စေရန် ဖော်ပြပေးလိုက်ပါသည်။

**ဖွားဖက်တော် ခုနစ်ပါး**

(၁) ယသော်ဓရာမင်းသမီး
(၂) အာနန္ဒာ
(၃) ဆန္နအမတ်
(၄) ကာဠုဒါယီ
(၅) ကဏ္ဍကမြင်းတော်
(၆) မဟာဗောဓိညောင်ပင်
(၇) ရွှေအိုးကြီးလေးလုံးတို့ဖြစ်သည်။

ဗောဓိညောင်ပင်ကား ဥရုဝေလတော၌ ပေါက်၍ ရွှေအိုးကြီးလေးလုံးကား ကပိလဝတ်ပြည်နန်းတော် အရာမ် အတွင်း၌ ပေါ်ပေါက်လာကြကုန်၏။

**ရွှေအိုးကြီးလေးလုံး**

(၁) သခ်မည်သော ရွှေအိုးကြီး(တစ်ဂါဝုတ်ရှိသည်။)
(၂) ဧလမည်သော ရွှေအိုးကြီး(နှစ်ဂါဝုတ်ရှိသည်။)
(၃) ဥပ္ပလမည်သော ရွှေအိုးကြီး(သုံးဂါဝုတ်ရှိသည်။)
(၄) ပုဏ္ဍရီကမည်သော ရွှေအိုးကြီး(တစ်ယူဇနာရှိသည်။)

**ဘုရားအလောင်းတော်ဟု သိမြင်နိုင်သော မဟာ ပုရိသ ယောက်ျားမြတ် လက္ခဏာ ၃၂ပါးမှာ -**

(၁) ညီညွတ်သော ဖဝါးရှိခြင်း၊
(၂) ဖဝါးတွင် တစ်ရာ့ရှစ်ကွက် စက်အင်္ဂါပါခြင်း၊
(၃) ရှည်လျားသော ဖနောင့်တော်ရှိခြင်း၊
(၄) ရှည်သွယ်သော ခြေချောင်းတော်၊ လက်ချောင်းတော် ရှိခြင်း၊
(၅) နူးညံ့သော လက်ဖဝါးတော်၊ ခြေဖဝါးတော် ရှိခြင်း၊
(၆) လက်ချောင်းတော်၊ ခြေချောင်းတော်တို့ ညီညွတ်စွာ အကြားအစိပ်ရှိခြင်း၊
(၇) စဉ်းငယ်မြင့်သော ခြေဖမျက်တော် ရှိခြင်း၊
(၈) ဇေါ်မြည်သော သားကောင်၏ သလုံးမြင်းကောင်နှင့် တူသော သလုံးမြင်းခေါင်းရှိခြင်း၊
(၉) ရပ်တော်မူလျက်ပင် လက်ဖဝါးနှစ်ဖက်ဖြင့် ဒူးဝန်းနှစ်ဖက် ကို ထိတွေ့နိုင်ခြင်း၊
(၁၀) ဆဒ္ဒန်ဆင်ကဲ့သို့ အအိမ်ဖြင့် ဖုံးလွှမ်းသော ယောက် နိမိတ်ရှိခြင်း၊
(၁၁) ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အရေတော်ရှိခြင်း
(၁၂) မြူမလိမ်းမကပ်နိုင်သည့် သိမ်မွေ့သော အရေတော် ရှိခြင်း၊
(၁၃) မွေးညှင်းတစ်တွင်းလျှင် တစ်ပင်စီသာ ပေါက်ခြင်း
(၁၄) ထိုမွေးညှင်းတို့သည် အထက်သို့သာ နာဖျားကော ခြင်း၊
(၁၅) ဗြဟ္မာမင်းကဲ့သို့ ဖြောင့်မတ်သော ကိုယ်ရှိခြင်း
(၁၆) ခြေဖမိုး၊ လက်ဖမိုး၊ ပခုံးတော်နှစ်ဖက်နှင့် လည်ကု တော် ပြည့်ဖြိုးခြင်း၊
(၁၇) ခြင်္သေ့မင်းကိုယ်ကဲ့သို့ အောင်မောင်း ပြည့်ဝသော ကိုယ်ရှိခြင်း၊
(၁၈) ခါးတော်မှ စ၍ ပြည့်ဖြိုးသော ကျောကုန်းတော်ရှိခြင်း
(၁၉) ပညောင်ပင်အဝန်းကဲ့သို့ လုံးချောသော ကိုယ်တော် ရှိခြင်း၊
(၂၀) ညီလည်း ညီညွတ်၊ လုံးလည်း လုံးသော လည်တိုင် ရှိခြင်း၊
(၂၁) နမ်းလုံးခန့်မျှ အရသာကိုပင် တစ်ကိုယ်လုံး ပျံ့နှံ ဆောင်နိုင်သည့် ခုနစ်ထောင်သော အကြောတို့ ရှိ
(၂၂) ခြင်္သေ့မင်း၏ မေးကဲ့သို့ ပြီးတော့မည့်ဟန် မေးတော် ရှိခြင်း၊
(၂၃) သွားတော်ချောင်းရေ ၄၀ ရှိတော်မူခြင်း
(၂၄) ညီညွတ်သော သွားတော်ရှိခြင်း၊
(၂၅) သွားတော်တို့ မကျဲမကျ စေ့စပ်စွာ ရှိခြင်း
(၂၆) စင်ကြယ် ဖြူဝင်းသော စွယ်တော်လေးဆူရှိခြင်း
(၂၇) ရှည်လျားနူးညံ့ ပြန့်သော လျှာတော်ရှိခြင်း
(၂၈) ဗြဟ္မာမင်းအသံကဲ့သို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံတော်ရှိခြင်း၊
(၂၉) အလွန်ညိုကြည်သည့် မျက်လုံးတော်ရှိခြင်း
(၃၀) အလွန်နူးညံ့သည့် မျက်မွေးတော်ရှိခြင်း
(၃၁) မျက်မှောင်(မျက်ခုံး)တော်နှစ်ဖက် - အလယ် ဥဏ္ဏာလုံခေါ် မွေးရှင်တော်ပေါက်ခြင်း
(၃၂) နဖူးတော်ဝယ် သင်းကျစ်ရွှေပြားကပ်ထား သင်းကျစ်တော် အသားမွေး ပါရှိခြင်းတို့ ဖြစ် ထို့ပြင် လက္ခဏာတော် ရှစ်ဆယ်နှင့်လည်း ပြည့် တော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားအလောင်းတော် ဖွားမြင်တော်မူသောအခါ ထင်ရှားသော ပုဗ္ဗနိမိတ်ကြီးများ ဖြစ်ပေါ်လာကြသည်မှာ -

(၁) လောကဓာတ်တစ်သောင်းလှုပ်ခြင်း။

(၂) စကြဝဠာတိုက်တစ်သောင်း နေနတ်ပြဟ္မာတို့ ဤစကြဝဠာတစ်ခုတည်း၌ ပေါင်းဆုံခြင်း။

(၃) ဖွားမြင်လာသော အလောင်းတော်ကို ရှေးဦးစွာ နတ်ပြဟ္မာတို့ ခံယူခြင်း။

(၄) နတ်ပြဟ္မာတို့ ခံယူပြီးနောက် လူတို့ ခံယူခြင်း။

(၅) စောင်းညှင်းတို့ အလိုလိုမြည်ခြင်း။

(၆) စည်ကြီး စည်ငယ်တို့ အလိုလိုမြည်ခြင်း။

(၇) လူတို့ကို တုပ်နှောင်သည့် လှောင်အိမ်၊ လှောင်ကြိုးတို့ အပိုင်းပိုင်းပြတ်ကုန်ခြင်း။

(၈) လူတို့ကို စွဲကပ်နေသည့် ရောဂါခပ်သိမ်းပျောက်ငြိမ်းခြင်း။

(၉) ဝမ်းတွင်းပါ မျက်စိကွယ်သူတို့ မြင်ခြင်း။

(၁၀) ဝမ်းတွင်းပါ နားပင်းသူတို့ ကြားခြင်း။

(၁၁) ခြေဆွံ့တို့ ခြေကောင်းခြင်း။

(၁၂) ဝမ်းတွင်းပါ စကားမပြောနိုင်သူတို့ ပြောနိုင်ခြင်း။

(၁၃) လှေသင်္ဘောများ သွားရန်ကင်းကွာ ဆိပ်ကမ်းသို့ ရောက်ခြင်း။

(၁၄) ကောင်းကင်နှင့် မြေ၌ တည်သော ရတနာအမျိုးမျိုးတို့ အရောင်ထွန်းလင်းခြင်း။

(၁၅) ရန်သူအချင်းချင်း မေတ္တာစိတ်ရကြခြင်း။

(၁၆) ငရဲမီး ငြိမ်းအေးခြင်း။

(၁၇) မှောင်အတိကျသော ငရဲတို့၌ အလင်းရောင်ဖြစ်ခြင်း။

(၁၈) စီးမြဲသော မြစ်ရေယာဉ်တန့်ခြင်း။

(၁၉) မဟာသမုဒ္ဒရာရေ ချိုမြိန်ခြင်း။

(၂၀) လေပြင်းမတိုက်ခတ်ဘဲ အေးချမ်းသော လေသာ တိုက်ခတ်ခြင်း။

(၂၀) ကောင်းကင် သစ်ပင် တောင်ထိပ်မှ ငှက်တို့ မြေပြင်သို့ ဆင်းသက်ခြင်း။

(၂၂) လမင်းရှေ့ကာ ထွန်းလင်းတောက်ပခြင်း။

(၂၃) နေမင်း မပူမအေး ကောင်းသော ဥတုနှင့် ပြည့်စုံခြင်း။

(၂၄) နတ်တို့ ကြီးစွာသော ပျော်ရွှင်မြူးတူးမှု ပြုခြင်း။

(၂၅) လေးကျွန်းအလုံး မိုးကြီး သည်းထန်စွာ ရွာသွန်းခြင်း။

(၂၆) လူအပေါင်းတို့ ဆာလောင်ခြင်းမှ ကင်းခြင်း။

(၂၇) လူအပေါင်း ရေငတ်ခြင်းမှ ကင်းခြင်း။

(၂၈) ပိတ်ဖုံးသော တံခါးရွက်တို့ အလိုအလျောက် ပွင့်လပ်ခြင်း။

(၂၉) သစ်ပင်တို့ ပွင့်သီးကုန်ကြခြင်း။

(၃၀) လောကဓာတ်တစ်သောင်းလုံး တံခွန်ဟူသော ပန်းပွင့်ဖြင့် ဖုံးလျက်ရှိခြင်း။ တံခွန်အောင်လံဖြင့် ဖုံးလျက်ရှိခြင်းတို့ဖြစ်သည်။

ဘုရားအလောင်းတော်သည် ဘုရားမဖြစ်မီ အိပ်မက်ကြီး ငါးပါးကို မက်တော်မူသည်မှာ -

(၁) ဟိမဝန္တာကို ခေါင်းအုံး၊ မြေပြင်ကို ကျောခင်း၍ သမုဒ္ဒရာရေတို့အပေါ် ခြေလက်တင် အိပ်ရခြင်း။ (အဓိပ္ပာယ်မှာ လောကသုံးပါး၌ ဘုရားဖြစ်ဖို့ မြင်မက်ခြင်းဖြစ်သည်။)

(၂) "အတိရိယ"မြက်ပင် ချက်တော်က ပေါက်ထွက်၍ ကောင်းကင်ထိ နိုက်လျက် တည်နေခြင်း။ (အဓိပ္ပာယ်မှာ မဂ္ဂင်ရှစ်ပါးကို လူနတ်တို့အား ဟောကြားနိုင်ဖို့ မြင်မက်ခြင်းဖြစ်သည်။)

(၃) ကိုယ်လုံးဖြူလျက် ဦးခေါင်းနက်သော ပိုးလောက်တို့ ခြေထောက်၌ ရှတက် ဖုံးလွှမ်းခြင်း။ (အဓိပ္ပာယ်မှာ ဆံပင်အနက်နှင့် ပိတ်ဖြူစင်ကြယ်ဝတ် လူများစွာ ခြေတော်ဦးခိုက်ကာ သရဏဂုံခံရန်အတွက် မြင်မက်ခြင်းဖြစ်သည်။)

(၄) ညို၊ ရွှေ နီရောင် လေးရောင်အဆင်းရှိသော ငှက်လေးကောင်တို့ ခြေတော်ရင်းအရောက်တွင် ဆွတ်ဆွတ်ဖြူ တစ်ရောင်တည်း ဖြစ်ရခြင်း။

(၅) မစင်ပုံထက်၌ မလူးမပေ စင်္ကြံလျှောက်ရသည်ဟု မြင်မက်ခြင်း။ (အဓိပ္ပာယ်မှာ ဘုရားအဖြစ်သို့ ရောက်လျှင် များလှစွာသော ပစ္စည်းလေးပါးတို့ကို တွယ်တာ တပ်ငြိတော်မမူဘဲ သုံးဆောင်တော်မူရန် မြင်မက်ခြင်းဖြစ်သည်။)

"ဒင်…ဒင်…ဒင်"

ထိုအချိန်တွင် တိုင်ကပ်နာရီမှ ညနေ ၄နာရီထိုးပြီဖြစ်ကြောင်း အချက်ပြသံ ပေါ်ထွက်လာသဖြင့် စာရေးသူနှင့်တကွ ဓမ္မမိတ်ဆွေ ယောဂီတို့သည် ဓမ္မာရုံဝင်းအတွင်း တံမြက်လှည်း သန့်ရှင်းရေးပြုလုပ်ကြပြီးနောက် ဆရာတော်အား ဝတ်ပြုလျက် အသီးသီး တရားဘာဝနာ နှလုံးသွင်းလျက် မိမိတို့အိမ်ဂေဟာအသီးသီးသို့ ပြန်ခဲ့ကြလေသည်။

* * *

ချစ်မွန်းခင်(ကြို့ပင်ကောက်-လယ်တီ)



www.burmeseclassic.com

www.burmeseclassic.com

ဝေဒါစရိယ

# ဦးငွေလှိုင်

# ရဇဂုရု ပယင်းတွင်းဆရာတော်

## အပိုင်း (၂)



www.burmeseclassic.com

www.burmeseclassic.com



အဆက် . . .

ပယင်းတွင်းဆရာတော်

အာသံပြည်တွင် ထူးခြားအောင်မြင်စွာ သာသနာပြု တော်မူခဲ့သော ပယင်းတွင်းဆရာတော်ကြီး အာသံပြည်သို့ ကြွရောက်လာပြီး ရှေးဦးစွာ ရပ်တည်၍ သာသနာပြု နေထိုင်ခဲ့သော ရွာမှာ ဒွါမရာနယ်ရှိ ယခု ဆရာတော် ဦးကောဝိန္ဒ သီတင်းသုံးတော်မူလျက်ရှိသော ကုန်စယ်ကုန်းရွာပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com

ထိုကုန်းစယ်ကုန်းရွာရောက်ဖို့ ဦးစွာ ရေနံထွက်သည့် ဒစ်ဂဘွိုင်မြို့သို့ မီးရထားစီး၍ သွားရ၏။ ထိုမြို့မှ ဆက်၍ စီးသွားလျှင် စစ်အတွင်းက နာမည်ကြီးခဲ့သည့် လီဒိုသို့ ရောက်၏။ လီဒိုမှာ မြန်မာပြည်ဘက်က ကချင်ပြည်မြောက်ဖျား ပူတာအိုမြို့နှင့် အရှေ့အနောက်တန်းနေသည်။ ဒစ်ဂဘွိုင်မြို့မှ ဒူမရာရွာသို့၊ ထိုမှတစ်ဖန် မထင်ရွာသို့ သွားရ၏။ ထိုမထင်ရွာကား ဆရာတော် ဦးသီလဝံသ ကျောင်းထိုင်သောရွာဖြစ်သည်။

ဆရာတော် ဦးသီလဝံသကား ဘာသာစကား ၆မျိုး တတ်၍ တရားအဟောကောင်း၊ အနေအထိုင်ကောင်းသော ယနေ့ အာသံ သာသနာရေးတွင် ခေါင်းဆောင်တစ်ပါးပင်ဖြစ်၏။ မထင်ရွာကား မထင်လူမျိုးများကို စွဲ၍ ခေါ်တွင်သောရွာအမည်ဖြစ်သည်။ အိမ်ခြေရှစ်ဆယ်ရှိသည်။ ထိုမှ ခရီးဆက်သောအခါ ကုန်စယ်ကုန်းရွာသို့ ရောက်၏။

**ရှမ်းမြန်မာမျိုးရိုး**

ပယင်းတွင်းဆရာတော်ဘုရားကြီး ကြွရောက်လာသည့်အချိန်မှာ သီပေါမင်း ပါတော်မူပြီးနောက် ၆နှစ်(၁၂၅၃ခု)က ဖြစ်ရာ နှစ်အရေအတွက်အားဖြင့် နှစ်ပေါင်း တစ်ရာနီးပါး ကြာမြင့်ခဲ့လေပြီ။

ပယင်းတွင်းဆရာတော်ကြီး ပထမဆုံး တည်းခိုသီတင်းသုံးသောရွာမှာ ကုန်စယ်ကုန်းဖြစ်၍ ပထမဆုံး တရားဟောတော်မူသောရွာကား ခမုန်းရွာဖြစ်သည်။ (သာသနာပြုစ လုပ်ငန်းစဉ်ကို ဗင်္ဂါလီဘာသာဖြင့် အတန်ငယ် ပြည့်စုံအောင် မှတ်တမ်းတင်ထားကြသည်။)

ကုန်စယ်ကုန်းရွာမှနေ၍ တိုးချဲ့ကာ သာသနာပြုတော်မူသွားလေရာ တပည့်ကြီးလေးပါး ထွန်းကားခဲ့၏။ ပထမဆုံး ရဟန်းဖြစ်လာသော တပည့်ကြီးကား ဦးကောဝိန္ဒဖြစ်သည်။ ဒုတိယ ဦးနန္ဒ၊ တတိယ ဦးဝီရိယ၊ စတုတ္ထ ဦးနေမိန္ဒရ။

ပယင်းတွင်းဆရာတော်ကြီး မြန်မာပြည်သို့ ပြန်လည်ကြွသွားသောအခါ ဆိုခဲ့သည့် တပည့်ကြီး လေးပါးတို့က ဆက်လက် သာသနာပြုခဲ့ကာ ကျန်ရစ်ခဲ့ကြ၏။ နောင်သောအခါ ဦးကောဝိန္ဒနှင့် ဦးနန္ဒတို့ လူဝတ်လဲသွားကြသည်။ တစ်ဖန် တတိယ တပည့်ကြီး ဦးဝီရိယ ပျံလွန်တော်မူသွားသဖြင့် စတုတ္ထ တပည့်ကြီးဖြစ်တော်မူသော ဗာရာပါထာရွာ ပောင်းကျောင်း(ဉောင်တစ်ပင်ကျောင်း) ဆရာတော်ကြီး ဦးနေမိန္ဒရတစ်ပါးသာလျှင် ကျန်းမာစွာ သက်တော်ထင်ရှား ကျန်ရစ်တော့သည်။

သို့ရာတွင် ကံအားလျော်စွာ ခန္တီးနယ်ဘက်မှ ပယ
တွင်းဆရာတော်ကြီး၏ တပည့်တစ်ပါးက အာသံပြည်
ကူးလာပြီး သာသနာပြုတော်မူခြင်းကြောင့် ပဉ္စမတပည့်
ဖြစ်လာသည်။ ဘွဲ့တော်မှာ ဆရာတော် ဦးဉာဏဖြစ်သ

ပယင်းတွင်းဆရာတော်ကြီးကား ဤမှာဘက်ခေ
အာသံပြည် ဗုဒ္ဓသာသနာဝင်တို့၏ ကျေးဇူးတော်ရှင်
အစစ်ဖြစ်ခဲ့၏။ ဆရာတော်ကြီး၏ မျိုးရိုးမှာ ရှမ်းမြန်မာဖြ
ဖွားတော်မူရာ ဇာတိမြေမှာ မြစ်ကြီးနားခရိုင် ဟူးကောင်း
ဝှမ်း ပယင်းကျောက်များထွက်ရာ မိုးကောင်းနယ်၊ မြေ
လက်၊ တနိုင်းမြို့အနီး (အိမ်ခြေတစ်ထောင်ခန့်ရှိခဲ့ဖူးသေ
မိုင်းခွန်ရွာကြီးဖြစ်လေသည်။ ၁၁၈၃(ခရစ် ၁၈၂၁)ခု၊ ဗမ
မိုးကောင်းစစ်ကြောင်းမှ ဗန္ဓုလ ၇၀၀၀တပ် အာသံသို့ စ
စဉ် မိုင်းခွန်မှ ဒူဝါဒိုင်ဖာဂမ်(နေမျိုးသိမ်ပရာဇာ)က တပ်
ဒူဝါရေရှာလက လက်ထောက် တပ်မှူးအဖြစ် မိုင်းခွန် ရှ
ကချင် ၁၀၀၀ ကို ဦးစီးကွပ်ကဲ၍ အာသံသို့ လိုက်ပါခဲ့ကြ

**တံဆိပ်တော်နှစ်ထပ်နှင့် တောင်တန်းသာသနာ**

ပယင်းတွင်းဆရာတော်ကြီး၏ ဘွဲ့အမည်ရင်းမှာ ဦး
ဖြစ်၍ ပဉ္စမ သင်္ဂါယနာတင်ခဲ့သည့် ဗုဒ္ဓသာသနာပြု မင်းတု
မင်းတရားက ဆက်ကပ်လှူဒါန်းသည့် ဘွဲ့တံဆိပ်တော်
အလှူခံယူတော်မူသည့်အခါ "နရိန္ဒာဘိဓေ မဟာဓမ္မ
သာသနပါလ မဟာဓမ္မရာဇာဓိ ရာဇဂုရု"ဟူ၍ ဖြစ်လာ
သည်။

သီပေါမင်း နန်းတက်သည့်အခါတွင် တစ်ဖန် ထ
၍ ဘွဲ့တံဆိပ်တော်တစ်ခုကို ကပ်လှူပြန်၏။ "နရိန္ဒာဘိ
သိရီပဝရ သာသနဇောတိက မဟာဓမ္မရာဇာဓိ ရာဇဂုရု
သည်။ ယှဉ်ကြည့်လျှင် အလယ်ပါဠိစကားလုံးအချို့သာ
ပေသည်။ သို့သော် စကားလုံးထက် ဆရာတော်ကြီး
သာသနာပြုကာ အလင်းဆောင်ရာတွင် ခရီးရောက်မှုအ
အတာကြောင့်သာ ဘွဲ့တံဆိပ်တော်နှစ်ထပ် ရရှိတော်မူ
ဟု ဆိုရပေမည်။

ဆရာတော်ကြီးသည် ပရိယတ္တိစာပေများကို သင်
ပြီးလျှင် သာသနာပြန့်ပွားရေးအတွက် ကြိုးစားတော်မူခဲ့
သည်။ ပါရမီတော်အဟုန်ဓာတ်ခံရှိတော်မူပြီးသည့် ပုဂ္ဂိ
မြတ်တစ်ပါးဖြစ်တော်မူရကား လုပ်ငန်းအစတွင်ပင် ထ
သလောက် ခက်ခဲမှု မရှိခဲ့ဘဲ အောင်မြင်လေတော့သ
ရှမ်း၊ ကချင်၊ ချင်း၊ နာဂ၊ ကတူး၊ ဂထာန်း စသော လူမျိုး
စုံတို့သည် ဆရာတော် ဟောကြားတော်မူသည့် ဝါ



www.burmeseclassic.com

www.burmeseclassic.com

နောင်ဘဝ ကောင်းစား ချမ်းသာရေးအတွက် လမ်းမှန် တရားများကို လက်ကိုင်ရရှိသည်နှင့် ထိုတရားများသည် သားစဉ်မြေးဆက် အရှိန်မပျက်ဘဲ ယနေ့ထက်တိုင်အောင် တည်ရစ်ပေသည်။

ဤသို့ဖြင့် ပယင်းတွင်းနယ်တွင်ပင် နှစ်ပေါင်း ၂၀မျှ ကြာသွားလေသည်။ ထိုအတွင်း မင်းတုန်းမင်းတရားက ကြည်ညိုလှ၍ ၁၂၃၀ ခုနှစ်တွင် ဆိုခဲ့သည့် ဘွဲ့တံဆိပ်တော်ကို လှူဒါန်းခဲ့ပြီး သားတော် သီပေါမင်းကလည်း ၁၂၄၂ခုနှစ်တွင် ဆိုခဲ့သည့် ဘွဲ့တံဆိပ်တော်ကို ထပ်မံ ဆက်ကပ်ခဲ့ပြန်လေသည်။ ထို့နောက် ခန္တီးနယ် ဇော်ဘွားများ၏ ပင့်ဖိတ်ချက်အရ ခန္တီးမြို့နယ်သို့ ကြွရောက် သာသနာပြုတော်မူခဲ့ရပြန်၏။

ခန္တီးတွင် သုံးနှစ်မျှ အမှန်တရားတို့ကို ဟောပြောကာ ရှမ်း၊ ကချင်၊ ကတူး၊ ဂဏန်းတို့ကို အယူမှန်၌ တည်စေပြီးနောက် ပယင်းတွင်းဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်များကို အာသံပြည် ဒကာများ သတင်းကြားသိကြရသဖြင့် ဆရာတော်ကြီးကို ပင့်ကြလေသည်။ ထိုခေတ်ကပင် အာသံပြည် အရှေ့မြောက်ဖျား၊ ဒစ်ဂဘွိုင်မြို့နယ်၊ လီဒို စသည်တို့မှ လူများသည် နာဂတောင်တန်းကြီးကို ကျော်ဖြတ်ကာ နာဂတောင်တန်းခရိုင်ရှိ ခန္တီး စသော မြန်မာပြည်ဘက်မှ လူများနှင့် ကူးလူးဆက်ဆံလျက် ရှိနေခဲ့ကြသည်။ (ဘိုးတော်လက်ထက် အာသံတို့ စစ်ချီရာတွင်လည်း အာသံများ အများအပြား လာရောက်နေထိုင်ရာ မောင်းခမ်းရွာကြီးမှ ဗိုလ်လမောင်ကို ဗိုလ်မှူးခန့်ကာ အာသံတို့ ချီတက်တိုက်ခိုက်ရ၏။ နောက် ထိုအတွက် ပုံချီနှင့် သူရကျော်ခေါင်ဘွဲ့ချီးမြှင့်ခံရဖူးသည်။)

**အာသံပြည်မှာ လှည့်လည်ဟော**

ပယင်းတွင်း ဆရာတော်ကြီးသည် အာသံပြည်မှ ဒါယကာ၊ ဒါယိကာမတို့၏ ကောင်းမြတ်သည့် ဆန္ဒကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ၁၂၅၃ ခု၊ နတ်တော်လဆန်း ၇ရက်နေ့တွင် နာဂတောင်ကြီးကို ဖြတ်ကျော်ကာ အာသံပြည်သို့ ကြွတော်မူလေသည်။ ဆရာတော်ကြီး မကြွရောက်မီက အာသံပြည်၌ ဗုဒ္ဓသာသနာ မရှိ၍ကား မဟုတ်၊ ရှိနှင့်လေပြီ။ သို့သော် ရှိသည့် သာသနာမှာ ပွဲကျောင်းဘုန်းကြီးတို့၏ သာသနာသာလျှင် ဖြစ်လေသည်။

ပယင်းတွင်းဆရာတော်ကြီးသည် ဗုဒ္ဓရှင်တော်မြတ်၏ တရားထူး၊ တရားမြတ်တို့ကို ရှမ်းဘာသာ၊ ကချင်ဘာသာဖြင့် ဟောကြားတော်မူလေရာ နားလည်ကြသဖြင့် အထူးနှစ်သက်ကြ၏။ တရားတော်၏ သိမ်မွေ့နူးညံ့ မြတ်နိုးအပ်ပုံ၊ ယခုဘဝအတွက်ရော နောင်ဘဝအတွက်ပါ ချမ်းသာဆောင်နိုင်ပုံတို့ကို ခမုန်းရွာ၌ ရှစ်ရက်တိုင် သီတင်းသုံးတော်မူကာ ပထမဆုံး ဟောကြားတော်မူလေသည်။

ထိုရွာမှ တိုက်ဖားရွာ၊ ဆော်ဒီးယားမြို့ (ဂကမ်) ကချင်လူမျိုးရွာ၊ ယင်းမှ နိမ်ရူးရွာသို့ ကြွတော်မူပြီးလျှင် ရက်ပေါင်း ၂၀တိုင်တိုင် သီတင်းသုံး၍ လမ်းလွဲနေသော အယူများကို စွန့်စေကာ နူးညံ့သိမ်မွေ့သောအယူ၌ တည်စေလေသည်။ ရှမ်းနှင့် ကချင်လူမျိုးများ နေထိုင်ကြသည့် ပင်ဆွန်ရွာသို့ ကြွတော်မူပြီး ရက်သတ္တ နှစ်ပတ်မျှ တရားဓမ္မဟောပြောတော်မူ၏။

ယင်းမှတစ်ဖန် ကချင်လူမျိုးချည်းသန့်သန့် နေထိုင်ကြသည့် အိမ်ခြေ ၈၀ရှိ မထင်ရွာ(ဤရွာမှာ ဆရာတော်ဦးသီလဝံသ ကျောင်းထိုင်သော ရွာဖြစ်သည်။)၊ မိုးကောင်းရွာ၊ ဦးလုပ်ရွာ၊ ဒွါမရာရွာတို့သို့ လှည့်လည်တော်မူပြီး ဥာဏ်အလင်းကို ပေးတော်မူရာ မည်မျှလောက် အောင်မြင်သနည်းဆိုလျှင် ထိုရွာတို့မှ ဗုဒ္ဓဘာသာဝင်မှန်သမျှ ဝက်၊ ကြက်လုံးဝ မမွေးကြတော့ချေ။ သတ်ဖြတ်မှုဟူသော မကောင်းမှုကံမှ ဤနည်းဖြင့် ကင်းဝေးအောင် သူတို့ နေထိုင်ကြလေသည်။

ဖာကြယ်ခေါ် ရှမ်းရွာကား ပယင်းတွင်း ဆရာတော်ဘုရားကြီး ထူးကဲစွာ အောင်ပွဲခံရာဟု ဆိုနိုင်၏။ မြတ်တရားကို ကြားနာရ၍ ထိုရွာသူကြီး ဦးညီထန်မှစ၍ စိတ်ဝမ်း တူညီကြသည့် ညီနန်၊ အိုင်မိုး၊ ညီနောင်တို့က ခေါင်းဆောင်ပြီးလျှင် သားမယားနှင့်တကွ အိမ်ပေါင်း ၂၅အိမ်တို့သည် ဆံခါပေါင်ဂိုဏ်းမှ ထွက်ခွာလာကြပြီးလျှင် ဆရာတော်ကြီး၏ တပည့် ဒကာများအဖြစ် ခံယူကာ ဆည်းကပ်ကြလေသည်။

ဆံခါပေါင်(သံဃာတော်)ဂိုဏ်းဝင် ဘုန်းကြီးအချို့လည်း ဆရာတော်ကြီး၏ ဩဝါဒကို နာခံကာ သိမ်ဝင်ရဟန်း ထပ်ခံကြပြီး ရဟန်းမြတ်ဖြစ်လာကြလေသည်။

ဖာကြယ်ရွာ ဒကာများက ဝါဆိုကျောင်းအဖြစ် ဝါးကျောင်းဆောက်၍ လှူဒါန်းကြသောကြောင့် ထိုရွာ၌ ပယင်းတွင်း ဆရာတော်ကြီး ၁၂၅၄ခုနှစ် တစ်ဝါဆိုတော်မူရသည်။

ဝါမဆိုမီ စော်ဘွား အုပ်ချုပ်သော ဆော်ဒီးယားနယ်အတွင်းသို့ ကြွတော်မူပြီး ကျောက်ခန်းအမည်ရှိ ရှမ်းရွာကြီး၌ ခေတ္တ သီတင်းသုံးတော်မူရာ စော်ဘွားကြီး စောဆေသည်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး၏ လုပ်ငန်းကို အားရနှစ်သက်လှသဖြင့် အကူအညီပေးလေသည်။ စော်ဘွားကြီး၏ နယ်အတွင်းရှိ ခယ်ရိန်းရွာ၊ နန့်ကိုင်းရွာ၊ နန့်ဆိုင်းရွာ၊ နန့်လောင်ရွာ၊ ဆိုင်ဆတ်ရွာ၊ ဆွန်ပူရာရွာတို့မှ ရှမ်းအမျိုးသားတို့ကလည်း တရားပွဲကြီးများ အကြိမ်ကြိမ်ကျင်းပ၍ ဆရာတော်ကြီး၏ ဆုံးမ ဩဝါဒကို နာယူကြလေသည်။ ထိုရွာများမှာ ဗုဒ္ဓသာသနာဝင်များ ဖြစ်လာကြလေသည်။

သီတင်းဝါလကျွတ်သောအခါ ဆော်ဒီးယားနယ်၊ ကျောက်ခန်းရွာ၌ နေရစ်သော ဆံခါပေါင်ဂိုဏ်းမှ ဘုန်းကြီး ဦးဝါယာမ၊ ဦးဣန္ဒောဘာသ၊ ဦးဂန္ဓမာတို့ သုံးပါးကို မြန်မာပြည် မန္တလေးမြို့သို့ ခေါ်ယူသွားလေသည်။ မန္တလေးရောက်လျှင် တောင်ခွင် သာသနာပိုင်ဆရာတော်၊ ရွှေကျင်ဆရာတော်၊ ပခန်းဆရာတော်ကြီးတို့ထံ ဆည်းကပ်၍ ဆုံးမဩဝါဒခံယူစေလေသည်။ ဆရာတော်ကြီးများ၏ အကြံပေးချက်အရ ထိုသုံးပါးတို့အား ပရိက္ခရာစုံပေး၍ သိမ်ဝင်ပြီး ဥတ္တိစတုတ္ထ ကမ္မဝါဖြင့် ကောင်းစွာ ကံဆောင်ပေးလိုက်ကြ၏။ ထိုအခါ ဇာတ်တူသည့် တပည့်သုံးပါးရပြီဖြစ်၍ အာသံပြည်သို့ ပြန်ကြွတော်မူပြီးလျှင် တပည့် သုံးပါးနှင့်အတူ သာသနာပြုလုပ်ငန်းကို ဆက်လက်ကြိုးပမ်းတော်မူလေသည်။

ပယင်းတွင်း ဆရာတော်ကြီးသည် ယာယီ တဲကျောင်းကလေးများ၌သာ လှည့်လည်ကာ သီတင်းသုံးတော်မူခဲ့၍ သုံးနှစ်မျှ ကြာခဲ့ပြီးနောက် ခိုင်ခံ့သည့် သစ်သားကျောင်းကြီး ဆောက်လုပ်လှူဒါန်းခြင်း ခံယူတော်မူရလေသည်။ ထိုကျောင်းကြီးကား ဖာကြုယ်ရွာ၌ ရှိ၏။ ၂၅အိမ်မျှသာဖြစ်သော ရွာသားတို့က ဤမျှ ခိုင်ခံ့သော ကျောင်းကြီးကို ဆောက်လုပ်နိုင်ပါမည်လား မေးဖွယ်ရှိ၏။ အဖြေမှာ ဤ ၂၅အိမ်က ခေါင်းဆောင်သော ရှမ်းရွာ၊ ကချင်ရွာ၊ ပေါင်း ၁၁ရွာ၏ ကြိုးပမ်းမှု အစွမ်းကြောင့် ပေါ်လာရသော ကျောင်းကြီးဟု ဆိုမှ တိကျပေလိမ့်မည်။

**လေးနိုင်ငံ သာသနာပြု ပထမဆုံးကျောင်းနှင့် သိမ်များ**

အာသံပြည်တွင် ဗုဒ္ဓဘာသာ ရဟန်းတော်များ သီတင်းသုံးတော်မူရန် ခိုင်ခံ့သော ကျောင်းများအနက် ဤကျောင်းကား ပထမဆုံး ဖြစ်ပေါ်လာသည့် ကျောင်းပေတည်။ ကျောင်းကြီးကို "အာဗောဓာရာမ" ဟု အမည်ပေးလျက် ၇နှစ်တိုင်တိုင် ဆရာတော်ဘုရားကြီး ပျော်ပိုက်စွာ သီတင်းသုံးတော်မူလေသည်။ ၁၂၆၂ ခု၊ နယုန်လပြည့်ကျော် ၂ရက်နေ့အထိ သက်တော် ၅၀ကျော်အောင် ဟိုနယ် သည်နယ် လှည့်လည်ဟောပြော ဆိုဆုံးမတော်မူလေရာ အာသံပြည်တွင် ၁၀နှစ်ကြာသွားတော်မူသတည်း။

ပယင်းတွင်း ဆရာတော်ဘုရားကြီး အာသံပြည်တွင် သာသနာပြုတော်မူပြီးသောအခါ ယခင် ပယင်းတွင်း၊ ဟူးကောင်း၊ ခန္တီး "သုံးနိုင်ငံ သာသနာပြု ဆရာတော်ဘုရားကြီး" ဟု အမည်တွင်ခဲ့ရာမှ အာသံနိုင်ငံကို ထပ်မံ ပေါင်းထည့်လိုက်ရကား "လေးနိုင်ငံ သာသနာပြု ဆရာတော်ဘုရားကြီး" ဟူ၍ သတင်းကျော်ကြားပြီး တန်ခိုး ပို၍ကြီးတော်မူလာသည်။

ဆရာတော်ဘုရားကြီးသည် အာသံပြည်၌ သားစဉ်မြေးဆက် အဆက်ဆက်တို့အတွက် သိမ်နှစ်လုံးကိုလည်း သမုတ်၍ ပေးထားတော်မူခဲ့၏။ ပထမသိမ်မှာ လိုခင်ပိုခရိုင် ဖာကေးရွာ၌ ဖြစ်၍၊ ဒုတိယသိမ်မှာ ဆူတီယာခရိုင်၊ စောင်ခမ်းရွာ၌ ဖြစ်သည်။ တပည့်ကြီး ဦးကောဝိန္ဒက သိမ်ကို အုတ်သမံတလင်းခင်း၍ သစ်သားဖြင့် ဆောက်၍ သွပ်မိုး အဆောက်အအုံဖြစ်အောင် ဆောင်ရွက်ခဲ့လေသည်။

**အံ့ဖွယ်အချက်အမြွက်ကား**

တန်ခိုးကြီးသည့် ဆရာတော်များနှင့် ပတ်သက်လျှင် ထူးခြားသော ပြောစဉ်တို့ကလည်း ပေါ်ပေါက်၍ လာ

www.burmeseclassic.com

www.burmeseclassic.com

မြဖြစ်၏။ ပယင်းတွင်းဆရာတော်ဘုရားကြီးနှင့် ပတ်သက်၍လည်း အာသံပြည်သားများ အမြဲပြောလျက်ရှိသည့် ပြောစဥ်အံ့ဖွယ်တို့ကား များလှပေသည်။

ပယင်းတွင်းဆရာတော်ဘုရားကြီး၏ ဆိုဆုံးမတော်မူချက်တို့ကို အာသံပြည် ဒါယကာ၊ ဒါယိကာမတို့မှာ ယနေ့တိုင်အောင် မဖယ်မသုန် လိုက်နာလျက် ရှိကြကုန်၏။

**ကျားနှင့်အတူ မီးလှုံခြင်း**

အခါတစ်ပါး "နာဂသျှတြ"တောင်တန်းကြီးအနီးရှိ တောကျောင်း၌ ဝါကပ်တော်မူစဥ် ဆရာတော်ကြီး မီးလှုံနေကျ မီးဖိုသို့ တောထဲမှ ကျားကြီးတစ်ကောင် လာ၍ မီးလှုံလေ့ရှိသည်။ ကျားကြီးသည် ညစဥ်လိုလို ညဦးပိုင်းတွင်လည်းကောင်း၊ နံနက်စောစောတွင် လည်းကောင်း လာ၍ ဆရာတော်ကြီးနှင့်အတူ တစ်ဖက်စီ ထိုင်ကာ မီးလှုံနေကျဖြစ်သောကြောင့် အိမ်၌ မွေးထားသော ခွေးကလေး၊ ကြောင်ကလေးများကဲ့သို့ပင် ရင်းနှီးစွာ ယဥ်ပါးနေတော့သည် ဆို၏။

တစ်နေ့သောနံနက် ဆရာတော်သည် အရုဏ်တက်ချိန် မီးလှုံခိုက် တပည့် ဦးပဥ္စင်းတစ်ပါးသည် ထုံးစံအတိုင်း ယာဂုကပ်ရန် လာသောအခါ ဆရာတော်ကြီးအနီး၌ ထိုင်၍ စိတ်ချလက်ချ မီးလှုံနေသော ကျားကြီးသည် မီးငွေ့နွေးသောကြောင့် ပါးစပ်ကြီးအဟောင်းသားနှင့် တဆတ်ဆတ်ငိုက်နေပုံကို တွေ့မြင်ရသည်။ ဦးပဥ္စင်းသည် လူငယ်ဘာဝစိတ်ကစားတတ်သဖြင့်...

"အခုနေ ဒီကျားကြီး ငိုက်နေတုန်း သူ့ပါးစပ်ထဲ မီးခဲကြီးတစ်ခုလောက် ကောက်ထည့်လိုက်ရရင် လန့်ပြီး အော်ပြေးမှာပဲ"ဟူ၍ စိတ်ထဲက ကြံစည်အောက်မေ့မိလိုက်သည်။ ထိုအခိုက် တစ်ခဏချင်း ကျားကြီးသည် ရဟန်းငယ်၏ စိတ်အကြံကို သိသကဲ့သို့ လန့်နိုးလာပြီးလျှင် ကြောက်မက်ဖွယ် ဟိန်းလျက် ကိုက်မည်လုပ်လေသည်။ ဆရာတော်ကြီးက မကိုက်မိစေရန် လက်ကာ၍ တားလိုက်ရသည်ဆို၏။ တပည့် ရဟန်းငယ်ကိုလည်း "ဘာ့ကြောင့် သူ့ကို စိတ်ပြစ်မှားရသလဲ။ ဒီအမှုဟာ သင်က စခြင်းဖြစ်တယ်။ နောက်နောင် ဒီအချိန် ငါ့ထံ သင် မလာခဲ့နဲ့"ဟူ၍ ဆုံးမလိုက်လေသည်။ ဤဖြစ်ရပ်ကို အာသံပြည်၌ အမြဲပြောလျက်ရှိနေကြသည်။

**ဆင်ဖြူပျံများ လာ၍ ဆည်းကပ်ခြင်း**

ဆရာတော်ဘုရားကြီး သီတင်းသုံးရာ တောကျောင်းသည် လူနေရွာနှင့် လှမ်းသည့်အပြင် သစ်ပင်တောအုပ်ထူထပ်သောနေရာလည်း ဖြစ်နေသောကြောင့် လှူဒါယကာတို့က ကျောင်းပတ်လည်ကို လုံခြုံအောင် တောသစ်သားသစ်တုံးတို့ဖြင့် ဝင်းခြံကာရံပေးထားကြသည်။

တစ်ရက်သော ဥပုသ်နေ့အခါ လှူဒါယကာတို့သည် ဆွမ်းအုပ်များကိုယ်စီနှင့် ဥပုသ်စောင့်လာကြစဥ် ဝင်းခြံကို နင်းကျော်ရာမရှိဘဲလျက် ကျောင်းဝင်းအတွင်း မြေပြင်၌ ဆင်ခြေရာများ ထူးဆန်းစွာ တွေ့မြင်ကြရသည်။ ထို့ပြင် မွှေးကြိုင်လှသော ဆင်ချေးများကိုပါ တွေ့ကြရသည်။ ဆရာတော်ကြီးကို မေးလျှောက်သောအခါ ညအချိန်တွင် ဆင်ဖြူပျံများ လာတတ်ကြောင်း၊ ကျောင်းဝင်းခြံကို ပျံ၍ ဝင်ကြထွက်ကြကြောင်း အမိန့်ရှိသဖြင့် သိကြရသည် ဆို၏။ စန္ဒကူးနံ့သာကဲ့သို့ အလွန်မွှေးကြိုင်သောကြောင့် ဆင်ချေးများကို ဥပုသ်သည်တို့ ဝေငယူသွားကြသော ဟူ၏။ ဥပေါသထဆင်မျိုးဖြစ်ပေမည်ဟု စာတတ် ရဟန်းပုဂ္ဂိုလ်များက ပြောဆိုနေကြသည်။

**နတ်လျှသော သက်န်းရခြင်း**

ထို့ပြင် ထူးခြားချက် နောက်တစ်ခုမှာ ဆရာတော်ကြီး တောကျောင်း၌ သီတင်းသုံးနေစဥ်ပင် ကျောင်းဝင်းအတွင်းရှိ သစ်ပင်တစ်ပင်၏ ခွကြား၌ သင်္ကန်းကေသီတစ်ထည် ပုံသကူ ပစ်ထားသည်ကို ဆရာတော်ကြီး တွေ့ရှိရလေသည်။ ပုံသကူကောက်ယူပြီး သေချာစွာ ကြည့်သောအခါ အတော်ထူးခြားသော အဝတ်သင်္ကန်းဖြစ်နေကြောင်း သိရသည် ဆို၏။

ဤအကြောင်း တစ်ဆင့်စကား ကြားကြသဖြင့် လူရှင်အများ ရဟန်းပုဂ္ဂိုလ်များပါ လာရောက်ကြည့်ရှုကြရာ "လူ့ပြည်တွင် ဘယ်တိုင်းပြည်ကမှ ရက်လုပ်သော အဝတ်မျိုးနှင့်မျှ မတူသောကြောင့် နတ်လှူသော သင်္ကန်းထူးသာ ဖြစ်ရမည်"ဟု ခန့်မှန်းပြောဆိုကြသည်။ အချို့ကလည်း သိကြားမင်းက လှူခြင်းဖြစ်မည်ဟု ပြောကြသည်။

(ရှေ့လ ဆက်လက်ဖော်ပြပါဦးမည်)

* * *

မွှာစရိယဦးဌေးလှိုင်

(ဆရာကြီး မွှာစရိယ ဦးဌေးလှိုင်၏ "မမ္မဒုတ"စာအုပ်မှ ထုတ်နုတ် ဖော်ပြအပ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

# အရိုးတော်ပုံ ဘုရားလေးသမိုင်းနှင့် ဘုရားပွဲ

ခင်ခင်လှ(အင်းစိန်)



အရိုးတော်ပုံ ဘုရားလေးကျောင်းဆရာတော် ဘဒ္ဒန္တ ဦးဝဇီရ၏ ဖိတ်ကြားမှုကြောင့် တတိယအကြိမ် ဘုရားပွဲသို့ ရောက်ရှိခဲ့ပါသည်။ ဘုရားပွဲလေးကို ၁၃၇၄ ခု၊ နတ်တော်လ ကွယ်နေ့ ခရစ်သက္ကရာဇ် ၂၀၁၃(၁၁-၁-၂၀၁၃)၊ သောကြာနေ့ဖြစ်သည်။ အရိုးတော်ပုံဘုရားလေးမှာ အရှင်မဟာကဿပ တပည့် ရဟန္တာငါးရာတို့၏ အရိုးဓာတ်တော် စွယ်တော်များကို တည်ထားကိုးကွယ်ထားခြင်းဖြစ်သည်။ စစ်ကိုင်းဒေသကြီး မုံရွာခရိုင်၊ ကနီမြို့နယ်၊ တောင်ပေါက်ကျေးရွာအုပ်စု၊ ညောင်ပင်လယ်ကျေးရွာ၏ မြောက်ဘက် ၂မိုင်ခန့်အကွာတွင် တည်ရှိသည်။ ဆရာတော် ဦးဝဇီရနှင့် ကိုရင် ၇ပါး သီတင်းသုံး နေထိုင်တော်မူသည်။ အနေအထိုင်ဆင်းရဲပြီး လူသူအရောက်နည်းသည်။ အရိုးတော်ပုံဘုရားလေးစေတီမှာ ဉာဏ်တော်ကိုးတောင်ပြည့် စေတီငယ်လေးဖြစ်သည်။ ရဟန္တာငါးရာတို့၏ အရိုးတော်များဖြစ်ပြီး ကျောင်းကလေးအတွင်း မှန်ပုံးများခုံတန်းများပေါ်တွင် တင်ထား ကိုးကွယ်ထားကြသည်။ အရိုးစေတီလေးသမိုင်းကို သိသမျှ အနည်းငယ် ရေးသားရပါသည်။ သို့မှသာ အရိုးတော်စေတီ၏ အကြောင်းအရာများကို သိရှိကြရမည်ဖြစ်သည်။ အရှင်မဟာကဿပ၏ တပည့် ရဟန်းငါးရာတို့သည် ဆရာကို ရှာကြရင်း ချင်းတွင်းနယ်မြေသို့ ရောက်ရှိလာကြသည်။ အစုခွဲ၍ ရှာတော်မူကြရာ အရှင်မဟာကဿပ မထေရ်မြတ်ကြီးက ကြို့တင်၍ သိတော်မူခဲ့ အထက်စက်ဥ ကျောက်တုံးတစ်ခုပေါ်တွင် ဘုရားရှင်အဆုံး



www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



အမအတိုင်း ရေးသားတော်မူခဲ့သည်။

"အတ္တာဟိ အတ္တနော နာထော
ကောဟိနာထော ပရော သိယာ
အတ္တနာဟိ သုဒန္တေန နာထံ
လဗ္ဘတိ ဒုလ္လဘံ"

ဟု ရေးသားခဲ့သည်။ အကြောင်းမှာ မိမိသည်သာ မိမိ၏ ကိုးကွယ်ကိုးစားရာဖြစ်၏။ သူတစ်ပါးသည် မိမိ၏ ကိုးစားရာ မဖြစ်နိုင်၊ မိမိသည် ကောင်းစွာ ယဉ်ကျေးသဖြင့် ရနိုင်၊ ရောက်နိုင်ခဲသော အရဟတ္တဖိုလ်ကို ရနိုင်၊ ရောက်နိုင်၏ဟူ၍ဖြစ်သည်။ အောက်စက်၌ နောက်ကျောက်တုံးတစ်ခုပေါ်တွင် အခြား ရဟန်းတော်တစ်စုတို့ကိုလည်း ဘုရားရှင်၏ အဆုံးအမအတိုင်း ရေးသားထားတော်မူခဲ့သည်။

"အတ္တဒတ္ထံ ပရတ္ထေန ဗဟုနာပိ
အတ္တဒတ္ထ မဘိညာယ
သဒတ္ထပသုတော သိယာ"

အဓိပ္ပာယ်မှာ သူတစ်ပါး၏ များစွာသော အကျိုးစီးပွား အတွက်ကြောင့် မိမိ၏ အကျိုးစီးပွားကို(အနည်းငယ်မျှ)

မဆုတ်ယုတ်စေရာ၏ဟု ဖြစ်သည်။ (ဓမ္မပဒ အတ္တဒတ္တမထေ
ဝတ္ထုမှ ဖြစ်သည်။)

ရဟန်းတော်များသည် ပါဠိတော်၏ အနက်အဓိပ္ပာယ်
နှင့် အရှင်မဟာကဿပ၏ ဆိုလိုရင်းကို သိ၍ ငါတို့ လိုက်
သွားလျှင် ဆရာရော ငါတို့ပါ ဘာအကျိုးမှမရှိ။ ဆရာညြ
အတိုင်း မိမိတို့ အကျိုးရှိမည်ဖြစ်သော ဝိပဿနာအလုပ်
အားထုတ်ကြစို့ဟု တိုင်ပင်ကြပြီး ယခု အရိုးတော်စေ
အရှေ့ဘက် ကိုက် ၅၀ခန့်အကွာတွင် ရှိသော တောအု
အတွင်းရောက်လာကြပြီး သံယာပေါင်း ငါးရာ ဆုံမိကြ
"သံယာပေါင်းချောင်း"၊ ကာလကြာသော် "သင်ပေါင်းချောင်း
ယခုမူ ထိုချောင်းကို "ဘုရားလေးချောင်း"ဟု ခေါ်တွင်ကြ
သည်။

ထိုတောအုပ်အတွင်းမှာပင် အာသဝေါကုန်ခန်း
ရဟန္တာဖြစ်တော်မူကြသည်။ ဘုရားလေးချောင်းမှာ ယခု သ
ချောင်းအဖြစ် တည်ရှိနေပါသည်။ အရိုးတော်ဘုရားစေ
ကျောင်းသို့ ယခင်က လာရောက်သူ အလွန်နည်းပါး
တောင်ယာတဲများမှ ဒကာ၊ ဒကာမတို့၏ လော



www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းသာ ဘုဉ်းပေးကြရသည်။ ရေရှားပါးသဖြင့် ရေလှူရှင်များ ရှိမှသာ ရေကို သုံးကြရသည်။ ဆရာတော် ဦးဝဇီရသည် ပါရမီရှင်တစ်ပါးဖြစ်၍ သည်းခံခြင်း၊ ဌေ၊ ဝီရိယ၊ ဒုက္ခအပေါင်းကို အဆင်းရဲခံစွာဖြင့် ကြံ့ကြံ့ခံကာ သာသနာပြုနေပါသည်။

ကျွန်မ ဘုရားလေးကျောင်းသို့ ပထမအကြိမ် ရေအလှူရှင်အဖြစ် ရောက်ခဲ့ဖူးသည်။ ထိုအချိန်က ဤကဲ့သို့ စည်စည်ကားကားမရှိပါ။ ယခု ဘုရားလေးပွဲတော်သို့ ရောက်သည့်အခါ ဘုရားကုန်းပြင်တစ်ခုလုံး လူများ စည်ကားနေကြသည်။ တောကျောင်းလေးဖြစ်၍ ဘုရားပွဲဈေးလေးမှာလည်း ဆိုင်အခင်းများဖြင့် ရောင်းချနေကြသည်။ တောလမ်းအတိုင်း ဆွမ်းဆန်စိမ်းလှူရန် လာနေကြသော ရွာသူရွာသားများမှာ တောတောင်များကြားမှ အလျှိုလျှိုဖြင့် ထွက်လာကြသည်။ ဓနိကုန်းရွာ၊ ညောင်ပင်လယ်၊ ကြက်ရွာ၊ သစ်ယာပင်၊ သလင်းပေါင်း၊ အင်စိုင်းအိုဘုန်းရွာ စသော ရွာငယ်များမှ လာရောက်ကြခြင်းဖြစ်သည်။ တောသူတောင်သားများ ဖြစ်ကြ၍ ရိုးသားကြသည်။ ဆင်းရဲသော်လည်း မိမိစားမည့်ဆန်ထဲမှ တစ်ဇွန်းတစ်ဆုပ်လှူဒါန်းကြသည်။ ဆရာတော်ကြီး ၃၅ပါး ကြွရောက်တော်မူပြီး ဘုရားပွဲကို ကျင်းပပေးခဲ့သည်။

ဘုရားလေးကုန်းပေါ်တွင် ကျောင်းငယ်လေးတစ်ကျောင်း၊ ဆွမ်းစားကျောင်းဆောင်လေးတစ်ခုသာရှိသည်။ ပထမအကြိမ်၊ ဒုတိယအကြိမ်ထက် ယခု တတိယအကြိမ်တွင် မမျှော်လင့်သော အံ့ဩမှုများစွာဖြင့် တွေ့မြင်လိုက်ရသော မြင်ကွင်းများမှာ ဆရာတော် ရေအတွက်ဖြင့် များစွာစိတ်ဆင်းရဲ ကိုယ်ဆင်းရဲဘ၀ ဒုက္ခမှ လွတ်မြောက်၍ ရေအလှူရှင် ရေစုပ်စက်မော်တော်နှင့် ရေဇုန်ကို တွေ့လိုက်ရပါသည်။ ရေအကျိုးဆယ်ပါး မတောင်းဘဲနှင့် ပြည့်သည်ဟု လူကြီးသူမတို့၏ ပြောစကားထက်ပင် ရေအလှူရှင်တို့ ပြည့်စုံကြပေလိမ့်မည်။


အညာဒေသ၏ နွေကာလတွင် ရေဒုက္ခနှင့် ကြုံတွေ့ရသည်ကို ကိုယ်တွေ့မြင်ခဲ့ဖူးပါသည်။ အရိုးတော်ပုံဘုရားလေး၏ တန်ခိုးတော်၊ အလှူရှင်တို့၏ မြင့်မြတ်သော ပါရမီရေစက်အလျှောကြောင့် ရေကို တွေ့ရသည်။ အလှူရှင်များ၏ အမည်စာတန်းလေးကို ဖတ်မိလိုက်ပါသည်။ ရေစုပ်စက်မော်တာ အလှူရှင် ဦးကံဆွေ + ဒေါ်မိမိ(အောင်ချမ်းသာရပ်)၊ မုံရွာနှင့် ရေကန်အလှူရှင် ကိုရွှေသိန်း+မသိန်းသိမ်းဦး(ရွှေမေတ္တာ မွေ့ယာဆိုင်)အလယ်ရပ်၊ မုံရွာ၊ မြန်မာသက္ကရာဇ် ၁၃၇၄ ခု၊ ခရစ်သက္ကရာဇ် ၂၀၁၂ခုနှစ်ဟု ရေးသားထားသည်။ ဆွမ်းစားကျောင်းရှေ့တွင် ရေချမ်းစင်အလှူရှင်အမည်နှင့် လှူထားကြသည်။ ဦးရဲနိုင်ထွန်း+ဒေါ်သင်းသင်းငွေ၊ ဦးအောင်မင်းကြည်+ဒေါ်သက်သက်ရီ(အလုံ) မုံရွာမှ ဖြစ်ကြသည်။ ရေရှားပါးသော နေရာသို့ ရေလှူကြသော အလှူရှင်များအား သာဓု





www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ကြိမ်ခေါ်မိခဲ့ပါသည်။

ဘုရားလေးပွဲတော်တွင် ဆွမ်းအလှူရှင်၊ ဆွမ်းစားကျောင်းနှင့် ဘုရားအရှေ့စောင်းတန်း၊ ရင်ပြင်များ ပြုပြင်မွမ်းမံသော အလှူရှင် ဇနီးမောင်နှံတို့နှင့်လည်း တွေ့ဆုံခဲ့ရပါသည်။ ဆွမ်းစားကျောင်းနှင့် ဆွမ်းသုံးပိုင်းစာ ပန်းကန်၊ ဇွန်း၊ ဆွမ်းအသုံးအဆောင်ပစ္စည်းများလည်း ပြည့်စုံစွာ လှူထားကြသည်။ ဆွမ်းစားကျောင်းလေးကို "ခွာရုံ"ဟု အမည်ပေးထားသည်။ အလှူရှင် ဦးမြင့်ဆွေ(ဦးစီးမှူး)၊ မြို့ပြတည်ဆောက်ရေး(၄)၊ ဆည်မြောင်းဦးစီးဌာန၊ မုံရွာနှင့် ဇနီး ဒေါ်တင်အေးကျော်(အလက-ငြိမ်း) မိသားစု ကောင်းမှုဖြစ်သည်။

ရဟန္တာငါးရာတို့၏ ပရိနိဗ္ဗာန်ပြုသော နေရာတွင် တစ်ဦးနှင့် တစ်ဦး တွေ့ဆုံကြရသည်မှာ ထူးခြားသော ပါရမီရေစက်ဟု ဆိုနိုင်ပါသည်။ အလှူရှင် ဦးမြင့်ဆွေကလည်း ဘုရားလေးကုန်းပေါ်သို့ ရောက်ရှိခဲ့ရပုံ ထူးခြားမှုများကို စိတ်ဝင်စားဖွယ် ပြောပြခဲ့ပါသည်။

◆◆◆

"ကျွန်တော် ၂၀၀၇ခုနှစ်က တာဝန်အရ ကြက်ဆူပင်စိုက်ခင်းများကို တောရှင်းပြီး စိုက်ကြရတယ်။ မမျှော်လင့်ဘဲ ဘုရားလေးစေတီကို အဝေးမှ မြင်ရပြီး ဘုရားလေးကို ...
ရောက်ဖူးရင်း ဒီတောင်ကုန်းပေါ်သို့ ရောက်ခဲ့တယ်။ ဘုရား...
လေးဟာ ရဟန္တာငါးရာတို့၏ အရိုးတော် စွယ်တော်မျာ...
တည်ထားကိုးကွယ်ခြင်းဖြစ်တယ်။ ယခင် ဆရာတော်တစ်ပါး...
သီတင်းသုံးပြီး အခုတော့ မရှိတော့ဘူး။ လက်ရှိဆရာတော်...
ဦးဝဇီရက ဘုရားလေးနှင့် အရိုးတော်တွေကို ဆက်လက်...
ထိန်းသိမ်းစောင့်ရှောက်နေရတယ်။

ရဟန္တာ ငါးရာတို့၏ အရိုးတော် စွယ်တော်များ ဖရိုဖရဲ...
ပျောက်ပျက်မသွားအောင် ၁၃၂၆ ခု၊ တန်ဆောင်မုန်းလပြည့်...
နေ့တွင် ကနီ-ရွှေသိမ်တော်တောရဆရာတော် ဘဒ္ဒန္တသော...
ဘိတ မဟာထေရ်မြတ်ကြီး ညောင်ပင်လယ်ရွာသူရွာသား...
များနဲ့အတူ တည်ထားကိုးကွယ်ခဲ့ကြတယ်။

ဘုရားလေး အရိုးတော်စေတီ မတည်ခင်က ညောင်...
ပင်လယ်ရွာသား နွားကျောင်းသားလေး(မောင်ထွန်းရှိန်)(ယ...
ဘုရားလေးကျောင်းဆရာတော်၏ ဖခမည်းတော်)သည် နွား...
ကျောင်းရင်း အရိုးစုတောင်ကို ရောက်ရှိခဲ့ပြီး နွားကျောင်း...
ကုန်းမြေပေါ်ရှိ အရိုးတော်များကို လက်တစ်ဖက်တွင် တစ်...
ကိုင်ပြီး အရိုးချင်း ခတ်ရာ မိုးလေအစဉ်မရှိဘဲ ရုတ်တရက်...



www.burmeseclassic.com

www.burmeseclassic.com



အပြင်းအထန် မိုးကြိုးထစ်ချုန်း မြည်ဟည်းသွားလေတယ်။ ခေါင်ထွန်းရှိန်မှာလည်း လက်ထဲရှိ အရိုးတော်များ လွတ်ကျပြီး မေ့လဲသွားခဲ့တယ်။ ညောင်ပင်လယ်ရွာမှ အသက်အကြီးဆုံး ဒေါ်စိမိုဆိုတဲ့ အဘွားကြီးက "ဒါ ရဟန္တာငါးရာရဲ့ အရိုးဓာတ်တော်တွေ၊ ငါတို့အဘိုးအဘွားတွေ ကိုးကွယ်ခဲ့ကြတယ်"လို့ ပြောလို့ ညောင်ပင်လယ်ရွာသူရွာသားများက အရိုးတော်များကို ကောက်ယူ၍ စုပုံကာ ကိုးကွယ်ခဲ့ကြတယ်။

ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသောဘိတ မဟာထေရ် မြတ်ကြီးက အရိုးဓာတ်တော်များကို ညောင်ပင်လယ်ရွာသားများနဲ့ ကျောက်တွေဝိုင်းပြီး ပုံထားခဲ့တယ်။ အဲဒီ ရဟန္တာငါးရာတို့ရဲ့ အရိုးဓာတ်တော်တွေ မိုးဒဏ်ခံနေကြရတယ်။ ဘုရားလေးတည်ရန် ပန်းရံဆရာ ဦးထွန်းရွှေ(လက်ပန်)ရွာသားနဲ့ တပည့်တို့ကို ဘိလပ်မြေ၊ ထုံး၊ အုတ်တို့ကို ပေးပြီး ဘုရားတည်ခိုင်းလိုက်တယ်။ အရိုးတော်များ၊ စွယ်တော်များကို ဌာပနာထဲ သွင်းပြီး "ကိုးတောင်ပြည့်စေတီ"ကို တည်ထားခဲ့ကြတယ်။ ထိုအချိန် မိုးကြီးစွာ ရွာသွန်းပြီး ပန်းရံဆရာ ဦးထွန်းရွှေနဲ့ တပည့်များက မပြန်နိုင်ဘဲ တောင်ကုန်းပေါ်မှာ အိပ်ကြရတယ်။ နံနက်မိုးလင်းတဲ့အခါ အရိုးဓာတ်တော်ပုံများကို ထပ်မံတွေ့ရှိရာ စေတီဌာပနာလည်း ပိတ်ထားပြီးဖြစ်၍ စေတီနားတွင် ကျင်းတူး၍ မြှုပ်နှံထားခဲ့ကြတယ်။

ထူးခြားမှုတစ်ခုက နောက် လေးငါးနှစ်ကြာတဲ့အခါ ဦးထွန်းရွှေမှ ထူးခြားသော အော်သံများကို ကြားနေရသည်။ "အရိုးဓာတ်တော်တွေ၊ ဌာပနာတွေ ပြန်ဖော်ကြပါ"ဟု နေ့စဉ် အော်သံများကို ကြားနေရ၍ ယင်းမာပင်နယ်၊ ဝါးစိမ်းတော် ဆရာတော်အား လျှောက်ထားပြီး ဆရာတော်မှ အတိတ်နိမိတ်ကောင်းပဲဟု ဆိုသဖြင့် ဌာပနာများကို ပြန်ဖော်ရန် ဦးထွန်းရွှေသည် တပည့်များနှင့်အတူ ဘုရားလေးစေတီသို့ သွားခဲ့ကြတယ်။ သူတို့နဲ့အတူ ဦးကြီးငွေလည်း ပါသွားခဲ့တယ်။

ဘုရားလေးစေတီရှိရာကို ရောက်ကြတဲ့အခါမှာ စေတီကို မတွေ့ရဘဲ မျက်စိလည်နေကြတယ်။ အဲဒီအခါ ဦးထွန်းရွှေက တောတောင်စောင့်နတ်တို့အား တိုင်တည်ပြီး "ဌာပနာတို့အား မြှုပ်ထားခဲ့သည်မှာ မှန်ပါသည်။ ယခု ပြန်လည်တူးဖော်၍ ဘုရားတည်မည့်အကြောင်း" သစ္စာပြု ရွတ်ဆိုမှသာ စေတီငယ်ကို တွေ့ကြရပြီး မြှုပ်ထားသော အရိုးဌာပနာတို့ကို ဦးကြီးငွေမှ ပင့်ဆောင်ကာ မိုယ်းကောင်းဘုရားကြီးနားတွင် စေတီတည်ခဲ့ကြတယ်"ဟု ဦးမြင့်ဆွေမှ ကျွန်မတို့အား ပြောပြခဲ့သည်။

ဦးမြင့်ဆွေ + ဒေါ်တင်အေးကျော် မိသားစုကလည်း ခွာရုံကျောင်းဆောင် ဆောက်လုပ်ရန် လှူဒါန်းကြရာ ကျေငြ်း



www.burmeseclassic.com

www.burmeseclassic.com



အောက်ခြေတွင် မြေများ ထုထောင်း၍ သမံတလင်းခင်းမည်ဖြစ်ရာ ရေရှားပါး၍ ရေရှိမှသာ အဆင်ပြေမည်ဖြစ်သည်။ မမျှော်လင့်ဘဲ နွေအချိန်ကာလလည်းဖြစ်၍ အနောက်မြောက်အရပ်မှ မိုးသားများ တက်လာပြီး မိုးရွာချသဖြင့် ရေများရရှိခဲ့သည်။ ဗောဓိတစ်ထောင်မှ ဗောဓိပင်စိုက်ရန် ဗောဓိပင်အား ယူခဲ့ရာ ဘုရားကုန်းပေါ်တွင် ကျောက်မာများ၊ ကျောက်စလစ်များဖြစ်နေ၍ အပင်စိုက်ရန် ကျင်းတူးရသည်ကိုပင် ခက်ခဲလှပါသည်။ ထိုအချိန်တွင် နေကလည်း ပူ၊ ရေရှားပါးသောကာလလည်းဖြစ်၍ ဗောဓိပင် ရှင်ဖို့ရန်ပင် မလွယ်ကူပါ။ သို့ပေမယ့် ဦးမြင့်ဆွေ+ဒေါ်တင်အေးကျော်တို့၏ အထုံရေစက်ပါရမီကြောင့်လားမသိ၊ ဒုတိယအကြိမ် ဗောဓိပင်စိုက်ပျိုးရာတွင် မိုးရွာချသဖြင့် အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ပါသည်။

◆◆◆

ရဟန္တာငါးရာတို့၏ အရိုးဓာတ်တော်များသည် ယခုထက်တိုင်အောင် ကုန်းများ၊ တောအုပ်များတွင် ရှိနေပါသေးသည်။ ကျွန်မတို့ ဘုရားလေးပွဲတော်မတိုင်မီက ပထမအကြိမ်နဲ့ ဒုတိယအကြိမ် မုံရွာ အထည်စက်ရုံ (၆)မှ ဝန်ထမ်းများနဲ့အတူ ရေလှူကြပြီး ဘုရားလေးကျောင်းဆရာတော် ဦးဝဇီရ၊ သံဃာပေါင်းချောင်း (ယခု ဘုရားလေးချောင်း/သဲချောင်း)ကို ဖြတ်၍ တောင်ခြေတွင် ဖိနပ်ချွတ်ကာ တောင်ကုန်း တောအုပ်များသို့ သွားရောက်ကာ စွယ်တော်နှင့် အရိုးဓာတ်တော်များကို ကောက်ယူ၍ ကုသိုလ်ပြုခဲ့ကြပါသည်။ ရဟန္တာငါးရာတို့ သီတင်းသုံးခဲ့သော နေရာဖြစ်ခဲ့၍ မီးမလောင်ခြင်း၊ သားရဲတိရစ္ဆာန်၊ ခြင်၊ ယင်၊ ပုရွက်ဆိတ် အစရှိသော အကောင်သတ္တဝါများ မရှိကြပါ။ တိတ်ဆိတ်ငြိမ်သက် အေးမြလှသည်။ ရဟန္တာငါးရာတို့၏ အရိုးဓာတ်တော်များကို ကိုယ်တိုင်လာရောက် ကောက်ယူ ကုသိုလ်ပြုနိုင်ပါသည်။

သာသနာ ၂၆၀၀ပင် ပြည့်ခဲ့ပြီး ရဟန္တာငါးရာတို့၏ အရိုးတော်များကို သဘာဝအတိုင်း ပရိနိဗ္ဗာန်ပြုသည့်နေရာတွင် တွေ့ကြရသည်မှာ တော်ရုံ ပါရမီရှင်များ မဟုတ်ကြပါ။ အရိုးတော်စေတီလေးကို ပြန်လည်ပြုပြင်လိုသူ ပါရမီရှင်၊ ကုသိုလ်ရှင်များ ပေါ်ပေါက်ပါစေဟုလည်း ဆုတောင်းမိပါသည်။ "မသိသူ ကျော်သွား၊ သိသူ ဖော်စား" ဆိုသကဲ့သို့ ရွှေစကလေးများကို စုရင်းနဲ့ ရွှေတုံးကြီးအဖြစ် ပိုင်ဆိုင်ကြသလို ဒါန၊ သီလ၊ ဘာဝနာ ဆိုတဲ့ ချမ်းသာငယ်လေးတွေကို အမှုမဲ့အမှတ်မဲ့ မထားဘဲ စုဆောင်းလျှင် နိဗ္ဗာန်၏ အထောက်အကူပြုသော ချမ်းသာမြတ်ကြီးကို ရရှိခံစားနိုင်စေရန် ဤဆောင်းပါးဖြင့် တိုက်တွန်း နှိုးဆော်လိုက်ပါသည်။

* * *


ခင်ခင်လှ(အင်းစိန်)

www.burmeseclassic.com

www.burmeseclassic.com

# ပိဋကတ်တိုက်တံခါးဖွင့် ဂါထာတော်

တင့်ထူး (ဇေယျဝတီ)



လူတို့၏ ဘဝအစဉ်ကို ဆန်းစစ်ကြည့်လျှင် အရွယ်သုံးပါးဖြင့် ရှင်သန်နေခဲ့ကြသည်။ မွေးဖွားစ ပထမ ကလေးဘဝ၊ ဒုတိယအရွယ်သို့ ရောက်ကြလျှင် ဘဝရပ်တည်ရေး အတွက် ဥစ္စာစီးပွားရှာကြကာ၊ တတိယအရွယ်ရောက်လျှင် ဘဝကူး ကောင်းနိုင်ရေးအတွက် တရားဘာဝနာဖတ်ကြရင်းဖြင့် ဘဝနိဂုံးချုပ်ကြရပါသည်။

ထိုဘဝသုံးမျိုးဖြင့် အသက်ရှင်နေကြသောအခါ အချိန်မတန်ဘဲ အန္တရာယ်အမျိုးမျိုးတွေ့ကြရ၍ ဘဝဆုံးခဲ့ကြရသည်။ ဥစ္စာစီးပွားရှာဖွေသည့်အခါတွင်လည်း အဆင်မပြေမှုများ ကြုံတွေ့ကြရသည်။ ထိုအန္တရာယ်များ၊ အနှောင့်အယှက်များ၊ အဆင်မပြေမှုများကို ပြေပျောက် တားဆီးနိုင်မည့် အားကိုးအားထားစရာများကို ရှာဖွေကြသောအခါ ဘုရားဟော ဂါထာတော်များ၊ သုတ်ပရိတ်တော်များကို တွေ့ရှိခဲ့ကြသဖြင့် ယုံကြည်စွာ ရွတ်ပွားလာခဲ့ကြခြင်းဖြင့် အန္တရာယ်အပေါင်းမှ ကင်းလွတ်ခဲ့ကြရလေသည်။

သမ္ဗုဒ္ဓေ၊ ဓာရဏပရိတ်၊ ဝဋ္ဋသုတ် စသည်ဖြင့် ဂါထာတော်၊ သုတ်တော်၊ ပရိတ်တော်များ အများအပြားရှိသည့်အနက်မှ ပစ္စုပ္ပန်၊ သံသရာ အကျိုးစီးပွားနှစ်ဖြာကို ပေးစွမ်းနိုင်သော ဘုရားဟော ဂါထာဖြစ်သည့် "ပိဋကတ်တိုက်တံခါးဖွင့် ဂါထာတော်"ကို ဖော်ပြပေးလိုပါသည်။

ထိုဂါထာတော် ဖြစ်ပေါ်လာခဲ့ပုံမှာ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမဟာဗောဓိပင်အနီး "ဃောသ"အမည်ရှိ ရွာကြီး၌ သာသနာတော်နှစ် ၉၀၀ ခန့်တွင် ရှင်မဟာဗုဒ္ဓဃောသအလောင်းအလျာကို မွေးဖွားခဲ့သည်။ ပုဏ္ဏားမျိုးဖြစ်၍ ခုနစ်နှစ်သားအရွယ်တွင် ဗေဒင်သုံးပုံကို တစ်ဖက်ကမ်းခတ် သင်ကြား တတ်မြောက်ခဲ့သည်။ ပညာမာန်တက်ကာ အရပ်တကာလှည့်လည် ပညာပြိုင်ခဲ့ရာ အရှင်ရေဝတ ရေဟန္တာမထေရ်ကြီး သီတင်းသုံးသည့် ကျောင်းတိုက်သို့ ရောက်ခဲ့ပြီး ပညာပြိုင်ကြသည်။

မထေရ်မြတ် မေးတော်မူသည့် အဘိဓမ္မာပါဠိခေါ်သော ဗုဒ္ဓမန္တန်ကို မဖြေဆိုနိုင်သည့်အပြင် သူ၏ အယူဝါဒ၌ ချွတ်ယွင်းချက်များကို မထေရ်မြတ်က ထောက်ပြခဲ့သည်။

ထို့ကြောင့် ဃောသသည် ဗုဒ္ဓမန္တန်ကို သင်ယူရန် အရှင်ရေဝတထံ၌ ရဟန်းပြုခဲ့သည်။ မြတ်စွာဘုရား၏ အသံကဲ့သို့ နက်နဲသည့်အသံရှိ၍ ကျော်စောထင်ရှားမည့် နိမိတ်ကိုယူ၍ ဥပဇ္ဈာယ်ဆရာက "ဗုဒ္ဓဃောသ" ဟု ဘွဲ့အမည်ပေး၏။ ရှင်ဗုဒ္ဓဃောသသည် ပိဋကသုံးပုံကို သင်ယူတတ်မြောက်၍ ထိုကျောင်းတိုက်၌ပင် ဉာဏောဒယကျမ်းကို စီရင်၍ ဓမ္မသင်္ဂဏီ ပါဠိတော်၏အဖွင့် အဋ္ဌသာလိနီအဋ္ဌကထာကို စီရင်ရန် ကြံစည်၏။

ထို့နောက် ဆရာတော် အရှင်ရေဝတ မထေရ်၏ တိုက်တွန်းချက်အရ သီဟိုဠ်အဋ္ဌကထာများကို သီဟိုဠ်ဘာသာမှ ပါဠိဘာသာသို့ ပြန်ဆိုရန် မဟာနာမမင်း အုပ်စိုးစဉ်တွင် သီဟိုဠ်ကျွန်းသို့ ကြွတော်မူသည်။ သီဟိုဠ်ရှိ မဟာဝိဟာရကျောင်းတိုက်ကြီးသို့ သွား၍ မဟာပတနယရ ခေါ် ကမ္ဗုဏ္ဍာန်းကျောင်းကြီး၌ အရှင်သံဃပါလ မထေရ်မြတ်ထံတွင် သီဟိုဠ်အဋ္ဌကထာအားလုံးနှင့် ထေရဝါဒတို့ကို သင်ယူပြီး ဤမထေရ်တို့၏ အယူဝါဒတို့သည်သာ မြတ်စွာဘုရား၏ အလိုတော် ထေရဝါဒဖြစ်သည်ဟု ဆုံးဖြတ်ချက်ချခဲ့လေသည်။

ထိုသို့ ဆုံးဖြတ်ပြီးနောက် အဋ္ဌကထာအသစ် ရေးသားစီရင်ရန် မဟာဝိဟာရကျောင်းတိုက်၌ သံဃာတော်များအား စည်းဝေးပြီး အလုံးစုံသော ပိဋကတ်ပေစာတို့ကို ပေးကြပါဟု လျှောက်တောင်းခဲ့သည်။ သံဃာတော်များက သဂါထာဝဂ္ဂသံယုတ်ပါဠိတော်လာ ဂါထာနှစ်ပုဒ်ကို ပေး၍ ဤဂါထာတို့နှင့် သင်၏ စွမ်းရည်ကို ပြပါဦး။ သင့်စွမ်းရည်ကို ကြည့်ပြီးမှ ပိဋကတ် ပေစာများကို အပ်နှင်းမည်ဟု မိန့်ဆိုကြ၏။

ထိုအခါ အရှင်ဗုဒ္ဓဃောသ မထေရ်သည် ထိုဂါထာ



www.burmeseclassic.com

www.burmeseclassic.com

များ၏ အဖွင့်ဖြစ်သော ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းကို ရေးသားပြုစု၍ သံဃာတော်များအား တင်ပြခဲ့သည်။ သံဃာတော်များမှာ ထိုကျမ်းကို တွေ့မြင်ပြီး လေ့လာကြရသောအခါ အလွန်နှစ်သက် ဝမ်းမြောက်ကြ၍ ပိဋကတ်သုံးပုံပါဠိ အဋ္ဌကထာတို့ကို ပါဠိဘာသာသို့ ပြန်ဆိုခွင့်ပြုလိုက်ကြသည်။ သို့သော် ပိဋကတ်တိုက်၏ တံခါးကြီးကိုတော့ ဖွင့်မပေးဘဲ မိမိအစွမ်းဖြင့်သာ ဖွင့်၍ ကူးယူပေတော့ဟု ဆို၏။ ထိုအခါ အရှင်ဗုဒ္ဓဃောသသည် ဘုရားမှတစ်ပါး ကိုးကွယ်ရာ မရှိဟု ဆိုကာ ပိဋကတ်တိုက်တံခါးရှေ့မှာ ထိုင်ပြီး မြတ်စွာဘုရား၏ ဂုဏ်တော်၊ တန်ခိုးတော်၊ ကံတော်၊ ဉာဏ်တော်၊ ပါရမီတော် အနန္တတို့ကို အာရုံပြု ကြည်ညိုသဒ္ဓါပွားပြီး "သုဂတံ သုဂတံ သေဋ္ဌံ"အစချီသော နမက္ကာရ ဘုရားရှိခိုးကို ဖွဲ့နွဲ့စပ်ဆို ရှိခိုးပူဇော်ကြလေသည်။

ထိုကဲ့သို့ ပိဋကတ်တိုက်ကြီး၏ ရှေ့၌ ဂါထာများကို ရွတ်ဆိုပူဇော် ရှိခိုးလေရာ အမှတ် (၁၀)မြောက်ဖြစ်သည့် "တဟီ တဟီ ပါရမီ သဥ္စယံ ဓယံ" အစပြုသော ဂါထာကို ရွတ်ဆိုပြီးသည်နှင့် တစ်ပြိုင်နက် ပိဋကတ်တိုက်တံခါးကြီးသည် မြည်ဟီးပြီး အလိုအလျောက် ပွင့်သွားလေသည်။ ထို့ကြောင့် ဤဂါထာကို "ပိဋကတ်တိုက်တံခါးဖွင့် ဂါထာတော်"ဟု ဆိုနိုင်လေသည်။

**ပိဋကတ်တိုက်တံခါးဖွင့် ဂါထာ**

တဟီ တဟီ ပါရမီသဥ္စယံ ဓယံ၊
ဂတံ ဂတံ သဗ္ဗိ သုခပ္ပဒံ ပဒံ။
နရာ နရာနံ သုခသမ္ဘဝံ ဘဝံ၊
နမာ နမာနံ ဇိန ပုင်္ဂဝံ ဂဝံ။

**ဂါထာ၏ အနက်အဓိပ္ပာယ်**

တဟီ တဟီ - ထိုထိုဘဝ ကိုယ်တော်၏ ဖြစ်ဖြစ်သမျှ၌၊ ပါရမိသဥ္စယံ - မနိုင်းယှဥ်အပ်၊ များမြတ်တရောင်း ပါရမီကုသိုလ်အပေါင်းတို့၊ ဓယံ - ဆည်းပူးတော်မူပြီးထသော၊ သဗ္ဗိ - ကုသိုလ်နှစ်ဆီ၊ ပါရမီတုန်းဟုန်၊ စိမ့်တုံ့ပွားစီး၊ သူတော်ကောင်းကြီးတို့သည်၊ ဂတံ - သိမြင်တုံမြောက် ဖြောင့်တန်းစွာ ရောက်အပ်သော၊ သုခပ္ပဒံ - ,နိစ္စထာဝရ မုချစင်စစ် ချမ်းသာအေးမြကြောင်းဖြစ်သော၊ ပဒံ - အမတဝေယျ ရန်မျိုးကုန်သည့် ရွှေဘုံကြငှန်း နိဗ္ဗာန်နန်းသို့ ဂတံ - ရောက်တော်မူပြီးထသော၊ နရာနရာနံ - လူ နတ် ဗြဟ္မာ သတ္တဝါအများ သုံးဘုံသားတို့၏ သုခသမ္ဘဝံ - ချမ်းသာအေးမြကြောင်း စီးပွားကောင်းကို၊ ဘဝံ - ဖြစ်စေတော်မူတတ်ထသော၊ အနမာနံ - မကိုင်းရှိုင်း မညွတ်ခ မရှိသေကြကုန်သော၊ ဂဝံ - မိုက်မဲချာချူ နွားနှင့်တူသော သူတို့ကို၊ ဇိနပုင်္ဂဝံ - ဒုတ်မားမပြု တရားချ၍ ဆုံးမကံမြစ် အောင်မြင်နိုင်သော ယောက်ျားမြတ်ကြီးကို၊ အဟံ - အကျွန်ုပ်သည်၊ နမာ နမာမိ - ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ ဘုရားဟူ၍ ဖြစ်ပါသည်။

ဤဂါထာတော်မှာ နမက္ကာရ ဂါထာတော်များတွင် ပါဝင်သော ဂါထာတစ်ပုဒ်ဖြစ်သည်။ "နမက္ကာရ"ဟူသည်မှာ ရှိခိုးမှုပြုခြင်းဖြစ်သည်။ နမက္ကာရပါဌ်လာ ဂါထာတော်အများစုသည် ဘုရားရှင်၏ ဂုဏ်တော်များကို ဖော်ကျူး၍ ရှင်မြူးစွာ ရှိခိုးသော ဂါထာတော်များ ဖြစ်သည်။ နမက္ကာရ ဂါထာများတွင် ဘုရားရှင်၏ ဂုဏ်တော်များမှာလည်း စုံလှသည်။ ဂါထာစီကုံးဖွဲ့နွဲ့ပုံမှာလည်း အထက်တန်းကျလှသည်။ ထို့ကြောင့် အရှင်မဟာဗုဒ္ဓဃောသ မထေရ်ကြီး၏ လက်ရာဟု ဆရာစဥ်ဆက် လက်ခံယူဆထားကြလေသည်။

ဤဂါထာကို အိမ်၌ ဖြစ်စေ၊ ခရီးသွားရာ၌ ဖြစ်စေ ရွတ်ဆို ဘုရားရှိခိုးသူအား အပါယ်လေးပါးမှလည်း လွတ်နိုင်၏။ ဘေးအန္တရာယ် ရန်အသွယ်သွယ်တို့မှ လွတ်မြောက်နိုင်၏။ စီးပွားချမ်းသာ တိုးတက်လာ၏။ ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော အကျိုးစီးပွားဖြစ်ထွန်း၏။ နတ်မင်း လူမင်းဖြစ်နိုင်၏။ ယခု မျက်မှောက်ဘဝ၌ ရောဂါကင်းရှင်း ကျန်းမာခြင်းနှင့် ပြည့်စုံ၍ အသက်ရှည်နိုင်၏။ လူအပေါင်းတို့၏ အပူဇော်ကို ခံရ၏။ တရားဘာဝနာ၌ မွေ့လျော်သူဖြစ်လာ၏။ လူအများက ချစ်ခင်မြတ်နိုးလာကြ၏။ နောက်ဆုံးတွင် ရဟန္တာဖြစ်၍ နိဗ္ဗာန်ရောက်နိုင်၏ဟု နမက္ကာရပါဌ်တွင် ဂါထာ လေးဂါထာတို့ဖြင့် ရွတ်ဆိုပူဇော်ရကျိုးတို့ကို ဖော်ပြထား၏။

ထို့ကြောင့် ဤဂါထာ၏ အနက်ကိုပါ ဖြစ်စေ၊ အဓိပ္ပာယ်ကို ဖြစ်စေ အာရုံပြု၍ ရွတ်ဆိုရှိခိုးသောသူအား ဗုဒ္ဓါနုဿတိ ဘာဝနာကုသိုလ်ဖြစ်စေပါသည်။ ပဒုမုတ္တရာဘုရားဟောတော်မူသည့်အတိုင်း ကြံတိုင်းအောင် ဆောင်တိုင်းမြောက် စိတ်ရှိသလောက် ပြီးမြောက်အောင်မြင်နိုင်သည့်အကျိုးကို ကေန်မုချရရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် ဤဘုရားရှိခိုးဂါထာ ပါဠိနက်နှစ်ချက်လုံးကို ကျက်မှတ်၍ နေ့စဥ်မှန်မှန် အမြတ်တနိုး ရွတ်ဆိုရှိခိုးသင့်ပါကြောင်း မေတ္တာအကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းဖော်ပြအပ်ပါသည်။

* * *

တင့်ထူး(ဓမ္မဇော်)

ကျမ်းကိုး

- ပိဋကတ်ကျမ်းဂန်တော်လာ အစွမ်းထက် ဂါထာပရိတ်တော်များ (ဓမ္မာစရိယ ဦးအေးနိုင်)(ဘီအေ)။



www.burmeseclassic.com

www.burmeseclassic.com



# လူတစ်ယောက်နှင့် လူတစ်ခြမ်း

**ခင်လ အမြွှာ(၂)မှ တဆက် . . .**

**လူတစ်ယောက်နှင့် လူတစ်ခြမ်း**

သရဏေသုဠ္ဌိတော ဂေဟာ၊
ပဉ္စသီလေ ပိတာပရော။
မိစ္ဆာဒိဋ္ဌိစ ဒုသီလာ။
သေသာပသု သမာ မတာ။

ထိုသေလေသော လူနှစ်သိန်းကျော်တို့တွင် သရဏဂုံ တည်သည့်သူတစ်ယောက် ရောနှောပြီး အသတ်ခံလိုက်ရ၏။ ထိုသူကား သရဏဂုံသာ တည်ပြီး ငါးပါးသီလမရှိသည့်အတွက် လူတစ်ခြမ်းတည်း။ သရဏဂုံတည်၊ ငါးပါးသီလလည်း မြဲသူ တစ်ယောက်လည်း ရောနှောပြီး အသတ်ခံလိုက်ရ၏။ ထိုသူကား လူတစ်ယောက်တည်း။ ထိုနှစ်ယောက်တို့မှ တစ်ပါး ကျန် ပုဂ္ဂိုလ်များသည် အယူမှားသူ၊ အကျင့်မှားသူများသာ ဖြစ်၍ တိရစ္ဆာန်နှင့်သာ တူကြကုန်၏။

အဲဒီ ပြဿဒါလည်း နားထောင်လိုက်ရရော နုဋ္ဌဂါမဏိ မင်းကြီး ချက်ချင်းနေကောင်းသွားတယ်။ သာသနာပြုလုပ်ငန်း တွေကိုလည်း ဘဝဆုံးချိန်အထိ တရစပ်လုပ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့်လည်း သေသောအခါ လူ့သက်နဲ့ဆိုရင် ၅၇ကုဋေနဲ့ အနှစ် ၆သန်း အသက်ရှည်တဲ့ တုသိတာနတ်ဘုံကို ရောက်ခဲ့ရတယ်။

ဒုဋ္ဌဂါမဏိမင်းဟာ ကျေးလူမျိုးပေါင်း နှစ်သိန်းကျော်ကို သတ်ဖြတ်ခဲ့ပါလျက် ဘာကြောင့် အပါယ်မကျရသလဲ ဆိုတာ ဆန်းစစ်ကြည့်သင့်တယ်။ ပထမအချက်က သူဟာ ကျေးလူမျိုးတွေကို သတ်ခဲ့ရတာ မှန်သော်လည်း သေစေလိုတဲ့ စေတနာဆိုးကြီး ပြင်းပြင်းထန်ထန်မပါတာ သေချာပါတယ်။ သူ့ရည်ရွယ်ချက်က သီရိလင်္ကာနိုင်ငံမှာ ဗုဒ္ဓသာသနာ ပြန်လည်ထွန်းလင်းစေချင်တယ်။

ဒုတိယအချက်က သူဟာ မင်းဖြစ်တဲ့အခါမှာလည်း မင်းစည်းစိမ် ခံစားရပြီး အချိန်မဖြုန်းဘဲ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တွေကို နောက်ဆုံးအချိန်ထိ ပြုလုပ်ခဲ့တယ်။ ဒါ့ကြောင့် အပါယ်မကျတာလို့ သုံးသပ်နိုင်ပါတယ်။ ဒီအချက်ကို ကြည့်ပြီး လယ်သမား၊ ယာသမားတွေဟာလည်း ဆေးဖျန်းရတဲ့အခါ သေစေလိုတဲ့ စေတနာဆိုးကြီး အဖြစ်မခံဘဲ အသီးအနှံတွေ ဖွံ့ထွားပါစေ၊ တိုင်းသူပြည်သားတွေ အာဟာရ ပြည့်ပြည့်ဝဝ စားသုံးနိုင်ကြပါစေဆိုတဲ့ စေတနာကောင်းလေး မွေးပေးရမယ်။

နောက် တတ်နိုင်သမျှ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်များကို နောက်ဆုံးအချိန်ထိ ပြုလုပ်သွားမယ်ဆိုရင် နတ်ပြည်လောက်ကတော့ အသာလေးပါ။ လူတွေ သတ်ခဲ့တဲ့ ဒုဋ္ဌဂါမဏိတောင် အပါယ်မကျရင် ပိုးမွှားတိရစ္ဆာန်လောက် သတ်တဲ့ ကံက ပိုလို့တောင် အပါယ်မချနိုင်ရမှာပေါ့။ ဒါ့ကြောင့် မင်္ဂ-ဖိုလ်မရအောင် တားတဲ့ အန္တရာယ်ငါးမျိုးထဲမှာ တိရစ္ဆာန်သတ်တဲ့ အကုသိုလ်မပါတာပေါ့။

**မဂ်တား ဖိုလ်တား အန္တရာယ်ငါးပါး**

မဂ်-ဖိုလ်မရအောင် တားတဲ့ အန္တရာယ်ငါးပါးဆို တာက...

(၁) ပဉ္စာနန္တရိယကံငါးပါးကို ကျူးလွန်ထားသူ၊
(၂) များယွင်းသော အယူဝါဒရှိသူ၊
(၃) သန္ဓေတည်စဉ်ကတည်းက ဉာဏ်ပညာပါမလာသူ၊
(၄) အရိယာကို ပြစ်မှားစော်ကားထားသူ၊
(၅) သိလျက် သိက္ခာပုဒ်ကို လွန်ကျူးသော ရဟန်းတို့ပါပဲ။

ဒီအချက်ကို ထောက်ပြီး တိရစ္ဆာန်ကတော့ ဘယ်လောက်ပင် သတ်မိခဲ့ သတ်မိခဲ့ အခု တရားနာ၊ အခု သောတာပန်တည်နိုင်တာပါ။ ဓမ္မပဒမှာ လာတဲ့ တံငါသည် တစ်ယောက်ကို ကြည့်ပါ။ နေ့စဉ် ငါးမျှားပြီး အသက်မွေးနေတာ ကြာလှပေါ့။ တစ်ရက်တော့ ဘုရားရှင်က သူ ငါးဖမ်းတဲ့ နေရာကြွလာပြီး တရားဟောလိုက်တာ ချက်ချင်း သောတာပန်တည်တာပါပဲ။

ကောင်းကျိုး၊ မကောင်းကျိုးဆိုတာ စေတနာလို့ ခေါ်တဲ့ ကံက အကျိုးပေးတာပါ။ ဒါ့ကြောင့် အပြစ်ရှိ, မရှိ၊ အကုသိုလ်ဖြစ်, မဖြစ်ကို ဆုံးဖြတ်တဲ့အခါတိုင်း စေတနာဆိုးပါ, မပါဆိုတဲ့အချက်နဲ့ တိုင်းတာရတာပါ။ ဒါကြောင့် သူတော်ကောင်း ဟုတ်,မဟုတ်ဆိုတာကို အပြုအမူတစ်ခုတည်းကို ကြည့်ပြီး ဆုံးဖြတ်လို့ မရပါဘူး။ ရည်ရွယ်ချက်နဲ့ စေတနာကို ကြည့်ပြီး ဆုံးဖြတ်မှ အမှန်ကို ရောက်ပါတယ်။

ရောဝတီတိုင်းမှာ နာဂစ်မုန်တိုင်းကြီး မွှေလိုက်တာ လူနှစ်သိန်းကျော် သေဆုံးပြီး လူပေါင်း သိန်းနဲ့ချီပြီး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရတာ မကြာသေးဘူး။ ရွာလေးတစ်ရွာဟာ အဲဒီနာဂစ်ဒဏ်ကြောင့် အတော်လေး ဒုက္ခရောက်သွားကြတယ်။ အပျက်အစီးပဲ ရှိတယ်။ သေကြေတာတော့ သိပ်မရှိဘူး။ ဒါပေမယ့် ရေထဲ မျောပါသွားတဲ့အတွက် စားစရာ သောက်စရာကတော့ ဘာမှမရှိတော့ဘူး။ ဒီအချိန်မှာ ရေလုပ်သားလေးတစ်ယောက်က ရွာသူရွာသားတွေ ဘာမှစားစရာမရှိတာကို သိတဲ့အတွက် တတ်နိုင်သမျှ ကူညီချင်တယ်။

ဒါကြောင့် မြစ်ထဲထွက်ပြီး ကွန်ပစ် ငါးဖမ်းတယ်။ ရရှိလာတာတွေကို အိမ်တိုင်းစေ့ လိုက်ဝေပေးတယ်။ တကယ်ဆိုရင် အခုလို စားစရာမရှိတဲ့အချိန်မှာ ဒီငါးတွေကို ဈေးတင်ရောင်းရင် မဖြစ်မနေ ဝယ်ကြမယ်ဆိုတာကို ဒီရေလုပ်သားလေး သိပါတယ်။ ဒါပေမယ့် ငွေကို မယူဘဲ ကုသိုလ်ပဲ ယူလိုက်တယ်။ ဒါဟာ ပညာရှိတာပါ။

ငွေဆိုတာ လူ့ဘုံတစ်ဘုံသာ သုံးစွဲလို့ ရတာ။ အခြားဘယ်ဘုံမှ သုံးစွဲလို့ မရဘူး။ ကုသိုလ်တရားကတော့ ၃၁ဘုံအကုန်လုံး သုံးလို့ရတယ်ဆိုတာကို ဒီရေလုပ်သားလေး သိတယ်။ ဒါကြောင့် ပညာရှိလို့ ပြောတာ။ ဘီအေ၊ အမ်အေ၊ ပီအိတ်ချ်ဒီဘွဲ့တွေ ရပေမယ့် ဒီအတွေးအခေါ်မျိုးက ရှိချင်မှ ရှိတာ။ ဒါကြောင့် ဒီဘွဲ့တွေသာ ယူထားပြီး မလျှုရက် မတန်းရက်တဲ့ ပုဂ္ဂိုလ်တွေကို တွေ့နေရတာပေါ့။

ဒီရွာထဲမှာ ဆန်ဆိုင်ကြီးကတော့ အသိမ်းအဆည်း ကောင်းလို့ ဘာမှပျက်စီးမှုမှ မရှိဘူး။ ရွာသူရွာသားတွေဟာ ဟင်းအတွက် စားစရာ ငါးရလာပြီဆိုတော့ ထမင်းအတွက် ဆန်ရဖို့အတွက် ဆန်ဆိုင်ပိုင်ရှင်ထံမှ တစ်နပ်စာ၊ နှစ်နပ်စာ



www.burmeseclassic.com

www.burmeseclassic.com

လောက် ထောက်ပံ့ဖို့ အကူအညီတောင်းကြတယ်။ ဆန်ဆိုင်ပိုင်ရှင်ဟာ တစ်နပ်စာမှ မထောက်ပံ့တဲ့အပြင် ရှစ်ရာလောက်သာ တန်တဲ့ ဆန်တစ်ပြည်ကို ရှစ်ထောင်ကျပ်တင်ပြီး ရောင်းလိုက်တယ်။

တခြား ဘယ်မှာမှ ဝယ်စားစရာမရှိတော့ ရွာသားတွေက မရှိမဲ့ရှိမဲ့ ငွေလေးထုတ်ပြီး ဝယ်ကြရတော့တာပေါ့။ ဒီဘကယ့်ဖြစ်ရပ်လေးကို သုံးသပ်ကြည့်ရင် အပေါ်ယံအနေနဲ့တော့ ရေလုပ်သားလေးဟာ သူတစ်ပါးအသက်သတ်ပြီး အသက်မွေးရလို့ မသူတော်ပေါ့။ ဆန်ဆိုင်ပိုင်ရှင်ကတော့ ဆန်ကိုသာ ရောင်းဝယ်တာဖြစ်လို့ သူတော်ကောင်းပေါ့။

ဒါပေမယ့် သူတို့ရဲ့ ရည်ရွယ်ချက်နဲ့ စေတနာကို ကြည့်လိုက်တော့ ဆန်ဆိုင်ပိုင်ရှင်က မသူတော်ဖြစ်ပြီး တံငါသည်က သူတော်ကောင်းဖြစ်နေတယ်။ ဒီလို စိတ်ထားမျိုးရှိချိန်မှာသာ သေရင် ဆန်ဆိုင်ပိုင်ရှင်က ငရဲကျပြီး တံငါသည်လေးက နတ်ပြည်ရောက်မှာပါ။ ဘာကြောင့်လဲဆိုရင် ဆန်သည်က ရွာသူရွာသားတွေအပေါ်မှာ မေတ္တာ စေတနာ တစ်စက်မှ မထားဘဲကိုး။

မတရားသဖြင့် အမြတ်ကြီးစားဖို့အချက်ကသာ သူ့စိတ်ကို လွှမ်းမိုးနေတယ်။ တံငါသည်လေးကတော့ ဘဝပေးအခြေအနေအရ ငါးဖမ်းနေရပေမယ့် လူသားတွေကို ကူညီချင်တဲ့ မေတ္တာ စေတနာ သူ့မှာ အပြည့်ရှိနေတယ်။ ဒီစိတ်ထားမျိုးရှိလို့လည်း ရွာသားတွေ ဒုက္ခရောက်ချိန်မှာ ငါးကို ဈေးတင်ရောင်းလို့ ရမှန်းသိရက်နဲ့ မရောင်းဘဲ အလကားထိုက်ပေးခဲ့တာပေါ့။

ဥပရိပဏ္ဏာသပါဠိတော်၊ မဟာကမ္မဝိဘင်္ဂသုတ်မှာ ဘုရားရှင်က ပါဏာတိပါတကံနဲ့ ပတ်သက်ပြီး အခုလို အမြင်ကျယ်ကျယ်နဲ့ ဟောထားတယ်။

သူတစ်ပါးအသက်ကို သတ်သူများ အပါယ်လေးပါးသို့ ကျရောက်သည်ဟု ပြောလျှင် ငါဘုရား လက်ခံသည်။ သို့သော် သူ့အသက်ကို သတ်သူတိုင်း အပါယ်လေးပါးသို့ ကျသည်ဟု ပြောလျှင် ငါဘုရား လက်မခံနိုင်။ အကြောင်းကား သူတစ်ပါးအသက်ကို သတ်သူများသည် ၂၄နာရီ အချိန်ပြည့် သတ်နိုင်သည်မဟုတ်။ ကောင်းမှုကုသိုလ်ပြုလုပ်သောအချိန်ရှိနေသောကြောင့်ပင်တည်းတဲ့။ အင်္ဂုတ္တိုရ်အဋ္ဌကထာမှာ ဖွင့်ပြထားတဲ့ "ဒမိဠ"တံငါသည်ကို ကြည့်ပါလား။ သူဟာ အိပ်ရာထတဲ့ အချိန်က စပြီး သေခါနီးအချိန်ထိ ဒီငါးတွေကို သတ်ဖြတ်ရောင်းစားလာခဲ့တာပဲ။ သူသေခါနီးကျတော့ ငရဲနိမိတ်တွေ ထင်လာတယ်။ ငရဲကျတော့မယ်။ အဲဒီအချိန်မှာ ရဟန်းတော်တစ်ပါးကြွလာပြီး သရဏဂုံနဲ့ သီလဆောက်တည်ပေးလိုက်တာ သေလည်း သေရော လူ့သက်နဲ့ဆိုရင် နှစ်ပေါင်း ကိုးသန်းအသက်ရှည်တဲ့ စတုမဟာရာဇ်နတ်ဘုံကို ရောက်ခဲ့တယ်မဟုတ်လား။

**သောတာပန်၏ ဂုဏ်အင်္ဂါ**

ဒါကြောင့် ဘုရားရှင်က သူတစ်ပါးအသက်ကို သတ်သူတိုင်း အပါယ်ကျတယ်ဆိုတဲ့ စကားကို လက်မခံတာပေါ့။ ဓမ္မပဒမှာ မုဆိုးမယား သောတာပန်တစ်ယောက်အကြောင်းကို ဟောထားတာ ရှိတယ်။ ဒီအမျိုးသမီးဟာ သောတာပန်တည်ပြီးသားပါ။ သောတာပန်တည်ရင်…

(၁) ဘုရားရတနာကို အသက်နဲ့ လဲပြီး ကြည်ညိုတယ်၊

(၂) တရားရတနာကို အသက်နဲ့ လဲပြီး ကြည်ညိုတယ်၊

(၃) သံဃာရတနာကို အသက်နဲ့ လဲပြီး ကြည်ညိုတယ်၊

(၄) ငါးပါးသီလကို အသက်နဲ့ လဲပြီး လုံခြုံတယ်လို့ သံယုတ်ပါဠိတော်၊ ပထမဂိဉ္စကာဝသထသုတ်မှာ ဟောထား ပြီးသားပါ။

ဒီသောတာပန်တည်ပြီးသား မိန်းမပျိုလေးဟာ အတိတ်ရေစက်ကြောင့် သားသတ်မုဆိုးကြီးနဲ့ ရသွားတယ်။ မုဆိုးကြီးနဲ့ နေရတယ်ဆိုတော့ မယားဝတ္တရားအတိုင်း ကျင့်ရတာပေါ့။ မုဆိုးကြီး တောပစ်ထွက်မယ်ဆိုရင် ဒီအမျိုးသမီးက လေးမြားလက်နက်တွေ အသင့်ပြင်ပေးရတယ်။

ဒီလက်နက်တွေနဲ့ပဲ မုဆိုးကြီးက သားကောင်တွေကို ပစ်ခတ် သတ်နေတာပဲ။ ဒါကို သတိထားမိသွားတဲ့ ရဟန်းတွေက သောတာပန်ဆိုတာ ငါးပါးသီလလုံခြုံပါတယ်။ ဒီအမျိုးသမီးကျတော့ မလုံခြုံပါလား။ သူ ပြင်ဆင်ပေးတဲ့ လက်နက်တွေကြောင့် တိရစ္ဆာန်တွေ သေရတာ သူ့မှာ ပါဏာတိပါတကံ မထိုက်ဘူးလားဆိုတဲ့ စောဒကမျိုး ရဟန်းလောကမှာ ပြောဆိုလာတယ်။ ဘုရားရှင် သိတော်မူတဲ့အခါ အခုလို ရှင်းပြတယ်။

"ပါဏမှိစေ ဝဏောနဿ၊
ဟရေယျ ပါဏိနံ ဝိသံ။
နဗ္ဗဏံ ဝိသမန္ဒေတိ၊
နတ္ထိပါပံ အကုဗ္ဗတော"

အဓိပ္ပာယ်က အနာရှိတဲ့ လက်နဲ့ အဆိပ်ကို ကိုင်ရင် အဆိပ်တက်ပြီး သေမယ်။ အနာကင်းတဲ့ လက်နဲ့ အဆိပ်ကို



www.burmeseclassic.com

www.burmeseclassic.com

ကိုင်ရင် ဘာမှမဖြစ်ဘူး။ အဲဒီ ဥပမာအတိုင်းပဲ၊ သေစေလိုတဲ့ စေတနာဆိုးနဲ့ လေးမြားလက်နက်တွေကို ပြင်ပေးရင် အပြစ်ရှိတယ်။ ပါဏာတိပါတကံ ထိုက်တယ်။ သေစေလိုတဲ့ စေတနာဆိုးမရှိရင် .အိမ်ရှင်မ ဝတ္တရားအတိုင်း လေးမြား လက်နက်ပြင်ပေးသော်လည်း အပြစ်မရှိ။ ပါဏာတိပါတကံ မထိုက်လို့ ဖြစ်တယ်။

နောက်တော့ ဘုရားရှင်ရဲ့ တရားကို နာကြားရပြီး မုဆိုးကြီးရော၊ သားခုနစ်ယောက်၊ ချွေးမ ခုနစ်ယောက်ရော အားလုံး သောတာပန်တည်ကြပါတယ်။ ဓမ္မပဒမှာ လာတဲ့ ဗိမ္ဗိသာရမင်းကြီးဟာ သောတာပန်ပါ။ ဒါပေမယ့် မင်းတစ်ပါးရဲ့ ဝတ္တရားတွေကို ထမ်းဆောင်နေပါတယ်။ ဆိုလိုတာက သေဒဏ်ကျတဲ့လူဆိုရင် သေဒဏ်ချနေရတာပါ။ အင်္ဂုတ္တိုရ်ပါဠိတော်မှာ လာတဲ့ သီဟ စစ်သူကြီးဆိုရင် သောတာပန်ပါ။ ဒါပေမယ့် စစ်သူကြီးတာဝန်ကို ဆက်လက်ထမ်းဆောင်နေပါတယ်။

သောတာပန်ဘုရင်ရဲ့ သေဒဏ်ချမှတ်မှုကြောင့် ရာဇဝတ်သား အသတ်ခံရတယ်။ စစ်သူကြီးရဲ့ စီမံချက်ကြောင့် စစ်တပ်က သွားတိုက်ရာ သူပုန်တွေ သေကြရတယ်။ ဒီဘုရင်နဲ့ ဒီစစ်သူကြီးမှာ ပါဏာတိပါတကံ မထိုက်ဘူးလားလို့ မေးခဲ့ရင် သေစေလိုတဲ့ စေတနာဆိုးမပါတဲ့ အတွက်ကြောင့် မထိုက်ဘူးလို့ပဲ ဖြေရမယ်။

ဒီနေရာမှာ ကိုယ်ပိုင်ဉာဏ်နဲ့ တွေးခေါ်ပြီး ယူရမှာက ဒီသုံးဦးကြောင့် သတ္တဝါတွေ သေသော်လည်း ပါဏာတိပါတကံ မထိုက်တာဟာ သောတာပန်ဖြစ်တာကြောင့် မဟုတ်ဘူး။ သတ္တဝါတွေကို သေစေလိုတဲ့ စေတနာမရှိတာကြောင့်ပဲ။ ဒါကြောင့် ပုထုဇဉ်ဖြစ်သော်လည်း သေစေလိုတဲ့ စေတနာဆိုးကြီးမရှိဘဲ လောကကို ကောင်းစားစေလိုတဲ့ စေတနာကောင်းနဲ့ လုပ်တာဆိုရင် အပြစ်မရှိကြောင်း ရဲရဲကြီးမှတ်နိုင်ပါတယ်။

မုဆိုးကတော်က လေးမြားလက်နက်ပြင်ပေးတာ မယားဝတ္တရားကျေပွန်လိုတဲ့ ရည်ရွယ်ချက်ကြောင့်ပါ။ ဗိမ္ဗိသာရမင်းကြီး ရာဇဝတ်သား သူခိုးကို သေဒဏ်ချမှတ်တာ တိုင်းသူပြည်သားတွေ ချမ်းသာစွာ နေစေချင်တဲ့ ရည်ရွယ်ချက်ကြောင့်ပါ။ သီဟစစ်သူကြီး တိုက်ပွဲတွေကို ညွှန်ကြားပေးနေတာဟာ တိုင်းသူပြည်သားတွေ ချမ်းသာစွာ နေရဖို့ဆိုတဲ့ ရည်ရွယ်ချက်ကြောင့်ပါ။

တစ်ခုတော့ ရှိတယ်။ သောတာပန်က သတ္တဝါတွေကို သေစေလိုတဲ့ စေတနာဆိုးကို မရှိတော့တာ။ မဂ်က ပယ်သတ်လိုက်တာကို။ တကူးတက သေစေချင်တဲ့ စေတနာဆိုးကြီးကို ပယ်နေရတာ မဟုတ်ဘူး။ ပုထုဇဉ်ကတော့ သတ္တဝါတွေကို သေစေချင်တဲ့ စေတနာဆိုးကြီး မပေါ်အောင် သေချာ ဂရုစိုက်ပြီး ပယ်ရှားတတ်ဖို့ အရေးကြီးကြောင်း ဖြေကြားပေးလိုက်ပါတယ်။

**မေးခွန်း (၃)**

မြတ်စွာဘုရား ဝေသာလီပြည်၊ သရက်ပင်ကျောင်း။ ဝစ္ဆပရိဗိုဇ်ထံ ရောက်သွားတဲ့အခါ ဝစ္ဆပရိဗိုဇ်က ဘုရားကို လျှောက်တယ်။

"မြတ်စွာဘုရား…အရှင်ဘုရားဟာ အလုံးစုံကို သိမြင်သူ၊ သွားနေနေ ရပ်နေနေ နိုးနေနေ အချိန်မရွေး အရာအားလုံးကို သိနေသူ သဗ္ဗညုလို့ ဝန်ခံပါသလား ဘုရား။ ဒီစကားဟာ အမှန်ပါလား ဘုရား"

လို့ လျှောက်တော့ ဘုရားက…

"အဲဒီစကားဟာ ငါ့ကို မဟုတ်မမှန် စွပ်စွဲတဲ့ စကားဖြစ်တယ်။ ငါဟာ အချိန်မရွေး သိစရာအားလုံးကို သိနေတယ်လို့ ဝန်မခံဘူးလို့ ဖြေဆိုပါတယ် ဘုရား"

ဘုရားရဲ့ အရိုးသားဆုံး၊ အရှင်းဆုံး ဖြေဆိုမှုကြောင့် အတိုင်းမသိ ကြည်ညိုမိပါတယ် ဘုရား။ အဲဒီလို ဘုရားကိုယ်တိုင် မိန့်ကြားချက်ရှိနေပါလျက် ဒီနေ့ ဗုဒ္ဓဘာသာမှာ ဘုရားကို အရာအားလုံးကို သိနေသူ သဗ္ဗညုလို့ သုံးနေတာကို နားမလည်နိုင်အောင် ဖြစ်မိပါတယ် ဘုရား။ ဘုရားကို သဗ္ဗညုလို့ သုံးရာမှာ အရာအားလုံးကို သိတာမဟုတ်ဘဲ တရားအားလုံးကို သိတာဆိုလျှင်တော့လည်း အလွန်လိုက်ဖက်တဲ့ စကားလို့ ခံယူမိပြန်ပါတယ် ဘုရား။

ဘာသာတရားတိုင်းလိုလိုရဲ့ ဘုရားတွေဟာ တန်ခိုးရှင်တွေချည်း ဖြစ်နေကြပါတယ်။ တပည့်တော်တို့ ဗုဒ္ဓဘုရားကို လူသားက မွေးဖွားပြီး လူသားအကျိုးအတွက် လူတွေ သိမီကျင့်ကြံနိုင်တဲ့ တရားတွေကိုပဲ ဟောကြားထားတဲ့(လူတွေ မသိနိုင်တဲ့ တရားမျိုး၊ လူတွေ မမီနိုင်တဲ့ တရားမျိုး၊ လူတွေ မကျင့်နိုင်တဲ့ တရားမျိုး မဟောဘူး)လူသားအပီသဆုံး ဘုရားအဖြစ်နဲ့ မြင်စေချင်ပါတယ် ဘုရား။

တကယ်အမှန်ကလည်း တပည့်တော်တို့ ဘုရားဟာ အဲဒီအတိုင်းဖြစ်တယ်လို့ (ဘယ်သူယုံယုံ မယုံယုံ) တပည့်တော် ယုံနေပါတယ် ဘုရား။ တပည့်တော်တို့ ဘုရားကို လူ့အသိအမြင်၊ လူ့အစွမ်းအစထက် ပိုတဲ့ အသိအမြင် အစွမ်းအစရှိတဲ့ တန်ခိုးရှင်၊ အစွမ်းအစရှင်၊ မြေလျှိုး မိုးပျံ နေတာမျိုးတွေကြောင့် ကိုးကွယ်တာမျိုးဖြစ်မှာလို့လည်း



www.burmeseclassic.com

www.burmeseclassic.com

အလွန်စိုးရိမ်မိပါတယ် ဘုရား။

အဲဒီတန်ခိုးရှင်၊ အစွမ်းရှင်၊ အမြဲတမ်း အရာတိုင်းကို သိနေသူဖြစ်လို့ ကိုးကွယ်ကြတာဆိုရင် အဲဒီကိုးကွယ်မှုဟာ မဝေဖန် မဆန်းစစ်သူတွေကတော့ အထင်ကြီးစရာလို ဖြစ်ပေမယ့် ဝေဖန်ဆန်းစစ်သူတွေအတွက်မှာတော့ အထင်သေးစရာလို ဖြစ်သွားတတ်ပါတယ် ဘုရား။ တစ်ပါး တခြားသော ဘာသာတွေရဲ့ တန်ခိုးရှင် ဘုရားတွေအပေါ် ကိုယ် ဘယ်လို မြင်သလဲလို့ ကိုယ်ချင်းစာ ခံစားကြည့်နိုင်ပါတယ် ဘုရား။

"မကောင်းတာ မှန်သမျှ မလုပ်နဲ့။ ကောင်းတာ မှန်သမျှ ပြုလုပ်အားထုတ်ကြ။ စိတ်ကလေးကို ဖြူစင်အောင် ထားကြ" ဆိုတဲ့ ရိုးသားပွင့်လင်းပြီး ရိုးစင်းလှတဲ့ အဆုံးအမ ဖော်ညွှန်းချက်တွေကြောင့် ဘုရားကို ကြည်ညိုလေးစား ကိုးကွယ်ကြတာ ဖြစ်စေချင်ပါတယ်။ အကြားအမြင်ရလို့၊ အရာအားလုံးသိနေလို့၊ ရှေ့ဖြစ်နောက်ဖြစ်တွေ ဟောတတ်လို့၊ ကောင်းကင်ကနေ သွားနိုင်လို့၊ ဒါတွေကို အထင်ကြီးပြီး ကြည်ညိုတာမျိုး လုံးဝ မဖြစ်စေချင်ပါ ဘုရား။ မိဘချမ်းသာနေလို့ မိဘကို ချစ်ပြနေတဲ့ သားသမီးတွေလို မဖြစ်စေချင်ပါ ဘုရား။ မိဘရဲ့ လမ်းစဉ်၊ မိဘရဲ့ အဆုံးအမ၊ မိဘရဲ့ ကျင့်ကြံမှုတွေကို လေးစားလို့ မိဘကို ချစ်နေတဲ့ သားသမီးကောင်းတွေ ဖြစ်စေချင်ပါတယ် ဘုရား။

ဘုရားရဲ့ ဂုဏ်အရည်အချင်း ၉ခုထဲမှာ အရာအားလုံးကို သိတယ်ဆိုတာမျိုး၊ မြေလျှိုး မိုးပျံဆိုတာမျိုးတွေ မပါဘဲ လူတိုင်း သိမြင်လက်ခံနိုင်တဲ့ အရည်အချင်းတွေ ဖြစ်ပါတယ်။ လူ့အစွမ်းအစထက် ပိုလွန်းတဲ့ တန်ခိုးရှင် ဘုရားတွေဟာ နောင်းလူငယ်တွေအတွက် တစ်နေ့ ဒဏ္ဍာရီ သူရဲကောင်းတွေလို ခံစားသွားရမှာကို စိုးရိမ်မိပါတယ် ဘုရား။

| | |
|---|---|
| အရဟံ | - ကိလေသာမရှိလို့ ပူဇော်မှုကို ခံယူတော်မူထိုက်တယ်။ |
| သမ္မာသမ္ဗုဒ္ဓေါ | - တရားတွေကို ကိုယ်တိုင်သိမြင်တယ်။ |
| ဝိဇ္ဇာစရဏသမ္ပန္နော | - သိတဲ့အတိုင်း ကျင့်တယ်။ |
| သုဂတော | - ကောင်းတဲ့ စကားကို ပြောတယ်။ |
| လောကဝိဒူ | - လောကအကြောင်း ကောင်းကောင်းသိတယ်။ |
| အနုတ္တရောပုရိသ ဓမ္မသာရထိ | - ရိုင်းစိုင်းနေတဲ့ သတ္တဝါတွေကို ယဉ်ကျေးအောင် ဆုံးမတယ်။ |
| သတ္ထာဒေဝ မနုဿာနံ | - လူနတ်တို့ရဲ့ ဆရာဖြစ်တယ်။ |
| ဗုဒ္ဓေါ | - ဆင်းရဲရာ ဆင်းရဲကြောင်း၊ ငြိမ်းအေးရာ ငြိမ်းအေးကြောင်းတွေကို သိတယ်။ |
| ဘဂဝါ | - ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတယ်။ |

ဒါတွေဟာ တပည့်တော်တို့ ဘုရားရဲ့ လူသားအဆန်ဆုံး၊ လူသားတိုင်း (ဘုရားကို ယုံသူရော၊ မယုံသူရော) သိမြင် လက်ခံနိုင်တဲ့ အရည်အချင်းတွေ မဟုတ်ပါလား ဘုရား။ ဗုဒ္ဓဘာသာတရားဟာ ဘယ်သူမှမသိတဲ့ လူတွေ ငြိမ်းချမ်းစေတဲ့ တရားတွေကို ဖော်ထုတ်ဟောကြားပြီး လောကကို ငြိမ်းချမ်းစေခဲ့တယ်။ လူသားက မွေးဖွားတယ်။ လူသားပီသစွာ ကျင့်ကြံအားထုတ်တယ်။ လူသားပီသစွာ ဘဝဇာတ်သိမ်းသွားတယ်။

ဒီလောက်ရှိရင် ဘုရားကို ကိုးကွယ်ဖို့ မလုံလောက်သေးဘူးလား ဘုရား။ ဘယ်ဘာသာက ဘယ်လိုလူမျိုးပဲ ဖြစ်ဖြစ် ဘုရားကိုရော၊ ဘုရားရဲ့ တရားကိုရော လူသားတိုင်း လက်ခံနိုင်တဲ့ အနေအထားမှာ ရှိဖို့ဟာ သိပ်အရေးပါလှတယ်လို့ ထင်ပါတယ်။ ဘုရားက စိတ်ကလေး ဖြူအောင် ထားရမယ်တဲ့။ ဒီစကားကို ဘယ်လူမျိုးက လက်မခံနိုင် ရှိမလဲ ဘုရား။

ဘုရားက လူက မွေး၊ ရဟန်းဝတ်၊ တရားရှာ၊ တရားတွေ့၊ တရားဟောပြီး လူသားပီသစွာ သေသွားတယ်။ ဘယ်ဘာသာ၊ ဘယ်လူမျိုးက မဟုတ်ဘူးလို့ ငြင်းမလဲ ဘုရား။ တို့ဘုရားက ဘယ်နေရာ၊ ဘယ်နိုင်ငံ ဘယ်ကမ္ဘာမှာ ဘာဖြစ်နေနေ အားလုံးကို သိနေတယ်။ ဒီစကားကို လက်ခံနိုင်သူဟာ ကမ္ဘာမှာ လူဦးရေရဲ့ သုံးပုံတစ်ပုံရှိပါမည်လား ဘုရား။ အဲဒီစကားကို သုံးနှုန်းလို့ရော တရားတွေက မေးမှိန်သွားမှာမို့လား ဘုရား။ ဘုရားက ဂုဏ်သေးသွားမှာမို့လား ဘုရား။

သို့ပါ၍ သဗ္ဗညုတ(ဘုရားဟော အရာအားလုံးကို အမြဲသိနေတယ်)ဆိုတဲ့ အမြင်ကို လူသားတိုင်း(ဘုရားကို ယုံသူရော၊ မယုံသူရော) လက်ခံနိုင်အောင်၊ တပည့်တော်တို့ ဘုရားကို လေးစားကြည်ညိုလာအောင်၊ လက်ခံနိုင်အောင် သဘာဝကျကျ အဓိပ္ပာယ်ရှင်းဆုံး ညွှန်ပြပေးပါရန် လျှောက်ထားအပ်ပါသည် ဘုရား။

**အဖြေ (၃)**

သဗ္ဗညုတ ဉာဏ်တော်ရဲ့ အစွမ်းသုံးပါးကို ဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက အခုလို ရေးစပ်တော်မူ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့တယ်။

* သိရန်မှန်က၊ မကျန်ရအောင်၊
လုံးဝစုံလင်၊ အကုန်မြင်၊
သဗ္ဗညုဉာဏ်တော်အစွမ်းတည်း။
* သိသည့်တရား၊ များအပြား၌၊
ဟောထားခြယ်လှယ်၊ နည်းအသွယ်သွယ်ကို၊
ခြယ်လှယ်စုံလင်၊ အကုန်မြင်၊
သဗ္ဗညုဉာဏ်တော်အစွမ်းတည်း။
* ကျွတ်ထိုက်ကြပေ၊ များဝေနေ၏၊
ဝေနေ္ယစရိုက်၊ သူ့အကြိုက်ကို၊
နှိုက်ချွတ်စုံလင်၊ အကုန်မြင်၊
သဗ္ဗညုဉာဏ်တော်အစွမ်းတည်း။
* ဉာဏ်တော်စွမ်းပကား၊ ဤသုံးပါးဖြင့်၊
အများဝေနေ၊ ကျွတ်လွတ်စေဖို့၊
မနေမနား၊ သက်တော်အားဖြင့်၊
ကြီးမားလေဘိ၊ ရှစ်ဆယ်ပြည့်၍၊
ပရိနိဗ္ဗာန် စံသည့်တိုင်အောင် သယ်ယူဆောင်၊
ဘုန်းခေါင် ငါတို့ဘုရားတည်း။

**သဗ္ဗညုတဉာဏ်တော်ရဲ့ အစွမ်းသုံးပါး**

သဗ္ဗညုတဉာဏ်တော်ရဲ့ အစွမ်းသုံးပါးအချုပ်က သိစရာမှန်သမျှ အကုန်သိတယ်။ ကျန်သွားတယ်ဆိုတာ မရှိဘူး။ တစ်ခါ အဲဒီလိုသိတာ ကြွားဖို့ မဟုတ်ဘူး။ ဘယ်နေရာမှာ ဘယ်လောကီဥပမာနဲ့ ဟောရမယ်ဆိုတာကို နားလည်ဖို့ပဲ။ ဒါကို သဗ္ဗညုတဉာဏ်ရဲ့ ဒုတိယစွမ်းရည်က ပြနေတယ်။ တတိယစွမ်းရည်က ဘယ်ပုဂ္ဂိုလ်ကျရင် ဘယ်နည်းသုံးပြီး ဟောရမယ်ဆိုတာကို သေချာသိတာ၊ ငါ့ရှင် ယူဆတဲ့အတိုင်းပါပဲ။ ဘုရားရှင် သိသမျှဟာ တရားဟောဖို့တွက်ချည်းပါပဲ။

သဗ္ဗညုတဉာဏ်က အကုန်သိတယ်ဆိုတာ ဘာတွေလဲဆိုတော့ သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ် ငါးမျိုးပဲ။ လောကမှာ ရှိတဲ့ သက်ရှိသက်မဲ့ အရာအားလုံးဟာ ဒီငါးချက်ထဲ အကုန်ပါတာပါပဲ။ သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန် လေးချက်ထဲမှာ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ ပရမတ်တရားလေးပါး အကုန်ပါသွားတယ်၊ အကုန်သိတယ်လို့ ဆိုလိုတာပေါ့။

ပညတ်ကို သိတယ်ဆိုတာ လောကီပညာအားလုံးကို သိတာကို ပြောတာပါ။ တစ်ခုတော့ ရှိတယ်။ ဒီလို သိတယ်ဆိုတာ အမြဲတမ်း သိနေတာ မဟုတ်ဘူး။ ဆင်ခြင်မှ သိတာ။ မဆင်ခြင်ရင် မသိဘူး။ တပည့်တော် တရားစခန်းဖွင့်တဲ့အခါ သီးသန့် တရားစစ်ချိန်လို့ မထားဘူး။ နေ့ခင်း တစ်နာရီခွဲကနေ နှစ်နာရီခွဲထိ အချိန်ဟာ အမေးအဖြေအချိန်ပေါ့။

ဒီအချိန်မှာ ယောဂီက သူ နာကြားတဲ့ထဲက ရှုမှတ်တဲ့ထဲက မသိတာ၊ မရှင်းတာတွေကို စာရွက်မှာ ရေးပြီး လွတ်လပ်စွာ မေးနိုင်တယ်။ သူတို့မေးတဲ့ မေးခွန်းတွေ ကြည့်ပြီး သူတို့ရဲ့ တရားအသိမှန်အောင် ညွှန်ပြပေးရတာပေါ့။ တစ်ခါတော့ သဗ္ဗညုတဉာဏ်နဲ့ နှိုင်းယှဉ်ပြီးဖြေမှ ရမယ့် မေးခွန်းတစ်ခုတက်လာတယ်။ မေးခွန်းက···

သူဟာ ဆင်ခြင်ကြည့်လိုက်တဲ့အခါတိုင်း ငါဆိုတာ မရှိ၊ ဖောက်ပြန်တဲ့ သဘောတရားရုပ်နဲ့ အာရုံကို သိတဲ့ သဘောတရား နာမ်ပဲ ရှိတယ်ဆိုတာ ရှင်းရှင်းလင်းလင်းကြီး သိပါတယ်တဲ့။ ဒါပေမယ့် မဆင်ခြင်ဘဲ သူလိုက်ကိုယ်လိုနေတဲ့ အခါမှာတော့ ငါ၊ သူ ဆိုတဲ့အသိနဲ့ စကားပြောနေရတာပဲတဲ့။ ဒါကြောင့် သူ့ရဲ့ တရားအသိဟာ တကယ်အားကိုးထိုက်တဲ့ ပညာသိအစစ် ဟုတ်,မဟုတ် သိလိုပါတယ်တဲ့။

တပည့်တော် ဖြေလိုက်တယ်။ ဆင်ခြင်ကြည့်လိုက်တိုင်း ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ပဲ ရှိတယ်။ ငါဆိုတာ မရှိဘူးလို့ တကယ်သိနေရင် အားကိုးထိုက်တဲ့ ပညာသိဖြစ်ပါတယ်။ ပရမတ်အသိမျိုးဆိုတာ ဆင်ခြင်မှ သိတာပါ။ မဆင်ခြင်ရင် မသိပါဘူး။ ပုထုဇဉ်မဆိုထားနဲ့၊ သောတာပန်များတောင် ဆင်ခြင်နေမှသာ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ပဲလို့ သိတာပါ။

မဆင်ခြင်တဲ့အခါမှာ မသိပါဘူး။ ဝိသာခါဟာ ခုနစ်နှစ်သမီးအရွယ်ကတည်းက သောတာပန်တည်ခဲ့တာပါ။ ဒါပေမယ့် အရွယ်ရောက်တော့ အိမ်ထောင်ပြုလိုက်တာ ကလေးအယောက် ၂၀ မွေးပါတယ်။ ငါ သောတာပန်ပဲဆိုပြီး ရုပ်နာမ်အဖြစ်အပျက်ချည်း အမြဲတမ်း သိနေမယ်ဆိုရင် အိမ်ထောင်လည်း ပြုမှာမဟုတ်ဘူး။ ကလေးအယောက် ၂၀ လည်း မွေးမှာ မဟုတ်ဘူး။

ဆိုလိုတာက သောတာပန်တောင် ငါဆိုတာ မရှိ၊ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ပဲ ရှိတာပါလား ဆိုတဲ့ အသိကို ဆင်ခြင်ချိန်မှသာ သိတာပါ။ မဆင်ခြင်ရင် မသိပါဘူး။ မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်ဟာ သိစရာအားလုံးကို အကုန်သိတယ်ဆိုတာ မှန်ပါတယ်။ သို့သော် အမြဲတမ်း မသိပါဘူး။ ဆင်ခြင်တဲ့အခါမှသာ သိတာပါ။

**အရိုးရှင်းဆုံး သာဓက**

တစ်ခါတော့ ဘုရားရှင်ဟာ ရက်ကန်းသည်များ ရှိတဲ့ ရွာတစ်ရွာကို ဆွမ်းခံကြွပါတယ်။ အဲ့ဒီရွာစကောင်းတဲ့ဘက

www.burmeseclassic.com

www.burmeseclassic.com

တစ်ရွာလုံးသာ နံ့သွားတယ်။ ဘုရားရှင်ကို ဆွမ်းလောင်းသူ တစ်ယောက်မှ မရှိတာပါပဲ။ ဘာ့ကြောင့် ဒီလိုဖြစ်ရတယ် ဆိုတာ ရွာက အထွက်ကျမှ သိရပါတယ်။ ရွာက အထွက်မှာ မာရ်နတ်ကြီးက ဘုရားရှင်ကို သရော်လှောင်ပြောင်ပါတယ်။

ဒီရွာသားတွေရဲ့ စိတ်ကို ငါလှည့်စားထားလိုက်တာ သင် ယနေ့ ဆွမ်းမစားရတော့ဘူး မဟုတ်လားတဲ့။ မာရ်နတ်ရဲ့ လက်ချက်ပါ။ ဒီနေရာမှာ အဋ္ဌကထာ ဆရာက စောဒက တက်ပြပါတယ်။ သဗ္ဗညုတဉာဏ်ဟာ အလုံးစုံ သိတယ် ဆိုပြီး ဒီရွာ ဆွမ်းခံကြွရင် မာရ်နတ်လှည့်စားလို့ ငါ ဆွမ်းရမှာ မဟုတ်ဘူးဆိုတာ ဘုရားရှင်က မသိဘူးလားတဲ့။ အဖြေက မသိဘူးတဲ့။

ဘာဖြစ်လို့ မသိသလဲဆိုတော့ မဆင်ခြင်လို့ မသိတာ ပါတဲ့။ သဗ္ဗညုတဉာဏ်ဆိုသော်လည်း အမြဲတမ်း အလိုလို သိနေတာ မဟုတ်ပါဘူး။ ဆင်ခြင်တဲ့ အချိန်မှ သိတာပါတဲ့။ ဒါဆိုရင် ဆွမ်းခံကြွခါနီးမှာ ဒီအကြောင်းကို မဆင်ခြင်ဘူးလား ဆိုတော့ မဆင်ခြင်ဘူးတဲ့။ ဒီသဗ္ဗညုတဉာဏ်တော်ကြီး ဟာ ပစ္စည်းလေးပါးရာတဲ့ နေရာမှာ အသုံးချဖို့ မဟုတ်ပါဘူး။ တရားဟော၊ တရားပြတဲ့ နေရာမှာ အသုံးချဖို့ပါ။

ဝရဇိန်လက်နက်ကို မှဆိုးလိုက်ဖို့ အသုံးမချသလိုပါပဲ။ ဝရဇိန်လက်နက်ဆိုတာ တစ်လောကလုံးကို သိမ်းပိုက်ဖို့ အသုံးချသင့်တာ မဟုတ်လား။ ဒီသဘောအတိုင်းပါပဲ။ သဗ္ဗညုတဉာဏ်တော်ကြီးဟာ ဝေနေယျတွေ တရားရဖို့ အတွက်သာ အသုံးချသင့်တာပါ။ ဒါကို ဘုရားရှင်က သိပြီး သားပါ။

ဝိပဿနာပညာ၊ မဂ်ပညာထက် ခက်ခဲတဲ့ ပညာ လောကမှာ မရှိပါဘူး။ ခက်ခဲတဲ့ အသက်မွေးဝမ်းကျောင်း ပညာကို နှိမ်ဟိတ်ပုဂ္ဂိုလ်ရော၊ တိဟိတ်ပုဂ္ဂိုလ်ရော နှစ်ဦးလုံး တတ်မြောက်နိုင်ပါတယ်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကျတော့ နှိမ်ဟိတ်ပုဂ္ဂိုလ် ဘယ်လိုမှ မရနိုင်တော့ဘူးဆိုတာ ငါ့ရှင် သိပြီးသားပါ။ ဆိုလိုတာက လောကီပညာဆိုတာ ဝိပဿနာ ပညာနဲ့ တလိုက်ရင် အနိမ့်ဆုံးအဆင့်မှာ ရှိတယ်လို့ ပြော ချင်တာ။ သညာသိ၊ ဝိညာဉ်သိလောက်ရှိရင်ကို တတ်မြောက် နိုင်တယ်။ ဝိပဿနာပညာကျတော့ ပညာသိထိ ရှိမှ ရတယ်။

တောင်ပေါင်း တစ်ရာရှိတယ်။ အမြင့်ဆုံး တောင်ပေါ် ရောက်သွားရင် ကျန်တဲ့ တောင်တွေကို ထပ်တက်စရာ မလိုတော့ဘူး။ အားလုံးကို ငုံကြည့်လို့ ရတယ်။ ထို့အတူ အမြင့်ဆုံး မဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကိုတောင် ရထားတဲ့ ဘုရားရှင်အနေနဲ့ လောကီပညာတွေကို သင်စရာမလိုတော့ ဘူး။ အာရုံပြုကြည့်လိုက်တာနဲ့ အကုန်တတ်ပါတယ်။ ဒီ အချက်ကို ဘာမှ သံသယဝင်စရာလည်း မရှိပါဘူး။

အင်္ဂုတ္တိုရ်ပါဠိတော်မှာ နွားကျောင်းသားကျင့်စဉ်၊ ဈေးသည်ကျင့်စဉ် အကုန်ဟောထားတယ်။ အကြောင်းမဲ့ ဟောတာ မဟုတ်ဘူး။ နွားကျောင်းသားကို တရားဟောတဲ့ အခါ သူ့အသုံးအနှုန်းကို ယူပြီး ဟောဖို့ပါ။ ဈေးသည်ကို တရားပြတဲ့အခါ ဈေးသည်တွေ နားလည်တဲ့ ဝေါဟာရနဲ့ တရားပြဖို့ပါ။ ဘုရားရှင်လို ပုဂ္ဂိုလ်ကို ပြောမနေပါနဲ့၊ တောင် တွင်းကြီးက မကာရလောပအကျော် ခင်ကြီးဖျော်ကိုပဲ ကြည့်ပါလား။

မတစ်ရုံးကျော်တယ်။ မသိတာ၊ မတတ်တာ မရှိဘူး။ ဘုရင်က မယုံနိုင်ဘူး ဖြစ်နေတယ်။ ငါ့ရှင်က ဘုရားကို တရားနဲ့ ပတ်သက်တာလောက်ပဲ သိတယ်၊ ကျန်တာတွေ မသိဘူးလို့ ထင်တာမျိုးပေါ့။ ဒါနဲ့ ခင်ကြီးဖျော်ကျောင်းကို စစ်တုရင် ချန်ပီယံတစ်ဦးကို လွှတ်လိုက်တယ်။ ဆိုလိုတာက ရဟန်းဆိုတော့ ဝိနည်းတွေနဲ့ ပတ်သက်တာပဲ တတ်မှာပါ။ စစ်တုရင် မတတ်လောက်ဘူးလို့ ထင်လို့ပေါ့။

တကယ် ကစားတဲ့အခါ ပထမတစ်ပွဲပဲ ဆရာတော် ရှုံးတယ်။ ရှုံးမှာပေါ့ စစ်တုရင်ကို ခုမှ မြင်ဖူးတာကိုး။ ဒါပေ မယ့် နောက်ပွဲက စပြီး ချန်ပီယံကြီး ရှုံးလိုက်တာ တစ်နေ ကုန်ပဲ။ နောက်ဆုံး ဆရာတော်ကို ဘယ်လိုမှ နိုင်အောင် မကစားနိုင်တော့ပါဘူး။ ဆရာတော်ရဲ့ စစ်တုရင်ထိုးနည်းကို ကျမ်းစာအုပ်ရေးပေးပါလို့ တောင်းပန်လို့ စစ်တုရင်ထိုးနည်း လက်ာရှည်ကြီး ရေးပေးခဲ့ရတယ်။

နောက်တစ်ခါ ဘုန်းကြီးဆိုတော့ ဆိုင်းမတီးတတ် လောက်ပါဘူးလို့ ယူဆတဲ့အတွက် ကျောင်းဝိုင်းထဲမှာ ဆိုင်း သွားတီးခိုင်းတယ်။ ဆရာတော် တစ်ကြိမ်သွားကြည့်တာနဲ့ တတ်သွားတယ်။ အဲဒီမှာ တီးတဲ့သူတွေကို ဘယ်သူက ဘယ်လိုတီး၊ ဘယ်နေရာမှာ ပတ်မကြီးတီး စသည်ဖြင့် ပြောပေးတယ်။ ဆရာတော်ပြောတဲ့အတိုင်း တီးကြည့်တဲ့အခါ အလွန်သုတိသာယာတဲ့ တီးကွက်တစ်ခုရသွားသတဲ့။

တစ်ခါကဆိုရင် ကွန်ပစ်တဲ့ တံငါသည်တစ်ယောက် ဟာ ပစ်လိုက်တိုင်း ငါးမပါတဲ့အတွက် စိတ်ပျက်ပြီး ကမ်းကို ပြန်လာတယ်။ ဒါကို လမ်းလျှောက်သွားရင်း မြင်သွားတဲ့ ဆရာတော်က လှေပေါ်ကို တက်လိုက်သွားတယ်။ ငါးအခြေ အနေကို ကြည့်တယ်။ ပြီးတော့ တစ်ခါမှ ကွန်မပစ်ဘူးတဲ့လှူ ကို လှေပေါ်မှာ တင်၊ ပစ်ပုံ ပစ်နည်း သင်ပြတယ်။ ပြီးတော့ ပစ်ခိုင်းတယ်။ ပစ်ပြီး ဆွဲတင်တဲ့အခါ ငါးတွေ ပိုက်ကွန်နဲ့

www.burmeseclassic.com

www.burmeseclassic.com

အပြည့်နိုးပါး[1] ပါလာတာကို တွေ့ကြရတယ်။ မျက်မြင်သက်သေတွေကို ပြပြီးမှ ငါးတွေကို ပြန်လွှတ်လိုက်တယ်။

တစ်ခါက ဖြစ်ရပ်ကတော့ ပိုတောင် အံ့ဩစရာကောင်းတယ်။ ထင်းရောင်းစားတဲ့ လင်မယားနှစ်ယောက်ရှိတယ်။ တစ်ခါတော့ အိမ်ဝိုင်းထဲ ပုံထားတဲ့ ထင်းပုံကြီးဘေးမှာ ဖျာခင်းအိပ်ရင်း အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်နဲ့ လူတစ်ယောက်က အသုခံလို့ ပြောပြီး ပျောက်သွားတယ်။

ထင်းသည်ယောက်ျားဟာ ဒီအကြောင်းကို ပညာရှိအမည်ခံ လူတွေကို အကုန်နီးပါး လိုက်မေးတယ်။ ဘယ်သူမှ ကျေနပ်အောင် ပြန်မဖြေနိုင်ကြဘူး။ နောက်ဆုံးတော့ ခင်ကြီးဖျော်ဆီ ရောက်လာတာပေါ့။ ခင်ကြီးဖျော်က အခုလို ချက်ချင်း အဓိပ္ပာယ်ဖော်ပြလိုက်တယ်။

အ - အမ္ဗရုက္ခမူလေ = သရက်ပင်ရင်း၌၊
သု - သုဝဏ္ဏဃဋ္ဋ = ရွှေအိုးကို၊
ခံ - ခနတိ = တူးပါလေ။

အိမ်ဝိုင်းထဲက သရက်ပင်ရင်းမှာ တူး၊ ရွှေအိုးကို ရမယ်ပေါ့။ အဲဒီအဖြေကို ကြားရတဲ့အခါ ထင်းသည်ယောက်ျားဟာ စိတ်ပျက်သွားတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူ့အိမ်ဝိုင်းထဲမှာ သရက်ပင် မရှိတာ သူသိနေတယ်ကိုး။ ဒီတစ်ခါတော့ ခင်ကြီးဖျော် မှားပြီလို့လည်း စိတ်ထဲက ပြောနေမိတယ်။ စိတ်ညစ်ညစ်နဲ့ အိမ်ပြန်လာလိုက်တာ၊ အိမ်ရောက်တာနဲ့ မထင်မှတ်တဲ့ နေရာမှာ သရက်ပင်ပေါက် တစ်ပင်ကို တွေ့လိုက်ရတယ်။

မနေ့ညက သူတို့အိမ်ဝိုင်းထဲ ပုံထားတဲ့ ထင်းပုံကြီးဟာ ဝယ်သူ မရှိသေးလို့ ကြာနေတာပေါ့။ ကနေ့ နေ့ခင်းမှ ဝယ်သူပေါ်လာလို့ အိမ်က မိန်းမက သူလာအောင် မစောင့်ဘဲ ရောင်းပစ်လိုက်တာ။ သူလာတော့ ထင်းတွေ မရှိတော့ဘူး။ ဒါပေမယ့် ထင်းပုံအောက်မှာ ရောက်နေတဲ့ သရက်စေ့က အပင်လေး ပေါက်နေတာပေါ့။ အဲဒီအပင်လေးအောက်မှာ တူးကြည့်လိုက်တာ တကယ့်ကို ရွှေအိုးတစ်လုံးရသွားတယ်။

လောကီပညာထဲမှာ အင်္ဂရတ်ပညာဟာ ခက်ခဲဆုံးထဲမှာ ပါတယ်။ လူတစ်ထောင် ဖိုထိုးရာမှာ တစ်ယောက်အောင်မြင်ခဲတယ်။ မန်လည်ဆရာတော်ဟာ ခေတ္တလေ့လာရုံနဲ့ နားလည်တတ်ကျွမ်းသွားပြီး ဒကာတစ်ယောက်ကို သူ့ရှေ့ထားပြီး ဖိုထိုးခိုင်းလိုက်တာ ဓာတ်လုံးအောင်မြင်သွားတယ်။ အဲဒီဓာတ်လုံးနဲ့ ဆက်ထိုးတဲ့ ကြေးတွေ ရွှေဖြစ်တာ လက်တွေ့ မြင်ကြရတယ်။

အားလုံးမြင်အောင် ပြပြီးတာနဲ့ ဆရာတော်ကြီးဟာ ဓာတ်လုံးကို မြစ်လယ်ကောင်မှာ ပစ်ချပစ်လိုက်တယ်။ လောကုတ္တရာပညာနဲ့စာရင် လောကီပညာဟာ ဘာမှမဟုတ်သေးဘူးဆိုတာ ဒကာတွေ သိအောင် လက်တွေ့ပြတာပါ။ ငါ့ရှင်ကို သိစေချင်တာက ခင်ကြီးဖျော်တို့၊ မန်လည်ဆရာတော်တို့ဆိုတာ ရဟန္တာလည်း မဟုတ်ပါဘူး။ အဘိညာဉ်ရလောက်အောင် သမာဓိလည်း မရှိပါဘူး။ ပိဋကတ်မှာ ကျက်စားနိုင်တဲ့ ခဏိက သမာဓိအစွမ်းလောက်သာ ရှိတာပါ။

ဒီလို ဆရာတော်များတောင် လောကီပညာတွေကို ခဏလေ့လာရုံနဲ့ တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်ကျွမ်းကျင်သေးရင် ကိလေသာလည်း ကုန်၊ အရဟတ္တမဂ်ကိုလည်း ရ၊ သဗ္ဗညုတဉာဏ်ကိုလည်း ပိုင်ဆိုင်တဲ့ ဘုရားရှင်အတွက် ခက်ခဲတဲ့ အရာမဟုတ်ပါဘူး။ ကလေးကစားစရာအဆင့်လောက်ပဲ ရှိပါတယ်။

ငါ့ရှင်တောင် မစိုးရိမ်တိုက်သစ်မှာ နေစဉ်က တပည့်တော်ကို ထူးခြားတဲ့ ဓမ္မဒေသနတွေနဲ့ တန်ဆာဆင်ထားတဲ့ "ပွမ်ပွမ်မြည်တဲ့ ကားကလေး"ဆိုတဲ့ တရားကို ဟောပြဖူးတယ်။ တပည့်တော် အရမ်းသဘောကျတယ်။ ငါ့ရှင် ဟောချင်တာက မဂ္ဂင်ရှစ်ပါးပါ။ လီဗာကို နင်းတာက ဝီရိယသမ္မာဝါယာမ မဂ္ဂင်၊ အန္တရာယ်ရှိတဲ့အတွက် ဘရိတ်အုပ်တာက သတိ-သမ္မာသတိမဂ္ဂင် စသည်ဖြင့် ဟောပြတာ တပည့်တော် တကယ်ကို သဘောကျခဲ့တယ်။

ဘာဖြစ်လို့လဲဆိုတော့ လူတွေ အမြဲ မျက်စိယဉ်၊ နားယဉ်နေတဲ့ ကားတစ်စီးက အစိတ်အပိုင်းတွေကို ဥပမာပေးပြီး ဟောသွားတာကိုး။ လီဗာတို့၊ ဘရိတ်တို့၊ ကားတို့ဆိုတာ နာမည်တပ်ထားတဲ့ ပညတ်တွေပဲ။ ဒီပညတ်တွေကို ငါ့ရှင်က တရားအဖြစ် အသုံးချပြခဲ့တာပဲ။ ဒီလို အသုံးချပြနိုင်တာဟာ ငါ့ရှင်ကိုယ်တိုင် ဒီဘရိတ်တို့၊ လီဗာတို့ဆိုတဲ့ ပညတ်နာမည်တွေကို နားလည်တတ်ကျွမ်းနေလို့ပေါ့။ ဒီလောက်ဆိုရင် သဗ္ဗညုတဉာဏ်ဟာ သိစရာမှန်ရင် အကုန်သိတယ်ဆိုတဲ့ အချက်ကို ငါ့ရှင် လက်ခံနိုင်လောက်ပါပြီ။

* * *

မေတ္တာရှင်ရွှေပြည်သာ



www.burmeseclassic.com

www.burmeseclassic.com



# မစ္ဆရိယစိတ်ကို ... ရှောင်၊ သဒ္ဓါစိတ်ပေါ်အောင် ... လုပ်

မင်းဇေမြင့် (မုဒုံ)

မစ္ဆရိယစိတရှိသူ ကောသိယ သူဌေးက အကြောင်း ... မြတ်စွာဘုရားက ဤတရားတော်ကို ဟောကြား ...တော်မူခဲ့၏။

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံး ...တော်မူစဉ်အခါက မိုးသောက်ယံနေ့တစ်နေ့တွင် မဟာ ...ဏာ သမာပတ်မှ ထတော်မူ၍ ကျွတ်ထိုက်သော ...ယျ သတ္တဝါတို့ကို ဉာဏ်တော်ကွန်ရက် ဖြန့်ကျက် ... စကြဝဠာတိုက်တစ်ခုလုံးကို ကြည့်ရှုတော်မူရာတွင် ...ဟ်ပြည်နှင့် မနီးမဝေးသော သာဝတ္ထိပြည်မှ ခရီး ၄၅ ...ကွာဝေးသည့် သက္ကာရနိဂုံးရွာ၌ မစ္ဆရိယ ကောသိယ ...ဆိုတာကွ ဇနီးပါ သောတာပတ္တိဖိုလ်တည်၍ ကျွတ်တန်းဝင်မည်ကို မြင်တော်မူ၏။

ထိုသူဌေးသည် ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာနေပါသော်လည်း မိမိကိုယ်တိုင် မစားရက် မသောက်ရက်ဖြစ်နေ၏။ အခြားသော သူတစ်ပါးတို့အားလည်း မပေးရက် မကမ်းရက်ဘဲ နှမြောတွန့်တို၍နေ၏။ မိမိ၏ ပစ္စည်းဥစ္စာများ မလျော့ပါးသွားရေးအတွက် စောင့်ရှောက်ခဲ့၏။

တစ်နေ့သောအခါ ထိုသူဌေးသည် ဘုရင်မင်းမြတ်ထံ အခစားဝင်ရန် လမ်းခရီးအသွားတွင် မုန့်အိုးကင်းကပ်ကို ကျေးရွာသားတို့ စားနေကြသည်ကို မြင်သဖြင့် မိမိလည်း စားလိုသော စိတ်ဆန္ဒပြင်းပြလျက် ရှိလာပါသည်။

နေအိမ်သို့ ပြန်ရောက်လျှင်ရောက်ချင်း မုန့်အိုးကင်း



www.burmeseclassic.com

www.burmeseclassic.com

ကပ်လုပ်စားမည်ဟု စဉ်းစားရာတွင် မိမိအတွက်ဆိုလျှင် မုန့်တစ်ချပ် နှစ်ချပ်ကနေ ပို၍မစားပါ။ သို့သော်လည်း မိမိ၏ ဇနီးသည်အား လုပ်ခိုင်းလျှင် တစ်အိမ်လုံး စားရန် မုန့်လုပ်ရမှာဖြစ်သည့်အတွက် ငွေကြေးအကုန်အကျများမည်ကို စိုးသဖြင့် မည်သူ့အားမှမပြောဘဲ ကြိတ်မှိတ်၍သာ တွေးတောကာ မှိုင်နေ၏။

ဤတွင် သူဌေးကတော်ဖြစ်သူက သူဌေး နန်းတော်မှ အပြန်တွင် မျက်နှာမကောင်းဖြစ်နေပါသဖြင့် အကြောင်းထူး တစ်စုံတစ်ရာဖြစ်လာမည်ဟု အထင်ရှိကာ သူဌေးအား ထပ်ခါတလဲလဲ မေးမြန်းသည့်အခါကျမှ သူဌေးက မုန့်အိုးကင်းကပ် စားချင်သည့်အဖြစ်ကို သိရှိလာရသည်။ ထိုအခါတွင် သူဌေးကတော်မှ စိုးရိမ်ပူပန်ခြင်း မရှိရန်နှင့် ဤမုန့်လုပ်ခြင်းအားဖြင့် ငွေကြေးအကုန်အကျလည်း မများလှကြောင်း သူဌေးအား ပြောဆိုပါသည်။ သို့သော်လည်း မည်သူမျှ မသိအောင် သူတစ်ယောက်တည်းစားအတွက်သာ ဘုံခုနစ်ဆင့်သို့ တက်၍ မုန့်အိုးကင်းကပ်ကို လုပ်ပေးရမည်ဟု ဇနီးသည်အား ပြောသည်။ မုန့်လုပ်ဖို့ ဆန်ကြိတ်ရာတွင်လည်း ဆန်ကောင်းကို မကြိတ်ဘဲ ဆန်ကျိုးဆန်ကွဲတို့ကိုသာ ကြိတ်ပါဟု သူဌေးက ဇနီးသည်ကို မှာကြားပါသည်။

ဤသို့ဖြင့်၊ အောက်ဘုံအဆင့်မှ နေ၍ တံခါးမင်းတုန်းအဆင့်ဆင့်တို့ကို ထိုးသွားရာ အထက်ဆုံး ဘုံခုနစ်ဆင့်၌ ပြတင်းတံခါးကို ဖွင့်ပြီး မုန့်လုပ်ပါတော့သည်။

◆◆◆

မြတ်စွာဘုရားရှင်သည် ထိုနေ့နံနက်စောစောတွင် အရှင်မောဂ္ဂလာန်ကို ခေါ်တော်မူပြီး ထိုသူဌေး၏ မုန့်လုပ်ရာ နေရာသို့ သွားရောက်ကာ လောဘတဏှာကင်းကွာသွားရလေအောင် ဆုံးမပြီး သူဌေးလင်မယားနှစ်ဦးစလုံးနှင့်အတူ မုန့်ကိုပါ ဇေတဝန်ကျောင်းတော်သို့ အရောက်ယူဆောင်လာရန် မိန့်မှာတော်မူ၏။ ထို့အပြင် ယနေ့သည် ငါဘုရားမှာ ဆွမ်းခံမကြွတော့ဘဲ သံဃာတော် ငါးရာနှင့်တကွ မစ္ဆရိယ သူဌေး၏ မုန့်များဖြင့်ပင် ဆွမ်းဘုဉ်းပေးတော်မူမည်ဖြစ်ကြောင်း မိန့်တော်မူ၏။

အရှင်မောဂ္ဂလာန်မထေရ်သည် တန်ခိုးတော်၏ အစွမ်းဖြင့် မစ္ဆရိယ သူဌေး၏ ဘုံခုနစ်ဆင့်ရှိသော လေသာပြတင်းပေါက်၌ ကောင်းကင်အပြင်မှ ရပ်တော်မူ၏။ မစ္ဆရိယ သူဌေးသည် အရှင်မောဂ္ဂလာန် ဆွမ်းခံရပ်လာသည်ကို မြင်သောအခါ၌…

"ကန်တော့ဆွမ်းပါ"

ဟု ဆိုလိုက်သည်။

အရှင်မောဂ္ဂလာန်သည်လည်း ကောင်းကင်အပြင် လေသာပြတင်းပေါက်ဝ၌ပင် စင်္ကြံလျှောက်၍ နေတော်မူ၏။ သူဌေးက…

"စင်္ကြံလျှောက်ရုံမက ကောင်းကင်မှာ တင်ပျဉ်ခွေ နေသော်လည်း မုန့်လောင်းလှူမည်မဟုတ်ပါ"

ဟု ဆိုသည်။

ရှင်မောဂ္ဂလာန်သည်လည်း ပြတင်းပေါက်တံခါးအပြင် ကောင်းကင်၌ တန်ခိုးတော်ဖြင့် ဆက်လက်၍ တင်ပျဉ်ခွေ နေတော်မူပြန်၏။ ထိုအခါ သူဌေးက…

"ပြတင်းတံခါးခုံမှာ ရပ်သည့်တိုင်အောင် မုန့်ကို ရမည်မဟုတ်"

ဟု ဆိုပြန်ပါသည်။ တစ်ဖန် သူဌေးက အရှင်ရဟန်း အခိုးအငွေ့လွှတ်သည့်တိုင်အောင်လည်း မုန့်ရမည်မဟုတ်ကြောင်း ဆိုလာပြန်ပါသည်။

အရှင်မောဂ္ဂလာန်သည်လည်း တန်ခိုးတော်ဖြင့် အခိုးအငွေ့တို့ကို လွှတ်တော်မူသောအခါ သူဌေးက မျက်စိကျိန်းစပ်ခြင်းဖြစ်ကာ ဘုံပြာသာဒ်မှာလည်း မီးလောင်မည်ကို စိုးရိမ်ခြင်းကြောင့် ဤရဟန်းသည် တစ်စုံတစ်ရာမရလျှင် သွားမည်မဟုတ်ဟု တွေးပြီး ရဟန်းတော်ကို အလွန်သေးငယ်သော မုန့်တစ်ခုလုပ်၍ ပေးလှူရန် ဆုံးဖြတ်လိုက်ပြီး သူဌေးကတော်အား မုန့်တစ်ခုလုပ်ခိုင်းပါတော့သည်။

သူဌေးကတော်သည် မုန့်ညက်ကလေးအနည်းငယ်ကို အိုးကင်းခွက်သို့ ထည့်လုပ်သော်လည်း ကြီးစွာသော မုန့်ကြီး ဖြစ်လာပြီး အိုးကင်းခွက်တစ်ပြင်လုံး ပြည့်လျှံသွားလေသည်။ သူဌေးသည် မိမိကိုယ်တိုင် ဇွန်းကို ကိုင်၍ မုန့်ညက်တစ်စက် တင်ရုံမျှ ထည့်၍လုပ်၏။ သို့သော် မုန့်သည် ပိုကြီးလာ၏။ သူဌေးသည် ဤသို့ ကြီးသောမုန့်ကို မလှူရက်၍ ခြင်းတောင်း ထဲသို့ ထည့်ကာ နောက်မုန့်တစ်ခုကို လုပ်ပြန်၏။ ပိုပြီး ကြီးလာပြန်၏။

ဤသို့ဖြင့် မုန့်ကြီးကြီးလှူရမှာ နမြောနေခြင်းကြောင့် ထပ်၍ထပ်၍ မုန့်လုပ်ခဲ့ရာ ခြင်းတောင်းထဲတွင် မုန့်များ အပြည့်ဖြစ်လာ၏။ သူဌေးသည် သည်းမခံနိုင်တော့ဘဲ ထိုရဟန်းအား မုန့်တစ်ခုကို ပေးလိုက်ပါတော့ဟု ဆိုလိုက် ရာမှာ သူဌေးကတော်က မုန့်တစ်ခုကို ယူရာ၌ ခြင်းထဲ… သော မုန့်အားလုံးတို့သည် ကပ်၍ပါလာ၏။ ထိုသို့ ကပ်… ပါလာသော မုန့်များကို ခွဲခွာသော်လည်း မရဖြစ်… အတွက် သူဌေးသည် မုန့်အားလုံးကို ခြင်းတောင်းနှင့်တ…

www.burmeseclassic.com

www.burmeseclassic.com



ထိုရဟန်းအား ပေးလှူလိုက်ပါတော့ဟု စိတ်ပျက်စွာဖြင့် ပြောလိုက်လေသည်။

သူဌေးကတော်သည် ရှင်မောဂ္ဂလာန်ထံသို့ ခြင်းတောင်းပါ မုန့်အားလုံးတို့ကို ပေးလှူလိုက်၏။ အရှင်မောဂ္ဂလာန်သည် ဇနီး၊ ခင်ပွန်း နှစ်ယောက်လုံးတို့အား ရတနာသုံးပါး၏ ဂုဏ် ကျေးဇူးအထူးတို့ ဟောကြားပေးတော်မူခဲ့၏။

သူဌေးသည် တရားတော်ကို အလွန်ကြည်ညိုခြင်း ဖြစ်သွားသဖြင့် မြင့်မြတ်သော နေရာကို စီမံ ခင်းကျင်းပေး ဘာ···

"အရှင်မြတ်ဘုရား ဤပလ္လင်ထက်၌ပင် မုန့်များကို ဘုဉ်းပေး သုံးဆောင်တော်မူပါ"

ဟု ပင့်လျှောက်၏။

အရှင်မောဂ္ဂလာန် မထေရ်မြတ်က···

"မြတ်စွာဘုရားရှင်သည် အသင် သူဌေး၏ မုန့်တို့ကို ဘုဉ်းပေး သုံးဆောင်တော်မူမည်ဖြစ်၍ ရဟန်းတော် ငါးရာနှင့် တကွ ကျောင်းဆောင်တော်ပေါ်၌ သီတင်းသုံးနေတော်မူ၏။ အသင်တို့သည် ကြည်ညို သဒ္ဓါတရားဖြင့် ကိုယ်တိုင်သွား ကပ် လှူလိုက မုန့်တို့ကို ယူဆောင်သွားပါ"

ဟု မိန့်ကြားခဲ့သည်။

သူဌေးက မြတ်စွာဘုရားသည် မည်သည့်နေရာအရပ်၌ သီတင်းသုံးနေသည်ကို သိလိုကြောင်း အရှင်မောဂ္ဂလာန် အား မေးလျှောက်ထားသည်။ အရှင်မောဂ္ဂလာန်မထေရ်က ဤအရပ်မှ နေ၍ ၄၅ ယူဇနာဝေးကြောင်း မိန့်ကြားသဖြင့် သူဌေးသည် ဤမျှဝေးသောအရပ်သို့ သွားရပါလျှင် ဆွမ်းစားချိန်မီမည်မဟုတ်ကြောင်း လျှောက်ထားရာ အရှင်မောဂ္ဂလာန်မထေရ်က ငါ၏ တန်ခိုးအစွမ်းဖြင့် အချိန်မီ ရောက်သွားအောင် ယူဆောင်သွားပေးပါမည်ဟု မိန့်တော်မူပါသည်။

အရှင်မောဂ္ဂလာန်မှ အစီအစဉ်ပြုရာတွင် သူဌေးနှင့် သူဌေးကတော်တို့က ဇေတဝန်ကျောင်းတော်သို့ ဆွမ်းစားချိန် အမီ ရောက်ရှိသွားကြလေသည်။

•••

မြတ်စွာဘုရားရှင်သည် ဆွမ်းစားကျောင်းသို့ သံဃာတော်တို့နှင့်တကွ ကြွဝင်လာတော်မူ၏။ ထိုအခါ သူဌေးသည် ဘုရားအမှူးရှိသော သံဃာတော်တို့၏ သပိတ်တော်များတွင် မုန့်တို့ကို လောင်းလှူ၏။ မြတ်စွာဘုရားနှင့် ရဟန်းတော်များ ဆွမ်းဘုဉ်းပေးခြင်းကိစ္စပြီးလျှင် သူဌေးနှင့် သူဌေးကတော်တို့သည် မုန့်တို့ကို အဝစားသော်လည်း မုန့်တို့သည် မကုန်ခမ်းနိုင်သည့်အဖြစ်သို့ ရောက်နေ၏။ စားကြွင်းစားကျန်တို့အား ပေးကမ်းလှူဒါန်းကြသော်လည်း ကုန်ခမ်းခြင်း မရှိသဖြင့် မြတ်စွာဘုရားအား လျှောက်ထားကြသည်။

ပြီးနောက် မြတ်စွာဘုရားရှင်သည် အနုမောဒနာ ဒေသနာတော်ကို ဟောကြားတော်မူ၏။ သူဌေးနှင့် ဇနီးမောင်နှံတို့သည် သောတာပတ္တိဖိုလ်၌ တည်၍ မြတ်စွာဘုရားရှင်အား ရှိခိုးကန်တော့ပြီးနောက် မိမိတို့၏ ပြာသာဒ်ရှိရာသို့ ပြန်သွားကြလေသည်။

ထိုနေ့မှစ၍ သူဌေးသည် မစ္ဆရိယစိတ်နှင့် လောဘ တဏှာစိတ် ပ,ပျောက်သွားပြီး မိမိ၏ ကုဋေရှစ်ဆယ်မျှသော ပစ္စည်းဥစ္စာတို့ကို သာသနာတော်အတွင်း၌ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းအဖြစ်သို့ ရောက်သွားလေတော့သည်။

•••

ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း ဘုရားသာသနာတော်နှင့် ကြုံကြိုက်နေသည့်အခါကာလ အတောအတွင်းတွင် မစ္ဆရိယစိတ်နှင့် လောဘ တဏှာစိတ်များကို လှူဒါန်းခြင်း ကောင်းမှုကုသိုလ်ကိစ္စအဝဝတို့ကို လုပ်ကိုင်ဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

* * *

မင်းဇေမြင့်(မုဒုံ)

ကျမ်းကိုး


- ခေတ်မီ ဓမ္မပဒ ဒုတိယတွဲ ပုပ္ဖဝဂ် (စာမျက်နှာ-၉၉)။



www.burmeseclassic.com

www.burmeseclassic.com

# အသက်ဘေးအန္တရာယ်မှ လွတ်မြောက်သော သာယာဝတီ စိန္တာမဏိမန္တန်



ဆရာ မင်းသုန္ဒြ (မန်းတက္ကသိုလ်)

မြန်မာဘုရင်များလက်ထက်တော်က သာယာဝတီမြို့ အစီအရင်ကို ထုတ်၍ ကျားစာကျွေးသောအခါ အောက်ပါ စိန္တာမဏိ ဂါထာမန္တန်ကို ရွတ်ဆို သရဇ္ဈာယ်သောကြောင့် အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ဖူးသည်။ ထို့ကြောင့် ထိုအချိန်မှစ၍ ဤမန္တန်ကို "သာယာဝတီ စိန္တာမဏိမန္တန်" ဟူ၍ လောကီပညာရှင်များက အသိအမှတ်ပြု ခေါ်ဝေါ်ခဲ့ကြကြောင်းဖြင့် ရွှေတောင်မြို့ "မုနိန္ဒာဘိဝံ" ဘွဲ့မည်ရသော ကျီးသဲ ဆရာတော်ဘုရားကြီး မိန့်ဆိုတော်မူသည်။

ဇယန္တသာ နာမ မဟန္တံ ဝဏ္ဏေန ပုတြေန ပရိပဗ္ဗော မဟိဒ္ဓိကော ဉာဏတေဇေန စိန္တာယ စိန္တသုတံ စိန္တေသိ၊ ဝိလာသဉာဏံ သုဂတောယေဝပုတြံ၊ မမပုတြံဝါ ပိယေန ပိယန္တော မောစတိ၊ မမပုတြံဝါ သန္တိကေ အာဂန္တုန္တံ အာဂန္တုန္တံ၊ ဥဒကေ ရာဇေန္တော မောစတိ ရာဇဂ်ဃော ပုဗ္ဗော စိန္တကံ အာဂမိ၊ ဗုဒ္ဓသာဓမ္မဝိလာသ ဉာဏော အစိန္တေယျံပိ။

ဤမန္တန်သည် ကျီးသဲ ဆရာတော်ဘုရားကြီး မိန့်တော်မူဖူးသည့်အတိုင်း လက်တွေ့ကျကျ အကျိုးခံစားခဲ့ရသော မန္တန်ဖြစ်သည့်အတိုင်း ဉာဏ်ရှိတိုင်း ချဲ့တွင် သုံးတတ်ပါက သုံးတတ်သလောက် အကျိုးရှိနိုင်မည်မှာ ယုံမှားသံသယရှိစရာမလိုပေ။

လောကီပညာအစီအရင်ဆိုသည်မှာ စီရင်ပြုလုပ်သူ၌ သီလအား၊ သမာဓိအား ရှိဖို့နှင့် ဉာဏ်ဖြင့် တီထွင်အသုံးချတတ်ဖို့သာ အရေးကြီးပေသည်။

* * *

ဆရာမင်းသုန္ဒြ(မန်းတက္ကသိုလ်)

ရည်ညွှန်း

- နန်းစဉ်သုံး ဂါထာမန္တန်ကျမ်း (ဦးမင်းသိမ်း)။



www.burmeseclassic.com

www.burmeseclassic.com

# တတိယမြောက် ရွှေကျင်သာသနာပိုင် ဒီပဲယင်းဆရာတော်

■ မောင်ဆန္ဒ(လယ်ဝေး) ■



တတိယရွှေကျင်သာသနာပိုင်ဒီပဲယင်းဆရာတော်
(၁၂၁၄-၁၂၇၉)

ဆရာတော်လောင်းလျာကို ဒီပဲယင်းမြို့ ထောက်ရာရွာ ခမည်းတော် ဦးရွှေအေး၊ မယ်တော် ဒေါ်ရှိန်တို့မှ မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ရက် နေ့တွင် ဖွားမြင်သည်။ ငယ်မည်မှာ "မောင်စံပေါ်"ဖြစ်သည်။ အသက် ၈-နှစ်တွင် မင်းတည်ကုန်းမြောက်ကျောင်း ဦးရိုးတော်ထံ၌ ပညာစသင်သည်။ ဦးရိုးတော် ပျံလွန်သော် တပည့် ဦးမေဓာဝီထံ၌ ဆက်သင်သည်။ မြန်မာသက္ကရာဇ် ၁၂၂၆ ခုနှစ်တွင် မိဘများ၏ ပစ္စယာနုဂ္ဂဟဖြင့် ဆရာတော် ဦးဂန္ဓမာကို ဥပဇ္ဈာယ်ပြုလျက် သာမဏေဖြစ်သည်။ ဘွဲ့မည်မှာ "ရှင်ဉာဏ"ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အသက် ၁၅နှစ်တွင် ဦးရိုးတော် ဦးဝိသုဒ္ဓက မန္တလေးသို့ ခေါ်သဖြင့် သက်ပန်းတိုက်၊ နန်းဦးတိုက်၊ ထရံကာတိုက်တို့၌ ပညာသင်သည်။ အသက် ၁၉နှစ်တွင် ဥပသိဒ္ဓိ၊ ဋီကာကျော်၊ အဋ္ဌသာလိ စသော ကျမ်းများ ပေါက်သောကြောင့် စလင်းဆရာတော်က အားရသည်။ ဘွဲ့မည်တွင် "ဝရ"တပ်လျက် "ရှင်ဉာဏဝရ"ဟု ခေါ်သည်။ စလင်းဆရာတော်နန်းတော်ကြွလျှင် နောက်ပါးက သပိတ်ထမ်းလိုက်ခွင့်ရသည်။

အသက် ၂၀ပြည့်သော် မိဘများ၏ ပစ္စယာနုဂ္ဂဟဖြင့် ထောက်ရာရွာ တောရကျောင်းဆရာတော် ဦးဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သော ရဟန်းဘဝရောက်သည်။ ရဟန်းသုံးဝါရသော် တောင်ပြု ဒက္ခိဏာရာမဘုရားကြီး ဆရာတော်ထံ၌ ဆည်းကပ်ခွင့်ရသည်။ ငယ်ဆရာတော်က ခေါ်သဖြင့် စလင်းတိုက်ပြန်ရသည်။ လက်ထောက် ပထမ စာချအဖြစ် ချီးမြှောက်ခံရသည်။ စလင်းဆရာတော် ပျံလွန်သော် သံဃာအားလုံး၏ ဆန္ဒအရ စလင်းတိုက် ဦးစီးနာယကတင်မြှောက်ခံရသည်။

အသက်ငယ်ငယ်ရွယ်ရွယ်နှင့် တိုက်တာ တာဝန်၊ စာချတာဝန်ယူရသဖြင့် ငြိုးငွေ့နေချိန် တပည့် ဦးမေဃနှင့် ဦးလက်ာဒီပတို့က မဟာဝိသုဒ္ဓါရာမတိုက်ပြောင်းလိုကြောင်း လျှောက်လာသည်။ နဂိုကပင် ရွှေကျင်စာတတ်ခံပါပြီး ရွှေကျင်ဆရာတော်၏ အဆုံးအမကို လိုလားနှစ်သက်သဖြင့် မဟာဝိသုဒ္ဓါရာမသို့ ပြောင်းခဲ့သည်။ ဝိသုဒ္ဓါရာမတွင် ပထမစာချခန့်ထားခံရသည်။ စာချပုံကောင်းခြင်း၊ အဓိပ္ပာယ် ယတ္တကောက်ပုံ ကောင်းခြင်းကြောင့် ဝိသုဒ္ဓါရုံ ဆရာတော်ကြီးကိုယ်တိုင် **စာနာ**တတ်လေ့ရှိသည်။

မြန်မာသက္ကရာဇ် ၁၂၆၅ ခုနှစ်တွင် ဆရာတော်ကြီးစနောက်ပြင် မဟာဝိသုဒ္ဓါရာမကျောင်းသစ်ပြောင်းသော် အရှင်ဉာဏဝရအား အရှေ့ဝိသုဒ္ဓါရာမ နာယကဆရာတော်အဖြစ်အပ်နှံသည်။ ကျောင်းဒကာ ဦးရှိန်စိုး၏ သား မောင်ချင်ကအုတ်ကျောင်းဆောက်ပြီး မရမကပင့်သဖြင့် သုံးဝါလိုက်နေရသည်။

မြန်မာသက္ကရာဇ် ၁၂၇၇ ခုနှစ်၌ မဟာဝိသုဒ္ဓါရာမဆရာတော်ကြီး ပျံလွန်သော် ရွှေကျင်နိကာယ ဥက္ကဋ္ဌအဖြစ်တာဝန်ပေးခြင်း ခံရသည်။ ဆရာတော်ကြီးသည် သာသနာပိုင်ဖြစ်သော် ပရိယတ္တိစာမေးပွဲဖြေ ရဟန်းများ တိုးလာသည်။ ဆရာတော်က "စာတတ်ဟု ဆိုသော်လည်း စာ၌ ပါသောအကြောင်းအရာ အကျင့်သိက္ခာကို ခန္ဓာကိုယ်မှာ တည်ရှိအောင် တတ်ထားဖို့ အရေးကြီးကြောင်း၊ ခန္ဓာကိုယ်၌ မတတ်လျှင် ငါ စာတတ်သည်ဟု အထင်ရှိက တဏှာဖြင့် သာယာသဖြင့် မာနတက်ကာ အများဒိဋ္ဌိဂါဟ တရားသုံးပါးက ကိုက်ဝါး စားမျိုခြင်း ခံရတတ်ကြောင်း" မိန့်ဆိုလေ့ရှိသည်။

မြတ်ဘုရားလက်ထက် ကပိလ ရဟန်းသည် ပိဋကတ်သုံးပုံတတ်မြောက်သည်။ ယင်းဂုဏ်ကြောင့် အခြွေအရံများသည်။ လာဘ်လာဘပေါ်သည်။ ဤသည်ကို အဟုတ်ကြီးထင်ပြီး မိမိကိုယ်ကိုယ် ပညာတတ်ဟု ထင်မိသည်။ သူတစ်ပါးက အပ်စပ်သည်ဆိုလျှင် မအပ်စပ်ဟု လည်းကောင်း၊ မအပ်စပ်သည်ဆိုလျှင် အပ်စပ်ဟု လည်းကောင်း၊ တစ်ပါးသူက အပြစ်ရှိသည်ဆိုလျှင် မရှိဟု လည်းကောင်း၊ ဆုံးဖြတ်တတ်သည့် ရဟန်းတော်များက ဓမ္မဝိနယနှင့်အညီ ဆုံးမလျှင် "သင်တို့…ဘာသိလို့တုန်း။ အလကား ကိုယ်တော်တွေဟု" ရှုတ်ချတတ်သည်။ အစ်ကိုဖြစ်သူသာ "သာဂတ" ရဟန်းက နှစ်ကြိမ်သုံးကြိမ် ဆုံးမသော်လည်း နားမထောင်၊ ပါတိမောက်မပြလည်း ဘာအကျိုးရှိလဲဟု သိမ်ထဲမှ ထွက်သွားသည်။ ထိုဘဝမှ စုတေသော် ကပိလ ရဟန်းသည် အဝီစိငရဲ၌ကျသည်။ ကဿပမြတ်ဘုရားလက်ထက်၌ ငရဲကျရာ ဘုရားနှစ်ဆူကြားတွင် အစိရဝတီမြစ်ထဲ၌ ငါးပြီတ္တာဖြစ်ရသည်။ သီလဝန္တ ရဟန်းကို ဆဲရေးသဖြင့် ပါးစပ်မှ အပုပ်နံ့ထွက်သည်။ ဘုရားဟော ပိဋကတ်ကို ပို့ချသဖြင့် ကိုယ်ရောင်ကရွှေအဆင်းရှိသည်။ စာတတ်သော်လည်း ခန္ဓာမရောက်။ ခန္ဓာအသိမရှိလျှင် ဒုက္ခရောက်တတ်ပုံကို ဤသို့ ဥပမာပေးဆုံးမလေ့ရှိသည်။

ဆရာတော်ကြီးသည် တပည့်သံဃာ၊ ဒကာ၊ ဒကာမများကို ဆုံးမလျှင် "လောဘဖက်လျှင် ဒါနခက်သည်။ မကြောက်မရှက်လျှင် သီလခက်သည်။ သုတမဖတ် မလေ့ကျင့်လျှင် ဝိပဿနာခက်သည်။ မသိအစ၊ သိက အဆုံး ကိစ္စဝုံး၏"ဟု တစ်ခါကြားရုံဖြင့် မှတ်ရလွယ်သော အဆုံးအမစကားဖြင့် ဩဝါဒပေးလေ့ရှိ၏။ ဆရာတော်ကြီးသည် မြန်မာသက္ကရာဇ် ၁၂၈၉ ခုနှစ်၊ ပြာသိုလဆန်း ၅ရက်နေ့တွင် ခန္ဓာရုပ် ချုပ်တော်မူပေသည်။

* * *

မောင်ဆန္ဒ(လယ်ဝေး)


**စာကိုး**

**- နှစ် ၁၅၀ပြည့် သာသနာ့မော်ကွန်း (ကျော်နန္ဒအောင်၏ ဆောင်းပါး)။**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com


# ရွှေတိဂုံရင်ပြင်တော်မှ ထီးတော်စေတီ

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)





ရွှေတိဂုံစေတီတော် မူလထီးတော်ကြီး၏ အတွင်းပိုင်းနှင့် ကြေးကြာပွင့်ကြီး




သည်နှစ်ပိုင်း အတွင်း ရွှေတိဂုံစေတီတော်ကြီးသို့ အကြိမ်ပေါင်းများစွာ ရောက်ရလေသည်။ ရောက်တိုင်းလည်း အံ့မခန်းဖွယ်ရာ ဗိသုကာပညာရပ်များကို မြင်တွေ့ရ၏။ မြန်မာ့ဗုဒ္ဓဘာသာ အနုလက်ရာမျိုးစုံကို လေ့လာရ၏။ လက်ရာ ထူးခြားသော ဆင်းတုတော်၊ စေတီတော်အဆူဆူကို ဖူးမြော်ခဲ့ရ၏။ တကယ်တော့ ရွှေတိဂုံစေတီတော်ကြီးသည် ရန်ကုန်မြို့လယ်က တောင်ကုန်းထက်မှာ တည်ထားသည့် အနုပညာပြတိုက်ကြီးလည်း ဖြစ်ပေသည်။ တစ်နေ့တွင် သီရိလင်္ကာနိုင်ငံ၊ ကန္ဒီမြို့မှ ကြွလာတော်မူသော ကန္ဒီ-မြန်မာ ကျောင်းတိုက်ဆရာတော် ဦးအာစိဏ္ဏကို အစ်မကြီး ဒေါ်ခင်ညို(မောင်ဝိတ်ကာမ္ဗဏီ)နှင့်အတူ ရွှေတိဂုံဘုရားသို့ ဘုရားဖူးလိုက်ပို့ရလေသည်။ ထိုနေ့တွင်ကား ထူးခြားသော စေတီတော်တစ်ဆူကို ဖူးတွေ့ခဲ့ရရုံမျှမက ထိုစေတီ၏ အတွင်းပိုင်းသို့ပင် ဝင်ရောက်လေ့လာမိခဲ့သည်။ မြေစိုက်စေတီတို့တွင် စေတီတော်အတွင်းပိုင်းသို့ ဝင်ရောက်ဖို့မှာ မဖြစ်နိုင်သော ကိစ္စတစ်ရပ်ဖြစ်သော်လည်း ယခုစေတီမှာတော့ ဝင်နိုင်ခဲ့၏။ ထိုသို့ ဝင်ရောက်လေ့လာနိုင်ခွင့်ရရန်အတွက်လည်း ယခုခေတ် ဗိသုကာလက်ရာ စေတီများ၏ တည်ဆောက်မှုမှာ ဆန်းပြား ခေတ်မီနေပေသည်။ ထိုစေတီ တည်ဆောက်စဉ်ကပင် ထဲထဲဝင်ဝင် ပါဝင်ခဲ့သော အလှူရှင် အစ်မညိုက အသေးစိတ် လိုက်လံရှင်းလင်းပြသော ကြောင့်လည်း ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံစေတီတော်ရင်ပြင်မှ ထီးတော်စေတီ


ထိုစေတီကား ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပေါ်ရှိ "ထီးတော်စေတီ" ပင် ဖြစ်လေသည်။ နောင်တော်ကြီးစေတီတော်နှင့် ရွှေတိဂုံစေတီတော်ကြီးအကြားတွင် တည်ရှိသော စေတီလေးပါ။

**စေတီဘုရား တည်ထားကိုးကွယ်**

ယနေ့ခေတ် ဗုဒ္ဓဘာသာအယူဝါဒမှာ သက်ဝင်ယုံကြည်သူများ၊ တစ်နည်းအားဖြင့် ဗုဒ္ဓဘာသာဝင်များသည် ဘုရားဟော တရားဒေသနာတော်များအပြင် ဘုရား၊ စေတီနှင့် ဆင်းတုတော်များကိုပါ ဖူးမြော်ကြည်ညိုသော အလေ့လည်း ရှိနေကြပေပြီ။ သို့ဖြင့် ဗုဒ္ဓဘာသာဝင် နိုင်ငံများတွင် ဘုရားတည်၊ ကျောင်းဆောက်စလေ့များလည်း ရှိလာကြလေသည်။

ထိုသို့ တည်ထားကိုးကွယ်သော ဘုရားစေတီများကား တစ်နိုင်ငံနှင့် တစ်နိုင်ငံတွင် လူမျိုးအလိုက်၊ ဒေသအလိုက်၊ ခေတ်ကာလအလိုက် ကွဲပြားခြားနားနေကြသည်။ ဗုဒ္ဓဘာသာနိုင်ငံတိုင်းတွင်ကား သူတို့အမျိုးသားဟန်နှင့် သူတို့ သာသနိက အဆောက်အဦများ တည်ဆောက်မှု အနုပညာနှင့် ဗိသုကာပညာရပ်များ(Buddhist Art and Architecture)ကိုယ်ပိုင်တည်ရှိကြ၏။ ထိုကိုယ်ပိုင်ဟန်များအရလည်း တိုင်းပြည်အသီးသီးတွင် ထင်ရှားသော ဘုရားစေတီများ ရှိနေကြလေသည်။





ရွှေတိဂုံစေတီတော်ရင်ပြင်မှ ထီးတော်စေတီနှင့် ကမ္ဘာ့ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တို့ မြန်မာပြည်တွင်မူ ရွှေတိဂုံစေတီတော်ကြီးသည် ဘာသာရေးရှုထောင့်ကသာမက၊ ဗိသုကာအရာတွင်လည်း အချိုးအစား ကျနပြေပြစ်လှသော "စံပြစေတီတော်" ပင်ဖြစ်၏။

မိမိတို့ မြတ်နိုး၊ လေးစား၊ ကြည်ညိုရသောသူများ သေဆုံးရသည့်အခါ မြေမြှုပ်သင်္ဂြိုလ်ရာမှ ဖြစ်ပေါ်လာသည့် ကုန်းမို့မို့မှ တဖြည်းဖြည်းမြင့်တက် ဖြစ်တည်လာရသော စေတီတော်ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကား ယနေ့ခေတ်တွင် ရွှေတိဂုံစေတီကဲ့သို့ အချိုးကျနလှသော စေတီများအဖြစ် လုပစွာ ပြီးပြည့်စုံသွားပေပြီ။ သို့သော် တီထွင်ဆန်းသစ်မှုများကား မဆုံးတတ်သေးပေ။ သို့ဖြင့် ထူးခြားသော စေတီပုံသဏ္ဍာန်သစ်များ ထပ်မံ ထွန်းပေါ်နေဆဲပေ။ ယင်းတွင် ယခုထီးတော်စေတီကဲ့သို့ စေတီအဆန်းအပြားများ ဖြစ်ပေါ်လာရပေသည်။ သို့သော် ပုံမှန် စံနစ်တကျရှိနေပြီဖြစ်သော ခေါင်းလောင်းပုံ စေတီတော်တစ်ဆူ၏ ပါဝင်သမျှ ပုံမှန် အစိတ်အပိုင်းများကိုတော့ ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်လှသည်။

**ထီးတော်ဆိုသည့် စေတီတော်၏ အစိတ်အပိုင်း**


ထီးတော်(Finial, Sattravali, Chattravali, Varsastala, Pinnacle, Crown) ဆိုသည်ကား စေတီအထွဋ်တွင် စိုက်ဆောက်ထားသော ထီး(Umbrella, Parasol) ပုံ အဆင်တန်ဆာဖြစ်၏။

သို့ဖြစ်ရာ ထီးတော်သည် စိန်ဖူးနှင့် ငှက်မြတ်နားတို့အောက်တွင် သစ်သား၊ ကျောက်၊ အင်္ဂတေ၊ သံ(ယနေ့ ၂၁ရာစုခေတ်တွင် သံမဏိ-Steel)၊ ရွှေ ငွေ၊ သတ္တု စသည်တို့ဖြင့် ပြုလုပ်ထားလေ့ရှိသော အရာဖြစ်သည်။

မည်သည့်ပစ္စည်းကိုပင် သုံးကာ ထီးတော်များကို ပြုလုပ်တည်ဆောက်သည်ဖြစ်စေ၊ ထီးတော်များ၏ တည်ဆောက်မှုပုံစံကား အထက်သို့ မြင့်တက်သွားလေလေ ထီးအဆင့်ဆင့်တို့သည် သေးငယ်လေ(Tapering Spire)ဖြစ်လေ၏။

ဘီစီ ၂ရာစုလောက်က တည်ဆောက်ခဲ့သော အိန္ဒိယနိုင်ငံမှ ဆန်ချီ(Sanchi)စေတီ စသည့် ထူပါရုံများတွင်ပင် ဓာတ်တော်တိုက်အထက်၌ ဆတ္တာဝလီ(Sattravali, Chattravali)ခေါ် ထီးတော်များကို တင်လှူခဲ့ကြသည်။ သို့ ပစ္စယာ မော်ဇာပြတိုက်မှ အလျား ၆ပေ၊ အနံ ၅ပေရှိ "ဂြိုပြဘုဝါရန္ဒြ"မင်းကြီးနှင့် "ဂြိုပြဘုဒေဝီ" မိဖုရားတို့ ကုသိုလ်တော် ဗြာဟ္မာတိုက်ဖုံး ကျောက်ပြားပေါ်တွင်လည်း





ဝိဓူရဇာတ်တော်အင်္ဂတေရုပ်များ၊ စေတီငယ်တစ်ခု၏ မုခ်အပေါက်အထက်မှ ဝိဓူရဇာတ်တော်အင်္ဂတေအရုပ်များ



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဟံသာဝတီသာသနာပြုအဖွဲ့၌ ပါဝင်လုပ်ကိုင်ဆောင်ရွက်ခဲ့သူများ



ဆိုပုံပါသည်။ အလယ်တွင် ထီးတိုင်ရှိပြီး အထက်သို့ တဖြည်းဖြည်းသေးသွားသည်။ ငွေဖြင့် ပြုလုပ်ထားသော ဓာတ်တော်ကြုတ်စေတီများနှင့် ဂဝပြည့်နစ်တွင် နတ်ရှာစံသော "သီဟာဝိကြမမင်း"အရိုးအိုးပုံတွင်လည်း တွေ့နိုင်၏။ ရှေးကျသော ထိုစေတီတော်တို့တွင် ကျောက်ထီးဖြစ်စေ၊ ကြေးရည်သုတ်ထီးများဖြစ်စေ တင်လှူခဲ့ဟန်ရှိသည်။ ယင်းအချက်ကို မဟာဗောဓိ၊ ဆန်ချီနှင့် ဘာရ်ဟု(Bharhut) စေတီများမှ ရုပ်ကြွများတွင် တွေ့ရလေသည်။ ထိုစေတီတော်တို့မှ အခြေခံခဲ့သော ထီးတော် (Umbrella, Parasol, Chattravali) တင်လှူသည့် စနစ်သည် မြန်မာနိုင်ငံတွင် ယနေ့တိုင် ဆက်လက်ရှိနေခဲ့၏။

ဗုဒ္ဓဂယာ၊ မဟာဗောဓိစေတီကြီး၏ ထိပ်ဆုံးတွင်ကား ကျောက်သားဖြင့် ပြုလုပ်ထားသော လင်ဗန်းပုံ ထီးတင်ထားသည့် စေတီငယ်လေးဖြင့် အဆုံးသတ်ထား၏။ မြန်မာနိုင်ငံ၊ ဗိဿနိုးပြည်နယ်၊ မြောက်ဦးမြို့ဟောင်းရှိ စေတီတော်များတွင်လည်း ကျောက်ဖြင့် ပြုလုပ်ထားသော ကျောက်ထီးတော်များ တင်ထားသည်။ မိုးလေပြင်းထန် ကြမ်းတမ်းသော ရခိုင်ကမ်းမြောင်ဒေသတွင် ရာသီဥတုအတွက် သင့်တော်ပြီး သဘာဝဘေးဒဏ် ခံနိုင်ရည်ရှိလှသည့် ကျောက်ထီးတော်များကို သုံးစွဲခြင်းဖြစ်၏။

ပုဂံတစ်ဝိုက်တွင်ကား စေတီတော်များတွင် ဓာတ်များဖြင့် ထီးတော်လုပ်ထားကြ၏။

တန်ဆောင်း၊ ကျောင်း၊ ဘုရားခန်းများတွင်ကား ပိတ်ဖြူ၊ ဇာစသည်တို့ဖြင့် ပြုလုပ်ထားသော အဝတ်ထီးကိုလည်း ဆင်းတုတော်များကို အုပ်မိုးပေးရန် သုံးလေ့ရှိသည်။

**ထီးတော်တင်လှူရခြင်း ရည်ရွယ်ချက်များ**

ယင်းထီးတော်တို့ကို သုံးစွဲရခြင်းသည်ကား စေတီဝမ်းတိုက်အတွင်း ထည့်သွင်း သိမ်းဆည်းထားသည့် ဓာတ်တော်တို့ကို အုပ်မိုးကာကွယ်ထားသည့်သဘောဖြစ်လေသည်။

ထို့ပြင် ဆန်ချီစေတီတော်၏ ကမ္ဘာလုံး စက်ဝန်းခြမ်းသဏ္ဌာန် စေတီကိုယ်ထည်ကို မြင်းမိုရ်တောင်ဟု သဘောထားလျှင် ထီးတော် ဆတ္တာဝလီသည် အထက်ဘုံနန်းများဖြစ်၏။ ထိုဆတ္တာဝလီ ထီးဆင့်ပုံမျိုးကို သရေခေတ္တရာ ပျူခေတ်၊ ခင်ဘကုန်းအရပ်မှ တူးဖော်ရရှိသော ငွေစေတီများတွင်လည်း တွေ့ရသည်။


စေတီတော်၏ အထက်တွင် ထီးပုံကို ထည့်သွင်းခြင်းမှာ မြတ်စွာဘုရားရှင်သည် မင်းမျိုးမင်းနွယ်ဖြစ်သဖြင့် မြင့်မြတ်ခြင်း(Royalty)၊ ကြည်ညိုလေးစားခြင်း(Sacred)၊ ဩဇာရှိခြင်း(Authority)နှင့် စင်ကြယ်ခြင်း(Holy)ကို ပြလို၍လည်း ဖြစ်နိုင်၏။

မြန်မာ့ရိုးရာ မဟာဗိသုကာကျမ်းမြတ်အလိုအားဖြင့် စေတီပုထိုးများတွင် ထီးသည် သဗ္ဗညုတ ရွှေဉာဏ်တော်ကို




www.burmeseclassic.com

www.burmeseclassic.com




ထီးခရိုင်အဆင့်ဆင့်ပြပုံ




ထီးခရိုင်အဆင့်ဆင့်ပြပုံ

ရည်စူးလျက် တင်လှူထားခြင်းဖြစ်သည်။

ထို့ပြင် ထီးတော်တို့သည် တရားဓမ္မ စိုးမိုးခြင်းသဘောကိုလည်း ဆောင်နေ၏။

**ထီးတော်၏ အခြားသော နေရာတော်များ**

မြန်မာပြည်တွင် စေတီအထွဋ်တွင်သာမက တန်ဆောင်း၊ ဇရပ် စသည့် သာသနိက အဆောက်အအုံတို့၏ အထက်တွင်လည်း ထီးတော်ကို တပ်ဆင်တတ်ကြ၏။ လယ်တီဆရာတော်ဘုရားကြီး၏ "ကျောက်စာတိုက်ကြီး"တွင်လည်း ထီးတော်တင်ထားသည်။ မြန်မာ့အနုလက်ရာများတွင်လည်း ထီးတော်ကို အထွတ်အမြတ်အဖြစ် ဖော်ပြကြ၏။

ရှေးအိန္ဒိယ ဘာဂဝတပုရာဏ်ကျမ်းများတွင် မင်းခမ်းမင်းနားများ၌ ဘုရင်များကို ထီးဖြူဆောင်းပေးကြောင်း ပါရှိသည်။ အာနန္ဒာဂူဘုရားအတွင်းရှိ ဗုဒ္ဓဝင်ရုပ်ကြွများတွင် သုဒ္ဓေါဒနမင်းကြီးပုံကို ထီးဆောင်းလျက် တွေ့ရသည်။ ၁၇ရာစုနှစ်က အိန္ဒိယပြည်အနောက်ဘက်ဒေသတွင် မင်းပြုသော ရှီးဗားဂျီးသည် ဆတ္တပတိ(ထီးဆောင်းမင်း)ဟု သမုတ်ကာ ဘိသိက်ခံခဲ့၏။

မြန်မာမင်းများကလည်း ထိုဓလေ့ကို ပံ့ပိုးကြရာ ကျန်စစ်မင်း၏ နန်းတော်မှန် ကျောက်စာတွင် နန်းတော်တည်ဆောက်ရာ၌ ထီးဖြူစိုက်ထူကြောင်း ပါရှိသည်။ ရှေးမြန်မာမင်းများ၏ အုပ်ချုပ်ရေးစနစ်တွင်လည်း ထီးသည် အချုပ်အခြာအာဏာသဘောကို ဆောင်သည်။

ဦးဩဘာသက နိပါတ်တော်လာ "မဟာဇနက္က ဇာတ်တော်ကြီး"ကို ရေးသားရာတွင် "နန်းမဆောင်သို့ တက်တော်မူပြီးလျှင် ကြငှန်းထီးဖြူ စိုက်ထူ ဖြန့်မိုးအပ်သော ရာဇပလ္လင်ပေါ်၌" စသဖြင့် ထီးတော်ကို အသားပေးပြီး ရေးခဲ့သည်။

"ထီးဖြူဆောင်း တစ်ရာ့တစ်ပါးသော မင်းများ···" စသည့် အရေးအသားများကိုလည်း ရာဇဝင်များတွင် တွေ့ရတတ်သည်။ မြန်မာမင်းများ၏ အခန်းကဏ္ဍ နေဝင်လုချိန် ၁၉ရာစုခေတ် တာပေအဖွဲ့အနွဲ့များတိုင်အောင်ပင် "ထီးတစ်ရာ ပဏ္ဏာကျိုးပါတဲ့၊ မင်းနေပြည်ဗြာနီ"ဟူသော တင်စားချက်များ ရှိနေခဲ့၏။ နယ်ချဲ့လက်အောက် ကျရောက်သွားခြင်းကိုပင် ထီးကျိုး စည်ပေါက်ဖြစ်ရသည်ဟု ဆိုခဲ့သည်။

**ထီးတော်နှင့် ဆက်စပ်နေသော ပစ္စည်းများ**

ယနေ့ခေတ် မြန်မာစေတီတော်များ၏ ထီးတော်အဆင့်ဆင့်တွင် အသံသာသော ဆည်းလည်း ခေါင်းလောင်းများ၊ ညောင်ရွက်များကိုလည်း တပ်ဆင်ထားလေ့ရှိသည်။ လေတိုက်တိုင်း ညောင်ရွက်များ လှုပ်ခတ်ကာ ခေါင်းလောင်းငယ်များမှ သာယာသောအသံများ မြည်လာကြသည်။

စေတီအထွဋ်တွင် ထီးတော်တင်ရန်အတွက်၊ စေတီကိုယ်ထည်နှင့် ဖောင်းရစ်တော်များအထက်တွင် ငှက်ပျောဖူး ရှိသည်။ ငှက်ပျောဖူးဟူသည်ကိုကား ခရာသီး၊ ချယားသီး၊ ခရေသီး၊ ဝဍ်ပဒ္မာလ၊ ငှက်ပျောဖူး၊ ဟင်းအိုးဖူး၊ ခေါ်သွားရ



www.burmeseclassic.com

www.burmeseclassic.com

(Plantain Bud, Banana Bud, Bulb, Varsasthala, Amalaka, Rain Stopper, Athut) စသဖြင့်လည်း ခေါ်ဝေါ်ကြသေးသည်။ မြေစိုက်စေတီများ၊ ဂူဘုရားများတွင် လည်းကောင်း၊ ပြာသာဒ်တွင် လည်းကောင်း၊ ထီးအောက်တွင်ရှိသည့် ခရားသီးနှင့်တူသော အစိတ်အပိုင်းဖြစ်၏။ များသောအားဖြင့် ငှက်ပျောပင်မှ ငှက်ပျောဖူးသဖွယ်. ရှည်သွယ်ပြီး အောက်ပိုင်းကားကား အထက်ပိုင်းတွင် ရှူးသွားသော ရွှေတိဂုံစေတီ၊ ပဲခူး-ရွှေမောဓောစေတီတို့မှ ပုံမျိုးဖြစ်၏။ သို့သော် ရွှေစည်းခုံစေတီတော်၏ ငှက်ပျောဖူးကဲ့သို့ ပုတိုတိုပုံလည်း ရှိတတ်ရာ ခရားသီးပုံဟု ခေါ်သည်။ အချို့ ဘုရားသမိုင်းများတွင် ဟင်းဒရုံဖူးဟုလည်း ဖော်ပြကြ၏။

ထီးစိုက်ရာ အထွင့်နေရာသည် ငှက်ပျောဖူးပုံသဏ္ဌာန်မဟုတ်ဘဲ၊ အလယ်ပူ၍ အထက်နှင့် အောက်တွင် ရှူးသွားသောပုံဖြစ်ပါက "ငှက်ပျောဖူးမ" (သို့မဟုတ်) ချယားသီးဟု ခေါ်၏။ "သခင်ကြီးချေင်း"တွင် "ဦးစွာ သပိတ်မှောက်၊ ဖောင်မြောက်ကြာပြီး၊ ချယားသီးထက်၊ ရွှေထီးစိုက်ထောင်၊ ကိုးမည်ပြောင်မှ"ဟု စပ်ဆိုထားသည်။ ဆပ်သွားဖူးဟုလည်း ခေါ်ကြသည်။ အမြောင့်ထောင့်ချိုး မပါပါက ငှက်ပျောဖူးဟု ခေါ်ပြီး အမြောင့်ထောင့်ချိုးပါပါက ဆပ်သွားဖူးဟု ခေါ်သည်ဟုလည်း ဆိုကြ၏။

ဖောင်းရစ်များသည် ဆတ္တဝလီ (Sattravali, Chattravali)ခေါ် ထီးတိုင် ထီးဆင့်များလည်း ဖြစ်သည်။ အောက်ရှိ ဗွာပနာတိုက်ကို အုပ်မိုးထားခြင်းဖြစ်၏။ ထိုထီးဆင့်အရွက်များကို ၃ဆင့်၊ ၅ဆင့်၊ ၇ဆင့်၊ ၉ဆင့် စသဖြင့် ပြုလုပ်ထား၏။


ရှေးဦးခေတ်စေတီများတွင် ထီးတော်ကို သစ်သား၊ ကျောက်၊ အင်္ဂတေများဖြင့် အဆင့်ဆင့်ပြုလုပ်ခဲ့ရာ ထီးတော်များမှာ ထိခိုက်ပျက်စီးလွယ်ခဲ့သည်။ သို့ဖြင့် နောက်ပိုင်းခေတ်များတွင် ထီးဆင့်တို့၏ နေရာတွင် ဖောင်းရစ်များနှင့် ထီးလုံးပြုလုပ်ခဲ့ကြ၏။ သို့ဖြင့် ဆတ္တဝလီအစား ဖောင်းရစ်များသည် စေတီတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်လာသည်။

ထိုငှက်ပျောဖူးတွင် စိုက်ထူထားသော တိုင်ကိုမှု မှိုတိုင်ဟု ခေါ်သည်။

**ထီးတော်စေတီ၏သမိုင်းကြောင်း**

၁၉၉၉ ခုနှစ်တွင် ရွှေတိဂုံစေတီတော်၊ ထာဝရ ဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းကြီးကို အကောင်အထည်ဖော်ခဲ့၏။ ထိုလုပ်ငန်းကော်မီတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဟံသာဝတီ သာသနာပြုအဖွဲ့လည်း ထိုလုပ်ငန်းကြီးတွင် ပါဝင်ဆောင်ရွက်ကြသည်။ ထိုအခါ ရွှေတိဂုံစေတီတော်ကြီး၏ ထီးတော်ကြီးကိုလည်း အသစ်ပြန်လည် တင်လှူခဲ့ကြ၏။ သို့ဖြင့် မူလနောက်ဆုံး ထီးတော်ကြီးကို စေတီတော်ကြီးမှ ချခဲ့ကြသည်။

ထိုထီးတော်ကြီးကို အလဟဿ မဖြစ်စေဘဲ ကြည်ညို လိုသူအပေါင်း ကြည်ညို ဖူးမြော်နိုင်ရန် စေတီငယ်တစ်ဆူ အသွင် ပြုပြင်ယူပြီး စေတီရင်ပြင်ပေါ်မှာပင် ဖန်တီး တည်ဆောက်ကြ၏။ ထီးတော်ကိုလည်း မြင်သာအောင်၊ တင့်တယ်သော စေတီတစ်ဆူလည်းဖြစ်အောင် အုတ်နှင့် အလင်းပေါက်မှန်တို့ တစ်ရစ်စီ ရောသမမွှေကာ တည်ဆောက်ထားသော စေတီငယ်လေးကား ဗိသုကာအမြင်ဆန်းသော်လည်း ထီးတော်၏ အသွင်သဏ္ဌာန်လည်း မပျက်ဘဲ အထင်းသား ပေါ်လွင်နေပါသည်။ အဝင်ပေါက်မှသည် စေတီလေး၏ ပစ္စယာအဆင့်တိုင်းမှာပင် ရွှေရောင်ပလ္လင်တံကဲလို အဆင်



ထီးခရိုင်အဆင့်ဆင့်ပြပုံများ



www.burmeseclassic.com

www.burmeseclassic.com

တန်ဆာ အထပ်ထပ်ဆင့်လျက်မို့ သေးငယ်သော်လည်း ထည်ဝါသပ္ပာယ်လှပေသည်။

"ထီးတော်ကို စေတီအသွင် ပြန်ဖန်တီးတဲ့အခါ ဒီအတိုင်း စေတီတည်ရိုးတည်စဉ်တွေလို အပိတ်တည်လိုက်ရင် နောင်လာ နောက်သားတွေဟာ အပြင်ပန်းကပဲ မြင်ကြ ဖူးကြရမယ်။ ထီးတော်ရဲ့ အတွင်းပိုင်း တည်ဆောက်ပုံကို မမြင်တွေ့နိုင်ကြတော့ဘူး။ အဲဒါကြောင့် အခုလို စေတီတော် အတွင်းအထိဝင်ပြီး ထီးတော်ရဲ့ ဖွဲ့စည်းတည်ဆောက်ထားပုံကို ပါ လေ့လာနိုင်အောင် မှန်တွေနဲ့ လုပ်ခဲ့ကြတာ။ အတွင်းဘက်ကို ဝင်ကြည့်ရင် ထီးတော်ကြီးကို ထောက်မ,ထားတဲ့ ဖရိန်(Frame)ကိုပါ မြင်ကြရပါတယ်။ အဲဒီ ဖရိန်အောက်ခံကိုက ကြာပွင့်ကြီးတစ်ပွင့်လို လှတာ"

အစ်မ ဒေါ်ခင်ညို အညွှန်းကောင်းသဖြင့် ကန္တီဆရာတော် ဦးအာစိဏ္ဏရော၊ ကိုယ်ပါ ထီးတော်စေတီလေးအတွင်းဘက်ကို ဝင်ကြည့်ကြသည်။ စေတီဝမ်းဗိုက်မှာ သံဘောင်များ အဆင့်ဆင့်ဖြင့် ထီးတော်ကို ပင့်ထောက်ထားလေ၏။ သို့ဖြစ်ရာ ထိုသံတန်းများကြားမှနေပြီး စေတီထိပ် အသေးဆုံး ထီးတော်အထိ အဆင့်တိုင်းကို မြင်ရပါသည်။ အောက်ဆုံး၊ အကြီးဆုံး ထီးတော်အစိတ်အပိုင်းကြီးကိုကား မှလကြေးကြာပွင့်ကြီးဖြင့် ခံထားလေသည်။ ကြေးကြာပွင့်ကြီးကား ညွှန်းသလောက် ကောင်းပြီး၊ ကောင်းသလောက်လည်း လှသည့် ကြေးကြာပန်းကြီးဖြစ်ပါ၏။ ယင်းကြာပွင့်ကြီးကိုမူ သံမဏိဖရိန်ဖြင့် ပင့်မ,ထားလေသည်။ ဩော်··ကြည်ညိုကိုးကွယ်ရန် တည်ဆောက်သော စေတီကြီး၏ အတွင်းပိုင်းမှာပင် မွမ်းမံပြင်ဆင် အလှထွင်တတ်သော မြန်မာ့ဗုဒ္ဓသာသနိက အနုလက်ရာ ပညာစွမ်းပေတကား။

ထီးတော်စေတီကို ဖူးပြီးသောအခါ ထိုစေတီနောက်ကျောရှိ ရှေးဟောင်း စေတီတော်လေးများကို ဆက်လက်လေ့လာ ဖူးမြော်ကြပါသည်။ ထုံးဖွေးဖွေး စေတီလေးတစ်ဆူ၏ မုခ်ပေါက်ထိပ်တွင်ကား ဆေးရောင်စုံ ခြယ်သထားသည့် "ဝိဓူရဇာတ်တော်"သရုပ်ဖော်ပုံကို မြင်လိုက်ရ၏။ ရှေးကပန်းချီကြီးများကား အင်္ဂတေလက်ရာများကို ပိုင်နိုင်လွန်းလှချည့်။ မြင်းမြီးကို ဆွဲကာ လိုက်ပါရသော ဝိဓူရအမတ်သည် ဝန့်ဝတ်စုံအနီဖြင့် လေတွင် လွင့်မျောနေပေသည်။ ထို့နောက် ဇော်ဂျီရုပ်များ၊ ဘီလူးရုပ်များ၊ လူဝကြီးပုံများ၊ ကနုတ်ပန်းခက်များ စသဖြင့် အင်္ဂတေ ပန်းလက်ရာအမျိုးမျိုးကို စေတီရင်ပြင်တော်ရှိ တန်ဆောင်း၊ ဇရပ်နှင့် ဘုရားစေတီများတွင် မရေမတွက်နိုင်အောင် တွေ့မြင်ရလေသည်။

ကန္တီဆရာတော် ပြန်လည်ကြွသွားပြီးနောက် ရွှေတိဂုံစေတီသို့ အစ်မကြီး ဒေါ်ခင်ညို၏ ကိစ္စတစ်ခုကြောင့် ရောက်ရပြန်၏။ ထိုအခါ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ အကိုကြီး ဦးကျင်အောင်၏ ရုံးခန်းကို ရောက်ခဲ့သည်။ ဦးကျင်အောင်က "ရွှေတိဂုံစေတီတော် ဗိသုကာပုံစံများ မှတ်တမ်း" ဟူသည့် ကတ္တူအချောဖုံး(အေဖိုးစက္ကူအရွယ်) စာအုပ်တစ်အုပ်ပေးပါသည်။ အစ်မ ဒေါ်ခင်ညိုထံတွင် စားပွဲငယ်တစ်လုံးစာမျှ မျက်နှာပြင်ရှိသည့် စာအုပ်(ကန့်သတ်)ကို ပြန်ချုံကာ ထုတ်ဝေထားသော စာအုပ်၊ ကိုယ်လိုချင်နေသော အရာမို့ ကျေးဇူးအများကြီး တင်လိုက်ရပါသည်။

"ဆရာတို့က စာရေးတဲ့သူတွေမို့ ပိုအသုံးဝင်မှာပါ။ ဒီစာအုပ်ဟာ ဆရာတို့ လက်ထဲမှာလည်း ရှိနေသင့်တယ်"

ဟု ဦးကျင်အောင်က ဆိုပါသေးသည်။ ဟုတ်ကဲ့၊ စေတီတော်ကြီး၏ ဗိသုကာလက်ရာတွေကို အတိုင်းအတာ အသေးစိတ်နှင့်တကွ ဖော်ပြထားသဖြင့် အလွန်တန်ဖိုးရှိသည့် စာအုပ်ပါ။ စာအုပ်ကို လှန်ရင်း ထီးတော်ကြီးနှင့် ဆိုင်သော ဒီဇိုင်းပုံများကို တွေ့လိုက်ရပြန်သည်။ သည်တော့ အများပြည်သူများ ကြည်ညိုလေ့လာနိုင်ဖို့ ဆောင်းပါးတစ်ပုဒ်သည် အလိုလိုမွေးဖွားသန့်စင်လာပြန်တော့သည်တကား။

* * *

ကိုဇေးမြင့်

(မဟာဗိန္ဒာ၊ ရှေး-သု)

စာကိုး

- ရွှေတိဂုံစေတီတော် ဗိသုကာပုံစံများမှတ်တမ်း။ (သန်းထွန်း-ဒေါက်တာ၊ မြန်မာ့ဗုဒ္ဓသာသနိက အနုပညာလက်ရာ၊ ကွန်သာယာ သမိုင်းအုပ်ဆောင်၊ စာစဉ်အမှတ်(၄)၊ ၂၀၀၄၊ ရန်ကုန်။)
- Aye Myint-U, Burmese Design Through Drawings, Silpakorn University, 1993.
- E.Fisher, Robert - Buddhist Art and Architecture, Thames and Hudson, Singapore, 1996.
- Than Tun, Dr - Buddhist Art and Architecture, May, 2002, Yangon.



www.burmeseclassic.com

www.burmeseclassic.com

# အလိုတော်ပြည့် ပဋ္ဌာန်းစေတီတော်၏ အံ့မခန်း တန်ခိုး

ဆန်းညွန့် (ဓမ္မာစရိယ)



စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ နှောလင်းကျေးရွာတွင် အလိုတော်ပြည့် ပဋ္ဌာန်းစေတီတော်မြတ်ကြီး သီတင်းသုံးတော်မူလျက် တည်ရှိနေပါသည်။ စေတီတော် မြတ်ကြီးအောက်ခြေ မှခ်လိုဏ်အဝအကျယ် ၂၂ တောင်ရှိပြီး စေတီတော်၏ ဉာဏ်တော်အမြင့်မှာ အတောင် ၃၀၊ ပေအားဖြင့် ၄၅ပေ အမြင့်ဆောင်လျက်ရှိသည်။ တည်ရှိနေသည့် အလိုတော်ပြည့် ပဋ္ဌာန်းစေတီတော်မြတ်ကြီး ဖြစ်တည်လာခဲ့ရသည့် သမိုင်းတွင်ကား ထူးခြားဆန်းကြယ်မှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့သည်များ ရှိနေသည်ကို အထင်အရှားတွေ့ရသည်။ ပဋ္ဌာန်းတော်မြတ်၏ တန်ခိုး၊ သမ္ဗုဒ္ဓဓာတော်ကြီး၏ ထက်မြက်သော စွမ်းပကားများက စေတီတော်မြတ်ကြီး တည်ထားနေစဉ်အတွင်း အထင်အရှားပင် လူအများ အံ့ချီးမကုန်ဖြစ်ရလောက်အောင် ပေါ်ထွက်ပြသခဲ့သည်။


ဆရာတော် ဘဒ္ဒန္တပညာ(ဓမ္မာစရိယ) လယ်တီ ...ပဋ္ဌာန စရိယသည် မဟာ



www.burmeseclassic.com

www.burmeseclassic.com

ပတ္တာန်းတော်မြတ်ကြီးနှင့် သမ္ဗုဒ္ဓေ ဂါထာတော်တို့ကို စဉ်ဆက်မပြတ် နှုတ်မှ တဖွဖွရွတ်ဆို ပူဇော်နေလေ့ရှိခဲ့သည်။ ဆရာတော်သည် အလိုတော်ပြည့် ပတ္တာန်းစေတီတော်မြတ်ကြီး တည်ထားမည့်နေရာကို ရွေးချယ် မိပြီးသည်နှင့် မြို့နယ် သံဃာ့နာယက ဆရာတော်ကြီးများ နှင့် နယ်မှ သံဃာတော်များ ပင့်ကာ သံဃာ ၂၇ပါးဖြင့် မြေသန့်စေရန် ကမ္မဝါများ ကိုင်ဆောင်ကာ ရွတ်ဖတ်သမ္မုပြုခဲ့ သည်။ ၁၃၆၇ ခု၊ ဝါခိုလပြည့်ကျော် ၈-ရက်၊ တနင်္လာနေ့ နံနက် ၈-



နာရီ ၁၀မိနစ်အချိန်တွင် မန္တလေးတင် မင်္ဂလာပွဲကို ကျင်းပခဲ့သည်။ မြေသန့်ရာတွင် ပတ္တာန်းကိုးပိုင်နှင့် ကမ္မဝါများ ဖော်ကြွားလာခဲ့သည်ဖြစ်ရာ ယနေ့တင်မင်္ဂလာသည် ချောမွေ့ အဆင်ပြေကာ အောင်မြင်မှုရှိခဲ့သည်။

ရတ်မြတ်တော်စီ မင်္ဂလာအခါတော်ကို ထိုနေ့ နေ့လယ် ၁နာရီ ၁၅မိနစ်တွင် အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။ စေတီတော်တည်စဉ်တွင် ရွာသူရွာသားများ၊ နယ်သူနယ်သားများ စုဝေးရောက်ရှိလာကြကာ လုပ်အားဒါန ကုသိုလ်ပါဝင်ခဲ့ကြသည်။ ၁၃၇၁ ခုနှစ်၊ ဝါခိုလပြည့်နေ့ နံနက် ၉နာရီအချိန်တွင် စေတီယ ပကာသနီကျမ်း ဌာပနာတည်ပုံကျမ်းတို့၌ လာရှိသည့် အစီအစဉ်အတိုင်း ဌာပနာထည့် ပူဇော်ခဲ့သည်။ ဌာပနာပူဇော်ရာတွင် ရတနယရသဏ္ဍာဟ၌ ရေးဟောင်း ရတနယရသတ္တာပြာ ရတနာစံကျောင်း(အိမ်)နှင့် ရုပ်ပွားတော်ကို မြို့သစ်ချောင်းရွာ ဆရာတော် ဦးမုနိန္ဒက ပူဇော်၍ ငွေသား ပတ္တာန်းစက်ဝိုင်းကို မန္တလေးမြို့ ရွှေဟသာရွှေဆိုင် ပိုင်ရှင် ဦးစီ-ဒေါ်တင်တင်ဝင်းတို့က ငွေသားဘုရားဇာတာ တော် ၃ဆူ၊ ငွေသား မဟာမြတ်မုနိတစ်ဆူတို့နှင့် ဌာပနာ တော်တမြိုး ထည့်သွင်းပူဇော်ခဲ့သည်။ တကယ်မှ ဦးရွှေ- ဖေဦး ဦးသာထုက ကျောက်စိမ်း မိန်းတော်ရော်ထားမီရှုကို အမြင် ဌာပနာတွင်း ပူဇော်ပွဲသို့ ရောက်လာကြသည့် အကာ အကာမတို့ကလည်း ရွှေ ငွေ၊ ကျောက်သံ ပတ္တမြားတို့ကို ထည့်သွင်းပူဇော်ခဲ့ကြသည်။

ထိုသို့ အလိုတော်ပြည့် ပတ္တာန်းစေတီတော်မြတ်ကို တည်ထားခဲ့ရာ ပိန္နဲတိုင်ထူသော မင်္ဂလာအချိန်အခါတွင်ကား ထူးခြားမှု စတင်ခဲ့တော့သည်။ နိမိတ်ထူးတစ်ခုပေါ်ပေါက်ခဲ့ခြင်းဟု ဆိုရမည်ပင်ဖြစ်သည်။ စေတီအနီး အလျှင်အမြန်



www.burmeseclassic.com

www.burmeseclassic.com

သွားလျှပ်ရှားနေသည့် မြွေတစ်ကောင်ကို မြင်တွေ့လိုက်ကြသဖြင့် ပရိသတ်များ အလန့်တကြား နောက်သို့ ဆုတ်ကြရင်း အာရုံက မြွေဆီသို့ ရောက်သွားဖြစ်ကြသည်။ ထိုအချိန်မှာပင် ပုတ်သင်ညိုတစ်ကောင် စေတီတော်ပေါ်သို့ တက်သွားကာ မြွေလိုက်သည့် အန္တရာယ်မှ ကင်းလွတ်သွားသည်ကို မြင်တွေ့လိုက်ကြရသည်။ ပုတ်သင်ညိုတွင် ဉများစွာ ပါသည်ဟု ဆိုသည်။ ထိုဖြစ်ရပ်ကို ရန်ကုန်မြို့ ကြည့်မြင်တိုင် အုန်းပင်လမ်းနေ ရှေ့နေကြီး ဦးအေးသိန်းနှင့် ပိန္နဲတိုင်တူ ဒေါ်ကြည်မာခွေတို့က ထီးတော်လှူဒါန်းပြီးဖြစ်နေသဖြင့် စေတီတော်တောင်ဘက်မုခ်တွင် ဉာဏ်တော် ၅ပေအမြင့်ဆောင်သည့် ရုပ်တော်မှ ကျောက်ဆင်းတုတော်တစ်ဆူကို သာ လှူဒါန်းပူဇော်ခဲ့ရသည်။

စေတီတော်အရှေ့ဘက်မုခ်တွင် ဉာဏ်တော်အမြင့် ၃ပေ ၅လက်မရှိ ဘူမိဖဿ ကျောက်ဆင်းတု ရုပ်ပွားတော်မြတ်တစ်ဆူ သီတင်းသုံးတော်မူလျက်ရှိပြီး စေတီတော်၏ မြောက်ဘက်မုခ်တွင် ရုပ်တော်မှ ကျောက်ဆင်းတုတော်တစ်ဆူ



သို့ ထပ်မံ သွားရောက်ကြည့်ရှုကြသည့် လူအပေါင်း မြင်တွေ့လိုက်ကြရသည်။ ရှေ့အများ မှတ်များမှ နိမိတ်ထူးအောင်မြင်မှု တညီတညွတ်တည်း ထွက်ဆိုဖြစ်ကြသည်။

ထူးခြားသည်မှာ ပိန္နဲတိုင်တွင်ရှိ၍ စေတီတော်အောက်တိုင်မှ မြန်မာ့ရှေ့ဆင်းလာသော ဆရာတော် ဘဒ္ဒန္တ ညာဏ... (ဝိသယ်တိကမ္မဋ္ဌာန ဓရိယ)နှင့် ပန်းရုံဆရာသုံးဦးတို့သည် စေတီတော်ပေါ်၌ ပုတ်သင်ညိုကို လုံးဝ မမြင်မတွေ့ခဲ့ခြင်းပင် ဖြစ်သည်။ ပိန္နဲတိုင် လှူဒါန်းသော ဘုတလင်မြို့မှ ဦးစံရင်-ဒေါ်သန်းရွှေတို့ အောင်ဘာလေ သိန်းထီပေါက်သဖြင့် သိန်းထောက်ပံ ရရှိခဲ့သည်။ ဤသို့ဖြင့် ထီးတော်လှူရန် ဆရာတော်အား လျှောက်ထားရာ ဘုတလင်မြို့နေ ဦးကျော်ခွေ၊ သီတင်းသုံးနေတော်မူကာ အနောက်မုခ်တွင်ကား ၃ပေ ၅လက်မခန့်ရှိ မဟာမုနိ ကြာပေါ်တော်မူနေဟန် ကျောက်ဆင်းတု တစ်ဆူတို့ သီတင်းသုံးနေတော်မူလျက် ရှိနေပါသည်။ အရှေ့ဘက် ၃၀၊ အမြင့်ပေ ၄၅ပေ ဉာဏ်တော်အမြင့်ဆောင်သည့် အလိုတော်ပြည့် ပဋ္ဌာန်းစေတီတော်မြတ်ကြီး၏ ထီးတော်တင်ပွဲသည် အံ့ဖွယ်ထူးခြားရှိလှပါသည်။ ဆရာတော်သည် ကဆုန်လဆန်း ၁၀ရက်နေ့မှစ၍ ငါးရက်တိုင်တိုင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ရန် အဓိဋ္ဌာန်တင်ထားဖြစ်ခဲ့သဖြင့် ကဆုန်လဆန်း ၁၀ရက်နေ့မှစ၍ မဟာပဋ္ဌာန်းတော်မြတ်ကို စတင်ရွတ်ဖတ် ပူဇော်တော့သည်။

ကဆုန်လဆန်း ၁၁ရက်နေ့ ည ၁နာရီအချိန်ခန့်တွင်



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် ဦးပညာဝံသ ပျာယီပျာယာဖြင့် အိပ်ရာမှ ထဖြစ်သည်။ အကြောင်းမှာ ထူးခြားဆန်းကြယ်သော အိပ်မက်တစ်ခု မြင်မက်လိုက်ရသောကြောင့်ပင် ဖြစ်သည်။ အိပ်မက်အတွင်းတွင် ဆရာတော်သည် ကျောင်းတစ်ကျောင်းသို့ ရောက်သွားခဲ့သည်။ ကျောင်းရှေ့ရှိ သစ်ပင်အောက်တွင် ထိုင်နေမိစဉ် လေပြည်လေညင်းအသွင်မှ လေတဖြူးဖြူးအသွင်သို့ ပြောင်းလဲတိုက်ခတ်လာသည်။ တဖြည်းဖြည်းနှင့် တိုက်ခတ်လာနေသည့် လေကြောင်းအကြားတွင် ကြောက်မက်ဖွယ်ကောင်းသည့် မျက်နှာဝိုင်းကြီးတစ်ခု အထင်အရှားပေါ်လာသည်။

ဆရာတော်လည်း သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်နေဖြစ်သည်။ သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်ဆိုနေစဉ်မှာပင် ကြောက်မက်ဖွယ်ကောင်းလှသည့် မျက်နှာဝိုင်းကြီး ပျောက်သွားသည်။ ဆရာတော်လည်း ရလိုက်သည့် အောင်မြင်မှုအတွက် ပေါ့ပါးလန်းဆန်းသွားသည်။ ထိုသို့ဖြစ်နေစဉ်မှာပင် သံဃာတော်တို့ အလှည့်ကျ ရွတ်ဖတ်ပူဇော်နေသည့် မဟာပဋ္ဌာန်းရွတ်ဆိုသံ ပေါ်ထွက်လာသည်။ ဆရာတော်လည်း သံဃာတော်တို့ ရွတ်ဆို ပူဇော်နေသည့် ပဋ္ဌာန်းရွတ်သံကို အလေးထား ကြည်ညိုနေမိရင်း မေ့ခနဲ ပြန်လည်အိပ်ပျော်သွားတော့သည်။

၁၃၇၂ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်နေ့၊ ညနေ ၅ နာရီခန့်တွင် အနောက်အရပ်နှင့် အနောက်မြောက်ထောင့် အရပ်တို့တွင် အမဲရောင်သမ်းနေသည့် တိမ်လိပ်နှင့် အဝါရောင်သမ်းနေသော တိမ်လိပ်တို့ တဖြည်းဖြည်းတက်လာနေသည်။ ပဋ္ဌာန်းရွတ်နေသည်မှာ စေတီအနီး ထိုးထားသော ယာယီတဲ မဏ္ဍပ်ကလေးထဲတွင် ဖြစ်သည်။ ပတ်ဝန်းကျင်ကောင်းကင်တစ်ခွင်လုံး မည်းမှောင်တက်လာသည်တွင် ဆရာ



တော် ဦးပညာဝံသ(လယ်တီ ကမ္မဋ္ဌာနာစရိယ)က သိမ်ထဲ
တစ်ပါး ရွတ်ဖတ်ပေးရန် မိန့်တော်မူသည်။ ယာယီ မဏ္ဍ
လေးအား မိုးသည်းလာပါက ဆက်၍ ရွတ်ဖတ်သမူပြု
အခက်အခဲတွေ့မည် စိုးရိမ်သဖြင့် မိန့်တော်မူခြင်းပင် ဖြ
သည်။ သိပ်မကြာလိုက်ရပါ။ မိုးသည်းထန်လာသည်သာမက
ပြင်းထန်လွန်းသော လေမုန်တိုင်းတစ်ခု ဖြတ်သန်းတိုက်ခ
လာသည်နှင့် ကြုံရတော့သည်။ တရကြမ်းတိုက်၍ တရကြ
ရွာနေသော လေနှင့် မိုးတို့သည် မိနစ် ၃၀ သာသာ ကြ
ရမ်းစွာ လှုပ်ခတ်ပြီးမှ ငြိမ်သက်သွားသည်။

ငြိမ်သက်သွားချိန်ရောက်မှ ရွာထဲမှ ရွာသူရွာသားမျာ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနှင့် တည်လက်စ စေတီကို စိတ်မချသဖြင့် အလွှားရောက်လာကြသည်။ ကျောင်းနှင့် တည်လက်စ တော်ကို ပကတိ အကောင်းအတိုင်း မြင်တွေ့လိုက် အံ့အားတသင့်ဖြစ်ကုန်ကြသည်။ ဘိလပ်မြေပင် က်သေးသော စေတီတော် ပြိုခြင်း၊ အက်ခြင်း မရှိ စေတီအနီး ထိုးထားသော လေပြင်းဒဏ် လွင့်ပါး စီးနိုင်သော ယာယီ တဲမဏ္ဍပ်လေးကလည်း ယိုင်လဲ လွင့်ပါးခြင်းမရှိဘဲ အကောင်းပကတိ ကျန်ရှိနေခြင်းမှာ တော်များ ရွတ်ဆိုနေသည့် ပဋ္ဌာန်းတန်ခိုး၊ သမ္ဗုဒ္ဓေ ကြောင့်ပင် ရွာသူရွာသားများ လက်ခံ ယုံကြည် ဖြစ်သွားကြသည်။

ထိုမုန်တိုင်းကြောင့်ပင် ရွာထဲရှိ အိမ်အချို့ အထက် င် အမိုးရော အသားပါ အချပ်လိုက် ပြုတ်ထွက်ကာ ငဲ့ထွက်သွားခြင်း၊ ရွာအနောက်ဘက်တွင် တည်ရှိသည့် ည် မန်ကျည်းပင်အိုကြီးသည် ဓားဖြင့် ခြမ်းလိုက်သကဲ့ တစ်ခြမ်းပြုတ်ထွက်သွားခြင်းများ ရှိခဲ့သည်။ ဘုတလင်မြို့ အတွင်းရှိ ဘုရားစေတီအတော်များများ ပျက်စီးခဲ့သည်။ တော်ပြည့် ပဋ္ဌာန်းစေတီတော်မြတ်ကြီးနှင့် တစ်ရက် တစ်ချိန်တည်း ထီးတော်တင်မည့် စေတီတော်ကြီး ကြာမောက်ကြာလှန်မှ ပြုတ်ကျသွားခဲ့သည်။ ထိုမျှ ပြင်း ခဲ့သည့် မုန်တိုင်းကြီးနှင့် ကြုံတွေ့ခဲ့သော်လည်း အလို ပြည့် ပဋ္ဌာန်းစေတီတော်မြတ်နှင့် တင်မည့် ထီးတော် ထားရှိသည့် ယာယီ တဲမဏ္ဍပ်တို့မှာ မည်သို့မျှ ထိခိုက် စီးခြင်းမရှိဘဲ ဆက်လက်တည်နေနိုင်သည်မှာ အံ့မခန်း တန်ခိုးတော်တို့ အမှန်တကယ်တည်ရှိသောကြောင့်ပင် ပါသည်။

ထီးတော်တင်သည့် ကဆုန်လပြည့်နေ့တွင်လည်း ထူးခြားဆန်းကြယ်သည့် အနေအထားတစ်ရပ်ရှိနေခဲ့သည်။ ကဆုန်လပြည့်နေ့သည် အုံ့ဆိုင်းလျက်ရှိနေပြီး မိုးနင်းလေးများ က တဖွဲဖွဲကျလို့နေသည်။ မိုးလေး သည်းသည်းကျမည်ဆို ပါက ထီးတင်ပွဲလာ ပရိသတ်တို့ အုန်းအုန်းကျွက်ကျွက်ဖြစ် ကြမည်မှာ သေချာသည်။ ထီးတော်တင်ပြီးသည်အထိ မိုးစက် မိုးပေါက်တို့ ကျမလာသော်လည်း ကောင်းကင်တစ်ခွင် တစ်ပြင်သည် ပြိုတော့မလိုလိုနှင့် အုံ့ဆိုင်း အုံ့မှိုင်းလျက် ရှိနေသည်။ ဗုဒ္ဓါဘိသေက အနေကဇာတင်နေသည့်အချိန် အထိ မိုးတိမ်တို့က ထီးတစ်စင်း ကာမိုးထားသကဲ့သို့ ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံး မှောင်ရီသမ်းလို့ နေခဲ့သည်။ ဆွမ်းကြီးလောင်းပွဲနှင့် စာရေးတံမဲများ ဆက်ကပ်လှူဒါန်းပြီး သွားသော်လည်း ကောင်းကင်ပြင်က တိမ်ညိုတိမ်မဲ တွဲယုက် ကာထားဆဲပင် ဖြစ်နေသည်။ သို့သော် ပြုပြုသမျှ ကုသိုလ် ကောင်းမှု၏ အဖို့ဘာဂကို ရေစက်သွန်းချ အမျှပေးဝေလိုက် ချိန်တွင်ကား ကောင်းကင်တစ်ပြင်လုံးသည် မိုးကာထားသော ထီးကို ရုပ်လိုက်သည့်အလား မိုးသားတိမ်လိပ်တို့ ပျောက် ကွယ်ကုန်ကာ ကောင်းကင်တစ်ပြင်လုံးသည် ကြည်လင် ဝင်းပလျက် အလင်းရောင်များ တောက်သွားတော့သည်။ ထီးတော်တင်ပွဲသို့ ရောက်လာကြကုန်သော ရပ်ဝေးရပ်နီးမှ ပရိသတ်တို့၏ နှုတ်မှ "အလိုတော်ပြည့် ပဋ္ဌာန်းစေတီတော် မြတ်၏ တန်ခိုးတော်ကား ကြီးမားလှပါပေတကား" ဟု ရေ ရွတ်နေမိဖြစ်ကြပါတော့သည်။

ထူးခြားဆန်းကြယ် တန်ခိုးကြွယ်လှသည့် အလိုတော် ပြည့် ပဋ္ဌာန်းစေတီတော်မြတ်ထံပါး အရောက်သွား ကြည်ညို လိုပါလျှင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ နော ယင်းရွာ အောင်သုခကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာ ဝံသ(ဓမ္မာစရိယ) လယ်တီ ကမ္မဋ္ဌာနာ စရိယထံ ဦးတိုက် ကာ သွားနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

* * *

ဆန်းညွန့် (ဓမ္မာစရိယ)



www.burmeseclassic.com

www.burmeseclassic.com

# အနီးအဝေးမခက် ဆီး ဆေး တစ် လက်

ရောမြေ ကျော်ဝေ

တစ်နေ့တွင် ကျွန်တော်၏ ဘော်ဒါဆောင်တွင် နေထိုင်သော တက္ကသိုလ်ကျောင်းသူကလေး မဥမ္မာဝင်း၏ အမေသည် သူ၏ သမီးကို အောက်မေ့၍ မေးစမ်းပြီး ဘော်ဒါဆောင်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့လေသည်။

မဥမ္မာဝင်းမှ ကျွန်တော့်ကို သူ၏ အမေနှင့် မိတ်ဆက်ပေးပါသည်။

"ဘကြီး…ဒါ သမီးရဲ့ အမေလေ။ သမီးကို အောက်မေ့လို့ လာရင်းနဲ့ ဆေးခန်း လာပြတာပါ။ အစ်ကိုငယ်က လိုက်ပို့တာပါ"

မဥမ္မာဝင်း၏ အမေ ဒေါ်တင်ဝင်းသည် တောသူတောင်သားများပီပီ ရိုးသားပွင့်လင်း၍ အလွန်မှ ဖော်ရွေပါသည်။ ကျွန်တော်ကလည်း ဇနီးနှင့် မိတ်ဆက်ပေးပြီး ဒေါ်တင်ဝင်း ပြောပြမှ သားကြီး၏ မိတ်ဆွေတွေဟု သိရပါသည်။ ဒေါ်တင်ဝင်းသည် ကျွန်တော့်ကို ဆရာကြီးဟု ခေါ်ပါသည်။ သူနှင့် ကျွန်တော် အလ္လာပသလ္လာပ စကားတွေ ပြောရင်းဖြင့် ရွာတွင် ကျန်ခဲ့သော သူ၏ ခင်ပွန်း ဦးစိန်ဝင်းအကြောင်းသို့ ရောက်ရှိသွားပါသည်။

"ဒီလို ဆရာကြီးရဲ့ ကျွန်မခင်ပွန်း ဆီးရောဂါဖြစ်တာ မြှတက်ပြီး ဆရာဝန်တွေနဲ့ နှစ်ခါတောင် ပြကြည့်တာ၊ ပြတုန်းခဏပါပဲ။ သက်သာမလိုလိုနဲ့ ဆီးကျောက်တည်ပြီး ဆီးမပေါက်နိုင်ဘူး။ ကျွန်မလည်း ဘေးက ကြည့်ရုံသာ တတ်နိုင်တယ်။ ဘာမှလည်း လုပ်မပေးတတ်ဘူး။ မျက်လုံးပြူးမျက်ဆန်ပြူးနဲ့ ဆီးညှစ်မှ တစ်စက်နှစ်စက်သာ သွားပြီး မောမောနေတယ်။ ကိုစိန်ဝင်းကို ကြည့်ပြီး ကျွန်မရဲ့ အဖေက စိတ်မကောင်းဖြစ်မိပြီး သူမှတ်သားထားတဲ့ ဆီးနဲ့ ပတ်သက်တဲ့ ဆေးမြီးတိုလေးကို မှတ်စုစာအုပ်ထဲက တွေ့တော့ "ဟဲ့ - သမီး။ အလိုကျူမြစ်နဲ့ ကိုင်းမြစ်တွေကို လက်တစ်ဆုပ်စာလောက်ရအောင် သွားတူးစမ်း။ နောက်ပြီး ဝါးနက်ရွက် လက်တစ်ဆုပ်နဲ့ ကုန်းထိကရုံး ပဥ္စငါးပါး ၅ပင်

လောက်နှတ်ပြီး ရေစင်စင်ဆေးခဲ့။ ပြီးရင် ဒန်အိုးကြီးနဲ့ ပြုတ်
အားလုံးနွမ်းလောက်ရှိမှ အအေးခံပြီး နဝ့်ယောက်ျားကို မကြ
ခဏတိုက်ပေး။ မကြာခင် ဆီးပေါက်နိုင်လိမ့်မယ်"တဲ့။

အဖေပြောတဲ့အတိုင်းပါပဲ ဆရာကြီးရယ်။ မနက်တိုက်
လိုက်တာနဲ့ နေ့လယ်နေ့ခင်းမှာ သွားလိုက်တဲ့ ဆီးတွေ
ကျောက်တွေတောင် ကွဲပြီးပါလာတယ်။ ကိုစိန်ဝင်းလည်
ဆီးပုပ်၊ ဆီးဝါ၊ ဆီးခဲတွေနဲ့ ကျောက်တွေပါ ထွက်ကျတော့
နေသာ ထိုင်သာရှိသွားတော့တယ်။ သူကိုယ်သူ ဒီဆီးရောဂ
သေမယ်လို့တောင် ထင်ထားတာ။ အဖေ့ကိုလည်း ကျေ
တင်လိုက်တာမှ အဖေပေးတဲ့ အသက်ပဲ ရှိတော့တယ်
ပြီး အဖေ့ကို ဦးချကန်တော့လိုက်တာမှ မပြောနဲ့တော့
ဆရာကြီးက စာရေးဆရာဆိုတော့ ကျွန်မယောက်ျား လ
တွေ့ပျောက်တဲ့ ဆေးနည်းကိုလည်း ပြောပြချင်တာနဲ့ စာ
မဂ္ဂဇင်းတွေထဲမှာ အများပြည်သူအတွက် ငွေကုန်ကြေး
သက်သာပြီး ပျောက်စေချင်တဲ့ မေတ္တာ စေတနာတွေ
တကယ့်လက်တွေ့ပျောက်တဲ့ ဆေးနည်းအဖြစ် ဖော်ပြပေး
ချင်ပါတယ်။ ကျွန်မတို့ တောသူတောင်သားတွေရဲ့ စေတ
ကို ဆရာကြီးမှ "ယောက်ျားမှာ ဆီး၊ မိန်းမမှာ မီး"ဆိုသ
အတိုင်း ဖော်ပြပေးရင် ကောင်းမှာပါပဲ"ဟု ဒေါ်တင်ဝင်
ပြောသဖြင့် စာရေးသူလည်း ကုန်ကြမ်းရသည်နှင့် အ
ဝမ်းသာ ယခုကဲ့သို့ ဆောင်းပါးအဖြစ် တိုင်းသိပြည်သူ ဤ
ဆန်းကြယ်မဂ္ဂဇင်းကြီးမှတစ်ဆင့် ဖော်ပြပေးလိုက်ရပါ
သည်။

*ရှင်လာမ်းချမ်းမြေ့ကြပါစေ •*

* * *


ရောမြေကျော်

(တကယ့်လက်တွေ့ ပျောက်သော "အနီးအဝေးမ
ဆီးဆေး တစ်လက်"ကို မေတ္တာ စေတနာဖြင့် ပြောပြပေး
ရွာသာကုန်းရွာမှ ဒေါ်တင်ဝင်းကို ဤစာစုဖြင့် ကျေးဇူးပြုပါသ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သာဝတ္ထိပြည်ဝယ် "စာန"အမည်ရှိသော အမျိုးသားသည် အလယ်အလတ်တန်း သူကြွယ်မျိုးရိုးမှ မွေးဖွားလာခဲ့သူဖြစ်ပါသည်။

စာနသည် အရွယ်ရောက်လတ်သော် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရပြီး သံသရာဝဋ်ဆင်းရဲကို ထိတ်လန့် သံဝေဂရပြီး ဘုရားရှင်၏ သာသနာတော်၌ ရဟန်းအဖြစ်ကို ခံယူခဲ့သည်။ ရဟန်းအဖြစ်သို့ ရောက်သော် ရဟန်းဘွဲ့အမည်တွင် "ကောဏ္ဍဓာန မထေရ်"ဟု အမည်တွင်ခဲ့သည်။

ကောဏ္ဍဓာန မထေရ် ရဟန်းဖြစ်သောအချိန်မှစ၍ မထေရ်၏ နောက်တွင် လှပချောမောသော အမျိုးသမီးငယ် တစ်ယောက်သည် ထူးဆန်းစွာ တကောက်ကောက်လိုက် နေသည်။ ထိုအမျိုးသမီးငယ်ကို အရှင်ကောဏ္ဍဓာနက မမြင်မတွေ့။ ဘေးမှ လူအများက မြင်တွေ့နေကြရသည်။

မထေရ်မြတ် သာဝတ္ထိပြည်ထဲသို့ ဆွမ်းခံကြွဝင်သောအခါ ဆွမ်းလောင်းသူများက မထေရ်နောက်က ဆန်းကြယ်စွာ လိုက်နေသော မိန်းကလေးကို တွေ့မြင်ကြ၍ ပထမ အရှင်ကောဏ္ဍဓနေ သပိတ်ထဲသို့ ဆွမ်းတစ်ဇွန်းလောင်းထည့်ပြီးနောက်···

"အရှင်ဘုရား···ဤဆွမ်းတစ်ဇွန်းသည် အရှင်ဘုရားအတွက် ဖြစ်ပါသည်။ နောက်တစ်ဇွန်းကား အရှင်ဘုရား၏ အပေါင်းအဖော် မိန်းကလေးအတွက် ဖြစ်ပါသည် ဘုရား"

ဟု လျှောက်ထားပြီး လောင်းလှူကြလေ့ရှိသည်။

အရှင်ကောဏ္ဍဓာနမထေရ်နောက်သို့ မိန်းကလေးတစ်ယောက် တကောက်ကောက်လိုက်နေသည်ကို မြင်တွေ့ဖန်များသော် ရဟန်းတို့အတွက် ရှက်စရာကောင်းသည်။ သိက္ခာကျသည်။ လူအများ ကဲ့ရဲ့စရာဖြစ်သည်ဟု မှတ်ထင်ခဲ့ကြသည်။

သို့အတွက် ရဟန်းတို့သည် ကောဏ္ဍဓာနကို ဇေတဝန်ကျောင်းမှ နှင်ထုတ်ပေးစေရန် ကျောင်းဒါယကာ အနာထပိဏ်ထံသို့ သွားကြပြီး အရှင်ကောဏ္ဍဓနေနောက်သို့ အမျိုးသမီးငယ်တစ်ယောက် တကောက်ကောက်လိုက်နေပုံကို ပြောပြ၍···

"သူဌေးကြီး··· ဤသီလမရှိသော ရဟန်းကို သင်၏ ကျောင်းမှ နှင်ထုတ်ပါလော့။ ဤသီလမရှိသော ရဟန်းကို မှီ၍ ကျန်သော ရဟန်းကိုမှာ အထင်သေး အမြင်သေးခံရပြီး အကျော်အစောမဲ့ခံရပါ၏"

ဟု ပြောကြားကြသည်။

"အရှင်ဘုရားတို့···ကျောင်း၌ မြတ်စွာဘုရား မရှိဘူးလော"

"ဒါယကာကြီး···ရှိပါ၏"

"ဤသို့ဆိုလျှင် ဤကိစ္စကို ဘုရားရှင်အားသာ အသိပေး လျှောက်ထားကြပါ ဘုရား"

အနာထပိဏ်သူဌေးက ထိုသို့ လျှောက်ထားသောအခါ ရဟန်းတို့သည် သူဌေးကြီးကို မကျေမနပ်ဖြစ်ကြပြီး ဝိသာခါ ကျောင်းအမကြီးထံသို့ သွား၍ ပြောကြားကြပြန်ပါသည်။

ဝိသာခါ ကျောင်းအမကြီးကလည်း အနာထပိဏ်သူဌေးနည်းတူ ပြောပြလိုက်သောအခါ ရဟန်းတို့သည် မကျေမနပ် ဆက်လက်ဖြစ်ပေါ်ကြကာ ကောသလမင်းကြီးထံသို့ သွားကြ၍···

"မြတ်သော မင်းကြီး ··· ကောဏ္ဍဓာန အမည်ရှိသော ရဟန်းမထေရ်သည် မိန်းမတစ်ယောက်ကို ယူ၍ သွားလာ လှည့်လည်လျက် အလုံးစုံသော ရဟန်းတိုင်း ဂုဏ်သိက္ခာနှင့် အကျော်အစောမဲ့ကို ဖြစ်စေနေပါ၏။ ထိုမထေရ်ကို သင်မင်းကြီးပြည်နိုင်ငံမှ နှင်ထုတ်ပေးပါလော့"

ဟု တိုက်တွန်းပြောကြားကြပြန်သည်။

"အရှင်ဘုရား··· ထိုမထေရ်သည် အဘယ်အရပ်၌ နေပါသနည်း"

"မြတ်သော မင်းကြီး···ဇေတဝန်ကျောင်းအတွင်းရှိ ကျောင်းတစ်ကျောင်း၌ နေပါ၏"

"ဒါဆို အရှင်ဘုရားတို့ ကြွနှင့်တော်မူကြပါ။ ဒကာတော်သည် ထိုရဟန်းနှင့် မိန်းမကို ဖမ်းယူပါမည်"

◆◆◆

ညနေချမ်းအချိန်ရောက်လတ်သော် ကျောင်းတော်သို့ သွား၍ ထိုကောဏ္ဍဓာနမထေရ် သီတင်းသုံး နေထိုင်သော ကျောင်းအနီးအဝန်း၌ မင်းမှုထမ်း ယောက်ျားတို့ကို ဝိုင်းထားစေသည်။ မင်းကြီးကိုယ်တိုင် မထေရ် သီတင်းသုံးရာ ကျောင်းဆောင်ဆီသို့ ရှေ့ရှုသွားလေသည်။

မထေရ်သည် လူသံဆူသံများ ကြားသဖြင့် ကျောင်းမှ ထွက်၍ ကျောင်းအနီး၌ ရပ်တန့်နေလေသည်။ ထိုအခါ မထေရ်၏ နောက်နံပါး၌ မိန်းမငယ်သည် ပေါ်လာပြီး ရပ်တည်နေသည်ကို ကောသလမင်းကြီးကိုယ်တိုင် မြင်တွေ့လေသည်။

မထေရ်သည် ကောသလမင်းကြီးကိုယ်တိုင် မိမိထံ



www.burmeseclassic.com

www.burmeseclassic.com

သည်ကို သိ၍ ကျောင်းပေါ်သို့ တက်ကာ သီတင်းသုံးနေသည်။

ကောသလမင်းကြီးလည်း ကျောင်းပေါ်သို့ တက်၍ ထေရ်အနီးသို့ သွားသည်။ မထေရ်ကိုကား ရှိမခိုး။ ဦးမချ။ သို့သော် ထိုမိန်းမငယ်ကိုကား မမြင်တွေ့ ဖြစ်နေရပြန်သည်။

မင်းကြီးသည် တံခါးကြား၌ လည်းကောင်း၊ ညောင်င်းအောက်၌ လည်းကောင်း ရှာဖွေကြည့်ရှုသည်ရှိသော် ကလေးကို မတွေ့မမြင်ချေ။

"အရှင်ဘုရား... အစောက ဤနေရာ၌ မိန်းမတစ်ယောက်ကို မြင်ရ၏။ ထိုမိန်းမ အဘယ်မှာပါနည်း"

"မြတ်သော မင်းကြီး...ငါ့အနီးအနား၌ မိန်းမတစ်ယောက်ရှိနေသည်ဟု ဆိုကြပါ၏။ ထိုမိန်းမကို ငါ မတွေ့မြင်ချေ"

"အရှင်ဘုရား... ယခုပင်လျှင် ဒကာတော်သည် အရှင်ဘုရား၏ နောက်နံပါး၌ ထိုမိန်းမ တည်ရှိနေသည်ကို မြင်မိပါသေး၏"

"မြတ်သော မင်းကြီး...ထိုမိန်းမကို သင်သာ မြင်သည်၊ ငါ မမြင်မိပါချေ"

မင်းကြီးသည် ထူးခြားဆန်းကြယ်မှု ဖြစ်နေသော သဘာဝ တရားကို နားမလည်နိုင်ဖြစ်ကာ "ဤအကြောင်းအရာကား အသို့နည်း"ဟု ကြံစည် စဉ်းစားပြီးလျှင်...

"အရှင်ဘုရား...ဤအရပ်မှ ရှေးဦးစွာ ထွက်ကြွပေးတော်မူပါလော့"

ဟု လျှောက်ထားသည်။

မထေရ်က ထွက်ခွာကြွပေးပြီး ကျောင်းအနီး၌ ရပ်တည်နေသည်။ ထိုအချိန်တွင် မိန်းမက မထေရ်၏ နံပါး၌ ရပ်တည်နေသည်ကို ကောသလမင်းကြီးက ထူးဆန်းစွာ တွေ့မြင်နေမိပြန်သည်။

မင်းကြီးသည် တစ်ဖန် အထက်အပြင်သို့ တက်လာပြန်သည်။ မထေရ်က မင်းကြီး ပြန်တက်လာသည်ကို မြင်၍ နေရာ၌ ပြန်ထိုင်ပြန်သည်။

မင်းကြီးက မထေရ်၏ ပတ်ဝန်းကျင်၌ ထိုမိန်းမကို ရှာဖွေကြည့်ရှုပြန်သည်။ ထိုမိန်းမကို မတွေ့မြင်ပြန်၍...

"အရှင်ဘုရား...ခုနက အရှင်ဘုရားနံပါးမှာ ရပ်နေသော မိန်းမ အဘယ်မှာနည်း"

ဟု ထပ်မေးပြန်သည်။

"မြတ်သော မင်းကြီး...ငါ မမြင်မိပါ"

"အရှင်ဘုရား...အသို့ဆိုပါသနည်း။ ဒကာတော်သည် ယခုပင်လျှင် အရှင်ဘုရား၏ နံပါး၌ ထိုအမျိုးသမီးကို ကိုယ်တိုင်မြင်တွေ့ခဲ့ရပါ၏။

"မင်းကြီး...လူများအပေါင်းသည်လည်း ငါ၏ နောက်မှ မိန်းမလိုက်၏ဟု ဆိုကြပါ၏။ သို့သော် ငါသည်ကား မမြင်မိပါ"

ထိုအခါ ကောသလမင်းကြီးက အတုအပဂုဏ်မဲ့ဖြစ်တန်ရာသည်ဟု စဉ်းစားဆင်ခြင် သုံးသပ်မိပြီး မထေရ်ကို တစ်ဖန်...

"အရှင်ဘုရား...ဤအရပ်မှ ရှေးဦးစွာ ထပေးတော်မူပါဦး"

ဟု လျှောက်ထားပြန်သောကြောင့် မထေရ်က ထ၍ ဆင်းသက်ကာ ကျောင်းဦး၌ ရပ်ပြန်သည်။ ထိုအခါ မထေရ်၏ နံပါး၌ အမျိုးသမီးကို မင်းကြီး မြင်ပြန်လေသည်။ သို့အတွက် ကျောင်းထက်သို့ တက်၍ကြည့်ပြန်သည်။ အမျိုးသမီးကို မမြင်ရပြန်ချေ။ မထေရ်ကို မေးမြန်းသော် မထေရ်က ယခင်ကအတိုင်း အမျိုးသမီးကို ငါ မမြင်ဟု အဖြေပေးပြန်သည်။

"ထိုမိန်းမကား အတုအပအရုပ်သာလျှင် ဖြစ်ချေမည်" ဟု ကောသလမင်းကြီးသည် စဉ်းစားဆင်ခြင် ဆုံးဖြတ်ပြီးနောက်...

"အရှင်ဘုရား...ဤသို့သဘောရှိသော သာသနာတော်၏ အညစ်အကြေးသည် အရှင်ဘုရားတို့၏ နောက်မှ လိုက်နေသည်ရှိသော် တစ်ပါးသော တစ်စုံတစ်ယောက်သောသူသည် အရှင်ဘုရားတို့အား ဆွမ်းကို မလှူဒါန်းလတ္တံ့။ အမြဲမပြတ် တပည့်၏ နန်းတော်သို့ ဝင်ပါ။ တပည့်တော်သည် ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးပါမည်"

ဟု လျှောက်ထား၍ နန်းတော်သို့ ပြန်လေသည်။

•••

ထိုအကြောင်းကို ရဟန်းတို့က သိပြန်ပြီး မကျေမနပ် ဖြစ်ကြပြန်ကာ- စဝေးကြပြီး...

"ငါ့ရှင်တို့... ယုတ်မာသောမင်း၏ အမူအရာကို ကြည့်ကုန်ကြလော့။ ဤကောဏ္ဍဓာန ရဟန်းကို ကျောင်းတော်မှ နှင်ထုတ်ပါဟု ဆိုထားပါလျက် မနှင်ထုတ်သည့်အပြင် ပစ္စည်းလေးပါးတို့ဖြင့် ဖိတ်ကြားကာ သွားလေဘိ၏"

ဟု ကဲ့ရဲ့ကြပြန်ကုန်သည်။

အရှင်ကောဏ္ဍဓာန မထေရ်ကိုလည်း...

"အို...သီလမရှိသော ရဟန်း၊ ယခုအခါ၌ ကောသလ



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးသည် လူစတုံးသောသူဖြစ်လေပြီ"

ဟု ဆိုကြလေသည်။

ထိုအခါ ကောဏ္ဍာဓာနမထေရ်က ရေးအခါက စွပ်စွဲပြောဆိုမှုကို တုံ့ပြန်ပြောဆိုမှု မပြုခဲ့သော်လည်း ယခုတစ်ကြိမ်၌ သူပြည်ရွာအုပ်ချုပ်သော မင်းပါ ပါလာ၍…

"အရှင်ဘုရားတို့သာ သီလမရှိကုန်။ အရှင်ဘုရားတို့သာ လူစ,တုံးကြကုန်၏။ အရှင်ဘုရားတို့သာ မိန်းမကို ခေါ်၍ လှည့်လည်သွားလာကြကုန်၏"

ဟု ပြန်ပြောဆိုလေသည်။

ရဟန်းတို့သည် အရှင်ကောဏ္ဍာဓာနက ဤကဲ့သို့ ပြန်ပြောသည်ကို မကျေနပ်ကြ၍ မြတ်စွာဘုရားထံသို့ သွားရောက်ကြကာ…

"မြတ်စွာဘုရား…ကောဏ္ဍာဓာနမထေရ်သည် တပည့်တော်တို့ ပြောဆိုဆုံးမအပ်သည်ရှိသော် တပည့်တော်တို့အား ဒုဿီလ အစရှိသော စကားတို့ကို ဆို၍ ဆဲရေးပါသည် ဘုရား"

ဟု လျှောက်ထားကြသည်။

မြတ်စွာဘုရားရှင်သည် ကောဏ္ဍာဓာနမထေရ်ကို ခေါ်တော်မူ၍…

"ချစ်သား ရဟန်း…သင်သည် ရဟန်းတို့ကို ဤသို့ဆိုသည်ဟု ငါကြားတော်မူသည်။ မှန်သလော"

ဟု မေးတော်မူလေသည်။

"မြတ်စွာဘုရား…မှန်ပါသည် ဘုရား"

"အဘယ့်ကြောင့်ဆိုသနည်း"

ထိုအခါ အရှင်ကောဏ္ဍာဓာနမထေရ်က အဲကြောင်းဖြစ်စုံကို လျှောက်ထားပြလေသည်။

"ချစ်သား ရဟန်း… ဤရဟန်းတို့သည် သင်နှင့်အတူတကွ မိန်းမတစ်ယောက် မြင်နေကြ၍သာ ဆိုကုန်ကြသည်။ သင်သည် သူတို့မြင်သကဲ့သို့ မမြင်ဘဲလျက်သာ ဤရဟန်းတို့နှင့် အတူတကွ အဘယ့်ကြောင့် ပြောဆိုဘိသနည်း။ ရှေးဘဝ၌ သင်၏ ယုတ်မာသော အယူကို မှီ၍ ဤသို့သော သဘောသည် ဖြစ်ရသည်မဟုတ်လော"

ဟု ဘုရားရှင်က မိန့်ကြားတော်မူသည်။

"မြတ်စွာဘုရား…ဤရဟန်း၏ ရှေးဘဝက ပြုအပ်သော မကောင်းမှုကံကား အဘယ်ပါနည်း ဘုရား"

ထိုအခါ မြတ်စွာဘုရားက အရှင်ကောဏ္ဍာဓာနမထေရ်၏ ရှေးဘဝ ပြုခဲ့ဖူးသော မကောင်းမှုကံကို အတိတ်လှန်၍ ဟောကြားပြတော်မူသည်မှာ…

•••

ကဿပဘုရားရှင်လက်ထက်တော်အခါက ဖြစ်သည်။ အခွေခင်ပွန်းဖြစ်သော ရဟန်းနှစ်ပါးတို့သည် တစ်မိဝမ်းတွင်မှ သက်ဆင်းသူများပမာ အလွန်တရာ ချစ်ခင်ညီညွတ်ကြသည်။

သက်တော်ရှည် ဘုရားရှင်များ၏ လက်ထက်တွင် နှစ်တိုင်း တစ်နှစ်တစ်ကြိမ်သော် လည်းကောင်း၊ ခြောက်ထ… တစ်ကြိမ်သော်လည်းကောင်း ရဟန်းတို့သည် ဥပုသ်ပြုရ… စည်းဝေးကြလေ့ရှိပါသည်။

သို့အတွက် ထိုသူငယ်ချင်း ရဟန်းနှစ်ပါးတို့သည် ဥပုသ်အိမ်သို့ သွားရန် နေရာအရပ်မှ ထွက်ခဲ့ကြလေသည်… ထိုရဟန်းနှစ်ပါးတို့ကို တာဝတိံသာ နတ်ပြည်၌ နေသော… နတ်သားတစ်ယောက်သည် မြင်ရလျှင်…

"ဤရဟန်းတို့သည် အလွန်တရာ ညီညွတ်ကြကုန်… ဤရဟန်းတို့ ကွဲပြားစိမ့်သောငှာ တတ်နိုင်ကောင်းအံ့လော…

ဟု ကြံစည်မိလေသည်။ ထိုအချိန်တွင် ရဟန်းတစ်… က လမ်းခရီးကြား၌…

"ငါ့ရှင် တစ်ခဏမျှ ဆိုင်းငံ့ပါဦးလော့။ ကိုယ်လ… သုတ်သင်ခြင်းကိစ္စဖြင့် အလိုရှိပါသည်"

ဟု ပြောဆိုပြီး တောအုပ်ထဲသို့ ဝင်သွားလေသ…

ထိုအခါ နတ်သည် မိုက်မဲတွေဝေသော အကြံအ… ဖြစ်ကာ မိန်းမရုပ်အသွင် မိမိကိုယ်ကိုယ် ဖန်ဆင်းပြီး… မထေရ် ကိုယ်လက်သုတ်သင်ပြီး၍ တောအုပ်မှ အထ… လက်တစ်ဖက်ဖြင့် ဆံပင်အပေါင်းကို၊ လက်တစ်ဖက်…



www.burmeseclassic.com

www.burmeseclassic.com

ဘီရင်ဝတ်ကို တည်မြဲအောင် ကောင်းစွာ ဖေးဖေးမမပြု ခြင်းသျက် ထိုမထေရ်၏ နောက်နားမှ ကပ်လိုက်ပြီး ထွက် ခိုက်လာသည်။

ကိုယ်လက်သုတ်သင်သော ရဟန်းက ထိုအမျိုးသမီး ကို မမြင်။ စောင့်ဆိုင်းနေသော သူငယ်ချင်း ရဟန်းက ထိုမိန်းမပုံသဏ္ဌာန်ကို မြင်တွေ့ရလေသည်။ ထိုမိန်းမသည် စောင့်ဆိုင်းနေသော ရဟန်းက တွေ့ မြင်ပြီးသော် ကွယ် ပျောက်သွားလေသည်။

ဆိုင်းငံ့ စောင့်စားနေသော ရဟန်းသည် ကိုယ်လက် သုတ်သင်ပြီး၍ ပြန်လာသော ရဟန်း မိမိ၏ အနီးသို့ ရောက် လတ်သော်···

"ငါ့ရှင်···သင်၏ သီလသည် ပျက်ခဲ့လေပြီ"

ဟု ဆီး၍ ပြောဆိုလေသည်။

"ငါ့ရှင်···ငါ့အား ဤသို့သဘောရှိသော သီလပျက်ခြင်း ဟူသည် မရှိပါတကား"

"ယခုပင်လျှင် ငါသည် သင်၏နောက်မှ မိန်းမပျိုကို မြင်တွေ့ရပါ၏။ သင်သည် ငါ့အား ဤသို့သဘောရှိသော သီလပျက်ခြင်းဟူသည် မရှိရပါတကားဟု အဘယ့်ကြောင့် ဆိုလေဘိသနည်း"

အဆွေ သူငယ်ချင်း ရဟန်းသည် ထိပ်ထက်၌ မိုးကြိုး လွှမ်းမိုးပစ်ချခံရသကဲ့သို့ ဖြစ်ပေါ် ခံစားမိသွားကာ···

"ငါ့ရှင်···ငါ့အား မဖျက်ဆီးပါလင့်။ ငါ့အား ဤသို့ သဘောရှိသော သီလပျက်ခြင်းဟူသည် မရှိပါ"

"ငါ့ရှင်···ငါသည် ကိုယ်တိုင်မျက်စိဖြင့် မြင်အပ်၏။ သင့်အား အဘယ်ကြောင့် ယုံကြည်နိုင်ပါအံ့နည်း"

ဟု ပြောပြီးလျှင် ရဟန်းနှစ်ပါးတို့သည် တုတ်၊ လှံတံ တို့ ထက်ပိုင်းကျိုးသကဲ့သို့ စိတ်ဝမ်းကွဲကြကာ တစ်ပါးစီ ခွဲသွားကြလေတော့သည်။

ဥပုသ်အိမ်သို့ ရောက်သောအခါ၌လည်း "ငါသည် ဤရဟန်းနှင့် အတူတကွ ဥပုသ်မပြုနိုင်အံ့"ဟု နှလုံးသွင်း လျက်နေလေသည်။

အစွပ်စွဲခံရသော ရဟန်းသည် ရဟန်းအများကို···

"အရှင်ဘုရား···တပည့်တော်၏ သီလ၌ အနုမြူမျှ လည်းဖြစ်သော မည်းနက်ခြင်းမည်သည် မရှိပါ ဘုရား"

ဟု လျှောက်ထား တောင်းပန်လေသည်။ မြင်သော ရဟန်းကလည်း···

"အရှင်ဘုရားတို့···ဤရဟန်းသည် မာတုဂါမနှင့် သီလပျက်ပြီး တောထဲမှ ထွက်လာသည်ကို တပည့်တော် ကိုယ်တိုင် ဒိဋ္ဌမြင်တွေ့ခဲ့ရပါသည်"

ဟု ပြောလေသည်။

ထိုပြဿနာကို သိရှိသွားသော နတ်သားသည်···

"ငါပြုအပ်သောအမှုသည် ဝန်လေးလှ၏တကား"

ဟု ကြီးစွာသော သံဝေဂနှင့် ကြောက်လန့်မှု ဖြစ်ပွား မိလေသည်။ ထို့နောက် နတ်သားသည် ကောင်းကင်မှနေ ၍···

"အရှင်ဘုရား··· ထိုရဟန်းသည် သီလပျက်စီးခြင်း မရှိပါ။ တပည့်တော်သည်ကား စုံစမ်းလိုသော သဘောဖြင့် ဤအမှုကို ပြုမိခြင်းသာ ဖြစ်ပါသည်။ ဤရဟန်းနှင့်အတူ ဥပုသ်ပြုတော်မူကြပါ ဘုရား"

ဟု လျှောက်ထားသောအခါ ရဟန်းတို့သည် နတ်သား ၏ စကားကို ယုံကြည်ကြကာ ဥပုသ်အတူပြုကြလေသည်။

ထိုသို့ပြုသော်လည်း မထေရ်အပေါ်၌ ရေးကကဲ့သို့ နူးညံ့သော စိတ်ထားမဖြစ်တော့ပေ။

နတ်၏ ရေးမကောင်းမှုကံသည် ဤမျှသာတည်းဟု ဘုရားရှင်က မိန့်ကြားတော်မူသည်။

•••

ထို့နောက် ဘုရားရှင်က ဆက်လက်၍···

"ချစ်သား ရဟန်း···ဤမကောင်းမှုကံကို အမှီပြု၍ သင်သည် ဤဖောက်ပြန်သော အခြင်းအရာကို ရောက်ရ၏။ ယခုအခါ သင့်အား တစ်ဖန် ထိုသို့သဘောရှိသော ယုတ်မာ သောအယူကို ယူခြင်းငှာ မသင့်သော နားရေး၌ ဖြတ်သော ကြေးခွက်နှင့်တူစွာ အသံမရှိသည်ဖြစ်ဘိလော့။ ဤသို့ ပြု သည်ရှိသော် နိဗ္ဗာန်သို့ ရောက်သောသူဖြစ်လေအံ့"

ဟု မိန့်ကြားတော်မူသည်။

ဘုရားရှင်၏ ဒေသနာတော်အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်သို့ ရောက်ရှိကြကုန် သည်။

ကောဏ္ဍဓာန မထေရ်သည် ဘုရားရှင်၏ အဆုံးအမ ၌ တည်၍ ရဟန္တာအဖြစ်သို့ ရောက်ရှိသွားရလေသည်။

•••

ထိုအချိန်တွင် အနာထပိဏ်သူဌေးကြီး၏ သမီး စူဠ သုဘဒ္ဒါသည် မိစ္ဆာအယူရှိသော ဥဂ္ဂမြို့ သူဌေးကြီး၏ သား နှင့် လက်ထပ်ခဲ့ပြီး ဥဂ္ဂမြို့သို့ လိုက်ပါသွားရသည်။ စူဠသုဘဒ္ဒါ ၏ လင်နှင့် ယောက္ခမတို့သည် အဝတ်မဝတ်သော တက္က တွန်းများကို ကိုးကွယ်သူများ ဖြစ်ကြသည်။

စူဠသုဘဒ္ဒါ ဥဂ္ဂမြို့သို့ ရောက်သောအခါ ယောက္ခမ



www.burmeseclassic.com

www.burmeseclassic.com

များက မင်္ဂလာဆွမ်းအဖြစ် မိမိတို့ ကိုးကွယ်သော တိတ္ထိ တက္ကတွန်း ဆရာကြီးများကို ဆွမ်းဖိတ်ကျွေးသည်။ ဆွမ်းကျွေး ပြီးသောအခါ ယောက္ခမများက စူဠသုဘဒ္ဒါကို သူတို့၏ တိတ္ထိ ဆရာကြီးများကို လာရောက်ရှိခိုးရန် ခေါ်သည်။ စူဠသုဘဒ္ဒါ က အဝတ်မဝတ်သော တက္ကတွန်းများကို မြင်တွေ့သောအခါ စက်ဆုပ်ရွံရှာပြီး ရှေ့ဆက်လည်း မသွား၊ ရှိလည်း မခိုးချေ။

သို့အတွက် ယောက္ခထီးကြီးက စိတ်ဆိုးပြီး အိမ်မှ နှင်ထုတ်ဖို့ လုပ်သည်။ စူဠသုဘဒ္ဒါက နှင်ထုတ်မခံ။ အနာ ထပိဏ်ထည့်ပေးလိုက်သော ပညာရှင်အဖွဲ့၏ အဆုံးအဖြတ် ကို ခံယူခဲ့သည်။

ထိုအခါ စူဠသုဘဒ္ဒါက အနိုင်ရခဲ့သည်။ ထို့ကြောင့် စူဠသုဘဒ္ဒါ၏ ယောက္ခမ(အမ)က စူဠသုဘဒ္ဒါ ကိုးကွယ်သော ဘုရားရှင်အကြောင်းကို မေးမြန်းသည်။

စူဠသုဘဒ္ဒါက မိမိတို့မိသားစု ကိုးကွယ်ခဲ့သော ဘုရား ရှင်၏ ဂုဏ်ကျေးဇူးများကို ပြောပြရာ ယောက္ခမ(အမ) က ထိုဘုရားရှင်ကို ဥဂ္ဂမြို့သို့ ပင့်၍ ရ,မရ မေးမြန်းသောအခါ စူဠသုဘဒ္ဒါက ရကြောင်း ပြောပြသည်။

ယောက္ခမ(အမ)ကြီးအား ဘုရားရှင်နှင့် သံဃာတော် များအတွက် ဆွမ်းကို စီမံပြုလုပ်စေပြီး မိမိက သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေသော ဘုရားရှင်ကို ပန်း[...] လွှတ်၍ အမိဋ္ဌာန်ပြုပြီး ပင့်ဆောင်ခဲ့သည်။

ဘုရားရှင်သည် စူဠသုဘဒ္ဒါ ပင့်ဖိတ်ချက်ကို လက်ခံ[...] ပြီး ရှင်အာနန္ဒာကို စူဠသုဘဒ္ဒါ ပင့်ဆောင်ရာ ဥဂ္ဂမြို့[...] အရိယာပုဂ္ဂိုလ်ချည်းသာသွားရန် မိန့်ကြားထားသည်။ ရှင်အာ[...] နန္ဒာသည် စာရေးတံမဲကို အရိယာ ပုဂ္ဂိုလ်များကိုသာ ပေး[...] ရန် စီစဉ်ရသည်။

ထိုခဏမှာပင် အရှင်ကောဏ္ဍဓာနသည် ရဟန္တာဖြစ်[...] သွား၍ ကောင်းကင်သို့ ပျံတက်ကာ ရှင်အာနန္ဒာထံမှာ ရှိသော စာရေးတံမဲကို ဦးစွာရယူနိုင်သည်။

သို့အတွက် ဘုရားရှင်မှာ အရှင်ကောဏ္ဍဓာနအား စာရေးတံမဲကို ပထမဆုံး ရယူနိုင်သောအရာ၌ တေဒဂ်ဘွဲ့ ချီးမြှင့်တော်မူသည်။

* * *

တက္ကသိုလ်သျှင်သိင်္ဂီ(မော်စရိယ၊ ဘီ-အေ)

ကျမ်းကိုး

- ဓမ္မပဒ ဒဏ္ဍာဝတ် ကောဏ္ဍဓာနမထေရ်ဝတ္ထု။

(အာကာသနက္ခတ္တဗေဒကျမ်းကျင်ပညာရှင်)

ခေတ္တာရာဆရာကျော်

[အာကာသနက္ခတ္တဗေဒကျမ်းကျင်ပညာရှင်]

အထူးဟောစာတမ်းများ မှာယူနိုင်ပါသည်။ နယ်မှငွေကြိုပို့ပါ။

သင့်စီးပွားရေး. . . တိုးတက်မှာလား/ဆုတ်ယုတ်မှာလား
သင့်အလုပ်အကိုင်. . . အောင်မြင်မှလား/ကျရှုံးမှာလား
သင့်အိမ်ထောင်ရေး. . . တည်မြဲမှာလား/ကွဲကွာမှာလား
သင့်အချစ်ရေး. . . ဖြောင့်ဖြူးမှာလား/ရှုပ်ထွေးမှာလား
သင့်နိုင်ငံခြားခရီး. . . ကံကောင်းမှာလား/ကြန့်ကြာမှာလား

အသေးစိတ်ရေးထားသော
အထူးဟောစာတမ်းကြီး ၂၀၀၀ဝိ/-
ဗေဒင်စာတမ်းကြီး ၁၀၀၀ဝိ/-

နှစ်,လ,ရက် အထိ တွက်ချက်အဟောထုတ်ပေးသည်။ ထိရောက်သော ယတြာများဖြင့် အကြံပြုပေးသည်။

အမှတ် (၁၄၃၂)၊ ၁နမာလမ်း၊ (၅၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၈၄၆၄၂၊ ၀၉၅၁၃၁၀၆၁၉၄



www.burmeseclassic.com

www.burmeseclassic.com

# သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ကြီး၏
# သက်တော် ၈၉ နှစ်ပြည့် မွေးနေ့ပူဇော်ပွဲနှင့် ချီးမြှင့်သော ဂါထာ၊ ဩဝါဒများ

■ ဂမ္ဘီရ ဆရာလှမျိုး (B.Sc) ■



www.burmeseclassic.com


www.burmeseclassic.com

သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ကြီး၏ ဝိဇာတ မွေးနေ့မင်္ဂလာပူဇော်ပွဲကြီး နှစ်စဉ် ဇန်နဝါရီလ ၁၃ရက်နေ့တွင် ဗိုလ်တထောင်စေတီ ဆိပ်ကမ်း ဓမ္မာရုံ၌ ကျင်းပပါသည်။ လွန်ခဲ့သော ၅နှစ်၊ သက်တော် ဂ၅နှစ်ပြည့် မွေးနေ့ပူဇော်ပွဲမှစ၍ စာရေးသူကိုယ်တိုင် သွားရောက်ပူဇော်ကာ "နေလ"ဂျာနယ်တွင် ပူဇော်ပွဲသတင်း ရေးသားဖော်ပြခဲ့ပါသည်။ လွန်ခဲ့သော ၅နှစ်ခန့်က ကျော်အောင်စံထား မွေးနေ့ ပူဇော်ပွဲနှင့် မြန်နန်းနွယ် မွေးနေ့ပွဲကို ဂျာနယ်တွင် စတင်ရေးသားဖော်ပြခဲ့သူမှာ စာရေးသူပင်ဖြစ်သည်။ ဆရာတော်ကြီး၏ မွေးနေ့ပွဲ ၂နှစ်ဆက်တိုက် ပူဇော်ပြီး တစ်နှစ်တွင် ရန်ကုန် မကြွဖြစ်၍၊ မန္တလေးတိုင်းဒေသကြီး အမရပူရ ရွှေမြို့တော်ရှိ ကျော်အောင်စံထား ကျောင်းတိုက်သို့ စာရေးသူကိုယ်တိုင် သတင်းသွားယူကာ ရေးသားဖော်ပြပေးခဲ့ပါသည်။

ကျေးဇူးတော်ရှင် သတ္တမမြောက် ကျော်အောင်စံထား ဆရာတော် ဦးဝါယာမာဘိဝံသသည် အလောင်းတော်ကဿပ ခရီးသွားမှတ်တမ်း စာအုပ်သည် လူသိများသော ကိုယ်တွေ့မှတ်တမ်းစာအုပ်ဖြစ်ပါသည်။ စာရေးသူ စတင်ဖတ်ခဲ့ရစဉ်က လက်နှိပ်စက်နှင့် ရိုက်ထားသော စာအုပ်ဖြစ်ပါသည်။ ထို့နောက် ဓမ္မဒါနအဖြစ် ကျိုက်ထီးရိုးခရီးသွား၊ ဗုဒ္ဓဂယာခရီးသွား၊ သီရိလင်္ကာခရီးသွား မှတ်တမ်းများ ဆက်ထွက်ပါသည်။ ထို့အပြင် ပုတီးစိပ်နည်းကျမ်း ပထမ၊ ဒုတိယ၊ တတိယ အတွဲသုံးတွဲ ဆက်ထွက်ပါသည်။

ဆရာတော်သည် စာရေးစာဖတ် ဝါသနာပါသူဖြစ်သည်။ လောကုတ္တရာပညာတွင် သက်တော် ၂၄နှစ်မှာ ပရိယတ္တိစာပေသင်ရိုးကြီး ပြီးသည်။ ၂၅နှစ်မှာ လန်ဒန်မက်ထရစ် သင်သည်။ ၂၅နှစ်မှာ မက်ထရစ်အောင်ပြီး တက္ကသိုလ်ဆက်တက်ရာ ၂၈နှစ်တွင် ဘီအေ နောက်ဆုံးနှစ်သို့ ရောက်သည်။ ဆဋ္ဌမမြောက် ကျော်အောင်စံထား ဆရာတော် မကျန်းမာ၍ ကျောင်းထွက်ပြုစုပြီး ဆရာသခင် ပျံလွန်တော်မူ၍ ဈာပနကိစ္စဆောင်ရွက်ပေးသည်။ ၂၈နှစ် တန်ဆောင်မုန်းလဆုတ် ဂ-ရက်နေ့မှစ၍ မြန်မာပြည်၊ အိန္ဒိယ၊ သီဟိုဠ်(သီရိလင်္ကာ)တို့သို့ ထွက်သွား၍ အဓိဋ္ဌာန်ပုတီးစိပ်၊ အဓိဋ္ဌာန်အောင်၍ သက်တော် ၄၀နှစ်တွင် ပြန်လာသည်။

သက်တော် ၄၀နှစ်မှစ၍ ယနေ့တိုင် သာသနာပြုနေပါသည်။ အချို့ကလည်း မ•ဆ•လ ခေတ် သာသနာတော်သန့်ရှင်းရေးတွင် ပါဝင်၍ ရသေ့ဝတ်ဖြင့် သာသနာပြုနေသည်ဟု ဆိုပါသည်။ ထိုအချိန်က ဗေဒင်ယော၊ ဆေးကု၊ အင်းအိုင်၊



[redacted]

လက်ဖွဲ့အစီအရင်ဆောင်ရွက်ပေးသော ဘုန်းကြီးများကို ထွက်စေသည်ဟု ဆိုပါသည်။ သတ္တမမြောက် ကျော်အော စံထား ဆရာတော်၏ ဂုနေ့သားသမီး တပည့်သားသမီးမျ ကြီးပွားချမ်းသာရေးအတွက် လောကီရေးရာများ ဆောင်ရွ ပေးပါသည်။ ကိုယ်တော်တိုင် ပုတီးစိပ် အဓိဋ္ဌာန်ကျင့်စဉ်မျ ကျင့်၍ ဂုနေ့သားသမီးကိုလည်း ကျင့်စေသည်။ လော ရေးရာများကို လမ်းညွှန်ပေးခြင်းသာ ရှိပါသည်။ ကိုယ်တို ဆောင်ရွက်ပေးခြင်း မတွေ့ရပေ။ ယနေ့ခေတ်တွင်လည် လောကီရေးရာ ဆောင်ရွက်နေသော ဘုန်းကြီးများစွာ ရှိ သည်။ မ•ဆ•လ ခေတ်ကလို ဆောင်ရွက်ပါက သုံးပုံတစ် လောက် လျော့သွားနိုင်ပါသည်။ သတ္တမမြောက် ကျေ အောင်စံထား ဆရာတော် ချီးမြှင့်ခဲ့သော ပုတီးစိပ်နည်း "ဘိုးဝါယာမာ ချီးမြှင့်သော ပုတီးစိပ်နည်း"ဟု ယခင်ခေတ် မဂ္ဂဇင်းတွင် ရေးတာ ဖတ်ဖူးပါသည်။ မည်သို့ပင် ဆိုစေကာ နှစ်စဉ် ဗိုလ်တထောင်စေတီနှင့် အမရပူရမြို့တွင် သက်ဆိုင် ခွင့်ပြုချက်ဖြင့် မွေးနေ့ပူဇော်ပွဲကြီးကို ခမ်းနားကြီးကျယ် ပြုလုပ်လျက်ရှိပါသည်။ ဖိတ်စာဖြင့် ဖိတ်ကြားခြင်းမရှိ ဓမ္မာရုံအပြည့် လူတစ်ထောင်နီးပါး နှစ်စဉ် လာရောက်ပူဇေ လျက် ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



[redacted]

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ ကျော်အောင်စံ
ထားတိုက်တွင် ဆရာတော် ဆောက်လုပ်ထားသော သာသနိက
အဆောက်အအုံများ၊ တန်ဆောင်း၊ ဘုရားစေတီ၊ သိမ်၊
ကျောင်း၊ မွေ့ရုံများ ရှိပါသည်။ ကျော်အောင်စံထား ဆရာ
တော်ကြီးသည် ရန်ကုန်မြို့သို့ ကြွတိုင်း နံနက်/ည ရွှေတိဂုံ
စေတီ ရာဟုထောင့်သို့ ကြွကာ ပဋ္ဌာဝါရ ပဋ္ဌာန်းပူဇော်ခြင်း၊
ဘုရားဂုဏ်တော်ပွား မေတ္တာပွားခြင်းကို တပည့်များနှင့်အတူ
ဆောင်ရွက်လျက်ရှိပါသည်။ ကျိုက်ထီးရိုးစေတီသို့ ကြွ၍
ညအိပ်ကိုးထောင် ပူဇော်ပါသည်။ ကျမ်းပေါင်း ၂၀ကျော်လည်း
ရေးသားပြုစုပြီးဖြစ်ပါသည်။ ဂါထာမန္တန်နှင့် ပတ်သက်၍
"ဂါထာမန္တန်ကျမ်းမြတ်မဟာ"ကို ရေးသားပြုစုထားသည်မှာ
အပြည့်စုံဆုံး ကျမ်းဟူ၍ပင် ဆိုနိုင်ပါသည်။ စာဖတ်ပရိသတ်
များအနေဖြင့် သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်
၏ သီလ၊ သမာဓိ၊ ပညာကို ယုံကြည်ပြီး လက်တွေ့လိုက်နာ
ကျင့်ဆောင်ကြပါက အကျိုးထူး မုချ ခံစားရမည်။

နှစ်စဉ် မွေးနေ့ပူဇော်ပွဲကြီးတွင် ဆရာတော်ကြီး၏
တပည့် ဒါယကာ၊ ဒါယိကာမများသည် မွေ့ခါနတရားစာအုပ်၊
ဩဝါဒ၊ လွယ်အိတ်၊ ယပ်တောင်၊ ဓာတ်ပုံ၊ ပြက္ခဒိန်၊ ပုတီး၊
လည်ဆွဲ၊ လက်ကိုင်ပဝါ၊ မုန့်အမျိုးမျိုးတို့ကို ကုသိုလ်ဒါနပြု
ကြပါသည်။ ဆရာတော်၏ တပည့် ပဋ္ဌာဝါရအဖွဲ့မှ ဦးစီးပြီး
ကံစမ်းမဲဖောက်ပေးပါသည်။ ဘုရားရုပ်ပွားတော်၊ ဘုရားပုံတော်၊
ဆရာတော်ကြီးပုံတော်၊ တရားစာအုပ် စသည့် ရတနာသုံးပါး
နှင့် ဆိုင်သော ပစ္စည်းများကို ဆရာတော်ကိုယ်တိုင် မဲနှိုက်
ပေး၊ ချီးမြှင့်ပေးတော်မူပါသည်။

မွေးနေ့ကိတ်ကြီးအား လှူဒါန်းခြင်း၊ ဗိုလ်တထောင်
စေတီ ဆီမီးပူဇော်ရန် အလှူငွေ လှူဒါန်းခြင်း၊ အစားအစာ
အာဟာရများ ကျွေးမွေးခြင်း၊ မေတ္တာပို့သခြင်း၊ ရွှေမိုးငွေမိုး
ရွာသွန်းဖြိုးခြင်းဖြင့် သက်တော် ၇၉နှစ်ပြည့် မွေးနေ့ပူဇော်ပွဲ
ကြီးကို အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။

ဓမ္မမိတ်ဆွေဖြစ်သူ ဦးမျိုးချစ်-ဒေါ်ခင်စန်းဝေ၊ သမီး
မတင်နီလာချစ်၊ မခင်နီမာချစ်မှ ဆရာတော်၏ ဂုဏ်တော်
ပုတီးစိပ်နည်းနှင့် အခြားပုတီးစိပ်နည်းများစာအုပ် ဓမ္မဒါနပြု
ပါသည်။

**အားလုံးသော အလိုဆန္ဒနှင့် အလုံးစုံသော
သိဒ္ဓိတို့ကို ရရှိနိုင်ပြီး ကပ်ကြီးသုံးပါး
ကျော်လွှန်နိုင်စေသော ၇ရက်သားသမီး
မွေးနံအလိုက် ပုတီးစိပ်နည်း**

| | |
|---|---|
| တနင်္ဂနွေ | - အရဟံသိဒ္ဓိ |
| တနင်္လာ | - သမ္မာသမ္ဗုဒ္ဓေါသိဒ္ဓိ |
| အင်္ဂါ | - ဝိဇ္ဇာစရဏသမ္ပန္နောသိဒ္ဓိ |
| ဗုဒ္ဓဟူး | - သုဂတောသိဒ္ဓိ |
| ကြာသပတေး | - လောကဝိဒူသိဒ္ဓိ |
| သောကြာ | - အနုတ္တရောပုရိသ ဒမ္မသာရထိ |
| စနေ | - သတ္ထာဒေဝ မနုဿနံသိဒ္ဓိ |
| ရာဟု | - ဗုဒ္ဓေါသိဒ္ဓိ |

တနင်္လာ(ညနေ)-ဘဂဝါသိဒ္ဓိ

တနင်္ဂနွေသားသမီးသည် မိမိမွေးနေ့ တနင်္ဂနွေနေ့မှစ၍
အရဟံသိဒ္ဓိ ပုတီးတစ်လုံးချ ပုတီး ၂၇ပတ် နေ့စဉ်စိပ်ပါ။
သိဒ္ဓိ မဟိဒ္ဓိပေါက်ပြီး အကြားဓာတ်၊ အမြင်ဓာတ်ရသည်အထိ
စိပ်လိုပါက ၂၇ပတ်(၂၇ရက်)၊ ၃၆ပတ်(၃၆ရက်)၊ ၄၅ပတ်
(၄၅ရက်) စသည်ဖြင့် ၅၄၊ ၆၃၊ ၇၂၊ ၈၁၊ ၉၀၊ ၉၉၊ ၁၀၈
ရက်အထိ စိပ်သွားရမည်။ သာမန် ပုဂ္ဂိုလ်အနေဖြင့် နေ့စဉ်
ပုံမှန် ၂၇ပတ် စိပ်နိုင်လျှင် ကပ်သုံးပါးကျော်ပြီး ကောင်းကျိုး
လိုရာဆန္ဒပြည့်ဝမည်မှာ အမှန်ပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သတ္တမမြောက် ကျော်အောင်စံထား အမြဲရွတ်ဖတ်ပူဇော်ရှိခိုးသော ဂါထာတစ်ပုဒ်မှာ သုဂတော ၅ချက်ဂါထာဖြစ်သည်။ ထိုဂါထာဖြင့် အလောင်းတော် ကဿပ အဓိဋ္ဌာန်ခရီးကြွခဲ့သည်။

### သုဂတော ငါးချက်ဂါထာ

(၁) သုဂတော
(၂) သုဂတော ဌာနံ
(၃) သုဂတော သုန္ဒရံ ဝိစ
(၄) သုဂတော နိဗ္ဗာနံ ယာတိ
(၅) သုဂတော တေ နမောနမာ

### သုဂတော ငါးချက်အဓိဋ္ဌာန်ဝင်ရန်

မိမိမွေးနေ့မှစ၍ အဓိဋ္ဌာန်ဝင်ပါ။ ကြံစည်သမျှ အောင်မြင်လိုလျှင် အနန္တငါးပါး ငါးဖီးပွဲလှူပါ။ တစ်ကြိမ်ဝင်လျှင် တစ်ခါပွဲထိုးလှူပါ။ သားကြီးငါးကြီးရှောင်ပါ။ သက်သတ်လွတ်စားနိုင်လျှင် ပိုပြီးကောင်းသည်။

(၁) ပထမအကြိမ် ၈၁ရက်
(၂) ဒုတိယအကြိမ် ၉၀ရက်
(၃) တတိယအကြိမ် ၁၀၈ရက်

(ရာသက်ပန် တစ်နေ့ ၂၇ပတ် စိပ်နိုင်လျှင် ပိုပြီးအကျိုးထူးစေပါသည်။)

နေ့စဉ် သုဂတော ၅ချက် ဂါထာတော်ကို ၂၇ပတ် စိပ်ပါ။ ဤအဓိဋ္ဌာန် အောင်မြင်ပါက ကိုယ်ဖြစ်ချင်တာကို ပြည့်ပြည့်ဝဝဖြစ်စေမည်မှာ မြေကြီးလက်ခတ်မလွဲပါ။

ဤသုဂတော ၅ချက် ဂါထာတော်သည် အာယုသိဒ္ဓိ ဗိုမထိုးရာဘဲနှင့် ပေါက်တယ်။ ရွှေငွေလည်း ဖြစ်တယ်။ နတ်လူ အပေါ် သြဇာလည်း ကြီးတယ်။ အလွန်အကျိုးကြီးတယ်။

သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ကြီး အရှင်ဝါယာမာဘိဝံသ(အမရပူရ)၏ မေတ္တာ+စေတနာ နောက်ဂါထာတစ်ပုဒ်မှာ "ပဉ္စမံ ဂါထာတော်" ဖြစ်သည်။

ပထမံ(ပဉ္စမံ)ဂါထာတော်၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂတည်းဟူသော သစ္စာလေးပါးတို့တွင် တစ်ပါးတစ်ရေးစီ၌ အနက်လေးမျိုးစီ ရှိ၏။ ထိုလေးမျိုးသော အနက်တို့တွင် ပထမအနက်သည်သာ ထိုသစ္စာ၏ မူလအနက်၊ ပင်ကိုယ်အနက် သဘာဝ လက္ခဏာဖြစ်သည်ကို ပြဆို၏။ ဒုတိယ စသော အနက်သုံးပါးတို့ကို ပထမ သစ္စာမှ ကျန်သစ္စာသုံးပါးတို့ကို ထောက်၍ ဝေဖန်



[redacted]

ပိုင်းခြား၍ သိမြင်ရမည်ဟု သစ္စာလေးပါးတို့၏ အပြန်အလှ အကြောင်းအကျိုးအားဖြင့် လည်းကောင်း၊ ဆန့်ကျင်သေ အနက်အဓိပ္ပာယ်ကို ယူသောအားဖြင့် လည်းကောင်း၊ သ အနက် တစ်ဆယ့်ခြောက်ချက်တို့ကို ပြဆိုခြင်းဖြစ်သည်

### ပဉ္စမံ ဂါထာတော်

ပဉ္စမံ သကလက္ခဏ မေကပဒံ၊
ဒုတိယဒိ ပဒဿ နိဒဿနတော၊
ဩမနိ ဒုနိမာ သမဒ္ဒ သနိဒ္ဒ၊
ကမတော ဝိဘင္ဂေ ပဉ္စမေန ဝိနာ။

မှုကွဲတွင် ပထမံဟု ရေးထားပြီး အောက်ဆုံးတွ "ဝိဘင္ဂေ ကမတော ပထမေန ဝိနာ"ဟု ရေးထားပါသည် ဝိဇ္ဇာမဟိဒ္ဓိ ပဉ္စမံကျမ်းတော်ကြီးတွင် ထိုဂါထာကို အ အကျယ်ချဲ့ ရေးသားဖော်ပြထားသည်။ အနက်ကိုလည် အကျယ်ရေးသားထားတာ တွေ့ရသည်။ သတ္တမမြော ကျော်အောင်စံထား ဆရာတော် ဖော်ပြထားသည့်အ အထက် ပဉ္စမံ ဂါထာတော်ကို နေ့စဉ် ပုတီးတစ်ပတ်စိပ်



www.burmeseclassic.com

www.burmeseclassic.com



ခေါက်၊ ၂၇ခေါက်၊ သက်စေ့ ပုံမှန်ရွတ်ဆိုပါ။ အကျိုးကျေးဇူး
စာမေးပွဲအောင်၊ ရာထူးတိုး၊ ဈေးရောင်းကောင်း၊ အဲတိုက်
ကင်းဝေး၊ လိုတရ၊ ဣဋ္ဌာသယ(တန်ပြန်)ဂါထာတော်
ဖြစ်သည်။ ၄၉ကွက် အင်းချ၍ ဆောင်ရွက်ကြသည်။
င်းချနည်းအဆင့်ဆင့်ကို နောက်ပိုင်းတွင် ရေးသားဖော်ပြ
ပေးပါမည်။

ဇော်ဂျီ ဇီးကွက်ရပ် စီရင်သောအခါ သုဂတော ငါးချက်
ထာ၊ ပဌမံဂါထာ၊ ဇီ ၁၀ချက် ဂါထာ၊ ပုတီးစိပ် သိဒ္ဓိတင်ရ
သည်။ သုဂတော ၅ချက် တစ်ပတ်၊ ပဌမံဂါထာ သုံးပတ်၊
ဇီ ၁၀ချက် တစ်ပတ်စိပ်ရ၏။ စောင်ခြမ်းသား ဇော်ဂျီ ဇီးကွက်
သည်မှာ ဇီးကွက်ပေါ် ဇော်ဂျီ ဆေးကြိတ် ထိုင်နေပုံ စု
ဆောင်ခြင်းဖြစ်သည်။ အလိုရှိပါက စာရေးသူထံ ဆက်သွယ်
ကြားပါ။ စနစ်တကျ စီရင်ပေးပါမည်။ သုံးလက်မ ၉၇၀၀
ကျမည်။ ကိုယ်တိုင်ဆောင်ရွက်လည်း ရသည်။ စောင်း
(ဇောင်ကျန်း)သားစစ်ဖို့ အရေးကြီးသည်။

**ဇီ ၁၀ချက် ဂါထာ**

ဇိနပါပံ - ဇိနံသေဇ္ဇော၊ ဇိနပါပံ-ဇိနံဓမ္မော၊
ဇိနပါပံ - ဇိနံသံဃော၊ ဇိနော့ရသံ - ဇိနံဂုရု၊
ဇိနဘိဇံ - ဇိနံနမေ။

အားလုံးပေါင်း ၅ပတ်ကို မနက် ၅ပတ်၊ ည ၅ပတ်စိပ်ပါ။ အင်္ဂါနေ့တွင် ၉ရက်အဓိဋ္ဌာန်စပါ။ စီးပွားရေးကိစ္စ အထူးအောင်မြင်မည်။

သတ္တမမြောက် ကျော်အောင်စံထား၏ တပည့်များဖြစ်သော ဦးရဲစိုးမြင့်-ဒေါ်ကြည်ကြည်နှ ဒေါက်တာ စိန်ဝင်း-ဒေါ်ခင်အေးအေးမြင့် မိသားစု၊ ဦးမျိုးချစ်-ဒေါ်ခင်စန်းဝေ မိသားစုတို့သည် သုဂတော ၅ချက်ဂါထာအနက်နှင့်တကွ ဓမ္မဒါနပြုကြသည်။ ဆရာတော်၏ တပည့်များဖြစ်သော ဦးသန့်ဇင်-ဒေါ်သင်းသင်းအောင်(စခန်းမှူး) မုပွလင် ကျောက်ထုတ်အလုပ်စခန်းတို့မှ ဆရာတော်ပုံတော်နှင့် သုဂတော ၅ချက်ဂါထာ ဓမ္မဒါနပြုပါသည်။ သုဂတော ၅ချက်နှင့် စီးပွားတက်သူတွေ များစွာရှိနေသည်။ စာဖတ်ပရိသတ်အတွက် အနက်နှင့်တကွ ဖော်ပြပေးပါဦးမည်။

**သုဂတော မှုမှန် ဂါထာပြန်**

သုဂတော သုဂတဌာနံ၊
သုဂတော သုန္ဒရံပိစ၊
သုဂတော နိဗ္ဗာနံဟာတိ၊
သုဂတော တေနမော နမာ။



www.burmeseclassic.com

www.burmeseclassic.com

## ဂါထာအနက်

သုဂတော - ကောင်းသော ကြွသွားခြင်းရှိသော မြတ်စွာဘုရားသည်၊ သုဂတောဌာနံ - ကောင်းသော အလား ရှိသော သူတော်ကောင်းတရား၌ တည်တော်မူပါပေ၏။ သုဂတော - ကောင်း,မကောင်း မိန့်ခွန်း ခြောက်တန်၊ နှစ်တန်သော စကားကိုသာ ဆိုတော်မူတတ်သော မြတ်စွာ ဘုရားသခင်သည်၊ သုန္ဒရံပိစ - သူတော်ကောင်းတို့ စက်ဆုပ် ဖွယ်မှ ကင်းသော ကာယိန္ဒြေ မနိန္ဒြေရှိတော်မူသဖြင့် ကောင်း လည်း ကောင်း၊ မြတ်လည်း မြတ်လည်း မြတ်တော်မူပါပေ ၏။ သုဂတော - ကောင်းသော စကားကို ဆိုတော်မူတတ် သော မြတ်စွာဘုရားသခင်သည်၊ နိဗ္ဗာနံ- နိဗ္ဗာန်သို့ ယာတိ- ကြွသွားတော်မူပါပေ၏။ သုဂတော - ကောင်းသော ကြွခြင်း ရှိတော်မူပါပေ၏။ သုဂတော - ကောင်းသော ကြွသွားခြင်း ရှိတော်မူသော မြတ်စွာဘုရား၊ တေ - မြတ်စွာဘုရားအား၊ နမော - ရှိခိုးပါ၏ မြတ်စွာဘုရား။

ထိုဂါထာတော်သည် လိုသလောက် ခရီးရောက်သော ဂါထာဖြစ်၏။ အထူးသဖြင့် အိမ်မှမထွက်မီ၊ ခရီးမသွားမီ၊ လုပ်ငန်းကိစ္စ မဆောင်ရွက်မီ၊ လူကြီးများနှင့် တွေ့ရန်ရှိက မတွေ့မီ၊ ရောင်းဝယ်ဖောက်ကားခြင်း မပြုမီ အမြဲရွတ်ဖတ် သွားပါက အကျိုးထူး ခံစားရမည်ဖြစ်ပါသည်။

### သဗ္ဗာ့မမြောက် ကျော်အောင်စံထား ဆရာတော်ကြီး၏ ဩဝါဒ

* အမေ ဘယ်လောက်သိပ်သိပ် ကိုယ်တိုင်အိပ်မှ အိပ်ပျော်မှာ။
* မနာလို မရှိနှင့်၊ လုပ်တဲ့လူက နေရာရမှာပဲ။
* ဘန်ဖိုးဆိုတာ ကြည့်တဲ့သူ၊ သိတဲ့သူအပေါ်မှာပဲ မူတည်တယ်။
* အပြောကြီးတာ မလုပ်ချင်တာကို ဖုံးကွယ်တဲ့ နည်းတစ်မျိုးပဲ
* နေးတာ အရေးမကြီးဘူး၊ ရပ်မနေဖို့ပဲ အရေးကြီး တယ်။
* အသိတရားရှိရှိနှင့် စာရိတ္တကောင်းအောင် ကြိုးစား ရင် လူရာဝင်တာပဲ။
* အပြစ်မရှာကြပါနှင့်။ အဖြေရှာကြပါ။
* အရေးမကြီးတာကို အပ်ကြောင်းမထပ်မိပါစေနှင့်။
* လိုသလောက် မရနိုင်ပေမယ့် လုပ်သလောက် တော့ ရနိုင်ပါတယ်။



[redacted]

* အချိန်ဖြုန်းတာဟာ ငွေစွာဖြုန်းတာထက် နမြော ကောင်းတယ်။
* လှူလျှင် တိုး၊ ခိုးလျှင် မွဲ၊ ရိုးသားသည့် ဂုဏ် တစ်သက် စားမကုန်။

ဤသတ္တလောကကြီး၌ စကားပြောရန် မခက်ကြ သော်လည်း စကားတတ်ရန် ခက်လှပေသည်။ စကားတတ် ပြန်ပါသော်လည်း စာတတ်ရန် သာ၍ခက်သည်။ စာတတ် ရန် သာ၍ခက်ခြင်းထက် သိဖို့ရန် အလွန်ခက်၏။ သိဖို့ရန် အလွန်ခက်ခြင်းထက် ကျင့်ဖို့ရန် ခက်၏။ အထူးသဖြင့် ကျင့်ဖို့ရန် ခက်ခြင်းထက် ကျင့်နေကြသော ပုဂ္ဂိုလ်များသည် နိဗ္ဗာန်ရရန် ခက်ခဲ၏။ သို့ဖြစ်၍ သံသရာခရီးကို အသီးသီး သွားကြရာဝယ် အယူမမှားစေရန် အရေးကြီးလှပေ၏။ ထို့ ထက် အသိမမှားရန် သာ၍အလွန်အရေးကြီး၏။ ထို့ထက် အကြံမမှားရန်၊ ထို့ထက် အကျင့်မမှားရန်၊ အထူး သာလွန်၍ အရေးကြီးလှပေ၏။

အသိတရားရှိလာလျှင် အကျင့်တရားပါပါစေ။

သင်လုပ်တာ သင်၏ ကံသာဖြစ်၏။ ကောင်းချင်လျှင် ကောင်းတာ လုပ်ပါ။ မကောင်းချင်လျှင် မကောင်းတာ လုပ် ပါ။ အကျိုးတရားသည်သာလျှင် အကြောင်းတရား၏ အသီးအပွင့်ဖြစ်၏။

ဆရာတော်ဘုရားကြီး ကျန်းမာချမ်းသာပါစေ။

* * *

ဂမ္ဘီရဆရာလှမျိုး(B.Sc)



www.burmeseclassic.com

www.burmeseclassic.com



နံနက်မိုးသောက် အလင်းရောက်၍ လုပ်နေကျ အလုပ်တစ်ခုကို လုပ်ရမှ နေသားကျသည့် ကျန်းမာရေး အတွက် လမ်းလျှောက်နေရသည်။ အကြောအခြင် အကိုက် အခဲညောင်းညာနေမှုကို ခံစားနေရသည်မှာ နှစ်အရ တွက်လျှင် လေးငါးနှစ်ပင် ပြည့်လုလုရှိချေပြီး လမ်းလျှောက်ပေးရ



www.burmeseclassic.com

www.burmeseclassic.com

သည်ဟု အကြံဉာဏ်ပေးပြော၍ တစ်နေ့ကို တစ်မိုင်နီးပါး လျှောက်နေရသည်။

ဤသို့ လမ်းလျှောက်ရခြင်းအလုပ်သည်လည်း တစ်ချက်ခုတ် နှစ်ချက်ပြတ်ကိစ္စမျိုးပင်။ ကျန်းမာရေးအတွက် ကောင်းသလို မိတ်ဆွေသင်္ဂဟများလည်း တိုးပွားခဲ့သည်။

"ဗျို့...ကိုထွန်းဝေ၊ အချိန်မှန်လှချည်လား"

"အချိန်မှန်မှ အနေဟန်မယ်လေ ကိုတိုးရဲ့"

"ကျန်းမာရေးက အဓိကဗျ။ ကျန်းမာမှ ငွေရှာနိုင်မယ်၊ လှုပ်ရှားနိုင်မယ်ပေါ့ဗျာ။ အခု ကျုပ်ဝေဒနာက ကိုက်ခဲ-ညောင်းညာတဲ့ ခံစားမှုဗျ"

"အင်း...ကျုပ်မိတ်ဆွေတစ်ယောက် အကြံဉာဏ်ပေးတာ တစ်ခုရှိတယ်။ အဲသည်လို ရောဂါစွဲကပ်နေရင်တော့ လမ်းလျှောက်တာလည်း လမ်းလျှောက်တာပေါ့၊ လမ်းလျှောက်ရင်းနဲ့လည်း ဝေဒနာကို အဖြေရှာလို့ရတယ်"

"ဟာ...တယ်ဟုတ်ပါလား။ လုပ်ပါဦးဗျာ။ ကျုပ်ဘာတွေ အဖြေရှာရမှာလဲ။ ခင်ဗျားမိတ်ဆွေရဲ့ အကြံဉာဏ်ကို ကျုပ်ကို မျှဝေပေးပါဦး"

"အခြားမဟုတ်ပါဘူး။ မင်္ဂလာဂါထာတော်ကို စွဲစွဲမြဲမြဲ ရွတ်ရင်း လမ်းလျှောက်ပေါ့ဗျာ။ အဲသည် ဂါထာက ဘေးအန္တရာယ်ပါ ကင်းတယ်။ ရောဂါကြီး စွဲကပ်ခြင်းကိုလည်း ကင်းဝေးသလို၊ ဆင်းရဲဒုက္ခတွေ ကြုံရတဲ့ အဖြစ်ဆိုးမျိုး မကြုံရဘူးဗျ"

"ဟာ...အတော်ပဲ၊ ကျုပ်ကို အဲသည်ဂါထာကလေးနဲ့ အနက်အဓိပ္ပာယ်ပါ လက်ဆောင်ပေးပါလားဗျာ"

"တိုက်တိုက်ဆိုင်ဆိုင် ခင်ဗျားနဲ့ ထိုက်တန်လို့ ထင်တယ်။ ကျုပ်ကလည်း မိတ်ဆွေတစ်ယောက်ကို ပေးဖို့ ယူလာတာ။ ရော့...ရော့၊ အဲသည်ဂါထာနဲ့ အနက်ပါ ယူဗျာ"

**မင်္ဂလာဂါထာတော်**

ဗုဒ္ဓေါစ မင်္ဂလာ လောကေ၊ သမ္ဗုဒ္ဓေါစာလီ၊
လောကဂ္ဂေ၊ ဗုဒ္ဓံသရဏံမာဂမ္မ၊ သဗ္ဗာ ဒုက္ခာ ပမုစ္စရေ၊
ဓမ္မောစ မင်္ဂလောလောကေ၊ ဂမ္ဘီရောဟောတိ၊
ဒုဒ္ဒသော၊ ဓမ္မံသရဏံ မာဂမ္မ၊ သဗ္ဗဒုက္ခ ပမုစ္စရေ၊
သဒါဟောတိ၊ သံဃံ သရဏံ မာဂမ္မ၊ သဗ္ဗဒုက္ခ
ပမုစ္စရေ။

**အနက်အဓိပ္ပာယ်**

လောကသုံးပါး၌ ဗုဒ္ဓေါစ - မြတ်စွာဘုရားသည်လည်း မင်္ဂလာ - အတုမရှိဗသော မင်္ဂလာကြီးတစ်ဆူဖြစ်တော်မူပေ၏။ သမ္ဗုဒ္ဓေါစာပိ - မကြွင်းမကျန် အမြင်သန်သော သဗ္ဗညုဉာဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။ လောကဂ္ဂေ - လောကသုံးပါးထက် ကြီးမြတ်တော်မူပေ၏။ ဗုဒ္ဓံ သရဏံ - မြတ်စွာဘုရားတည်းဟူသော ကိုးကွယ်ရာကို၊ အာဂမ္မ - အစွဲပြု၍၊ သတ္တာ - သတ္တဝါအပေါင်းတို့သည်၊ သဗ္ဗဒုက္ခာ သဗ္ဗဒုက္ခဟိ-ခပ်သိမ်းသော ဝဋ်ဆင်းရဲအပေါင်းတို့မှ၊ ပမုစ္စရေ ပမုစ္စန္တိ - ကင်းလွတ်ကြကုန်၏။

လောက - လောကသုံးပါး၌၊ ဓမ္မောစ - တရားတော်မြတ်သည်လည်း၊ မင်္ဂလာ - အတုမရှိသော မင်္ဂလာကြီးတစ်ဆူ ဖြစ်တော်မူလေ၏။ ဂမ္ဘီရော - အလွန်နက်နဲလှ၏။ ဒုဒ္ဒသော-အလွန်လျှင် သိနိုင် မြင်နိုင်ခဲ့သည်။ ဟောတိ - ဖြစ်၏။ ဓမ္မံ သရဏံ - တရားတော်တည်းဟူသော ကိုးကွယ်ရာကို၊ အာဂမ္မ - အစွဲပြုလို့၊ သတ္တာ - သတ္တဝါအပေါင်းတို့သည်၊ သဗ္ဗဒုက္ခ သဗ္ဗဒုက္ခေဟိ - ခပ်သိမ်းသော ဝဋ်ဒုက္ခအပေါင်းတို့မှ၊ ပမုစ္စရော ပမုစ္စန္တိ - ကင်းလွတ်ကြကုန်၏။

လောက - လောကသုံးပါးချုပ်၊ သံဃောစ - သံဃာတော်မြတ်သည်လည်း၊ မင်္ဂလာအရ မရှိသော မင်္ဂလာကြီး တစ်ဆူဖြစ်ပေ၏။ သဒ္ဒါ - အခါခပ်သိမ်း၊ ဒက္ခိဏေယျော-မြတ်သော အလှူကို ခံတော်မူထိုက်သည်၊ ဟောတိ - ဖြစ်ပြီး၊ သံဃံသရဏံ - သံဃာတော်မြတ်တည်းဟူသော ကိုးကွယ်ရာကို၊ အာဂမ္မ - အစွဲပြု၍ သတ္တာ - သတ္တဝါအပေါင်းတို့သည်၊ သဗ္ဗဒုက္ခာ သဗ္ဗဒုက္ခေဟိ - ခပ်သိမ်းသော ဝဋ်ဒုက္ခအပေါင်းတို့မှ၊ ပမစ္စရေ ပမုစ္စန္တိ - ကင်းလွတ်ကြကုန်၏။

"ကဲ - ကိုထွန်းဝေ၊ ဂါထာကို ရွတ်ပြီး လမ်းလျှောက်ကျင့်ပေါ့ဗျာ။ ရောဂါဝေဒနာပျောက်ကင်းသွားမှာပါ။ အချိန်လည်း ကြာသွားပြီ၊ လမ်းခွဲကြစို့ဗျာ"

"ဟုတ်ကဲ့ ကိုတိုးရေ၊ နောက်နေ့မှပဲ ဆုံကြတာပေါ့"■

* * *

အမျိုးလှ



www.burmeseclassic.com

www.burmeseclassic.com

ခင်ထွေး (သန်လျင်)

# အဝလွန်၊ ဗိုက်ခေါက်ထူသော ပျိုပျိုအိုအို မေများအတွက်

ကညာပျိုအတွက်သာမကဘဲ မမကြီးများ၊ ဒေါ်ဒေါ်များ အတွက်ပါ နည်းလမ်းကောင်းလေးတစ်ခုကို လက်တို့ပြီး ပြောပြချင်ပါတယ်။

ဗိုက်ခံမကုန်ပါဘူး။ ဘေးထွက်ဆိုးကျိုး မများပါဘူး။ ပြောထားတဲ့ အတိုင်းသာ လုပ်ဆောင်ကြည့်၊ သောက်သုံး ကြည့်လိုက်ပါ။

တစ်လ၊ ဒါမှမဟုတ်ရင် နှစ်လမပြည့်ခင်မှာပဲ ပျိုပျို၊ ဒေါ်ဒေါ်တို့ရဲ့ အဆီပိုများ၊ ဗိုက်ရွဲနေသူများ လုံးဝ ရပ်ဆိုင်းသွားပြီး အသားအရေစစ်သွားရုံမက၊ ခါးသေး ရင်ချီ စံချိန်မီတဲ့ အလှကို ပိုင်ဆိုင်ကြမှာပါ။

ပထမဆုံး လုပ်ရမှာက ရှောက်ရွက်(အကြမ်း)ကို ရှာပါ။ ငှက်ပျောဖူး ပုလင်းလွတ်တစ်လုံးကို ရှာပါ။ ပုလင်းထဲသို့ ရိုးရိုးသကြားသုံးငွန်း(ဟင်းစားဇွန်းဖြင့်) ထည့်ပါ။ ပြီးနောက် ရှောက်ရွက်ကိုရွက်ကို ပုလင်းထဲသို့ ထည့်လိုက်ပါ။ ရေကျက်အေးကို အပြည့်ထည့်ပြီး အဆို့ပိတ်လျက် နေပူပူတွင် ကိုးရက်တိတိ လှန်းပေးပါ။ ကိုးရက်ပြည့်သောအခါ ဆေးဝါးအဖြစ် သောက်သုံးနိုင်ပါပြီ။

ဆေးညွှန်းကတော့ ပုလင်းကို လှုပ်ပြီး မနက်တစ်ကြိမ်၊ ညတစ်ကြိမ် အကြမ်းပန်းကန်တစ်ဝက်ခန့် မှန်မှန်သောက်သုံးပေးပါ။

ရှောက်ရွက်အစွမ်းကိုလည်း ထပ်ဆင့်ပြီး ဝေမျှပါဦးမယ်။

လစဉ် မြန်မာလဆန်းတစ်ရက်နေ့တိုင်း ရှောက်ရွက် နှစ်ရွက် သုံးရွက်ကို စားပေးပါက လေရောဂါများဖြစ်တဲ့ လေထိုး၊ လေအောင့်၊ လေငန်းရောဂါများ လုံးဝ မဖြစ်နိုင်တော့ပါဘူး။

လေငန်းဝေဒနာရှင်များအနေနဲ့လည်း ရှောက်ရွက်ကို ငရုတ်ကောင်း၊ ကြက်သွန်ဖြူတို့နဲ့ ဟင်းခါးအဖြစ် နေ့စဉ်သောက်သုံးပေးပါက ရောဂါသက်သာ ပျောက်ကင်းစေပါတယ်။

* * *

ခင်ထွေး(သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ဝဍ္ဎနာဒီပနီ

သုခ

ယခင်လမှ အဆက်...

**(၂၁) ကမ္မာရာမတာက ပုညကမ္မတာယောင်ဆောင်ခြင်း။**

"ပုညကမ္မတာ ပဋိရူပတာယ ကမ္မာရာမတာ ဝဍ္ဎတိ"

**ပုညကမ္မတာ ပဋိရူပတာယ** - ကုသိုလ်ကောင်းမှုနှင့် စပ်သောအမှုမျိုး၌ မွေ့လျော်ခြင်းဟူသော ကုသိုလ်တရားနှင့် တူသဖြင့်၊ **ကမ္မာရာမတာ** - သိမ်မွေ့စွာသော ရဟန်းတရားတို့၌ မမွေ့လျော်နိုင်၊ အမှုသစ်၌သာ မွေ့လျော်နိုင်ခြင်းတည်းဟူသော တဏှာတရားသည်၊ **ဝဍ္ဎတိ** - ကုသိုလ်ကောင်းမှု၌ ဟန်ဆောင်လှည့်ဖြားတတ်၏။

"အဲဒါကတော့ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ထုတ်လျှောက် ကျင့်ကြံနိုင်စွမ်းရှိသည့် ရဟန်းတော်များအတွက် ဝဍ္ဎနာ၏ အလှည့်အပတ်ခံရမှာကို သတိပေးတော်မူတာ ဖြစ်ပါလိမ့်မယ်။ ရှေးကျင်ဆရာတော်ဘုရားက အကျယ်ဝိတ္ထာရကို ဤသို့ ဖွင့်ပြထားပါသေးတယ်။

ကုသိုလ်ကောင်းမှုကို လိုလားသည့်ဟန်နှင့် သီလ သမာဓိ ဘာဝနာ ကုသိုလ်တရားတို့၏ အနှစ်ရာယ်ကြီးကျယ်စွာသော နဝကမ္မအမှုကြီးကို ဦးစီးမှုမှု ရေတွင်းတူး၊ ရေကန်ဆည်၊ ဘုရားတည်၊ ကျောင်းဆောက်အမှုမျိုးနှင့် ကာလ



www.burmeseclassic.com

www.burmeseclassic.com

လွှန်ကျွမ်း၍ သမထ၊ ဘာဝနာ၊ ဝိပဿနာလမ်းကို ဖြောင့်တန်းစွာ သွားခွင့်မရသဖြင့် ဒုက္ခအဆုံး မသတ်နိုင်ဘဲ ရှိရတတ်သည်။

အဲသည်လို ဖွင့်ဆို ရေးသားတော်မူခဲ့ပါတယ်"

"ဟုတ်ပါတယ်ဗျို့ ဦးမင်္ဂလာရေ။ ယနေ့-နက်ဖြန်ဆိုသလို တရားထူးရအောင် အားထုတ်တော်မူနေကြတဲ့ ပုဂ္ဂိုလ်များအတွက် ဘာဝနာ အရှိန်မပျက်အောင် ဒါနဘက် ကူပြီး အချိန်ကုန်မခံသင့်ကြောင်း အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကလည်း ကိုယ်ကျင့်အဘိဓမ္မာမှာ ရေးသားထားတာ ရှိသဗျ"

"ဖောက်သည်ချစမ်းပါဦး ဦးရေချမ်းရယ်"

"ကျွန်တော် မှတ်မိသလောက် ပြောရမှာဖြင့် အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ရဲ့ ဥပဇ္ဈာယ်ဖြစ်တော်မူတဲ့ စစ်ကိုင်း မဟာဂန္ဓာရုံ ဆရာတော်ကြီးထံ မန္တလေးက ဆရာတော်တစ်ပါးကြွလာပြီး ဥပနိဿယ ခံယူ၍ ကမ္မဋ္ဌာန်းတရားများကို ကျင့်တော်မူနေပါသတဲ့။ တစ်နေ့တော့ နံနက်စောစောမှာ မန္တလေးဆရာတော်က ဘုရားတင်ရအောင် ပန်းတွေလိုက်ကောက်နေတာကို မဟာဂန္ဓာရုံ ဆရာတော်ကြီးက မြင်တော်မူတော့ ပန်းကို နောက်မှ လှူပါ။ တရားကိုသာ ကြိုးစားတော်မူပါလို့ မိန့်တော်မူပါသတဲ့ဗျာ"

"သာဓု…သာဓု…သာဓု၊ မှတ်သားစရာကောင်းလိုက်ပါဘိ ကိုရေချမ်းရေ။ လယ်တီဆရာတော်ဘုရားကြီးကလည်း ယောဂီများကို ကမ္မဋ္ဌာန်းထိုင်ရာမှ ဖျက်ပြီး ဆွမ်းတော်ချက်ရအောင် မထချင်ကြနဲ့လို့ မိန့်တော်မူဖူးသတဲ့ဗျ"

## (၂၂) ဗျာပါဒ,က ပဋိကူလသညာယောင်ဆောင်ခြင်း။

"ပဋိကူလသညတာမုခေန ဗျာပါဒေါ ဝဉ္စေတိ"

**ပဋိကူလသညတာမုခေန** - ကမ္မဋ္ဌာန်းအရာ၌ စက်ဆုပ်ခြင်းဟူသော အမှတ်နှင့် တူသဖြင့်၊ **ဗျာပါဒေါ-** စက်ဆုပ်ရွံရှာ နှလုံးမသာခြင်း ဗျာပါဒသည်၊ **ဝဉ္စေတိ** - ပဋိကူလသညာ ကမ္မဋ္ဌာန်းထင်ယောင် ဟန်ဆောင်လှည့်ဖြားတတ်၏။

"ပဋိကူလသညာက စက်ဆုပ်ရွံရှာဖွယ်ရာဟု မှတ်ထင်လာအောင် ဆင်ခြင်တဲ့ သဘောဖြစ်ပါတယ်။ ဗျာပါဒ ဆိုတာကတော့ နှလုံးမသာယာခြင်း၊ ရွံရှာခြင်း၊ စက်ဆုပ်ခြင်းသဘောဖြစ်ပါတယ်။ ဒေါသ ဗျာပါဒနဲ့ စက်ဆုပ်ရွံရှာ မသတီတာကို ကမ္မဋ္ဌာန်း၏ အစွမ်းဖြင့် ပဋိကူလသညာရယ်လို့ ထင်တတ်ကြပါသတဲ့။ ဥပမာဗျာ - ကျွန်တော်တို့ အသုဘ ကမ္မဋ္ဌာန်းကို ရှုတဲ့အခါဆိုပါတော့၊ ဖူးရောင် ပုပ်ပွနေတဲ့ အလောင်းကောင်ကြီးကို ကြည့်ရင်း ဒေါသ၊ ဗျာပါဒဖြစ်ပြီး ရွံရှာစက်ဆုပ်နေတတ်ကြတယ်။ အဲဒီ ဒေါသ ဗျာပါဒကိုပဲ ပဋိကူလသညာရယ်လို့ထင်အောင် လှည့်စားတတ်ပါသတဲ့။ နောက်လာမယ့် ဝဉ္စနာနဲ့ နှိုင်းယှဉ်ဆက်စပ်ကြည့်ရင် ပိုပြီးသဘောပေါက်လာလိမ့်မယ်ထင်ပါတယ်"

"ဒါဖြင့် ဆက်ကြပါစို့ဗျာ"

## (၂၃) ကာမစ္ဆန္ဒဝဉ္စနာ ကာမစ္ဆန္ဒက အပ္ပဋိကူလသညာ ယောင်ဆောင်ခြင်း။

"အပ္ပဋိကူလသညတာမုခေန ကာမစ္ဆန္ဒော ဝဉ္စေတိ"

**အပ္ပဋိကူလသညတာ မုခေန** - မစက်ဆုပ် မရွံရှာတတ်သည့် အမှတ်သညာကို အရင်းပြုသဖြင့်၊ **ကာမစ္ဆန္ဒော-** ကာမဂုဏ်၌ တပ်နှစ်သက်ခြင်း ကာမစ္ဆန္ဒတရားသည်၊ **ဝဉ္စေတိ** - လှည့်ပတ်တတ်၏။

"အဲသည်မှာ အထက်က ဝဉ္စနာနဲ့ ပြောင်းပြန်ဖြစ်နေတာကို သတိပြုနိုင်သဗျ။ ကြည့်လေ၊ မြန်မာစကားနဲ့ သဘောပေါက်လွယ်အောင် ပြောရရင် အထက်က ဝဉ္စနာက အရှိကို အရှိအတိုင်း မြင်ရမယ့်ဟာကို ရွံရှာစက်ဆုပ်တယ်။ ဒါကိုပဲ အရှိကို အရှိအတိုင်း မြင်တယ်လို့ လှည့်ပတ်တတ်သတဲ့။ အခု ဝဉ္စနာကျတော့ စက်ဆုပ်ဖွယ်၊ ရွံရှာဖွယ် ဆင်ခြင်ရမယ့်ဟာကို မရွံမရှာရုံမက၊ တက်မက်မောလို့တောင် နေတတ်ပါသေးသတဲ့။ အဲသည်လို တပ်မက်မောတာကို တပ်မက်မှုန်းမသိ၊ မစက်ဆုပ်တဲ့ လက်ခံနေတဲ့သဘော လှည့်ပတ်တတ်ပါသတဲ့ ကိုရေချမ်းရေ"

"ဟုတ်ပြီဗျို့။ ရွံစရာမဟုတ်တာကို ရွံ့ပြီး၊ ရွံစရာပါလို့ ဆင်ခြင်ရမှာကျတော့ မရွံကြတဲ့ သဘောပါလေ"

"ဆရာတော် ဖွင့်ဆိုတာကို ကြည့်ကြရအောင်ဗျ"

"မစက်ဆုပ် မရွံရှာတတ်သည့် အမှတ်သညာဖြင့် ကာမဂုဏ်၌ တပ်နှစ်သက်ခြင်း၊ ကာမစ္ဆန္ဒတရား လှည့်ဖြားတတ်သည်။ စက်ဆုပ်ရွံရှာခြင်းသည် ဒေါသစရိုက်ကြောင့် ရွံရှာသည်လည်း ရှိတတ်သည်။ ပဋိကူလသညာ ကမ္မဋ္ဌာန်းထင်သောကြောင့် ရွံရှာသည်လည်း ရှိသည်။ မရွံရှာခြင်းသည်လည်း ပဋိပုလသညာ ကမ္မဋ္ဌာန်း၏ အစွမ်းဖြင့် မရွံရှာတတ်သည်လည်း ရှိသည်။ ရာဂစရိုက်ကြောင့် မရွံရှာတတ်သည်လည်း ရှိသည်။ မိမိ၏ ဆံ အစရှိသော သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသတို့၌ လည်းကောင်း၊ ဗဟိဒ္ဓ သန္တာန်၌ သူတစ်ပါးတို့၏ ဆံ အစရှိသော ကောဋ္ဌာသတို့၌ လည်းကောင်း အတူတူ ရွံရှာဖွယ် ထင်ခြင်းသည် ပဋိကူလသညာ၏ အစွမ်းဖြင့် ရွံရှာခြင်းတည်း။ မိမိ၊ သူတစ်ပါး အသေးရှင်



www.burmeseclassic.com

www.burmeseclassic.com

မထူးမခြားထင်သည့်ရှိသော် ပဋိကူလသညာ ကမ္မဋ္ဌာန်းထင်သည်မည်၏။ ထို ပဋိကူလသညာ ကမ္မဋ္ဌာန်းထင်သည့်ရှိသော် မိမိကိုယ်၌ကဲ့သို့ သူတစ်ပါးကိုယ်၌လည်း မရှုံရှာခြင်း၊ အသက်ရှင်သော ကိုယ်၌ကဲ့သို့ အသက်မရှင်သော အကောင်ပုပ်၌လည်း မရှုံရှာခြင်းသည် ဖြစ်၏။ သူတစ်ပါးတို့ နံ့ပ်၊ တံတွေး အစရှိသည်၌ကဲ့သို့ မိမိ၏ နံ့ပ်၊ တံတွေး အစရှိသည်၌လည်း ရှုံရှာခြင်း၊ အသက်မရှိသော အကောင်ပုပ်၌ကဲ့သို့ အသက်ရှင်သော နှစ်သက်ဖွယ်ဟူ၍ သမုတ်အပ်သော အာရုံတို့၌လည်း ရှုံရှာခြင်းသည် ဖြစ်၏။ ကာမစ္ဆန္ဒ တဏှာအားကြီးလွန်းသောသူသည်လည်း သူတစ်ပါးတို့ ရှုံရှာကြသည့် အာရုံ၌လည်း မရှုံရှာဘဲ ရှိတတ်သည်။ ဒေါသစရိုက်လွန်သောသူသည်လည်း သူတစ်ပါးတို့ သာယာကြသော အာရုံ၌သော်လည်း မသာယာခြင်းသည် လည်းကောင်း၊ နှလုံးမသာဗျာပါဒသည် လည်းကောင်း ဖြစ်တတ်သည်။ ဒေါသစရိုက်လွန်၍ မရှုံဟန် ရှုံရှာခြင်း ဗျာပါဒဖြစ်သည်ကို ပဋိကူလသညာ ကမ္မဋ္ဌာန်းထင်တတ်သည်၊ အမှတ်ရှိတတ်သည်လို့ ဖွင့်ဆိုထားပါတယ်"

"အင်း…ဆရာတော် ဖွင့်ဆိုတာက ကျွန်တော်တို့ နားလည်အောင် ပြည့်စုံလှပါတယ်။ မန်လည်ဆရာတော်ဘုရားကတော့ မဃဒေဝလင်္ကာကြီးမှာ ရွံစရာကို မရွံတတ်သူ လေးဦးရှိတဲ့အကြောင်း ဖော်ပြထားသဗျ"

"ဆိုစမ်းပါဦးဗျာ၊ မှတ်သားရအောင်"

"ပထမ လူစားမျိုးက အရက်ကြိုက်တဲ့ အရက်သမားတဲ့ဗျ။ ဒုတိယလူကတော့ ဘိန်းစားတဲ့ဗျ။ တတိယလူက ငါးပိကြိုက်တဲ့ လူတဲ့။ အဲ…စတုတ္ထကျတော့ ကောဋ္ဌာသ အတ္တဘောကို မရှုံနိုင်တဲ့၊ မရှုံကြတဲ့၊ ကာမဂုဏ်သားတွေတဲ့လေ။ အဲဒီလင်္ကာကို ကျွန်တော် ကျက်မှတ်ထားသေးတယ်"

လူတွင်အထူး၊ သောက်ထုတ်ကြူးတို့၊ အမူးအမတ်၊ သေအရက်၌၊ နှစ်သက်လိုလား၊ သောက်စားမြဲမြဲ ခါတရံမျှ၊ မရွံတတ်ခြင်း။

နံ့ဖုံ့ဖြင်းလွန်းစွာ၊ ပညာရှားပါး၊ လူဘိန်းစားလည်း၊ စပ်ခါးစိမ်းဆွဲ၊ ဘိန်းနံ့နံကို၊ မရွံတတ်ခြင်း။

ခံတွင်းလျှာကျိုး၊ အမျိုးစရိုက်၊ ငါးပိကြိုက်သူ၊ ထိုသည့်လူလည်း၊ သိုးအွန့်လှောင်၊ ထောင်းထောင်းပွက်လျှံ၊ ငါးပုပ်နံ့ကို၊ မရွံတတ်ခြင်း။

အလင်းမယှဉ်၊ ပုထုဇဉ်တို့၊ အစဉ်မိုက်မှား၊ တဏှာအားဖြင့်၊ ယောက်ျားမိန်းမ၊ ကိုယ်ကာယ၏၊ အသုဘစစ်၊ ပုပ်ပေါင်ညစ်ကို၊ လွန်ချစ်ရောပြွမ်း၊ သက်လုံးနှံ၍၊ မရွံတတ်ခြင်း၊ ဤလေးသင်းကား၊ မယွင်းတူမျှ၊ ဟူစကြ၏။

"အင်း…ကောင်းလိုက်တာဗျာ၊ ကဲ - ရှေ့ဆက်ကြဦးစို့"

## (၂၄) ထိနမိဒ္ဓက သမာဓိယောင်ဆောင်ခြင်း။

"သမာဓိမုခေန ထိနမိဒ္ဓံ ဝဥ္စေတိ"

**သမာဓိမုခေန** - သမာဓိတရားကို အရင်းပြုသဖြင့် (ဝါ) ရှေးဦးစွာ သမာဓိတရားဖြစ်ပေါ်လာခြင်းကို အရင်းပြုသဖြင့်၊ **ထိနမိဒ္ဓံ** - ငိုက်မျဉ်း ပျင်းရိခြင်း ထိနမိဒ္ဓရန်သည်၊ **ဝဥ္စေတိ** - သမာဓိယောင်- ဟန်ဆောင်လှည့်ဖြားတတ်၏။

"အဲသည် ဝဥ္စနာမျိုးတော့ ကျုပ်တို့တစ်တွေ ခဏခဏ အလှည့်စားခံရတတ်တာပေါ့ဗျာ။ ကမ္မဋ္ဌာန်းထိုင်တဲ့အချိန် တစ်နာရီကျော် ကြာညောင်းလာတဲ့အခါ ထိနမိဒ္ဓဝင်ပြီး အိပ်ချင်မူးတူးဖြစ်လာတယ်။ ငိုက်မျဉ်းလာတယ်။ ပျင်းရိလာတယ်။ သတိတစ်ချက်တစ်ချက် လစ်လစ်သွားတယ်။ အဲဒီအခါမှာ ဘေးက အာရုံတွေကို သတိမထားတော့ဘူး။ နားကလည်း မကြားတော့ဘူး။ ဒါကိုပဲ ကျွန်တော်တို့က တည်ကြည်တဲ့ သမာဓိရလာသလိုလို ထင်တတ်ကြတယ် မဟုတ်လား"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့။ ဒီလို သမာဓိမျိုးက ကျုပ်တို့အပေါ် ခဏခဏလိမ်နေကြတာပဲ၊ ဟဲဟဲ"

## (၂၅) ဥဒ္ဓစ္စက ဝီရိယယောင်ဆောင်ခြင်း။

"ဝီရိယာရမ္ဘ မုခေန ဥဒ္ဓစ္စံ ဝဥ္စေတိ"

**ဝီရိယာရမ္ဘ မုခေန** - ဝီရိယ အားထုတ်ခြင်းကို အရင်းပြုသဖြင့်၊ **ဥဒ္ဓစ္စံ** - စိတ်၏ တည်ကြည်ရာမရ ပျံ့လွင့်တုန်လှုပ်ခြင်း၊ **ဥဒ္ဓစ္စ** - တရားသည်၊ **ဝဥ္စေတိ** - ဖြားယောင်းလှည့်ပတ်၏။

"အဲသည် ဝဥ္စနာကလည်း ကမ္မဋ္ဌာန်းယောဂီကို လှည့်ပတ်တတ်တာပဲလေ။ ဆရာတော်ရဲ့ အဆိုအမိန့်က ရှင်းလင်းပြတ်သားစွာ အခုလို ဖော်ပြထားပါတယ်။

ဝီရိယလွန်သဖြင့် ဥဒ္ဓစ္စဖြစ်တတ်သည်။ စိတ်ပျံ့လွင့်မည်မှာ စိုးရိမ်သဖြင့် မကြိုးမထွား အနေအထိုင်များ၍ တရားကို နှလုံးသွင်းသည်ရှိသော် ဝီရိယလျော့လွန်းသဖြင် ထိနမိဒ္ဓနှိပ်စက်တတ်သည်။ ထိနမိဒ္ဓ နှိပ်စက်မည်မှာ စိုးရိမ်သဖြင့် ကြိုးသွားခြင်းလွန်လျှင်လည်း ဝီရိယလွန်ခြင်းကြောင့် စိတ်၏ တည်ကြည်ရာမရ၊ ဥဒ္ဓစ္စ ဖျက်ဆီး၍ ဘာဝနာကမ္မဋ္ဌာန်း ပျက်စီးရတတ်သည်ကို သတိရှိစေရမည်။ ဝီရိယနှင့် သမာဓိမျှအောင် ရံခါ ကြိုးသွားခြင်း၊ ရံခါ ရပ်ခြင်း၊ ထိုင်ခြင်းတို့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းမှု တရားလမ်းကြောင်းကျ၍ ကမ္မဋ္ဌာန်းအာနိသင်ကို အထူးခံစားရမည်။

အဲသည်နေရာမှာ မဟာဝါထဲမှာ ပါတဲ့ အရှင်သောဏမထေရ်ရဲ့ ဖြစ်ရပ်ကို သာဓက တင်နိုင်ပါလိမ့်မယ်။ ခြေဖဝါးမှာ အမွေးနုပေါက်သည်အထိ နူးညံ့တဲ့ အရှင်သောဏမထေရ်ဟာ ဝီရိယလွန်ကဲပြီး စင်္ကြံလျှောက်လွန်းအားကြီးလို့ ခြေဖဝါးတွေမှာ ဓားနဲ့ အမွှန်းခံရသလို သွေးအလိမ်းလိမ်းဖြစ်လာတယ်။ စင်္ကြံလမ်းမှာလည်း သွေးတွေနဲ့ ပေကျံလာတယ်။ အဲသည်အထိလည်း ဝီရိယမလျှော့ဘဲ စင်္ကြံလျှောက်မြဲလျှောက်နေတော့တယ်။ သို့ပေမယ့် တည်ငြိမ်မှု သမာဓိတရားပေါ်မလာဘဲ ပျံ့လွင့်တဲ့ ဥဒ္ဓစ္စတရားများသာ ပေါ်လာတယ်။ ဘယ်လိုပေါ်လာသလဲဆိုတော့ "ငါ့ဝီရိယဟာ အခြားသော ရဟန်းများထက် လျော့လိမ့်မယ်မထင်ပါဘူး။ ဒါနဲ့တောင် တရားထူးမရနိုင်တာဟာ ငါ့မှာ အာသဝေါကုန်ခန်းနိုင်တဲ့ ပါရမီမရှိလို့ပေလား။ ဒီလိုသာ ပါရမီမရှိတဲ့အတူတူ လူဥပါသကာလုပ်ပြီး ဒါန၊ သီလ၊ ဘာဝနာပြုနေတာကမှ ကောင်းလိမ့်ဦးမယ်"လို့ အကြံတွေ ဖြစ်နေပါသတဲ့။ အဲဒီမှာတင် ဂိဇ္ဈကုဋ်တောင်မှ သိမြင်တော်မူလိုက်သော ဘုရားသခင်က ရှင်သောဏမထေရ်ရှိရာ ယင်းတိုက်တောသို့ တန်ခိုးတော်ဖြင့် တမုဟုတ်ချင်း ကြွရောက်တော်မူလာပြီး "ဝီရိယနှင့် သမာဓိမျှအောင် ကျင့်လော့။ မလျှော့မတင်း စောင်းကြိုးညှင်းသကဲ့သို့ ပြုလော့"ဟု ဩဝါဒပေးတော်မူပါသတဲ့"

(၂၆) ကုက္ကုစ္စ ဝဋ္ဋနာ

"သိက္ခာ ကာမတာ မုခေန ကုက္ကုစ္စံ ဝဋ္ဋေတိ"

**သိက္ခာ ကာမတာ မုခေန** - ဝိနယ ကုက္ကုစ္စသိက္ခာကာမ အားကြီးသည်ကို အရင်းပြုသဖြင့်၊ **ကုက္ကုစ္စံ** - မအပ်လိမ့်ယောင်၊ အပ်လိမ့်ယောင်နှင့် အရောင်ပြမိသဖြင့် နှလုံးမသာ ဝိပ္ပဋိသာရ ကုက္ကုစ္စသည်၊ **ဝဋ္ဋေတိ** - သိက္ခာပုဒ်ကို လွန်ကျူးမိမည်မှ ကြောက်တတ်သော သိက္ခာကာမ ကုက္ကုစ္စယောင် ဟန်ဆောင်လုည့်ဖြားတတ်၏။

"နှလုံးပူပန်ခြင်း၊ စိုးရိမ်ခြင်းဟူသော ကုက္ကုစ္စကို သိက္ခာကာမ မှတ်တတ်သည်။ သီလသိက္ခာကို ကောင်းစွာ ဆောက်တည်လိုခြင်းကို အရင်းပြုသဖြင့် စိတ်၏ သက်သာရာမရ၊ ဝိနယ ကုက္ကုစ္စအားကြီး၍ ဒေါသနှင့် သမ္ပယုတ် ဝိပ္ပဋိသာရ ကုက္ကုစ္စဖြစ်တတ်သည်များကို နှလုံးထားသဖြင့် ကုက္ကုစ္စအားမကြီးသင့်သောအရာ၌ ကုက္ကုစ္စ အားမကြီးလွန်းရအောင် သတိရှိစေအပ်သည်။ ဥပါဒါန်ကြောင့် ဥပဒ်ဖြစ်တတ်သည်ဟူသကဲ့သို့တည်း"

"ဆရာတော်က ယခုလို ရေးသားထားပါတယ်။ ဝိနည်းတော်ကို အလွန်ရိုသေစွာ လိုက်နာကျင့်ဆောင်သဖြင့် အချို့သော အရာမှာ အပြစ်အာပတ်သင့်သွားလေပြီလားလို့ ကုက္ကုစ္စတရားနှင့် နောင်တ ပူပန်နေတတ်တဲ့ စိတ်မျိုး။ ဒီစိတ်မျိုးက နှိပ်စက်နေတတ်ပါတယ်တဲ့။ ဒါကို ဆရာတော်က ယခုလို ဖွင့်ပြထားပါသေးတယ်။

ဝိနယဂရု(ဝိနည်းတော်ကို လေးစားပြီး)မရှိသောကြောင့်လည်းကောင်း၊ ဆရာစဉ်ဆက် ပြုနေကျအမှုဖြစ်သောကြောင့်လည်းကောင်း ကုက္ကုစ္စရှိသင့်လျက် မရှိသည်ကို ကုက္ကုစ္စမရှိသင့်၍သာ မရှိသည်အထင်အမှတ်နှင့် နေကြသဖြင့် အဝိနယဂရု(ဝိနည်းတော်ကို မလေးစား) ဖြစ်တတ်သည်ကိုလည်း သတိထားအပ်လှတော့သည်တဲ့"

"အဲဒါလည်း အလွန်သိမ်မွေ့နက်နဲတဲ့ ဝိနည်းတော်အရာပါပဲဗျာ"

"အဲသည်အချက်နဲ့ ပတ်သက်လို့တော့ ဓမ္မပဒ ဧရကပတ္တ ဝတ္ထုကို အထောက်အထားပြုနိုင်လိမ့်မယ် ထင်သဗျ။ ကဿပဘုရားရှင်လက်ထက်က ရဟန်းငယ်တစ်ပါးဟာ လှေကို စီး၍ ဂင်္ဂါမြစ်တွင်း ခရီးကို သွားပါတယ်။ တစ်ခုသောနေရာမှာ လှေက အနည်းငယ် တိမ်းစောင်းသွားသဖြင့် [illegible] ဆွဲရာ ပြိန်းမြက်တစ်ပင်ကို ဆွဲလိုက်မိပါသတဲ့။ လှေက



www.burmeseclassic.com

www.burmeseclassic.com

အဟုန်နဲ့ဆိုတော့ ပြိန်းမြက်ဟာ ပြတ်ပါလာတယ်။ အဲဒါကို သေးငယ်တဲ့ အာပတ်ကလေးပဲလို့ ထိုရဟန်းက ထင်မှတ်လိုက်ပါသတဲ့။ အဲသည်လိုနဲ့ ဒေသနာ မကြားမိဘဲ အနှစ်နှစ်သောင်းကာလပတ်လုံး ရဟန်းတရားအားထုတ်နေပါတယ်။ အသက်အိုမင်းလာပြီး ပျံလွန်တော်မူခါနီးအချိန်ကျတော့ ပြိန်းရွက်ပြတ်တဲ့ အာပတ်ကလေးဟာ မိမိလည်ပင်းမှာ လာပြီး ပြိန်းမြက်က ပတ်သကဲ့သို့ ကုက္ကုစ္စဖြစ်လာတယ်။ ဒါပေမယ့် အဲသည်အခါမှာ ဒေသနာကြားရအောင် တစ်ပါးသော ရဟန်းကိုလည်း မတွေ့ရတော့ပါဘူးတဲ့။ ဒီလိုနဲ့ ပျံလွန်တော်မူတဲ့အခါ အဲဒီ ကုက္ကုစ္စတရားကြောင့် ဧရကပတ္တအမည်ရှိတဲ့ နဂါးမင်းကြီးဖြစ်သွားရပါသတဲ့။ ဧရကပတ္တ ဆိုတဲ့ ပါဠိက ပြိန်းရွက်လို့ အဓိပ္ပာယ်ရပါတယ်"

## (၂၇) ဝိစိကိစ္ဆာ ဝဋ္ဋနာ

"ဥဘယပက္ခသန္တီရဏာ မုခေန ဝိစိကိစ္ဆာ ဝဋ္ဋေတိ"

**ဥဘယပက္ခသန္တီရဏာ မုခေန** - သကဝါဒီ၊ ပက္ခ ပရဝါဒီ ပက္ခနှစ်ပါးကို စုံစမ်းခြင်းကို အကြောင်းပြုသဖြင့်၊ **ဝိစိကိစ္ဆာ** - သက်ာယုံမှားခြင်းသည်၊ **ဝဋ္ဋေတိ** - လှည့်ပတ်တတ်၏။

"သကဝါဒီပက္ခ၊ ပရဝါဒီပက္ခ နှစ်ပါးကို စုံစမ်းခြင်းကို အကြောင်းပြုသဖြင့် ဝိစိကိစ္ဆာ သက်ာယုံမှား အပါယ်တံခါးဖွင့်တတ်သည်။ ပက္ခနှစ်ပါးတို့၏ အယူဝါဒကို ဟုတ်တိုင်းသိရလျှင် အကျိုးများပါ၏။ ပရဝါဒ၏ မှားပုံကို သိမှ သကဝါဒ၏ ဂုဏ်ကို အထူးသိမြင်နိုင်မည် နှလုံးထား၍ ကုလားလူမျိုးတို့၏ အင်္ဂလိပ်စာ စသည်များကို ကြည့်ရှု ဆင်ခြင်ဖန်များသဖြင့် မိမိ သကဝါဒ၌ ဝိစိကိစ္ဆာဖြစ်၍ သံသရာ၌ နစ်မြဲနစ်ရတတ်သည်ဟူလို"

"ဆရာတော်က ယခုကဲ့သို့ ရေးထားပါတယ်။ သကဝါဒီပက္ခ ဆိုတာက မိမိတို့ရဲ့ အယူဝါဒနှင့် ရှုကြည့် သိမြင်တဲ့ သဘောတရား၊ ပရဝါဒီပက္ခက ဘာသာမတူ လူမျိုးခြား ဘာသာခြားတို့က ရှုကြည့် သိမြင်တဲ့ အယူအဆ သဘောတရားပေါ့ဗျာ။ ဆရာတော်ကြီးက ကုလားလူမျိုးတို့ရဲ့ အင်္ဂလိပ်စာလို့သာ ဆိုပေမယ့် အခြားသော ဘာသာများလည်း အကျုံးဝင်ပါလိမ့်မယ်။ ဒီတော့ ဘာသာခြား စာပေများကို ယုံကြည်ကိုးစား အားကြီးလာရင် မိမိတို့ရဲ့ ဗုဒ္ဓရတနာ၊ ဓမ္မရတနာ၊ သံဃရတနာများအပေါ်မှာ ဆင်ခြေ ဆင်လက်၊ ယုတ္တိသာဓက သိပ္ပံနည်းကျ၊ မကျ ယုံမှား သံသယတွေ ဖြစ်လာတတ်ပါတယ်တဲ့"

"ဟုတ်တာပေါ့ဗျာ။ လောကဓာတ် သိပ္ပံပညာရှင်တွေ၊ ဒဿနိကပညာရှင်တွေနဲ့ တိုးတက်တယ်ဆိုတဲ့ အယူဝါဒသမားတွေမှာ ဖြစ်လာနိုင်တဲ့ သဘောတရားတွေပဲဗျ။ ဒီနေရာမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ လေးချိုးကြီးတစ်ပုဒ်ကို သတိရလိုက်မိပါတယ်။ သင်းတို့ဉာဏ် တစ်မိုက်တစ်ထွာ မျှရယ်နှင့် ပြင်းဖို့ကြံရင် မိုက်ရာကျပါလိမ့်ဆိုတဲ့ စကားလေဦးမင်္ဂလာရဲ့"

## (၂၈) သမ္မောဟ ဝဋ္ဋနာ

"ဣဋ္ဌာနိဋ္ဌ သမုပေက္ခနာ မုခေန သမ္မောဟော ဝဋ္ဋေတိ"

**ဣဋ္ဌာနိဋ္ဌ သမုပေက္ခနာ မုခေန** - ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံတို့၌ တုန်လှုပ်ခြင်းမရှိ၊ ပကတိ သည်းခံခြင်း၊ လျစ်လျူရှုခြင်းကို အကြောင်းပြုသဖြင့်၊ **သမ္မောဟော** - ဆိုးကောင်းမသိတတ်၊ အမှတ်မဲ့ လျစ်လျူရှုခြင်းဟူသော အညာဏုပေက္ခ သမ္မောဟတရားသည်၊ **ဝဋ္ဋေတိ** - လှည့်ပတ်တတ်၏။

အညာဏုပေက္ခကို ဉာဏုပေက္ခာမှတ်၍ သံသရာ ရဟတ် မပြတ်နိုင်ဘဲ ရှိတတ်သည်။

"ကိုရေချမ်းရေ. . .ဒီ ဝဋ္ဋနာကတော့ ကျုပ်တို့ကို အမြဲလိမ်နေတာပဲဗျ။ ကျုပ်တို့ကလည်း အမြဲအလိမ်ခံနေရတာပဲဗျ။ ကြည့်လေ၊ ဥပေက္ခာဆိုတာက လောကဓံတရားရှစ်ပါးမှာ အကောင်းလေးပါးနှင့် တွေ့ဆုံ ကြုံကြိုက်သည်ဖြစ်စေ၊ အဆိုးလေးပါးနှင့် တွေ့ဆုံ ကြုံကြိုက်သည်ဖြစ်စေ၊ မတုန်မလှုပ် ကြည်လင် ငြိမ်သက်သောစိတ်နှင့် လျစ်လျူရှုနိုင်တာ မဟုတ်လား။ ဘယ်လိုကြောင့် လျစ်လျူရှုနိုင်သလဲဆိုတော့ မမြဲသော သင်္ခါရတရားတို့ကို ဉာဏ်နှင့် ဆင်ခြင်၍ သည်းခံ ခွင့်လွှတ်နိုင်ကြခြင်းဖြစ်တယ်။ ကျုပ်တို့မှာကတော့ အကောင်းနဲ့ပဲ တွေ့တွေ့၊ အဆိုးနဲ့ပဲ တွေ့တွေ့၊ ဉာဏ်ပညာနှင့် မဆင်ခြင်နိုင်ဘဲ တက်ကြွစရာရှိရင် မိုးထိအောင် တက်ကြွပြီး ဆုတ်နစ်စရာရှိရင် မြေကြီးမှာ ဇုန်းဇုန်းလဲတဲ့အထိ ဖြစ်တတ်ကြတယ်လေ။ ဒီအခါမျိုးမှာ ကျုပ်တို့တစ်တွေက ဖြစ်ချင်တာ မဖြစ်ရင်၊ ဖြစ်ချင်တာ ဖြစ်စမ်းဟယ်ဆိုတဲ့ သဘောမျိုး။ ငွေကြေးဥစ္စာနဲ့ ပတ်သက်လာရင်လည်း ရှိ ပူရသေး၊ ကုန်မှ အေးဆိုပြီး ပစ်စလက်ခတ် လုပ်ပစ်တတ်ကြတယ်လေ။ ဒါကိုပဲ ကျုပ်တို့က အားလုံးကို လျစ်လျူရှုလိုက်တယ်၊ ဥပေက္ခာပြုလိုက်တယ်လို့ ကိုယ့်စိတ်ကိုယ် လိမ်နေတတ်ကြပါတယ်တဲ့"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့၊ ဟုတ်ပါ့။ ဉာဏ်နဲ့ ယှဉ်ပြီး ဥပေက္ခာပြုတာက တခြား၊ မိုက်မိုက်ကန်းကန်း လျစ်လျူပြုလိုက်တာက တခြား ဖြစ်နေတာပဲ"

"အစစ်ပေါ့ဗျာ။ အဲသည်လို ခြားနားချက်ကို ယခု



www.burmeseclassic.com

www.burmeseclassic.com

ဖွင့်ပြထားပါတယ်"

"အညာဏပေက္ခာကား ဆိုး၊ ကောင်း၊ ယုတ်၊ မြတ် အမှတ်မထင် အာရုံ၏ သဘောကို ဖုံးလွှမ်းခြင်းနှင့်တကွ၊ ကူငွ၊ အနိဋ္ဌတို့၌ လျစ်လျူရှုခြင်း လက္ခဏာရှိတယ်။ မစုံစမ်း မဆင်ခြင်ခြင်း၊ အမှတ်မဲ့ နေခြင်းကိစ္စရှိတယ်။ အတ္တဟိတ၊ ပရဟိတ ဆုတ်ယုတ်ခြင်းကို ရေးရှုတယ်။ မုဋ္ဌသသတိအပွယ္သ တပမာဒနှင့် နီးစပ်တယ်"

"ဉာဏပေက္ခာကား ကူငွ၊ အနိဋ္ဌဖြစ်သော အာရုံ၏ သဘောလက္ခဏာကို မဖုံးလွှမ်းခြင်းနှင့်တကွ လျစ်လျူရှုခြင်း လက္ခဏာရှိတယ်။ အာရုံ၏ သဘောကို သိမြင်ခြင်းနှင့်တကွ ထိုအာရုံတို့ကြောင့် မတုန်လှုပ်ခြင်း၊ တည်တံ့ခြင်းကိစ္စရှိတယ်။ အာရုံ၌ ထွန်းလင်းခြင်းနှင့်တကွ၊ ထိုအာရုံ၌ မကြောင့်ကြဘဲ သွားမြဲတိုင်းသော ကုသိုလ်တရားတို့၌ ဖြောင့်တန်းစွာ သွားနိုင်ခြင်းကို ရေးရှုတယ်။ နက်နဲသော သဘောရှိခြင်း ဂမ္ဘီရသဘာဝတာ ကမ္မဿကတာဉာဏ်နဲ့ နီးစပ်တယ်တဲ့။ ကဲ - မရှင်းဘူးလား"

"ရှင်းလိုက်သမှ ကွက်ကွက်ကွင်းကွင်းပေါ်တော့တာပါပဲဗျာ"

## (၂၉) မိစ္ဆာဒိဋ္ဌိ ဝဋ္ဋနာ

"ဝိမံသာမုခေန ဟေတုပတိရူပက ပရိဂ္ဂဟေန မိစ္ဆာဒိဋ္ဌိ ဝဍ္ဎေတိ"

**ဝိမံသာမုခေန** - စုံစမ်း ဆင်ခြင်ခြင်းကို အကြောင်းပြုသဖြင့်၊ **ဟေတုပတိ ရူပက ပရိဂ္ဂဟေန** - အကြောင်းစစ်မဟုတ်၊ အကြောင်းနှင့် တူသည်ကို သိမ်းဆည်းမိသည်။ **ဟုတ္ဂာ** - ဖြစ်၍၊ **မိစ္ဆာဒိဋ္ဌိ** - မိစ္ဆာဒိဋ္ဌိသည်၊ **ဝဍ္ဎေတိ** - လှည့်ပတ်တတ်၏။

"အဲဒီ ဝဋ္ဋနာကတော့ အကြောင်းရင်းကို ရှာရင်း အကြောင်းရင်းအစစ်အမှန်ကို မသိမမြင်ဘဲ မိမိ၏ ဉာဏ်ပညာလောက်နှင့် ဆင်ခြင်ပြီးတော့ မှတ်ယူ ဆုံးဖြတ်မိတဲ့အတွက် မိစ္ဆာဒိဋ္ဌိဖြစ်သွားအောင် အလှည့်အပတ်ခံရတတ်တာကို မိန့်ဆိုတော်မူတာ ဖြစ်ပါတယ်။ ဒါကို ရှင်းလင်းအောင် ဆရာတော်က ယခုလို ဖော်ပြထားပါတယ်။

စုံစမ်း ဆင်ခြင်ခြင်းကို အကြောင်းပြုသဖြင့် အကြောင်းစစ်မဟုတ်ကြောင်းနှင့် တူသည်ကို သိမ်းဆည်းမိသည်ဖြစ်၍ မိစ္ဆာဒိဋ္ဌိဖြစ်တတ်သည်။ ဤလောကကို ပရမိဿာနတ် စသည် ဖန်ဆင်းခြင်းကြောင့်ဖြစ်၏ဟူသော မိစ္ဆာဒိဋ္ဌိစကားကို စုံစမ်းဆင်ခြင်ဖန်များသဖြင့် တစ်စုံတစ်ယောက် ပရမိဿာနတ် စသည် မဖန်ဆင်းဘဲ အကြောင်းမဲ့ ဤမြင်းမိုရ်တောင်ကြီး၊



လ၊ နေ၊ နက္ခတ် စသည်တို့ မဖြစ်တန်ရာ။ တစ်စုံတစ်ယောက် ကူဗိုမာဖြစ်သူတို့ ဖန်ဆင်းကြောင်းသာ ဖြစ်တန်ရာသည်ဟု သိမ်းဆည်း ဆင်ခြင်မိသဖြင့် မိစ္ဆာဒိဋ္ဌိဖြစ်၍ ဝဋ်ဆင်းရဲ၌ နစ်တတ်သည်ကို သတိပြုဟုလိုသည်တဲ့ဗျ ဦးရေချမ်းရဲ့"

"အင်း...ကျုပ်တို့ ကမ္ဘာကြီးအပါအဝင် စကြဝဠာအနန္တဆိုတာ မြေ၊ ရေ၊ လေ၊ မီး မဟာဘုတ်ကြီးလေးပါးနှင့် တစ်ပြိုင်တည်း အလိုအလျောက်ဖြစ်ပေါ်လာကြတယ်။ ပျက်ပြန်တော့လည်း အဲသည် မြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးနဲ့ ပျက်စီး ပျောက်ပျက်ကြရတယ်။ ဒါကြောင့် တစ်ပြိုင်တည်းလျက်၊ တစ်ပြိုင်ပျက်သော စကြဝဠာအနန္တလို့ ကျမ်းဂန်များမှာ တွေ့ဖူးပါတယ်။ မည်သည့် တန်ခိုးရှင်၊ ဖန်ဆင်းရှင် တစ်ဦးတလေကမှ ဖန်ဆင်းပေးတာ မဟုတ်ပါဘူးလို့ ကျုပ်တို့ ဗုဒ္ဓဝါဒီဟူသမျှ ဘုရားဟောဒေသနာအတိုင်း ယုံကြည်လက်ခံထားကြပါတယ်"

"ဒါက အကြောင်းရင်းအစစ်အမှန်သဘောပေကိုးဗျ"

"ဒါပေမယ့် မိစ္ဆာဒိဋ္ဌိဖြစ်စေနိုင်တဲ့ အခြားအကြောင်းအရာ၊ အတွေးအခေါ်၊ အယူအဆများလည်း ရှိလိမ့်ဦးမယ်နော် ဦးမင်္ဂလာရေ"

"မိစ္ဆာဒိဋ္ဌိဖြစ်နိုင်သော အကြောင်းအရာများနဲ့ ပတ်သက်လို့ ဗြဟ္မဇာလသုတ်မှာ ၆၂ ပါးရှိကြောင်း မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတော်မူထားပါသေးတယ်။ အဲဒီ ၆၂ ပါးမှ လွတ်ကင်းပြီး အမြင်မှန်ရမှ သမ္မာဒိဋ္ဌိဖြစ်ပါတယ်တဲ့၊

www.burmeseclassic.com

www.burmeseclassic.com

သမ္မာဒိဋ္ဌိဖြစ်မှ ဉာဏ်အမြင်၏ စင်ကြယ်ခြင်းဆိုတဲ့ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ရပုံကို ခြောက်ဆယ့်နှစ်ဖြာသော မိစ္ဆာဝါဒီဝိတဏ္ဍီညစ်ကြေးတို့မှ ကင်းဝေးဖြူစင်လျက် အယူ၏ စင်ကြယ်ခြင်းတည်းဟူသော ဒိဋ္ဌိဝိသုဒ္ဓိလို့ ကျီးသဲလေးထပ် ဆရာတော်ဘုရားက ဝိသုဒ္ဓိခုနစ်ပါးကို ခွဲခြားဖွင့်ဆိုပြတော်မူပါတယ်"

"အေးဗျာ၊ သာမန်လူစား ပုထုဇဉ်များအတွက်တော့ တော်တော်နက်နဲနေပေတာပဲ"

"ဟုတ်တာပေါ့ဗျာ။ ဒါကြောင့် ရွှေကျင်ဆရာတော်ဘုရားက ဒီဝဋ္ဋနာကို တစ်မျိုးတစ်နည်း ဖွင့်ဆိုပြတော်မူပါသေးတယ်။ ဝိမံသာယ - ပရမတ္ထသဘောကို နစ်နော ဆင်ခြင်တတ်သော ပညာတရားအရာ၌၊ မိစ္ဆာဒိဋ္ဌိ - သတ္တဇီဝါငါ၊ သူတစ်ပါးမဟုတ်၊ ရုပ်နာမ်အစုမျှသာဖြစ်၍ လုံးခြားဖြင့် ထိုးခုတ်ခြင်းကို ပြုသော်လည်း ပကတိအားဖြင့် ပျက်စီးခြင်း သဘောရှိသော ဇီဝိတိန္ဒြေကို မဖျက်ဆီးနိုင်ရာ။ ရုပ်ကလာပ်ကြားကိုသာ လုံသွား၊ ဓားသွားကျရောက်သည်ဖြစ်၍ ပါဏာဝဓမ ဖြစ်နိုင်ရာဟူသော အကိရိယဒိဋ္ဌိ အစရှိသော မိစ္ဆာဒိဋ္ဌိတရားသည်၊ ဝဍ္ဎေတိ - ဉာဏ်ကြီးသည့်အယောင် ဟန်ဆောင် လှည့်ဖြားတတ်၏"

## (၁၀) အဒယာ ပန္နတာ ဝဋ္ဋနာ

"ဝိရတ္တတာ ပတိရူပေန သတ္တေသု အဒယာပန္နတာ ဝဍ္ဎေတိ"

**ဝိရတ္တတာ ပတိရူပေန** - တပ်ခြင်း၊ ကင်းခြင်းဟုဆိုအပ်သော သူတော်ကောင်းတရားနှင့် တူသဖြင့်၊ **သတ္တေသု** - သတ္တဝါတို့၌၊ **အဒယာ ပန္နတာ** - သနားခြင်း မရှိသော မသူတော်တရားသည်၊ **ဝဍ္ဎေတိ** - လှည့်ပတ်တတ်၏။

"အဲဒါကတော့ ကျွန်တော်တို့ နားလည်လောက်တယ်ဗျ။ သားမယား ဆွေမျိုး စသည်များကို မေတ္တာ ကရုဏာ ခေါင်းပါးလို့ စွန့်ပယ် လျစ်လျူပြုထားတာဟာ တဏှာလောဘ သံယောဇဉ်ကင်းကွာလို့ ဥပေက္ခာပြုနိုင်သလိုလို ထိမ်တတ်ကြပါတယ်တဲ့"

"ဟုတ်ပါတယ်။ မေတ္တာ ကရုဏာ မရှိလို့ မကူညီ မစောင့်ရှောက်လိုတာကိုပဲ သူတို့ထိုက်နဲ့ သူတို့ကံပဲလေလို့ ပြောပြတတ်ကြတယ်မဟုတ်လား။ ဒါ သူတော်ကောင်းစိတ် မဟုတ်နိုင်ပါဘူး"

"အဲဒါကို ဆရာတော်ဘုရားက ကွဲပြားခြားနားအောင် ယခုလို ဖွင့်ပြထားပါတယ်။

သား၊ မယား၊ တပည့်သားတို့ကို မငဲ့ကွက် စွန့်ပစ်ထားခြင်းသည် တပ်ခြင်း၊ တွယ်တာခြင်း၊ တဏှာခေါင်းပါးခြင်းကြောင့် လည်းကောင်း၊ မသနားတတ်ခြင်းကြောင့် လည်းကောင်း၊ တစ်ပါးပါးသော အကြောင်းနှင့် စွန့်ပစ်ခြင်း ဖြစ်သည်သာလျှင်တည်း။ ထိုနှစ်ပါးတို့တွင် သားငယ်နှင့်တကွ ရေဝယ်မျောသွားသော ယောက်ျားသည် အလွန်ပင်ပန်းလှသဖြင့် မိမိအသက်ဘေးကို ကြောက်လှ၍ အလွန်သနားလျက်ပင် သားငယ်ကို စွန့်ပစ်ရာသကဲ့သို့ မိမိသံသရာဘေးကို ကြောက်လှသဖြင့် အလွန်သနားကြင်နာလျက်ပင် သားမယား ခြွေရံပရိသတ်တို့အား တွယ်တာ ငဲ့ကွက်ခြင်းကို မပြုဖြစ်၊ မပြုနိုင်။

တပ်ခြင်း၊ တွယ်တာခြင်းကို ဖျောက်၍ အားထုတ်အပ်သော သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာတို့ကို အားထုတ်ကြိုးပမ်း၍ နေလေ့ရှိသောသူ၏အဖြစ်သည် ဝိရတ္တတာ ကုသိုလ်စိတ်ဖြင့် စွန့်ပစ်သည်မည်၏။ တစ်နည်း ချစ်လှစွာသော သားငယ်ကို လက်ဝယ်ဆွဲ၍ တောမြိုင်ထဲသို့ အဝင်တွင် တောဆင်မှန်ယိုနှင့် တွေ့သဖြင့် အလန့်တကြား သားငယ်ကို စွန့်ပစ်ထား၍ ပြေးသွားမိသော မိခင်ကဲ့သို့ အလွန်ကြောက်မက်ဖွယ်သော ဘေးအတိပြွမ်းသော သံသရာတောစခန်းတွင် အပါယ်ဘေး ဝဋ်ဆင်းရဲဘေးတည်းဟူသော ဆင်မှန်ယိုကို မြင်သဖြင့် သား၊ မယား၊ တပည့်၊ ခြွေရံပရိသတ်တို့အား မထောက်မညှာနိုင်၊ မအောက်မေ့နိုင်။ ဗျာပါရ မပြုနိုင်။ မိမိအားထုတ်အပ်သော ပဋိပတ်တရားကိုသာ ဖြောင့်တန်းစွာ အားထုတ်၍နေလေ့ရှိသောသူ၏ အဖြစ်သည်သာလျှင် ဝိရတ္တတာဖြင့် စွန့်ခွာသည်မည်သတည်း။ နွားမတန်း သားမခင်ဟူသကဲ့သို့ အကြောင်းအကျိုး ကျေးဇူးရှိမယ့် မဆင်ခြင်၊ သနားကြင်နာတတ်သည့် ဝါသနာရင်း မရှိ၊ အညာဏုပေက္ခာဟူသော အကြောင်းကြောင့် အမှတ်တမဲ့ လျစ်လျူစွန့်ပစ်ထားခြင်း၊ အဒယာပန္နတာကိုပင် တပ်ခြင်း၊ ကင်းခြင်းဟူသော ဝိရတ္တတာကုသိုလ်စိတ်တစ်ခုမှတ်သဖြင့် အဒယာ ပန္နတာဟူသော မျက်လှည့်သည် လှည့်စား၍ သံသရာ၌ ကာလရှည်လျားတတ်သည်ကိုလည်း သတိပြုဟူလိုသည်"။

(ရှေ့လ ဆက်လက်ဖော်ပြပါဦးမည်)

* * *

သုခ

(ဆရာကြီး ဦးသုခ၏ "စိတ်ဆိုသောစိတ်နှင့် ဝဋ္ဋနာဒီပနီ"စာအုပ်မှ ထုတ်နုတ်ဖော်ပြအပ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

# လှည့်ပတ်မာယာ သဲကိုးပြာ

ကျော်သန်းစံ




www.burmeseclassic.com

www.burmeseclassic.com

ဗာရာဏသီပြည်၌ သူဌေးကြီးတစ်ဦး၏ သမီးသည် ရုပ်ရည်အဆင်းလှပလျက် အမျက်မာနကြီးပြီး ခက်ထန်ကြမ်းကြုတ်သည်ဖြစ်၍ ကျေးကျွန်အမှုလုပ်တို့အား ညှဉ်းဆဲမောင်းမဲ ရေရွတ်လေ့ရှိ၏။ ထို့ကြောင့် "စဏ္ဍာကုမာရီ"ဟု ခေါ်ဝေါ်ကြ၏။

တစ်နေ့သ၌ စဏ္ဍာကုမာရီကို ခေါ်၍ ဂင်္ဂါမြစ်၌ ရေကစားရန် သွားကြသောအခါ သူဌေးသမီးသည် အခြံအရံတို့အား ရေမှ အပေါ်မတက်ရအောင် ဗလက္ကာရဆွဲ၍သာ ကစားပျော်ပါးသဖြင့် နေဝင်သောအခါ မိုးသည်းထန်စွာ ရွာ၏။ ထိုအခါ ကျေးကျွန်တို့သည် စဏ္ဍာကုမာရီကို ရေ၌ မျောပါသွားအောင် တွန်းပစ်ချပြီး လျင်မြန်စွာ အိမ်သို့ ပြန်လာကြ၏။

"ငါ့သမီး အဘယ်မှာ နေရစ်ခဲ့သလဲ"

"ကျွန်မတို့ရှေ့ကပင် ပြန်သွားသဖြင့် လျင်မြန်စွာ လိုက်လာကြပါတယ်"

ဟုသာ ပြောကြ၏။

သူဌေးသမီးသည် ရေ၌ မျောပါသွားပြီး သစ်တုံးတစ်တုံးကို အမှီပြုလျက် အစဉ်အတိုင်း မျောပါသွားသဖြင့် သန်းခေါင်ယံရှိသောအခါ ဘုရားလောင်း ရသေ့၏ နေရာအနီး လဲကျနေသော သစ်ပင်ကြီးတစ်ပင်၌ တင်လာ၏။ ရသေ့၏ ကျောင်းသင်္ခမ်းမှ မီးကို မြင်သောအခါ စဏ္ဍာကုမာရီသည် "ကယ်ပါ···ကယ်ပါ"ဟု ကြွေးကြော် ဟစ်ကြွေး၏။

ရသေ့သည် အသံကြားလျှင် ဤအသံကား မာတုဂါမ၏ အသံဖြစ်သည်။ သို့ရာတွင် ငါကယ်မှ အသက်ချမ်းသာရာ ရတော့မည်ဟု နှလုံးပြု၍ မြက်မီးရှူးကို ကိုင်လျက် ရေကမ်းစပ်အနားသို့ ဆင်းလာပြီးလျှင် ဆင်ပြောင်ကြီး၏ အားနှင့်တူသော အားဖြင့် ကူးကာ ဆယ်ယူ၍ မိမိသင်္ခမ်းသို့ ယူဆောင်လာပြီး မီးလှုံစေ၍ အချမ်းပြေသောအခါ အရသာရှိသော သစ်သီးတို့ကို စားစေ၏။

"သင်···ဘယ်အရပ်၌ နေပြီး ဘယ်သူ့ရဲ့ သမီးဖြစ်သလဲ"

ဟု မေး၏။ စဏ္ဍာကုမာရီသည် ဗာရာဏသီပြည်၌ နေသော သူဌေးသမီးဖြစ်ကြောင်း၊ ရေကစားကြရာ၌ ကျေးကျွန်တို့က ရေထဲသို့ တွန်းချပစ်၍ မျောလာကြောင်းကို ပြောဆို၏။ ဘုရားလောင်း ရသေ့မှ···

"ယနေ့ ဤသင်္ခမ်းတွင်း၌ပင် သင်အိပ်လော့။ ငါတို့ ရဟန်းမည်သည် မိန်းမနှင့် တစ်မိုးတစ်ရံတည်းသော ကျောင်း၌ နေရန် မသင့်ချေ"

ဟု ဆိုပြီး ဘုရားလောင်း ရသေ့သည် လှွင်တီးခေါင်သို့ ဆင်း၍နေ၏။

နံနက်လင်းသောအခါ···

"သူဌေးသမီး···သင် သွားလေလော့။ သင့်မိဘနေတဲ့ ဗာရာဏသီမြို့ဟာ ဒီအရပ်မှ တစ်ယူဇနာခွဲ ကွာဝေးတယ်။ ဂင်္ဂါမြစ်ကို အစဉ်အတိုင်းလျှောက်သွားပါလေ"

ဟု ပြောသောအခါ စဏ္ဍာကုမာရီသည် မိမိတစ်ဦးတည်းချည်း မသွားဝံ့သဖြင့် ဤရသေ့အား သီလပျက်စေပြီးမှ ငါ ခေါ်ဆောင်သွားမည်ဟု ကြံလျက် လေးငါးရက်တိုင်အောင် မသွားဘဲ နေ၏။ ထိုသို့ နေပြီးသောအခါ ရှင်ရသေ့အား မိန်းမတို့၏ ပြုအပ်သော ပရိယာယ်မာယာဖြင့် သီလကို ပျက်စေ၏။

ရသေ့သည် စျာန်လျှောကျ၍ သီလပျက်သွားသော်လည်း ဤတောအုပ်၌ပင် နေ၏။

"အမောင်···ကျွန်မတို့ ဒီတောအုပ်၌ နေသဖြင့် အဘယ်အကျိုးရှိမလဲ၊ လူတို့နေရာ မြို့ရွာသို့ သွားကြမယ်"

ထိုသို့ပြောဆိုပြီး ထွက်လာခဲ့ကြရာ ပစ္စန္တရွာ၌ အိမ်ဆောက်လုပ်၍ နေကြ၏။ ထို့ကြောင့် ရသေ့လူထွက်ကို "တက္ကပဏ္ဍိတ"ဟု သမုတ်ခေါ်ကြ၏။

ထိုသို့နေကြရာ၌ တစ်နေ့သောအခါ ခိုးသူတို့သည် တောင်ပေါ်မှ ဆင်းလာပြီး ပစ္စန္တရွာကို လုယက်တိုက်ခိုက်ယူကြလေသည်။ ရရှိသော ဘဏ္ဍာတို့ကို ထိုရွာသူ မိန်းမတို့အား ရွက်စေ၍ အတန်ငယ်ပို့စေပြီးမှ ပြန်လွှတ်၏။ သူဌေးသမီး စဏ္ဍာကုမာရီကိုမူ ခိုးသား ဗိုလ်မှူး မြင်သောအခါ လွန်စွာတပ်မက်သော စိတ်ရှိသဖြင့် မပြန်စေဘဲ မယားအဖြစ် သိမ်းပိုက်ထားလေ၏။

တက္ကပဏ္ဍိတသည် စဏ္ဍာကုမာရီအား ခိုးသူတို့ သိမ်းပိုက်ထားကြောင်း ကြားသိရသောအခါ ငါ၏ မယားသည် တရားမဲ့ ကျင့်သောသူတို့၏ထံ၌ မနေ၊ မကြာမီ ငါ့ထံသို့ ပြန်လာလိမ့်မည်ဟု မျှော်လင့်လျက်သာနေလေ၏။

စဏ္ဍာကုမာရီသည်ကား···

"ငါဟာ ဒီလူဆိုးတို့ရဲ့ထံ၌ စားလိုတိုင်း၊ ဝတ်လိုတိုင်း ဝတ်ရတယ်။ တက္ကပဏ္ဍိတဟာ ငါ့ကို စုံမက်သဖြင့် တစ်စုံတစ်ရာသောမင်းကို အမှီပြု၍ မရရအောင် ကြံဆောင်ယူလာလိမ့်မယ်။ အဲဒီလို ယူလာတဲ့အခါ ငါ့ရဲ့ ချမ်းသာမှု



www.burmeseclassic.com

www.burmeseclassic.com

ယုတ်လျော့လိမ့်မယ်။ ဒီတက္ကပဏ္ဍိတကို အစပြုတ်အောင် ပြုလုပ်မှ သင့်မယ်"

ဟု တွေးပြီး…

"အရှင်တက္ကပဏ္ဍိတ… ဒီလ၊ ဒီနေ့၌ ကျွန်မကို လာရောက် ဆောင်ယူလာပါလော့"

တက္ကပဏ္ဍိတသည်လည်း ထိုစကားကို ယုံကြည်သည် ဖြစ်၍ ဆောင်ယူရန် သွားလေသည်။ စဏ္ဍာကုမာရီသည် ထွက်လာ၍ အတွေ့ခံပြီးလျှင် ဤသို့ဆို၏။

"အမောင်…ယခု နေ့အခါ၌ ကျွန်မတို့ ထွက်သွားပါက ခိုးသားကြီး လိုက်၍ ရိုက်သတ်ပေလိမ့်မည်။ ညဉ့်အခါ သွားမှသာ သင့်လျော်ပါလိမ့်မည်။ ဒါကြောင့် ပုန်းကွယ်ရာ အရပ်၌ပင် နေကြရဦးမယ်"

ခိုးသူကြီးတို့သည် နေ့လယ် ပတ္တရောင်လှည့်လည်ရာမှ ပြန်ရောက်သောအခါ ညစာစားသောက်နေကြစဉ် အရက်သေစာသောက်စား မူးယစ်နေတဲ့ ခိုးသူ မှူးကြီးအား သူဌေးသမီးက ဤသို့ဆို၏။

"ချစ်လင်…ယခုနယ်အခါ၌ ကျွန်မကို ဆောင်ယူသော သူလာလျှင် အဘယ်သို့ ပြုမလဲ"

"ချစ်လင်… ရန်သူဝေးတယ် ထင်မှတ်သလော၊ အိမ်နောက်ဘေး ကျိုထဲ၌ ရှိနေပါတယ်"

ထိုစကားကို ကြားလျှင် ခိုးသူ မှူးကြီးသည် လျင်မြန်စွာ ထ၍ ကျိုထဲမှ တက္ကပဏ္ဍိတကို ဆွဲငင်၍ သတ်ပုတ် ထုထောင်းလေ၏။ တက္ကပဏ္ဍိတသည် ညည်းဆဲတိုင်း တစ်ပါးသော စကားကို မဆိုတဲ့ "ကောနော အကတညုစ၊ ပိသုဏာ မိတ္တတေဒကာ"ဟူသော စကားကိုသာ ဆို၏။ ထိုစကား၏ အဓိပ္ပာယ်ကား မိန်းမတို့မည်သည် အမျက်ကြီးကုန်၏။ ပြုဖူးသောသူ၏ ကျေးဇူးကိုလည်း မသိတတ်ကုန်ရာ၏။ သူနှစ်ယောက်တို့၏ အချစ်ကို မျက်စေတတ်သော စကားကိုလည်း ဆိုတတ်ကုန်၏။ အဆွေခင်ပွန်းကိုလည်း ဖျက်ဆီးတတ်ကုန်၏ဟု အဓိပ္ပာယ်ရသည်။

ခိုးသူ မှူးကြီးသည် တက္ကပဏ္ဍိတကို ရိုက်ပုတ် ထုထောင်း၍ မောပန်းသောအခါ သင့်ရာ၌ ချည်နှောင်ထားပြီး အိပ်ပျော်သွား၏။ အိပ်ရာမှ နိုးသောအခါ တစ်ဖန်ပြန်၍ ရိုက်ပုတ် ထုထောင်းပြန်သည်။ တက္ကပဏ္ဍိတသည်လည်း ဆိုမြဲအတိုင်း စကားလေးခုကိုသာ ဆိုနေလေ၏။

ထိုအခါ ခိုးသူ မှူးကြီးက တက္ကပဏ္ဍိတသည် သူ ရိုက်တိုင်း ထိုစကားလေးခုကိုသာ ဆိုနေသောကြောင့်…

"အချင်းယောကျ်ား…ဒီစကားလေးခွန်းကိုသာ အဘယ့်ကြောင့် မြည်တမ်းနေရပါသလဲ"

"အချင်းယောကျ်ား… နားထောင်ဦးလော့။ ငါသည် ဂင်္ဂါမြစ်ရဲ့ အနီး၌ ရသေ့ ရဟန်းပြုနေရာ ဒီမိန်းမဟာ မြစ်၌ မျောလာ၍ ဆယ်တင်ထားပါတယ်။ ဆယ်တင်ပြီးလျှင် သင့်မိဘရှိရာအရပ်သို့ သွားလေတော့ဟု ပြောတာကို မသွားလိုဘဲ ငါ့ရဲ့ သီလကို ဖျက်ဆီးတဲ့အတွက် ရက်သဲ့သည်ကြီး အဖြစ်သို့ ငါရောက်ရတယ်။ သင်တို့ ဆောင်ယူသွားတဲ့အခါ ငါ ရဟန်းပြုခွင့်ရပြန်ပြီဟု ဝမ်းမြောက်စွာ ဖြစ်နေတာကို ဒီမိန်းမမှ သူ့ကို ယူဆောင်လာပါဦးဟု မှာလိုက်ပြန်သောကြောင့် ယခုအခါ လာရတယ်။ လာရပြန်တဲ့အခါ မလိုက်လိုလျှင်လည်း မလိုက်လိုကြောင်း မပြော၊ သင် ခိုးမှူးနဲ့ ငါ့ အကြားတွင် ကုန်းစကားပြော၍ သင်လည်း မကောင်းမှုဖြစ်လေအောင်၊ ငါလည်း အကျိုးမဲ့ သေလေအောင် ပြုရက်လေတယ်။ ဒါကြောင့် "ကောနော အကတညုစ" စတဲ့ စကားကို ငါဆိုတာ ဖြစ်ပါတယ်"

ထိုစကားကို ကြားရသောအခါ ခိုးမှူးသည် သံဝေဂ ဖြစ်လေ၏။ "ဤမိန်းမသည် ဤမျှလောက် ကျေးဇူးကြီးမားသော လင်ကို အသက်သေအောင် ကြံဆောင်လေတယ်။ ကျေးဇူးမရှိသော ငါ့ကိုကား အဘယ်ဆိုဖွယ်ရာရှိတော့မည်နည်း"ဟု မြည်တမ်း၍ တက္ကပဏ္ဍိတအား ပြစ်မှားမိသမျှကို တောင်းပန်လေ၏။

ထို့နောက် ခိုးမှူး၏ အပွဲ့သားများသည် စဏ္ဍာကုမာရီကို ရွာပြင်သို့ ထုတ်၍ သန်လျက်ဖြင့် ခုတ်သတ်လေ၏။ ခိုးမှူးသည် တက္ကပဏ္ဍိတထံ၌ပင် ရသေ့ပြု၍နေလေသည်။ အသက်အတိုင်းနေ၍ စုတေသောအခါ ကံအားလျော်စွာ လားရလေ၏။

ထို့ကြောင့် တက္ကပဏ္ဍိတဇာတ်၌ မိန်းမ လှည့်ပတ်သောကြောင့် ဘုရားလောင်း တက္ကပဏ္ဍိတသည် ခိုးသူ ထောင်းခြင်းကို ခံရဖူး၏ဟူ၍ ဖြစ်သည်။

ဤတက္ကပဏ္ဍိတသည် ယခုအခါ ငါဘုရားလောင်းဖြစ်တော်မူလာ၏။ ခိုးမှူးသည် "ဥက္ကဏ္ဍိ ရဟန်း"ဖြစ်၏ဟူ၍ ဇာတ်တော်ကို ပေါင်းလိုက်လေသတည်း။

* * *

ကျော်သုန်းစံ

ကျမ်းကိုး၊

- စွယ်စုံကျော်ထင်ကျမ်း။



www.burmeseclassic.com


# ရှင်မဟာကဿပ ဇာတာ

တင်နိုင်တိုး

စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ ကျောက်ရစ်ကျေးရွာ၊ ရွှေပေါင်းလောင်းဘုရားတွင် ကျောက်စာတစ်ချပ်ရှိပါသည်။ ယင်းကျောက်စာတွင် ရှင်မဟာကဿပမထေရ်၏ ဇာတာကို ရေးထွင်းထားပါသည်။ ဇာတာခွင်၌ ဂြိုဟ်ကြီး ရှစ်လုံး၊ လဂ်တည်ရာနှင့်တကွ ဖော်ပြထားပြီး "သက္ကရာဇ် ၅၃၁၃၊ မဟာကဿပဇာတာ"ဟု ရေးထိုးထားပါသည်။

ယင်းဇာတာရှင်မှာ ကျောက်ရစ်ကျေးရွာတွင် သီတင်းသုံး နေထိုင်တဲ့ မဟာကဿပ ဘုန်းတော်ကြီး၏ ဇာတာဟု မှန်းဆရပါသည်။ ယင်းရွှေပေါင်းလောင်း ရှင်မဟာကဿပ ဘုန်းတော်ကြီးသည် ဗုဒ္ဓမြတ်စွာထံ၌ ဘုရားဆုပန်ခွင့်ရရှိခဲ့သော ရဟန်းမှာ ၁၀ဦးတွင် "ပလလည်း"ဆင်မင်းအဖြစ်မှ စတောလာသော ပုဂ္ဂိုလ်ဖြစ်ကြောင်းကိုလည်း ကျောက်စာတွင် ရေးထိုးထားပါသည်။ သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာ သန်းထွန်းက "မဟာကဿပဂိုဏ်း"အကြောင်းကို စာတမ်းတစ်စောင်ရေးသားပြုစုခဲ့ဖူးပါသည်။

ခေတ်ပြိုင်မဟုတ်သည့် ခရစ်နှစ် ၁၃၈၈ ခုနှစ်ထိုး ကျောက်စာအရ ရှင်မဟာကဿပ၏ ဇာတာကို သိရှိရခြင်းဖြစ်ပါသည်။ ကျောက်စာပါ ဇာတာက အောက်ပါအတိုင်းဖြစ်သည်။




(သက္ကရာဇ် ၅၃၁၃၊ မဟာကဿပ ဇာတာ)

ဇာတာတွင် သက္ကရာဇ် ၅၃၁၃ဟု ဖော်ပြထားသဖြင့် ခရစ်နှစ်အရ ခရစ်နှစ် ၁၁၆၉ခုနှစ်တွင် ရှင်မဟာကဿပကို ဖွားမြင်ခဲ့ခြင်းဖြစ်ပေလိမ့်မည်။ ဂြိုဟ်ခွင်အနေအထားအရ တပို့တွဲလဆန်း ၈ရက်ဝန်းကျင်၊ အချိန်အားဖြင့် ည ၇နာရီခန့်တွင် ဖွားမြင်သည်ဟု မှတ်ယူရပါသည်။ သို့သော် လက်တွေ့တွက်ချက်ကြည့်သောအခါ ၂၆၊ ဇန်နဝါရီ ၁၁၇၀ ခန့်တွင် ဖွားမြင်သည်ဟု တွေ့ရှိရ၍ "ပေါင်းလောင်းသင် အမည်ရှိသော သျှင်မဟာကဿပ"ဟု ကျောက်စာတွင် ရည်ညွှန်းထားသော ရှင်မဟာကဿပ၏ အမည်ရင်းက "ပေါင်းလောင်းသင်"ဟူ၍



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြောင်း သိရှိရပါသည်။

"ပေါင်းလောင်းသင် မဟာကဿပကား ပိဋကတ်ကို အလွန်တတ်၍"ဟူ၍ ညွှန်းဆိုထားပြန်ရာ ဆရာတော် ရှင်မဟာကဿပသည် ကျမ်းတတ်ပေတတ်ဖြစ်ကြောင်း ထင်ရှားပါသည်။ ကျောက်စာအရ ရှင်မဟာကဿပသည် တောထွက်၍ ကျောက်ရစ်အရပ်၌ တောကျောင်းတည်ကာ သီတင်းသုံး နေထိုင်ခဲ့သည်။ ထိုစဉ်ကပင် ခရစ်နှစ် ၁၂၁၅ ခုနှစ်၊ သက်တော် ၄၆နှစ်တွင် ပုဂံ ဘုရင်မင်းမြတ်က မိမိ ခံစားနေရသည့် ဝေဒနာကို လာရောက်ကုသပေးပါရန် အကြိမ်ကြိမ်ပင့်ခေါ်ခဲ့သဖြင့် သွားရောက်ကုသခဲ့ရသည်။

ကျောက်စာပါ ခုနှစ်အရ ထိုစဉ်က ပုဂံတွင်း ထီးနန်း စိုးစံနေသူမှာ နားတောင်းများမင်း(၁၂၁၁-၁၂၃၁)ဖြစ်ပါသည်။ နားတောင်းများမင်း၏ ရောဂါဝေဒနာကို ရှင်မဟာကဿပက ကောင်းစွာ ကုသပေးနိုင်ခဲ့ရာ ပျောက်ကင်းချမ်းသာရခဲ့ပါသည်။ သို့ဖြစ်၍ ရှင်မဟာကဿပသည် ကျမ်းတတ်ပေတတ် ပုဂ္ဂိုလ်ကျော်တစ်ပါးဖြစ်သည်သာမက၊ ကျွမ်းကျင်သူ ဆေးပညာရှင်တစ်ပါးလည်းဖြစ်ကြောင်း သိရှိရပါသည်။ ဘုရင်မင်းမြတ်က များစွာ နှစ်ထောင်းအားရဖြစ်ကာ ရှင်မဟာကဿပအား ထီးဖြူအပ်နှင်း ပူဇော်ခဲ့သည်။

နက္ခတ်ဗေဒင်ပညာရှင်များ၊ သုတေသီများအနေဖြင့် ရှင်မဟာကဿပ၏ ဇာတာကို လေ့လာသင့်ကြပေသည်။ ရှင်မဟာကဿပသည် ကျောင်းများကို တည်ထောင်ကာ ပုဂံမြို့အနီး မင်းနန်သူရပ်တွင် တောကျောင်းတည်ခဲ့ပြန်ပါသည်။ ထို့နောက် ဖွားစောရပ်တွင် တောကျောင်းတစ်ကျောင်း တည်ခဲ့ပြန်ပါသည်။

မင်းဆရာတော်အဖြစ် ကိုးကွယ်ခံရသော ထီးဖြူအပ်နှင်းခြင်းခံရသူ ရှင်မဟာကဿပသည် နန်းတွင်းအလှူတော် အခမ်းအနားများတွင် အရေးပါသော ဆရာတော်ဖြစ်လာခဲ့သည်။ ခရစ်နှစ် ၁၂၂၅ ခုနှစ်တွင် နားတောင်းများမင်းနှင့် နမတော် မင်းလုတို့ အလှူဒါနပြုရာ၌ ဆရာတော် ရှင်မဟာကဿပ ပါဝင်ခဲ့သည်။ ခရစ်နှစ် ၁၂၄၇တွင် အမတ် မဟာသမန်း၏ အလှူတော်၌ ရှင်မဟာကဿပ ပါဝင်နေပြန်ပါသည်။

ရှင်မဟာကဿပသည် သူ၏ တောကျောင်းဂိုဏ်းကို ပိုမိုအင်အားတောင့်တင်းစေရန် စီမံဆောင်ရွက်ခဲ့သည်။ တစ်ဖက်မှလည်း ဆရာတော်အား ထိုးနှက်မှုများ ရှိလာခဲ့သည်။ အထူးသဖြင့် ရှင်ဓမ္မသိရိနှင့် သုတသောမတို့က သီဟိုဠ် (သီရိလင်္ကာ)သို့ ကြွရောက်ကာ အကျွအညီတောင်းခံခဲ့ကြသည်ဟု ဆိုပါသည်။ ကျစွာမင်း(၁၂၃၅-၁၂၄၉)လက်ထက်တွင် ရှင်မဟာကဿပအား ဘုရင်မင်းမြတ်က မြေလှူဒါန်းခဲ့ရာ တောကျောင်းဂိုဏ်းကို ပိုမိုထွန်းကားအောင် လုပ်ဆောင်နိုင်ခဲ့သည်။

ရှင်မဟာကဿပ၏ မျိုးရိုးနှင့် ပတ်သက်၍လည်း ကျောက်စာများ၌ တစ်စွန်းတစ်စတွေ့ရှိရပါသည်။ ရှင်မဟာကဿပသည် နန်းတွင်းအမတ်ကြီး "သင်္ကြံမှုသူ"၏ မြေးဖြစ်ပါသည်။ အဘိုးဖြစ်သူမှာ နန်းတွင်း၌ အရေးပါသော အရာရှိကြီးဖြစ်ပြီး ဘုရင်မင်းမြတ်ထံမှ ဆုတော်လာဘ်တော်အဖြစ် မြေအများအပြားရရှိခဲ့ဖူးပါသည်။ အဘိုးရရှိသော မြေသည် နောင်တွင် ရှင်မဟာကဿပပိုင် တောကျောင်းမြေများ ဖြစ်လာခဲ့သည်။

အရညဝါသီ တောကျောင်းဂိုဏ်းကို စတင်တည်ထောင်ခဲ့သည့် ရှင်မဟာကဿပသည် ခရစ်နှစ် ၁၂၇၂ ခုနှစ်နောက်ပိုင်းတွင် ပျံလွန်တော်မူခဲ့ပါသည်။ ထိုစဉ် ဆရာတော်မှာ သက်တော် ၁၀၀ ကျော်နေပြီဖြစ်သည်။ ဆရာတော်သည် ၁၀၃နှစ် (သို့မဟုတ်) ၁၀၉နှစ်တွင် ပျံလွန်တော်မူကြောင်း အဆိုရှိကြသည်။ ရှင်မဟာကဿပ တည်ထောင်ခဲ့သော အရညဝါသီ တောကျောင်းဂိုဏ်းမှာလည်း နောင်အနှစ် ၃၀၀ ခန့်အထိ ဆက်လက်တည်တံ့ ထွန်းကားခဲ့သည်။

ပိဋကတ်ကျမ်းဂန် ကျွမ်းကျင်တတ်မြောက်သူ၊ ဘုရင်မင်းမြတ်အား ရောဂါဝေဒနာပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့သူ၊ မြေအများအပြားပိုင်ဆိုင်သူ၊ အရညဝါသီ တောကျောင်းဂိုဏ်းကို စတင်တည်ထောင်သူ၊ အသက်အလွန်ရှည်ပြီး အသက်တစ်ရာကျော်မှ ပျံလွန်ခဲ့သူ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ရှင်မဟာကဿပ၏ ဇာတာကို ကျွမ်းကျင်သူ ပညာရှင်များအနေဖြင့် စစ်ဆေးဖော်ထုတ်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

* * *

တင်နိုင်တိုး

ကျမ်းကိုး။

- မြန်မာဇာတာ (တင်မမခိုင်၊ မန်းတက္ကသိုလ်)။
- ခေတ်ပေါင်း၊ မြန်မာရာဇဝင် (ဒေါက်တာ သန်းထွန်း)။



www.burmeseclassic.com

www.burmeseclassic.com



# မာတင် ဂါထာတော်

မင်းကြည်ဖြူ

မြောက်မြားလှစွာသော လူ့ဘောင်လောကကြီးအတွင်းတွင် လူတို့ တောင့်တအပ်သော ကိစ္စကြီးငယ်အသွယ်သွယ်မှာလည်း များလှစွာ ရှိပါပေ၏။ လူသည် ပုထုဇဉ်မှန်သမျှ မိမိတို့ နှစ်သက် တောင့်တအပ်သော အရာရာကို လိုချင်တပ်မက်မှု ရှိကြ၏။ ကံ-ကံ၏ အကျိုးကို ယုံကြည်မှု ရှိကြသော်လည်း ရတနာသုံးပါးနှင့်တကွ အခြားသော အစီအရင်များကိုလည်း အားကိုးလေ့ရှိကြ၏။ အမှန်အားဖြင့် အားကိုးရာအစစ်မှာ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးပင် ဖြစ်ပါ၏။

သို့ရာတွင် ထိုရတနာသုံးပါး၏ ဂုဏ်တော်တို့ဖြင့် စီမံထားသော ဂါထာ၊ မန္တန်တို့ကို ရွတ်ဖတ်ခြင်းအားဖြင့်လည်း မိမိတို့ တောင့်တအပ်သော ကိစ္စများ ပြီးပြတ် အောင်မြင်ရမည်ဟု ယုံကြည်မှု ရှိကြလေရာ ထိုဂါထာ၊ မန္တန်တို့ကို ရွ

www.burmeseclassic.com

www.burmeseclassic.com

ဖွေ၍ ရွတ်ဖတ် ပူဇော်လိုကြ၏။ ထို့ကြောင့် ထိုခုနစ်ရက်သားသမီးတို့အတွက် အရာရာ အောင်မြင်စေသည့် မာတင်္ဂဂါထာတော်ကို ရေးသားတင်ပြပေးလိုက်ရပါ၏။ ယုံကြည်စွာ ရွတ်ပွားပူဇော်ကြပါကုန်။

### မာတင်္ဂဂါထာတော်

ယံယံ ဇနပဒံ ယာတိ၊
သဗ္ဗ ဒီသံ သိနေဟံစ။
မမ ပသန္နော ကရိဿံ၊
သိဒ္ဓိ ဘဝတု မေ သဒါ။
ယဒိ ပဿန္တိ မံစိတ္တံ၊
တံ ပဿန္တိ မနောရမံ၊
ယထာ ဥပ္ပတ္တ ကောဝိယာ၊
ဒဿနေနံ မနောရမံ။
ဝိယယေ ပဿန္တိ မံ စိတ္တံ၊
ဝိယံ စိတ္တံ မမ ဝိယံ။
ဝိယေန စိတ္တေန ဟောန္တု၊
မမ ဝိယံ ဝိယံ ဝိယံ။
ဝိယံ ဒေဝ မနဿာနံ၊
ဝိယံ ဗြဟ္မာန မုတ္တမ။
ဝိယံ နာဂ သုပဏ္ဏာနံ၊
ဝိယိန္ဒြိယံ နမာမတံ။
ဝိယေန ဝစသာ သဗ္ဗေ၊
ဝိယံ ပါဏိနော ပဒါနံ၊
သောဝိနော ကာသိ တေ နမော၊
ဟောန္တု မမ ဝိယံ ဝိယံ။
ယံယံ ပဿန္တိ ယေ ဇနာ၊
တေသံ ဟောတု မန် ဝိယံ။
ဝိယေန မေတ္တာစိတ္တေန၊
မမဝိယံ မယုံဘဝ။

ရူပ သဒ္ဒေဟိ သမ္ပန္နော၊
သဗ္ဗဇနံ မနာပိယော။
ဝိယေဟိ စိန္တိတံ ဒေါသံ၊
ဝိနဿန္တု အသေသတော။
မေတ္တာ ဒဇေန သိဥ္စန္တာ၊
တဝမေတ္တံ မမ စိန္တိတံ။
အနုကပ္ပံ ဥပါဒါယ၊
မမံ ဒေဟိ ဝိယံ ဝိယံ။
မေတ္တံ ဝန္ဒိယ မေတ္တာယ၊
ဘတ္တံ ဇနာန ပတ္တိနံ။
ယာစိတဿ မုဒေဝှာတု၊
မေတ္တာယံ ဝက္ခတော မမံ။
ကမလံ ကမလံ ကတ္တံ၊
ဝန္ဒေါ ဝန္ဒေါ မုခံ။
သုဂတော သုဂတော လောကံ၊
သဟိတံ သဟိတံ ကာရုံ။
နေသာ သဘာဝ မစရော၊
ရူပံ နေတ္တ ရသာယနံ၊
မရူဝ မုနိနော ဝါစာ၊
န သမ္ပိကောတိ ကံ ဇနံ။
မ ကာရော မေတ္တာ စိတ္တန္တိ
မေတ္တာ ယုတ္တော ကထာဂတော။
မေတ္တာ ဒဇေန သိဥ္စိတွာ၊
မဟာဇနံ ပမိဥ္စတိ။ ။

ဤဂါထာတော်ကြီးကို အမြဲရွတ်ဖတ် ပူဇော်ပါက ပြောသမျှ အောင်ပါ၏။ ကြံသမျှ ပြီးပါ၏။ လုပ်သမျှ ဖြစ်ပါ၏။ လူချစ်လူခင်ပေါ၏။ လာဘ်မိုး သွန်းဖြိုး၏။ အထူးအားဖြင့် ဝိယသိဒ္ဓိကောင်းမွန်ပါပေ၏။

* * *

မင်းကြည်ဖြူ

---

လူသားတို့ လုံ့လသည် ချိုးကျူးထိုက်သကဲ့သို့ သဘာဝအန္တရာယ်များကလည်း၊ အမျိုးမဆုံးအောင် ဆန်းကြယ်လှ၏။ ဆေးသစ် ဆေးစွမ်းများ ပေါ်လာလေ၊ ရောဂါဆန်းများက တိုးလာလေဖြစ်သကဲ့သို့ ရှိတော့သည်။ မည်သို့ပင်ဖြစ်စေ တီထွင်ကြံဆ၍ မလျော့သော လုံ့လဖြင့် ကြိုးစားရင်ဆိုင်ကြရမည်မှာကား လူသားတို့၏ တာဝန်ပင်.....။

မှော်ဆိုးပညာဆရာကိုင်



www.burmeseclassic.com

www.burmeseclassic.com



မဟာမုနိရုပ်ပွားတော်
ရတနာဘုံမြင့်ကျောင်း၊ မော်လမြိုင်မြို့၊

www.burmeseclassic.com

www.burmeseclassic.com



ဖော်ရမြိုင်သာသနာ

# ဝဇီရာ ရာမဆရာတော်နှင့် ဒုတိယ မဟာမုနိရုပ်ပွားတော်

| မုဒုံ စောနောင်ဖေ |

**သူ့ကျွန်ဘဝနှင့် ဘိုးဘွား အမွေအနှစ်သာသနာ**

ကုန်းဘောင်ခေတ်လယ်ပိုင်း၊ စစ်ကိုင်းမင်းလက်ထက် ၁၁၈၅ ခု၊ တပေါင်းလဆန်း ၆ရက်(၅၊ မတ်၊ ၁၈၂၄ ခု)တွင် နယ်ချဲ့ဗြိတိသျှတို့၏ ကျူးကျော်တိုက်ခိုက်မှုကြောင့် ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားလာသည်။ ၁၈၂၆ ခု ဖေဖော်ဝါရီ ၂၄ရက်တွင် လက်မှတ်ရေးထိုးခဲ့ရသော ရန္တပိုစာချုပ်အရ မြန်မာတို့က ရခိုင်နှင့် တနင်္သာရီဒေသတို့ကို အင်္ဂလိပ်တို့အား လက်ရောက်ပေးအပ်ခဲ့ရ၏။ တနင်္သာရီကမ်းမြောင်ဒေသသို့ နယ်ချဲ့တပ်ဖွဲ့များ ဝင်ရောက်သိမ်းပိုက်ချိန်တွင် မော်လမြိုင်အရပ်သည် တံငါလုပ်ငန်းမျှသာ ထွန်းကားရာ ရွာကြီးပင် ဖြစ်ချေ၏။



စစ်ကိုင်းမင်းသည် ၁၁၉၉ ခု(ခရစ်နှစ် ၁၈၃၇)တွင် ထီးနန်းလက်လွှတ်သွားပြီးနောက် နန်းကျဘုရင်ဘဝဖြင့် ၉နှစ်ကျော်ကာလအထိ ဆင်းဆင်းရဲရဲ နေထိုင်လျက် ၁၂၀၈ခု (ခရစ်နှစ် ၁၈၄၆)တွင် အနိစ္စရောက်



www.burmeseclassic.com


www.burmeseclassic.com



လေ၏။ ပုဂံမင်းသည် ၁၂၁၄ခု(ခရစ်နှစ် ၁၈၅၃)တွင် ထီးနန်းဆုံးရှုံးခဲ့ပြီးလျှင် ၂၇နှစ် ကြာမျှ ထားရာနေ၊ ကျွေးရာစား ဘဝကို ရင်ဆိုင်ဖြတ်သန်း လျက် ၁၂၄၁ခု(ခရစ်နှစ် ၁၈၈၀)တွင် အနိစ္စရောက်ခဲ့၏။ နောက်ဆုံးမင်းဆက် သီပေါမင်းသည်လည်း ၁၂၄၇ခု(ခရစ် နှစ် ၁၈၈၅)တွင် ထီးနန်းသိမ်းပိုက်ခြင်း ခံရပြီးနောက် လူမျိုး ခြား၊ ဘာသာခြားတို့၏ နိုင်ငံရှိ ရတနာဂီရိသို့ နယ်နှင်ခံရ ကာ ၃၁နှစ်တိုင်အောင် ဒုက္ခမျိုးစုံ တွေ့ ကြုံခံစားလျက် ၁၂၇၈ခု(ခရစ်နှစ် ၁၉၁၆)တွင် အနိစ္စရောက်ခဲ့ရပါ၏။ နန်းကျ ဘုရင်ဘဝကိုယ်စီဖြင့် ထိုကဲ့သို့ အနိစ္စရောက်ကြရသော ထိုမင်းသုံးပါး၏ ထူးခြားစွာ တိုက်ဆိုင်တူညီချက်ကား စစ်ရှုံး ဘုရင်များ ဖြစ်နေကြခြင်းပါတည်း။

၁၂၄၇ခု(ခရစ်နှစ် ၁၈၈၅)တွင် (သို့မဟုတ်) ၁-၁-၁၈၈၆ရက်တွင် မြန်မာတစ်နိုင်ငံလုံးသည် သူ့ကျွန်ဘဝသို့ သက်ဆင်းကာ သူ့ယဉ်ကျေးမှု လွှမ်းမိုးခံရသည့် ဘေးရန်နှင့် ရင်ဆိုင်တွေ့ခဲ့ရပါ၏။ သူ့ကျွန်ဘဝသို့ အစောဆုံး ကျရောက်ခဲ့ပြီးသော မော်လမြိုင် တံငါရွာကြီးကား သူ့ကျွန်ဘဝ၌ပင် မြို့ပြအဆင့်သို့ တက်လှမ်းလျက် တနင်္သာရီတိုင်း၏ မြို့တော် ဖြစ်လာလေသည်။ ယနေ့ဆိုလျှင် မွန်ပြည်နယ်၏ မြို့တော် အဖြစ် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် ပြည်နယ်တစ်ခုကို ကိုယ်စားပြုနေ ပေပြီ။

မကြာသေးမီကာလကပင် သံဖြူဇရပ်မြို့(၁၈၇၄-၁၉၇၄)၊ မော်လမြိုင် ရတနာဘုံမြင့်ကျောင်း(၁၈၈၆-၁၉၈၆)၊ မဟာမုနိ ရုပ်ပွားတော်(၁၉၀၄-၂၀၀၄) စသည်တို့၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲတော်များကို ခမ်းနားစွာ ကျင်းပ ပြုလုပ်ခဲ့ ကြသည်။ မွန်ပြည်နယ်အတွင်း၌ ထိုကဲ့သို့ နှစ်တစ်ရာပြည့် နှင့်အထက် သက်တမ်းရှည်ကြာခဲ့သော ဌာနများစွာ ရှိနေ သေးသည်ကို တွေ့ကြရပါ၏။ ဥပမာအားဖြင့် တောင်လေးလုံး ကျောင်းတိုက်ကြီး(၁၈၆၇ခု)၊ မင်္ဂလာဘုံကျော်ခေါ် ရွှေတောင် ကျောင်းတိုက်(၁၈၇၇ခု)၊ ဓမ္မဝိလာသိနီသိမ်ကြီး(၁၈၈၀ပြည့်)၊ ရတနာဘုံမြင့်ကျောင်းတိုက်(၁၈၈၆ခု)၊ ရှင်မဟာဗုဒ္ဓဃောသ အမျိုးသားကျောင်း(၁၈၉၉ခု)၊ မုဒုံမြို့(၁၉၀၁ခု)၊ မော်လမြိုင် အင်းဝကျောင်းတိုက်၊ ကတိုးကျောင်းတိုက် စသည် . . . စသည်။





www.burmeseclassic.com


www.burmeseclassic.com



မော်လမြိုင်မြို့ ဝန်းကျင်ရှိ တိုင်းရင်းသား မြို့မိမြို့ဖများနှင့်တကွ ဗုဒ္ဓဘာသာဝင်တို့၏ နိုင်ငံရေးအရ ကျွန်ဘဝရောက်ခဲ့စေကာမူ သာသနာ၊ ဘာသာ၊ ယဉ်ကျေးမှုအရ အလွှမ်းမိုးအဝါးမျို မခံကြရေး၊ တိုင်းရင်းသားတို့၏ ကိုးကွယ် ယုံကြည်မှုအစဉ်အလာ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လူမျိုးနိုင်ငံဆိုင်ရာ ဇာတိမာန် ရေသောက်မြစ်ဖြစ်သော ဘိုးဘွားအမွေအနှစ်များ မဆုံးရှုံး မပျက်သုဉ်းရေးတို့ကို တတ်စွမ်းသမျှ ကာလအားလျော်စွာ ကြိုးပမ်း တည်ဆောက်ထားမှု သာဓကသက်သေများပင်။

**နေရင်းဒေသကို စွန့်ခွာသွားကြသော လူစုလူဝေးကြီး**

မြန်မာနိုင်ငံ၏ သံလွင်မြစ်၊ ဂျိုင်းမြစ်နှင့် အတ္တရံမြစ်တို့ ပေါင်းဆုံ စီးဝင်ရာ မုတ္တမကွေ့ အရှေ့ဘက်ကမ်း၌ မော်လမြိုင်မြို့ တည်ရှိသည်။ ကျိုက္ခမိ ဖင်လယ်ပြင်ဆီသို့ ဦးတည်စီးဆင်းနေသော သံလွင်မြစ်ကို ယှဉ်ပြိုင်ကာ နာဂစီသတောင် အမည်ရသော တောင်ရိုးတန်းကြီးသည် မြို့တော်၏ အလယ်ချက်ဗဟို၌ မြောက်မှ တောင်သို့ ရှည်လျားစွာ သွယ်တန်းထားသည်။ မြို့တော်၏ အကျယ်အပြန့် အဝန်းအဝိုင်းကို အရှေ့ပိုင်းနှင့် အနောက်ပိုင်းအဖြစ် ပိုင်းခြားနေဟန်ဖြစ်သည်။ ထိုတောင်ရိုးတန်းတစ်လျှောက်၌ ကျိုက်သလွံ၊ ဦးခန္တီ၊ ဦးဇိန






www.burmeseclassic.com

www.burmeseclassic.com

အမည်ရှိ တန်ခိုးကြီးဘုရားစေတီများ အစီအရီ ကိန်းဝပ်စံပယ် လျက်ရှိရာ အထက်မြန်မာနိုင်ငံရှိ စစ်ကိုင်းတောင်ပုံသဏ္ဍာန် အလား တူညီလေသည်။ တောတောင်မြစ်ချောင်း၊ ဆိပ်ကမ်း၊ လယ်ကွင်းများ ပတ်လည်ဝန်းရံထားသော တောင်ရိုးတော် ထက်ရှိ ပုထိုး၊ စေတီ၊ တန်ဆောင်း၊ ကျောင်းတို့မှာ ထုံး သင်္ကန်း၊ မှန်သင်္ကန်း၊ ရွှေသင်္ကန်းအသီးသီးဖြင့် လင်းလက် တင့်တယ် သပ္ပာယ်လှပေ၏။

သမိုင်းအထောက်အထားများအရဆိုလျှင် နယ်ချဲ့ အစိုးရ လာရောက်အုပ်ချုပ်ချိန် ၁၁၈၉ခု(ခရစ်နှစ် ၁၈၂၇)





တွင် တနင်္သာရီတိုင်းဒေသတစ်ခုလုံး၌ လူဦးရေ ၇၀၀၀၀ခန့် သာ ရှိကြောင်း သိရပါသည်။ မော်လမြိုင်၊ ဘီလူးကျွန်း၊ မုဒုံ၊ ဇရား၊ ဝါခရူ စသော မြို့များမှာ ပျက်သုဉ်းလုဆဲဆဲဖြစ် နေပေသည်။ ဤကဲ့သို့ ပျက်သုဉ်းသွားရခြင်း အကြောင်းရင်း တွင် ထင်ရှားမြင်သာသောအချက်မှာ လူစုလူဝေးကြီးများ ဖြင့် နေရင်းဒေသကို စွန့်ခွာသွားကြမှု သုံးကြိမ်ပေါ်ပေါက်ခဲ့ ခြင်းပါတည်း။

ပထမအကြိမ်မှာ ၁၁၁၈ခု(အလောင်းမင်းတရားလက် ထက်) ဟံသာဝတီ နေပြည်တော်ကို တိုက်ခိုက်သိမ်းပိုက် ပြီးနောက် မြန်မာနှင့် ယိုးဒယားတို့၏ နှစ်ရှည်လများ စစ် အင်အား ပြိုင်ဆိုင်မှုများ ဖြစ်ပွားလာသည်။ စစ်သား စစ်ဒဏ် ကို အလူးအလဲ ခံစားကြရသော မုတ္တမ ၃၂မြို့ အားလုံး၌ စီးပွားရေး၊ လူမှုရေးကျဆင်းမှုနှင့်အတူ စိတ်ဓာတ်ပြိုကွဲလာ သည်။ ဦးဆောင်သူ ဂျိုင်းမြို့သူကြီး ဗညားစိန်နှင့်တကွ မော်လမြိုင်၊ မုတ္တမဒေသတွင်းရှိ မွန်လူမျိုး ထောင်ပေါင်းများ စွာတို့မှာ ၁၁၃၄ခုနှစ်တွင် ဒေါနတောင်တန်းကို ကျော်ဖြတ် ကာ တစ်ဖက်နိုင်ငံသို့ ပြေးဝင် အခြေချ နေထိုင်ကြပါတော့ ၏။

၁၁၄၆ ခု(ဗဒုံမင်းတရားလက်ထက်) အခွန်တော် စစ် တမ်းအရ မုတ္တမ ၃၂မြို့အနက်မှ လူရှိမြို့ ၂၀၊ ဇာ ၅နှင့် လူမရှိမြို့ ၁၂ ဇာ ၇ဟု ဖော်ပြနိုင်စေကာမူ လူရှိမြို့ တရင်းဝင် ဇရားမြို့၌ ကျေးရွာအမည်များကို မဖော်ပြနိုင်ခဲ့ချေ။ ထိုနှစ်မှ နှစ် ၃၀အလွန် ၁၁၇၆ခုသို့ ရောက်လျှင် ဒုတိယအကြိမ် နေရင်းဒေသစွန့်ခွာမှု ပေါ်ပေါက်လာပြန်သည်။ စစ်ဒဏ်ကြောင့် မဟုတ်ဘဲ မုတ္တမမြို့ဝန် သခင် ဖမောင်စော၏ ဖိနှိပ်အုပ်ချုပ်မှု ဒဏ်ကြောင့်ဖြစ်သည်ဟု ဆိုပါ၏။ ဘီလူးကျွန်း၊ ဇရား ဝါ ခရူ၊ လမိုင်း၊ ရေး ပေါင်မြို့ သူကြီးများနှင့် သမိန်စောဗိတ်)



www.burmeseclassic.com

www.burmeseclassic.com



ပေါင်း၊ ဗညားလဂွန်းတို့ ခေါင်းဆောင်လျက် မွန်လူမျိုး သုံးသောင်းသည် အမျိုးအနွယ်တို့ ကောင်းစားသော တစ်ဖက်နိုင်ငံသို့ ပြေးဝင် ခိုလှုံခဲ့ကြပြန်လေ၏။

တတိယအကြိမ်ကား ၁၁၈၆ ခု(စစ်ကိုင်းမင်းတရား လက်ထက်) အင်္ဂလိပ်-မြန်မာ ပထမစစ်ဖြစ်ပွားပြီးနောက် တနင်္သာရီတိုင်းဒေသသို့ အင်္ဂလိပ်အစိုးရအုပ်ချုပ်ရေး မစတင်မီ ၁၁၈၈ ခုတွင် ပေါ်ပေါက်ခဲ့ပါသည်။ စစ်ဖြစ်ပြီးစ ကတိမ်းကယိမ်း ကယောက်ကယက် အခြေအနေတွင် တစ်ဖက်နိုင်ငံ၏ တပ်ဖွဲ့များက မုတ္တမဒေသ တောင်ပိုင်းကို ဝင်ရောက်စီးနင်းလျက် အရပ်သားပေါင်း ၁၆၀၀၀ မျှကို ဖမ်းဆီးယူငင်သွားခဲ့ကြ၏။

ဤသို့အားဖြင့် မုတ္တမ၊ မော်လမြိုင်ဒေသ၌ မြို့ပျက်၊ ရွာပျက်နှင့် လူသူနည်းပါးလှသော အခြေအနေသည် နှစ်ပေါင်း (၈၀)နီးပါးမျှ တစ်ဆက်တည်း မင်းမူကြီးစိုးခဲ့လေသည်။ စေတီ၊ ပုထိုး၊ ဇရပ်၊ တန်ဆောင်း၊ ဝတ်ကျောင်း အစရှိသော သာသနိက အဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်သူ၊ ပြုပြင်မွမ်းမံသူများ မရှိသလောက် ရှားပါးနေခဲ့မည်ဟု မှန်းဆ ယုံကြည်ရပေ၏။

သစ်ခေါင်းကြီး ဒေါ်မြမနှင့် တောင်လေးလုံးကျောင်းတိုက်

နယ်ချဲ့အစိုးရသည် အင်္ဂလိပ်-မြန်မာ ပထမ စစ်ပြီးကာလမှ ၁၁၈၈ခု(ဒီဇင်ဘာလ ၁၈၂၆ခု)အထိ ပုသိမ် (၃၂) မြို့နှင့် ဟံသာဝတီ (၃၂)မြို့တို့ကို သိမ်းပိုက်ထားခဲ့ဖြစ်ပါသည်။ ထူးခြားချက်ကား ရန္တပိုစာချုပ်အရ ရန်ကုန်ဒေသမှ နယ်ချဲ့ တပ်ဖွဲ့များ ဒီဇင်ဘာလ ၉ရက်တွင် ထွက်ခွာ ကျောခိုင်းသွားသည်နှင့် မရှေးမနှောင်းပင် မွန်လူမျိုး ဒေသခံများ၏ ထကြွပုန်ကန်မှု ဖြစ်ပွားလာခြင်းဖြစ်ပါ၏။

မွန်မြန်မာလက်နက်ကိုင် အင်အားစုနှစ်ခုအကြား အပြစ်မဲ့ လူထုကြီးကား မြေစာပင်ပမာဖြစ်ရရှာ၍ သနားစဖွယ် ပင်။ ဆန့်ကျင်ဘက် ရှုထောင့်မှ ကြည့်မြင်သောအခါ ကောင်းသော အကျိုးသက်ရောက်မှုဖြစ်သော မော်လမြိုင်မြို့ ဝန်းကျင် စည်ပင်ဖွံ့ဖြိုးတိုးတက်စေသော အခြေအနေကို တွေ့ကြရပေသည်။ ထိုဟံသာဝတီ (၃၂)မြို့များအနက် ပဲခူး၊ ရန်ကုန်၊ သန်လျင်၊ ကျောက်တန်း၊ ပုဂံတောင်နှင့် ပတ်ဝန်းကျင်ဒေသ အသီးသီးမှ မွန်လူမျိုး ထောင်ပေါင်းများစွာသည် အသက်ဘေးမှ လွတ်ရာလွတ်ကြောင်းအဖြစ် ငြိမ်းချမ်းတည်ငြိမ်စပြုနေပြီဖြစ်သော မော်လမြိုင်ဒေသသို့ ရေလမ်း၊ ကုန်းလမ်းအတိုင်း ပြေးဝင် ခိုလှုံလာကြလေ၏။

ထိုကဲ့သို့ ထွက်ပြေး၍ မော်လမြိုင်သို့ ရောက်ရှိ အခြေချသူများတွင် သန်လျင်မြို့မှ ရေနံကုမ္ပဏီသူဌေး ဒေါ်မြမနှင့် ခင်ပွန်း ဦးရွှေဂန်တို့မိသားစု ပါဝင်လေသည်။ စွမ်းရည်သတ္တိနှင့် အမြော်အမြင်ကြီးမားလှသော ဒေါ်မြမသည် ကာလ၊ ဒေသ၊ ပယောဂကို နားလည်စွာ လေ့လာနိုင်သည်။ ခေတ်ရေစီးကြောင်းကို ကောင်းစွာ သဘောပေါက်လျက် စီးပွားရေးအလျှဉ်အတိုင်း ထိုးဖောက်ဝင်ရောက် နေရာယူတတ်သည်။ ၁နှစ် ၂နှစ်အတွင်းမှာပင် သန်လျင်မှ ကျစ်လျစ်စွာ ထုပ်ပိုးသိမ်းဆည်းထားခဲ့သော ရတနာပစ္စည်းတို့ကို ထုခွဲလျက် မော်လမြိုင် သစ်လုပ်ငန်း၌ ပုံအော မြှုပ်နှံလိုက်ပါသည်။ အရင်းအနှီးပြည့်စုံရုံသာမက ကံ၊ ဉာဏ်၊ ဝီရိယ အားကောင်းသော ဒေါ်မြမသည် နှစ်ကာလတိုအတွင်း "သစ်ခေါင်းကြီး ဒေါ်မြမ"ဟူသော နာမည်ကောင်းတစ်လုံးနှင့်တကွ နိုင်ငံခြားသား လုပ်ငန်းရှင်များနှင့် ယှဉ်ပြိုင်နိုင်သော သစ်သူဌေးမကြီးတစ်ဦးဖြစ်လာပါတော့၏။

ဒေါ်မြမသည် အသက် ၆၃နှစ်အရွယ် သက္ကရာဇ် ၁၂၂၅ခု (ခရစ်နှစ် ၁၈၆၃ခု)တွင် အသွားအလာခက်ခဲလှသော မန္တလေးမြို့သို့(အမရပူရအထိ) ရောက်ရှိအောင် သွားလာခဲ့သည်။ မိမိအရှင်သခင် မင်းတုန်းဘုရင်ကို (နိုင်ငံခြားမြေ



www.burmeseclassic.com

www.burmeseclassic.com

ဝိုးထည်၊ သိုးမွေးထည်၊ ဓေးသတွက် ပုစွန်ခြောက်၊ ခုံးခြောက်နှင့် ငါးပုပ်ခြောက် စသော ပူဇော်သက္ကာရများဖြင့်) ဖူးမြော်ကန်တော့ရန်နှင့် အရောင်းအဝယ်ဈေးကွက်ဖွင့်ရန် ရည်ရွယ်ချက် နှစ်ရပ်ဖြင့် စွန့်စားသွားလာခဲ့ခြင်းဖြစ်ပါ၏။

အရှင်သခင်ထံ ဝင်ရောက်ဖူးမြော်ခွင့်ရရှိသော ဒေါ်မြမသည် ပူဇော်သက္ကာရတို့ကို ဆက်သသည့်အပြင် ရင်တွင်းဆန္ဒတစ်ရပ်ကိုလည်း ပြင်းပြထက်သန်စွာ ဗုတ်ဖော်တင်လျှောက်ဖြစ်သွားလေသည်။ သီလသိက္ခာနှင့် ပြည့်စုံပြီးကျမ်းဂန်အကျော် ဆရာတော်တစ်ပါးကို မော်လမြိုင်သို့ ပင့်ဆောင်ကိုးကွယ်ခွင့် ရလိုခြင်းပါတည်။ မင်းတရားကြီးလည်း အမရပူရသို့ သွားရောက်ရှာဖွေ ပင့်ဆောင်ရန် ဒေါ်မြမအား အခွင့်ပြုလိုက်ပါ၏။ ရောင်းရေးဝယ်တာ ကိစ္စရပ်များ ပြီးပြတ်သွားသောအခါ ကိုးကွယ်မှုကိစ္စကို ကြိုးပမ်းခဲ့ရာတွင် အောင်မြင်ပြန်၏။

အမရပူရ၌ ကျော်ကြားလှသော တောင်လေးလုံး(စတုဂိရိ)ကျောင်းရှိ ဆရာတော် ဦးသာသနထံမှ အရွယ်သုံးပါး တရားတော်ကို နာကြားရသည်။ ဒေါ်မြမ တင်လျှောက်သည့်အတိုင်း မော်လမြိုင်သို့ ကြွရောက်၍ သာသနာပြုရန် ဆရာတော်၏ ဝန်ခံကတိကို ရရှိခဲ့သည်။ ဒေါ်မြမကား ခရီးစဉ် ရည်ရွယ်ချက်နှစ်ရပ် အကောင်အထည်ဖော်နိုင်ရုံသာမက အပိုဆောင်းအမြတ်(သံယာဆု)ကိုလည်း သိမ်းပိုက်မိချေပြီ။

၁၂၂၇ ခု၊ ဝါခေါင်လ(၁၈၆၅ခု၊ ဇူလိုင်လ)တွင် တောင်ရိုးတန်း၊ ကျိုက်သလွံစေတီကုန်းတော်အောက် တောင်ခြေရှိ အနောက်ဘက် သာသနာမြေ ဂရန်ကို ဦးရွှေဂန်အမည်ဖြင့် ခွင့်ပြုမိန့်ကျပါသည်။ ကျောင်းတိုက်ကို ၂နှစ်ကြာမျှ ဆောက်လုပ်ပြီး ၁၂၂၉ ခု၊ သီတင်းကျွတ်လ(၁၈၆၇ခု၊ အောက်တိုဘာလ)တွင် ဆရာတော် ဦးသာသန ကြွရောက်လျက် အလှူခံတော်မူပါ၏။ ပုဂ္ဂလိက ဒါနဖြစ်၍ တောင်လေးလုံးကျောင်းတိုက်ဟူ၍ ယနေ့တိုင် အမည်တွင်ပါသည်။ ဆရာတော် ကြွရောက် သီတင်းသုံးစဉ်က သက်တော် ၄၂နှစ်၊ ဝါတော် ၂၂ဝါဟု မှတ်တမ်းရှိသော်လည်း မိဘမျိုးရိုးနှင့် ဇာတိရပ်ရွာကို မသိရပါချေ။

**သစ်ခေါင်းကြီး ဒေါ်ရွှေပွင့်နှင့် ရွှေတောင်ကျောင်းတိုက်**

ရာမညတိုင်း မွန်ပြည်နယ် မော်လမြိုင်မြို့၏ ထင်ရှားသော သာသနာပြု ဆရာတော်များစာရင်းတွင် တောင်လေးလုံး ဆရာတော်(ဦးသာသန)သည် ပထမ စွဲတော်မူပါသည်။ ဒုတိယ စွဲတော်မူသော ဆရာတော်ကား ရွှေတောင်မြို့



ကျီးသဲလေးထပ် ဆရာတော်ကြီး(အရှင်မုနိန္ဒာဘိဝံ)ဖြစ်ပါသည်။ ထိုကျီးသဲလေးထပ် ဆရာတော်ကြီးအား မော်လမြိုင်၌ သီတင်းသုံး၍ သာသနာပြုရန် ပင့်လျှောက်ခဲ့သူကား ဒေါ်မြမနည်းတူစွာ ကျော်ကြားပါသော "သစ်ခေါင်းကြီး ဒေါ်ရွှေပွင့်" ပါတည်။

သာသနာ့ဒါယကာ မင်းတုန်းမင်းက ဆည်းကပ်ကိုးကွယ်လို၍ သုဓမ္မ သာသနာပြု ဆရာတော် ရှစ်ပါးအနက်မှ သင်္ဂဇာ ဆရာတော်အား တမန်အဖြစ် ရွေးချယ်စေလွှတ်ရာတွင် ကျီးသဲလေးထပ် ဆရာတော်က ဤစကားမျိုးကို ပြောဆို တုံ့ပြန်ကာ ငြင်းပယ်တော်မူခဲ့ဖူးပါသည်။

"ကုလားဖြူလက်အောက် ကျရောက်နေသော အောက်မြန်မာနိုင်ငံ၌ မြန်မာတိုင်းရင်းသားတို့၏ ဘာသာ၊ သာသနာ၊ ရိုးရာယဉ်ကျေးမှုများ ကွယ်ပျောက်ပြီး မိစ္ဆာဝါဒီများ ဖြစ်ကြမည်ကို စိုးရိမ်မိကြောင်း၊ တောသူတောင်သားလယ်သမားတို့၏ တောထမင်း၊ တောဟင်းကို စားပြီး သာသနာပြုလိုသေးကြောင်း"

မော်လမြိုင်မြို့ ရွှေတောင်ရပ်နေ ရွှေတောင်မြို့ တိ

www.burmeseclassic.com

www.burmeseclassic.com



သားများကို အဖော်ခေါ်လျက် ရွှေတောင်မြို့၌ သီတင်းသုံးနေတော်မူသော ကျီးသဲလေးထပ် ဆရာတော်ကြီးထံ ဒေါ်ရွှေပွင့်က သွားရောက်ဖူးမြော် လှူဒါန်းခဲ့သည်။ ထိုအပြင် မော်လမြိုင် သာသနာရေးအခြေအနေကို တင်လျှောက်ကာ ဆရာတော်ကြီးကို မော်လမြိုင်သို့ ကြွရောက် သီတင်းသုံးပါရန် အကြောင်းဖြင့် ခွင့်ပန် ပင့်ဖိတ်နိုင်ခဲ့ခြင်းဖြစ်သောကြောင့် ဆရာတော်ကြီး၏ ဆန္ဒအကြိုက်တွင် ဓာတ်ခိုက်သွားစေခြင်း ပေတည်း။ အာဂ တတ်စွမ်းပေ့ ဒေါ်ရွှေပွင့်ပါ။



ဒေါ်ရွှေပွင့် ကျောင်းဆောက်ရန် မြေနေရာကို သာသနာ့အကျိုးဆောင်များက ရှာဖွေရွေးချယ်ပေးကြသည်။ ထိုမြေနေရာမှာ ကျိုက်သလွံ့စေတီ ပရဝဏ်အတွင်း ကုန်းတော်မြောက်ဘက်ရှိ ကမ်းပါးယံဖြစ်သည်။ လေကောင်းလေသန့်ရ၍ မှတ်သုံလေကွယ်အရပ်၌ ရှိသည်။ မျှော်ကြည့်ပါလျှင် အရှေ့အရပ်ဆီ၌ ခရုံဂူနှင့် ထုံးကျောက်တောင်များ။ မြောက်အရပ်၌ကား သံလွင်၊ ဂျိုင်းနှင့် အတ္တရံမြစ်တို့ ပေါင်းဆုံရာရေပြင်ကျယ်ရှိ ခေါင်းဆေးကျွန်းနှင့် မုတ္တမမြို့ဟောင်း၊ အနောက်ဘက်၌မူ သံလွင်မြစ်ပြင်ကျယ်နှင့် ဘီလူးကျွန်းတို့ကို တွေ့မြင်နိုင်၍ ကြည်နူးသာယာ မြင့်မြတ်သော မြေမဟာဟူ၍ ဒေါ်ရွှေပွင့် ကျေနပ်နှစ်သက်စွာ သဘောတူ လက်ခံလိုက်လေသည်။

၁၂၃၉ ခု၊ ကဆုန်လ(၁၈၇၇ခု၊ ဧပြီလ)တွင် ကျောင်းတိုက်ကြီး တည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်ပြီးစီးခဲ့သည်။ ဝါမဆိုမီ ကာလတွင် ဒေါ်ရွှေပွင့်နှင့် အဖွဲ့က ရွှေတောင်မြို့သို့ အရောက်သွားခဲ့ပြီး ကျီးသဲလေးထပ် ဆရာတော်ကြီးကို ပင့်ဆောင်လာကြသည်။ ကျောင်းလွှတ် ရေစက်ချအလှူပွဲနှင့် စပ်လျဉ်း၍ ဆရာတော်ကြီး၏ မှတ်တမ်းတင်ထားချက်မှ အချို့ကို ကောက်နုတ် ဖော်ပြလိုက်ပါသည်။

"၁၂၃၉ခုဖြစ်သော နှစ်ကောဇာသို့ ရောက်လတ်သော် ထိုမုနိန္ဒာဘိဝံသ မထေရ်မြတ်အား မော်ရမြိုင်မြို့အရပ်မှ ဥပါသကာ၊ ဥပါသိကာကောင်းတို့၏ အင်္ဂါနှင့် ပြည့်စုံသော၊ မဇ္ဈိမအသက်အရွယ် တင့်တယ်သော ဆင်းရောင်အင်္ဂါ လက္ခဏာနှင့်လည်း ပြည့်စုံသော၊ အသိန်းမကာ များပြားလှသော ဓနဥစ္စာ ရတနာတို့၏ အရှင်လည်း ဖြစ်ကြသော၊ ကျောင်းဒကာ မောင်ကြင်ဥ၊ ကျောင်းအမ မယ်ရွှေပွင့် အမည်ရှိသော သူဌေးမောင်မယ်အစုံတို့သည် နုတ်ချွာနိဗ္ဗာန်မျှော်စရခြင်းအကျိုးငှာ တည်ထောင် ဆောက်လုပ်အပ်သော နန္ဒမူလိုဏ်နှင့် တူစွာသော "မင်္ဂလာဘုံကျော်" ခေါ်ဝေါ်ပညတ် တံဆိပ်ခတ်သော အုတ်ကျောင်းကြီးကို စွန့်လွှတ်၍ ဆောင်နှင်းလှူဒါန်း၏။ ပူဇော်၏။ လုပ်ကျွေးပြုစု၏"

ပဏ္ဍိတာဝေ မုနိန္ဒယောသ မဟာဓမ္မရာဇဂုရု ဖြစ်တော်မူသော ကျီးသဲလေးထပ် ဆရာတော်ကြီး ကြွရောက် အလှူခံတော်မူသော ကျောင်းတိုက်ကြီးအမည်မှန်မှာ မင်္ဂလာဘုံကျော်ပါတည်း။ နောင်အခါ မြို့သူမြို့သားများက ဆရာတော်ကြီး ဇာတိမြို့ကို စွဲမိကာ နှုတ်လွယ်ပြောလွယ် ရည်ညွှန်းခေါ်ဆိုရာမှ တစ်စတစ်စ တွင်ကျယ်လာပြီး "ရွှေတောင်ကျောင်း"ဟူသော အမည်ထင်ရှား ကျော်ကြားပါ၏။ အလှူခံတော်မူစဉ်ကပင် သက်တော် ၆၀ ပြည့်နေပြီဖြစ်သော ဆရာတော်ကြီးသည် ရွှေတောင်ကျောင်း၌ ၁၂၄၂ ခုအထိ လေးဝါမျှသာ သီတင်းသုံးတော်မူနိုင်ပြီးနောက် ခံစားရသော ပါဒရက်ရောဂါကြောင့် ဇာတိမြို့ရွာသို့ ပြန်လည်ကြွသွားတော်မူရလေ၏။

ကျီးသဲလေးထပ် ဆရာတော်ကြီးသည် ထိုလေးဝါကာလအတွင်း ပရိယတ္တိ သာသနာကို အခြေခိုင်အောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့ပါသည်။ ထေရ်ငယ်၊ ထေရ်လတ်၊ ထေရ်ကြီး ဖြစ်ကြသော စာသင်သားတို့အား အထူးထူးသော ကျမ်းဂန်တို့ကို သင်ကြားပို့ချပေးတော်မူ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ပါဠိဂါထာပေါင်း (၂၇၃၇)ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော "မဟာဝင်ကျမ်း"ကို မြန်မာဘာသာဖြင့် ပြန်ဆိုစီရင်ခဲ့ရာ ၁၂၄၀ပြည့်နှစ် နတ်တော်လဆန်း ၅ရက်တွင် ပြီးစီးသည့် မှတ်တမ်းကို တွေ့ရပါ၏။

**စတုဂီရိ ကျီးသဲလေးထပ် သင်္ဂဇာမှသည် ဝဇီရာ ရာမသို့**

မော်လမြိုင် သာသနာကို အထူးပြုစုပျိုးထောင်တော်မူခဲ့ကြသော(တောင်လေးလုံးဆရာတော် ဦးသာသနမှအပ) "ရာဇဂုရု"ဘွဲ့တံဆိပ်ခံ မင်းဆရာတော်ကြီး ၆ပါးမျှ ရှိခဲ့မှုသည်ကို တွေ့ရပါ၏။ ပထမ ဆရာတော်ဘုရားကား "ပဏ္ဍိတာဓဇ မုနိန္ဒဃောသ မဟာဓမ္မရာဇဂုရုဘွဲ့"တံဆိပ်ခံယူတော်မူသော ကျီးသဲလေးထပ် ဆရာတော်ဖြစ်ပါ၏။

ဒုတိယ ဆရာတော်ကား "အဂ္ဂဓမ္မာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရုဘွဲ့"တံဆိပ်ခံယူတော်မူသော သင်္ဂဇာဆရာတော်၊ တတိယ ဆရာတော်မှာ ပညာသိရီသဒ္ဓမ္မကဝိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရုဘွဲ့"တံဆိပ်ခံယူတော်မူသော ဝဇီရာ ရာမဆရာတော်၊ စတုတ္ထဆရာတော်မှာ "စာရိတ္တာဘိဓဇ ရာဇဂုရုဘွဲ့"တံဆိပ်ခံ အင်းဝဆရာတော်ဖြစ်၏။

ပဉ္စမမြောက် ဆရာတော်ဖြစ်သော မင်းခင်းဆရာတော်ကား "ဝိမလာစာရာဘိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရုဘွဲ့"နှင့် "ဝိမလာစာရာဘိ ကဝိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရုဘွဲ့"တံဆိပ်တော်နှစ်ထပ်ကို ခံယူတော်မူရ၏။ မော်လမြိုင်မြို့ ကတိုးကျောင်းတိုက်၌ သီတင်းသုံးလျက် သာသနာပြုတော်မူခဲ့သော ဘုတလင်မြို့နယ်၊ ကတိုးရွာဇာတိ၊ ကတိုးဆရာတော်သည် ဆဋ္ဌမမြောက် ရာဇဂုရုဘွဲ့တံဆိပ် ခံယူတော်မူခဲ့သော ဆရာတော်ပေတည်း။

သုဓမ္မာ သာသနာပြု ဆရာတော် ရှစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်လာသော သင်္ဂဇာ ဆရာတော်သည် ဒါယကာမင်းတုန်းမင်း ပင့်ဖိတ်လှူဒါန်းအပ်သော သင်္ဂဇာကျောင်းတိုက် (မန္တလေးမြို့ အနောက်ပြင်)၌ လေးဝါမျှသာ သီတင်းသုံးနေတော်မူပါသည်။ ထို့နောက် မင်းတုန်းမင်းတရား၏ မိဖုရားတစ်ပါးဖြစ်သော စိန်တုံးမိဖုရားက ဆောက်လုပ်ထားသော "ဝဇီရာ ရာမကျောင်းတိုက်ကြီး"(ရတနာပုံ နေပြည်တော်အရှေ့မြောက်ယွန်းယွန်း)ကို တင်လှူ ကိုးကွယ်သဖြင့် ၆ဝါအထိ သီတင်းသုံးနေတော်မူခဲ့သေး၏။

သင်္ဂဇာ ဆရာတော်သည် တောရကျောင်းများ၌ မွေ့လျော် ပျော်ပိုက်သည့်အားလျော်စွာ "ဝဇီရာ ရာမကျောင်းတိုက်ကြီးကို တပည့်ရင်းချာ အရှင်ပညာသိရီအား လှည်းကောင်း၊ သင်္ဂဇာ ရာမတိုက်ကြီးကိုမူ တပည့်ရင်းချာ "ဓမ္မစာရိန္ဒာဘိသိရီဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရုဘွဲ့"ခံ ဆရာတော်အားလည်းကောင်း ဆောင်နှင်း လွှဲအပ်ခဲ့လေ၏။ တပည့်ရင်းချာ အရှင်ပညာသိရီကား ကျောင်းတိုက်လွှဲအပ်ခံရသည်မှ စ၍ ဝဇီရာ ရာမဆရာတော်အမည်ဖြင့် ထင်ရှားလျက် သီပေါမင်းလက်ထက်တွင် သုဓမ္မာ သာသနာပြု ဆရာတော်အဖြစ်ဖြင့် "ပညာသိရီ သဒ္ဓမ္မ ကဝိဓဇ ရာဇာဓိ ရာဇဂုရုဘွဲ့"တံဆိပ်ကို ခံယူတော်မူရ၏။

ကြက်ထောင့်တောရ၌ သီတင်းသုံးနေသော သင်္ဂဇာ ဆရာတော်အား မင်းတုန်းမင်းက ကျောင်းရံ တစ်ဆယ်နှင့် တကွ ကျောင်းတိုက်တစ်တိုက်ကို ထိုအရပ်၌ပင် ဆောက်လုပ်လှူဒါန်းခဲ့ပြန်သည်။ ထိုတောရ၌ ၆ဝါစေ့မြောက်သော အခါ ထိုကျောင်းတိုက်ကို အရှင်ဇဝနအား လွှဲအပ်ပေးပြီးနောက် မင်းကွန်းစေတီ၊ စမ်းကြီးတောရ၊ ကျောက်ကာရွာ၊ ထန်းဇလုပ်တောရ၊ မြင်းခြံအနီး စမ်းကျတောရတို့၌ သီတင်းသုံး ဝါဆိုတော်မူရာ မင်းတုန်းမင်း နတ်ရွာစံသည့်နှစ် ၁၂၄၀ ပြည့်နှစ်အထိဖြစ်ပါ၏။


မင်းတုန်းမင်း နတ်ရွာစံပြီးနောက် နှစ်လခန့်အကြာ ၁၂၄၀ပြည့်နှစ် တန်ဆောင်မုန်းလကုန်(၁၈၇၈ ခု၊ နိုဝင်ဘာလ) တွင် သင်္ဂဇာဆရာတော် ရန်ကုန်သို့ ကြွလာသည်။ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်ဒေသ ၁၉ခုတို့၌ လှည့်လည်ကြွရောက်ကာ တရားဓမ္မပြသတော်မူသည်။ ၁၂၄၂ခု၊ တန်ဆောင်မုန်းလ(၁၈၈၀ ပြည့်နှစ်၊ နိုဝင်ဘာလ)တွင် မော်လမြိုင်သို့ ကြွရောက်ကာ မန်ကျည်းတောကျောင်း၌ သီတင်းသုံးတော်မူသည်။ ထိုကာလတွင် ကျီးသဲလေးထပ်ဆရာတော်ကား ပါဒရက်ရောဂါကြောင့် မော်လမြိုင်ရာသီဥတုကို ကျောခိုင်း၍ ရွှေတောင်မြို့သို့ ပြန်ကြွသွားပြီဖြစ်ပါ၏။

ထို့ကြောင့် ၁၂၄၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ရက်တွင် သင်္ဂဇာ ဆရာတော် ကြီးမှူးကြပ်မတ်ခဲ့သော ဒီပါရုံကျောင်းတိုက်၏ ဓမ္မဝိလာသိနီသိမ်ကြီး သမုတ်ပွဲ၌ ကျီးသဲလေးထပ်ဆရာတော် မပါဝင်နိုင်တော့ချေ။ ထိုသိမ်သမုတ်ပွဲသို့ ရတနာပုံ နေပြည်တော်မှ ဝဇီရာ ရာမဆရာတော်သည် တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘောဖြင့် ကြွရောက် ပါဝင်တော်မူလေသည်။ ပထမတစ်ချက်မှာ ဆရာရင်း၏ သိမ်သမုတ်ရာတွင် ကိုယ်တိုင်ပါဝင်ရန်ဖြစ်ပြီး ဒုတိယတစ်ချက်မှာ သီပေါမင်း၏ တမန်အဖြစ်ဖြင့် ဆရာရင်းကို နေပြည်တော်



www.burmeseclassic.com

www.burmeseclassic.com



သို့ ပင့်ဆောင်ရန်ဖြစ်သည်။ အဲပိုဆောင်း အကျိုးအမြတ်ကား မော်လမြိုင် သာသနာရေး ပကတိအခြေအနေကို မျက်ဝါး ထင်ထင် သိမြင်ခွင့်ရရှိခြင်းပါတည်း။ ဤအမြင်အသိသည် မော်လမြိုင် သာသနာကို နောင်အခါ ကျေးဇူးပြုတန်ရာပါ၏။

**ဝဇီရာ ရာမဆရာတော်နှင့် မဟာမုနိရုပ်ပွားတော်**

ကမ္ဘာမြို့သို့ ဒုတိယအကြိမ် မကြွမီအခါ ၁၂၅၈ခု၊ နယုန်လ(၁၈၉၆ခု၊ မေလ)တွင် ဝဇီရာ ရာမဆရာတော်ကြီးအား ကျိုင်းခန်းရွာဇာတိ ဒါယကာ မောင်ကျန်က သိမ်တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းပါသည်။ ရတနာဘုံမြင့်ကျောင်းတိုက် ပရဝုဏ်အတွင်း၌ ဆောက်လုပ်ထားသော "သုမင်္ဂလ ပသာဒနီ သိမ်"ဖြစ်ပြီး ထိုလဆန်း ၁၄ရက်တွင် ရဟန်းငါးကျိပ်ဖြင့် သိမ်သမုတ်တော်မူခဲ့ခြင်းပင်။

ဝဇီရာ ရာမဆရာတော်ကြီးသည် ရတနာပုံ နေပြည်တော်ရှိ မဟာမုနိရုပ်ပွားတော်ကြီးကို အကြိမ်ကြိမ် သတိရစွာ အောက်မေ့တော်မူခဲ့သည်။ ဤသို့သော ရုပ်ပွားတော်ကြီး တစ်ဆူကို မော်လမြိုင်မြို့၌ သွန်းလုပ်ထားရှိရပါမူ မြို့သူမြို့သား အများနှင့်တကွ မိမိလည်း အစဉ်မပြတ် ပူဇော်နိုင်လတ္တံ့ဟု အကြံအစည် ပြင်းပြထက်သန်တော်မူခဲ့ရာမှ ဝစီကံအဖြစ်သို့ ရောက်တော်မူလေသည်။

သာသနာ့အာဇာနည်များ ဖြစ်ကြသော "သိရီသုပဘာ ရတနာဒေဝီတွဲ့"ခံ စိန်တုံး မိဖုရားနှင့် ကျောင်းအမကြီး ဒေါ်ရွှေပွင့်တို့က ဆရာတော်ဘုရား၏ ဝစီကံကို ကာယကံမြောက်စေရန် ထောက်ပံ့ ချီးမြှင့်ခြင်း ပြုခဲ့ကြပါသည်။ ခဲယဉ်းလှသော ရုပ်ပွားတော်ပုံတူမျိုး ရရှိရေးအတွက် ဆရာတော်ဘုရားက မန္တလေးမြို့ ဘုရားကြီး ဂေါပကအဖွဲ့ထံ မေတ္တာစာတစ်စောင်ရေးလျက် အကူအညီပေးတော်မူပါသည်။

သက်ဆိုင်ရာ အခွင့်အမိန့်ကို ရရှိသောအခါ ဆရာတော်ဘုရားသည် ဒေါ်ရွှေပွင့်အပါအဝင် တပည့် ရဟန်းများ၊ ဒါယကာ အခြွေအရံများနှင့်တကွ မန္တလေးသို့ ကြွတော်မူသည်။ မဟာမုနိရုပ်ပွားတော်ကြီးတစ်ဆူလုံး၌ ဝါဒန်ကျောက်နံ့ အင်္ဂတေဖြင့် အထူးစား လိမ်းကပ်ထားပြီးမှ အသေအချာ ခွာယူခဲ့သော ပုံတော်အမျိုးအစားဖြစ်ပါသည်။

မန္တလေးမှ ရန်ကုန်သို့ ကုန်းလမ်းဖြင့် ရန်ကုန်ရောက်လျှင် မော်လမြိုင်သို့ ရေလမ်း(အာဝါး မီးသင်္ဘော)ဖြင့် ဆက်လက် ပင့်ဆောင်ရာ ၁၂၆၅ ခု၊ သီတင်းကျွတ်လဆုတ် ၈ရက်တွင် ဆိပ်ကမ်းဆိုက်သည်။ မော်လမြိုင်ဆိပ်ကမ်း၌ မဟာမုနိရုပ်ပွားတော်ပုံတူကို မြို့သူမြို့သား လူရှင် ရဟန်းများစွာက တခမ်းတနားကြိုဆိုလျက် ကျိုက်သလွန်ကုန်းတော်သို့ ချီပင့် ဆောင်ယူခဲ့ကြလေသည်။ ဆရာတော်ကြီးကိုယ်တိုင် ကြီးမှူး၍ ၁၂၆၆ခု၊ ကဆုန်လဆန်း ၁၄ရက်တွင် စတင်သွန်းလုပ်ခဲ့သော မော်လမြိုင်မြို့၏ ကျက်သရေဆောင်ဖြစ်တော်မူသော မဟာမုနိရုပ်ပွားတော်ကြီးသမိုင်းကို မှတ်တမ်းစာစုနစ်ခုဖြင့် အပြီးသတ်လိုက်ပါရစေ။

"ကျောင်းအမကြီး ဒေါ်ရွှေပွင့်၏ ဖိတ်ကြားချက်အရ မဟာမုနိရုပ်ပွားတော်မြတ်ကြီး သွန်းလုပ်သည့်အခမ်းအနားသို့ သွားရောက်ခဲ့ရာ ရဟန်းရှင်လူ ပရိသတ်များ ကြိတ်ကြိတ်တိုး စည်ကားလှကြောင်း၊ စိတ်လှုပ်ရှားဖွယ် ဘာသာရေးပွဲတော်ကြီးဖြစ်ကြောင်း၊ မဟာမုနိ ဦးခေါင်းတော်ကို ရွှေသားအတိဖြင့် သွန်းလုပ်ခဲ့ခြင်းဖြစ်ကြောင်း"(ဗြိတိသျှ စာရေးဆရာမကြီး G.E.MITTON ၏ ကိုယ်တွေ့မှတ်တမ်း)။

မင်းကြီး မင်းထင်မဟာစည်သူဘွဲ့ခံ ဝန်ထောက်တော် ဝက်မစွတ်မြို့စားမင်းသည် ဝဇီရာ ရာမဆရာတော်ကြီး၏ မိန့်ဆိုတိုက်တွန်းချက်ဖြင့် မန္တလေး ရတနာပုံမြို့ မဟာမုနိရုပ်ပွားတော်ကြီးနှင့် စနစ်ပုံစံထပ်တူ မော်လမြိုင်မြို့တွင် သွန်းလုပ်သော "ဒုတိယ မဟာမုနိဘုရားရုပ်ပွားတော်မြတ်" ကျောက်စာကို ရေးသည်ဟု အမှတ်အသားတွေ့ရှိရသည်" (စာရေးဆရာမကြီး ဒေါ်ခင်ခင်လေး၏ ရေးသားချက်)။

* * *

မုဒုံ စောနောင်ဓပ

ကျမ်းကိုး

- ရွှေတောင်ကျောင်းတိုက်သမိုင်း(ဆရာအံ့ကျော်၊ မော်လမြိုင်)။
- မဟာမြတ်မုနိရုပ်ပွားတော် ရာပြည့်သမိုင်း(ရွှေမြိုင် မောင်မှုဝါ)။
- မုဒုံမြို့ ကန်ကြီးစေတီတော်သမိုင်း(ဆရာကြီး ဦးမြင့်၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ)။
- တောင်လေးလုံးကျောင်းတိုက်များသမိုင်း(အံ့ကျော်၊ သမိုင်းပါမောက္ခ-ငြိမ်း)။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

(၁)

ဟိုးရှေးရှေးအခါတုန်းက ဗာရာဏသီပြည်မယ် "သုစမ္မပါလိ"လို့ အမည်ရှိတဲ့ သူဆင်းရဲသားတစ်ယောက် ရှိခဲ့ပါလေတယ်။ သူဟာ "သေတမုသိက"လို့ အမည်ရှိတဲ့ ကြွက်ဖြူကလေးတစ်ကောင် အိမ်ပေါ်ကို ရောက်လာတဲ့ အချိန်ကစလို့ နေ့ချင်း ညချင်းဆိုသလို လူချမ်းသာသူဌေးဖြစ်လို့ လာခဲ့ပါလေတော့တယ်။ ကြွက်ဖြူကလေးကိုလည်းပဲ "သုစမ္မသေတ"လို့ အမည်တွင်သွားတော့တာပါ။

သုစမ္မပါလိသူဌေးဟာ ကြွက်ဖြူကလေးကြောင့် ချမ်းသာလာတာဆိုတော့ ကြွက်ဖြူကလေးကို ဝယ်ချင်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေတော့တာပေါ့။ ဒါပေမယ့် သုစမ္မပါလိက ဘယ်မှာ ရောင်းပါ့မလဲ။ ဒီမှာတင်ပဲ အတွင်းလူ သစ္စာဖောက်တစ်ယောက်ကြောင့် ကြွက်ဖြူကလေးဟာ ပုဏ္ဏားတစ်ဦးရဲ့ လက်ထဲကို ရောက်လို့သွားခဲ့ရပါလေတယ်။ သုစမ္မပါလိသူဌေးရဲ့ အခိုင်းအစေတစ်ယောက်က ခိုးပြီးပေးလိုက်တာပါ။

သေတမုသိက ကြွက်ဖြူကလေးဟာ ဆွတ်ဆွတ်ဖြူလို့ အင်မတန်လှပတာပါ။ အကောင်သာပဲ ဖြူတာ မဟုတ်ပါဘူးလေ၊ အကျင့်သီလကလည်းပဲ အလွန်တရာ ဖြူစင်တာပါ။ အကြောင်းကတော့ဖြင့် ကြွက်ဖြူကလေးဟာ သက်သတ်လွတ်စားလို့ ငါးပါးသီလကို စောင့်ထိန်းပါလေတယ်။

ငွေပေးပြီး အခိုးခိုင်းတဲ့ ပုဏ္ဏား၊ ကြွက်သူခိုး ပုဏ္ဏားဟာ မိစ္ဆာဒိဋ္ဌိပါ။ အဲဒီတော့ကာ ကြွက်ဖြူကလေး သူတော်ကောင်းနဲ့ အကျိုးမပေးပါလေ။ သို့သော်လည်းပဲ ကြွက်ဖြူကလေးကိုတော့ ဂရုစိုက်ပါတယ်။ ကောင်းကောင်းမွန်မွန် ကျွေးမွေးပြုစု စောင့်ရှောက်ပါတယ်။ ဒါပေမယ့်လို့လည်း ကြွက်ဖြူကလေးကတော့ဖြင့်ရင် မပျော်ပိုက်ပါဘူး။

ဒါကြောင့်မို့လို့ ကြွက်ဖြူကလေးဟာ ထွက်ပြေးပါလေတော့တယ်။ ဟိမဝန္တာတောအထိ မရပ်မနားပြေးလေတော့တာပါ။ ဟိမဝန္တာကို ရောက်တဲ့အခါမယ်တော့ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ စတာတွေကို သင့်သလို စောင့်သုံးပြီး အေးအေးချမ်းချမ်း နေထိုင်ပါလေတော့တယ်။

(၂)

နှစ်ပေါင်းများစွာ ကြာတဲ့အခါ ကြွက်ဖြူကလေးဟာ သူ့သခင်ဟောင်း စမ္မပါလိကို သတိရ လွမ်းဆွတ်ပြီး···

"အင်း···ငါ့သခင် ဘယ်လိုများ နေပါလိမ့်"

အဲသလိုတွေးမိ၊ စဉ်းစားမိပြီး သူ့သခင်ရဲ့ အခြေအနေကို သိချင်တဲ့အတွက် ဗာရာဏသီကို ထွက်ခွာလာခဲ့ပါလေတယ်။ သခင်ဟောင်း သုစမ္မပါလိအိမ်ကို ကြွက်ဖြူကလေး ရောက်သွားတဲ့အချိန်ဟာ အချိန်မတော် ညဉ့်နက်သန်းကောင်ဖြစ်နေတာပါ။

ဆီမီးရောင်နဲ့ ဝင်းဝင်းထိန်ထိန်ရှိနေမြဲဖြစ်တဲ့ အိမ်ကြီးဟာ မှောင်နဲ့မည်းမည်းဖြစ်လို့ နေပါတယ်။ ကျီကျတွေထဲမှာလည်းပဲ စပါး၊ ပဲ၊ ပြောင်း၊ နှမ်း တစ်စေ့မှ မရှိပါဘူး။ နွားတင်းကုပ်၊ မြင်းဇောင်းကုပ်၊ လှည်း တန်းလျားဆိုတာတွေမှာလည်းပဲ ကျိုးနဲ့ ဖုတ်ဖုတ်ဖြစ်လို့နေတော့တာပါ။

"အင်း···ဘာတွေ ဘယ်လိုဖြစ်ကုန်တာပါလိမ့်"

ကြွက်ဖြူကလေးဟာ အဲသလိုမျိုး ရေရွတ်ရင်း အိမ်ပေါ်ကို တက်လို့ လာခဲ့ပါလေတယ်။ အမိုက်သရိုက်တွေ ကြားမယ် လျှောက်သွားနေတုန်း ပုပ်သိုးနေတဲ့ အစာတွေ ထည့်ထားတဲ့ အုန်းမှုတ်ခွက်တစ်ခွက်ကို တွေ့ရပါလေတယ်။ အုန်းမှုတ်ခွက်ဘေးမှာ အိပ်လို့နေတဲ့သူကဖြင့် သုစမ္မပါလိ။

ကြွက်ဖြူကလေးက···

"သခင်···သခင်···ထပါဦး"

အဲသလို နှိုးလိုက်တဲ့အခါမယ် သုစမ္မပါလိဟာ အိပ်မှုန်စုံမွှား ထလာခဲ့ပြီး ကြွက်ဖြူကလေးမှန်း သိလိုက်ရတော့ ဝမ်းနည်းဝမ်းသာဖြစ်လို့ ငိုချလိုက်ပါတော့တယ်။

သုစမ္မပါလိက···

"ကြွက်ဖြူလေးရေ···မင်းမရှိကတည်းက ငါ့မှာ စီးပွားရေးလျှောကျလိုက်တာကွယ်၊ မရပ်မနားပါပဲဟယ်"

"မယားနဲ့ သားလည်း သူတို့မိဘထံရပ်ကို ပြန်လို့သွားကြပြီ၊ ငါလည်းပဲ ခွက်ခွဲပြီး တောင်းရမ်းစားသောက်နေရလေပြီကွာ"

အဲသလိုပြောလိုက်တဲ့အခါမယ် ကြွက်ဖြူကလေးက-

"သခင်···သီလ မစောင့်ဘူးလား"

ဒီလိုမေးလိုက်တဲ့အခါမယ် သုစမ္မပါလိဟာ အထိတ်တလန့်နဲ့ သူ့ခေါင်း သူထုပြီး···

"ဟယ်···အဲဒါကို ငါမေ့နေတယ်ကွာ။ မင်းပျောက်သွားကတည်းက သီလ မစောင့်ဖြစ်တာဘဲဟေ့"

"အနည်းဆုံး ငါးပါးသီလစောင့်ပါ သခင်"

"အေးအေး၊ စောင့်မယ်···စောင့်မယ်။ အခုအချိန်ကစလို့ သီလစောင့်ပြီဟေ့၊ ကြွက်ဖြူကလေးရေ"

သုစမ္မပါလိ သတိတရားရလို့ သီလစောင့်ထိန်းပါလေ



www.burmeseclassic.com

www.burmeseclassic.com

တော့ပြီ။

နောက်တစ်နေ့မှာ ကြွက်ဖြူကလေးဟာ သူ့သခင်ကို ရေချိုးခိုင်းပါတယ်။ ရေချိုးပြီးတဲ့အခါမယ်တော့ သုခမ္မပါလိက -

"ရေချိုးခိုင်းတာ ဘာလုပ်မလို့တုန်းကွဲ့"

"ရွှေနန်းတော်ကြီးကို သွားမယ်။ ရောက်ရင် ကျွန်တော့်ကို ဘုရင်ကြီးကို ဆက်သပါ သခင်"

"ဟင်···မင်းကို သတ်စားမှဖြင့်ကွယ်"

"မသတ်ပါဘူး သခင်ရဲ့။ စိတ်ချစမ်းပါဗျာ"

ဒီလိုနဲ့ပဲ သုခမ္မပါလိဟာ ကြွက်ဖြူကလေးကို ပခုံးပေါ် တင်လို့ အိမ်က ထွက်လာတယ်ဆိုရင်ပဲ···

"အဲ···စီးပွားဥစ္စာပေးတဲ့ ကြွက်ဖြူကလေး ပြန်လို့ ရောက်လာပြီဟေ့"

လူအများတို့ဟာ အဲသလိုမျိုး အော်ကြဟစ်ကြပြီး သုခမ္မပါလိရဲ့ နောက်က ဝန်းရံလို့ လိုက်ပါခဲ့ကြတယ်။ ဘုရင်မင်းတရားကြီးရဲ့ ရှေ့တော်မှောက်မယ် ခစားမိတဲ့အခါမှာတော့ သုခမ္မပါလိက···

"အရှင်မင်းတရားကြီးဘုရား··· စီးပွားဥစ္စာ မင်္ဂလာကျက်သရေတွေကို ဆောင်တဲ့ ဒီကြွက်ဖြူကလေးကို ကျွန်တော်မျိုးနဲ့ မထိုက်တန်တဲ့အတွက်ကြောင့် အရှင်မင်းမြတ်ကို ဆက်သပါတယ် ဘုရား"

အဲသလို လျှောက်ထားလို့ ဆက်သတဲ့အခါ ဘုရင်ကြီးကလည်းပဲ ဗာရာဏသီတစ်မြို့လုံး ထင်ရှားကျော်ကြားလေတဲ့ ကြွက်ဖြူကလေးကို ဝမ်းမြောက်ဝမ်းသာစွာနဲ့ပဲ လက်ခံယူတော်မူပါလေတယ်။

အဲဒီနောက်မှာတော့ ဗာရာဏသီမင်းကြီးက သုခမ္မပါလိကို ကျွဲ၊ နွား၊ လယ်ယာ၊ ရွှေ၊ ငွေအမြောက်အမြားအပြင် ရွာစားအဖြစ်ပါ ရွာကြီးတစ်ရွာကို ပေးသနားလို့ ချီးမြှင့်မြောက်စားပါလေတော့တယ်။ ဒီတော့ကာ သုခမ္မပါလိဟာ တစ်ခဏအတွင်းမှာပဲ ဟိုအရင်ကထက် ပိုမိုကြွယ်ဝချမ်းသာလာလေတယ်။

"သူဌေးကြီး (ဝါ) ရွာစားကြီး သုခမ္မပါလိ"ဆိုပြီး ဗာရာဏသီ သူဌေးစာရင်းဝင်ဖြစ်လို့လာခဲ့တော့တာပါ။

(၃)

ရွှေနန်းတော်ထက်က ကြွက်ဖြူကလေးကတော့ ရွှေလှောင်ချိုင့်မှာ နေရပြီး ရွှေခွက်နဲ့ အစားကောင်း အသောက်ကောင်းတွေကို စားရသောက်ရပါသော်လည်းပဲ မပျော်ပိုက်ပါလေဘူး။ ကြွက်ဖြူကလေးဟာ ဘုရင်နဲ့ တရားစကားပြောကြား ဆွေးနွေးလိုပါတယ်။ ဒါပေမယ့်လို့ ဘုရင်ကြီးဟာ တရားမှာ မွေ့လျော်သူ မဟုတ်ပါလေဘူး။

ဒီလိုနဲ့ လအနည်းငယ်ကြာတဲ့အခါမှာ တစ်နေ့မယ် အမှုထမ်းတစ်ယောက်ဟာ ကြွက်ဖြူကလေးကို လာရောက်အစာကျွေးပြီး ရွှေလှောင်ချိုင့်တံခါးကို မပိတ်ဘဲ ထားခဲ့ပါလေတယ်။ အဲဒီအခါမယ် ကြွက်ဖြူကလေးဟာ အဲဒီတံခါးက အသာကလေးထွက်ပြီး ဟိမဝန္တာတောကို ပြန်ပါလေတော့တယ်။

ကြွက်ဖြူကလေးဟာ ဟိမဝန္တာကို ရောက်ပြီး နှစ်အနည်းငယ်အကြာမှာတော့ တစ်နေ့ ကြွက်ဖြူကလေး နေတဲ့ သစ်ပင်အောက်ကို ပုဏ္ဏားတစ်ယောက်ရောက်လို့ လာခဲ့လေတော့တယ်။ အဲဒီအခါမှာ···

"ပုဏ္ဏားကြီး ကြွတော်မူပါ။ သစ်သီးတွေကို သုံးဆောင်တော်မူပါ"

သီလချည်း စောင့်ထိန်းနေရာက ဒါနပါ ပြုရတဲ့အတွက် ကြွက်ဖြူကလေးက ဝမ်းသာအားရ ကြိုဆိုတာပါ။ ပုဏ္ဏားဟာ နေရာတကျ ဝင်လို့ထိုင်ပါသော်လည်း သစ်သီးတွေကိုတော့ မတို့မထိပါဘူးလေ။ ပြီးတော့မှ···

"ငါဟာ ဒီတောထဲမှာ မျက်စိလည်နေတာ တစ်နှစ်ရှိပြီ။ သစ်သီးဝလံတွေချည်း စားနေရလို့ မစားချင်တော့ဘူး"

"ဒါဖြင့်ရင် ဘာသုံးဆောင်ချင်ပါသလဲ ပုဏ္ဏားကြီး"

"ဖြစ်နိုင်ရင်တော့ ကြွက်သားစားချင်တယ်ကွဲ့"

အဲဒီအခါမှာ ကြွက်ဖြူကလေးဟာ အင်မတန်ကို ဝမ်းမြောက်ဝမ်းသာဖြစ်လို့ သွားပါလေတော့တယ်။ ကြွက်ဖြူကလေးဟာ အလှူအတန်းပေးရမယ်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် ပေးချင်တာပါ။ ဒါကြောင့်မို့လို့···

"ကြွက်သားစားချင်တယ်ဆိုရင် ကျုပ်ရဲ့ အသားကို ပေးလှူပါတယ်။ ဒါကြောင့် မီးဖိုတစ်ခုလုပ်ပေးပါ ပုဏ္ဏားကြီး"

ဒီလိုပြောတဲ့အခါမှာ ပုဏ္ဏားကြီးဟာ မီးဖိုတစ်ခုဖြစ်အောင် အလျင်အမြန် ဆောင်ရွက်တော့တယ်။ မီးတောက်တွေ တဟုန်းဟုန်းတောက်လောင်လာတယ်ဆိုရင်ပဲ ကြွက်ဖြူကလေးက···

"ကျုပ်ရဲ့ အသားတွေကို ပုဏ္ဏားကြီးစားဖို့ရာ ပေးလှူပါတယ်ဗျာ"

အဲသလိုပြောပြောဆိုဆိုနဲ့ မီးဖိုထဲကို ခုန်ချလိုက်တော့တာပါ။

ကြွက်ဖြူကလေးဟာ မီးဖိုထဲ ခုန်ချသော်လည်း



www.burmeseclassic.com

www.burmeseclassic.com

သေဖို့ဆိုတာ ဝေးလို့ အမွေးတစ်ပင်တောင် မီးမလောင်ပါဘူးလေ။ ရေထဲကို ခုန်ချသလိုမျိုး ဖြစ်လို့နေတာပါ။ ဒါကြောင့်မို့လို့ ကြွက်ဖြူကလေးက တအံ့တသြနဲ့ . . .

"ပုဏ္ဏားကြီး . . . သင့်မီးက ပူလည်း မပူပါကလား။ ဘာမီးတုန်းဗျ"

"နတ်မီးလေကွယ်၊ နတ်မီး"

အဲသလိုမျိုးပြောပြီး ပုဏ္ဏားကြီးဟာ ကြွက်ဖြူကလေးကို ကောက်ယူပြီး လက်ဝါးပေါ်ကို တင်ထားလိုက်ပါတော့တယ်။ တစ်ပြိုင်နက်တည်းမှာပဲ ပုဏ္ဏားအသွင်ပျောက်လို့ သိကြားမင်းအသွင်ရောက်သွားလေတော့တာပါ။

"အေး . . . ကြွက်ဖြူကလေးရဲ့ ဒါန ပါရမီကို ဖြည့်စွမ်းချင်လို့မို့ ပုဏ္ဏားယောင်ဆောင်ပြီး လာခဲ့တဲ့ သိကြားမင်းပါ။ ကြွက်ဖြူကလေးရဲ့ စေတနာ သဒ္ဓါတရားကို နတ်တွေပါ သိစေချင်တဲ့အတွက် နတ်ပြည်ကို ခဏလောက် လိုက်ခဲ့ပါဦး"

သိကြားမင်းဟာ သုခမွေ့သေတ ကြွက်ဖြူကလေးကို ပတ္တမြား ကလပ်ပေါ် တင်ထားပြီး နတ်အပေါင်းကို ခေါ်ပြီး ပြသလေတော့တယ်။

"နတ်အပေါင်းတို့ . . . လာကြဟဲ့၊ ရှုကြည့်ကြဟဲ့။ သီလမြဲတယ်၊ ဒါနရဲတယ်၊ သူ့ကို အတုယူကြဟဲ့"

နဝရတ်ကိုးပါး မွမ်းမံထားတဲ့ ပတ္တမြား ကလပ်ပေါ်က ကြွက်ဖြူကလေးကို ညွှန်ပြရင်း သိကြားမင်းက အဲသလို ပြောဆိုခဲ့လေတယ်။

ကြွက်ဖြူကလေး သေတမှသိဟာ တိရစ္ဆာန်ဖြစ်သော်လည်းပဲ နတ်အများရဲ့ လေးစားချစ်ခင်တာကို ခံယူရပါလေတယ်။

သိကြားမင်းဟာ ကြွက်ဖြူကလေးကို တာဝတိံသာမှာ ပျော်သလောက်ထားပြီးတဲ့နောက် ဗာရာဏသီပြန်အရောက် ကြွက်ဖြူကလေးရဲ့ သခင်ဟောင်း သုခမ္မပါလိဆီကို ပို့ပေးလိုက်ပါတယ်။

ရှာစားကြီး သူဌေးကြီး သုခမ္မပါလိဟာလည်းပဲ ဒါန၊ သီလ၊ ဘာဝနာမှာ မွေ့ပိုက်လို့ ကျေးဇူးရှင် ကြွက်ဖြူကလေး သေတမှသိနဲ့ အသက်ထက်ဆုံး နေထိုင်လို့ သွားခဲ့ပါလေတယ်။

ဒါန၊ သီလ၊ ဘာဝနာ ဆိုတာ အင်မတန် ကျေးဇူးများတာပါ။

* * *


သာစည်အောင်တင်

ဆရာမကြီး ဒေါ်လှလှကြွယ်၏
ဘုန်းကြွယ် (အမှတ်တံဆိပ်)
ဝမ်းမှန်ဆေး
ပင်ရင်း - ဘုန်းကြွယ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ်(၉၆) ဘီ၊ ခရေပင်လမ်းမ၊ (၂/က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၆၃၅၅၀၃၊ ၀၉-၇၃၁၇၈၄၅၂



www.burmeseclassic.com

www.burmeseclassic.com




# ဝေဒါသာကု ညွှန်းပြုသက်သေ

လှကျော်ညွှန့် (ရေကောင်း)

၁၉၇၉ ခုနှစ်၊ တပေါင်းလ၏ နေ့တစ်နေ့။

ကျွန်တော်သည် တစ်လမ်းတည်းနေ အလွန်ရင်းနှီးသည့် မိတ်ဆွေတစ်ဦး၏ နာရေးပို့ဆောင်ရန် နံနက်စာကို စောစောစားထား၍ ရေမိုးချိုးပြီး အဝတ်အစားလဲကာ အဆင်သင့်ဖြစ်နေ၏။ နာရေးပို့ဆောင်ရန် ကားများလည်း တဖွဲဖွဲရောက်ရှိလာနေ၏။ နာရေးပို့ဆောင်မည့် လူများမှာလည်း တဖြည်းဖြည်းစုရုံး ရောက်ရှိနေကြ၏။ သေဆုံးသူမှာ တစ်လမ်းလုံး၏ ချစ်ခင်ရင်းနှီးရသူဖြစ်၍ နာရေးပို့သူများမှာ စည်ကားလှ၏။ နာရေးကားများ စုံစုံလင်လင်ရောက်လာသည့်အခါတွင်မူ ကျွန်တော်လည်း ကားတစ်စီးပေါ်သို့ တက်၍ နေရာယူလိုက်၏။ တချို့နေရာမရကြ၍ မလွှာပ်ထဲတွင် ကျန်ရစ်ခဲ့ကြရာ၏။

သေဆုံးသူမှာ "ဦးစိန်ဝင်း" ဆိုသူဖြစ်ပြီး ကျွန်တော်နှင့်ရော၊ တစ်လမ်းလုံးနှင့်ပါ ရင်းနှီးခင်မင်ရသူဖြစ်သည်။ သူသည် ထားဝယ်လူမျိုးဖြစ်လျက် ထားဝယ် ဘန်းကြီးကျောင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းအိပ် ကျောင်းစားဖြင့် စာပေသင်ကြားခဲ့ရပြီး အရွယ်ရောက်လာသည့်အခါတွင် ရေရှည် ဝမ်းရေးအတွက် ဆရာဘုန်းကြီးထံ ခွင့်ပန်၍ အဆက်အသွယ်ဖြင့် မော်လမြိုင်သို့ ထွက်ခွာလာခဲ့ပြီး ရရာအလုပ်ကို လုပ်ရင်း အနေကြာလာသည့်အခါတွင် မော်လမြိုင်သူ "မပု"ဆိုသူနှင့် အိမ်ထောင်ကျခဲ့သည်။ ထို့နောက်တွင် ရန်ကုန်သို့ ပြောင်းရွှေ့လာပြီး ဆောက်လုပ်ရေးဌာနတွင် အလုပ်ဝင်လုပ်ခဲ့သည်။ ခြိုးခြံချွေတာစုဆောင်းလျက် ကျွန်တော်တို့ ရပ်ကွက်သို့ ပြောင်းရွှေ့အခြေချ နေထိုင်ခဲ့သည်။ ၎င်းတွင် သား ၆ဦးနှင့် သမီးတစ်ဦး ထွန်းကားခဲ့သည်။ ငယ်စဉ်က အနည်းငယ် ကသီခဲ့သော်လည်း သားသမီးများ အပြိုင်အရိုင်း ကြီးပြင်းလာသည့်အခါတွင်မှ ဦးစိန်ဝင်းတို့ မိသားစုမှာ ချောင်လည်လာခဲ့သည်။

ဦးစိန်ဝင်းသည် ရပ်ကွက်တွင် သာရေးနာရေးကိစ္စများ ပေါ်ပေါက်လာသည့်အခါ၌ လက်နှေးမနေဘဲ ဝင်ရောက်လုပ်ကိုင်တတ်သူဖြစ်သည်။ လုပ်ကိုင်ရာတွင်လည်း ထိပ်ဆုံးမှ ဦးဆောင်ဦးရွက်ဖြင့် မနိုမကပ် လုပ်ကိုင်တတ်သူဖြစ်သည်။ သူတင်သာမက၊ သူ့သားသမီးများလည်း ပါဝင်လုပ်ကိုင်ကြရ၏။ "ရှေ့ဆောင် နွားလား ဖြောင့်ဖြောင့်သွားက၊ နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်၏"ဟူသော မာဃဒေဝလင်္ကာကဲ့သို့ အဖေဖြစ်သူက ဓားကိုင်ထွက်လျှင် သားများက ပေါက်တူးကိုင်၊ တူရွင်းကိုင် လိုက်ကြရ၏။ တစ်ခါတစ်ရံ ဇနီးသည် မပုသည်ပင်လျှင် အငြိမ်မနေရ၊ တူယူပေး၊ သံယူပေး၊ ရေနွေးကျိုပေးဖြင့် အလုပ်ရှုပ်ခဲ့ရ၏။ သူ၏ အမိန့်ကိုလည်း သားသမီးများကအစ ဇနီးသည် အဆုံး နာခံရ၏။ ဦးစိန်ဝင်းသည် ရပ်ရေးရွာရေး သာရေးနာရေးများတွင် မနိုမကပ် ပတ်စာခွာ ဖျာသိမ်းလုပ်တတ်၏။ ထို့ကြောင့်ပင် တစ်လမ်းလုံးက ချစ်ခင်လေးစားကြခြင်းဖြစ်သည်။

ဦးစိန်ဝင်းသည် တည်တည်နေတတ်သူဖြစ်ပြီး တစ်ခါတစ်ရံတွင်လည်း ပျော်တတ်ပါးတတ်သူဖြစ်သည်။ စကားပြောရာတွင် အပိုမပါ၊ တည်သည်၊ ပြတ်သားသည်။ အလုပ်လုပ်လျှင်လည်း ခိုကပ်တတ်သူမဟုတ်။ ခိုတတ်၊ ကပ်တတ်သူကိုလည်း မကြိုက်ပေ။ ဦးစိန်ဝင်းမှာ အလုပ်လုပ်နေရင်း မကြာခဏ ဗိုက်အောင့်တတ်သည်။ ဗိုက်အောင့်လာပြီဆိုလျှင် အိမ်သို့ ခဏပြန်၍ ဆေးသောက်သည်။ သက်သာလျှင် ချက်ချင်းပြန်လာပြီး လုပ်လက်စ အလုပ်ကို ပြီးအောင် လုပ်တတ်သူဖြစ်သည်။

တစ်နေ့တွင် ဦးစိန်ဝင်းမှာ မခံမရပ်နိုင်အောင် ဗိုက်အောင့်လာသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ချက်ချင်းပို့လိုက်ရ၏။ ထိုနေ့တွင်ပင် အစာအိမ်ရောဂါကြောင့် ဗိုက်ခွဲလိုက်ရ၏။ ဗိုက်ခွဲလိုက်ရသော်လည်း အခြေအနေကောင်းကြောင်း သိရသဖြင့် အားလုံးမှာ စိတ်သက်သာရာ ရခဲ့ကြသည်။ ထို့နောက် ၇ရက်မြောက်သည့်နေ့တွင် ဦးစိန်ဝင်း ဆေးရုံမှ ဆင်းလာသည်ကို မြင်လိုက်ရ၏။ သို့သော် သတင်းစကားကြားလိုက်ရသည်ကား ဦးစိန်ဝင်းမှာ ဆရာဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် ဆင်းလာသည်မဟုတ်ဘဲ၊ ကိုယ်တိုင် ခံဝန်လက်မှတ်ထိုး၍ ဆင်းလာကြောင်း ကြားရ၍ စိတ်ဝင်စားခဲ့မိ၏။ အကျိုးအကြောင်းသိလိုစိတ် ပြင်းပြလာခဲ့၏။ ထို့ကြောင့် ညပိုင်းတွင် ဦးစိန်ဝင်းအိမ်ဘက်သို့ ခရီးဆန့်ခဲ့၏။ လူမမာအား သတင်းမေးရန်နှင့် အဘယ့်ကြောင့် လက်မှတ်ထိုး ဆင်းခဲ့ရသည်ကို သိရှိရန်ဖြစ်၏။

ဦးစိန်ဝင်းမှာ ထိုင်လျက် ဆန်ပြုတ်သောက်နေသည်ကို တွေ့လိုက်ရသဖြင့် ကျန်းမာရေးအတွက် စိတ်အေးမိရသည်။ စိတ်မအေးရသေးသည်ကား လက်မှတ်ထိုး ဆင်းလာခဲ့ရသည့်ကိစ္စပင်။ ဦးစိန်ဝင်းလည်း ကျွန်တော့်ကို နေရာထိုင်ခင်းပေးရင်း ရေနွေးဇွန်း ထိုးပေးခဲ့၏။ တစ်ဦးနှင့် တစ်ဦး အလ္လာပ သလ္လာပ စကားများပြောနေရင်း ကျွန်တော်သိလိုသည့် ကိစ္စအား အချိန်ဆွဲမနေဘဲ မေးချလိုက်သည်။

"အေးဗျာ၊ ဒီစကားကို ကျွန်တော် လူတိုင်းကို မပြောဘူး။ ယုံရင် ကောင်းရဲ့ မယုံရင် စိတ်ကသိကအောက်ဖြစ်ရမယ်။ ကျွန်တော် အစအဆုံးပြောပြမယ်ဗျာ။ ခင်ဗျား ယုံချင်လည်း ယုံ၊ မယုံချင်လည်း နေတော့"

♦♦♦

ဦးစိန်ဝင်း ဗိုက်ခွဲလိုက်ရသော်လည်း ဘာပြဿနာမှ မရှိ၊ ချုပ်ရိုးချုပ်သားလည်း ကောင်းသဖြင့် ငါးရက်ခန့်အကြာတွင် ဆန်ပြုတ်ကျဲကျဲသောက်ခွင့်ရ၏။ ခြောက်ရက်မြောက်နေ့ ညနေပိုင်းတွင် ဆန်ပြုတ်အသောက်များသွားသည် ထင်၏။ စောစောအိပ်ချင်နေသည်။ ခါတိုင်းရက်များတွင် ၉နာရီလောက်အထိ အိပ်မပျော်သေး။ ယနေ့မှာမူ ၈-နာရီလောက်တွင် အလွန်အိပ်ချင်လာသဖြင့် ခြင်ထောင်ချ၍ စောစောစီးစီး အိပ်ရာဝင်လိုက်တော့သည်။ နာရီတော်တော်ကြာ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျသွား၏။ တစ်ရေးနိုးသည့်အခါတွင် တစ်နာရီထိုးနေပြီ။ ဦးစိန်ဝင်းမှာ စိတ်ထဲမှာ ကြည်လင်နေ၏။ ဟိုတွေးဒီတွေး စိတ်တွေ ပြေးနေ၏။ ဇနီးကို သတိရ၏။ သားသမီးများကိုလည်း သတိရနေသလိုလို ဖြစ်နေ၏။

ထိုသို့ အတွေးနယ်ချဲ့နေချိန်တွင် တဒေါက်ဒေါက်မြည်သော အသံတစ်သံကြောင့် အတွေးရပ်သွား၏။ အသံလာရာ



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ သတိပြုမိလိုက်၏။ အသံမှာ ဒေါက်ဖိနပ်သံ။ ထောင့်ကွေးမှ လာသောအသံဖြစ်၍ ပထမတော့ လူမမြင်ရ။ မကြာခင်တွင် လူကို သဲသဲကွဲကွဲ မြင်လိုက်ရ၏။ ထိုသူမှာ ယူနီဖောင်းဝတ်ထားသော စစ္စတာမကြီးတစ်ယောက်ဖြစ်နေ၏။ ဟန်နှင့် ပန်နှင့် တစ်လှမ်းချင်း မိမိအခန်းဆီသို့ လျှောက်လာနေသည်ကို မြင်နေရ၏။ ဦးစိန်ဝင်းမှာ ထိုစစ္စတာကြီးကို ဒီအတောအတွင်း တစ်ခါမှ မမြင်ဘူးပေ။ အချိန်မတော် ဘာကြောင့် လာပါလိမ့်ဟူ၍ အဖြေရှာမိ၏။ အဖြေရှာရင်း စစ္စတာကြီးအား ခြင်ထောင်အတွင်းမှ ဂရုစိုက်ကြည့်နေ၏။

ထိုသို့ ကြည့်နေရင်း စစ္စတာကြီးမှာ ပထမဦးဆုံး တွေ့ရသည့် ကုတင်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပြီး ကုတင်ဘေးတွင် ရပ်လိုက်၏။ ကုတင်ပေါ်ရှိ ခြင်ထောင်တွင်းသို့ စိုက်ကြည့်လိုက်၏။ ထို့နောက် ခြင်ထောင်ကို လက်နှစ်ဖက်နှင့် ဆွဲ၍ မျက်နှာကို ကပ်လိုက်ပြီး စူးစူးရဲရဲကြည့်နေ၏။ တစ်မိနစ်လောက်ကြာမည် ထင်သည်။ ခြင်ထောင်စကို လက်လွှတ်လိုက်၏။ ထို့နောက် ထိုကုတင်နှင့် မျက်နှာချင်းဆိုင် ကုတင်သို့ လျှောက်သွားပြန်၏။ ကုတင်နားသို့ ရောက်လျှင် ရှေးနည်းတူစွာ ကုတင်ပေါ်ရှိ လူနာကို စိုက်ကြည့်၏။ မကြာမီ ဦးစိန်ဝင်း၏ ခြေရင်း တစ်ယောက်ကျော် ကုတင်ဆီသို့ ရောက်လာပြန်သည်။ ရှေးနည်းအတိုင်း လူနာကို စားတော့ဝါးတော့မတတ် ကြည့်နေပြန်သည်။ ထိုအချိန်တွင် ဦးစိန်ဝင်းမှာ ကြောက်စိတ်ဝင်လာသည်။ သူပြီးလျှင် ငါ့ဆီရောက်လာနိုင်သည်။ ငါ ဘာလုပ်ရမလဲ။ အကြိမ်ကြိမ်စဉ်းစားပြီး ဇောချွေးများ ပြန်လာသည်။ မိမိအလှည့်သို့ ရောက်မည့်အချိန်က အလွန်နီးကပ်နေပြီ။ ဟိုစဉ်းစား ဒီစဉ်းစားရင်း ကံကောင်းထောက်မစွာဖြင့် ငယ်စဉ်က ဆရာ ဘုန်းကြီး၏ စကား ခေါင်းထဲ ဝင်လာ၏။

"ဟဲ့ – စိန်ဝင်း၊ ဒီ ဝေဒါသာကု၊ ကုသာဒါဝေ၊ ဒါယသာဒ၊ ဒသာယဒါ၊ သာသာဒီကု၊ ကုဒီသာသာ၊ ကုဒကုဘု၊ ဘုကုဒကု"ဂါထာကို ကျက်ထား။ သိပ်အစွမ်းထက်တယ်။ အန္တရာယ်နဲ့ ကြုံတဲ့အခါ ရွတ်။ လွတ်လိမ့်မယ်။ ဆင်းရဲဒုက္ခနဲ့ ကြုံတွေ့နေတဲ့အခါ နာနာရွတ်။ လွတ်လိမ့်မယ်။ မယုံမရှိနဲ့"တဲ့။

ဟန်ကျပြီ၊ ဦးစိန်ဝင်း ရဲစိတ်ဝင်လာသည်။ ထိုအချိန်မှစ၍ "ဝေဒါသာကု"ဂါထာကို ယုံကြည်အားကိုးစွာ ရွတ်လိုက်၏။ အဆက်မပြတ်ရွတ်နေ၏။ ဂါထာကိုလည်း ရွတ်၊ စစ္စတာကြီးကိုလည်း မျက်ခြေမပြတ်မခံ သတိထား ကြည့်နေ၏။ မျှော်လင့်ထားသည့်အတိုင်းပင် စစ္စတာကြီးမှာ မိမိကုတင်သို့ ဆိုက်ဆိုက်မြိုက်မြိုက် လာနေချေပြီ။ ဦးစိန်ဝင်းလည်း ဂါထာကို အဆက်မပြတ် အဖန်ဖန်အထပ်ထပ် ရွတ်နေ၏။ ထိုစဉ် စစ္စတာကြီးမှာ မိမိကုတင်နားသို့ လာ၍ရပ်၏။ ခြင်ထောင်တွင်းမှ ဦးစိန်ဝင်းအား စိုက်ကြည့်လိုက်၏။ ဦးစိန်ဝင်းလည်း စစ္စတာကြီးကို စိုက်ကြည့်ရင်း ဂါထာကို ရွတ်နေ၏။ စစ္စတာကြီးမှာ ရှေးနည်းတူ ခြင်ထောင်ကို လက်နှစ်ဖက်ဖြင့် မျက်နှာကို ဆွဲကပ်လိုက်ပြီး မိမိကို ဝါးစားမတတ် ပြူးပြဲကြည့်နေ၏။ ၎င်း၏ မျက်လုံးထဲမှ အရောင်များ ထွက်လာနေသည်ကို မြင်နေရ၏။ ဦးစိန်ဝင်းအဖို့ ထိုစစ္စတာကြီး၏ ဘေးရန်မှ လွတ်အောင် ပြေးဖို့ရာ အခြေအနေမရှိ။ ပြန်လည်ခုခံဖို့ရာ အားအစွမ်းလည်း မရှိ၊ သို့အတွက် ဒီဂါထာသည်သာ တစ်ခုတည်းသော အားကိုးရာမဟုတ်ပါလား။ ဝေဒါသာကု ဂါထာကိုသာ တရစပ် ရွတ်ဆိုပွားများရင်း အန္တရာယ်ကို ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ပင်ပင်ပန်းပန်း ရင်ဆိုင်နေရရှာ၏။ ထိုစဉ် စစ္စတာကြီးမှာ နှစ်မိနစ်ခန့် စိုက်ကြည့်နေရာမှ မျက်နှာကို ခွာလိုက်၏။ ခြင်ထောင်စကို ကိုင်ထားရာမှ လွှတ်လိုက်၏။ တစ်ဆက်တည်းလိုလိုပင် ဦးစိန်ဝင်းအား လက်ညှိုးငေါက်ငေါက်ထိုးလျက် "နင်···ကျပ်ကျပ်သတိထား၊ ငါနဲ့ တွေ့မယ်။ ငါ ထပ်လာခဲ့ဦးမယ်"ဟု ကြိမ်းမောင်းပြီး ခါးမှာ တောင့်တောင့်ခိုင်ခိုင်နှင့်၊ လက်နှစ်ဖက်အား ဘေးသို့ ဖြောင့်တန်းစွာ ချလျက် စစ်ရေးပြ စစ်သည်ကဲ့သို့ ဖိနပ်သံ တဒေါက်ဒေါက်ဖြင့် လာရာလမ်းသို့ တန်းတန်းမတ်မတ် ပြန်သွားနေ၏။ မကြာမီ ထောင့်ကွေးအရောက် ပျောက်ကွယ်သွားတော့၏။

စစ္စတာကြီး ပြန်သွားမှပင် ဦးစိန်ဝင်းမှာ အိပ်ရေး


www.burmeseclassic.com

www.burmeseclassic.com

ထလျက် မျက်နှာနှင့် လည်ပင်းရှိ ချွေးများကို တဘက်ဖြင့် သုတ်ပြီး အိပ်ရာပေါ်သို့ ပြန်လှဲရင်း တွေ့လိုက်ရသည့် အဖြစ်ကလေးအား ပြန်တွေးလျက် အိပ်မောကျသွားပြန်သည်။ အိပ်ရာမှ နိုးလာသည့်အချိန်မှာ နံနက် ၆နာရီရှိပြီ။ နိုးနိုးချင်းပင် ညက အဖြစ်အပျက်မှာ အလိုလိုပြန်ပေါ်လာသဖြင့် စဉ်းစားနေရင်း သတိတစ်ခုရလိုက်သည့်အတွက် ညက စစ္စတာကြီး ကြည့်သွားသော ကုတင် သုံးလုံးဆီသို့ ကမန်းကတန်း လှမ်းကြည့်လိုက်၏။ ထိုကုတင်သုံးလုံးမှာ လူနာလည်း မရှိ၊ အိပ်ရာများလည်း မရှိတော့။ ထိုသုံးဦးစလုံး ရေခဲတိုက်သို့ ရောက်သွားပြီဖြစ်ကြောင်း သိလိုက်ရသည့်အခါတွင် များစွာ စိတ်မကောင်းဖြစ်မိသွား၏။ သံဝေဂ ကြီးစွာရလိုက်ပြီး များစွာကြောက်ရွံ့ ထိတ်လန့်သွား၏။ ထို့ကြောင့် ဦးစိန်ဝင်းတစ်ယောက် ဆုံးဖြတ်ချက်တစ်ခု ခိုင်ခိုင်မာမာချလိုက်တော့၏။ အခြားမဟုတ်။ မနက်ဖြန်တွင် မဖြစ်ဖြစ်သည့်နည်းဖြင့် ဆေးရုံမှ ဆင်းရန်ဖြစ်၏။

"အဖြစ်အပျက်ကတော့ ဒါပါပဲဗျာ။ အဲဒီအကြောင်းကို ဆရာဝန်ကို ပြောပြလိုက်ရင် ကျွန်တော့်ကို တံတားလေး ဆေးရုံကို လွှဲပေးလိုက်မှာ အသေအချာပဲ။ ရပ်ကွက်ထဲက လူတွေကို ပြောပြလိုက်ရင်လည်း တလွဲတွေးကြဦးမယ်။ ဗိုက်ခွဲလိုက်လို့ စိတ်ဖောက်ပြန်တာတို့ ဘာတို့ပေါ့ဗျာ။ ခုဖြစ်ရပ်ကို ခင်ဗျားယုံချင်လည်း ယုံ၊ မယုံချင်လည်း နေ။ အမှန်တရားကတော့ အမှန်တရားပဲ"

"ယုံပါတယ်ဗျာ။ လောကမှာ လူတွေ လက်လှမ်းမမီတဲ့ တကယ့်ဆန်းကြယ်တဲ့ ကိစ္စတွေ ရှိနေတာပဲ။ ဘာမယုံနိုင်စရာ ရှိလဲ။ တချို့ဆိုရင် သရဲနဲ့ နပန်းလုံးခဲ့ဖူးတယ်။ တချို့လည်း ဥစ္စာစောင့် ဆိုသူတွေနဲ့ ချစ်ကြိုက် ပေါင်းသင်းခဲ့ရတဲ့ အခြေအနေတွေတောင် ရှိခဲ့ကြတာပဲ။ ကိုယ်ကိုယ်တိုင် မကြုံရသေးလို့ မယုံနိုင်ကြတာပါ။ ဒီ့ထက် ထူးခြားဆန်းကြယ်တဲ့ ဖြစ်ရပ်တွေ အများကြီးပါ"

"ကဲဗျာ၊ ခင်ဗျားလည်း နားနားနေနေ နေရစ်ဦး။ ကျွန်တော်လည်း ပြန်ဦးမယ်။ နောက်လည်း မကြာခဏ လာခဲ့မယ်ဗျာ။ ခွင့်ပြုပါဦး"။

* * *

လှကျော်ညွှန့် (ရေကင်း)

" အာစရိယဂုဏ် အပဟံ ဝန္ဒာမိ "

## ဂမ္ဘီရဆရာလှမျိုး (B.Sc) လယ်ပြ(ငြိမ်း)

ဂမ္ဘီရအမည်ခံ့ - အောင်ကောင်းမြ (သာကေတ)

(၇)နေ့သားသမီးများ ဘဝတစ်သက်တာ ဆောင်ရန် ရှောင်ရန်နှင့် အကျိုးပေးလုပ်ငန်း၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ တစ်နှစ်တာဆောင်ရန် ရှောင်ရန်နှင့် လုပ်ငန်းစီးပွားအခြေအနေ ကြိုတင်သိထားစေရန်။ ဆန်းကျမ်း + သင်္ချာ ပညာရပ်များဖြင့် ညှိနှိုင်းတွက်ချက်ပေးမည်။ ချစ်သူအိမ်ထောင်ဘက်များအတွက် မင်္ဂလာနဝင်းနှင့် မင်္ဂလာအစီအရင်၊ နဝင်းဓာတ်ယတြာအဖြေရှာ (ကျန်းမာရေး၊ လူမှုရေး)၊ ကံပွင့်လာဘ်ပွင့် အန္တရာယ်ကင်း အစီအရင်များ အထူးဆောင်ရွက်ပေးသည်။

(၁)နှစ်စာ ဟောစာတမ်း၊ ကလေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေး၊ မင်္ဂလာအခါရွေး (မွေးဖွားမည့်ရက်ရွေးခြင်း) စနစ်တကျတွက်ချက်ရေးသားပေးမည်။ ရပ်ဝေးမှ မေးလိုက ငွေကြိုတင်ပေးပို့၊ ကိုယ်တိုင်လာလိုပါက ကြိုတင်ဖုန်းဆက်သွယ်ပါ)

ဟောခန်းလိပ်စာ

အမှတ် (၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။

ဖုန်း - ၀၉၄၂၀၀၄၇၈၆၉

လမ်းညွှန်

၃၅၊ ၆၅၊ ၃၂၊ ရွှေစည်ခုံသည်(၂)၊ ၄၈(အထူး)၊ ၁၇၃၊ ၂၁၆၊ ၅၇၊ ၁၄၆၊ ၈၉၊ ၄၆(စိမ်း)၊ ၁၈၁ ကားများစီး၊ တာမွေ-သန်လျင်-ကျောက်တန်း-ခရမ်း-သုံးခွကားများစီးပါက (၈)ဂိတ်မှတ်တိုင်ဆင်းပါ။ ၃၄၊ ၆၂၊ ၁၀၆ ကားများစီးပါက ဓမ္မာရုံမှတ်တိုင်ဆင်းပါ။




www.burmeseclassic.com

www.burmeseclassic.com

# တီကျစ်မြို့ရဲ့ မြသိန်းတန်

**ဝေဒသုတေသီ ဆရာမျိုး**



စာရေးသူသည် ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ပင်လောင်းမြို့နယ်မှ တီကျစ်မြို့၏ ဘုရားသမိုင်းများကို ရေးသားပြုစု ဖော်ထုတ် ပူဇော်နေရာတွင် မြို့သူမြို့သားများမှ -


"ဆရာ . . . တီကျစ်သမိုင်းကို ဖော်ထုတ်မယ်ဆိုရင် မြသိန်းတန်စေတီတော်ကြီးနဲ့ မြသိန်းတန် ဆရာတော်ကြီး အကြောင်း ပါဝင်မှ ပြည့်စုံပါလိမ့်မယ်"


ရွာသားများ၏ ပြောကြားချက်အရ စာရေးသူသည် နံနက် ၁၀နာရီအချိန်တွင် တီကျစ်မြို့မှ တစ်မိုင်ခွဲအကွာတွင် ရှိသော တောင်ဘို့ကြီးကျောင်းသို့ ဦးစွာ လမ်းလျှောက်ရပါသည်။ ထို့နောက် တောင်ဘို့ကြီး ဆရာတော်၏ လမ်းညွှန်ချက်ကို ခံယူ၍ မွန်းတည့် ၁၂နာရီအချိန်တွင် ဆက်လက်ထွက်ခွာခဲ့ရာ တောင်ဘို့ကြီးကျောင်းမှ တစ်မိုင်အကွာတွင် ရှိသော ဘုရားငါးဆူကျေးရွာသို့ ၁၂နာရီခွဲတွင် ရောက်ရှိခဲ့လေ၏။ ထိုမှတစ်ဖန် ဘုရားငါးဆူကျေးရွာ၌ လမ်းကြောင်းထပ်မံ စုံစမ်းပြီးသကာလ နောက်ထပ် တစ်မိုင်ခွဲအကွာအဝေးရှိသော မြင်းတွင်းကျေးရွာသို့ နေ့လယ် ၁၂နာရီ ၂၀မိနစ်တွင် ရောက်ရှိခဲ့လေ၏။ ထိုမှတစ်ဖန် မြင်းတွင်းကျေးရွာ၌ လမ်းကြောင်းစုံစမ်း၍ နောက်ထပ် နာရီဝက်ခန့်အကြာတွင် တံတားငယ် သုံးစင်းတိတိ ဖြတ်သန်းခဲ့ရပြန်လေ၏။ ထိုမှတစ်ဆင့် မြသိန်းတန်တောင်ခြေမှနေ၍ ဘုရားတောင်ပေါ်သို့ တဖြည်းဖြည်းချင်း တက်လှမ်းလာခဲ့ရာ မွန်းလွဲ ၂နာရီ ၂၅မိနစ်၌ တောင်ခုလတ် နတ်နန်းသို့ ရောက်ရှိခဲ့ပါလေ၏။ နတ်နန်း၏ တောင်ဘက်ရှိ နတ်ရေကန်သည် ရှေးအခါက ဘုရားတည်ရာတွင် ရေရှားပါးသဖြင့် နတ်သိကြားတို့က



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးပေးခဲ့ကြောင့်ဖြင့် သိရှိရပါသည်။ ရေစင်သည် အမြဲတမ်း သန့်ရှင်းကြည်လင်လျက်ရှိပြီး ခန်းခြောက်ခြင်း မရှိပါ။

ထိုမှတစ်ဆင့် အောက်ရင်ပြင်တော်ပေါ်သို့ ဆက်လက်လှမ်းလာခဲ့ပါပေ၏။ အောက်ရင်ပြင်ပေါ်တွင် -

(၁) အာရုံခံ အဆောက်အအုံတစ်လုံး၊

(၂) အတွင်းမှ အပူဇော်ခံ ရုပ်ပွားတော် သုံးဆူ၊

(၃) ပင်မစေတီတော်၊

(၄) အရန်စေတီတော် လေးဆူ၊

(၅) အုတ်ရေကန်တစ်လုံး အစရှိသည်တို့ကို သပ္ပာယ်တင့်တယ်စွာ ကြည်ညိုဖွယ်ရာ ဖူးမြော်ရပါလေ၏။ ထိုမှ အထက်ပစ္စယံသို့ ဆက်တက်လာသောအခါ ၂နာရီ ၃၅မိနစ်တွင် ရောက်ရှိလေ၏။ ထို့နောက် မြသိန်းတန်စေတီတော်ကြီး၏ အနောက်တောင်ထောင့်တွင် အသွင်ထူးခြားသော တံခွန်တိုင် ကြိုးဟ်ရစ်ခွင်နှင့် နဂါးကိုးကောင်းရံ ရုပ်ပွားတော်တို့ကို စတင်ဖူးမြော်ရပါလေ၏။ အလှူရှင်မှာ ဦးစိုင်းဝင်းကြည် + ဒေါ်နန်းစောမြတ်မာ(အောင်ပန်းမြို့မှ)ဖြစ်ပါလေ၏။

ထို့နောက် မြသိန်းတန် ဆရာတော်ကြီး စံမြန်းရာကျောင်းတိုက်ဘက်သို့ လျှောက်လှမ်းခဲ့ပေသည်။ ကိုရင်လေးနှစ်ပါးမှ "ဆရာတော်ကြီး ကြွလာလိမ့်မယ်၊ ဒကာကြီး ခဏစောင့်ပါ" ဆိုသဖြင့် ဆရာတော်ကြီး စံကျောင်းတော်ကိုဆက်လက်မှတ်တမ်းတင်ဖြစ်ပါလေ၏။ ဒါယကာမှာ Ruby Dragon Jade & Gems Co.,LTD ဥက္ကဋ္ဌ သီရိပျံချီ မဏိဇောတဓရ ဦးနေဝင်းထွန်းနှင့် ဒေါ်အေးအေးမြင့်၊ သားမောင်ကောင်းမြတ်သူ၊ သမီး မမြတ်မြတ်သူ၊ သား မောင်ရဲမြတ်သူ၊ မောင်မင်းမြတ်သူ မိသားစုတို့မှ ဆောက်လုပ်လှူဒါန်းပါသည်။


ထိုစဉ် မြသိန်းတန် ဆရာတော်ကြီးသည် တောင်ဝှေးတစ်ချောင်းဖြင့် ကြွချီတော်မူလာပါသည်။ ထို့နောက် စာရေးသူနှင့် ဆရာတော်ကြီးတို့ စကားပြောကြရာတွင် ဆရာတော်ကြီးမှာ ပအိုဝ်းလူမျိုးဖြစ်၍ မြန်မာစကားကို လည်လည်ဝယ်ဝယ် မတတ်သည့်အပြင် အသက်အရွယ်အရလည်း နားလေးတော်မူပါသည်။ စာရေးသူမှာလည်း ဆရာတော်ကြီး၏ အသံဝဲတဲတဲဖြင့် မိန့်တော်မူသည်ကို နားမလည်နိုင်ဘဲ ဆရာတော်ကြီးနှင့် စာရေးသူ စကားပြောဆိုရာတွင် အပြန်အလှန်အော်ဟစ်၍ သုံးလေးခွန်းမျှ အပြန်အလှန် အထပ်ထပ်ပြောဆိုကြရပါလေ၏။ အောက်ပါ အချက်အလက်များသည် ဆရာတော်ကြီး၏ အမိန့်ရှိချက်များ ဖြစ်ပါသည်။

"ဘုန်းဘုန်းက ဦးဝိလာသက္ကဖြစ်ပြီး သက်တော် ၈၈နှစ်၊ ဝါတော် ၆၆ဝါဖြစ်ပြီး ဒီရောက်တာ ၅၁နှစ်ရှိပါပြီ။ ကျောင်းမှာ ဆရာတော်အပါအဝင် ရဟန်း ၇ပါးနဲ့ သာမဏေ ၁၃ပါး



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်။ ဒီဘုရားရဲ့ ဘွဲ့တော်က မြသိန်းတန်စေတီတော် ဖြစ်ပြီးတော့ သီရိဓမ္မသောကမင်းကြီး တည်ထားခဲ့တာပါ။ အောက်ရင်ပြင်စေတီအသေးကို အရင်တည်ပြီး အကြီးကို နောက်မှ တည်တာပါ။ ဒီမှာ စာသင်တိုက် ဖွင့်ထားပါတယ်။ ဘုရားကို ရွှေလာပွတ်မှုလို့ သော့ခတ်ထားရပါတယ်။ တောင်ရှည်က ကိုဆွေကတော့ ပထမစေတီငယ်နဲ့ ကြွေပြားခင်းတဲ့ ဒါယကာပါ။ ဒီမှာ ဆောက်လက်စ ကျောင်းတစ်ဆောင်ရှိပါတယ်"

ထို့နောက် ဆရာတော်ကြီး၏ စံကျောင်းတော်အနောက်ဘက်ရှိ မြသိန်းတန် ခဏ္ဍာသိမ်တော်ကြီးကို သွားရောက် မှတ်တမ်းတင်ဖြစ်ပါလေ၏။ သာသနာသက္ကရာဇ် ၂၃၅၀ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၁၆၈ ခုနှစ်တွင် မြသိန်းတန် ခဏ္ဍာသိမ်တော်ကြီးကို Ruby Dragon Jade & Gems Co.,LTD နှင့် A1 Construction & Trading Co.,LTD တို့မှ ဆောက်လုပ်လှူဒါန်းပါသည်။ သိမ်တော်ကြီး၏ မြောက်ဘက် အထက်တွင် အလွန်ခန့်ညားထည်ဝါသော နတ်စင်ကြီးကို ၁၃၇၃ ခု ဝါဆိုလဆန်း ၅ရက်၊ အင်္ဂါနေ့တွင် ပြီးစီးအောင်မြင်ကြောင်း သိရှိရပါလေ၏။ နတ်စင်အတွင်း၌ နတ်သားတစ်ပါး လဲလျောင်းနိုင်လောက်အောင် ကျယ်ဝန်းပြီးလျှင် ပန်းအိုး နှစ်အိုး၊ ကန်တော့ပွဲတစ်ပွဲ၊ အမွှေးတိုင်၊ ဖယောင်းတိုင် မှစ၍ ရန် နေရာများ၊ သောက်တော်ရေတစ်ခွက်တို့အပြင် ခေါင်းအုံး၊ စောင်၊ သက်န်း၊ ကော်ဇော၊ မွေ့ယာ အစရှိသဖြင့် ပြည့်စုံစွာ တွေ့ရှိရပါလေ၏။ အဆိုပါ နတ်စင်သည် မူလ နတ်ကွန်းနေရာကို အသစ်တစ်ဖန် ပြန်လည်ပြုပြင် တည်ဆောက်ထားခြင်းဖြစ်ပေ၏။ ပြီးခဲ့လေသောအခါ ဆရာတော်ကြီးအား ယခုည တစ်ညတာ တည်းခိုခွင့်ရှိ မရှိ လျှောက်ထား မေးမြန်းလေသောအခါ "အေး၊ တည်းလို့ကတော့ ရပါတယ်။ ဒါပေမယ့် ပြန်ရင်လည်း အချိန်ရှိသေးတယ်"ဟု၍ မိန့်တော်မူပါလေသောကြောင့် စာရေးသူသည် ရယ်မောမိပြီး သကာလ ဆရာတော်ကြီးကို နှုတ်ဆက်ကန်တော့ပန်ဆင်၍ တောင်အောက်သို့ ပြန်ဆင်းလာခဲ့ရပါလေတော့သည်။

◆◆◆


တောင်အောက်သို့ ရောက်ရှိချိန်တွင် တီကျစ်မြို့သို့ ပြန်ရန် အချိန်မရှိတော့ပြီဖြစ်သဖြင့် စာရေးသူသည် အနီးဆုံး ရွာဖြစ်သော တောင်ရှည်ရွာကလေးသို့ သွားရောက်၍ ယခင်က ခင်မင်ရင်းနှီးပြီးဖြစ်သော တောင်ရှည်ရွာဦးကျောင်း ဆရာတော်လေး ဦးပညာသိရီနှင့် တွေ့ဆုံပြီး အကျိုးအကြောင်းကို ရှင်းလင်းလျှောက်ထားရပါလေ၏။ ဆရာတော်ကလေးမှလည်း ရယ်မောပြီး…

"ဒကာကြီးက ဘာသာပြန်တဲ့ စကားပြန်မပါဘဲနဲ့ သွား



www.burmeseclassic.com

www.burmeseclassic.com




ပေတာကိုး။ အဲဒီမှာ မြန်မာစကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်တဲ့ ပအိုဝ်းဦးဇင်းတစ်ပါးရှိတယ်လေ၊ မတွေ့ခဲ့ဘူးလား"

"မှန်ပါ့ တပည့်တော် သွားတော့ ဦးဇင်းအိုကြီးတစ်ပါးတော့ တွေ့ခဲ့ရပါတယ်။ အဲဒီ ဦးဇင်းအိုကြီးကတော့ မြန်မာစကားကို ဆရာတော်ကြီးလိုတောင် မပြောတတ်ပါဘူး ဘုရား"

"အို···ဒါဆို ဦးပဏ္ဍိစ္စ ခရီးလွန်နေတယ် ထင်ပါရဲ့ ဒကာကြီးရယ်။ ဒီည ဒီမှာပဲ အေးအေးဆေးဆေး အိပ်လိုက်ပါလေ။ ဦးဇင်း မနက်ကျရင် ဆရာတော်ကြီးရဲ့ လက်ထောက် ဦးဇင်း ဦးပဏ္ဍိစ္စကို ဖုန်းဆက်ပြီး ခေါ်ပေးပါ့မယ်"

ဒါနဲ့ စာရေးသူလည်း တောင်ရှည် ရွာဦးကျောင်းမှာ တစ်ညတည်းခိုပြီး နောက်နေ့တွင် ဆရာတော်လေး ဦးပညာသီရိမှ ဖုန်းဖြင့် ဆက်သွယ်ပေးသဖြင့် မြသိန်းတန် ဆရာတော်ကြီးလက်ထောက် ဦးဇင်းကလေးသည် ဆိုင်ကယ်ဖြင့် ကြွရောက်လာခဲ့ပါပေ၏။ ဦးဇင်းလေးနှင့်အတူ မြသိန်းတန် သမိုင်း ပါရှိလာသော်လည်း ရှေးပအိုဝ်းစာတမ်းကြီးဖြစ်နေပါသောကြောင့် ဘာသာမပြန်နိုင်ကြပါ။ ထို့ကြောင့် ယင်းစာတမ်းကို ယူဆောင်၍ တီကျစ်မြို့မကျောင်း ဆရာတော်ထံသို့ ဆက်လက်သွားရောက်ခဲ့ကြရပြန်လေ၏။ ထို့နောက် တီကျစ်






www.burmeseclassic.com

www.burmeseclassic.com

မြို့မကျောင်းဆရာတော် ဦးဝိလာသ၊ မြသိန်းတန် ဦးငင်းလေး ဦးပဏ္ဍိတ္တစ္စနှင့် စာရေးသူတို့ သုံးပွင့်ဆိုင် ဆွေးနွေးတိုင်ပင်ကြ၍ တတ်သလောက် မှတ်သလောက်ဖြင့် ဘာသာပြန်ဆိုကြပြီး လျှင် လိုအပ်ချက်များကို ဖြည့်စွက်၍ မြသိန်းတန်စေတီတော်ကြီး ဖြစ်ပေါ်လာပုံအား အောက်ပါအတိုင်း ရေးသားပြုစုလိုက်ရပါတော့သည်။

◆◆◆

ခရစ်မပေါ်မီ ဘီစီ (၂၇၃-၂၃၂) သုံးရာစုအတွင်း



မောရိယ လက်နက်နိုင်ငံကို အုပ်ချုပ်ခဲ့သော ကေရာင်ဘုရင် အသောကမင်း(သီရိဓမ္မာသောကမင်း)တရားကြီးသည် ဘုန်းတန်ခိုး ဩဇာအာဏာကြီးမားသော ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သာခဲ့၏။ ဗုဒ္ဓဘာသာသနာတော် ပြန့်ပွားရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်။ အိန္ဒိယနိုင်ငံ၌သာမက၊ ပြည်ပ နိုင်ငံခြားသို့လည်း သာသနာပြုအဖွဲ့များ စေလွှတ်ခဲ့သဖြင့် ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဗုဒ္ဓသာသနာအထွဋ်အထိပ်သို့ ရောက်ရှိခဲ့သည်။ မင်းကြီး၏ အထောက်အပံ့ဖြင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ကြီးမှူးသော ရဟန်းသံဃာ တစ်ထောင်တို့က တတိယ သင်္ဂါယနာတင်ပွဲကို ဖလတိုင် အောင် ကျင်းပပြုလုပ်ခဲ့ပေသည်။ သင်္ဂါယနာတင်ပွဲ ပြီးဆုံးသည့်အခါ လက်ဘ်ဒီပ(ယခု သီရိလင်္ကာနိုင်ငံ)မှ သုဝဏ္ဏဘူမိ (ယခု မြန်မာ၊ ထိုင်း စသော အရှေ့တောင်အာရှ)အပါအဝင် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုအဖွဲ့များ စေလွှတ်တော်မူခဲ့သည်။ မိမိ၏ ဩဇာအာဏာ ပျံ့နှံ့ရာအရပ်ဒေသတို့၌ သင်္ဂါယနာတင်ပွဲ အောင်မြင်စွာ ပြီးဆုံးခြင်းအထိမ်းအမှတ်အဖြစ် ကျောင်းပေါင်း ၈၄၀၀၀၊ ရေတွင်း ရေကန်ပေါင်း ၈၄၀၀၀၊ စေတီပေါင်း ၈၄၀၀၀ တို့ကို တည်ထားကိုးကွယ်စေခဲ့သည်။

သုဝဏ္ဏဘူမိ သထုံပြည်သို့ ရှင်သောဏနှင့် ရှင်ဥတ္တရ ဦးစီးသော သံဃာတော် ငါးပါးအဖွဲ့ကို စေလွှတ်တော်မူခဲ့သည်။ စေတီပေါင်း ၈၄၀၀၀ တည်ထား ကိုးကွယ်ခဲ့ရာတွင် သုဝဏ္ဏဘူမိတိုင်း (ယခု မြန်မာနိုင်ငံ)၌ သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုတော်စေတီပေါင်း ၂၇ဆူ ရှိသည်ဟု သိရှိရပေ၏။ အဆိုပါ စေတီပေါင်း ၂၇ဆူအနက် ရှမ်းပြည်နယ် ပအိုဝ်းဒေသတွင် စေတီပေါင်း ၁၉ဆူ တည်ရှိပေ၏။ ထိုစေတီပေါင်း ၁၉ဆူတွင် ပင်လောင်းမြို့နယ်မှ ဤမွေတော် မြသိန်းတန်စေတီတော်ကြီးသည်လည်း တစ်ဆူအပါအဝင်ဖြစ်ပေ၏။ အသောကမင်းကြီးသည် သာသနာတော်စောင့် နတ်မင်းကြီးတို့ကို တိုင်တည်၍ သာသနာ ၅၀၀၀ အစွန့်ရှည်စေရန် အတွက် အဓိဋ္ဌာန်ပြုခဲ့ပါလေ၏။ အဆိုပါ မြသိန်းတန်စေတီ



www.burmeseclassic.com

www.burmeseclassic.com

တော်ကြီးမှာ နှစ်ပေါင်းများစွာ ကြာမြင့်လာလေသောအခါ ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်၍ ယိုယွင်းပျက်စီး ပျောက်ကွယ် လုနီးပါးဖြစ်ခဲ့ရပေ၏။

နရပတိစည်သူမင်းလက်ထက်သို့ ရောက်ရှိလေသော အခါ ပုဏ္ဏားဖြူ၊ ပုဏ္ဏားနီတို့၏ တွက်ချက် ဖော်ထုတ်ချက် အရ မြသိန်းတန်စေတီတော်ကြီးကို လုပ်အားအလှူရှင် ၅၀၀ ဖြင့် ပြန်လည်ပြုပြင် တည်ဆောက်ခဲ့ပါလေ၏။ နရပတိစည်သူ မင်းကြီးသည် ပုဂံတွင် ရွှေစည်းခုံစေတီတော်ကြီးကို တည် ပြီးနောက် ရုမ်းပြည်နယ်သို့ ရောက်ရှိလာ၍ မြသိန်းတန်စေတီ တော်ကြီးကို ပထမဦးဆုံး စတင်ပြုပြင်ခဲ့လေ၏။ စေတီတော် ၏ ဉာဏ်တော်မှာ အသောကမင်း တည်စဉ်က ငါးတောင်သာ လျှင် တည်ရှိခဲ့သည်ကို နရပတိစည်သူမင်းကြီးလက်ထက် တွင် ၁၂တောင်အထိ တိုးမြှင့်တည်ထား ကိုးကွယ်ခဲ့ပေသည်။ နရပတိစည်သူမင်းကြီးသည် မြသိန်းတန်ဘုရားကို ည သန်းခေါင်ယံအချိန်၌ တည်ဆောက်ပြီးစီးလေသောအခါ အင်း အတွင်းသို့ သက်ဆင်းကာ အင်းတိန်ဘုရားကို မိုးလင်းချိန် ၌ တည်ခဲ့သောကြောင့် "လင်းချိန်ဘုရား"ဟူ၍ ခေါ်ဝေါ် သမုတ်ခဲ့ပြီးလျှင် ကာလရွေ့လျားသောအခါ "အင်းတိန်ဘုရား" ဟူ၍ တွင်ရစ်ခဲ့လေ၏။

မြသိန်းတန်စေတီတော်ကြီးကို နရပတိစည်သူမင်းကြီး





က ပထမအကြိမ် ပြုပြင်ခဲ့ပြီးနောက် မြသိန်းတန်ကျောင်း တိုက်တွင် ပထမဦးဆုံး သီတင်းသုံးတော်မူသော ဆရာတော် ဦးနေမာသည် ဒုတိယအကြိမ် ပြုပြင်ခဲ့ပါလေ၏။ ပထမ ဆရာတော် ဦးနေမာသည် ၁၃၂၁ ခုနှစ်တွင် ပျံလွန်တော်မူ ပြီးနောက် လက်ရှိ မြသိန်းတန် ဆရာတော်ကြီး ဦးဝိလာသက္က သည် ၁၃၂၃ ခုနှစ်တွင် စတင်၍ သီတင်းသုံး နေထိုင်ခဲ့ပါ၏။ ၁၃၂၇ခုနှစ်တွင် ယနေ့ တွေ့မြင်ဖူးမြော်နေရသော ဉာဏ် တော်အမြင့်သို့တိုင်အောင် နောက်ဆုံး အပြီးသတ် မြှင့်တင် ပူဇော်ခဲ့ပြီးလျှင် အရပ်လေးမျက်နှာ အာရုံခံ တန်ဆောင်းများ ကို ထပ်မံ တည်ဆောက်နိုင်ခဲ့ပါလေ၏။ ၁၃၅၆ခုနှစ်၊ ကဆုန် လဆုတ် ၁၄ရက်နေ့တွင် ဦးစမ်းခမ်းကျော် + ဒေါ်နန်းမွန် မိသားစုမှ ထီးတော်အသစ် တင်လှူပူဇော်ခဲ့သည်။ အရှေ့ ဘက် အာရုံခံကို ပထမ ဆရာတော် ဦးနေမာမှ တည်ဆောက် ခဲ့ပါသည်။ တောင်ဘက် အာရုံခံကို လွယ်ထွီရွာနေ ပဒွင်းမေ ဒေါ်လုံမှ လှူဒါန်းခဲ့ပါသည်။ အနောက်ဘက် အာရုံခံကို ရေခေါင်းတိုရွာမှ ဘုရားဒကာမ ဒေါ်စောဘုတ်မှ လှူဒါန်းခဲ့ပါ သည်။ ၎င်း ဒေါ်စောဘုတ်သည် ယခု ဘုရားဒါယိကာမ ဒေါ်နန်းစောမြတ်မာ၏ အဘွားဖြစ်သည်။ မြောက်ဘက် အာရုံ ခံကို လက်ပံရွာမှ ကျောင်းဒါယကာ ဦးဝရိန္ဒမှ ဆောက်လုပ် လှူဒါန်းခဲ့ပါသည်။ မြသိန်းတန်စေတီတော်ကြီး၏ အရှေ့ဘက်



www.burmeseclassic.com

www.burmeseclassic.com





ရှိ ကျောင်းတော်ကို တီကျစ်မြို့ အလယ်ပိုင်းရပ်ကွက်နေ ဦးစမ်းခမ်းကျော် + ဒေါ်နန်းပွင့်နှင့် ဂေါပကအဖွဲ့ဝင်များ ဦးစီး၍ အများပြည်သူ စုပေါင်းလှူဒါန်းခဲ့ပါသည်။

မြသိန်းတန် ဆရာတော်ဘုရားကြီးမှ ကြီးမှူး၍ တီကျစ်မြို့ မြို့မကျောင်းဆရာတော် ဦးဝိလာသ၊ တောင်ဘို့ကြီးကျောင်းဆရာတော် ဦးကုသလ၊ နန်းချဉ်ကျောင်းဆရာတော် ဦးနာယက၊ တီကျစ်မြို့မှ ဦးစမ်းခမ်းကျော်၊ သာယာကုန်းရွာမှ ဦးချဲ၊ ဦးထွန်းခိုင်၊ ဦးပြား၊ တောင်ရှည်ရွာမှ ဦးဆွေ စသော နာယက ပုဂ္ဂိုလ်ကြီးများနှင့်တကွ ခမရ ၅၁၁၊ ၅၁၂ တပ်ရင်း မိသားစုများနှင့် စုပေါင်း၍ ကားလမ်းဖောက်လုပ်ပေးခဲ့လေသည်။ တောင်ဘို့ကြီးကျောင်းဆရာတော် ဦးကုသလမှ ဦးဆောင်၍ ရေအားလျှပ်စစ် တပ်ဆင် တည်ဆောက်ထားပါသဖြင့် မြသိန်းတန်စေတီတော်နှင့် ကျောင်းများတွင် လျှပ်စစ်မီး အသုံးပြုနိုင်ခဲ့သည်။ အဆိုပါ လျှပ်စစ်မီးအတွက် ကုန်ကျမှုကို နဂါး ဘီလပ်မြေစက်ရုံမှ လှူဒါန်းမှု ပြုလုပ်ခဲ့ပါသည်။ မြသိန်းတန်ဆရာတော်ဘုရားကြီးသည် မြသိန်းတန်တောင်ပေါ်သို့ စတင် သီတင်းသုံးတော်မူသည့်အချိန်မှစ၍ မိမိစွမ်းနိုင်သမျှ သာသနိက အဆောက်အအုံများကိုလည်း အမြဲပြုပြင်တည်ဆောက်ပေးတော်မူခဲ့လေသည်။

သို့ဖြစ်ပါ၍ အဆွေတော် စာရှုသူများအနေဖြင့် တီကျစ်မြို့၏ ရှေးဟောင်း သမိုင်းဝင် တန်ခိုးကြီး မြသိန်းတန်စေတီတော်ကြီးနှင့် တီကျစ်ဒေသတစ်ခွင်တွင် သက်တော်ဝါတော်အကြီးဆုံးဖြစ်တော်မူသော မြသိန်းတန်ဆရာတော်ဘုရားကြီးကို ဖူးမြော်ပူဇော် လှူဒါန်းလိုကြပါသည် ဆိုရင်တော့ နေပြည်တော် လှိုင်ကော်ရထားဖြင့် စီးနင်းလိုက်ပါပြီးလျှင် တီကျစ်ဘူတာတွင် ဆင်း၍ တီကျစ်မြို့မှတစ်ဆင့် သာယာကုန်းရွာ တောင်ဘို့ကြီးကျောင်း၊ ဘုရားငါးဆူ၊ မြင်းတွင်းရွာတို့ကိုဖြတ်သန်းလျက် ဖြစ်စေ၊ ကားဖြင့် လာရောက်ပါက မြို့အဝင်တွင် ဆင်း၍ မြသိန်းတန်ဘုရားလမ်းအတိုင်း ဆိုင်ကယ်ဖြင့်ဖြစ်စေ၊ တောင်ခြေသို့ အရောက်မောင်းနှင်၍ တောင်ပေါ်သို့ ခြေလျင်ခရီးဖြင့် လာရောက် လှူဒါန်းပူဇော်နိုင်ကြပါသည် ဆိုသည့်အကြောင်း နိဗ္ဗာန်အကျိုးကို ရည်မျှော်၍ တိုက်တွန်းနှိုးဆော်လိုက်ရပါတော့သည်။

* * *

ဗေဒသုတေသီ ဆရာမျိုး

ကိုးကား၊

- မြသိန်းတန်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိစာစောင် (ကျုံး-အရှင်ကဥ္စန)။
- ရှေးဟောင်း ပအိုဝ်းစာတန်းကြီး။
- မြသိန်းတန်ဆရာတော့်အတ္ထုပ္ပတ္တိ(ဦးသောဘိတနှင့် ဦးဖိုးဖြူ)။
- ဦးစမ်းခမ်းကျော်မိသားစု၏ ထီးတင်ပွဲမှတ်တမ်းခွေ။
- ဒေါ်နန်းစောမြတ်မာမိသားစု၏ အလှူမှတ်တမ်းခွေ။
- ကိုယ်တိုင်လေ့လာတွေ့ရှိချက်များ။

www.burmeseclassic.com

www.burmeseclassic.com



# ဝိညာဉ်နှင့် ပြိတ္တာ ဟူသည်မှာ

ရဲရဲထွန်း (ဟသ်ာတ)

ဗုဒ္ဓဘာသာဝင်တစ်ဦး ကွယ်လွန်သွားရာတွင် ရိုးရိုး ကွယ်လွန်ပါက ၃ရက်၊ ၅ရက်၊ ၇ရက် စသဖြင့် မ-ဂဏန်း ရက်များထား၍ အသုဘကိစ္စပြုတတ်ကြသည်။ ထိုကိစ္စက အများထင်မြင် ယုံကြည်နေသကဲ့သို့ လိပ်ပြာဝိညာဉ်ကောင်က ကြားတစ်ဆင့်ခံနေခြင်း၊ ဘဝမကူးသေးဘဲ လှည့်လည်နေခြင်းတို့ကြောင့် ထားရခြင်းမဟုတ်ပေ။ ကွယ်လွန်သူမှာ ခေတ္တမေ့မြောနေခြင်းများ ရှိတတ်သည့်အတွက် အမှန်တကယ် ကွယ်လွန်ခြင်း ရှိ,မရှိ သုံးရက်စောင့်ကြည့်ခြင်း၊ အဝေးမှ ဆွေမျိုးများ ရောက်လာချိန် စောင့်ဆိုင်း၍ ရက်တိုးခြင်းသာ ဖြစ်ပါသည်။ ဘုန်းကြီးပျံများဆိုလျှင် အန္တိမ ဈာပနပွဲ ပြုလုပ်ပူဇော်ရန်အတွက် ရာသီဥတု သာယာချိန်အထိ နှစ်ချီ စောင့်၍ ဈာပနမှု ပြုကြလေ၏။

ဘုရားရှင်လက်ထက်တော်အခါက ရဟန်းတစ်ပါးသည် ပံ့သကူ သင်္ကန်းရရှိရန်အတွက် သင်္ချိုင်းတစ်ခုသို့ သွားရောက်ရန် လူသေအလောင်းတွင် ပတ်ထားသော ပိတ်စကို ချွတ်ခွာယူခဲ့လေသည်။ သေဆုံးသူသည် မိမိကိုယ်အကောင်ကို စွဲလမ်းကပ်ငြိစိတ်ဖြင့် ပြိတ္တာဖြစ်နေလေရာ ပံ့သကူကောက်ယူသွားသော ရဟန်းနောက်သို့ တကောက်ကောက်လိုက်၍ ပိတ်ဖြူစကို ပြန်တောင်းခံခဲ့ဖူး၏။ ဥပဒ္ဒေကာကဲ့ဖြင့် လောလောလတ်လတ် ကွယ်လွန်သူများမှာ မိမိကိုယ်ကေသေ



www.burmeseclassic.com

www.burmeseclassic.com

အပေါ် တွယ်တာကပ်ငြိမှု မရှိစေရန်အတွက် လည်းကောင်း၊ ကျန်ရစ်သူများအဖို့လည်း မနေ့တစ်နေ့က တွေ့ရသည့် ကွယ်လွန်သူ၏ ရုပ်အသွင်ကို စိတ်ထဲမှ ပယ်ဖျောက်ရန် အတွက် လည်းကောင်း၊ ထိုသို့ သေဆုံးသူများကို ဖုတ်ကျည် မီးသင်္ဂြိုဟ်ခြင်းဟူသော ဗုဒ္ဓအဘိဓမ္မာနည်းဖြင့် မှတ်ယူသင့် သည်။

တကယ်ဆိုမူ ကွယ်လွန်သူတစ်ဦးသည် ဗုဒ္ဓအဘိဓမ္မာ အရ ဘဝကူးပြောင်းသွားပြီဖြစ်သည်။ လူ့ဘဝမှ ပြိတ္တာဘဝ သို့ ကူးပြောင်းသွားသူမှာမူ သံယောဇဉ် ဥပါဒါန်အစွဲအလမ်း ကြောင့် မိမိ လူ့ဘဝက နေထိုင်ခဲ့ရာ အနီးအပါး၌ ရစ်ဝဲနေ တတ်ဖို့ရာ များပါသည်။ အရိပ်အရောင်ပြခြင်း၊ အသံဗလံ ပေးခြင်းများလည်း ပြုတတ်ကြသည်။ အစွဲအလမ်းကြီးသူများ ဆိုလျှင် အိမ်အနီး ပတ်ဝန်းကျင်တွင် ကပ်နေရာ အိမ်သား များက ချစ်ခင်မှု သံယောဇဉ်ဖြင့် ခေတ္တလက်ခံထားသော် လည်း နောင်တွင် အိမ်သူအိမ်သား ကလေးသူငယ်များ ငိုကာ ရယ်ကာ အန္တရာယ်ဖြစ်လာနိုင်သဖြင့် မျိုးမတူ ဇာတ် ခြား ဘဝတစ်ပါးသို့ ရောက်နေသူအား သံဃာတော်များ ပင့်ဖိတ်ကာ ပရိတ်ရွတ်ဖတ်ခြင်း၊ ကမ္မဝါစာဖတ်ခြင်းများ ပြု လုပ်၍ အမျှဝေ နှင်ထုတ်ခြင်းပင် ပြုကြရလေသည်။

ကွယ်လွန်သူအတွက် ရည်စူး၍ ရဟန်းတော်များ ပင့်ဖိတ်ကာ သရဏဂုံတင်ကြရာ လူအများက ငါးပါးသီလ ဆောက်တည်ရင်း သေသူအတွက် သရဏဂုံတင်ပြီးဖြစ်သွား လေသည်။ အမှန်စင်စစ် အယူတစ်ပါးသို့ ကူးပြောင်းလျှင် ဖြစ်စေ၊ သေလွန်လျှင် ဖြစ်စေ သရဏဂုံ ပျက်ပြီဖြစ်သည်။ သေသူအတွက် သရဏဂုံတင်ခြင်းမှာ ဘဝကူးပြောင်းသူသည် ပြိတ္တာဘဝသို့ ရောက်၍နေခဲ့သော် သရဏဂုံရွတ်ဆိုသံကြား ပြီး သတိရပါစေ၊ သရဏဂုံကို ဘဝသစ်တစ်ခု၌ ခံယူနိုင်ပါ စေဟူသော အဓိပ္ပာယ်ဖြင့် သရဏဂုံတင်ခြင်းအမှုကို ဆောင် ရွက်ကြခြင်းဖြစ်ပါသည်။ အချို့ ပြိတ္တာများသည် မိမိခန္ဓာကိုယ် အကောင်ကို စွဲလမ်းမှုဖြင့် တွယ်ကပ်နေကြရာ သံဃာတော် များ၏ သရဏဂုံရွတ်ဖတ်သံ ကြားပြီး သရဏဂုံ၏ တန်ခိုး တော်၊ သရဏဂုံ၏ အာသိတရားတို့ဖြင့် စွဲလမ်းမှုမှ ကျွတ်၍ ငရဲတို့လားရာ ဘဝတစ်ခုခုသို့ လွတ်မြောက်သွားနိုင်ပါသည်။

ထိုအတူ သပိတ်သွတ်ခြင်း၊ ဆွမ်းသွတ်ခြင်းသည်လည်း ကွယ်လွန်သောနေ့ နံနက်ပိုင်း ပြုလုပ်သော သပိတ်သွတ်ကို သက်ပျောက်သပိတ်သွတ်ခြင်းဟု လည်းကောင်း၊ သင်္ဂြိုဟ် သောနေ့ နံနက်ပိုင်း ပြုလုပ်သော ဆွမ်းသွတ်ကိုမူ မြေခင်း သပိတ်သွတ်ခြင်းဟု လည်းကောင်း၊ လပတ်လည်(တစ်လ မြောက်)၊ နှစ်ပတ်လည်(တစ်နှစ်မြောက်)ဟု လည်းကောင်း အထိမ်းအမှတ် ကောင်းမှုကုသိုလ်ပြု၍ ရည်စူးကာ ရေစက်ချ အမျှပေးဝေမှုများကိုလည်း ပြုလုပ်ကြလေသည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ပိဋကတ် သုံးပုံလာ ပေတဝတ္ထုကျမ်းတွင် ပြိတ္တာများအကြောင်း ပြည့်စုံ စွာ ဖော်ပြထားပါသည်။ ဖတ်ရှု၍ သတိ သံဝေဂ ပွားများ အားထုတ်ကြပါကုန်။ ထို့ပြင် မိမိတို့၏ ကောင်းမှု၊ မကောင်းမှု ကုသိုလ်ကံတို့သည်လည်း မိမိတို့၏ ဝိညာဉ်ကောင်းနှင့် ပြိတ္တာ ဘဝရောက်ရှိနိုင်ခြင်း၊ မရောက်ရှိနိုင်ခြင်းဟူသော မျဉ်း တစ်ကြောင်းပေါ်မှ ဆုံးဖြတ်ချက်ဖြစ်ပါကြောင်း သတိပေး နှိုးဆော်တင်ပြအပ်ပါသည်။

* * *

ရဲရဲထွန်း(ဗဟိုသုတ)

မှီငြမ်း ။ ။ တင်အောင်ထွန်း သုတေသန၏ ဘဝကူးလမ်းညွှန်။



**အကွယ်သုံးပါး**

ဘုရားကို
စေတီကွယ်တတ်သည်။

တရားကို
စာအုပ်ကွယ်တတ်သည်။

သံဃာကို
ဘုန်းကြီးကွယ်တတ်သည်။

(ဝေါရဏအစကားပုံ)

www.burmeseclassic.com

www.burmeseclassic.com



# ရှေဒေါင်း

## အစာချေချက်သောစက် အားနည်းခြင်း

ပါစက တေဇောညံ့ခြင်း။ အစာချေချက်သော စက်အား
နည်းခြင်း။ အစာမကြေခြင်းဟူသည်တို့မှာ အခေါ်မျှသာ ကွဲလွဲ
အဓိပ္ပာယ်အတူတူဖြစ်၏။ အစာမကြေသော ရောဂါမျိုးမှာ
နောက်တိုင်းပြည်များတွင် စွဲကပ်သူ အလွန်ပေါများလှ၍
ပ်တို့ပြည်၌ကား အများအားဖြင့် လူကုံတန်များနှင့် ရာဂ
ကျူးသူတို့သာ စွဲကပ်သူများလှသည်။

အနောက်တိုင်း ဆရာဝန်ကြီးများအနက် ရောဂါ
ဟူသည် မိမိတို့ များယွင်းချွတ်ချော်မှုများကြောင့် ဖြစ်ရသည်
ဟု ယုံကြည်ကြသူတို့ အမြောက်အများရှိနေကြသော်လည်း
အချို့ကား အညစ်အကြေးများ ဝင်နေမှုကြောင့် အစာချေချက်

www.burmeseclassic.com

www.burmeseclassic.com

အင်အားနည်းပါးရသည်ဟု ယုံကြည်ကြ၍ အချို့ကား အစာချေစက်အင်အားနည်းပါးမှုကြောင့် အညစ်အကြေးများ စုပုံလျက်ရှိရသည်ဟု ဆိုကြ၏။ ထိုအကြောင်းနှင့် ပတ်သက်၍ အကိုးအကားများ ထုတ်ကာ အပြန်အလှန်ရေးသားချက်များကိုလည်း ဖတ်ရှုရဖူး၏။

ကျွန်ုပ်တို့၏ သဘောမှာကား ၎င်းငြင်းခုံချက်သည် ကြက်ဥကမှ ကြက်ကလေးပေါက်နိုင်သောကြောင့် ကြက်ဥသည်သာလျှင် ပထမဖြစ်ပေါ်ရမည်ဟူ၍ လည်းကောင်း၊ ကြက်မကြီးကမှ ကြက်ဥပေါက်နိုင်သောကြောင့် ကြက်မသည်သာလျှင် ပထမဦးစွာ ဖြစ်ပေါ်ရမည်ဟူ၍ လည်းကောင်း၊ ငြင်းခုံချက်နှင့် အတူတူပင်ဖြစ်သည်ဟု ယူဆမိပေသည်။

ရာဂကျူးခြင်း အပျော်ကျူး၍ အိပ်ပျက်ခံခြင်း စသောသူတို့အဖို့မှာ အားနည်းခြင်းသည် အရင်းခံ၍ အညစ်အကြေးစုပုံမှုသည် အကျိုးတရားဖြစ်သည်ဟု ဆိုထိုက်ပေရာ အစားကျူးခြင်း၊ မတွဲဖက်အပ်သည့် အစာကို တွဲဖက်စားသုံးသူတို့အဖို့မှာမူ အညစ်အကြေးစုပုံမှုသည် အရင်းခံ၍ အစာအိမ်အားနည်းမှုသည် အကျိုးတရားဖြစ်သည်ဟု ဆိုထိုက်ပေ၏။ မည်သို့ပင်ဖြစ်စေ၊ အညစ်အကြေးကို ထုတ်ပစ်၍ နောက်ထပ် မစုမိအောင်စေရအောင် နေထိုင်စားသောက်ခြင်းသည် အစာချေစက်အားနည်းခြင်းကို လည်းကောင်း၊ အညစ်အကြေးစုအောင်းခြင်းကို လည်းကောင်း ပျောက်ကင်းစေသည်ဖြစ်၍ ဤစာအုပ်၏ ရည်ရွယ်ချက်လည်း ဖြစ်ပေ၏။

အစာချေစက် အားနည်းခြင်းနှင့် အညစ်အကြေးစုအောင်းခြင်းတို့မှာ "မရှိ၍ မလှူ၊ မလှူ၍ မရှိ"ဟူသော အကြောင်းအကျိုးတရားကဲ့သို့ တစ်ခုခုက အစပြုလိုက်လျှင် ကြာလေ ဆိုးလေ၊ တိုး၍တိုး၍ တက်သွားရသည်သာ ဖြစ်တော့၏။ အစာချေစက် အားနည်းခဲ့လျှင် ကျင်ချေးထုတ်ရသော အစာဟောင်း အူမသည်လည်း အားနည်း၍ အချိန်မီအောင် မထုတ်နိုင်သဖြင့် ကစော်ပေါက်ခြင်း၊ ပုပ်သိုးခြင်းတို့ဖြစ်စေလျက် ကိုယ်ခန္ဓာနှင့်တကွ သွေးသားထဲတွင် အညစ်အကြေးများ စုအောင်းခြင်းကို ဖြစ်စေ၏။ ကိုယ်ခန္ဓာထဲ၌ အညစ်အကြေးများ စုအောင်းနေပြန်လျှင်လည်း အားလုံးသော အင်္ဂါအစိတ်အပိုင်းတို့သည် မိမိတို့ဆိုင်ရာ အလုပ်ကို ကျေပွန်အောင် မလုပ်နိုင်ကြသည်ဖြစ်၍ အစာချေစက်သည်လည်း အားနည်းရလေတော့သည်။ ထို့ကြောင့် အညစ်အကြေးများ စုအောင်းနေလေလေ၊ အစာချေစက် အားနည်းလေလေဖြစ်ရလေတော့၏။ ယင်းသို့ ဖြစ်ရကား ကျွန်ုပ်တို့သည် စားလိုက်သော အစာကို ကောင်းကောင်းမကြေနိုင်ဟု ညည်းညူစပြုရသောအချိန်တွင် ရောဂါကြီးတစ်မျိုးမျိုးစွဲကပ်သည့်တိုင်အောင် တဖြည်းဖြည်း တိုး၍တိုး၍သာ သွားဖို့ရှိသောကြောင့် ထိုအချိန်မှစ၍ အထူးသတိပြုဖို့ အရေးကြီးလှပေသည်။

အချို့သော ဆရာတို့က ကိုယ်ခန္ဓာ၌ ခွန်အားဆုတ်ယုတ် နွမ်းနယ်သော အထိမ်းအမှတ်မျိုး စတင်ဖြစ်ပေါ်လာသောအခါ အစာစားမှသာလျှင် ခွန်အားပြည့်တင်းနိုင်သည်ဟု မှတ်ယူလာကြသည့်အတိုင်း ခွန်အားဖြစ်စေသော အစားအစာများကို ခပ်များများစားပေးဖို့ တိုက်တွန်းတတ်ကြ၏။ စားလိုက်သော အစာကို ကောင်းစွာ ကြေညက်၍ အချိန်မီအောင် ထုတ်မပစ်နိုင်ခဲ့လျှင် သာ၍ ခွန်အားနည်းပါး ယုတ်လျော့ခြင်းကို ဖြစ်စေတတ်ရကား၊ အကြင်လူနာသည် တိုး၍တိုး၍ ဆိုးလာပြီးလျှင် နောက်ဆုံးတွင် အိပ်ရာထဲ၌ လဲရသောအခြေသို့တိုင် ရောက်ကြရလေတော့၏။

အချို့လူနာများသည် အစာမကြေကျက်ခြင်းကြောင့် ခွန်အားနည်းပါးသော အထိမ်းအမှတ်မျိုးဖြစ်ပေါ်လာသည့်အခါ ဆရာဝန်တို့က လုပ်နေကျ အလုပ်အကိုင်တို့ကို ခေတ္တရပ်နား၍ ဤအရပ်၊ ထိုအရပ် စသည်တို့သို့ လေညှင်းခံသွားဖို့ အကြံပေးတတ်ကြ၏။ လူနာသည် အလုပ်အကိုင်မှ အားလပ်ခွင့်ယူ၍ ဒေသပြောင်းရွှေ့ နေထိုင်လိုက်သောအခါ အလုပ်မှ ရပ်နားခွင့်ရသည်က တစ်ကြောင်း၊ ဒေသပြောင်းရွှေ့လိုက်သည်က တစ်ကြောင်းကြောင့် ယခင်ကထက် စားသောက်ကောင်းပြီး ပို၍ ထမင်းဝင်လာကောင်း ဝင်လာပေလိမ့်မည်။ သို့ရာတွင် တိုး၍စားခြင်းသည် ယခင်က စုအောင်းလျက်ရှိနေသော အညစ်အကြေးများကို တိုး၍ များပြားအောင် ဖြည့်စွက်ပေးရာရောက်ပေရကား နေရင်းဌာနသို့ ပြန်ရောက်ပြီးသည့်နောက် မျှမကြာမီအတွင်းတွင် ယခင်ကထက် ဆိုးသော အခြေအနေမျိုးသို့ ဆိုက်ရောက်တတ်ပေသည်။

ထိုသို့သော လူနာတို့အဖို့ အကောင်းဆုံးသော နည်းလမ်းမှာ အလုပ်မှ ရပ်နားရုံသာမက၊ အစာချေစက်ကိုလည်း ရက်အပိုင်းအခြားနှင့် အားလပ်ခွင့်ပေးခြင်းပင် ဖြစ်လေသည်။

အရှေ့တိုင်းသားတို့၏ အယူဝါဒမှာ စားလိုက်သော အစားအစာကို ဝမ်းထဲတွင် ပါစကတေဇောဖြင့် ချက်ရသည်ဟု နားလည်ကြ၏။ ထိုဝါဒ၏ သဘောနှင့် ပတ်သက်၍ ကျွန်ုပ်တို့က တစ်စုံတစ်ရာ ထင်မြင်ချက် မပေးလိုပေ။ သို့သော် အနောက်တိုင်းမှ လက်တွေ့စမ်းသိရှိရသော နည်းအရမှာကား စားလိုက်သောအစာကို ခံတွင်းတွင် သွားရည်ဖြင့် လိမ်းကျံရခြင်း၊ အစာအိမ်ထဲတွင် အရည်တစ်မျိုးဖြင့်

www.burmeseclassic.com



ထပ်မံဖြည့်စွက်ပြန်၍ ရေခဲမုန့်လုပ်ရသည့်အလားကဲ့သို့ ထိုမှ ဤမှ လည်စေရခြင်း၊ အူသိမ်အူမတို့သို့ ရောက်အောင် တွန်းပို့ရခြင်း၊ ဆိုင်ရာ အူထဲတွင် အသည်း၊ သည်းခြေ စသော အင်္ဂါအစိတ်အပိုင်းတို့က အရည်များ ထုတ်၍ ရောစွက်မွှေနှောက်စေခြင်း၊ အစာဟောင်း အူကြီးက အညစ်အကြေးတို့ကို ဖွဲ့ရမှ နှင်ထုတ်ရခြင်း စသော အလုပ်အမျိုးမျိုးတို့သည် အစာချေစက်ကြီး၏ အလုပ်များ ဖြစ်ချေ၏။ ထိုစက်သည် ခွန်အားနည်းပါး၍ နေရာမကျ ရှိနေသောအခါ အထက်တွင် ဖော်ပြခဲ့သော အလုပ်အမျိုးမျိုးတို့သည် နှောင့်နှေးရပ်ဆိုင်းခြင်း ရှိကြရလေတော့၏။ ထိုအခါတွင်ကား အညစ်အကြေးများ စုအောင်း၍ ရောဂါအမျိုးမျိုးတို့ ဖြစ်ပေါ်စေရန် အကြောင်းကြီးတစ်ရပ်ဖြစ်လေတော့၏။

အချို့သူတို့သည် အညစ်အကြေးများ စုအောင်းနေခြင်းကို ဝမ်းနှုတ်ဆေးတို့ဖြင့် ထုတ်ပစ်ရန် ကြိုးစားကြ၏။ ဝမ်းနှုတ်ဆေးတို့မည်သည် ဆိုင်ရာ အူမကို ဆွပေးခြင်းဖြစ်သောကြောင့် ဓာတ်လျှော့စေတတ်သည် မှန်သော်လည်း ဝမ်းချုပ်သော ရောဂါကို ပျောက်စေနိုင်သည် မဟုတ်ချေ။ ထို့ကြောင့် ဝမ်းနှုတ်ဆေးစားသောနေ့တွင်သာ ဓာတ်သွား၍ တစ်နေ့ မစားလျှင် တစ်နေ့ ဓာတ်ချုပ်သောလူများကို တွေ့ကြရပေလိမ့်မည်။ ထိုသူတို့လည်း ဓာတ်မသွားတိုင်း ဝမ်းနှုတ်ဆေးစားကြရခြင်းအားဖြင့် နောက်ဆုံးတွင် စားနေကျ ဝမ်းနှုတ်ဆေးသည် ယဉ်သွားတတ်သည်ဖြစ်သောကြောင့် ယခင်ကထက် ပို၍ စားသည်ဖြစ်စေ၊ အခြားသော ဝမ်းနှုတ်ဆေးတစ်မျိုးကို ပြောင်းလဲ မှီဝဲရသည်ဖြစ်စေ ပြုကြရ၏။ မည်သို့ ပြုသည်ဖြစ်စေ၊ ဝမ်းနှုတ်ဆေးတို့မည်သည် ဝမ်းချုပ်သော ရောဂါကို ပျောက်ကင်းစေနိုင်သော တန်ခိုးသတ္တိ မရှိကြရိုးမှန်ပေရကား အစဉ်မပြတ် ဓာတ်ချုပ်တတ်သောသူတို့သည် အခြားနည်းလမ်းကို ရှာကြရပေမည်။

ဓာတ်ချုပ်သော ရောဂါကို ပျောက်အောင် ကုသသော နည်းမှာ ဝမ်းချူခြင်းပင် ဖြစ်ချေ၏။ မှန်ကန်သော နည်းအားဖြင့် နေရာတကျ ဝမ်းချူပေးခဲ့လျှင် နေ့စဉ် ဆက်လက်၍ ချူသော်လည်း ဘေးအန္တရာယ် မပြုတတ်ပေရာ နောက်ဆုံး တစ်နေ့တွင် ဝမ်းချူချိန်မရောက်မီပင် ဓာတ်သွားသောအခြေသို့ ရောက်ရပေလိမ့်မည်။ ထိုအခါတွင် ဓာတ်ချုပ်သော ရောဂါပျောက်လောက်ပြီဟု မှတ်ယူသင့်ပေသည်။ နေရာကျအောင် ဝမ်းချူသောနည်းကိုမူ ဆိုင်ရာအခန်းတွင် စုံလင်စွာ ဖော်ပြရပေဦးမည်။

အစာချေစက် အားနည်း၍ ဓာတ်ချုပ်သောအခါ၌ ဝမ်းချူပေးခြင်းအပြင် ရက်အပိုင်းအခြားနှင့် အစာကို ဖြတ်ပေးခြင်းသည် အလွန်ကောင်းသောနည်းဖြစ်၏။ သို့သော် များစွာသောသူတို့သည် အစာမစားရလျှင် သေရတော့မည်ကဲ့သို့ မှတ်ယူစွဲလန်းလာခဲ့ကြသည်ဖြစ်သောကြောင့် အထက်တွင် ဖော်ပြခဲ့သောနည်းများအတိုင်း သင့်တော်သော အစားအစာတို့ကို တွဲဖက်စားသုံးကြပါလျှင် တော်သင့်လောက်ပေပြီ။

သို့ဖြစ်ရကား တစ်ကိုယ်လုံး အားအင်ကုန်ခန်း ဆုတ်ယုတ်မှုကြောင့် အစာချေစက် အားနည်းရသည်ဖြစ်စေ၊ အစာချေစက် အားနည်းမှုကြောင့် တစ်ကိုယ်လုံး ခွန်အားဆုတ်ယုတ် ကုန်ခန်းရသည်ဖြစ်စေ၊ ကိုယ်ခန္ဓာအတွင်း၌ အညစ်အကြေးများ စုအောင်းရှိနေခြင်းသည်သာလျှင် အကြောင်းရင်းဖြစ်ပေရကား၊ ရှိပြီး အညစ်အကြေးကို ထုတ်ပစ်၍ နောက်ထပ် အညစ်အကြေးမဖြစ်စေရအောင် ရပ်စဲသော နည်းသည်သာလျှင် အကောင်းဆုံးသော ကုသနည်းဖြစ်ပေသတည်း။

* * *

ရွှေဥဒေါင်း



www.burmeseclassic.com

www.burmeseclassic.com



# သွေးလေ ထက်လေ ကိုးစနေ

ခင်ခင်ဝင်း(မောရဝတီ)

သမိုင်းတစ်ခေတ် အသစ်တွေ ဘယ်လိုပြောင်းပြောင်း မြတ်စွာဘုရား၏ ဝိပဿနာနှင့် ပရိတ်တရားတော်များ၊ ရှေးသူတော်ကောင်း ဆရာအရှင်များ ထားခဲ့သော မြန်မာ့ရိုးရာ ကျင့်စဉ်များ၊ အစီအွှာန်များ၊ အင်းအိုင် လက်ဖွဲ့များ၊ ဆေးကျမ်းလာ ဆေးဝါးများ၊ ဂါထာတော်များ၊ ဗေဒ ဝေဒ အစရှိသော လောကီ၊ လောကုတ္တရာ အဖြာဖြာသော ပညာရပ်တို့သည် ရိုးသွားသည်မရှိ၊ ဟောင်းနွမ်းသွားသည် မရှိဘဲ သစ်လွင်မြဲ ကျင့်ကြံအားထုတ်သူတို့အပေါ် ထိုက်သင့်သလို အကျိုးပေးလျက်ရှိပါသည်။ ထို့ကြောင့်လည်း လူငယ်လူကြီး၊ ကျောင်းသားအရွယ် ကာလေးငယ်များပါ မကျန် မိမိအသက်အရွယ်နှင့် လျော်ညီစွာ အထိုက်အလျောက် သက်ကြီးစကား သက်ငယ်ကြားဖြင့် ကျင့်စဉ် ဂါထာများကို အားကိုးယုံကြည်စွာ သုံးစွဲလျက်ရှိပါသည်။

ထိုထိုသော များပြားလှသော ကျင့်စဉ်စရဏထဲမှ စူးရှထက်မြက်သော မြန်မကြာ အကျိုးထူးပေးသော ကျင့်စဉ်တစ်ခုကို ဝေမျှ ဒါနပြုလိုက်ရပါသည်။ ကျွန်မကိုယ်တိုင် ၁၇နှစ်တိုင်တိုင် တစ်နှစ်မပျက် ကျင့်ကြံခဲ့သော ကျင့်စဉ်ဖြစ်ပါသည်။ ကိုယ်တိုင် အကျိုးကျေးဇူးများ ခံစားခဲ့ရပြီးဖြစ်သည့်အတွက် ဟင်းကောင်းတစ်ခွက် စားရသောအခါ မိတ်ဆွေများကိုလည်း ကျွေးချင်သော ချစ်စရာ မြန်မာစိတ်ဓာတ်အတိုင်း ကောင်းလွန်းသော "ကိုးစနေ" ကျင့်စဉ်ကို မျှဝေပေးလိုက်ရပါသည်။

မြန်မာ့ရိုးရာ နေ့ကောင်းများတွင် မြန်မာလဆန်း (သို့မဟုတ်) လဆုတ် ၉ရက်နေ့နှင့် တိုက်ဆိုင်သော စနေနေ့ကို "ကိုးစနေ" ဟု ခေါ်ပါသည်။ ကျင့်စဉ်များ၊ အစီအွှာန်ကိစ္စများ၊ ဆေးဝါး အင်းအိုင် လက်ဖွဲ့ကိစ္စများ၊ ပညာစခန်း၊ ဓာတ်စခန်း သိဒ္ဓိလမ်းကို လိုက်စားသူများ အလုပ်စခန်းကို နက်နက်ရှိုင်းရှိုင်းလုပ်သူများအတွက် အထူးကောင်းမွန် ထက်မြက် အကျိုးသက်ရောက် အစွမ်းထက်သော နေ့ကောင်း ရက်မွန်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မည်မျှပင် မိမိ၏ သက်ရောက် ဂြိုဟ်ဒိုင်များကို ဘုရှိ ကျနေပါစေ၊ မိမိ၏ လက္ခဏာမှာ အောင်မြင်ရေးလမ်းကြောင်း မပါ၍ ကံ-ကံ၏ အကျိုးဖြင့် ကြမ်းတမ်းနေပါစေ၊ တစ်မနက် (သို့မဟုတ်) တစ်ရက်ကျင့်ကြံလိုက်ရုံဖြင့် မိမိလက်ရှိ အခက်အခဲကျော်လွှန် အောင်မြင်လာမည်ကို ရဲရဲ အာမခံချက်ပေးဝံ့သော ကျင့်စဉ်ဖြစ်ပါသည်။ ဤကျင့်စဉ်ကို ပေးသော ဆရာတော်မှာ ကျိုက္ကမီမြို့ ကဒက်ထောက်ကျေးရွာ ပင်လယ်ကမ်းစပ်မှ ဝါးကျောင်းဆရာတော် ဦးသုန္ဒရ (ဓာတ်တော်တိုက်)မှ ချီးမြှင့်သော ကျင့်စဉ်ဖြစ်ပါသည်။

တစ်နေ့သောအခါ မော်လမြိုင်မြို့၏ မ.စ.ဗ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်လှိုင်နှင့် ဒေါ်ခင်မြင့်တို့မှ ကျွန်မကို အခေါ်လွှတ်လိုက်ပါသည်။ ဒီနေ့ညနေ ၃နာရီမှာ မော်လမြိုင်သို့ ဆိုက်ရောက်မည့် လေယာဉ်ပျံနှင့် စစ်တွေမှ ပြတိုက်ဆရာတော်ကြွလာမယ်။ ကျိုက္ကမီ၊ ကဒက်ထောက်ရွာသို့ ချက်ချင်းကြွမှာ ဖြစ်သည့်အတွက် လိုက်ပါ ဆောင်ရွက်ပေးပါရန် ပြောကြားလာပါသည်။ ကျွန်မလည်း ဝမ်းသာစွာ လက်ခံပါသည်။ ကားနှစ်စီး ဒကာ၊ ဒကာမ ၁၀ဦးခန့်နှင့်အတူ ဆွမ်း၊ ပန်းကိစ္စ အပြည့်အစုံထည့်ပေးပြီး စစ်တွေမှ ကြွလာသော ပြတိုက်ဆရာတော်နှင့်အတူ ခရီးထွက်ခဲ့ကြပါသည်။

◆◆◆

ထိုခရီးတွင် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ) ဆရာတော်လည်း ပါပါသည်။ ထိုစဉ်က အရှင်ဆန္ဒာဓိက ဆရာတော် ငယ်စဉ် စာသင်သားဘဝတွင် ဖြစ်သည်။ ဒုတိယဗိုလ်မှူးကြီး တင်လှိုင်၊ ဒေါ်ခင်မြင့်တို့မှ ဆရာတော်၏ ပညာပါရမီကို လိုလေသေးမရှိအောင် ပြုစု ကုသိုလ်ယူနေသော အချိန်ဖြစ်ပါသည်။ ကျွန်မတို့အဖွဲ့သည် ကျိုက္ကမီမြို့သို့ အရင်ဝင်ဖြစ်ပြီး ဆရာတော်၏ ဒကာအချို့ကို ခေါ်ဆောင်၍ ကဒက်ထောက်ရွာသို့ သွားရောက်ရာ အဝင်လမ်းမှာ လှည်းလမ်းဖြစ်၍ ကားဝင်လို့ ရသလောက်ဝင်ပြီး ကားဝင်လို့ မရသောနေရာမှ လမ်းလျှောက်၍ ဝင်လာရာ စစ်တွေဆရာတော်မှ ဘုရား တရား မမေ့ဖို့ သတိပေးရင်း မမြင်မစမ်း မှောင်မှောင်မဲမဲနှင့် ည ၁၀နာရီခန့်မှ ဆရာတော်၏ ဝါးကျောင်းကို ရောက်ပါသည်။ ရှည်မျောမျော ခန်းမကြီးတစ်ခုတည်းသာ ရှိသော ဝါးခင်း ဝါးကာ ဓနိဖက်မိုး ကျောင်းကြီးဖြစ်ပါသည်။

ကျောင်းပေါ် ရောက်သောအခါ အံ့သြလောက်စရာ ဘုရားခန်းက ဆီးကြိုနေပါသည်။ အားလုံး လက်အုပ်ချီမိုး၍ ရှိခိုး ဖူးမြော် ကြည့်ရှုကြပါသည်။ သည်မျှ များပြားလှသော ဓာတ်တော်များကို ဒီတစ်ခါပဲ ဖူးမြော်ဖူးပါသည်။ ဘုရားဓာတ်တော်များ၊ ရဟန္တာဓာတ်တော်များ၊ ဆံတော်များ အလွန်များလှပါသည်။ စစ်တွေမှ ပြတိုက်ဆရာတော် လာရောက်ခြင်းကိစ္စမှာ ဤဓာတ်တော်များကိစ္စဖြစ်ကြောင်း ဒီရောက်မှ သိရပါသည်။ ဓာတ်တော်များ ဖူးမြော်ပြီးတော့ အားလုံးပဲ ခရီးကလည်း ပန်း၊ ဗိုက်ကလည်း ဆာနေကြပေပြီ။ ဝါးကျောင်းဆရာတော်မှ မောင်းအကြီးကြီးကို တဒူဒူနှင့် ထုလိုက်ပါသည်။ ရွာသူရွာသားတို့မှ ဆွမ်းအုပ်များ၊ ဆွမ်းချိုင့်များ၊ အသီးအနှံများနှင့် ရောက်လာကြသည်ကို အံ့သြဖွယ် တွေ့ရပါသည်။ စစ်တွေပြတိုက် ဆရာတော်နှင့် အရှင်ဆန္ဒာဓိက (ရွှေပါရမီ တောရ)တို့ကို ဖျော်ရည်များ ကပ်လှူကြပြီး ကျွန်မတို့အဖွဲ့ကို ခုံဝိုင်း နှစ်ဝိုင်းဖြင့် ထမင်းကျွေးကြပါသည်။ ဆာဆာနှင့် ခေါင်းမဖော်နိုင်အောင် စားကြသည်။ အံ့သြစရာ ညကြီးသန်းခေါင် ထမင်းဟင်းအစုံတို့က ဘယ်လိုရောက်လာတာလဲ၊ ကြာကြာ မစဉ်းစားအားပါ။ ဆာဆာနှင့် မြိန်ယှက်စွာ စားသောက်ပြီး အိပ်ရာနေရာများ ပြင်ဆင်ပေးကြပါသည်။ ဆရာတော်များနှင့် ယောက်ျားသားများက ဘုရားစင်နားမှာ စီတန်း၍ လည်းကောင်း၊ မိန်းကလေးများက ခြေရင်းဘက် ကျကျမှာ လည်းကောင်း နေရာချပေးပါသည်။ ဟောခန်းမကြီး တစ်ခန်းတည်းဖြစ်၍ အားလုံး စုစုရုံးရုံးပဲ ဖြစ်ပါသည်။ အားလုံးအိပ်ကုန်ပြီ။ ကျွန်မမှာ အိပ်ချင်စိတ်လည်း မရှိပါ။ ဒီလောက် ထူးဆန်းပြီး ခက်ခဲစွာ လာရသောနေရာကို မနက်ဖြန်မနက်ပဲ ပြန်ရမည့်အရေးအား တွေးပြီး အိပ်ရမည့်အချိန်ကို နှမြောနေမိသည်။ ဝါးကျောင်းဆရာတော်မှ...

"ဒကာမကြီးလည်း မောရောပေါ့၊ အိပ်လေ"

ဟု ပြောပါသည်။

"တပည့်တော် မေးချင်တာ ရှိပါသည်"

လို့ ဆရာတော်ကို လျှောက်ရသည်။ ဆရာတော်က "မေးပါ"လို့ ခွင့်ပြုလိုက်ပါသည်။

"သည်မျှ များပြားလှသော ဘုရားဓာတ်တော်များ၊ ရဟန္တာဓာတ်တော်များကို ဆရာတော်တစ်ပါးတည်း ဘယ်ကဲ့သို့ စုဆောင်းရပါသလဲ"

လို့ မေးမြန်းသော် ဆရာတော်၏ ပြောပြချက်များက ပြောမယုံ ကြုံမှသိ၊ ထူးခြားအံ့သြဖွယ်အပြည့်ဖြစ်ပါသည်။

ဆရာတော်၏ ထုံလ ဝီရိယများကို နားကြားရင်း လင်းကြက်တွန်သံကို ကြားလိုက်ပါသည်။ ကိုးစနေကျင့်စဉ်နှင့် လွဲသွေသွားမည်စိုး၍ ထိုအကြောင်းအရာများကို နောင်အလျဉ်းသင့်လျှင် ဝေမျှပြောပြ ရေးပြပါဦးမည်။

"ကဲ - ဒကာမကြီးလည်း မနက် ခရီးဆက်လိုက်ဦး



www.burmeseclassic.com

www.burmeseclassic.com

မယ်။ ခဏလေးဖြစ်ဖြစ် အိပ်လိုက်ပါ"

လို့ ပြောပါသည်။

"အရှင်ဘုရား...တပည့်တော်တို့ လောကီသားတွေအတွက် လောကီအကျိုးစီးပွားအလို့ငှာ လွယ်ကူသည့် ကျင့်စဉ်တစ်ခုကို ပေးသနားတော်မူပါ ဘုရား"

ဟု လျှောက်တင် တောင်းခံလိုက်ပါသည်။

"ဘုန်းကြီး ငယ်စဉ်က ကျင့်ခဲ့တဲ့ ကျင့်စဉ်လေးတစ်ခု ပေးလိုက်မယ်။ ဒကာမကြီး မှတ်လိုက်ပါ"

ဆို၍ စာအုပ်ထုတ် ရေးမှတ်ခဲ့ပါသည်။

ဆရာတော် ဘုရားခန်းဘက် ထွက်သွားစဉ် ကျွန်မလည်း ခေါင်းအုံးနှင့် ခေါင်း ထိလိုက်မိသည်နှင့် ချက်ချင်း အိပ်ပျော်သွားပါသည်။ အိပ်မက်ထဲတွင် ယခု ဝါးကျောင်း၏ အပြင်ဘက်၌ ကြိုးတန်းပေါင်း မြောက်များစွာပေါ်တွင် ဝိဇ္ဇာဇော်ဂျီ တပသီတို့၏ အဝတ်အစားများ၊ ရသေ့ ရဟန်းတို့၏ သင်္ကန်းတော်များ၊ စားပွဲခုံတို့ကဲ့သို့ပေါ်တွင် တင်ထားသော ဖောင်းတော်များ၊ ရသေ့တို့၏ ဒေါက်ချာများ၊ တောင်ဝှေးများ၊ ခေါက်ပြီး ထပ်ထားသော ဝတ်ဖြူစင်ကြယ်များ၊ ဒီဘက် စားပွဲခုံပေါ်တွင် နန်းဝတ်နန်းစားများ အများကြီး အများကြီးကို တွေ့ရပါသည်။ ကျွန်မနှုတ်က ထွက်သွားသည်။

"ဒီလောက် များပြားလှတဲ့ ဝတ်ဖွယ်တွေကို တွေ့ပြီး လူ သက်ရှိတစ်ယောက်မှလည်း မတွေ့ပါလား"

ထိုစဉ် မနီးမဝေးမှ အသံတစ်ခုထွက်လာသည်။

"လူရှိရင် လူ့အဝတ်ရှိမယ်၊ ပုဂ္ဂိုလ်ရှိရင် ပုဂ္ဂိုလ်အဝတ်ရှိတာပေါ့"

တဲ့။ ကျွန်မ နားလည်လိုက်ပါသည်။ ဘုရားနှင့် ရဟန္တာ ဓာတ်တော်များကို သက်ဆိုင်ရာ ပုဂ္ဂိုလ်များက စောင့်ရှောက်နေမှာပေါ့။ ဖျတ်ခနဲ အိပ်ရာမှ လန့်နိုးသွားတော့ အရုဏ်တွေမ်းကပ်ပြီး ပြန်ဖို့ ခရီးပြင်ရပေဦးမည်။ နောက်တစ်ခါ အေးအေးဆေးဆေး တစ်ခေါက်လောက်တော့ လာခဲ့ဦးမည်ဟု အားခဲလိုက်ရပါသည်။

ဆရာတော် ပေးသနားသော ကိုးစနေကျင့်စဉ်ကို မချွင်းမချန် ရေးသားဖော်ပြလိုက်ရပါသည်။ ထိုအချိန်တွင် ကျွန်မမှာ ဘုမ္မိ ဂြိုဟ်အိပ်ကြီး ကျရောက်နေသော အချိန်ဖြစ်ပါသည်။ ရှိသမျှအားလုံး တံမြက်စည်းနှင့် လှည်းချနေသလို ကုန်ဆုံးနေချိန်ဖြစ်ပါသည်။ အောင်မြင်ရေးလမ်းကြောင်းကလည်း မပါ။ ကံလမ်းကြောင်းကလည်း နှလုံးလမ်းကြောင်းနှင့် ထိတွေ့ပြီး တိခနဲရပ်ပြီး ပြတ်တောက်နေပါသည်။ ဆုံးဖြတ်ချက်တွေလည်း မှားနေတဲ့အချိန်ဖြစ်ပါသည်။

ထိုအချိန်တွင် ကိုးစနေကျင့်စဉ်ကို ယုံယုံကြည်ကြည်နှင့် ရရှိ ကျင့်သုံးခဲ့ပါသည်။ ဈေးကြီးတွင် ပန်းတိမ်ဆရာများထား၍ ပန်းတိမ်ဆိုင်၊ ကျောက်မျက်ရတနာဆိုင်ကို ဖွင့်ဖြစ်ပါသည်။ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာများကြောင့် ရတနာများကို ကိုင်တွယ်ရောင်းဝယ် လုပ်ကိုင်ရသည်အထိ တိုးတက်ခဲ့ပါသည်။ ထူးဆန်းမှုအစုံစုံကိုတော့ နောက် အလျဉ်းသင့်လျှင် ရေးပြပါမည်။ သွေးနေသောဓားသည် အစဉ်ထက်မြက်နေသကဲ့သို့ နှစ်စဉ် မပျက် ကျင့်ကြံအားထုတ်သွားပါက လွန်စွာအကျိုးထူးပေးပါသည်။ နှစ်စဉ် ခရစ်သက္ကရာဇ်သစ်မှာ တစ်နှစ်လုံး ကျရောက်မည့် ကိုးစနေနေ့ကို ဆွဲထုတ် မှတ်သား၍ ကျင့်သွားနိုင်ပါသည်။

## ကျင့်စဉ်၏ အဓိဋ္ဌာန်တင်နည်း

* ဘုရားရှိခိုး ငါးပါးသီလ ခံယူလိုက်ပါ။

* ဗုဒ္ဓရှင်တော်မြတ်ဘုရားနှင့် အထက် အရိယာပုဂ္ဂိုလ်များ၊ သမာဒေဝ နတ်ကောင်း နတ်မြတ်များကို သက်သေအရာ၌ ထား၍ ဘုရားတပည့်တော်သည် ဒီနေ့ ကိုးစနေနေ့တွင် ဘဝလုပ် ဆုတောင်း ဂါထာတော်နှင့် နမော ငါးချက်စီးပွားတက် ဂါထာတော်ကို မနက် နေထွက်ချိန် ( )ပတ်၊ ညနေ နေဝင်ချိန် ( )ပတ် ကိုးလုံးပုတီး (သို့မဟုတ်) တစ်ရာ့ရှစ်လုံးပုတီးဖြင့် ပူဇော်ပါမည်ဟု သစ္စာအဓိဋ္ဌာန်ပြုပါသည် ဘုရား။

* မိမိ သစ္စာအဓိဋ္ဌာန်ပြုသည့်အတိုင်း မနက်-ည ပြုလုပ်ပြီးစီးသွားချိန်တွင် အောက်ပါအတိုင်း လိုသောဆုကို တောင်းခံပါ။ ဆုတောင်းပြည့်ပါသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားနှင့် အထက် အရိယာ ပုဂ္ဂိုလ်များ၊ သမာဒေဝ နတ်ကောင်း နတ်မြတ်များကို သက်သေအရာ၌ ထား၍ ဘုရားတပည့်တော်သည် ဒီနေ့ ကိုးစနေနေ့၌ ဘဝလုပ ဆုတောင်းဂါထာတော်နှင့် နမော ငါးချက် စီးပွားတက် ဂါထာတော်တို့ကို အဓိဋ္ဌာန်ထားသည့်အတိုင်း အမှန်အကန် ပူဇော်ခဲ့ပါသည်။ ဤမှန်ကန်သော သစ္စာစကားကြောင့် (လိုသော ဆုတောင်း) ဖြစ်ရပါလို၏ ဘုရား။

(မှတ်ချက်။ တစ်နှစ်ပတ်လုံး မိမိအခက်ကြုံတိုင်း မိမိပြုခဲ့ဖူးသော ကိုးစနေနေ့၏ ကောင်းမှုကို သစ္စာဆို၍ ဆုတောင်းနိုင်ပါသည်။

ဝါရင့်သမ္မာရင့် ကျင့်စဉ်ရှင်များ၊ ပညာစခန်း၊ ဓာတ်စခန်း၊ သိဒ္ဓိလမ်းကို လိုက်နေသူများ၊ ဆေးဖော်၊ အင်းရေး ပညာရှင်များ၊ ပရိတ်၊ ဂါထာ၊ သက်သတ်လွတ် ဗေဒပညာရှင်များ

www.burmeseclassic.com

www.burmeseclassic.com

အနေနှင့် မိမိတို့၏ အဆင့်မြင့် ကျင့်စဉ်များကို မိမိနှစ်သက်သလို ကျင့်ကြံအားထုတ်၍ အောင်မြင်ခြင်းအထွဋ်အထိပ်သို့ တက်လှမ်းနိုင်သော နေ့ကောင်းရက်သာ အချိန်အခါပေတည်း။ ၎င်း ကိုးစနေနေ့ တစ်နေ့လုံးနှင့် သက်ဆိုင် အကျုံးဝင်သည့်အတွက် ၎င်းနေ့တစ်နေ့လုံးကို အလိုရှိသလို အသုံးပြုနိုင်ပါသည်။

ပုတီးမစိပ်နိုင်သူများ မိမိ၏ ဂြိုဟ်သက်ဖြင့် ရွတ်ဆိုပူဇော်နိုင်ပါသည်။

* တနင်္ဂနွေသားသမီး - ၆ခေါက်
* တနင်္လာသားသမီး - ၁၅ခေါက်
* အင်္ဂါသားသမီး - ၈ခေါက်
* ဗုဒ္ဓဟူးသားသမီး - ၁၇ခေါက်
* ကြာသပတေးသားသမီး - ၁၉ခေါက်
* သောကြာသားသမီး - ၂၁ခေါက်
* စနေသားသမီး - ၁၀ခေါက်)

* မင်္ဂလာကျက်သရေရှိသည်ဖြစ်၍ အိပ်ရာမှ နိုးထနိုင်ပါစေ။
* အပါယ်ဒုက္ခ တိရောက်စေသော ဒုစရိုက်မျိုးကို ပျိုပျက်ပါစေသတည်း။
* ပါရမီအားလုံးကို ဖြည့်ကျင့်နိုင်ပါစေသတည်း။

**နမောငါးချက် စီးပွားတက် ဂါထာတော်**

*** တနင်္ဂနွေသားသမီးများအတွက် • • •**

နမောတဿ၊ နမော ဘဂဝတော၊ နမော အရဟတော၊ နမောသမ္မာ သမ္ဗုဒ္ဓဿ၊ နမောတဿ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ၊ အရဟံသိဒ္ဓိ(ပုတီးတစ်လုံးချ)။

*** တနင်္လာသားသမီးများ(နံနက်မွေးသူများ)အတွက်**

နမောတဿ၊ နမော ဘဂဝတော၊ နမော အရဟတော၊ နမောသမ္မာ သမ္ဗုဒ္ဓဿ၊ နမောတဿ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ၊ သမ္မာသမ္ဗုဒ္ဓေါ သိဒ္ဓိ(ပုတီးတစ်လုံးချ)။

**၂၀၁၃ ခုနှစ်အတွက် ကိုးစနေနေ့ ကျရောက်သောနေ့များနှင့် ကျင့်စဉ်ဇယား**

| စဉ် | နေ့စွဲ | နေ့နက္ခတ်နှင့် စင်ကြယ်သော ယုဂ်များ | စနေနေ့၏ စက်အခါ | စနေနေ့၏ လာဘ်ပွင့်အရောင် | ကျင့်စဉ် ဂါထာတော်များ |
|---|---|---|---|---|---|
| ၁။ | ၁၃၇၅ ခု၊ တန်ခူးလဆုတ် ၉ရက်(၄-၅-၂၀၁၃၊ စနေနေ့) | တိုးတက်ကြီးပွားစေသော ယုဂ် အမှုကိစ္စပြီးမြောက်စေသောယုဂ် | နေထွက်ချိန် နံနက် ၆နာရီ နေဝင်ချိန် ညနေ ၆နာရီ | အနက်ရောင် | ဘဝလှပ ဆုတောင်းဂါထာ |
| ၂။ | ၁၃၇၅ခု၊ ကဆုန်လဆန်း ၉ရက် (၁၈-၅-၂၀၁၃၊ စနေ) | ဘုန်းကံကြီးမားစေသော ယုဂ် ပစ္စည်းဥစ္စာပေါများစေသောယုဂ် | နေထွက်ချိန် နံနက် ၅နာရီ နေဝင်ချိန် ညနေ ၆နာရီ | နက်ပြာရောင် | နမောငါးချက် စီးပွားတက်ဂါထာ (ရိုးရှာတိထိ - သေးပေါ်၊ သေးစား သေးကျ) |
| ၃။ | ၁၃၇၅ခု၊ တော်သလင်းလဆန်း ၉ရက် (၂၈-၉-၂၀၁၃၊ စနေ) | ဂုဏ်ကျက်သရေနှင့် မင်းချီး မြှောက်ခံရသောယုဂ် | နေထွက်ချိန် နံနက်၅နာရီ ၄၀ နေဝင်ချိန် ညနေ ၆နာရီ ၁၀ | မီးခိုးအရင့်ရောင် | |

**ဘဝလှပ ဆုတောင်းဂါထာတော်နှင့် အသံထွက်**

ပဏ သဗ္ဗာ သုဿ ယန္တု
(ပဏာသပ်ဗာ၊ သုတ်သယန်တု)
ဝုဋ္ဌ ဟန္တု သုမင်္ဂလာ
(ဝုတ်တဟန်တု၊ သုမင်ဂလာ)
ဒုသေန္တု ဒုဂ္ဂတိ ဂါမိ
(ဒူသင်တု ဒုတ်ဂတိန်ဂါမိန်)
ပူရေန္တု သဗ္ဗ ပါရမီ
(ပူရန်တု သတ်ဗပါရမိန်)

**ဂါထာတော်၏ အနက်အဓိပ္ပာယ်(စိတ်ထဲမှ သိစေရန်)**

* အားလုံးသော သတ္တဝါတို့ ကောင်းစွာ အိပ်စက်နိုင်ကြပါစေ။

*** တနင်္လာသားသမီးများ(ညနေမွေးသူများ)အတွက်**

နမောတဿ၊ နမော ဘဂဝတော၊ နမော အရဟတော၊ နမော သမ္မာသမ္ဗုဒ္ဓဿ၊ နမောတဿ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ၊ ဘဂဝါ သိဒ္ဓိ(ပုတီးတစ်လုံးချ)။

*** အင်္ဂါသားသမီးများအတွက်**

နမောတဿ၊ နမော ဘဂဝတော၊ နမော အရဟတော၊ နမော သမ္မာသမ္ဗုဒ္ဓဿ၊ နမောတဿ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ၊ ဝိဇ္ဇာစရဏ သမ္ပန္နော သိဒ္ဓိ(ပုတီးတစ်လုံးချ)။

*** ဗုဒ္ဓဟူးသားသမီးများ(နံနက်မွေးသူများ)အတွက်**

နမောတဿ၊ နမော ဘဂဝတော၊ နမော အရဟတော၊ နမော သမ္မာသမ္ဗုဒ္ဓဿ၊ နမောတဿ ဘဂဝတော၊ အရဟ



www.burmeseclassic.com

www.burmeseclassic.com

တော၊ သမ္မာသမ္ဗုဒ္ဓဿ၊ သုဂတော သိဒ္ဓိ(ပုတီးတစ်လုံးချ)။

*** ဗုဒ္ဓဟူးသားသမီးများ(ညနေမွေးသူများ)အတွက်**

နမောတဿ၊ နမော ဘဂဝတော၊ နမော အရဟတော၊ နမော သမ္မာသမ္ဗုဒ္ဓဿ၊ နမောတဿ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ၊ ဗုဒ္ဓေါ သိဒ္ဓိ(ပုတီးတစ်လုံးချ)။

*** ကြာသပတေးသားသမီးများအတွက်**

နမောတဿ၊ နမော ဘဂဝတော၊ နမော အရဟတော၊ နမော သမ္မာသမ္ဗုဒ္ဓဿ၊ နမောတဿ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ၊ လောကဝိဒူ သိဒ္ဓိ(ပုတီးတစ်လုံးချ)။

*** သောကြာသားသမီးများအတွက်**

နမောတဿ၊ နမော ဘဂဝတော၊ နမော အရဟတော၊ နမော သမ္မာသမ္ဗုဒ္ဓဿ၊ နမောတဿ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ၊ အနုတ္တရော ပုရိသ ဓမ္မသာရထိ သိဒ္ဓိ(ပုတီးတစ်လုံးချ)။

*** စနေသားသမီးများအတွက်**

နမောတဿ၊ နမော ဘဂဝတော၊ နမော အရဟတော၊ နမော သမ္မာသမ္ဗုဒ္ဓဿ၊ နမောတဿ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ၊ သတ္ထာဒေဝ မနုဿာနံ သိဒ္ဓိ(ပုတီးတစ်လုံးချ)။

(မှတ်ချက်။ မိမိနေ့နှင့် သက်ဆိုင်သော တစ်ပုဒ်ကိုသာ ခွဲထုတ်၍ အသုံးပြုရမည်ဖြစ်ပါသည်။ ဂါထာတော်နှစ်ပုဒ်လုံး၏ အကျိုးမှာ စီးပွားတက်၏။ ဘေးရန်ကင်း၏။ သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များ စောင့်ရှောက်၏။ သွားလေရာ သူတော်ကောင်းများနှင့် တွေ့ရသည်။

ထို့ပြင် ကိုးစနေ၏ စုရုံးထက်မြက်သော အာနိသင်နှင့် နေ့နက္ခတ်၊ စင်ကြယ်သောယှဉ်၊ စနေနေ့၏ စက်အခါဖြစ်သော နေထွက်ချိန်, နေဝင်ချိန်၊ စနေနေ့၏ လာဘ်ပွင့်စေသောအရောင် စသည်ဖြင့် အားလုံးပေါင်းစပ်လိုက်သောအခါ မူလအကျိုးထက် အဆပေါင်းများစွာ ခံစား စံစားရပေလိမ့်မည်။ (၁၈-၅-၂၀၁၃) စနေနေ့နှင့် (၂၈-၉-၂၀၁၃)စနေနေ့များသည် ရိက္ခာဝတီထိနှင့် ကြုံနေ၍ ဆေးဖော်၊ ဆေးကုလျှင် ဆေးစွမ်းထက်မြက်၊ သမားဂုဏ်မြင့်၊ ဆေးလိုက်ပါသည်။)

ဤဆောင်းပါးဖြင့် ကျိုက္ကမီမြို့နယ်၊ ကဒက်ထောက်ကျေးရွာမှ ဝါးကျောင်းဆရာတော်အား ပူဇော်လိုက်ရပါသည်။

ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ

* * *

စင်စင်ဝင်း(ဓမ္မာရဝတီ)


အိမ်ထောင်ရေးသောက

ကြုံနေရသူများအတွက်

- မိမိတို့အိမ်ထောင်ရေး ထိခိုက်နစ်နာပျက်ပြားအောင် အနှောင့်အယှက်ပေးနေသူရဲ့ ရန်မှ အမြန်ဆုံးကင်းရှင်းလွတ်မြောက်၊ စိတ်ချမ်းသာချင်ပါသလား • • •။
- အကြောင်းအမျိုးမျိုးကြောင့် ကွာရှင်းပြတ်စဲထားတဲ့သူနဲ့ အမြန်ဆုံး ပြန်ပေါင်းချင်ပါသလား • • •။
- ဆက်ပြီးမပေါင်းသင်းချင်တော့သူနဲ့ တရားဝင်ကွာရှင်းခွင့် အမြန်ဆုံး ရရှိချင်သလား • • •။
- နေ့စဉ်လိုလို ရန်ဖြစ်စကားများနေရတဲ့ကိစ္စ၊ အမြန်ဆုံး အဆင်ပြေသာယာပျော်ရွှင်လိုပါသလား • • •။

(နည်းလမ်းကောင်းတွေရှိပါတယ်)

ဆရာကြီးဦးအောင်မြိုင်(ဥပဒေဘွဲ့)(လက္ခဏာဗေဒင်ပညာသုတေသီ)

(နေ့စဉ်နံနက်(၇)နာရီမှ ညနေ(၄)နာရီအထိဖွင့်သည်)

အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

☎ - ၀၁-၅၈၆၇၀၄၊ 📱 - ၀၉-၅၀-၆၂၈၄၃၊ ၀၉-၅၁-၇၇၆၂၂။

ယုံကြည်အားကိုးမှုသာ လာခဲ့ပါ




www.burmeseclassic.com

www.burmeseclassic.com



# ပါရမီဖြည့်ဖက်မည့် သုမိတ္တာ.....

### အောင်မြင့်မြတ်

(မြည်းရွာကို)

ဘုရားမြတ် ဒီပင်္ကရာ၏ ဗျာဒိတ်ချွေးသံကြောင့် ပရိသတ်အလုံးစုံသည် ရသေ့ထူးကလေးအား ကြည်နူးနှစ်ခြိုက် ဦးခိုက်နေကြတယ်။

ရသေ့ငယ်နှင့် ကျင်လည်ရာ ဘုံဘဝတွင် ပါရမီဖြည့်ဖက်ဖြစ်မည့်သူဟူသော ဗျာဒိတ်ကား သည်သုမိတ္တာဒေဝီ၏ နားမှ ပျံလွင့်၍ မထွက်နိုင်ရှိနေတယ်။

(၁)

မြဟ္မဝီဟာ စံအိမ်တော်ကြီးသည် တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေသည်။ စံအိမ်တော်ကြီး ရှင်သခင်နှစ်ပါးရှိစဉ်ကမှ အတော်အသင့် ဆူညံ စည်ပင်မြဖြစ်သည်။ လက်ရှိသခင်ကလေး သုမေဓကုမာရ လက်ထက်တွင်မူ မြဟ္မဝီဟာသည် တည်ငြိမ်သော ဣန္ဒြေဖြင့် တိတ်ဆိတ်ခန့်ညားစွာ



www.burmeseclassic.com

www.burmeseclassic.com

ရပ်တည်နေသည်။

စံအိမ်တော်ရှိ အမှုထမ်းအားလုံးသည်လည်း သခင့်စိတ်ကြိုက် လိုက်၍ နေကြရပုံရှိသည်။ သူတို့၏ သခင်ကလေးကား ငယ်စဉ်ကပင် ပညာဆည်းပူးမှုဖြင့် အချိန်ကုန်စေသူဖြစ်သည်။ ဗြဟ္မဏတို့၏ ဝေဒကျမ်းများသာမက၊ ဒဿနဆိုင်ရာ လေ့လာမှုများကို ဝါသနာထုံသူဖြစ်သည်။

ဘဏ္ဍာစိုးကြီး ဓနပါလသည် တိတ်ဆိတ် ငြိမ်သက်လွန်းသော ဆောင်ကူး စင်္ကြံမှ ဖြတ်ကာ သခင်လေးရှိရာ စာကြည့်ဆောင်အတွင်းသို့ ဝင်လိုက်သည်။ သူ၏ လက်ထဲ၌ အရေးကြီးသည့် ပစ္စည်းထည့်သော သေတ္တာလေး ပါလာသည်။ ဘဏ္ဍာစိုးကြီး ဓနပါလသည် သုမေကုမာရအနီးသို့ ကပ်လျက် တစ်စုံတစ်ခုကို တီးတိုးပြောဆိုလိုက်သည်။

"ကောင်းပါပြီ ဦးကြီးတော် ဓနပါလ၊ ဝတ္ထုရားအတိုင်း ကျွန်ုပ်လိုက်ခဲ့ပါ့မယ်"

ဘဏ္ဍာစိုးကြီးသည် သူ၏ သခင်လေး ကြွလှမ်းရာသို့ နောက်ပါးမှ ကပ်၍ လိုက်ပါလာခဲ့သည်။ မကြာမီပင် နှစ်ဦးစလုံး ဗြဟ္မဝိဟာ၏ ရတနာတိုက်ခန်းရှေ့သို့ ရောက်ရှိသွား၏။ ဘဏ္ဍာစိုးကြီးသည် အသင့်ယူဆောင်လာသော သော့တံများဖြင့် ရတနာတိုက်ခန်းဆောင် တံခါးအထပ်ထပ်ကို ဖွင့်စေသည်။ နှစ်ဦးသား ရတနာတိုက်ခန်းအတွင်းသို့ ရောက်ရှိသွားသည်။

ဘဏ္ဍာစိုးကြီးသည် သူ၏ လက်ထဲရှိ စန္ဒကူး သေတ္တာငယ်ကို ဖွင့်လှပ်လိုက်၏။ ရွှေပုရပိုက်တို့ကို တစ်ချပ်ချင်း ထုတ်ယူကာ ဖတ်ကြားပြသည်။ ဖခင်ဘက်မှ ပါရင်း ဘဏ္ဍာ၊ မိခင်ဘက်မှ ရရှိသည့် ရတနာ၊ လက်ထက်ပွား နှစ်ပါးစုံ ဥစ္စာရတနာတို့အား တိုက်ခန်းတစ်ခုလုံး ပြည့်လျှံနေသည်။ ဘဏ္ဍာစိုးကြီးသည် သုမေကုမာရ၏ ဘိုးဘွားပိုင် ပစ္စည်းဥစ္စာ ဘဏ္ဍာစာရင်းကို ဖတ်ကြား၍ အရှိန်ရနေဆဲတွင် ရုတ်တရက် ဟန့်တားမှု ခံလိုက်ရသည်။

"ဦးကြီးတော် ဓနပါလ···တော်လောက်ပါပြီ"

"ဗြဟ္မဏ မဟာသာလ ဆိုတဲ့ မျိုးနွယ်သညာကပဲ ကျွန်ုပ်ပိုင် ဘဏ္ဍာရဲ့ ပမာဏကို ဖော်ညွှန်းပြီးပါပြီ"

"မှန်ပါပေတယ်။ ကျွန်ုပ်ရဲ့ ဝတ္ထုရားကို ကျေပွန်စွာ ထမ်းဆောင်ခြင်းလို့သာ မှတ်ယူပါ သခင်လေး။ သခင့် သဘောအတိုင်းသာ ကြည့်ရှု စီမံပါလော့"

ဘဏ္ဍာစိုးကြီး ဓနပါလက သုမေကုမာရအား လွှဲအပ်မှု ပြုလိုက်သည်။ သုမေကုမာရသည် သစ္စာရှိသော ဘဏ္ဍာစိုးကြီးအား ကရုဏာသက်စွာ ကြည့်လိုက်သည်။

"ဒီအရေးက အဓိက မဟုတ်ပါ ဦးကြီးတော်"

ပစ္စည်းဥစ္စာ၊ ရတနာ ဘဏ္ဍာတို့အား အဓိက မထားသော သူ၏ သခင်ကလေးသည် ဘယ်အရာကို အဓိကထားပါသလဲ။ ဘဏ္ဍာစိုးကြီးက တွေးတောရင်း စကားတောက်လိုက်သည်။

"အမိန့်ရှိပါ သခင်"

သုမေကုမာရက စကားမဆက်မီ သက်ပြင်းရှည် တစ်ချက်မှုတ်ထုတ်လိုက်သည်။

"ဘိုးဘွားမိဘတွေက ပစ္စည်းဥစ္စာ ရတနာ စုဆောင်းသိမ်းထားကြလျက် အသပြာတစ်ပြားတစ်ချပ်မှ တစ်ပါတည်း ပါအောင် ယူဆောင်မသွားနိုင်ကြပါကလား"

"လောကဓမ္မပါ သခင်"

သုမေကုမာရက ထိုစကားလုံးကို အကြိမ်ကြိမ်အခါခါ ထပ်ဆင့်ရေရွတ်လိုက်သည်။

"လောကဓမ္မ···လောကဓမ္မ···"

"ကျွန်ုပ်လက်ထဲမှာတော့ ဒီဥစ္စာရတနာတွေကို ကျွန်ုပ်နောက် တစ်ပါတည်းပါအောင် ယူဆောင်သွားနိုင်မယ့် နည်းလမ်းရှာဖွေရမှာပဲ"

ဘဏ္ဍာစိုးကြီး ဓနပါလသည် ပြူးကျယ်သော မျက်လုံးအစုံဖြင့် သူ၏ သခင်လေးအား ကြည့်ရှုလိုက်သည်။

ဥစ္စာဟူသည် ဖြားယောင်းတတ်သော သဘောသတ္တိရှိ၏။ သခင်ကလေး သုမေသည် ဥစ္စာဖြားယောင်းမှုကို ခံရပြီလော။

သခင်လေး၏ မျက်လုံးအစုံကမူ ပကတိ ငြိမ်သက်လျက်ရှိသေးသည်။ မတည်ငြိမ်သော မျက်လုံးတို့သည် သမာဓိအားနည်းမှု၊ ဖောက်လွဲဖောက်ပြန်မှုကို ဖော်ပြသည် မဟုတ်ပါလော။

ဘဏ္ဍာစိုးကြီး ဓနပါလသည် သခင်ကလေး သုမေကုမာရအား စိတ်ချယုံကြည်စွာဖြင့် မိမိမျက်လုံးအစုံကို သခင်ကလေးထံမှ လွှဲလိုက်သည်။

လောကဓမ္မကို အဘယ်သူသည် ဖောက်ဖျက်နိုင်ပါမလဲ။

## (၂)

ဒီကနေ့ သခင်ကလေး သုမေကုမာရ ရွှေနန်းတော် မင်းကြီးထံမှောက်သို့ သွားရောက်သည်ဟူသော သတင်းသည် ဗြဟ္မဝိဟာ စံအိမ်တော်အတွင်းဝယ် ပျံ့နှံ့နေ၏။ သူတို့၏ သခင်လေး ပြန်လာလျှင် သတင်းထူးပါလိမ့်မည်ဟုလည်း မျှော်လင့်နေကြသည်။ သခင်ကလေးသည် ဘုရင့်ထံ သွား၍

www.burmeseclassic.com

www.burmeseclassic.com

သူဌေးဘွဲ့ တောင်းခံရန် သွားခြင်းလည်း ဖြစ်နိုင်ဖွယ်ရှိသည်ဟု ပြောဆိုနေကြသည်။

တိတ်ဆိတ် ငြိမ်ချမ်းလွန်းသော သခင်ကလေး၏ အားမလိုအားမရရှိကြသော အိမ်အမှုလုပ်တို့သည် သခင်ကလေး ယခုကဲ့သို့ ဘုရင့်ထံ သွားသွားလာလာရှိသည်ကို ဝမ်းမြောက်နေကြ၏။ များမကြာမီပင် ရှင်ဘုရင်ထံ အဖူးမြော်ဝင်ခဲ့သော သုမေကော့မာရသည် ဖြပမ္ဗဝိဟာရ စံအိမ်တော်သို့ ပြန်ရောက်လာသည်။

ထူးခြားမည့် ထူးခြားတော့လည်း အမရဝတီမြို့တော် တစ်ခုလုံးအနှံ့ ဝန်ကြီးများက စည်လည်မောင်းခတ် ကြေညာနေသည်။

"တိုင်းသူပြည်သား လူအများတို့···သုမေကော့မာရ သူဌေးသားသည် သူပိုင် ရတနာ ဘဏ္ဍာတို့ကို ဘုရင်မင်းကြီး၏ သဘောတူ ခွင့်ပြုတော်မူချက်အရ ယနေ့မှစ၍ အယုတ်အလတ် အမြတ်မရွေး အလှူခံ ပုဂ္ဂိုလ်တို့အား အလွယ်တကူ ပေးလှူစွန့်ကြဲတော့မည် ဖြစ်ပါသောကြောင့် ကြွရောက် အလှူခံနိုင်ကြောင်း ကြေညာမောင်းခတ်လိုက်သည်၊ အမိန့်တော်···ဒူ···ဒူ···ဒူ"

ဘဏ္ဍာစိုးကြီး အမှူးပြုသော စံအိမ်တော်ဝန်ထမ်းအားလုံးအား ခေါ်ယူလိုက်သည်။ အမှုလုပ် ဝန်ထမ်းအားလုံးသည် သူတို့သခင်ကလေး၏ မိန့်ဟ ပြောဆိုချက်ကို မြတ်နိုးခြင်း၊ အံ့သြခြင်း၊ ဝမ်းနည်းခြင်းတို့ဖြင့် နာခံနေကြလျက် ရှိ၏။

"သင်တို့အား ယနေ့မှစ၍ စံအိမ်တော်မှ လွတ်ငြိမ်းချမ်းသာခွင့်၊ ရတနာတိုက်ခန်းမှ လိုရာယူခွင့်ပြုလိုက်သည်"

ဖြပမ္ဗဝိဟာရ၏ ဝန်ထမ်းအားလုံး တုန်လှုပ်ချောက်ချားလျက် ရှိနေကြသည်။

"ဦးကြီးတော် ခနပါလာ···ရတနာတိုက်ခန်းကို အသင့်ဖွင့်ထားဖို့ အချိန်တန်ပြီ"

သုမေကော့မာရသည် အံ့သြစိတ်ဖြင့် ငြိမ်သက်နေသော ဘဏ္ဍာစိုးကြီးအား သတိပေးလိုက်သည်။ စွန့်လွှတ်သောအခါ ပိုင်ဆိုင်မှုသည် ပိုမိုထင်ရှားလာလေသလော။ သုမေကော့မာရအဖို့၌မူ စွန့်လွှတ်လိုက်သည့်အခါ ပိုင်ဆိုင်မှုသည် မြတ်နိုးဖွယ်အတိဖြစ်လာသည်။

စံအိမ်တော်အပေါ်ထပ်သို့ တက်ရောက်ကာ တစ်ဦးတည်း တိတ်ဆိတ်စွာ ငြိမ်းချမ်းမှု၊ အေးချမ်းမှုကို ခေါ်ယူလိုက်သည်။ မွေးဖွားခြင်း၊ ကြီးရင့်အိုမင်းခြင်း၊ အနာရောဂါနှိပ်စက်ခြင်းတို့သည် တစ်နေ့မဟုတ် တစ်နေ့ ရောက်လာချေတော့မည်။ ဆန့်ကျင် ပေါင်းစပ်မှုဖြင့် လူ့သားဘဝကို ရရှိခဲ့ပါလျှင်၊ အပူအအေး သဘာဝလောကကို ဖန်တီးပေးပါလျှင်၊ ရာဂ ဒေါသ မောဟ လောင်မြိုက်ခြင်း မီးသုံးပါး အထင်အရှားရှိခဲ့ပါလျှင်···။

သုမေကော့မာရသည် သူ၏ တွေးဆ ဆင်ခြင်မှုအားလုံးကို နိဂုံးချုပ်လိုက်သည်။ မီးတို့ ငြိမ်းရာ နိဗ္ဗာန်သည်လည်း ကေန်အမှန်ရှိမည်ပင်။ ဖြပမ္ဗဝိဟာ စံအိမ်တော်တစ်ခုလုံး ပွင့်ထွက်လုမတတ် မြည်ဟည်း ဆူညံနေသည်။ ပစ္စည်းဥစ္စာ ရတနာ အယူလာကြသူများကား စည်ကား ဆူညံလှပေစွ။ စွန့်လွှတ်လိုက်သည့် သုမေကော့မာရ၏ နှလုံးစိတ်အိမ်ကမူ တိုး၍တိုး၍ ငြိမ်းချမ်းလာသည်။

အညစ်အကြေးပေနေသူသည် ဆေးကြောသုတ်သင်ရန် ရေသန့် အဆင်သင့်ရှိပါလျက် မသုတ်သင်ပါမူ···။

သုမေကော့မာရသည် နောက်ဆုံးအဖြစ် မိမိပိုင် စံအိမ်ကြီးအား ယူချင်တဲ့သူ ယူတော့ဟု စွန့်လွှတ်ကျောခိုင်း ထွက်ခွာလာခဲ့သည်။ အလှူဒါနပြု၍ရသော ကောင်းမှုကုသိုလ်က မိမိနောက် ထာဝရလိုက်ပါနိုင်ကြောင်း သုမေလက်တွေ့ပြခဲ့ခြင်းဖြစ်သည်။

စံအိမ်တော်သား အမှုလုပ်အားလုံးသည် ကြေကွဲသော နှလုံးဖြင့် သူတို့၏ သခင်သွားရာလမ်းကို မျက်စိတစ်ဆုံး မျှော်ကြည့်ရင်း ကျန်ရစ်ခဲ့ကြရသည်။ စွန့်လွှတ်ရက်ပါပေ့ အရှင်သခင်ရယ်၊ ကျေးဇူးရှင်အပေါ် ဝမ်းနည်းပက်လက်ဖြစ်ကြရရှာသည်။

ဖြပမ္ဗဝိဟာ၏ အစဉ်အလာအားလုံးသည် ပျက်ပြုန်းခဲ့လေပြီတကား။ ဟိမဝန္တာတောင်ခြေသို့ ရှေးရှုသွားနေချေပြီတကား။

(၃)

သူရိယ နေမင်းကြီးသည် ဓမ္မကတောင်ထိပ်မှ တဖြည်းဖြည်းလျှောဆင်းသွား၏။ နေရောင်ခြည်သည် တဖြည်းဖြည်း မှေးမှိန်ပျော့သွားသည်။ ရသေ့ငယ်သည် တောရကျောင်းသခ်မ်းနှင့် မနီးမဝေး စင်္ကြံလမ်းတစ်လျှောက် လှမ်းလျှောက်ရင်း သူ၏ အသွင်အပြင်ကို ဆင်ခြင်နေမိသည်။

တစ်ဆယ့်နှစ်ပါးသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသည့် လျော်သေကန်း၊ ဆိတ်ငြိမ်သော သဘာဝ ပတ်ဝန်းကျင်၊ ချမ်းမြေ့တည်ငြိမ်သော နှလုံးစိတ်အိတ်၊ ခံစားမိရသမျှမှာ ကြည်နူးနှစ်ခြိုက်ဖွယ်ရာ စံအိမ်တော်သားတို့၏ မြတ်နိုးစွာ ခေါ်ဝေါ်ကြသည့် သခင်ကလေး သုမေကော့မာရဟူသော အသံတို့သည် ယခုအခါ ဆိတ်သုဉ်းခဲ့လေပြီ။ ငယ်ရွယ်သော



www.burmeseclassic.com

www.burmeseclassic.com

ပြဟ္မဏမဟာသာလ အနွယ်တော်တစ်ဦး၏ အဆင်းသဏ္ဍာန် အလွန်ဝေးကွာသည့် ပြဟ္မဝိဟာ စံအိမ်၌ ကျန်ရစ်ခဲ့ပြီဖြစ်သည်။

စိတ်အေးချမ်းသာမှုသည် ရုပ်ပိုင်းဆိုင်ရာ ချမ်းသာမှုမှန်သမျှ လွှမ်းမိုးခဲ့လေပြီ။ စကြံလျှောက်ရင်းပင် ရသေ့ရဟန်းဘဝ၏ မြင့်မြတ်စင်ကြယ်မှုကို ဆင်ခြင်မိသည့်အခိုက် ရသေ့ငယ် ဝမ်းမြောက်မှုပီတိသည် အထွတ်အထိပ်သို့ ရောက်ရှိလေတော့သည်။

နေဝင်သွားပြီဖြစ်၍ တစ်စထက်တစ်စ မှောင်လာသည်။ ညချမ်းသို့ ရောက်လာပြီဖြစ်သည်။ ရသေ့ငယ်သည် အအေးဒဏ်မှ ကာကွယ်ရန် ကျောင်းသခ်မ်းအတွင်းသို့ ဝင်ရောက် အိပ်စက်ရပြန်သည်။

စည်းစိမ်ဟူသမျှ ပစ်ပယ်လျက် အမရဝတီမှ ထွက်ခွာလာခဲ့သည့်အကြောင်းကို ဆင်ခြင်ပြီး ကိလေသာစိတ်၏ ထိုးနှက်မှုဒဏ်မှ ကင်းလွတ်ရန် အားထုတ်တော့အံ့ဟု စိတ်ကို ဆုံးမပြီးလျှင် မြတ်သော ကမ္မဋ္ဌာန်းတရား၌ အားထုတ်လျက်နေလေသည်။

ရှာနီးချုပ်စပ်ပေါ်မှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့သည် ထူးမြတ်သော အရောင်အဆင်းပိုင်ရှင် ရသေ့ငယ်အား ဝမ်းမြောက်ဝမ်းသာ မြိန်ယှက်ကောင်းမွန်သော ဆွမ်းဘောဇဉ်အာဟာရတို့ကို သဒ္ဓါကြည်ဖြူ လောင်းလှူကြသည်။ ဆွမ်းခံရာမှ ပြန်လာသော ရသေ့ငယ်သည် ဆွမ်းစားပြီးနောက် အာဟာရနှင့် ပတ်သက်၍ ဆင်ခြင် စဉ်းစားပြန်သည်။

"ငါသည် အာဟာရ ငတ်မွတ်၍ ရသေ့ရဟန်းပြုခြင်း မဟုတ်၊ မွန်မြတ်သော စားဖွယ်တို့မည်သည် မာန်ယစ်ခြင်းကို ဖြစ်ပွားစေတတ်၏။ ယနေ့မှစ၍ ဒါယကာ၊ ဒါယိကာမတို့ စိုက်ပျိုးအပ်သော စပါး၊ ပဲ၊ ပြောင်းဆန်တို့မှ ဖြစ်သည့် အာဟာရ စားဖွယ်တို့ကို မသုံးဆောင်တော့ပြီ။ အလိုအလျောက် တောဌ ပေါက်သော သစ်သီးသစ်ဥတို့ဖြင့်သာ ရောင့်ရဲတင်းတိမ်၍ အားခဲကာ ကမ္မဋ္ဌာန်းကို ကြိုးစားကာ စီးဖြန်းပေးတော့အံ့"

ရသေ့ငယ်သည် သူ၏ စိတ်ကို ဆုံးမလိုက်ပြီးနောက် သစ်သီးသစ်ဥတို့ကိုသာ စားသုံး၍ ကမ္မဋ္ဌာန်းကို အားထုတ်လေတော့သည်။ အားထုတ်ရက် ခုနစ်ရက်ခန့် ကြာသွားသည်။ ရသေ့ငယ်၏ အသိဉာဏ်နှင့် အမြင်သည် လူသားတစ်ဦးအနေထက် ပို၍ထက်မြက်လာ၏။ အကြားအာရုံလည်း နတ်၏ နားကဲ့သို့ပင် ဖြစ်လာသည်။ သူတစ်ပါးတို့၏ စိတ်အလို အကြံအစည်ကို သိမြင်လာရုံမျှမက ရှေးရှေးဘဝခန္ဓာစဉ်ကိုပါ ပြန်ပြောင်း သိမြင်လာခဲ့ပြီဖြစ်သည်။

အလိုရှိပါက အထူးထူးအထွေထွေ ဖန်ဆင်းပြနိုင်သော စွမ်းအင်ကိုလည်း ရခဲ့ပြီ။ ရသေ့ငယ်သည် လောကီဈာန်အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါးတို့ကို ရရှိခဲ့ပြီဖြစ်သည်။

"အပေါ့သုခံ၊ သြော်…ချမ်းသာပေစွ၊ ကောင်းပေစွ"

ရသေ့ငယ်သည် မိမိရှိထားသော စွမ်းရည်မြတ်တို့အား နှစ်ခြိုက်စွာ ထိန်းသိမ်းကာ ဈာန်ချမ်းသာဖြင့် အချိန်ကို အသုံးချကာ ကုန်လွန်စေတော့သည်။

(၄)

ရမ္မာဝတီမြို့တော်သို့ ဒီပင်္ကရာ ကြွချီတော်မူလာပြီဖြစ်သည်။

"ဗုဒ္ဓ…ဗုဒ္ဓ"ဟူသော အသံတို့သည် ရမ္မာဝတီမြို့လုံးအနှံ့ ပျံ့နှံ့လျက်ရှိနေသည်။ သုဒဿန မဟာဝိဟာရကျောင်းတော်ကြီး၌ ဘုန်းတော်အနန္တနှင့် ပြည့်စုံတော်မူသော ဒီပင်္ကရာဗုဒ္ဓမြတ်စွာသည် ရဟန္တာလေးသိန်း ခြံရံလျက် သီတင်းသုံးနေတော်မူသည်။

သုဒဿန မဟာဝိဟာရကျောင်းသို့ သွားရာလမ်းသည် စည်ကားလွန်းပေစွ။ ပျားရည်၊ ထောပတ်၊ သကာ၊ ဆွမ်းဘောဇဉ်အရသာတို့ကို ယူဆောင်ကာ ပန်းနံ့သာတို့ကို လက်ဝယ် ကိုင်စွဲလျက် ဘုရားရှင်မျက်မှောက်သို့ သွားရောက်ဒါနပြုကာ တရားနာယူကြကုန်သော မြို့သူမြို့သားတို့မှာ သွားလာမစဲ တဖွဲဖွဲရှိချေသည်။

ရှင်တော်မြတ်ဘုရား ဒေသစာရီ ကြွချီတော်မူမည်ဖြစ်၍ မြို့သူမြို့သားတို့ ဝမ်းပန်းတသာ လုပ်အားပေးလျက် ရှိကြ၏။ မြို့တွင်းမြို့ပြင် လမ်းဟူသမျှသည် တွင်း၊ ကျင်းမရှိ၊ ပကတိ ပြန့်ပြူးအောင် ဖို့ထားကြသည်။

ရာဇမတ်ကာထားသည့် လမ်းတစ်လျှောက်တွင် တံခွန်ကုက္ကား၊ မုလေးပွား၊ ကြက်လျှာ၊ အလံတို့သည် လေအဝှေ့တွင် ဘယ်ညာယိမ်းနွဲ့လျက် ဘုရားသခင်ကြွလာမည်ကို ကြိုဆိုလျက်ရှိကြ၏။ ဆန်၊ ပန်း၊ ပေါက်ပေါက်တို့ဖြင့် ကြဲဖြန့်ထားသော မြေပြင်သည်လည်း တင့်တယ်ဝွန်းလှသည်။ ပီတိလွှမ်းနေကြသော မြို့သူမြို့သားတို့၏ လှုပ်ရှားမှုမှန်သမျှသည် ရမ္မာဝတီမြို့တော်အား လုပ်အားအလှုဖြင့် တက်ညီလက်ညီ တန်ဆာဆင်နေကြသည်ပင်။

ယနေ့ ကျောင်းသခ်မ်းမှ ထွက်ခွာလာခဲ့ရသော ရသေ့ငယ်သည် ကောင်းကင်ခရီးမှ ရမ္မာဝတီမြို့ထက်သို့ ရောက်ရှိလာသည်။ ရသေ့ငယ်သည် မြင်တွေ့ရသော မြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ကောင်းကင်ထက်မှ ဆင်းသက်လိုက်သည်။ စေတနာ ပီတိဖြာဝေလျက်ရှိကြသော လုပ်အားရှင် မြို့သူမြို့သားတို့ အနီးအပါးသို့ ကပ်ကာ စုံစမ်းမှု ပြုလိုက်သည်။

"အဘယ်အချင်းအရာကြောင့် မြို့ကို ဤမျှ ပြုပြင်တန်ဆာဆင်နေကြပါသလဲ"

"မှန်လှပါ ဘုန်းတော်အနန္တရှင်၊ ဒီပင်္ကရာ ဗုဒ္ဓမြတ်စွာ ကြွချီလာတော်မူမည်ကြောင့် ဖြစ်ပါသည်အရှင်"

ဗုဒ္ဓဟူသော စကားသံကြောင့် ရသေ့ငယ်၏ စိတ်သည် မကြုံစဘူး ထူးကဲ ရွှန်လန်းသွားသည်။

အလို . . . ငါသည် အခါကောင်းကြုံလေသည်။ လောက၌ ဗုဒ္ဓဟူသော အသံကိုပင် ကြားနိုင်ရန် ခဲယဉ်းပေစွ။ ယခုကဲ့သို့ ကြုံကြိုက်ဖို့ရန်ကား ပြောဖွယ်ရာ မရှိပြီ။ ရသေ့ငယ်သည် ကြုံတောင့်ကြုံခဲ ဘုရားကြွလာသည့်ပွဲတွင် အားခဲ၍ ကုသိုလ်ယူရန် ဆုံးဖြတ်လိုက်သည်။

"ဒါယကာတို့··ငါလည်း အများနည်းတူ ကူညီပြုပြင်တန်ဆာဆင်ပါအံ့။ လုပ်ကွက်မြေနေရာ လမ်းတာတစ်ခုပေးပါ"

ရသေ့ငယ်၏ စကားအဆုံးတွင် လူအုပ်အတွင်းမှ တီးတိုးသံများ ပေါ်ထွက်လာသည်။

"ဒီရသေ့က ဧရာန်ရသေ့ပဲ။ ရွှံ့ရေများတဲ့ နေရာပေးလိုက်ပါလား"

မြို့သူမြို့သားတို့သည် ရသေ့ငယ်အား သူတို့လုပ်၍ ပြီးစီးနိုင်မည်မထင်သော ရွှံ့ရေများရာ လမ်းတာအား ခွဲဝေသတ်မှတ်ပေးလိုက်သည်။

"သည်လမ်းတာကို ငါ၏ တန်ခိုးဖြင့် ပြုပြင်တန်ဆာဆင်ရလျှင် မကြာမီ ပြီးမှာပဲ။ ဒါပေမယ့် ကိုယ်တိုင်ကိုယ်ကျ



လုပ်အားပေး ပြုပြင်မှုကိုပဲ အလိုရှိတယ်။ ဒါမှပဲ ငါ့စိတ်နှလုံး ကျေနပ်နှစ်သိမ့်နိုင်တယ်။ အနန္တဝိန···ဩော်···မြတ်ဗုဒ္ဓ"

ရသေ့ငယ်သည် ဘုရားရှင်အား အာရုံပြုကာ မြေစိုင်မြေခဲတို့အား ပေါက်ယူ သယ်ပိုးလျက် နိမ့်ခွက်သော ချိုင့်ဝှမ်းရာတို့ကို စိတ်အားထည့်ကာ ဖို့နေ၏။

"အလို··ဘယ်လိုသဘောပါလိမ့်။ ဧရာန်ရ တန်ခိုးရှင်ရသေ့က ကိုယ်တိုင်လုပ်အားနဲ့ ပြုပြင်နေပါလား"

ရသေ့ငယ်သည် ပတ်ဝန်းကျင်စကားကို အာရုံမထားဘဲ ဝမ်းမြောက်သော ပီတိဖြင့် မြတ်စွာဘုရား ကြွချီလာမည့် လမ်းအား ကြိုးစားပမ်းစား ခွန်အားစိုက်ကာ ပြုပြင်နေသည်။

"သုဒေဿန မဟာဝိဟာရကျောင်းတော်မှ မြတ်စွာဘုရား ကြွချီတော်မူလာပါပြီ"ဟူသော အသံသည် ရသေ့ငယ်၏ လှမ်းမြင်ရာနေရာသို့ ပျံ့လွင့်လာသည်။ ရသေ့ငယ်လည်း ဆထက်ထမ်းပိုး ကြိုးစားကာ မြေစိုင်တို့ကို သယ်ယူပြီး ညွှန်းပျောင်းရှိရာသို့ ဖို့ချပြန်သည်။ တာဝန်ကျသော လမ်းတာအစိတ်အပိုင်းသည် ပြီးစီးရန် အတော်အတန်ကျန်ရှိနေပေသေး၏။ ပြီးနိုင်သမျှ ပြီးစီးရန်သာ အားသွန်ကြိုးပမ်းနေမိသည်။

ထိုအခိုက် လမ်းပြင်သူများ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ရသေ့ငယ်သည် ဘုရားသခင်ကြွရာ လမ်းဆီသို့ မျှော်ကြည့်လိုက်မိ၏။ လပြည့်ဝန်းကြီး တင့်ရှန်းစွာ ပေါ်ထွက်လာသည်ဟုပင် ထင်လိုက်မိသည်။ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာဖြင့် မျက်လွှာတော်ချကာ ကြွချီလာသော ရှင်တော် မြတ်ဗုဒ္ဓ၏ အသရေတော်ကား ဖူးမြော်၍ မရောင့်ရဲနိုင်။

ဘုရားရှင်အား ဖူးတွေ့လိုက်ရသည့် ပီတိစိတ်သည် ရသေ့ငယ်၏ ခန္ဓာကိုယ်အနှံ့ ပျံ့၍သွား၏။ ဤမျှ သဒ္ဓါကြည်နူးသောစိတ်မျိုး ယခင်က ဖြစ်ပေါ်ဖူးမည်မထင်။

"ဘုရားရှင်နှင့်တကွ နောက်ပါ တပည့်သား သံဃာတော်တို့ ရွှံ့ညွန်ပေါ်ကို မနင်းလျှောက်လေရအောင် ငါ့အသက်ကိုပင် စွန့်ပေတော့မယ်"

ရသေ့ငယ်သည် မပြီးပြတ်သေးသော လမ်းတာညွန့်ပြင်ထက်သို့ သူ၏ကိုယ်ကို အလျားမှောက်လိုက်၏။ မြတ်စွာဘုရားကြွလှမ်းရာတွင် တံတားအသွင်ဖြင့် ပူဇော်လိုက်လေတော့သည်။ ရသေ့ငယ်၏ စိတ်အတွင်းကမူ "တစ်နေ့သော အခါ ငါသည်လည်း ဒီပင်္ကရာ ထွက်ချာမုန်ကင်း တရားမင်းကဲ့သို့ ထင်လင်းမသွေ သဗ္ဗညုဘုရား ဧကန်စင်စစ်ဖြစ်ပါစေသား"



www.burmeseclassic.com

www.burmeseclassic.com

## (၅)

မဟာပုဏ္ဏသူကြွယ်သည် ပြဟ္မဏမဟာသာလဖြစ်၍ ထင်ရှားသည်ထက် ရုပ်၊ အဆင်း၊ အင်္ဂါ တင့်တယ်သော သမီးရှင်အဖြစ် ပိုမိုလူသိများလှ၏။ သမီးဖြစ်သူ ဒေဝီမိတ္တာသည် ခန္ဓာကိုယ်အချိုးအဆစ် အလွန်တရာ ပြေပြစ်လှပသည်။ အသားအရေဝင်းပ တင့်ရွှန်းလှသည်။ ရွှေအနုစ်ကို ထုလုပ်ထားသည့်နှယ် ထင်မှတ်လောက်ဖွယ်ရှိသည်။

အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံရုံသာမက၊ အနေအထိုင် ဝိရိမှုကြောင့် ပို၍ပင် တန်ဖိုးထားကြသည်။ အိမ်အပြင်သို့ ထွက်၍ ခရီးအသွားအလာနည်းပါးလှသောကြောင့် ဒေဝီမိတ္တာကို မြင်ဖူးသူ ရှားပါးလှသည်။

မင်းနှင့်တကွ ပြည်သူပြည်သားတို့ ဘုရားရှင်အား ကြိုဆိုရန် သွားကြသည်ကို ဒေဝီမိတ္တာ မြင်နေ ကြားနေရသည်။ ဒေဝီမိတ္တာသည် သဗ္ဗညုတဘုရားရှင်အား ဖူးမြင်လိုစိတ်အပြည့်ဖြင့် ရမ္မာဝတီသို့သွားရန် ဆုံးဖြတ်ချက်ချလိုက်သည်။ ထို့နောက် ရံရွှေတော် ဂုဏာအား ခေါ်ယူလိုက်သည်။

"ဂုဏာ…ရထားပြင်စေလော့၊ ဒီပင်္ကရာဘုရားရှင်မြတ်အား ကြိုဆိုဖူးမြော်သွားကြစို့ရဲ့"

ဒေဝီမိတ္တာသည် ရံရွေ အပျိုတော်များနှင့် ရမ္မာဝတီသို့ ရထားစီး၍ ထွက်ခဲ့ကြသည်။ လှူဖွယ်ပစ္စည်းအဖြစ် ပဒုမ္မာကြာပန်း ရှစ်ခိုင်ကို ခူး၍ အမြတ်တနိုး ယူဆောင်လာခဲ့၏။ ဒေဝီမိတ္တာ စီးနင်းလိုက်ပါလာသော ရထားသည် လူအုပ်ကြီးအနီးတွင် ရပ်တန့်လိုက်၏။ သူတို့အားလုံး ရထားထက်မှ ဆင်းသက်လိုက်ကြသည်။ လူထုအတွင်းသို့ မည်သို့ထိုးဖောက် တိုးဝင်ရမည်ကို စဉ်းစား၍ မရနိုင်ဖြစ်နေသည်။

"အလို…ရထားထက်က ဆင်းသက်လာတာ မဟာပုဏ္ဏသူကြွယ်ရဲ့ သမီးပါလား"

"ဟုတ်ပါပေတယ်။ ဒေဝီမိတ္တာဆိုတာ သူမ,ပါပဲ။ ကြုံတောင့်ကြုံခဲ ဘုရားကြိုဆိုပွဲမို့ လာရတာတယ်ထင်ပါရဲ့"

မြင်ဖူး တွေ့ဖူးသူတို့၏ စကားသံသည် တစ်ဆင့်စကား ဘစ်ဆင့်ပွားကြသည်။ အလှအလိမ္မာ သတင်းဖြာသူအား ဘုရားဖူးလာသူ ပရိသတ်က စိတ်ဝင်တစား ကြည့်ရှုရင်းပင် သမ်းဖွင့်ပေးကြသည်၊ လမ်းတိမ်းပေးကြသည်။ သည်အတွက် ကြောင့်ပင် ဒေဝီမိတ္တာနှင့် အပျိုဖော်များသည် လူထုကြားမှ ကိုးဝင်ကာ ရှေ့ဆုံးသို့ ရောက်ရှိသွားကြသည်။

ဒေဝီမိတ္တာသည် ဒီပင်္ကရာဘုရားရှင်၏ ရှေ့တော်မှောက်တွင် ခန္ဓာကိုယ်အလျားစင်း၍ တံတားခင်းနေသူ ရသေ့ငယ်အား အမှတ်မထင် တွေ့မြင်လိုက်ရသည့်ခဏတွင်…

"သူ့ရုပ်၊ သူ့အဆင်းနဲ့ တံတားခင်းနိုင်တဲ့ စေတနာ အံ့ဩစရာကောင်းပါလား"

"တကယ်ပင် ကြည်ညိုဖွယ်ကောင်းတဲ့ ရသေ့ထူးကလေးပါပဲကလား"

"မြတ်ဘုရားရှင်သာမက ရဟန်းသံဃာ လေးသိန်းတို့ ဖြတ်ကျော်နင်းသွားကြပါလျှင်…"

ဒေဝီမိတ္တာ၏ မေတ္တာ၊ ကရုဏာ၊ စာနာစိတ်အတွေးအမြင်တို့သည် မြတ်ဗုဒ္ဓ၏ အသံတော်ကြောင့် အတွေးဆက်ပြတ်သွားလေသည်။

"ချစ်သား ရဟန်းတို့…သင်တို့သည် ညိုမှောင်စုရုံးဆံကျစ်ကို ထုံးပေသော၊ အဝတ်အစား မဝင့်ကြွားဘဲ ဖြိုးဖြိုးသောအကျင့်ရှိသည့် တံတားလျှောက်ရန်အလို့ငှာ အလျားမှောက်၍နေသည့် ဤရသေ့ကို ကြည့်ကြကုန်လော့"

"ဤရသေ့မြတ်သည် ဤသာရမဏ္ဍ ကမ္ဘာမှ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက် ဘဒ္ဒကမ္ဘာ၌ လောကသုံးပါး ထင်ရှားစွာ ဂေါတမမည်သား မြတ်ဘုရားစင်စစ်ကေန်ဖြစ်လိမ့်မည်တကား"

ဒီပင်္ကရာဘုရားရှင်၏ ဗျာဒိတ်တော်စကားကို နားနှင့်ဆတ်ဆတ် ကြားလိုက်ရသော ဒေဝီမိတ္တာသည် သူမလက်တွင်းမှ ကိုင်ဆောင်လာသော ပဒုမ္မာကြာပန်း ရှစ်ခိုင်ကို ထက်ဝက်ခွဲလိုက်၏။ ဒီပင်္ကရာမြတ်ဘုရားအား လေးခိုင်၊ ရသေ့ငယ်အား လေးခိုင်။

သို့စင်လျက် ရသေ့ငယ်ဘက်သို့ ကြာပန်းငါးခိုင်ခွဲပေးပြီး ဖြစ်နေသည်။ ဒေဝီမိတ္တာသည် သဒ္ဓါကြည်နူးစိတ်ဖြင့် တုန်လှုပ်နေသော လက်ချောင်းကို အားယူထိန်းကာ ထပ်မံ၍ အညီအမျှ ခွဲဝေပြန်သည်။

ဒီပင်္ကရာဘုရားရှင်ဘက်သို့ ပဒုမ္မာကြာပန်း သုံးခိုင်သာ ခွဲထွက်၍လာ၏။ အညီအမျှ ကြိုးစား၍ ခွဲဝေပါလျက် ကြံဖန်ကာ ဖြစ်လာသည်ကို စိတ်လျှော့လိုက်ကာ ဒီပင်္ကရာဘုရားရှင်အား ကြာပန်းသုံးခိုင် ကပ်လှူလိုက်သည်။ သည့်နောက် ရသေ့ငယ်အား ကြာပန်းငါးခိုင်ကို ကမ်းလင့် ပေးလှူလိုက်လေသည်။

"အိုး…ရသေ့မြတ်၊ ဤကြာပန်းငါးခိုင် လှူဒါန်းရသော ကုသိုလ်စေတနာကြောင့် ဘဝသံသရာတွင် သင်နဲ့ ငါ မကွာအစဉ် ဖြစ်ပါစေ။ ဗောဓိဉာဏ် ရင့်သန်စေကြောင်း ဆုမွန်ကောင်း တောင်းပါသည်"

ရသေ့ငယ်လည်း ဒေဝီမိတ္တာ၏ ဆုချွေသံအဆုံးတွင် ကြာပန်းငါးခိုင်ကို ရှင်တော်ဘုရားအား ဆက်ကပ်က



www.burmeseclassic.com

www.burmeseclassic.com

ပရိသတ်ထုကြီးသည် သူတို့၏ ရှေ့တွင် မြင်တွေ့နေရသော မြင်ကွင်းကို စိတ်ဝင်စားလွန်းသဖြင့် မျက်တောင်မခတ်နိုင်အား ရှိနေကြသည်။

"အို . . . ရသေ့မြတ်၊ ယခုအခါ သဗ္ဗါတရားပြောင်းလျက် ဆုတောင်းနေရှာသော သုမိတ္တာသည် သင် ဘုရားမဖြစ်မီ ကျင်လည်ရာဘဝ ဘုံလောကတို့တွင် သင်၏ အကျိုးကိုသာ မျှော်ကိုးရည်သန် အပင်ပန်းခံလျက် အမှန်ပင် ပါရမီတော်အခက်ပန်းကို တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်မည့်သူ ဖြစ်ပေတယ်"

ဘုရားမြတ် ဒီပင်္ကရာ၏ ဗျာဒိတ်ချွေသံကြောင့် ပရိသတ်အလုံးစုံသည် ရသေ့ထူးကလေးအား ကြည်နူးနှစ်ခြိုက် ဦးခိုက်ကြကုန်၏။ ရသေ့ငယ်နှင့် ကျင်လည်ရာဘုံဘဝတွင် ပါရမီဖြည့်ဘက်ဖြစ်မည့်သူဟူသော ဗျာဒိတ်စကားသည် ဒေဝီမိတ္တာ၏ နားစည်မှာ ပျံ့လွင့်၍ မထွက်နိုင်အောင် ရှိနေသည်။

ဘုရားမြတ် ဒီပင်္ကရာသည် ရဟန်းသံဃာ လေးသိန်း ခြံရံလျက် ကြွချီသွားခဲ့လေပြီ။

ဘုရားဖူး ပရိသတ်ကြီးသည်လည်း လိုရာသို့ ပြန်သွားကြလေကုန်၏။ လူထုကြီးသည် တစ်စတစ်စ ပါး၍ ပျောက်ကွယ်သွားကြလေပြီ။

ဗျာဒိတ်ရှင် သုမေဓ ရသေ့ငယ်ကား အတွယ်အတာမရှိ၊ သူ၏ ကျောင်းသင်္ခမ်းဆီသို့ ဦးတည်ထွက်သွားလေတော့၏။ ဒေဝီမိတ္တာကမူ တစ်စထက်တစ်စ ဝေးကွာသွားသော ရသေ့ငယ်၏ နောက်ကျောပြင်ကို ရှုကြည့်မဆုံး ငေးမောရင်း ကျန်ရစ်ရှာသည်။

ရသေ့ငယ်သည် ဒေဝီမိတ္တာ၏ မြင်ကွင်းမှ လုံးဝပျောက်ကွယ်သွား၏။ ဒေဝီမိတ္တာ၏ ရင်တွင်း၌မူ အသံထွက်၍ မလာသောစကားလုံးကလေးများဖြင့် ပြည့်ကျပ်၍ နေချေသည်။

ယခုတော့ သူ သွားချေပြီ။ သို့သော် . . . သို့သော် . . .။

ဒေဝီ မိတ္တာနှင့် အပျိုဖော်များ စီးနင်းလိုက်ပါလာသော ရထားကမူ အမရဝတီမြို့ဘက်သို့ ဦးတည်မောင်းနှင်နေပါတော့သည်။

* * *

ဆောင်မြင့်မြတ်(မြည်မြေ့ခိုး)

(ဝန်ခံချက်။ နိယတ ဗျာဒိတ်တော်ခန်းကို ဖွဲ့နွဲ့သီကုံး ပူဇော်ပါသည်။)


အတိတ်ကံဘဝတစ်ခုမှာ

သင်နှင့်ကျွန်ုပ်ဆုံတွေ့ခဲ့ဖူးတယ်ဆိုရင်တော့...

ဒီဘဝမှာလည်း ပြန်ပြီးရေစက်ဆုံကြဦးမှာပါ။

ဆရာမြတ်ထွဋ်ခေါင်

( မြန်မာ့ရိုးရာဗေဒင်ပညာရှင် )

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း ပင်တိုင်ဆောင်းပါးရှင်

ဟောကြားချိန် - နေ့စဉ် မနက်(၉)နာရီမှ ညနေ(၄)နာရီထိ၊ (တနင်္လာနေ့တိုင်း ဟောခန်းပိတ်သည်)

ဟောခန်းလိပ်စာ - ကျိုက္ကစံဘုရားအနောက်ဘက်မုခ်၊ ဘီလူးညီနောင်ဓာတ်ခန်းအနီး သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၃၀ ၂၅၉၉၄

E-mail - myat htut 2009 @ gmail com.

သင်တန်းသား လက်ခံပြီ




www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်က ပေးတဲ့ အိုး

တင်မောင်မောင်(ပေါက်ကုန်း)



ကျွန်တော်တို့မိသားစုက ဝါးခယ်မမြို့တစ်ဖက်ကမ်း ရွာသစ်ရပ်ကွက်တွင် နေထိုင်ကြသည်။ ကျွန်တော် ဆယ်တန်းအောင်ပြီး တက္ကသိုလ်မှ သိပ္ပံတွဲရသည်အထိ ကျွန်တော်၏ မိဘများ မုန့်လုပ်ငန်းဖြင့် မိသားစုရပ်တည်ခဲ့ကြသည်။ မိဘများက ဘာသာရေးကိုင်းရှိုင်းသူများ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော်လည်း ကျွန်တော်က ဘာသာရေးကို စိတ်မဝင်စားခဲ့။ အထူးသဖြင့် သရဲ တစ္ဆေဆိုသည်တို့ကို မယုံကြည်ခဲ့ပေ။ ကိုယ်တိုင်လည်း မကြုံခဲ့ဘူးသလို ပြောလာကြသည့် သရဲ တစ္ဆေဆိုသည့် အကြောင်းတို့ကလည်း ခြေခြေမြစ်မြစ် မရှိသည်မို့ ယုံကြည်ရန် ခက်ခဲခဲ့သည်။

ကျွန်တော်ကိုယ်တိုင် လေ့လာသင်ယူခဲ့သည့် သိပ္ပံဘာသာရပ်တို့ကလည်း လက်တွေ့စမ်းသပ်မှုတို့ပေါ်မှ ရလဒ်တို့ကိုသာ အတည်ပြုခဲ့ကြသည်။ ထို့ကြောင့်ပင် ကျွန်တော်၏ အယူအဆ

www.burmeseclassic.com

www.burmeseclassic.com

တို့ကလည်း လက်တွေ့ကျမှုကိုသာ အားသ ...ပုံသည်။ ဝန်ထမ်းဘဝကို ခံယူသောအခါ၌လည်း ညွှန်ကြားချက်ဆိုသည်ကို လက်တွေ့လုပ်ဆောင်ခြင်းဖြင့်သာ ပြီးမြောက်စေခဲ့ရသည်။ စိတ်ပိုင်းဆိုင်ရာ ခံစားမှုဆိုသည်ကို ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှု၏ ရလဒ်တစ်ခုအဖြစ်သာ လက်ခံထားခဲ့သည်။

ငယ်စဉ်က မိဘတို့၏ ဘာသာတရားနှင့် စပ်လျဉ်းသည့် ဆုံးမသွန်သင်မှုတို့ ရှိခဲ့သော်လည်း အရွယ်ရောက်လာ၍ ကိုယ်ပိုင်အယူအဆတို့ လွှမ်းမိုးသွားချိန်၌ မိဘတို့၏ ဆုံးမသွန်သင်မှုတို့နှင့်လည်း ဝေးကွာခဲ့ရသည်။ ငယ်စဉ်က အမေပြောပြဖူးသည့် သရဲ တစ္ဆေ ဥစ္စာစောင့်တို့၏ ဒုက္ခရောက်ဆန်းသော အဖြစ်အပျက်တို့ကို စိတ်ဝင်တစား နားထောင်ခဲ့ဖူးသည်။ ထိုအကြောင်းအရာတို့ထဲမှ ဆင်းရဲလွန်းလှသည့် မုဆိုးမ "မမြသီ" ၏ အကြောင်းကို ပို၍စိတ်ဝင်စားခဲ့သည်။

မမြသီက သားသမီး ၄ယောက်နှင့် မုဆိုးမဖြစ်ခဲ့ရသူပင်။ လင်ဖြစ်သူ လယ်ထဲ ဆင်းရင်း ဘာကြောင့်မှန်းမသိ လယ်ထဲ၌ သေဆုံးခဲ့ရသည်။ နဂိုကတည်းက ဆင်းရဲလွန်းလှသည့် မမြသီတို့ မိသားစုအဖို့ လုပ်ကျွေးနေသည့် လင်ဖြစ်သူ ဆုံးပါးသွားသည့်အတွက် ပို၍ ဒုက္ခရောက်ရရှာသည်။ မမြသီတို့ နေထိုင်ကြသည်က ရွာသစ်ရပ်ကွက်နှင့် စပ်လျက်ရှိသည့် သမြချောင်းရွာလေးတွင်ဖြစ်သည်။ မမြသီက သူတို့ဒေသထွက် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတို့ကို ဈေး၌ ယူရောင်းကာ အမြတ်ကို စား၊ အရင်းပြင်သွင်းဖြင့် သားသမီး ၄ယောက်ကို ရှာဖွေကျွေးမွေးနေရသည်။

သွားရင်းလာရင်း ကျွန်တော်၏

"တဝိုယမြောက်ည အိပ်မက်ထဲတွင် ခင်ပွန်းသည်က စိတ်ဆိုးကာ ပြောလာသည်"

မိခင်နှင့် ဆုံမိရာမှ မမြသီအကြောင်း သိရကာ သနားကရုဏာဖြစ်သဖြင့် မိခင်က အဝတ်အစား၊ စားသောက်စရာတို့ကို ကြုံလျှင် ကြုံသလို ထောက်ပံ့ခဲ့သည်။ ထို့ကြောင့်ပင် မမြသီက ကျွန်တော်တို့ မိသားစုအား ကျေးဇူးတင်မဆုံးရှိခဲ့သည်။ ကျွန်တော်၏ မိခင်အားလည်း ခင်မင်အားကိုးသဖြင့် သူမ၏ အခက်အခဲမှန်သမျှကို ဖွင့်ဟတိုင်ပင်ခဲ့သည်။ ထိုထဲမှ မမြသီ၏ ဖြစ်ရပ်ဆန်းတစ်ခုကိုလည်း ကြားခဲ့ရသည်။

◆◆◆

တစ်ည မမြသီ အိပ်ပျော်နေစဉ် အိပ်မက်ထဲ၌ သေဆုံးသွားသည့် သူမ၏ ခင်ပွန်းရောက်လာသည်။ သူမအား ယောက္ခမ(ခင်ပွန်း၏ အမေ)ပိုင် ဥယျာဉ်အစပ်သို့ နံနက်မိုးမလင်းခင် အရောက်လာရန်နှင့် အဖော်ခေါ်မလာရန် ပြောလာသည်။ သူမက မလာဝံ့ကြောင်း ပြောသည့်အခါ ခင်ပွန်းဖြစ်သူက "နင်တို့ သားအမိတွေကို ဥစ္စာပေးချင်လို့ပါ" ဟု ပြောသည်။ ထို့နောက် မမြသီ လန့်နိုးလာပြီး သွားရကောင်းနိုးနိုး စဉ်းစားနေမိသည်။ သို့သော်လည်း မသွားဝံ့သဖြင့် အိပ်မက်ကို မည်သူ့ကိုမှ မပြောဘဲ ရင်ထဲ၌ပင် သိမ်းထားလိုက်ရသည်။ နောက်နေ့ညတွင်လည်း ဆက်၍အိပ်မက်ပေးပြန်သည်။

တတိယမြောက်ည အိပ်မက်ထဲတွင် ခင်ပွန်းသည်က စိတ်ဆိုးကာ ပြောလာသည်။ "နင်တို့သားအမိ ဆင်းရဲနေတာကို မကြည့်ရက်လို့ ငါက ပေးတာ။ ဒါကိုမှ နင်က မယူရဲဘူးဆိုရင် နေပေတော့။ ဒီည ငါ နောက်ဆုံးအနေနဲ့ နင့်ကို စောင့်မယ်"ဟု ပြောလာသည်။

သူမလည်း အိပ်ရာမှ လန့်နိုးသည်နှင့် ဘာပဲဖြစ်ဖြစ် သွားမည်ဟု ဆုံးဖြတ်လိုက်သည်။ သို့သော်လည်း အတွေးတို့က ခြောက်လှန့်နေပြန်သည်။ သွားရမှာက အဖော်မပါ တစ်ယောက်တည်း ဥယျာဉ်ထဲ သွားရမည်။ နေ့လယ်နေ့ခင်းပင် ဥယျာဉ်ထဲ တစ်ယောက်တည်း သွားဖို့ စိတ်ပင် မကူးရဲခဲ့။ ညဉ့်နက်သန်းခေါင်သွားရမည်ဆိုသည်က ပို၍ပင် ခက်ခဲနေသည်။ ထို့ပြင် ခင်ပွန်းသည်က ဥစ္စာစောင့်ဖြစ်နေပါက သူမ ကြားဖူးသည့် ဥစ္စာစောင့်ဇာတ်လမ်းတွေလိုမျိုး သူမကို လူချင်းလဲလိုက်လျှင် ကျန်နေရစ်မည့် သားသမီး ၄ယောက် အားကိုးရာမဲ့ရှာတော့မည်။ ထိုအတွေးတို့က ကြီးစိုးနေသော်လည်း သူမတို့ မိသားစု ဆင်းရဲဒုက္ခရောက်နေရသည့် အဖြစ်ကိုလည်း ကျော်လွှန်စေချင်သည်။ ထို့အတွက် ပေးလာသည့် အခွင့်အရေးကိုလည်း လက်လွှတ်မခံလို။ ထို့နောက် မမြသီ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

ယောက္ခမ အဘွားကြီးကို သွားနှိုး၍ အကျိုးအကြောင်းပြောကာ ခေါ်လာခဲ့သည်။ သူစိမ်းအဖော်မပါ...သည့်

www.burmeseclassic.com

ခင်ပွန်းသည်၏ မိခင်ကို အဖော်လုပ်လာသည့်အတွက်လည်း ခင်ပွန်းသည်ခွင့်လွှတ်နားလည်နိုင်လိမ့်မည်ဟု ယူဆထားသည်။ သမီးယောက္ခမ နှစ်ယောက်ရေနံဆီ မီးအုပ်မီးကို အဖော်ပြုကာ ဥယျာဉ်ထဲသို့ ရောက်လာခဲ့သည်။ ခင်ပွန်းသည် ချိန်းဆိုထားသည့် ဥယျာဉ်စပ်နှင့် မနီးမဝေးသို့အရောက်တွင် ဥယျာဉ်စပ်ဆီမှ "ဂွန်း"ဆိုသည့် အသံကို ကြားလိုက်ရသည်။ ဘာသံမှန်းမသိ။ အသံကြားရာ အနီးတစ်ဝိုက်သို့ ကြည့်လိုက်ရာ ရှေးခေတ်သုံး ကနုတ်ပန်းများဖြင့် အလှခြယ်ထားသည့် ရေနွေးအိုးငယ်တစ်လုံးနှင့် လင်ပန်းတစ်ချပ်ကို တွေ့ရသည်။ ကောက်ယူလိုက်သည်တွင် မြေခဲများအဖြစ် အက်ကွဲကြွေကျကုန်ကြသည်။ နောက်နေ့ည~ အိပ်မက်၌ ခင်ပွန်းသည်က "ငါက ပေးပေမယ့် နင်နဲ့ မထိုက်"ဟု ဆိုလာသည်။

ထိုအကြောင်း မိခင်က ကျွန်တော်တို့အား ပြောပြ၍ သိခဲ့ရသည်။ ထိုစဉ်က ငယ်ရွယ်သူ ကလေးဘဝ၏ စိတ်ဝင်စားဖွယ် ပုံပြင်တစ်ပုဒ်အဖြစ်နှင့်သာ နားထောင်ခဲ့သည်။ အရွယ်ရောက်လာချိန်၌ ထိုကဲ့သို့သော အကြောင်းအရာတို့က လက်တွေ့မပါသည့် အဆိုပြုချက်ဟု သဘောထားခဲ့သည်။ ထိုအကြောင်းနှင့် ပတ်သက်၍ လက်မခံသော်လည်း မငြင်းဆန်ခဲ့ပေ။ သိပ္ပံဘာသာရပ်တို့ပင်လျှင် ပထမတွေ့ရှိချက်အပေါ် နောက်ထပ်တွေ့ရှိချက်က ထပ်မံဖြည့်စွက်ပြင်ဆင်ကြရသည်လည်း ရှိပေသည်။

* * *

လွန်ခဲ့သည့် ၁၅နှစ်ခန့်လောက်ကတည်းက ကလိပ်ရွာလေးသို့ မြေစာရင်းဝန်ထမ်းဘဝဖြင့် တာဝန်ကျခဲ့သည်။ ရွာလေးက မြို့နှင့် အတန်ဝေးသည်။ ထိုရွာသို့ တာဝန်ကိစ္စဖြင့် ရောက်သည့်အခါတိုင်း ကျွန်တော့်အား ခင်မင်တတ်သည့် "ဦးဘာဘု"ဆိုသည့် ဦးကြီးတစ်ယောက်အိမ်တွင် တည်းခိုလေ့ရှိသည်။ ဦးဘာဘုက ကျွန်တော့်အား ဆွေမျိုးရင်းချာတစ်ယောက်လို သူတို့အိမ်တွင် နေထိုင်ခွင့်ပေးသည်။ ဦးဘာဘု၌ မိသားစု ၆ယောက်ရှိပြီး လယ်လုပ်ငန်းဖြင့် အသက်မွေးကြသည်။ ဦးဘာဘု၏ဇနီး "ဒေါ်လှပြည့်"သည်လည်း ရိုးသားအေးဆေးသူတစ်ဦးဖြစ်သည်။

မိုးဦးကာလ၏ တစ်ရက်။

ကိစ္စတစ်ခုနှင့် ကလိပ်ရွာသို့ ရောက်သွားခဲ့သည်။ တည်းခိုနေကျ ကလိပ်ရွာထဲရှိ ဦးဘာဘုတို့ မိသားစုနေထိုင်ရာအိမ်သို့ ရောက်သွားတော့ တစ်ယောက်မျှ မရှိကြ။ အနီးအပါး၌ စုံစမ်းကြည့်သည့်အခါ ကလိပ်ရွာများရှိ ဦးဘာဘုပိုင် လယ်အနီး၌ တဲထိုး၍ မိသားစုလိုက် ပြောင်းရွှေ့နေကြသည်ဟု သိရသည်။ ယခုလို မိုးကျခါနီးပြီဆိုလျှင် လယ်လုပ်ငန်း လုပ်ကိုင်ရန် ပြောင်းရွှေ့နေတတ်ကြပြီး စိုက်ပျိုးပြီးမှ အိမ်ပြန်တတ်ကြသည်။ ကလိပ်ရွာများဆိုသည်က ကလိပ်ချောင်းတစ်လျှောက် ရွာတည်ထားပြီး ချောင်း၏အဆုံး အဖျားပိုင်းကို ခေါ်ကြသည်။ ရွာဖျားက ကလိပ်ရွာမှ တစ်နာရီခွဲခန့် သွားရသည်။ ကျွန်တော်လည်း ဦးဘာဘုတို့ မိသားစု ပြောင်းရွှေ့နေထိုင်ရာသို့ လိုက်လာခဲ့သည်။

ထိုညက ဦးဘာဘုအိမ်၌ ကျွန်တော်ကြိုက်သည့် ဝက်သားဟင်းနှင့် ထမင်းတစ်ဝစားကာ ခရီးပန်းပန်းနှင့် အိပ်ရာဝင်ခဲ့သည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပြီးနောက် ည ၁နာရီခန့်လောက်တွင် အပေါ့အပါးသွားရန် အိပ်ရာမှ ထခဲ့သည်။ ထိုအချိန် မီးတိုင်ခွက်တွန်းကာ ရေနွေးကြမ်းအိုးအနီး၌ ငုတ်တုတ်ထိုင်နေသည့် ဦးဘာဘုကို တွေ့ရသည်။ အိမ်သားတို့အားလုံး အိပ်ပျော်နေကြ၍ ဦးဘာဘုသာတစ်ယောက်တည်း ငုတ်တုတ်ထိုင်နေသည်ကို တွေ့ရသဖြင့် အကျိုးအကြောင်းကို မေးမိသည်။

"ဦးလေး…အိပ်မပျော်လို့လား။ တစ်ယောက်တည်းထိုင်ပြီး ဘာတွေစဉ်းစားနေလဲ"

ဦးဘာဘုက မိမိအား ဘာမှပြန်မပြောဘဲ ခေါင်းခါပြကာ ဆက်၍ထိုင်နေသည်။ ကျွန်တော်လည်း အပေါ့အပါးသွားပြီး ပြန်ဝင်အိပ်လိုက်သည်။ မေးခန်အိပ်ပျော်သွားပြီး ပြန်နိုးလာသည်။ သို့သော်လည်း အိပ်ရာမှ မထဘဲ ငြိမ်နေလိုက်သည်။ အားလုံးလည်း တိတ်ဆိတ်နေသည်။ ဘယ်အချိန်ရှိမှန်းပင် မသိ။ ထို့နောက် ကြက်တွန်သံကို ခပ်သဲ့သဲ့ ကြားလိုက်ရပြီးနောက် မရေးမနှောင်းပင် တဲ၏ ခေါင်းရင်းဘက်ဆီမှ ခြေသံပြင်းပြင်းနင်းသွားသံတို့ကို အတိုင်းသား ကြားလိုက်ရသည်။ ကျွန်တော့်အတွေးထဲ ဦးဘာဘု အိပ်မပျော်၍ တဲအောက်သို့ ဆင်းနေသည်ဟု ထင်မိသည်။ ထိုစဉ်တွင် ကျွန်တော်နှင့် ဘေးချင်းကပ်ခြင်ထောင်ထဲမှ ဦးဘာဘုထွက်လာပြီး ကျွန်တော့်အား နှိုးလိုက်သည်မို့ ထထိုင်လိုက်ပြီး -

"ဦးလေးကို တဲအောက်ဆင်းနေတယ်လို့ ထင်နေတာ။ စောစောက ခြေသံတွေ ကြားလိုက်ရသလိုပဲ"

ဦးဘာဘုက လေသံကို နှိမ့်ကာ-

"တစ်ခုခုတော့ ထူးခြားနေတာ အမှန်ပဲ"

"ဟုတ်တယ်။ သူနိုးကပ်တာနဲ့ တူတယ်။ တဲခေါင်းရင်းဘက်က လျှောက်သွားတဲ့ ခြေသံကို ကြားလိုက်ရတယ်



www.burmeseclassic.com

www.burmeseclassic.com

“အဲဒါ သူခိုးမဟုတ်နိုင်ဘူးကွဲ့”

ကျွန်တော်လည်း နားမလည်နိုင်ဖြစ်သွားသည်။ ထိုတွင် ဦးဘာဘူက-

“ဦးလေး စောစောက ထမထိုင်ခင်မှာ အိပ်မက်တစ်ခု မက်တယ်။ ဦးလေး ခု ဆောက်ထားတဲ့ တဲကို ဖျက်ပေးပါတဲ့။ ဒီနားမှာလည်း မနေပါနဲ့တဲ့။ အဲဒီအတွက် သူက ပစ္စည်းပေးမယ်။ မိုးမလင်းခင် တဲနောက်ဘက် ဥယျာဉ်ထဲက “သိမ်ကလို့ပင်ကြီး”ဆီကို လာခဲ့ဖို့ မျက်နှာမှာ ကျောက်ပေါက်မာရာတွေနဲ့ အသားညိုညိုထွားထွား လူကြီးက အိပ်မက်ထဲမှာ လာပြောတယ်။ ဦးလေးလည်း စဉ်းစားတာပေါ့ကွာ။ တကယ်ပေးမှာလား၊ ဒါမှမဟုတ် လူချင်းလဲချင်လို့လား ဆိုတာကို။ ဒီနေရာ ဒီဒေသကလည်း ဦးလေးတို့မိဘတွေလက်ထက်တကည်းက ဥစ္စာစောင့်သိုက်ရှိတယ်လို့ ပြောဖူးတယ်။ တချို့လည်း သွားရင်းလာရင်း ပြောမှားဆိုမှားရှိကြလို့ ဒုက္ခဖြစ်ကြတာတွေလည်း ရှိတယ်။ ဒီလိုအဆိုးတွေ ရှိနေတော့ ဦးလေးလည်း စဉ်းစားတာပေါ့ကွယ်။ အထူးသဖြင့်တော့ သိမ်ကလို့ပင်ကြီးနားကို ခေါ်တာပဲကွဲ့။ အဲဒီအပင်ကြီးက တို့အဘိုးအဘွား အစဉ်အဆက်က မထိရဲ မတို့ရဲတဲ့ အပင်ကြီးကွဲ့။ ဒီအပင်ကြီးနားမှာ မထိမဲ့မြင် ပြောမိလုပ်မိလို့ ဒုက္ခရောက်ကြသူတွေလည်း များတယ်”

ထိုတွင် ကျွန်တော်လည်း နားထောင်နေရာမှ ဦးဘာဘူ၏ စကားတို့က ကျွန်တော်၏ အယူအဆတို့နှင့် ဆန့်ကျင်နေသည်မို့ -

“ဦးလေးကလည်း အိပ်မက်ဆိုတာ စိတ်ရဲ့ စွဲလမ်းမှုပေါ် အခြေခံပြီး မက်တတ်တာပါဗျာ။ ဒါကို အတည်ယူလို့ ဘယ်ရမလဲ။ ပြီးတော့ ဦးလေးပြောတဲ့ ဥစ္စာစောင့်တို့ ဘာတို့ဆိုတာ အခြေအမြစ်မရှိပါဘူး။ ဘယ်သူမှ မြင်ဖူးကြတာ မဟုတ်ဘူး။ ပါးစပ်ပြော ပုံပြင်တွေပါဗျာ”

“ငါ့တူက မကြုံဘူးသေးတော့ မယုံဘူးပေါ့။ ဒါတွေဟာ သူ့လောကနဲ့သူ အမှန်တကယ်ရှိတယ်ကွဲ့။ ဦးလေး အိပ်မက်ကို ဆက်ပြောပြဦးမယ်။ ဦးလေးလည်း မသွားဝံ့တာနဲ့ အိပ်ရာထဲ ပြန်ဝင်အိပ်နေလိုက်တယ်။ မှေးမှေးပျော်ရုံရှိသေးတယ်၊ အဲဒီကျောက်ပေါက်ရာနဲ့လူက အိပ်မက်ပေးပြန်တယ်။ ဦးလေးက အိပ်မက်ထဲမှာ မလာရဲဘူး။ ကျုပ်နဲ့ လူချင်း လဲချင်လို့လားလို့ မေးတော့ မဟုတ်ပါဘူးတဲ့။ ခု ဦးလေးတို့ ဆောက်ထားတဲ့ တဲနေရာဟာ သိုက်အပေါ်မှာ ရောက်နေလို့ ဖယ်ခိုင်းတာပါတဲ့။ ဖယ်မပေးရင် ဒုက္ခတွေ့လိမ့်မယ်လို့လည်း ပြောတယ်။ အဲဒီလိုပြောပြီးတာနဲ့ အခု ဦးလေးလည်း လန့်နိုးလာတာ”

ကျွန်တော့်အတွေးထဲ အသိတစ်ခု ဝင်လာသည်။ ကျွန်တော့်ယုံကြည်ချက်၊ အယူအဆတို့ကို လက်တွေ့ သက်သေထူရမည်။ လူတွေ၏ စိတ်ကူးနှင့် ပုံဖော်ထားသည့် ဥစ္စာစောင့်တို့ သရဲ၊ တစ္ဆေတို့ ဆိုသည်ကို အမှန်တကယ် မရှိကြောင်း လက်တွေ့ပြရမည်။ ဒါမှ လူတွေ၏ မိရိုးဖလာ အယူအစွဲတို့ကို မှားကြောင်း သက်သေပြနိုင်ပေမည်။ ထို့ကြောင့် ကျွန်တော်က -

“ဒါဆို ကျွန်တော်နဲ့ ဦးလေး နှစ်ယောက်သွားမယ်။ သူက ဦးလေးကို ဘယ်လိုပုံစံနဲ့ ပေးမှာတဲ့လဲ”

“သိမ်ကလို့ပင်ကြီးအောက သစ်ခေါင်းထဲမှာ သူ ထားတယ်တဲ့။ မိုးမလင်းခင် လာယူပါတဲ့”

ကျွန်တော်က လက်မှ နာရီကို တစ်ချက်ကြည့်လိုက်သည်။ နံနက် ၃ နာရီကျော်ပြီ။

“ဒါဆို အချိန်သိပ်မရှိတော့ဘူး။ လာ၊ သွားစို့ ဦးလေး”

ပြောပြောဆိုဆို ကျွန်တော်က တဲပေါ်တွင် ထောင်ထားသည့် မြက်ခုတ်ဓားကို ဆွဲကာ ရှေ့မှ ထွက်လိုက်သည်။ ကျွန်တော်နှင့် ဦးဘာဘူတို့ ဓာတ်မီး ကိုယ်စီနှင့် သိမ်ကလို့ပင်ကြီးရှိရာဆီ လျှောက်လာခဲ့ကြသည်။ ဓာတ်မီးရောင်တွင် နံပတ်ကောင်၊ ပုရစ်ကောင်နှင့် ပိုးကောင်ငယ်များ ခုန်ပျံနေကြသည်။ ပိုးစုန်းကြူးများလည်း လင်းချည်မှိတ်ချည်ဖြင့် ပျံဝဲနေကြသည်။ ဓာတ်မီးရောင်ကြောင့် အစာရှာထွက်နေကြသည့် မြွေကြွက်များလည်း ဘေးလွတ်ရာသို့ အော်ဟစ်ပြေးလွှားကုန်ကြသည်။

သိမ်ကလို့ပင်ကြီးနှင့် မလှမ်းမကမ်းသို့ ရောက်လာခဲ့ကြသည်။ ဦးစွာ ကျွန်တော်က သိမ်ကလို့ပင်ကြီးအား ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ အပင်ကြီးက အလွန်ကြီးမားပြီး ယောက်ျားကြီး ၅ယောက်ခန့် လက်ချင်း ဆက်၍ဖက်မှ ရနိုင်သည့် ကုက္ကိုပင်ကြီး ဖြစ်သည်။ ထိုအပင်ကြီးကို ကရင် ဘာသာစကားဖြင့် သိမ်ကလို့ (နတ်သစ်ပင်)ဟု ခေါ်ဝေါ်သုံးစွဲခဲ့ကြခြင်းဖြစ်သည်။ ထိုအပင်ကြီးက နှစ်ပေါင်းများစွာ သက်တမ်းရှည်ကြာပြီဖြစ်သည်။

ကျွန်တော်တို့နှစ်ယောက် အပင်ကြီးနားရောက်သည်နှင့် သစ်ခေါင်းကြီးနားသို့ အရင်ရောက်သွားကြသည်။ နှစ်ယောက်သား ပြိုင်တူဆိုသလို သစ်ခေါင်းကြီးထဲသို့ ဓာတ်မီးကိုယ်စီ ထိုးကြည့်လိုက်ကြသည်။

“ဟင်…”

အာမေဋိတ်သံကို ပြုလိုက်သူက ကျွန်တော်ပင်ဖြစ်သည်။ သစ်ခေါင်းပေါက်ကြီးအတွင်း မြွေကြီးသုံးကောင် ရစ်ခွေထားသည့် အလယ်တွင် ရွှေရောင်



www.burmeseclassic.com

www.burmeseclassic.com

ကရားအိုးတစ်လုံးကို ထူးဆန်းစွာ တွေ့လိုက်ရသည်။ ကိုယ့်မျက်စိပင် ကိုယ် မယုံနိုင်အောင် တွေ့လိုက်ရသည်။ ကျွန်တော်က အံ့ဩလွန်း၍ ဘာလုပ်ရမှန်းမသိ ဖြစ်နေချိန်တွင် ဦးဘာဘူက သစ်ခေါင်းကြီးထဲရှိ မြွေသုံးကောင် အလယ်မှ ကရားအိုးကို ယူရန် လက်ပြင်လိုက်စဉ် မြွေကြီးတစ်ကောင်က ခေါင်းထောင်ထလာသည်ကို တွေ့လိုက်ရသည်။ ကျွန်တော်က စိုးရိမ်သွားပြီး ဦးဘာဘူကို နောက်ဆုတ်ခိုင်းကာ လက်ထဲတွင် အသင့်ပါသည့် မြက်ခုတ်ဓားဖြင့် မြွေများကို ခုတ်ပိုင်းလိုက်သည်။ မြွေများ ကစဉ့်ကလျားဖြစ်ကာ ထွက်ပြေးကုန်ကြသည်။ မြွေများ ရှင်းသွား၍ သစ်ခေါင်းပေါက်ထဲက ကရားအိုးကို ရှာလိုက်သည်။ မတွေ့။ အနီးအပါး၌ ရှာဖွေသော်လည်း အစအနပင် မတွေ့ရတော့ချေ။ ဦးဘာဘူတစ်ယောက် သူ ရမည့် ကရားအိုးအတွက် နှမြောမဆုံး ဖြစ်နေသည်။

ကျွန်တော်နှင့် ဦးဘာဘူတို့ နှစ်ယောက် မကျေမနပ်ဖြင့် ပြန်ခဲ့ကြသည်။ ဦးဘာဘူ မကျေနပ်မှုက ကရားအိုးကို လက်လွှတ်ခံလိုက်ရသည့်အတွက် ဖြစ်သော်လည်း ကျွန်တော်၏ မကျေနပ်မှုက ကျွန်တော်မျှော်လင့်မထားသည့် အကြောင်းအရာတစ်ခုက ကျွန်တော်၏ အယူအဆတို့ကို တွန်းလှန်ပစ်ခဲ့သောကြောင့်ဖြစ်သည်။ လက်တွေ့မဆန်ဟု ယူဆထားသော အရာတို့၏ သက်သေပြမှုကို တွေ့လိုက်ရသည်။ သတ္တဝါတိုင်း သူ့လောကနှင့်သူ ရှိနေကြသည်မှာ အံ့ဩဖွယ် ဖြစ်ရပ်တစ်ခုကဲ့သို့ ကြုံတွေ့လိုက်ရသည်။ လက်တွေ့သမား ကျွန်တော့်အား အယူအဆသစ်တစ်ရပ်ကို လက်ခံနိုင်ဖို့ အခြေအနေတစ်ရပ် ဖန်တီးပေးခဲ့သည်ဟု ဆိုနိုင်သည်။

ကျွန်တော်တို့နှစ်ဦး ကြုံခဲ့ရသည့် အဖြစ်အပျက်အတွက် ရလဒ်ဆိုးတစ်ခုဟု စိတ်၌ ထင်မှတ်ခဲ့ကြသော်လည်း ထို့ထက်ဆိုးရွားသည့် နောက်ထပ် ရလဒ်ဆိုးတစ်ခုကို မထင်မှတ်စွာ လက်ခံလိုက်ရပြန်လေသည်။ နံနက်မိုးလင်း၍ အိမ်သားအားလုံး အိပ်ရာထကြသည့်အခါ ဦးဘာဘူ၏ ဇနီး ဒေါ်လပြည့်တစ်ယောက် စိတ်ဖောက်ပြန်ကာဖြင့် နိုးထခဲ့လေတော့သည်။

* * *

တင်မောင်မောင်(ပေါက်ကုန်း)


# ဆရာကြီးရာဇာဇော်ဝင်း (LL.B.)

**နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ**



ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်းရှေးမူမပျက် နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်တာဟောစာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအရောင်စာလုံးများကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီ၊နေ့ရက်များမြန်မာဇာတာအင်္ဂလန်ဇာတာမြန်မာဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှမြန်မာများအတွက်နာမည်ပေးခြင်းစသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဉာဏ်ပူဇော်ခ၇၀၀၀ကျပ်) သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍အထူးဆောင်ရွက်ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်းရက်မြတ်ကိုနာရီမိနစ်၊စက္ကန့်အပါအဝင်လိုအပ်သောယတြာများOGဆရာဝန်နှင့်တိုင်ပင်ပြီးပါကဆက်သွယ်နိုင်သည်လူကြီးများအတွက်ရက်လနှစ်ပိုင်းခြားထားသောဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြင့်ဟောခြင်း အကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသင်္ဘောသားများလိုင်းကောင်းကောင်းရစေရန် နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူမောင်နှံများ စုံတွဲဇာတာစစ်ဆေးခြင်းအကြွေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေးထူးချွန်မှုရှိ/မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရုပ်ရည်ချောမောသော်လည်းအဆင်မပြေဖြစ်နေသည်လူပျိုကြီးအပျိုကြီးများကံပွင့်အောင်ပြုလုပ်ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာဝိဇ္ဇာအစီအရင်ပညာဓာတ်ရိုက်ဓါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်အောင်မြင်စေရမည်ဟုမှတ်ပါ(နှုတ်ဟောဉာဏ်ပူဇော်ခ၅၀၀၀ကျပ်)နာမည်ပေးခြင်းနှင့်ဟောစာတမ်းများ ဒီနေ့အပ်လျှင်မနက်ဖန်ရမည်နယ်သို့VPLဖြင့်လည်းကောင်းဘဏ်မှငွေလွှဲလျှင်ချက်ချင်းပို့ပေးမည်နယ်မှမွေးသက္ကရာဇ်နေရပ်လိပ်စာဖော်ပြ၍မေးမြန်းနိုင်ပါသည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြိုပေးစရာမလိုပဲပို့ပေးမည်ဖုန်းသာဆက်လိုက်ပါတိုက်(၄၆)မြေညီထပ်လမ်း(၉၀)မင်္ဂလာတောင်ညွန့်မြို့နယ်

ရန်ကုန်မြို့။(ပိတ်ရက်မရှိ) ☎ 01-394727, 0949 312100 , 0949 320960, 01-73009994, 0951 52521




www.burmeseclassic.com

www.burmeseclassic.com

# သတိထားကာ လျှော့စားပါ

မုံရွာ နေဇာ




ဗုဒ္ဓဘာသာ မြန်မာတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံအရ မိဘဆရာသမားများကို ကန်တော့ကြတဲ့အခါ မိဘဆရာသမားတို့က "ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ သွားလမ်းလာလမ်းဖြောင့်တန်းပါစေ၊ ရောင်းပန်းဝယ်ပန်း ပွင့်လန်းပါစေ၊ ခလုတ်မထိ ဆူးမငြိပါစေနဲ့၊ လာမယ့်ဘေး ကင်းဝေးပါစေ၊ ထိမယ့်ခလုတ် ဆုတ်ပါစေ" စသည်ဖြင့် ဆုပေးလေ့ရှိကြပါသည်။

မင်္ဂလာဆောင်မယ်ဖြစ်ကြတဲ့ သတို့သားနှင့် သတို့သမီးတို့က ကန်တော့ကြတဲ့အခါမှာလည်း ဒီလင်နဲ့ ဒီမယား အိုအောင်မင်းအောင် ပေါင်းသင်းရပါစေ၊ ရာသက်ပန် ရှိနေပြ



www.burmeseclassic.com

www.burmeseclassic.com

ကျ စိတ်တိုင်းကျနေရပြီး ချမ်းသာသုခနဲ့ ပြည့်ဝကြပါစေ” ဟု ဆုပေးလေ့ရှိကြပါသည်။

ဆုတောင်းတိုင်း မပြည့်ဝနိုင်သလို ဆုပေးတိုင်းလည်း ရာနှုန်းပြည့်တော့ ရချင်မှ ရနိုင်ပေမည်။ သို့သော် ဆုပေးခြင်း ခံယူသောသူတို့ကလည်း “ပေးတဲ့ ဆုနဲ့ ပြည့်ပါစေ”မြွက်ဆိုကာ ခံယူလေ့ရှိကြပေသည်။ မည်သို့ဖြစ်စေ၊ ကောင်းသော ဓလေ့အစဉ်အလာများ ဖြစ်ပါလေသည်။

လူတိုင်း အလိုလားဆုံး၊ အတောင့်တဆုံး ဆုလာဘ်မှာ ကျန်းမာခြင်းဖြစ်ပါလိမ့်မည်။ ကျန်းမာခြင်း၏ တန်ဖိုးကို မကျန်းမာသောအခါကျမှ ကောင်းစွာ နားလည်ကြသူတွေ များပေသည်။ သို့ကြောင့်ပင် ဗုဒ္ဓဘုရားရှင်က…

“အာရောဂျ ပရမာ လာဘာ”

အနာရောဂါကင်းရှင်း ကျန်းမာခြင်းသည် ကောင်းမြတ်သော လာဘ်တစ်ပါးဟု ဟောကြားတော်မူခြင်းဖြစ်သည်။

ဆက်တစ်ဖက်၏ တန်ဖိုးကို လက်ကျိုးသောအခါကျမှ သိရလေသည်။ မိမိသည် မိုးဦးကျစ ကဆုန်လ၏ နေ့တစ်နေ့တွင် ဆွမ်းကပ်အလှူရှင်၏ နေအိမ်မှ အဆင်း လှေကားရင်းမှာ ချော်လဲလေရာ ဘယ်ဘက် လက်ကောက်ဝတ် ကျိုးသွားခဲ့သည်။ လှေကားထစ်တွင် မိုးရေများ တင်နေခြင်း၊ မိုးဖွဲဖွဲရွာနေရာ လှူငယ် ဒကာက ထီးမိုးပေးရန် ပြင်ဆင်ခိုက် လှူငယ်ကို အာရုံစိုက်မိသဖြင့် သတိတစ်ချက်လစ်ဟင်းသွားခြင်းတို့ကြောင့် ချော်လဲခြင်းဖြစ်သည်။ ကျောက်ပတ်တီး စည်းရခြင်း၊ လက်ကို မြှောက်ကာ ရေချိုးရခြင်း၊ ရေမစိုအောင် ထားရခြင်း၊ ကိုယ်ဝတ် သင်္ကန်းဝတ်ရင် ခက်ခဲခြင်း စသော ဆင်းရဲဒုက္ခများကို ခံစားရလေသဖြင့် ကျန်းမာခြင်း၏ တန်ဖိုးကို ရိုးတိုးရိပ်တိတ် သဘောပေါက်သွားသည်။ လက်တစ်ဖက်၏ ကျန်းမာခြင်းတန်ဖိုးကို သတိထားမိသွားသည်။

၂၀၁၁ ခုနှစ်၊ ဇွန်လထဲကလည်း ရေချိုးခန်းတွင် ချော်လဲပြန်ရာ ဘယ်ဘက်ဒူး အကြောညပ်ကာ အရွတ်နာသွားသည်။ ဓာတ်ဖြင့် နှိပ်ခြင်း၊ ဆေးလိမ်းခြင်း၊ ရေနွေးအိတ်ကပ်ခြင်း ကုသနည်းဖြင့် ကုသရာ တစ်လကျော် ခံလိုက်ရသည်။ ညဘက်တွင် ကောင်းစွာ အိပ်မရ။ ကွေးထားတာ ကြာသွားလျှင် ဆန့်မရ။ ဆန့်ထားတာ ကြာသွားပြန်လျှင်လည်း ကွေး၍ မရ။ သြော်…ဒုက္ခ တယ်ကြီးပါလား။ ကျန်းမာခြင်း၏ တန်ဖိုးကို နားလည်မိရသည်နှင့်တကွ မကျန်းမာခြင်း၏ ဆင်းရဲဒုက္ခကိုလည်း လက်တွေ့ကျကျ သိခွင့်ရပေသည်။ မိမိ၏ ဆင်းရဲဒုက္ခမှာ အပရိကသာဖြစ်သည်။ ပါးပါးလေးသာ ဖြစ်ပါသည်။ အသည်းကင်ဆာ၊ ဆီးကျိတ်ရောဂါ၊ ကျောက်ကပ်ရောဂါ စသော ကိုယ်တွင်းရောဂါကြီးများကို ခံစားနေကြရသည့် ဝေဒနာရှင်များကို နားလည် စာနာမိပေသည်။

မည်သည့်ရောဂါမှ မကောင်းပါ။ မိမိမှာ ခံစား ဖြစ်ပွားသော ရောဂါဝေဒနာကတော့ အဆိုးဝါးဆုံးပါဟု ထင်ကြသည်ပင်။ သို့ကြောင့်ပင် အာရောဂျ ပရမာ လာဘာ - ကျန်းမာခြင်းသည် အမြတ်ဆုံးလာဘ်ဟု မှတ်သားရခြင်း ဖြစ်လေသည်။

•••

ဗုဒ္ဓဘုရားရှင်လက်ထက်တော်အခါက သာဝတ္ထိပြည့်ရှင် ဘုရင် ကောသလသည် အစားကြီးကြောင်း လူသိများပါသည်။ ဘုရင်ကြီး၏ နာမည်အပြည့်အစုံမှာ “ပသေနဒီ ကောသလ”ဖြစ်၏။ ပသေယျ ဒီယတိတိ ပသေနဒီ ဝိဂြိုဟ်ဝစနတ္ထအရ ဘုရင်ကြီး ပွဲတော်တည်လျှင် စိန်ဗမောင်၏ ဆိုင်းဝိုင်းကြီးကဲ့သို့ ဘုရင်ကြီး၏ နံဘေးမှာ ဟင်းခွက်တွေ အစီအရီ ဝိုင်းပတ်နေသည့်အတွက် “ပသေနဒီ”ဟူသော ဝိသေသနပုဒ်ကို ထည့်၍ ပြောရခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် နဒီ - မြစ်ကဲ့သို့ သူ၏ ဝမ်းဗိုက်ကြီးမှာ အရစ်အရစ် ဖြစ်နေပြီး ချွေးဒီးဒီး စီးကျနေလေ့ရှိသောကြောင့်လည်း “ပသေနဒီ ကောသလမင်းကြီး”ဟု ခေါ်တွင်ခြင်းဖြစ်၏။

သိကြသည့်အတိုင်း ဘုရင်ကြီး ပွဲတော်တစ်ခါတည်လျှင် ဆန်တစ်စိတ်ချက်၊ ဆိတ်တစ်ကောင်နှင့် ညီမျှသော ဟင်းလျာများကို စားတော်ကဲများက စီစဉ်ပေးရလေသည်။ အစားကြီးသော မင်းကြီးသည် ပွဲတော်တည်ပြီးသည်နှင့် နေရာတွင်ပင် ထမင်းဆီရစ်ကာ ငိုက်မျဉ်းနေလေ့ရှိသည် ဆို၏။ တစ်ခါတစ်ရံ၌သော်ကား ဗုဒ္ဓဘုရားရှင်ထံ သွားပြီး တရားနာလေ့ရှိ၏။

တစ်နေ့သ၌ ပွဲတော်တည်ပြီးစ ငိုက်မျဉ်းစွာ တရားနာနေသော ဘုရင်ကြီးကို ဘုရားရှင်က အစားအသောက်နှင့် ပတ်သက်၍ ဓမ္မဒေသနာတစ်ပုဒ် ချီးမြှင့်တော်မူ၏။

“မနုဇဿ သဒါ သတီမတော၊ မတ္တံ ဇာနတော လဒ္ဓဘောဇနေ။

တနုကဿ ဘဝန္တိ ဝေဒနာ၊ သဏိကံ ဇီရတိ အာယု ပါလယံ။”

အဓိပ္ပာယ်မှာ အမြဲသတိထားပြီး အစားအသောက်ကို အတိုင်းအတာနဲ့ စားပါ။ (လျှော့စားပါ။) ရောဂါဝေဒနာကင်းရှင်းကာ တဖြည်းဖြည်းသာ အိုမင်းခြင်း၊ အသက်ရှည်



www.burmeseclassic.com

www.burmeseclassic.com

ခြင်း အကျိုးတရားများကို လက်ငင်း ခံစားရရှိနိုင်သည်ဟူ၍ ဖြစ်၏။

(ဆောင်ပုဒ်)

* သတိထားကာ လျှော့စားပါ။ ကျန်းမာ အသက်ရှည်မည်။

* ရောဂါကင်းရှင်း၊ နုပျိုခြင်း၊ လက်ငင်းရနိုင်သည်။

မင်းကြီးသည် မြတ်ဗုဒ္ဓ ဟောကြားသော ဒေသနာကို မင်းချင်းတစ်ယောက်အား ကျက်မှတ်စေပြီး သူ ပွဲတော်တည်တိုင်း သတိရအောင် နံဘေးမှ နေပြီး ရွတ်ဆိုပေးရန် စီမံလိုက်သည်။ ဤသို့ဖြင့် သတိထားကာ လျှော့စားလာသဖြင့် ဆန်တစ်စိတ်ချက် စားသုံးသော မင်းကြီးသည် ဆန်တစ်စလယ်(နို့ဆီဘူး နှစ်ဘူးခန့်)မျှဖြင့် တင်းတိမ်ရောင့်ရဲသွားနိုင်လေ၏။ ထိုအခါ ငိုက်မျဉ်းခြင်း ကင်းရုံမျှမက ခန္ဓာကိုယ်မှာလည်း အဆီကျ အသားအရေစစ်ကာ ပေါ့ပေါ့ပါးပါး ဖြစ်သွားလေသည်။

ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားသော အခါ မြတ်စွာဘုရားက ကျင့်သုံးဖွယ် အချက်လေးချက်ပါသော အောက်ပါ တရားတော်ကို ဟောကြားချီးမြှင့်တော်မူ၏။

"အာရောဂျ ပရမာ လာဘာ၊ သန္တုဋ္ဌိ ပရမံ ဓနံ။
ဝိဿာသ ပရမာ ဉာတိ၊ နိဗ္ဗာနံ ပရမံ သုခံ။"

(ဓမ္မပဒ၊ ဂါထာ ၂၀၂)

အာရောဂျ ပရမာ လာဘာ - အနာရောဂါကင်း ကျန်းမာခြင်းသည် အမြတ်ဆုံးလာဘ်။

သန္တုဋ္ဌိ ပရမံ ဓနံ - ရောင့်ရဲတင်းတိမ်ခြင်းသည် အကောင်းဆုံးဥစ္စာ။ (မိမိက ကြိုးစားလုပ်ကိုင်သော်လည်း ရည်မှန်းသလောက် မပေါက်မြောက် မရရှိလျှင် ရသလောက်ကိုသာ ကျေနပ်ပါဟု ဆိုလိုသည်။ ဘာမျှမလုပ်ဘဲ အပျင်းထူကာ ရောင့်ရဲနေရမည်ဟု ဆိုလိုခြင်းမဟုတ်ပေ။)

ဝိဿာသ ပရမာ ဉာတိ - ချစ်ခင်ကျွမ်းဝင်ခြင်းသည် အကောင်းဆုံး ဆွေမျိုး(ခင်ရာ ဆွေမျိုး၊ မြိန်ရာ ဟင်းကောင်း ဆိုသကဲ့သို့ မိတ်ဆွေကောင်းနှင့် ပေါင်းသင်းဆက်ဆံရခြင်း ဖြစ်သည်။)

နိဗ္ဗာနံ ပရမံ သုခံ - ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သည်ကား အကောင်းဆုံး၊ အမြတ်ဆုံး ချမ်းသာ အစစ် သန္တိသုခဖြစ်ပါသတည်း။

* * *




ငါးပွင့်တစ်ခိုင်စာပေ၊ ဖုန်း-၀၉ ၇၃၁ ၀၇၇၉၀

ထွက်နေပြီ

ကြေးနီတောင်တက်
ပိုပြီးမြင့်မောက်တဲ့
ကျောက်စိမ်းတောင်ကြီးတွေ
ဘယ်ပျောက်သွားပြီလဲ...။
ကြေးနီမြေစာပုံ ကြေးနီထုတ်ယူကြတဲ့
ဒေသခံတွေရှိနေသလို...
ကျောက်စိမ်းမြေစာပုံများ
ရေမဆေးကျောက် ရှာကြသူတွေရှိနေလေရဲ့။
ရေမဆေးကျောက်ရှာတွေ့လို့
လော်ပန်ဖြစ်သွားတာတွေ
တစ်ပုံတစ်ပင်ရှိသလို မြေစာပုံအောက်
ဘဝပျက် အသက်ပျောက်ရှာသူတွေလဲ ဒုနဲ့ဒေးပါ။
ကချင်ဒေသ ဖားကန့်နယ်မြေမှာ
စွန့်လွှတ်စွန့်စား ဘဝတိုက်ပွဲဝင်သွားရဲတဲ့
သတ္တိ ပြည့်မပြည့်တွေ ဆန်းစစ်ကြည့်ဖို့ဆိုရင်တော့
ဟောဒီစာအုပ်ကို ဝယ်ဖတ်သင့်တာပေါ့။






www.burmeseclassic.com

# အိမ်ထောင်ရေး တစ်သက်လုံး ကံကောင်းမလားတဲ့

● ဆရာ ဦးအောင်မြိုင် (လက္ခဏာဗေဒင် သုတေသီ) ●

အိမ်ထောင်မကျသေးဘူးဆိုတဲ့ အမျိုးသမီးတစ်ဦးရဲ့ ညာလက်ဖဝါးပြင်ကို သေချာကြည့်ပါ။ လက်သန်းအောက်ဘက် ခြေရင်းနဲ့ ၃ စင်တီလောက်အကွာ အိမ်ထောင်ရေးလမ်းကြောင်းဟာ ကျွန်းသင်္ကေတတွေနဲ့ မလှမပဖြစ်နေတာ *တွေ့ရပါမယ်။ နှလုံးလမ်းကြောင်းဘက်ကို ခက်ရင်းခွပုံနဲ့ ဦးတည်နေပါတယ်။*




က-အက္ခရာနဲ့ ညွှန်ပြထားပါတယ်။

နှလုံးလမ်းကလည်း ကျွန်းအပြတ်သင်္ကေတတွေနဲ့ပါ။ ဒီလို အိမ်ထောင်ရေးလမ်းမျိုးက အိမ်ထောင်ကျဖို့တောင် အတော်ခက်ခဲတယ်။ အိမ်ထောင်ကျရင်လည်း ကိုယ့်ထက် အသက်တော်တော်ကြီးသူ၊ မလွတ်မကင်း အိမ်ထောင်ကြီးလက်ရှိဖြစ်နေသူမျိုး၊ လက်ထပ်ပေါင်းသင်းအတူနေဖို့ ခက်တဲ့သူမျိုးဖြစ်တတ်တယ်။ အိမ်ထောင်ရေးဘဝမှာ ဒုက္ခသောကတွေ မကြာခဏ ကြုံရတတ်ကြောင်း လက္ခဏာပညာနဲ့ အဟောထုတ်ရပါမယ်။

လက်ခလယ်အောက်တည့်တည့် (စနေဂြိုဟ်ခုံ)နေရာမှာ နှလုံးလမ်းရဲ့ အောက်ဘက် လမ်းခွဲက အပြတ်တွေနဲ့ အသက်လမ်းကို ထိနေတယ်။

www.burmeseclassic.com

ခ-အက္ခရာနဲ့ ညွှန်ပြထားပါတယ်။




အဲဒီ သင်္ကေတဟာ အိမ်ထောင်ရေးမှာ ခိုက်ရန်ပြဿနာ၊ အခက်အခဲ၊ အနှောင့်အယှက်၊ ဒုက္ခသောကတွေ များစွာကြုံရတတ်တယ်လို့ လက္ခဏာပညာနဲ့ ဟောရပါမယ်။ အချစ်ရေး၊ စေ့စပ်လက်ထပ်ရေး၊ အိမ်ထောင်ရေးတွေ အစကတည်းက အဆင်မပြေနိုင်ဘူး။

ဦးခေါင်းလမ်းကြောင်းရဲ့ ရုပ်တည်ပုံကလည်း မကောင်းဘူး။ အင်္ဂါဂြိုဟ်ခုံထဲမှ ကျွန်းသင်္ကေတ တွေ့ရတယ်။ အဲဒီကျွန်းသင်္ကေတနဲ့ ဦးခေါင်းလမ်းကြောင်း အဖျားဆက်သွယ်နေတယ်။ ဦးခေါင်းလမ်းက အသက်လမ်းရဲ့ အတွင်းဘက်ကို တိုးဖောက်ဝင်နေတယ်။ ဂ-အက္ခရာနဲ့ ညွှန်ပြထားပါတယ်။

အဲဒီ သင်္ကေတမျိုးကတော့ အိမ်ထောင်ရှိပြီးသူ၊ လက်ရှိ အိမ်ထောင်ရှိနေသူ အမျိုးသားတစ်ဦးနဲ့ ချစ်ကျွမ်းဝင်ခြင်း (သို့) အဲဒီအမျိုးသားရဲ့ အနိုင်အထက်ပြုကျင့် စော်ကားခံရခြင်းမျိုး ကြုံရတတ်ကြောင်း လက္ခဏာပညာနဲ့ အဟောထုတ်ရပါမယ်။ ဒါကြောင့် ကိုယ့်ပတ်ဝန်းကျင်မှာ ဖြစ်စေ၊ ယခုခေတ် အင်တာနက် အွန်လိုင်းမှာ ဖြစ်စေ၊ တွေ့ဆုံခင်မင်ရင်းနှီးရတဲ့ အမျိုးသားတွေအပေါ် အယုံမလွယ်ပါနဲ့လို့ သတိပေးလိုက်ရပါတယ်။

ညာလက်ဖဝါးပြင်ပေါ်မှာ တွေ့ရတဲ့ သင်္ကေတ သုံးမျိုးလောက်နဲ့ပဲ သူမရဲ့ မေးခွန်းကို အဖြေထုတ်ပေးဖို့ လုံလောက်နေပါပြီ။ တိုးသာဆုတ်သာဖြစ်အောင် "အိမ်ထောင်ရေး ကံကောင်းဖို့ မလွယ်လှဘူး" လို့ ဖြေလိုက်ပါတယ်။

စာဖတ်သူ အမျိုးသမီး ပရိသတ်များအနေနဲ့ မိမိကလည်း အိမ်ထောင်မကျသေးသူဆိုရင် မိမိရဲ့ ညာလက်ဖဝါးပြင်မှာ အဲဒီလို သင်္ကေတမျိုးတွေ ရှိ၊ မရှိ မကြာခဏ စစ်ဆေးပါ။ ဒီသင်္ကေတမျိုးတွေဟာ တချို့မှာ ဒုက္ခပေးခါနီး ၆လ (သို့မဟုတ်) ၁နှစ်လောက်မှာမှ ပိုပြီးထင်ရှားပေါ်လွင်လာတတ်လို့ ဖြစ်ပါတယ်။ ခပ်မှိန်မှိန်ရှိနေတဲ့ အချိန်ကတည်းက ဂရုတစိုက် ယုံယုံကြည်ကြည်နဲ့ ပြုပြင်ကာကွယ်နိုင်ရင် ကံကြမ္မာအဆိုးအညံ့တွေကို ကာကွယ်ပေးနိုင်မှာပါ။

* * *

ဆရာဦးအောင်မြင့်(လက္ခဏာဗေဒ သုတေသီ)

() ဆိုင်လုပ်ငန်းအမျိုးမျိုးအတွက် အထူး ()

- စားသောက်ဆိုင်၊ အဖျော်ယမကာဆိုင်၊ KTV အစရှိတဲ့ သင့်ဆိုင်လုပ်ငန်းတွေမှာ လူဝင်ပါးရောင်းအားကျငွေမဝင်၊ လာဘ်မရှင် အဆင်မပြေဖြစ်နေလား။
- ရွှေငွေကျောက်မျက်ရတနာဆိုင် ဖက်ရှင်၊ ဖန်စီ၊ အထည်ဆိုင်၊ ကုန်မျိုးစုံ၊ စတိုးဆိုင် စတဲ့ သင့်ဆိုင်လုပ်ငန်းတွေမှာ ဝယ်သူများ ရောင်းအားကောင်း ငွေဝင်လာဘ်ရှင်၊ စီးပွား အမြန်တိုးတက်ချင်ပါသလား။
- ကုန်ပစ္စည်းမျိုးတူ ဆိုင်အယှဉ်အပြိုင်တွေထက် ပိုပြီးရောင်းကောင်း၊ ရောင်းသွက်၊ အနိုင်ရချင်သလား။ (နည်းလမ်းကောင်းတွေရှိပါတယ်)

ဆရာဦးပိုင်ဇအောင်(ဗိဇ္ဇာဘွဲ့)
(လက္ခဏာဗေဒပဟောခန်း)

အမှတ်(B.1)၊ မြေညီထပ်၊ တိုက်(၄၀) မဟာမြိုင်အိမ်ရာထိပ်၊
မဟာရန်ကုန်စားသောက်ဆိုင်ကြီးအနီး၊ ဦးဝိစာရလမ်း၊ (၄၀)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
☎ - ၀၉-၇၃၁ ၄၇၀၂၄၊ ၀၉-၅၀-၉၃၈၉၁



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်ခေတ်၊ မည်သည့်အချိန်က စပြီး ဘယ်သို့သော အဓိပ္ပာယ်မျိုးနှင့် မှည့်ခေါ်ခဲ့သည် မသိ။ ရွာကလေး၏ အမည်မှာ "ရေတွင်းကုန်း"။

တကယ်တော့ ရွာကလေးတွင် ရေတွင်းနှင့် တူတာဆို၍ မှုးလို့ ရှာစရာပင် မရှိပါ။ အနောက်ရိုးမတစ်နေရာမှ စီးဆင်းလာသော ချောင်းကလေးကိုသာ အားထားသောက်သုံးနေရသည် မဟုတ်လား။ နွေရာသီ ရေခန်းသောကာလများတွင် ချောင်းစပ် သဲမွမွများတွင် လက်ယက်တွင်းကလေးများနှင့် ရေတစ်အိုးစာ တစ်နာရီလောက် ကြာအောင် စောင့်ဆိုင်း ခပ်ယူနေရသည့် ဆင်းရဲမှုများကြားမှပင် ရေတွင်းကုန်းရွာကလေးအဖို့ အမည်ကသာ အဖတ်တင်လျက်။

မြို့ပြနှင့် မိုင် ၅၀ကျော်ကွာဝေးသော လူနေမှု။ နွားလှည်းလမ်းကပင် ရာသီမရွေး သွား၍မရသော အခက်အခဲ။ ဆင်းရဲကျပ်တည်းလွန်းသော ဘဝအနေအထိုင်။ အားလုံးပေါင်းလိုက်လျှင် ရေတွင်းကုန်းရွာကလေးသည် ခေတ်နောက်တွင် ကျချင်တိုင်း ကျနေသည်မှာ အဆိုးမဆိုသာပေ။

တောင်ယာစိုက်ခင်းလေးများက မဖြစ်စလောက်။ ဝါးခုတ်၊ နီဖြာလုပ်ငန်းလေးများက ဝင်ငွေ မမှန်။ ထင်းခွေ၊ မျှစ်ချိုးရသည်ကလည်း အဆင်မပြေ။ လူအားလုံး၏ ထမင်းအိုးများတွင် ပြောင်းဆန်ရောနေရသောအဖြစ်က ကျင့်သားကျလျက်။ ရာသီဥတုဆိုသော အရာကြီးကလည်း သူတို့၏ ထမင်းအိုးများကို မှောက်ချင်တိုင်း မှောက်၊ သွန်ချင်သလို သွန်။

သည်လိုနှင့် ဘဝကြမ်းကြမ်းများသည် တစ်ခါတလေ အနုပညာဆန်ချင်ခဲ့ကြသည်။ ဘိုးဘွားတို့လည်း အနုပညာဆန်ခဲ့ကြသည်။ ယနေ့ ရေတွင်းကုန်းရွာကလေးသည်လည်း အနုပညာဆန်ခဲ့ပါသည်။ မနှစ်က မိုးကလေးကလည်း မှန်၊ နှမ်းကလေးကလည်း ရဆိုတော့ ဖျင်ကြမ်းစလေးတစ်အုပ် ဆုတ်ပြီး ချုပ်ထားသော ခေါက်ရိုးကြေ အင်္ကျီလေးများက မိုးနံ့ထင်းထင်း။ တက်ထရွန်ပွင့်ရိုက် နှင်းဆီခက်ကြီးများနှင့် ဘဲကြားရိုက် ပါးကွက်ထူထူကိုယ်စီ။ ရေတွင်းကုန်းသူ အပျိုများကလည်း လှွတ်အမှုပိုကြပေ့။ လုံကွင်း စလွယ်သိုင်းနှင့် ကလေးငယ်များက ပြေးလွှားပျော်မဆုံးသည့် အဖြစ်။

ပစာကြောင့်နည်း မေးချိမ့်မည်။ မှန်၏။ သုံးနှစ်တစ်ခါ ကျင်းပသော ရေတွင်းကုန်းရွာ နတ်ပွဲပေတည်း။ ကဲ- ဘယ်လောက် အနုပညာဆန်လိုက်ပါသနည်း။ တစ်ရွာလုံးသည် မည်မျှပင်ပန်းဆင်းရဲခဲ့ကြသည်ကိုပင် မေ့မေ့ပျောက်ပျောက်။ မကြာသေးသည့် ရက်ကမှ အမေတစ်ယောက်လုံး ဆုံးထားသည့် "အောင်စက်"သည်ပင် လုံကွင်းအသစ်၊ စွပ်ကျယ်အင်္ကျီအသစ်နှင့် ပါးစပ်က နတ်ဒိုးတရွရွ။

◆◆◆

သည်နယ်တစ်ကြောတွင် ရေတွင်းကုန်းရွာနှင့် တွဲလျက် နာမည်ကြီးသော အရာနှစ်ခုရှိသည်။ တစ်ခုမှာ ယခုကျင်းပနေသော ရေတွင်းကုန်းရွာ ညောင်ပင်နတ်ဖြစ်သည်။ ညောင်ပင်နတ်သည် ရေတွင်းကုန်းရွာအနောက်ဘက်တောစပ် ညောင်ပင်ကြီးပင်။ ထိုညောင်ပင်ကြီးတွင် အရောင်လွင့်နေပြီဖြစ်သော ဖောင်းတော်စကလေးများ၊ ခြောက်သွေ့ညှိုးနွမ်းနေသော တောပန်းများနှင့် ညောင်ရေအိုးလေးများသည် ညောင်ပင်ကြီး၏ လူကြီးတစ်ရပ်စာခန့်တွင် ရှိသော နတ်ကွန်းလေးထဲတွင် သုံးနှစ်မပြည့်မချင်း ခွေ့ခွေ့မြည့်မြည့်။ သို့သော် ညောင်ပင်နတ်သည် အလွန်နတ်ကြမ်းသည်။ တစ်ရွာလုံးသာမက၊ တစ်နယ်လုံးကပါ ညောင်ပင်နတ်ကို ကြောက်ကြရသည်။ မရှိမသေ မလေးမစား မပြုလေနှင့်။ သေလျှင် သေ၊ မသေလျှင် ရူး၊ မရူးလျှင် ကျိုး ဆိုသလောက် ညောင်ပင်နတ်က အဖမ်းအစားကြမ်းခဲ့သည်။

ညောင်ပင်နတ်သည် ကလေး၊ လူကြီး မရွေး။ ဘုန်းကြီး၊ မယ်သီလ မရှောင်။ မဆိုးဖို့၊ တစ်ခုလပ် မခွဲ။ မည်သူမဆို ညောင်ပင်အောက်တွင် အလေးအပေါ့ မသွားရ။ ညစ်ညမ်းစကား မပြောရ။ တံတွေး မထွေးရ။ ဖိနပ်မစီးရ။ သမီးရည်းစား မတွေ့ရ။ ကိုယ်ဝန်သည် မဖြတ်ရ။ နာချေ နှာဆတ် မပြုရ။ မိန်းကလေးများ ဆံပင်ဖြန့်၍ မလာရ။ ယောကျ်ားလေးများ ခေါင်းတုံးတုံး၍ မလာရ စသည့် စသည့် စည်းကမ်းချက်များနှင့် ညောင်ပင်နတ်သည် တန်ခိုးကောင်းခဲ့သည်။

"ရှင်မိသကလေးတော့ ညောင်ပင်နတ် ဖမ်းစားလို့တဲ့။ ဒင်းလေးက ညောင်ပင်နားမှာ အပေါ့သွားခဲ့တာ ဆိုပဲ"

"ဟဲ့ - ဖြစ်မှာပေါ့အေ။ လူကြီးတန်မဲ့ ညောင်ပင်နတ်နားမှာ ကျွဲတွေကို ဆဲသအော့"

"ကန်တော့ပွဲနဲ့ တောင်းပန်ပါသေးတော်။ ဒွေးမြကိုယ်နှိုက်က ဘယ်လို စော်ကားထားလဲမှ မသိတာ။ အိမ်ရောက်တော့ အသက်ငွေ့ငွေ့ပဲ ပါလာတယ်"

စသည်ဖြင့် ရွာထဲတွင် ဗိုက်



www.burmeseclassic.com

www.burmeseclassic.com

အောင့်တာလည်း ညောင်ပင်နတ်၊ ခေါင်းကိုက်တာလည်း ညောင်ပင်နတ်၊ အသက် ဂဝကျော် အဘွားကြီး သေတာလည်း ညောင်ပင်နတ်၊ သစ်ပင်ပေါ် တက်ဆော့သည့် ကလေး လိမ့်ကျ၍ ခြေထောက်ကျိုးတာလည်း ညောင်ပင်နတ်။ ထစ်ခနဲ မရှိလိုက်နှင့် ညောင်ပင်နတ်ကို လက်ဖက်ပေးရ၊ ကန်တော့ပွဲတင်ရ၊ သားသမီးမွေးတော့လည်း ညောင်ပင်နတ်ကို ပြရသေးသည်။ လင်မယားဖြစ်တုန်းကလည်း ညောင်ပင်နတ်ကို တင်ရသေးသည်။ ဤသို့··· ဤသို့ ညောင်ပင်နတ် တန်ခိုးထွားပေစွ။

◆◆◆

ရေတွင်းကုန်းရွာကလေးတွင် ဒုတိယ နာမည်ကြီးသော အရာသည် ရွာလယ်ပိုင်းမှ ကိုရင်စံဒွေးဖြစ်သည်။ ကိုရင်စံဒွေးသည် အသက် ၄ဝခန့် လူပျိုကြီး။ မိဘနှစ်ပါးစလုံး မရှိတော့ဘဲ သူ၏ ညီမများနှင့် နေထိုင်သည်။ နေမစောင်းခင်က လေပြောင်းနေတတ်သည်။ ထန်းရည်သမား။ ထန်းရည်တင်ပဲလားဆိုတော့ မဟုတ်ပါ။ ချက်အရက်ကလေးကလည်း တစွတ်စွတ်။ သဘောမနောကောင်းပြီး အလွန်အစအနောက်သန်သူ။

စသည့် နောက်သည့်နေရာတွင် ရွာဦးကျောင်းဆရာတော်ကိုပင် အလွတ်မပေးခဲ့။ တံမြန်နှစ် ဝါတွင်းကာလ၊ ရွာဦးကျောင်း ဥပုသ်နေ့တွင် ကျောင်းပေါ်သို့ ကိစ္စတစ်ခုနှင့် ရောက်သွားသော ကိုရင်စံဒွေးက ကျောင်းတိုင်တွင် နှစ်ပေါင်းများစွာ ရှိနေခဲ့သော အင်္ဂလန်ဖြစ်တိုင်ကပ် နာရီကြီးကို လက်ညှိုးထိုးလျက်···

"ဘုန်းဘုန်းနာရီကြီး ညောင်ပင်နတ် ဖမ်းစားထားတာထင်တယ် ဘုရား။ တော်ကြာ ဒီနားရောက်လာလိုက်၊ တော်ကြာ ဒီနားရောက်လာလိုက်နဲ့ နာရီကြီး မျက်စိလည်နေတယ် ဘုရား"

ဟု အလျှောက်ကောင်းခဲ့ရာ ဆရာတော်က···

"တယ်···ဒီကောင်"

ဆိုပြီး အနားက ကြိမ်လုံးကို လှမ်းအဲဆွဲ အပြေးကောင်းခဲ့ရဖူးသည်။

နှမအရင်းခေါက်ခေါက် မယ်ခင်ကိုပင် ကိုရင်စံဒွေး၏ အစအနောက်နှင့် မလွတ်တတ်ခဲ့။ အလွန်မှပင် အရက်အကြောက်ကြီးသော နှမဖြစ်သူ မယ်ခင်ကို ရွာအရှေ့ပိုင်းမှ ဦးနောက်ကျပ်မပြည့်သော လေးကို မြှောက်ပင့်ပြီး···

"မင်းကို မယ်ခင်က တွေ့ချင်လို့ ရေခပ်ဆိပ်ကို လာခဲ့တဲ့"

ဆိုပြီး လွှတ်ပေးခဲ့သေးသည်။

ဤသို့နယ် ရေတွင်းကုန်းရွာကလေးတွင် ညောင်ပင်နတ်နှင့် ကိုရင်စံဒွေးဆိုသည်မှာ သည်နယ်တစ်ကြောတွင် မသိသူ မရှိ နာမည်ကြီးလှ၏။

သုံးနှစ်ရှိမှ တစ်ကြိမ်သာ ကျင်းပသော ညောင်ပင်နတ်ပွဲသည် ဆိုင်းသံ တခြိမ့်ခြိမ့်။ နတ်ဒိုးသံ တထိထိ။ မြို့မှ ငှားရမ်းထားသော နတ်ကတော်၏ နတ်ချင်းသံများကလည်း လော်စပီကာသံ တစ်ဆုံး မဟောနိုင် မပန်းနိုင်။ ရွာကလေးကလည်း သုံးနှစ်ရှိမှ တစ်ခါသာ ပျော်ခွင့် ပါးခွင့်ရရှိသော နတ်ပွဲတွင် ရှိစုမဲ့စုအကုန်ထုတ်လျက် ရွာနီးချင်းမှ ညှော်သည်များကို မမောမပန်း ညှော်ခံကျွေးမွေးလျက်။ လူငယ်အဲများစုမှာ ထန်းရည်လေး တမြမြ။ တောအရက်နံ့လေး တသင်းသင်း။ မိန်းမပျိုတိုင်းမှာလည်း လုံကွင်းသစ်၊ ရင်ဖုံးသစ်၊ သနပ်ခါးဘဲကျား ထူလပျစ်နှင့်။ ကလေးငယ်တစ်သိုက်ကတော့ အပျော်ဆုံးဟု ဘယ်သူမှ မငြင်းနိုင်။

ရေတွင်းကုန်းရွာကလေး၏ ရွာအနောက်ဘက် ညောင်ပင်နတ် ကွင်းပြင်တွင် နတ်ဒိုးသံ တထိထိ။ နတ်ချင်းသံ တဟာစ်ဟာစ်။ ခွေးနံ့ ဖုန်နံ့ အရက်နံ့ တထောင်းထောင်း လူအစည်ကားဆုံးအချိန်။ ပွဲကြီး ပွဲငယ် အသွယ်သွယ်၊ ကြက်ကြော်၊ ငါးကြော် အစုံစုံ။ ယစ်ရည်ရောင်စုံ အပြည့်အတင်း နတ်ပွဲခင်းကြီး၏ အနုပညာအဆန်ဆုံး အချိန်။ သို့မဟုတ် ညောင်ပင်နတ်ကို ပူဇော်ကပြနေသော နတ်ကတော်ကြီး၏ အရက်ပုလင်းအဖွင့်၊ ကြက်ကောင်လုံးကြော်ကြီးပေါ်သို့ သပြေခက်များ တဖြန်းဖြန်းအရိုက်···

"ဟော့ - ငါ ညောင်ပင်နတ်တဲ့ ဟော့"

ဆိုသော အသံနက်ကြီးသည် နတ်ဒိုးသံများကိုပင် ကျော်လွှမ်း၍ ပွဲခင်းတစ်နေရာမှ ထွက်ပေါ်လာသည်။ ဘယ်အချိန်က ပန်းရောင် ခေါင်းပေါင်းစကို ပေါင်းထားသည်မသိသော ကိုရင်စံဒွေးသည် သူ၏ ပုဆိုးစကို မ,လျက် ခေါင်းတခါခါ၊ လည်တယမ်းယမ်းနှင့် လူကြားထဲမှ ထွက်လာကာ နတ်ပွဲပေးနေသော စင်ပေါ်သို့ ကျော်တက်ပြီး နတ်ကတော်၏ လက်ထဲမှ အရက်ပုလင်းကို ဆွဲယူလျက် လက်တစ်ဖက်ကလည်း ကြက်ကြော်ကို လှမ်းယူလိုက်ပြီး အရက်တစ်ကျိုက်၊ ကြက်ကြော်တစ်ကိုက်နှင့်-

"ကဲ - သားတော်၊ ညောင်ပင်နတ်ဒိုး မရိုးနိုင်အောင် လက်ဖွင့်"

ဆိုပြီး နတ်ချင်းတစ်ပုဒ်ကို အကျအနဟဲလိုက်၊ အရက်ကို ကျိုက်လိုက်၊ ကြက်ကြော်ကိုက်လိုက်နှင့် . နတ်ကတော်လည်း ခြေမကိုင်မိ လက်မကိုင်မိ လွှတ်ထားလိုက်ရသည့်အခြေ။

သုံးနှစ်ကြာမှ တစ်ကြိမ်၊ ထို





www.burmeseclassic.com

www.burmeseclassic.com

တစ်ကြိမ်တွင် သုံးရက်တိတိ ကျင်းပရသော ညောင်ပင်နတ်ပွဲ၏ အစ ပထမနေ့ပွဲသည် ကိုရင်စံဒွေး၏ ပွဲလုံးလုံးဖြစ်သွားရသည်။ အားလုံးက ခပ်တည်တည် ဝင့်လုပ်သွားသော ကိုရင်စံဒွေးကို သိသိကြီးနှင့် ရယ်ရအခက်၊ စိတ်ဆိုးရအခက်နှင့်။ လူကြီးသူမများကတော့ -

"ဒီကလေးနှယ်…စ,စရာ နောက်စရာ ဒီလောက်ရှားရသလားလို့။ မတော် ညောင်ပင်နတ် ဖမ်းစားလိုက်မှဖြင့်…"

ဆိုပြီး ရင်တမမနှင့်။

နောက်နေ့မနက်လည်း ရောက်ရော ကိုရင်စံဒွေး ညက ပိုးထိလို့ ဆုံးသွားပြီဆိုတဲ့ သတင်းက အားလုံးကို ထိတ်လန့် တုန်လှုပ်သွားစေခဲ့သည်။ ဒီကလေးနှယ် မစကောင်း။ မနောက်ကောင်းဟု ဆိုသည့်သူက ဆို။ နည်းတောင် နည်းသေးတာဟု ညောင်ပင်နတ် ယုံကြည်သူများကလည်း ပြော။ နတ်မြွေကိုများ ဘာမှတ်လို့တုန်းဆိုသည့် အယူသည်းသူများကလည်း ရှိ။ နောက်ဆုံးမှာတော့ ကိုရင်စံဒွေး၏ အသုဘကို ချက်ချင်းကြီး ချလိုက်ရသည်။ တစ်ရွာလုံးတွင် အပျော်က တစ်ဖက်၊ ထိတ်လန့်နေရသည့် ယုံကြည်မှုက တစ်ဖက်နှင့် ဒုတိယနေ့နတ်ပွဲသည် နတ်ဗိုးသံများသည်ပင် အထစ်ထစ်။ နတ်ကတော် မိန်းမကြီးသည်လည်း နတ်သီချင်းများ အငေါ့ငေါ့။

အစီအရီချခင်း ပ,သထားသော အရက်ပုလင်းများသည် မည်သို့ကြောင့်မှန်း မသိလိုက်ဘဲနှင့် အဖုံးများ သူ့အလိုလိုပွင့်သွားသည်။ ရွာခံ နတ်ဝင်သည် ကြီးဒေါ်စိန်သည် လည်တခါခါ လက်တယမ်းယမ်းဖြစ်လာကာ လုံကွင်းကို တစ်ချက်မ,လိုက်ပြီး နတ်ကတော်လက်ထဲမှ မိုက်ခွက်ကို လုယူလျက်-

"ဟဲ့ - ငါ့ကို ဘယ်သူများ



အောက်မေ့နေသလဲဟဲ့"

ဟု စတင်ကာ နတ်ဝင်ပူးပါလေတော့သည်။

သေချာစွာ အသံကို နားထောင်မိလိုက်သောအခါ ကြီးဒေါ်စိန်၏ အသံသည် ကိုရင်စံဒွေး၏ အသံစစ်စစ်။ တကယ့် ကိုရင်စံဒွေးမှ ကိုရင်စံဒွေး။ အားလုံးက ထိတ်လန့် အံ့ဩကုန်ကြသည်။

"ဟဲ့ - သေသေချာချာ နားထောင့်ကြ။ သေသေချာချာလည်း မှတ်ထားကြ။ ကြားကြပလား။ ကဲ - ခုချိန်က စပြီး ညောင်ပင်နတ် မဟုတ်တော့ဘူး။ ညောင်ပင်နတ်က ကျွတ်သွားပြီး ငါ့ကို တာဝန်ပေးခဲ့တာ။ မှတ်ထားကြ၊ ဟုတ်ပလား။ ငါ ညောင်ပင် စံဒွေးနတ်ပဲ။ ကြားတယ်နော်။ ညောင်ပင် စံဒွေးနတ်။ အေး မင်းတို့ ပြေပြေလည်လည် လုပ်ကိုင် စားသောက်နိုင်အောင် ငါ ညောင်ပင် စံဒွေးနတ်က ကြည့်ရှုမယ်။ မင်းတို့က ငါ့ကို လေးလေးစားစား ဆက်ဆံကြ ဟုတ်ပြီလား။ ငါ့ရဲ့ ညောင်ပင်အောက်ကို ဘယ်သူမဆို ရောက်လာရင် "ခွေးမသား" လို့ သုံးခါခဲရမယ်။ အဲသလို မလုပ်ရင်တော့ ငါ့အကြောင်း သိရမှာပေါ့။ ကိစ္စတစ်ခုခုရှိလို့ အလိုပြည့်ချင်ရင် ငါ့ညောင်ပင်ကို သေးနဲ့ ကော့ပန်းရမယ် ဟုတ်ပြီလား။ မှတ်မိကြတယ်နော်။ အခုချိန်က စပြီး ငါ ညောင်ပင် စံဒွေးနတ်"

လို့ ပြောနေရင်းမှ ကြီးဒေါ်စိန်တစ်ယောက် မေ့လဲကျသွားတော့သည်။

ဤမျှနှင့် သုံးနှစ်ရှိမှ တစ်ကြိမ်၊ တစ်ကြိမ်ကျင်းပတိုင်း သုံးရက်တိတိ ကျင်းပရသော နတ်ပွဲ၏ ဒုတိယနေ့ညနေခင်းသည် ရေတွင်းကုန်းရွာကလေးအတွက် အံ့အံ့ဩဩ။

◆◆◆

"ဟော့ - မင်းတို့ကိစ္စတွေ ဘုန်းကြီးကို ဆွဲမထည့်ပါနဲ့ကွာ"

ဟု ရွာဦးကျောင်းဆရာတော်က ငြင်းဆိုလိုက်သည်။ ရပ်ရွာလူကြီးများကလည်း ဆုံးဖြတ်ရခက်ခက်။ နတ်ကတော်ကိုယ်နှိုက်ကလည်း အပြတ်မပြောရဲ။ တစ်ရွာလုံးက ဆိုလျှင် ဇဝေဇဝါနှင့်။ သို့ပေမယ့် ရေတွင်းကုန်းရွာကလေးအဖို့ တတိယနေ့ နတ်ပွဲကိုတော့ ကျင်းပရပေမည်။ မည်သည့်နည်းနှင့်မျှ ငြင်းပယ်၍ မရ။ ကိုရင်စံဒွေးနှင့် အခင်မင်ဆုံးဟု ပြောလျှင်လည်း ရ၊ သောက်ဖော် စားဖက် အရင်းခေါက်ခေါက်ကြီးလည်းဖြစ်သော သောင်းဝင်း၏ ပါးစပ်မှ "ခွေးမသား နတ်ကွာ" ဆိုသော စကားသံကို အားလုံးကြားလိုက်ရသည်။

* * *

လှမ်းရိပ်(စလင်း)

www.burmeseclassic.com

# နေစေး စာပေမှ

## သတင်းကောင်းပါးဖိတ်ခေါ်လိုက်ပါသည်

မြို့ရွာကျေးလက်၊ ရပ်ကွက်၊ ကျောင်း၊ ရုံး၊ တပ်တွင်း စာကြည့်တိုက် င့်လိုသူများ၊ မိမိအိမ်တွင် စာအုပ်အငှားဆိုင် ဖွင့်ပြီး အိမ်တွင်းစရိတ် င်ငွေရှာလိုသူများ၊ တစ်ဆင့်စာအုပ် ပြန်လည် ရောင်းချလိုသူများအား နေစေး" စာပေနှင့် အမြန်ဆုံးဆက်သွယ်ပါရန် လေးစားစွာ ဖိတ်ခေါ်လိုက် ါသည်။

လစဉ်ထုတ် မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ သိုင်း၊ ဥတ၊ ရသ၊ ပုံပြင်စာအုပ်များ စုံလင်စွာနှင့် လကျော်၊ တိုက်ကျစာအုပ်များ၊ တ္ထုစာအုပ်အဟောင်းများ၊ အသစ်များ လက်လီလက္ကား ဖြန့်ချိရောင်းချ ပးနေပါသည်။

### ဆက်သွယ်ရန်လိပ်စာ

ပင်ရင်း – အမှတ်(၁၉၅)၊ (၃၂)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
☎ – ၀၁–၂၅၄၆၂၅

ဆိုင်ခွဲ(၁) – အမှတ်(၄)၊ ကန်လမ်း၊ ထွန်းသီရိရုပ်ရှင်ရုံရှေ့၊ ပြည်မြို့။
☎ – ၀၉ ၅၃၁၃၃၁၄၊ ၀၉ ၅၃၇၀၅၅၄

ဆိုင်ခွဲ(၂) – အရှေ့မြို့ပတ်လမ်း၊ အ.လ.က–၁၁(ကျောင်းရှေ့)၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ ☎ – ၀၉ ၅၁၁၂၀၇၀

ဆိုင်ခွဲ(၃) – အမှတ်–၅/၆(B) ခရိုင်ရဲတိုက်တန်း၊ မိုလ်ချုပ်လမ်း၊ မကွေးမြို့။
☎ – ၀၉ ၈၆၂၁၀၆၄

www.burmeseclassic.com

www.burmeseclassic.com

( ၂၀၁၃ ခုနှစ် ဧပြီလ )

# ၁၂-ရာသီခွင်နှင့် သင့်ကံတရား

တက္ကသိုလ် စိုးမိုးနိုင်

## မိဿရာသီ



ARIES

( မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း )

အတွေးတူးခြားပြီး အရှေ့ဦးသွားမည့် ကာလဖြစ်သည်။ သင့်ကို မျက်ခြေမပြတ် စောင့်ကြည့်နေသူများ ကြားမှကြီးမားကျယ်ပြန့်သော စီးပွားရေးဈေးကွက်ကြီးတွေ့ရှိမည်။ လုပ်ငန်းတူ၊ စီးပွားတူတို့၏ ခြေလှမ်းကို ကွက်ကျော်မြင်နေမည်။ စီးပွားဥစ္စာ တိုးချဲ့လုပ်ကိုင်ခွင့်ရမည်။ အနှစ်နှစ်အလလက ခွဲခွာသွားသူ တစ်ဦးနှင့် ပြန်လည်ဆုံဆည်းရမည်။ ကျန်းမာရေးအနေဖြင့် ဇိမ်ကျကျ နေထိုင်တတ်ခြင်း၊ အစားအသောက်ကောင်းများကို ခုံမင်တတ်ခြင်းတို့ကြောင့် ချူချူချာချာဖြစ်ရတတ်သည်။

**ထီထိုးသင့်သောနေ့** - သောကြာ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၂)အစ (၈)အဆုံး။ (၅)အစ (၀)အဆုံး။

**ယတြာ** - မွေးနေ့မှာ တန်ခိုးကြီးဘုရားတစ်ဆူသို့သွားပြီး ပန်း၊ ရေချမ်းကပ်လှူကာ ပဋ္ဌာန်းဒေသနာတော်မြတ်ကို ရွတ်ဖတ်ပါ။

## ပြိဿရာသီ



TAURUS

( ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း )

စားရက်ကြံပြီး မှတ်ဆိတ်ပျားစွဲသော ကာလဖြစ်သည်။ စီးပွားရေးအောင်မြင်မှု၏ လျှို့ဝှက်ချက်မှာ မည်သူမှ မသိသောအရာကို သင် ကြိုတင်ပြီး ဝီရိယရှိရှိ လေ့လာသိရှိထားရန်ဖြစ်သည်။ တစ်ကွက်ကျော် လုပ်ဆောင်ထားရန်ဖြစ်သည်။ ယခုကာလတွင် သမားရိုးကျမှ လမ်းခွဲပြီး ဆန်းသစ်တီထွင်ကြည့်ပါ။ လတ်တလော ကိစ္စရပ်အတွက် မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ထားလိုက်ပါ။ ကျန်းမာရေးကောင်းမွန်စေရန်အတွက် ဗီတာမင်စီ၊ ဗီတာမင်ဘီ ပါဝင်သည့် အဆီအအိမ့်နည်းသော အစားအစာကို စားပါ။ ဟင်းခတ်အမွှေးအကြိုင်များကို ရှောင်ပါ။ သွားကျန်းမာရေးအတွက် အစားစားပြီးတိုင်း သွားပွတ်တံနှင့် ဖြင့် စနစ်တကျ သွားတိုက်ပါ။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ ကြာသပတေး။

**ရွေးချယ်ရမည့်ဂဏန်း** - (၃)အစ (၆)အဆုံး။ (၉)အစ (၀)အဆုံး။

**ယတြာ** - နံနက်တိုင်း မေတ္တာသုတ်ရွတ်ဖတ်ကာ သတ္တဝါအပေါင်းအပေါ် မေတ္တာဖြန့်ကျက်ထားပါ။

## မေထုန်ရာသီ



GEMINI

( မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း )

လက်ညှိုးညွှန်ရာ ရွှေဖြစ်နေတတ်သော ကာလဖြစ်သည်။ ယခုကာလမှာ မိမိကိုယ်မိမိ အထင်မသေးပါနှင့်။ သူတစ်ပါးကိုလည်း နှိမ့်ချမှမ်းဖို့ရန် မမေ့ပါနှင့်။ စီးပွားရေးလုပ်ငန်းရပ်တိုင်းကို ချိန်ဆပြီး လေ့လာ သုံးသပ်တတ်ရန် အထူးလိုအပ်ပါသည်။ ပျင်းရိခြင်း ခြောက်ပါးကို ရှောင်လျက် ဝီရိယကျခဲ့လျှင် မုချ ချမ်းသာကြွယ်ဝပေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ဝမ်းချုပ်ခြင်းဝေဒနာကို ခံစားရတတ်သည်။ ဝမ်းမချုပ်စေရန် အမျှင်များသော အစာများကို စားပါ။ နို့နှင့် ရေများများသောက်ပါ။ စိတ်လှုပ်ရှားသော အချိန်များတွင် အစာအစားပါနှင့်။ အစာစားသောအချိန်များတွင် စိတ်အေးချမ်းမှုရှိရန် လိုအပ်သည်။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ ဗုဒ္ဓဟူး။

**ရွေးချယ်ရမည့်ဂဏန်း** - (၁)အစ (၄)အဆုံး။ (၇)အစ (၂)အဆုံး။

**ယတြာ** - မိတ်ဆွေအပေါင်းအသင်းများကို ကြာဆံကြော်ကျွေးမွေးကာ ဒါနပြုပါ။



www.burmeseclassic.com

www.burmeseclassic.com

## ကရကဋ်ရာသီ



CANCER

( ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၁) ရက်အတွင်း )

အောင်မြင်ခြင်း မီးမောင်းက သင့်ကို လိုက်ရှာဖွေနေသော ကာလသို့ ရောက်ပြီ။ ထို့ကြောင့် "တစ်နေ့ တစ်လံ ပုဂံ ဘယ်ရွေ့မလဲ"ဆိုသော စကားကို နှလုံးသွင်းလျက် အောင်မြင်မှုလမ်းမကြီးပေါ် ၌ အားမာန်အပြည့်ဖြင့် လျှောက်လှမ်းသင့်ပြီ။ ကံလည်း ရှိ၊ ဝီရိယလည်း ကူခဲ့လျှင် အောင်မြင်ခြင်းက မြဲကြီး လက်ခတ်မလွဲ ရောက်ရှိပေမည်။ အိမ်၊ ခြံ၊ မြေကိစ္စကြောင့် အကျိုးအမြတ်ကြီးကြီးရရှိမည်။ ကျန်းမာရေးအတွက် ဗီတာမင် ကြွယ်ဝသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် လတ်လတ်ဆတ်ဆတ်များကို စားပါ။ တာရှည်ခံအောင် လုပ်ထားသော အစာများကို မစားပါနှင့်။

**ထီးထိုးသင့်သောနေ့** - တနင်္လာ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၃)အစ (၉)အဆုံး၊ (၄)အစ (၁)အဆုံး။

**ယတြာ** - အိမ်ရှိ ဘုရားမှာ သီလခံယူပြီး နှင်းဆီပွင့် (၁၀)ပွင့်၊ အောင်သပြေနှင့် မုန့်လုံးရေပေါ် ကပ်လှူပါ။

## သိဟ်ရာသီ



LEO

( ဇူလိုင်လ (၂၂) ရက်မှ ဩဂုတ်လ (၂၁) ရက်အတွင်း )

"တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်"အောင်မြင်သော ကာလဖြစ်သည်။ သင် ပစ်လွှတ်လိုက်သော မြှားက တစ်ပြိုင်နက်တည်း ငှက်နှစ်ကောင်ကို ထိမှန်သွားပေလိမ့်မည်။ ငွေ၊ ဝီရိယ၊ သတ္တိ၊ သိက္ခာတို့အပေါ်မှာ အရင်းတည်လျက် ကြိုးစားမှုတို့က နှစ်ထပ်ကွမ်း အောင်မြင်လာပါလိမ့်မည်။ နိုင်ငံရပ်ခြားကံ အထူးကောင်း၏။ လာဘ်ရွှင် ငွေရ ထီပေါက်ကိန်းရှိသည်။ ကျန်းမာရေးကောင်းသည်ထက် ကောင်းစေရန် အဆီနှင့် ကော်လက်စထရောနည်းပြီး အမျှင်များသော အစာများကို စားပါ။ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ ပဲသီး ပဲတောင့်များကို စားပါ။

**ထီထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ ကြာသပတေး။

**ရွေးချယ်ရမည့်ဂဏန်း** - (၄)အစ (၁)အဆုံး၊ (၂)အစ (ဂ)အဆုံး။

**ယတြာ** - သီလရှင်များကို ဆန်၊ ဆီ၊ ဆေးနှင့် ငွေကြေးလောင်းလှူပြီး လိုရာဆု တောင်းပါ။

## ကန်ရာသီ



VIRGO

( ဩဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း )

"မျက်နှာကြီးရာ ဟင်းဖတ်ပါ"နေသော ကာလဖြစ်သည်။ ကံကြမ္မာဇာတ်ဆရာက သင့်ဘက်မှာ လုံးဝ မရှိပါ။ ရက်စက်လွန်းသော ကံကြမ္မာကို အပြစ်မတင်ရက်ဘဲ ဘယ်သူမပြု မိမိမှုဆိုပြီး နှလုံးသွင်းလျက် ရင်နင့်အောင် ခံစားနေရတတ်သည်။ ကင်းခြေများမှာ ခြေတစ်ဖက်ကျိုးသွားလျှင်တောင် အသွားမပျက်သကဲ့သို့ သင်လည်း ဘဝမုန်တိုင်းကြောင့် မည်မျှဆုံးရှုံးစေကာမူ အားငယ်စိတ်လျှော့ မနေဘဲ ရှေ့သို့ ဆက်ချီတက်ပါ။ တစ်နေ့ လှပသော ဘဝပန်းတိုင်ကို ရောက်ရှိပေမည်။ ကျန်းမာရေးက ကောင်းတစ်ခါ၊ ဆိုးတစ်လှည့်ကြုံနေပေမည်။ မတည့်သောအစာကို ရှောင်ပါ။ တည့်သော အစာကို သင့်တင့်မျှတရုံသာ စားပါ။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ ဗုဒ္ဓဟူး။

**ရွေးချယ်ရမည့်ဂဏန်း** - (၀)အစ (ဂ)အဆုံး၊ (၇)အစ (၀)အဆုံး။

**ယတြာ** - မွေးနေ့တွင် သီလခံယူပြီး သမ္ဗုဒ္ဓေဂါထာတော်မြတ်ကို သက်စေ့ရွတ်ဖတ် ပူဇော်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**တူရာသီ**



LIBRA

( စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း )

အတိတ်၏ အရိပ်ကို ခံစားနေရသော ကာလဖြစ်သည်။ ကံ-ကံ၏ အကျိုးကို ယုံကြည်သက်ဝင်နေပေလိမ့်မည်။ သင် စိုက်ပျိုးထားသော အပင်၏ အသီးကို စားသုံးခွင့်ရပေလိမ့်မည်။ ကြိုးစားမှုရလဒ်ကောင်းများကို ခံစားခွင့်ရမည်။ စီးပွားဥစ္စာကို "ဥစ္စာရင်လို ဥစ္စာရင်ခဲ" ကြိုးစား စုဆောင်းမိမည်။ နိုင်ငံရပ်ခြားခရီးတစ်ခုကို သွားရပြီး အံ့သြလောက်စရာ တိုးတက်ကြီးပွားမှု ကြုံမည်။ ကျန်းမာရေးကောင်းသည့်ထက် ကောင်းမွန်စေရန် ကော်ဖီ၊ လက်ဖက်ရည်၊ အရက်တို့ကို ရှောင်ပါ။ ပရိတင်းကြွယ်ဝသော အစားများကို လုံလုံလောက်လောက်စားပါ။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ အင်္ဂါ။
**ရွေးချယ်ရမည့်ဂဏန်း** - (၉)အစ (၉)အဆုံး။ (၉)အစ (၆)အဆုံး။
**ယတြာ** - မိမိပတ်ဝန်းကျင်ရှိ ကလေးများကို သာကူတိုက်ကျွေးကာ ဒါနပြုပါ။

**ဗြိစ္ဆာရာသီ**



SCORPIS

( အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း )

တောက်ပသော နေရောင်ခြည် ဖြာဝင်းသော ကာလဖြစ်သည်။ စိတ်ဝင်းစားစရာ အတွေ့အကြုံသစ်များ ရရှိမည်။ လုပ်ငန်းကိစ္စမှာ စိတ်ကူးကောင်းသလောက် အကျိုးအမြတ်ဖြစ်ထွန်းမည်။ ပရိယာယ်ကြွယ်ဝခြင်းကြောင့် အရောင်းအဝယ်ကိစ္စရပ်များ အဆင်ချောနေပေလိမ့်မည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်ရခြင်း၊ ခေတ်မီ နည်းပညာနှင့်ဆိုင်ရာ ပညာရပ်များ ဆည်းပူးရခြင်းတို့ ကြုံမည်။ ပညာရေးကံကောင်းနေ၏။ ကျန်းမာရေးအတွက် တစ်နေ့လျှင် ရေ ၆ခွက်မှ ၈-ခွက်ထိ ဝဝသောက်ပါ။ တစ်နေ့လျှင် အစာ သုံးကြိမ်စားပါ။ နံနက်စာကို များများ၊ နေ့လယ်စာကို သင့်သင့်၊ ညစာကို နည်းနည်းစားပါ။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ သောကြာ။
**ရွေးချယ်ရမည့်ဂဏန်း** - (၉)အစ (၆)အဆုံး၊ (၁)အစ (၂)အဆုံး။
**ယတြာ** - မိမိအိမ်ရှိ ဘုရားစင်ကို သန့်ရှင်းရေးလုပ်ပါ။ သံဃာတော်များကို စတုမဓု လောင်းလှူပါ။

**ဓနုရာသီ**



SAGITTARIUS

( နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း )

လမင်းမှာ တိမ်ဖုံးနေသော ကာလဖြစ်သည်။ စိတ်မကြည်မလင်စရာ ကိစ္စရပ်အချို့နှင့် တွေ့ဆုံရတတ်သည်။ အလွဲလွဲအချော်ချော်ဖြစ်နေသည်များကြောင့် ကသိကအောက်ဖြစ်ရတတ်သည်။ ဝမ်းနည်းကြေကွဲစရာအချို့ ကြုံတွေ့ရတတ်သည်။ ယခုကာလမှာ မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းများကို ရှာဖွေပေါင်းသင်းပါ။ လုပ်ငန်းသစ်ကိစ္စကို မလောပါနှင့်။ ကျန်းမာရေးအတွက် အဆီနည်းသော အစားအစာများကို စားပါ။ ဝက်သား၊ အဆီများသော အသားများ၊ တိရစ္ဆာန်အဆီများ၊ အရေခွံများကို ရှောင်ပါ။ အသားအစား ငါး၊ ပဲနှင့် အသီးအနှံများကို စားပါ။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ သောကြာ။
**ရွေးချယ်ရမည့်ဂဏန်း** - (၅)အစ (၀)အဆုံး၊ (၅)အစ (၇)အဆုံး။
**ယတြာ** - သံဃာတော်များကို သင်္ကန်း(သို့မဟုတ်) ယပ်လှူဒါန်း ကုသိုလ်ပြုပါ။



www.burmeseclassic.com

www.burmeseclassic.com

မကာရရာသီ



CAPRICORN

( ဒီဇင်ဘာလ (၂၂) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း )

ကုမ္ပဏီကြီးပွင့်ကဲ့သို့ လရောင်ဆမ်းမှုကြောင့် လန်းဆန်းခွင့်ရရှိသော ကာလဖြစ်သည်။ ဘုရားတန်ခိုး၊ မိဘမေတ္တာ၊ ဆရာသမားဂုဏ်ကျေးဇူးကြောင့် လန်းဆန်းခွင့်ရရှိမည်။ လတ်တလောကိစ္စမှာ "ငါ တတ်နိုင်သလောက် လုပ်ပြီးပြီ"ဟု ပြောလျှင် အကျိုးမရှိနိုင်ပါ။ လုပ်ဖို့ လိုအပ်သည်ကို လုပ်မှ အကျိုးဖြစ်ထွန်းမည်။ ယခုကာလမှာ ငွေဝင်ပြီး စိန်ဆင်ခွင့်ရရှိပေလိမ့်မည်။ ကျန်းမာရေးအတွက် အစာကို အေးအေးဆေးဆေးစားပါ။ စိတ်လှုပ်ရှားနေစဉ် အစာမစားပါနှင့်။ စိတ်ချမ်းချမ်းသာသာဖြင့် အစာကို စားပါ။ အလောတကြီး မစားပါနှင့်။ အစာကို ကြေညက်စွာ ဝါးစားပါ။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း**- (၄)အစ (၂)အဆုံး၊ (၉)အစ (၆)အဆုံး။

**ယတြာ** - မွေးနေ့တွင် မွေးနံ့ထောင့်မှာ ရေသပ္ပာယ်ပြီး တံခွန်၊ ကုက္ကားနှင့် ထီးဖြူ ထီးနီလှူဒါန်းပါ။

ကုမ်ရာသီ



AQUARIUS

( ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း )

သင့်ထံပါးမှာ ကံကောင်းစေမည့် လိပ်ပြာကလေး ဝေ့ဝဲနေသော ကာလဖြစ်သည်။ ဆန်းသစ်တီထွင်လို စိတ် ပြင်းပြနေပေလိမ့်မည်။ ပါရမီကုသိုလ် ထူးခြားပြီး ဘာသာရေးဆိုင်ရာ အလှူမင်္ဂလာကိစ္စရပ်များ လုပ်ဆောင်ခွင့်ရရှိမည်။ ဝီရိယရှေ့ဆောင်နေခြင်းကြောင့် သာယာလှပသော ဘဝကို တည်ဆောက်ခွင့် ရရှိပေလိမ့်မည်။ အဖိုးတန် လက်ဝတ်ရတနာရရှိမည်။ ကျန်းမာရေးအတွက် ဝမ်းချုပ်မခံသင့်ပေ။ ဝမ်းမချုပ်စေရန် ပန်းသီး၊ ငှက်ပျောသီး၊ သင်္ဘောသီး၊ နာနတ်သီး၊ ဆီးသီး၊ လိမ္မော်သီး၊ ဖရဲသီးတို့ကို စားပါ။

**ထီထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏန်း**- (၃)အစ (၈)အဆုံး၊ (၅)အစ (၈)အဆုံး။

**ယတြာ** - အသက်ဂုဏ်ဝါကြီးသူများကို ဆေးဝါး၊ သစ်သီး၊ မုန့်နှင့် ငွေကြေးလှူဒါန်းပါ။

မိန်ရာသီ



PISCES

( ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း )

မိမိကိုယ်မိမိ တိုးတက်အောင် အမြဲတစေ ကြိုးပမ်းဆောင်ရွက်နေသော ကာလဖြစ်သည်။ လုပ်ငန်းတာ များ၏ အထင်ကြီး လေးစားမှုကို ရရှိမည်။ စားသောက်ကုန်လုပ်ငန်းနှင့် အကျိုးပေး အထူးကောင်း သည်။ သင့်စေတနာက သင့်ကို အကျိုးပေးပြီး ထီပေါက်သကဲ့သို့ ဝင်ငွေကောင်းများ ရရှိပေလိမ့်မည်။ နိုင်ငံရပ်ခြားကိစ္စက ဝေးမလိုလိုနှင့် အနီးလေးကို ရောက်ရှိလာမည်။ ကျန်းမာရေးအတွက် စားသင့် သောအစာကို စားသင့်သောအချိန်တွင် စားသင့်သော အချိုးအစားအတိုင်း စားသုံးပါ။ အချိုလွန်ကဲ သော မုန့်နှင့် ချောကလက်များ မစားပါနှင့်။ လတ်ဆတ်သော သစ်သီးများကို စားပါ။ သဘာဝအတိုင်း ရှိနေသော အစားအစာများကို စားပါ။

**ထီထိုးသင့်သောနေ့** - ကြာသပတေး၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏန်း** - (၁)အစ (၆)အဆုံး၊ (၆)အစ (၁)အဆုံး။

**ယတြာ** - အိမ်မှ ဘုရားမှာ အဖြူရောင်ပန်း၊ ရေချမ်းနှင့် ကောက်ညှင်းပေါင်းတို့ ကပ်လှူကာ သီလခံယူပါ။

***



www.burmeseclassic.com

www.burmeseclassic.com

# ခင်လွန်းသူရဲ့ ဝိညာဉ်

မောင်ထွဋ်ကောင်း



အစ်ကိုကြီး ကိုဟန်ညွှန့် ကွယ်လွန်ခဲ့သည်မှာ အနှစ် ၂၀ကျော်မျှပင်ရှိခဲ့ပြီ။ သို့သော်လည်း ယနေ့ယခုချိန်ထိပင် သူ့ကိုကျွန်တော် မမေ့နိုင်ခဲ့သေးပါ။ သေသေသူ ကြာလျှင်မေ့ဆိုသော စကားသည်ပင် ကျွန်တော့်အတွက် ချွင်းချက်ဖြစ်လိမ့် မည်ထင်ပါသည်။ သူ့ကိုကျွန်တော် မမေ့နိုင်ဖြစ်ခဲ့ရခြင်းမှာလည်း ကျွန်တော့်တဝဠ် သူသည် အမှတ်ထင်ထင်ဖြစ်စရာလေးများစွာကို ထားရစ်ခဲ့ခြင်းကြောင့်ဟု ဆို လျှင်လည်း ဆိုနိုင်ပါသည်။

♦♦♦



www.burmeseclassic.com

www.burmeseclassic.com

ကိုဟန်ညွန့်နှင့် ကျွန်တော်···

၁၉၆ဂ ခုနှစ်တွင် အမိတပ်ရင်းရှိရာ ဆင်တဲစခန်းသို့ ကျွန်တော်ပြန်ရောက်သည်။ ဆင်တဲစခန်းမှာ ကျွန်တော့်မွေးရပ်မြေနှင့် ရောဝတီမြစ်ကြီးသာ ခြားသည်။ ဆင်တဲစခန်းက အနောက်ဘက်ကမ်း။ ကျွန်တော့်မွေးရပ်မြေက အရှေ့ဘက်ကမ်း။ လှမ်းမျှော်ကြည့်၍ မြင်နေရသည်။ လပေါင်းများစွာ ခွဲခွာခဲ့ရသော မွေးရပ်မြေသို့ နားရက်တွင် ပြန်ဖြစ်ခဲ့သည်။ မိခင်၊ ဖခင်တို့နှင့် တွေ့သည်။ တစ်ရပ်ကွက်ထဲ၊ တစ်ခြံခြားမှာနေသော ကျွန်တော့်ချစ်သူ မိန်းကလေးအိမ်သို့ သွားသည်။ ထိုအိမ်မှာပင် ကိုဟန်ညွန့်နှင့် ကျွန်တော်စတင်တွေ့ခဲ့ရခြင်းဖြစ်ပါသည်။

ကျွန်တော့်ချစ်သူက ကြိုပြောထား၍လားမသိ၊ ကျွန်တော့်ကို ဖော်ရွေစွာ ဆက်ဆံသည်။ ကိုဟန်ညွန့်က ဗဟုသုတစုံသည်။ စကားပြောကောင်းသည်။ စစ်တပ်အတွေ့အကြုံလည်း ရှိသည်။ သူက တပ်မတော်လေတွင် တပ်ကြပ်အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ဖူးသူ၊ ကျွန်တော်က မနေ့တစ်နေ့ကမှ သင်တန်းဆင်းလာခဲ့သည့် စစ်သားသစ်ကလေး။ သူက အငြိမ်းစား စစ်သည်ဆရာအဆင့်အထိရှိခဲ့သူ။ စစ်တပ်အတွေ့အကြုံ ဗဟုသုတဖလှယ်ကြ၊ ဆွေးနွေးကြသည်။ ကဗျာအကြောင်း၊ စာအကြောင်းတွေလည်း ပြောဖြစ်ကြသည်။ တစ်မနက်ခင်းလေးမှာပင် ကိုဟန်ညွန့်နှင့် ကျွန်တော် ခင်မင်ရင်းနှီးသွားသည်။

ကျွန်တော့်ရည်းစား၏ အစ်မ၊ အစ်မကြီး မတင်မေနှင့် သူက ကျောင်းနေဖက် ငယ်ရည်းစား။ မကြာမီ သူတို့ လက်ထပ်ဖြစ်သွားကြသည်။ အစ်မကြီး မတင်မေတို့အိမ်မှာ လာပြီးနေသည်။ နဂိုကပင် ဗဟုသုတစုံသူ၊ အာဝဇ္ဇန်းကောင်းသူမို့ ကျွန်တော်တို့ရပ်ကွက်အတွင်းရှိ ကလေး၊ လူငယ်၊ လူလတ်၊ လူကြီး အမျိုးသမီးမကျန် လပိုင်း၊ နှစ်ပိုင်းအတွင်း ရင်းနှီးမှုရအောင် ပေါင်းနိုင်သင်းနိုင်သူဖြစ်သည်။

၁၉၇၂ ခုနှစ်ထဲ ရောက်တော့ နဝင်းရပ်ကွက်က မိန်းကလေးနှင့် ကျွန်တော် အိမ်ထောင်ကျသည်။ နဝင်းရပ်ကွက်မှာ အစ်ကိုကြီး ကိုဟန်ညွန့် မူလဇာတိရပ်ကွက်မို့ ကျွန်တော့်မင်္ဂလာကိစ္စတွင် စေ့စပ်ရန် ကမ်းလှမ်းခြင်း၊ စေ့စပ်ခြင်း၊ လက်ထပ်ခြင်းတို့အတွက် အစအဆုံး သူပင် တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။ သူက နှစ်ရပ်ကွက်သားဖြစ်နေ၍ လူငယ်များကလည်း သူ စီမံရာ နာခံကြသည်။ အားလုံး အထစ်အငေါ့မရှိ၊ အဆင်ပြေခဲ့သည်။

မင်္ဂလာဆောင်ပြီးတော့ နဝင်းရပ်ကွက်မှာ ကျွန်တော်နေဖြစ်သည်။ တပ်တာဝန်တစ်ဖက်နှင့်မို့ ရပ်ကွက်မှာ ကျွန်တော်အနေနည်းပါးသည်။ ဤသို့အားဖြင့် ရပ်ကွက်တွင်း အပေါင်းအသင်းမများလှသော ကျွန်တော်က နဝင်းရပ်ကွက်သားဖြစ်၊ သူက ရပ်ကွက်တွင် အမြဲနေသော အပေါင်းအသင်းများသည့် နဂါးလိမ်တန်းရပ်ကွက်သား စစ်စစ်ဖြစ်သွားသည်။

“

အစ်ကိုကြီး ဟန်ညွန့်တစ်ယောက်
ပြည်မြို့က နာမည်ကြီးဇာတ်
တစ်ဇာတ်တွင် ချိုကောက်နှင့်
ဘောက်လုပ်သားအဖြစ်
လိုက်ကနေသည်။
နယ်သို့ ဇာတ်ထွက်နေသည်ဆိုသော
အကြောင်းသာသိရသည်။
သူပါသည့် ဇာတ်
ပြည်သို့ပြန်ရောက်သည်

”

သူနှင့် ကျွန်တော်မှာ ပြည်မြို့တစ်မြို့တည်း အတူနေကြသော်လည်း မြို့မြောက်ဖျားနှင့် တောင်ဖျားဖြစ်နေ၍ တွေ့ဆုံမှုနည်းသွားသည်။ ကျွန်တော့်ဇနီး အကြီးစားစက်မှုလုပ်ငန်းစုတွင် အလုပ်ရရှိတော့ သွားလာရေး လွယ်ကူရန် ဆင်တဲသို့ ပြောင်းဖြစ်သွားသည်။ ထိုအခါ သူတစ်မြို့ ကိုယ်တစ်မြို့ ရောဝတီမြစ်ကြီး ခြားသွားသည်။ လူကြုံရှိမှသာ သူ့အကြောင်း၊ ကိုယ့်အကြောင်း သိရ၊ ပြောရသည်။

ကျွန်တော် တပ်နားရက် ပြည်ကို ရောက်သည်။ အစ်ကိုကြီး ဟန်ညွန့်နှင့် မတွေ့။ အစ်ကိုကြီး ဟန်ညွန့်တစ်ယောက် ပြည်မြို့က နာမည်ကြီးဇာတ် တစ်ဇာတ်တွင် ချိုကောက်နှင့် ဘောက်လုပ်သားအဖြစ် လိုက်ကနေသည်။ နယ်သို့ ဇာတ်ထွက်နေသည် ဆိုသော အကြောင်းသာ သိရသည်။ သူပါသည့် ဇာတ် ပြည်သို့ ပြန်ရောက်သည်။ ဇာတ်ခဏနားသည်ဆိုသောအချိန်ကျတော့လည်း ကျွန်တော် မအား၍ သွားမတွေ့ဖြစ်။ သူ့ဇာတ်နားရက်၊ ကျွန်တော့်တပ်အားရက်တို့ကလည်း တိုက်ဆိုင်ခဲလှသည်မို့ လူချင်းတွေ့ဆုံမှု နည်းပါးသွားပြန်ပါသည်။

◆◆◆

၁၉၈၀ ခုနှစ်ရောက်တော့ ကျွန်တော် တပ်ပြင် နေထိုင်ခွင့်တင်၍ ရထားသော လိုင်းခန်းပြန်အပ်လိုက်သည်။ ကျွန်တော့်အမေအိမ်မှာပဲ နေရက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ အမေ့အိမ်မှ တပ်သို့ မနက်သွား ညနေပြန် နေ့စဉ်သွားရသည်။ ထိုအချိန်က ကိုကြီး ဟန်ညွှန့် ပြည်မှာ မရှိပါ။ ကျေးရွာများတွင် သိုင်းသင်သွားနေသည်ဟု သူ့ဇနီးက ပြောသည်။ သူက မြန်မာ့သိုင်းဆရာဖြစ် သင်တန်းဆင်း လက်မှတ်ရထားသူဖြစ်ပြီး လက်သိုင်း၊ တုတ်သိုင်း၊ ဓားသိုင်း ကျွမ်းကျင်ထူးချွန်သည်။ သိုင်းပြောင်းပြန်နှင့် ရှမ်းကြီးသိုင်းကိုလည်း နှံ့စပ်ကျွမ်းကျင်စွာ တတ်မြောက်ထားသူဖြစ်သည်။

အစ်ကိုကြီး ဟန်ညွှန့် သိုင်းသွားသင်ပြီဆိုလျှင် အနည်းဆုံး သုံးလနှင့်အထက် ကြာတတ်သည်။ သင်တန်းရှိရာ ကျေးရွာများမှာပင် နေ၍ အိမ်မပြန်တော့။ တစ်ပတ်တစ်ခါ၊ နှစ်ပတ် တစ်ခါသာ သူ့အိမ်နှင့် သာရေးနာရေးကိစ္စရှိမှ ဆက်သွယ်သည်။ သူနှင့် နွယ်၍ပင် သူ့တပည့်အချို့နှင့် ကျွန်တော် ခင်မင်ခဲ့ကြရသည်။

တစ်နှစ်တွင် ရပ်ကွက်တွင်းရှိ စေတီတစ်ဆူမွမ်းမံပြုပြင်ရန် အခြေအနေပေါ်ပေါက်ခဲ့၏။ လိုအပ်သော ငွေကြေးအတိုင်းအတာအရ ရက်ရှည်အလှူခံမဏ္ဍပ်ဖွင့် အလှူခံရန် ရပ်ကွက်လူကြီးမိတ်များက တိုင်ပင်ဆွေးနွေးကြသည်။ သို့သော်လည်း အလှူခံရက်အတွင်း တစ်နေကုန် နိဗ္ဗာန်ဆော်လုပ်၊ မဏ္ဍပ်မှာ ပုံသေထိုင်ဖို့လူအတွက် အခက်တွေ့နေ၏။ ကြေးစား အခစား နိဗ္ဗာန်ဆော်ငှားဖို့မှာလည်း တစ်နေ့တစ်ထောင်နှင့်အထက်ဖြစ်နေ၍ မငှားချင်ကြ။ ထိုအခက်အခဲကို အစ်ကိုကြီး ဟန်ညွှန့်ကပင် ခေါင်းခံ ဖြေရှင်းခဲ့သည်။

စေတနာ့ဝန်ထမ်း၊ တစ်ပြားတစ်ချပ်မှ မယူသည့် ကိုယ့်ထမင်း ကိုယ်စား နိဗ္ဗာန်ဆော်သူလုပ်မည်။ ဂေါပကအဖွဲ့ဝင်များထဲမှ ကြီးကြပ်သူတစ်ဦး၊ ငွေလက်ခံသူတစ်ဦး အလှည့်ကျ ထားပေးပါ။ အလှူငွေလက်ခံခြင်း၊ ငွေစာရင်းကိုင်ခြင်းများ သူ တာဝန်မယူရလျှင် သူ အခမဲ့ နိဗ္ဗာန်ဆော်အဖြစ် လုပ်မည်ဟု အဆိုတင်သွင်းသည်။ ရပ်မိရပ်ဖများ၊ ဂေါပက လူကြီးများက သူ့အဆိုအတိုင်း ဝမ်းမြောက်ဝမ်းသာ သဘောတူကြသည်။ သူ့ကို နိဗ္ဗာန်ဆော်တာဝန်ပေးသည်။

အစ်ကိုကြီး ဟန်ညွှန့် နိဗ္ဗာန်ဆော်လုပ်တော့ ကျွန်တော်လည်း မနေသာ။ အချိန်ရလျှင် ရသလို မဏ္ဍပ်မှာ သွားထိုင်ဖြစ်သည်။ သူက အလှူရှင်များ သဒ္ဓါပွားချင်ဖွယ် ဘုရားဟောပိဋကတ်ကျမ်းဂန် အကိုးအကား၊ အထောက်များကို အသံအတက်အကျ အဆွဲအငင်နှင့် ပါဠိလိုလည်း ရွတ်၏။ မြန်မာလိုလည်း အနက်ပြန်၏။ ဒါနနှင့် ပတ်သက်သော ဇာတက၊ သာဓကများကိုလည်း ဘုန်းကြီးသံ၊ ယောက်ျား၊ မိန်းမ၊ အဖိုးကြီး၊ အဖွားကြီး၊ ကလေးသံများဖြင့် ကွက်စိပ်စာဟောသဖွယ် ဇာတ်စုံခင်းတတ်၏။ ဆုပေးအမျိုးမျိုးကိုလည်း တစ်နေ့အတွက် မထပ်စေဘဲ ကာရန်နံ့သောမိမိဖြင့် ပေးနိုင်သေး၏။

ကျွန်တော်ကတော့ စာကြမ်းပိုးပီပီ သူဟောသမျှ၊ ပြောသမျှ တေးဖြစ်၊ မှတ်ဖြစ်သည်သာ။ တစ်ခါတစ်ရံ သူ့အိမ် ညပိုင်းသွား၍ မသိမရှင်းလင်းတာ မေးဖြစ်၊ ဆွေးနွေးဖြစ်တော့လည်း သူက မညည်းမညူ ရှင်းပြသည်။ တချို့ကိုတော့ စာအုပ်ပါ ရှာပြီး အိမ်ကျမှပဲ ဖတ်၊ ပြီးမှ ပြန်ပေးကွာဟုလည်း ငှားတတ်သည်။

၁၉၇၇ ခုနှစ်ထဲ ရောက်တော့ ကျွန်တော့်အမေက နဂါးလိမ်တန်းရှိ အိမ်နှင့် ခြံကို ရောင်းပြီး ရန်ကုန်ကို ပြောင်းသည်။ ကျွန်တော်က ဝန်ထမ်းအလုပ်နှင့် ဖြစ်နေ၍ ပြည်မှာ ဆက်နေသည်။ အလုပ်ခွင်နှင့်နီးသော ခေတ္တရာရပ်ကွက်ကို ပြောင်းခဲ့သည်။ သူနှင့် ရပ်ကွက်ထဲမှ လူငယ်လေးနှစ်ဦးလိုက်ပါပြောင်းပေးသည်။ ကျွန်တော်က အားနာ၍ ပစ္စည်းလည်း မများသဖြင့် လိုက်မပို့ရန် ပြောသော်လည်း အိမ်သိထားအောင်လို့ပါကွာဟု ဆိုကာ လိုက်ပါကူညီခဲ့သည်။

ကျွန်တော် ခေတ္တရာရပ်ကွက်၌ ရောက်ရှိပြီး သုံးလခန့်အကြာတွင် ဌာနတာဝန်ဖြင့် စီမံခန့်ခွဲမှုသင်တန်း ဖောင်ကြီးသို့ သွားတက်ရသည်။ သင်တန်းကာလမှာ တစ်လသာသာပဲ တက်ရသည်။ နံနက်ပိုင်း သင်တန်းဆင်းပွဲအပြီးတွင် မီရာကားဖြင့် ပြည်သို့ ကျွန်တော် ပြန်ခဲ့သည်။

BURMESE CLASSIC .com

ပြည်အဝေးပြေး ယာဉ်ရပ်နားစခန်းသို့ ကျွန်တော် စီးနင်းလိုက်ပါလာသော ယာဉ်ရောက်ရှိတော့ ညနေ ၆ နာရီခွဲသွားပြီ။ ခရီးသည် လာကြိုသူများကြား၌ မျှော်လင့်မထားဘဲ အစ်ကိုကြီး ဟန်ညွှန့်ကို လှမ်းမြင်လိုက်သည်။ ကျွန်တော်ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ သူက ပြုံး၍ ကျွန်တော့်ကို လက်လှမ်းပြသည်။ ကားပေါ်မှ ဆင်း၍ သူ့ထံသို့ တည့်တည့်မတ်မတ်သွားလိုက်သည်။

သူ နည်းနည်းပိန်သွားသည်။ မျက်နှာက အနည်းငယ် ညှိုးရော်ရော်နှင့် ကျန်းမာရေးလည်း သိပ်ကောင်းပုံမရ။ အသက်ကလည်း ရလာပြီပဲ။ ကျွန်တော်နှင့် ကင်းကွာနေသည့် ၄ လလောက်မှာ နေထိုင်မကောင်းလို့ပင် ဖြစ်မှာပါဟု တွေးမိသည်။

"အစ်ကိုကြီး ဧည့်သည်လာကြိုတာလား"

ကျွန်တော်လှမ်းမေးတော့သူက



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းကို ခါယမ်းရင်း "မင်းကို လာကြိုတာ"ဟု ပြောသည်။ ကားဂိတ်တွင် ဧည့်ကြိုများ၊ တည်းခိုခန်းပွဲစားကြိုများနှင့် ဆိုက်ကားဆရာတို့၏ လှမ်းခေါ်သံ၊ အသိမိတ်ဆွေများ နှုတ်ဆက်သံတို့ကြောင့် စီစီညံနေသည်။ စကားအေးအေးဆေးဆေးပြောရန် လက်ဖက်ရည်ဆိုင်ကို ခေါ်တော့ သူ ငြင်းသည်။

"မနက်ဖြန်နံနက် ၇နာရီအရောက် မင်း ငါ့အိမ်ကို လာခဲ့၊ တရားလည်း နာ၊ မုန့်လည်း စားရအောင်။ အဲဒါ မင်း မလာဖြစ်မှာစိုးလို့ ငါကိုယ်တိုင်လာဖိတ်တာ"ဟု သူက ပြော၍ ကျွန်တော် ဆက်ဆက်လာခဲ့မယ်ဟု ကတိပေးလိုက်သည်။ ကျွန်တော် သူ့အလှူလာမည်ဟု ကတိပေးလိုက်၍ သူ ဝမ်းသာသွားပုံရသည်။ "မင်းခရီးပန်းလာတယ်၊ ပြန်တော့။ မနက်သာ မင်းဆက်ဆက်လာခဲ့ကွာ။ ငါလည်း ပြန်တော့မယ်"ဟု နှုတ်ဆက်၍ ပြန်သွားသည်။

ကျွန်တော်လည်း ဘေး၌ အသင့်ရပ်ထားသော ဆိုက်ကားတစ်စီးဖြင့် အိမ်သို့ ပြန်ခဲ့သည်။

◆◆◆

ကျယ်လောင်စူးရှသည့် နာရီနှိုးစက်သံကြောင့် ကျွန်တော် လန့်နိုးခဲ့ရသည်။ နံနက် ၅နာရီခွဲရှိနေပြီ။ အိပ်ရာမှ နိုးနိုးချင်း ဗိုက်က ဆာလာသည်။ မျက်နှာသစ်၊ သွားတိုက်၊ အဝတ်အစားလဲ၊ ဝေယျာဝစ္စများဖြင့် နာရီဝက်ခန့် အချိန်ကုန်သွားသည်။ တစ်ခုခု အဆာပြေစားချင်သော်လည်း အချိန်က မရှိ၊ အစ်ကိုကြီး ဟန်ညွှန့်အိမ်ကျမှပဲ စားတော့မည်ဟု ဆုံးဖြတ်ကာ လိုင်းကားဖြင့် မြို့ထဲသို့ ထွက်ခဲ့သည်။

ကားမှတ်တိုင်နှင့် အစ်ကိုကြီး ဟန်ညွှန့်အိမ်က အနည်းငယ်လှမ်းသည်။ ခြေလျင် မိနစ်အနည်းငယ်တော့



လျှောက်ရသေးသည်။ အိမ်ရှေ့၌ စားပွဲရှည်၊ တန်းလျား၊ ထိုင်ခုံလေးငါးခုံသာ မြင်ရ၍ သာမန်အလှူလေးတစ်ခုလုပ်တာပဲဟု တွေးမိသည်။ အသိ လူငယ်လေးတစ်ဦးက လက်အုပ်ချီ၍ အိမ်ထဲသို့ လက်ညှိုးညွှန်ပြသဖြင့် ဘုန်းကြီးရောက်နေပြီဟု သိလိုက်ရသည်။ အိမ်ထဲ၌ တရားနာ ပရိသတ်က သိပ်မများလှ။ နောက်နားခပ်ကျကျ လွတ်နေသော နေရာလပ်တွင် ဝင်ထိုင် သီလယူလိုက်သည်။

သီလပေးအဆုံးတွင် ခါးကို အနည်းငယ်မတ်၍ တရားနာပရိသတ် ရှေ့ဆုံးသို့ ကျွန်တော်လှမ်းမျှော်ကြည့်လိုက်သည်။ အစ်ကိုကြီး ဟန်ညွှန့်နှင့် သူ့ဇနီး မတင်မေတို့နှစ်ဦးကို လက်အုပ်ချီလျက်သား မြင်လိုက်မိသည်။ သီလပေး ဆရာတော်က ချောင်းတစ်ချက်ဟန့်ရင်း တရားဟောဖို့ အစပျိုးသည်။

"ဒီကနေ့ ပြုလုပ်တဲ့ ကောင်းမှုကုသိုလ်ကတော့ လွန်ခဲ့သော တစ်ပတ်ခန့်က ကွယ်လွန်အနိစ္စရောက်ခဲ့ပြီး ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားရာပြီဖြစ်တဲ့ ဒကာကြီး ဦးဟန်ညွှန့်အတွက် ရည်စူး ရည်မှန်းပြီး ပြုလုပ်တဲ့ ကောင်းမှုကုသိုလ်အလှူဆိုတော့..."

ကျွန်တော့်စိတ်တွင် ဇဝေဇဝါဖြစ်သွားသည်။ မနေ့ညနေကပင် အစ်ကိုကြီး ဟန်ညွှန့်နှင့် ကျွန်တော်တွေ့ခဲ့သေးသည်။ ဒီအိမ်သို့ လာခဲ့ဖို့လည်း သူကိုယ်တိုင်ပင် ဖိတ်ခဲ့သည်။ စောစောလေးက သီလယူတာပင် မြင်လိုက်ရသေးသည်။ အခုတော့ သူ့အတွက် ရည်စူး ရည်မှန်းပြီးလုပ်တဲ့ အလှူ။ သူ ကွယ်လွန်တာ တစ်ပတ်ပင် ရှိသွားပြီ။ ကျွန်တော် ဒုတိယအကြိမ် ရှေ့ကို လှမ်းကြည့်ဖြစ်သည်။ သူ့ကို မမြင်၊ အစ်မကြီး မတင်မေက ပခုံးတွင် တဘက်ဖြင့် မျက်ရည်သုတ်နေသည်။ အမှန်တကယ်ပင် အစ်ကိုကြီး ဟန်ညွှန့် ကွယ်လွန်သွားခဲ့ပြီပဲ။

သက်ရှိထင်ရှားရှိစဉ်က အစ်ကိုကြီး ဟန်ညွှန့်က ကျွန်တော့်အား မည်မျှခင်မင်ခဲ့ပါသည်ဟု ပြောစရာမလိုပါ။ ကွယ်လွန်အနိစ္စရောက်ပြီးနောက်ပင် ကျွန်တော့်အား ခင်မင်ဆဲဖြစ်ကြောင်း သူ သက်သေပြခဲ့ပြီ။ သီလပေး ဆရာတော် ဟောပြောသွားသော တရားသံကို ကျွန်တော်ကြားပါသည်။ သို့သော်လည်း တိတိကျကျ နားမရှင်း။ အကြားအာရုံများ ဝေဝါးနေသည်။

ရေစက်ချ အမျှဝေသံထွက်ပေါ်လာ၍ ကျွန်တော် သာဓုလိုက်ဆိုမိသည်။ အားလုံး သာဓုခေါ်အပြီးတွင် အစ်ကိုကြီး ဟန်ညွှန့် ကောင်းရာသုဂတိဘုံဘဝ၌ စံစားခံစားနိုင်ပါစေ"ဟု ရင်တွင်းကပင် ကျိတ်၍ ဆုတောင်းဆန္ဒပြုလိုက်မိပါသည် ■

*****

မောင်ထွဋ်ကောင်း




www.burmeseclassic.com

www.burmeseclassic.com



အနန္တဂုဏာ လောကမာရဇိန်စေတီတော်မြတ်ကြီး



# အာစရိယ္လတ္တာကံပုဂ္ဂိုလ် အဘ ဦးဂျိုးသိန်း

BURMESE CLASSIC .com

နှင့်

## မောင်လှအောင်

ကိုရွှေသိမ်းအေး(LL.B)၊ ငါးသိုင်းချောင်း

မြစ်ဝကျွန်းပေါ်ဒေသ ပုသိမ်ခရိုင်၊ ငါးသိုင်းချောင်းမြို့သည် လူနေထူထပ်စည်ကားလှ၏။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြို့လေးလည်းဖြစ်၏။ တောတောင်ရေမြေ သယံဇာတပေါကြွယ်ဝ၏။ လယ်ယာကိုင်းကျွန်းပေါ်များ၍ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ဆန်ရေစပါးအထွက်များ၏။ စီးပွားရေးဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ လူနေမှုအဆင့်အတန်းလည်း မြင့်မား၏။ ဘာသာ၊ ဣာသနာစည်ပင်ထွန်းကားရာအရပ်ဖြစ်၏။ ဗုဒ္ဓဘာသာ နေရောင်၊ လရောင်ပမာ ထွန်းလင်းတောက်ပရာဒေသပင်ဖြစ်၏။

စေတီ၊ ပုထိုးအမျိုးမျိုးတွင် "အနန္တဂုဏာ လောကမာရဇိန်စေတီတော်မြတ်ကြီး"သည် အရှေ့က နေဝန်းထွက်သည့်ပမာ ထီးထီးမားမားဖြင့် ကြည်ညိုစရာကောင်းလေစွ။ ဉာဏ်တော်အမြင့်မှာ အတောင် (၁၀၀)ပင် ရှိ၏။ ဝတ်ဖြူစင်ကြယ်ဖြင့် ဘိုးတော်တစ်ပါးက လှေကူးတို့ဆရာ ဦးစံဒွန်းအား ရွှေဖြစ်ငွေဖြစ် လုံးတစ်လုံးကို ပေး၍ လမ်းညွှန်ကာ တည်ထားခြင်းဖြစ်၏။ ဂမ္ဘီရဇာတ်လမ်းတစ်ပုဒ်ဖြင့် မှတ်တမ်း



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ခဲ့သည့် စေတီတော်ကြီးသည် ယခုအခါ နှစ် (၁၀၀)ပင် ကျော်ခဲ့ပေပြီ။

"အနန္တဂုဏ လောကမာရဇိန်"ဘွဲ့တော်မှာ -

အနန္တ - အဆုံးမရှိသော၊

ဂုဏ - ဗုဒ္ဓ၏ အရဟံအစ ဘဂဝါအဆုံး ကိုးပါးသော ဂုဏ်တော်အပေါင်း၊

လောက - လောကသုံးပါး (သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက)၊

မာ - မရ် (မာရ်ငါးပါး)၊

ဇိန် - ဇိန(မာရ်ငါးပါးကို အောင်မြင်တော်မူသည့် အမြတ်ဆုံးသော မြတ်စွာဘုရား)၊

လောကသုံးပါးတို့တွင် မာရ်အပေါင်း၊ ရန်အပေါင်းတို့ကို အောင်မြင်တော်မူသည့် ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်၊ ကျေးဇူးတော်၊ ဂုဏ်တော်အပေါင်းတို့ အဆုံးမရှိသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးဟု အဓိပ္ပာယ်ရလေသည်။

စေတီတော်ကြီးတွင် နေ့စဉ် ဝတ်မပျက် ဝေယျာဝစ္စ ဆောင်ရွက်နေသော အဘတစ်ဦးကို တွေ့ရ၏။ အဘသည် စစ်ရောင် လွယ်အိတ်တစ်လုံးကို စလွယ်သိုင်း၍ ကွမ်းတမြုံ့မြုံ့ဖြင့် တပည့်များနှင့် ဘုရားမှာ တံမြက်စည်းလှည်းနေ၏။ ဘုရားပန်း၊ ရေချမ်း၊ အမွှေးတိုင်၊ ဆီမီးများ ကပ်လှူပူဇော်လျက်ရှိ၏။ အရုဏ်ဦးတွင် အဘသည် ဝတ်မပျက် နေ့စဉ် ဆောင်ရွက်နေမြဲပင်။

အဘသည် စေတီတော်ကြီး၏ အနောက်ဘက်မုခ်တန်ဆောင်းတော်ကြီးတွင် "ထွက်ရပ်စခန်း ဝိဇ္ဇာလမ်း"အမည်ဖြင့် ဓာတ်နန်းတစ်ခုဖွင့်လှစ်ထားသည်။ ဓာတ်နန်းတွင် အဘဘိုးဘိုးအောင်နှင့် အဘ အောင်မင်းခေါင်ပုံတော်များမှာ ပန်းပုရုပ်ကြီးများဖြစ်ပြီး ကျန်ဘိုးတော်များမှာ ပန်းချီကားချပ်ကြီးများ ဖြစ်ပါသည်။ ငှက်ပျောပွဲ၊ အုန်းပွဲများ မညှိုးတမ်း ကပ်လှူထားပါသည်။ အဘသည် ဘုရားရောက်လျှင် ကြာသပတေးထောင့်တွင် ရှိခိုးပြီး ဘိုးတော်ဓာတ်နန်းတွင် ဝင်ရောက်ရှိခိုးကာ ပြန်လေ့ရှိသည်။

ဘုရားမှ ပြန်လျှင် တပည့်များကို မုန့်ဆိုင်များတွင် မုန့်ဝယ်ကျွေးခြင်း၊ ကျေးငှက်သာရကာနှင့် တိရစ္ဆာန်များကို အစာကျွေးခြင်း၊ မြို့တွင်းရှိ အလှူခံများကို လှည့်လည်၍ အလှူငွေများ ထည့်လေ့ရှိပါသည်။ နေ့စဉ် ဝတ်မပျက် ဆောင်ရွက်နေသဖြင့် အာစိဏ္ဏကံပုဂ္ဂိုလ်ကြီး အဘ ဦးဂျိုးသိန်းဟုပင် အမည်မှည့်တွင်ခဲ့လေသည်။

အိမ်သို့ လာသော တပည့်များကိုလည်း မေတ္တာကွမ်းမန်းများ ကျွေးလေ့ရှိပါသည်။ ကွမ်းထုပ်လေးများကိုလည်း ပေးလေ့ရှိသဖြင့် တစ်နေ့လျှင် ကွမ်းတစ်ပိဿာခန့်ပင် ကုန်လေသည်။

အိပ်မက်အရ လာကြသော ရပ်ဝေးမှ ပုဂ္ဂိုလ်များကမူ ငါးသိုင်းချောင်းမြို့တွင် ကွမ်းဘိုးတော်ရှိသည်ဟု စုံစမ်းမေးမြန်းလာကြလေသည်။ သို့ဖြစ်၍ အဘသည် ရပ်ဝေး၌မူ ကွမ်းဘိုးတော်ဟုပင် အမည်ကျော်ကြား လူသိများလှ၏။

မြန်အောင်မြို့မှ ရောက်ရှိလာသော ဗိုလ်မှူးတစ်ဦး၏ ပြောကြားချက်မှာ "ကျွန်တော့်ကို အိပ်မက်ပေးတယ်ဗျာ။ ငါးသိုင်းချောင်းမှာ ကွမ်းဘိုးတော်ရှိတယ်။ သွားရောက်ဖို့ တိုက်တွန်းလို့ ကျွန်တော်လာခဲ့တာ။ ပထမ ကျွန်တော် ငါးသိုင်းချောင်းကို မရောက်ဘူးလို့ ကျုံပျော်တပ်ရင်းမှာ ဝင်စုံစမ်းတော့ တပ်ရင်းက ရဲဘော် ၄ယောက်ထည့်ပေးလိုက်တယ်လေ။ ဒီရောက်တော့ ဟုတ်နေတယ်ဗျာ။ အိပ်မက်ထဲက အတိုင်းပါပဲ။ ကွမ်းဘိုးတော်အစစ်ပါပဲ။ ကျွန်တော့်ကို အဘက ကွမ်းမန်းလည်း ကျွေးတယ်။ အပြန်မှာ ကွမ်းထုတ်လေးလည်း ပေးလိုက်တယ်။ ရတနာသုံးပါးဂုဏ်တော်တွေ ပုတီးစိပ်ဖို့ အကုသိုလ်ကို ကုသိုလ်က နိုင်တယ်။ ကုသိုလ်ကို ဖိလုပ်ဖို့ ဆုံးမပါတယ်ဗျာ"ဟု ပြောပြလေသည်။

ဗိုလ်မှူးဆိုသူမှာ ပြုံးရွှင်စွာ ဆက်ဆံတတ်ပြီး အဘကိုလည်း ရိုသေစွာ ရှိခိုးကန်တော့ခဲ့ပါသည်။ အဘ၏ တပည့်များကိုလည်း ခင်မင်ရင်းနှီးစွာ ဆက်ဆံခဲ့လေသည်။ နောင်အခါ ဗိုလ်မှူးသည် ရာထူးတက်သွားကြောင်း သတင်းရရှိပြီး အဘထံ လာသောအခါ အဘမှာ ကွယ်လွန်ခဲ့ရှာပေပြီ။

အဘတွင် ပုတီးစိပ်သော တပည့်မျိုးစုံရှိ၏။ ရာထူးရာခံရှိနေသူများ၊ ဆင်းရဲချမ်းသာ တပည့်များစွာရှိလေသည်။ အဘသည် တပည့်များကို မွေးခြင်းမဟုတ်။ တပည့်များကသာ အဘ၏ သီလ၊ သမာဓိ၊ ပညာကို ယုံကြည်လေးစားကြသဖြင့် ရောက်လာကြခြင်းဖြစ်၏။

အဘမျက်နှာမှာ မေတ္တာဓာတ်တို့ဖြင့်သာ ပြည့်လျှံနေ၏။ တပည့်များကို မေတ္တာ၊ ကရုဏာမျက်လုံးများဖြင့်သာ ရှုမြင်စေခဲ့၏။ ဆင်းရဲချမ်းသာမရွေး မနောဓာတ်များ အညီအမျှပေးဝေ၏။ အဘနှင့် တပည့်များတွင် ထူးခြားဆန်းကြယ် အံ့ဩဖွယ် ဂမ္ဘီရဇာတ်လမ်းလေးတွေလည်း များစွာရှိခဲ့၏။ ထိုအထဲမှ အဘနှင့် မောင်လှအောင်တို့၏ ဇာတ်လမ်းလေး တစ်ပုဒ်ကို မှတ်တမ်းရွေးထုတ်ကာ တင်ပြရလျှင်···

မောင်လှအောင်သည် လူငယ်ဆိုသော်လည်း ဘာသာ



www.burmeseclassic.com

www.burmeseclassic.com

တရားရှိသောကိုင်းရှိုင်းသည်။ အဘ ဦးဂျိုးသိန်း၏ နေ့စဉ် အာစိဏ္ဏကံ ဝေယျာဝစ္စများကို ဆောင်ရွက်ပေးသော သားတပည့်လည်းဖြစ်သည်။ နံနက် ၄နာရီတွင် အဘ ဘုရားဝတ်ပြုအမီ စကြာပန်းများကို နေ့စဉ် ရေချိုင့်ကြီးတစ်လုံး ခူးပို့ရသည်။ အဘနှင့်အတူ လောက မာရဇိန်စေတီတော်ကြီးတွင် ပုတီးစိပ်ခြင်း၊ တံမြက်စည်းလှည်းခြင်းများ ဆောင်ရွက်နေမြဲပင်။ ဘုရားမှ ပြန်လျှင် အဘအိမ်တွင် အဘ၏ အဆုံးအမများ နာကြားပြီး အဘပေးသော မေတ္တာကွမ်းမန်းများ ယူဆောင်စားသုံးလျက် ရှိခိုးကန်တော့ကာ အလုပ်သွားလေ့ရှိပါသည်။

မောင်လှအောင်သည် လက်မှုပညာဖြင့် ငါးသိုင်းချောင်းမြို့ လှူစည်ကားရာ ကားဂိတ်တွင် နာရီပြင်ဆိုင်လေး ဖွင့်ထားပါသည်။ သူ၏ ရိုးသားကြိုးစားမှုကြောင့် လုပ်ငန်းများ အဆင်ပြေ ဖွံ့ဖြိုးတိုးတက်မှုရှိပါသည်။

သို့သော် လူတို့သည် မည်သို့ပင် ဖြစ်စေရိုးသားစေကာမူ အကုသိုလ်ဝင်လာလျှင် လောကဓံနှင့် ရင်ဆိုင်ကြုံတွေ့ရစမြဲပင်။ တစ်နေ့တွင် မောင်လှအောင်တစ်ယောက် စိတ်သောက ဗျာပါဒတို့ဖြင့် အဘထံ ရောက်လာလေသည်။

"အဘရယ်၊ သားကို ဗေဒင်ဆရာက ဟောတယ်။ မင်း ခိုးရာပါ နာရီကြောင့် အမှုအခင်းဖြစ်မယ်။ ပြီးတော့ ခွေးကိုက်ခံရမယ်တဲ့။ ခွေးကိုက်ခံရရင် သတိထားပေတော့။ ခရီးသွားစရာများရှိလို့ ကားအစိမ်းရောင် စီးခဲ့မိရင် ကားမှောက်ပြီး အသက်အန္တရာယ်ရှိနိုင်တယ်တဲ့"

အဘသည် မျက်နှာငယ်စွာ စိုးရိမ်သောကဖြင့် ပြောနေသော မောင်လှအောင်ကို ကြည့်ပြီး မေးလိုက်ပါသည်။


"မင်း နှစ်ခုတော့ ဖြစ်ပြီးပြီမဟုတ်လား"

မောင်လှအောင် အံ့သြသင့်စွာ အဘမျက်နှာကို ဖျတ်ခနဲ မော့ကြည့်လိုက်ပါသည်။

"ဟုတ်တယ် အဘရဲ့။ နာရီကလည်း မှန်တယ်။ ရပ်ကွက်ဥက္ကဋ္ဌက ကောက်ရတာ။ ပိုင်ရှင်ရှာမရလို့ သားဆီမှာ လာရောင်းတာ။ နောက်တော့ ပိုင်ရှင်ပေါ်လာတယ်။ ဥက္ကဋ္ဌကိုယ်တိုင် ရှင်းပေးလို့ ပြေလည်သွားတယ်"

"နောက်တစ်ခု၊ သားကို ခွေးလည်း အကိုက်ခံရတယ်။ ဒါပေမယ့် လူကိုတော့ အကိုက်မခံရဘူး။ ပုဆိုးတော့ စုတ်သွားတယ် အဘ"

"အေး၊ ငါ့သား မင်းမှတ်ထား။ အကုသိုလ်ကို ကုသိုလ်က နိုင်တယ်။ ကုသိုလ်သာ ဖိလုပ်ပါ။ မင်း ဒီပွဲကျော်ရင် လက်ခမောင်းခတ်တော့ ငါ့သား"



အာစိဏ္ဏကံပုဂ္ဂိုလ် အဘဦးဂျိုးသိန်း

BURMESE CLASSIC .com

အဘသည် အားပေးစကားလည်း ပြောသည်။ မေတ္တာကွမ်းမန်းလည်း ကျွေးလေသည်။

"အဘရယ်၊ ဗေဒင်ဆရာက ခုထိ အကုန်မှန်နေတော့ သားမှာ မနက်ကို နာရီပစ္စည်းတွေ ဝယ်ဖို့ကိစ္စ ပုသိမ်ကို မသွားမဖြစ် ချိန်းထားတာ အဘရဲ့"

"ဘာဖြစ်လဲ၊ သွားပေါ့"

အဘက အေးဆေးစွာ ပြောလိုက်သဖြင့် မောင်လှအောင် မချင့်မရဲ ခံစားမိသည်။

"သားက ကားစီးရမှာ။ ဗေဒင်ဆရာက ကားစီးရင် အစိမ်းရောင်ကားဆို ရှောင်တဲ့ အဘရဲ့။ မရှောင်သာလို့ စီးမိရင် ကားမှောက်ပြီး အသက်အန္တရာယ်ရှိတယ်တဲ့။ သားတော့ ဒုက္ခပဲ အဘရယ်"

"အေးပါကွာ၊ မနက်သွားခါနီး အဘဆီ လာခဲ့ဦး"

အဘသည် မောင်လှအောင်ကို ကရုဏာသက်စွာ ပြောလိုက်လေသည်။

နံနက် အရုဏ်တက်ချိန်တွင် မောင်လှအောင်သည် ဘုရားမှာ ပုတီးစိပ်၊ ဝေယျာဝစ္စများ ဆောင်ရွက်လျက် မေတ္တာပို့ အမျှဝေကာ အဘထံ စကြာပန်းများနဲ့အတူ ရောက်လာလေသည်။ ပုသိမ်ကို မသွားမဖြစ် သွားရသော်လည်း ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com

နေမိပါသည်။ အဘသည် မောင်လုအောင်အတွက် ကွမ်းမန်းများကို အောက်ပါအတိုင်း ကွမ်းရွက်ပေါ်တွင် ထုံးသုတ်တံဖြင့် ရေးသားလျက် ယာနေလေသည်။

၅။
ငှိတိညာ၊ ညာတိငှိ

BURMESE CLASSIC .com

"ရော့၊ ဒီကွမ်းကို အခုစား။ ဒီကွမ်းထုပ်ကိုတော့ ကားစီးတော့မှ စား"ဟု အဘက ပြောဆိုကာ ကွမ်းမန်းများ ပေးလေသည်။

အဘကို ရှိခိုးကန်တော့ပြီး ထွက်ခွာသွားသော မောင်လုအောင်အား "အန္တရာယ်ကင်းပါစေ၊ ဘေးကင်းပါစေ" ဟု အဘသည် မေတ္တာများ ပို့သနေလေသည်။

"ကဲ- ပုသိမ်သွားမယ့် ခရီးသည်တွေ ဒီကို လာနော်။ ပုသိမ်ကို နံနက် ၆နာရီထွက်မယ်"

မောင်လုအောင်တစ်ယောက် ကားဂိတ်ရောက်သော် ကားစပါယ်ယာ၏ အသံကျယ်ကျယ်ဖြင့် အော်သံကို ကြားလိုက်ရ၏။ ထွက်မည့်ကားကို လှေ့လာကြည့်သည်။ တော်ပါသေးရဲ့ ကားက အနီရောင်၊ ဦးအငွေမောင်းသော ကားဖြစ်သည်။ နောက်တစ်စီးမှာ ၇နာရီထွက်မည့် ဦးအငွေ၏သား ကိုမြင့်လွင်မောင်းသောကားဖြစ်သည်။ ကားအရောင်မှာ အစိမ်းရောင်ဖြစ်နေသည်။ မောင်လုအောင် နောက်တွန့်လျက် ကားအနီရောင်ပေါ်သို့ အမြန်လေး တက်ထိုင်လိုက်ပါသည်။

နံနက် ၆နာရီတွင် ပုသိမ်သို့ ကားထွက်ခွာလာပါသည်။ မောင်လုအောင်သည် အဘပေးသော ကွမ်းမန်းတစ်ယာကို စားလျက် လိုက်ပါလာပါသည်။ ဂုဏ်တော်များကိုသာ ရွတ်ဖတ်ပွားများလျက် ရှိပါသည်။ ကားမောင်းချိန်မှာ ၂နာရီ ၃၀ မိနစ်ခန့်သာ ကြာပါသည်။ ပုသိမ်မြို့သို့ ချောမောစွာ ရောက်ရှိခဲ့ပါသည်။ မောင်လုအောင်သည် ရွှေမောဌောဘုရားကြီး အနီးရှိ "အိုမီဂါ"နာရီဆိုင်ကြီးတွင် လိုအပ်သော နာရီပစ္စည်းများ ဝယ်ယူခဲ့လေသည်။

ထို့နောက် ကားဆရာ ဦးငွေအား ...

"ဦးလေးငွေ၊ ကျွန်တော် ပုသိမ်ရောက်တုန်း ရွှေမောဌောဘုရားကြီးမှာ ပုတီးစိပ်ဦးမယ်။ ကားထွက်ရင် ကျွန်တော့်ကို မေ့မထားခဲ့ပါနဲ့နော်။ ကျွန်တော် မကြာပါဘူး"

မောင်လုအောင်သည် ပုသိမ်ရောက်တိုင်း ရွှေမောဌောဘုရားကြီးမှာ အချိန်လု၍ ပုတီးစိပ်လေ့ရှိပါသည်။ တန်ခိုးကြီးဘုရားကြီးမှာ ကြုံတောင့်ကြုံခဲ ပုတီးစိပ်ရသည်မှာ အလွန်အရသာရှိလှပေသည်။

သို့ဖြစ်၍ ဘုရားကြီးတွင် ပုတီးစိပ်ပြီး အေးငြိမ်းစွာဖြင့် သမာဓိတရား ရင်မှာ ထား၍ ပြန်လာလေသည်။ ဘုရားအောက်သို့ ရောက်သောအခါ မောင်လုအောင်၏ သမာဓိလေးသည် လေးဂွသမားကို တွေ့လိုက်ရသည့် ငှက်တစ်ကောင်ပမာ လျှပ်တစ်ပြက်ပင် ပျံသန်းလို့ ပြေးချေတော့၏။

အကြောင်းမှာ ဘုရားအောက်တွင် အစိမ်းရောင်ကားက အဆင်သင့်။ မောင်လုအောင်ကို စောင့်ကြိုနေပေသည်။ ကားဆရာမှာ ဦးလေးငွေမဟုတ်၊ သားဖြစ်သူ ကိုမြင့်လွင်ကိုသာ တွေ့ရသည်။

"လုအောင်ရေ...လာကွ၊ မင်းကို စောင့်နေရတာ၊ ခရီးသည်တွေ စုံနေပြီ"

"ကိုမြင့်လွင် ကျွန်တော်စီးတာ ခင်ဗျားအဖေ ဦးလေးငွေကားလေ၊ သူနဲ့ပဲ လိုက်မယ်"

"ဟုတ်တယ် ညီလေး။ အဖေက အရေးကြီးတဲ့ ကိစ္စရှိလို့ မင်းကို မစောင့်နိုင်လို့ သွားပြီ။ မင်းကို စောင့်ခေါ်ဖို့ ငါ့ကို မှာခဲ့တာ။ ဒီကားပဲ ရှိတော့တယ်။ လာလာ...ရှေ့ခန်းကို မြန်မြန်တက်"

ကိုမြင့်လွင်က ပြောပြောဆိုဆိုဖြင့် ကားစက်ကို နှိုးလိုက်ပါသည်။ ငါးသိုင်းချောင်းသို့ ပြန်မည့်ကားကလည်း ဤကားတစ်စီးသာ ရှိသည်။ ရှောင်လွှဲ၍မရသည့်အဆုံး မောင်လုအောင် ကားရှေ့ခန်းသို့ တက်လိုက်ရပါသည်။ ကားရှေ့တွင် ဒေါ်ကြီးတစ်ယောက်နှင့်အတူ ထိုင်လိုက်လာသည်။

စောစောက ပုတီးစိပ်၍ အေးငြိမ်းနေသော စိတ်ကလေးသည် မျောက်တစ်ကောင်လို ဖမ်းလို့မမိတော့။ ဗေဒင်ဆရာ၏ စကားများကို မောင်လုအောင် နားထဲတွင် ကြားယောင်လာမိသည်။

"အကယ်၍များ ခွေးကိုက်ခံရလျှင် သတိထားပေတော့။ ခရီးများ သွားခဲ့လို့ ကားအစိမ်းရောင် စီးမိရင်..."

"ဘုရား...ဘုရား..."

မောင်လုအောင် ဘုရားတလိုက်မိသည်။ ကားပေါ်မှာလည်း ခုန်ချချင်စိတ်ပေါက်လာမိသည်။ ဂဏှာမငြိမ်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



အာစိဏ္ဏကံပုဂ္ဂိုလ် အဘဦးဂျိုးသိန်းဖွင့်လှစ်ခဲ့သော ထွက်ရပ်စခန်းဝိဇ္ဇာလမ်းဓာတ်နန်း

သော မောင်လှအောင်ကို ဘေးမှ ဒေါ်ကြီးကလည်း အံ့သြစွာကြည့်နေသည်။

အဘပေးသော ကွမ်းမန်းကို သတိရ၍ ငုံထားလိုက်ပါသည်။ ရတနာသုံးပါးကို စိတ်က ရည်မှန်း၍ ရှိခိုးလိုက်ပါသည်။ ဘုရားဂုဏ်တော်များ ပွားများလျက် လိုက်ပါလာခဲ့လေသည်။ "အဘရေ သားကို အန္တရာယ်မဖြစ်အောင် ကယ်ပါဦး"ဟု စိတ်ကလည်း အဘထံ ပန်ကြားနေပါသည်။

သို့ဖြစ်၍ မောင်လှအောင် စီးလာသော ကားလေးသည် ပုသိမ်မှ ငါးသိုင်းချောင်းသို့ ထွက်လာစဉ် "ဒါးက"အနီး ရိုးကြီးရွာအရောက်တွင် ကားမှာ အရှိန်မထိန်းနိုင်ကာ ဘေးသို့ ဆွဲကျသွားပါတော့သည်။ ၁၅ပေခန့်မြင့်သော ကားလမ်းမှ "ဒါးက"မြစ်ကမ်းစပ်သို့ ဘေးတိုက် ဖြည်းဖြည်းချင်း လိမ့်ဆင်းကာ တစ်ပတ်လည်၍ မှောက်လျက်အနေအထားဖြင့် ကျသွားပါသည်။

ကားမှောက်စဉ် မောင်လှအောင်သည် လုံခြုံ သတိလစ်သလို ခံစားလိုက်ရပါသည်။ သတိပြန်ရသောအခါ ရှေ့ကားတံခါးဂျက်မှာ ဖွင့်မရသဖြင့် အနီးရှိ ကားဂျိုက်ဖြင့် ရိုက်ဖွင့်လျက် တွန်းထွက်လိုက်ပါသည်။ ကားရှေ့ခန်းမှ အတူထိုင် အဒေါ်ကြီးကိုလည်း တွဲလျက်ဆွဲထုတ် ကူညီနိုင်ခဲ့ပါသည်။ ကားမှာ "ဒါးက"မြစ်ထဲသို့ ကျသော်လည်း ရေမှာ ချက်ချင်း မမြုပ်၊ တဖြည်းဖြည်းသာ မြုပ်လာသဖြင့် အချိန်မီ ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

မကြာခင် ကားမှာ ရေမြုပ်သွားပါတော့သည်။ မောင်လှအောင်မှာ ရေမြုပ်သွားသောကားကို ကြည့်လျက် အသက်အန္တရာယ်မှ သီသီလေးလွတ်လာသည့် သူ့အဖြစ်ကို သံဝေတရား ရင်မှာ ပွားနေမိပါသည်။

လောကတွင် ရန်သူနှင့် ကြုံကြိုက်သည့်အခါ လက်နက်မပါခဲ့လျှင် ကြောက်ရ၏။ အားကိုးစရာ လက်နက်ကလေးများ ပါလျှင်မူ ရန်သူနှင့် တွေ့ကြားသော်လည်း မကြောက်မရွံ့ ရဲဝံ့ကြ၏။

ထိုနည်းတူစွာ မိမိတို့မှာ အကုသိုလ်နည်းပါး၍ ကုသိုလ်ကောင်းမှုများ တိုးပွားစေရန် ကြိုးစားကြ။ ကုသိုလ်များလျှင် အကုသိုလ်ကို နိုင်မည်။ အိုလျှင်လည်း အိုကောင်း၊ သေလျှင်လည်း သေကောင်း၊ သေပြီး နောက်ဘဝပြောင်းလျှင်လည်း အကောင်းဘဝပြောင်းကြရမှာမို့ သိပ်မကြောက်ရပေ။ ကုသိုလ်မည်သည် မိမိတို့အဖို့ အားပေးနေသည့် အားဆေးတစ်ခုပင်၊ စသည်ဖြင့် သပြေကန် ဆရာတော်ကြီး၏ အဆုံးအမကို အဘသည် ပြောကြားလေ့ရှိသဖြင့် မောင်လှအောင် အမြဲတမ်း သတိရနေပါတော့သည်။

မတော်တဆ ကားမှောက်မှုဖြစ်ပွားစဉ် ၁၅မိနစ်ခန့်အကြာ ပုသိမ် တိုင်းရဲမင်းကြီးရောက်လာပြီး ခရီးသည်များကို ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ မောင်လှအောင်နှင့် ခရီးသည်များလည်း တိုင်းရဲမင်းကြီး စီစဉ်ပေးသော ကားဖြင့် ချောမောစွာ ပြန်လာခဲ့လေသည်။

BURMESE CLASSIC .com

မောင်လှအောင်သည် ကားစီးရင်း အပြန်ခရီးတစ်လျှောက် အတွေးများ နယ်ချဲ့နေမိပါသည်။ ယခုလို အသက်အန္တရာယ်မှ လွတ်မြောက်ရခြင်းမှာ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးပင်။ လောကမာရဇိန်စေတီတော်ကြီးတွင် ပုတီးစိပ်၊ ဘုရားပန်းတော်၊ ဆွမ်းတော်၊ ရေချမ်းတော်၊ ဆီမီးတော်များ ကပ်လှူခြင်း၊ တံမြက်စည်းလှည်းခြင်း စသည့် ဝေယျာဝစ္စများ ဆောင်ရွက်နေသည့် အကျိုးကျေးဇူးပင်ဖြစ်ကြောင်း ယုံကြည်နေမိသည်။

သူ့ဘဝအား ယခုလို ဘာသာတရား ရှိသေကိုင်းရှိုင်းတတ်ပြီး ယဉ်ကျေးသိမ်မွေ့အောင် သွန်သင်ပေးသော ဆရာသခင် အာစိဏ္ဏကံပုဂ္ဂိုလ်ကြီး အဘ ဦးဂျိုးသိန်းကို မေ့ပျောက်လို့မရနိုင်။ အဘ၏ အေးမြလှသည့် မေတ္တာ၊ စေတနာများကို ရင်ဝယ် တသသ ခံစားနေမိသည်။ အဘ၏ ဆုံးမစကားများကိုလည်း သတိရလျက်ရှိပါသည်။

"မင်းမှတ်ထား၊ မောင်လှအောင်"

"ဝိဇ္ဇာ ၅မျိုးရှိတယ်ကွ။ အဓိပ္ပာယ်ကတော့ အတတ်ပညာအဘိညာဉ်၊ ဗေဒင်ကျမ်း၊ မန္တန်၊ အရိယာဉာဏ်၊ သစ္စာလေးပါး မဂ်ဖိုလ်တရားကို သိသောဉာဏ်လို့ ဆိုလိုတယ်။

(၁) ဝေဒဝိဇ္ဇာ၊


(၂) မန္တဝိဇ္ဇာ၊

(၃) ဂန္ဓာဝိဇ္ဇာ၊

(၄) လောကီယဝိဇ္ဇာ၊

www.burmeseclassic.com

www.burmeseclassic.com



အာစိဏ္ဏကံပုဂ္ဂိုလ် အဘဦးဂျိုးသိန်းဖွင့်လှစ်ခဲ့သော
ထွက်ရပ်စခန်းဝိဇ္ဇာလမ်းဓာတ်နန်း

(၅) အရိယာဝိဇ္ဇာရယ်လို့ ၅မျိုးရှိတယ်။

ငါ့သား၊ သူတော်ကောင်းဝိဇ္ဇာတွေကို ဘယ်တော့မှ မပြစ်မှားမိစေနဲ့။ မဟာဂန္ဓာရီဝိဇ္ဇာတွေဟာ သူတော်ကောင်းတရားများကို အားထုတ်တယ်။ သူတစ်ပါးကိုလည်း အသက်ရှည်ရာရှည်ကြောင်း နည်းလမ်းကောင်းများ ညွှန်ပြပေးတယ်။ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားများကို အားထုတ်အောင် တိုက်တွန်းတယ်။ ဒုက္ခိတ သတ္တဝါတွေကို ကယ်တင်တယ်။

ရတနာသုံးပါးဂုဏ်တော်တို့ကို ကိုယ်၌ အမြဲထုံစေပြီး တန်ခိုးကြီးတဲ့ ဘောစောင့်နတ်၊ တောင်စောင့်နတ်၊ မြေစောင့်နတ်(ဘုမ္မစိုး) အင်းအိုင်ကို အုပ်စိုးတဲ့ ဝိဇ္ဇာဒေဝနတ်၊ သိုက်သမိုင်းဝင် ဆေးပင်မျိုး၊ ကျောက်ဓာတ်မျိုးကို အုပ်စိုးတဲ့ ဩသဓိဒေဝနတ်၊ အလုံးစုံသော နတ်တွေကို ရင်ဝယ်သားကဲ့သို့ ချစ်ခင်စွာ မေတ္တာပို့သနေရတယ်။

ဒါကြောင့် ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်သလို၊ သူတော်ကောင်း ဘိုးတော်ဝိဇ္ဇာတွေကိုလည်း မပြစ်မှားမိစေနဲ့ ငါ့သား"

"မင်း အဲဒါတွေ သိချင်ရင် အသျှင်ဇောတိပါလ ရေးတဲ့ ဝိဇ္ဇာသမိုင်းနှင့် ချမ်းသာရေးလမ်းစဉ်စာအုပ်နဲ့ ထေရဝါဒ ဆရာတော်ကြီး လယ်တီဆရာတော်ရေးတဲ့ ဝိဇ္ဇာမဂ္ဂဒီပနီကျမ်းကို ဖတ်ကြည့်"

မောင်လှအောင်သည် မြို့ရောက်၍ ကားရပ်လိုက်တော့မှ အဘ၏ အဆုံးအမ အတွေးစများ ရပ်သွားပါတော့သည်။ ငါးသိုင်းချောင်းမြို့သို့ ရောက်သော် မှောင်အတိကျနေပေပြီ။ ည ၇နာရီပင် ရှိနေသည်။ ကားပေါ်မှ ဆင်းလိုက်စဉ် မောင်လှအောင် ချမ်းစိမ့်စိမ့်ဖြစ်သွားပါသည်။ ကားမှောက်ရာတွင် "ဒါးက"မြစ်ရေများ စိုရွှဲနေခြင်းကို သတိရလိုက်မိသည်။

အဖြစ်အပျက်များကို သိ၍ မိသားစုများက လာစောင့်၍ ကြိုဆိုကြသော်လည်း အိမ်သို့ မပြန်။ အဘထံသို့သာ ဦးတည်သွားနေလေသည်။ သေကံမရောက် သက်မပျောက်ရသည့် အဖြစ်အပျက်များကို ဆရာသခင်အား ပြောပြချင်သည်။ အဘအိမ်သို့ရောက်သော် တံခါးများ ပိတ်ထားသဖြင့် အိမ်ရှေ့တံခါး ဝါးကွက်ကြားမှ ချောင်းကြည့်လိုက်စဉ်...

"သားကြီးရေ...မင်း ဒီပွဲအောင်ပြီကွ။ လက်ခမောင်းခတ်ပေတော့။ မင်းတစ်ကိုယ်လုံးလည်း ရေတွေ ရွှဲနေတယ်။ အအေးမိလိမ့်မယ်။ ပြန်ပေတော့။ အဘလည်း ဘုရားဝတ်ပြုချိန်ရောက်ပြီ၊ မင်းပြောမှာတွေ ငါသိပါတယ်ကွာ။ အကုသိုလ်ကို ကုသိုလ်က နိုင်တယ်ကွ။ ကုသိုလ်သာ ဖိလုပ်ပေတော့ ငါ့သားရေ"

အဘသည် ပြောပြောဆိုဆို ဘုရားဝတ်ပြုရန် အပေါ်ထပ်သို့ တက်သွားလေသည်။ မောင်လှအောင်လည်း ဆရာသခင်ကို အိမ်ရှေ့ကပင် လက်အုပ်ချီလျက် ပြန်လှည့်လာခဲ့ပေတော့သည်။

မောင်လှအောင် နားထဲမှာတော့...

"အကုသိုလ်ကို ကုသိုလ်က နိုင်တယ်ကွ။ ကုသိုလ်သာ ဖိလုပ်ပေတော့ ငါ့သားရေ"ဆိုသော ဆရာသခင် အာစိဏ္ဏကံ ပုဂ္ဂိုလ်ကြီး အဘ ဦးဂျိုးသိန်း၏ ဆုံးမစကား ပဲ့တင်သံများကိုသာ အထပ်ထပ်ကြားယောင်လျက်...။

မြတ်စွာဘုရားရှင်သည် ဓမ္မပဒ၊ လောကဝဂ်တွင် အင်္ဂုလိမာလ မထေရ်မြတ်ကို အကြောင်းပြု၍ အောက်ပါ ဂါထာကို ဟောကြားတော်မူခဲ့လေသည်။

"ယဿပါပံ ကတံ ကမ္မံ၊ ကုသလေနပိဓိယတိ၊
သောမံလောကံ ပဘာသေတိ၊
အဗ္ဘာ မုတ္တောဝ စန္ဒိမာ"

"အကြင်ပုဂ္ဂိုလ်အား ပြုအပ်သော အကုသိုလ်ကံကို ကုသိုလ်ဖြင့် ပယ်ဖြတ်အပ်၏။ အကုသိုလ်ကို ကုသိုလ်ဖြင့် ပယ်ဖြတ်သော ပုဂ္ဂိုလ်သည် တိမ်တိုက်မှ လွတ်သော လမင်းပမာ ထွန်းလင်းစေ၏"။

* * *


ကိုရွှေသိမ်းအေး*(LL.B)*–ငါးသိုင်းချောင်း

*မှတ်ချက်* ။ ဤဖြစ်ရပ်မှန်ကို ပြောကြားပေးသော ကိုလှအောင်နှင့် မမြမြဝင်းတို့အား ကျေးဇူးတင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁)

ကျွန်တော့်နာမည် ဦးမျိုးအောင်သော်ပါ။ ဌာနဆိုင်ရာတစ်ခုက လက်ထောက် ညွှန်ကြားရေးမှူးတစ်ယောက်။

ကျွန်တော့်အသက် ၅၀ကျော်လာပြီဖြစ်လို့ ဗုဒ္ဓဘာသာဝင်တစ်ဦးပီပီ မြန်မာဒ် ကျောင်းကြီးကျောင်းကြားဆိုသလို စနေ၊ တနင်္ဂနွေလို ရုံးအားတဲ့ရက်တွေမှာ ရွှေတိဂုံဘုရားမှာ ပုတီးစိပ်လေ့ရှိပါတယ်။

ကျွန်တော်နေတာက စမ်းချောင်းမှာဆိုတော့ ရုံးပိတ်ရက် နံနက်စောစော ၆နာရီလောက်ကတည်းက အိမ်ကနေ ရွှေတိဂုံဘုရားကို လမ်းလျှောက်တယ်။ ၆နာရီခွဲလောက်ဆိုရင် ကျွန်တော် ဘုရား ရင်ပြင်တော်ပေါ်သို့ ရောက်ပါပြီ။

အထူးသဖြင့် ရာဟုထောင့်က အောင်မြေမှာ ကျွန်တော် စိပ်ပုတီးစိပ်ပါတယ်။ ဂုဏ်တော်ပုတီး ၁၀ပတ်စိပ်တာမို့ တစ်နာရီကျော်ကျော်ကြာတယ်။ အဲဒါပြီးရင် ရှင်အရဟံ စိပ်ပုတီးတစ်ပတ် ဆက်စိတ်လိုက်သေးတယ်။ အားလုံးပြီးမှ မေတ္တာပို့ အမျှအတန်းဝေခဲ့တယ်။ အဲဒါတွေပြီးတဲ့အခါမှာ ဘုရားကို သုံးပတ်ပတ်လိုက်သေးတယ်။ အားလုံးပြီးတဲ့အချိန်ဟာ ၉နာရီခွဲနဲ့ ၁၀နာရီအကြားပေါ့။

အဲဒီလို ပုတီးစိပ်ပြီးနောက် မြေနီကုန်းကို ခြေလျင်လျှောက်လာပြီး အဲဒီမှာ လက်ဖက်ရည်သောက် မုန့်စားပြီးမှ အိမ်ကို ပြန်လာခဲ့တယ်။ အိမ်ရောက်တဲ့အချိန်က ၁၁နာရီလောက်ပေါ့။

အိမ်ပြန်ရောက်တယ်ဆိုရင်ပဲ ကျွန်တော့်ဇနီးသည်ရဲ့ အသံကို ကြားလိုက်ရပါတယ်။

"ဟော…ကျွန်မတို့အိမ်က သူတော်ကောင်းကြီး ပြန်လာပြီ"

"ဟာ - မိန်းမရေ…လမ်းလျှောက်လာလို့ မောရတဲ့အထဲ မင်းရဲ့ ခပ်ငေါ့ငေါ့ လေသံကို မကြားနိုင်ဘူးကွာ"

"ကျွန်မက ငေါ့တာ မဟုတ်ပါဘူး။ သူတော်ကောင်းမို့ ဘုရားမှာ ပုတီး

www.burmeseclassic.com

www.burmeseclassic.com



သွားစိပ်တာမဟုတ်လား"

"အေး ငါက သူတော်ကောင်းဖြစ်ဖို့ ကြိုးစားနေတာကွ။ တစ်သက်လုံး သားကျွေးမှု မယားကျွေးမှုတွေနဲ့ နစ်နေတာ။ အပြန်ခရီးမှာ အထုပ်ပါဖို့ လုပ်နေတာကွ"

ကျွန်တော်လည်း စိတ်တိုတိုနဲ့ ပြန်ပြောလိုက်တယ်။ စဉ်းစားကြည့်တော့ ဇနီးသည် ငေါ့တာလည်း မဆန်းပါဘူး။ ဇနီးသည်က ခပ်ဖိုင့်ဖိုင့်မို့ သိပ်လမ်းမလျှောက်နိုင်လို့ စမ်းချောင်းကနေ ရွှေတိဂုံအထိ လမ်းမလျှောက်နိုင်ဘူး။ မှာတုန်းက လက်ရွေးစင် အားကစားသမားဆိုတော့ ဒီလောက် လမ်းလျှောက်တာများ ကျွန်တော့်အတွက် သွေးပူလေ့ကျင့်ခန်းသာသာပဲ ရှိတယ်။ ဒီတော့ တစ်ပတ်မှာ နှစ်ရက်ကတော့ လမ်းမလျှောက်တဲ့ မနေနိုင်ဘူး။ ဒီတော့ ဇနီးသည် ဒေါ်ခင်ခင်အေးက…

"ကျွန်မ သိပါတယ်ရှင်။ ရှင်က ဘုရားကို ကျွန်မနဲ့ အတူတူမသွားချင်လို့ မဟုတ်လား"

"မဟုတ်ပါဘူး မိန်းမရယ်။ ငါက စနေ၊ တနင်္ဂနွေဆိုရင် လမ်းမလျှောက်ဘဲ မနေနိုင်ဘူး။ မင်း ဘုရားကို သွားချင် သပဆိုရင် ရုံးအားရက် နေ့ခင်းနေ့လယ်မှာ လိုက်ပို့ပါ့မယ်ကွာ"

# ကိုဝင်း

## ပုဂ္ဂိုလ်ထူးနဲ့တွေ့ခဲ့ဖူးတဲ့ကျွန်တော်

"ဒါဆိုလည်း ပြီးရော။ သားသမီးတွေ ကျောင်းပိတ်ရက်ရောက်မှ သွားတော့မယ်"

ကျွန်တော်လည်း ဇနီးသည်ကို ချော့မော့ပြောဆိုခဲ့တယ်။ စနေ၊ တနင်္ဂနွေနေ့ နံနက်တိုင်းမှာတော့ ကျွန်တော်ဟာ ရွှေတိဂုံစေတီတော်ကြီးဆီကိုသွားပြီး မှန်မှန်ပုတီးစိပ်ခဲ့ပါတယ်။

(၂)

ဒီလိုနဲ့ ဖလလောက်အကြာ ဆောင်းနံနက်ခင်းတစ်ခုမှာ ကျွန်တော်ဟာ အမိဋ္ဌာန်ပုတီးစိပ်နေတုန်း ကျွန်တော့်ရှေ့မှာ ပုတီးစိပ်နေတဲ့လူတစ်ယောက်ဟာ တစ်ကိုယ်လုံးတုန်လာပြီး…

"သားတော်ကြီးတောင် ပုတီးစိပ်နေပြီကိုး"

လို့ ပြောတယ်။ ကျွန်တော်လည်း သူ့ဘာသာသူ ပြောတာပဲဆိုပြီး အမှတ်တမဲ့ နေလိုက်တယ်။ အဲဒီတော့ သူက ကျွန်တော်နဲ့လည်း အတူလိုက်ချင်တယ်။ ဒါကြောင့် ဘုရားကို သွားရင် တက္ကစီစီးသွားရအောင်လို့ ခဏခဏပြောပါတယ်။ ခက်တာက ကျွန်တော်က ပိန်ပိန်ပါးပါး။ တက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com

> “ အဘနဲ့ သားတော်ကြီးဟာ
> တစ်နေ့မှာ တွေ့ကြဦးမယ်’လို့
> ပြောသွားတဲ့ စကားလေးကို
> ကြားရတော့ အဘနဲ့ ကျွန်တော်ဟာ
> ဘဝတစ်ခုက ပဋ္ဌာန်းဆက်
> ဖြစ်ခဲ့တယ်နဲ့ တူတယ်လို့ တွေးထင်ပြီး
> ကျွန်တော့်မှာ ဝမ်းသာမဆုံး
> တပြုံးပြုံးနဲ့ ပီတိတွေဝေဖြာခဲ့ရတယ်။
> ဒါကြောင့် စနေ၊ တနင်္ဂနွေနေ့ကို
> မြန်မြန်ရောက်ပါစေလို့
> ဆုတောင်းနေမိတယ်။
> အဘရဲ့ စာတ်တွေနဲ့ ထပ်တွေ့ချင်တဲ့
> စိတ်တွေ တဖွားဖွား ပေါ်ခဲ့မိတယ်။ ”

ရှေ့မှာ ပုတီးစိပ်နေတဲ့သူက···

“သားတော်ကြီးဆိုတာ ကြာသပတေးသားကြီးကို ပြောတာ”

လို့ ဆက်ပြောလိုက်တယ်။ ကြာသပတေးသားဆိုတော့ ကျွန်တော်ပေါ့။ ဒါနဲ့ ကျွန်တော်လည်း အဲဒီပုဂ္ဂိုလ်ကို မျက်လုံးဖွင့်ပြီး ကြည့်လိုက်မိတယ်။ အဲဒီအခါမှာ ထိုပုဂ္ဂိုလ်က···

“သားတော်ကြီး ကောင်းမှုလုပ်ပြီးရင် ပဋ္ဌာန်းဆက်တွေကို အမျှဝေပေးပါ။ အဘကလည်း သားတော်ကြီးကို စောင့်ရှောက်ပါတယ်။ အဘနဲ့ သားတော်ကြီးဟာ တစ်နေ့မှာ တွေ့ကြဦးမယ်”

လို့ ပြောပြီး အဲဒီလူဟာ ကျွန်တော့်ကို လှမ်းကြည့်လိုက်တယ်။ ပြီးတော့···

“ကျွန်တော် မာတ်စီးသလိုဖြစ်ပြီး ဘာတွေ ပြောမိပါလိမ့်။ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော့်ကြောင့် အစ်ကိုကြီး ပုတီးစိပ် ပျက်သွားပြီနဲ့ တူတယ်”

လို့ ပြောပြီး တစ်ချီးတည်း ထသွားပါတော့တယ်။

ကျွန်တော်လည်း အတော်အံ့အားသင့်သွားတယ်။ အဘက စောင့်ရှောက်တယ်ဆိုတော့ အဘ ဘိုးဘိုးအောင်လား၊ ဒါမှမဟုတ် အဘ ဘိုးမင်းခေါင်လား။ ပုတီးစိပ်ပြီးနောက်ပိုင်းမှာ ကျွန်တော် အိပ်မက်ထဲမှာ တွေ့ရတဲ့ အဘကတော့ အဘ ဘိုးမင်းခေါင်လို့ ထင်တာပဲ။ အဘရောက်လာတယ် ဆိုပြီး မကြာခဏ အိပ်မက်မက်လေ့ ရှိတယ်။

ဒါကြောင့် “အဘနဲ့ သားတော်ကြီးဟာ တစ်နေ့မှာ တွေ့ကြဦးမယ်” လို့ ပြောသွားတဲ့ စကားလေးကို ကြားရတော့ အဘနဲ့ ကျွန်တော်ဟာ ဘဝတစ်ခုက ပဋ္ဌာန်းဆက်ဖြစ်ခဲ့တယ်နဲ့ တူတယ်လို့ တွေးထင်ပြီး ကျွန်တော့်မှာ ဝမ်းသာမဆုံး တပြုံးပြုံးနဲ့ ပီတိတွေ ဝေဖြာခဲ့ရတယ်။ ဒါကြောင့် စနေ၊ တနင်္ဂနွေနေ့ကို မြန်မြန်ရောက်ပါစေလို့ ဆုတောင်းနေမိတယ်။ အဘရဲ့ မာတ်တွေနဲ့ ထပ်တွေ့ချင်တဲ့ စိတ်တွေ တဖွားဖွား ပေါ်ခဲ့မိတယ်။

အဲဒီလိုတွေ့ချင်လို့လား မသိပါဘူး၊ ဟိုတစ်နေ့က တွေ့ခဲ့တဲ့ လူရွယ်ကိုလည်း မတွေ့ရတော့ဘူး။ ကျွန်တော့် စိတ်ထဲက သူ့ကို ထပ်တွေ့ချင်နေမိတယ်။ တွေ့ရင်တော့ အဘဆိုတာ ဘယ်သူလဲလို့ မေးမယ်ပေါ့။

ဒီလိုနဲ့ တစ်လလောက် အချိန်ကုန်ဆုံးသွားတယ်။ ကျွန်တော်လည်း ဒီနေ့ စနေနေ့ဖြစ်လို့ ရွှေတိဂုံစေတီရဲ့ ရင်ပြင်တော်ပေါ်ကို ရောက်ရှိလာခဲ့ပါပြီ။ အခုတော့ ရာဟုထောင့်မှာ ပုတီးမစိပ်တော့ဘဲ အဘဘိုးမင်းခေါင်ရုပ်ထုရှိတဲ့ တန်ဆောင်းကို သွားလိုက်တယ်။ အဘ ဘိုးမင်းခေါင်ကို သူများတွေလို စီးကရက်တစ်လိပ် ကပ်လှူလိုက်တယ်။ ပြီးတော့မှ အဓိဋ္ဌာန် စိပ်ပုတီး စိပ်လိုက်တယ်။

စိပ်ပုတီးစိပ်ပြီးလို့ ပြန်မယ်အလုပ်မှာ ဝတ်ဖြူစင်ကြယ်နဲ့ လည်ပင်းမှာ ပုတီးကြီး အကြီးကြီးဆွဲထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့လိုက်ရတယ်။ သူ့ လက်ထဲမှာလည်း စီးကရက်ဘူး ကိုင်ထားပြီး ကျွန်တော့်ကို···

“သားတော်ကြီး··· အဘကို စီးကရက်ဆက်ပါဦးကွဲ့”

လို့ လှမ်းပြောလိုက်တယ်။ ဒီတော့ ကျွန်တော်က စီးကရက်ရောင်းစားတဲ့သူ ထင်လို့···

“ကျွန်တော် အဘကို စီးကရက် ဆက်ပြီးပြီ”

လို့ ပြန်ပြောလိုက်တော့···

“အဘမှာ စီးကရက်ပါပါတယ်။ ပဋ္ဌာန်းဆက်တွေကို စီးကရက်ပေးဖို့ အဘက စောင့်နေတာကွဲ့။ စီးကရက်ဆက်ပြီးပေမယ့် အဘရဲ့ စီးကရက်ကို တစ်လိပ်လောက်တော့ ယူပြီး အဘ ဘိုးမင်းခေါင်ကို ဆက်လိုက်ပါကွယ်။ အဘ ဘိုးမင်းခေါင်က ပဋ္ဌာန်းဆက်လာလိမ့်မယ်။ စီးကရက်ဆက်ဖို့ လုပ်ထားလို့ အာရုံထဲမှာ အဘကို ပြောလိုက်လို့ ဒါနပြုပေးပါကွယ်”

အသက် ၇၀ကျော် အဘိုးကြီးတစ်ယောက်က စီးကရက်တစ်လိပ်ကို ကျွန်တော့်အား ကမ်းပေးရင်း ခပ်ယယ ပြောလာတဲ့အတွက်···

“ဒီလိုလုပ်ပေးရတာ ငါ့အတွက်



www.burmeseclassic.com

www.burmeseclassic.com

အပန်းမကြီးပါဘူး"လို့ ကိုယ့်ကိုယ်ကိုယ် အားပေးပြီး အဲဒီအဘ လှမ်းပေးတဲ့ စီးကရက်တစ်လိပ်ကို ယူပြီး အဘ ဘိုးမင်းခေါင်ကို ဆက်လိုက်ပါတယ်။ နောက်တော့ အဲဒီ ဝတ်ဖြူစင်ကြယ် ဝတ်ထားတဲ့ အဘိုးကြီးနဲ့ ကျွန်တော် ဟာ စကားလက်ဆုံ ပြောမကုန်အောင် ဖြစ်ခဲ့ပါတယ်။

"မောင်ရင်နဲ့ အဘက ပဋ္ဌာန်း ဆက်ရှိလို့ အခုတွေ့ရတာကွဲ့။ မောင်ရင် နဲ့ အဘဟာ အဘဘိုးမင်းခေါင်ရဲ့ သားသမီးတွေဆိုတော့ အတိတ်ဘဝက ညီအစ်ကိုပေါ့ကွယ်"

"ဟုတ်ပါတယ် အဘရယ်"

"အင်း... ဒါကြောင့် လူတွေ အများကြီးထဲမှာမှ မောင်ရင့်ကို ရွေးပြီး စကားပြောဖြစ်တာပေါ့ကွယ်"

"ဟုတ်ပါတယ် အဘ"

"အင်း... အဘလည်း ဂန္ဓာရီ ဝိဇ္ဇာလမ်းကို လိုက်စားနေတာကွဲ့"

"ကောင်းတာပေါ့ အဘရယ်။ ဒါနဲ့ အဘက ဘယ်မှာနေတာလဲ"

"အပေါင်းပေါင်း...ပြောရခက်ပါ တယ်ကွယ်။ ဝိဇ္ဇာမှာ လိပ်စာမရှိဘူး မောင်ရင်ရဲ့။ အဘကို ဒီနေ့ ရွှေတိဂုံမှာ တွေ့ရပေမယ့် နောက်နေ့မှာ ဆူးလေ ရောက်ချင် ရောက်နေတတ်တာ"

"သြော်...သြော်...ဒီလိုလား"

"ဟုတ်တယ်ကွဲ့။ သာသနာတော် နှစ် ငါးထောင်ပြည့်ရင် နတ်ပြည်မှာ ဓာတ်တော်မွေတော်တွေအားလုံး စု ပေါင်းပြီး နိမိတ္တဘုရားဖြစ်ပေါ်လာလိမ့် မယ်။ အဲဒီမှာ တရားဟောမယ်ကွဲ့။ ရိုးရိုးလူတွေ တရားမနာနိုင်ဘူး။ အဘ တို့လို ဝိဇ္ဇာတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ ပဲ ဖူးမြော်ခွင့်ရပြီး ကျွတ်တန်းဝင်ကြ လိမ့်မယ်ကွဲ့။ ဒါကြောင့် အဘဟာ မဟာဂန္ဓာရီ ဝိဇ္ဇာလမ်းကို ကျင့်ကြံ အား ထုတ်နေတာပေါ့ကွယ်"

"အဘလို သူတော်ကောင်းတွေ နဲ့ တွေ့ရတာ ကျွန်တော့်ဖြင့် အရမ်းဝမ်း သာတာပဲ အဘရယ်"

"အဘကလည်း အထက်လမ်း ပုဂ္ဂိုလ်တွေအတွက် အပတ်စဉ် ကန်တော့ပွဲထိုးတယ်ကွဲ့။ တချို့ နား လည်တဲ့လူတွေကတော့ အဘက ဘာ မှ မပြောရပါဘူး။ သူတို့ရဲ့ သဒ္ဓါစိတ်နဲ့ ကန်တော့ပွဲ လာထိုးကြတယ်ကွဲ့။ ဒါ ဟာလည်း ဘိုးတော်တွေကတစ်ဆင့် ဘုရားကို လှူတာပါပဲ"

"အဘ ဒါဆို ကျွန်တော်လည်း အုန်းငှက်ပျောပွဲတစ်ပွဲလောက် ထိုးချင် တယ်။ အဘထိုးပေးပါ။ ပြီးတော့ ကျွန်တော်တို့အတွက် စီးပွားရေးကောင်း မွန်အောင် ဆုတောင်းပေးပါ အဘ"

"အေးကွယ်။ ဘဝတစ်ခုက တော်စပ်ခဲ့တဲ့ ငါ့ရဲ့ ညီလေး ဆန္ဒအတိုင်း လုပ်ပေးရတာပေါ့ကွယ်"



"အဘ...ကန်တော့ပွဲတစ်ပွဲက ဘယ်လောက်ကျသလဲ"

"ငှက်ပျောသုံးဖီးဆိုတော့ သုံး ထောင်။ အုန်းသီးတစ်လုံး တစ်ထောင်၊ နောက် အောင်သပြေပန်း၊ စံပယ်ပန်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်နဲ့ဆိုတော့ ကန်တော့ပွဲတစ်ပွဲကို ငါးထောင်လောက် ကျသကွဲ့"

"ဒါဆိုရင် ကျွန်တော်က ကန်တော့ပွဲဖိုး ငါးထောင့်လှူပါတယ်"

ပြောပြောဆိုဆို ကျွန်တော်က ငွေငါးထောင်ကို အဘအား ပေးလိုက် ပါတယ်။

"သာဓု...သာဓု...သာဓု၊ သား တော်ကြီး ဥစ္စာစီးပွားတိုးတက်ပါစေ ကွယ်"

လို့ ဆုတောင်းပြီး အဲဒီငွေကို လက်ခံယူလိုက်တယ်။ ကျွန်တော် လည်း ပုဂ္ဂိုလ်ထူးနဲ့ တွေ့ဆုံပြီး သဒ္ဓါ ထက်သန်စွာ လှူလိုက်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ခဲ့ရပါတယ်။

အဲဒီနောက်ပိုင်းမှာတော့ အဲဒီ ပုဂ္ဂိုလ်ကြီးကို မတွေ့ရတော့ပါဘူး။

(၃)

ကျွန်တော်လည်း စနေ၊ တနင်္ဂ နွေနေ့မှာ ဘုရားကို ရောက်တိုင်း အဲဒီ ပုဂ္ဂိုလ်ကြီးကို ရှာကြည့်မိတယ်။ ပဋ္ဌာန်း ဆက်လို့ ပြောထားတဲ့အတွက် ပဋ္ဌာန်း ဆက် ပုဂ္ဂိုလ်ကြီးကို တမ်းတမ်းတတနဲ့ ရှာခဲ့မိတယ်။ ဒါပေမယ့် ဝိဇ္ဇာမှာ လိပ်စာ မရှိလို့ ပြောထားတဲ့အတိုင်း အဲဒီ ပဋ္ဌာန်း ဆက် ပုဂ္ဂိုလ်ကြီးကို မတွေ့ရတော့ပါ။

ကျွန်တော်ဟာ အရင်က အိမ် ရောက်တယ်ဆိုရင် လန်းလန်းဆန်းဆန်း နဲ့ ဇနီးသည်ကို စကားကောင်းကောင်း မွန်မွန်ပြောနေကျ။ အခုတော့ ပဋ္ဌာန်း ဆက် ပုဂ္ဂိုလ်ကြီးနဲ့ မတွေ့ရတဲ့အတွက် စိတ်မှာ မလန်းဆန်းဘဲ ငေးမှိုင်နေမိ



www.burmeseclassic.com

www.burmeseclassic.com

တယ်။

"ကိုမျိုး···အခုတစ်လော ရှင် ဘာဖြစ်နေတာလဲ"

"အေး၊ ငါ့အဖြစ်က···"

ဤသို့ အစချီပြီး အဖြစ်အပျက် အားလုံးကို ပြောပြမိတယ်။ ဒီတော့ ဇနီးသည်က···

"ပဌာန်းဆက်ပဲရှင်၊ တစ်နေ့နေ့ တော့ တွေ့မှာပေါ့။ အခု တွေ့ချိန်မတန် သေးလို့နေမှာပေါ့"

"အေးပါကွာ"

လို့ အားလျော့တဲ့ အသံနဲ့ ပြော လိုက်တယ်။

ဒီလိုနဲ့ ကျွန်တော်လည်း မေ့မေ့ ပျောက်ပျောက်နေလိုက်တယ်။

တဖြည်းဖြည်း ၆လလောက် အကြာမှာတော့ ဇနီးသည်ရဲ့ မွေးနေ့ဖြစ် လို့ ရန်ကုန်မြို့မှာ ရှိတဲ့ ဘုရားစုံကို လိုက်ပို့ပေးရင်း ဗိုလ်တထောင်စေတီ တော်ဆီသို့ ရောက်ခဲ့တယ်။ ဘုရားဖူးပြီး နောက် ရင်ပြင်တော်မှာ ထိုင်ခဲ့ကြ တယ်။ ပိတ်ရက်မဟုတ်တဲ့အတွက် လူရှင်းနေတယ်။

အဲဒီအချိန်မှာ ကျွန်တော်တို့ဆီ ကို လျှောက်လှမ်းလာတဲ့ ဝတ်ဖြူစင် ကြယ်နဲ့ ပုဂ္ဂိုလ်ကြီးကို တွေ့လိုက်ရ တယ်။ သေသေချာချာကြည့်လိုက် တော့ ရွှေတိဂုံစေတီမှာ ကျွန်တော်နဲ့ တွေ့ဆုံခဲ့တဲ့ ပဌာန်းဆက် ပုဂ္ဂိုလ်ကြီး ပေါ့။

"ဟာ···အဘပါလား"

ကျွန်တော်က အံ့သြဝမ်းသာစွာ နှုတ်ဆက်လိုက်ပါတယ်။ အဲဒီ အဘက လည်း ကျွန်တော့်ကို တွေ့ပြီး···

"ပဌာန်းဆက် သားတော်ကြီးနဲ့ ဆုံပြန်ပြီ။ အဘလည်း သားတော်ကြီး ဆက်တဲ့ ငွေနဲ့ ကန်တော့ပွဲလှူပြီး ဆု တောင်းပေးခဲ့တယ်။ မနက်ဖြန်မှာလည်း

"

အဲဒီပုဂ္ဂိုလ်ကြီးဟာ ဝင်လာခါစက ပြုံးရွှင်နေသလောက်၊ သာဓုခေါ်ပြီး ပြန်အသွားမှာ ဝမ်းနည်းသွားပုံရပါတယ်။ ကျွန်တော်ကလည်း ဇနီးသည်နဲ့ ဒီပုဂ္ဂိုလ်ကြီး သိနေတဲ့အတွက် အံ့သြသွားပြီး ဇနီးသည်ကို မေးလိုက်ပါတယ်။ 'အဲဒီ အဘကြီးနဲ့ မင်းနဲ့ သိတယ်··· ဟုတ်လား။ ဘယ်လိုသိတာလဲ' 'အဲဒါ ဖေဖေတို့ရုံးက ရုံးစောင့်ကြီးလေ။ စိတ်နောက်ပြီးအလုပ်ကထွက်သွားတာ'

"

ဘိုးတော်ပွဲထိုးရဦးမယ်"

ကျွန်တော်နဲ့ ပဌာန်းဆက် ပုဂ္ဂိုလ် ကြီး အချီအချပြောနေစဉ် ကျွန်တော့် ၏ ဇနီးသည်က သေသေချာချာကြည့် ပြီး···

"ဦးလေး···ဦးလေးက ဦးသာ မောင်ကြီးမဟုတ်လား"

လို့ မေးလိုက်တယ်။ ဒီတော့ အဲဒီပုဂ္ဂိုလ်ကြီးက···

"မင်း···မင်းက ဘယ်သူလဲ"

"ကျွန်မက ဝန်ထောက်မင်း ဦးဘအေးရဲ့ သမီး ခင်ခင်အေးလေ"

"ဩော်···ခင်ခင်အေးကိုး။ ဒါ ထက် မင်းမိဘတွေရော ရှိသေးလား"

"နှစ်ယောက်စလုံး မရှိတော့ဘူး ဦးလေး"

"ဒါနဲ့ အခု ဦးလေး ဘယ်မှာ နေလဲ။ ဘယ်သူနဲ့ နေလဲ"

"ဦးလေး လှိုင်သာယာမှာ မြေး လေး မောင်သောင်းညွန့်နဲ့ နေတယ်"

"ဦးလေးနဲ့ တွေ့တုန်း ကျွန်မ လည်း အလှူငွေ ငါးထောင်ထည့်လိုက် မယ်"

"သာဓုပါကွယ်၊ သာဓု··သာဓု"

အဲဒီပုဂ္ဂိုလ်ကြီးဟာ ဝင်လာခါစ က ပြုံးရွှင်နေသလောက်၊ သာဓုခေါ်ပြီး ပြန်အသွားမှာ ဝမ်းနည်းသွားပုံရပါတယ်။ ကျွန်တော်ကလည်း ဇနီးသည်နဲ့ ဒီ ပုဂ္ဂိုလ်ကြီး သိနေတဲ့အတွက် အံ့သြသွား ပြီး ဇနီးသည်ကို မေးလိုက်ပါတယ်။

"အဲဒီ အဘကြီးနဲ့ မင်းနဲ့ သိ တယ်···ဟုတ်လား။ ဘယ်လိုသိတာ လဲ"

"အဲဒါ ဖေဖေတို့ရုံးက ရုံးစောင့် ကြီးလေ။ စိတ်နောက်ပြီး အလုပ်က ထွက်သွားတာ"

"ဟင်···ကောင်းရောကွာ"

ဒီအသံကတော့ ကျွန်တော့်ရဲ့ နှုတ်က ထွက်မလာဘဲ၊ စိတ်ထဲက ပြောလိုက်ခြင်းပဲ ဖြစ်ပါတယ်။ အပြန် လမ်းမှာလည်း ဟင်းချပြီး ပြန်ခဲ့ရပါပြီ။

"ငါဟာ တော်တော်ညံ့သေးတာ ပဲ။ ပုဂ္ဂိုလ်ထူးမှန်း မသိ၊ အရူးမှန်း မသိ ဆိုသလိုဖြစ်နေပြီ"

"အင်း···ငါညံ့တာလည်း မပြော နဲ့ ဟိုတစ်လောက ငါ့ရှေ့မှာ ဓာတ်စီး တဲ့သူက အဘနဲ့ သားတော်ကြီးဟာ တစ်နေ့မှာ တွေ့ကြဦးမယ်လို့ ပြော တော့ ငါလည်း ဥပါဒါန်ကြောင့် ဥပဒ် ဖြစ်တာပဲ"

ကျွန်တော်လည်း ကိုယ့်ကိုယ် ကိုယ် မကျေနပ်ခြင်းများစွာနဲ့ တနုံ့နုံ့ ဖြစ်နေမိတယ်။ အဲဒီအချိန်က စပြီး···

"ကိုယ့်အလုပ် ကိုယ်လုပ်တော့



www.burmeseclassic.com

www.burmeseclassic.com

ကောင်းပါတယ်"

လို့ သန္နိဋ္ဌာန်ချပြီး ပုတီးကိုပဲ ဆက်စိပ်ခဲ့တယ်။

ဒီလိုနဲ့ သင်္ကြန်ပိတ်ရက်နား နီးလာခဲ့ပါတယ်။ သားတော်မောင်က…

"အဖေနဲ့ အမေ့အတွက် သင်္ကြန်အလုပ်ပိတ်ရက်မှာ ဘုရားဖူးဖို့ ရွှေစက်တော်ဘုရားဖူးလက်မှတ်နှစ်စောင်ဝယ်လာခဲ့တယ်"

"အေး၊ ကောင်းသားပဲ။ မင်းအမေလည်း ခရီးသွားတော့ ခန္ဓာကိုယ်သွယ်လျသွားမှာပေါ့"

ကျွန်တော်က အဲဒီလို စလိုက်တော့ ဇနီးသည်က…

"ကျွန်မခန္ဓာကိုယ်က သွယ်လျဖို့ မလိုပါဘူး။ အသက်ကြီးပါပြီ။ ရှင်သာ ခန္ဓာကိုယ် သွယ်လျအောင် လမ်းလျှောက်နေတာမဟုတ်လား"

ဒေါ်ခင်ခင်အေးက အားကျမခံ ပြန်ပြောလိုက်ပါတယ်။

(၄)

သင်္ကြန်အကြိုနေ့ နံနက် ၈-နာရီမှာ ဘုရားဖူးကား စတင်ထွက်လာခဲ့တယ်၊ တစ်နေ့လုံး မောင်းလာပြီး ရေပြာမှာ ခဏနားပြီး ထမင်းစားကြတယ်။ အဲဒီကနေ ဆက်မောင်းလာတာ ညနေစောင်းမှာ မကွေးမြို့ကို ရောက်ခဲ့တယ်။ မကွေးမြို့မှာ တစ်ညအိပ်ပြီး မနက်စောစော မင်းဘူးမြို့ကို ကူးခဲ့ကြတယ်။

အဲဒီကမှတစ်ဆင့် ရွှေစက်တော်ဘုရားဆီသို့ ဦးတည်ပြီး မောင်းခဲ့ရာ ညနေ ၃နာရီလောက်မှာ ရောက်ခဲ့တယ်။ ဘုရားဖူးအဖွဲ့ စီစဉ်ပေးတဲ့ တဲတန်းလေးမှာ နေရာရခဲ့တယ်။

အောက်စက်တော်ရာဖြစ်တဲ့ ခြေရာကို ဖူးမြင်ပြီး အထက်စက်တော်ရာရှိရာ တန်ဆောင်းပေါ်သို့ တက်လာခဲ့တယ်၊ လှေကားထစ်က များလို့ ဒေါ်ခင်ခင်အေးက နားနားပြီး တက်ရတယ်။ ကျွန်တော်က သူ့ကို တွဲရင်း-

"ဒီခြေတော်ရာတွေ ဖူးရတာ တောင်ဖီလာ ဆရာတော်ကြီးရဲ့ ကျေးဇူးပဲ"

"ဟုတ်လား၊ ရှင်က ဘယ်လိုသိတာလဲ"

"စာအုပ်ဖတ်လို့ သိတာပေါ့ကွ။ မင်းတို့က ဘာစာမှ မဖတ်တော့ ဘာဗဟုသုတမှ မရှိဘူးပေါ့"

"စာဖတ်တာ အားမှ စာဖတ်လို့ရတာ။ တစ်နေ့တစ်နေ့ ယောက်ျား ထမင်းဘူး၊ သားသမီး ထမင်းဘူး အမီထည့်နေရတာနဲ့ အားရတယ်ကို မရှိပါဘူးရှင်"

"အေး၊ ဆရာတော်ကြီးဟာ အိပ်မက်အရ လာရှာတော့ ခွေးနက်ကြီးက လမ်းပြလို့ တွေ့တာ"

"ဒါနဲ့ ခွေးနက်ကြီးကရော ဘယ်လိုသိတာလဲ"



"အဲဒါက နတ်သားက ခွေးနက်ယောင်ဆောင်ပြီး ပြတာလို့ ပြောတာပဲ"

ကျွန်တော်တို့နှစ်ယောက်ဟာ လှေကားထစ်များကို တဖြည်းဖြည်း အားစိုက်ပြီး အထက်စက်တော်ရာဆီသို့ တက်လာခဲ့ပါတယ်။ အဲဒီမှာ ဘုရားတစ်ဆူကို တွေ့ရှိရပါတယ်။

"ငါ စာထဲမှာ ဖတ်ထားတာကတော့ အဲဒီဘုရားဟာ ခြေတော်ရာအပေါ်မှာ ငုံပြီး တည်ထားတာတဲ့"

"သြော်…ဟုတ်လား။ ဘာပဲဖြစ်ဖြစ် ပိုက်ဆံလှူရန်အောင်။ ပြီးရင် သေသေချာချာ ကန်တော့ရအောင်"

"အေး…အေး၊ ငါက ပုတီးစိပ်ဦးမှာမို့ ကြာဦးမယ်။ မင်း လျှောက်ကြည့်ချင် ကြည့်"

ကျွန်တော်က ထုံးစံအတိုင်း စိပ်ပုတီးစိပ်နေပါတယ်။

ကျွန်တော် စိပ်ပုတီးစိပ်ပြီး အမျှအတန်းဝေတာနဲ့ဆိုရင် တစ်နာရီကျော်လောက် ကြာသွားမယ်ထင်တယ်။ ဘုရားရင်ပြင်တော်ပေါ်မှာ လူရှင်းနေပြီး လူတော်တော်များများဟာ ရွှေစက်တော်ချောင်းကလေးထဲမှာ ရေကူးနေကြတယ်။ ဇနီးသည် ခင်ခင်အေးကို လှမ်းကြည့်တော့လည်း မတွေ့တော့ဘူး။ ဘယ်များ သွားပါလိမ့်။ ကျွန်တော်ဟာ ရင်ပြင်တော်က တိုင်ကြီးကို မှီပြီး မတ်တတ်ရပ်နေတုန်း ကျွန်တော့်အနားကို အရူးလိုလို လူတစ်ယောက်ရောက်လာတယ်။ သူ့ရဲ့ အပေါ်ပိုင်းမှာ တိုက်ပုံအင်္ကျီ ခပ်နွမ်းနွမ်းဝတ်ထားပြီး ဦးခေါင်းမှာလည်း ဆံပင်ဖြူတွေနဲ့ အနက်တွေ ရောနေတယ်။ ပုဆိုးအကွက်ကျဲကို ဝတ်ဆင်ထားတယ်၊ သူ့လက်ထဲမှာ လိပ်ကလေးလိုလို အရာဝတ္ထုတစ်ခုကို ကိုင်ထားတယ်။



www.burmeseclassic.com

www.burmeseclassic.com

"သားတော်ကြီးအတွက် ဂမ္ဘီရကျောက်လိပ်ကလေး လာပေးတာ"

လို့ ပြောလိုက်ပြီး ကျွန်တော့်ကို လှမ်းပေးလိုက်တယ်။ ဒီတစ်ခါတော့ ဘာရမလဲ၊ ဦးသာမောင်ကြီးနဲ့ကတည်းက ကျွန်တော်ခံလိုက်ရတာကို ချက်ချင်း အမှတ်ရလိုက်မိတယ်။ နောက်ပြီး သူ့ကို ကြည့်ရတာ လိပ်ရုပ်ကို လာရောင်းတာနဲ့ တူတယ်။ ပိုက်ဆံကလည်း ဇနီးသည်ဆီမှာ ပါသွားတယ်။ ဒါကြောင့်···

"ကျွန်တော် မလိုချင်ဘူး"

လို့ ငြင်းလိုက်တယ်။ အဲဒီအချိန်မှာ ဇနီးသည်လည်း လျှောက်ကြည့်နေရာက ပြန်ရောက်လာပြီ။ ဒီတော့ အဲဒီအဘက···

"သားတော်ကြီးကို မေတ္တာနဲ့ ပေးတာပါကွယ်။ ယူလိုက်ပါ"

လို့ ထပ်ပြောပြန်တယ်။ ဒါပေမယ့် ကျွန်တော်က ဘယ်သူ့ဆီကမှ အလကားမယူချင်တဲ့ စိတ်ကြောင့် -

"ကျွန်တော် မလိုချင်ပါဘူး"

လို့ ပြောပြီး ဇနီးသည်ရဲ့ လက်ကို ဆွဲကာ လှေကားထစ်အတိုင်း ပြန်ဆင်းလာခဲ့ပါတယ်။ ဇနီးသည်က အံ့သြတဲ့ မျက်နှာနဲ့···

"ဟိုအဘကြီးက မေတ္တာနဲ့ ပေးတာပဲ။ လိပ်ရုပ်ကလေးက တော်တော်အသက်ဝင်တယ်။ ယူလိုက်ရောပေါ့"

လို့ ပြောလိုက်တယ်။

"အင်း···ဟိုတစ်ခါတုန်းကလည်း အရှုံးမှန်းမသိ၊ ပုဂ္ဂိုလ်ထူးမှန်းမသိ ဖြစ်ပြီးပြီ။ တစ်ခါများတာ ကိုယ့်အပြစ် မဟုတ်ဘူး။ ဒီအဖြစ်မျိုး နှစ်ခါဆက်မှားရင် ငါညံ့လို့ပဲ"

ကျွန်တော်လည်း စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောပြီး ဆင်းလာခဲ့ရာ အောက်ခြေကို ရောက်ရှိလာခဲ့ပါတယ်။ ရေမြင်ရင် မနေနိုင်တဲ့သူမို့ မန်းချောင်းထဲမှာ ရေဆင်းကူးခဲ့တယ်။ ဇနီးသည်က ရေမကူးတတ်သူမို့ ကမ်းစပ်မှာပဲ ရေချိုးခဲ့တယ်။

ရေကူးတာကြောင့် ဗိုက်ဆာချောင်သွားလား မသိပါ။ နံနက်စာရော ညနေစာပါ တော်တော်စားဝင်ခဲ့တယ်။ အိပ်လို့လည်း ဘာကောင်းသလဲ မပြောနဲ့။ ခေါင်းချတာနဲ့ အိပ်ပျော်သွားခဲ့တယ်။ ဒါပေမယ့် နံနက် နှစ်ချက်ထိုးလောက် အချိန်မှာ ကျွန်တော် အိပ်မက်တစ်ခု မက်ခဲ့တယ်။ အိပ်မက်ထဲမှာ ဂမ္ဘီရကျောက်လိပ်ပေးခဲ့တဲ့ အဘကို တွေ့ခဲ့ရတယ်။ အဲဒီအဘက···

"သားတော်ကြီး···အဘနဲ့ သားတော်ကြီးတို့ တစ်နေ့မှာ တွေ့ကြဦးမယ်လို့ ပြောခဲ့တာ မှတ်မိသေးလား"

"မှတ်မိပါတယ် အဘ"

"အေး၊ မင်းကို ချမ်းသာစေချင်လို့ ဂမ္ဘီရကျောက်လိပ်ကလေး လာပေးတာ။ သူ့ကို ရေထဲထားပြီး ပေါက်ပေါက်ကွေ့ရုံနဲ့ ရွှေပါတဲ့ မစင်ကို စွန့်တယ်ကွဲ့။ ဒါကြောင့် မင်းကို ငါလာရှာပြီး ပေးခဲ့တာ။ ဒါပေမယ့် မင်းရဲ့ မယုံကြည်တဲ့ စိတ်ကြောင့် မင်း မရခဲ့ဘူး။ ဂမ္ဘီရပစ္စည်းဆိုတာ ထိုက်မှ ရတာကွဲ့"

အဲဒီလိုပြောပြီး အဘဟာ ရုတ်တရက် ပျောက်ကွယ်သွားခဲ့ပါတယ်။ ကျွန်တော်လည်း ကြောက်လန့်တကြားနဲ့ လန့်နိုးလာခဲ့ပါတယ်။ မနက်မိုးလင်းတော့ ဇနီးသည်က ညက အိပ်မက်မက်တဲ့အကြောင်းပြောပြီး သူမက်ပုံကို ပြောပြတော့ ကျွန်တော့်အိပ်မက်နဲ့ သူ့အိပ်မက်က တစ်ထပ်တည်း။

"ငါလည်း မင်းမက်တဲ့အတိုင်း ညက အိပ်မက်မက်တယ်"

"ဒါဆိုရင် ကျွန်မတို့ကို ဂမ္ဘီရကျောက်လိပ်လာပေးတဲ့ အဘက ပုဂ္ဂိုလ်ထူးပေါ့"

"အေးပေါ့ကွာ။ ပစ္စည်းဥစ္စာဆိုတာ ထိုက်မှရတာ။ လူရှူးကို ပုဂ္ဂိုလ်ထူးထင်ပြီး ပုဂ္ဂိုလ်ထူးကိုတော့ လူရူးလို့ ထင်ခဲ့မိတာ ငါညံ့လို့ပဲ မိန်းမရယ်"

ကျွန်တော်ပြော အမြည့်တဲ့သူပါ။ နှစ်ခါဆက်မှားရင် ငါညံ့လို့ဟု ပြောခဲ့တာ အခု နှစ်ခါမှားခဲ့တာ ကျွန်တော်ပါ။

တကယ်တော့ ဦးသာမောင်ကြီးဟာ သိပ်စိတ်မမှန်ဘူး ဆိုပေမယ့် ဝတ်ဖြူစင်ကြယ်ကို ဖြူဖွေးသန့်စင်ပြီး ကော့နေအောင် မီးပူတိုက်ပြီး ဝတ်ထားတာမို့ တကယ့်ပုဂ္ဂိုလ်ထူးပဲ ထင်မိခဲ့တာ။ ဘုရားပေါ်မှာ ဂမ္ဘီရကျောက်လိပ်ပေးတဲ့ အဘကတော့ အဝတ်အစားက ဟောင်းနွမ်းကြေမွနေတာ။

ကျွန်တော်ဟာ လူတစ်ယောက်ရဲ့ အတွင်းသဏ္ဌာန်ကို မမြင်ဘဲ ဗဟိဒ္ဓသဏ္ဌာန်ကို မြင်ခဲ့သူပါ။ ဂမ္ဘီရ ကျောက်လိပ်မရလို့ စီးပွားတက်တာ မတက်တာထက် တကယ့်ပဋ္ဌာန်းဆက် အဘနဲ့ လွဲခဲ့တာကိုပဲ စိတ်မကောင်းဖြစ်မိပါတယ်။ ဒါကြောင့် အဓိဋ္ဌာန်ပုတီးကို ဆက်ပြီး စိပ်ခဲ့ပါတယ်။

နောက်နေ့မှာတော့ ကျွန်တော်တို့အဖွဲ့ဟာ ရွှေစက်တော်ဘုရားမှ ပြန်ခဲ့ပါပြီ။ ဘုရားကြီးနဲ့တကွ မန်းချောင်းကိုလည်း နှုတ်ဆက်ခဲ့ပါတယ်။ နောက်ပြီးတော့···

"အဘရယ်···လူညံ့တစ်ယောက်ဖြစ်တဲ့ ကျွန်တော်ဟာ အဘနဲ့ ကံမကုန်သေးရင် ပြန်ပြီး တွေ့ဆုံချင်ပါသေးတယ် အဘရယ်"■

* * *

ရိရိဒွေး

www.burmeseclassic.com

www.burmeseclassic.com

# ပအိုဝ်းမြေက ဂျပန်နည်းပညာ (သို့) နောင်တရားမြေက ယာကွန်ဆေးပင်အကြောင်း

■ ဗေဒသုတေသီ ဆရာမျိုး ■




ခွန်ထွန်းထွန်းအား မန်နေဂျာမှ သင်တန်းဆင်းလက်မှတ် ချီးမြှင့်ပွဲ

စာရေးသူ၏ နောင်တရားမြို့မှ လေကောင်းစေတီတော်အကြောင်း ဘုန်းရောင်ဂျာနယ်၊ အမှတ် (၁၄၂)၌ ပါရှိလာသောအခါ နောင်တရားမြို့နယ်မှ ပအိုဝ်းတိုင်းရင်းသား ရှာသူရှာသားများသည် စာရေးသူအား လိုက်လှဲပျူငှာစွာဖြင့် ဝမ်းမြောက်ဝမ်းသာကြိုဆို နှုတ်ခွန်းဆက်ကြပါလေ၏။ စာရေးသူသည် လေကောင်းကျောင်းတိုက်၌ တစ်ညတာ တည်းခိုပြီးသကာလ လေကောင်းဆရာတော်၏ လမ်းညွှန်မှုဖြင့် နောင်တရားမြို့တွင်းမှ ပအိုဝ်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှု စည်းရုံးရေးတာဝန်ခံ ဦးခွန်တီးကျော်နေအိမ်သို့ ရောက်ရှိခဲ့လေ၏။ ဦးခွန်တီးကျော်နှင့် ဇနီး ဒေါ်အိမ်ခန်းတို့မှလည်း လေကောင်းဆရာတော်၏ လမ်းညွှန်မှုဖြင့် ရောက်ရှိလာသော စာရေးသူအား လိုက်လှဲဝမ်းမြောက်စွာဖြင့် လိုလေသေးမရှိအောင် ဧည့်ဝတ်ကျေပွန်ကြပါပေ၏။ ထို့နောက် ဦးခွန်တီးကျော်သည် ပအိုဝ်းမြေ၌ အောင်မြင် ကျော်ကြားလျက်ရှိသော "ရတနာထွန်း ယာကွန်လက်ဖက်ခြောက်နှင့် ပွဲရုံလုပ်ငန်း" ပိုင်ရှင် ဦးကျော်သင်း - ဒေါ်ဝင်းသိန်းတို့နှင့် မိတ်ဖွဲ့ပေးပါလေ၏။

ဦးကျော်သင်း - ဒေါ်ဝင်းသိန်းတို့မှလည်း ပအိုဝ်းဒေသ၏ ရာဇဝင်၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ဘာသာရေးလုပ်ငန်းများကို မဂ္ဂဇင်း ဂျာနယ်များမှနေ၍ ဆောင်းပါးရေးဖွဲ့ သီကုံးလျက်ရှိသော စာရေးသူအား အလွန်လိုက်လှဲဝမ်းသာစွာဖြင့် ကြိုဆိုဧည့်ခံကြပြီးလျှင် နောင်တရား ပအိုဝ်းမြေ၏ အောင်မြင်



www.burmeseclassic.com

www.burmeseclassic.com

ကျော်ကြားလျက်ရှိသော ဂျပန်နည်းပညာဖြင့် တီထွင်စိုက်ပျိုးထားရှိသော ယာကွန်ဆေးပင်အကြောင်းကို အောက်ပါအတိုင်း လေ့လာတွေ့ရှိခဲ့ရပါလေ၏။

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်တွင် မြို့နယ် ၁၂မြို့နယ်ပါဝင်ပါသည်။ အဆိုပါ မြို့နယ်မှ အဋ္ဌမတန်းစာမေးပွဲကို ထူးချွန်စွာ အောင်မြင်ကြသူများကို တစ်မြို့နယ်လျှင် တစ်ဦးနှုန်းဖြင့် ရွေးချယ်၍ အင်းလေးခေါင်တိုင်စခန်း၊ တောင်ဘိုကြီးကျောင်းတွင် မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ သုံးဘာသာ ဓမ္မ




ယာကွန်ဆေးပင်

ဓိဋ္ဌာန်မေးခွန်းများကို ဖြေဆိုရပါသည်။ အဆိုပါ စာမေးပွဲကို အောင်မြင်လေသောအခါ T.P.A ခေါ် ကမ္ဘာ့လူသားအဖွဲ့အစည်း(Terra People Association) တွင် အင်တာဗျူးဆက်လက်ဖြေဆိုရ၏။ အောင်မြင်သောအခါ စိုက်ပျိုးမွေးမြူရေး သင်တန်းကျောင်းတွင် နဝမတန်းနှင့် ဒသမတန်းကို ဆက်လက် တက်ရောက်ခွင့်ရပေ၏။ ရွေးချယ်ထားသော ၁၂ဦးတွင် တစ်နှစ်လျှင် အဆိုပါ သင်တန်းကို ၈-ဦးသာလျှင် တက်ရောက်ခွင့်ပြုပေ၏။ သင်တန်းတွင် ကျောင်းသင်ခန်းစာများအပြင် စိုက်ပျိုးမွေးမြူရေးနည်းပညာ၊ အလုပ်ရုံဆွေးနွေးပွဲနည်းပညာနှင့် ဂျပန်ဘာသာစာပေ စကားတို့ကို ဦးစားပေးသင်ကြားပါသည်။ အဆိုပါ သင်တန်းမှ ဒသမတန်း အောင်မြင်သော ကျောင်းသားများသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ(န・တ・လ တက္ကသိုလ်)သို့ ဆက်လက်တက်ရောက်ခွင့်ရရှိပြီး ကျောင်းသူများအနေဖြင့် စစ်ကိုင်းဖွံ့ဖြိုးရေး ဒီဂရီကောလိပ်ကို ဆက်လက် တက်ရောက်ခွင့်ရပေသည်။

ခွန်ထွန်းထွန်းကို (၁၃-၆-၁၉၉၂)တွင် အဘ ဦးကျော်သင်း - အမိ ဒေါ်ဝင်းသိန်းတို့မှ နောင်တရားမြို့တွင် မွေးဖွားခဲ့ပြီး ပအိုဝ်းတိုင်းရင်းသားလူမျိုးများ ဖြစ်ကြပေသည်။ ၂၀၀၆ ခုနှစ်တွင် ခွန်ထွန်းထွန်းသည် နောင်တရားကျောင်းမှ အဋ္ဌမတန်းကို ထူးချွန်စွာ အောင်မြင်ပြီး အင်းလေးခေါင်တိုင် ဓမ္မဓိဋ္ဌာန်စာမေးပွဲနှင့် T.P.A အင်တာဗျူးများကို ဆက်တိုက်အောင်မြင်ပြီး စိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်းတွင် သင်းတန်အပတ်စဉ် (၇)၌ ဆက်လက်တက်ရောက်ရန် ရွေးချယ်ခံခဲ့ရပေ၏။ သင်တန်းကာလကို (၁-၆-၂၀၀၆)မှ (၂၃-၃-၂၀၀၈)အထိ တက်ရောက်ခဲ့ရပါသည်။ T.P.A စီမံကိန်း မန်နေဂျာမှာ ကိုချီမိုရီနာခ(Koichi Morinaka)ဖြစ်ပါသည်။ သင်တန်းတွင် သဘာဝ ဩဂဲနစ် စိုက်ပျိုးရေးနည်းပညာတစ်ရပ်ဖြစ်သော ဂျပန်မာ(ခေါ်) ယာကွန်ဆေးပင် စိုက်ပျိုးနည်းပါ ရှိလာခဲ့ပါပေ၏။ အောက်ပါ အကြောင်းအချက်များသည် ခွန်ထွန်းထွန်း၏ ပြောကြားချက်များ ဖြစ်ပေသည်။

♦♦♦

"T.P.A ကျောင်းမှာ ဒီယာကွန်ဥကို စားသုံးခဲ့ရတာပါ။ လက်ဖက်ခြောက်နဲ့ ယာကွန်ဥကို စိုက်ပျိုးရေးဆရာကနေ ကျွန်တော်တို့ကို သုံးစွဲစေပါတယ်။ ဒီတော့ ကျွန်တော် မေးကြည့်မိတယ်။ ဂျပန်တွေက သစ်တော်သီးကို မစားဘဲ ဘာလို့ ဒီဥကို စားတာလဲလို့။ အဲဒီတော့ ဆရာက ပြန်ပြောတယ်။ သစ်တော်သီးက ဆေးမဖြစ်ဘူး။ ဒီဥက ဆေးဖက်ဝင်တယ်တဲ့။ ဒါကို ကျွန်တော်တို့က အလွယ် "ဂျပန် သစ်တော်သီး"လို့ပဲ ခေါ်လိုက်ကြတယ်။ အဲဒီသင်တန်းကာလမှာ ပဲ အဖေရောက်လာပြီး ဆရာ့ဆီက မျိုးဥကို ယူလာပြီးတော့ နောင်တရားမြို့မှာ ပြန်လည်စမ်းသပ် စိုက်ပျိုးခဲ့ပါတယ်။ စားတဲ့ ဥက ကစွန်းဥသဏ္ဌာန်ဖြစ်ပြီး၊ ပျိုးတဲ့ဥက ချင်းတက်သဏ္ဌာန်ဖြစ်ပါတယ်။ အရွက်ကတော့ နေကြာရွက်ပုံစံဖြစ်ပါတယ်"


အောက်ပါ အကြောင်းပြချက်များသည် ခွန်ထွန်းထွန်း၏ ဖခင် ဦးကျော်သင်း၏ ပြောကြားချက်များ ဖြစ်ပေ၏။

"အဲဒီ ၂၀၀၆မှာကတည်းက ကျွန်တော်က အိမ်မှာ


www.burmeseclassic.com

www.burmeseclassic.com

"ခြံအတွင်းမှာ လောလောဆယ် အပင်ပေါင်း ၂၃၀၀ စိုက်ပျိုးထားပါတယ်။ လာမယ့်နှစ်ဆိုရင်တော့ ပျိုးပင် နှစ်သိန်းလောက် ပွားနိုင်ပါတယ်။ ၂၃၀၀ ဆိုတာက တစ်ကြေအတွင်း စိုက်ပျိုးတဲ့ အပင်ပေါင်းဖြစ်ပါတယ်။ အပင်က တစ်ပင်နဲ့တစ်ပင် ကျဲလေ ကောင်းလေပါပဲ။ ၅ပေ-၇ပေ စိုက်တဲ့နှုန်းက အကောင်းဆုံးပါပဲ။ အပင်ဝေးရင် အရွက် တစ်ပိဿာနှုန်း ထွက်ပြီးတော့၊ အခု အပင်နီးသွားတဲ့အတွက် အရွက် ၅၀သားနှုန်းပဲ ထွက်ရှိပါတယ်။ မျိုးဥက တစ်လအတွင်းမှာပဲ ပွား,ပွားလာပြီးတော့ ကိုင်းပင်ကတော့ ရေနိုင်နိုင်လောင်းရင် ပြန်ပြီး စမ်းသပ်ခဲ့တာပါ။ လိုအပ်ချက်ရှိတိုင်း ကျောင်းရှိ ဆရာတွေဆီမှာ ပြန်လည်ပြီး စုံစမ်းပါတယ်။ ဒီစာအုပ်တွေက ကျွန်တော့်သားဆီက စိုက်ပျိုးရေးသင်တန်းစာစောင်တွေပါ။ ဖေဖော်ဝါရီလ၊ မတ်နဲ့ ဧပြီလတွေအတွင်းမှာ စိုက်ပျိုးပြီး ဇွန်လိုင်ကနေ နိုဝင်ဘာလအတွင်းမှာ အရွက်ကို ပြန်လည် စားသုံးလို့ ရပါတယ်။ ဥကိုတော့ နိုဝင်ဘာနဲ့ ဒီဇင်ဘာလတွေမှာ တူးဖော် စားသုံးရပါတယ်။ ကျွန်တော် ဒီမျိုးကို ယူလာတော့ လူတိုင်း စိတ်ဝင်စားကြတယ်။ ထူးဆန်းတာက စားတဲ့ ဥကိုလည်း စိုက်လို့ မရသလို၊ စိုက်တဲ့ ဥကိုလည်း စားလို့



ယာကွန်ဆေးလှက်ခြောက်ပင်

မရဘူး။ စားသုံးရမယ့် ဥက မျိုးဥရဲ့ အောက်က သတ်သတ် ထွက်ပြီး မျိုးဥက အပေါ်မှာ သတ်သတ်ပွားပါတယ်။ မျိုးဥက ခရမ်းရောင်ဖြစ်ပြီးတော့ စားသုံးတဲ့ ဥက အညိုရောင်ဖြစ်ပါတယ်။ အပင်တစ်ပင်ရဲ့ မျိုးဥကနေ ပျိုးပင်ပြန့်ပွားရင် အပင် ၁၀၀ ပြန့်ပွားလို့ ရပါတယ်။ ပျမ်းမျှအားဖြင့် အပင်တစ်ပင်ကို စားတဲ့ ဥက ငါးပိဿာထွက်ပါတယ်"

ထို့နောက် ဦးကျော်သင်းအိမ်မှ လေးဟာလုံအကွာအဝေးတွင် ရှိသော စိုက်ပျိုးရေးခြံကို ထွန်းထွန်းနှင့်အတူ သွားရောက်လေ့လာခဲ့ပါတယ်။

♦♦♦

၁၄ရက်/၁၅ရက်နဲ့ ထွက်လာပါတယ်။ ကိုင်းပင်ထွက်တာနဲ့ အရွက်တစ်ခါတည်း ထွက်လာပါတယ်။ ဒီအပင်တွေကတော့ ကျွန်တော်တို့ အရွက်ညှပ်ပြီးသားအပင်တွေပါ။ ဒီအပင်မျိုးက အရွက်ညှပ်လေ ကိုင်းပွား ပိုထွက်လေဖြစ်ပါတယ်။ အခုဆိုရင် သုံးလေးခြံလောက်နဲ့ စိုက်ပျိုးနေကြပါပြီ။ မြေသြဇာကို ကောက်ရိုးရယ်၊ ဖွဲရယ်၊ နွားချေးရယ်၊ မြေဆွေးရယ်၊ အနုဇီဝပိုးရယ် ပါရပါတယ်။

ဂျပန်နည်းပညာအရ အနုဇီဝပိုး လုပ်ပုံလုပ်နည်းကတော့ ဖွဲနုချော တစ်ဆ၊ မြေဆွေး တစ်ဆ၊ တင်လဲရည် (သို့) ကြံသကာရည်တစ်ဘူး၊ အချိုးအစားကို ရေ ၅၀ နိုင်



www.burmeseclassic.com

www.burmeseclassic.com




နှုန်းမှ ၆၀ရာခိုင်နှုန်း ရောရပါတယ်။ အဲဒါကို နယ်ပြီး ဒီတိုင်း နှပ်ထားတဲ့အခါကျတော့ သုံးလေးရက်ကြာတဲ့အခါမှာ အနု ဇီဝပိုးဖြစ်သွားပါတယ်။ မှိုအချဉ်ပေါက်သွားတယ်လို့ ဆိုလို တာပါ။ ပိုးအကောင် မဟုတ်ပါဘူး။ အဲဒီမှိုမျိုး ရပြီးတော့မှ နွားချေး၊ ဖွဲကြမ်း၊ ကောက်ရိုးတို့ ပြန်ရောပြီး မြေဩဇာအဖြစ် အသုံးပြုရပါတယ်။ ဒီနည်းပညာကို "ဒိုချပ်ကင်း သဘာဝ မြေဩဇာနည်းပညာ"လို့ ခေါ်ပါတယ်။

နောက်တစ်နည်းကတော့ "ဘိုကာရှိနည်းပညာ"ဖြစ်ပါ တယ်။ နွားချေး (သို့) ဝက်ချေး ၂၄ပုံး၊ ဖွဲနုချော ၇ပုံးခွဲ၊ ပဲဖတ်/နှမ်းဖတ် ၁၀ ပိဿာ၊ ပြာ ၃ပုံး၊ မြေဆွေး ၄ပုံး၊ ရေ ၆၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဘယ်နည်းပညာနဲ့ အသုံးပြုသည် ဖြစ်စေ ထွက်နှုန်းကတော့ အတူတူပါပဲ။ နှစ်နည်းပြိုင်သုံးစရာ မလိုပါဘူး။ တစ်မျိုးပဲ သုံးရင် ရပါတယ်။ ဘိုကာရှိ နည်းပညာ နဲ့ ရရှိတဲ့ သဘာဝ မြေဩဇာကတော့ တစ်ရက်တစ်ခါ လှန်ပေးရပြီး တစ်ပတ်ပြည့်ရင် သုံးလို့ရပါတယ်။ ဒိုချပ်ကင်း နည်းပညာကတော့ တစ်လတစ်ခါ လှန်ပေးရပြီးတော့ သုံးလ ပြည့်ပြီးမှ သုံးစွဲလို့ ရပါတယ်။ ဒိုချပ်ဆိုတာက ဂျပန်လို "ဒေသခံ"ဟု ခေါ်ပြီး ကင်းဆိုတာကတော့ "အကျိုးပြု အနု ဇီဝပိုး"လို့ အဓိပ္ပာယ်ရပါတယ်။ အဲဒါကြောင့် ဒိုချပ်ကင်းဆို တာ "ဒေသခံ အကျိုးပြု အနုဇီဝနည်းပညာ"လို့ အဓိပ္ပာယ် ရပါတယ်။ ဘိုကာရှိအခေါ်အဝေါ်ကိုတော့ဖြင့် ကျွန်တော် မသိပါဘူး။ ဒီနည်းပညာကို အသုံးပြုပြီးသွားရင် မြေကြီးကို သူက ပြုပြင်ပြောင်းလဲပေးတဲ့အတွက် ရေရှည် ကြာလာတာ နဲ့အမျှ ပိုပြီးအကျိုးဖြစ်ထွန်းလာပါတယ်။

အခြားအပင်တွေလို ပိုးသတ်ဆေးမသုံးဘဲနဲ့ ဂျပန် နည်းပညာနဲ့ ပြုလုပ်ထားတဲ့ မီးသွေးပေါင်းခံရည်ကို ဖျန်းပေး ရပါတယ်။ ဒီမီးသွေးပေါင်းခံရည်က ဘယ်အပင်မဆို ဖျန်းလို့ ရပါတယ်။ ကိုယ့်ဟာကိုယ် ဖော်စပ်လို့ ရပါတယ်။ မီးခိုးရည် လို့လည်း အဓိပ္ပာယ်ရပါတယ်။ အကျိုးအာနိသင်အနေနဲ့ ပိုးသတ်ဆေးတွေလို ဘေးထွက်ဆိုးကျိုးနဲ့ လူကို ကျန်းမာရေး ထိခိုက်စေတာမျိုး လုံးဝ မရှိပါဘူး။ ဒီပေါင်းခံရည်ကို စိုက်ပျိုး ကာစမှာ မြေကြီးကို တစ်ခါဖျန်းပေးရပါတယ်။ အပင်တက်စ မှာ တစ်ခါဖျန်းပေးရပါတယ်။ နှစ်ခါဆို ရပါပြီ။ ပိုးကာကွယ်ပြီး သား ဖြစ်သွားတာပေါ့။ တခြားမြေဩဇာထည့်လို့ မရဘူး။ ပိုးသတ်ဆေး ဖျန်းလို့ မရဘူး။ ဓာတုပစ္စည်းလွတ် စိုက်ပျိုး ရပါတယ်။

အပင်အမြင့်က အနိမ့်ဆုံး ၆ပေကနေ အမြင့်ဆုံး ၉ပေအထိ ရှိပါတယ်။ စားတဲ့ဥဟာ အနာရှိရင်တော့ တစ်ပတ် ပဲ ခံပါတယ်။ အနာမရှိဘူးဆိုရင်တော့ နှစ်လ၊ သုံးလ ထားလို့ ရပါတယ်။ ကျွန်တော့်ခြံက ရေယာ နှစ်ကေခွဲရှိပါတယ်။ အခု ခြံထဲမှာ သစ်တော်ပင်တွေ ရှိနေသေးတယ်။ လာမယ့် နှစ်ကျရင်တော့ သစ်တော်ပင်တွေကို ခုတ်ပစ်ပြီးတော့ ယာကွန်ဥတစ်မျိုးပဲ စိုက်ပျိုးပါတော့မယ်။ အဲဒါဆိုရင် ကျွန်တော့်ခြံထဲမှာ အပင် ၄၀၀၀ ပျိုးလို့ရမှာ ဖြစ်ပါတယ်။

ယာကွန်ဥဟာ ရေကြိုက်တယ်။ အအေးကြိုက်တယ်။ ပုံစံက ကစွန်းဥပုံစံ။ အရသာက စိမ်းစားဥအရသာရှိပြီး



ယာကွန်မျိုးဥနှင့် ယာကွန်ဥ

အရည်ရွှမ်းတယ်။ ဒီမျိုး ဂျပန်ရောက်တာ ၂၇နှစ်ပဲ ရှိသေး တယ်။ ကျွန်တော့်ဆီ ရောက်တာ ၂၀၀၆ ကပေါ့။ နှစ်တိုပင် ဆိုတော့ တစ်နှစ်တစ်ခါ ပြန်စိုက်ရတယ်"

ဦးကျော်သင်းဟာ အသက် ၅၅နှစ်အရွယ်ရှိပြီး ဇနီး ဒေါ်ဝင်းသိန်းက ၅၁နှစ်ဖြစ်၍ သားယောက်ျား ၅ဦး ထွန်းကား ခဲ့ရာမှာ အိမ်ထောင်သည် ၃ဦးနှင့် လူလွတ်ကျောင်းသား ၂ဦးဖြစ်ပါတယ်။ ဒေါ်ဝင်းသိန်းမှ ဖြည့်စွက်ဆွေးနွေးသည်မှာ-

"ကျွန်မတို့အရွယ် သွေးဆုံးတော့မယ့် အမျိုးသမီးများ ဟာ ယာကွန်ဥနဲ့ လက်ဖက်ခြောက်ကို စားသုံးခြင်းအားဖြင့် ရောဂါမခံစားရဘဲ(သွေးဆုံး မကိုင်ဘဲပေါ့လေ) သက်သာစွာ



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်သင်း+ဒေါ်ဝင်းသိန်း

ပြီးခဲ့စေခဲ့တာ ကျွန်မကိုယ်တွေ့ဖြစ်ပါတယ်။ နောက် ကျွန်မရဲ့ အမေဟာ ရောဂါပေါင်းစုံနဲ့ အိပ်ရာထဲမှာ မလှုပ်နိုင် မရှားနိုင်ဖြစ်နေရာက ယာကွန်ဥစားသုံးပြီး သုံးလအတွင်းမှာ အခုဆရာတွေ့ မြင်ရတဲ့ ပုံစံအတိုင်း ထူထူထောင်ထောင် လန်းလန်းဆန်းဆန်းဖြစ်နေပါပြီ။ အမေ့အသက်က ၇၂နှစ်ဖြစ်ပါတယ်။ ဒီဥဟာ မျက်စိကိုလည်း ကြည်လင်စေပါတယ်။ အမေဟာ အရင်က အသက်ကြီးတာကြောင့်ရယ်၊ ရောဂါကြောင့်ရယ် မျက်စိ မသဲမကွဲဖြစ်နေရာက အခုဆိုရင် သူဟာ ဆရာ့ကို ကောင်းကောင်းမြင်တွေ့နေရပြီ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မအမေရဲ့ ကိုယ်တွေ့အဖြစ် ဒီဂျပန် ယာကွန်ဥကို အစိမ်းစား၊ အရွက်ကို လှော်ပြီး နေပူလှန်း၍ လက်ဖက်ခြောက်လုပ် သောက်ခြင်းဖြင့် လူကြီးရောဂါဖြစ်တဲ့ ဆီးချို၊ ကျောက်ကပ်၊ သွေးတိုးကို သက်သာကောင်းမွန်စေပါတယ်။

သွားပိုးစားရောဂါရှိသူများဟာ ဥကို အစိမ်းစားပြီး ချက်ချင်းသက်သာသွားတာ တွေ့ရပါတယ်။ နောက်တစ်ချက်က အရက်နာပျောက်ပြီး အရက်စွဲနေတဲ့သူများ သောက်သုံးသင့်ပါတယ်။ ကျွန်မရဲ့ မိတ်ဆွေတစ်ဦးဟာဆိုရင် အရက်ပြတ်သွားပြီဖြစ်တဲ့အတွက် သူတို့မိသားစုအတွင်းမှာ အခက်အခဲ ပြဿနာတွေ ပြေလည်သွားပြီး သူနဲ့ ဇနီး၊ သားသမီးတွေဟာလည်း ပျော်ရွှင်နေကြပါပြီ"

ထို့နောက် ဦးခွန်တီးကျော်မှ ဖြည့်စွက် ဆွေးနွေးပြန်သည်မှာ -

"နိုင်ငံခြားသား တရုတ်လူမျိုးတွေဟာ ကျွန်တော်တို့ဆီကို လာလည်ကြပါတယ်။ အဲဒီမှာ သူတို့ဟာ ယာကွန်ပင်ကို တွေ့သွားတော့ အထူးအံ့ဩသွားကြတယ်။

"ဟင်…ခင်ဗျားတို့ မြန်မာပြည်မှာ ဒီလိုအပင်မျိုး ရှိသလား။ ဒီအပင်ဟာ ကျွန်တော်တို့လူမျိုးတွေက အပြင်ကို မပျံ့နှံ့ရလေအောင် ကျွန်တော်တို့တိုင်းပြည်အတွင်းမှာ လျှို့ဝှက် စိုက်ပျိုးထားတဲ့ ရှေးရိုးရာ တရုတ်နန်းတွင်းသုံးတဲ့ ဆေးပင်ဖြစ်ပါတယ်"တဲ့။

ဒါဟာ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာအချက်တစ်ချက်ပါပဲ"

ဒီ့နောက် စာရေးသူဟာ ယာကွန်ဆေးပင်နှင့် ပတ်သက်သော စာရွက်စာတမ်းအထောက်အထားများကို ဆက်လက် လေ့လာဖတ်ရှုပါတယ်။

◆◆◆

**ယာကွန်ဥ အာနိသင်**

* Politenor ဓာတ်ပါသောကြောင့် သွေးကို သန့်စင်အောင် ပြုလုပ်ပေးသည်။
* သွားပိုးစားခြင်းကို ကာကွယ်သည်။
* ဆီး၊ ဝမ်း မှန်စေသည်။
* ခန္ဓာကိုယ်အတွင်းရှိ မကောင်းသော အဆီဓာတ်များကို ဖယ်ရှားပေးသည်။
* သွေးအတွင်းရှိ အချိုဓာတ်များကို လျော့နည်းစေသည်။
* အမျှင်ဓာတ်ပါဝင်၍ အူမကြီးကင်ဆာကို ကာကွယ်ပေးသည်။
* သွေးထဲတွင် ရှိသော ဆိုဒီယမ်(ဟင်းချိုမှုန့်)ဓာတ်ကို ဖယ်ရှားပေးသည်။
* သွေးတိုးရောဂါ၊ ဆီးချိုရောဂါကို ပျောက်ကင်းစေပါတယ်။

**ယာကွန်လက်ဖက်ခြောက်သောက်ခြင်း၏ အကျိုးကျေးဇူးများ**

* ယာကွန်လက်ဖက်ရွက်တွင် (Na 10.7 mg)+ (K 4.97 mg)+ (Ca 905 mg)+ (P 416 mg)+ (Fe 24.5 mg)+ (Protein 2.9 g)+ (Fiber 18.3 g) ဓာတ်များပါဝင်၍ မူလသဘာဝ အနံ့အရသာများကို မပျောက်ပျက်အောင် ဂျပန်နည်းပညာဖြင့် ပြုလုပ်ထားခြင်း၊ ဓာတုပစ္စည်း လုံးဝမပါဝင်ခြင်းကြောင့် ရေနွေးကြမ်းသောက်သုံးသူများအတွက် အသင့်တော်ဆုံးနှင့် အကောင်းဆုံး လက်ဖက်ခြောက်ဖြစ်ပါတယ်။
* ခန္ဓာကိုယ်အတွင်းနှင့် သွေးကြောများအတွင်းရှိ မလိုအပ်သော ကိုလက်စထရောများကို ကျဆင်းစေခြင်း၊ သွေးတိုး ဆီးချိုရောဂါနှင့် သွေးထဲ၌ မလိုအပ်သော အဆီများ ကျဆင်း



www.burmeseclassic.com

www.burmeseclassic.com

စေသည့်အပြင် ဝမ်းချုပ်ခြင်းကိုပါ သက်သာစေပါတယ်။

**ယာကွန်ယိုစုံပြုလုပ်နည်း**

ယာကွန် (၃၀၀ ဂရမ်)ကို အခွံနွှာပြီး ပါးပါးလှီးလှီးပေးပါ။ ပြီးလျှင် သစ်သီးဖျော်စက်ထဲထည့်ပြီး ကြိတ်ပေးပါ။ ကြိတ်ပြီးသော ယာကွန်ကို ဒန်အိုးထဲ ထည့်ကျိုပေးပါ။ ပူလာလျှင် သကြား (၄၄၀ ဂရမ်)နှင့် ရေ(240 CC) ကို ထည့်ပါ။ မီးအေးအေးနှင့် ရေတစ်ဝက်ကျအောင် ကျိုချက်ပြီးပါက အရသာရှိသော ယာကွန်ယိုတစ်မျိုးဖြစ်လာပါမည်။

**ယာကွန်နှင့် ခရမ်းသီးအသုပ်ပြုလုပ်နည်း**

(၁) ယာကွန် ၂၀၀ ဂရမ်၊
(၂) ခရမ်းသီး ၂၀၀ ဂရမ်၊
(၃) ဆား၊ ငရုတ်မှုန့် အနည်းငယ်၊
(၄) ဝက်/ကြက်အူချောင်း ၁၀၀ ဂရမ်၊
(၅) မုန်လာရွက်အနည်းငယ်၊
(၆) ဝိုင်အဖြူ ဟင်းချိုင်ဇွန်းတစ်ဇွန်း၊
(၇) ရှာလကာရည် ဟင်းခပ်ဇွန်းတစ်ဇွန်း၊
(၈) ထောင်းပြီး ကြက်သွန်ဖြူဥတစ်ဝက်ခန့်၊
(၉) မုန်ညင်းစေ့ လက်ဖက်ရည်ဇွန်းနှစ်ဇွန်း၊
(၁၀) Olive Oil ဟင်းခပ်ဇွန်းသုံးဇွန်း။

ခရမ်းသီးကို 2mm စီ လှီးဖြတ်ပေးပါ။ ဖန်သောအရသာထွက်အောင် ဆားနှင့် မွှေပြီး ခဏထား၍ ရေဆေးပြီး ရေစင်အောင် ညှစ်ထုတ်ပါ။ ဝက်အူချောင်းကို ပြုတ်ပြီး ပါးပါးလှီးပေးပါ။ ယာကွန်ကို အခွံနွှာပြီး 2mm ခန့်စီ လှီး၍ ရေစင်အောင် ဆေးပေးပါ။ ခရမ်းသီးနှင့် ယာကွန်ကို ပထမဦးဆုံး ရောမွှေပြီးမှ ဝက်အူချောင်းထည့်ပါ။ ပါဝင်သော ပစ္စည်းများကို အကုန်လုံး ရောမွှေပေးပါ။ ပန်းကန်ထဲ ထည့်ပြီး Parsley ကို လိုသလောက်ထည့်၍ အသင့်စားသုံးနိုင်ပါပြီ။

**ယာကွန်ပေါင်မုန့်ပြုလုပ်နည်း**

(၁) ဂျုံမှုန့် ၃၀၀ ဂရမ်၊
(၂) Baking Powder ၃ ဂရမ်၊
(၃) Yeast တဆေးမှုန့် ၃ ဂရမ်၊
(၄) သကြား ၃၀ ဂရမ်၊
(၅) ဆား ၆ ဂရမ်၊
(၆) ထောပတ် ၁၃၀ ဂရမ်၊
(၇) ကြက်ဥတစ်လုံး၊
(၈) ယာကွန် ၂၀၀ ဂရမ်၊
(၉) နွားနို့ ၃၀ စီစီ

ဂျုံမှုန့် Baking Powder တဆေးမှုန့်၊ သကြား၊ ဆား ပေါင်းစပ်ပြီး အချိုင့်ပုံစံခွက် ပြုလုပ်ထားပါ။ ထိုချိုင့်ခွက်ထဲသို့ ကြက်ဥ၊ ခြစ်ထားသော ယာကွန်၊ နွားနို့၊ ထောပတ်တို့ကို ထည့်ပေးပါ။ နောက် သမအောင် ရောမွှေပြီး အလုံးဖြစ်အောင် ပြုလုပ်ပေးပါ။ အလုံးဖြစ်လျှင် အချိုးတူ ဆယ်ခု လှီးပေးပါ။ အပူချိန် ၁၈၀ ဒီဂရီနှင့် မီးဖုတ်ပေးခြင်းအားဖြင့် အရသာရှိသော ယာကွန်ပေါင်မုန့်အဖြစ် စားသုံးနိုင်ပါပြီ။

**ယာကွန်နှင့် ဒိန်ချဉ်ပြုလုပ်နည်း**

(၁) ယာကွန် ၂၀၀ ဂရမ်၊
(၂) သခွားသီးတစ်လုံး၊
(၃) ခရမ်းချဉ်သီးသုံးလုံး၊
(၄) ဒိန်ချဉ်ဟင်းခပ်ဇွန်း လေးဇွန်း၊
(၅) ဆားအနည်းငယ်၊

သခွားသီးကို ခေါင်လိုက်ခွဲပြီး အလျားလိုက် ၁-စင်တီမီတာခန့်စီ လှီးပေးပါ။ လှီးပြီးသား သခွားသီးကို ဆားဖြူးပြီး ၁၁မိနစ်ထားပေးပါ။ ပြီးလျှင် အရည်ညှစ်ပေးပါ။ ယာကွန်ကို အခွံနွှာပြီး သခွားသီးနှင့် ရွယ်တူ လှီးပေးပါ။ ယာကွန်ကို ၁၀မိနစ်ခန့် ပြုတ်ပြီး ဆန်ကာပေါ်မှာ ရေစင်အောင် စစ်ပေးပါ။ ခရမ်းချဉ်သီး လှီးထားပါ။ သခွားသီး ယာကွန်၊ ခရမ်းချဉ်သီးကို ပန်းကန်ထဲ ထည့်ပြီး ဒိန်ချဉ်ကို အပေါ်မှာ လောင်းထည့်ပေးခြင်းဖြင့် စားသုံးရန် အသင့်ဖြစ်ပါပြီ။

လက်ဖက်ပင်နှင့် ယာကွန်ပင်သည် အပင်ပုံသဏ္ဌာန်နှင့် ကြီးထွားနှုန်း ကွာခြားမှုရှိသော်လည်း ပင်လယ်ရေပြင်အထက် ပေ ၄၀၀၀ကျော်အမြင့်တွင် ရှင်သန်ပေါက်ရောက်ပုံချင်း တူညီကာ ယာကွန်လက်ဖက်ခြောက်သည် ကျန်းမာရေးအတွက် သာမန်လက်ဖက်ခြောက်ထက် ပိုမိုဆေးဖက်ဝင်ကြောင်းဖြင့် ဂျပန်သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိ မှတ်တမ်းတင်ထားပြီးဖြစ်ပါသည်။


တောင်ကြီး၊ အင်းလေး ခေါင်တိုင်၊ လွိုင်ကော်တို့တွင် စိုက်ပျိုးထားရှိသော်လည်း မိုးများ၍ အေးသော နောင်တရားမြို့၌သာ ဖြစ်ထွန်းအောင်မြင်ကြောင်း တွေ့ရှိရသည်။ ထူးကဲစွာ ဆေးဖက်ဝင်သောကြောင့် ဂျပန်နိုင်ငံတွင် သစ်တော်သီးကို မစားဘဲ ယာကွန်ဥကိုသာ စားသုံးကြောင်း သိရသည်။ ဥကို အစိမ်းစားနိုင်ပြီး စိမ်းစားဥထက် အရသာရှိကာ ကြော်ချက်၊ သုတ်၍လည်း စားသုံးနိုင်သည်။

ဆီးရောဂါ၊ ဝမ်းရောဂါ၊ လေရောဂါကို သိသာစွာ ပျောက်ကင်းစေပြီး အူမကြီးကင်ဆာရောဂါကာကွယ်ပေးခြင်း၊ သွားပိုးစားခြင်းကို ကာကွယ်ပေးခြင်း၊ သွေးတိုး၊ ဆီးချိုရောဂါများကို ပျောက်ကင်းစေကြောင်း ဂျပန် သုတေသနပညာရှင်



www.burmeseclassic.com

www.burmeseclassic.com



ခွန်ထွန်းထွန်း

များက မှတ်တမ်းတင် အတည်ပြုထားသဖြင့် အဆိုပါ ဝေဒနာရှင်များ စားသုံးသင့်ပါသည်။

စာရေးသူသည် နောင်တရားမြေမှ ယာကွန်ဥနှင့် လက်ဖက်ခြောက်ကို ယူဆောင်လာပြီး စာရေးသူ တည်းခိုသော နေပြည်တော် တပ်ကုန်းမြို့နယ်မှ ဂိုဏ်းထောက် ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များကို လှူဒါန်းဆက်ကပ်ရာ သံဃာတော်များ စားကောင်းအိပ်ပျော်ပြီး ဆီးဝမ်းသွားလေ မှန်ကန်ခြင်း စသည့်အကျိုးထူးများကို ခံစားရပြီးလျှင် ရဟန်းကြီး ဦးသောဘဏသည်လည်း ကာလရှည်ခံစားနေရသော ချောင်းဆိုးရောဂါဝေဒနာပျောက်ကင်းကြောင်းဖြင့် ဝမ်းမြောက်နှမော် သာဓုခေါ်၍ မိန့်ကြားတော်မူပါသည်။ အစာလည်း ဆေး၊ ဆေးလည်း အစာဆိုတာလို ကုသိုလ်လည်း ရ ဝမ်းလည်း ဝပေသော နောင်တရားမြို့နယ်၊ ပအိုဝ်းမြေမှ ယာကွန်ဥနှင့် လက်ဖက်ခြောက်တို့သည် တောင်ပေါ်ဒေသ စိုက်ပျိုးရေးအတွက် ဝင်ငွေတိုးပွားစေနိုင်သည့်အပြင် ပြည်ပသို့ တင်ပို့နိုင်သည့်အတွက် နိုင်ငံခြားငွေလည်း ရရှိနိုင်ပြီးလျှင် မြန်မာ့ရေမြေ၏ အသုံးဝင်ပုံကို ကမ္ဘာက သိရှိနိုင်မည်ဖြစ်ပါသောကြောင့် နောင်တရားမြို့နယ် ပအိုဝ်းမြေမှ ယာကွန်ဆေးပင်စိုက်ပျိုးရေးကို လက်ကမ်းကြိုဆိုလိုက်ရပါတော့သည်။

ယာကွန်ဥနှင့် ယာကွန်လက်ဖက်ခြောက်ကို အလိုရှိပါက ဦးကျော်သင်း-ဒေါ်ဝင်းသိန်း ရတနာထွန်း ယာကွန်လက်ဖက်ခြောက်နှင့် ပွဲရုံလုပ်ငန်းအမှတ်(၁/၁၅၈)၊ နှင်းဆီလမ်း၊ နောင်တရားမြို့ ရှမ်းပြည်နယ်တောင်ပိုင်း (ဖုန်း - ၀၉ - ၇၃၈၃၀၃၆၂)တွင် မှာယူနိုင်ပါကြောင်းဖြင့် ပအိုဝ်းမြေက ဂျပန်နည်းပညာဖြင့် စိုက်ပျိုးထားရှိသော နောင်တရားမြေမှ ယာကွန်ဆေးပင်အကြောင်းကို သတင်းကောင်းပါးလိုက်ရပါပေတော့သတည်း။ ယခုအခါ ပအိုဝ်းတိုင်းရင်းဆေးဆရာများအဖွဲ့ဝင်အမှတ် (၀၁-၆၂၁၆)ဖြင့် ခွင့်ပြုချက်ရရှိပြီးဖြစ်ပါသည်။

* * *

ဓာတ်သုဓောသီ ဆရာမျိုး

ရည်ညွှန်းကိုးကား ။

- မြို့တော်သတင်း၊ (အတွဲ ၂၁၊ အမှတ် ၁၇၊ ၇-၁၂-၂၀၁၁ နေ့ထုတ် သတင်းစာ)။
- ဦးကျော်သင်းမိသားစု၏ ပြောကြားချက်များ။
- ကိုယ်တိုင်လေ့လာတွေ့ရှိချက်များ။



www.burmeseclassic.com

www.burmeseclassic.com

# သွားကိုက်၊ သွားနာ၊ သွားဖုံးသွေးယို ရောဂါနှင့် မျက်စိစွန်တာ မခက်ပါ

မိုးစက်အဏ္ဏဝါ (ဧရာဝတီ)

စာရေးသူ ရေးမြို့နယ် "အစင်"စံပြကျေးရွာ စွန်းလွန်းဂူ ဓမ္မယောသကကျောင်းသို့ အလည်သွားရောက်ခဲ့စဉ်က ဖြစ်၏။ စာရေးသူ၏ သွားက နာလည်းနာ၊ သွားဖုံးက သွေးယိုနေတာလည်း လေးငါးရက်ရှိပြီဖြစ်သော်လည်း မပျောက်ကင်းသေးပေ။ သွားဖုံးကလည်း သွေးအမြဲတမ်း စိမ့်ထွက်နေ၏။ အဲဒီအကြောင်းကို ကျောင်းနေ ဦးဇင်းတစ်ပါး သိတဲ့အခါ "တပည့်တော်မှာ သွားနဲ့ ပတ်သက်ရင် အလွန်ကောင်းတဲ့ ဆေးရှိတယ်။ အဲဒါ ဆွမ်းဘုဉ်းပြီးရင် လာယူပြီး တိုက်ပါ"ဟု ပြောသဖြင့် ဦးဇင်း အရှင်မာယိန္ဒက ဆေးကို သွားယူပေးပါတယ်။ အဲဒီဆေးကို စာရေးသူ သုံးစွဲကြည့်ရာ သွားဖုံးသွေးယိုတာ နည်းသွားပါတယ်။ နောက်ရက် ဆက်ပြီးအသုံးပြုရာ သွားလည်း မနာ၊ သွေးလည်း လုံးဝ မယိုတော့ပေ။

စာရေးသူလည်း ဆေးနည်းပြုလုပ်ပုံကို သိချင်တာနဲ့ ဆေးပေးတဲ့ ဦးဇင်းကို သွားရောက်လျှောက်ထား မေးမြန်းတော့ ဆေးပေးတဲ့ ဦးဇင်းက···

"တပည့်တော် အသက် ၅၀ကျော်လောက်က သွားတွေက နာလည်း နာ၊ နံ့လည်း နံ့လာတယ်။ တခြား နီးစပ်ရာ ဆေးသုံးကြည့်တော့လည်း အဆင်မပြေဘူး။ ဆေးခန်းသွားပြီး သွားတွေ နှုတ်ပစ်ဖို့တောင် စိတ်ကူးမိတယ်။ အဲဒီအကြောင်း ဆရာတော်သိသွားတော့ သွားမနှုတ်ခိုင်းဘဲ ဒီဆေးနည်းကို မိန့်ခဲ့တာပဲ။ အခုတော့ သွားအတွက် မပူရတော့ဘူး။ အမြဲတမ်း ပြုလုပ်ထားပြီး အသုံးပြုခဲ့တာ ယနေ့အထိပဲဆိုပါတော့"ဟု မိန့်ကြားခဲ့ပါသည်။

ဆေးနည်းပြုလုပ်ပုံမှာ အုန်းလက်ခြောက်မှ အုန်းရွက်တံများ(အလယ်မှ အုန်းလက်ဘောင်ကြီးမပါ။ ဘေးမှ အလက်အရွက်များကိုသာ)ကို လိုသလောက်ယူ၍ မီးရှို့ ပြာချပြီး ဝိတ်ပါးနှင့် စစ်ယူထားပါ။ အိမ်သုံးဆားကိုလည်း အမှုန့်နုလေးများဖြစ်အောင် ပုလင်းနဲ့ ကြိတ်ပါ။ အမှုန့်နှစ်ခုကို ဆတူရောပြီး ရေချိုးခါနီးတိုင်း သွားတိုက်၍ ၂မိနစ် ၃မိနစ်လောက် ငုံထားပြီး ပလုတ်ကျင်းပါ။ အမြဲသုံးစွဲရင် သွားရောဂါ ကာကွယ်ပြီးသားဖြစ်ပြီး သွားရောဂါဖြစ်နေသူအတွက်လည်း လက်တွေ့ ပျောက်ကင်းကြောင်း စာရေးသူကိုယ်တွေ့မို့ စာဖတ်သူ မိတ်ပြည်သူများအတွက် တင်ပြလိုက်ရပါသည်။

**မျက်စိစွန်တာ မခက်ပါ**

မျက်စိစွန်သော ဝေဒနာသည် အင်မတန်မှ အခံရခက်၏။ မျက်စိစွန်လျှင် မျက်စပ်သော် လည်းကောင်း၊ မျက်ခွံစပ်၌သော် လည်းကောင်း၊ အနာကဲ့သို့ စူထွက်ပြီး ရောင်ကိုင်းနေသဖြင့် မျက်စိကြည့်၍လည်း မကောင်း၊ မြင်ရသူများမှာလည်း စိတ်မချမ်းသာလှပေ။ ထိုမျက်စိစွန်သော ဝေဒနာအတွက် စာဖတ်ပရိသတ်များအား နည်းကောင်းလေးတစ်ခု ဖော်ပြပေးလိုက်ပါတယ်။

ပြုလုပ်ပုံနည်းစနစ်မှာ မြန်မာနိုင်ငံအနှံ့တွင် ပေါများစွာ ပေါက်ရောက်လေ့ရှိသော မည်သည့်ဝါးပင်၌မဆို ဝါးပင်၏ အဆစ်မှ ဖြာထွက်နေသော ဝါးကိုင်းများ၏ အရင်းမှ ပင်မကြီး ကပ်လျက် အဆင်ဖုကြီးကို ယူပြီး မျက်စိစွန်သော နေရာအား ၇ချက်မျှ အသက်အောင့်၍ စတိတို့ပြီး လှည့်မကြည့်တဲ့ လက်နောက်ပြန် စွန့်ပစ်လိုက်ပါ။ မကြာမီ မျက်စိစွန်သော ဝေဒနာ ပျောက်ကင်းသွားပါလိမ့်မည်။ အချို့မှာ ထိုဝါးဆစ်ဖုအား ထုထောင်းကြိတ်ခြေပြီး မျက်စိစွန်သောနေရာတွင် အုံပေးသောနည်းလည်း ရှိသေး၏။ မိမိနှင့် သင့်လျော်ရာကို ရွေးချယ်အသုံးပြု၍ မျက်စိစွန့်ခြင်းဝေဒနာမှ ကင်းဝေးကြပါစေ။

ဤဆောင်းပါးဖြင့် ဆေးနည်းမိန့်ကြား ချီးမြှင့်တော်မူသော ရေးမြို့နယ် အစင် စံပြကျေးရွာ စွန်းလွန်းဂူ ဓမ္မယောသကကျောင်း၏ ပဓာန နာယက ဆရာတော် ဦးတိလောက အရှင်သူမြတ်အား ဂါရဝပြု ဦးခိုက်ရင်း စာရေးသူအား အစစအရာရာ ကူညီပေးခဲ့သော အရှင်မာယိန္ဒအား အထူးကျေးဇူးတင်ရှိပါသည်□

* * *

မိုးစက်အဏ္ဏဝါ(ဧရာဝတီ)

www.burmeseclassic.com

၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

## EX-ဓာတ်ပေဗိမာန်

## အထက်တန်း လက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်

## သင်တန်းနည်းပြ

စာရေးဆရာ ဆရာမ ဝေဝေအောင်ထံမှ စာတစ်စောင်-


Ph. 290046

09-51-38742

အမှတ် (၁၄)၊ ရွှေဘုန်းပွင့် ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀၇၆၈၀၈
အလုပ်ချိန် -နံနက် (၇း၃၀) မှ ညနေ (၆း၀၀)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

■ အလယ်ရိုးမ ခေါ် ပဲခူးရိုးမကြီး၏ တောင်ဆွယ် တောင်တန်းကြီးများကို ရန်ကုန်-ပြည် ကားလမ်းမပေါ်မှ ဖြတ်သန်းသွားလာရသည့်အခါတိုင်း လှမ်းမြင်တွေ့နေရသည်။ ထိုတောင်တန်းကြီးတွေပေါ်သို့ အခါအခွင့်ရလျှင် တစ်ကြိမ်တစ်ခါလောက် တက်ရောက်သွားကြည့်ချင်သည့်စိတ်တို့ ရင်၌ အခါခါရှိခဲ့ဖူးသည်။

ယခု ထိုဆန္ဒတို့ ပြည့်ဝခဲ့ပြီဟု ဆိုရသော်လည်း···။

◆ ◆ ◆

ကျွန်တော် ရိုးမတောင်ပေါ်ရှိ သစ်ထုတ်လုပ်ရေး သစ်ကွက်သို့ တူမောင်ဖြစ်သူ သစ်အုပ်ကြီးနှင့် အလည်လိုက်ပါလာခဲ့သည်မှာ သုံးရက်ခန့်ရှိသွားပြီ။ ထိုရိုးမတောင်တန်းကြီးအတွင်းမှ တောအကြောင်း တောင်အကြောင်းတို့ကို ကိုယ်တိုင်တွေ့ကြုံသိရှိနိုင်ရန် ဆိုသည့် ရည်ရွယ်ချက်နှင့် လာရောက်ခဲ့သော်လည်း ထိုတောတောင်အတွင်း ကျက်စားနေထိုင်နေကြသည့် တောရိုင်းတိရစ္ဆာန်ကြီးများ၏ အကြောင်းကို အနီးကပ် ကြားသိလိုက်ရသည့်အတွက် ဝေးဝေးလံလံသို့ မသွားရဲတော့ပေ။ ဤသစ်ကွက်ဝန်ကျင်းအနီးအပါး၌သာ လှည့်လည်ကြည့်ရှုရင်း အချိန်တို့ ကုန်ခဲ့ရလေသည်။

ယနေ့လည်း တူမောင်၏ တပည့် မောင်ဖိုးပိန် ချက်ပြုတ်ကျွေးမွေးသည့် ခရုနှင့် ကုလားပဲ ရောသမမွှေချက်ထားသည့် ဟင်းဖြင့် စားသောက်ပြီး ဝရန်တာ၌ အသင့်ရှိနေသည့် ဝါးကုလားထိုင်လေးပေါ်၌ ထမင်းလုံးစီရင်း အိပ်ပျော်သွားသည်။ မည်မျှကြာကြာ အိပ်မောကျသွားသည်မသိ။

နားထဲ၌ တဗုန်းဗုန်းထုရိုက်သံများကြောင့် လန့်နိုးသွားသည်။ အသံတွေ ကြားနေရသည့်ဘက်ဆီသို့ လှမ်းကြည့်လိုက်သောအခါ သစ်လုပ်သားလူငယ်လေးငါးယောက် မြေပြင်၌ အရာဝတ္ထုတစ်ခုကို ဝိုင်းရိုက်နေကြသည်ကို လှမ်းတွေ့လိုက်ရသည်။ ဘာပါလိမ့် ဆိုသည့် အတွေးနှင့် တဲပေါ်မှ ဆင်းကာ ထိုလူငယ်အုပ်စုအနီးသို့ လျှောက်သွားလိုက်သည်။ မြင်တွေ့လိုက်ရသည့် မြင်ကွင်းက ကြည့်ရက်စရာမရှိ။ သစ်ခုတ်ပုဆိန်အနှောင့်နှင့် ကြောင်သာသာခန့်ရှိသော မျောက်ကလေးကို ဝိုင်းထုနေကြခြင်းဖြစ်သည်။

“ဒီလောက်ဆို သေပါပြီ အောင်ကြီးရယ်၊ မင်းဟာက သတ္တဝါနဲ့ လက်နက် အားနာဖို့ကောင်းနေပြီ”ဆိုသည့် စကားကို အခြားတစ်ယောက်မှ-

“အောင်မယ်၊ မင်းက ဒီမျောက်ကို ဘာအောက်မေ့နေလို့လဲ။ တုတ်ပြီး၊ ဓားပြီး ပြီးဆေးထိုးထားတဲ့ မျောက်ကွ။ မင်းတို့ မယုံရင် စောင့်ကြည့်နေ”

**သစ်လုပ်သားလူငယ်တို့**
**တစ်ယောက်တစ်ခွန်းပြောကာ**
**သွေးသံရဲရဲကြားမှ**
**ပိုးလိုးပက်လက်ဖြစ်နေသော**
**မျောက်ကလေးကို**

သစ်လုပ်သား လူငယ်တို့ တစ်ယောက် တစ်ခွန်းပြောကာ သွေးသံရဲရဲကြားမှ ပိုးလိုးပက်လက်ဖြစ်နေသော မျောက်ကလေးကို စောင့်ကြည့်နေကြသည့်အချိန်မှာ မျောက်ကလေးမှာ မသေနိုင်သေးဘဲ ခြေလက်ကလေးများ တလှုပ်လှုပ်တရွရွ ဖြစ်လာသည်ကို တွေ့လိုက်ရသည်။

“တွေ့တယ်မဟုတ်လား အောင်ကြီး၊ မင်းအတိုး လှုပ်လာနေပြီလေကွာ။ မင်း သူ့ကို ထုလို့ လက်ပန်းကျသွားမယ်။ သူကတော့ ပန်းပန်လျက်ပဲကွ။ မယုံရင် ထပ်စမ်းကြည့်လိုက်လေ” ဆိုသည့် စကားကြောင့် စောစောက ပုဆိန်တစ်လက်နှင့် ထုရိုက်နေသော လူငယ်က -

“အေးဟ၊ ဒီမျောက် တော်တော်အသက်ပြင်းတာပဲ။ ကဲကဲ- လွတ်အောင် ဘေးဖယ်နေကြစမ်း။ ဒီလောက်ရှိလှတာ ဘာမျောက်မို့လဲကွ”ဟု ဆိုကာ တဗုန်းဗုန်းထုရိုက်နေပြန်တော့သည်။ စိတ်ကျေနပ်အောင် ထုရိုက်ပြီးကာမှ -

“ဟော့ကောင် တင်ထွန်း၊ တွေ့တယ်မဟုတ်လား။ ဒီတစ်ခါတော့ မင်းမျောက် သွားပြီဟေ့”

“အောင်ကြီး···လေကြီးနဲ့ဦး။ မင်းအဘက တော်ကြာ မင်းကို မျက်စပစ်ပြလိမ့်မယ်။ ခဏလေးစောင့်၊ ခဏလေးစောင့်”

ဟုတ်ပါသည်။ ထိုလူငယ်ပြောသည့်အတိုင်း ခြေလက်များ တလှုပ်လှုပ်လှုပ်လာနေသည်ကို တွေ့လိုက်ရသည်။

“ငါပြောတာ မင်းက မယုံဘူးကိုကွ အောင်ကြီးရဲ့၊ မင်းလိုကောင်မျိုး ပျင်းတောင် ပျင်းသေးတယ်လို့ ပြောလိုက်တဲ့ အသံကြားလိုက်ရသလား။ ဟားဟားဟား”



www.burmeseclassic.com

www.burmeseclassic.com

တဝါးဝါးတဟားဟားနှင့် မခံချင် အောင် ပြောနေသည့် စကားကြောင့် အောင်ကြီးဆိုသည့် လူငယ်သည် ပုဆိုး နှင့် အချက်ပေါင်းများစွာ ထုထားသော် လည်း သွေးသံရဲရဲနှင့် မသေနိုင်သေး သည့် မျောက်ကလေးကို ကောက်ကိုင် ကာ -

"ဟုတ်ပါ့ တော်တော်အသက် ပြင်းတဲ့ သတ္တဝါပဲဟ။ ဒီမှာ ကြည့်စမ်း ကွာ၊ တစ်ကိုယ်လုံး စိစိညက်ညက်ကြေ နေပြီ"

"အေးလေ၊ ဒါကြောင့် မင်းကို ငါက ပြောနေတာ။ မင်းကို သနားလို့ လက်လျှော့လိုက်ပါလို့။ ဒီအကောင်မျိုး က ဟင်းအိုးထဲ ရောက်တာတောင် မင်းကို မျက်စပစ်ပြဦးမှာ။ ဒီမှာ ငအောင် ကြီး ဘာမှစဉ်းစားမနေနဲ့တော့၊ တစ်နည်း ပဲ ရှိတယ်။ အမွေးကို မီးမြှိုက်လိုက်။ ရင်ကို ခွဲ၊ အထဲက သည်းခြေကို ထုတ် ပြီး ကာယသိဒ္ဓိပြီးဆေးဖော်ဆောင်ထား ကွာ။ ဒီကောင်မျိုးက မြားထုတ်ချင်းပေါက်



စိုက်နေတာတောင် မြားကို ဆွဲချိုး ဆွဲ နုတ်ပြီး သစ်ပင်တွေပေါ်မှာ အစားမပျက်၊ အသွားအလာမပျက်နေတဲ့ကောင်တွေ"

"အေးကွ၊ ဟုတ်လောက်နိုင် တယ်။ နေပါဦး၊ မင်းပြောတဲ့ ကာယသိဒ္ဓိ ပြီးဆေးက ဘယ်လိုလုပ်ပြီး ဆောင်ထား ရမှာလဲ"

"ဒါတော့ ငါလည်း မသိဘူး။ တို့အဖတွေ ပြောတာ ကြားဖူးခဲ့တာပဲ။ ရွာပြန်ရောက်ရင် ငါမေးထားပေးပါ့မယ်။ သူ့ချည်းပဲတော့ မဟုတ်ဘူး။ နောက် တစ်မျိုးလိုသေးတယ်ကွ။ အဲဒီနှစ်မျိုး ပေါင်းပြီး ဖော်ရတယ် ပြောတာပဲ"

ကျွန်တော်သည် သူတို့ပြောနေ သည့် စကားများကို ဆက်လက် နား မထောင်တော့ဘဲ မိမိတဲဆီသို့ ပြန်လာ ခဲ့သည်။ လမ်းဝ၌ ဟင်းရွက်တွေ တစ်ပွေ့တစ်ပိုက်နှင့် ပြန်လာသည့် မောင်ဖိုးပိန်ကို တွေ့လိုက်ရသဖြင့် -

"ဟ…ဖိုးပိန်၊ ဟင်းရွက်တွေနဲ့ ပါလား"

"ဟုတ်တယ် ဦးကြီးရေ ညနေစာ အတို့အမြုပ်ကလေးနဲ့ဆို ပိုပြီး ထမင်းမိန် တာပေါ့။ ငါ့ဦးကြီးလည်း ပျင်းနေပြီနဲ့ တူတယ်"

"ပျင်းတယ်လို့တော့ မရှိပါဘူး ကွာ။ ဒီမှာ မမြင်ဘူး မကြားဘူးတာတွေ တွေ့နေရလို့ ဦးလေးအတွက် စာရေးဖို့ ကုန်ကြမ်းတွေ ရနေတာပေါ့ကွာ"

"ကဲကဲ- ဒီနေ့တော့ ကျွန်တော့် အဖေနဲ့ တစ်ပွဲစား မုဆိုးကြီး ဦးကွမ်း အကြောင်းပြောပြမယ်၊ တကယ်ဖြစ်ရပ် နော် ဦးကြီး"

"အေးပါကွာ။ ငါ အားပါးတရ နားထောင်ပါ့မယ်"ဆိုကာ ကျွန်တော် တဲပေါ်သို့ လှမ်းတက်လိုက်ပြီး ဝါးကုလား ထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

"ဦးကြီး ခဏနော်၊ အခါးရေနွေး နဲ့ မြည်းစရာလုပ်လိုက်ဦးမယ်။ ဒါမှ ဦးကြီး ဇိမ်ရှိရှိလေး နားထောင်ရမှာ"ဟု ဆိုကာ တဲနောက်ဘက်သို့ ဝင်ရောက် သွားပြီး မကြာပါ။ ဖိုးပိန်တစ်ယောက် ရေနွေးတစ်အိုးနှင့်အတူ အမြည်းပန်းကန် တစ်ချပ်ကို ကိုင်ကာ ကျွန်တော်၏အနီး ၌ ထိုင်ချလိုက်သည်။

"ဒီမှာ ဦးကြီး…ဒီအမြည်းကို အားပေးလိုက်ပါဦး။ ဦးကြီးတို့မြို့ပေါ်က အမဲအူသုပ်ထက် သာတယ်။ စပါယ် ရှယ် ခရုသုပ်လေ" ဆိုလာသဖြင့် ကျွန်တော်သည် အမြည်းပန်းကန်ကို လှမ်းယူလိုက်ပြီး ပါးစပ်ထဲသို့ တစ်ဇွန်း ကော်စားကြည့်လိုက်သည်။

"အားပါးပါး…တယ်ကောင်းပါ လားဟ။ တလုပ်လုပ်နဲ့ ကောင်းသကွာ"

"အားပါးတရစား၊ ကြိုက်ရင် နောက်နေ့မှာလည်း ကျွန်တော် လုပ် ကျွေးဦးမယ်"

"နို့ နေစမ်းပါဦး။ ဒီကောင်တွေ ဘယ်က သွားရှာလာတာလဲ"

"ဒီကောင်တွေက ရေရှိတဲ့ စမ်း ချောင်းတို့ မြောင်တို့မှာ ရတတ်တယ်။ ဒါပေမယ့် ခုလိုအချိန် သွားကောက်လို့ မရဘူး။ မနက်စောစော နေရောင်မလာ ခင်မှာ ကမ်းစပ်မှာ မဲလို့၊ ကောက်လို့ တောင် မနိုင်ဘူး။ အဲ- နေထွက်လာရင် တော့ ဒီကောင်တွေ ရေနက်ပိုင်းကို ပြန်ဆင်းသွားပြီ"

"ဩော်…ဒီလိုလား။ ရော့၊ မင်း လည်း စားလေကွာ။ ကဲ- မင်းဇာတ်လမ်း စပေတော့ကွာ။ ဘာတဲ့ ဘစ်ပွဲစား မုဆိုး ကြီး ဦးကွမ်း"

"ဟုတ်…ဟုတ်ကဲ့။ အဲဒီ မုဆိုး ကြီး ဦးကွမ်းဟာ ကျွန်တော့်အဖေရဲ့ ဆရာပေါ့။ မုဆိုးကြီး အမဲပစ်သွားလေ ရာ အမြဲပါတယ်။ မုဆိုးကြီးက လက် က အတော်ဖြောင့်တယ်၊ တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com

တစ်ကောင်ပဲ။ သားကောင်ကို အစာစား တုန်း၊ ရေသောက်တုန်းဆို မပစ်ဘူး။ ခြောက်လှန့်လို့ လန့်ပြေးမှ ပစ်တာ။ သူများထိလိုက်တော့ နေရာမှာ တုန်းခနဲ ပစ်လဲကျသွားတာပဲတဲ့"

"အဖေက ညဆိုရင် သူ့ဆရာ မုဆိုးကြီးရဲ့ ဘ၀အတွေ့အကြုံတွေ ပြော ပြောပြလို့ ကျွန်တော်သိနေရတာ။ မုဆိုး ကြီး ဦးကွမ်းရဲ့ အဖေနဲ့ အဘိုးကလည်း မုဆိုးတွေပဲ၊ ပြောမယ်ဆိုရင် မုဆိုးမျိုးရိုး တွေပေါ့ ဦးကြီးရယ်။ အဲဒီမုဆိုးကြီး ဦးကွမ်း လူပျိုပေါက်အရွယ်မှာ သူ့အဖေ သူ့အဘိုးတို့နဲ့ အတူ ဆင်ဆိုးကြီးတစ် ကောင်ကို သတ်ဖူးကြတယ်။ လူသုံး ယောက်တောင် အဲဒီဆင်ကြီးကြောင့် သေသွားရတော့ နောက်ဆုံး ပိုင်ရှင် ကိုယ်တိုင်က ငွေပေးပြီး သတ်ခိုင်းရတဲ့ အခြေထိ ဖြစ်သွားရတယ်"

"ဟော• •လုပ်စမ်းပါဦး၊ ဘယ်လို လုပ် သတ်လိုက်တာလဲ"

"ဒီလိုတဲ့ ဦးကြီးရဲ့။ ဆင်ကြီးကို ခြေရာခံ လိုက်ရာ၊ တွေ့လည်း တွေ့ ရော တစ်ယောက်က ဆင်ကြီးရှေ့က နေ အစွယ်နဲ့ ပြေးစိုက်အထိုးမှာ လိမ့် ရှောင်လိုက်တယ်။ အစွယ်နှစ်ချောင်း မြေကြီးထဲ ထိုးအစိုက်မှာ တစ်ယောက် က ဆင်ကြီးရဲ့ ရှေ့လက်ခွကြားထဲ မှိန်း နဲ့ တအားထိုးစိုက်လိုက်တယ်။ အစွယ် ရယ်၊ မှိန်းရယ် မြေကြီးထဲ စိုက်ဝင်နေ တုန်း ကျန်တဲ့ လူတွေက ဆင်ကြီးကို မှိန်းတွေနဲ့ ဘယ်-ညာ ဝိုင်းထိုးကြတာပဲ။ ကြာတော့ ဆင်ကြီး ဗုန်းဗုန်းလဲသေရ တဲ့ ဘ၀ရောက်သွားတော့တာပဲတဲ့။ အဖေပြောပြတဲ့အတိုင်း ကျွန်တော် ပြန် ပြောတာနော်"

"အေးပါကွာ။ ငါ နားလည်ပါ တယ်။ ဒီမုဆိုးကြီးတွေ တော်တော် သတ္တိပြောင်ကြတာပဲ"

"မုဆိုးကြီးရဲ့ အဘိုးဟာ သေပြီး တဲ့နောက် တောပိုင်လိုလို တောင်ပိုင် လိုလိုဖြစ်သွားတယ်လို့ ပြောတာပဲ။ အဲဒါကြောင့် မုဆိုးကြီး ဦးကွမ်း အမဲ လိုက်ရာမှာ သူ့အဘိုးဆီက သားကောင် တောင်းပြီးမှ လိုက်လေ့ရှိတယ်။ သား ကောင်မရတဲ့နေ့ မရှိဘူး။ တခြားမုဆိုး တွေလည်း သားကောင်လိုချင်ရင် မုဆိုး ကြီးဆီမှာ သွားတောင်းကြရတယ်။ တောဝက်လိုချင်ရင် ဘယ်နေရာကို သွား၊ တွေ့တာပဲ၊ ဂျီ၊ ဒရယ်၊ ဆတ်လို ချင်ရင် ဘယ်နေရာကို သွား၊ မုဆိုးကြီး ညွှန်တဲ့ နေရာကို သွား၊ မတွေ့မရှိဘူး။ ရလာရင် မုဆိုးကြီးကို သုံးပုံ တစ်ပုံပေး ရတယ်။ အဲဒီလိုနဲ့ မုဆိုးကြီးဟာ တစ်ပွဲစား ဦးကွမ်းဆိုပြီး နာမည်တွင် သွားတာပဲ"

"အဖေဟာ မိန်းမရတဲ့အထိ မုဆိုးကြီးနဲ့အတူ လက်တွဲမဖြုတ်ဘူး။ ရလာတဲ့ အသားတွေကို အဖေနဲ့ အမေက လှည့်ရောင်း၊ မုဆိုးကြီးက အဖေ့အပေါ်မှာ သားသမီးတစ်ယောက် လို အတော်သံယောဇဉ်ကြီးတာ။ နောက်ဆုံး အဖေနဲ့ အတူလာနေပြီး သေတာတောင် အဖေ့လက်ပေါ်မှာပဲ ဆုံးသွားရတာ။ မုဆိုးကြီး မရှိတော့တဲ့ နောက်ပိုင်း အဖေဟာ ဘာမှမယ်မယ် ရရလုပ်မစားတတ်တော့ စာရေးသောက် ရေး အတော့်ကို ကျပ်တည်းလာတယ်။ ဒီကြားထဲ ကျွန်တော်တို့ မောင်နှမ နှစ်ယောက်ပါ ထပ်တိုးလာတော့ ပိုးဆိုး တာပေါ့ ဦးကြီးရယ်။

တောင်ပေါ်မှာ သစ်ခုတ် ဝါးခုတ် အလုပ်တွေရှိပေမယ့် အဖေက မကျွမ်း ကျင်ဘူးလေ။ မုဆိုးအလုပ်ကျပြန်တော့ သားကောင်ကြီးတွေကို မုဆိုးကြီး ဦးကွမ်းလို မပစ်ခတ်တတ်တော့ အလုပ်မဖြစ်ပြန်ဘူး။ အဖေလုပ်စားတတ်

ကိုပေတာလူ . . .

တစ်နေ့တစ်နေ့ ယုန်၊

ကြောင်၊ ကြက်လောက်နဲ့

အလုပ်မဖြစ်ဘူးတော့။

ရောင်းလို့လည်းမရ၊

စားလို့လည်းမဝနဲ့

တာက သားကောင်ငယ်လေးတွေ တောကြက်၊ တောကြောင်၊ ယုန်လောက် ကို ညွှတ်ကွင်းထောင် ဖမ်းတဲ့ အလုပ် ပဲ။ ဒီသားကောင်ငယ်လေးတွေနဲ့ မိသားစု စားရေးသောက်ရေးဟာ အတော့်ကို ဒုက္ခရောက်ရတာပေါ့။ တစ်နေ့တော့ အမေက -

*"ကိုပေတာလူ• •တစ်နေ့တစ်နေ့ ယုန်၊ ကြောင်၊ ကြက်လောက်နဲ့ အလုပ် မဖြစ်ဘူးတော့။ ရောင်းလို့လည်း မရ၊ စားလို့လည်း မဝနဲ့ ကြာလာရင် မိသားစု အားလုံး လုံးပါးပါးပြီး ငတ်တုတ်သေ ကုန်ကြရတော့မှာ"*

*"နို့ ငါက ဒါပဲ လုပ်တတ်တာ။ ငါက မုဆိုးကြီးနောက်လိုက်ပဲ လုပ်ဖူး တာဆိုတော့ သူလို သားကောင်ကြီးကြီး တွေ မရှာတတ်ဘူး"*

*"အဲဒါကြောင့် ကျွန်မတို့ ဒီအခြေ ရောက်နေရတာ။ ငတ်တစ်လှည့် ပြတ် တစ်လှည့်နဲ့ ကြံရည်ဖန်ရည်မရှိဘူး။ တခြားမုဆိုးတွေဆိုရင် မုဆိုးကြီးဆီမှာ သားကောင်တောင်းပြီး တောလည့်ကြ*



www.burmeseclassic.com

www.burmeseclassic.com

တာ ရကြတာပဲ မဟုတ်လား။ ရှင်လည်း တောင်းကြည့်ပေါ့"

"နေပါဦး၊ တောင်းတာက ဟုတ်ပါပြီ။ ဘာနဲ့ သွားပစ်မှာလဲ။ ငါ့မှာ ဒူးလေးလည်း မရှိဘူး။ သေနတ်လည်း မရှိဘူး။ ရှိတယ် ထားဦး၊ ငါမှ မပစ်တတ်တာ"

"ခက်တော့ နေပြီ ကိုပေတလူ။ ဘာလဲ…ရှင်က ဒါတွေရှိမှ သားကောင်ကို ရမယ်ထင်နေသလား"

"နို့…ငါက…"

"တော်…ဘာမှ ဆက်မပြောနဲ့ ကိုပေတလူ။ တချို့လူတွေ ကျားကိုတောင် သုတ်ကိုင်နဲ့ ထောင်ဖမ်းနေကြတာ။ ရှင် အဲဒီသုတ်ကိုင်းလောက်မှ မလုပ်တတ်ဘူးလား"

"ဟေး… ဟုတ်ပါ့ကွာ။ ကြည့်စမ်း၊ ဒါကို အစက ဘာလို့ မစဉ်းစားမိတာလဲ မသိဘူး။ နို့…နေဦး၊ မင်းပြောသလို သားကောင်ကြီးတွေ မိနေပြီ ဆိုပါတော့ အရှင်သွားဖမ်းရမှာလား"

"ဘာ…၊ ဘာပြောတယ်၊ သွားဖမ်း သွားဖမ်း။ ရှင့်ရင်နှစ်ခြမ်း ပြန်ပြန်ကွဲအောင် ဆောင့်သွတ်လိုက်လို့မယ်။ ဒီလောက် ဉာဏ်နုံနည်းမှန်း အစက မသိရလို့…ဟင်း၊ တော်နေပါ၊ ဒီမှာ ကိုပေတလူ…ရှင် ဓားချွန်ကောင်းကောင်းပစ်တတ်တယ် မဟုတ်လား"

"အေးကွာ၊ ဟုတ်ပါ့၊ ဟုတ်ပါ့"

ဆိုပြီး ဦးကြီးရယ် အဖေက သူ့ခေါင်းသူ ထုရင်းပေါ့။ ကျွန်တော်ဒါတွေ ဦးကြီးကို ပြန်ပြောပြရတာ စိတ်မကောင်းပါဘူး။ ဒီတုန်းက ကျွန်တော်က ငယ်တယ်ဆိုပေမယ့် အကုန်မှတ်မိနေတယ်။ ဇာတ်လမ်းမပြီးသေးဘူးနော်။ ဆက်ပြောပြမယ်။ အဲဒါနဲ့ အဖေက-

"ဒီမှာ မိညက်၊ နင် ဘာမှ အားမငယ်နဲ့တော့၊ နက်ဖြန်က စပြီး လျှော်ကြီးကောင်းကောင်းရအောင် ကျစ်မယ်။ ပြီးရင် သားကောင်တွေ သွားလာတတ်တဲ့ နေရာမှာ သုတ်ကိုင်းထောင်မယ်။ ဒီလောက်တော့ ငါ မညံ့သေးပါဘူး မိညက်ရယ်။ သားကောင်ခြေရာလောက်ကတော့ ကောင်းကောင်း ငါရှာတတ်ပါတယ်။ မုဆိုးကြီးရဲ့ တပည့်စစ်စစ်ပဲဟာ။ အေး၊ ငါ ဒီည မုဆိုးကြီးဆီမှာ သားကောင် တောင်းကြည့်မယ်။ ငါ့ကို ပေးမှာပါ"

အဲဒါနဲ့ စကားဖြတ်ပြောရဦးမယ်။ ဦးကြီးကို ကျွန်တော့်ဆရာ သစ်အုပ်ကြီးက ပြောဖူးတယ်။ လောကကြီးမှာ မိန်းမဆိုတာ မရှိရင် မဖြစ်ဘူးတဲ့။ အဲဒီမိန်းမတွေဟာ လေထဲမိုးထဲ အကျဉ်းအကျပ်ထဲ ရောက်လာရင် ယောကျ်ားတွေကို အကြံကောင်း ဉာဏ်ကောင်းတွေ ပေးတတ်တယ်တဲ့၊ ဟုတ်လား ဦးကြီး"

"ဟေ…ငါ့တူက အဲဒီလိုမျိုး ပြောသလား"

အဖေကလည်း
သားကောင်ကြီးကြီးသာပေး၊
လာမယ်။ သဘောကတော့
သားကောင်နဲ့
အဖေ့အသက်ကို
လဲတဲ့သဘောပေါ့

မောင်ဖိုးပိန်သည် ကျွန်တော့်ကို ခပ်ပြုံးပြုံးလေး ခေါင်းညိတ်ပြရာမှ-

"ကဲ - ကျွန်တော့်အဖေဇာတ်လမ်း ဆက်ပြောဦးမယ်။ အဲဒါနဲ့ပေါ့ ဦးကြီးရယ်၊ အဖေက မုဆိုးကြီးဆီမှာ သားကောင်တောင်းရော ဆိုပါတော့။ ဟိုကလည်း ပေးမယ်။ တစ်ကောင်မဟုတ်ဘူး၊ အကောင် ၁၀၀ အထိ ပေးမယ်။ အကောင် ၁၀၀ပြည့်ရင်တော့ သူ့ဆီမှာ လာနေရမယ်တဲ့။ အဖေကလည်း သားကောင်ကြီးကြီးသာ ပေး။ လာမယ်။ သဘောကတော့ သားကောင်နဲ့ အဖေ့အသက်ကို လဲတဲ့ သဘောပေါ့"

"ဟေ…ဒီလိုမျိုးလုပ်လို့ ရသလား။ ကဲကဲ- ဆက်ပြောစမ်းပါဦး။ မင်းဇာတ်လမ်းက ဇာတ်ရှိန်မြင့်လာပြီကွ။ သားကောင်နဲ့ အသက်လဲတယ်ဆိုတဲ့ မင်းအဖေရဲ့ သတ္တိက မနည်းပါလားကွ"

"ဒါပေါ့ဗျာ။ သားမယားတွေ ငတ်လာတော့ ကြံမိကြံရာ စွန့်တဲ့ သဘောဖြစ်မှာပေါ့ ဦးကြီးရယ်။ ကဲ-တိုတိုပဲ ပြောတော့မယ်။ အဲဒီမှာ အဖေနဲ့ အမေဟာ တောထဲကို သွား၊ သုတ်ကိုင်းနဲ့ သားကောင်တွေ ထောင်၊ ရလာတာပဲ။ သားကောင်တွေက သမင်၊ ဒရယ်၊ ဆတ်၊ တောဝက်မကျန်ပေါ့ဗျာ။ နောက်ဆုံး အလိုရှိတဲ့ သားကောင်တောင် ရအောင် ဖမ်းပေးနိုင်တယ်၊ တချို့သစ်ကွက်တွေက အရာရှိကြီးတွေ ရောက်နေလို့ ဘာအသားဖြင့် လုပ်ပေးစမ်းပါ ကိုပေတလူရေဆိုရင် နောက်တစ်နေ့ ရပြီသာမှတ်။ ရလာတဲ့ သားကောင်အသားတွေကို တောင်ယာတဲတွေ၊ သစ်ကွက်တွေမှာ ကျွန်တော်တို့ သားအမိတွေ တောင်းကြီးတွေနဲ့ ထည့်ရောင်းကြတာပေါ့။ ပိုတဲ့ အသားတွေကို တဲမှာ အခြောက်လှန်းထား။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

တုန်းက ပျော်စရာကြီးပေါ့ဗျာ။ ဒါကြောင့် ဒီသစ်ကွက်က ,လူတွေနဲ့ ကျွန်တော် ရင်းနှီးခဲ့ကြတာ။ ဒီလိုနဲ့ ဦးကြီးရေ… အကောင် ၁၀၀ပြည့်လုနီးမှာ တစ်နေ့ အမေက အဖေ့ကို…"

*"ကိုပေတလူ၊ ရှင့်ဆရာကြီး တစ်ပွဲစားက ရှင်တောင်းတဲ့အတိုင်း သားကောင်တွေ အလွယ်တကူပေးနေတာ အကောင် ၁၀၀ပြည့်တော့မယ်။ တကယ်ပဲ ရှင့်အသက်ပေးရမှာလား မသိဘူးနော်။ အဲဒါ ရှင် ဘယ်လိုလုပ်မလဲ"*

*"ငါလည်း မပြောတတ်ဘူးလေ။ စကားကျွံ နှုတ်မရတဲ့။ ပြီးတော့ ဘာလဲ…နတ်နဲ့ နဂါး မလှည့်စားနဲ့ဆိုတဲ့ စကားတွေ နင် ကြားဖူးတယ် မဟုတ်လား"*

*"နေပါဦး။ ရှင့်ဆရာကြီးက နတ်လား၊ နဂါးလား။ ဒါမှမဟုတ် တောပိုင်တောင်ပိုင်လား"*

*"ဟဲ့ - မိညက်ရဲ့ ဒါတွေ ငါက ဘယ်လိုလုပ် သိပါ့မလဲ၊ အရေးကြီးတာ အခု တို့မိသားစုတွေ အဆင်ပြေပြေနဲ့ စားသောက်နေရပြီမဟုတ်လား။ ပြီးတော့ တို့မှာ ငွေပိုငွေလျှံတောင် စုဆောင်းမိနေပြီပဲ"*

*"ဒါတော့ ဒါပေါ့ရှင်။ မတော်လို့များ…"*

*"ဟေ့ - မိညက်၊ ငါ ယောက်ျား ခု ငါ့မိသားစုတွေ ဝဝလင်လင် စားသောက်နေရတာ မြင်ရတော့ ငါသေသွားလည်း ဂရုမစိုက်ဘူး"*

*"ဘာ…ရှင့်"*

*"ဟုတ်တယ်လေ။ ဟိုဘဝရောက်လည်း ငါ မင်းတို့ကို သားကောင်ရှာပေးမှာပေါ့"*

"အမေက အဲဒီလိုဗျ။ တိုတိုပြောရရင် အကောင် ၁၀၀ ပြည့်တဲ့နေ့



နောက်တစ်နေ့ အဖေသေတာပဲ"

"ဟေး… ဒါဟာ တကယ်၊ အတော်ထူးဆန်းတာပဲ"

"အဲဒီလို အဖေသေသွားပြီးတဲ့နောက် ကျွန်တော်တို့ သားအမိတွေ အဖေလုပ်သလိုမျိုး သုတ်ကိုင်း၊ ညွှတ်ကွင်းတွေ ထောင်ပြီး မိသားစုဘဝ အသက်ဆက်ခဲ့ရတယ်။ တစ်ခါတလေတော့ သားကောင်ကြီး တစ်ကောင်တလေပေါ့။ အဖေနဲ့ မုဆိုးကြီးဆီမှာ တောင်းခဲ့ရတဲ့ အခါမျိုးလည်း ရှိတာပေါ့။ ဒါပေမယ့် အဖေ့လို အသက်နဲ့လဲပြီး သားကောင်း မတောင်းရဲပါဘူး။

နောက်ဆုံးတော့ ဦးကြီးရယ်၊ အမေလည်း အိပ်ရာထဲမှာ အတော်ကြာကြာ နေမကောင်းဖြစ်ပြီး သေသွားရတာပဲ။ အမေ မရှိတော့တဲ့ နောက်ပိုင်း ကျွန်တော်တို့ မောင်နှမနှစ်ယောက် ဒီသစ်ကွက်ထဲမှာ လာနေကြရတယ်။ အားကိုးစရာမဲ့နေတဲ့ ကျွန်တော်တို့ မောင်နှမကို အခု ကျွန်တော့်ဆရာကြီးကပဲ ကျွေးမွေးထားတာပေါ့။ တစ်နေ့တော့ ကျွန်တော့်ညီမလေးကို ဆင်ဦးစီးတစ်ယောက်က သူ့မှာ သားသမီးတစ်ယောက်မှ မရှိလို့ဆိုပြီး ကျွန်တော့်ဆရာကြီးဆီမှာ လာတောင်းတယ်။ ဆရာကြီးက ကျွန်တော့်ကို မင်းညီမလေးကို ပေးလိုက်ရမလားတဲ့။ စဉ်းစားကြည့်ပေါ့ ဦးကြီးရယ်။ ကျွန်တော့်မှာ ဒီညီမလေး တစ်ယောက်ပဲ ရှိတော့တာ။ ဘယ်ခွဲချင်ပါ့မလဲ။ ဘယ်ပေးချင်ပါ့မလဲ။ ဒါပေမယ့် လေ ညီမလေးကို မခွဲချင်ပေမယ့် ကျွန်တော့်ဘဝက ကိုယ့်ထမင်းကို တောင် ရှာမစားနိုင်သေးတဲ့ ဘဝဆိုတော့…"

ဟု ဆိုကာ သူ့ရဲ့ ဇာတ်လမ်းလေးကို ဝမ်းနည်းစရာလေးနဲ့ နိဂုံးချုပ်လိုက်သည်။ ပြီးတော့ အဝေးတစ်နေရာကို အစီပျှော်မဲ့ ငေးမောကြည့်နေရာမှ ပါးပြင်ပေါ်မှာ မျက်ရည်စတွေ တလိမ့်လိမ့်ကျဆင်းလို့ နေသည်ကို ကျွန်တော် လှမ်းတွေ့လိုက်ရသည်။

ကျွန်တော်၏ ရင်ထဲမှာ မောင်ဖိုးပိန်တို့ မိသားစု၏ သေကွဲရှင်ကွဲဘဝနှင့် ကြေကွဲစရာများကို ပြည့်ဖုံးကားချသွားရသည့် အကြောင်းတွေကို တွေးကြည့်မိလိုက်သည်။ ရင်ထဲမှာ စိတ်မကောင်းဖြစ်မိရုံမှလွဲ၍ သက်ပြင်းတွေကိုသာ အခါခါချနေမိတော့သည်။

* * *

ဦးကျော်(လှိုင်သာယာ)




www.burmeseclassic.com

www.burmeseclassic.com

# သင် မယုံလည်း ပုံပြင်တော့ မဟုတ်

ပန်းတနော် နောင်လတ်



(၁)

လက်ပံပင်တစ်ပင်ရှိတယ်။ အမြင့်က အတောင် ၂၀ လောက်။ ပင်စည်လုံးပတ်က လူကြီးလက်နှစ်ဖက်လောက်။ ပုံသဏ္ဍာန်က အမြီးထောင်နေတဲ့ နဂါးကြီးက မဟာပထဝီမြေကြီးကို ခေါင်းစိုက်နေတာမျိုး။

တန်ဖိုးက သိန်းခြောက်ရာ။ ဒါ ဝယ်ချင်တဲ့ လူက ပေးတဲ့ဈေး။ ပိုင်ရှင်ကတော့ သိန်းခြောက်ရာမကလို့ သိန်းတစ်ထောင်ပဲပေးပေး မရောင်းဘူးတဲ့။

အဲဒါ အကြောင်းရှိတယ်။

(၂)

ရောဝတီတိုင်းဒေသကြီးမှာ ကျောင်းကုန်းမြို့နယ် ပါဝင်ပါတယ်။ ကျောင်းကုန်းမြို့နယ်မှာ "အေးမြရွာ" ဆိုတာပါတယ်။ အေးမြရွာမှာ ဦးစိန်ကြည်ဝင်းရဲ့ အိမ်ရှိတယ်။ ဦးစိန်ကြည်ဝင်း ပိုင်တဲ့ သစ်ပင်တွေမှာ လက်ပံပင်ပါတယ်။

အဲဒီ လက်ပံပင်က တော်တော်ထူးခြားတယ်။ သစ်



www.burmeseclassic.com

www.burmeseclassic.com

ရွက်ကြွေချိန်ဆို သူ့ပတ်ဝန်းကျင်က သစ်ပင်တွေ အရွက်ကြွေတယ်။ သူက မကြွေဘူး။ ပွင့်ချိန်ဆိုလည်း တခြားလက်ပံပင်တွေက ရဲရဲနီနေအောင် ပွင့်တယ်။ ရဲရဲနီတဲ့ ကမ္ဗလာနီ စောင်ကြီး ခြုံလွှမ်းထားသလို ထင်ရအောင်ကို ပွင့်ကြတာပါပဲ။ အဲဒီ လက်ပံပင်ကတော့ မပွင့်ဘူး။ သူပွင့်တာက ကော်ဖီဖျော့ဖျော့အရောင် နှစ်ပွင့် သုံးပွင့်။

(၃)

အေးမြရွာနဲ့ ရွာနီးချင်းက "ဂရက်ကွင်း"။

ဂရက်ကွင်းရွာက လူတွေက အဲဒီအပွင့်တွေကို လာတောင်းတယ်။ ဘာဖြစ်လို့ တောင်းတာလဲ၊ ဘာအသုံးတည့်လို့ တောင်းတာလဲ၊ ဘာအစွမ်းထက်လို့ တောင်းတာလဲ၊ အဲဒါတွေ ဦးစိန်ကြည်ဝင်း မသိဘူး။

စိတ်ရင်း စေတနာရင်းရှိသူဆိုတော့ အပွင့်တွေ တောင်းလည်း ယူစေဗျား။ ဆူးတွေကို လှီးယူပါရစေဆိုတော့လည်း ယူစေဗျား။ အခေါက်တွေကို ခွာယူမယ်နော် ဆိုတော့လည်း ယူစေဗျား။ တစ်ခါမှ မယူနဲ့ မပြောဘူး။ လက်မတားဘူး။ အဲသလို သဘောထားကောင်းတဲ့ လူ။

ဦးစိန်ကြည်ဝင်းကတော့ အဲဒီ လက်ပံပင်အကြောင်း မသိခဲ့တာ အမှန်။ သိတဲ့ လူတွေက သစ်ပင်ကို အိမ်ရိုက်သံ အကြီးစားတွေ ရိုက်ပြီး စမ်းကြည့်တယ်။ ရိုက်ကြည့်တော့ သံချောင်းကျိုးတာပါပဲ။ ဒါနဲ့ ဆောက်သံတွေနဲ့ ရိုက်ပြီး စမ်းကြည့်ပြန်တယ်။ ဆောက်သံတွေလည်း ကျိုးတာပါပဲ။

အဲဒီသတင်းက ပြန့်သွားတယ်။ လူ့သဘာဝ လူချင်းဆောင်တာကိုး။ သတင်းကြားလို့ ရော[illegible]သာပြီး စမ်းကြည့်ကြတဲ့ လူဦးရေက လေးငါးသောင်း။ လေးငါးသောင်းရှိတာပေါ့။ သုံးလေးလကြာတဲ့အထိ လူတွေက ဝင်လာမစဲ တသဲသဲ လာကြတာကိုး။

လေးလက်မသံ၊ တဗီးသံ ၃၂ချောင်းတိတိကျိုးတယ်။ ကျိုးတယ်ဆိုတာက ပြတ်ထွက်တာကို ပြောတာ။ အဲဒီ လက်ပံပင်က "လက်ပံခါး"တဲ့။

လက်ပံခါးအစစ်ဖြစ်တဲ့ဆိုတာ သိတဲ့လူက ချက်ချင်းပဲ ကုမ္ပဏီသူဌေးကို ဖုန်းဆက် သတင်းပို့တယ်။ ကိုစိန်ကြည်ဝင်းရဲ့ ခြံထဲမှာ ဆိုင်ကယ်တွေ၊ ကားတွေ၊ လူတွေ အများကြီး ဝင်လို့ ထွက်လို့၊ ပွဲတော်ကြီး ကျင်းပနေသလိုပါပဲ။

ကုမ္ပဏီသူဌေးရောက်လာတော့ ဖုန်းဆက်ခေါ်တဲ့ လူက…

"အဲဒီအပင်က လက်ပံခါးပင်အစစ်။ တဗီးသံ ၃၂ ချောင်းကျိုးတယ်၊ ပြတ်တယ်"

လို့ ပြောတော့ သူဌေးက…

"လက်ပံခါးအစစ်ဆို အဲဒီလက်ပံပင်ကို သိန်းခြောက်ရာ ပေးဝယ်မယ်"

လို့ ပြောတယ်လေ။

အဲဒီလူက ကျောင်းကုန်းမြို့ကို တဗီးသံသုံးချောင်းသွားဝယ်ပြီး ပြန်လာတော့…

"ငွေငါးသိန်း စပေါ်တင်ပါ။ သစ်ပင်ကို တဗီးသံ သုံးချောင်းရိုက်ပြမယ်။ မကျိုးမပြတ်ဘူးဆိုရင် ငွေဆယ့်ငါးသိန်း ပြန်လျော်မယ်။ ပြတ်ရင် သိန်းခြောက်ရာနဲ့ ဝယ်ရမယ်"

လို့ ပြောတယ်။ ရဲရဲကြီးကို ပြောတာ။ ပြောတာပေါ့၊ သူက အကြိမ်ကြိမ် သေချာအောင် လက်တွေ့စမ်းကြည့်ထားပြီးသားမဟုတ်လား။

သူတို့နှစ်ဦး သဘောတူညီချက်နဲ့ တဗီးသံ သုံးချောင်း ရိုက်သွင်းကြည့်တယ်။ အပင်ထဲ မဝင်ဘဲ ကျိုးပြတ်ကုန်တာနဲ့ သူဌေးက…

"လောလောဆယ် ငွေငါးသိန်းထားခဲ့မယ်။ ဆယ်ရက်မပြည့်ခင်၊ ဒါမှမဟုတ် ဆယ်ရက်လောက်တော့ စောင့်ပါ။ သူ ငွေသိန်းခြောက်ရာယူလာပြီး ဆက်ဆက်ပေးပါ့မယ်"

ဆိုပြီး ပြန်သွားခဲ့ပါတယ်။

(၄)

အဲဒီလို အရောင်းအဝယ်လုပ်တာက ဦးစိန်ကြည်ဝင်း မဟုတ်ဘူး။ ပွဲစား။

သူဌေးပြန်သွားလို့ ဆယ်ရက်ပြည့်ဖို့ တစ်ရက်အလို၊ ကိုးရက်ညမှာ ဦးစိန်ကြည်ဝင်း အိပ်မက်မက်တယ်။ အိပ်မက်မက်တယ်ဆိုတာထက် ကိုယ်ထင်ပြတယ်လို့ဆိုရင် ပိုမှန်မယ် ထင်ပါရဲ့။

မိန်းကလေးတစ်ယောက်က သူ့ကို လာခေါ်တယ်။

"ဦးစိန်ကြည်ဝင်း…ဦးစိန်ကြည်ဝင်း"

တဲ့။ ခေါ်သံက ကျယ်တယ်။ ကျယ်တော့ တစ်အိမ်လုံး ကြားတယ်။ ကြားတာနဲ့ ဦးစိန်ကြည်ဝင်းက ခေါ်သံလာတယ်ထင်တဲ့ အိမ်ပတ်ဝန်းကျင်နေရာကို ဓာတ်မီးနဲ့ လိုက်ထိုးကြည့်တယ်။

မတွေ့တာနဲ့ အိပ်မယ်ဆိုပြီး အိပ်ရာထဲ ပြန်အဝင်မှာ မွှေးတဲ့ အနံ့ရတယ်တဲ့။ ဘာအမွှေးနံ့သာအနံ့နဲ့မှ မတူဘူးတဲ့။ မွှေးတဲ့ အနံ့ကို ပန်းရနံ့လို့တော့ ထင်တယ်။ ဒါပေမယ့် အမှန်းဆရ ခက်တယ်။

အဲဒီမွှေးတဲ့ အနံ့ရလို့ ကိုယ်ထဲမှာ စိမ့်ခနဲဖြစ်ပြီး ကြက်သီးမွှေးညင်းထတဲ့အထိပါပဲ။ ဒုတိယအကြိမ် ခေါ်သံ



www.burmeseclassic.com

www.burmeseclassic.com

ကြားလို့ ခွာတ်မီးထိုးကြည့်တော့ လုပန်ပျိုတဲ့ မိန်းကလေးနဲ့ သူမရဲ့ ဘေးမှာ အဘွားအိုတစ်ယောက်ကို တွေ့တယ်။ သား အမိနှစ်ယောက်လို့ ထင်တယ်တဲ့။

"နင်…အဲဒီလက်ပံပင်ကို မရောင်းနဲ့။ ငါတို့ အဲဒီ လက်ပံပင်မှာ နေတာ။ လက်ပံပင်နဲ့ တစ်လံအကွာမှာ ကျောက်သေတ္တာကြီးတစ်လုံးရှိတယ်။ နင် မယုံရင် လိုက် ကြည့်လို့ အဘွားကြီးက ပြောပြီး ရှေ့က ထွက်သွားတယ်။ မိန်းမပျိုက သူမရဲ့ ဘေးမှာ။ ဦးစိန်ကြည်ဝင်းက နောက်က။

မြေကြီးထဲက ကျောက်သေတ္တာထွက်လာတယ်။ ထွက်လာတဲ့ ကျောက်သေတ္တာက အကြီးကြီး။ ကျောက် သေတ္တာကြီးကို မိန်းကလေးက ဖွင့်ပြလို့ ကြည့်လိုက်တော့ လက်ကောက်တွေ၊ ဆွဲကြိုးတွေဆိုတာ အများကြီး။ ရှေး မြန်မာဘုရင်တွေလက်ထက်လောက်ကလို့ ထင်ရတဲ့ ရတနာ တွေ။

ရတနာတွေဆိုတာ သိပေမယ့် ဦးစိန်ကြည်ဝင်းက မက်မက်မောမော မရှိပါဘူး။ အဲဒီအမူအရာတွေ့တာကြောင့် အဘွားအို သားအမိနှစ်ယောက်က ကျောက်သေတ္တာကို ပိတ်ပြီးတာနဲ့ ပျောက်သွားပါလေရော။

ဦးစိန်ကြည်ဝင်းက အဲဒီအချိန်မှာမှ အိပ်မက်က နိုးထ လာသလိုဖြစ်ခဲ့တာ။

(၅)

နံနက်လင်းတဲ့အထိ အိပ်မက်ကို ဦးစိန်ကြည်ဝင်းက မမေ့သေးဘူး။ မမေ့လို့ လက်ပံပင်ကြီးဆီ သွားပြီး ပင်ခြေရင်း နဲ့ တစ်လံအကွာကို လက်နဲ့ ပုတ်ကြည့်လိုက်ပါတယ်။ ဘုတ်ဘုတ်…ဘုတ်ဘုတ်နဲ့ လိုဏ်ခေါင်းသံ ပါနေတာ သိ မှတ်ခဲ့ရတယ်လေ။

လူတွေကလည်း တယ်ရှပ်ယုက်ခတ်တာကိုး။ မဖြစ် ပါဘူး။ ဒီလက်ပံပင်ကြီးကို လှဲပစ်တာပဲ ကောင်းပါတယ်လို့ လည်း တွေးမိလိုက်ရော သူ့သမီးကြီးက အကောင်းသားကြီး နေ ရုတ်တရက် မကျန်းမမာဖြစ်ပါလေရော။ အသက်ရှင် အောင် မနည်းကြီး ကုလိုက်ရတယ်ဆိုပဲ။

ဦးစိန်ကြည်ဝင်းရဲ့ အိမ်ထောင်သက်က နှစ်ပေါင်း ၄၀ ကျော်။ လက်ပံပင်ကြီးရဲ့ သက်တမ်းက နှစ်ပေါင်း ၄၀ထက် အများကြီး ကျော်ပြီ။ ဒါပေမယ့် လက်ပံပင်ကြီးက ဒီအရွယ် က ဒီအရွယ်ပဲ။

ပွဲစားရဲ့ သူဌေးက အဲဒီလက်ပံပင်ကြီးကို လက်ပံခါး ပင်အစစ်ဆိုပြီး အလွန်ဆုံး ၁၀ရက်ကြာရင် သိန်းခြောက်ရာ လာပေးပြီး ဝယ်မယ်တဲ့။ ဦးစိန်ကြည်ဝင်းကတော့ သိန်း ခြောက်ရာမပြောနဲ့၊ သိန်းတစ်ထောင်ပေးဝယ်ရင်တောင် မရောင်းဘူးဖြစ်နေတာပါပဲ။

ဒါပေမယ့် ၁၀ရက်ကျော်တာ ကြာပြီ။ ခုဆို ရက်ကို ကျော်လို့ လတွေ အများကြီး လွန်နေပြီ။ သူဌေးဆိုတဲ့ လူ ရဲ့ အရိပ်အယောင်တောင် မတွေ့ရတော့ပါဘူး။

ထူးခြားတာက ညတိုင်း ခြေသံတွေ ဖြောင်းဆန်အောင် ကြားနေရတာ။ အမွှေးနံ့သာတွေလည်း မကြာခဏ လှိုင်နေ အောင် ရတာ။

မယုံရင် ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ထဲက အေးမြွှာကို လာကြည့်။ ဦးစိန်ကြည်ဝင်းရဲ့ လက်ပံ ပင်ကြီးကို မြင်ရမယ်။

ကြိုတင် မြင်ချင်သူတွေ ကြည့်ဖို့ အဲဒီ လက်ပံခါး ဆိုတဲ့ သစ်ပင်ကြီးရဲ့ ဓာတ်ပုံကို ဖော်ပြပေးလိုက်ပါတယ်။

* * *

ပန်းတနော်နောင်လတ်

လူတို့သည် မိမိတို့ မျှော်လင့်ပြုလုပ်သည့်အတိုင်း
တစ်စုံတစ်ခု ထူးထူးခြားခြားကြီး ဖြစ်ပေါ်လာသောအခါ
စိတ်ပညာသန်သူတို့က ဘာပဲဖြစ်ဖြစ် ရောထွေးလုံးသိပ်ကာ
"စိတ်တန်ခိုး"ဟုချည်းပဲ ယူဆ၏။
ဘာသာရေးအစွဲသန်သူတို့ကလည်း
"ဘုရားသခင်တန်ခိုးတော်"ဟု လွယ်လွယ်ကလေးပင် ထည့်သွင်းလိုက်ကြ၏။

ဓမ္မာစရိယဦးဌေးလှိုင်




www.burmeseclassic.com

www.burmeseclassic.com

# ဂျာနယ်ရှခန်းကြယ်စာအုပ်စင်

သုတအုံ




## ကလောင်စုံ — ပဲပြုတ်နှင့် နံပြား


အောက်တိုဘာ အောင်ကြီး စီစဉ်ပြီး "ရွှေဘုန်းရှိန်"စာပေမှ ထုတ်ဝေလိုက်သည့် "ပဲပြုတ်နှင့် နံပြား"အမည်ရှိ စာအုပ်ထွက်ရှိလာသည်။

"ကြည်…ပဲပြုတ်နှင့် နံပြားရရင် စားချင်တယ်"ဆိုသော ရိုးသားပွင့်လင်းသည့် သမိုင်းဝင်စကားမှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့သည့် စကားပင်ဖြစ်သည်။

ထို့ကြောင့် အခုစာအုပ်မှာ ဗိုလ်ချုပ်နှင့် ပတ်သက်သမျှ ဓာတ်ပုံမှတ်တမ်း၊ ကဗျာ၊ ကာတွန်းပုံများ၊ ဆောင်းပါးများကို အသွင်တစ်မျိုးဖြင့် စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်သည်။

အောက်တိုဘာ အောင်ကြီးကိုယ်တိုင် ဝင်ရောက်ရေးသားထားသည်ကို တွေ့ရသည်။ ဗိုလ်ချုပ်အကြောင်း ပလူပုံအောင် စာအုပ်တွေ ထွက်နေချိန်မှာ "ပဲပြုတ်နှင့် နံပြား"က အမြင်ဆန်း၊ အသွင်ဆန်းဖြစ်နေ၏။

**စာပေတိုက်** - ရွှေဘုန်းရှိန်
**မျက်နှာဖုံးဒီဇိုင်း** - အောင်ကျော်စိုး
**ပုံနှိပ်ခြင်း** - ၂၀၁၃၊ ဖေဖော်ဝါရီ၊ ပထမအကြိမ်။
**အုပ်ရေ** - ၅၀၀
**တန်ဖိုး** - ၁၅၀၀ကျပ်။




## သတိုးနွယ် — သမိုင်းကောင်းအောင် လုပ်ကြပါ

စိတ်ကြိုက်စာပေမှ စီစဉ်ထုတ်ဝေသော "သမိုင်းကောင်းအောင် လုပ်ကြပါ" ဟု အမည်ရသည့် ဘာသာရေးကို အခြေခံသော နိုင်ငံရေးဆိုင်ရာ ဆောင်းပါးများ ထွက်ရှိလာသည်။ ရေးသားပြုစုသူမှာ "သတိုးနွယ်"ဖြစ်သည်။

"ဘာသာရေးကို အခြေခံသော နိုင်ငံရေးစာပေ၊ နိုင်ငံရေးကို အခြေပြုသော ဘာသာရေးစာပေ"ဟု စာရေးသူက ခံယူရင်း ငြိမ်းချမ်းမှု၊ တရားမျှတမှု၊ မြန်မာ့ယဉ်ကျေးမှုအတွက် ဖန်တီးပါတယ်ဟု ဆိုထား၏။


မြန်မာနိုင်ငံရေးအပြောင်းအလဲမှာ ကိုယ်ကျင့်သီလကောင်းပြီး သမိုင်းကြောင်းကောင်းတဲ့လူတွေ မြန်မာနိုင်ငံမှာ များစွာပေါ်ထွန်းစေဖို့ စိတ်ကူးနှင့် ဒီစာအုပ်ကို ရေးသားခြင်းဖြစ်ကြောင်း ဆိုထားပါသည်။

ပရိသတ်များအနေဖြင့် ဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

**မျက်နှာဖုံးပန်းချီ** - အေးဖြူအောင်
**စာပေတိုက်** - စိတ်ကြိုက်စာပေ
**ပုံနှိပ်ခြင်း** - ၂၀၁၃၊ မတ်လ၊ ပထမအကြိမ်။
**အုပ်ရေ** - ၅၀၀
**တန်ဖိုး** - ၁၈၀၀ ကျပ်။

www.burmeseclassic.com

www.burmeseclassic.com




ကျော်ဇော်ဟိန်း(သစ်ထူးအိမ်)

## ကျောက်စိမ်းမြေမှ ရေမဆေးရတနာသစ်

"ငါးပွင့်တစ်ခိုင် စာပေ"မှ ထုတ်ဝေလိုက်သော "ကျောက်စိမ်းမြေမှ ရေမဆေးရတနာသစ်" စာအုပ်ထွက်ရှိလာသည်။ ရေးသားသူမှာ ကျော်ဇော် ဟိန်း(သစ်ထူးအိမ်)ဖြစ်သည်။

ဆရာ သစ်ထူးအိမ်မှာ ကျောက်စိမ်းမြေတွင် ကျင်လည်ကျက်စားရင်း မြင်တွေ့ ကြားသိသည်များကို ရင်ဖွင့်ပြထားခြင်းဖြစ်၏။

ကျောက်စိမ်းမြေစာပုံမှာ ရေမဆေးကျောက်ရှာကြသူများရဲ့ ဘဝအခြေ အနေ၊ ဖြစ်ရပ်မှန်တွေကို ပွင့်ပွင့်လင်းလင်း ဖတ်ရှုနိုင်မည်ဖြစ်သည်။

ကျောက်စိမ်းမြေမှ ရေမဆေးရတနာသစ်စာအုပ်မှာ သုတ၊ ရသ စာအုပ် ကောင်းတစ်အုပ်ဖြစ်သည်။

မျက်နှာဖုံးဒီဇိုင်း - မိုးနေ
ဖြန့်ချိရေး - ငါးပွင့်တစ်ခိုင်စာပေ
ပုံနှိပ်ခြင်း - ၂၀၁၃၊ မတ်လ၊ ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀ ကျပ်။




## ရွှေမြအောင် ကျွန်တော် ညော့လမ်းညွှန်

ဆရာ ရွှေမြအောင် ရေးသားသည့် "ကျွန်တော် ညော့လမ်းညွှန်"ဆိုသော စာအုပ်ကောင်းတစ်အုပ် "ခေတ်ပြိုင်စာပေ"မှ ထွက်ရှိလာသည်။

စာရေးသူကိုယ်တိုင်က ညော့လမ်းညွှန်ဖြင့် တစ်ဝမ်းတစ်ခါးလုအောင် အသက်မွေးဝမ်းကျောင်းပြုနေသူဖြစ်သည်။

လူမျိုးစိမ်း၊ ဘာသာစိမ်း၊ အယူအဆစိမ်းတဲ့ နိုင်ငံခြားသား ခရီးသည်တွေနှင့် ထိတွေ့ဆက်ဆံရသော ညော့လမ်းညွှန်အကြောင်းကို ပြည့်ပြည့်စုံစုံ ရေးသား တင်ပြထားသည်။

ညော့လမ်းညွှန်တစ်ယောက်ရဲ့ အတွင်းစည်း၊ သရုပ်သကန်များကို ဝှက်ဖဲ မချန်ဘဲ ရှင်းလင်းမြင်သာအောင် ရေးပြထားသော စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

စာပေတိုက် - ခေတ်ပြိုင်စာပေ
မျက်နှာဖုံးဒီဇိုင်း - စိုးစံဝင်း
ပုံနှိပ်ခြင်း - ၂၀၁၃၊ မတ်လ၊ ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၂၀၀၀ ကျပ်။


www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃၊ မေလအတွက်

# နာမက္ခရဆန်း အထူးဟောစာတမ်း

ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

### တနင်္ဂနွေနံအက္ခရာ

**(အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ) စသည့် "အ"အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ • • •**

ဤလတွင် လုပ်ငန်းသစ် စတင်ပြုလုပ်ရမည်။ လုပ်ငန်းတိုးချဲ့ပြောင်းလဲ ဆောင်ရွက်ရမည်။ အိုးအိမ်အဆောက်အအုံ ပြုပြင်မွမ်းမံရမည်။ အင်္ဂါနံပစ္စည်း အရောင်းအဝယ်ဖြစ်မည်။ အကြီးအကဲ ဆရာသမားထံမှ အကူအညီရမည်။ ဝင်ငွေထက် ထွက်ငွေများနေတတ်သည်။ ဝန်ထမ်းများ လစာတိုးခြင်း (သို့မဟုတ်) နေရာဌာနပြောင်းရွှေ့ရမည်။ ရင်းနှီးသော မိတ်ဆွေ၊ ချစ်သူနှင့် ခွဲခွာရမည်။ မိဘဆရာသမားကျေးဇူး အထူးသိတတ်ခြင်းဖြင့် အစစအရာရာ အဆင်ပြေမည်။ အစာမကြေ လေရောဂါခံစားရတတ်သည်။ အအေးစာ၊ လေစာများရှောင်ပါ။ ထီဝါသနာပါက အမျိုးသားနှင့် စပ်တူထိုးပါ။

**ကောင်းကျိုးပြုယတြာ** - တနင်္ဂနွေနှင့် အင်္ဂါနေ့တိုင်း အုန်းသီးပါသော ဆွမ်း၊ မုန့်လုံးရေပေါ်၊ ဩဇာသီး၊ မုန့်ဩဇာ စသည့် အာဟာရဆွမ်းဒါန ကပ်လှူပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

### တနင်္လာနံအက္ခရာ

**(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ • • •**

ဤလတွင် လက်ရှိအလုပ် ပုံမှန်ဆက်လုပ်နေခြင်းသာ အကောင်းဆုံးဖြစ်သည်။ ငွေရင်းနှီးမြှုပ်နှံသောအလုပ်၊ စပ်တူ ရှယ်ယာ မပြုလုပ်သင့်ပေ။ ငွေ၊ အကြွေး၊ ကားကိစ္စ ပြဿနာဖြေရှင်းရမည်။ ပြည်တွင်းပြည်ပခရီးဝေး မသွားသင့်သေးပါ။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ဆက်နွယ်သောအလုပ် အဆင်ပြေ အကူအညီ အထောက်အပံ့ရမည်။ သားသမီးတစ်ဦးဦး အိမ်မှ ထွက်သွားတတ်သည်။ အရွယ်ရောက်သူဆိုပါက နီးရာလိုက်ပြေးမည်။ မိဘဆွေမျိုးတစ်ဦးဦး ကျန်းမာရေးညံ့မည်။ မိမိထက် ငယ်သူ၊ လက်အောက်ငယ်သား၊ မောင်နှမထံမှ အကူအညီရမည်။ အလှူမင်္ဂလာကိစ္စဆောင်ရွက်ပါက ရက်ကောင်းရက်မြတ် ရွေးချယ်ပြုလုပ်ပါ။ အချစ်ရေးအဆင်မပြေသော်လည်း အိမ်ထောင်ရေးသာယာမည်။

**ကောင်းကျိုးပြုယတြာ** - မွေးနေ့တိုင်း ခွေးစာ၊ နီစာ၊ ငါးစာကျွေးပါ။ ဘုရားစေတီတွင် ကြေးပြား၊ ကျောက်ပြားလှူပါ။ အင်္ဂါနေ့တွင် အုန်းဆွမ်းကပ်လှူပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

### အင်္ဂါနံအက္ခရာ

**(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ • • •**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်မည်။ အကြံအစည်အောင်မြင်မည်။ စီးပွားရေး၊ လုပ်ငန်း တိုးချဲ့ရမည်။ စပ်တူရှယ်ယာလုပ်ငန်း ဆောင်ရွက်ရမည်။ အမျိုးသားနှင့် ပတ်သက်၍ ငွေဝင်မည်။ အိမ်ခြံမြေကိစ္စ အမှုဖြစ်တတ်သည်။ ဦးစီးဦးဆောင် မပါဝင်ရ။ (ဆရာကြီးဝင်လုပ်လျှင် ပြဿနာရှင်းရမည်။) ပြည်တွင်းပြည်ပ ခရီးဝေးသွားလာရမည်။ ဤနှစ် အစပိုင်းတွင် သားသမီးမွေးပါက စာချုပ်(စတီသဘော)ချုပ်ကာ ရောင်းထားပါ။ အင်္ဂါနှင့်စပြီး ဗုဒ္ဓဟူးနှင့် ပိတ်သော အမည်ပိုင်ရှင် အထူးသတိထားပါ။ ဘာသာရေးအဓိဋ္ဌာန်ပြုလုပ်ပါ။ ထီဝါသနာပါလျှင် (၁၃၈)ပါသော ဂဏန်းကို ရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - ရေသန့်ဘူး၊ ရေစစ်၊ လျှပ်စစ်ပစ္စည်း၊ ယပ်ဇနပန်း၊ ဇီဇဝါပန်း လှူဒါန်းပါ။ ဆီးဖျော်ရည်ကပ်လှူပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးနံအကျွရာ

**(ယ၊ ရ၊ လ၊ ဝ၊ ဠ) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် လူသစ်စိတ်သစ်ဖြင့် လုပ်ငန်းသစ် စတင်ပြုလုပ်ရမည်။ အကြံအစည် ရည်ရွယ်ချက် အောင်မြင်မည်။ အတိုက်အခံ အပြိုင်အဆိုင်ကြုံတွေ့ပြီးမှ အောင်မြင်မည်။ ရေ၊ လျှပ်စစ်ပစ္စည်း၊ ရွှေ၊ ဝါး...စသည့် ဗုဒ္ဓဟူးနံ ပစ္စည်းများ အရောင်းအဝယ်အဆင်ပြေမည်။ ထွက်ပြီးပစ္စည်း ပြန်ဝင်မည်။'အလှူမင်္ဂလာကိစ္စ ဆောင်ရွက်ရမည်။ မည်သည့်ကိစ္စမဆို တနင်္လာနှင့် ကြာသပတေးနေ့ရှောင်၍ ပြုလုပ်ပါ။ ငွေချေးငှားခြင်းကိစ္စ၊ အာမခံကိစ္စ၊ အပေါင်ခံခြင်းကိစ္စများ ရှောင်ပါ။ ခရီးသွားရင်း ချစ်သူတွေ့မည်။ မမျှော်လင့်ဘဲ အိမ်ထောင်ကျကိန်းရှိသည်။ ထီဝါသနာပါက ၁အစ ၃အဆုံး၊ ၃အစ ၁အဆုံး ရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - မွေးနံထောင့်တွင် တံခွန်လုံးအဖြူရောင် (၉)လက်နှင့် အုန်း (၆)ညွှန့်လှူပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## ကြာသပတေးနံအကျွရာ

**(ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် ဟိုဟာလုပ်ရ ကောင်းနိုးနိုး၊ ဒီဟာလုပ်ရ ကောင်းနိုးနိုးဖြစ်နေမည်။ ငွေရင်းနှီးမြှုပ်နှံသောအလုပ် ပြုလုပ်လျှင် ငွေမြုပ်သွားမှာ သေချာသည်။ ဝန်ထမ်းအလုပ် လုပ်နိုင်သည်။ အကြီးအကဲ၊ လက်အောက်ငယ်သား အပြန်အလှန် အကူအညီရမည်။ ထီ၊ ထီး၊ ဖိနပ်၊ အဝတ်အထည်၊ ထန်းလျက်...စသည့် အရောင်းအဝယ်ဖြစ်မည်။ အရှေ့တောင်အရပ်မှ ကူညီမည့်သူပေါ်မည်။ အိမ်တွင် ဘုရားပွဲ၊ အိမ်တွင်းအုန်း၊ အုန်းငှက်ပျောပွဲ အုန်းသီးအစို့ထွက်ပါက ကောင်းသော နိမိတ်ဖြစ်သည်။ အမွေးနံ့သာ ပက်ဖျန်းပါ။ ချက်ချင်း မစွန့်ပစ်ရ။ မိန်းကလေးများ အလိမ်ခံရတတ်သည်။ မိဘများ သားသမီးကို ဂရုစိုက်ပေးပါ။ အာရုံကြောနှင့် ဆိုင်သော ဝေဒနာ၊ ဝမ်း, လေနှင့် ပတ်သက်သောရောဂါ၊ ကိုယ်လက်ဖောရောင်သော ဝေဒနာခံစားရတတ်သည်။

**ကောင်းကျိုးပြုယတြာ** - ခွေး၊ နွား၊ ငါး...စသည့် သတ္တဝါများကို ဗုဒ္ဓဟူးနေ့တိုင်း အစာကျွေးပါ။ ဒုက္ခိတ ဒါနပြုပါ။ ဆင်းရဲနွမ်းပါးသော ကိုယ်ဝန်ဆောင်မိခင်အား အစာအာဟာရလှူပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## သောကြာနံအကျွရာ

**(သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် ပြည်တွင်းပြည်ပခရီးဝေးသွားလာရမည်။ ဝန်ထမ်းများ နေရာဌာနပြောင်းရွှေ့ရမည်။ လုပ်ငန်းတိုးချဲ့ဆောင်ရွက်ရမည်။ မိတ်ဆွေ၊ ဆရာသမား အကြီးအကဲထံမှ အကူအညီရမည်။ ရပ်ဝေးမှ ဆွေမျိုးများ ရောက်ရှိလာမည်။ ဆန်၊ ဆီ၊ ဆေး၊ ဆား စသည့် အရောင်းအဝယ် အဆင်ပြေမည်။ တနင်္ဂနွေ အင်္ဂါသားသမီးထံမှ အကူအညီရမည်။ ငွေဝင်သော်လည်း ငွေမမြဲသေးပါ။ အပျော်အပါး လောင်းကစားကိစ္စ အထူးရှောင်ပါ။ အိမ်ခြံမြေ၊ ကား၊ ရွှေပေါင်နှံ၍ မည်သည့်အလုပ်မှ မပြုလုပ်ရ။ မိဘသဘောတူသူနှင့် လက်ထပ်လျှင် အဆင်ပြေမည်။ အောင်ဘာလေ အစိုးရထီထိုးပါက ၃၆အတွဲရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - သစ္စာပန်း၊ သဇင်ပန်း၊ ဆီးသီး၊ ဆီးဖျော်ရည် စသည့်တို့ကို ဘုရား ရဟန်း သံဃာ၊ လူကြီးမိဘကို ဒါနပြုပါ။ ဆေးပစ္စည်းလှူနိုင်သည်။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## စနေနံအကျွရာ

**(တ၊ ထ၊ ဒ၊ ဓ၊ န၊ ဌ) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိသည်။ မြုပ်နေသော ငွေအရင်းအနှီးပြန်ပေါ်မည်။ အိမ်ခြံမြေ၊ ကားအရောင်းအဝယ် အဆင်ပြေမည်။ ပြည်တွင်းပြည်ပခရီးဝေးထွက်ရမည်။ မည်သည့်ကိစ္စမဆို အင်္ဂါ၊ သောကြာနေ့ရှောင်၍ ပြုလုပ်ပါ။ ပညာရေး၊ ဘာသာရေးဆိုင်ရာသင်တန်း အောင်မြင်မည်။ ခရီးများများသွားခြင်း၊ စကားများများပြောခြင်း အထူးရှောင်ပါ။ ရင်းနှီးသော မိတ်ဆွေ၊ ဆရာနှင့်ပတ်သက်၍ အမှုပြဿနာဖြေရှင်းရမည်။ မြေ၊ အမွေကိစ္စပေါ်မည်။ စနေ+ဗုဒ္ဓဟူးအမည်တွဲ ကျန်းမာရေး ဂရုစိုက်ပါ။ ခြေလေးချောင်းသား ယာဉ်ယီရှောင်ပါ။ မိန်းကလေးရောဂါဖြစ်တတ်သည်။'

**ကောင်းကျိုးပြုယတြာ** - မုန့်လုံးရေပေါ် ဘုရားကပ်လှူပါ။ ရှင်ဥပဂုတ္တရဟန္တာအား ရေ၊ ဆွမ်း ကပ်လှူပါ။

* * *




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# မောင်လင်းသစ် အဖြေမသိတဲ့ ပုစ္ဆာ

(၁)

ကျွန်တော် မောင်လင်းသစ်သည် "မနုင်းလှိုင်စိုး" ဟူသော အမျိုးကောင်းသမီးလေးနှင့် ရင်းနှီးပတ်သက်ခဲ့ရာမှ သူမ၏ အဘိုးဖြစ်သူ ဦးစိန်ဝင်းနှင့် သိကျွမ်း ခင်မင်ခွင့်ရခဲ့ပါသည်။ ဤ

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းအချင်းအရာသည် ကျွန်တော့်အတွက်တော့ အလွန်ကြီးမားသော ဆုလာဘ်ကြီးတစ်ခုပင် ဖြစ်လေသည်။ အဘိုး ဦးစိန်ဝင်း၏ ကျင်လည် ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများသည် စာရေးဆရာဖြစ်ချင်နေသော ကျွန်တော်မောင်လင်းသစ်အတွက်တော့ အဖိုးမဖြတ်နိုင်သော ရတနာကုန်ကြမ်းများပင် ဖြစ်လေသည်။ အဘိုး ဦးစိန်ဝင်းသည် အကြောင်းအရာတစ်ခုကို ပြောလျှင် အသံနေအသံထားမှစ၍ လေယူလေသိမ်း အဖြတ်အတောက် မှန်ကန်စွာ ပြောတတ်သဖြင့် နားထောင်နေရသူများအဖို့ ကိုယ်တွေ့ပင် ကြုံနေသယောင် ထင်မှတ်ရလေသည်။ တစ်ခါတလေတွင်…

"အဘိုးရယ်… ဘာဖြစ်လို့ ဒီလောက်တောင် အပြောကောင်းနေရတာလဲ"

ဟု မေးလေရာ…

"အင်မတန်မှ ဆွဲအားကောင်းတဲ့ သံလိုက်တုံးကြီးတစ်တုံးမှာ အမြဲကပ်ခံထားရတဲ့ သံချောင်းလေးဟာ အချိန်ကြာလာတာနဲ့အမျှ သူ့မှာလည်း သံလိုက်နိုင်တဲ့ ဓာတ်တွေ ရှိလာသလိုပဲပေါ့။ အဘိုးက ဆရာကောင်းနဲ့ လက်ပွန်းတတီးနေခဲ့ရတာကိုး။ အဘိုးစကားပြော ကောင်းတယ်ဆိုတာ အဘိုးရဲ့ဆရာ ပါးစပ်ပိတ်ပြီး နေသလောက်ပဲရှိသေးတယ်။ သူများ စကားပြောလိုက်ရင် အနားက လူတွေအကုန်လုံး သူ့ရဲ့စကားထဲမှာ နစ်မြောသွားကြရတယ်"

ဟု ပြောလေ၏။

အဘိုး ဦးစိန်ဝင်း ပြောနေသော သူ၏ ဆရာမှာ ထိုခေတ် ထိုကာလ၌ တစ်မိုးအောက်တွင် တစ်ယောက်တည်းသာရှိသော "စေတစ်လုံး မင်းအောင်" အမည်ရှိ လူထူးလူဆန်း လောကီပညာရှင်ကြီးပင် ဖြစ်လေတော့၏။ ဆရာကြီး စေတစ်လုံး မင်းအောင်သည် လူတစ်ဖက်သားအား အင်မတန်မှပင် ကြင်နာသနားတတ်၏။ ထိုနည်းတူစွာ ရက်စက်စရာရှိလျှင်လည်း အလွန်ပင် ရက်စက်တတ်သူဖြစ်သည်။ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်သလို၊ အင်မတန်မှ အမိန့်နာခံတတ်သော တပည့်ကောင်းတစ်ဦးဖြစ်လေသည်။ အံ့သြဆန်းပြားသော လောကီပညာစွမ်းများကို မှန်းဆ၍မရနိုင်အောင် တတ်ကျွမ်းပြီး လိုရာကို "စေ"နိုင်သည့် စွမ်းအားတစ်ခုကို ပိုင်ဆိုင်နေသည်ဟု ထင်မှတ်ရလေသည်။ ထို့ကြောင့် လူအများက "မင်းအောင်"ဟူသော အမည်ရင်းရှေ့တွင် စေတစ်လုံးဟူသော ဝိသေသထူးတစ်ခုကို တွဲ၍ "စေတစ်လုံး မင်းအောင်"ဟု ခေါ်ကြခြင်းပင် ဖြစ်သည်။

အဘိုး ဦးစိန်ဝင်းသည် သူ၏ ဆရာဖြစ်သော စေတစ်လုံး မင်းအောင်၏ အကြောင်းကို ပြောသည့်အခါတွင် အလွန်တရာမှပင် အသက်ဝင်လှပေသည်။ ထို့ကြောင့် ကျွန်တော် မောင်လင်းအောင်သစ်သည်လည်း အဘိုး ဦးစိန်ဝင်းပြောသည့်အတိုင်းပင် ချရေး၍ ဝတ္ထုအဖြစ် ဖန်တီးရေးသားခြင်းဖြစ်ပါသည်။

ကျွန်တော်သည် မကြာခဏဆိုသလိုပင် အဘိုး၏ အိမ်သို့ သွားမိလေသည်။ အဘိုးထံမှ ဗဟုသုတရဖွယ် အကြောင်းအရာများကို သိရှိလိုသည်က တစ်ကြောင်း၊ ကျွန်တော့်ရင်ထဲမှ မြတ်နိုးရသူလေးကို မြင်ရလိုသည်က တစ်ကြောင်း စသည့် အကြောင်းရင်းတို့ကြောင့် တစ်ပတ်တွင် တစ်ခါတော့ သူမ၏ အိမ်ကို အရောက်သွားမိလေ၏။ ကျွန်တော်သည် မူလတန်းကျောင်းအုပ်အဖြစ် ရာထူးတိုးပြီး နေရာပြောင်းရွှေ့သွားရသည့်အတွက် အဘိုးနှင့် အတော်အသင့် ဝေးကွာခဲ့သော်လည်း အသွားအလာမပျက်ခဲ့ပေ။ တစ်ခုသောနေ့တွင် ကျောင်းမှ လက်ထောက်ဆရာဖြစ်သူ ဆရာ ချမ်းမြေ့လွင်မှ…

"ဆရာကြီး…မနေ့က ဟိုဘက်ကမ်းမသွားတာ ကောင်းတယ်။ မဟုတ်ရင် အခုလောက်ဆိုရင် ဒုက္ခရောက်နေလောက်ပြီ"

"ဟေ…ဘာဖြစ်လို့တုန်းကွ"

"ညက ချောင်းရေတွေ လာပြီး တံတားတွေ ကျိုးကုန်လို့ အကုန်လုံး သွားရေးလာရေး ဒုက္ခရောက်ကုန်ပြီ။ ဆရာကြီးအသိအိမ်နားက တံတားဆိုရင် အလယ်ကောင်ကနေ ပြတ်ထွက်သွားတာ ကြောက်စရာကြီး။ ညတုန်းကဆိုရင် အနိမ့်ပိုင်းဖြစ်တဲ့ လမ်းချိုးဘက်မှာ ရေတွေ ဝင်လာလို့ ဆေးရုံနဲ့ ဘိုးဘွားရိပ်သာက လူတွေကို အားချင်းရေလွတ်ရာ ရွှေ့ပေးလိုက်ရတယ်"

ဟု သတင်းပေးလေတော့၏။ ကျွန်တော့်ကျောင်းသည် မြို့နှင့် ဖိုင်ခန့်ဝေးသဖြင့် တစ်ခါတလေ သတင်းထူးများကို မြို့တွင် နေသော ဆရာက ယူလာမှ သိရလေသည်။ ကျွန်တော်တို့ နယ်မြို့လေး၏ အရှေ့ဘက်တွင် အုံ့ဆိုင်း ပြာရီနေသော အလယ်ရိုးမတောင်တန်းကြီး ရှိလေသည်။ ထိုရိုးမတောင်တန်းကြီးမှ အခြေခံလာသော မြစ်ချောင်းများလည်း မြို့နှင့် အနီးဆုံးမှ ဖြတ်သန်း၍ သွားလေသည်။ အရင်ရက်တွင် တောင်ပေါ်၌ မိုးများခဲ့သဖြင့် ယခုကဲ့သို့ တောင်ကျရေများ ဆင်းလာခြင်းပင် ဖြစ်သည်။ ကျွန်တော့်မှာ တံတားနှင့် မလှမ်းမကမ်းတွင် နေထိုင်သော မနှင်းလှိုင်စိုးတို့အတွက် စိတ်ပူသွားမိလေတော့၏။ ထို့ကြောင့် သွားရောက်



www.burmeseclassic.com

www.burmeseclassic.com

ရေးအခြေအနေ ဘယ်လိုရှိလဲဟု မေးရာ ဆရာ ချမ်းမြေ့လွင်က···

"သွားရေးလာရေးအတွက်ကတော့ သက်ဆိုင်ရာက မော်တော်နှစ်စီး ချက်ချင်းစီစဉ်ပေးတယ်။ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ-ဆရာမတွေနဲ့ ဘုန်းကြီး၊ သီလရှင် စတဲ့ သာသနာ့နွယ်ဝင်တွေကို အခမဲ့ကူးပေးပြီး ကျန်တဲ့ လူတွေကိုတော့ ဆီဖိုးရအောင် လူတစ်ဦးကို ၅၀ နှုန်းနဲ့ ကူးပေးနေတယ်"

"တော်သေးတာပေါ့ကွာ။ ဘယ်လောက်ပဲ ပေးရပေးရ ကူးလို့ရအောင် လုပ်ပေးထားတော့ ဆိုင်ရာကို ကျေးဇူးတင်ရမှာပါပဲ"

ထိုသို့နှင့်ပင် နောက်တစ်နေ့၌ ကျွန်တော်သည် အဘိုး ဦးစိန်ဝင်းတို့ အိမ်သို့ အရောက်သွားမိလေတော့၏။ အိမ်ခြံအဝင်အဝရှိ ကွပ်ပျစ်ကြီးပေါ်တွင် အဘိုးသည် ကွမ်းဝါးနေ၍ ကျွန်တော့်အား တွေ့လေသောအခါ···

"နှင်းလှိုင်စိုးရေ···သမီးရဲ့ ဆရာလာတယ်ဟေ့။ ငါပြောပါတယ်၊ ဒီသတင်းကြားတာနဲ့ ညည်းတို့ဆရာ စိတ်ပူပြီး အရောက်လာပါလိမ့်မယ်ဆိုတာလေ"

ဟု နောက်လေတော့၏။

ကျွန်တော်သည်လည်း အဘိုးကို စိတ်ပူ၍ လာတာဖြစ်ကြောင်း ပြောရင်း သုံးယောက်သား စကားစမြည်ပြောဆိုနေကြလေတော့၏။

ထိုသို့ပြောရင်းဆိုရင်းဖြင့် တံတားကျိုး၍ အသွားအလာခက်ခဲသည့် အကြောင်း ရောက်သွားရာတွင် အဘိုးသည် သူ၏ ဆရာဖြစ်သူ စေတစ်လုံး မင်းအောင် ဆိုသည့် ပုဂ္ဂိုလ်ကြီးကို သတိရသွားကြောင်း ပြောလေတော့၏။ အဘိုးထံ၌ ဆရာကြီး စေတစ်လုံး မင်းအောင်နှင့် ပတ်သက်၍ ယနေ့တိုင် သတိတရဖြစ်နေသေး၍ အဖြေမှန်ကို ဝေခွဲမရနိုင်သေးသော အဖြစ်အပျက်တစ်ခုရှိနေကြောင်း သိရလေတော့၏။

ထိုအကြောင်းအရာကို မေးမြန်းလေသောအခါ အဘိုး ဦးစိန်ဝင်း၏ မျက်ဝန်းတို့သည် စွတ်စို မှိုင်းအုံ့သွား၍ စိတ်အစဉ်တို့သည်လည်း အတိတ်ရေယာဉ်ကြောသို့ မျောသွားလေတော့သတည်း။

(၂)

ကျွန်ုပ်သည် ရှည်လျားလှသော ဘဝခရီးလမ်းတွင် လူတစ်ဦးတစ်ယောက်နှင့် ကာလအတော်ကြာမြင့်အောင် လက်တွဲခဲ့ဖူးပါသည်။ ထိုသူသည် ထိုခေတ်ကာလတွင် မိုးအောက်မြေပြင် ဇမ္ဗူတစ်ခွင်၌ ရှားမှရှားသော ယောက်ျားကောင်း၊ ယောက်ျားမြတ်၊ ယောက်ျားအာဇာနည်တစ်ဦးဖြစ်လေသည်။ ထိုသူသည် လွန်စွာမာန်မာနကြီး၍ အင်မတန်မှပင် ကိုယ့်ကိုယ်ကိုယ် နိမ့်ချတတ်သူဖြစ်သည်။ တရုတ်၊ ကုလား၊ အင်္ဂလိပ်၊ ပြင်သစ် စသော ဘာသာစကားများကို ၎င်းတို့ နိုင်ငံသားများနှင့်ထပ်တူ ကျွမ်းကျင် ပိုင်နိုင်စွာ တတ်မြောက်သူလည်းဖြစ်သည်။ ထိုသူသည် ကျွန်ုပ်၏ ဆရာကြီးဖြစ်သော စေတစ်လုံး မင်းအောင် ဆိုသည့် လူထူးဆန်း ပညာရှင်ကြီးပင် ဖြစ်လေတော့သည်။

ကျွန်ုပ်အား ဆရာကြီး စေတစ်လုံး မင်းအောင်နှင့် ပတ်သက်လျှင် လွန်စွာ အကဲပိုသူတစ်ယောက်ဟု ခေါ်ဆိုချင်က ခေါ်ဆိုနိုင်ရအောင်ပင် အသက်ကို ပေး၍ ယုံကြည်သူတစ်ယောက်ဖြစ်သည်။ ဆရာကြီး စေတစ်လုံး မင်းအောင်နှင့်သာ ဆိုပါက အထက်ဘဝဂ်၊ အောက် အဝီစိတိုင်အောင် သွားရဲသူဖြစ်ပြီး ဆရာကြီးကသာ "ကိုစိန်ဝင်း··· ခင်ဗျား သေလိုက်တော့ဗျာ"ဆိုပါက သေပေးရန် ဝန်မလေးသူတစ်ယောက်ဖြစ်လေသည်။ ထို့ကြောင့် ဆရာကြီး စေတစ်လုံး မင်းအောင်အကြောင်းကို အခြားသူများအား ပြောဖြစ်သောအခါတွင် တချို့မှာ မယုံကြချေ။ တချို့ကလည်း ရှိသည်ထက် ပို၍ သာသာထိုးထိုးပြောကြသည်ဟု ဆိုကြလေသည်။ အမှန်စင်စစ် ကျွန်ုပ်ပြောသည်များမှာ မြင်းထိန်း တောမှ ယောမင်းကြီးကို ချီးကျူးနေသလိုပင် ဖြစ်နေလေသည်။

ယခု အကြောင်းတရားသည်လည်း လူတစ်ရာကို ပြောလျှင် တစ်ရာလုံး ယုံကြည်မည်မဟုတ်ကာ ကျွန်ုပ်ကိုပင် ရူးနေသူတစ်ယောက်ဟု စွပ်စွဲနိုင်သည့် အချင်းအရာဖြစ်နေလေသည်။ သို့ပေမယ့်လည်း ကျွန်ုပ် မရူးပါ။ ကျွန်ုပ်ကိုယ်တိုင်ပင် အဖြေမသိသည့် ပုစ္ဆာတစ်ပုဒ်ဖြစ်နေ၍ ထိုဖြစ်ရပ်အား "ဟုတ်ပါသည်"ဟု အတတ်မပြောနိုင်သလို၊ "မဟုတ်ပါဘူး" ဟူ၍လည်း အပြတ်မငြင်းနိုင်ပေ။

(၃)

တစ်နေ့တွင် ကျွန်ုပ်သည် စတော့ကိတ်လမ်း (ယခု သိမ်ဖြူလမ်း)ရှိ စေတစ်လုံး မင်းအောင်၏ နေအိမ်၌ ဘောက်(စ်)ဝက်ဂွန်းကားလေးကို သန့်ရှင်းရေးလုပ်နေစဉ် အလွန်ဆိုရှယ်ကျသော မြန်မာအမျိုးသမီးတစ်ဦးသည် မျက်နှာဖြူတစ်ဦးကို လက်တွဲ၍ ရောက်လာလေတော့၏။ သူတို့သည် စေတစ်လုံး မင်းအောင်ထံ ဗေဒင်မေးရန် ရောက်လာခြင်းဖြစ်ပေသည်။ ထိုနှစ်ဦးအား စေတစ်လုံး မင်းအောင်၏ အလုပ်ခန်းသို့ လိုက်ပို့ပေးရာ ကိုမင်းအောင်မှ ကျွန်ုပ်အား မလှမ်းမကမ်းတွင် ရပ်နေရန် ပြောပြီး ဗေဒင်ဟောခြင်းကို စလေတော့၏။

ထိုအခါ ကျွန်ုပ် သဘောပေါက်

www.burmeseclassic.com

www.burmeseclassic.com

သည်မှာ စေတစ်လုံး မင်းအောင်သည် ထိုမျက်နှာဖြူနှင့် အဖက်လုပ်၍ စကားမပြောချင်သောကြောင့် စကားပြန်အဖြစ်နေရန် ခေါ်ထားခြင်းပင် ဖြစ်လေသည်။ စေတစ်လုံး မင်းအောင်သည် အင်္ဂလိပ်စကားကို အရပ်အသားအပြောမှစ၍ တော်ဝင် ထီးသုံးနန်းသုံးအထိ ပြောတတ်သော်လည်း အင်္ဂလိပ်များနှင့် စကားပြောသောအခါ များသောအားဖြင့် မြန်မာလိုသာ ပြောလေသည်။ စင်စစ်သော်ကား စေတစ်လုံး မင်းအောင်သည် အမျိုးကို သိပ်ချစ်ပြီး ရိုးရာ ဘာသာစကားကိုလည်း တန်ဖိုးထားသူတစ်ဦး ဖြစ်လေသည်။ သူတို့ ပြန်သွားသောအခါ စေတစ်လုံး မင်းအောင်က…

"ကျုပ်တော့ အဲဒီမိန်းမကို ရွံလိုက်တာဗျာ။ ကျုပ်တို့နိုင်ငံမှာ တိုင်းရင်းသားလူမျိုးတွေ အများကြီးရှိပါလျက်ကယ်နှင့် ယူစရာရှားလို့နဲ့ တူပါတယ်။ ဒီဗိုလ်ကောင်ကို ယူသွားရတယ်လို့ဗျာ။ အမျိုးဖျက်မတွေပေါ့။ ကျုပ်တော့ ဗမာပြည်ကြီး အမြန်လွတ်မြောက်စေချင်ပါပြီ။ ကြာရင် လူမျိုးပျောက်မှာ စိုးရတယ်"

ဟု ပြောလေတော့၏။ ထို့နောက် စေတစ်လုံး မင်းအောင်သည် သူ သောက်လေ့သောက်ထရှိသော ပိုလိုတံဆိပ် စီးကရက်ကို ဖွာရှိုက်နေ၍ မီးခိုးများကို အပေါ်သို့ မှုတ်ထုတ်လိုက်ပြီး တည်ငြိမ်အေးချမ်း၍ အလိုနာခံစိတ်ဖြစ်ပေါ်စေနိုင်သော သံလိုက်ဓာတ်ရှိသည့် အသံဖြင့်…

"ကျုပ်တတ်ထားတဲ့ ပညာတွေနဲ့ တွက်ကြည့်ထားတာ နောက် ဆယ့်လေးငါးနှစ်ကြာရင် ကျုပ်တို့ ဗမာပြည်ကြီး လွတ်လပ်လိမ့်မယ်ဗျ။ ထင်ထားတာတစ်ခုတော့ ရှိတယ်။ ကြီးကြီးမားမားတော့ ကျုပ်တို့နိုင်ငံ ပေးဆပ်ရလိမ့်



မယ်ဗျ။ ဒီနယ်ချဲ့ကောင်တွေက မဖြစ်ညှစ်နေ လွတ်လပ်ရေးပေးရရင်တောင် တိုင်းပြည်ကို မွှေသွားမှာ သေချာတယ်။ ဒါပေမယ့် တိုင်းပြည်တစ်ခု ပြန်လည်ထူထောင်ဖို့မှာ ပညာဟာ အရေးအကြီးဆုံးပဲဗျ။ ကျုပ် ပညာသည်တွေ စုနေတဲ့ ရွာလေးတစ်ရွာကို ခြေရာခံနေတယ်။ အတော့်ကို လျှို့ဝှက်ပြီး နေကြတဲ့ လူတွေပေါ့ဗျာ။ သူတို့မှာ ရှိတဲ့ အတတ်ပညာတွေက အရမ်းများတယ်။ ဗေဒင် ဆေးဝါးအတတ်တွေ၊ စက်ယန္တရားအတတ်တွေအပြင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘုရားမဖြစ်ခင် သိဒ္ဓတ္ထမင်းသားဘဝက ဗိုလ်ပုံအလယ်မှာ အစွမ်းပြခဲ့တဲ့ လေးအတတ်ပညာတွေတောင် ရှိတယ်ဆိုပဲ။ အဲဒီ ပညာတွေကို တတ်အောင် သင်ထားပြီး ကျုပ်တို့နိုင်ငံမှာ ဖြန့်ဝေလိုက်ရရင်

ကျုပ်တို့တိုင်းပြည်ဟာ ကမ္ဘာမှာ နံပါတ် (၁)ဖြစ်သွားမှာ သေချာတယ်"

ဟု ဆက်၍ ပြောလေတော့၏။

(၄)

နောင်အခါတွင် ကျွန်ုပ်သည် ဆရာကြီး စေတစ်လုံး မင်းအောင်နှင့်အတူ အံ့သြဆန်းပြားဖွယ်ကောင်း၍ လျှို့ဝှက်နက်နဲမှုများဖြင့် ပြည့်ဝနေသော ဟိမဝန္တာရှိ အတတ်ပညာရှင်တို့၏ ရွာလေးကို ရောက်သွားခဲ့ပါသေးသည်။

ကျွန်ုပ်သည် စေတစ်လုံး မင်းအောင်နှင့် နေခဲ့စဉ်ကာလအတွင်း သူ၏ ထူးဆန်းသော အတတ်ပညာများ၊ အံ့သြဖွယ်ကောင်းသော ပြုမူချက်များနှင့် ရဲရင့်ပြောင်မြောက်လှသော သတ္တိစွမ်းများကို တွေ့ခဲ့ ကြုံခဲ့ မြင်ခဲ့ရပါသည်။ သို့ပေသော်လည်း အလွန်ကောင်းမွန်သော ဟင်းအိုးကြီးကို မွှေနေသော်လည်း ဟင်း၏ အရသာကို မခံစားနိုင်သည့် ယောက်မတစ်ချောင်းပမာ ဆရာကြီး၏ ပညာများကို မရလိုက်ပါ။ ကျွန်ုပ်၏ ရင်ထဲ အသည်းထဲတွင် စွဲမြဲနေသော ဖြစ်ရပ်တစ်ခုနှင့် ဂါထာတစ်ပုဒ်တော့ ရှိနေပါသည်။ ထိုအကြောင်းကို ပြောရမည်ဆိုပါလျှင် တစ်ခုသောနေ့ဆီက စေတစ်လုံး မင်းအောင်သည် ကျွန်ုပ်အား…

"ကိုစိန်ဝင်းကို ကျုပ် ဂါထာတစ်ပုဒ်သင်ပေးထားဦးမယ်ဗျ။ နောင်အရေးရှိတော့ သုံးရတာပေါ့ဗျာ။ သိပ်မကြာခင်ကာလတစ်ခုမှာ ကျုပ်တို့ ဟိမဝန္တာဘက် ခရီးသွားဖြစ်လိမ့်မယ်ထင်တယ်။ ဒီက အကြောင်းလေးတွေ မပြတ်သေးတာနဲ့ ရှာနေတဲ့ စို့တစ်ခု မရသေးတာတွေကြောင့် မသွားဖြစ်သေးတာ။ ဒါကြောင့် အရေးကြုံ သက်လုံကောင်းရအောင် ခင်ဗျားကို သင်ပေးရမှာပဲ။ ဘယ်လိုသဘောရလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟု မေးလေတော့၏။

ထိုအခါ ကျွန်ုပ်က သင်ချင်ပါသည်ဟု ပြောလေရာ စေတစ်လုံး မင်းအောင်သည် အသံနေ အသံထား ဗွာန်ကရိုင်းကျနစွာဖြင့် ဤသို့ ရှင်းလင်းသင်ကြားပြသပေးလေတော့၏။

"လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်က အိန္ဒိယနိုင်ငံမှာ ကျုပ်တို့ရဲ့ ဂေါတမ မြတ်စွာဘုရားရှင် ပွင့်တော်မူခဲ့တယ်။ အဲဒီခေတ်က အဲဒီနေရာမှာ ဘုရားအမည်ခံ အခြားပုဂ္ဂိုလ်ကြီးတွေလည်း ရှိနေခဲ့တယ်လေ။ ကျုပ်တို့ဘုရားရှင်ဟာ ဘုံသုံးပါးလုံးမှာ ရှိတဲ့ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါများကို ချွေချွတ်တော်မူပြီး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူကာ သံသရာ ဝဲဂယက်က ဆွဲထုတ်တော်မူခဲ့စေတယ်မဟုတ်လား။

ဘုရားရှင်ကို မဖူးမတွေ့ရသေးပါဘဲနဲ့ ဂုဏ်ကျေးဇူးတော်တွေကို ကြားလိုက်ရပြီး သောတာပန်တည်သွားတဲ့ ပုဂ္ဂိုလ်တွေ၊ အကျိုးများသွားတဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီး ရှိခဲ့တယ်တဲ့။ အခု ခင်ဗျားကို သင်ပေးမယ့် ဂါထာက ထေရာပဒါန်ပါဠိတော်မှာ လာတဲ့ မဟာကပ္ပိနထေ္ထရအပါဒါန်အကြောင်းထဲကပဲဗျ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ်သတင်း၊ တရားတော်တွေရဲ့ ဂုဏ်သတင်း၊ တပည့်သား သာဝက သံဃာတော် အရှင်သူမြတ်တွေရဲ့ ဂုဏ်သတင်းတွေဟာ တဖြည်းဖြည်းနဲ့ ပြန့်ကားလာတာပေါ့။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ မဂဓတိုင်းရဲ့ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေခိုက် ထင်တယ်။ ဘုရားရှင်ရဲ့ ဂုဏ်သတင်းကို မလှမ်းမကမ်း တိုင်းပြည်တစ်ခုက မဟာကပ္ပိန ဆိုတဲ့ ဘုရင်ကြီးက ကြားသွားတယ်။ အလွန်အမင်းလည်း ဘုရားကို ဖူးချင်သွားတယ်။ ဒါနဲ့ အမတ်တစ်ထောင်ကို ခေါ်ပြီး မြင်းကိုယ်စီနဲ့ ဘုရားရှင်ရှိရာကို အပြင်းနှင်လာခဲ့တယ်။ ဒီသတင်းကိုလည်း သူက သွားရင်းလာရင်း ကုန်သည်တွေဆီက ကြားတာလေ။ ဒါကြောင့် ကြားရင်ကြားချင်း နန်းတော်မပြန်တော့ဘဲ တန်းပြီး ထွက်လာတာ။ နောက်တော့မှ မိဖုရားတွေက သိသွားပြီး သူတို့လည်း ဘုရားကို ဖူးချင်သွားတယ်။ နောက်ကနေ ရထားလုံးတွေနဲ့ လိုက်ကြတာပေါ့ဗျာ။

ပထမတစ်သုတ်နဲ့ ဒုတိယတစ်သုတ်က အတော်လေးတော့ ကွာသွားမှာပေါ့လေ။ မဟာကပ္ပိန မင်းကြီးနဲ့ အမတ်တွေဟာ ခရီးပြင်းနှင်ရင်း တစ်နေရာရောက်တော့ အခက်ကြုံသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှေ့မှာ မြစ်ကြီးတစ်စင်းခံနေတယ်။ ကူးစရာ လှေသင်္ဘောကလည်း ရှိမနေဘူး။ ဒါနဲ့ မင်းကြီးနဲ့ အမတ်တစ်ထောင်ဟာ ဒီဂါထာကို သစ္စာပြုပြီး ရွတ်ကြတယ်"

ဟု ဆိုကာ အောက်ပါ ဂါထာလေးကို ရွတ်ဆိုပြလေတော့၏။

**ဘဝ သောတံ သစေ ဗုဒ္ဓေါ**
**တိဏ္ဏော လောကန္တဂူ ဝိဒူ။**
**ဧ တေန သစ္စ ဝဇ္ဇေန၊**
**အန္တရာ ယော ကာတုံ**
**သတ္တာ တေ ပေါတာ။**

"ခုနက ရွတ်ခဲ့တဲ့ ဂါထာလေးကို ရွတ်ပြီး မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို အာရုံပြုကာ မြစ်ကို ဖြတ်ကူးကြတာ မြင်းခွာတောင် ရေမစွတ်ဘူးတဲ့ဗျ။ ဒီပါဠိရဲ့ မြန်မာပြန်က ဒီလိုဗျ"

ဟု ဆိုကာ မြန်မာပြန်ကို ရွတ်ပြလေတော့၏၊ စေတစ်လုံး မင်းအောင်၏ အသံနှင့် ဟန်ပန်သည် မြင်ရကြားရသူများအဖို့ စိတ်နှလုံး အေးချမ်းလာသလို ခံစားရလေ၏။

"မြတ်စွာဘုရားသည် ဘဝအယဉ်ကို ကူးမြောင်းပြီး၍ လောက၏ အဆုံးသို့ ရောက်လျက် လောကကို သိသော၊ လွှမ်းမိုးနိုင်သော ပုဂ္ဂိုလ်သည် အကယ်၍ ဖြစ်အံ့။ ဤသို့ ဖြစ်သည်ရှိသော် ဤမှန်ကန်သော သစ္စာစကားကို ဆိုခြင်းကြောင့် သတ္တဝါအားလုံးတို့သည် ဘေးအန္တရာယ်အပေါင်းတို့မှ ကင်းဝေးလွတ်မြောက်နိုင်ကြပါစေကုန်သတည်း။

ဒါနဲ့ ဆက်သွားကြတာ နောက်ထပ် မြစ်ကြီးတစ်စင်းတွေ့ ပြန်ရော။ ဒီအခါကျတော့ တရားတော်တွေရဲ့ ဂုဏ်ကျေးဇူးတွေကို အာရုံပြုပြီး ဒီဂါထာလေးကို ရွတ်ဆိုကာ မြစ်ကို ဖြတ်ကူးကြပြသတဲ့။ တစ်ခါတည်း ပါဠိရော အနက်ပါ ရွတ်ပြမယ်"

ဟု ဆိုကာ ဒုတိယအပိုဒ် ဂါထာကို ရွတ်ပြလေတော့၏။

**ယဒိ သောတံ သဒ္ဓေါ**
**တဏ္ဏော လောကန္တဂူ ဝိဒူ။**
**ဧ တေန သစ္စ ဝဇ္ဇေန၊**
**အန္တရာ ယော ကာတုံ**
**သတ္တာ တေ ပေါတာ။**

"မဂ်သည် နိဗ္ဗာန်သို့ ရောက်ကြောင်းတရားဖြစ်၍ နိဗ္ဗာန်သည်လည်း ကေန်စင်စစ် ချမ်းသာသော တရားသည် အကယ်ဖြစ်အံ့၊ ဤသို့ ဖြစ်သည်ရှိသော် ဤမှန်ကန်သော သစ္စာစကားကို ဆိုခြင်းကြောင့် သတ္တဝါအားလုံးတို့သည် ဘေးအန္တရာယ်အပေါင်းတို့မှ ကင်းဝေး လွတ်မြောက်နိုင်ကြပါစေကုန်သတည်း။

ဘုရားရှင်ဆီ ရောက်ခါနီးမှ နောက်ထပ် မြစ်တစ်စင်း ခံနေပြန်ရောဗျ။ ဒါနဲ့ မဟာကပ္ပိန မင်းကြီးနဲ့ အမတ်တစ်ထောင်ဟာ အရင်အတိုင်း သစ္စာဆိုပြန်တာပဲဗျ။ ဒီတစ်ခါကျတော့ သံဃာ့ဂုဏ်တော်တွေ ဖြစ်သွားပြန်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုကာ နောက်ဆုံးအပိုဒ်ကို ရွတ်ဆိုပြလေတော့၏။

စေတစ်လုံး မင်းအောင်၏ ပါဠိ ရွတ်ဆိုသောအသံသည် တကယ့်ကိုပင် စာတတ်ပေတတ် ရဟန်းသံဃာတစ်ပါး ရွတ်ဆိုပူဇော်နေသည့်အတိုင်းပင် ထင်ရလေသည်။

**သံယောဇေ တိဏ္ဏော ကန္တရော၊**
**ပုညက္ခေတ္တော အနုတ္တရော၊**
**ဧ တေန သစ္စ ဝဇ္ဇေန၊**
**အန္တရာ ယော ကာတုံ**
**သတ္တာ တေဟောတု။**

သံဃာတော်သည် သံသရာခရီးကို ကူးမြောက်ပြီးဖြစ်၍ အတုမရှိသော ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် အကယ်၍ဖြစ်အံ့။ ဤကဲ့သို့ ဖြစ်သည်ရှိသော် ဤမှန်ကန်သော သစ္စာစကားကို ဆိုခြင်းကြောင့် သတ္တဝါအားလုံးတို့သည် ဘေးအန္တရာယ် အပေါင်းတို့မှ ကင်းဝေး လွတ်မြောက်နိုင်ကြပါစေကုန်သတည်း။

"ဒီလိုနဲ့ မဟာကပ္ပိန မင်းကြီးတို့ဟာ ဘုရားရှင်ဆီ ရောက်သွားတာပေါ့ဗျာ။ သူတို့နောက်က လိုက်လာတဲ့ မိဖုရားတွေလည်း မြစ်တွေကို ဒီသစ္စာဂါထာလေးတွေ ဆိုပြီး ဖြတ်လာကြတာပဲဗျ။ ရတနာမြတ်သုံးပါးအပေါ် ယုံကြည်ကိုးစားမှုကနေ ဖြစ်ပေါ်လာတဲ့ သစ္စာဂါထာတော်တော်။ အလွန်အစွမ်းထက်မှာ သေချာတာပေါ့။ ဒီခရီးသွား သစ္စာဂါထာလေးကို ယုံယုံကြည်ကြည်နဲ့သာ ကျက်ထားဗျာ"

ဟု သင်ပေးလေတော့၏။

(၅)

ဂါထာသင်ပေးပြီး တစ်ပတ်ခန့်အကြာတွင် ကျွန်ုပ်သည် စေတစ်လုံး မင်းအောင်နှင့်အတူ ရန်ကုန်-ပြည် ကားလမ်းပေါ်ရှိ ဥက္ကံဆိုသည့် မြို့လေးသို့ ဘောက်(စ်)ဝက်ဂွန်ကားလေးနှင့် ထွက်လာခဲ့တော့၏။ ရာသီဥတုမှာလည်း မိုးများနေသဖြင့် ကျွန်ုပ်မှာ ကားကို သတိထား မောင်းနေရလေသည်။ ဤရက်များတွင် နေ့စဉ် မိုးကောင်းနေသဖြင့် သွားရလာရသည်မှာ အတော့်ကို ကသိကအောက်နိုင်လှပါသည်။ လမ်းတွင် စေတစ်လုံး မင်းအောင်က ကျွန်ုပ်အား...

"ကိုဝိန်ဝင်းရေ... ဒီည ကျွဲဘုတ်ရွာကို အရောက်သွားမှဖြစ်မယ်။ ကိစ္စအရမ်းအရေးကြီးနေတယ်။ ဆယ်ရွာအုပ် သူကြီးမင်း ဦးထွန်းအုန်းဆီက ပစ္စည်းတစ်ခု သွားယူရမယ်။ နောက်နေ့ဆိုရင် ကျုပ်ရဲ့ ပြိုင်ဘက်တွေ ရောက်လာနိုင်တယ်"

ဟု ဆိုလေ၏။ ကျွန်ုပ်တို့ ဥက္ကံမြို့လေးသို့ ရောက်ချိန်တွင် မိုးစုန်းစုန်း ချုပ်နေပြီဖြစ်ပြီး မိုးမှာလည်း ပို၍သည်း လာလေတော့၏။ ထိုအခါ စေတစ်လုံး မင်းအောင်သည် ကားကို သူကိုယ်တိုင် မောင်းမည်ဟု ဆိုကာ ကျွန်ုပ်နှင့် နေရာချင်း ပြောင်းလိုက်လေတော့သည်။ ကျွဲဘုတ်ရွာလေးသည် ဥက္ကံမြို့၏ အရှေ့ဘက် ၅မိုင်ခန့်အကွာတွင် ရှိပြီး ရှေးဟောင်း ယဉ်ကျေးမှုတစ်ခုဖြစ်သော တဘူးမြို့ဟောင်းကြီး၏ ဘေးတွင် ရှိနေသော ရွာလေးဖြစ်သည်။ ဥက္ကံမြို့၏ အရှေ့ဘက်တွင် အလယ်ရိုးမကို အခြေခံလာသော တောင်ကျချောင်းလေးတစ်ခုရှိလေသည်။ ထိုချောင်းကို ဖြတ်ရန်အတွက် သစ်သားတံတား တစ်စင်းဆောက်ထားပေးလေ၏။ ကျွန်ုပ်တို့ မြို့ပြင်ထွက်လာချိန်တွင် လမ်းမှ လူအများက...

"ဘယ်သွားကြမလို့လဲ"

"ကျွဲဘုတ်ဘက် သွားမလို့လား၊ မသွားနဲ့တော့၊ တံတားအခြေအနေ မကောင်းဘူး"

"ဟုတ်တယ်။ ရေလာနေတယ်။ (တောင်ကျရေများ လာနေခြင်းကို ဆိုလိုသည်) ချောင်းအပြည့်ပဲ။ ရေက အတင်းဆောင့်တိုးနေတော့ တံတားလည်း ခံနိုင်တော့မယ် မထင်ဘူး။ တော်ကြာ ကားရော လူတွေပါ အန္တရာယ်ဖြစ်နေဦးမယ်"

စသည်ဖြင့် သတိပေး တားမြစ်ကြလေသည်။ ထိုအခါ စေတစ်လုံး မင်းအောင်သည် "ကျေးဇူးတင်ပါတယ်" ဟု ပြော၍ ရှေ့သို့သာ ခရီးဆက်လေတော့၏။

ထိုအချိန်တွင် မိုးကလည်း သဲကြီးမဲကြီးရွာနေ၍ မိုးကြိုးလျှပ်စီးများလည်း ဝုန်းခနဲ ဂျိမ်းခနဲမြည်အောင် ထစ်ချုန်းနေလေတော့၏။ ထို့နောက် စေတစ်လုံး မင်းအောင်သည် ကျွန်ုပ်အား မလိုက်လိုက မလိုက်နိုင်ကြောင်း ပြောလေ၏။ ကျွန်ုပ်သည် စေတစ်လုံး မင်းအောင်နှင့် အတူသာ သွားရပါက ရေပြည်အထိပင် သွားရဲကြောင်း ပြောလေရာ သူသည် ကျွန်ုပ်ဘက်သို့ လှည့်လိုက်ပြီး...

"ခင်ဗျားလည်း ကားမောင်းလာရတာ ပင်ပန်းနေပြီ။ အိပ်လိုက်တော့လေ"

ဟု ပြောလိုက်သည့် တစ်ခဏမှာပင် ကျွန်ုပ်သည် အလွန်အမင်း အိပ်ချင်လာလေတော့၏။ ထို့နောက်တွင် ကျွန်ုပ်သည် အိပ်ပျော်သွားလေတော့၏။

နောင်အခါတွင် ကျွန်ုပ်သည် စိတ်ပညာစာအုပ်များကို ဖတ်ရှုလေ့လာဖြစ်သောအခါတွင် ထိုအချိန်က စေတစ်လုံး မင်းအောင်သည် ကျွန်ုပ်အား စိတ်ညှို့ အိပ်မွေ့ချလိုက်သည် ဖြစ်ကြောင်း သိရလေတော့သည်။

စိတ်ညှို့ အိပ်မွေ့ချခြင်းသည်



www.burmeseclassic.com

www.burmeseclassic.com

အဆင့်ဆင့် လေ့ကျင့်လာရသည်မှန်သော်လည်း စေတစ်လုံး မင်းအောင်ကဲ့သို့ ဝါရင့် စိတ်ပညာရှင်ကြီးသည် အလိုရှိသောအချိန်၌ လူတစ်ဦးတစ်ယောက်သာမက၊ လူအများကိုပင် အိပ်ပျော်အောင် ညှို့နိုင်မည်မှာ မြေကြီးလက်ခတ်မလွဲနိုင်ပေ။

ဝုန်းခနဲ အသံကြီးတစ်ခုတွင် ကျွန်ုပ်သည် လန့်၍ နိုးသလိုဖြစ်လာလေရာ စေတစ်လုံး မင်းအောင်၏ လက်တစ်ဖက်သည် ကျွန်ုပ်၏ မျက်နှာရှေ့မှ ဝှေ့ယမ်း၍ "ပြန်အိပ်…ပြန်အိပ်" ဟု ပြောလေရာ ကျွန်ုပ်မှာ ပြန်၍အိပ်ပျော်သလိုဖြစ်သွားလေတော့၏။ ထိုအချိန်တွင် စိတ်ထဲ၌ နိုးတစ်ဝက် အိပ်မက်လိုလို၊ အမှန်တကယ်လိုလိုဖြင့်…

ချောင်းရေသည် တံတားနှင့် ဇလုတ်တိုက် ပြည့်နေရာမှ တံတားသည် ဝုန်းခနဲမြည်အောင် ကျိုးထွက်သွားလေတော့၏။ ထိုအခါ စေတစ်လုံး မင်းအောင်သည် ခရီးသွား သစ္စာဂါထာကို ဩန်ကရိုင်းကျနစွာဖြင့် ရွတ်ဆို ပူဇော်ကာ ကားကို တံတားကျိုးအပေါ်မှပင် ဖြတ်မောင်းလာလေတော့၏။ ကျွန်ုပ်တို့၏ ကားကလေးသည် တံတားပေါ်မှတစ်ဆင့် ရေပြင်တွင် ဖြတ်ကာ တစ်ဖက်ကမ်းသို့ မောင်း၍လာနေလေတော့သည်ဟု မြင်နေ ကြားနေသယောင် ထင်မှတ်နေလေတော့၏။

ထို့နောက်တွင် ကျွန်ုပ်သည် လုံးဝအိပ်ပျော်သွားခဲ့လေရာ စေတစ်လုံး မင်းအောင်သည် ပခုံးကို လှုပ်၍ နှိုးတော့မှ အိပ်ရာက နိုးသကဲ့သို့ သတိပြန်လည်ရရှိလာလေတော့၏။

"ထ…ထ…ကိုစိန်ဝင်း၊ ရှမ်းတောရွာရောက်နေပြီ။ အပေါ့အပါးလေးဘာလေး စွန့်ရအောင်၊ နောက်ပြီး ညစာစားကြမယ်။ ကွဲဘုတ်ကို ရောက်ဖို့ သိပ်မလိုတော့ဘူး။ ရောက်တော့မယ်။ ဒါကြောင့် ဒီရွာထဲက ကျုပ်အသိ မနန်းသူဇာအောင်တို့အိမ်မှာ နားရအောင်"

ဟု ပြောလေတော့၏။

ရွာထဲမှ လူအများသည် မိုးမှောင်ကျနေ၍ ရာသီဥတုဆိုးဝါးနေချိန်တွင် မော်တော်ကားတစ်စီးနှင့် ရောက်လာသော ကျွန်ုပ်တို့အား အထူးအဆန်းသဖွယ် လာရောက်၍ ကြည့်ကြလေတော့၏။ ပြီးသောအခါ တစ်ယောက်တစ်ပေါက်ဖြင့်…

"တံတားက ကျိုးသွားပြီလို့ ပြောတယ်။ ဘယ်လိုများ ဖြတ်လာကြလဲ မသိဘူး"

"ရေပေါ်ကများ မောင်းလာတာလား မသိဘူး။ ဟိုလူကြီးကြည့်ရတာ တစ်မျိုးကြီးပဲ။ တန်ခိုးသိဒ္ဓိတစ်ခုခုရထားသလိုပဲ"

ဟု စသည်ဖြင့် ပြောဆိုကြလေသည်။

အိမ်ရှင် မနန်းသူဇာအောင်တို့ကလည်း စေတစ်လုံး မင်းအောင်အား အကျိုးအကြောင်းမေးလေရာ စေတစ်လုံး မင်းအောင်သည် ပြုံးလျက်ပင် မသွားမဖြစ် သွားရမည့်ကိစ္စရှိနေ၍သာ အန္တရာယ်များလှသော တံတားပေါ်မှ အရဲစွန့်၍ ဖြတ်မောင်းလာခဲ့ခြင်းဖြစ်ကြောင်း၊ မော်တော်ကား ဒီဘက်ရောက်မှသာ တံတားကျိုးသွားခြင်းဖြစ်၍ အလွန်ကံကောင်းသွားကြောင်း ရှင်းပြလေတော့၏။

ထိုအခါ ကျွန်ုပ်သည် စေတစ်လုံး မင်းအောင်အား…

"ချောင်းကို ကူးနေစဉ် ခရီးသွား သစ္စာဂါထာကို ရွတ်ပါသလား"

ဟု မေးလေရာ သူက ရွတ်ကြောင်း ဖြေလေ၏။ ဤမှာပင် ကျွန်ုပ်၏ စိတ်ထဲ၌ ကျွန်ုပ်အိပ်နေစဉ် ဝုန်းခနဲ ကြားလိုက်ရသော အသံကြီးသည် တံတားကျိုးသွားသည့် အသံကြီးပင်ဖြစ်ပြီး၊ ယင်းတံတားအကျိုးပေါ်မှ ဆရာကြီး စေတစ်လုံး မင်းအောင်သည် အမှန်ပင် ဖြတ်မောင်း၍ ရေပေါ် ကားမောင်းလာသည့်ကိစ္စကို လျှို့ဝှက်လိုသဖြင့် စကားကို ဖော်၍ ပြောလေသည်ဟုသာ ထင်မှတ်မိလေသည်။

နောက်ဆုံး ထိုကိစ္စကို ကြိတ်မနိုင် ခဲမရဖြစ်လာ၍ အိပ်မက်လိုလို၊ တကယ်လိုလို မြင်မိ ကြားမိသည့် အကြောင်းကို ဖွင့်ပြောမိလေရာ စေတစ်လုံး မင်းအောင်သည် ကျွန်ုပ်အား သေချာစွာ စိုက်ကြည့်ပြီး…

"ခင်ဗျားက ကျုပ်ကို မဟာကပ္ပိနမင်းကြီးတို့လိုများ ထင်နေလို့လား။ ဟိုက ပါရမီရှင်ကြီးတွေ။ ကျုပ်က ဘာမှ မဟုတ်သေးဘူး။ နောက်ပြီး အဲဒီလောက်ကြီးလည်း ကျုပ် မစွမ်းပါဘူးဗျာ။ ကိုယ့်ဆရာသမားကို အဲဒီလောက် မမြှောက်ပါနဲ့"

ဟု ဆိုကာ ပြုံးနေလေတော့၏။

ဤသည်မှာပင် ကျွန်ုပ်၏ ဘဝတစ်သက်တာတွင် ဆရာကြီး စေတစ်လုံး မင်းအောင်နှင့် ပတ်သက်၍ မမေ့နိုင်သော အမှတ်တရ ဖြစ်ရပ်တစ်ခု ဖြစ်နေတာ ယနေ့တိုင် ဝေခွဲမရသော ပုစ္ဆာတစ်ပုဒ်ဆိုရင်လည်း ဟုတ်၍နေပေတော့သည်ဟု အဘိုး ဦးစိန်ဝင်းမှ ကျွန်တော် မောင်လင်းသစ်အား ပြောပြလေတော့သတည်း။

* * *

မောင်လင်းသစ်

ကျမ်းကိုး

- ထေရုပ္ပဒါန်ပါဠိတော် မြန်မာပြန်(ဒုတိယတွဲ) မဟာကပ္ပိနထေရ အပဒါန် (စာမျက်နှာ ၁၁၅)။



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ - မေလအတွက် ကံကောင်းစေမည့် အကြံပြု စာမျက်နှာ

ဓေတ္တရာ ဆရာကျော်

ဒီစာမျက်နှာဟာ သင့်အတွက် ကံကောင်းစေမည့် အကြံပြု စာမျက်နှာဖြစ်ပါတယ်။ ပင်လယ်ပြင်မှာ မှန်တိုင်းထတဲ့အခါ သံလိုက်အိမ်မြှောင်က တောင်-မြောက် လမ်းညွှန်ပြပေးသလို၊ သင့်ဘဝကံအတွက် အထောက်အကူပြုပါလိမ့်မယ်။

"ကိုယ် ဘယ်နေရာရောက်နေနေ မြောက်အရပ် ဘယ်မှာရှိတယ်ဆိုတာကို သိမှ လမ်းမပျောက်မှာ ဖြစ်တယ်"

*(Stephen R.Covey)*

## ၂၀၁၃၊ မေလ စန်းပွင့်ရက်များ


| | |
|---|---|
| ၁၊ ၂၊ ၁၀၊ ၁၁၊ ၁၂၊ ၂၀၊ ၂၁၊ ၂၈၊ ၂၉၊ ၃၀ ရက်များ | တောင်အရပ် စန်းပွင့်သည်။ |
| ၃၊ ၄၊ ၁၃၊ ၁၄၊ ၂၂၊ ၂၃၊ ၃၁ ရက်များ | အနောက်အရပ် စန်းပွင့်သည်။ |
| ၅၊ ၆၊ ၇၊ ၁၅၊ ၁၆၊ ၁၇၊ ၂၄၊ ၂၅ ရက်များ | မြောက်အရပ် စန်းပွင့်သည်။ |
| ၈၊ ၉၊ ၁၈၊ ၁၉၊ ၂၆၊ ၂၇ ရက်များ | အရှေ့အရပ် စန်းပွင့်သည်။ |

အထက်ဖော်ပြပါ ဇယားကွက်အတွင်းရှိ ရက်များမှာ ဆိုင်ရာ စန်းပွင့်ရက်များကို ဖော်ပြထားခြင်း ဖြစ်သည်။ ဉာဏ်ရှိသလို အသုံးပြုနိုင်ပါသည်။ အရေးကြီးသော ကိစ္စရပ်များအတွက် နေ့အလိုက် ဆိုင်ရာ ထောင့်အရပ်ဘက်သို့ မျက်နှာမူ၍ ဆုတောင်းခြင်း၊ မေတ္တာသုတ်ရွတ်ခြင်း၊ ဂါထာ မန္တန်ရွတ်ဆိုခြင်း၊ ဖြေရှင်းရမှုများအတွက် စန်းပွင့်ရပ်ကို မျက်နှာမူ စကားပြော ဖြေရှင်းခြင်းများ လုပ်နိုင်ပါသည်။

ဥပမာ - ၂၀၁၃၊ မေလ ၉ရက်နေ့တွင် အရေးကြီးကိစ္စ စကားပြောရန် ရှိ၍ နေအိမ်မှ ထွက်ခွာရာတွင် အရပ်ကို မျက်နှာမူပြီး ပြောရမည့် ပုဂ္ဂိုလ်အား စိတ်အာရုံတွင် ပုံဖော်၍ မေတ္တာပို့ခြင်း၊ လိုသလို ပြောဆိုခြင်း ပြုရပါမည်။ ပြီးမှ ထိုအရပ်အတိုင်း ခြေလေးငါးလှမ်းမျှ အထွက်ပြုပြီးသော် လိုသောနေရာသို့ သွားရပါသည်။ အခက်အခဲများ စင်းလုံးချောသွားပါလိမ့်မည်။ ဉာဏ်ရှိသလိုလည်း ရွက်ဆောင်နိုင်ပါသည်။

"**စန်း**"သည် မိဿ၊ သိဟ်၊ ဓနုရာသီများတွင် ရှိပါက အရှေ့အရပ်စန်းပွင့်သည်။ မကာရ၊ ပြိဿ၊ ကန်ရာသီများတွင် ရှိပါက တောင်အရပ် စန်းပွင့်သည်။ တူ၊ ကုမ်၊ မေထုန်ရာသီများတွင် ရှိပါက အနောက်အရပ် စန်းပွင့်သည်။ ကရကဋ်၊ ဗြိစ္ဆာ၊ မိန်ရာသီများတွင် ရှိပါက မြောက်အရပ် စန်းပွင့်ပါသည်။ စန်းပွင့်အရပ်များကို မျက်နှာမူ၍ ကြံဆောင်ရပါမည်။

**<u>ထီကံ</u>**




သူဌေးလောင်းရွှေမည့် ကောဇာ ဇာတာဖြစ်ပါသည်။ (၁၊ ၂၊ ၃၊ ၅) ဂဏန်းများ အားကောင်းစွာ ပါလိမ့်မည်။ အဓိဋ္ဌာန် အာရုံ ဂဏန်း (၁၊ ၃)ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ရတနာအဆောင်

ဤလထဲမှာ "မြ"ကို အဆောင်ရတနာအဖြစ် ဆောင်နိုင်လျှင် ကောင်းပါသည်။ စိတ်နှလုံး ချမ်းမြေ့သော အကျိုးကို ရရှိမက၊ ဆန့်ကျင်ဘက် လိင်တို့နှင့် စပ်သော အကျိုးပေး ကောင်းပါမည်။ အဆိပ်အတောက်ပြေစေပါမည်။

## ငွေကြေးကံပွင့်လန်းရန်

ဤတစ်လလုံး မွေးနေ့မှစကာ "သုဂတော ဂါထာတော်မြတ်"ကို တစ်ရက်လျှင် (၁၀၈)လုံး ပုတီးတစ်ပတ်၊ "ဒီဝံတပတိ အာဒိစ္စော"အစချီ ဂါထာတော်မြတ်ကို ပုတီးတစ်ပတ်၊ "အရဟံ သိဒ္ဓိ" ပုတီးတစ်လုံးချ၍ ပုတီးတစ်ပတ်၊ ရက်မပျက် စိပ်ပါ။ မနက် ၅နာရီမှ စတင်၍ စိပ်ပါ။ ဘုရားရှင်အား လက်ဖက်ဆွမ်း ကပ်လှူပူဇော်ပါ။ အလင်းတိုင် ၅တိုင်၊ အမွှေးတိုင်နှင့် ပန်းများ သင့်သလို ပါရမည်။ ထို့နောက် တစ်ပတ်တစ်ခါ "ပုံသကူ"ပိုက်ဆံစွန့်ပါ။

## ပြေဆေးယတြာ

၇ရက်သားသမီးများအားလုံး တန်ခိုးကြီးဘုရား၏ မွေးနံထောင့်တွင် မနက်ပိုင်း သပြေပန်းများ ဝေဆာနေအောင် လှူ၍ "သမ္ဗုဒ္ဓေဂါထာတော်"ကို တတ်နိုင်သရွေ့ ရွတ်ပွားပါ။ အနည်းဆုံး ပုတီးတစ်ပတ်(၁၀၈)ခေါက်တော့ ရွတ်ပါ။ ပြီးသော် မိမိမွေးနံထောင့်တွင် သန့်ရှင်းရေးလုပ်ပါ။ ဂြိုဟ်တိုင်ကို ရေဖြင့် ပက်ပြီး "သနကျေပါစေ"ဟု နှုတ်မှ ၁၀ကြိမ်ပြောပါ။ သတ္တဝါအများကို မေတ္တာပို့ပါ။ ကမ္ဘာသူ ကမ္ဘာသားများ၊ မြန်မာနိုင်ငံတော်သားများ၊ မင်းအစိုးရများကို မေတ္တာပို့ပါ။ မိသားစုများ မေတ္တာတရား၊ စာနာမှုများဖြင့် နေမည်ဟူ၍ စိတ်ပိုင်းဖြတ်ထားပြီး လက်တွေ့ ကျင့်ဆောင်ပါ။ အိမ်ရှေ့ရှိ မြေကြီးကို ရေဖျန်းပေးပြီး မဟာပထဝီမြေကြီးနှင့် မြေကြီးပေါ်နေ သတ္တဝါအများ "အေးမြကြည်ရွှင် မေတ္တာဝင်၍ ကြည်လင်ချမ်းမြ သောရန်ပကြပါစေ"လို့ ဆုပန်ခြွေသလျက် စိုနေအောင် ပက်ဖျန်းပေးပါ။ (မိုးရွာခဲ့သော် မလိုအပ်ပါ။)

## အကြံပြု ယတြာ

၇ရက်သားသမီးများအားလုံး မည်သူမဆို တစ်လလုံးလုပ်ရမည့် ကုသိုလ်လည်း ဖြစ်၊ ယတြာသဘောလည်း သက်ရောက် သော အောက်ပါ ယတြာကို အကြံပြုပေးလိုက်ရကြောင်းပါ။

မေလအတွင်းရှိ (၁၊ ၂၊ ၁၀၊ ၁၁၊ ၁၂၊ ၂၀၊ ၂၁၊ ၂၈၊ ၂၉၊ ၃၀)ရက်များတွင် နေအိမ်ဘုရားကျောင်းဆောင်၌ ကောက်ညှင်းပေါင်း (သို့) ထမနဲ (သို့) မုန့်စိမ်းပေါင်းဆွမ်း ကပ်လှူပါ။ ထိုရက်များတွင် အဆောက်အအုံဆောက်လုပ်ခြင်း ဆိုင်ရာများ၊ လမ်းခင်းခြင်းများ၊ ဇရပ်၊ တန်ဆောင်းပြုပြင်ခြင်းများတွင် တတ်နိုင်သရွေ့ ငွေကြေးလှူဒါန်းပါ။

(၃၊ ၄၊ ၁၃၊ ၁၄၊ ၂၂၊ ၂၃၊ ၃၁)ရက်များတွင် ဘုရားရှင်အား ယပ်တောင်ဖြင့် ယပ်ခတ်(လေခတ်)ပေးခြင်း၊ စက္ကူ ယပ်တောင် လှူဒါန်းခြင်းများ ပြုပါ။ လိုအပ်သောနေရာ၌ ပန်ကာ၊ လေအေးပေးစက်၊ ယပ်တောင်များ လှူဒါန်းပါ။

(၅၊ ၆၊ ၇၊ ၁၅၊ ၁၆၊ ၁၇၊ ၂၄၊ ၂၅)ရက်များတွင် နေအိမ်က ဘုရားရှင်အား သောက်တော်ရေတစ်ကြိမ် ၅ခွက်၊ တစ်နေ့ ၃ကြိမ်မှ ၅ကြိမ်အထိ လှူဒါန်းကပ်လှူပါ။ ၇ရက်သားသမီးများတို့အား ရေသန့်ဘူး လှူပါ။ ဖျော်ရည်တိုက်ပါ။ တတ်နိုင်သရွေ့ လုပ်နိုင်ပါသည်။ လိုအပ်သောနေရာတွင် ဖျော်ရည်ဒါန၊ အအေးဒါန၊ ရေတွင်း ရေကန်တွင် လှူဒါန်းခြင်း၊ ရေစက်လှူခြင်း စသော အလှူများ ပြုလုပ်နိုင်ပါသည်။ ကျန်ရက်များတွင် နေအိမ်ရှိ ဘုရားအား အလင်းတိုင်ထွန်းညှိ ပူဇော်ပေးရပါမည်။ အလင်းတိုင်(ဖယောင်းတိုင်၊ ဆီမီး၊ လျှပ်စစ်မီးပွင့်၊ မီးချောင်း)များ လှူဒါန်းနိုင်သည်။ လိုအပ်သောနေရာ၌ ဖန်ချောင်း၊ မီးလုံး၊ မီးစက် လှူဒါန်းပေးနိုင်ပါသည်။

စိတ်မကြည်မလင် အမြဲဖြစ်နေသူများ၊ မိသားစုအတွင်း မကြာခဏ ပြဿနာပေါ်နေသူများ၊ အိပ်မက်ဆိုးများ မကြာခဏ လိုလို မက်နေသူများ၊ ကိုယ့်အား အမြဲတမ်း မကောင်းမြင်ခြင်းကို ခံနေရသူများ၊ ဘာလုပ်လုပ် ရည်ရွယ်ချက်ကင်းမဲ့သလို ခံစားနေရသူများ မည်သူမဆို ညအိပ်ရာဝင်ခါနီးတွင် ရေထည့်ထားသော ရေခွက်တစ်ခုအား ခုတင်အောက်တွင် ထားအိပ် ပါ။ (ခုတင်ဖြင့် မအိပ်သူများ လက်ဝဲဘက်ဘေးတွင် ထားအိပ်ပါ။) မနက်မိုးလင်းပါက သန့်ရှင်းသော နေရာတစ်နေရာ၌ "မကောင်းတာတွေ ပါသွားစေ"ဟုပြော၍ သွန်ပေးလိုက်ပါ။

* * *

ဓေဒ္ဒဘရာ ဆ[illegible]ကျော်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

■

သပြေကုန်းရွာကလေးမှာ တောင်ခြေရွာကလေးတစ်ရွာဖြစ်သည်။ ရွာသူရွာသားတို့မှာ တောင်သူလယ်လုပ်များဖြစ်ကြသည်။ ရွာထဲတွင် လယ်မြေလှည်းနွား ပြည့်ပြည့်စုံစုံရှိကြသူတို့က မိမိတို့ လယ်မြေတွင် မိုးအခါ စပါး၊ ဆောင်းအခါတွင် မတ်ပဲ၊ ပဲနောက်၊ ကုလားပဲ၊ စွန်တာနီပဲ၊ မြေပဲ၊ နေကြာတို့ ရာသီအလိုက် စိုက်ပျိုးကြကာ ဝမ်းစာစပါး အလုံအလောက်ရကြသည့်အပြင် အပိုအလျှံကိုပင် ရောင်းနိုင်ကြသဖြင့် လယ်လုပ်ငန်းမှ အပိုဝင်ငွေရရှိကြသည်။

ဆောင်းတွင် စိုက်ခဲ့သော ဆောင်းသီးနှံတို့က ဆောင်းနှောင်းပိုင်း နွေဦးအစတွင် သီးပွင့်ခဲ့ကြသဖြင့် စိုက်ခင်းထဲတွင် အသီးလိုက် ခြောက်သော ပဲနောက်၊ စွန်တာနီပဲတို့ကို အစွတ်ဟုတ်ဘား၍ မြေခွဲအိတ်များနှင့် ထည့်ယူလာကြကာ အိမ်ရောက်လျှင် တလင်းထဲ၌ ဖြန့်လှန်းကြရသည်။ နေခင်း နေပူပူတွင် ထိုပဲတောင့်များ ကြွပ်ရွလာကြသဖြင့် ခြေထောက်နှင့် လိုက်နင်း၍ ပဲတောင့်များကို ကွဲစေပြီး ပဲခွံများကို ဖယ်ရှားလိုက်ခြင်းဖြင့် ပဲနောက်များ ရရှိလာသည်။

မတ်ပဲ၊ စွန်တာနီပဲများကိုတော့ အပင်မှ ရိတ်ယူကာ လှည်းနှင့် တင်ယူပြီး တလင်းထဲ၌ နေလှန်းထားရသည်။ ခြောက်သွားသည့်အခါ ဒလိမ့်တုံးဖြင့် နွားတပ်ကာ ထိုပဲရွက်များပေါ်တွင် သုံးလေးခေါက်မောင်းခြင်းဖြင့် ပဲတောင့်အခွံများ ကွဲကြ၏။ ပြီးလျှင် ကျိုးကြေနေသော ပဲရွက် ပဲမှော်များကို လေ့စင်တင်၍ လေ့လိုက်လျှင် မတ်ပဲ၊ စွန်တာနီပဲများ ကျကာ ရရှိတော့၏။

နေကြာက အပင်မှ နေကြာပွင့်အရင့်များ ခုတ်ယူပြီး နေခြောက်လှန်းကာ အပွင့်မှ လက်နှင့် ခြွေချယူပြီး နေကြာစေ့များ ရရှိ၏။ နေကြာစေ့အခြောက် တစ်တင်းခွဲကြိတ်လျှင် နေကြာဆီတစ်ပုံးရရှိသည်။ မြေပဲကတော့ အပင်နုတ်၊ ဆွတ်ခြွေယူပြီး အခြောက်လှန်းကာ ဆီစက်တွင် သုံးတင်းခွဲကြိတ်လျှင် ဆီတစ်ပုံးရရှိလေသည်။ လယ်သမားများက စပါး၊ ဆောင်းသီးနှံများ စိုက်ခြင်းဖြင့် ဝမ်းစာဆန်၊ ဆီ၊ ပဲတို့ ရရှိသည့်အပြင် အပိုအလျှံကို ရောင်းခြင်းဖြင့် ဝင်ငွေရရှိကာ စားဝတ်နေရေး အဆင်ပြေကြသည်။

လယ်မြေ၊ ကျွဲနွား မရှိသည့် လက်မဲ့များကတော့ လယ်သမားတို့ ရမ်းသည့်အခါ ကန်သင်းပေါက်၊ ထယ်ထိုးလိုက်၊ ပျိုးနုတ်၊ ကောက်စိုက်၊ ပဲဆွတ်၊ ပဲနုတ်၊ ပဲကောက် လိုက်လုပ်ကြကာ လုပ်ခငွေကြေးများ ရရှိကြလေသည်။

“
မြို့ဈေးသို့သွားကာ
သားငါးရောင်းသော
ဈေးတန်းထဲဝင်ကာ ဝက်သား၊
အမဲသား၊ ကြက်သား၊ ငါးမျိုးစုံ
တချို့တို့ကို ဝယ်ခြမ်းကာ
တောင်းနှင့်ထည့်၍ရွက်လာခဲ့၏။
ထိုအသားငါးနှင့်
တွဲဖက်ချက်ပြုတ်ရသော အာလူး၊
ကြက်သွန်၊ နံနံပင်၊ မဆလာတို့ကိုပါ
ဝယ်ထည့်လာ၏။ သူမ၏ ရွာသို့
ရောက်လျှင် ရွာထဲသို့
ခေါင်းရွက်ဗျပ်ထိုးဖြင့်
လိုက်ရောင်းပေးလေသည်
”

ထိုရွာတွင် မအေးမိဆိုသူက မိသားစုများ၏။ ယောက်ျားဖြစ်သူက လယ်သမားတစ်ဦးအိမ်တွင် လူငှားဝင်လုပ်၏။ မအေးမိကတော့ ပဲကောက်၊ ပဲဆွတ်ချိန်၊ ပဲနုတ်ချိန်တွင် လိုက်လုပ်၏။ ကောက်စိုက်၊ ကောက်ရိတ်ချိန် ရောက်လျှင်လည်း လိုက်လုပ်လေသည်။ ထိုလုပ်ငန်းတွေ လုပ်ရန်မရှိသည့်အချိန်ရောက်လျှင် အိမ်တွင် အအားထိုင်မနေရှာပေ။ သူတို့ဘဝက လက်လှုပ်မှ ပါးစပ်လှုပ်နိုင်မည့်ဘဝဖြစ်၍ အလုပ်နှင့် လက် အပြတ်ထား၍ မဖြစ်ချေ။

ထိုသို့ လုပ်စရာအလုပ်မရှိတော့သည့်အခါ မြို့ဈေးသို့သွားကာ သားငါးရောင်းသော ဈေးတန်းထဲဝင်ကာ ဝက်သား၊ အမဲသား၊ ကြက်သား၊ ငါးမျိုးစုံ တချို့တို့ကို ဝယ်ခြမ်းကာ တောင်းနှင့်ထည့်၍ရွက်လာခဲ့၏။ ထိုအသားငါးနှင့် တွဲဖက် ချက်ပြုတ်ရသော အာလူး၊ ကြက်သွန်၊ နံနံပင်၊ မဆလာတို့ကိုပါ ဝယ်ထည့်လာ၏။ သူမ၏ ရွာသို့ ရောက်လျှင် ရွာထဲသို့ ခေါင်းရွက်ဗျပ်ထိုးဖြင့် လိုက်ရောင်းပေးလေသည်။ သူတို့ရွာတွေက မြို့နှင့် ဝေးသောရွာများ ဖြစ်ပေရာ ဈေးသို့ နေ့တိုင်း မသွားနိုင်ကြ၍ ဟင်းချက်စရာက ရှားလေသည်။ ထိုသို့ လိုက်ရောင်းသည့် အသည်လာမှသာ ခေါ်ဝယ်ကာ ချက်ပြုတ်စားသောက်နိုင်ကြသည်။ အသည်မလာလျှင် ငပိရေကျိုကာ အတို့အမြှုပ်များနှင့်သာ ထမင်းစားကြရသည်။ ဈေးသည် လာရောင်း၍ ဝယ်ချက်သည့် နေ့ရက်မျိုး၌ သူတို့ ဟင်းကောင်းနှင့် တူတူတန်တန်စားကြရလေသည်။ ထိုနေ့မျိုးတွင် ဆန်တို့



www.burmeseclassic.com

www.burmeseclassic.com

ခါတိုင်း ချက်နေကျထက် ပို၍ချက်ကြရသည်။ ဟင်းကောင်း၍ လူတိုင်းက စားကောင်းကြကာ ထမင်းထည့်မလောက်နိုင်အောင်ပင် ဖြစ်ရတော့သည်။

"ဟဲ့ . . . အေးမိရေ ငါ့အိမ်ကိုလည်း လာဦးဟေ့"

"ဒီနေ့ ဟင်းချက်စရာ ဘာသားတွေ ပါလဲဟဲ့"

"ကြက်သား၊ ဝက်သား၊ အမဲသားနဲ့ ငါးပါတယ်လေ"

"ညည်းငါးက အရိုးများတဲ့ ငါးတွေပဲ။ ငါ့ကလေးတွေနဲ့ မဖြစ်ပါဘူးဟယ်။ ဝက်သားပဲ ငါးဆယ်သားချိန်ပေးပါ"

မအေးမိမှာ ဟိုအိမ်က ခေါ်ဝယ်၊ သည်အိမ်က ခေါ်ဝယ်ကြခြင်းဖြင့် ရွာဆုံးလျှင် ထည့်လာသော သားငါးများ ကုန်သွားလေသည်။ တချို့ရက်များဆိုလျှင် ရွာတောင် မဆုံးလိုက်ရဘဲ ရွာလယ်မှာတင် ကုန်သွားခဲ့၍ လှည့်ပြန်ခဲ့ရသည်။

"ညည်း . . . မနေ့က ငါတို့ရွာ အနောက်ပိုင်းကို လာမရောင်းဘူးနော်"

"ဟုတ်တယ် အရီးလေးရဲ့။ ရွာလယ်မှာတင် ကုန်သွားလို့ လှည့်ပြန်သွားရတယ်လေ"

"ညည်းနှယ်ဟယ်‥လိုက်ရောင်းရသည့်အတူတူတော့ ရွာက ဝယ်လောက်အောင် များများဝယ်ပြီး ရွက်ခဲ့မှပေါ့ကွယ်"

"ညည်းအလုပ်ကမှ ဟုတ်နေသေးကွယ်။ အမြတ်အစွန်းလည်း ရတယ်။ အိမ်မှာလည်း ဟင်းချက်စရာအဆင်ပြေတယ်။ ငါတို့များ ညည်းအရွယ်လောက်သာဆိုရင် ရောင်းလိုက်ချင်ပါရဲ့။ အခုတော့ အသက်က ရလာပြီဆိုတော့ မလုပ်နိုင်လို့သာပဲ"



မအေးမိ ထိုသို့ ရွာစဉ်လှည့်ကာ နေ့တိုင်း ရောင်းကောင်းနေသလို ရွာသူတို့ကလည်း သူတို့အိမ်အတွက် ဟင်းချက်စရာ လွယ်လင့်တကူ ဝယ်ယူချက်ပြုတ်နိုင်ကြသဖြင့် ရောင်းချပေးသူရော၊ ဝယ်ယူချက်ပြုတ်သူတို့ပါ နှစ်ဦးနှစ်ဖက် အဆင်ပြေနေကြလေသည်။

"ဟဲ့ - အေးမိရဲ့ ညည်း ရွာထဲလိုက်ရောင်းနေတော့ ညည်းအတွက်ရော ကျန်ရဲ့လားဟဲ့"

"အို . . . အဒေါ်ရယ်၊ ကျွန်မက သယ်ပိုးခ စရိတ်စကတွေ ရှိနေတယ်လေ။ ဒီတော့ ဝယ်ဈေးထက်တော့ ဈေးနည်းနည်းတင်ရောင်းရတာပေါ့။ စားပြီးသောက်ပြီး ကျွန်မအတွက်လည်း အပင်ပန်းခံ ရောင်းရကျိုးနပ်ပါတယ်။ အိမ်မှာလည်း နေ့တိုင်း ချက်ပြုတ်စားရတယ်လေ။ ရောင်းရတဲ့ အမြတ်အစွန်းကလေးက နောက်တစ်နေ့အတွက် အရင်းပဲပေါ့။ ဒီလိုပဲ လှည့်ပတ်ပြီး ရောင်းချနေရတော့တာပါပဲ"

သို့သော်လည်း မအေးမိမှာ လူထဲက လူတစ်ယောက်ဖြစ်သည့်အလျောက် ထာဝရကျန်းမာနေသည်ဟူ၍ မရှိ။ တစ်ခါတစ်ရံ ပင်ပန်းပြီး နေမကောင်းဖြစ်သည့်အခါ ဈေးရောင်းမထွက်နိုင်ခဲ့ပေ။ ထိုနေ့မျိုးတွင် ရွာထဲက အိမ်ထောင်ရှင်မများမှာ လည်း တဆန့်ဆန့်နှင့် မျှော်ကြတော့၏။ ချက်ပြုတ်ချိန်ရောက်လို့ မလာတော့မှ ထိုနေ့တွင် လာမရောင်းနိုင်ကြောင်း သိကြကာ ငပိရည်ကျို၊ ပဲပြုတ်၊ ခြံထဲ ခြံတန်းများမှ အရွက်များ ခူးယူကာ ဟင်းချိုချက်၊ ချဉ်ရည်ဟင်းချက်ဖြင့် ဖြစ်သလိုချက်ပြုတ်ကြရတော့သည်။ နောက်တစ်ရက် နှစ်ရက်ကြာမှ ရောင်းလာတော့မှ မလာနိုင်သည့်ရက်တွေက နေမကောင်းဖြစ်၍ မလာနိုင်သည်ကို သိခဲ့ကြရတော့သည်။

◆◆◆

ကျေးလက်ဒေသများတွင် မြို့မှာလို ဈေးနှင့် မနီး။ ဈေးသို့ လွယ်လင့်တကူ နေ့စဉ် မသွားနိုင်ကြသဖြင့် ချက်ပြုတ်ကြရသည်မှာ အခက်တွေ့ကြရသည်။ မိုးအခါနှင့် ဆောင်းတွင်းပိုင်းတွင်မူ ဟင်းချက်စရာက ပေါသည်။ ရှာဖွေရရှိလာကြသူတွေ၊ တချို့က မရှာဖွေနိုင်သော်လည်း ရှာဖွေသူတို့မှ ပြန်ရောင်းပေးကြသဖြင့် ဝယ်ခြမ်းချက်ပြုတ်နိုင်၏။

မိုးဦးကျတွင် လယ်ကွင်းထဲ၌ ညဘက် ဖားထွက်ရိုက်ကြ၏။ တချို့က အိုင်တွေ၊ ချောင်းမြောင်းတွေထဲ ငါးလိုက်မှုားယူကြ၏။ တချို့ကတော့ မိုက်ကွန်ပစ်၍ ရှာဖွေကြ၏။

ဆောင်းတွင်းရောက်လျှင် လယ်ကွက်တွေထဲ ကြွက်ထောင်ကြသည်။ ဗူးသီး၊ ဗူးညွန့်၊ ဗုံလုံသီး၊ ဖရုံသီး၊ ပဲသီးစသည့် သီးနှံမျိုးစုံများ စိုက်ပျိုးထားကြသဖြင့် ခွတ်ခူးကာ အမျိုးမျိုးချက်ပြုတ်နိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

နွေအခါတွင်တော့ ထိုသို့လည်း မရှာနိုင်တော့။ အသီးအရွက်တွေလည်း ရှားကုန်သဖြင့် ရွာထဲသို့ ခေါင်းရွက်ဗျပ်ထိုး‌ရောင်းလာကြသူတို့ကိုသာ အားထားကြရလေသည်။

"ဟဲ့ - အေးမိရဲ့ နက်ဖြန်မှာ ငါ့အိမ်အတွက် အမဲသားနှစ်ပိဿာချန်ပြီး ယူလာခဲ့ပါကွယ်။ မြို့က ဧည့်သည်တွေ လာလည်ရင် ချက်ကျွေးနိုင်အောင်လို့ပါကွယ်"

"ဟုတ်ကဲ့ အရီးလေး။ ကျွန်မ သေသေချာချာပါအောင် ယူလာခဲ့ပေးပါ့မယ်"

မအေးမိလည်း နေ့စဉ် စောစောထကာ မြို့ဈေးသို့ သွားရ၏။ ဈေးရောက်၍ သားငါးတန်းတွင် ဟင်းချက်စရာမျိုးစုံကို ဝယ်ထည့်ကာ ရွာသို့ အမြန်ပြန်ခဲ့ရ၏။ ရွာပြန်ရောက်သည်နှင့် အိမ်အတွက် ချက်ပြုတ်ရန် ချန်ပေးခဲ့ပြီး ဈေးတောင်းရွက်ကာ ရွာထဲသို့ ထွက်ရောင်းရတော့သည်။ ချက်ပြုတ်ချိန်အမီ လိုက်ရောင်းပေးရသဖြင့် မကုန်မချင်း တစ်အိမ်ဝင်တစ်အိမ်ထွက်နှင့်သာ လိုက်ရောင်းနေရသည်။

"အင်း...ဟိုတောင်ဘက်ရွာက အရီးလေး မှာထားတဲ့ အမဲသား နှစ်ပိဿာပဲ ကျန်တော့တယ်။ ဟိုရွာကို ခပ်သွက်သွက်သွားရောင်းပေးမှပဲ။ တော်ကြာ ညနေစာချက်မမီလို့ ဧည့်သည်တွေအတွက် အခက်တွေ့နေလိမ့်မယ်"

မအေးမိမှာ ဈေးတောင်းရွက်ကာ ဟိုတောင်ဘက်ရွာသို့ လာခဲ့၏။ ညနေစောင်းအချိန်ဖြစ်၍ ပြန်လာရဦးမှာနှင့် ခပ်သွက်သွက် လျှောက်လာခဲ့သည်။ မကြာမီ ရွာအဝင် တောတန်းတစ်ခုကို ဖြတ်လျှောက်လာ၏။ ထိုတောတန်းရှိ ညောင်ပင်၊ သရက်ပင်တို့အောက်မှ ဖြတ်သန်းလာနေရသည်။

"ဟင်...ငါ့ခေါင်းပေါ် ရွက်လာတဲ့ ဈေးတောင်းက ပေါ့ရှတ်ပြီး အောက်ကို မှောက်ကျတော့မလို့ပါလား။ ကံသီပေလို့၊ အောက်က ဖုန်တွေထဲသာ ကျလို့ကတော့ အမဲသားတွေအားလုံး ပေကျံကုန်တော့မှာပဲ"

အေးမိ တောင်းကို ပြင်၍ ရွက်ကာ သွက်သွက်ကလေး ဖြတ်လျှောက်လာခဲ့ရာ မှာထားသော အရီးလေးအိမ်သို့ ရောက်လာခဲ့လေသည်။

"တော်ပါသေးရဲ့ အေးမိရယ်၊ ငါ့နှယ် ညည်းလာမှ လာပါ့မလားလို့၊ မေ့များ မေ့သွားပြီလား ထင်နေတာကွယ့်"

"အို...အရီးလေးကလဲ၊ သေချာမှာထားတာ ကျွန်မ ဘယ်မေ့ပါ့မလဲ။ လမ်းမှာ တခြားပါလာတဲ့ သားငါးတွေ ရောင်းချပေးနေရသေးလို့ အခုမှ ရောက်လာခဲ့တာပါ"

"ကဲ-ကဲ...ချ...ချ၊ ငါမှာထားတဲ့ အမဲသားနှစ်ပိဿာ မြန်မြန်ခြင်ပေးကွယ်"

မအေးမိလည်း တောင်းကို ချ၍ အမဲသားနှစ်တွဲကို ခြင်ရန် ထုတ်လေသည်။

"ဟင်...အမဲသားတစ်တွဲမရှိတော့ပါလား"

"ဟဲ့...ညည်းပြောတော့ သေချာထည့်လာတယ်ဆို၊ လမ်းမှာများ သူများကို ရောင်းခဲ့လို့လားဟယ်"

"မရောင်းခဲ့ဘူး အရီးလေးရဲ့။ ကျွန်မ အသေအချာကို ထည့်လာခဲ့တာ။ ဒီတောင်ဘက်ရွာကို ကူးလာခါနီးမှာတောင် ရှိနေခဲ့သေးတာပဲ"

"ဟဲ့ - တောင်းထဲကတော့ အမဲသားက ခြေထောက်ပေါက်ပြီး ထွက်မသွားနိုင်ပါဘူးဟယ်။ ညည်း သေချာပြန်စဉ်းစားကြည့်ပါဦး"

"ဟာ...အရီးလေးရေ၊ ကျွန်မ သတိရပြီ။ ဟို ရွာဝင်ခါနီး တောတန်းအောက်က အလာမှာ တောင်းက ပေါ့သွားသလို ခံစားရပြီး တောင်းလည်း ခေါင်းပေါ်က မှောက်ကျမလိုဖြစ်သွားခဲ့တယ် အရီးလေးရဲ့"

"အင်း...ဟုတ်ပါပြီ။ အမဲသားတစ်တွဲပျောက်ပြီဆိုကတည်းက အဲဒီ တောတန်း ညောင်ပင်က အကောင် လက်ချက်ပဲဆိုတာ"

"အဲဒီညောင်ပင်မှာ အကောင်ရှိနေတာလား အရီးလေးရယ်"

"ရှိပြီလား အေးမိရယ်။ ဟိုတစ်ခါက ဝက်သားတွဲတွေ ရေနောက်ချိတ်ပြီး ထမ်းလာတဲ့ ဘတေလေ အဲဒီညောင်ပင်အောက်လည်း ရောက်ရော ထမ်းလာတဲ့ ထမ်းပိုးက ရေရှိက်သွားလို့ ဝက်သားတွဲတွေ စစ်ကြည့်တော့ နောက်က ချိတ်ဆွဲထမ်းလာတဲ့ ဝက်သားတွဲ တစ်တွဲလျော့နေတာ တွေ့ရလို့ အဲဒီအပင်မှာ သားစိမ်း ငါးစိမ်းကို ဒီလိုပဲ အပင်ပေါ်ကနေ ယူပြီးစားနေတာ သိရတယ်"

"ဩော်...ဒါဖြင့် ကျွန်မ အမဲသားတစ်တွဲပျောက်သွားခဲ့တာ အဲဒီ ညောင်ပင်က အကောင် အပင်ပေါ်မှ နှိုက်ယူစားလိုက်တာပေါ့နော်"

"သေချာတာပေါ့ကွယ်"

ထိုအခါမှပင် မအေးမိလည်း သူ့အမဲသားတစ်တွဲကို ညောင်ပင်မှ ပရလောကသားက ယူငင်စားသောက်ခဲ့ကြောင်း သိရှိရပြီး ကြောက်ရွံ့နေတော့သည်။

သူမ၏ ရွာသို့အပြန်တွင် အရီးလေးအိမ်မှ ဦးလေးကြီးကို ထိုတောတန်းကို လွန်အောင် လိုက်ပို့ခိုင်းပြီး သူမ ရွာသို့ သွက်သွက်လျှောက်ကာ ပြန်လာခဲ့လေတော့သည်။■

* * *

တင့်ဆွေး(ဧရာဝတီ)



www.burmeseclassic.com


www.burmeseclassic.com




ပုရောဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြ၏သား

# ဆရာဒေဝ A.G.T.I (Civil)

လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်




အမှတ် ၇၅၊ ဓမ္မစေတီလမ်း(တော်လှန်ရေးပန်းခြံရှေ့) *Sweet Centre* နှင့် ကပ်လျက်

မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၅၀၅၀၇၁၊

**E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com**

## ဟောစာတမ်းအရထီထိုး ၂၄၈ သိန်းဆုနှင့်တိုး

ဆရာရှင့်

၃-၁-၂၀၀၁

လွန်ခဲ့သောနှစ်(၂၀)ကျော်က ဆရာဒေဝထံတွင် ဟောစာတမ်းမေးခဲ့ရာ အသက်(၄၁)နှစ်တွင် ထီဆုကြီးပေါက်မည်။ ငွေတစ်လုံးတစ်စဲဝင်မည်ဟု ဟောကြားခဲ့ပါသည်။

ယခုအသက်(၄၁)နှစ်တွင် (၁၄၃)ကြိမ်မြောက် အောင်ဘာလေထီ ဖွင့်ပွဲတွင် ကံကော်လေးထီဆိုင်မှ (၃၄၈)သိန်း (၃၄)မွာ မင်္ဂလာစုံတွဲဆုကို ပေါက်ခဲ့ပါသည်။ ဤသို့ ဆရာဟောစာတမ်းသည် မှန်ကန်မှုရှိပါသည်။ ကျေးဇူးတင်ပါသည်။

(မြတ်မြတ်စိုး(ခ) မြမြစိုး)

အမှတ်(၃)၊ အနော်မာလမ်း၊ (၂၀)အနောက် ၂-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

## ဟောစာတမ်းအရထီထိုး ၃၂ သိန်းဆုနှင့်တိုး

ဆရာရှင့်

၂၁-၁၀-၉၃

ကျွန်မသည် (၉၂)ခု (၅)လပိုင်းတွင် ဟောစာတမ်းမေးခဲ့ရာ ထီပေါက်ကိန်းရှိသည်ဟု လအပိုင်းအခြားများဖြင့် ဟောကြားခဲ့ရာတွင် ထောင်ဆု၊ သောင်းဆု (၆)ကြိမ်၊ (၇)ကြိမ် ပေါက်ခဲ့ပြီး ဆရာသတ်မှတ်ဟောကြားပေးခဲ့သော (၁၉၉၃)ခု မေလ(၂၈)ရက်မှ ဩဂုတ်လ (၅)ရက်အတွင်း (၅၃)ကြိမ်မြောက်တွင် (စ-၇၅၆၃၄၅)နံပါတ်ဖြင့် မင်္ဂလာစုံတွဲ (၃၂)သိန်းဆုကြီး ပေါက်ခဲ့ပါသည်။

ဤသို့ ဆရာ့ဟောစာတမ်းက အတိအကျမှန်ကန်ပါသည်။

ဒေါ်စင်လှ

အောင်ချမ်းသာဆန်စက်၊ လမ်းချိုးရပ်၊ ဥက္ကံမြို့၊ ရန်ကုန်တိုင်း


www.burmeseclassic.com

www.burmeseclassic.com

(၁)

"ဆရာအုန်း"

"ဘာတုန်းဗျ ကိုဖိုးပိန်"

"ပြောစရာရှိလို့"

"ပြော"

"ကျွန်တော်တို့ရွာကို လိုက်မလား"

"ဘာရှိလို့လဲ"





www.burmeseclassic.com

www.burmeseclassic.com

"ဦးဘအေးစေတီရှိတယ်"

"ဦးဘအေးဆိုတဲ့ လူက တည်လှူ ပူဇော်တာလား"

"မဟုတ်ဘူး"

"မဟုတ်ဘဲ ဘာလို့ ဦးဘအေးစေတီဖြစ်နေတာလဲ"

"အဲဒါပြောချင်လို့ ခေါ်တာ"

"ခင်ဗျားဗျာ၊ အဲဒီအကြောင်းပြောမှများ ဒီမှာပြောလည်း ဖြစ်သားနဲ့"

"ရှာက ဦးဘအေးစေတီ ပြိုကျမြေခခဲ့တာ ကြာပြီ။ ဒါကို ပြန်လည်ပြုပြင်မွမ်းမံပြီး တည်လှူပူဇော်ကြမလို့။ ဆရာအုန်းလည်း ကိုယ်တိုင်လက်ရောက်ပါဝင်လှူဒါန်းခွင့်ရတော့ ကုသိုလ်ရအောင်၊ ဆရာအုန်းက ဗဟုသုတလိုက်စားတဲ့ လူဆိုတော့ ဗဟုသုတလည်း ရအောင် လိုက်ခဲ့ပါဗျာ"

စာရေးသူနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေများတွင် ဆရာအုန်းအမည်ရှိ ပုဂ္ဂိုလ်တစ်ဦးပါဝင်သည်။ အမည်ရင်းမှာ "ဦးအုန်း"ဖြစ်သော်လည်း တွဲဖက်အလယ်တန်းကျောင်း၌ ကျောင်းဆရာတာဝန်ထမ်းဆောင်ခဲ့ဖူးသောကြောင့် "ဆရာအုန်း"ဟု လူသိများနေခြင်းဖြစ်သည်။

ဆရာအုန်းက သူနှင့် မိတ်ဆွေရင်းချာဖြစ်သည့် ကိုဖိုးပိန်တို့ရွာသို့ လိုက်ပါသွားခဲ့ရာမှ မြင်ရကြားရ သိခဲ့ရသည်တို့ကို စာရေးသူအား ဤသို့ ရှင်းပြပါသည်။ ဆရာအုန်း၏ စကားမှာ စိတ်ဝင်စားစရာကောင်းပါ၏။

(၂)

ကိုဖိုးပိန်က သူတို့ရွာကို ရောက်တော့ လူကြီးတွေနဲ့ မိတ်ဆက်ပေးပါတယ်။

"ဒီပုဂ္ဂိုလ်က ကျွန်တော့်မိတ်ဆွေ ဆရာအုန်း၊ ဆရာအုန်းက အလှူဒါန်းမှုပြုတဲ့နေရာမှာ ဝါသနာပါပြီး ဗဟုသုတလိုက်စားတဲ့သူဖြစ်လို့ ကျွန်တော်ရွာကို ခေါ်လာတာပါ"

"ဆရာအုန်း… ဒီပုဂ္ဂိုလ်တွေက ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြခင်၊ ရွာမိရွာဖ ဦးအေးကျော်၊ ဦးဘအေးစေတီ ပြန်လည်မွမ်းမံပြုပြင် တည်လှူပူဇော်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်သောင်း၊ အတွင်းရေးမှူး ဦးခင်မောင်ကြိုင်၊ ဘဏ္ဍာရေးမှူး ဦးပေါက်စနဲ့ စာရင်းစစ် ဦးချစ်ဖွယ်ဟိန်း"

'မျက်နှာစိမ်း၊ လူစိမ်းဖြစ်ပေမယ့် ကျွန်တော့်ကို အားလုံးက ညီရင်းအစ်ကိုလို၊ ဆရာသမားလို လေးစားကြလို့၊ ထမင်းဖိတ်ကျွေးကြလို့ အားတောင်နာခဲ့ရပါတယ်။

ကျွန်တော့်ကို သူတို့က ဦးဘအေးစေတီဆီ လိုက်ပို့ပါတယ်။ ဦးဘအေးစေတီက ရွာဦးကျောင်းနားမှာပါ။ ရွာဦး ဘုန်းတော်ကြီးကျောင်းက "အောင်မြေဝေယျ"။

ပြိုကျ မြေခနေတဲ့ အုတ်ခဲအကျိုးအပဲ့တွေ ရှင်းသူက ရှင်း၊ ယောက်ဖမရုပ်ထွေးပင်တွေနဲ့ ချုံပင်တွေကို ခုတ်ထွင်ဖယ်ရှားသူက ဖယ်ရှား၊ ယောကျ်ားတွေ၊ မိန်းမတွေ၊ လူကြီးလူငယ်လူလတ် ပျော်မဆုံးတဲ့ ပုံစံတွေ။ ချွေးတလုံးလုံးရှိနေကြပေမယ့် ဘာသာရေးမို့ ပျော်ရွှင်နေကြတဲ့ မြင်ကွင်းဟာ ရင်တွင်းမှာ ကြည်နူးစရာ ကောင်းလှပါတယ်။

သစ်ဆိမ့်ပင်ကြီးအောက်က ခုံတန်းလျားပေါ်မှာ ထိုင်မိတာနဲ့ ကျွန်တော်က မနေနိုင်တော့ဘူး။

"ကဲဗျာ… ကိုဖိုးပိန်၊ ခင်ဗျား ပြောမယ်ဆိုတဲ့ ဦးဘအေးစေတီအကြောင်း ပြောတော့ဗျာ"

အလောတကြီး ပြောတဲ့ ကျွန်တော့်စကားကြောင့် မိတ်ဆွေကြီး ကိုဖိုးပိန်က တဟားဟားရယ်ရင်း…

"ဟား…ဟား…ဟား… ပြောပါ့မယ် ဆရာအုန်းရဲ့ ပြောပါ့မယ်။ ပြောချင်လို့လည်း ဒီဦးဘအေးစေတီတော်ရဲ့ ခြေတော်ရင်းကို ခေါ်လာတာပေါ့။ ဒါပေမယ့် ပြောမှာကတော့ ကျွန်တော်မဟုတ်ဘူး။ ဦးဘအေးစေတီတော် တည်လှူပူဇော်ခဲ့ရတာကို ကိုယ်တွေ့ ပါဝင်ခဲ့တဲ့ ဟောဒီက ဦးလေးဦးစိန်သောင်းက ပြောပြပါလိမ့်မယ်"လို့ လည်း ဆိုလိုက်ရော ဦးဘအေးစေတီပြန်လည်မွမ်းမံပြုပြင် တည်လှူပူဇော်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်သောင်းက ရှည်ရှည်လျားလျား ရှင်းပြပါတယ်။ သူ့စကားကို နားထောင်ရတာ စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို နားထောင်ရသလိုပါပဲ။

(၃)

ကျွန်တော့်နာမည်ကို အရပ်ထဲက လူတွေသိတာက "စိန်သောင်း"။ ကျောင်းနေတုန်းက နာမည်ကလည်း "စိန်သောင်း"။ အိမ်မှာတော့ "မှတ်ကြီး"။ လည်ကုပ်မှာ အမှတ်ကြီးပါလာလို့ "မှတ်ကြီး"လို့ ခေါ်တာ။

အဖေက ဦးအောင်စိန်၊ အမေက ဒေါ်ပု၊ ကျွန်တော်တို့ မောင်နှမသုံးယောက်ရှိတယ်။ ကျွန်တော်က အလယ်၊ အကြီးနဲ့ အငယ်က မိန်းမတွေ။ မမနာမည်က မဟာသီ၊ ညီမက မကြာညို။

မကြာညိုက ကံဆိုးတယ်။ ငယ်ငယ်ကတည်းက ကျန်းမာရေးမကောင်းခဲ့ရှာဘူး။ အသက် ၁၀နှစ်ပဲ လူ့ပြည်မှာ နေခဲ့ရတယ်။

ကျွန်တော်ကတော့ ခုအချိန်အထိ လူပျိုကြီး။ မမကြီး မဟာသီက အသက်အစိတ်မှာ အိမ်ထောင်ကျတယ်။ သူ့ယောကျ်ားနာမည်က ဦးဘ



www.burmeseclassic.com

www.burmeseclassic.com

အေး။

အရင်က ကျွန်တော်တို့က တောင်တွင်းကြီးမှာ နေတာ။ မြို့ပေါ်မှာတော့ မဟုတ်ဘူး။ မြို့နယ်ထဲက ရွာတစ်ရွာမှာ။ ဗိသနိုးမြို့ပေါင်းနဲ့ သိပ်မဝေးဘူး။ ရန်ပယ်ချောင်းနဲ့ နီးတယ်။

အိမ်ထောင်ကျသွားတဲ့ မမ မဟာသီက သူ့ယောက်ျား ဦးဘအေးနဲ့ အတူ ဒီအောက်အရပ်ဒေသက ဒီရွာကလေးကို ရောက်လာကြတာ။ မမမှာ သားသုံးယောက် ထွန်းကားခဲ့တယ်။ အေးကို၊ အေးဝင်းနဲ့ အေးလွင်တဲ့။

အေးကိုနဲ့ အေးလွင်က အိမ်ထောင်ကျကြပေမယ့် မိဘတွေနဲ့ အတူထူ တစ်စီးပွားတည်း ရှာတယ်၊ စားတယ်၊ အတူတူနေတယ်။ အေးဝင်းကတော့ မနေဘူး။

ဘယ်နေမလဲ။ သူက ဘုန်းကြီးဖြစ်နေတာကိုး။ ဒီအောင်မြေဇေယျ ဘုန်းတော်ကြီးကျောင်းရဲ့ ကျောင်းထိုင်ဆရာတော် "ဦးဣန္ဒြိယ" ဆိုတာ အေးဝင်း။

ဆရာတော် ဦးဣန္ဒြိယက ဒီရွာနဲ့ အနီးပတ်ဝန်းကျင်က ရွာတွေဖြစ်တဲ့ ပုဇွန်အိုင်၊ ကြို့ပင်ကုန်း၊ ဆိတ်ဖူးနီ၊ ဆင်သေတောဆိုတဲ့ ရွာတွေကို ဆွမ်းဆန်ခံကြွရတယ်။ စာသင်သား သံဃာတော်တွေနဲ့ အာဂန္တုတွေအတွက် လိုအပ်တာတွေ အလှူခံထွက်ခဲ့ရတယ်။ ရှာဖွေခဲ့ရတယ်။

ဆိတ်ဖူးနီဆိုတဲ့ ရွာမှာ နေတဲ့ လူတွေက ဗုဒ္ဓဘာသာဝင်တွေချည်းပဲ မဟုတ်ဘူး။ တခြား ဘာသာဝင်တွေလည်း ရှိတယ်။ ဘာသာမတူပေမယ့် ရွာသူရွာသားအားလုံးကတော့ တစ်စိတ်ဝမ်း တစ်လက်ညီပါပဲ။

ဆရာတော် ဦးဣန္ဒြိယ ဦးဆောင်တဲ့ သံဃာတော်အရှင်သူမြတ်တွေက ဆွမ်းဆန်တော်အပါအဝင် လှူဖွယ်ဝတ္ထုပစ္စည်းတွေ အလှူခံဖို့ ကြွလာတိုင်း ဆိတ်ဖူးနီဘုန်းတော်ကြီးကျောင်းမှာ တည်းခိုလေ့ရှိတယ်။ ဆိတ်ဖူးနီကျောင်းဆရာတော် ဦးဝေပုလ္လကလည်း အစစအရာရာ အကူအညီပေးပါတယ်။

တစ်နှစ်မှာ ဆရာတော် ဦးဣန္ဒြိယတို့ ဆိတ်ဖူးနီရွာထဲ ဆွမ်းဆန်ခံကြွနေတုန်း ကလေးတစ်ယောက်က ဆရာတော့် သင်္ကန်းစကို လိုက်ဆွဲရင်း ပြောတယ်။

"တား・・・တား・・・"

စကားတောင် မပီသေးဘူး။ သားကို တားတဲ့။ ကလေးက ယောက်ျားလေး။ ဆရာတော်က မသိသလို သဘောထားပြီး ဟန်မပျက် ဆက်ဆွမ်းဆန်ခံထွက်ခဲ့ပါတယ်။

နောက်နှစ် ဆွမ်းဆန်ခံထွက်တော့လည်း အဲဒီလိုပဲ။ ကလေးက သင်္ကန်းစကို လိုက်ဆွဲတယ်။ ပါးစပ်ကလည်း တား၊ တားနဲ့။ ဒီတစ်ခါတော့ သင်္ကန်းစကို ဆွဲမိထားတယ်။

ဆရာတော်က မျက်လုံးရေကြည့်တော့ ကလေးအမေကို တွေ့တယ်။ လူကို မြင်တာနဲ့ ဒီမိန်းမ၊ ဒီဒကာမက ဗုဒ္ဓဘာသာဝင်မဟုတ်နိုင်ဘူး ဆိုတာ သိလိုက်တယ်။

ကလေးအမေက ကလေးကို လက်ဆွဲထားတယ်။ ကလေးလက်ထဲက သင်္ကန်းစလွတ်သွားလို့ ဆွမ်းဆန်ခံဆက်ထွက်တဲ့ ဆရာတော် ဦးဣန္ဒြိယရဲ့ စိတ်ထဲ အတွေးတစ်ခုဝင်ခဲ့တယ်။

"ဒီဒကာမက သူ့ကလေး စကားမပီကလာ ပီကလာကို တား၊ တားလို့ သင်ပေးပြီး သင်္ကန်းစကို ဆွဲခိုင်းတာများလား"

ဒီအတွေးကို ဘယ်သူမှ ဖွင့်မပြောခဲ့ပါဘူး။ ဒီလိုတွေးခဲ့မိတဲ့ အကြောင်းကို နောက်တော့မှ ကျွန်တော်တို့ကို ပြောပြခဲ့တာ။

တတိယနှစ်အရောက် ကလေးက တား・・・တားနဲ့ ပြောပြီး သင်္ကန်းစကို လိုက်ဆွဲတော့ ဆရာတော်က လမ်းဆက်မလျှောက်ဘဲ ရပ်လိုက်တယ်။ ဆရာတော် ရပ်လိုက်တော့ ကျန်တဲ့ ဆွမ်းခံ သံဃာတော်တွေလည်း ရပ်လိုက်ကြရတာပေါ့။

ကလေးက သင်္ကန်းစကို မလွှတ်ဘူး။ ပါးစပ်ကလည်း တား・・・တားနဲ့။ ကလေးဘေးနားမှာတော့ သူ့အမေ၊ သူ့အဖေက အလုပ်ခွင် ထဲဝင်နေချိန်ဖြစ်လို့ မတွေ့ခဲ့ရပါဘူး။

ဆရာတော်က အဲဒီ ဒကာမကို မေးတယ်။

"ဒကာမကြီးရဲ့ ကလေးလား"

"ဟုတ်ကဲ့"

အဲဒီအမျိုးသမီးက "မှန်ပါ့"တို့၊ "တင်ပါ့"တို့ မဖြေတတ်ဘူး။ ဘယ်ဖြေတတ်မလဲ။ သူက ဗုဒ္ဓဘာသာဝင်မှ မဟုတ်ဘဲ။

"ကလေးက သူ့ဘာသာသူ သင်္ကန်းကို လိုက်ဆွဲတာလား၊ ဒကာမကြီးက ဆွဲခိုင်းလို့ ဆွဲတာလား"

ဆရာတော်က ပွင့်ပွင့်လင်းလင်း မေးလို့ အဲဒီအမျိုးသမီးကလည်း မှန်မှန်ကန်ကန်ပဲ ဖြေခဲ့တယ်။

"သူ့ဘာသာသူ ဆွဲတာ"

"သား・・・ သားလို့ ခေါ်ခိုင်းတာကရော"

ကလေးက သင်္ကန်းစကို ဆွဲကိုင်ထားဆဲ။ အမေဖြစ်သူက ကလေးရဲ့ လက်ကို ဆွဲဖြုန့်တယ်။ ကလေးက အတင်းဆုပ်ထားတယ်။ အမေက ကလေးကို ရိုက်မယ်လုပ်တာနဲ့ ဆရာတော်က "မရိုက်ပါနဲ့"လို့ တားရင်း



www.burmeseclassic.com

www.burmeseclassic.com

ကလေးကို ကြည့်ပြီး မေးတယ်။

"ဘာလို့ ငါ့ကို သား၊ သားလို့ ခေါ်တာလဲ"

"မင်းက ငါ့တား၊ တား…တား"

"ငါ့မှာ အဖေနဲ့ အမေ ခုထိရှိနေတယ်"

"ရှိဘူး၊ အဖေမရှိဘူး၊ အဖေက နာ"

"ငါ့အဖေ မသေသေးဘူး"

"တေပီ၊ နာက အဖေ"

ဆရာတော်က သူ့အဖေရဲ့ နာမည် ဘယ်သူလဲလို့ မေးကြည့်တယ်"

"ငါ့အဖေနာမည် သိလို့လား"

"နာ… ဘအေး"

ကလေးက သူ့ကိုယ်သူ ဘအေးတဲ့။ ဦးဘအေးဆိုတာ ဆရာတော် ဦးကုဿိယရဲ့ ဖခမည်းတော်။ ကျွန်တော် "စိန်သောင်း"ဆိုတဲ့ "မှတ်ကြီး"ရဲ့ ယောက်ဖ။

ဆရာတော်က စဉ်းစားခဲ့တယ်ဆိုပဲ။ "ငါ့အဖေ ဦးဘအေး ဆိုတာနဲ့ အဖေသေခဲ့ပြီးပြီဆိုတာ ဒီ ဒကာမတို့ လေ့လာပြီး ကလေးကို စကားသင်ထားတာများလား"

ဒီစဉ်းစားတဲ့ အတွေးကိုလည်း ဆရာတော်က နောက်မှ ပြောပြတာပါ။

ဆရာတော်က နောက်ထပ် မမေးသေးခင် ကလေးက…

"နာတေတာ တားမောက်ရို"

ဟုတ်ပါတယ်။ ဦးဘအေးက ကုန်သည်၊ ကုန်ရောင်းသွားရင်း ကုန်ကားမှောက်လို့ သေခဲ့ရှာတာ။

ဒါကိုလည်း ဆရာတော့်စိတ်ထဲမှာ "ဒါလည်း လူကြီးတွေက စုံစမ်းပြီး ကလေးကို သင်ထားလို့ ပြောတတ်တာဖြစ်မှာပါ"လို့ ယူဆခဲ့ပါတယ်။

ကလေးက စကားဆက်တယ်။

"နာ့မိန်းမ ဟင်းတား၊ တား အေးတို့၊ အေးတွင်၊ နင် အေးတွင်း"

ကျွန်တော် သံသယဝင်လာတယ်။

"ဒီကလေးက ဦးဘအေး ဝင်စားတာများလား"

ဘာလို့ဆိုတော့ သူ့မိန်းမနာမည်က မဟာသီ၊ သားတွေက အေးကို၊ အေးလွင်၊ အေးဝင်းဆိုတာ သိတဲ့အပြင် ဆရာတော် ဦးကုဿိယရဲ့ လူနာမည်က အေးဝင်းဖြစ်တယ်ဆိုတာပါ သိနေလို့။

ဒါပေမယ့် ဆရာတော်က လူဝင်စားလို့ သူ့အဖေသေပြီး ဝင်စားတာလို့ မထင်ခဲ့ဘူးတဲ့။ ဦးဘအေး သေတော့ သူ့အသက်က ၁၀နှစ်။ အခု သူ့အသက်က ၃၀နှစ်။ အနှစ် ၂၀ လုံးလုံး ဘယ်ဘဝရောက်နေတာလဲ။ ဒီလို တိတိကျကျ မပြောနိုင်ဘဲ လုပ်ဇာတ် ဖန်တီးတာလို့ ထင်ခဲ့တာတဲ့။

အဲဒီနောက်မှာ ဆရာတော်က ဘာမှမမေး မပြောတော့ဘူး။ ခွမ်းဆန်ခံ ဆက်ကြွခဲ့တာပါပဲ။

နောက်တစ်လလောက်မှာ ဆရာတော်က တောင်တွင်းကြီးကို ရောက်လာတယ်။ ကျွန်တော်တို့ရွာကို ရောက်လာတယ်။ ကျွန်တော့်ကို လာခေါ်တာပါ။ ဘာမှကြိုတင် မပြောထားပါဘူး။

ပြောတာက သူတို့ဆီကို အလည်လိုက်ခဲ့ဖို့ ခေါ်တဲ့စကား။ ကျွန်တော်နဲ့ တခြား လူလေးယောက်လည်း ပါတယ်။

ဆရာတော့်ကျောင်းကို ရောက်ပြီး နောက်နေ့မှာပဲ ကျွန်တော်တို့ ဆိတ်ဖူးနီကို သွားခဲ့ကြတယ်။ ဆိတ်ဖူးနီ ဘုန်းတော်ကြီးကျောင်းမှာ ကျွန်တော်တို့ ရှိနေတုန်း ဆရာတော်က ကျောင်းသားလေးတွေနဲ့ ကပ္ပိယကြီးကို ခေါ်။ ကပ္ပိယကြီးက တစ်ဆင့် ကလေးနဲ့ ကလေးအမေကို ခေါ်ခိုင်းခဲ့တယ်။

ဒီတစ်ခါ လိုက်လာတဲ့အထဲမှာ သူ့အဖေလည်း ပါလာတယ်။

သူတို့ သားအဖသုံးယောက်က ဘုန်းကြီးကျောင်းပေါ် ရောက်ခဲ့ကြတယ်။ ဗုဒ္ဓဘာသာဝင်တွေ မဟုတ်လို့ လူကြီးတွေက ဘုရားမရှိခိုးဘူး။ ဆရာတော်ကို ဝတ်မဖြည့်ဘူး။ ကလေးကတော့ ရှိခိုးလိုက်တာ ဖင်ဘူးတောင်းကိုထောင်လို့။ သူ့အဖေနဲ့ အမေက ဆွဲဆွဲထူရတဲ့အထိ။

ကလေးရော၊ လူကြီးတွေရော၊ ဆရာတော်ရော ဘာမှမပြောကြသေးဘူး။ ကျွန်တော်နဲ့ လိုက်ပါလာတဲ့ လူလေးယောက်လည်း ဘာလုပ်ကြမလဲ၊ ဘာပြောကြမလဲဆိုတာ အကဲခတ်နေတုန်း ကလေးက ကျွန်တော့်ဆီ တန်းတန်းမတ်မတ်လာပြီး ကျွန်တော့်ခေါင်းကို ဖတ်ခနဲနေအောင် လက်နဲ့ ရိုက်ရင်း…

"မတ်ကြီး"တဲ့။

ပြောခဲ့သလို ကျွန်တော့်ကို စိန်သောင်းလို့ပဲ လူသိများတာ။ မှတ်ကြီးလို့မှ မသိကြတာ။

"နာ ဘအေး"တဲ့။

ကျွန်တော် မျက်ရည်တောင် ဝဲခဲ့မိတယ်။ ဒီကလေးက ကျွန်တော့်ယောက်ဖ ဦးဘအေး ဝင်စားတာ ဖြစ်နိုင်တယ်ပေါ့။ တော်ရုံလူဆို ကျွန်တော့်ကို ဘယ်သူက မှတ်ကြီးလို့ သိမှာလဲ။ ပြီးတော့ ကျွန်တော့်ခေါင်း၊ ကျွန်တော့်နဖူးကို လက်နဲ့ ရိုက်ရဲမှာလဲ။ ရိုက်ရဲတာက ဦးဘအေးတစ်ယောက်တည်း။

ကျွန်တော်က မေးတယ်။

"မင်းက ဦးဘအေး ဟုတ်ပါပြီတဲ့။ မင်းမိန်းမ၊ ငါ့မမ မဟာသီ ကျန်းမာရေးမကောင်းဘူး၊ မင်းထားခဲ့တဲ့ ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com

တွေ ရှာလို့ မတွေ့ကြဘူး။ ဘယ်မှာ ထားခဲ့လဲ”

ကလေးက ကျွန်တော့်ကို စူးစိုက်ကြည့်ပြီး . . .

“အုတ်ခုံဖြို”

အုတ်ခုံကို ဖြိုရမယ် ဆိုပါလား။ အုတ်ခုံဆိုတာက ရေချိုးကန်ဘေးက အုတ်ခုံ။ အဲဒီအုတ်ခုံကို ဦးဘအေး ကိုယ်တိုင်လုပ်ခဲ့တာ။ ဒီလူက ဟိုနည်းနည်း ဒီနည်းနည်းတတ်တယ်။

“ဘာပဲဖြစ်ဖြစ် အဲဒီအုတ်ခုံကို ဖြိုကြည့်သင့်တယ်”လို့ ကျွန်တော် ယူဆခဲ့တယ်။

ဦးဘအေးရှိတုန်းက ရှာဖွေ စုဆောင်းထားတဲ့ ရွှေထည်တွေ မနည်းဘူး။ ရုတ်တရက်ဆုံးသွားတော့ ဘယ်မှာ ထားတယ်ဆိုတာ မသိတော့ဘူး။ ဟိုနေရာမှာ ရှာ၊ ဒီနေရာမှာ ရှာနဲ့ နေရာတော်တော်များများရှာပြီးပေမယ့် မတွေ့သေးပါဘူး။

ဆရာတော်နဲ့ တိုင်ပင်ပြီး အုတ်ခုံကိုလည်း ဖြိုကြည့်လိုက်ရော အထဲမှာ သံဘူးနဲ့ ထည့်ထားတဲ့ ရွှေတွေ။ သံဘူးက နည်းနည်းတောင် ပေါက်ပြဲနေပြီ။ ဘိလပ်မြေစားလို့ ထင်ပါရဲ့။ သံပြားလည်း ပါးနေပြီ။

ဒီရွှေထည်တွေနဲ့ ဦးဘအေးစေတီကို တည်လှူပူဇော်တာ။ အောင်မြေဇေယျကျောင်းကလည်း သစ်ကျောင်းက တိုက်ကျောင်းကြီးဖြစ်ခဲ့ရတာ။

ဆရာတော်က ကလေးအတွက် ရည်စူးပြီး ကလေးရဲ့ မိဘတွေကို ရွှေငါးကျပ်သားတိတိ စေတနာသုံးတန်ပြတ်သားစွာ လှူဒါန်းခဲ့တာ။ ကျေးဇူးဆပ်ခဲ့တာ။

ကလေးကိုလည်း . . .

“မင်းက ငါ့အဖေသေလို့ ဝင်စားတယ်ဆိုတာ ငါယုံပါပြီ။ ဒါပေမယ့် ငါ့အဖေက ဗုဒ္ဓဘာသာ၊ အခု မင်းက ဘာလို့ တခြားဘာသာမှာ ပြန်ဝင်စားရတာလဲ”

ကလေးက မဖြေပါဘူး။

“ငါ့အဖေ သေခဲ့တာ အနှစ် ၂၀ ရှိပြီ၊ ခုမှ မင်းက လူဝင်စားကလေးလေးဖြစ်နေတာ၊ ကျန်တဲ့နှစ်တွေတုန်းက ဘာဖြစ်နေလဲ”

ကလေးက အဖြေမပေးပါဘူး။

နောက်ထပ် ကလေးကို ဘာမှ မေးလို့ မရတော့ပါဘူး။ ကလေးကလည်း ဘာမှ မပြောတော့ပါဘူး။ ဒါပေမယ် . . .

“ဒီရွှေထည်တွေကို ထုခွဲပြီး အဖေ့ကောင်းမှုအတွက် ရည်စူးပြီး “ဦးဘအေးစေတီ”ကို တည်လှူပူဇော်မယ်”ဆိုတော့ ခေါင်းတညိတ်ညိတ်နဲ့ တပြုံးပြုံးနဲ့။

အဲဒီလိုနဲ့ ဦးဘအေးစေတီဖြစ်လာခဲ့တာ။

## (၄)

ဦးစိန်သောင်း၏ စကားအဆုံးတွင် ကျွန်တော်က . . .

“ဦးဘအေးဘုရားတည်ဖို့ ဦးစိန်သောင်းက တောင်တွင်းကြီးက လိုက်လာရင်း ဒီမှာပဲ နေခဲ့တာလား”

“ဟုတ်ပါတယ်”

“ဘာလို့ ဦးဘအေးစေတီ ပြိုကျမြေခရတာလဲ”

“ခေတ်ပျက်တုန်းက ဆိုတဲ့စကားကို ဆရာအုန်း ကြားဖူးတယ်မဟုတ်လား၊ နယ်ချဲ့တွေ သွေးခွဲခဲ့လို့ တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲခဲ့ကြတဲ့ ကာလတုန်းက ဘယ်သူတွေရဲ့ လက်ချက်မှန်းတော့ မသိဘူး၊ ဦးဘအေးစေတီမှာ ရတနာတွေ ဌာပနာတယ် ထင်ပြီး လောဘနဲ့ ဖြိုယူကြတာကြောင့်ပေါ့ဗျာ”

“ဒီလို ပြိုကျ မြေခနေတာကို ကျွန်တော်တို့ စိတ်မချမ်းသာကြပေမယ့် မတတ်နိုင်ခဲ့ဘူး။ ခုမှ အဟောင်းတွေ၊ မကောင်းတဲ့ အုတ်ကျိုးအုတ်ပဲ့တွေဖယ်ပြီး အုတ်အသစ်တွေ အစားထိုးပြီး ပြန်လည်မွမ်းမံတည်လှူပူဇော်ဖို့ စီစဉ်နိုင်တာ၊ ဆရာအုန်းလည်း ဝမ်းမြောက် ဝမ်းသာစွာ လှူခဲ့ပါဦး”

“စိတ်ချပါဗျာ၊ ကျွန်တော်ကလည်း ဒီလိုလှူရခဲ့တဲ့ အလှူကို လှူဖို့စောင့်နေတာပါ”

## (၅)

ဆရာအုန်း၏ ပြောစကားကို နားထောင်ပြီး စာရေးသူက ကြိတင်သာဓုခေါ်ခဲ့ဖူးပါသည်။ နောက်တစ်ကြိမ် ကိုဖိုးပိန်၏ ဖိတ်ခေါ်မှုကြောင့် ဆရာအုန်းနှင့် ကျွန်တော်ရောက်သွားသောအခါ ဦးဘအေး စေတီတော်ကြီးမှာ မွမ်းမံပြုပြင် လှူဒါန်းပူဇော်ပြီး ဘုရားပွဲတော် ကျင်းပချိန်ဖြစ်ပါသည်။

ရွှေရောင်တဝင်းဝင်းဖြင့် ကြည်ညိုရှိသေဖွယ်ရာ ဦးဘအေးစေတီတော်၏ တွင်းပြင်ဝပ်စင်း ခြေတော်ရင်းရှိ ဘုရားဖူးများကို မြင်ရသည်မှာ ကြည်နူးစရာကောင်းလှန်းလှပါဘိ။

* * *

မင်းဘာစနော်စနောင်လင်း



www.burmeseclassic.com

www.burmeseclassic.com

# ဆရာကိုသီဟပြောတဲ့ အနာပဆုပ်

**သစ္စာဝါဒီ ဆရာ မြတ်စောလင်း**

ကျွန်ုပ်၏ ကျန်းမာရေးကိစ္စနှင့်ပတ်သက်၍ တောင်ဥက္ကလာပမြို့ ဧယျာ (၇)လမ်း၊ (၁၀)ရပ်ကွက်မှာ ရှိတဲ့ "ကျန်းမာပါစေ ဝီဝိတဒါန" ဆေးခန်းသို့ မကြာခဏ ရောက်ရ၏။ ထိုသို့ မကြာမကြာရောက်နေသောအခါ ဆရာ ကိုသီဟနှင့် ကျွန်ုပ်သည် ခင်မင်သိကျွမ်း ရင်းနှီးသော မိတ်ဆွေများဖြစ်ခဲ့ကြ၏။ ထို့ကြောင့် စာရေးခြင်းအကြောင်းကိုလည်း သိသွားခဲ့၏။ ကျွန်ုပ်လည်း တိုင်းရင်းဆေးပညာကို ဝါသနာပါသူဖြစ်ခြင်းကြောင့် ရောဂါဝေဒနာများနှင့် ပတ်သက်၍ လည်းကောင်း၊ ဆေးပင် ဆေးမြစ်တို့နှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးမိကြ၏။ ဒီနေ့တွင် ကိုသီဟနှင့် ကျွန်ုပ်တို့သည် အနာပဆုပ်ရောဂါအကြောင်းကို စကားစပ်မိကြ၏။ အနာပဆုပ်ရောဂါဝေဒနာနှင့် ပတ်သက်၍ ရောဂါဖြစ်ပုံလက္ခဏာ၊ ကုသပုံ ကုသနည်း၊ ထိုရောဂါအတွက် ဆေးနည်းတို့ကို ဆရာ ကိုသီဟသည် ကျွန်ုပ်မေးသမျှ လူနာများအား စစ်ဆေးရင်း၊ ဆေးကုရင်းမှ ရောဂါသည်အား တစ်လှည့်၊ ကျွန်ုပ်ကို တစ်လှည့် ပြောပြနေ၏။ ကျွန်ုပ်လည်း အချိန်ပေး၍ မှတ်ယူနေခဲ့မိ၏။ ကျွန်ုပ်၏ စာဖတ် ပရိသတ်များ ဤသို့သော ရောဂါဝေဒနာများ ခံစားနေရလျှင် ငွေများများတောင်းတတ်သော ဝိသမလောဘဆေးခန်းနှင့် ဆရာများထံသို့ မသွားဘဲ အလွယ်တကူ ငွေကုန်သက်သာ၍ ထိထိရောက်ရောက် ပျောက်ကင်းချမ်းသာမှု ရရှိအောင် စေတနာထား၍ မေးမြန်းမှတ်သားရ၏။ ဆရာကလည်း **စိတ်ရှည်** သဘောကောင်းစွာဖြင့် အောက်ပါအတိုင်း ဖြေကြားခဲ့ပေသည်။

**အနာပဆုပ်ဖြစ်ပုံ**

ဒီလိုဗျ ဆရာ မြတ်စောလင်းရေ။ အနာပဆုပ်ဆိုတာ ပထမ မိတ်ဖုငယ်လေးပဲ။ မိတ်ဖုငယ်လေးကနေ မိတ်ဖုကြီး ဖြစ်လာတာပဲ။ အဲဒီ မိတ်ဖုကြီးကနေ အရေပြား တင်းမာလာပြီး တဖြည်းဖြည်း မန်းဝင်လာတယ်။ အဲဒီလို မန်းတက်လာရာကနေ ပျားအုံကြီးလိုဖြစ်ပြီး ကြီးထွားလာတယ်။ အဲဒီ အနာပဆုပ်ဟာ ကျောကုန်းတစ်ခုလုံး ပတ်ဝန်းကျင်နှင့် စအိုဝန်းကျင်တွေမှာ ဖြစ်တတ်တယ်။ အဲဒါကို အနာစိမ်းနှင့် မှားပြီး ဆေးကုတတ်ကြတယ်။ အနာတခြား ဆေးတခြားဖြစ်ပြီး မပျောက်နိုင်ဘဲ ရောဂါကြာရှည်နေတတ်တယ်။ ရောဂါကြီးထွားလာပြီး ဆေးကုသ၍ မနိုင်ဘဲ အသက်အန္တရာယ်ထိခိုက်သည်အထိ ဖြစ်တတ်တယ် ဆရာမြတ်ရေ။



www.burmeseclassic.com

www.burmeseclassic.com

### ရောဂါလက္ခဏာ

အဲဒီလိုဖြစ်လာတဲ့အခါ တေဇော၊ ဝါယော၊ အာပေါ၊ ပထဝီဆိုတဲ့ ဓာတ်လေးပါး၊ အဲဒီ ဓာတ်ကြီးလေးပါး ချွတ်ယွင်းပြီး ကိုယ်ရေကိုယ်သား ပူခြင်း၊ ဆီးချုပ် ဝမ်းချုပ်ဖြစ်ခြင်း၊ တံတွေးခွဲခြင်း၊ အစားပျက်ခြင်း၊ ကိုက်ခဲနာကျင်ခြင်းတို့ ဖြစ်လာတော့တာပဲ။ အဲဒီလိုဖြစ်တာနဲ့ ငန်းမန်းဝင်ပြီး ဖျားတော့တာပဲ။ အကယ်၍ ဆီးချိုရောဂါရှိမယ်ဆိုရင် ဆီးချိုတက်လာတော့တာပေါ့။ အနာကလည်း ပွပြီး ထူလာမယ်၊ ထုံကျဉ်တာမျိုးတွေ ဖြစ်လာမယ်၊ အနံ့ဆိုးတွေလည်း ထွက်လာမယ်၊ အနာရဲ့ မျက်နှာပြင်လည်း မသန့်ရှင်းတော့ဘူး။ အနာရဲ့ နှတ်ခမ်း ပတ်ဝန်းကျင်တစ်ခုလုံး ထူပြီးတော့ မာနေလိမ့်မယ်။ ပြည်တွေ၊ သားငံရည်တွေ၊ မန်းရေတွေ တစိုစို ထွက်နေပြီး ရွံစရာကောင်းအောင် ဖြစ်နေမယ်။ ဒါတွေဟာ အနာရဲ့ လက္ခဏာတွေပဲ။

### ဆင်ခြင်ရမည့်အချက်

အနာပဆုပ်ရောဂါဟာ ပူသောဆေး၊ ပူစပ်သော အစာအာဟာရတွေနှင့် လုံးဝ မသင့်မြတ်တဲ့ ရောဂါပဲ။ ဒါကြောင့် ပူသောဆေး၊ ပူသောအစာကို မသုံးစွဲသင့်ဘူး။ ပူသော ရာသီဥတုမှာ အေးမြသော နေရာဌာနဌ် နေခြင်း၊ အေးမြနေအောင် စီမံဆောင်ရွက်ထားခြင်း ရှိနေရမယ်။ ဆရာဆီ မသွားခင်မှာ ကွမ်းရွက်ကို စင်ကြယ်သန့်ရှင်းအောင် ပြုလုပ်ပြီး အနာ့ပေါ်ကို ကပ်ထားရမယ်။ ကွမ်းရွက်က အေးတယ်၊ မန်းစုပ်တယ်။ ဒါကြောင့် ငန်းမန်းကျပြီး အနာသက်သာမှု ရမယ်။ ဖြစ်နိုင်ရင် နီးစပ်ရာ တိုင်းရင်းဆေးခန်းများကို သွားပြီး သမားတော်များနဲ့ ပြ၍ စစ်ဆေးကုသမှု ခံယူသင့်တယ်။ ရောဂါဟာ မကြီးထွားခင်မှာ ဆေးကုသမှု ပြုလုပ်ခြင်းက ပိုကောင်းတယ်။ ဒါ့ထက် ရောဂါတစ်ခုမဖြစ်ခင်က ရာသီအလိုက်၊ ဥတုအလိုက် မှီဝဲသင့်တဲ့ ဆေးနှင့် အစာအာဟာရတွေကို မှီဝဲ သုံးဆောင်သင့်တယ်။ ကြိုတင် ကာကွယ်မှုက ပိုပြီးကောင်းပါတယ်။ ရာသီဥတုနှင့် သင့်မြတ်အောင် နေထိုင်စားသောက်တတ်ဖို့က ပိုပြီးအရေးကြီးပါတယ် ဆရာမြတ်ရယ်။

### အနာပဆုပ်ဆေးနည်း

ကုလားပိန္နဲခေါက် တစ်ကျပ်သား၊ ကြက်ဟင်းခါးရွက် တင်ကျပ်သားတို့ကို ညက်အောင် ကြိတ်၍ နှမ်းကြီးဆီနှင့် မီးနွေးနွေးဖြင့် ကျက်အောင် ချက်။ ဆေးအနှစ်အရည်များ ဆီထဲသို့ ဝင်ရောက်လာပြီး ကျက်လောက်ပြီထင်လျှင် အအေးခံ၍ ငွမ်းနုနုဖြင့် ဆေးကို ဆွတ်ပြီး တစ်နေ့လျှင် သုံးကြိမ် အနာပေါ် ဖြည်းညင်းစွာ သုတ်လိမ်းပေးပါ။ တစ်နေ့ ငါးကြိမ်အထိ ပြုလုပ်နိုင်လျှင် ပိုကောင်း၏။

ဖန်သော၊ အေးသော အရသာရှိသည့် ဆေးခေါက် ဆေးရွက်တို့ကို အဖန်ရည်ကျို၍ လည်းကောင်း၊ လက်ဖက်ခြောက်ဖန်ခါးခါးကို လည်းကောင်း ဆားအနည်းငယ် ခတ်၍ ဖန်စိမ်ခြင်း၊ ဖန်ဆေးခြင်း ပြုလုပ်ပေးပါ။ အနံ့ဆိုးထွက်၍ ယင်အုံနေလျှင် အရက်ကောင်းကောင်း ဘီလပ်ရည်ပုလင်း တစ်လုံး၊ လက်ဖက်ခေါင်းပုပ် ငါးကျပ်သား၊ ပရုတ် တစ်ကျပ်သား၊ မှုင်သော် တစ်ပဲသားတို့ဖြင့် စပ်၍ ၎င်းဆေးရည်ဖြင့် ဆေးကြောပေးပါ။ အပုပ်နံ့ပျောက်၍ အနာပျောက်လွယ်၏။

### အနာပဆုပ်သောက်ဆေး

တိုင်းရင်းဆေး အမှတ်(၁၅)၊ အမှတ်(၁၆) ဆေးနှစ်မျိုးကို ရေနွေး၊ ရေကျက်အေးတို့ဖြင့် သောက်ပါ။ ညအိပ်ရာဝင် အမှတ်(၁၂)ဆေးကို သောက်ပါ။ ဖျားလျှင် အမှတ်(၆)ဆေးကို သောက်ပါ။ သိသိသာသာ ရက်တစ်ပတ်အတွင်းမှာ ပျောက်ကင်းချမ်းသာသွားပါလိမ့်မယ်။

"ကျေးဇူးတင်ပါတယ် ဆရာ။ ခု ဆရာပြောတဲ့ အတိုင်းပဲ ကျွန်တော်ရေးလိုက်ပါ့မယ်။ ဒါ့ထက် ဆရာ၊ အကယ်၍ ဆောင်းပါးဖတ် ပရိသတ်ထဲက အကြောင်းအမျိုးမျိုးကြောင့် သူတို့ကိုယ်တိုင် ဆေးဖော်၊ ဆေးဝယ် မလုပ်နိုင်၊ မလုပ်ချင်တဲ့သူတွေ ဆရာ့ဆီလာပြီး ကုသမှု ခံယူချင်ရင်ရော ဆရာ ကုပေးပါသလား"

"ဟုတ်ကဲ့၊ ကုပေးပါတယ်။ နံနက် ၉နာရီမှ ၁၁နာရီ၊ ညနေ ၃နာရီမှ ၆နာရီအထိ၊ ဥပုသ်နေ့ကလွဲပြီး လက်ခံကုပေးပါတယ်။ ကုသတဲ့အတွက် ရောဂါစစ်ဆေးခ လုံးဝ မယူပါဘူး။ ဆေးအတွက်လည်း တစ်ပုလင်း ၅၀၀၊ ၁၀၀၀ သတ်မှတ်ထားတဲ့ ဆေးဖိုးငွေအတိုင်း၊ လိုအပ်တဲ့ ဆေးအတွက် ရက်တစ်ပတ်စာ ကျသင့်ငွေလေးပဲ ကုန်ရပါတယ်။ အကယ်၍ အဲဒီ ၅၀၀၊ ၁၀၀၀တောင် ခက်ခဲနေတဲ့ စားဝတ်နေရေး မပြေလည်သူတွေကို ဇီဝိတဒါနအဖြစ် အခမဲ့ ကုသပေးပါတယ်။ လာခဲ့ကြပါ၊ အားမနာပါနဲ့လို့ ရေးလိုက်ပါ ဆရာမြတ်စောလင်းရယ်□

* * *

သစ္စာဝါဒီဆရာမြတ်စောလင်း




www.burmeseclassic.com

www.burmeseclassic.com

# ကံကောင်းစေလျှော် ကန်ဆယ်ပြင်

သိက်ျးသန်းအောင်(မြင်းခြံ)



လူသားတိုင်း မိမိကံကြမ္မာအား ကောင်းစေချင်တတ်သည်မှာ ဓမ္မတာပင် ဖြစ်ပါလေ၏။ မြန်မာလူမျိုးများ၏ အယူအဆမှာ မိမိ ကံကောင်းစေရန်အတွက် ကံကို ဆယ်ယူပြင်ဆင်ပေးခဲ့လျှင် မိမိကံကြမ္မာ ကောင်းမွန်လာလိမ့်မည်ဟု အယူအဆရှိခဲ့ကြသည်မှာ ဗုဒ္ဓဘာသာဝင်တိုင်း၏ ယုံကြည်မှုပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကန်ကို ပြုပြင်ဆယ်ယူခြင်းမှာ မှားယွင်းသော အလုပ်ဟု မဆိုသာပါ။ ရှေးအယူအဆကြောင့် ဖြစ်စေ၊ လက်ရှိ ပစ္စုပ္ပန်မှာဖြစ်စေ ကန်ကို ဆယ်ယူခြင်းမှာ တစ်ခုသော အကျိုးအမြတ်ကတော့ ရှိနေသည်မှာ အသေအချာပင် ဖြစ်ပါသည်။ မြို့တစ်မြို့ ရွာတစ်ရွာတွင် ရေကန်တစ်ကန်ရှိနေခြင်းသည် ရပ်ရွာအေးချမ်းခြင်း၊ သောက်သုံးရေ ဖူလုံ ပြည့်ဝခြင်းတို့အတွက် သဘာဝမှ ပေးသော အကျိုးထူးများသာ ဖြစ်သည်ဟု ဆိုချင်ပါသည်။


ဥပမာတစ်ခုအနေဖြင့် တင်ပြရလျှင် မြင်းခြံမြို့ အမှတ်(၉)ရပ်ကွက် အရှေ့ဘက်ရှိ ကံဦးကန်ကြီး ဆိမ်ကောနေသည်မှာ နှစ်အတော်ကြာမြင့်ခဲ့ပြီဟုပင် ဆိုရပြီမို့မည်။ ကံဦး ကန်ကြီးမှာ ရှေးအတီအတာကပင် ကံဦးရပ်ကွက်တစ်ရပ်ကွက်တည်းသာမဟုတ်၊ နီးစပ်ရာ ရပ်ကွက်များကပါ ရေချိုးသုံးစွဲသူများအတွက် အထောက်အကူပြုလျက်ရှိသော ရေကန်ကြီးတစ်ကန်သာ ဖြစ်ပါသည်။ ထိုကံဦးကန်ကြီးအား လွန်ခဲ့သည့်နှစ် ၄၀ကျော်ကာလက မြို့နယ်အကူအညီနှင့် ရပ်ကွက်သူရပ်ကွက်သားများအပါအဝင် စက်ယန္တရားကြီးများဖြင့် တစ်တပ်တစ်အား ပေါင်းစု ပြုပြင်ခဲ့ပါသည်။ ထိုစဉ်ကာလက ကန်ပေါင်ပေါ်ဝယ် ကားငယ်တစ်စီး မောင်းနှင်ရလောက်




www.burmeseclassic.com

www.burmeseclassic.com







သည်အထိ ကျယ်ဝန်းခဲ့ပါသည်။

ယခုအခါတွင် မိုးရေတိုက်စားမှုကြောင့် အတော်လေး ပျက်စီးယိုယွင်းသွားခဲ့ရပါသည်။ ဆိုရလျှင် ကံဦးရေကန်ကြီးမှာ သောက်သုံးရေအတွက် အသုံးပြုရန်သာမဟုတ်၊ မီးဘေးအန္တရာယ်အတွက်လည်း အထူးအကျိုးပြုသော ရေကန်တစ်ကန်ဖြစ်ပါသည်။ မှတ်မှတ်ရရဆိုရလျှင် လွန်ခဲ့သော ၁၀နှစ်ကျော်ကာလက အမှတ်(၉)ရပ်ကွက် မီးလောင်သောအချိန်က မီးသတ်ကားများ ရေသယ်ယူချိန် မကြန့်ကြာစေဘဲ ကန်ဦးကန်ပေါင်ပေါ်တွင် ရေစုတ်စက် တင်ခုတ်မောင်းလျက် မီးကို ငြိမ်းသတ်ခဲ့ရဖူးပါသည်။ ထို့ကြောင့် ကံဦးရပ်ကွက်ရှိ ရေကန်ကြီးမှာ ယခုအခါ စည်ပင်သာယာကားကြီးကွင်းနှင့် အနီးစပ်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသောကြောင့် မြို့ကျက် သရေဆောင် ရေကန်တစ်ကန် ဟုဆိုလျှင်လည်း မှားလိမ့်မည် မဟုတ်ပါချေ။

မြင်းခြံမြို့မှာ ယခင်က မိုးခေါင်ရေရှား မြန်မာပြည်အလယ်ပိုင်းဟု ဆိုသော်ငြားလည်း ခေတ်မီတိုးတက်လာသည်နှင့်အမျှ ရပ်ကွက်တိုင်းတွင် အဝီစိရေတွင်းများဖြင့် ရေရှားပါးမှုမှ ကင်းလွတ်နေပါချေပြီ။ သို့သော်ငြားလည်း ရေချိုသောက်သုံးလိုသူများအတွက်လည်းကောင်း၊ မီးရေးအန္တရာယ်မှ ကင်းဝေးစေရန်အတွက်လည်းကောင်း၊ လိုအပ်ချက်တစ်ခုလို ဖြစ်နေပါသေးသည်။ ထိုအကြောင်းအချက်အား ရပ်ကွက်လူထုမှ နားလည်သဘောပေါက်လာသဖြင့် ထိုကံဦးကန်ကြီးအား ဆယ်ယူပြုပြင်ရန် ကြိုးစားလာခဲ့ကြသည်။

တစ်ဦးတည်းနှင့် မရသော် အများပေါင်းစု အကြောင်းပြုခြင်းဖြင့် အောင်မြင်နိုင်သည်ဆိုသည့် စကားအတိုင်း အမှတ်(၉)ရပ်ကွက်၊ ကံဦးအနောက်ကျောင်း ဆရာတော်နှင့် ဦးဇင်းလေး၊ ဦးဇောတိကတို့က ဦးဆောင်လျက် ရပ်ကွက်အကျိုးဆောင် လူငယ်လူရွယ်၊ ကလေးငယ်များပါမကျန် နတ်တော်လကွယ်(ဥပုသ်နေ့)မှစ၍ အပတ်စဉ် ဥပုသ်နေ့တိုင်း တစ်နေကုန် ကာယဒါန လုပ်အားပေးလျက် ကံဦးရေကန်ကြီး နှစ်ရှည် တည်တံ့ခိုင်မြဲ သာယာစေရေးအတွက် ကန်ဆယ်ပြုပြင်ရေး လုပ်အားပေးလုပ်ငန်းအား ဆောင်ရွက်နေသည်ကို သိရှိ မြင်တွေ့နေရပါသည်။

ကံဦးကန်ကြီး ကန်ဆယ် တူးဖော်ပြုပြင်ရေး ကာယဒါနလုပ်အားပေးများအား ငွေကြေးတတ်နိုင်သူများကလည်း အသိအမှတ်ပြုသည့်အနေဖြင့် တစ်ဖက်တစ်လမ်းမှ အာဟာရဒါနအဖြစ် နေ့လယ်စာအတွက် တာဝန်ယူ၍ အကျွေးအမွေးများဖြင့် ဆောင်ရွက်နေပါသည်။ ထို့ကြောင့် ကန်ဆယ်လုပ်အားပေး ရပ်ကွက်သူ/သားများမှာ မခိုမကပ်ဘဲ အားတက်သရော ကာယဒါန လုပ်အားပေးခြင်းကို တက်တက်ကြွကြွ လုပ်ကိုင်နေကြသည်မှာ မြင်ရသူများအတွက် အားရကျေနပ်သာဓုခေါ်လျက် ရှိနေကြပါကြောင်း တင်ပြလိုက်ရပါသည်။

* * *

သိဏ်းသန်းစအောင်(မြင်းခြံ)




www.burmeseclassic.com

www.burmeseclassic.com

# ပျားနိမိတ်

ကိုသက်ရှည်



www.burmeseclassic.com

www.burmeseclassic.com

"ထင်းမကြွယ်၊ ရေမကြွယ်"

ရှေးလူကြီးသူမတို့ စကားပုံထားခဲ့ခြင်းဖြစ်သည်။

"ထင်းတို့၊ ရေတို့ဆိုတာ ပြည့်စုံတယ်၊ ကြွယ်ဝတယ် ပြောပြော၊ ချမ်းသာတယ်ပဲဆိုဆို ဘယ်သူမှ မပြီးမပြည့်စုံဘူးကွ" ဟု ပြောဆိုစမှတ်ရှိခဲ့သည်။

ရေ၊ ထင်းတို့မှာ လူတို့အသုံးအဆောင်ထဲတွင် ပြည့်စုံသည်၊ လုံလောက်ချမ်းသာသည်ဟူ၍ မည်သူမှ မရှိ။ အမြဲလိုအပ်လျက်ရှိသည်။

မြန်မာလူမျိုးတို့၏ အယူအဆတစ်ခုမှာ ဇမ္ဗူဒိပ် နိမိတ်ဟု ဆိုခြင်းပင်ဖြစ်သည်။ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်းသည့် ကျွန်း။ အတိတ်ကောင်း၊ နိမိတ်ကောင်းယူကာ အတိတ်နိမိတ်ကောက်ယူတတ်ကြသည်။ ဥပမာ - ကျီးသာနိမိတ်၊ ငှက်နားနိမိတ်၊ မြင်နိမိတ်၊ ကြားနိမိတ် အမျိုးမျိုးတို့အပေါ် မူတည်ကာ အတိတ်နိမိတ်ကောက်ယူတတ်ကြသည်။

ထိုကဲ့သို့ နိမိတ်တို့တွင် စာရေးသူကိုယ်တွေ့ ပျားစွဲနိမိတ်နှင့် ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်အချို့အား ရေးသားဖော်ပြလိုပါသည်။

♦♦♦

အဒေါ်ဖြစ်သူတို့နှင့် အတူနေထိုင်စဉ်က ဖြစ်ပါသည်။ အဒေါ်ဖြစ်သူ နှစ်ယောက်နှင့်အတူ ကြပ်စုကျေးရွာတွင် ၁၀နှစ်၊ ၁၂နှစ်ခန့် နေထိုင်လာရင်း အဒေါ်ဖြစ်သူတို့ ကွယ်လွန်သွားချိန်တွင် စာရေးသူမှာ တစ်ယောက်တည်း တစ်နှစ်နီးပါး နေထိုင်ခဲ့ရပါသည်။

ထိုသို့ နေထိုင်ရင်းနှင့်ပင် စာရေးသူ၏ နေအိမ်ဝိုင်းတွင် ထားရှိသည့် အိမ်သာတွင်းကို ပျားအုံလာ၍ စွဲတာ မကြုံစဘူး ကြုံတွေ့ရပါသည်။ အိမ်သာတွင် ပျားစွဲသော်လည်း သူတစ်ပါး၏ အသိုက်အမြုံအား မဖျက်ဆီးလို၍ ပွတ်ခြင်း၊ တခြားရွှေပြောင်းစေရန်လည်း မပြုလုပ်ဘဲ ဒီအတိုင်းပင် အိမ်သာအား ပိတ်ထားလိုက်ပါသည်။

မကြာလိုက်။ နှစ်လ သုံးလထက် မကြာ၊ စာရေးသူ မမျှော်လင့်ဘဲ ထိုအိမ်နေရာမှ တခြားရွာသို့ မဖြစ်မနေပြောင်းရွှေ့ဖို့ အကြောင်းပေါ်လာပါတော့သည်။ တခြားအကြောင်းမဟုတ်။ ရွာတွင် ကျန်ရစ်သူတို့မှာလည်း မွေးချင်းတွေ အားလုံးက လူလွတ်တွေချည်းဖြစ်ကာ ကျွန်တော်ကလည်း လူလွတ်ဖြစ်၍ မွေးချင်းတွေ အတူတူပြန်ပြီး တစ်စုတစ်လုံးတည်း နေထိုင်ကြရန် အပြီးပြောင်းရွှေ့ရပါတော့သည်။

နောက်တွင် ကြုံတွေ့ သိရှိရသမျှ အိမ်သာမှာ ပျားလာစွဲလျှင် နေအိမ်ရှင်မှာ ထိုနေအိမ်မှ ပြောင်းရွှေ့ရတတ်သည် ဆိုခြင်းပင် ဖြစ်သည်။

♦♦♦

လွန်ခဲ့သည့် တစ်နှစ်ကျော်ကာလ ဂီရိလေမုန်တိုင်း တိုက်ခတ်ချိန် ကြပ်စုအိမ်ဝိုင်းအတွင်းမှ ကန္တာရပင်ကြီး လေနဲ့ မိုးနဲ့အတူ လဲကျသွားပါသည်။ သစ်ပင်ကြီး လဲတော့ ကိုင်းများ ကိုင်းနားတွေနဲ့ ကိုင်းတုတ်တာတွေကို ဖျက်ပြီး ရှင်းလင်းရသည်။ စုပုံရသည်။ တစ်ခါတည်း ထင်းဖြင့်ကာ အိမ်သို့ မယူဘဲ နေရာမှာပင် ပုံထားလိုက်သည်။ အလုပ်ကလည်း လှိုင်သည်။ သိပ်အခက်အခဲမရှိတာနှင့်ပင် ထိုထင်းပုံမှာ တစ်နှစ်နီးပါးကြာ၍သွားသည်။ အိမ်နီးနားချင်းတွေကလည်း ထင်းဖျင်ဆိုက်သူ မရှိ။ မယူကြ။

၁၃၇၄ခုနှစ် ယာလည်း သိမ်း၊ ကိုင်းလည်း ပိတ်ချိန်ရောက်မှ ထင်းပြတ်၍သွားသည်နှင့် ထိုကန္တာရပင် ထင်းအားဖျင်ယူဖို့ လှည်းတပ်ကာ သွားယူသည်။ ထင်းခြောက်ပုံအားဖျင်၍ တင်ရာ လှည်းတစ်စီးစာပင် ပြည့်တော့မည်။ ထိုအချိန် ထင်းပုံအောက်ခြေတည့်တည့်တွင် တစ်တောင်အရှည်နီးပါးရှိသည့် ပျားအုံကြီးအား မြင်တွေ့ရသည်။ ကျွန်တော်တို့လည်း ထင်းတို့အား ဆက်ပြီး မဖျင်တော့ဘဲ ပျားအုံအား ဒီအတိုင်း သစ်ခက်တို့ အုပ်ဆိုင်းကာ ထားရစ်ခဲ့သည်။

လူကြီးသူမတို့ စကားပုံ ထားရစ်ခဲ့သည့် "ထင်းမကြွယ်၊ ရေမကြွယ်" စကားအား အမှတ်ရမိလိုက်သည်။ ကျွန်တော်တို့ ထင်း၊ ရေ မပူပင်ရလို့ တစ်နှစ်ကျော်ကြာကြာ ဒီထင်းတွေ မခုတ်မဖျင်ဖြစ်ခဲ့ပေ။ ထင်း၊ ရေတို့ ပိုလျှံ လုံလောက်ကြွယ်ဝလျှင်ဖြင့် အခြားစီးပွားရေး၊ စားဝတ်နေရေးလည်း ချောင်လည်တယ်၊ စီးပွားတက်သည်ဆိုသည့် အတိတ်နိမိတ်ကို ယူကာ ထင်းပုံနှင့် ပျားအုံတို့အား လက်နဲ့ မတို့ပင်ထားလိုက်သည်။ ထူးခြားချက်တစ်ခု သတိထားလိုက်မိသည်မှာ ထိုနှစ်တွင် စာရေးသူတို့ ယာမြေက မြေပဲနဲ့ အခြားစပါးစသည့် သီးနှံတွေ အထွက်ကောင်းခဲ့သည့်အတွက် စီးပွားရေးချောင်လည်ခဲ့ရသည်။ ကြွေးမြီတွေ ကင်းခဲ့ရသည်ကတော့ ကိုယ်တွေ့ပင် ဖြစ်ပါသည်။ ထင်းပုံတွေကို ပျားအုံတာ ကြုံတွေ့ရလျှင် စီးပွားဥစ္စာတိုးတက်စေမည့် နိမိတ်ပင်ဖြစ်သည်။

♦♦♦

မီးဖိုချောင်ထဲမှာ ပျားအုံစွဲတာ ကြုံရလျှင် ထိုအိမ်ရှင်



www.burmeseclassic.com

www.burmeseclassic.com

အဖို့ ဆန်၊ ဆီ၊ ဆား စသည့် မီးဖိုချောင်သုံး ပစ္စည်းများ လိုလေသေးမရှိ ပြည့်စုံမည်။ ကြွယ်ဝမည်။ အဘက်ဘက်က ပြည့်စုံမည့် နိမိတ်ပင်ဖြစ်သည်ဟု ယူဆကြသည်။ ပျားအုံအား မဖျက်မဆီးဘဲ ထားတတ်ကြသည်။

နေအိမ်အောက်ထပ် မီးနေခန်းတွင် ပျားအုံစွဲလျှင် ထိုအိမ်ရှင်မိသားစုအတွင်း သားရတနာ၊ သမီးရတနာတို့ ထွန်းကားတတ်သည်။ သားသမီးရတနာ တိုးပွားတတ်သည်ဟု ယုံကြည်လေ့ရှိကြသည်။

နေအိမ်တို့တွင် ပျားအုံတို့ စွဲသည့်အခါ ဖော်ပြပါ နေရာတို့မှ လွဲလျှင် ကျန်သည့် မည်သည့်နေရာတို့တွင်မှ မကောင်း။ ထို့ကြောင့် ပျားအုံလာ၍စွဲလျှင် ပရိတ်ရေတို့ဖြင့် ပက်ဖျန်းပေးရမည်။

ပျားအုံတို့အား မည်သည့်အကြောင်းကြောင့်ဖြစ်စေ ဖွတ်ခြင်း၊ ဖျက်ဆီးခြင်း မပြုအပ်ပေ။ "ပျားဖွတ် သားထိုး မယားခိုး မုဆိုးတံငါ ပယ်လေးရွာ"ဟု ဆိုစကားရှိရာ ပျားဖွတ်ခြင်း၊ သားသတ်သားထိုး အသက်မွေးခြင်း၊ သူ့အိမ်ရာကို ခိုးယူခြင်း၊ မုဆိုးအတတ်နှင့် အသက်မွေးသူ ရေလုပ်ငန်း၊ တံငါလုပ်ငန်းတို့နှင့် အသက်မွေးဝမ်းကျောင်းပြုသူတို့မှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် စသည့် အပါယ်လေးဘုံသို့ ကျရောက်တတ်သောကြောင့် အတတ်နိုင်ဆုံး ရှောင်ရှားနိုင်လျှင် အကောင်းဆုံးပင် ဖြစ်သည်။

ပျားအုံတို့မှာ တိရစ္ဆာန်ပင် ဖြစ်သော်လည်း လူသူလေးပါး အခြားရန်သူတို့ရန်က ကင်းဝေးသည့် နေရာများတွင် နေထိုင်ကျက်စား ပေါက်ပွားလေ့ရှိရာ နေအိမ်ဝိုင်းများအတွင်း၊ ဘုန်းကြီးကျောင်းဝိုင်းများအတွင်းတို့မှာ သူတို့အတွက် အနှောင့်အယှက် အန္တရာယ်ကင်းသည့် နေရာများပင် ဖြစ်သည်။ ထိုနေရာများတွင် ပျားဖွတ်သူတို့ မဖွတ်ဘဲ နေလျှင် ၂နှစ် ၃နှစ်တိုင်ပင် မရွှေ့မပြောင်း နေထိုင်တတ်ကြသည်။ အချို့ နေအိမ်ဝိုင်း သစ်ပင်တို့တွင် ပျားအုံရှိလျှင် ရေခွက်များဖြင့် ရေထည့်ကာ တိုက်ထားလေ့ရှိပါသည်။

ယခုလည်း စာရေးသူ၏ နေအိမ်ဝိုင်းအတွင်း နေအိမ်မှအပ ဝိုင်းတွင်း သစ်ပင်များပေါ် ပျားအုံများ ဖွဲ့ကာ ရှိနေပါသည်။ မည်သူမျှ မဖွတ်ရသဖြင့် တစ်နွေတစ်မိုးကုန် နေထိုင်ကာ ပေါက်ပွားလျက်ရှိပါသည်။ ရေခွက်များလည်း ချထားပေးသဖြင့် နွေ နေပူချိန်တွင် ပျားကောင်တို့ ရေသောက်ဆင်းကြသည်မှာ ပျားပန်းခတ်မျှ မြင်တွေ့ရပါသည်။ ပျားအုံတို့အား ပျားမဖွတ်သူတို့ မတော်တဆ ထိမိ တိုးမိ ဆွဲမိသော်လည်း ပျားတို့ လုံးဝ မတုတ်တာ ကိုယ်တွေ့ပင် ဖြစ်ပြီး ပျားနိမိတ်အချို့အား ကိုယ်တွေ့ကြုံသမျှ ဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။

* * *

ကိုသက်ရှည်

## သံယောဇဉ် ၁၀–ပါး လင်္ကာ

အာရုံငါးဝတပ်စွဲက၊ ကာမသံယောဇဉ်၊
သုံးပါးဘဝတပ်စွဲက၊ ဘဝသံယောဇဉ်၊
အမျက်ဒေါသ စိတ်ဆိုးက၊ ပဋိဃသံယောဇဉ်၊
ကိုယ်သာတော်လှ ထင်မှတ်က မာနသံယောဇဉ်၊
ရုပ်နာမ်ကိုပဲ ငါကောင်းစွဲ၊ ယူလွဲဒိဋ္ဌိပင်၊
တရားမှန်တွင် မယုံချင်၍ ဆင်ခြင်နှိုင်းညှိ ဝေဖန်ကြည့် ဝိစိကိစ္ဆာပင်၊
နွား ခွေး တူစွာ ကျင့်တာကောင်းမြတ် ယူစွဲမှတ်၊ သီလဗ္ဗတပင်၊
ကိုယ့်ထက်သူများ ကောင်းစားသည်ကို မနာလိုခေါ်ဆို ဣဿာပင်၊
ကိုယ့်လိုသူများ ကောင်းစားမည်မျှ ဝန်တိုက မစ္ဆရိယပင်၊
သစ္စာလေးတန် ပြောင်းပြန်ထင်ကာ မသိတာ၊ အဝိဇ္ဇာ သံယောဇဉ်။

မဟာစည်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး တိုင်းရင်းဆေးဝါးမှတ်ပုံတင် 1111YR 007860
ထုတ်လုပ်ခွင့်လိုင်စင် 2/2009 တဆထလ (တိုး) ၁၀၂၄




## ဆီးရောဂါမှန်သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည် ကိန္နရီ

# ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေး

လဆန်းပိုင်းရောက်တိုင်း ၄လထန်ကုန်းတွင် ရေးဖော်စားရေးဆရာများဆုံကြသည်။ ကိုမင်းဆွေ၊ ကိုသီဟ၊ ကိုကျော်လှိုင်ဦးတို့ကို တစ်ဝိုင်းတည်းတွင် တွေ့လိုက်ရသည်။ ကိုမင်းဆွေက. . "လာထိုင်. . ကိုဇော်ရဲနိုင်၊ မတွေ့ရ တာကြာပြီ၊ ခုပဲ ခင်ဗျားအကြောင်းပြောနေကြတာ၊ ခင်ဗျားက တိုင်းရင်းဆေးအတွေ့အကြုံရှိသူဆိုတော့ ကျွန်တော်တို့ သုံးယောက် ခံစားနေရတဲ့ဝေဒနာအတွက် အကူအညီ တောင်းချင်လို့ပါ"

"ဘဝတူရေးဖော်တွေအတွက် တတ်နိုင်သလောက် လိုအပ်တဲ့အကူအညီပေးဖို့ အသင့်ပါပဲဗျာ"

"ဒီလိုပါ. . ကျွန်တော်တို့သုံးယောက် ဆီးနဲ့ပတ်သက်တဲ့ဝေဒနာတွေခံစားနေရတယ်၊ ဒါပေမဲ့ ဖြစ်စဉ်တူ သလိုလိုနဲ့ နည်းနည်းကွဲပြားနေတယ်ဗျ"

"ဒါဖြင့် ကျွန်တော်. . ဆီးရောဂါနဲ့ပတ်သက်တဲ့ဖြစ်စဉ်လက္ခဏာတွေ ပြောပြမယ်၊ ဘယ်သူက ဘယ်လို လက္ခဏာတွေရှိတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်. . . နေပူမိုးရွာ မရှောင် သွားတဲ့သူတွေ အပူအစပ် အဖန် ချဉ်စာတွေ လွန်ကဲစွာစားတဲ့သူတွေ၊ မေထုန်မှုလွန်ကဲသူတွေ၊ အညောင်းထိုင်မှုများ တဲ့သူတွေဟာ ဆီးပူ ညောင်းကျရောဂါဖြစ်တတ်တယ်၊ ဆီးပူညောင်းကျရောဂါလက္ခဏာတွေက ကျင်ချောင်းအတွင်း ပိုးကောင်လေးများသွားနေသလို ရှစ်ရှစ်ဖြစ်ပြီး ယားတတ်တယ်. . တစ်ပတ်ခန့်ကြာရင် ဆီးထဲမှာ ကစီရည်လိုကျလာ တတ်တယ်. . ရေသောက်နည်းတဲ့သူတွေ၊ အပူအစပ်စားလွန်းတဲ့သူ၊ သုက်ထိန်းတဲ့သူတွေ ဆီးကျိတ်ရောင်ရောဂါဖြစ် တတ်တယ်။ ဆီးကျိတ်ရောင်ရောဂါလက္ခဏာတွေက ဆီးမကြာခဏသွားပေမယ့် ဆီးတစ်စက်တစ်စက်ကျတတ်ပြီး ဆီးသွားအားမရခြင်း၊ ဆီးကျန်ခြင်း၊ ကျင်ချောင်းယားယံခြင်း၊ လက္ခဏာတွေခံစားရတတ်တယ်။ ဆီးအောင့်ဆီးချုပ် ရောဂါကို အခြေခံပြီး သည်းခြေ၊ လေဒါသနှစ်ပါးကြောင့် သလိပ်ဒါသလွန်ကဲတဲ့ ကျင်ငယ်နဲ့ သုက်ဓာတ်တွေဟာ ကျောက်ကပ်တစပြီး ဆီးအိမ်တိုင်အောင် တော်ရည်လိုဖြစ်တဲ့ရောဂါကို ဆီးကျောက်ရောဂါလို့ ခေါ်တာပဲ၊ ကျောက်တည်ရောဂါဖြစ်တော့မယ့်သူရဲ့ ဆီးဟာ ဆိတ်ကျင်ငယ်ရည်လို အနံ့ဆိုးခြင်း၊ ဝမ်းဗိုက်တင်းရောင်ခြင်း၊ ခက်ခဲစွာ ဆီးသွားရခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ အစားအစာစားချင်စိတ်မရှိခြင်း စတဲ့ လက္ခဏာတွေရှိနေတတ်တယ်. . ကဲ. . ခင်ဗျားတို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ ပြောပြကြပါ"

ကိုမင်းဆွေက ဆီးပူညောင်းကျရောဂါလက္ခဏာနဲ့တူကြောင်း၊ ကိုသီဟက ဆီးကျိတ်ရောင်ရောဂါလက္ခဏာ နဲ့တူပြီး ကိုကျော်လှိုင်ဦးက ဆီးကျောက်တည်ရောဂါလက္ခဏာနဲ့တူကြောင်း ပြောပြကြပြီး. .

"ကဲ. . ကျွန်တော်တို့ ဘယ်ဆေးစားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကိုဇော်ရဲနိုင် ညွှန်ပြပေးပါဦး"

"ခု. . လောလောဆယ်တော့ ကိန္နရီအမှတ်တံဆိပ်ကြက်လည်ဆံဆီးဆေးပြား ကို နီးစပ်ရာ မြန်မာဆေး မျိုးစုံဆိုင်များမှာ ဝယ်ယူသောက်လိုက်ပါ. . ကန္တာရဝတီဆေးတိုက်က ထုတ်တဲ့ ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေးပြား ဟာ ဆီးချိုရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးဝါ၊ ဆီးနီခြင်း၊ ဆီးအလွန်နည်းခြင်း၊ ဆီးအလွန်များ ခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ ဆီးကျင် ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ပြီး ဆီးမသွားနိုင်ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ သုက်လွှတ်မြန်ခြင်း၊ ဆီးရောဂါကြောင့် မျက်စိမှုန်ပြာဝေခြင်းနဲ့ ဆီးကျိတ်ရောင်ရောဂါတွေကို သက်သာပျောက်ကင်းစေတယ် ဗျ. . ကျွန်တော့်မိတ်ဆွေ ဆရာဦးလှိုင်မြင့်က ကြက်လည်ဆံဆီးဆေး ထုတ်လုပ်တဲ့အပြင် အကြောရောဂါနဲ့ ဆီးရောဂါတွေ ကို ဦးစားပေးကုသ နေတာဆိုတော့ အဲဒီ ဆရာဦးလှိုင်မြင့်ရှိတဲ့ ကန္တာရဝတီဆေးတိုက် ကို သွားပြီး ဆရာနဲ့တိုင်ပင် ဆေးစား. . ဆေးကုသရင် ခင်ဗျားတို့ခံစားနေရတဲ့ဝေဒနာတွေ ထိထိရောက်ရောက် သက်သာပျောက်ကင်းသွားမှာပါ. . ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေးရဲ့ ဆောင်ပုဒ်လည်း မှတ်ထားဦးဗျို့...ဆီးရောဂါမှန် သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည်...ကိန္နရီ..တဲ့ဗျ..."

**ပင်ရင်းဌာန– ကန္တာရဝတီဆေးတိုက်**

အမှတ် (၇၄၁)၊ သုဓမ္မာလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ကမ္ဘာအေး)၊ ရန်ကုန်မြို့။ ဖုန်း- ၀၉၅၁-၄၀၁၇၉

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## (၁)

"ဟင်"

ကျွန်မပါးစပ်ဖျားဆီက ရုတ်တရက်ထွက်သွားမိတဲ့ အသံ။ ဟုတ်တယ်လေ။ ကျွန်မမျက်စိရှေ့မှာ ကျွန်မ ဘယ်တုန်းကမှ မတွေ့ဘူး မမြင်ဘူးတဲ့ အရာဝတ္ထုတွေ။ ကြည့်လေ။ ဖြူလွှတဲ့ ကျောက်ဆောင်၊ ကျောက်ကမ်းပါးကြီးတွေနဲ့အတူ တဝေါဝေါ စီးဆင်းနေတဲ့ ရေတံခွန်ကြီး။ ရေတံခွန်ကြီးဘေးက စိမ်းမြမြ တောအုပ်နဲ့ တောင်တန်းအသွယ်။ ပြီးတော့ အုပ်မှိုင်းတဲ့ တောအုပ်ကြီးအလယ် ချိုင့်ဝှမ်းလွင်ပြင်ထဲက အဆောက်အဦးလို အရာတွေ။

ကျွန်မခြေလှမ်းတွေက မြင်တွေ့နေရတဲ့ မြင်ကွင်းဆီကို ဦးတည်ရွေ့လျားနေပါလား။ ကျွန်မ တစ်ခါမှ ကျွမ်းဝင်ရင်းနှီးမှု မရှိခဲ့တဲ့ နေရာစိမ်း၊ ဒေသစိမ်းတစ်ခု။ ဒါဆို ကျွန်မ အမြဲတမ်း ကျွမ်းဝင် ရင်းနှီးခဲ့တဲ့ နေရာက ဘယ်မှာ ကျန်ခဲ့ပြီလဲ။ ကျွန်မအတွေးတွေနဲ့အတူ ပတ်ဝန်းကျင်ကို သတိထားကြည့်လိုက်မိတယ်။

"ကျွန်မ…ကျွန်မတစ်ယောက်တည်းပါလား"

ကျွန်မ မောင့်ကို ဖျတ်ခနဲ သတိရမိသွားတယ်။ ကျွန်မအနားက တစ်သက်လုံး တစ်ဖဝါးမခွာ နေပါ့မယ်ဆိုတဲ့ မောင့်စကားတွေ။ ခု မောင် ဘယ်မှာလဲ။ မောင့်ကို မတွေ့မမြင်ရမှ ကျွန်မ ပိုပြီး အားငယ်သွားမိတယ်။

"မောင်ရေ…မောင်ရေ"

ကျွန်မ ဘယ်လိုပဲ မောင့်ကို အားကိုးတကြီးနဲ့ ခေါ်ခေါ် မောင့်ရဲ့ တုံ့ပြန်သံ မကြားရဘူး။ ဒါကြောင့်လည်း ကျွန်မ ဦးတည်သွားနေတဲ့ ခြေလှမ်းတွေကို ရပ်တန့်ပစ်ဖို့ အခါခါကြိုးစားနေမိတယ်။ ဟုတ်တယ်လေ။ ကျွန်မနဲ့

www.burmeseclassic.com

www.burmeseclassic.com

ရင်းနှီးကျွမ်းဝင်မှု မရှိတဲ့ နေရာစိမ်း။ အေသစိမ်းတစ်ခု။ ကျွန်မ မသွားချင်ဘူး။ ကျွန်မ ထိတ်လန့်နေမိတဲ့ နှလုံးသား အစုံနဲ့ ဘယ်အထိ ငြင်းဆန်နေမိတယ် မသိဘူး။

ဒါပေမယ့် ကျွန်မ မြင်တွေ့နေတဲ့ နေရာ၊ ဝတ္ထုတွေက ကျွန်မနဲ့ တဖြည်းဖြည်း နီးကပ်လာနေတယ်။ ကျွန်မ ဘာ့ကြောင့် မောင်နဲ့ ဝေးပြီး ဒီလိုနေရာမျိုးကို ရောက်ရှိခဲ့တာလဲ။ မောင် ကျွန်မ အပေါ် သံယောဇဉ်ကြီးခဲ့တယ်ဆိုတာ ကျွန်မ ယုံကြည်တယ်။ မောင်က ကျွန်မကို မျက်စိအောက်က အပျောက် မခံနိုင်တဲ့သူ။ ခု မောင် ကျွန်မအနားမှာ မနေဘဲ ဘယ်သွားနေတာလဲ။

ဟော…ပြောရင်းဆိုရင်း ကျွန်မ ဖြူလွလွ ကျောက်ဂူပေါက်အဝကို ရောက်နေပြန်ပါလား။ ကျောက်ဂူကြီး ထဲကို ကျွန်မ လှမ်းကြည့်လိုက်မိတယ်။ အလို…ကျောက်ဂူကြီးထဲမှာ စိမ်းလဲ့လဲ့ အရောင်တွေ တဖွားဖွားလွင့်စဉ် ထွက်နေပါလား။ ကျွန်မ ဒီနေရာကို သွားရမှာလား။ ကျွန်မတစ်ယောက် တည်း မသွားချင်ဘူး။ ဒါပေမယ့် ကျွန်မ ခန္ဓာကိုယ်က အလိုလို ကျောက်ဂူကြီး ထဲကို လှမ်းဝင်နေမိတယ်။ ကျောက်ဂူ ကြီးအလယ်မှ စိမ်းလဲ့လဲ့ အရောင်တွေ တောက်ပတဲ့ နေရာ။

ကျွန်မ ကြည့်ရင်း အံ့ဩသွားမိ တယ်။ ကျောက်ဂူကြီးအလယ်မှာ တွေ့ လိုက်ရတဲ့ ကျောက်ခေါင်းတလားကြီး တစ်ခု။ ကျွန်မ တွေ့မြင်နေရတဲ့ စိမ်း လဲ့လဲ့အရောင်တွေက အဲဒီကျောက် ခေါင်းတလားကြီးထဲက ထွက်ပေါ်နေ တဲ့ အရောင်တွေပါလား။ ကျွန်မ သိချင် စိတ်တွေ ဖွားဖွားပေါ်လာမိပြန်တယ်။ ဘာ့ကြောင့် ကျွန်မ မြင်တွေ့နေရတဲ့ ကျောက်ခေါင်းတလားကြီးကို ကျွန်မ သိချင်စိတ်ဖြစ်နေမိတာလဲ။ ကျွန်မ တစ်ခါမှ မမြင်ဘူး၊ မတွေ့ဘူးတဲ့ နေရာ။ မောင်သာ သိရင် ကျွန်မကို ပြောဦးမှာ သေချာတယ်။

“သင်းရယ်…ဘာဖြစ်လို့များ တစ်ယောက်တည်း သွားချင်ရတာလဲ။ အဲဒီနေရာက အန္တရာယ်တစ်ခုခုဆို မခက်ပေဘူးလား။ အဲဒါကြောင့် သင်း ကို မောင် စိတ်မချနိုင်တာ၊ သိလား”

မောင်သာ ရှိရင် တဖွဖွပြောပြီး ကျွန်မလက်ကို ဆွဲခေါ်မှာ သေချာ တယ်။ ခု ကျွန်မလက်ကို မောင် ဆွဲ မခေါ်ပါလား။ ကျွန်မသာ တစ်ခုခုဖြစ်ခဲ့ တာ သိခဲ့ရင် မောင် ဘယ်အထိ ကြေ ကွဲနေမလဲ၊ ဘယ်အထိ ယူကျုံးမရဖြစ် နေလဲဆိုတာ ကျွန်မ သိတယ်။ ဟော…ကျောက်ခေါင်းတလားကြီးထဲက ထွက်ပေါ်နေတဲ့ စိမ်းလဲ့လဲ့ အလင်း ရောင်တွေ တဖြည်းဖြည်းပျောက်ကွယ် သွားပါလား။ ဖြူလွလွ ကျောက်ခေါင်း တလားကြီးက အထင်းသားပေါ်လာ လို့ ကျွန်မ တဖြည်းဖြည်း အနားကို တိုးကပ်ပြီး ကြည့်လိုက်မိတယ်။ ပိတ် နေတဲ့ ကျောက်ခေါင်းတလားကြီးက နှစ်ခုပါလား။

ကျွန်မကိုယ်ကျွန်မ စဉ်းစားလို့ မရနိုင်အောင် ဖြစ်သွားမိတယ်။ ဟုတ် တယ်လေ။ ကျွန်မ တွေ့မြင်စတုန်းက ကျောက်ခေါင်းတလားကြီးက တစ်ခု တည်းပါ။ ခု ကျွန်မတွေ့နေရတာက ကျောက်ခေါင်းတလားကြီး နှစ်ခု။ ဟော…ကျွန်မ ကြည့်နေတုန်း ကျောက်ခေါင်း တလားကြီးအဖုံးတွေက တဖြည်းဖြည်း ပွင့်ဟသွားပါလား။ ရုတ်တရက် ဝေ့ တိုက်လာတဲ့ လေကြမ်းတစ်ချက်နှင့် အတူ ရောထွေးပါလာတဲ့ ပန်းရနံ့ပေါင်း စုံ။

ကျွန်မ ကျောက်ခေါင်းတလားကြီး ကို ကြည့်နေတုန်း ဖြန်းစားကြီး ကြား လိုက်ရတဲ့ ကျောက်ဂူပေါက်ကြီးအဝ ပိတ်သွားတဲ့ “ဂိုမ်း”ဆိုတဲ့ အသံကြီး။ ကျွန်မ ရင်တွေ အလိုလိုတုန်ခါသွားမိ တယ်။ ကျွန်မတစ်ယောက်တည်း မနေ ရဲဘူး။ ကြောက်တယ်…ကြောက် တယ်။ ကျွန်မ စိုးရိမ်ကြောက်လန့်စွာ နဲ့ ကမန်းကတန်း ကျောက်ဂူဝကြီးဆီ ကို အပြေးသွားကြည့်မိတယ်။ ကျောက် သားတွေနဲ့ ပိတ်လိုက်တဲ့ ကျောက်ဂူဝ ကြီး။

ဒါဆို ကျွန်မတစ်ယောက်တည်း ဒီကျောက်ဂူကြီးထဲမှာ တစ်သက်လုံး နေရမှာလား။ ကျွန်မ မနေရဲဘူး။ မောင် ရေ…ကျွန်မကို လာခေါ်ပါ။ ကျွန်မ ဘယ်အထိ မောင့်ကို တကြော်ကြော် ခေါ်နေမိတယ် မသိဘူး။ ရုတ်တရက် ထပ်ဆင့်ကြားလိုက်ရတဲ့ အသံလှိုင်း တစ်ခု။ ကျွန်မ တွေ့မြင်နေရတဲ့ ကျောက်ခေါင်းတလားကြီးနှစ်ခု။ ကျွန်မ အလိုလိုအံ့ဩသွားမိတယ်။ ကျွန်မ ဒီကျောက်ဂူကြီးထဲမှာ တစ်ယောက် တည်း ရှိနေတာ မဟုတ်လား။ ဒါဆို ကျွန်မ ကြားလိုက်ရတဲ့ အသံလှိုင်း။ ဘယ်က လာတာလဲ။ ကျွန်မ အတွေးစ တွေနဲ့ ကျွန်မစိတ်ကို ကျွန်မ သံသယ ဖြစ်နေမိတယ်။

ဟုတ်တယ်လေ။ ဒီကျောက်ဂူ ကြီးထဲမှာ ကျွန်မတစ်ယောက်တည်းပဲ လောလောဆယ် ရှိတာ။ ဒါဆို ကျွန်မ အနားမှာ ဘယ်သူရှိနေတာလဲ။ မောင် ကတော့ မဖြစ်နိုင်ဘူး။ မောင်သာ ကျွန်မ အနားမှာ ရှိခဲ့ရင် ကျွန်မ ဘယ်လိုပဲ အခက်အခဲကြုံကြုံ ကျွန်မ ရင်ဆိုင်ဝံ့ ခဲ့တာ မောင်အသိ။ ကျွန်မ တွေးမိရင်း ကျောက်ခေါင်းတလားကြီးထဲကို ကြည့် လိုက်မိတယ်။

“ဒို…ကျွန်မ…ကျွန်မပါလား”



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ မယုံနိုင်အောင် ဖြစ်သွားမိတယ်။ ကြည့်လေ။ ကျွန်မ ဘယ်လိုမှ မျှော်လင့်မထားတဲ့ ကျွန်မ။ ဒါ လုံးဝ မဖြစ်နိုင်ဘူး။ ကျွန်မ အနီးကပ်တိုးပြီး ကြည့်လိုက်မိတယ်။ ကျွန်မ အမြဲတမ်း လိမ်းခြယ်ထားတဲ့ သနပ်ခါးရနံ့၊ ပြီးတော့ ကျွန်မ အမြဲပန်တတ်တဲ့ စံပယ်ပန်းတွေနဲ့ မဟုတ်ပါလား။ ဒါဆို ဒီ ကျောက်ခေါင်းတလားကြီးထဲက သူက ဘယ်သူလဲ။

(၂)

ကျောက်ခေါင်းတလားကြီးထဲမှာ တစ်ပိုင်းတစ်စပေါ်နေတဲ့ ကျွန်မမျက်နှာနဲ့ ပုံတူရုပ်လွှာ။ ရှေးခေတ်အဝတ်အစားတွေ ဝတ်ဆင်ထားတာ။ ကျွန်မ မဟုတ်ဘူး…မဟုတ်ဘူး။ ကျွန်မတစ်ယောက်တည်း ဘယ်အထိ အခါခါငြင်းဆန်နေမိတယ် မသိဘူး။ ကျွန်မ ငြင်းဆန်ရင်း ကျောက်ခေါင်းတလားကြီးဘေးမှာ ထွင်းထုထားတဲ့ နာမည်ကို တွေ့လိုက်ရလို့ အံ့အားသင့်သွားမိတယ်။ ကျွန်မ ကမန်းကတန်း နာမည်ကို ဖတ်ကြည့်လိုက်မိတယ်။ ရူပစန္ဒာ…ရူပစန္ဒာတဲ့လား။ ကျွန်မ ကျောက်ခေါင်းတလားကြီးကို ကြည့်ပြီး "ရူပစန္ဒာ"ဆိုတဲ့ နာမည်ကို အခါခါရေရွတ်နေမိတယ်။ ကျွန်မ ရူပစန္ဒာဆိုတဲ့ ကျောက်ခေါင်းတလားကြီးဘေးက ကျောက်ခေါင်းတလားကြီးတစ်ခုကို အပြေးကြည့်လိုက်မိတယ်။

အို…ဘုရားရေ… ဒါတွေ မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး။ ကြည့်စမ်း မောင်… မောင်ပါလား။ မောင်က ဘာ့ကြောင့် ကျွန်မအရင် ဒီကို ရောက်နေရတာလဲ။ ကျွန်မ မယုံနိုင်တဲ့စိတ်နဲ့ မောင့်ပါးပြင်ကို လက်နဲ့ ထိတို့ကြည့်လိုက်မိတယ်။ မောင့်ပါးပြင်တွေက ပူနွေးနေတုန်းပါလား။ မောင်…မောင်

> ❝
>
> မောင်က ဘာမှမသိသလိုဘဲ မျက်လွှာကိုချပြီး ငြိမ်သက်နေပါလား။ မောင် ကျွန်မအပေါ် ရက်စက်နိုင်ရက်တယ်။ ကျွန်မက အမော်မဲ့ အထီးကျန်ဆိုပြီး အားငယ်နေရတာ။ ကျွန်မအနားမှာ မောင် ခုလိုရှိခဲ့ရင် ကျွန်မ ဘယ်အရာမဆို ရင်ဆိုင်ဝံ့တယ်။ ကျွန်မ မောင့်မျက်နှာကို ကြည့်ပြီး မနိုးရက်တော့ဘူး။ စောစောက ကျွန်မကို မောင် ခေါ်တဲ့ အသံပဲ ဖြစ်နိုင်တယ်။ ခု မောင်က ကျွန်မကို ဘာ့ကြောင့် မသိသလို နေရတာလဲ။
>
> ❞

…လို့ ကျွန်မ အားကုန်ဟစ်ပြီး နိုးလိုက်မိတယ်။

မောင်က ဘာမှမသိသလိုဘဲ မျက်လွှာကို ချပြီး ငြိမ်သက်နေပါလား။ မောင် ကျွန်မအပေါ် ရက်စက်နိုင်ရက်တယ်။ ကျွန်မက အမော်မဲ့ အထီးကျန်ဆိုပြီး အားငယ်နေရတာ။ ကျွန်မအနားမှာ မောင် ခုလိုရှိခဲ့ရင် ကျွန်မ ဘယ်အရာမဆို ရင်ဆိုင်ဝံ့တယ်။ ကျွန်မ မောင့်မျက်နှာကို ကြည့်ပြီး မနိုးရက်တော့ဘူး။ စောစောက ကျွန်မကို မောင် ခေါ်တဲ့ အသံပဲ ဖြစ်နိုင်တယ်။ ခု မောင်က ကျွန်မကို ဘာ့ကြောင့် မသိသလို နေရတာလဲ။

ဒါပေမယ့် မောင် ကျွန်မအတွက် စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ခဲ့ရတဲ့ နေ့ပေါင်း၊ ညပေါင်းများစွာ။ ကျွန်မရဲ့ ချိန်နဲ့တဲ့ ဘဝကို ထူမတ်ဖို့ ကြိုးစားနေခဲ့တာ ကျွန်မအသိ။ ကြည့်လေ၊ ကျွန်မဘဝ တစ်ခုလုံးကို မောင့်ကို ပေးအပ်ပြီး ကတည်းက ကျွန်မ ရင်တထိတ်ထိတ်နဲ့ မျှော်လင့် တောင့်တခဲ့ရတဲ့ မောင့်ရဲ့ အကြင်နာသစ္စာ။ ကျွန်မ စိုးရိမ်တကြီး မျှော်လင့်ခဲ့သလို မောင့်ဘက်က ကျွန်မအပေါ် ပေးအပ်ခဲ့တဲ့ အကြင်နာ သစ္စာတရား။

မောင်…ကျွန်မအပေါ် ဒီအထိ အကြင်နာ သစ္စာရှိလိမ့်မယ်လို့ မထင်ခဲ့တဲ့ ကျွန်မရဲ့ လုံးသားတွေ။ မောင် ကျွန်မအပေါ် အပြောအဆို အပြုအမူတွေက မယုံနိုင်စရာ သက်သေပြခဲ့တာပဲ။ ကျွန်မကို မျက်စိအောက်က အပျောက်မခံတဲ့ သံယောဇဉ်ကြီးမားခဲ့တဲ့ မောင်။

ကျွန်မ မောင့်မျက်နှာကို ငေးကြည့်ရင်း သတိရသွားမိတယ်။ ကျွန်မ မောင်အိပ်နေတဲ့ ကျောက်ခေါင်းတလားကြီးဘေးကို ကြည့်လိုက်မိတယ်။ ဟင်…နန္ဒကျော်ခေါင်ဆိုပါလား။ ဒါဆို ကျွန်မချစ်တဲ့ မောင်က နန္ဒကျော်ခေါင် ဖြစ်နေပါလား။ မောင့်ကို ခုလိုအခြေအနေမျိုးနဲ့ ကျွန်မ ဘယ်တုန်းကမှ တွေးထင်မထားခဲ့တာ။ ဒါဆို နန္ဒကျော်ခေါင်နဲ့ ရူပစန္ဒာက ဘာတွေလဲ။ ကျွန်မ နားမလည်နိုင်အောင် ဖြစ်နေမိတယ်။

ကျွန်မ စောစောက ကျောက်ဂူကြီးထဲမှာ တစ်ယောက်တည်း နေရမှာ အလိုလိုကြောက်ရွံ့မိခဲ့တဲ့ ကျွန်မစိတ်တွေ။ ခုတော့ မောင့်ကို တွေ့လိုက်ရမှ ကျွန်မ မောင့်ကို နိုးပြီး ဒီကျောက်ဂူကြီးထဲကနေ အိမ်ကို ပြန်ဖို့ စိတ်ကူးရသွားမိတယ်။ ဟင်…ကျွန်မကို ငိုကြည့်ပြီး မျက်ရည်စတွေ ပါးပေါ် လိမ့်ဆင်း



www.burmeseclassic.com

www.burmeseclassic.com

နေတဲ့ ကျွန်မရင်သွေးနှစ်ယောက်ပါလား။ မငိုနဲ့…မငိုနဲ့လို့ ကျွန်မ အားတင်းပြောရင်း အပြေးလှမ်းလိုက်မိတယ်။ ဒါပေမယ့် ကျွန်မခြေထောက်တွေက မရွေ့လျားနိုင်ဘဲ ဖြစ်နေမိတယ်။

ကျွန်မ ဘာတွေဖြစ်ခဲ့တာလဲ။ ကျွန်မကိုယ်ကျွန်မ မေးခွန်းတွေ အခါခါထုတ်ရင်း မေးကြည့်မိလိုက်တယ်။ ဒါပေမယ့် ကျွန်မအဖြစ်ကို အစဖော်လို့မရဘဲ ချာချာလည်နေမိတယ်။ ကျွန်မရင်သွေးတွေ ကျွန်မကို ကြည့်ပြီး ဘာဖြစ်လို့ မျက်ရည်ကျနေရတာလဲ။ ကျွန်မရှိနေတာပဲမဟုတ်လား။ မောင်က ကျွန်မရင်သွေးတွေကို မထိန်းနိုင်လို့လား။

ဟင်…မောင်…မောင်က ကျွန်မအနားမှာ ရှိနေပြီပဲ။ ကျွန်မကမန်းကတန်း မောင့်မျက်နှာကို ငေးကြည့်လိုက်မိတယ်။ မောင်က ခုချိန်ထိ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတုန်းပါလား။ ကျွန်မ မောင့်ပါးပြင်လေးကို လက်နဲ့ ညင်သာစွာ ထိတွေ့လိုက်မိတယ်။ မောင့်ပါးပြင်တွေ အေးစက်နေပါလား။ မဖြစ်ဘူး မဖြစ်ဘူး။ မောင်က ကျွန်မအတွက် ပြုစုယုယခဲ့ရတဲ့ ရက်တွေ။ ကျွန်မ မောင့်ကို အိမ်ပြန်ခေါ်ပြီး ပြုစုရမှာ။

"မောင်…မောင်"

ကျွန်မ ဘယ်အထိ မောင့်ကို နှိုးပြီး အိမ်ပြန်ခေါ်ဖို့ ကြိုးစားနေမိတယ် မသိဘူး။ ကျွန်မနားထဲမှာ ကြားလိုက်ရတဲ့ အသံ။

"မောင်တော့်ကို ခေါ်ဖို့ မကြိုးစားပါနဲ့။ ဒီနေရာက မောင်တော်နဲ့ ထာဝရဆုံဆည်းဖို့ သစ္စာပြုထားတဲ့ ချစ်သူဝိညာဉ်နယ်မြေပါ"

ကျွန်မ ဘယ်နေရာက ပေါ်လာမှန်းမသိတဲ့ အသံကို ရှာဖွေနေမိတယ်။ ကျွန်မ ဘယ်လိုပဲ ရှာရှာ၊ ရှာဖွေလို့ မရခဲ့ဘူး။ ကျွန်မ သတိရပြီး ရှုပစန္ဒာရဲ့ မျက်နှာလေးကို ကြည့်ပြီး အခါခါမေးနေမိတယ်။

မောင်တော်နဲ့ ထာဝရ ဆုံဆည်းဖို့ သစ္စာပြုထားတဲ့ ချစ်သူဝိညာဉ်နယ်မြေ…ဟုတ်လား။ ဒါဆို ကျွန်မနဲ့ မောင်က ဘယ်ဘဝရောက်ရောက် ထာဝရ သစ္စာပြုထားတဲ့ ချစ်သူဟောင်းတွေလား။ ကျွန်မ အံ့အားသင့်သွားမိတယ်။ ဒီနေရာက ချစ်သူ့နယ်မြေလား။ ကျွန်မ ကျောက်ခေါင်းတလားထဲက မောင်နဲ့ ကျွန်မကို ကြည့်လိုက်မိတယ်။

ကျွန်မဘဝကို ကျွန်မ မယုံနိုင်အောင် ဖြစ်သွားမိတယ်။ ကျွန်မ ကမန်းကတန်း ပိတ်ထားတဲ့ ကျောက်ဂူဝကြီးဆီကို အပြေးသွားလိုက်မိတယ်။ ကျွန်မ ရုတ်တရက် ကြားလိုက်ရတဲ့ အသံလှိုင်း။

"လူနာရဲ့ အခြေအနေက



အတော်လေး ကောင်းစ ပြုနေပြီ ကိုကျော်ခေါင်။ ဒါပေမယ့်…"

ကျွန်မ စကားဆုံးအောင် နားထောင်ချင်ပေမယ့် ကြားနေရတဲ့ အသံလှိုင်းက ပြတ်တောက်သွားတယ်။ ဒါဆို လူနာက ဘယ်သူလဲ။ ပြီးတော့ ကိုကျော်ခေါင်ဆိုပါလား။ ကိုကျော်ခေါင်က ကျွန်မရဲ့ မောင်ဆိုတော့ လူနာက ကျွန်မလား။ မဖြစ်နိုင်ဘူး။ ကျွန်မ ဒီနေရာရောက်နေတာပဲ။ ကျွန်မ ကျောက်ခေါင်းတလားကြီးနှစ်ခုကို ကြည့်ပြီး ရင်ထဲမှာ စို့နင့်စွာ ခံစားနေမိတယ်။

ဟုတ်တယ်လေ။ ကျွန်မ ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့တဲ့ မြင်ကွင်းတွေ။ ကျွန်မ ထိတွေ့ခွင့်ရတဲ့ အသိတွေ။ ဒါဆို ကျွန်မ ဘာဆက်လုပ်ရမှာလဲ။ ပြီးတော့ ကျွန်မ မကြားဘူးခဲ့တဲ့ နာမည်။ မောင်က နန္ဒကျော်ခေါင်တဲ့လား။ ဒီနေရာက ထာဝရ ဆုံဆည်းဖို့ သစ္စာပြုထားတဲ့ ချစ်သူ့နယ်မြေ။

ကျွန်မအတွေးတွေနဲ့ ကယောင်ချောက်ချားဖြစ်နေမိတယ်။ မောင် အချိန်အကြာကြီး အိပ်နေလို့ မဖြစ်ဘူး။ မောင့်ကို နှိုးပြီး ကျွန်မ အိမ်ပြန်ရမှာ။ မောင်လည်း သိသားပဲ။ ကျွန်မအပြန်ကို မျှော်လင့်တောင့်တနေရှာတဲ့ ရင်သွေးတွေ။ ကျွန်မ မောင့်မျက်နှာကို ကြည့်လိုက်မိတယ်။ ကျွန်မ မောင့်အနားမှာ ရှိနေတာ မောင် မသိရှာလား။

ကျွန်မ မောင့်အနားမှာ ရှိတာသိရင် မောင်သိပ်ဝမ်းသာနေရှာမှာ။ ခုတော့ မောင်က ကျွန်မကို မသိသလို နေနေပါလား။ မောင် တကယ်ပဲ ကျွန်မကို စိမ်းကားသွားပြီလား။ ကျွန်မ မောင့်ကို နှိုးဖို့ စိတ်ကူးလိုက်ပေမယ့် ကျွန်မနားထဲမှာ မမျှော်လင့်ဘဲ ကြားလိုက်ရတဲ့ အသံလှိုင်း။



www.burmeseclassic.com

www.burmeseclassic.com

"ဟော…ဟော…သူ သတိရလာပြီ ကိုကျော်ခေါင်၊ သတိရလာပြီ"

ကျွန်မနားထဲမှာ ဝမ်းသာအဲလဲ ကြားလိုက်ရတဲ့ စကားသံ။ ဘယ်သူ သတိရလာလို့ မောင့်ကို ပြောနေတာလဲ။ ကျွန်မဘေးမှာ မောင်ရှိနေတာပဲ မဟုတ်လား။

"သင်း…သင်း…သတိရလာပြီ မောင် ဝမ်းသာလိုက်တာ သင်းရယ်"

ဟင်…မောင်က ဘယ်သူ့ကို ပြောနေတာလဲ။ ကျွန်မတော့ မဟုတ်နိုင်ဘူး။ ကျွန်မက ကျောက်ဂူကြီးထဲမှာလေ။ ကျွန်မ တွေးနေတုန်း မြန်းဆို ကျောက်ဂူကြီး ပွင့်သွားပြီး စူးရှတဲ့ အလင်းတန်းကြောင့် ကျွန်မ လန့်ဖျပ်ပြီး မျက်စိကို အားတင်းပြီး ဖွင့်ကြည့်လိုက်မိတယ်။

ကျွန်မနံဘေးမှာ ထိုင်ပြီး ကျွန်မရဲ့ ပိန်လှီနေတဲ့ လက်ကလေးကို တယုတယဆုပ်ကိုင်နေတဲ့ မောင်။ ဝမ်းသာကြည်နူးတဲ့ အကြည့်နဲ့ ကြည့်နေတဲ့ မောင့်မျက်ဝန်း။

ကျွန်မ မောင့်မျက်နှာကို တွေ့လိုက်ရလို့ အံ့သြသွားမိတယ်။ ကြည့်လေ။ ကျွန်မ မောင့်ကို တွေ့ခဲ့တုန်းက ကျောက်ဂူကြီးထဲက ကျောက်ခေါင်းတလားကြီးထဲမှာ။ ခု မောင်က ကျွန်မအနားမှာပါလား။

"သင်း…မောင့်ကို ကြည့်စမ်း။ သင်း မှတ်မိလား"

ကျွန်မနားထဲကို ထပ်ဆင့်ဝင်လာတဲ့ မောင့်ရဲ့ ကြင်နာတဲ့ စကားသံနဲ့ မောင့်ရဲ့ အကြည့်တွေ။ ကျွန်မ လည်ချောင်းထဲမှာ အက်ကွဲရှတဲ့ ဝေဒနာကြောင့် စကားမဆိုနိုင်ဘဲ မောင့်ကို အငေးသား ကြည့်နေမိတယ်။ မောင်က ကျွန်မအဖြစ်ကို တွေ့ပြီး ဝါဂွမ်းစ ဖြူဖြူလေးနဲ့ ရေဆွတ်ယူရင်း ကျွန်မပါးစပ်ထဲကို ရေစက်ချပေးနေတယ်။ ပြီးတော့ သွေ့ခြောက်နေတဲ့ ကျွန်မရဲ့ နှုတ်ခမ်းနှစ်လွှာကို ဆွတ်လိမ်းပေးနေရှာတယ်။

ကျွန်မ မောင့်ရဲ့ အပြုအမူကို ကြည့်ပြီး သနားနေမိတယ်။ ကြည့်လေ။ ကျွန်မအခက်အခဲမှန်သမျှ ရှေ့ကနေကာဆီးပြီး အစ်ကိုကြီးလို တစ်ဖုံ၊ လင်သားလို တစ်သွယ်၊ သံယောဇဉ်ကြီးမားခဲ့တဲ့ မောင်။ ညှိုးလျတဲ့ မျက်နှာနဲ့ ကျွန်မအဖြစ်ကို မယုံနိုင်စွာ ကြည့်နေတဲ့ အဖြစ်။

"သင်းရယ်…သင်းကို မောင် စောင့်ကြည့်နေခဲ့ရတာ ကြာခဲ့ပါပြီကွယ်"

ဘယ်လို။ မောင်…မောင်က ကျွန်မကို စောင့်ကြည့်နေရတယ် ဟုတ်လား။ ကျွန်မ ဘာတွေဖြစ်ခဲ့လို့လဲ။ ကျွန်မ ကမန်းကတန်း လှုပ်ရှားလိုက်မိတယ်။ ဘယ်လိုမှ လှုပ်ရှားလို့ မရတဲ့ ကျွန်မခန္ဓာကိုယ်။ ကျွန်မ လှုပ်ရှားလို့ ရနေတာက ကျွန်မမျက်စိနဲ့ ကျွန်မရဲ့ အသိတရား။ ကျွန်မ မြင်တွေ့နေရတဲ့ မျက်နှာကျက်အဖြူရောင်နဲ့ ကျွန်မ ထိတွေ့လိုက်ရတဲ့ ဆေးဝါးအနံ့တွေ။ ပြီးတော့ တဖြူးဖြူးတိုက်ခတ်လာတဲ့ အေးမြမြ သဘာဝ လေပြည်။

ကျွန်မ မောင့်ကို အငေးသား ကြည့်နေစဉ်မှာပဲ သူနာပြု ဆရာမလေး ရောက်လာပြီး ကျွန်မကို ဆေးထိုးပေးလိုက်မှ ကျွန်မ လက်ရှိရောက်နေတာက ဆေးရုံဆိုတဲ့ အဖြေကို သိလိုက်မိတယ်။ ကျွန်မ ဘာဖြစ်လို့ ဒီနေရာကို ရောက်ခဲ့တာလဲ။ မောင်က ကျွန်မမျက်နှာလေးကို အငေးသား ကြည့်နေရှာတယ်။ မောင် ကျွန်မအတွက် ဘယ်အထိ စိုးရိမ်ဘကြီး ခံစားခဲ့ရတယ် မသိဘူး။ မောင့်မျက်နှာတွေ ပိန်လှီနေပါလား။ ဒါဆို ကျွန်မသာ ကျောက်ဂူကြီးထဲမှာ ဆက်ရှိနေရင် မောင် ရှေ့ဆက်ခံစားရမယ့် အဖြစ်။ ကျွန်မ ဆက်မတွေးရဲအောင် ဖြစ်သွားမိတယ်။

"သင်း…သတိမရဘဲ ခံစားနေရတာ ရက်တစ်ပတ်ရှိနေပြီ သင်း။ သင်း ဒီနေ့မနက်မှ သတိပြန်ရလာတာ"

ဘုရားရေ…ကျွန်မ သတိမရခဲ့တာ ဟုတ်လား။ ဒါဆို ကျွန်မ ရောက်ခဲ့တဲ့ ကျောက်ဂူကြီးထဲက မောင်နဲ့ ကျွန်မ။ ပြီးတော့ နန္ဒကျော်ခေါင်နဲ့ ရုပ်စန္ဒာ။ ကျွန်မ မောင့်ကို တစ်ဝကြီး ပြောပြချင်လိုက်တာ။ ဒါပေမယ့် ကျွန်မ ဘယ်အထိ ဝေဒနာပြင်းပြင်းရှရှ ခံစားခဲ့ရမှန်းမသိဘူး။ ကျွန်မ ခန္ဓာကိုယ်တစ်ခုလုံး ပိန်လှီချိနဲ့ပြီး မလှုပ်မရှားနိုင်တဲ့ဘဝ။

"သင်းကို ခုလိုအဖြစ်မျိုးနဲ့ မောင် ပြန်တွေ့ရလိမ့်မယ်လို့ လုံးဝ မထင်ခဲ့ဘူး။ သင်းဝေဒနာက အတော်ပြင်းထန်ခဲ့တာ"

ကျွန်မ ဝေဒနာက ပြင်းထန်ခဲ့တယ်၊ ဟုတ်လား။ ကျွန်မ ဘယ်လိုဝေဒနာမျိုး ခံစားပြီး သတိမရခဲ့တာလဲ။ ကျွန်မ မောင့်ကို အားပါးတရ မေးချင်ပေမယ့် ဆွံ့အသူလို ဖြစ်နေမိတဲ့ ကျွန်မရဲ့ ပစ္စုပ္ပန်ဘဝ။ ကျွန်မ မောင့်ဆီက ထပ်ဆင့်ပေါ်လာမယ့် စကားသံကို နားစွင့်နေမိတယ်။

"သင်း…ခုလိုဖြစ်တော့ သွေးငါးပုလင်းသွင်းခဲ့ရတယ်။ မောင့်သွေးလည်း ပါတယ် သင်း"

မောင့်ဆီက ကြားလိုက်ရတဲ့ စကားသံနဲ့အတူ ကျွန်မခန္ဓာကိုယ်ကို ကျွန်မ ကြည့်လိုက်မိတယ်။ ပိန်လှီ ညှိုးချုံးနေတဲ့ ကျွန်မခန္ဓာကိုယ်ထဲမှာ ရှိနေတဲ့ မောင့်သွေးတွေ။ ကျွန်မ အံ့သြသွားမိတယ်။ ကျွန်မအတွက်ဆို အသက်ကိုပင် ပေးဝံ့တဲ့ မောင့်ရဲ့ သစ္စာနှလုံးသား။ ကျွန်မ မောင့်ကို ဘယ်လို[illegible]



www.burmeseclassic.com

www.burmeseclassic.com

ပေးဆပ်ရမှာလဲ။ ကျွန်မ ဝမ်းသာလွန်းလို့ တားဆီးမရနိုင်တဲ့ မျက်ရည်စတွေက ပါးပြင်ပေါ်မှာ စီးကျနေတုန်းပဲ။

"မငိုပါနဲ့တော့ သင်းရယ်။ သင်းခံစားရတဲ့ ဝေဒနာကို ကြည့်ပြီး အားလုံးက လမ်းဆုံးပြီလို့ သတ်မှတ်ထားခဲ့ကြတာ။ မောင်က သင်းနဲ့ ရာသက်ပန်နေရဖို့ မြတ်ဘုရားမှာ သစ္စာပြု ဆုတောင်းပြီး သင်းအတွက် ကုသိုလ်ကောင်းမှုတွေ ပြုခဲ့တာ။ ပြီးတော့ သင်းနှလုံးသားထဲမှာ ရတနာသုံးပါးရှိတယ်ဆိုတာ မောင် ယုံကြည်တယ်"

ကျွန်မရင်ထဲက ရတနာသုံးပါးဟုတ်လား။ မောင်ပြောမှ ကျွန်မ သတိရသွားမိတယ်။ ဟုတ်တယ်လေ။ ကျွန်မငယ်စဉ်ကတည်းက နှလုံးသားထဲမှာ အမြဲမပြတ် တည်ရှိနေတာက ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါး။ ကျွန်မ ရတနာသုံးပါးကို အာရုံပြုလိုက်မိတယ်။ ကျွန်မ ဘုရားကို အာရုံပြုဆုတောင်းရင်း ပါးပြင်ပေါ်သို့ ကျနေမိတဲ့ မျက်ရည်စတွေ။ မောင်က တယုတယ သုတ်ပေးနေရှာတယ်။

"မောင်ကတော့ သင်းနဲ့ ဘယ်ဘဝရောက်ရောက် ထာဝရဆုံဆည်းဖို့ သစ္စာပြုထားတဲ့သူပါ"

မောင့်စကားကို ကြားလိုက်ရလို့ ကျွန်မ အံ့သြတကြီးဖြစ်သွားမိတယ်။ ဒါဆို မောင်က ချစ်သူဝိညာဉ်နယ်မြေက ရူပစန္ဒာနဲ့ ဘဝချင်း ဆုံဆည်းခဲ့တဲ့ နန္ဒကျော်ခေါင်လား။ ဒီလိုဆို ကျွန်မက ဘယ်သူလဲ၊ ရူပစန္ဒာလား။ ကျွန်မ တွေးမိရင်း မောင့်ကို အထိတ်တလန့်နဲ့ ကြည့်လိုက်မိတယ်။

"သင်းနဲ့ ဘဝဆက်တိုင်း ဆုံဆည်းဖို့ မောင် ချစ်သူနယ်မြေမှာ သစ္စာပြုခဲ့တာကို သင်း မယုံလို့လား"

ဆွေးဆွေးမြည့်မြည့်လေး ထွက်

“

ကျွန်မရဲ့ ပါးစပ်ဖျားဆီက
တုံ့နှေး လေးလံစွာ တစ်လုံးချင်း
ထွက်ပေါ်သွားမိတဲ့ စကားသံ။
ရုတ်တရက် ကြားလိုက်ရတဲ့
မောင်က ကျွန်မလက်မောင်းကို
လှုပ်ယမ်းပြီး အံ့သြတကြီးနဲ့
တုန်ယင်စွာ မေးနေတဲ့ စကားသံ။
မောင့်မျက်ဝန်းတွေ
အလိုလိုတောက်ပလာတယ်။
ပြီးတော့ ကျွန်မမျက်နှာကို
မယုံကြည်နိုင်တဲ့ အကြည့်တွေနဲ့
ကြည့်နေရှာတယ်။
'နန္ဒကျော်ခေါင်နဲ့ ရူပစန္ဒာကို
သင်းသိနေတယ် ဟုတ်လား'

”

ပေါ်လာတဲ့ မောင့်ရဲ့ စကားကို ကျွန်မ ဘယ်လိုဖြေရမှန်းတောင် မသိဘူး။ ကျွန်မ ကြုံခဲ့ရတဲ့ အဖြစ်တွေက တကယ်လား၊ ပုံပြင်လားဆိုတာ ဝေခွဲမရနိုင်အောင် ဖြစ်သွားမိတယ်။ ပြီးတော့ ကျွန်မမျက်စိထဲ အလိုလိုမြင်ယောင်လာမိတဲ့ နန္ဒကျော်ခေါင်နဲ့ ရူပစန္ဒာ ကျောက်ခေါင်းတလားကြီး။ အဘယ်သို့သော ဘဝ・・ဘဝက ပန်သစ္စာတွေ ပြုခဲ့သည်မသိ။ ကျောက်ဂူကြီးထဲတွင် ထာဝရ ယှဉ်တွဲနေခဲ့ဖြစ်သည့် သစ္စာပြယုဂ်မြင်ကွင်း။

"န・・・န္ဒ・・・ကျော်・・・ခေါင်・・・ရူ・・・ပ・・・စ・・・န္ဒာ"

"သင်း・・・သင်း ဘာပြောတယ်၊ နန္ဒကျော်ခေါင်နဲ့ ရူပစန္ဒာ ဟုတ်လား"

ကျွန်မရဲ့ ပါးစပ်ဖျားဆီက တုံ့နှေး လေးလံစွာ တစ်လုံးချင်း ထွက်ပေါ်သွားမိတဲ့ စကားသံ။ ရုတ်တရက် ကြားလိုက်ရတဲ့ မောင်က ကျွန်မလက်မောင်းကို လှုပ်ယမ်းပြီး အံ့သြတကြီးနဲ့ တုန်ယင်စွာ မေးနေတဲ့ စကားသံ။ မောင့်မျက်ဝန်းတွေ အလိုလိုတောက်ပလာတယ်။ ပြီးတော့ ကျွန်မမျက်နှာကို မယုံကြည်နိုင်တဲ့ အကြည့်တွေနဲ့ ကြည့်နေရှာတယ်။

"နန္ဒကျော်ခေါင်နဲ့ ရူပစန္ဒာကို သင်းသိနေတယ် ဟုတ်လား"

မောင်ရဲ့ အားမလိုအားမရ မေးတဲ့ စကားသံကို ကျွန်မ ခေါင်းညိတ်ပြီး အဖြေပေးလိုက်မိတယ်။ ဟုတ်တယ်လေ။ ကျွန်မရဲ့ နှလုံးသားနဲ့ အသိအာရုံတွေကို ပွင့်လင်းဖို့ ကျွန်မလက်ကလေးကို ဆုပ်ကိုင်ပြီး ကြည့်နေတဲ့ မောင့်မျက်ဝန်း။ ကျွန်မကို စကားမဆိုတော့ဘဲ ပြတင်းပေါက်မှာ ကာထားတဲ့ လိုက်ကာအဖြူရောင်လေး။ လေအလာ တဖျတ်ဖျတ်လှုပ်ခါနေတာကို မောင် ကြည့်တယ်။ ကျွန်မ ကျောက်ဂူကြီးထဲမှာ တွေ့ခဲ့ရတဲ့ ကျောက်ခေါင်းတလားကြီးထဲက မောင့်အဖြစ်ကို အမှတ်ရမိနေပြီလား။

ကျွန်မ မောင့်ကို ပြောပြခဲ့လို့ မောင် ဟိုဘဝက ရူပစန္ဒာကို ပြန်သတိရပြီး ငြိတွယ်နေပြီလား။ ကျွန်မရင်ထဲက ပထမဆုံး ပွင့်အန်သွားမိတဲ့ စကားသံ။ ဒီစကားသံကို ကျွန်မ ဘာ့ကြောင့် ပြောနိုင်ခဲ့တာလဲ။

"မောင်ဟာ မွေးကတည်းက ရင်ဘတ်မှာ ထူးထူးခြားခြား မှဲ့ထပ်ရာကြီး ပါခဲ့တာကိုး။ အဘိုးက တွေ့ပြီး မောင့်ကို အတိတ်ဘဝက လာတဲ့သူလို့ ပြောပြခဲ့ဖူးတယ်။ ပြီးတော့ မောင် တစ်နေ့ ဘဝဟောင်းက ပတ်သက်ခဲ့





www.burmeseclassic.com

www.burmeseclassic.com

နဲ့ ဆုံဆည်းလိမ့်မယ်လို့ ပြောပြခဲ့ဖူးတယ်။ အဲဒါကို မောင် လုံးဝ မယုံကြည်ခဲ့ဘူး သင်း။ ဒါပေမယ့် မောင် တစ်ခါတလေ အိပ်မက်လိုလို ထူးထူးဆန်းဆန်းတွေမက်ပြီး မောင် နန်းဝတ်နန်းစားနဲ့ ဖြစ်နေတာ။ ပြီးတော့ မောင့်ဘေးမှာ အမျိုးသမီးတစ်ယောက်ကို တွေ့ရတယ်။ ဟောဒီမှာကြည့် · · · သင်း။ မောင့်မွေးရာပါ ဒဏ်ရာကြီး"

မောင်က ကျွန်မ မယုံကြည်မှာ စိုးပြီး သက်သေအဖြစ် လှစ်ပြလိုက်တဲ့ မောင့်ရင်ဘတ်က ဒဏ်ရာ။ ကျွန်မ ကြည့်ရင်း မှင်သက်မိသွားတယ်။ ဟုတ်တယ်လေ။ ကျွန်မ မောင့်ကို ကျောက်ခေါင်းတလားကြီးထဲမှာ တွေ့ခဲ့တုန်းက မောင့်ရင်ဘတ်မှာ နှင်းဆီပန်းလိုလို၊ သွေးကွက်လိုလို အရာတွေက မောင့်ဒဏ်ရာတွေပါလား။

"သင်း သတိမေ့ပြီး တွေ့ကြုံခဲ့တဲ့ အတိုင်းဆို မောင် · · · မောင်က နန္ဒကျော်ခေါင်ဖြစ်လေမလားလို့ တွေးမိလို့ပါ"

မောင်က ခွေးခွေးမြည့်မြည့်လေး ပြောရင်း ကျွန်မမျက်နှာလေးကို ငေးမောကြည့်နေရှာတယ်။ ကျွန်မ မောင့်အဖြစ်ကို တွေ့လိုက်ရလို့ မောင် နားလည်အောင် ဘယ်လိုရှင်းပြရမှန်း မသိတော့ဘူး။

"အင်းလေ၊ ဘဝအဆက်ဆက် သစ္စာမှန်ခဲ့လို့ မောင်နဲ့ သင်း ဆုံဆည်းခဲ့ကြတာ မဟုတ်လား။ အားမငယ်ပါနဲ့ သင်းရယ်။ သင်းဘေးမှာ မောင်နဲ့အတူ သင်းသိပ်ချစ်တဲ့ သားနဲ့ သမီးလေးလည်း ရှိနေပြီမဟုတ်လား။ သင်း ကျန်းမာရေး ကောင်းသွားရင် မောင်တို့ ဘုရားစုံဖူးရင်း ကုသိုလ်ဒါနတွေ ပြုကြမယ်လေ။ ပြီးတော့ မောင်နဲ့ သင်း သစ္စာပြုရဦးမှာ မဟုတ်လား"

မောင်က ကျွန်မကို အားပေးနှစ်သိမ့်တဲ့ စကားတွေ ပြောနေရှာတယ်။ ကျွန်မ မောင့်မျက်နှာကို ငေးကြည့်လိုက်မိတယ်။

ကျွန်မ ငေးမကြည့်လို့ မဖြစ်ဘူး။ ကျွန်မ ခံစားနေရတဲ့ ဝေဒနာကို ကျွန်မ သိနေတယ်။ ခန္ဓာကိုယ်တစ်ခုလုံး လှုပ်ရှားလို့ မရအောင် ပိန်လှီညှိုးနွမ်းနေတဲ့ ကျွန်မရဲ့ လက်ရှိဘဝ။ ဒီလိုအခြေအနေမျိုးနဲ့ မောင် ကျွန်မကို ထာဝရ လက်တွဲပြီး ခေါ်နိုင်ပါ့မလား။ ပြီးတော့ မောင့်ဘက်က ကျွန်မအပေါ် သည်းခံခွင့်လွှတ်နိုင်ပါ့မလား။ ကျွန်မက အစစအရာရာ ချို့တဲ့နေတဲ့သူ။ ဖြစ်နိုင်ရင် ကျွန်မ မောင့်ကို ဒုက္ခမပေးချင်တော့ဘူး။

"ဖြစ်ပြီးခဲ့တာတွေ ပြန်တွေးမနေပါနဲ့ သင်းရယ်။ သင်း ဘယ်လိုဘဝမျိုး ရောက်ရောက် သင်းအနားက မောင် မသွားဘူး။ အိုကွာ · · · မောင် သင်းအတွက် ဘဝဆက်တိုင်း သစ္စာမပျက်ဘူးဆိုတာ မောင် သစ္စာပြုရဲတယ်"

"မောင် သစ္စာပြုရဲတယ် ဟုတ်လား"

ကျွန်မ မောင့်စကားကို ကြားပြီး အံ့အားသင့်သွားမိတယ်။ မောင့်ရင်ထဲက သစ္စာတရား။ ကျွန်မ မောင်နဲ့ ထပ်ပြီး မဝေးချင်တော့ဘူး။ ကျွန်မ မောင်နဲ့ ခဏတာလေး ဝေးရတာတောင် ကျွန်မ ကြုံတွေ့ခံစားခဲ့ရတဲ့ အဖြစ်တွေက မယုံနိုင်စရာ ဖြစ်ခဲ့ရတာ မဟုတ်လား။ ကျွန်မ ဘာကြောင့် မောင်နဲ့ ဝေးဖို့ ဒီလိုဝေဒနာမျိုး ခံစားခဲ့ရတာလဲ။ ပြီးတော့ နန္ဒကျော်ခေါင်နဲ့ ရှုပစန္ဒာကို ဆန်းကြယ်စွာ ဆုံတွေ့ခဲ့တာလဲ။ ကျွန်မ အဖြစ်ကို ကျွန်မ ပြန်တွေးမိရင်း တုန်လှုပ် ခြောက်ခြားသွားမိတယ်။

ကြည့်လေ။ ဟိုတုန်းက မောင့်ကို တွေ့ရင် မောင်ရေ · · မောင်ရေလို့ အားရပါးရခေါ်ခွင့်ရခဲ့တဲ့ ကျွန်မ။ ဟိုတုန်းက မောင့်ကို တွေ့ရင် အပြေးကလေးသွားပြီး မောင့်လက်ကို ဆွဲကြိုတတ်တဲ့အကျင့်။ ခုတော့ ထိုအရာအားလုံးနဲ့ ဆန့်ကျင်ဘက် ဖြစ်နေတဲ့ ကျွန်မဘဝ။ ကျွန်မ ကြောက်ရွံ့တကြီးနဲ့ မောင့်ကို ဝူးဝူးဝါးဝါးအသံနဲ့ ခေါ်လိုက်မိတယ်။ မောင်က ကျွန်မလက်ကို ကိုင်ပြီး စိုးရိမ်တကြီးမေးသံက ပေါ်လာတယ်။

"သင်း · · · သင်း ဘာဖြစ်ချင်လို့လဲ။ မောင့်ကို ပြောစမ်း · · · ပြောစမ်း"

ကျွန်မ မောင်ရဲ့ လက်နှစ်ဖက်ကို အားကိုးတကြီး ဆုပ်ကိုင်လိုက်မိတယ်။ ကျွန်မရဲ့ ပိန်လှီအေးစက်နေတဲ့ လက်ကလေးကို တယုတယပြန်ဆုပ်ကိုင်ထားတဲ့ မောင့်ရဲ့ ပူနွေးရှိန်းမြတဲ့ လက်။ ကျွန်မ မောင့်မျက်နှာကို မော့ကြည့်လိုက်မိတယ်။ ဒါဆို ကျွန်မက နန္ဒကျော်ခေါင်နဲ့ ဘဝအဆက်ဆက် သစ္စာဆုပန်ခဲ့တဲ့ ရှုပစန္ဒာလား။

"မောင် · · · သင်းကို ဘယ်ဘဝ ရောက်ရောက် မခွဲနိုင်ဘူး"

မောင်က ကျွန်မကို ရင်ခွင်ထဲမှာ ပွေ့ရင်း တိုးညင်းစွာ ပြောလိုက်တဲ့ စကားသံ။ ဒီစကားသံက မောင့်နှလုံးသားထဲမှ နက်နက်ရှိုင်းရှိုင်း ထွက်ပေါ်လာတဲ့ သစ္စာလိပ်ပြာလား။ ဒါဆို ကျွန်မအပေါ် ထာဝရ ဝဲပျံနေမယ်ဆိုတာ မောင်က ခုဘဝတင် မကဘူး၊ နန္ဒကျော်ခေါင်ဘဝနဲ့ ရှုပစန္ဒာဖြစ်ခဲ့တဲ့ ကျွန်မကို သစ္စာသက်သေပြခဲ့ပြီမဟုတ်ပါလား။


* * *

ဇေသွန်ကျော်ဦး



www.burmeseclassic.com

www.burmeseclassic.com



# ဘေဘီလုံမှ မြစ်နှစ်ဖွာ

မောင်လင်းအောင်

ကမ္ဘာ့သမိုင်းတွင် ရှေးခေတ် ယဉ်ကျေးမှု စတင်ထွန်းကားရာ ဒေသများအနက် တစ်ခုအပါအဝင်ဖြစ်သော ဘေဘီလုံနီးယားနိုင်ငံသည် အာရှတိုက်အနောက်ပိုင်း တိုင်းဂရင်းမြစ်(Tigris)နှင့် ယူဖရေးတီးမြစ်(Euphrates)နှစ်သွယ်တို့ ယှဉ်ပြိုင်စီးဆင်းရာ တောင်ဘက် မြစ်ဝှမ်းဒေသတွင် တည်ရှိခဲ့၍ ယခု အီရတ်နိုင်ငံ၏ တောင်ပိုင်းဖြစ်လေသည်။ ဘေဘီလုံသည် မက်ဆိုပိုတေးမီးယား(Mesopotamia) ဟုခေါ်သော ယခု အီရတ်နိုင်ငံနေရာ၌ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ခန့်က တည်ရှိခဲ့သော နိုင်ငံကြီးဖြစ်သည်။ တူးဖော်တွေ့ရှိရသော ကျောက်တုံးများ၊ စဉ့်အုတ်များမှ ပန်းချီပန်းပုလက်ရာများ၊ ရွှံ့စာချပ်များကို လေ့လာတွေ့ရှိရခြင်းဖြင့် အလွန်ကြီးကျယ်ခမ်းနားသော ရှေးခေတ် နိုင်ငံကြီးတစ်နိုင်ငံဖြစ်ကြောင်း သိရလေသည်။

ရှေးအခါက ပါရှန်ပင်လယ်ကွေ့သည် ယခု အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒတ်မြို့တည်ရာအရပ်အထိ ရောက်ခဲ့သည်ဟု စူးစမ်းလေ့လာသူ သိပ္ပံပညာရှင်များက ဆိုကြသည်။ နှစ်ပေါင်း











www.burmeseclassic.com


www.burmeseclassic.com

















ရှည်ကြာသော် မြစ်နှစ်စင်းမှ ပါလာသော သဲမြေများ ဖို့တက်ပေါ်လာသော ကုန်းမြေသည် တဖြည်းဖြည်းကျယ်ပြန့်လာသည်။ ထို့ပြင် မြစ်နှစ်သွယ်တို့သည် နှစ်စဉ် ရေလွှမ်းမိုးလေ့ရှိသောကြောင့် နုန်းမြေများ ကမ်းခြေပေါ် တင်၍ ကျန်ခဲ့သည်။ ထိုနုန်းမြေများသည် မြေသြဇာကောင်းမွန်ပြီး မြစ်နှစ်သွယ်မှ ရေကိုလည်း လုံလောက်စွာ ရရှိနိုင်သဖြင့် ထိုဒေသတစ်ဝိုက်သည် စိုက်ပျိုးရေးဖြစ်ထွန်းသည်။ ထို့ကြောင့် အာရှအလယ်ပိုင်းမှ နယ်မြေသစ် ရှာဖွေသူများသည် မြစ်နှစ်မြွာဒေသတွင် လာရောက်၍ အခြေစိုက် နေထိုင်ကြသည်။ မိုးရေချိန်နည်းပါးသော်လည်း မြစ်နှစ်စင်းမှ ရေသွယ် တူးမြောင်းများဖြင့် စိုက်ပျိုးလုပ်ကိုင်နိုင်သောကြောင့် ထိုဒေသတွင် လာရောက်





www.burmeseclassic.com

www.burmeseclassic.com


အခြေချ နေထိုင်သူများ တစ်စတစ်စ ပိုမိုများပြားလာတော့သည်။ မြစ်နှစ်မြွာဒေသတွင် လူတို့ စတင်ဝင်ရောက်နေထိုင်ခဲ့သည့်အချိန်မှာ ဘီစီ ၅၀၀၀ ခန့်က ဖြစ်သည်။ ယင်းတို့သည် တောင်ကုန်း၊ တောင်ပူစာလေးများပေါ်နှင့် ကုန်းမြေမြင့်လေးများပေါ်တွင် အိုးအိမ်အဆောက်အအုံများ တည်ဆောက်နေထိုင်ကြသည်။


ထိုသို့ မြစ်နှစ်မြွာကို အခြေပြု၍ လူတို့ စတင် ဝင်ရောက်နေထိုင်ခဲ့ကြရာမှ ဘေဘီလုံမြို့ကြီး ပေါ်ပေါက်လာခဲ့သည်။ မြစ်နှစ်မြွာအနက်မှ တိုင်းဂရစ်မြစ်သည် မိုင်ပေါင်း ၁၁၅၀ မျှ ရှည်လျားသည်။ မိုဆူမြို့မှ အောက်သို့ ၁၂ရာသီ






ပတ်လုံး သင်္ဘောများ ဆန်တက်သွားလာနိုင်သည်။ အာရှတိုက်အနောက်ပိုင်းရှိ ကူးအစ္စတန် တောင်တန်းများမှ မြစ်ဖျားခံ၍ စီးဆင်းခဲ့ရာ မြစ်ညာတွင် အရှေ့ဘက်မှ စီးဝင်သော မြစ်လက်တက်များ၏ ရေလုံးအားကြီးသဖြင့် ရေစီးအားသန်သည်။ ထို့နောက် ကော်နာမြို့တွင် ယူဖရေးတီးမြစ်နှင့် ပေါင်းဆုံကာ ပါရှန်ပင်လယ်ကွေ့အတွင်းသို့ စီးဝင်သည်။ ရှေးခေတ်ဘေဘီလုံအပြင် အာဆီးရီးယန်း အင်ပါယာနိုင်ငံကြီးတွင်ပါ ထင်ရှားခဲ့သော မြစ်ဖြစ်၍ ရှေးဟောင်းမြို့ကြီးများမှာ ဤမြစ်










www.burmeseclassic.com

www.burmeseclassic.com









ကမ်းပေါ်၌ တည်ရှိခဲ့သည်။ ယခုခေတ် မြို့ကြီးများဖြစ်သော ဘာဆရာ၊ ဘဂ္ဂဒတ်နှင့် မူဆိုး စသော မြို့ကြီးများသည်လည်း တိုင်းဂရစ်မြစ်ကမ်းပေါ်တွင် တည်ရှိနေသည်။

ပထမကမ္ဘာစစ်ကြီးအတွင်းတွင် ဂျာမန်တို့က တိုင်းဂရစ်မြစ်နှင့် ယူဖရေးတီးမြစ်နှစ်သွယ်ကြားရှိ မြေသြဇာကောင်းသောနယ်ကို သိမ်းပိုက်ရန် ကြိုးစားသဖြင့် ဗြိတိသျှတို့က ဝင်ရောက် ကာကွယ်ပေးခဲ့ရသည်။ ဤသည်ကို အစပြု၍




ပထမကမ္ဘာစစ်အတွင်း ထိုဒေသသည် မက်ဆိုပိုတေးမီးယားစစ်မြေပြင်ဖြစ်ခဲ့ရသည်။ ရှေးခေတ်မှ စ၍ ယနေ့တိုင်အောင်ပင် မြစ်မှ ရေကို တူးမြောင်းများဖြင့် သွယ်ယူ၍ ကောက်ပဲသီးနှံများကို စိုက်ပျိုးကြလေသည်။

ယူဖရေးတီးမြစ်သည် အာရှတိုက်အနောက်ပိုင်းတွင် အကြီးဆုံးဖြစ်၍ တူရကီနိုင်ငံမြောက်ပိုင်းရှိ တောင်တန်းများတွင် မြစ်ဖျားခံပြီးလျှင် ဆီးရီးယားနိုင်ငံနှင့် အီရတ်နိုင်ငံတို့ကို ဖြတ်သန်းစီးဆင်းလာရာ မိုင်ပေါင်း ၁၇၀၀ခန့် ရှည်လျားသည်။ မြစ်ဝမှအထက် မိုင် ၁၀၀ခန့်တွင် ယူဖရေးတီးမြစ်သည် တိုင်းဂရစ်မြစ်နှင့် ပေါင်းဆုံပြီး ပါရှန်ပင်လယ်ကွေ့ထဲသို့ စီးဝင်သည်။ မြစ်ဝတွင် ချောင်းငယ်များ အဖြာဖြာခွဲထွက်စီးဆင်းလျက်ရှိသည်။ သင်္ဘောဖြင့် မြစ်နှစ်သွယ်ဆုံရာအရပ်အထိ ဆန်တက်နိုင်၍ လှေငယ်များဖြင့်လည်း မိုင် ၁၂၀၀မျှအထိပင် ဆန်တက်နိုင်လေသည်။ ရှေးအခါမှစ၍ ယခုထက်တိုင် မြစ်ရေကို ဆည်မြောင်းများဖြင့် သွယ်ယူလျက် မြစ်ဝှမ်းတွင် စိုက်ပျိုးလုပ်ကိုင်ကြသည်။ အီရတ်နိုင်ငံ၌ မြစ်ဝှမ်းသည် မြေသြဇာအထက်သန်ဆုံးအပိုင်းဖြစ်သည်။ ရှေးခေတ် ဆောတီလုံမြို့နှင့် ယခု အီရတ်နိုင်ငံအတွင်းသို့ ဂရစ်မြစ်နှင့် ယူဖရေးတီးမြစ်တို့ ဖြတ်သန်းစီးဆင်းသည်။

တိုင်းဂရစ်မြစ်နှင့် ယူဖရေးတီးမြစ်ဝှမ်းဒေသသည် အလွန်ရှေးကျသော ခေတ်ကတည်းက ယဉ်ကျေးမှုထွန်းကားရာ အချက်အချာဒေသဖြစ်ခဲ့ခြင်းကြောင့် သမိုင်းတွင် အလွန်ထင်ရှားပါသည်။

* * *

မောင်လင်းအောင်

**Ref ; Wikipedia, the free encyclopedia**

မြန်မာ့စွယ်စုံကျမ်း



www.burmeseclassic.com

www.burmeseclassic.com

# ချစ်သူကို အိမ်ထောင်ဖက် ရွေးသင့်၊ မရွေးသင့်

ဝင်းဇော်(သုံးဆယ်)

မိန်းကလေးတို့ရဲ့ ဘဝတစ်သက်တာ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ရာ၌ အစကောင်းမှ အနှောင်းသေချာစေဖို့ အရွေးမမှားရန်အတွက် "အိမ်ထောင်မှုဘုရားတည်၊ ဒေးမင်ရည် စုတ်ထိုး"ဆိုသည့် ရှေးစကားပမာ အိမ်ထောင်ပြုပြီးမှ ပျက်ရတာမျိုး မဖြစ်သင့်ဘဲ အိမ်ထောင်ပြုရာတွင် ဉာဏ်နှင့်ယှဉ်ပြီး ဆင်ခြင်စဉ်းစားစရာများကို ရေးသားတင်ပြချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဗေဒင်ကျမ်းတွင် "ဦးသာ၊ စိန်ပန်း၊ ဒန်းလှ၊ ကိုရှာ" ဆိုတိုင်းလည်း အိမ်ထောင်၊ စီးပွား၊ စိတ်နေသဘောထားများ မသင့်မြတ်တာတွေ ရှိသည်။ မွေး သောကာ၊ အင်းဝ၊ ရာဇာ အိမ်ထောင်သက်မရှည်ရာဟု ဆိုတိုင်းလည်း မယုံကြည်သင့်ပါ။

"ဦးညို၊ ခေမာ၊ သုတာ၊ ဝေရီ၊ ရန်စီစီ"ဟု ဆိုထားသော်လည်း အိမ်ထောင်၊ စီးပွားကောင်းမွန်၍ စိတ်သဘောထားချင်း တိုက်ဆိုင်သူများကို တွေ့ရသည်။ ဗေဒင်အဆိုအရ ပုံသေမှတ်ယူ၍ မရသော အရာများ ရှိသည်။

မွေးချိန်နက္ခတ်နှင့် ဖွားဇာတာကောင်းလျှင် အိမ်ထောင်ဖက်နှင့် အကျိုးပေးသန်ခြင်း၊ ဖွားဇာတာတွင် ပုဏ်၊ ဘင်၊ မရဏ ကျရောက်သူများ စီးပွားရေးကောင်းသည်ကို တွေ့ရသည်။ (ရာဟုပါ)။ ဂြိုဟ်အိပ်သော်လည်း အကျိုးပေးခြင်း တွေ့ရသည်။ လူ့ဘဝသက်တမ်းတွင် အဆိုးနှင့် အကောင်းသည် ထာဝရ ဒွန်တွဲနေမြဲဖြစ်သည်။

မိမိချစ်သူ (အိမ်ထောင်ဖက်ဖြစ် ရည်မှန်းထားသူ)၏ မွေးလကို သိထားပြီး ၁၂လရာသီခွင်ဖြင့် ကြည့်၍ သူ၏ စိတ်ထားနှင့် ဆောင်ရွက်တတ်မှုကို ဆင်ခြင်ကြည့်ရန်ဖြစ်သည်။

**မွေးလ ရာသီခွင်**

* မတ်လ ၂၁ရက်မှ ဧပြီ ၂၀ရက်အတွင်း မိဿ ရာသီခွင်၊
* မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မေထုန် ရာသီခွင်၊
* ဇွန်လ ၂၁ရက်မှ ဇူလိုင်လ ၂၀ရက်အတွင်း ကရကဋ် ရာသီခွင်၊
* ဇူလိုင်လ ၂၁ရက်မှ ဩဂုတ်လ ၂၀ရက်အတွင်း သိဟ်ရာသီခွင်၊
* ဩဂုတ်လ ၂၁ရက်မှ စက်တင်ဘာလ ၂၂ရက် အတွင်း ကန်ရာသီခွင်၊
* စက်တင်ဘာလ ၂၃ရက်မှ အောက်တိုဘာ ၂၂ ရက်အတွင်း တူရာသီခွင်၊
* အောက်တိုဘာ ၂၃ရက်မှ နိုဝင်ဘာ ၂၂ရက် အတွင်း ဗြိစ္ဆာရာသီခွင်၊
* နိုဝင်ဘာ ၂၃ရက်မှ ဒီဇင်ဘာလ ၂၀ရက်အတွင်း ဓနုရာသီခွင်၊
* ဒီဇင်ဘာလ ၂၁ရက်မှ ဇန်နဝါရီလ ၂၁ရက်အတွင်း မကာရရာသီခွင်၊
* ဇန်နဝါရီလ ၁၉ရက်မှ ဖေဖော်ဝါရီလ ၁၈ရက် အတွင်း ကုမ်ရာသီခွင်၊
* ဖေဖော်ဝါရီလ ၁၉ရက်မှ မတ်လ ၂၀ရက်အတွင်း မိန်ရာသီခွင်

ဟု ခွဲခြားထားသည်။ ရာသီမှာ ဖို-မ ရာသီနှစ်ခွင်ရှိပြီး ဖိုရာသီခွင်တွင် မိဿ၊ မေထုန်၊ သိဟ်၊ တူ၊ ဓနု၊ ကုမ် စသည့် ရာသီ ၆လထဲမှ မွေးသူတို့သည် အကုန်အကျွမ်းဝင်သည်။ ရက်စက်ကြမ်းတမ်း၍ ခွန်အားကြီးသော ယောက်ျားစိတ်ထားရှိသည်။

မ-ရာသီခွင်တွင် ပြိဿ၊ ကရကဋ်၊ ဗြိစ္ဆာ၊ မကာရ၊ မိန် စသည့် ၆လထဲတွင် မွေးဖွားသူတို့မှာ သိမ်မွေ့ ပျော့ပျောင်း၍ ခွန်အားနည်းသော ယောက်ျားစိတ်ထားရှိသည်။

ထို့မှတစ်ဖန် စရ၊ ထိရ၊ ဒွေးဒဟ ရာသီသုံးမျိုးထဲတွင် လေးလ၊ လေးရာသီ ပိုင်းခြားထားပြန်သည်။

စရရာသီပိုင်း၌ မိဿ၊ ကရကဋ်၊ တူ၊ မကာရတို့ ပါဝင်သည်။ ယင်းရာသီများ၌ မွေးဖွားသူများမှာ ဉစ္စာအတည်အမြဲ မရှိတတ်၊ သွေးအားနည်း၍ စိတ်လိုက်မာန်ပါ လုပ်တတ်ခြင်း၊ မရည်ရွယ်သော ခရီးဝေးသို့ သွားလာလှုပ်ရှားခြင်း။ အလုပ်အကိုင်တွင် ဌာမရှိ၊ ခဏသာ လုပ်တတ်သူများ ဖြစ်သည်။ အလောင်းအစား အပျော်အပါးကြိုက်သူများ ဖြစ်သည်။ စရရာသီသည် ဆိတ်သတ္တဝါကဲ့သို့ မငြိမ်မသက်လှုပ်ရှားသော စိတ်ထားရှိသူကို ဖော်ပြသည်။

ထိရရာသီမှာ နွားကဲ့သို့ ချည်တိုင်တွင် စွဲမြဲစွာ ရှိတတ်သော စိတ်ထားမျိုးဖြစ်သည်။ ထိရရာသီပိုင်းတွင် ပြိဿ၊ သိဟ်၊ ဗြိစ္ဆာ၊ ကုမ်ရာသီတို့ ပါဝင်လေသည်။

ထိုရာသီ၌ မွေးသောသူများမှာ ရရှိသော ပစ္စည်းဉစ္စာကို တည်မြဲအောင် စုဆောင်းတတ်ခြင်း၊ ခိုင်ခံ့တည်ကြည်သော စိတ်ထားရှိခြင်း၊ အချိန်အတိအကျဖြင့် လုပ်ကိုင်တတ်သူများ ဖြစ်သည်။ ကျစ်လျစ်သိပ်သည်းစွာ စီးပွားရှာတတ်သည်။ အစဉ်အမြဲ ကြိုးစားနေသူများဖြစ်သည်။

ဒွေးဒဟာရာသီမှာ အလွန်နှစ်ပါးနှစ်ခွရှိခြင်းကို ဆိုလိုသည်။ ဒွေးဒဟာရာသီတွင် မေထုန်၊ ကန်၊ ဓနု၊ မိန်ရာသီတို့ ပါဝင်သည်။ ယင်းရာသီခွင်တွင် မွေးဖွားသူများမှာ ရေလိုက်ငါးလိုက် ညီညွတ်အောင် လုပ်ကိုင် ဆက်ဆံတတ်ခြင်း၊ အတတ်ပညာကို တစ်ခုမက တတ်မြောက်ခြင်း၊ စိတ်နှစ်ခွ၊ အလုပ်နှစ်မျိုး ကြံစည်ပြုလုပ်တတ်သည်။ ကာမစိတ်ကြီးသည်။ စီးပွားရေးတွင် မနားမနေ ကြိုးစားရှာဖွေခြင်း ကြီးပွားချမ်းသာမှုတွင် ဆန္ဒပြင်းထန်သည်။



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးတို့၏ ဘဝအဖော်မွန်သည် ရာသီသုံးခွင်တွင် မည်သည့်လတွင် မွေးဖွားသူများ ဖြစ်ပါသလဲ။ အသေးစိတ် ဆန်းစစ်ကြည့်ပါလော့။

တစ်ဖန် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်လေးပါးတွင် သုံးရာသီစီ ပိုင်းခြား၍ မည်သည့်အိမ်တွင် မွေးဖွားသည်ကို လေ့လာကြည့်ကြပါစို့။

တေဇောဓာတ်(မီး)အိမ်မှာ ကျရောက်သည့် မိဿ၊ သိဟ်၊ ဓနုရာသီခွင်တွင် မွေးသူတို့မှာ လွတ်လပ်စွာ ကြံစည်လုပ်ကိုင်တတ်သူ၊ စိတ်ကူးယဉ်သမား၊ အနုပညာ၊ အတတ်ပညာစိတ်ရှိသူ၊ အလောတကြီး နေ့/ည ဆောင်ရွက်တတ်ခြင်း၊ ကိုယ့်ဒူးကိုယ်ချွန်သမားများ ဖြစ်သည်။ ကြင်နာမှုနှင့် စွဲလမ်းမှု အားကြီးသူများဖြစ်သည်။

ပထဝီဓာတ်(မြေ)အိမ်မှာ ကျရောက်သည့် ပြိဿ၊ ကန်၊ မကာရ ရာသီခွင်တွင် မွေးဖွားသူတို့မှာ တည်ကြည်သော စိတ်ရှိသည်။ ဝတ္တရားကို သိတတ်ရှိသေစိတ်ရှိသည်။ ဆွပေးလာသူရှိလျှင် နွားသိုးကဲ့သို့ ရှူးရှူးရှားရှားလုပ်တတ်သည်။ ခဏသာဖြစ်သည်။ ပြီးလွယ်၊ ပျောက်လွယ်သည်။ အချစ်ရေးတွင် သဘောနှ၍ အမျိုးသမီးများနှင့် အရောတဝင်နေတတ်သည်။

ဝါယောဓာတ်(လေ)အိမ်မှာ ကျရောက်သည့် မေထုန်၊ တူ၊ ကုမ်ရာသီခွင်တွင် မွေးဖွားသူတို့မှာ စိတ်ပြောင်းလွယ်သည်။ အထိုက်အလျောက်ပြောဆို ကျင့်ကြံတတ်သည်။ စွဲမြဲစိတ်မရှိ၊ အချစ်စိတ်မှာလည်း ပြောင်းလဲသည်။ ကာမဂုဏ်စိတ်ကြီးသည်။ လိုချင်လျှင် မရ,ရအောင် လျင်မြန်စွာ ပြုမူတတ်သည်။

အာပေါဓာတ်(ရေ)အိမ်မှာ ကျရောက်သည့် ကရကဋ်၊ ဗြိစ္ဆာ၊ မိန်ရာသီခွင်တွင် မွေးဖွားသူတို့မှာ မှတ်ဉာဏ်အားကောင်းသည်။ ပုစွန်လုံး(ကဏန်း)ကဲ့သို့ ချစ်သူကို မလွှတ်တမ်းနိုင်မြဲခြင်း၊ အေးဆေးစွာ နေတတ်ခြင်း၊ ဆက်ဆံရာတွင် ခက်ခဲသည်။ ကြင်နာမှုရှိ၍ ငွေကောင်းသည်။

ဤသို့ဖြင့် ရာသီခွင်အလို၊ ဓာတ်သဘောအလိုတို့ကို ချင့်ချိန်တွက်ချက်၍ မိမိချစ်သူကို မိမိအိမ်ထောင်ဖက်အဖြစ် ရွေးချယ်ရန် သင့်,မသင့် စဉ်းစားဆုံးဖြတ်ပါက ဘဝတစ်သက်တာ စိတ်ချမ်းသာ ပျော်ရွှင်မှုကို ရရှိခံစားကြမည်သာဖြစ်သည်။

* * *

ဝင်းဇော်(သုံးဆယ်)


မြန်မာနိုင်ငံဝေဒသုတေသနပညာရှင်

**ဓမ္မာစရိယ ဆရာဦးအောင်ကျော်မိုး**

(နက္ခတ်ဗေဒင်၊ ယတြာ အခါပေးပညာရှင်)

လူသားတို့အတွက်

- အတွဲညီသောအိမ်ထောင်ဖက်
- အကျိုးပြုသောအလုပ်အကိုင်နှင့် နေရပ်
- ရှေးဘဝကတည်းက အထုံပါခဲ့သော ပညာရပ်
- ကျန်းမာရေး၊ ဘာသာရေး စသည်တို့ကို နေ့စဉ် ဟောပြောပေးနေသည်။
- အိမ်၊ ခြံ၊ မြေ ပန္နက်ရိုက် အခါပေးနှင့် ရောင်းအဝယ်အစီအမံယတြာများ ပြုလုပ်ဆောင်ရွက်ပေးသည်။

ဟောခန်းလိပ်စာ

စီ- ၅၊ အမှတ် (၁၆၇/၁၇၃) ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့။

ဖုန်း - ၃၉၂၂၄၃




www.burmeseclassic.com

www.burmeseclassic.com

# ဂျပန်

## ဆေးစွမ်းကောင်းများ

- ဂျပန်နားသန့်ဆေးကြီး
- ဂျပန်နားရောဂါပျောက်ဆေးကြီး
- ဂျပန်မျက်စိကြည်ဆေးကြီး
- ဂျပန်မျက်စိရောဂါပျောက်ဆေးကြီး
- ဂျပန်သွားရောဂါပျောက်ဆေးကြီး
- ဂျပန်နှာခေါင်းရောဂါပျောက်ဆေးကြီး



အစလ မှတ်ပုံတင်အမှတ် အစ ၁၂(၁၀၃၉၆)
လင မှတ်ပုံတင်အမှတ် ၄/၁၀၃၉

အမြို့မြို့ ဆိုင်တိုင်းမှာ မေးဝယ်ပါ

www.burmeseclassic.com

www.burmeseclassic.com

# ညှိုးရွှေသစ်

## နောက်ဆုံး အမျှဝေသံ



(၁)

"ဝူးခနဲ" ကားတစ်စီးထိုးရပ်သံကို ကြားသည်။ အကြည့်များက ကားသံကြားရာဆီသို့ စုပြုံရောက်သွားကြလေ၏။ ဦးလေးထွန်း။

ဦးလေးထွန်းသည် ကားပေါ်က အပြေးအလွှားဆင်းလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

“မောင်ထွန်း…ဘာဖြစ်လို့လဲ”

အဖေက စိုးရိမ်စွာ မေးလိုက်၏။

“နန်းနဲ့ သားကြီးကို လာခေါ်တာ။ သန့်က နန်းနဲ့ သားကြီးကို တွေ့ချင်လို့ အမြန်ခေါ်လာပါတဲ့”

ဦးလေးထွန်းက ပြောတော့မှ အလုံးကြီးက ရင်ထဲမှ မြုန်းခနဲကျသွား၏။

“ကဲ - ကဲ၊ သမီးရော သားကြီးရော အဝတ်အထည်လဲပြီး လိုက်သွားကြ”

အဖေက ပြောပြီး တွေးနေသည်။

“သမီးသန့်က မွေးပြီလား မောင်ထွန်း”

အမေက ဦးလေးထွန်း၏ မျက်နှာကို ကြည့်ပြီး မေးပြန်သည်။

“ဟုတ်ကဲ့၊ အစ်မသန့် သမီးလေး မွေးတယ်”

ဦးလေးထွန်းက အင်အားနည်းစွာ ပြောသည်။

“သန့်ရော၊ သမီးလေးရော နေကောင်းကြရဲ့လား”

အမေက ရှည်နေပြန်သည်။

“ဟုတ်ကဲ့”

ဦးလေးထွန်း မပြောချင်သလို ပြောချင်သလိုနှင့် ပြောသည်။

နန်းရင်ထဲမှာ ဘဝင်မကျလှပါ။ တကယ်ဆို ဦးလေးထွန်းက ဝမ်းသာအားရ ပြောရမှာ။ ခုတော့…။

“နန်း…မြန်မြန်လုပ်လေကွာ”

ဦးလေးထွန်းက အလောသုံးဆယ် ပြောနေပြန်သည်။

ကျွန်မနဲ့ သားလေး ကိုသက်၊ အဝတ်အထည်လဲပြီး သားလေးကို ပွေ့ကာ အခန်းထဲမှ ထွက်လာခဲ့ကြပြီး အဖေနဲ့ အမေကို နှုတ်ဆက်လိုက်ပြန်သည်။

“လာလေ…နန်း”

ဟု ပြောပြီး ဦးလေးထွန်း ခြေလှမ်းကျဲကြီးနှင့် ကားဆီသို့ ထွက်သွားလေပြီ။

“သားလေး…တ,တာ…တ, တာ”

ဟု ဆိုသည်။

“နန်း…အချိန်မရဘူး။ မြန်မြန်လာကွာ”

ဦးလေးထွန်းကို ကြည့်ပြီး ကျွန်မရင်ထဲမှာ မတင်မကျဖြစ်နေရသည်။

“ဦးလေးကလည်း ဘာလို့ ဒီလောက်လောနေရတာလဲ”

ပြောပြောဆိုဆို ကားရှေ့ခန်းမှာ ဝင်ထိုင်လိုက်သည်နှင့် ဂျစ်ကားလေးသည် မြားတစ်စင်းကို ပစ်လွှတ်လိုက်သလို ပြေးထွက်လာခဲ့သည်။

“ဂျမာခါနာ” သားဖွားဆေးရုံကြီးသို့ ကားကွေ့ဝင်လိုက်သောအခါ ကျွန်မရင်ခုန်နေသည်။

ဂျစ်ကားလေးသည် ဆေးရုံရှေ့ရှိ ကိုလေးနှင့် မမငြိမ်း၊ မမဝင်းတို့ ရပ်နေရာအနီးအတွင်း ထိုးရပ်သွားလေပြီ။

ကျွန်မသည် သားလေးကို ပွေ့လျက် ကားပေါ်က ဆင်းလိုက်သည်နှင့် ကိုလေးသည် ကျွန်မတို့ဆီသို့ လျှောက်လာကာ…

“သားကြီး…လာ…လာ၊ ဖေ့ဖေ့ဆီကို လာ”

ဆိုပြီး သားကြီးကို ဆီး၍ပွေ့လိုက်သည်။

“ကိုလေး…မမသန့်နဲ့ သမီးလေးတို့ နေကောင်းကြရဲ့လား”

ကျွန်မက ကိုလေးမျက်နှာကို လှမ်းကြည့်ကာ မေးလိုက်သည်။

“နေကောင်းကြပါတယ်။ ညီမလေး သွားတွေ့လိုက်လေ”

လို့ ကိုလေးက ပြောသည်။

“မမသန့်က နန်းနန်းနဲ့ သားကြီးကို တွေ့ချင်တယ်ဆို။ သားကြီးကို ခေါ်သွားမယ်လေ”

ဆိုတော့…

“ညီမလေး မမဝင်းနဲ့ လိုက်သွားပါ။ ကိုလေးတို့ နောက်က လိုက်လာခဲ့မယ်”

ဆိုသဖြင့် မမဝင်းနှင့် နန်းနတို့ ဆေးရုံပေါ်ကို တက်လာခဲ့ကြသည်။

(၂)

အခန်းသည် မှောင်မဲနေသည်။

သူနာပြု ဆရာမတစ်ယောက်က မီးဖွင့်လိုက်သည်။ အခန်းသည် လင်းလက်လာ၏။ အခန်းကို အဖြူရောင်ဇာဖြင့် ကာဆီးထားသည်။

မမဝင်းက သူ၏ အေးစက်သောလက်ဖြင့် ခပ်တင်းတင်းဆုပ်ကိုင်ထားသည်။

“နန်း”

မမဝင်းက ဆွေးမြည့်စွာ ခေါ်သည်။

“မမဝင်း”

ကျွန်မက လှုပ်ခတ်သံဖြင့် မမဝင်းကို ထူးလိုက်သည်။

“စိတ်ကို…စိတ်ကို ထိန်း…ထိန်းပါနော် ညီမလေး”

“ရှင်…”

ကျွန်မက နားမလည်စွာ တအံ့တသြနှင့် “ရှင်” လို့ အာမေဍိတ်ပြုလိုက်မိသည်။ ထိုစဉ် ငိုရှိုက်သံတို့ ထွက်ပေါ်လာသည်။

သူနာပြု ဆရာမက ဇာခန်းဆီးလိုက်ကာကို ခွဲဖွင့်လိုက်သည်။ ကုတင်ပေါ်မှာ အဖြူရောင် ပိတ်စဖြင့် ဖုံးအုပ်ထားသော အလောင်းတစ်လောင်း။

ငိုရှိုက်သံတို့သည် အခုတ်ထရုံထဲကလား၊ အပေါ်မျက်နှာကြက်ပေါ်ကလား၊ မသဲကွဲ။ ကျွန်မတစ်ကိုယ်လုံး ကြက်သီးမွေးညင်းတို့ ထောင်ထလာခဲ့



www.burmeseclassic.com

www.burmeseclassic.com

သည်။ မမဝင်းက ကျွန်မကို သိုင်းဖက်လိုက်သည်။

သူနာပြု ဆရာမ နှစ်ယောက်က ဖုံးအုပ်ထားသော ပိတ်စကို မျက်နှာပေါ်အောင် ဆွဲ၍ဖွင့်လိုက်သည်။

ကျွန်မ ရင်ဆို့သွားသည်။

"မမသန့်…မမသန့်…မမသန့်ရယ်"

"နန်းနန့် သားကြီးတို့ကို တွေ့ချင်တယ်ဆို။ နန်းနရောက်နေပြီ…ရောက်နေပြီ မမသန့်ရယ်"

ကျွန်မက ပြောပြီး မမသန့်၏ ဝိညာဉ်မဲ့ ရုပ်ခန္ဓာကိုယ်ကို သိုင်းဖက်လိုက်သည်။

ရှိုက်သံတို့ကား အဆက်မပြတ် ပေါ်ထွန်းနေတုန်းပါ။

"နန်းရယ်…သန့်လေ…သန့်က နန်းကို မှာခဲ့တဲ့ စာတွေ သူ့လက်ဖဝါးပေါ်မှာ ရေးထားခဲ့တာ၊ ဖတ်…ဖတ်ကြည့်ပါဦး ညီမရယ်"

ဟု ဆိုပြီး မမဝင်းက မမသန့်၏ လက်ဖဝါးတို့ကို လှန်၍ပြသည်။

"နန်း"ဆိုတာက လွဲလို့ ဘာမှ ဖတ်လို့ မရပါ။

ကျွန်မ ထိုင်လိုက်ကာ လက်ကို ခေါင်းမှာ မှီး၍ ရှိုက်ငိုလိုက်၏။

"မမသန့်…မမသန့်…ကောင်းရာသုဂတိသို့ သွား…သွားပါတော့"

ဆိုကာ ဦးချ၍ ကန်တော့လိုက်၏။ ထို့နောက် မမသန့်ကို ကန်တော့နေရာမှ မမဝင်း၏ အကူအညီဖြင့် ထရပ်လိုက်သည်။ မျက်ရည်တို့က အဆက်မပြတ် စီးဆင်းနေကြတုန်းပါ။

"ဘယ်လိုဖြစ်သွားတာလဲ မမဝင်းရယ်။ လွန်ခဲ့တဲ့ နှစ်ရက်ကပဲ အကောင်းပကတိ ဆေးရုံတက်သွားတာ။ မမသန့် သေပြီဆိုတာ နန်းန မယုံချင်ဘူး"

"ဒီလို ဆရာမရဲ့။ မမသန့်ဟာ




ကလေးကို အံကြိတ်ပြီး ညှစ်တယ်။ တစ်ကိုယ်လုံး ချွေးတွေနဲ့ ရွှဲနစ်နေတယ်။ ဒါပေမယ့် မွေးလို့မရဘူး။ အဲဒါနဲ့ ဆရာဝန်တွေကို တိုင်ပင်ကြပြီး ညှပ်နဲ့ ကလေးကို ဆွဲထုတ်ကြတယ်။ ကလေးက လန့်ပြီး ကန်လိုက်တယ် ထင်ပါရဲ့ သားအိမ်ကွဲသွားပြီး သွေးတွေ ဒလဟော စီးထွက်လာတယ်။ ဆရာဝန်တွေက သားအိမ်ကို ချုပ်နေကြစဉ်မှာပဲ မမသန့်ခမျာ ဆုံးသွားရာတယ်ရှင်"

သူနာပြု ဆရာမက ပြောပြသောအခါ ကျွန်မနားကို ကျွန်မ ပိတ်ထားလိုက်မိပါသည်။

"ကျွန်မ မကြားရက်ဘူးရှင်။ ကျွန်မ မကြားရက်တော့ဘူး။ လုံးဝ မမျှော်လင့်ခဲ့ဘူးလေ။ အဖြစ်ဆိုးလိုက်တာ မမသန့်ရယ်"

ပြောပြီး အခန်းထဲက ထွက်လာခဲ့ကြပါသည်။

သမီးလေးကို ထားသော အခန်းထဲသို့ ဝင်လာခဲ့ကြသောအခါ သမီးလေးသည် ပုခက်ထဲမှာ အိပ်ပျော်နေဆဲပါ။

ကျွန်မတို့သည် သမီးလေးရှေ့မှာ ရပ်၍ ကြည့်နေကြစဉ် ကျွန်မသည် သမီးလေး၏ အပြစ်ကင်းစင်သော မျက်နှာလေးကို ငုံ့၍ နမ်းလိုက်စဉ် မိုက်ခနဲ မူးသွားကာ ကျွန်မ၏ မျက်နှာသည် သမီးလေး၏ မျက်နှာပေါ်သို့ မှောက်၍ ကျသွားပါသည်။

"နန်း…နန်း…နန်းန"

လို့ မမဝင်းက စိုးထိတ်စွာ ခေါ်ရင်း ကျွန်မကို ပွေ့ဖက်ထားလိုက်ပါသည်။ ထိုစဉ် သမီးလေးမှာ အသံပြကြီးနှင့် ငိုကြွေးသောအခါ ကျွန်မ မချုပ်တည်းနိုင်တော့ဘဲ သမီးလေးကို ဖက်၍ ငိုနေလိုက်မိသည်။ ထိုစဉ် တစ်ခန်းလုံးကြားလောက်အောင် မမသန့်၏ ငိုကြွေးသံ ပေါ်လာသဖြင့် အားလုံး အံ့အားသင့်နေကြရပါသည်။

ကျွန်မတို့ သမီးလေးအခန်းက ထွက်လာခဲ့ကြပြီး အောက်ထပ်သို့ ဆင်းကာ အိမ်သို့ ပြန်လာခဲ့ကြပါသည်။

(၃)

"အင့်…"

သားကြီး၏ အင့်ခနဲ ငိုသံကို ကြားသည့်ချက်ချင်း သားကြီးကို သိုင်းဖက်ထားလိုက်မိသည်။

ထိုစဉ် လေးပေမီးချောင်းအလင်းရောင်အောက်တွင် အသွားအပြန် အရိပ်တစ်ခုကို ရိပ်ခနဲ ရိပ်ခနဲ တွေ့မြင်နေရသဖြင့် ကျွန်မ တော်တော်လေး စိုးရိမ်သွားမိပါသည်။

"အမေရေ…အမေ လာပါဦး"

ကျွန်မက လှမ်းခေါ်လိုက်သဖြင့် အမေရော ကိုလေးပါ အပြေးအလွှား ရောက်လာခဲ့ကြပါသည်။ အမေသည် ခြင်ထောင်ထဲသို့ ဝင်လာကာ…

"ဘာဖြစ်လို့လဲ သမီး၊ ဘာဖြစ်လို့လဲ"

ဟု စိုးထိတ်စွာ မေးနေ၏။

စောစောက မီးရောင်အောက်မှာ



www.burmeseclassic.com

www.burmeseclassic.com

ရိပ်ခနဲ ရိပ်ခနဲနဲ့ အရိပ်တစ်ခုရွေ့လျားနေသည်ကို တွေ့ရပြီး သားကြီးမှာ အင့်ခနဲ ငိုကြောင်းတို့ကို ပြောပြလိုက်ပါသည်။ ထို့နောက်တွင်…

"ခြေဘ်… သမီး သန့်ရယ်၊ ကောင်းရာသုဂတိသို့ သွားပါတော့၊ သွားပါတော့ သမီးရယ်။ အမျှ…အမျှ…အမျှ"

ဟု အမေက အမျှဝေလိုက်လေသည်။

ထို့နောက်တွင် အရိပ်ကို တစ်ခါ နှစ်ခါမြင်ရပြီးနောက် ပျောက်သွားခဲ့လေသည်။ အမေက ထိုနေ့မှ စ၍ ကျွန်မတို့နှင့် အတူအိပ်ပါသည်။

သည်ထိတိုင် မကြာခဏ မီးရောင်အောက် အရိပ်တစ်ခု မကြာခဏ ရောက်ရှိလာနေတတ်ပါသည်။ ကြာလာတော့ အမေမှာ စိုးရိမ်စိတ်ဖြစ်လာပြီး အဖေ့ကို ဖွင့်ပြောပြီး အိမ်မှာ ပရိတ်နာဖို့ အကြံပေးလာပါသည်။ အဖေက-

"သားသမီးရှိတော့ သားသမီးကို စွဲလမ်းပြီး လာနေမှာပေါ့ကွာ။ သူ့သားသမီးကို သူချစ်တာပဲ ဒုက္ခမပေးနိုင်ဘူး"

ဟု ဆိုလာပါသည်။

နောက်တစ်နေ့တွင် အမေ၊ ကိုလေးနှင့် ဦးလေးထွန်းတို့ ဆေးရုံသို့ သွားပြီး သမီးလေးကို အိမ်သို့ ခေါ်လာခဲ့ပါသည်။

သမီးလေး ရောက်လာတော့မှ အိမ်ထဲမှာ ငိုရှိုက်သံတို့ကို ကြားလာရပါသည်။ တစ်ခါတလေ ညအချိန် မီးအလင်းရောင်အောက်တွင် အရိပ်တစ်ခုပြီး တစ်ခုဖြတ်၍ သွားလာလှုပ်ရှားနေသည်ကို တွေ့ရပါသည်။

သမီးလေးသည် ညညဆိုလျှင် အသံပြုကြီးနှင့် ခုနစ်အိမ်ကြား ရှစ်အိမ်ကြား ငိုတတ်ပါသည်။ ထိုအခါမျိုးတွင် အိမ်ထဲမှ၊ တစ်ခါတစ်ရံ အိမ်အပြင်မှ သမီးလေးနှင့်အပြိုင် ငိုရှိုက်သံတို့ကို ကြားရတတ်ပါသည်။

ကျွန်မမှာ အိပ်ရေးပျက်ရပါသည်။ သမီးလေး ငိုတော့ သားကြီးပါ နိုးလာကာ ငိုပါသည်။ သားကြီးချော့ရ၊ သမီးလေးကို နို့ဖျော်တိုက်ရနှင့် မိုးစင်စင်လင်းရပါသည်။ သားကြီး၊ သမီးလေးနှင့် မမသန့်တို့၏ အဖြစ်ကို တွေးပြီး ကျွန်မ အိပ်မပျော်ပါ။ မနက်ကျတော့လည်း စောစောထ၍ ဈေးပြေးရ၊ ချက်ရပြုတ်ရ။ အဖေနှင့် အမေ၊ သားကြီးအတွက် မနက်စာ ပြုလုပ်ပေးရပြီး ကမန်းကတန်း ရေချိုးကာ ကျောင်းသို့သွား၍ စာသင်ရပါသည်။

ဤသို့ဖြင့် ရက်၊ လ ကြာလာသောအခါ ကျွန်မမှာ စာသင်ခန်းထဲမှာ မူးလဲသည်အထိ ဖြစ်လာရပါသည်။

ဒါပေမယ့် ကျွန်မ ကျေနပ်ပါသည်။ ကျွန်မဘဝမှာ အမိမဲ့ သားနဲ့ သမီးအတွက် ကျွန်မ၏ ဘဝကို စတေးဖို့ ဆုံးဖြတ်ထားပါသည်။

တစ်နေ့က ညမှာ မမသန့်က -

"နန်းနုရယ်…ငါ့သမီးမျက်နှာလေးကို မြင်ချင်တယ်။ သမီးလေးကို ပွေ့ဖက်ထားချင်တယ်"

ဟု အနားမှာ လာရပ်ကာ ပြောနေသည်ကို ကျွန်မ ငေးကြည့်နေမိပါသည်။

"မမသန့်…မလာရဘူး၊ မလာရဘူး။ သမီးလေးကို မပေးနိုင်ဘူး"

လို့ ကျွန်မက ဟစ်အော်လိုက်ပါသည်။ ထိုစဉ် ကျွန်မအော်သံကြောင့် အမေနိုးလာပြီး…

"သမီး…နန်းနု…နန်းနု၊ သမီး အိပ်မက်မက်နေတာလား"

ဆိုပြီး ကျွန်မကို လှုပ်နှိုးပါသည်။ ကိုလေးသည်လည်း အပြေးအလွှား ရောက်လာခဲ့ပါသည်။

ကျွန်မ အိပ်ရာမှ နိုးလာပြီး အိပ်မက်အကြောင်း အမေ့ကို ပြောပြလိုက်သောအခါ အမေမှာ တော်တော့်စိတ်မကောင်းဖြစ်သွားပါသည်။ လွန်စွာမှလည်း စိုးရိမ်သွားပါသည်။ မနက်ကျတော့ အဖေ့ကို ပြောပြီး ပရိတ်နာဖို့ ဖြစ်သွားခဲ့ပါသည်။

(၄)

နံနက်အရုဏ်တက်ချိန်။

ကြက်ဖတွန်သံတို့ကို ဟိုမှသည်မှ ကြားလာရသည်။ ငှက်ကလေး စကားပြောနေကြပြီ။

ကျွန်မတို့ ဘုန်းကြီးကြွလာလျှင် အဆင်သင့်ဖြစ်အောင် ထမင်းအိုး၊ ဟင်းအိုးတို့ကို နွှေးနေကြသည်။ ခူးသူတို့က ခူးသည်။ ပန်းကန်တွင် ထည့်သူတို့က ထည့်ပြီး စားပွဲပေါ်မှာ အဆင့်သင့်လုပ်ထားကြသည်။ အချိုပွဲအတွက်လည်း အဆင်သင့်ဖြစ်နေပြီ။

ထိုအချိန်တွင် အိမ်ရှေ့မှာ ကားရပ်သံ ကြားရသည်။

"ဘုန်းကြီးတွေ ကြွလာပြီ"

ဟု မြင့်မြင့်သန်းက ပြောသည်။

ကျွန်မတို့က အိမ်နောက်ခန်းမှာ ပြင်ဆင်နေကြပြီး ဦးခိုင်တို့ ဇနီးမောင်နှံ ကားရပ်လာပြန်သည်။ နောက် ရေကျော်မှ မမဝင်းတို့ကား ရောက်လာသံကို ကြားရသည်။ အဖေ၊ အမေ၊ ဦးလေးထွန်း၊ ဦးခိုင်နှင့် မမညိုတို့က ဘုန်းကြီးနှင့် စကားပြောနေကြသည်။ ကိုလေးနှင့် ဦးကျော်၊ မောင်သံချောင်းတို့က ထမင်းစားပွဲနဲ့ ခပ်လှမ်းလှမ်းမှာ ထိုင်နေကြသည်။

"ခင်မျိုးသန့်ကို တရားနာဖို့ ဖိတ်ထားပြီလား"

ဆရာတော်၏ မေးသံကို ကြားသည်။ ကိုလေးက ဖိတ်ထားပါပြီ ဘုရား ဟု လျှောက်သံကို ကြားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းကပ်ကြသည်။ အချိုပွဲကပ်ကြသည်။ ထို့နောက် အမေက အိမ်နောက်သို့ သွားပြီး···

"သမီး ခင်မှို့သန်း ဘုန်းကြီးတွေ သီလပေးတော့မယ်၊ လာပါတော့"

ဟု သွားခေါ်ပြန်သည်။

ဘုန်းကြီးတွေ သီလပေးသည်။ ပရိတ်တရားတွေကို ရွတ်ဆိုကြသည်။ ထို့နောက် ကမ္မဝါဖတ်ကြသည်။ အမျှဝေကြသည်။

ပရိတ်တရားတော်ကို နာလို့ ပြီးပြီ။ ပရိတ်ရေတွေကို တစ်အိမ်လုံး ဖျန်းကြသည်။ ပေါက်ပေါက်တွေနှင့် ပစ်ပေါက်ကြသည်။

ဆရာတော်ဘုရားတို့ကို ကိုလေးနှင့် ဦးလေးထွန်းတို့ ကားဖြင့် ပြန်ပို့ကြသည်။ ပရိတ်နာသော ပရိသတ်များ ပြန်သွားကြပြီ။

ဦးလေး လွန်းမောင်၊ ဒေါ်သန်းသန်းတို့မိသားစုနှင့် ဦးခိုင်တို့ ဇနီးမောင်နှံ မမဝင်းတို့ မိသားစုတို့သာ ကျန်နေခဲ့ကြသည်။

ကျွန်မတို့ မိသားစုမှာ ရင်ပေါ့သွားကြသည်။ အလှူတစ်ခုပြီးသွားပြီး ကျေနပ်နေကြသည်။

စားသောက်ကြပြီးနောက် ဧည့်သည်များအားလုံး ပြန်သွားကြပြီ။ ကျွန်မတို့မိသားစုပဲ ကျန်နေခဲ့ကြသည်။

"မမသန့်ကို နှင်ထုတ်လိုက်ရာ စိတ်မကောင်းဘူး"

ကျွန်မ တကယ်ပဲ စိတ်မကောင်းပါ။ မမသန့်ဟာ ကျွန်မရဲ့ ယောက်မပါ။ ဒါပေမယ့် အစ်မအရင်းတစ်ယောက်လို ချစ်ပါသည်။ မမသန့်ကလည်း ကျွန်မကို ညီမလေးအရင်းလို ချစ်မှန်း ကျွန်မ သိသည်။

မမဝင်းတို့မိသားစု ညီမလေးကို နှင်ထုတ်ခဲ့ကြပြီး မျက်ရည်စက်လက်နှင့် ပြန်သွားကြသည်ကို မြင်ရတော့ ကျွန်မ မချုပ်တီးနိုင်တော့။ ကြိတ်၍ ငိုနေမိသည်။

"သြော်··· ချစ်ခင် ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်း နောက်ဆုံး ရှိချေ၏" တဲ့။

အသိနှင့် ထိန်းချုပ်ပေမယ့် အသည်းနှလုံးမှာ စွဲထင်နေသော ဝေဒနာအကြိတ်အခဲကို ဘယ်လိုခြေဖျက်နိုင်မှာလဲ။

သမီးလေးကား အမေကိုပင် မမြင်ဘူးလိုက်၊ အမေ့နို့ချိုလေးကိုမှ မသောက်စို့လိုက်ရ၊ အမေ့ရင်ခွင်နွေးမှာ မမှေးစက်လိုက်ရဆိုတော့ သမီးလေးကို ကျွန်မ ပိုချစ်ရသည်။ ပိုပြီး အလိုလိုက် အကြိုက်ဆောင်ရသည်။

သားကြီးနဲ့ သမီးလေးတို့မှာ အမေငတ်နေရှာသည်။ အဖေက ကျောင်းအုပ်ဆရာကြီးဆိုတော့ မနက် လက်ဖက်ရည်သောက်ပြီးသည်နှင့် လက်ဆွဲအိတ်ကို ဆွဲပြီး ကျောင်းသို့သွားသည်။ မိုးချုပ်မှ ပြန်ရောက်သည်။ သည်တော့ ကလေးတွေက ကျွန်မကိုပဲ တွယ်ဖက်နေကြသည်။

တစ်နေ့ သားကြီးသည် သူများခေါ်သံကို ကြား၍ထင်သည်၊ ကျွန်မက အဖေ၊ အမေတို့နှင့် စကားပြောနေစဉ် သားကြီးမှ ကျွန်မကို "မေမေ"ဟု ခေါ်လိုက်သောအခါ ကျွန်မ အံ့သြသွားရသည်။ ရှက်လည်း ရှက်မိသည်။ ရင်ထဲ၌ ဆွတ်ပျံ့စွာလည်း ခံစားရသည်။

ကျွန်မသည် အပျိုကြီး ကလေးနှစ်ယောက်အမေဖြစ်နေရပါပြီ။

"သေသောသူ ကြာရင်မေ့၊ ပျောက်သောသူ ရှာရင်တွေ့" ဆိုသော စကားပုံရှိပါသည်။ အမှန်အတိုင်းပြောရမည်ဆိုလျှင် မမသန့်ကို ကျွန်မ မေ့မရပါ။ ဘယ်လိုမေ့ရပါ့မလဲ။ မမသန့်ရဲ့ သားနဲ့ သမီးတို့က မမရဲ့ ကိုယ်ပွားကျွန်မရင်ခွင်ထဲမှာ အိပ်စက်နေကြပြီပဲ။

ကျွန်မ ကျောင်းသွားရင် ကျောင်းသို့ ပါလာကြသည်။ ပြည်ကို သွားရင်လည်း သူတို့ပါလာကြသည်။ မန္တလေးသွားရင်လည်း သားကြီးနဲ့ သမီးလေးတို့ ပါစမြဲဆိုတော့ ကျွန်မကို ကလေးအမေဟုပဲ ထင်ကြသည်။

မမသန့်ခမျာ ပရိတ်နာပြီးနောက်မှာ လုံးဝပေါ်မလာတော့ပါ။ ဒါပေမယ့် မမသန့်ကို မမေ့ပါ။ မမသန့် ဘယ်ဘဝကို ရောက်သွားလေပြီလဲ မသိ။

တစ်နေ့ညမှာ မမသန့် ပြန်ရောက်လာသည်။

"နှန်း···ညီမလေး၊ သမီးလေးကို···သမီးလေးကို နို့လေးတစ်စက်တိုက်ပါရစေ ညီမလေးရယ်"

တဲ့။ ပြောပြီး ငိုနေသည်။

မမသန့်အသံကို ကြားတော့ ကျွန်မ အလန့်တကြား နိုးထလာခဲ့သည်။

"သမီးလေးကို နို့လေးတစ်စက်တိုက်ပါရစေ"ဆိုတဲ့ မမသန့်အသံကို အထပ်ထပ်ကြားနေရသည်။ ကျွန်မ မချုပ်တည်းနိုင်တော့ပါ။

ကျွန်မ တသိမ့်သိမ့်ရှိုက်ငိုနေမိသည်။

"မမသန့်ရယ်···ကောင်းရာသုဂတိသို့ သွားပါတော့··သွားပါတော့ရှင်။ အမျှ···အမျှ···အမျှ"

လို့ ငိုသံတစ်ဝက်နဲ့ ဗလုံးဗထွေး အမျှဝေလိုက်မိသည်။

ထိုနေ့မှစ၍ မမသန့် ပြန်မလာတော့ပါ။

* * *

သန်းဆွေသစ်



www.burmeseclassic.com

www.burmeseclassic.com



# နတ်ကြီးသည့်ဝါးတောင်

မောင်မောင်မိုးအောင်

*ထွန်းနေ*

*မင်းရဲ့တူ မောင်ထွန်းပေါက် ဆုံး ပြီ အမြန်လာ။*

*အစ်ကို ထွန်းဖေ*

*ကနက်ရွာ*

မိမိထံ ရောက်လာသော ကြေးနန်းစာကို မယုံကြည်နိုင်ဘဲဖြစ်နေသည်။ ဦးထွန်းနေက ကြေးနန်းစာကို အထပ်ထပ်ပြန်ဖတ်သည်။ မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေခဲ့သည်။ မိမိ၏ တူတော်သူ မောင်ထွန်းပေါက်သည် သူ့ဖခင်ရှိရာ ကမနက်ရွာသို့ ပြန်သွားသည်မှာ တစ်လမျှပင် မကြာသေးပါ။ တူဆိုသော်လည်း သားအရင်းသဖွယ် ပြုစုစောင့်ရှောက် ပညာသင်ပေးခဲ့သည်။ အလယ်တန်းကျောင်းသားဘဝမှ ယခု ဆယ်တန်းအောင်သည်အထိ မိမိနေထိုင်ရာ ပဲခူးမြို့ ဇိုင်းကနိုင်းရပ်ကွက်တွင် အတူနေထိုင်ခဲ့သူဖြစ်သည်။ ယခုနှစ်ဆယ်တန်းကို နှစ်ချင်းပေါက် အောင်မြင်ခဲ့သည်။ စာမေးပွဲအောင်၍ သူ့ဖခင်ရှိရာ ကမနက်ရွာသို့ ပြန်သွားသည်။ သူ ပြန်သွားပြီး တစ်လမျှပင် မကြာသေးမီ သေဆုံးကြောင်း ကြေးနန်းစာရောက်လာခြင်းဖြစ်သည်။ စိတ်ထိခိုက်ကြေကွဲခြင်းဖြင့် ပဲခူးမြို့မှ အစ်ကိုရှိရာ ကမနက်ရွာသို့ ထွက်လာခဲ့သည်။

ကမနက်ရွာ၊ ဟသ်ာကုန်းရွာမှာ သည် ပဲခူးရိုးမတောင်ခြေတွင် ရှိသော

www.burmeseclassic.com

www.burmeseclassic.com

ရွာများဖြစ်သည်။ အစ်ကိုဖြစ်သူ ဦးထွန်းဖေမှာ ကမနက်ရွာတွင် နေထိုင်ပြီး ဝါးခုတ်၊ ထင်းခုတ်လုပ်ငန်းဖြင့် အသက်မွေးသူဖြစ်သည်။ မိမိက ပဲခူးမြို့တွင် အခြေကျပြီး ကုန်သည်ဖြစ်နေသည်။ အစ်ကိုဖြစ်သူကို ခေါ်သော်လည်း အစ်ကိုက သူ့ဇာတိကို မခွာနိုင်၍ ရွာသံယောဇဉ်ဖြင့် ရွာတွင်သာ နေခဲ့သည်။

ယခုနှစ် ရှားရှားပါးပါး ကမနက်ရွာမှ မောင်ထွန်းပေါက် ဆယ်တန်းအောင်ခဲ့သည်။ ကမနက်တစ်ရွာလုံးလည်း ဂုဏ်ယူမဆုံးဖြစ်နေကြသည်။ ဦးထွန်းဖေက သားကို ဖူးဖူးမှုတ်ထားခဲ့သည်။ ပဲခူးမြို့တွင် တက္ကသိုလ်ကျောင်းတက်ရန်လည်း စီစဉ်ထားပြီးဖြစ်သည်။ ယခု သားက မမျှော်လင့်ဘဲ ရုတ်တရက် ကွယ်လွန်ခဲ့သည်။

ဦးထွန်းနေ ကမနက်ရွာသို့ ရောက်ရှိစဉ် တူတော်မောင်အလောင်း ပြင်ထားသည်ကို တွေ့ရသည်။

"ဘယ်လိုဖြစ်ပြီး ကျွန်တော့်တူ သေရတာလဲ။ ကျွန်တော် မယုံနိုင်ဘူး အစ်ကို။ ကျွန်တော့်ဆီက ထွန်းပေါက် ပြန်သွားတာ ဘာကြာသေးလို့လဲ။ ကျန်းကျန်းမာမာနဲ့ အကောင်းပကတိပဲဟာ"

"မင်းတူက ဘာရောဂါမှ မရှိဘူး။ ဖျားနာပြီး သေရတာလည်း မဟုတ်ဘူးကွာ"

"ဒါဖြင့် ဘယ်လိုသေရတာလဲ။ ဒီနှစ် ကျောင်းဖွင့်ရင် တက္ကသိုလ်တက်ဖို့ စီစဉ်ပြီးသား။ အိမ်မှာ သူနေဖို့ အခန်းတောင် ပြင်ထားပြီးပြီ"

"ငါလည်း ခံစားရတာပါပဲကွာ။ ရွာမှာ ဆယ်တန်းအောင်တာ ငါ့သား တစ်ယောက်ပဲ ရှိခဲ့တာ။ ခုတော့…"

ပြောပြောဆိုဆို ဦးထွန်းဖေက မျက်ရည်မဆည်နိုင်ဘဲ ငိုချလိုက်သည်။

"မင်းတူသေရတာက သွေးအန်ပြီး သေခဲ့တာ။ သိပ်ပြီး ထူးဆန်းတာပဲ။ မင်းတူရဲ့ ကျောကုန်းကို လှန်ကြည့်ပါဦး"

"ဘာဖြစ်လို့လဲ အစ်ကို။ သွေးအန်ပြီး သေတယ်ဆိုတာ"

"ထူးဆန်းလွန်းလို့ပါကွာ။ ငါ ပြောသလိုသာ ကြည့်လိုက်စမ်းပါ"

ဦးထွန်းနေက သူ့တူ ကျောကုန်းဘက်သို့ လှန်ကြည့်လိုက်သည်။ ကျောကုန်းတွင် အရာကြီးတစ်ခု ထင်ကျန်နေသည်ကို အံ့သြဖွယ်ရာ တွေ့လိုက်ရသည်။

"ဟာ…ဒီအရာကြီးက ဘယ်လိုဖြစ်လို့ ကျောမှာ တင်ကျန်နေရတာလဲ။ အရင်က မရှိပါဘူး"

"အေး ငါလည်း မယုံနိုင်လောက်အောင်ပါပဲကွာ။ ခုလိုဖြစ်ရတာ ငါ့အပြစ်ပါကွာ။ သားက ဆယ်တန်းအောင်ခဲ့တော့ သူ့အလိုလိုက်မိတာလည်း ပါတာပေါ့။ ငါ့သားသေရတဲ့အဖြစ်က ဆိုးလှပါတယ်ကွာ။ ပြောရင် မင်းတို့ ယုံမှာတောင် မဟုတ်ဘူး။ တို့ ဝါးခုတ်သွားတဲ့ တောင်ပေါ် တောထဲက အစောင့်နဲ့ မင်းတူ တွေ့ခဲ့တယ်ထင်ပါရဲ့"

"ဘာ… လူစားလဲခံရတယ် ဟုတ်လား။ ဘယ်လိုလဲ၊ ကျွန်တော့်ကို သေသေချာချာပြောပြပါဦး"

"မင်းသိတဲ့အတိုင်း တို့ ဝါးခုတ်သွားတဲ့ ဝါးတောင်က တော်တော်နက်ကြီးတယ်လို့ လူကြီးတွေ ပြောကြတာ။ အများအယွင်းဖြစ်လို့ မရတဲ့ အခြေအနေမှာ ရှိတယ်။ တစ်ယောက်ယောက် အမှားပြုမိခဲ့ရင် တောမှောက်တာမျိုးနဲ့ ကြုံရတတ်တယ်တဲ့။ မင်းတူက တောထဲမှာ အမှားတစ်ခုခုလုပ်မိခဲ့တာများလားလို့ ငါ သံသယဝင်နေတယ်"

"ဘာ့ကြောင့် အစ်ကို ဒီလိုပြောနိုင်ရတာလဲ"

"မင်းတူသေပုံကို ကြည့်လေကွာ၊ တော်တော်ထူးဆန်းတဲ့ အဖြစ်လေ"

"ကဲပါ၊ ဘယ်လိုသေခဲ့တယ်ဆိုတာကိုသာ ပြောပြပါ အစ်ကို"

"ပြောပါ့မယ်။ ငါ့သားသေခဲ့ရတဲ့ အဖြစ်က ဒီလိုကြောင့်ပါ"

ဦးထွန်းဖေက သူ့သား မောင်ထွန်းပေါက် သေဆုံးခဲ့ရပုံကို ကြေကွဲစွာဖြင့် ညီဖြစ်သူအား ပြောပြလိုက်သည်။

◆◆◆

"မနက်ဖြန် အဖေတို့ ဝါးတောင်သွားပြီး ဝါးခုတ်ကြမယ်ဆို"

"အေး ဟုတ်တယ်။ လှည်း ၁၅ စီးလောက် သွားကြမယ်။ သားက ဘာလို့မေးတာလဲ"

"ပျော်စရာကြီး။ သားလိုက်ချင်လို့ပါ"

"မလိုက်ပါနဲ့ သားရယ်။ ဒီအလုပ်တွေက သားနဲ့ မဖြစ်ဘူး။ သိပ်ပင်ပန်းတာ။ ပြီးတော့ သားက လုပ်ဖူးတာ မဟုတ်ဘူး"

"သား မရောက်ဘူးလို့ပါ။ ဝါး မခုတ်ပါဘူး။ အဖေတို့ လုပ်ကိုင်တာ သိချင်လို့ပါ။ ထမင်းဝိုင်းချက်ပြီး လှည်းစောင့်ပေးမယ်လေ"

"ချက်ပြုတ်မယ့်သူတွေ ရှိပြီးသားပါ"

"ကျောင်းဖွင့်ရင် သားက ပဲခူးပြန်ရတော့မှာ။ တက္ကသိုလ်တက်ရမှာဆိုတော့ ဒီကို ပြန်လာဖို့ မလွယ်တော့ဘူး။ အဖေ့စကား နားထောင်ပါ့မယ်"

"ခက်တော့တာပဲ။ ဒီဝါးတောင်က သိပ်နက်ကြီးတာကွဲ့။ တစ်ခုခုမှားလို့ မရဘူး သားရဲ့"

"သား ဘာမှ အမှားမလုပ်ပါဘူး။ ဗဟုသုတရချင်လို့ပါ"

"အေးလေ၊ သားက ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ချင်နေမှတော့ အဖေခွင့်ပြုရတော့မှာပေါ့။ ဒါပေမယ့် လူကြီးတွေ စကားနားထောင်ရမယ်။ ဒီဝါးတောင်က နတ်ကြီးတော့ အမှားအယွင်းမလုပ်မိစေနဲ့နော်"

"စိတ်ချပါ အဖေရယ်။ သား လူကြီးတွေစကား နားထောင်ပါ့မယ်"

နောက်တစ်နေ့နံနက် ဝေလီဝေလင်းအချိန်တွင် ကမနက်ရွာမှလည်း ၁၀စီးကျော် ပဲခူးရိုးမတောင်ပေါ် ဝါးခုတ်ထွက်ခဲ့ကြသည်။ မောင်ထွန်းပေါက်မှာ ပထမဦးဆုံး ခရီးစဉ်ဖြစ်သည့်အလျောက် လမ်းခရီးတွင် တွေ့ကြုံရသမျှအားလုံး သူ့အတွက် အသစ်အဆန်းချည်းဖြစ်နေသည်။ အတွေ့အကြုံသစ်လည်းဖြစ်နေသည်။ သီချင်းတအေးအေးဖြင့် လိုက်ပါလာသည်။ ဝန်မပါသဖြင့် နွားများ မပင်ပန်းဘဲ နေမွန်းတည့်ချိန်တွင် ဝါးတောထဲသို့ ရောက်ခဲ့ကြသည်။ တဲထိုးသူက ထိုး၊ ချက်ပြုတ်ရေးအတွက် ပြင်ဆင်သူက ပြင်ဆင်နှင့် အလုပ်ရှုပ်နေကြသည်။ ညနေစာ စားသောက်ပြီးချိန်တွင် အမှောင်ထုက ရောက်ရှိလာတော့သည်။ မီးများ ဖိုလိုက်ကြသည်။ ရေနွေးကျိုသူက ကျိုနှင့် ညအိပ်ရန် ပြင်ဆင်ကြရသည်။ ညဘက် ကင်းစောင့်ရန် အလှည့်ကျ စီစဉ်ထားပြီးဖြစ်သည်။ နွားများကို မီးဖိုအနီးတွင်ပင် အိပ်စေသည်။

နောက်တစ်နေ့နံနက် အလင်းရောင်ပေါ်စမှာပင် ဝါးခုတ်ရန် တောင်ပေါ်သို့ အုပ်စုလိုက် တက်သွားကြသည်။ ချက်ပြုတ်ရန်နှင့် နွားစာကျွေး နွားထိန်းရန် လေးငါးဦးသာ ကျန်ရစ်ခဲ့သည်။ ကျန်ရစ်သူများတွင် မောင်ထွန်းပေါက်လည်း အပါအဝင်ဖြစ်သည်။ စခန်းတွင် ကျန်ရစ်သူများ ကိုယ်စီ တာဝန်နှင့် အလုပ်ရှုပ်နေကြသည်။ မောင်ထွန်းပေါက်တစ်ယောက်သာ တာဝန်မရှိ အားလပ်နေသူဖြစ်သည်။ အခြားသူများက ကိုယ့်အလုပ်၊ ကိုယ့်တာဝန်နှင့် ကိုယ်ဖြစ်နေ၍ မောင်ထွန်းပေါက်ကို ဂရုမစိုက်နိုင်ကြပေ။ အခြားသူများ အလုပ်ရှုပ်နေစဉ် မောင်ထွန်းပေါက်တစ်ဦးတည်း တဲများအနောက်ဘက် တောထဲသို့ ထွက်လာခဲ့သည်။ လက်ထဲတွင် လောက်စာလုံးများနှင့် လောက်လေးခွတစ်လက်ပါလာသည်။ လမ်းတွင် တွေ့ရာ ငှက်များကို ပစ်ခတ်ရင်း တောထဲတိုးဝင်ခဲ့သည်။ စခန်းနှင့် တစ်ခေါ်သာသာဝေးရာသို့ ရောက်ခဲ့သည်။ မကြာမီ နွယ်ပင်များ ရစ်ပတ်နေသော ကြီးမားသည့် ညောင်ပင်ကြီးတစ်ပင်ကို တွေ့လိုက်ရသည်။ နွယ်ပင်များ တွဲလွဲကျနေသည်။ နွယ်ပင်များ တွဲလွဲကျနေပုံမှာ ပုခက်သဖွယ်၊ ဒန်းသဖွယ်ဖြစ်နေသည်။

မောင်ထွန်းပေါက်က စိတ်အေးလက်အေးဖြင့် ပုခက်ပုံဖြစ်နေသော နွယ်ပင်ကို ဒန်းအမှတ်ဖြင့် တက်စီးလိုက်သည်။ ဒန်းစီးရင်း ပါးစပ်မှ သီချင်းတစ်ပုဒ်ညည်းနေလိုက်သေးသည်။ နွယ်ဒန်းကို ရှေ့နောက်အားယူလွှဲပြီး အတန်ကြာ စီးနေခဲ့သည်။ အတွေ့အကြုံသစ်များဖြစ်၍ အပျော်ကြီး ပျော်နေခဲ့သည်။ ထိုစဉ် အပေါ့အပါးသွားချင်လာသဖြင့် ဒန်းပေါ်မှ ဆင်းလိုက်သည်။ ထို့နောက် အနီးအနားသစ်ပင်အောက်မှာပင် အပေါ့အပါးသွားလိုက်သည်။ ပြီးနောက် ဒန်းကို ပြန်စီးသည်။ အားယူ၍ ဒန်းကို လွှဲလိုက်သည်။ မောင်ထွန်းပေါက် တစ်ယောက်တည်း ပျော်နေခဲ့သည်။ ဒန်းမှာ ရှေ့နောက်လွှဲနေသည်။ သို့သော် ဒန်းမှာ မောင်ထွန်းပေါက်မလွှဲဘဲ သူ့အလိုအလျောက် လှုပ်ရှားနေသည်ကို သတိထားမိလိုက်သည်။ တစ်စုံတစ်ယောက်က ဒန်းကို လွှဲပေးနေသည့်အလား အရှိန်ဖြင့် ရှေ့နောက်လွှဲနေသည်။ အရှိန်တဖြည်းဖြည်းပြင်းလာသည်။ မောင်ထွန်းပေါက် ရပ်ချင်သော်လည်း ရပ်တန့်၍ မရတော့ပေ။ ကြောက်စိတ်ဖြင့် ဟစ်အော်လိုက်မိတော့သည်။

"တော်ပါပြီ၊ တော်ပါပြီ။ ခေါင်းမူးလာပြီ၊ ရပ်ပါတော့"ဟု အော်လိုက်သည်။ သို့သော် ဒန်းမှာ ရပ်တန့်မသွားဘဲ ဆက်လွှဲနေသည်။ အော်သံအဆုံးတွင် မိမိကျောပြင်ကို ဘုန်းခနဲ အရိုက်ခံလိုက်ရသည်။ အရိုက်ခံရသည့် အရှိန်ဖြင့် ဒန်းပေါ်မှ ရှေ့ဘက်သို့ ပြုတ်ကျသွားသည်။ နာကျင်လွန်းသဖြင့် "အမလေး"ဟု အော်ကာ မှောက်လျက်လဲကျသွားပါတော့သည်။ သတိမေ့သလို၊ အိပ်ပျော်သလိုဖြစ်ကာ မြေကြီးပေါ် လဲနေသည်။ ဦးခေါင်းတစ်ခုလုံး မူးနောက်ရီဝေနေသလို ခံစားနေရသည်။

♦♦♦

"ထွန်းပေါက် . . . ထွန်းပေါက်၊ မင်း ဒီမှာလာပြီး အိပ်ပျော်နေတာလား၊ အိပ်မက်မက်နေတာလား၊ ဘာတွေ အော်နေတာလဲ"

"ကျွန်တော် အိပ်ပျော်နေတယ်၊ ဟုတ်လား"

"မင်းရဲ့ အော်သံကြားလို့ တို့ရောက်လာတာ။ ဒီအပင်အောက်မှာ မင်း အိပ်ပျော်နေတာ တွေ့ရတယ်။ အိပ်နေရင်း မလာချင်ဘူး၊ မလာချင်ဘူးနဲ့ အော်နေတာ ဘယ်လိုဖြစ်ပြီး ကယောင်ကတမ်းတွေ အော်နေတာလဲ၊ အိပ်မက်မက်နေလား"

"ဟုတ်တယ်၊ ကျွန်တော် အိပ်မက်မက်နေတာ"

"ကဲ- ထတော့၊ စခန်းပြန်ကြမယ်။ မင်းအဖေ စိတ်ပူနေမယ်"

"ကျွန်တော့်ကို တွဲထူကြပါ



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်နေလို့လဲ"

"ကျွန်တော့်ကျောကုန်းမှာ အရိုက်ခံထားရလို့၊ တော်တော်နာနေတယ်။ လမ်းမလျှောက်နိုင်ဘူးထင်တယ်"

"နေပါဦး၊ မင်းကို ဘယ်သူရိုက်သွားတာလဲ။ ဘယ်သူမှလည်း မရှိပါဘူး"

"ဘယ်သူမှ မရှိပေမယ့် ဒန်းစီးနေတုန်း ကျောကုန်းအရိုက်ခံရလို့ ဒန်းပေါ်က ပြုတ်ကျပြီး မူးမေ့သွားတာ ထင်တယ်။ ဒါမှမဟုတ် သတိမေ့နေတာ ထင်တယ်။ အိပ်မက်မက်သလိုဖြစ်နေတုန်း ဦးလေးတို့ ရောက်လာတာ"

"ဟာ…ဒီကောင်လေး ဘာတွေ လျှောက်ပြောနေတာလဲ။ ဘယ်သူက မင်းကို ရိုက်မှာလဲ။ ကဲ- ထ၊ သွားကြမယ်"

"မယုံရင် ကျွန်တော့်ကျောကုန်း လှည့်ကြည့်ကြပါဦး"

ထွန်းပေါက်က အပေါ်အင်္ကျီ ချွတ်ပြီး ကျောကုန်းဘက် လှည့်ပြလိုက်သည်။

"ဟာ…ဟုတ်တယ်၊ ဟုတ်တယ်။ အစင်းရာကြီး ထင်နေပါလား။ ထူးဆန်းလိုက်တာ။ မင်းတော့ တောခြောက်တာ ခံရပြီထင်တယ်။ လာ… လာ၊ ဒီနေရာက မြန်မြန်သွားမှ ဖြစ်တော့မယ်"

ရွာသားနှစ်ဦးက ထွန်းပေါက်ကို တွဲယူပြီး တဲစခန်းရှိရာ ပြန်လာခဲ့ကြသည်။ တဲစခန်းပြန်ရောက်ပြီး မောင်ထွန်းပေါက်မှာ အရိုက်ခံထားရသည့် ဒဏ်ကြောင့် မထိုင်နိုင်ဘဲ အိပ်ရာထဲ လဲနေတော့သည်။ ညနေစောင်းတွင် ဝါးခုတ်သူများ စခန်းသို့ တဖွဲဖွဲပြန်ရောက်လာကြသည်။ ခုတ်ယူပြီး စုပုံထားသော ဝါးများ လှည်းပေါ် တင်ကြသည်။ နောက်တစ်နေ့မနက်ပိုင်း ရွာပြန်နိုင်ရန် စီစဉ်နေကြခြင်းဖြစ်သည်။ အလင်းရောင်မပျောက်မီ ဝါးများ လှည်းပေါ် အပြီးတင်ကြသည်။ အားလုံးပြီးစီးသွားတော့မှ ညနေစာ စုပေါင်း စားသောက်ကြသည်။ မောင်ထွန်းပေါက်မှာ ထမင်းမစားနိုင်ပါ။ အားလုံး စိတ်ပူပန်မှုများဖြင့် ထွန်းပေါက်ကို ဝိုင်းဝန်းပြုစုနေကြသည်။ ထွန်းပေါက်လည်း မည်သူ့ကိုမျှ စကားမပြောတော့ပါ။ သူ့အဖြစ်ကိုလည်း မည်သို့မေးမေး မဖြေတော့ပါ။ တိတ်ဆိတ် ငြိမ်သက်နေတော့သည်။ ယခုတစ်ပတ် ဝါးခုတ်ရာတွင် နှစ်ညအိပ်နှင့်ပင် ပြီးပြတ်ခဲ့သည်။

နောက်တစ်နေ့နံနက်စောစောနေမပူမီမှာပင် ဝါးတောင်မှ ရွာသို့ ပြန်လာကြသည်။ ဝန်ပါသဖြင့် အသွားတုန်းကကဲ့သို့ ခရီးမတွင်တော့ပါ။ လှည်းတန်းမှာ တအိအိသာ သွားနေသည်။ နေမွန်းတိမ်းပြီးမှ ရွာသို့ ပြန်ရောက်ကြသည်။ ထွန်းပေါက်တစ်ယောက်လည်း အိမ်ပြန်ရောက်သည်နှင့် အပြင်းဖျားနေသည်ကို တွေ့ရသည်။ အဖျားကြီး၍ သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေသည်။ အတွေ့အကြုံရှိသော လူကြီးများက -

"ဒီမှာ ထွန်းဖေ၊ မင်းသားဟာ ဝါးတောင်မှာ အမှားတစ်ခုခုလုပ်ခဲ့ပြီ ထင်တယ်။ သူဖျားနေတာ တစ်မျိုးပဲကွ။ ပြီးတော့ ကျောကုန်းမှာ အရာကြီး ပါလာတာ မကောင်းဘူးကွ။ ရွာထိပ်က ဆရာ ဦးသိန်းကို သွားပင့်ပြီး ပြကြည့်ပါလား။ ဆရာ ဦးသိန်းက ပယောဂကိစ္စတွေဆို တော်တော်နိုင်တာ"

"အင်း…ကျွန်တော်လည်း သားအတွက် စိတ်တော်တော်ပူနေတယ်။ ဆရာ ဦးသိန်းဆီ ခုပဲ သွားတော့မယ်"

ချက်ချင်းပင် ဦးထွန်းဖေက ရွာထိပ်ရှိ ဆရာ ဦးသိန်းနေအိမ်ဘက်သို့ ထွက်သွားသည်။ ဆရာ ဦးသိန်း ခြံဝိုင်းအရောက်တွင် ဆရာ ဦးသိန်းကို အဆင်သင့် တွေ့ရသည်။ ဦးထွန်းဖေက အဖြစ်အပျက်ကို ပြောပြလိုက်သည်။

"ဒီတောက ဒီလောက် နတ်ကြီးတယ်လို့ နာမည်ကြီးနေတာ ဒါကို ထွန်းဖေ မသိဘူးလား။ သားကို ဘာဖြစ်လို့ ဝါးတောင်ကို ခေါ်သွားရတာလဲ"

"သားက ဆယ်တန်းအောင်ခဲ့တော့ သူ့အလိုလိုက်ခဲ့မိတာ ကျွန်တော့်အမှားပါပဲ။ ကျေးဇူးပြုပြီး ဆရာလိုက်ကြည့်ပေးပါနော်"

"အင်း…ထွန်းဖေ ပုံပြောအရဆိုရင်တော့ မင်းသားဟာ ဝါးတောမှာ အမှားအယွင်းတစ်ခုခုဖြစ်ခဲ့ပြီ ထင်တယ်။ လုပ်ခဲ့ရင်တော့ မလွယ်ဘူးကွဲ့။ အေးလေ၊ ဖြစ်လာမှတော့ လိုက်ကြည့်ပေးရမှာပေါ့"

"ကျေးဇူးတင်ပါတယ်။ သားကိုလည်း ဘာမှမေးလို့ မရဘူး။ ဆရာ ကယ်ပါနော်"

"အေးပါ၊ လိုက်ကြည့်ပေးပါ့မယ်"

ဆရာ ဦးသိန်းနှင့် ဦးထွန်းဖေတို့ ထွန်းဖောက်တို့ ခြံဝရောက်လာသည်။ ဆရာ ဦးသိန်းကို တွေ့သည်နှင့် မောင်ထွန်းပေါက်က အော်ဟစ်ပြီးပြောလိုက်သည်။

"ဆရာ…မလာပါနဲ့တော့၊ ပင်ပန်းနေပါ့မယ်။ ခုမှတော့ မထူးတော့ပါဘူး။ ကျွန်တော့်ကို လာခေါ်နေကြပြီ။ မကြာခင် သွားရတော့မယ်။ ဆရာ ပြန်ပါတော့"

မောင်ထွန်းပေါက်အော်သံကြောင့် ဆရာ ဦးသိန်း ခြံဝတွင် ရပ်တန့်နေလိုက်သည်။ ဆရာ ဦးသိန်းက မောင်ထွန်းပေါက်ကို အသေအချာ စိုက်ကြည့်လိုက်သည်။ ပြီးနောက် ခြံအပြင်ဘက်သို့ ပြန်ထွက်ရန် ပြင်လိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

"ဆရာပြန်တော့မယ်။ မင်းရဲ့ သား အပမှီသလိုဖြစ်နေပြီ။ မရတော့ဘူး ထင်တယ်။ အတွေ့အကြုံအရ ငါ သိနေရတယ်။ မကာယ်နိုင်တာ စိတ်မကောင်းပါဘူး"

ဆရာ ဦးသိန်း ပြန်ထွက်သွားပြီး ခဏအကြာမှာပင် မောင်ထွန်းပေါက် ပါးစပ်ထဲမှ သွေးများ ဝေါ့ခနဲ အန်ကျလာသည်။

"အဖေ···ကျွန်တော် မနေရတော့ဘူး။ သွားရတော့မယ်။ ဝါးတောမှာ လူစားသွားလဲရတော့မယ်"

"သား···ဘာတွေ ပြောနေတာလဲ။ မနက်ဖြန် မိုးလင်းတာနဲ့ သားကို မြို့က ဆေးရုံပို့မယ်"

"လူစားလဲရမယ်လို့ သားကို အသေအချာပြောခဲ့တာ"

"သား ဒါတွေ မယုံပါနဲ့။ သား သွေးတွေ အန်တာလည်း အစားမှားလို့ ဖြစ်မယ်ထင်တယ်။ ဆေးရုံရောက်ရင် သား နေကောင်းသွားမှာပါ"

မောင်ထွန်းပေါက်မှာ စကားပြောနေရင်း သွေးများ အန်ကျလာပြန်သည်။ ကိုယ်အပူချိန်မှာလည်း လုံးဝ မကျဘဲ ဖြစ်နေသည်။ နောက်ထပ် တစ်ကြိမ် သွေးများ အန်ကျပြီးချိန်တွင် မောင်ထွန်းပေါက် စကားမပြောနိုင်တော့ဘဲ လဲကျသွားပါတော့သည်။ လုံးဝ သတိလည်း မလာတော့ပါ။ တတ်ကျွမ်းသူများက စမ်းသပ်ကြည့်ကြသည်။

"ဟာ··· ထွန်းဖေ၊ မင်းသား အသက်မရှိတော့ဘူး"

♦♦♦

"မင်းတူ သေခဲ့ရတာ ခု ငါပြောပြတဲ့အတိုင်းပါပဲ"

"ကျွန်တော့်တူ ထွန်းပေါက်ဟာ ဝါးတောင်ကို လိုက်သွားမိလို့ သေရတာပေါ့"

"အဖြစ်အပျက်အမှန်တွေကို ငါ ပြောပြခဲ့ပြီးပြီ။ ကျောကုန်းမှာလည်း အရာကြီး ပါလာတယ်။ ပြီးတော့ လူစားလဲရမယ်လို့ သူ့ကို အိပ်မက်ပေးခဲ့တယ်လို့ သူ မသေခင်လေးတင် ပြောပြသွားသေးတယ်"

"မယုံနိုင်စရာပါဘဲလား အစ်ကိုရာ။ နတ်ကြီးတဲ့ ဝါးတောင်ကို လိုက်သွားမိလို့ ရေတိမ်နစ်ခဲ့ရတာ၊ နမြောလိုက်တာ။ ကျွန်တော် ဘယ်လိုဖြေရမှာလဲဗျာ"

"ရက်လည်ပြီးမှ ပြန်တော့ကွာ။ တို့ညီအစ်ကိုတွေ မတွေ့ရတာလည်း ကြာပြီ"

"ရက်လည်ပြီးမှ ပဲခူးပြန်တော့မယ်။ ကျွန်တော့်တူလေးရဲ့ နောက်ဆုံးခရီးပဲလေ"

မောင်ထွန်းပေါက် ရုပ်အလောင်းကို ငါးရက်တိတိထားခဲ့သည်။ ငါးရက်မြောက်သောနေ့တွင် ရွာသင်္ချိုင်းမှာပင် မြေမြှုပ်သင်္ဂြိုဟ်ပါသည်။ အလောင်းမြေကျသည့် ထိုညတွင် ညီအစ်ကိုနှစ်ဦး အိပ်ရာတစ်ခုတည်း အတူအိပ်ကြသည်။ ပင်ပန်းထားကြသဖြင့် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်နေကြသည်။

"ရက်လည်ပြီးတာနဲ့ ကျွန်တော် သွားရတော့မယ် အဖေ။ နှစ်ရက် သုံးရက်ပဲ နေရတော့မယ်။ ခုတောင် အိမ်ရှေ့က ဝါးပင်မှာ ကျွန်တော်ရှိနေတာ"

"ဘာလို့ ဝါးပင်ပေါ်မှာ နေရတာလဲ။ ရက်လည်တဲ့အထိ အိမ်ပေါ်မှာပဲ နေပါတော့လား"

"အဖေ့ဆန္ဒအတိုင်း အိမ်ပေါ်မှာလည်း နေမယ်၊ ဝါးပင်မှာလည်း နေမယ်လေ"

"ရက်လည်ပြီး သားက ဘယ်ကို သွားမှာလဲ။ ဝါးတောထဲ သွားပြီး လူစားမလဲနဲ့နော်။ ငါ့သား တောထဲ မသွားရဘူး။ မသွားရဘူး"

သူ့အစ်ကို၏ အသံကြောင့် နံဘေးတွင် အိပ်နေသော ဦးထွန်းနေက သူ့အစ်ကို ဦးထွန်းဖေကို လှုပ်နှိုးလိုက်သည်။

"အစ်ကို ဘာတွေ အော်နေတာလဲ။ မသွားရဘူး၊ မသွားရဘူးနဲ့။ အိပ်မက်မက်ပြီး အော်နေတာလား"

"ဟုတ်တယ်။ မင်းတူက ငါ့ကို အိပ်မက်ပေးတာ။ အိမ်ရှေ့က ဝါးပင်မှာ သူရှိနေတယ်တဲ့"

"အစ်ကို့သားကို စိတ်စွဲပြီး အိပ်မက်မက်တာ ဖြစ်မှာပါ။ ဒါတွေ သိပ်မယုံပါနဲ့။ အချိန်ရှိသေးတယ်၊ ပြန်အိပ်လိုက်ပါဦး"

နောက်တစ်နေ့ နံနက်မှစ၍ ဦးထွန်းဖေမှာ နံနက်/ညနေ ထမင်းစားချိန်တိုင်း အိမ်ရှေ့ရှိ ဝါးပင်ရင်းတွင် ထမင်းတစ်ပွဲသွားရောက်ချထားသည်ကို တွေ့ရသည်။

"သား···မောင်ထွန်းပေါက်ရေ၊ သား ဒီဝါးပင်မှာ ရှိနေတာ အဖေ့ကို အိပ်မက်ပေးလို့ အဖေသိပြီ။ ဒါကြောင့် ထမင်းလာကျွေးတာ၊ စားပေတော့"

ဦးထွန်းဖေ ထိုသို့ပြောလိုက်သည်နှင့် လေမတိုက်ပါဘဲလျက် ဝါးပင်ဝါးရွက်များ ရုတ်တရက်လှုပ်ရှားသွားသည်။ ဦးထွန်းဖေက တအံ့တသြကြည့်နေလိုက်သည်။ သူ့သား ဝါးပင်တွင် အမှန်တကယ်ရှိနေကြောင်း ဦးထွန်းဖေ ယုံကြည်သွားတော့သည်။ ထို့ကြောင့် မနက်စာ၊ ညနေစာ အချိန်မှန် ဝါးပင်ရင်းတွင် ထမင်းပွဲပြင်၍ ကျွေးသည်။ အခြားသူများက အံ့သြသလို ကြည့်သွားကြသည်ကို ဦးထွန်းဖေ ဂရုမစိုက်နိုင်တော့ပါ။

ရက်မလည်သေး၍ အိမ်တွင် လူစည်နေသည်။ တောခလေ့အတိုင်း ပြ



www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းထဲတွင် ဖဲဝိုင်းများရှိသည်။ အိမ်ပေါ်တွင် ဧည့်သည်များလည်း ရှိနေသည်။ ဦးထွန်းဖေ ဝါးပင်အောက်မှ ဖြတ်သွားတိုင်း ဝါးပင်များမှာ လှုပ်ရှားလာတတ်သည်။ လေတိုက်သကဲ့သို့ ကိုင်းညွတ်ယိမ်းထိုးလှုပ်ရှားလာတတ်သည်။ သားဖြစ်သူက သူရှိကြောင်း ပြသည့်သဘောဖြစ်သည်။

"သား မလုပ်နဲ့တော့။ လူတွေ ကြောက်သွားရင် မကောင်းဘူး။ သား ဒီမှာ ရှိနေတာ အဖေယုံပါပြီ"

ဦးထွန်းဖေ ထိုသို့ပြောလိုက်သည်နှင့် လှုပ်ယိမ်းနေသော ဝါးကိုင်းများ၊ ဝါးရွက်များ ရုတ်တရက် ငြိမ်သက်သွားတော့သည်။ သူ့သား ဝါးပင်တွင် ရှိနေကြောင်း ဦးထွန်းဖေ ပို၍ပင် ယုံကြည်နေတော့သည်။ ရက်မလည်မီ တစ်ရက်အလိုနေ့က ဖြစ်သည်။ ဦးလေးဖြစ်သူ ဦးထွန်းနေက သူ့တူ ထွန်းပေါက် သေဆုံးရသည့်အဖြစ်အား ဘဝင်မကျဖြစ်ကာ ဆရာ ဦးသိန်းနှင့် သွားရောက်ဆွေးနွေးမေးရန် အစ်ကိုဖြစ်သူကို ပြောလိုက်သည်။

"သေသွားပြီးတဲ့ မင်းရဲ့ တူက ပြန်ရှင်လာတော့မှာမှ မဟုတ်တာ။ မသွားပါနဲ့တော့"

"ကျွန်တော့်တူ သေပုံက ဆန်းနေလို့ပါ။ ကျွန်တော် ဆရာသိန်းနဲ့ သွားတွေ့မယ်။ နည်းနည်းပါးပါးမေးကြည့်ချင်လို့ပါ။ သွားလေသူ ကျွန်တော့်တူလေးအတွက် ကောင်းတာလေးတွေ လုပ်ပေးချင်လို့ပါ"

"အေးလေ၊ မင်း ဒီလောက် ဆရာသိန်းဆီ သွားချင်နေမှတော့ သွားကြတာပေါ့။ ငါကတော့ သိပ်မသွားချင်တော့ဘူး"

"ဆရာသိန်းက ခုလိုကိစ္စတွေမှာ ကျွမ်းကျင်ပါတယ်။ သွားမေးသင့်တယ်"

"ဟိုနေ့က သွားပင့်တုန်းက ခြံဝင်းထဲတောင် မဝင်တော့ဘဲ လှည့်ပြန်သွားခဲ့တယ်လေ"

"ဟုတ်တယ်လေ။ မင်းသား မရတော့ဘူးလို့ ပြောသွားတာပဲ။ သူပြောတဲ့အတိုင်း အမှန်ဖြစ်ခဲ့တာပဲ။ သူပြောစကားအရ ဆရာသိန်းရဲ့ ပညာကို ခန့်မှန်းလို့ ရပါတယ်။ လာပါ၊ သွားကြမယ်"

မောင်ထွန်းပေါက် သေဆုံးရပုံကို ပယောဂဆရာ ဆရာသိန်းထံ သွားမေးမည်ဆို၍ ဆွေမျိုးများပါ လိုက်ပါလာကြသည်။ လူ ၁၀ဦးကျော်ခန့်ရှိသည်။ ရွာထိပ်ရှိ ဆရာသိန်းနေအိမ်ဘက်သို့ ထွက်လာကြသည်။ ဆရာသိန်းကို ခြံထဲတွင် အဆင်သင့်တွေ့ရသည်။ ခြံထဲဝင်လာသူများကို ဆရာသိန်းက လှမ်းကြည့်လိုက်သည်။ ပြီးနောက် လူစုကိုကျော်၍ နောက်ဘက်သို့လည်း လှမ်းကြည့်လိုက်သေးသည်။

"လူစုံနဲ့ပါလား။ လာ-လာ၊ ထိုင်ကြ။ ဘာကိစ္စရှိလို့ လာကြတာလဲ။ မောင်ထွန်းပေါက်သေရတဲ့ကိစ္စပဲ ထင်တယ်"

"ဒီလိုပါ ဆရာ။ သား မသေခင် ဝါးခုတ်သွားတော့ သားက ပုဆိုးတာနဲ့ ဝါးတောင်ကို ခေါ်သွားမိတယ်။ သားက ဝါးတောင်ထဲ တစ်ယောက်တည်း လျှောက်သွားခဲ့တယ်။ အဲဒီမှာ ဖြစ်ပျက်ခဲ့တာတွေ ဆရာ့ကို ပြောပြခဲ့ပြီးပါပြီ။ သား မသေခင် တောထဲက အစောင့်နဲ့ လူစားသွားလဲရမယ်လို့ ပြောတယ်။ မကြာခင် သွားရတော့မယ်လို့လည်း ပြောခဲ့တယ်။ အဲဒီကိစ္စ နည်းနည်းထူးဆန်းနေတယ်။ ဒါကြောင့် ဆရာ့ဆီ လာခဲ့ကြတာ"

"ဪ . . . မင်းတို့က သူ့အကြောင်းမေးဖို့ လာခဲ့တာကိုး။ ဒါကြောင့် မင်းတို့နဲ့အတူ လူတစ်ယောက် ကပ်ပါလာတယ်ကွဲ့"

ဆရာ့စကားကြောင့် ပါလာသူများ နောက်ဘက် ခြံဝသို့ လှည့်ကြည့်လိုက်ကြသည်။

"ဘယ်သူမှလည်း မတွေ့ပါဘူး ဆရာ"

"ခြံထဲ မဝင်ရဲလို့ ခြံဝမှာ ကျန်ခဲ့တယ်။ မင်းတို့ ဒီက ပြန်ရင် သူလည်း ပြန်လိုက်သွားမှာပဲ။ ဒါပေမယ့် ကြောက်စရာမလိုဘူး။ သူ့ရှိကြောင်း သူနဲ့ ရင်းနှီးသူတွေကို ပြချင်ပြလိမ့်မယ်။ သတိထားမိရင်တော့ ထူးခြားတာတွေ တွေ့ကြုံရလိမ့်မယ်ထင်တယ်"

"သူ ဝါးပင်မှာ ရှိနေကြောင်း ပြပြီးပါပြီ ဆရာ"

"အေးလေ၊ မင်းက အဖေပဲ။ သူ့ရှိကြောင်း သိအောင် ပြတာဖြစ်မယ်။ မောင်ထွန်းပေါက် ပြောခဲ့တာတွေ အဓွဲအလမ်းမထားပါနဲ့။ ဒီရွာမှာ ဒီကလေး တစ်ယောက်တည်းပဲ ဆယ်တန်းအောင်ခဲ့တာကွဲ့။ ထွန်းပေါက် ခုလိုဖြစ်ရတာ ဆရာလည်း စိတ်မကောင်းပါဘူး။ ဝါးတောထဲက အစောင့်နဲ့သွားပြီး လူစားလဲရမယ်ဆိုတာတွေ သိပ်ပြီး မစွဲပါနဲ့။ သူ့အတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်များများသာ လုပ်ပေးကွဲ့။ အမျှအတန်းပေးဝေပါ။ ဒါမှ သူ လွတ်ရာကျွတ်ရာ သွားနိုင်မှာကွဲ့။ ဒါက အကောင်းဆုံးပါပဲ"

"ဒါတော့ စိတ်ချပါ။ ကျွန်တော့်သား တောထဲက အစောင့်နဲ့ လူစားသွားလဲလို့တော့ မဖြစ်ဘူး။ ဆရာပြောသလို သူ့အတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်တွေ များများလုပ်ပေးမယ်။ မကြာမကြာလည်း လုပ်ပါ့မယ်"

"မောင်ထွန်းပေါက်အတွက် ကယ်တင်ဖို့ အဲဒါက အကောင်းဆုံးပဲ



www.burmeseclassic.com

www.burmeseclassic.com

ကွဲ၊ ဒါနသာ များများလုပ်။ အမှုအတန်း ပေးဝေပေါ့။ ကဲကဲ- သွားကြတော့၊ မှောင်သွားရင် မကောင်းဘူးကွဲ့"

ရက်လည်သည့်နေ့တွင် ပင့်သံဃာငါးပါး ကြွရောက်တော်မူလာသည်။ မောင်ထွန်းပေါက်အတွက် ရည်စူး၍ ဝတ္ထုငွေများ၊ သင်တန်းများလည်း ဆက်ကပ်လှူဒါန်းခဲ့သည်။ ရေစက်ချ အမျှဝေရာတွင် မောင်ထွန်းပေါက်အမည်ကို ခေါ်ကာ အမျှအတန်းပေးဝေခဲ့ပါသည်။ နေမွန်းတည့်စ ပြုတော့မှ ရက်လည်အလှူကိစ္စပြီးစီးသွားတော့သည်။ ဆောက်လုပ်ထားခဲ့သော တာလပတ်အမိုး မဏ္ဍပ်များ ဖြုတ်သိမ်းကြသည်။ ငှားရမ်းထားသော အိုးခွက်ပန်းကန် ခွက်ယောက်များ အပ်နံ့သူက ပြန်လည်အပ်နှံကြသည်။ သက်ဆိုင်ပတ်သက်သူများအားလုံး အလုပ်ရှုပ်နေတော့သည်။ ညနေပိုင်းမှ လူရှင်းသွားတော့သည်။ ဧည့်သည်များလည်း ပြန်သွားကြပြီဖြစ်သည်။ ဆွေမျိုးအနည်းငယ်သာ အိမ်တွင် ကျန်ခဲ့သည်။ အားလုံးပင်ပန်းနေကြပြီဖြစ်သည်။

ခပ်စောစောပင် အိပ်ရာဝင်ခဲ့ကြသည်။ ဦးထွန်းဖေ၊ ဦးထွန်းနေ ညီအစ်ကိုနှစ်ဦး တစ်အိပ်ရာတည်းတွင်ပင် အတူအိပ်ကြသည်။ ည လူခြေတိတ်ချိန်တွင် ညီဖြစ်သူ ဦးထွန်းနေထံမှ ငူငူဝါးဝါးလှုပ်ရှားရုန်းကန်သံများကြောင့် အစ်ကိုဖြစ်သူ ဦးထွန်းဖေ အိပ်ရာမှ လန့်နိုးလာခဲ့ရသည်။

"ညီလေး ထွန်းနေ…ငူငူဝါးဝါးနဲ့ ဘာတွေ ဖြစ်နေတာလဲ။ မင်းလက်တွေက ဟိုယမ်းဒီယမ်းနဲ့ ဘာဖြစ်လို့လဲ"

"ကျွန်တော့် အိပ်မက်ထဲမှာ ကျွန်တော့်တူ မောင်ထွန်းပေါက်နဲ့ တွေ့တယ်။ ကျွန်တော့်တူလေး လုပ်လို့ ကျွန်တော် ခုလို လှုပ်လှုပ်ရှားရှားဖြစ်သွားတာ"

"ဘာ…၊ အိပ်မက်ထဲမှာ မင်းတူနဲ့ တွေ့တယ်။ မင်းတူက ဘာလုပ်လိုက်လို့လဲ"

"တံခါးတွေ ပိတ်ထားတော့ သူ ထွက်သွားလို့ မရဘူးဖြစ်နေတယ်တဲ့။ တံခါးဖွင့်ပေးဖို့ လာနှိုးတာဖြစ်မယ်။ ကျွန်တော့်ရင်ဘတ်ကို ဖိထားသလိုပဲ၊ အသက်ရှူမဝဖြစ်ပြီး လန့်အော်မိတာ ထင်တယ်"

ညီဖြစ်သူ၏ စကားကြောင့် ဦးထွန်းဖေက တံခါးများကို ကြည့်လိုက်သည်။ မှန်အိမ်မီးရောင်ရှိ၍ ထင်ထင်ရှားရှားတွေ့ရသည်။ အိမ်တံခါးမကြီး ပိတ်ထားသည်။ ခေါင်းရင်းဘက် ပြတင်းပေါက်တံခါးလည်း ပိတ်ထားသည်ကို တွေ့လိုက်ရသည်။

"အိပ်ရာဝင်စက ခေါင်းရင်းဘက် ပြတင်းပေါက်တံခါး ငါ ဖွင့်ထားတာပဲ၊ ဘယ်သူပိတ်လိုက်လဲ မသိဘူး"

"ကြောက်တတ်တဲ့သူ တစ်ယောက်ယောက် လာပိတ်လိုက်တာ ထင်တယ်"

"ဒါဆိုလည်း တံခါးတွေ ဖွင့်ပေးလိုက်ကြတာပေါ့ကွာ။ ဒါမှ ငါ့သား သွားလိုရာ သွားနိုင်မယ်"

ဦးထွန်းဖေက တံခါးမကြီးရှိရာ ထသွားပြီး တံခါးဂျက်ဖြုတ်ကာ ဖွင့်လိုက်သည်။ ထိုအချိန်တွင် ညီဖြစ်သူ ဦးထွန်းနေက ပြတင်းပေါက်တံခါးဖွင့်ရန် ဂျက်ဖြုတ်လိုက်သည်။ တံခါးဂျက်ဖြုတ်ရုံသာ ရှိသေးသည်၊ ပြတင်းပေါက်တံခါးနှစ်ချပ်မှာ တစ်စုံတစ်ယောက်တိုးထွက်သွားသည့်အလား ပြတင်းပေါက်တံခါးနှစ်ချပ် လှပ်ခါကျန်ရစ်ခဲ့သည်။ ဦးထွန်းနေမှာလည်း အံ့အားသင့် မှင်သက်နေမိခဲ့သည်။ ပြီးမှ သတိပြန်ဝင်လာကာ အစ်ကိုဖြစ်သူကို လှမ်းကြည့်လိုက်သည်။

"ပြတင်းပေါက်တံခါးနှစ်ချပ် မင်းဂျက်ဖြုတ်ရုံရှိသေးတယ်၊ မင်း မဖွင့်ခင် ပွင့်ထွက်သွားတာ ငါ မြင်လိုက်တယ်။ မင်းရဲ့ တူ မင်းကို အိပ်မက်ပေးတာ အမှန်ဖြစ်မယ်ထင်တယ်"

"အံ့သြဖို့ ကောင်းလိုက်တာ။ ကျွန်တော် ဒါမျိုးတွေ အယုံအကြည်မရှိခဲ့ပါဘူး။ ခုတော့ ကိုယ်တွေ့ကြုံရပြီ"

မယုံနိုင်ဖွယ်ရာ အဖြစ်အပျက်ကြောင့် ညီအစ်ကိုနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိလျက်သား ဖြစ်နေတော့သည်။ လေမတိုက်ပါဘဲလျက် တံခါးနှစ်ချပ်လှုပ်ခါနေဆဲ ဖြစ်နေသည်ကို တွေ့ရသည်။ ဦးထွန်းဖေက ပြတင်းပေါက်မှတစ်ဆင့် အိမ်ရှေ့ရှိ ဝါးပင်များရှိရာ လှမ်းကြည့်လိုက်သည်။ လေတိုက်ခတ်မှုမရှိသဖြင့် ဝါးပင်ဝါးရွက်များ ထူးခြားစွာ ငြိမ်သက်နေသည်။

"အဖေ…ရက်လည်ပြီးတာနဲ့ ကျွန်တော်သွားရတော့မယ်။ သုံးလေးရက်ပဲ နေရတော့မယ်"ဟူသည့် အိပ်မက်ထဲတွင် သူသားပြောခဲ့သည့် စကားကို ဦးထွန်းဖေ ပြန်လည်ကြားယောင်နေမိသည်။ သူသား မောင်ထွန်းပေါက်တစ်ယောက် အမှန်တကယ် လွတ်ရာကျွတ်ရာသို့ သွားနိုင်ခဲ့ပြီလား၊ သို့တည်းမဟုတ် လူစားလဲရန် ဝါးတောထဲသို့ပင် သွားခဲ့လေပြီလား ဆိုသည်ကိုမူ ဦးထွန်းဖေတစ်ယောက် မတွေးတတ်နိုင်အောင် ဖြစ်နေပါတော့သည်။

မောင်မောင်မိုးအောင်

* * *



www.burmeseclassic.com

www.burmeseclassic.com

နတ်မောက် မှတ်ကျောက်

# သပွတ်ခါးသီး ရင်ကျပ်ပန်းနာ–ပြီး

ကျွန်တော်တို့ အညာဒေသနဲ့ မြေလတ်ပိုင်းမှာ သပွတ်ခါးနွယ်ပင်တွေ အလေ့ကျ ပေါများစွာ ပေါက်ရောက်ပါတယ်။ သပွတ်ခါးသီးကိုလည်း လူတိုင်းသိပါတယ်။ ခြောက်သွေ့သွားတဲ့အခါမှာ ပန်းကန်ဆေး အဝတ်ဖတ်အဖြစ် အဲဒီသပွတ်အူကို သုံးစွဲပါတယ်။

ဆေးဖက်အသုံးအနေနဲ့ သပွတ်ခါးသီးစိမ်းစိမ်းစိုစိုများကို ခူးယူပြီး အနည်းငယ်ထုလိုက်ပါ။ ဂုံနီအိတ်ခွံ (သို့မဟုတ်) ဆာလာအိတ်ခွံပေါ် တင်ပြီး ခြေဖဝါးနဲ့ နှာရိုက်လောက် နင်းခြေပေးရင်း နင်းသူရဲ့ အာခံတွင်းမှာ ခါးသက်သက်အရသာ ဖြစ်လာပါတယ်။ အဲဒီလို နင်းပေးခြင်းအားဖြင့် အညောင်းအကိုက်များ ပြေစေပြီး အဆစ်ရောင်ရောဂါ သေစေပါတယ်။ လျော့ပါးသက်သာစေပါတယ်။ ညောင်းရင်၊ ကိုက်ခဲရင် သပွတ်ခါးသီးနင်းပေးရတယ်လို့ လူတိုင်းလိုလို သိနေကြပါတယ်။

ယခု တင်ပြမှာကတော့ ရင်ကျပ်ပန်းနာမောပန်း၊ သလိပ်ကျပ်ခဲတာ ပျောက်ကင်းစေခြင်းပါပဲ။

စိမ်းစိမ်းစိုစို သပွတ်ခါးသီး ၁၀လုံးလောက်ယူပါ။ ရေစင်စွာ ဆေးပါ။ ထုထောင်းပြီး သတ္တုရည်ညှစ်ယူပါ။ ရေနွေးပန်းကန်တစ်လုံးလောက်ရရင် ရေစစ်နဲ့ သေချာစစ်ယူပြီး တစ်ခါသောက် လက်ဖက်ရည်ဇွန်းတစ်ဇွန်း တစ်နေ့ သုံးကြိမ် သောက်လိုက်ပါ။ အတော်ခါးတဲ့ ဆေးခါးကြီးပါပဲ။ သောက်ပြီး နာရီဝက်၊ တစ်နာရီမှာ အန်ချင်လာမယ်။ ထွေးခံ အသင့်ထားပါ။ အရီအခွဲ သလိပ်တွေ ဝေါခနဲ အန်ကျလာပါမယ်။ သို့မဟုတ် ဝမ်းသွားမယ်။ ဝမ်းနဲ့အတူ ချွဲသလိပ် အရီတွေ ထွက်သွားပါမယ်။ အန်ပြီး၊ ဝမ်းသွားပြီးရင် ဝမ်းဟာပြီး မောနေတတ်ပါတယ်။ ကြက်ဥနှစ်လုံးလောက်ကို နှမ်းဆီ၊ ကြက်သွန်ဖြူ–နီနဲ့ ကြော်စားပါ။ ရေနွေးကြမ်းသောက်ပေးပါ။ ရေချိုးပေးလိုက်ပါ။ ပြန်လည်အားပြည့် လန်းဆန်းလာပြီး ပန်းနာရင်ကျပ်မောပန်းမှု ပျောက်ကင်းသွားပါလိမ့်မယ်။ ◻

ကျန်းမာချမ်းသာ လန်းပြာပါစေ • • •

* * *

နတ်မောက် မှတ်ကျောက်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## (၁)

"ဆရာ ဦးပါစီ"

"ပြော…မောင်လှမောင်"

"ဆရာလိုချင်တဲ့ ဟွန်ဒါကား တစ်စီး ကျွန်တော်တွေ့ထားတယ်။ ကျွန်တော်အသေအချာကြည့်ပြီးပြီ။ ဈေးချိုတယ်။ အရောင်ကလည်း အဖြူရောင်ပဲ"

"အေး ဘယ်မှာလဲ၊ အရှပ်အရှင်း ကင်းရဲ့လား။ ငါ အခုလာကြည့်ရင် ရမလား"

"ကျွန်တော် တာမွေက ဆက်နေတာပါ။ ကားပိုင်ရှင်ကို ကျွန်တော့် ဆရာဆီ ဖုန်းဆက်ပြီး ဆရာက လာကြည့်မယ်ဆိုရင် အကြောင်းပြန်မယ်လို့ ပြောထားပြီးပြီ"

"နေဦး။ အခု မနက် ၁၀နာရီဆိုတော့ ငါ ငါ့မိတ်ဆွေတစ်ယောက်နဲ့ စကားပြောပြီး နောက် နာရီဝက်လောက်ကြာရင် မင်းနဲ့ ငါ ဆုံနေကျ တာမွေ ၁၆၆ လမ်းအလယ်က လက်ဖက်ရည်ဆိုင်ကို ငါလာခဲ့မယ်"

"ကောင်းပါပြီ ဆရာ"

တယ်လီဖုန်းဖြင့် စကားပြောကြသူ ဦးပါစီနှင့် မောင်လှမောင်တို့သည် သူတို့၏ တယ်လီဖုန်းများကို ပိတ်လိုက်ကြသည်။

ဦးပါစီသည် ကားဝယ်ရောင်းသမား။

မောင်လှမောင်သည် ကားပွဲစား။ ဦးပါစီသည် တောင်ကြီးမှ သူ့မိတ်ဆွေတစ်ဦးက ဟွန်ဒါကား ရှာပေးပါဟု ပြောထားသည့်အတွက် ကားပွဲစားမောင်လှမောင်ကို မှာထားခြင်းဖြစ်သည်။

ဦးပါစီသည် မောင်လှမောင်နှင့် ဖုန်းပြောပြီးနောက် တောင်ကြီးသို့ ဖုန်းဆက်သည်။ ကားတွေ့ထားပြီးဖြစ်ကြောင်း၊ ယူမြစ်, မယူဖြစ် မေးရာ သူ့မိတ်ဆွေက ယူမည်ဟု ပြောသည်။ ဦးပါစီ ပျော်သွားသည်။

နောက် နာရီဝက်အကြာ၌ သူသည် ကားပွဲစား မောင်လှမောင်နှင့် ဆုံသည်။ သူတို့ ကားကို သွားကြည့်ကြသည်။ ကားကို တွေ့တွေ့ချင်း ဦးပါစီ ကြိုက်သွားသည်။ သို့သော် ကြိုက်သည့်အမူအရာမပြ။

ကားကို အသေအချာစစ်ဆေးပြီး ဈေးဆစ်သည်။ နောက်ဆုံး၌ ကားပိုင်ရှင်ပြောသည့်ဈေးထက် ဆယ်သိန်းလျော့အောင် ဆစ်ပြီး ကားကို ဝယ်လိုက်သည်။

ကားအကြောင်း ကောင်းကောင်းသိသော ဦးပါစီသည် ကားကို မောင်းကြည့်သည်။ ကားအခြေအနေမှာ ကောင်းသည့်အတွက် သူဝယ်လိုက်ခြင်းဖြစ်သည်။

တောင်ကြီးရှိ ကားဝယ်မည့်သူနှင့် ဖုန်းဆက်၍ နောက်နှစ်ရက်အကြာတွင် ကားကို တောင်ကြီးသို့ သူကိုယ်တိုင် လာပို့မည်ဟု ဖုန်းဖြင့် ပြောလိုက်သည်။

ဟွန်ဒါကား ဦးပါစီအိမ်သို့ ရောက်သည့် ပထမည။

ကားသုံးစီးခံ့သော သူ၏ ကားဂိုဒေါင်ထဲ၌ ဟွန်ဒါကားကို ထည့်ထားလိုက်သည်။

## (၂)

နောက်တစ်နေ့နံနက် ၇နာရီတွင် ဦးပါစီ အိပ်ရာမှ နိုးသည်။ နံနက် ၈နာရီခန့်တွင် ကားဂိုဒေါင်ထဲ သွား၍ ကားများကို စစ်ဆေးရာ ဟွန်ဒါကား၏ ရှေ့မီးများ ခပ်မှိန်မှိန်ပွင့်နေသည်ကို သူ အံ့ဩစွာတွေ့ရသည်။

"ဟင်…ဘယ်လိုဖြစ်တာလဲ။ ငါ ညက သေသေချာချာစစ်ခဲ့တာပဲ။ ကားသူခိုးတွေ ဝင်လို့လား"

ဂိုဒေါင်ထဲ ကားသူခိုးဝင်သည့် အခြေအနေများကို လုံးဝ မတွေ့ရ။

ဟွန်ဒါကား၏ ဘက်ထရီမှာ အားကုန်သွားလေပြီ။ ဦးပါစီသည် သူ့တပည့် စိန်သောင်းရောက်လာသောအခါ ဟွန်ဒါကား ဘက်ထရီကို ဖြုတ်ခိုင်းပြီး အားပြည့် ဘက်ထရီအိုးဖြင့် အစားထိုး၍ ကားစက်ကို နှိုးသည်။ စက်နိုးသွားသည်။

ဦးပါစီ စိတ်အေးသွားသည်။

ထိုနေ့တစ်နေ့လုံး ဦးပါစီသည် ဟွန်ဒါကားကို တောင်ကြီးသို့ ပို့ရေး စီစဉ်ရလေတော့သည်။

ညမိုးချုပ်မှ အိမ်ပြန်ရောက်သည်။

ထိုနေ့ည သန်းခေါင်ယံအချိန် ဦးပါစီသည် သူ၏ ကားဂိုဒေါင်ထဲမှ ကားဟွန်းသံ အဆက်မပြတ် မြည်သံကြောင့် အိပ်မောကျနေရာမှ နိုးလာသည်။ သူသည် အိပ်ရာမှ အမြန်ထပြီး ကားဂိုဒေါင်သော့ကို ယူ၍ ကားဂိုဒေါင်သို့ အမြန်သွားသည်။ မီးခလုတ်ကို ဖွင့်၍ ကားဂိုဒေါင်ထဲ ဝင်သွားသည်။ ဟွန်ဒါကား ဟွန်းသံ အဆက်မပြတ်မြည်နေခြင်းဖြစ်သည်။

သူသည် ဟွန်ဒါကား စက်ဖုံးကို ဖွင့်၊ ဘက်ထရီအိုး ကြိုးတစ်ချောင်းကို ဖြုတ်လိုက်တော့မှ ကားဟွန်းသံ ရပ်သွားသည်။

ဦးပါစီ အခုမှ ရင်ခုန်နေသွားသည်။

သူသည် ခဏအကြာ ကားဂိုဒေါင်ထဲမှ ထွက်၍ ဂိုဒေါင် မီးခလုတ်ကို ပိတ်ကာ ဂိုဒေါင်တံခါးကို ပိတ်ပြီး သော့ခတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးပါစီသည် ကားဂိုဒေါင်ရှေ့တွင် ငြိမ်သက်စွာ ရပ်နေမိသည်။ ထိုခဏ၌ သူသည် ဂိုဒေါင်ထဲ၌ လမ်းလျှောက်သံ လိုလို အသံကြားရသောကြောင့် အသေအချာ နားစွင့်လိုက်သည်။

"လမ်းလျှောက်သံတွေ"

ဦးပါစီသည် ဂိုဒေါင်တံခါးကို ဖွင့်၊ မီးခလုတ်ကို ဖွင့်ပြီး ကားဂိုဒေါင်ထဲ စစ်ဆေးရာ မည်သူ့ကိုမျှ မတွေ့။

ဦးပါစီသည် ဂိုဒေါင်ထဲမှ ပြန်ထွက်၍ မီးခလုတ်ကို ပိတ်၊ ဂိုဒေါင်တံခါးကို ပိတ်၍ သော့ခတ်ပြီး အိမ်ထဲ ပြန်ဝင်လာသည်။ သူ့မျက်လုံးများ ကျယ်သွားသည်။

သူသည် ရတ်တရက် ပြန်အိပ် မပျော်။

နောက်တစ်နေ့တွင် ဦးပါစီသည် နံနက် ၈နာရီထိုးမှ အိပ်ရာက နိုးတော့သည်။

တောင်ကြီးသို့ ကားသွားပို့ရန် သူ့တပည့် စိန်သောင်း ရောက်နှင့်နေပြီ။ ကားဂိုဒေါင်ထဲ၌ ကားများကို သန့်ရှင်းရေးလုပ်နေသည်ဟု သူ့ဇနီးက ပြောသည်။

ဦးပါစီသည် ကားပွဲစား လှမောင်ထံ ဖုန်းဆက်သည်။

"မောင်လှမောင်…ဟွန်ဒါကားရဲ့ သမိုင်းကြောင်းအပြည့်အစုံကို မင်း အခုချက်ချင်း စုံစမ်းပေးကွာ။ မူလပိုင်ရှင်၊ ငါတို့ကို ကားရောင်းလိုက်တဲ့ ဒုတိယပိုင်ရှင်တွေထံ စုံစမ်း။ နောက်ပြီး က·ည·န တို့၊ မော်တော်ပီကယ်ရုံးတို့မှာ စုံစမ်းကွာ။ မင်းက နှံ့စပ်တယ်။ ကနေ့ နေ့လယ် ၁၂နာရီမတိုင်မီ ငါ သိချင်တယ်"

"ဟုတ်ကဲ့ ဆရာ၊ စိတ်ချပါ"

မောင်လှမောင်က ပြောသည်။

နံနက် ၁၁နာရီခွဲကာလ၌ ဦးပါစီ

> "ဆရာ . . .ဆရာ့ကို
> ကားရောင်းလိုက်တဲ့ ဒုတိယ အုံနာဟာ
> ကားရောင်းပြီး နောက်တစ်နေ့မှာပဲ
> မိသားစုနဲ့ မန္တလေးကို
> ခရီးထွက်သွားတယ်တဲ့။
> ပထမ အုံနာကိုတော့ ရှာမတွေ့ဘူး။
> ဒါနဲ့ ကျွန်တော် ယာဉ်ထိန်းရဲဌာနမှာ
> သွားစုံစမ်းတော့
> ဒီကားဟာ လွန်ခဲ့တဲ့ ၂နှစ်လောက်က
> လှည်းကူးမြို့အလွန် ရွာတစ်ရွာထိပ်မှာ
> သစ်ပင်ကြီးတစ်ပင်နဲ့ တိုက်မိလို့
> ကားမောင်းသွားတဲ့ လူငယ်ရယ်၊
> သူ့ချစ်သူရယ် ကားထဲမှာပဲ ပွဲချင်းပြီး
> သေသွားကြတယ်တဲ့"

ထံ မောင်လှမောင် ရောက်လာသည်။

ဦးပါစီနှင့် နှစ်ယောက်ချင်း တွေ့သည်။

"ဆရာ…ဆရာ့ကို ကားရောင်းလိုက်တဲ့ ဒုတိယ အုံနာဟာ ကားရောင်းပြီး နောက်တစ်နေ့မှာပဲ မိသားစုနဲ့ မန္တလေးကို ခရီးထွက်သွားတယ်တဲ့။ ပထမ အုံနာကိုတော့ ရှာမတွေ့ဘူး။ ဒါနဲ့ ကျွန်တော် ယာဉ်ထိန်းရဲဌာနမှာ သွားစုံစမ်းတော့ ဒီကားဟာ လွန်ခဲ့တဲ့ ၂နှစ်လောက်က လှည်းကူးမြို့အလွန် ရွာတစ်ရွာထိပ်မှာ သစ်ပင်ကြီးတစ်ပင်နဲ့ တိုက်မိလို့ ကားမောင်းသွားတဲ့ လူငယ်ရယ်၊ သူ့ချစ်သူရယ် ကားထဲမှာပဲ ပွဲချင်းပြီး သေသွားကြတယ်တဲ့။ ကားကတော့ မီးမလောင်ဘဲ ပျက်စီးသွားတယ်တဲ့။ သေသွားတဲ့ ကားမောင်းသူ လူငယ်ဟာ ဆရာ့ကို ကားရောင်းလိုက်တဲ့ ဒုတိယအုံနာ ဦးစိန်မောင်ရဲ့ သားဖြစ်တယ်လို့ သိရတယ်။ နောက်ပြီး ကျွန်တော် က·ည·န ကို ဆက်သွားပြီး စုံစမ်းတော့ အဲဒီ ဟွန်ဒါကားဟာ ပြုပြင်ပြီး လိုင်စင်ပြန်ဝင်ထားတာ လပိုင်းပဲ ရှိသေးကြောင်း သိရတယ် ဆရာ"

"အေးကွာ။ ကားမဝယ်မီ ကားရဲ့ နောက်ခံ သမိုင်းအပြည့်အစုံကို မစုံစမ်းမိတာ ငါ့အပြစ်ပဲ"

"ဘာဖြစ်လို့လဲ ဆရာ"

မောင်လှမောင်က အံ့သြစွာ မေးသည်။

ဦးပါစီက ဟွန်ဒါ၏ ညဘက်ဖြစ်ရပ်များကို ပြောပြပြီး…

"ဒီအကြောင်း မင်းရဲ့ထဲမှာပဲ ထားနော်"

ဟု နှုတ်ပိတ်လိုက်သည်။

"စိတ်ချပါ ဆရာ။ ကျွန်တော် နှုတ်လုံပါတယ်"

(၃)

ထိုနေ့ မွန်းလွဲ တစ်နာရီတွင် ဦးပါစီသည် တပည့် စိန်သောင်းနှင့်အတူ ဟွန်ဒါကားကို ရန်ကုန်-ထောက်ကြံ့-လှည်းကူး ကားလမ်းအတိုင်း ပဲခူးသို့ ဦးတည်မောင်းသွားစဉ် လှည်းကူးမြို့အလွန် ရွာတစ်ရွာထိပ်သို့ အရောက်၌ ဟွန်ဒါကား ရုတ်တရက် စက်ရပ်သွားသည်။

ဆရာ-တပည့် နှစ်ယောက်စလုံး ကားပြင်တတ်သူများ ဖြစ်ကြသည်။ ကား၏ ဆီလမ်းကြောင်း ပိတ်သွားသည်ကို တွေ့ရ၍ ပြုပြင်နေခိုက် ရွာထဲမှ ကလေးတချို့ သူတို့ ကားပြင်နေသည်ကို ဝိုင်းအုံကြည့်ကြစဉ် အရောက်



www.burmeseclassic.com

www.burmeseclassic.com

၁၃နှစ်အရွယ် ယောက်ျားကလေး တစ်ယောက်က…

“ဟိုးတစ်နှစ်ကျော်ကျော်က ဒီလို ကားအဖြူတစ်စီး ဒီအပင်ကြီးကို ဝင်တိုက်လို့ ကားမောင်းသူရယ်၊ ကားထဲက အစ်မကြီးတစ်ယောက်ရယ် သေသွားတယ်”

ဟု မောင်စိန်သောင်းကို ပြောရာ ဦးပါစီ ကြားသွားပြီး…

“အဲဒီတုန်းက မင်း လာကြည့်သေးသလား”

ဟု မေးသည်။

“လာကြည့်တယ်”

“ဘယ်အချိန်လောက် ဖြစ်တာလဲ”

သူငယ်လေးသည် ခဏစဉ်းစားပြီးနောက်…

“ဒီအချိန်လောက်လို့ ထင်တယ်”

ဟု ဖြေသည်။

ဆီပိုက်ပြင်ပြီးသောအခါ ကားကို နှိုးသည်။ နိုးမလာ။ ပြစ်ချက်ကို ရှာကြပြန်သည်၊ မတွေ့။

ဦးပါစီသည် ခေတ္တ စဉ်းစားပြီးနောက် စောစောက ကားတိုက်မှု အကြောင်းပြောသော သူငယ်အား…

“ဒီနားမှာ ဘုန်းကြီးကျောင်း ဘယ်မှာ ရှိသလဲ”

“ဟောဟိုက ဝါးတောနားမှာ ရှိတယ်”

ဟု အရှေ့ဘက်သို့ လက်ညှိုးထိုးပြသည်။ ကိုက်တစ်ထောင်ခန့် ဝေးကြောင်း ဦးပါစီ တွေ့ရသည်။

“ငါ့ကို လိုက်ပို့ပေးကွာ”

ဦးပါစီသည် ထိုသူငယ်ကို ခေါ်၍ ဘုန်းကြီးကျောင်းရှိရာသို့ သွားသည်။

နောက် နာရီဝက်ကျော်ကျော် မိနစ်လေးဆယ်ခန့်အကြာတွင် ဦးပါစီသည် ဘုန်းကြီးသုံးပါးနှင့်အတူ ကားရှိရာသို့ ပြန်လာသည်။ ကန်တော့ပွဲတစ်ပွဲ သပိတ်ဖြူမှာတစ်ချပ်ကို ဘုန်းကြီးကျောင်းသားတစ်ယောက်နှင့် ဦးပါစီ ခေါ်သွားသော ရွာသား လူငယ်တို့က သယ်ယူလာကြသည်။

ကားတိုက်မှုဖြစ်ခဲ့သည်ဆိုသော ကုက္ကိုပင်ခြေရင်းတွင် ဘုန်းကြီးများထံမှ ဦးပါစီနှင့် မောင်စိန်သောင်းတို့က ငါးပါးသီလခံယူကြပြီးသောအခါ ဘုန်းကြီးများက ပရိတ်တရားတော်များ ရွတ်ဖတ်ကာ အမျှဝေသည်။

“မကျွတ်မလွတ်သေးသူများ ဝေးရာသို့ ရှောင်ခွာကြပါ။ ဘုန်းဘုန်းကြီးများက မေတ္တာပို့ပါတယ်။ သင်တို့ကောင်းရာနေရာသို့ ရောက်ကြရန် မေတ္တာပို့ အမျှဝေပါတယ်။ ဒကာကြီး ဦးပါစီတို့ကလည်း အမျှပေးဝေပါ”



ဟု ဘုန်းတော်ကြီးက တရားကို နိဂုံးချုပ်လိုက်သည်။

ရေစက်ချ အမျှဝေပြီးသောအခါ ဘုန်းတော်ကြီးက…

“ကဲ - ဒကာကြီး ဦးပါစီ ကားစက်ကို နှိုးကြည့်ပါ”

ဟု ပြောသောကြောင့် ဦးပါစီသည် ကားစက်ကို နှိုးကြည့်သည်။ ကားစက်နိုးသွား၏။ ဦးပါစီသည် ကားစက်ကို ပိတ်ပြီး ထပ်နှိုးကြည့်သည်။ စက်နိုးသည်။

ဦးပါစီ အလွန်ဝမ်းသာသွားသည်။

ငှင်းကားဖြင့် ဘုန်းတော်ကြီးများကို ဘုန်းကြီးကျောင်းသို့ ပြန်ပို့ပေးသည်။ ကလေးများကိုလည်း မုန့်ဖိုးများ ပေးလိုက်သည်။

“ဒကာကြီး…ကားကို မှန်မှန်ပဲ မောင်းသွားပါ။ ကားမောင်းသွားရင်း စိတ်ထဲက သတ္တဝါများအားလုံးကို မေတ္တာပို့ပါ”

ဟု ဆရာတော် ဘုန်းကြီးက မှာသည်။

(၄)

ဦးပါစီသည် နောက် ငါးရက်အကြာတွင် ရန်ကုန်သို့ ပြန်ရောက်လာသည်။

သူ့အဖို့ တစ်သက်တာ သင်ခန်းစာရသွား၏။

ကားကို အရမ်းမဝယ်တော့။ ကား၏ သမိုင်းကြောင်းအစုံအလင်ကို သေသေချာချာစုံစမ်းပြီးမှ ဝယ်ရန်၊ ကားအရောင်းအဝယ်ကိုလည်း လောဘဇော မတိုက်ဘဲ လုပ်ရန်နှင့် သတ္တဝါများကို နေ့စဉ် မေတ္တာပို့ရန်ဟူသော သင်ခန်းစာများ ရသွား၏။

* * *

မြနိုး



www.burmeseclassic.com

www.burmeseclassic.com




# ၂၀၁၃၊ မေလ ကောင်းကင်ဂြိုဟ်ရပ်တည်မှု

၂၀၁၃၊ မေလ၏ ကောင်းကင်ထက်၌ မိဿရာသီရောက် တနင်္ဂနွေဂြိုဟ် မေလ ၁၅ရက်နေ့တွင် ပြိဿရာသီသို့ ပြောင်းရွှေ့ ဝင်ရောက်မည်ဖြစ်ပြီး မိဿရာသီမှ အင်္ဂါဂြိုဟ် မေ ၂၄ရက်နေ့တွင် ပြိဿရာသီသို့ ပြောင်းရွှေ့ ရပ်တည်ပါမည်။ ဗုဒ္ဓဟူးဂြိုဟ် မိဿရာသီမှ ပြိဿရာသီသို့ မေ ၁၄ရက်နေ့၌ ကူးပြောင်းသွားမည်ဖြစ်သည်။ မေ ၃၁ရက်နေ့၌ ကြာသပတေးဂြိုဟ် ပြိဿရာသီမှ မေထုန်ရာသီသို့ ပြောင်းရွှေ့ရပ်တည်သည်ကို တွေ့မြင်နိုင်၍ စနေဂြိုဟ် မေလတစ်လလုံး တူရာသီတွင် ဖောက်ပြန်သွားလာမည်ဖြစ်သည်။ မိဿရာသီမှ သောကြာဂြိုဟ် မေလ ၄ ရက် ၅ရက်နေ့တွင် ပြိဿရာသီသို့ ပြောင်းရွှေ့ ရပ်တည်ပြီး မေ ၃၀ရက်နေ့၌ မေထုန်ရာသီသို့ ထပ်မံ ပြောင်းရွှေ့ ရပ်တည်ပါလိမ့်မည်။ ရာဟုနှင့် ကိတ်ဂြိုဟ်များ တူနှင့် မိဿရာသီများအတွင်း တည်ရှိနေ၍ ယူရေးနပ်စ်ဂြိုဟ် မိန်ရာသီ နက်ပကျွန်းဂြိုဟ် ကုမ်ရာသီများတွင် ပုံမှန်ရပ်တည်နေ၍ ပလူတိုဂြိုဟ် ဓနုရာသီအတွင်း ဖောက်ပြန်သွားလာနေသည်ကို တွေ့ရပါလိမ့်မည်။ ထူးခြားသော ဂြိုဟ်ပူးယှဉ်မှုများအဖြစ် မေလ ၈ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၄နာရီ ၄၅မိနစ်တွင် အင်္ဂါနှင့် ဗုဒ္ဓဟူးဂြိုဟ်များ ပူးယှဉ် စစ်ထိုးပါမည်။ နေ၏ အနောက်ဘက် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ပူးယှဉ်မည်ဖြစ်သည့်အတွက် ကမ္ဘာ၌ အကျိုးသက်ရောက်မှု မရှိနိုင်ပါ။ ယင်းဂြိုဟ်များ နေ၏ အနောက်ဘက်သို့ ရောက်ရှိနေသဖြင့် ဖြစ်စဉ်အား မမြင်တွေ့နိုင်ပါ။ မေလ ၉ရက်နေ့နှင့် ၁၀ရက်နေ့ များတွင် အလင်းရောင်မရှိသော လနှင့် အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်များ ပူးယှဉ်ပါမည်။ မြင်တွေ့ခွင့် မရရှိနိုင်ပါ။

မေလ ၁၀ရက်နေ့ မြန်မာစံတော်ချိန် ၅နာရီ ၅၄မိနစ်တွင် အရှေ့လောင်ဂျီတွဒ် ၁၃၄ ဒီဂရီ ၁၁မိနစ်နှင့် တောင်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၇မိနစ်တွင် နေအရစ်ကြွတ်မှုဖြစ်စဉ် စတင်ပြီး မြန်မာစံတော်ချိန် နံနက် ၆နာရီ ၅၉မိနစ်၌ အရှေ့လောင်ဂျီတွဒ် ၁၇၅ ဒီဂရီ ၃၀မိနစ်နှင့် မြောက်လတ္တီတွဒ် ၀၂ဒီဂရီ ၁၂မိနစ်တွင် နေအရစ်ကြွတ်မှု ဖမ်းလယ်ဖြစ်စဉ် ဖြစ်ပွားပါမည်။ မြန်မာစံတော်ချိန် နံနက် ၉နာရီ ၂၅မိနစ်တွင် အရှေ့လောင်ဂျီတွဒ် ၂၁၇ ဒီဂရီ ၄၇မိနစ်နှင့် တောင်လတ္တီတွဒ် ၀၀ ဒီဂရီ ၀၁ မိနစ်၌ နေအရစ်ကြွတ်မှုဖြစ်စဉ် ပြီးဆုံးပါမည်။ မြန်မာနိုင်ငံမှ တောင်ဘက်စွန်းပိုင်းဒေသအချို့မှ နေတစ်စိတ်တစ်ပိုင်း ကြွတ်သော အခြေအနေမျိုးဖြင့် မြင်တွေ့ကောင်း မြင်တွေ့နိုင်သည်။ နေအရစ်ကြွတ်ခြင်းဖြစ်စဉ်အား ပစိဖိတ်သမုဒ္ဒရာ ကယ်ရီဘာယ်တီကျွန်းစုများတွင် ပါဝင်သည့် တာရဝကျွန်းစု(Tarawa,Kiribati)မှ မြင်တွေ့ လေ့လာနိုင်ပြီး နေတစ်စိတ်တစ်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com


ကြတ်မှုဖြစ်စဉ်များအား တောင်အာရှဒေသအချို့ ဩစတြေးလျ၊ ပစိဖိတ်ဒေသ၊ အိန္ဒိယ သမုဒ္ဒရာများမှ တွေ့မြင်နိုင်မည် ဖြစ်ပါသည်။

မေ ၂၅ ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၁၀နာရီ ၂၂မိနစ်၌ ဗုဒ္ဓဟူးနှင့် သောကြာဂြိုဟ်များ ပူးယှဉ်၍ စစ်ထိုးပါမည်။ ပူးယှဉ်မှုယိုင်ထောင့်အကွာအဝေး ၁ဒီဂရီအတွင်းဖြစ်သည့်အတွက် အားကောင်းသည့် ဂြိုဟ်စစ်ထိုးမှုဖြစ်စဉ် ဖြစ်သည်။ ဖြစ်စဉ် ဖြစ်ပေါ်မည့် နေရာဒေသမှ အရှေ့လောင်ဂျီတွဒ် ၁၃၇ ဒီဂရီ ၁၀မိနစ်နှင့် မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၃၄ မိနစ်၊ မြောက်ပစိဖိတ်သမုဒ္ဒရာ ဂူအမ်ကျွန်းစုများအနီး၌ ဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ ရွှေဈေးနှုန်းနှင့် နိုင်ငံခြားငွေကြေးဈေးနှုန်းများ ကျဆင်းတတ်သည့် ဂြိုဟ်စစ်ထိုးမှု ဖြစ်သည်။ မေ ၂၇ရက်၊ ညနေ ၄နာရီ ၁၆မိနစ်၌ ကြာသပတေးနှင့် ဗုဒ္ဓဟူးဂြိုဟ်များ ပူးယှဉ်စစ်ထိုးသောဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ ပူးယှဉ်မှုယိုင်ထောင့်အကွာအဝေး ၃ ဒီဂရီအတွင်းဖြစ်သည့်အတွက် အင်အားအသင့်တင့်ရှိသည့် ဂြိုဟ်စစ်ထိုးမှုဖြစ်စဉ်ဖြစ်သည်။ ဖြစ်စဉ်ဖြစ်ပေါ်မည့် နေရာဒေသမှ အရှေ့လောင်ဂျီတွဒ် ၅၂ ဒီဂရီ ၀၂မိနစ်နှင့် မြောက်လတ္တီတွဒ် ၂၂ဒီဂရီ ၅၉မိနစ်၊ အိုမန်နိုင်ငံအနီး၌ ဖြစ်စဉ်ဖြစ်ပေါ်ပါမည်။ ရွှေဈေးနှုန်းနှင့် မတ်ပဲဈေးနှုန်းများ ကျဆင်းတတ်သည့် ဂြိုဟ်စစ်ထိုးမှုဖြစ်သည်။ မေ ၂၉ရက်၊ နံနက် ၃နာရီ ၈မိနစ်၌ ကြာသပတေးနှင့် သောကြာဂြိုဟ်များ ပူးယှဉ်စစ်ထိုးသော ဖြစ်စဉ်ဖြစ်ပေါ်ပါမည်။ ပူးယှဉ်မှုယိုင်ထောင့်အကွာအဝေး ၁ဒီဂရီအတွင်းဖြစ်သည့်အတွက် အားကောင်းသည့် ဂြိုဟ်စစ်ထိုးမှုဖြစ်စဉ် ဖြစ်သည်။ ဖြစ်စဉ်ဖြစ်ပေါ်မည့် နေရာဒေသမှ အနောက်လောင်ဂျီတွဒ် ၁၁၃ဒီဂရီ ၂၄မိနစ်နှင့် မြောက်လတ္တီတွဒ် ၂၃ဒီဂရီ ၅၄မိနစ်၊ မက္ကဆီကိုနိုင်ငံအတွင်း၌ ဖြစ်စဉ်ဖြစ်ပေါ်ပါမည်။ နိုင်ငံခြားငွေကြေးဈေးနှုန်းနှင့် မတ်ပဲဈေးနှုန်းများ ကျဆင်းတတ်သည့် ဂြိုဟ်စစ်ထိုးမှုဖြစ်သည်။ ဖြစ်စဉ် သုံးခုလုံးအား ညနေ နေဝင်ချိန် ၆နာရီခွဲခန့်မှ ည ၇နာရီခွဲဝန်းကျင်အတွင်း အနောက်ဘက် မိုးကောင်းကင်၌ လေ့လာကြည့်ရှုနိုင်သည်။ သောကြာဂြိုဟ်အား အရွယ်အစားကြီးမားသော ကြယ်ပွင့်အဖြူသဏ္ဍာန်၊ ကြာသပတေးဂြိုဟ်အား အရွယ်အစားအလယ်အလတ်ရှိသည့် ကြယ်ပွင့်အဖြူ သဏ္ဍာန်နှင့် ဗုဒ္ဓဟူးဂြိုဟ်အား အရွယ်အစားသေးငယ်သော ကြယ်ပွင့်အဖြူသဏ္ဍာန်မျိုးဖြင့် ဂြိုဟ်သုံးလုံး နီးကပ်စွာ ရပ်တည်နေမှုကို အသွင်သဏ္ဍာန်သုံးမျိုးဖြင့် တွေ့မြင်လေ့လာနိုင်ပါမည်။ မေလသည် အဆိုပါ ဂြိုဟ်သုံးလုံး၏ ပူးယှဉ်မှုအခြေအနေများကြောင့် မုန်တိုင်းအန္တရာယ်၊ လျှင်အန္တရာယ်များ သတိပြုသင့်သည်။ အထူးသဖြင့် မြောက် ပစိဖိတ်သမုဒ္ဒရာအတွင်း၌ အားကြီးသော ဟာရီကိန်းမုန်တိုင်းဖြစ်စဉ်များ ဖြစ်ပေါ်လာနိုင်သည်။


မေ ၁၁ရက်နေ့၏ နေ့လယ် ၁၁နာရီ ၃၆မိနစ်တွင် မြင်တွေ့ခွင့်မရရှိသည့် လအရိပ်ဖျော့ကြတ်သော ဖြစ်စဉ် ဖြစ်ပေါ်လာပါမည်။ မေ ၂၂ရက်နေ့၏ ညနေ ၅နာရီ ၃၆မိနစ်တွင် အလင်းအား ၈၉ရာခိုင်နှုန်းခန့်ရှိသော လမင်းကို စိတြနက္ခတ်(Star Spica )ကြယ်မှ ထွင်းဖောက်သော ဖြစ်စဉ်ဖြစ်ပေါ်မည်။ ညနေ နေဝင်ချိန်မှ စတင်၍ အရှေ့ဘက်၊ မွန်းတည့်၊ အနောက်ဘက် မိုးကောင်းကင်အသီးသီး၌ လေ့လာနိုင်ပါသည်။ မေလ ၂၅ရက် နက္ခတ်လပြည့်ရက် နေ့လယ် ၁၁နာရီ ၂၆မိနစ်တွင် အလင်းအား ၁၀၀ရာခိုင်နှုန်းခန့်ရှိသော လမင်းအား ဗြိစ္ဆာရာသီကြယ်စုတွင် ပါဝင်သော Star Graffias ကြယ်မှ ထွင်းဖောက်သော ဖြစ်စဉ်ဖြစ်ပေါ်မည်။ ယင်းနေ့ လထွက်ချိန်မှ စတင်၍ အရှေ့ဘက် မွန်းတည့်၊ အနောက်ဘက် မိုးကောင်းကင်အသီးသီး၌ လေ့လာနိုင်ပါသည်။ နက္ခတ်များအား ဂြိုဟ်များမှ ထွင်းဖောက်ခြင်းနှင့် ပတ်သက်သည့် ဟောဆိုချက်များကို ဝရာဟမိဟ်ရဆရာ ရေးသားသော ဗြိဟတ်သံဟိတာကျမ်းတွင် လေ့လာနိုင်ပါသည်။ မြန်မာ့နက္ခတ်ပညာလောကတွင် နက္ခတ်ပညာရှင်အများစုသည် ဂြိုဟ်များ ပူးခြင်း(ဂြိုဟ်စစ်ထိုးခြင်း)နှင့် နေကြတ်၊ လကြတ်မှုများကိုသာ အလေးအနက်ထား ဟောကိန်းများ ထုတ်လေ့ရှိပါသည်။ ဂြိုဟ်များမှ နက္ခတ်များအား ထွင်းခြင်း၊ ပူးခြင်းဖြစ်စဉ်များကို အခြေပြု၍ ဟောဆိုမှုများ မရှိသလောက် ရှားပါးလာသည်ကို တွေ့မြင်ရပါသည်။ သို့ပါ၍ မျိုးဆက်သစ် နက္ခတ်ပညာရှင်များအနေဖြင့် နက္ခတ်များအား ဂြိုဟ်များ ထွင်းခြင်းနှင့် ပတ်သက်၍ သုတေသနပြု ဟောကြားချက်များ ရှာဖွေဖော်ထုတ်သင့်ကြောင်း အကြံပြု တင်ပြလိုပါသည်။

www.burmeseclassic.com


www.burmeseclassic.com




(နေကြတ်မှုဖြစ်စဉ် စတင်ဖြစ်ပေါ်ပုံ)





(ဖမ်းလယ်ဖြစ်စဉ် မြင်တွေ့ရမည့်ပုံ)




(နေကြတ်မှုဖြစ်စဉ် စတင်ဖြစ်ပေါ်ပုံ)

နေကြတ်မှုဖြစ်စဉ် အဆင့်ဆင့်သရုပ်ပြပုံစံ




နေကြတ်မှုဖြစ်စဉ် လမ်းကြောင်းပြမြေပုံ




www.burmeseclassic.com


www.burmeseclassic.com




လနှင့် စိတြနက္ခတ်ကြယ် ပူးယှဉ်နေပုံ




လနှင့် Graffias နက္ခတ်ကြယ်ပူးယှဉ်နေပုံ




ဗုဒ္ဓဟူး၊ ကြာသပတေးနှင့် သောကြာဂြိုဟ်များ ပူးယှဉ်နေပုံ



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃၊ မေလ (၁၂)ရာသီ လဂ်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ

## ARIES



### မိဿလဂ်

မထင်မှတ်ထားသော အခွင့်အရေးကောင်းများ ပေါ်ထွက်လာမည်။ ဆောင်ရွက်ကြိုးပမ်း ပုံဖော်မှုများတွင် မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်မှုများ ပိုင်ဆိုင်ခွင့်ရရှိချိန်။ ပြည့်စုံကြွယ်ဝမှုများ လင်းလက်တောက်ပချိန်။ အောင်မြင်မှုလမ်းမများထက် ပျော်ရွှင်သော နေ့ရက်များ ကျော်ဖြတ်ရချိန်။ ရွေးချယ်ရန် ခက်ခဲသည့်အခွင့်အရေးအမျိုးမျိုးပေါ်ပေါက်လာတတ်သည်။ အမည်နှင့် ဂုဏ်သတင်း ထင်ရှားကျော်ကြားပြီး စိတ်ပင်ပန်းမှုများ ယှဉ်တွဲ၍ ကံကောင်းအောင်မြင်မှုများ ဖန်တီးပုံဖော်နိုင်မည်။ လုပ်ငန်းရှင်များ စီးပွားဖြစ်ထွန်းမည့်အခွင့်အရေးကောင်းများ ပေါ်ထွက်လာချိန်။ ငွေကြေးအကျိုးပေးကံ ကောင်းမွန်ပြီး ထီကံစမ်းပေးသင့်ချိန်။ ပညာသင်ကြားသူများ ပညာရေးတွင် အတိုက်အခံကြားမှ တိုးတက်အောင်မြင်ချိန်။ အိမ်ထောင်ရှင်များ အေးချမ်းတည်ငြိမ်သော မိသားစုဘဝ ဖန်တီး တည်ထောင်ခွင့်ရရှိချိန်။ ချစ်သူများ မိမိ၏ ချစ်သူနှင့် အရာရာနားလည်မှုများ ရရှိနေမည်။


## TAURUS



### ပြိဿလဂ်

အခက်အခဲများ ဆက်လက်ပြင်းထန်နေတတ်ပြီး ဆောင်ရွက်ကြိုးပမ်းမှုများ၌ အဆင်မပြေမှုများ ရင်ဆိုင်ရမည်။ စိတ်ဆိုး ဒေါသဖြစ်ရသည့် အကြောင်းကိစ္စများ သတိပြု ဆင်ခြင်ပါ။ ကျန်းမာရေးအညံ့နှင့် မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုများ တွေ့ကြုံတတ်သည်။ အမှုပြဿနာရပ်များ ဝန်းရံနေတတ်သည်။ အတိုက်အခံ ပဋိပက္ခများ တစ်ခုပြီးတစ်ခု တွေ့ကြုံလာမည်။ မိသားစုနှင့် အဆင်မပြေမှုများ ပြင်းထန်ချိန်။ မိမိကြံစည်ကြိုးပမ်းမှုများ၌ မကြာခဏ လွဲချော်မှုများ ရင်ဆိုင်ရတတ်သည်။ လုပ်ငန်းရှင်များ လုပ်ငန်းနှင့် စီးပွားရေးပိုင်း နစ်နာပျက်စီးဆုံးရှုံးမှုများ ရင်ဆိုင်ရပြီး ရုံးရောက်ဂါတ်ရောက် ပြဿနာကြုံမည်။ ပညာသင်ကြားနေသူများ ပညာရေးကံဇာတာမှေးမှိန်၍ ကောင်းကျိုးမပြုသော ကာလ။ အိမ်ထောင်ရှင်များ မိမိအိမ်ထောင်ဖက်နှင့် အရာရာဆန့်ကျင်ဘက်ဖြစ်ရတတ်သည်။ ချစ်သူများ အမုန်းမီးတောက် ပဋိပက္ခများ လောင်ကျွမ်းပြီး ဝေဒနာနေ့စွဲများ ဖြတ်ကျော်ရချိန်။

## GEMINI



### မေထုန်လဂ်

ကံဇာတာ မြင့်မားတိုးတက်မည့် အချိန်ကာလဖြစ်ပြီး ကောင်းမွန်သော အဆက်အသွယ်ကောင်းများ တွေ့ကြုံလာမည်။ လုပ်ငန်းတွင် ကြိုးစားသလောက် အကျိုးခံစားရမည်။ မိသားစုနှင့် ပတ်သက်၍ ကံကောင်းမှုများ တွေ့ကြုံရင်ဆိုင်ရတတ်သည်။ လုပ်ငန်းနေရာအပြောင်းအလဲဖြစ်စဉ်များ တွေ့ကြုံ၍ အကျိုးရှိမည်။ ငွေကြေးအစုလိုက် အပုံလိုက်ရရှိတတ်ပြီး ထီကံစမ်းပေးသင့်ချိန်။ အခွင့်အရေးသစ်များ လက်ဝယ်ရောက်ရှိလာမည်။ မှန်ကန်စွာ တွေးခေါ် ဆုံးဖြတ်နိုင်မည့်အချိန်ကာလ။ လုပ်ငန်းတာဝန်များအတွက် ဘုန်းကံအရှိန်အဝါ မြင့်မားတိုးတက်ချိန်။ မျှော်လင့်ခြင်းအလင်းရောင်များ ထွန်းလင်းတောက်ပချိန်။ ကြိုးစားမှု၏အသီး အပွင့်များ ဝေဆာဖြစ်ထွန်းချိန်။ လိုအင်ဆန္ဒများ မဖန်တီးဘဲ ပြည့်စုံလာမည်။ လုပ်ငန်းရှင်များ ကောင်းသော အဆက်အသွယ်များ ရရှိပြီး လုပ်ငန်းသစ်များ တိုးချဲ့ ဆောင်ရွက်ရမည်။ ပညာသင်ကြားနေသူများ ကံဇာတာအထွတ်အထိပ် အောင်မြင်ချိန်။ အိမ်ထောင်ရှင်များ ငွေကြေးစီးပွား တိုးတက်မှုများကြောင့် ပဋိပက္ခနည်းပါးချိန်။ အချစ်ရေးကံဇာတာ လှပလင်းလက်မည့် အချိန်ကာလ။

## CANCER



### ကရကဋ်လဂ်

ကြီးမားသော ဘဝကံအပြောင်းအလဲများ တွေ့ကြုံရင်ဆိုင်ရချိန်။ အရာရာ၌ ရွှေရောင်အခွင့်အရေးများ မွေးဖွား ပေါ်ထွန်းလာတတ်သည်။ လုပ်ငန်းနှင့် ပတ်သက်၍ ကောင်းသော ခရီးဝေးများ သွားလာရတတ်သည်။ နိုင်ငံရပ်ခြားဒေသနှင့် လူမျိုးခြားများ ကောင်းကျိုးပြုချိန်။ ဘုန်းကံသြဇာ အရှိန်အဝါမြင့်မား တိုးတက်၍ အခွင့်အရေးကောင်းများ အလိုအလျောက်ပေါ်ထွန်း ဖြစ်တည်လာချိန်။ မိမိရည်မှန်းချက် ရည်ရွယ်ချက်များ ထူးခြားစွာ ပြည့်ဝအောင်မြင်ချိန်။ မှန်ကန်သည့်အသိဉာဏ် စွမ်းအားထူးများ ရရှိနေချိန်ဖြစ်သည့်အတွက် အရာရာကို ရဲဝံ့ပြတ်သားစွာ ဖန်တီးပုံဖော်သင့်ချိန်။ လုပ်ငန်းရှင်များ ကြီးမားသော ဘဝကံ တိုးတက်ပြောင်းလဲမှုများ တွေ့ကြုံလာမည်။ ပညာသင်ကြားနေသူများ ပညာရေး ကံဇာတာ လှပလင်းလက် ထည်ဝါနေချိန်။ အိမ်ထောင်ရှင်များ ရွှေရောင်မိသားစု သုခချမ်းသာနေ့ရက်များ ရယူပိုင်ဆိုင်နိုင်မည်။ အချစ်ရေးကံကောင်းမွန်၍ ချစ်သူနှင့် ပျော်ရွှင်မှုများ ဖန်တီးပုံဖော်ခွင့်ရမည်။



www.burmeseclassic.com

www.burmeseclassic.com

## LEO



## သိဟ်လဂ်

စိတ်ကူးဆန်းများဖြင့် ကိုက်ညီသော အနာဂတ်နေ့ရက်များ မွေးဖွားဖြစ်တည်ချိန်။ ငွေကံကောင်းမွန်၍ ကြွေးမြီဟောင်းများ ပြန်လည်ရရှိတတ်ချိန်။ မိမိလုပ်ငန်းတာဝန်များအတွက် စိတ်ပင်ပန်းမှုများ ပြင်းထန်နေသော်လည်း ပင်ပန်းသလောက် အကျိုးရှိမည်။ အိမ်ခြံမြေယာဥ်ကိစ္စများအတွက် အကျိုးဖြစ်ထွန်းချိန်။ လူမှုရေးထင်ရှား အောင်မြင်မှုများ ဖန်တီးပုံဖော်ခွင့်ရရှိချိန်။ လူမှုရေး ပရဟိတလုပ်ငန်းများ ထူးခြားစွာ ဆောင်ရွက်ရမည်။ လုပ်ငန်းနှင့် ပတ်သက်၍ အကူအညီကောင်းများ ရရှိချိန်။ ပါးနပ်လိမ္မာစွာဖြင့် မိမိ ကံကြမ္မာကို ပုံဖော်ခွင့်ရရှိမည်။ ငွေကံကောင်း၍ ထီကံစမ်းသင့်ချိန်။ အောင်မြင်မှုအသီးအပွင့်များ ဆွတ်ယူခွင့် ရရှိချိန်။ လုပ်ငန်းရှင်များ မထင်မှတ်ထားသည့် ကံကောင်း အောင်မြင်မှုများ လက်ဝယ်သို့ ရောက်ရှိလာမည်။ ပညာသင်ကြားသူများ ပညာရေးခရီးလမ်းများ ရွှေရောင်ဝင်းပချိန်။ အိမ်ထောင်ရေးပိုင်း အတိုက်အခံ ပဋိပက္ခအသေးအဖွဲ မကြာခဏ တွေ့ကြုံတတ်သည်။ ချစ်သူနှင့် စိတ်ကူးနေ့ရက်ချိုချိုများ ဆီသို့ ရွက်လွှင့်နိုင်ချိန်။

## VIRGO



## ကန်လဂ်

ကျန်းမာရေးဝေဒနာရောဂါဟောင်းများ ပြန်လည်ခံစားရချိန်။ ကြန့်ကြာနှောင့်နှေးခက်ခဲမှုများကြား အောင်မြင်မှုများ အလုမ်းကွာဝေးချိန်။ ငွေကြေးဆုံးရှုံးမှုများ ဆက်လက် သတိပြုသင့်ချိန်။ အရာရာ၌ အနုတ်ဘက်သို ဦးတည်နေသော ကာလ။ အတားအဆီး တံတိုင်းများ ခြားနား၍ မှောင်မိုက်သောအချိန်။ မှေးမှိန်ညှိုးနွမ်းသော ကံကြမ္မာမုန်တိုင်းများအောက် လုမ်းလျှောက်ရင်း လမ်းပျောက်ရချိန်။ ကျန်းမာရေး အညံ့ကိစ္စများအတွက် ငွေကုန်ကျမှု များပြားနေမည်။ အရာရာ အရှုံးများအောက် ဒုက္ခဖြင့် ယှဥ်တွဲနေတတ်ချိန်။ ပြဿနာအတိုက်အခံများကြောင့် အမှုပြဿနာများ သတိပြုပါ။ မောင်နှမသားချင်းအရေးကိစ္စများအတွက် သောကကြုံတတ်သည်။ လုပ်ငန်းရှင်များ ကြီးမားသော ဆုံးရှုံးနစ်နာမှုများ အထူးသတိပြုသင့်ချိန်။ ပညာရေးတွင် အရာရာလွဲချော်ဆုံးရှုံးတတ်သည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးပြိုကွဲပျက်စီးမည့် အိမ်တွင်းရေးမုန်တိုင်းများ ပြင်းထန်စွာ တိုက်ခတ်လာတတ်သည်။ ချစ်သူနှင့် ပြင်းထန်သော ပဋိပက္ခစစ်ပွဲများ ဆင်နွှဲရချိန်။

## LIBRA



## တူလဂ်

စိတ်ပင်ပန်းမှု များပြားသော်လည်း ကြိုးစားမှုအတွက် အခွင့်အရေးများ နီးထရင်သန်ချိန်။ ရည်မှန်းချက် အတွေးအခေါ် အကြံအစည်အမျိုးမျိုးကြား ရွေးချယ်ရန် ခက်ခဲနေမည်။ စိတ်ဆိုးဒေါသနှင့် မာန်မာနများ ထိန်းချုပ်၍ အောင်မြင်ခြင်းလမ်းမများ ခရီးဆက်သင့်ချိန်၊ အဆက်အသွယ်ကောင်းများ ရရှိချိန်၊ လူမှုရေးနယ်ပယ်၌ ထူးခြားစွာ မျက်နှာပွင့်လန်းသော အချိန်ကာလ။ လူမှုရေး ပရဟိတလုပ်ငန်း အများအပြား ဆောင်ရွက်ရတတ်သည်။ အကြောင်းကိစ္စအမျိုးမျိုးအတွက် ငွေကြေးသုံးစွဲကုန်ကျမှု များပြားတတ်သည်။ လုပ်ငန်းရှင်များ ကံဇာတာအကောင်းအဆိုး ဒွန်တွဲနေတတ်ပြီး ငွေကြေးပိုင်းဆိုင်ရာ စိတ်အနှောင့်အယှက်တွေ့ကြုံမည်။ ပညာသင်ကြားနေသူများ လူမှုရေးအပျော်အပါးကိစ္စများကြောင့် ပညာရေးပိုင်း အားနည်းချိန်။ အိမ်ထောင်ရှင်များ ရှင်းပြခွင့်မရရှိသည့် လူမှုရေးပြဿနာများကြောင့် အိမ်တွင်းရေးပြဿနာများ ရင်ဆိုင်ရချိန်၊ ချစ်သူ၏ သံသယ ပဋိပက္ခတိုက်ပွဲများကြား အချစ်ရေး ကံဇာတာ မှေးမှိန်ညှိုးနွမ်းချိန်။

## SCORPIO



## ဗြိစ္ဆာလဂ်

အတိုက်အခံ အတားအဆီးများ ဆက်လက်ကျော်ဖြတ်ရချိန်။ ကျန်းမာရေးအညံ့နှင့် မတော်တဆ ထိခိုက်မှုများ သတိပြုသင့်ချိန်။ လွဲမှားသော ဆုံးဖြတ်ယူဆချက်နှင့် စိတ်လိုက်မာန်ပါ ဆောင်ရွက်လိုမှုများ လျှော့မိုးထားချိန်၊ အရာရာဆုံးရှုံးမှု သောကရပ်ဝန်းအတွင်း ခရီးနှင် လမ်းပျောက်ဆုံးချိန်။ ပင်ပန်းမှုများကြား ရည်မှန်းချက်များ လွဲချော်နေတတ်သည်။ ကျန်းမာရေးအသေးအဖွဲ အညံ့ကြုံတတ်သည်။ လုပ်ငန်းတာဝန်များအတွက် စိတ်သောကများရမည်။ အကြီးအကဲများကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်ရတတ်သည်။ အဆင်မပြေမှုများ မကြာခဏ အလည်ရောက်ရှိလာမည်။ လုပ်ငန်းရှင်များ တရားမဝင် ဆောင်ရွက်လုပ်ကိုင်မှုများ သတိပြု ရှောင်ကြဉ်သင့်ချိန်။ ပညာသင်ကြားနေသူများ ပညာရေးမုန်တိုင်းများ ပြင်းထန်နေချိန်။ အိမ်ထောင်ရှင်များ နားလည်မှု၊ ယုံကြည်မှု၊ ခွင့်လွှတ်သည်းခံမှုများ လျော့ပါး၍ မာနနှင့် အတ္တများ လျှော့မိုးထားချိန်၊ ချစ်သူဖြင့် အရာရာ ဆန့်ကျင်ဘက်ဖြစ်နေမည့် အချိန်ကာလ။



www.burmeseclassic.com

www.burmeseclassic.com

## SAGITTARIUS



## ဓနုလက်

အမည်နှင့် ဂုဏ်သတင်းထင်ပေါ်ကျော်ကြားချိန်။ စိတ်ကူးဆန္ဒ ရည်မှန်းချက်များအတွက် အောင်မြင်မှုများ လင်းလက်တောက်ပလာမည့် ရွှေရောင်အချိန်ကာလ။ ခရီးဝေးများသွားလာရပြီး ငွေကြေးအကျိုးရှိ ကံကောင်းမှုများ တွေ့ကြုံလာမည်။ လုပ်ငန်းသစ်များ ဆောင်ရွက်ရန် အခွင့်အရေးသစ်များ ပေါ်ပေါက်တွေ့ကြုံလာမည်။ အောင်မြင်မှုများအား အတိုက်အခံယှဉ်တွဲ ဖန်တီးပုံဖော်နိုင်မည်။ ပညာနှင့် ပတ်သက်သည့် လုပ်ငန်းတာဝန်များ ကောင်းကျိုးပြုချိန်။ ကံဇာတာပြောင်းလဲမြင့်မားတိုးတက်မည့် အချိန်ကာလ။ လုပ်ငန်း၊ ငွေကြေး၊ စီးပွားဉစ္စာတိုးတက်ဖြစ်ထွန်းမှုကံ အထူးကောင်းမွန်မည်။ လုပ်ငန်းရှင်များ မိမိ၏ ဆုံးဖြတ်ယူဆချက်များ'တည့်မတ် မှန်ကန်သည့်အတွက် ကောင်းကျိုးတရားများ ရရှိချိန်။ ပညာသင်ကြားသူများ ထူးခြားသည့် အခွင့်အရေးသစ်များ လက်ဝယ်သို့ ရောက်ရှိလာမည်။ အိမ်ထောင်ရှင်များ မိမိအိမ်ထောင်ဘက်ထံမှ အေးချမ်းသည့်မေတ္တာတရားများ ရရှိမည့်အချိန်ကာလ။ ချစ်သူများ စိတ်ကူးဆန္ဒထပ်တူညီ၍ တိမ်ပြာသောနေ့ရက်များ ကျော်ဖြတ်ခွင့် ရရှိချိန်။

## CAPRICORN



## မကာရလက်

ကံကောင်းမှုများ ,ဆက်လက်တွေ့ကြုံပြီး ထင်ပေါ်၍ စင်တော်မှ ကောက်ယူမည့် ကာလဖြစ်သည်။ ငွေကြေး၊ စီးပွားပြည့်စုံချမ်းသာမှုများ မိသားစုလက်ဝယ် ရောက်ရှိချိန်။ ဘုန်းကံကြီးမြင့်၍ ဘာသာရေး အလှူအတန်းကိစ္စများ ထူးခြားစွာ ဆောင်ရွက်ခွင့်ရှိမည်။ စိတ်ကူးဆန္ဒများ လှပစွာ ဖန်တီးနိုင်မည်။ အရာရာတွင် တိုးတက်ထင်ရှား ကြီးပွားမှုများ ကမ်းလင့်နေမည်။ ပင်ပန်းမှုအချို့ရှိသော်လည်း လုံ့လ ဝီရိယ အကျိုးပေးချိန်။ အိပ်မက်မဟုတ်သည့် အခွင့်အရေးများ ပေါ်ပေါက်လာမည်။ငွေကြေးအကျိုးပေးကံ မြင့်မားတိုးတက်ချိန်ဖြစ်သည့်အတွက် ထီကံစမ်းပေးပါ။ တရားမဝင် ငွေကြေးအကျိုးရှိမှု တွေ့ကြုံမည်။ လုပ်ငန်းရှင်များ အဆင့်မြင့် အဆောက်အအုံ နေရာသစ်များအတွက် ကံဇာတာ အထူးကောင်းမွန်ချိန်။ ပညာသင်ကြားသူများ စိတ်ကူးဆန္ဒနှင့် ထပ်တူညီသည့် ပညာရေးအောင်မြင်မှုများ လက်ဝယ်ရောက်ရှိချိန်။ အိမ်ထောင်ရှင်များ လုပ်ငန်းတာဝန်များကြောင့် မိမိအိမ်ထောင်ဖက်နှင့် မကြာခဏ ခွဲခွာနေရမည်။ ချစ်သူနှင့် ပျော်ရွှင်ဖွယ် ခရီးများသွားလာရမည်။

## AQUARIUS



## ကုမ်လက်

အဖက်ဖက်တွင် အောင်မြင်မှုများ ဖန်တီးနိုင်မည်။ ကောင်းမွန်သော ဘဝကံဇာတာမြင့်မားချိန်။ ရွှေရောင် အနာဂတ်အတွက် အိပ်မက်သစ်များ လှပနေမည်။ အဖိုးတန်ပစ္စည်းများ လက်ဆောင်ရရှိမည်။ အကျိုးရှိမည့် ခရီးဝေးများ သွားလာရတတ်သည်။ လူမှုရေးနယ်ပယ်၌ ကျော်ကြားချိန်။ အတိုက်အခံအချို့ရှိသော်လည်း အောင်မြင်မှုပန်းတိုင်ဆီသို့ ခရီးဆက်လှမ်းနိုင်မည်။ လုပ်ငန်းတိုးတက်မှုအရှိန်အဟုန် ပြင်းထန်နေချိန်။ စီးပွားပြည့်စုံ ကံကောင်းမှုများ လွှမ်းခြုံထားချိန်။ ငွေကြေးအကျိုးပေးကံ ဆက်လက်ကောင်းမွန်၍ ထီကံစမ်းပေးပါ။ လုပ်ငန်းရှင်များ ရွှေရောင်အခွင့်အရေးသစ်များ လက်ဝယ်ရောက်ရှိပြီး စီးပွားဖြစ်ထွန်းမှုကံ အထူးကောင်းမွန်မည်။ ပညာသင်ကြားနေသူများ စိတ်ပင်ပန်းမှုများ ပြင်းထန်၍ ဇွဲလုံ့လ ဝီရိယအကျိုး ခံစားရမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအမှုကိစ္စအဝဝအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်ရတတ်သည်။ ချစ်သူများ သားချင်းမောင်နှမ အရေးကိစ္စများအတွက် နားလည်မှု လွဲချော်ချိန်။

## PISCES



## မိန်လက်

နေ့ပူပူနှင့် သောကမီးအပူ ပေါင်းဆုံနေချိန်။ မဖိတ်ခေါ်ဘဲ ပြဿနာ ခရီးသည်များ ရောက်ရှိလာမည်။ လရောင်ပျောက်၍ မျှော်လင့်ခြင်းများ ဝေးကွာနေမည်။ လုံ့လ ဝီရိယ အားနည်းနေမည်။ အတိုက်အခံပြဿနာများ ယှဉ်တွဲ၍ ခရီးလမ်းများ လျှောက်လှမ်းရချိန်။ မတော်တဆ ထိခိုက်မှုများ သတိပြုပါ။ ကြယ်ရောင်တွေ မစုံနိုင်သော ညဉ့်နက်သန်းခေါင်အောက် လပြည့်ဝန်းကို တမ်းတမိချိန်။ဆုံးရှုံးမှု၊ ပျက်စီးမှု၊ ပေးဆပ်ရမှုများ သင့်ဝန်းကျင်အနီးနား၌ ရှိနေသည်။ ကျန်းမာရေးကံ အညံ့ကြုံမည်။ မိသားစုအိမ်တွင်းရေးပြဿနာများအတွက် အတိုက်အခံ ပဋိပက္ခပြင်းထန်ချိန်။ လုပ်ငန်းရှင်များ ငွေကြေးကြွေးမြီကိစ္စများအတွက် အမှုပြဿနာများ တွေ့ကြုံတတ်ပြီး ဆုံးရှုံးနစ်နာတတ်သည်။ ပညာသင်ကြားနေသူများ ပညာရေးအတားအဆီးများ ကျော်ဖြတ်ရမည်။ အိမ်ထောင်ရှင်များ နှစ်ဖက်မိသားစုအရေးကိစ္စများအတွက် မကြာခဏ ကတောက်ကဆ ပြဿနာကြုံမည်။ ချစ်သူများ မိမိ၏ အချစ်ရေးကံကြမ္မာ ကျွန်းခံနေချိန်။




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃၊ မေလ၊ မွန်းတည့်နက္ခတ်ဝင်ထွက်ချိန်များ

ကမ္ဘာကြီးပေါ်၌ လက် (၁၂)လက်ဖြင့် လူတန်းစား (၁၂)ပိုင်းခွဲခြားပြီး မိမိတို့မွေးဖွားချိန် ကောင်းကင်မွန်းတည့်အရ အလင်းအား ထွန်းတောက်သော နက္ခတ် (၁၂)လုံးဖြင့် မိမိတို့၏ အရေးကြီးကိစ္စများ စီရင်ဆောင်ရွက်လျှင် ထူးခြားစွာ အကျိုးဖြစ်လာလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်ချက်ကြောင့် နက္ခတ်သိပ္ပံအဖွဲ့မှ လက်တွေ့သုတေသနပြုလုပ်ပြီး အကျိုးရှိရှိ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖော်ပြအပ်ပါသည်။ ဓနသိဋ္ဌိနက္ခတ်တစ်လုံးတည်းအား လူသားအားလုံးမှ အသုံးပြု ဆောင်ရွက် နေခြင်းသည် အခြားသော နက္ခတ်များကို လျစ်လျူရှုထားသည်နှင့် တူနေပါသည်။ အဘိဇိနက္ခတ်အပါအဝင် နက္ခတ်အသီးသီး တို့သည် ကောင်းကျိုးများ ဖန်တီးပေးနိုင်ပြီး မိမိတို့ မွေးဖွားချိန်အတိအကျဖြင့် စစ်ဆေးတွက်ချက်ပါက လူအသီးသီးအတွက် နက္ခတ်(၂၈)လုံးအား တန်ဖိုးရှိရှိ အသုံးချနိုင်ပါလိမ့်မည်။ ယခုဖော်ပြချက်တွင် မွေးဖွားချိန်(၂)နာရီကို လက်တစ်လက်အဖြစ် သတ်မှတ်၍ လက် (၁၂)လက်အတွက် နက္ခတ်(၁၂)လုံးဖြင့် တွက်ကိန်းဆင်ထားပါသည်။ နက္ခတ်(၁၂)လုံးသည် လက်တစ်ခုချင်း အလိုက် စွမ်းအားအမြင့်မားဆုံး မွန်းတည့်နက္ခတ်များသာဖြစ်ပြီး သိပ္ပံနည်းကျ (Modern Astrology) နက္ခတ်ပညာရပ်စနစ်တွင် ဖော်ပြထားသော နက္ခတ္တသိပ္ပံပညာရှင်များ၏ စံနှုန်းပြုထားသည့် အလင်းအားကို စံပြုထားပါသည်။ နက္ခတ်တစ်လုံးပိုင်ဆိုင်မှု ကို ၁၃ ဒီဂရီ ၂၀မိနစ် သတ်မှတ်ထားသော်လည်း ခြွင်းချက်အနေဖြင့် အဆိုပါ နက္ခတ်၏ ရှေ့နောက် ၄ဒီဂရီအတွင်း ကျရောက်မည့်အချိန်များကို မွန်းတည့်နက္ခတ်၏ ဝင်ချိန်ထွက်ချိန်များ အဖြစ်သတ်မှတ်ထားပါသည်။




မိမိတို့ မွေးဖွားချိန်လက် အလွယ်တကူရှာဖွေနိုင်ရန်အတွက် လက် ရှာဖွေနည်းဇယားအား ထည့်သွင်းဖော်ပြပေးထားပြီး လအလိုက် ပျမ်းမျှ နေထွက်ချိန်များအပေါ် မူတည်၍ နှစ်နာရီလျှင် လက်တစ်လက်နှုန်း ဖြင့် လက်(၁၂)လက်အတွက် အလွယ်တကူကောက်ယူနိုင်ပါသည်။ ဥပမာ- ဧပြီ ၁၃မှ မေ ၁၃အတွင်း နံနက် ၅း၄၅ မှ ၇း၄၅နာရီအတွင်း မွေးဖွားသူ တစ်ဦးသည် မိဿလက်ပိုင်ရှင်ဖြစ်ပြီး ယင်းနေ့နံနက် ၉း၄၅မှ ၁၁း၄၅နာရီ အတွင်းမွေးဖွားပါက မေထုန်လက်ပိုင်ရှင်ဖြစ်သွားပါလိမ့်မည်။ လက်သတ်မှတ် ရာတွင် (၁၂)ရာသီစက်ဝန်းအတွင်း မိဿမှ မိန်အထိ အစဉ်အတိုင်း သတ်မှတ်ထားပါသည်။

မိမိတို့၏ မွေးဖွားချိန်လက်များအား လက်ကောက်ယူမှု ဇယားတွင် ဦးစွာရှာဖွေ၍ မွန်းတည့် နက္ခတ်တို့၏ နေ့စဉ် မွန်းတည့်မတ်ချိန်များတွင် လောကီ၊ လောကုတ္တရာအရေးကိစ္စများ ကြံစည်ဆောင်ရွက် လုပ်ကိုင်ခြင်းဖြင့် အကျိုးထူးများ ရရှိလာပါလိမ့်မည်။ လစဉ် မွန်းတည့်နက္ခတ်များအပေါ် စန်း(တနင်္လာ) ဖြတ်သန်းသည့်နေ့များအား မျဉ်းသားပေးထားပြီး အဆိုပါနေ့ရက်တို့သည် လတစ်လအတွင်း အနည်းဆုံး တစ်ရက်မှ အများဆုံး နှစ်ရက်ထိ ကြုံတွေ့နိုင်ပါသည်။ လက်အသီးသီး အတွက် မွန်းတည့်နက္ခတ်များ မွန်းတည့်ချိန်နှင့် စန်း(တနင်္လာ) မွန်းတည့်ချိန်များ ထပ်တူဖြစ်သည့် ရက်များသည် လ တစ်လအတွက် အကောင်းဆုံး နေ့ရက်အချိန်အခါများဖြစ်ကြသည်။ အဆိုပါ နေ့ရက်အချိန်အခါများ၌ ထီကံစမ်းခြင်း၊ လုပ်ငန်းသစ်များ စတင်ခြင်း၊ အရေးကြီးကိစ္စ စီမံဆောင်ရွက်ခြင်း၊ အိမ်ခြံမြေယာဉ်ကား ဝယ်ယူရန် စာချုပ်များ ချုပ်ဆိုခြင်း တို့အား ဉာဏ်ရှိသလို အကျိုးရှိရှိ အသုံးပြုနိုင်ပါသည်။

ဦးဇေယျာကို (B.Sc)(D.S.A)

နက္ခတ်သိပ္ပံအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

**ဧပြီ၁ရက်မှ မေ၁ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၅:၄၅မှ ၇:၄၅ | မိဿ |
| ၇:၄၅မှ ၉:၄၅ | ပြိဿ |
| ၉:၄၅မှ ၁၁:၄၅ | မေထုန် |
| ၁၁:၄၅မှ ၁၃:၄၅ | ကရကဋ် |
| ၁၃:၄၅မှ ၁၅:၄၅ | သိဟ် |
| ၁၅:၄၅မှ ၁၇:၄၅ | ကန် |
| ၁၇:၄၅မှ ၁၉:၄၅ | တူ |
| ၁၉:၄၅မှ ၂၁:၄၅ | ဗြိစ္ဆာ |
| ၂၁:၄၅မှ ၂၃:၄၅ | ဓနု |
| ၂၃:၄၅မှ ၁:၄၅ | မကာရ |
| ၁:၄၅မှ ၃:၄၅ | ကုံ |
| ၃:၄၅မှ ၅:၄၅ | မိန် |

**မေ၁ရက်မှဇွန်၁ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၅မှ ၇:၂၅ | ပြိဿ |
| ၇:၂၅မှ ၉:၂၅ | မေထုန် |
| ၉:၂၅မှ ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅မှ ၁၃:၂၅ | သိဟ် |
| ၁၃:၂၅မှ ၁၅:၂၅ | ကန် |
| ၁၅:၂၅မှ ၁၇:၂၅ | တူ |
| ၁၇:၂၅မှ ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅မှ ၂၁:၂၅ | ဓနု |
| ၂၁:၂၅မှ ၂၃:၂၅ | မကာရ |
| ၂၃:၂၅မှ ၁:၂၅ | ကုံ |
| ၁:၂၅မှ ၃:၂၅ | မိန် |
| ၃:၂၅မှ ၅:၂၅ | မိဿ |

**ဇွန်၁ရက်မှဇူလိုင်၁ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၀မှ ၇:၂၀ | မေထုန် |
| ၇:၂၀မှ ၉:၂၀ | ကရကဋ် |
| ၉:၂၀မှ ၁၁:၂၀ | သိဟ် |
| ၁၁:၂၀မှ ၁၃:၂၀ | ကန် |
| ၁၃:၂၀မှ ၁၅:၂၀ | တူ |
| ၁၅:၂၀မှ ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀မှ ၁၉:၂၀ | ဓနု |
| ၁၉:၂၀မှ ၂၁:၂၀ | မကာရ |
| ၂၁:၂၀မှ ၂၃:၂၀ | ကုံ |
| ၂၃:၂၀မှ ၁:၂၀ | မိန် |
| ၁:၂၀မှ ၃:၂၀ | မိဿ |
| ၃:၂၀မှ ၅:၂၀ | ပြိဿ |

**ဇူလိုင်၁ရက်မှဩဂုတ်၁ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၅:၃၀မှ ၇:၃၀ | ကရကဋ် |
| ၇:၃၀မှ ၉:၃၀ | သိဟ် |
| ၉:၃၀မှ ၁၁:၃၀ | ကန် |
| ၁၁:၃၀မှ ၁၃:၃၀ | တူ |
| ၁၃:၃၀မှ ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀မှ ၁၇:၃၀ | ဓနု |
| ၁၇:၃၀မှ ၁၉:၃၀ | မကာရ |
| ၁၉:၃၀မှ ၂၁:၃၀ | ကုံ |
| ၂၁:၃၀မှ ၂၃:၃၀ | မိန် |
| ၂၃:၃၀မှ ၁:၃၀ | မိဿ |
| ၁:၃၀မှ ၃:၃၀ | ပြိဿ |
| ၃:၃၀မှ ၅:၃၀ | မေထုန် |

**ဩဂုတ်၁ရက်မှစက်၁ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၅:၄၀မှ ၇:၄၀ | သိဟ် |
| ၇:၄၀မှ ၉:၄၀ | ကန် |
| ၉:၄၀မှ ၁၁:၄၀ | တူ |
| ၁၁:၄၀မှ ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀မှ ၁၅:၄၀ | ဓနု |
| ၁၅:၄၀မှ ၁၇:၄၀ | မကာရ |
| ၁၇:၄၀မှ ၁၉:၄၀ | ကုံ |
| ၁၉:၄၀မှ ၂၁:၄၀ | မိန် |
| ၂၁:၄၀မှ ၂၃:၄၀ | မိဿ |
| ၂၃:၄၀မှ ၁:၄၀ | ပြိဿ |
| ၁:၄၀မှ ၃:၄၀ | မေထုန် |
| ၃:၄၀မှ ၅:၄၀ | ကရကဋ် |

**စက်၁ရက်မှအောက်၁ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၀မှ ၇:၅၀ | ကန် |
| ၇:၅၀မှ ၉:၅၀ | တူ |
| ၉:၅၀မှ ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀မှ ၁၃:၅၀ | ဓနု |
| ၁၃:၅၀မှ ၁၅:၅၀ | မကာရ |
| ၁၅:၅၀မှ ၁၇:၅၀ | ကုံ |
| ၁၇:၅၀မှ ၁၉:၅၀ | မိန် |
| ၁၉:၅၀မှ ၂၁:၅၀ | မိဿ |
| ၂၁:၅၀မှ ၂၃:၅၀ | ပြိဿ |
| ၂၃:၅၀မှ ၁:၅၀ | မေထုန် |
| ၁:၅၀မှ ၃:၅၀ | ကရကဋ် |
| ၃:၅၀မှ ၅:၅၀ | သိဟ် |

**အောက်၁ရမှနို၁ရအတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၅မှ ၇:၅၅ | တူ |
| ၇:၅၅မှ ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅မှ ၁၁:၅၅ | ဓနု |
| ၁၁:၅၅မှ ၁၃:၅၅ | မကာရ |
| ၁၃:၅၅မှ ၁၅:၅၅ | ကုံ |
| ၁၅:၅၅မှ ၁၇:၅၅ | မိန် |
| ၁၇:၅၅မှ ၁၉:၅၅ | မိဿ |
| ၁၉:၅၅မှ ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅မှ ၂၃:၅၅ | မေထုန် |
| ၂၃:၅၅မှ ၁:၅၅ | ကရကဋ် |
| ၁:၅၅မှ ၃:၅၅ | သိဟ် |
| ၃:၅၅မှ ၅:၅၅ | ကန် |

**နို၁ရက်မှဒီ၁ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၆:၁၀မှ ၈:၁၀ | ဗြိစ္ဆာ |
| ၈:၁၀မှ ၁၀:၁၀ | ဓနု |
| ၁၀:၁၀မှ ၁၂:၁၀ | မကာရ |
| ၁၂:၁၀မှ ၁၄:၁၀ | ကုံ |
| ၁၄:၁၀မှ ၁၆:၁၀ | မိန် |
| ၁၆:၁၀မှ ၁၈:၁၀ | မိဿ |
| ၁၈:၁၀မှ ၂၀:၁၀ | ပြိဿ |
| ၂၀:၁၀မှ ၂၂:၁၀ | မေထုန် |
| ၂၂:၁၀မှ ၂၄:၁၀ | ကရကဋ် |
| ၂၄:၁၀မှ ၂:၁၀ | သိဟ် |
| ၂:၁၀မှ ၄:၁၀ | ကန် |
| ၄:၁၀မှ ၆:၁၀ | တူ |

**ဒီ၁မှဇန်၁ရအတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၆:၃၀မှ ၈:၃၀ | ဓနု |
| ၈:၃၀မှ ၁၀:၃၀ | မကာရ |
| ၁၀:၃၀မှ ၁၂:၃၀ | ကုံ |
| ၁၂:၃၀မှ ၁၄:၃၀ | မိန် |
| ၁၄:၃၀မှ ၁၆:၃၀ | မိဿ |
| ၁၆:၃၀မှ ၁၈:၃၀ | ပြိဿ |
| ၁၈:၃၀မှ ၂၀:၃၀ | မေထုန် |
| ၂၀:၃၀မှ ၂၂:၃၀ | ကရကဋ် |
| ၂၂:၃၀မှ ၂၄:၃၀ | သိဟ် |
| ၂၄:၃၀မှ ၂:၃၀ | ကန် |
| ၂:၃၀မှ ၄:၃၀ | တူ |
| ၄:၃၀မှ ၆:၃၀ | ဗြိစ္ဆာ |

**ဇန်၁ရက်မှ ဖေ၁ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၆:၄၀မှ ၈:၄၀ | မကာရ |
| ၈:၄၀မှ ၁၀:၄၀ | ကုံ |
| ၁၀:၄၀မှ ၁၂:၄၀ | မိန် |
| ၁၂:၄၀မှ ၁၄:၄၀ | မိဿ |
| ၁၄:၄၀မှ ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀မှ ၁၈:၄၀ | မေထုန် |
| ၁၈:၄၀မှ ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀မှ ၂၂:၄၀ | သိဟ် |
| ၂၂:၄၀မှ ၂၄:၄၀ | ကန် |
| ၂၄:၄၀မှ ၂:၄၀ | တူ |
| ၂:၄၀မှ ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀မှ ၆:၄၀ | ဓနု |

**ဖေ၁မှ မတ်၁ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၆:၃၀မှ ၈:၃၀ | ကုံ |
| ၈:၃၀မှ ၁၀:၃၀ | မိန် |
| ၁၀:၃၀မှ ၁၂:၃၀ | မိဿ |
| ၁၂:၃၀မှ ၁၄:၃၀ | ပြိဿ |
| ၁၄:၃၀မှ ၁၆:၃၀ | မေထုန် |
| ၁၆:၃၀မှ ၁၈:၃၀ | ကရကဋ် |
| ၁၈:၃၀မှ ၂၀:၃၀ | သိဟ် |
| ၂၀:၃၀မှ ၂၂:၃၀ | ကန် |
| ၂၂:၃၀မှ ၂၄:၃၀ | တူ |
| ၂၄:၃၀မှ ၂:၃၀ | ဗြိစ္ဆာ |
| ၂:၃၀မှ ၄:၃၀ | ဓနု |
| ၄:၃၀မှ ၆:၃၀ | မကာရ |

**မတ်၁ရက်မှဧပြီ၁ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၆:၁၀မှ ၈:၁၀ | မိန် |
| ၈:၁၀မှ ၁၀:၁၀ | မိဿ |
| ၁၀:၁၀မှ ၁၂:၁၀ | ပြိဿ |
| ၁၂:၁၀မှ ၁၄:၁၀ | မေထုန် |
| ၁၄:၁၀မှ ၁၆:၁၀ | ကရကဋ် |
| ၁၆:၁၀မှ ၁၈:၁၀ | သိဟ် |
| ၁၈:၁၀မှ ၂၀:၁၀ | ကန် |
| ၂၀:၁၀မှ ၂၂:၁၀ | တူ |
| ၂၂:၁၀မှ ၂၄:၁၀ | ဗြိစ္ဆာ |
| ၂၄:၁၀မှ ၂:၁၀ | ဓနု |
| ၂:၁၀မှ ၄:၁၀ | မကာရ |
| ၄:၁၀မှ ၆:၁၀ | ကုံ |



www.burmeseclassic.com

www.burmeseclassic.com

| | မိဿလဂ် | | ပြိဿလဂ် | | မေထုန်လဂ် | | ကရကဋ်လဂ် | | သိဟ်လဂ် | | ကန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၀၆ : ၂၈ | ၀၇ : ၀၀ | ၀၈ : ၀၆ | ၀၈ : ၃၆ | ၁၀ : ၂၇ | ၁၀ : ၅၇ | ၁၂ : ၁၅ | ၁၂ : ၄၇ | ၁၃ : ၀၃ | ၁၃ : ၃၆ | ၁၆ : ၅၁ | ၁၇ : ၂၄ |
| ၂ | ၀၆ : ၂၄ | ၀၆ : ၅၆ | ၀၈ : ၀၂ | ၀၈ : ၃၂ | ၁၀ : ၂၃ | ၁၀ : ၅၃ | ၁၂ : ၁၁ | ၁၂ : ၄၃ | ၁၂ : ၅၉ | ၁၃ : ၃၂ | ၁၆ : ၄၇ | ၁၇ : ၂၀ |
| ၃ | ၀၆ : ၂၀ | ၀၆ : ၅၂ | ၀၇ : ၅၈ | ၀၈ : ၂၈ | ၁၀ : ၁၉ | ၁၀ : ၄၉ | ၁၂ : ၀၇ | ၁၂ : ၃၉ | ၁၂ : ၅၅ | ၁၃ : ၂၈ | ၁၆ : ၄၃ | ၁၇ : ၁၇ |
| ၄ | ၀၆ : ၁၇ | ၀၆ : ၄၈ | ၀၇ : ၅၄ | ၀၈ : ၂၄ | ၁၀ : ၁၅ | ၁၀ : ၄၅ | ၁၂ : ၀၃ | ၁၂ : ၃၅ | ၁၂ : ၅၁ | ၁၃ : ၂၄ | ၁၆ : ၃၉ | ၁၇ : ၁၃ |
| ၅ | ၀၆ : ၁၃ | ၀၆ : ၄၄ | ၀၇ : ၅၀ | ၀၈ : ၂၀ | ၁၀ : ၁၁ | ၁၀ : ၄၁ | ၁၁ : ၅၉ | ၁၂ : ၃၁ | ၁၂ : ၄၇ | ၁၃ : ၂၀ | ၁၆ : ၃၅ | ၁၇ : ၀၉ |
| ၆ | ၀၆ : ၀၉ | ၀၆ : ၄၀ | ၀၇ : ၄၆ | ၀၈ : ၁၆ | ၁၀ : ၀၇ | ၁၀ : ၃၇ | ၁၁ : ၅၅ | ၁၂ : ၂၈ | ၁၂ : ၄၃ | ၁၃ : ၁၆ | ၁၆ : ၃၁ | ၁၇ : ၀၅ |
| ၇ | ၀၆ : ၀၅ | ၀၆ : ၃၆ | ၀၇ : ၄၂ | ၀၈ : ၁၂ | ၁၀ : ၀၃ | ၁၀ : ၃၃ | ၁၁ : ၅၁ | ၁၂ : ၂၄ | ၁၂ : ၃၉ | ၁၃ : ၁၂ | ၁၆ : ၂၇ | ၁၇ : ၀၀ |
| ၈ | ၀၆ : ၀၁ | ၀၆ : ၃၂ | ၀၇ : ၃၈ | ၀၈ : ၀၈ | ၀၉ : ၅၉ | ၁၀ : ၂၉ | ၁၁ : ၄၈ | ၁၂ : ၂၀ | ၁၂ : ၃၅ | ၁၃ : ၀၈ | ၁၆ : ၂၃ | ၁၆ : ၅၇ |
| ၉ | ၀၅ : ၅၇ | ၀၆ : ၂၉ | ၀၇ : ၃၄ | ၀၈ : ၀၄ | ၀၉ : ၅၅ | ၁၀ : ၂၅ | ၁၁ : ၄၄ | ၁၂ : ၁၆ | ၁၂ : ၃၁ | ၁၃ : ၀၄ | ၁၆ : ၁၉ | ၁၆ : ၅၃ |
| ၁၀ | ၀၅ : ၅၃ | ၀၆ : ၂၅ | ၀၇ : ၃၀ | ၀၈ : ၀၀ | ၀၉ : ၅၁ | ၁၀ : ၂၁ | ၁၁ : ၄၀ | ၁၂ : ၁၂ | ၁၂ : ၂၇ | ၁၃ : ၀၀ | ၁၆ : ၁၅ | ၁၆ : ၄၉ |
| ၁၁ | ၀၅ : ၄၉ | ၀၆ : ၂၁ | ၀၇ : ၂၇ | ၀၇ : ၅၆ | ၀၉ : ၄၈ | ၁၀ : ၁၇ | ၁၁ : ၃၆ | ၁၂ : ၀၈ | ၁၂ : ၂၃ | ၁၂ : ၅၇ | ၁၆ : ၁၁ | ၁၆ : ၄၅ |
| ၁၂ | ၀၅ : ၄၅ | ၀၆ : ၁၇ | ၀၇ : ၂၃ | ၀၇ : ၅၂ | ၀၉ : ၄၄ | ၁၀ : ၁၃ | ၁၁ : ၃၂ | ၁၂ : ၀၄ | ၁၂ : ၁၉ | ၁၂ : ၅၃ | ၁၆ : ၀၇ | ၁၆ : ၄၁ |
| ၁၃ | ၀၅ : ၄၁ | ၀၆ : ၁၃ | ၀၇ : ၁၉ | ၀၇ : ၄၈ | ၀၉ : ၄၀ | ၁၀ : ၁၀ | ၁၁ : ၂၈ | ၁၂ : ၀၀ | ၁၂ : ၁၆ | ၁၂ : ၄၉ | ၁၆ : ၀၃ | ၁၆ : ၃၇ |
| ၁၄ | ၀၅ : ၃၇ | ၀၆ : ၀၉ | ၀၇ : ၁၅ | ၀၇ : ၄၄ | ၀၉ : ၃၆ | ၁၀ : ၀၆ | ၁၁ : ၂၄ | ၁၁ : ၅၆ | ၁၂ : ၁၂ | ၁၂ : ၄၅ | ၁၅ : ၅၉ | ၁၆ : ၃၃ |
| ၁၅ | ၀၅ : ၃၃ | ၀၆ : ၀၅ | ၀၇ : ၁၁ | ၀၇ : ၄၁ | ၀၉ : ၃၂ | ၁၀ : ၀၂ | ၁၁ : ၂၀ | ၁၁ : ၅၂ | ၁၂ : ၀၈ | ၁၂ : ၄၁ | ၁၅ : ၅၆ | ၁၆ : ၂၉ |
| ၁၆ | ၀၅ : ၂၉ | ၀၆ : ၀၁ | ၀၇ : ၀၇ | ၀၇ : ၃၇ | ၀၉ : ၂၈ | ၀၉ : ၅၈ | ၁၁ : ၁၆ | ၁၁ : ၄၈ | ၁၂ : ၀၄ | ၁၂ : ၃၇ | ၁၅ : ၅၂ | ၁၆ : ၂၅ |
| ၁၇ | ၀၅ : ၂၅ | ၀၅ : ၅၇ | ၀၇ : ၀၃ | ၀၇ : ၃၃ | ၀၉ : ၂၄ | ၀၉ : ၅၄ | ၁၁ : ၁၂ | ၁၁ : ၄၄ | ၁၂ : ၀၀ | ၁၂ : ၃၃ | ၁၅ : ၄၈ | ၁၆ : ၂၁ |
| ၁၈ | ၀၅ : ၂၁ | ၀၅ : ၅၃ | ၀၆ : ၅၉ | ၀၇ : ၂၉ | ၀၉ : ၂၀ | ၀၉ : ၅၀ | ၁၁ : ၀၈ | ၁၁ : ၄၀ | ၁၁ : ၅၆ | ၁၂ : ၂၉ | ၁၅ : ၄၄ | ၁၆ : ၁၈ |
| ၁၉ | ၀၅ : ၁၈ | ၀၅ : ၄၉ | ၀၆ : ၅၅ | ၀၇ : ၂၅ | ၀၉ : ၁၆ | ၀၉ : ၄၆ | ၁၁ : ၀၄ | ၁၁ : ၃၆ | ၁၁ : ၅၂ | ၁၂ : ၂၅ | ၁၅ : ၄၀ | ၁၆ : ၁၄ |
| ၂၀ | ၀၅ : ၁၄ | ၀၅ : ၄၅ | ၀၆ : ၅၁ | ၀၇ : ၂၁ | ၀၉ : ၁၂ | ၀၉ : ၄၂ | ၁၁ : ၀၀ | ၁၁ : ၃၂ | ၁၁ : ၄၈ | ၁၂ : ၂၁ | ၁၅ : ၃၆ | ၁၆ : ၁၀ |
| ၂၁ | ၀၅ : ၁၀ | ၀၅ : ၄၁ | ၀၆ : ၄၇ | ၀၇ : ၁၇ | ၀၉ : ၀၈ | ၀၉ : ၃၈ | ၁၀ : ၅၆ | ၁၁ : ၂၉ | ၁၁ : ၄၄ | ၁၂ : ၁၇ | ၁၅ : ၃၂ | ၁၆ : ၀၆ |
| ၂၂ | ၀၅ : ၀၆ | ၀၅ : ၃၇ | ၀၆ : ၄၃ | ၀၇ : ၁၃ | ၀၉ : ၀၄ | ၀၉ : ၃၄ | ၁၀ : ၅၂ | ၁၁ : ၂၅ | ၁၁ : ၄၀ | ၁၂ : ၁၃ | ၁၅ : ၂၈ | ၁၆ : ၀၂ |
| ၂၃ | ၀၅ : ၀၂ | ၀၅ : ၃၃ | ၀၆ : ၃၉ | ၀၇ : ၀၉ | ၀၉ : ၀၀ | ၀၉ : ၃၀ | ၁၀ : ၄၉ | ၁၁ : ၂၁ | ၁၁ : ၃၆ | ၁၂ : ၀၉ | ၁၅ : ၂၄ | ၁၅ : ၅၈ |
| ၂၄ | ၀၄ : ၅၈ | ၀၅ : ၃၀ | ၀၆ : ၃၅ | ၀၇ : ၀၅ | ၀၈ : ၅၆ | ၀၉ : ၂၆ | ၁၀ : ၄၅ | ၁၁ : ၁၇ | ၁၁ : ၃၂ | ၁၂ : ၀၅ | ၁၅ : ၂၀ | ၁၅ : ၅၄ |
| ၂၅ | ၀၄ : ၅၄ | ၀၅ : ၂၆ | ၀၆ : ၃၁ | ၀၇ : ၀၀ | ၀၈ : ၅၂ | ၀၉ : ၂၂ | ၁၀ : ၄၁ | ၁၁ : ၁၃ | ၁၁ : ၂၈ | ၁၂ : ၀၁ | ၁၅ : ၁၆ | ၁၅ : ၅၀ |
| ၂၆ | ၀၄ : ၅၀ | ၀၅ : ၂၂ | ၀၆ : ၂၈ | ၀၆ : ၅၇ | ၀၈ : ၄၉ | ၀၉ : ၁၈ | ၁၀ : ၃၇ | ၁၁ : ၀၉ | ၁၁ : ၂၄ | ၁၁ : ၅၈ | ၁၅ : ၁၂ | ၁၅ : ၄၆ |
| ၂၇ | ၀၄ : ၄၆ | ၀၅ : ၁၈ | ၀၆ : ၂၄ | ၀၆ : ၅၃ | ၀၈ : ၄၅ | ၀၉ : ၁၄ | ၁၀ : ၃၃ | ၁၁ : ၀၅ | ၁၁ : ၂၀ | ၁၁ : ၅၄ | ၁၅ : ၀၈ | ၁၅ : ၄၂ |
| ၂၈ | ၀၄ : ၄၂ | ၀၅ : ၁၄ | ၀၆ : ၂၀ | ၀၆ : ၄၉ | ၀၈ : ၄၁ | ၀၉ : ၁၁ | ၁၀ : ၂၉ | ၁၁ : ၀၀ | ၁၁ : ၁၇ | ၁၁ : ၅၀ | ၁၅ : ၀၄ | ၁၅ : ၃၈ |
| ၂၉ | ၀၄ : ၃၈ | ၀၅ : ၁၀ | ၀၆ : ၁၆ | ၀၆ : ၄၅ | ၀၈ : ၃၇ | ၀၉ : ၀၇ | ၁၀ : ၂၅ | ၁၀ : ၅၇ | ၁၁ : ၁၃ | ၁၁ : ၄၆ | ၁၅ : ၀၀ | ၁၅ : ၃၄ |
| ၃၀ | ၀၄ : ၃၄ | ၀၅ : ၀၆ | ၀၆ : ၁၂ | ၀၆ : ၄၂ | ၀၈ : ၃၃ | ၀၉ : ၀၃ | ၁၀ : ၂၁ | ၁၀ : ၅၃ | ၁၁ : ၀၉ | ၁၁ : ၄၂ | ၁၄ : ၅၇ | ၁၅ : ၃၀ |
| ၃၁ | ၀၄ : ၃၀ | ၀၅ : ၀၂ | ၀၆ : ၀၈ | ၀၆ : ၃၈ | ၀၈ : ၂၉ | ၀၈ : ၅၉ | ၁၀ : ၁၇ | ၁၀ : ၄၉ | ၁၁ : ၀၅ | ၁၁ : ၃၈ | ၁၄ : ၅၃ | ၁၅ : ၂၆ |



www.burmeseclassic.com

www.burmeseclassic.com

| | တူလဂ် | | ဗြိစ္ဆာလဂ် | | ဓနုလဂ် | | မကာရလဂ် | | ကုမ်လဂ် | | မိန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၁၈ : ၁၀ | ၁၈ : ၄၂ | ၁၉ : ၁၉ | ၁၉ : ၅၀ | ၂၂ : ၃၈ | ၂၃ : ၀၈ | ၂၂ : ၄၁ | ၂၃ : ၁၁ | ၀၁ : ၁၅ | ၀၁ : ၄၉ | ၀၄ : ၁၉ | ၀၄ : ၅၃ |
| ၂ | ၁၈ : ၀၆ | ၁၈ : ၃၈ | ၁၉ : ၁၅ | ၁၉ : ၄၆ | ၂၂ : ၃၄ | ၂၃ : ၀၄ | ၂၂ : ၃၇ | ၂၃ : ၀၇ | ၀၁ : ၁၁ | ၀၁ : ၄၅ | ၀၄ : ၁၅ | ၀၄ : ၄၉ |
| ၃ | ၁၈ : ၀၂ | ၁၈ : ၃၄ | ၁၉ : ၁၁ | ၁၉ : ၄၂ | ၂၂ : ၃၀ | ၂၃ : ၀၀ | ၂၂ : ၃၃ | ၂၃ : ၀၃ | ၀၁ : ၀၇ | ၀၁ : ၄၁ | ၀၄ : ၁၁ | ၀၄ : ၄၅ |
| ၄ | ၁၇ : ၅၈ | ၁၈ : ၃၀ | ၁၉ : ၀၇ | ၁၉ : ၃၈ | ၂၂ : ၂၆ | ၂၂ : ၅၆ | ၂၂ : ၂၉ | ၂၂ : ၅၉ | ၀၁ : ၀၃ | ၀၁ : ၃၇ | ၀၄ : ၀၇ | ၀၄ : ၄၁ |
| ၅ | ၁၇ : ၅၅ | ၁၈ : ၂၇ | ၁၉ : ၀၄ | ၁၉ : ၃၄ | ၂၂ : ၂၂ | ၂၂ : ၅၂ | ၂၂ : ၂၅ | ၂၂ : ၅၅ | ၀၁ : ၀၀ | ၀၁ : ၃၃ | ၀၄ : ၀၃ | ၀၄ : ၃၇ |
| ၆ | ၁၇ : ၅၁ | ၁၈ : ၂၃ | ၁၉ : ၀၀ | ၁၉ : ၃၀ | ၂၂ : ၁၈ | ၂၂ : ၄၈ | ၂၂ : ၂၁ | ၂၂ : ၅၂ | ၀၀ : ၅၆ | ၀၁ : ၂၉ | ၀၃ : ၅၉ | ၀၄ : ၃၃ |
| ၇ | ၁၇ : ၄၇ | ၁၈ : ၁၉ | ၁၈ : ၅၆ | ၁၉ : ၂၆ | ၂၂ : ၁၄ | ၂၂ : ၄၄ | ၂၂ : ၁၇ | ၂၂ : ၄၈ | ၀၀ : ၅၂ | ၀၁ : ၂၅ | ၀၃ : ၅၅ | ၀၄ : ၂၉ |
| ၈ | ၁၇ : ၄၃ | ၁၈ : ၁၅ | ၁၈ : ၅၂ | ၁၉ : ၂၂ | ၂၂ : ၁၀ | ၂၂ : ၄၀ | ၂၂ : ၁၄ | ၂၂ : ၄၄ | ၀၀ : ၄၈ | ၀၁ : ၂၁ | ၀၃ : ၅၁ | ၀၄ : ၂၅ |
| ၉ | ၁၇ : ၃၉ | ၁၈ : ၁၁ | ၁၈ : ၄၈ | ၁၉ : ၁၈ | ၂၂ : ၀၆ | ၂၂ : ၃၆ | ၂၂ : ၁၀ | ၂၂ : ၄၀ | ၀၀ : ၄၄ | ၀၁ : ၁၇ | ၀၃ : ၄၇ | ၀၄ : ၂၂ |
| ၁၀ | ၁၇ : ၃၅ | ၁၈ : ၀၇ | ၁၈ : ၄၄ | ၁၉ : ၁၄ | ၂၂ : ၀၂ | ၂၂ : ၃၂ | ၂၂ : ၀၆ | ၂၂ : ၃၆ | ၀၀ : ၄၀ | ၀၁ : ၁၃ | ၀၃ : ၄၃ | ၀၄ : ၁၈ |
| ၁၁ | ၁၇ : ၃၁ | ၁၈ : ၀၃ | ၁၈ : ၄၀ | ၁၉ : ၁၀ | ၂၁ : ၅၈ | ၂၂ : ၂၉ | ၂၂ : ၀၂ | ၂၂ : ၃၂ | ၀၀ : ၃၆ | ၀၁ : ၀၉ | ၀၃ : ၃၉ | ၀၄ : ၁၄ |
| ၁၂ | ၁၇ : ၂၇ | ၁၇ : ၅၉ | ၁၈ : ၃၆ | ၁၉ : ၀၇ | ၂၁ : ၅၅ | ၂၂ : ၂၅ | ၂၁ : ၅၈ | ၂၂ : ၂၈ | ၀၀ : ၃၂ | ၀၁ : ၀၅ | ၀၃ : ၃၅ | ၀၄ : ၁၀ |
| ၁၃ | ၁၇ : ၂၃ | ၁၇ : ၅၅ | ၁၈ : ၃၂ | ၁၉ : ၀၃ | ၂၁ : ၅၁ | ၂၂ : ၂၁ | ၂၁ : ၅၄ | ၂၂ : ၂၄ | ၀၀ : ၂၈ | ၀၁ : ၀၂ | ၀၃ : ၃၂ | ၀၄ : ၀၆ |
| ၁၄ | ၁၇ : ၁၉ | ၁၇ : ၅၁ | ၁၈ : ၂၈ | ၁၈ : ၅၉ | ၂၁ : ၄၇ | ၂၂ : ၁၇ | ၂၁ : ၅၀ | ၂၂ : ၂၀ | ၀၀ : ၂၄ | ၀၀ : ၅၈ | ၀၃ : ၂၈ | ၀၄ : ၀၂ |
| ၁၅ | ၁၇ : ၁၅ | ၁၇ : ၄၇ | ၁၈ : ၂၄ | ၁၈ : ၅၅ | ၂၁ : ၄၃ | ၂၂ : ၁၃ | ၂၁ : ၄၆ | ၂၂ : ၁၆ | ၀၀ : ၂၀ | ၀၀ : ၅၄ | ၀၃ : ၂၄ | ၀၃ : ၅၈ |
| ၁၆ | ၁၇ : ၁၁ | ၁၇ : ၄၃ | ၁၈ : ၂၀ | ၁၈ : ၅၁ | ၂၁ : ၃၉ | ၂၂ : ၀၉ | ၂၁ : ၄၂ | ၂၂ : ၁၂ | ၀၀ : ၁၆ | ၀၀ : ၅၀ | ၀၃ : ၂၀ | ၀၃ : ၅၄ |
| ၁၇ | ၁၇ : ၀၇ | ၁၇ : ၃၉ | ၁၈ : ၁၆ | ၁၈ : ၄၇ | ၂၁ : ၃၅ | ၂၂ : ၀၅ | ၂၁ : ၃၈ | ၂၂ : ၀၈ | ၀၀ : ၁၂ | ၀၀ : ၄၆ | ၀၃ : ၁၆ | ၀၃ : ၅၀ |
| ၁၈ | ၁၇ : ၀၃ | ၁၇ : ၃၅ | ၁၈ : ၁၂ | ၁၈ : ၄၃ | ၂၁ : ၃၀ | ၂၂ : ၀၀ | ၂၁ : ၃၄ | ၂၂ : ၀၄ | ၀၀ : ၀၈ | ၀၀ : ၄၂ | ၀၃ : ၁၂ | ၀၃ : ၄၆ |
| ၁၉ | ၁၆ : ၅၉ | ၁၇ : ၃၁ | ၁၈ : ၀၉ | ၁၈ : ၃၉ | ၂၁ : ၂၇ | ၂၁ : ၅၇ | ၂၁ : ၃၀ | ၂၂ : ၀၀ | ၀၀ : ၀၁ | ၀၀ : ၃၈ | ၀၃ : ၀၈ | ၀၃ : ၄၂ |
| ၂၀ | ၁၆ : ၅၆ | ၁၇ : ၂၈ | ၁၈ : ၀၅ | ၁၈ : ၃၅ | ၂၁ : ၂၃ | ၂၁ : ၅၃ | ၂၁ : ၂၆ | ၂၁ : ၅၆ | ၂၃ : ၅၇ | ၀၀ : ၃၄ | ၀၃ : ၀၄ | ၀၃ : ၃၈ |
| ၂၁ | ၁၆ : ၅၂ | ၁၇ : ၂၄ | ၁၈ : ၀၁ | ၁၈ : ၃၁ | ၂၁ : ၁၉ | ၂၁ : ၄၉ | ၂၁ : ၂၂ | ၂၁ : ၅၃ | ၂၃ : ၅၃ | ၀၀ : ၃၀ | ၀၃ : ၀၀ | ၀၃ : ၃၄ |
| ၂၂ | ၁၆ : ၄၈ | ၁၇ : ၂၀ | ၁၇ : ၅၇ | ၁၈ : ၂၇ | ၂၁ : ၁၅ | ၂၁ : ၄၅ | ၂၁ : ၁၉ | ၂၁ : ၄၉ | ၂၃ : ၄၉ | ၀၀ : ၂၆ | ၀၂ : ၅၆ | ၀၃ : ၃၀ |
| ၂၃ | ၁၆ : ၄၄ | ၁၇ : ၁၆ | ၁၇ : ၅၃ | ၁၈ : ၂၃ | ၂၁ : ၁၁ | ၂၁ : ၄၁ | ၂၁ : ၁၅ | ၂၁ : ၄၅ | ၂၃ : ၄၅ | ၀၀ : ၂၂ | ၀၂ : ၅၂ | ၀၃ : ၂၇ |
| ၂၄ | ၁၆ : ၄၀ | ၁၇ : ၁၂ | ၁၇ : ၄၉ | ၁၈ : ၁၉ | ၂၁ : ၀၇ | ၂၁ : ၃၇ | ၂၁ : ၁၁ | ၂၁ : ၄၁ | ၂၃ : ၄၁ | ၀၀ : ၁၈ | ၀၂ : ၄၈ | ၀၃ : ၂၃ |
| ၂၅ | ၁၆ : ၃၆ | ၁၇ : ၀၈ | ၁၇ : ၄၅ | ၁၈ : ၁၅ | ၂၁ : ၀၃ | ၂၁ : ၃၃ | ၂၁ : ၀၇ | ၂၁ : ၃၇ | ၂၃ : ၃၇ | ၀၀ : ၁၄ | ၀၂ : ၄၄ | ၀၃ : ၁၉ |
| ၂၆ | ၁၆ : ၃၂ | ၁၇ : ၀၄ | ၁၇ : ၄၁ | ၁၈ : ၁၁ | ၂၀ : ၅၉ | ၂၁ : ၃၀ | ၂၁ : ၀၃ | ၂၁ : ၃၃ | ၂၃ : ၃၃ | ၀၀ : ၁၀ | ၀၂ : ၄၀ | ၀၃ : ၁၅ |
| ၂၇ | ၁၆ : ၂၈ | ၁၇ : ၀၀ | ၁၇ : ၃၇ | ၁၈ : ၀၈ | ၂၀ : ၅၆ | ၂၁ : ၂၆ | ၂၀ : ၅၉ | ၂၁ : ၂၉ | ၂၃ : ၂၉ | ၀၀ : ၀၆ | ၀၂ : ၃၆ | ၀၃ : ၁၁ |
| ၂၈ | ၁၆ : ၂၄ | ၁၆ : ၅၆ | ၁၇ : ၃၃ | ၁၈ : ၀၄ | ၂၀ : ၅၂ | ၂၁ : ၂၂ | ၂၀ : ၅၅ | ၂၁ : ၂၅ | ၂၃ : ၂၅ | ၂၃ : ၅၉ | ၀၂ : ၃၃ | ၀၃ : ၀၇ |
| ၂၉ | ၁၆ : ၂၀ | ၁၆ : ၅၂ | ၁၇ : ၂၉ | ၁၈ : ၀၀ | ၂၀ : ၄၈ | ၂၁ : ၁၈ | ၂၀ : ၅၁ | ၂၁ : ၂၁ | ၂၃ : ၂၁ | ၂၃ : ၅၅ | ၀၂ : ၂၉ | ၀၃ : ၀၃ |
| ၃၀ | ၁၆ : ၁၆ | ၁၆ : ၄၈ | ၁၇ : ၂၅ | ၁၇ : ၅၆ | ၂၀ : ၄၄ | ၂၁ : ၁၄ | ၂၀ : ၄၇ | ၂၁ : ၁၇ | ၂၃ : ၁၇ | ၂၃ : ၅၁ | ၀၂ : ၂၅ | ၀၂ : ၅၉ |
| ၃၁ | ၁၆ : ၁၂ | ၁၆ : ၄၄ | ၁၇ : ၂၁ | ၁၇ : ၅၂ | ၂၀ : ၄၀ | ၂၁ : ၁၀ | ၂၀ : ၄၃ | ၂၁ : ၁၃ | ၂၃ : ၁၃ | ၂၃ : ၄၇ | ၀၂ : ၂၀ | ၀၂ : ၅၅ |



www.burmeseclassic.com

www.burmeseclassic.com




# တနှင်း

(မြန်မာမြန်)

ရင်ဆိုး

www.burmeseclassic.com

www.burmeseclassic.com

(၁)

အကယ်၍ သင်သည် လန်ဒန်မြို့၏ အနောက်ပိုင်းတွင် နေထိုင်လျှင် ဦးထုပ်၊ ဖိနပ်ကောင်း ဝတ်စားထားသော်လည်း တစ်စစီ ပြုတ်ကျလုမတတ် အင်္ကျီနှင့် ဘောင်းဘီကို ဝတ်ဆင်ထားသူကို တွေ့ပါက မအံ့ဩပါနှင့်။ ထိုသူကို အသေအချာကြည့်သည်နှင့်အမျှ သူ ဝတ်ဆင်ထားသော ဝတ်စုံသည် တစ်ချိန်က အလွန်လုပ တန်ဖိုးကြီးနာမည်ကြီး အပ်ချုပ်ဆရာ၏ လက်ရာမှန်း မြင်ရပါလိမ့်မည်။

ထိုဝတ်စုံကို ဝတ်ဆင်ထားသူသည် မစ္စတာ "လူးဝစ်ဝေါ့ဖွတ်"မှန်း သိပါလျှင် သင် ပို၍အံ့ဩပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ဝေါ့ဖွတ်သည် ထိုသို့သော အဝတ်အစား အစုတ်အပြတ်ကို ဝတ်ဆင်စရာမလိုအောင် ကြွယ်ဝသူဖြစ်သောကြောင့် ဖြစ်သည်။

သို့သော်လည်း မစ္စတာ ဝေါ့ဖွတ်သည် ထိုဝတ်စုံကို တစ်နှစ်တွင် တစ်ရက်၊ အောက်တိုဘာလ ၂၁ရက် တစ်နေ့တည်းတွင်သာ ဝတ်ဆင်လေ့ရှိသည်။ ကျန်သည့်ရက်ပေါင်း သုံးရာခြောက်ဆယ့်လေးရက်တွင် ထိုဝတ်စုံသည် မစ္စတာ ဝေါ့ဖွတ်၏ ဗီရိုထဲတွင် ပိုးစလွှမ်း၍ ချိတ်လျက်သာသာ ရှိတတ်သည်။ ယင်းဝတ်စုံကို မစ္စတာ ဝေါ့ဖွတ်သာလျှင် ဖုန်ခါလေ့ရှိသည်။ မစ္စတာ ဝေါ့ဖွတ်မှ လွဲ၍ မည်သူမျှ မကိုင်တွယ်ရဲချေ။

မစ္စတာ လူးဝစ်ဝေါ့ဖွတ်သည် တစ်ချိန်က ဗြိတိသျှ ပြဇာတ်မင်းသားတစ်ဦးဖြစ်ခဲ့သည်။ သို့သော်လည်း တခြားအနုပညာသမားများကဲ့သို့ ကိုယ့်ပညာမှသာ ပညာဟု မာနတက်လေ့မရှိခဲ့ချေ။ ယင်းပြဇာတ်မှ ဝင်ငွေရနေ၍သာလျှင် ပြဇာတ်မင်းသားလုပ်ခြင်းသာ ဖြစ်သည်။

သူသည် ထိုဝင်ငွေစာရင်းနှင့် ပတ်သက်၍မူ အထူးအလေးထားလေ့ရှိသည်။ တစ်ချိန်ချိန်တွင် သူ ခေတ်မစားတော့လျှင် သူ့ရှေ့တွင် ထိုင်နေသော သူ့မိတ်ဆွေများဟု ဆိုသော ပရိသတ်များက ဩဘာပေးတော့မည် မဟုတ်ချေ။ သူသည် အင်မတန် ခြိုးခြံစုဆောင်းသောသူဖြစ်ပြီး တစ်ပတ်စာ အသုံးစရိတ်မှလွဲ၍ ကျန်ဝင်ငွေအားလုံးကို ဘဏ်အပ်လေ့ရှိသည်။ မည်သို့သော အခက်အခဲကြုံသည် ဖြစ်စေ၊ ဘဏ်မှ ငွေကို ထုတ်ယူသုံးစွဲခြင်း မပြုတတ်ချေ။

ပေါလ်ချက်စတာမြို့သို့ ရထားဦးတည်သွားနေစဉ် မစ္စတာ ဝေါ့ဖွတ်သည် ဆည်းဆာနေကို ကြည့်ရင်း ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်နေမိခဲ့သည်။ သူသည် ဤအပတ်တွင် ပေါလ်ချက်စတာမြို့တွင် ကပြရန်ဖြစ်သည်။ ယခု ဤမြို့သို့အလာ၊ နောက်ဆုံးမြို့မှ အထွက်တွင် သူ အမြဲမသွေ စောင့်ထိန်းသော စည်းကမ်းတစ်ခုကို ဖောက်ဖျက်ခဲ့သည်။ ယင်းမှာ ခရီးသွားဖော် အချို့နှင့် ပိုကာရိုက်မိခဲ့ခြင်းပင် ဖြစ်သည်။ ပိုကာရှုံးသောကြောင့် ခုနစ်ရက် သုံးရမည့် အသုံးစရိတ်သည် ပထမ တစ်ရက်တည်းနှင့် ကုန်နေသည်ကို ကြုံတွေ့ရသည်။ ဖဲမရိုက်ဟူသော စည်းကမ်းကို ဖောက်မိသောကြောင့် ယခု အခြားစည်းကမ်းတစ်ခုကိုပါ ဖောက်ရမလိုဖြစ်နေသည်။ ယင်းမှာ ဘဏ်မှ ငွေထုတ်ရန်သာ ဖြစ်သည်။

ပေါလ်ချက်စတာမြို့တွင် အပ်ချုပ်ဆရာကျော်ကြီးတစ်ဦးရှိသောကြောင့် သူသည် ပို၍ စိတ်အနှောင့်အယှက်ဖြစ်မိသည်။ သူဝတ်ဆင်သော အဝတ်အစားအားလုံးကို ထိုအပ်ချုပ်ဆရာကြီးထံတွင်သာ ချုပ်လုပ်လေ့ရှိရာ ယခုမူ ပေါလ်ချက်စတာသို့ ရောက်ပါလျက်နဲ့ ဝတ်စုံအသစ် မချုပ်နိုင်သည့်ကိန်း ဆိုက်နေခဲ့သည်။

(၂)

ဝေါ့ဖွတ် ဆိုင်ထဲဝင်လာသည်နှင့် အပ်ချုပ်ဆရာက မော့ကြည့်လိုက်သည်။ သူ၏ ဖောက်သည်ကြီးကို တွေ့လိုက်ရသောအခါတွင် မျက်နှာတစ်ပြင်လုံး ပြုံးသွားအောင် ပြုံးလိုက်လေသည်။

"မင်္ဂလာနံနက်ခင်းပါ မစ္စတာ ဝေါ့ဖွတ်။ ခင်ဗျားကို တွေ့ရတာ သိပ်ကို ဝမ်းသာတာပဲ။ ခင်ဗျား ဒီ မရောက်တာ ခြောက်လလောက်ရှိပြီ ထင်တယ်။ ကျုပ်က ခင်ဗျား ဘယ်တော့လာမလဲလို့ တစ်မေးတည်း မေးနေခဲ့တာ။ ခင်ဗျားကို ကျုပ် ပြစရာရှိတယ်"

ဝေါ့ဖွတ်သည် ရယ်မော၍ လက်ဆွဲ နှုတ်ဆက်လိုက်သည်။

"ကျုပ်ကို ဘာပြစရာရှိတာလဲ"

အဘိုးအိုသည် လက်နှစ်ဖက်ကို ပွတ်သပ်လိုက်သည်။

"ဝိတ်တစ်အုပ်ပဲ။ သိပ်လှတဲ့ ဝိတ်စပဲ။ ဒါမျိုးဝိတ်စ ခင်ဗျားမြင်ဖူးမယ် မထင်ဘူး။ အရောင်အသွေးလည်း ကောင်းတယ်။ ဝိတ်သားလည်း ကောင်းတယ်။ ရှင်းရှင်းပြောရရင် ကျုပ် ဒီလောက်လှတဲ့ ဝိတ်စ မတွေ့ဖူးဘူး။ အဲဒါ ခင်ဗျားအတွက် သတ်သတ်ဖယ်ထားတယ်"

ဝေါ့ဖွတ်သည် နှမ်းလျစွာ ပြုံးလိုက်သည်။

"အား... စိတ်မကောင်းစရာပဲ မစ္စတာ မာရစ်။ ကျုပ်ကိုယ်ကျုပ် ထုတ်ထားတဲ့ စည်းကမ်းတွေကို ခင်ဗျား သိ

www.burmeseclassic.com

တယ်မဟုတ်လား။ အဲဒါတွေ လူတိုင်း သိပါတယ်ဗျာ။ အဲဒါ ဒီကို လာတဲ့ ခရီးမှာ ကျုပ် မလိမ္မာခဲ့ဘူး။ ကျုပ် ရထားပေါ်မှာ ဖဲရိုက်လာမိခဲ့တယ်။ ပေါင် ၃၀ ရှုံးသွားတယ်။ အဲဒီတော့ ကျုပ်ကိုယ် ကျုပ် ဒေါသထွက်တဲ့အနေနဲ့ ဒီတစ်ခေါက် တော့ ခင်ဗျားဆီမှာ ဘာမှမချုပ်တော့ ဘူး"

အပ်ချုပ်ဆရာ ပြုံးလိုက်သည်။

"အဲဒါ ဟုတ်ချင်လည်း ဟုတ်မှာ ပေါ့ မစ္စတာ ဝေါ့ဖွတ်။ ဒါပေမယ့် ခင်ဗျား ကျုပ်ကို တန်ဖိုးပေးချေတာ မချေတာ ကျုပ် အရေးမှုထားဘူး။ ဒီပိတ်စက ခင်ဗျားအတွက် ကျုပ် ထားခဲ့တော့ ခင်ဗျားအတွက် ကျုပ် ချုပ်ကို ချုပ်ပေး ရမှာပဲ။ ခဏလေးဗျာ၊ ခင်ဗျားကို ကျုပ် ပြမယ်"

သူသည် ဆိုင်နောက်ဘက်သို့ သုတ်ခြေတင်သွားပြီး တစ်မိနစ်အကြာ တွင် ပိတ်တစ်လိပ်ကို အမြတ်တနိုး ပွေ့ဖက်လျက် ထွက်လာလေသည်။ ဝေါ့ဖွတ်သည် ပိတ်အုပ်ကို တွေ့သော အခါတွင် ပင့်သက်ရှိုက်မိသည်အထိ မိန်းမူးသွားလေသည်။ သူသည် ဤမျှ အရောင်အဆင်းလှပ ဆွဲဆောင်မှုရှိသော ပိတ်စမျိုးကို မတွေ့ဘူးချေ။ သူသည် ပိတ်သားကို အသာကိုင်ကြည့်လိုက် သည်။

"ဟာ…ဘာကယ့်ကို လှတာပဲ။ ကျုပ်တော့ ကံဆိုးတဲ့ နေ့ပဲနဲ့ တူတယ်။ ကျုပ်သာ ဖဲမရှုံးခဲ့ရင် ဝယ်ဝတ်နိုင်မှာပဲ"

"မစ္စတာ ဝေါ့ဖွတ် ကျုပ်ကို ချုပ် ခွင့်ပေးစမ်းပါ။ ဒီတစ်ခါ ငွေမချေနိုင်ရင် လည်း နောက်တစ်ခေါက်ကျမှ ပေးပေါ့။ ဒီပိတ်နဲ့ ခင်ဗျားက သိပ်လိုက်တယ်"

အပ်ချုပ်ဆရာအိုက အတင်း အကျပ် တိုက်တွန်းနေရာ ဝေါ့ဖွတ်သည် မည်သို့ ဆောင်ရွက်ရမှန်းမသိ ဖြစ်လာ

"

ငါသိပြီ မောရစ်။
ငါ အဲဒီဝတ်စုံကို ချုပ်မယ်။
မင်းဆီကို ငါ ဘယ်လို
ငွေချေရမယ်ဆိုတာလည်း
ငါသိပြီ။
ငါ ဘာလုပ်မလဲ သိလား။
ငါဟာ ငါ သတ်မှတ်ထားတဲ့
စည်းကမ်းလည်း ထိန်း၊
မင်းကိုလည်း
ငွေချေနိုင်အောင်
ငါ့လည်စည်း ရင်ထိုးကို
ပေါင်လိုက်မယ်

"

သည်။ ရုတ်တရက် သူသည် အတွေး တစ်ခုပေါက်သွားသည်။

"ငါသိပြီ မောရစ်။ ငါ အဲဒီဝတ်စုံ ကို ချုပ်မယ်။ မင်းဆီကို ငါ ဘယ်လို ငွေချေရမယ်ဆိုတာလည်း ငါသိပြီ။ ငါ ဘာလုပ်မလဲ သိလား။ ငါဟာ ငါ သတ် မှတ်ထားတဲ့ စည်းကမ်းလည်း ထိန်း၊ မင်းကိုလည်း ငွေချေနိုင်အောင် ငါ့လည် စည်း ရင်ထိုးကို ပေါင်လိုက်မယ်"

သူသည် လည်စည်းမှ ရင်ထိုးကို ဖြုတ်လိုက်သည်။ လည်စည်းလေးမှာ ပလက်တီနံဖြင့် ပြုလုပ်ထားသော နဂါး ရုပ်ကလေးဖြစ်ပြီး စိန်နှင့် ပတ္တမြားလေး များ တပ်ဆင်ထားသည်။ လက်ရာ မြောက်ပြီး တန်ဖိုးလည်း ရှိသည်။

"ဒီရင်ထိုးလေးကို ငါ ပေါင် ၃၀ နဲ့ ပေါင်မယ်။ နောက် စနေနေ့ ရက် သတ္တပတ်အတွက် ငွေထုတ်တော့ ပြန် ရွေးမယ်။ အဲဒီအပေါ် သင့်တဲ့ အတိုးကို တော့ မနေ့က ငါ့ရဲ့ ပျော့ညံ့မှုအတွက် ဒဏ်ကြေးလို့ သတ်မှတ်လိုက်မယ်။ ဘယ်လို သဘောရသလဲ"

"ကောင်းတယ်။ ခင်ဗျား ဘာလုပ် လုပ် ကျုပ်က အရေးမထားဘူး။ ကျုပ် ဆန္ဒက ခင်ဗျား ဒီဝတ်စုံပိုင်ဆိုင်ရေးပဲ"

နောက် သူသည် အတွေးတစ်ခု ပေါက်သွား၏။ ကောင်တာပေါ် ကိုင်း ညွတ်၍ အလေးအနက်ပြောလိုက် သည်။

"မစ္စတာ ဝေါ့ဖွတ်… ကျုပ် အတွက် တစ်ခုလုပ်ပေးစမ်းပါ။ ဒီ တစ်ပတ် ဒီမှာ ကပြတဲ့အခါမှာ ကျုပ် ဝတ်စုံကို ဝတ်ပြီး ကစမ်းပါ။ ကျုပ်ချုပ် ပေးတဲ့ အသစ်စက်စက် လက်ရာနဲ့ ခင်ဗျားကို မြင်ရရင် ကျုပ် သိပ်ဝမ်းသာ မှာပဲ"

ဝေါဖွတ်သည် ပြုံးလိုက်လေ သည်။

"အေး၊ ကျုပ်ဝတ်ပေးမယ်။ ရှည်ရှည်ဝေးဝေးတောင် ပြောမနေဘူး ဗျာ။ ခင်ဗျား ဒီည မီအောင် ချုပ်နိုင်ရင် ကျုပ် ဒီညကို ဝတ်ပြီး ကပြမယ်"

မောရစ်၏ မျက်လုံးများ အရောင် တောက်သွားသည်။

"ရတာပေါ့။ ညနေ သုံးနာရီ လောက်ဆိုရင် အားလုံး ပြီးစီးသွားလိမ့် မယ်"

"ကောင်းပြီလေ။ ဒါဖြင့် ညနေ ကျမှ တွေ့တာပေါ့"

ဝေါ့ဖွတ်သည် နှုတ်ဆက်ပြီး ဆိုင် ထဲမှ ထွက်သွားလေသည်။

(၃)

ဝေါလ်ချက်စတာ အင်ပါရာ ပြဇာတ်ရုံကြီး၏ အဝတ်အစားလဲခန်းရှိ ကိုယ်လုံးပေါ် မှန်ကြီးရှေ့တွင် ဝေါ့ဖွတ်





www.burmeseclassic.com

www.burmeseclassic.com

သည် ရပ်တန့်လိုက်သည်။ သူ ဝတ်ဆင်ထားသော ဝတ်စုံအသစ်နှင့် အလွန်လိုက်ဖက်ကြောင်း တွေ့သောအခါ ကြက်သီးမွေးညှင်းထမတတ် ကြည်နူးသွားသည်။

မစ္စတာ ဝေါ့ဖွတ်သည် ထိုဝမ်းမြောက် ကြည်နူးစိတ်ဖြင့် စင်ပေါ် တက်၍ ကပြ အသုံးတော်ခံခဲ့သည်။ ထိုညတွင် သူ အလွန်အောင်မြင်ခဲ့သည်ဟု ဆိုရပေမည်။ ပရိသတ်များက ဩဘာသံ မပြတ်ပေးနေသောကြောင့် လိုက်ကာနောက် မဝင်နိုင်ဖြစ်နေခဲ့သည်။ နောက်ဆုံး မန်နေဂျာကိုယ်တိုင် ထွက်တောင်းပန်မှ သူ့ကို သွားခွင့်ပြုခဲ့သည်။

သူသည် အဝတ်အစားလဲခန်းသို့ ပြန်ရောက်သောအခါတွင် မှန်ထဲမှ သူ၏ ရုပ်သွင်ကို ပြန်၍ကြည့်နေမိသည်။ ဤဝတ်စုံအသစ်ကြောင့် ဤမျှ အောင်မြင်ခဲ့သည်ဟု ထင်မြင်မိခဲ့သည်။

ထိုအချိန်တွင် ရုံစောင့်တစ်ဦးက ဝင်လာခဲ့သည်။

"မစ္စတာ ဝေါ့ဖွတ်···ခင်ဗျားကို အမျိုးသမီးတစ်ယောက်က တွေ့ချင်လို့တဲ့။ အောက်မှာ စောင့်နေတယ်။ သူ့နာမည်မေးတော့လည်း မပြောဘူး။ နောက်ပြီး အင်္ဂလိပ်လူမျိုးလည်း ဟုတ်ပုံမရဘူး"

မစ္စတာ ဝေါ့ဖွတ်သည် မျက်ခုံးမြှင့်လိုက်မိသည်။ ဝေါလ်ချက်စတာမြို့မှ သူ၏ ပရိသတ်ကို သူသိပေသည်။ သူ့ထံ လာနေကျ လူများကိုလည်း ရုံစောင့်က သိပေသည်။

"ထူးဆန်းတယ်ကွာ။ မင်းလည်း မသိဘူးဆိုရင်တော့ ဘယ်က ဧည့်သည်လည်း မပြောတတ်ဘူး။ ငါ နောက်တစ်မိနစ်လောက် ကြာရင် ဆင်းခဲ့မယ်လို့ ပြောလိုက်ပါ"

ဝေါ့ဖွတ်သည် မှန်ထဲ ကြည့်လိုက်ပြန်သည်။ သူ၏ လည်စည်းကို တည့်မတ်လိုက်လေသည်။ ထို့နောက် အစောင့်နောက်မှ ဆင်းလိုက်သွားလေသည်။

ဇာတ်ရုံနောက်ဘက် ဝင်ပေါက်နားတွင် မိန်းမပျိုလေးတစ်ယောက် ရပ်တန့်နေသည်ကို တွေ့လိုက်လေသည်။ ထိုမိန်းမပျိုကို မြင်သည်နှင့် သူသည် ပင့်သက်ပင် ရှိုက်မိသွားလေသည်။ လူကဲခတ်ကျွမ်းသော ဝေါ့ဖွတ်သည် မိန်းမပျိုလေးမှာ ကြေးရတက် လူတန်းစားတစ်ဦးဖြစ်ရုံမက၊ တော်ဝင်သွေးကြီးမျိုးကြီးအရိပ်အယောင် ပိုသင့်နေကြောင်း သတိထားမိလေသည်။

တကယ်တမ်း ပြောရလျှင် သူမမည်သူဖြစ်မှန်းကိုပင် သူ အတိအကျသိပေသည်။ သူမ၏ မျက်နှာကို နာမည်ကြီး ပြည်တွင်းပြည်ပ စာစောင်များ၊ မဂ္ဂဇင်းများတွင် အကြိမ်ကြိမ်အခါခါ တွေ့မြင်ခဲ့ဖူးပေသည်။



သူ အနည်းငယ် တုန်လှုပ်သွားသည်။ သို့သော်လည်း သူ့စိတ်ကို သူ ပြန်ထိန်း၍ ခပ်အေးအေးပင် ရှေ့တိုးသွားလေသည်။

"ခင်ဗျား···ကျွန်တော့်ကို တွေ့ချင်တယ်ဆို"

"ဟုတ်ကဲ့"

သူမ ပြောလိုက်သော စကားလုံးမှာ ကြည်လင်ဝိသလှသည်။ သူမသည် လှပသလောက် သူမ၏ အသံမှာ ချိုသာလှသည်ဟု သတိထားမိသည်။

"ရှင့်ကို ကျွန်မ စကားပြောချင်လို့ပါ။ ဒီည ရှင် သရုပ်ဆောင်တာကို ကြည့်ပြီး ကျွန်မ သိပ်သဘောကျမိတယ်။ ရှင် သိပ်တော်တာပဲ"

သူမသည် အင်္ဂလိပ်စကားကို သေချာထိန်းရင်း ပြောလေသည်။ သူမ၏ မိခင်ဘာသာစကားဖြစ်သော ဩစတြေးလျားစကားမှာ ပို၍လှပကြောင်းကို ဝေါ့ဖွတ် သဘောပေါက်လေသည်။ သူမ၏ လက်လေးများလည်း အနည်းငယ် တုန်နေကြောင်း သတိထားမိသည်။

"အနုပညာသမားတစ်ယောက် အနေနဲ့ ဒီလိုချီးကျူးခံရတာကို ဝမ်းသာမိပါတယ်"

ထို့နောက်တွင်မူ နှစ်ယောက်လုံး တုံ့နိဘာဝေ ရပ်နေလျက် တစ်ယောက်ကို တစ်ယောက် ကြည့်နေမိကြလေသည်။ သူမ တစ်စုံတစ်ခုပြောချင်မှန်း ဝေါ့ဖွတ် သတိထားမိလေသည်။ သို့သော် အနည်းငယ် စိတ်လှုပ်ရှား တုန်လှုပ်နေပုံရရှာလသည်။ ခဏကြာသောအခါတွင်မူ သူမ ရုတ်တရက် ဗလုံးဗထွေးနှင့် ပြောချလိုက်လေသည်။

"ဟို···မစ္စတာ ဝေါ့ဖွတ်၊ ရှင် ကျွန်မနဲ့ ညစာလေးများ လိုက်စားမလားလို့ ကျွန်မ ဖိတ်ချင်ပါတယ်။ ကျွန်မ


www.burmeseclassic.com

www.burmeseclassic.com

ဝေါလ်ချက်စတာမြို့ ပြင်နားမှာ အိမ်တစ်လုံးရှိပါတယ်။ ရှင် ဒုတိယပွဲစဉ်ပြီးတော့ လာမယ်ဆိုရင် ကျွန်မ ကားကို လွှတ်လိုက်ပါ့မယ်"

သူမ ရက်သွေးဖြာနေမှန်း ဝေါဖွတ် သတိထားမိလေသည်။ သူမ၏ ဖိတ်ကြားချက်နှင့် ပတ်သက်၍ ဝေါဖွတ် အံ့ဩသွားရုံမက၊ အံ့အားသင့်သွားခဲ့သည်။ သို့သော်လည်း သဘာဝကျသော ဖိတ်ခေါ်မှုတစ်ရပ်အနေနှင့် သဘောထားပြီး အေးဆေးစွာ တုံ့ပြန်မည်မှန်း သူ၏ ဗီဇအသိက လှုံ့ဆော်လိုက်လေသည်။

သူ ပြုံးလိုက်လေသည်။

"ကျုပ် ဆက်ဆက်လာခဲ့ပါ့မယ်"

သူမ သက်ပြင်းချလိုက်လေသည်။ စိတ်သက်သာရာ ရသွားဘိသကဲ့သို့ မျက်နှာမှာ ကြည်လင်သွား၏။ ထို့နောက် သူမသည် လက်ကမ်းပေးလိုက်သည်။

"သိပ်ကျေးဇူးတင်ပါတယ်ရှင်"

သူမသည် သွက်လက်စွာ လက်ဆွဲ နှုတ်ဆက်ပြီးနောက် ချာခနဲလှည့်၍ ထွက်သွားလေသည်။ ဝေါဖွတ်သည် စက်အားကောင်းသော ကားတစ်စီး၏ စက်နှိုး ထွက်ခွာသံကို ကြားလိုက်ရသည်။

သူသည် ဒုတိယပွဲစဉ် ကပြရန် ဇာတ်ရုံထဲ ပြန်ဝင်လာခဲ့သည်။

(၄)

ယင်းတို့ ဝက်သစ်ချသား စားပွဲကြီး၏ တစ်ဖက်တစ်ချက်မှ ထိုင်၍ တစ်ဦးကို တစ်ဦး ကြည့်နေခိုက်တွင် ဝေါဖွတ်၏ စိတ်တွင် အတွေးတစ်ခုက ဝင်လာသည်။ ယင်းမှာ သူသည် သူကိုယ်တိုင် ထိန်းချုပ်မှု ကင်းသော အခြေအနေ ရေစီးကြောင်းလက်တွင် ကောက်ရိုးတစ်မျှင်ကဲ့သို့ မျှော်နေမိသည်ဟု ယူဆမိသည်။


> သူ ဖြစ်လိုချင်ခဲ့သမျှ ကိစ္စရပ်များ
> ဖြစ်ပွားနေသည်ဟု ခံစားမိခဲ့သည်။
> ဤအိမ်ကြီးကို သူ အဝေးမှ
> မြင်ခဲ့ဖူးသည်။
> အထဲဝင်ကြည့်ခွင့်ရခဲ့လျှင်
> ကောင်းမည်ဟု စိတ်ကူးမိခဲ့သည်။
> ယခု အထဲရောက်ရုံမက
> အထူးဧည့်သည် တစ်ယောက်အဖြစ်
> ပွဲတော်တည်နေရသည်။
> ဤကဲ့သို့ လှပသည့်
> တော်ဝင် မင်းသမီးနှင့်
> နှစ်ယောက်တည်း ကြည်နူးရမည့်
> အခွင့်အရေးကို သူရနေသည်။


သူ ဖြစ်လိုချင်ခဲ့သမျှ ကိစ္စရပ်များ ဖြစ်ပွားနေသည်ဟု ခံစားမိခဲ့သည်။ ဤအိမ်ကြီးကို သူ အဝေးမှ မြင်ခဲ့ဖူးသည်။ အထဲဝင်ကြည့်ခွင့်ရခဲ့လျှင် ကောင်းမည်ဟု စိတ်ကူးမိခဲ့သည်။ ယခု အထဲရောက်ရုံမက အထူးဧည့်သည် တစ်ယောက်အဖြစ် ပွဲတော်တည်နေရသည်။ ဤကဲ့သို့ လှပသည့် တော်ဝင်မင်းသမီးနှင့် နှစ်ယောက်တည်း ကြည်နူးရမည့် အခွင့်အရေးကို သူ ရနေသည်။

သို့သော် ဘာဆက်လုပ်ရမှန်း သူ မသိတော့၍ ထိုအချိန်မှာပင် သူမက ရုတ်တရက် စကားပြောလိုက်လေသည်။

"ရှင့်ကို ဘာလို့ ဒီည ဒီခေါ်ခဲ့တယ်ဆိုတာကို ရှင်တွေးနေမှန်း ကျွန်မ သိပါတယ်။ ရှင် ဒီလိုဖိတ်ကြားချက်မျိုးတွေ အရင်တုန်းက ရဖူးခဲ့မှာပေါ့။ ဒါပေမယ့် အဲဒီအရင်တုန်းက လူတွေနဲ့ ကျွန်မကို တစ်မျိုးတစ်ဘာသာတည်း ထည့်မတွက်ပါနဲ့။ ကျွန်မ ဘယ်သူလဲဆိုတာကို ရှင်သိပုံရပါတယ်။ ဒါကြောင့် ဘာမှ ထွေထွေထူးထူးပြောမနေဘူး။ ကျွန်မဟာ နိုင်ငံခြားတော်ဝင်အသိုင်းအဝန်းမှာ ကြီးပြင်းလာခဲ့ရတယ်။ ကြပ်မတ်မှုတွေ သိပ်များတယ်။ ရှင်တို့ရဲ့ အင်္ဂလိပ်မတွေလို လွတ်လပ်မှုဆိုတာကို ကျွန်မ လုံးဝ မကြုံဖူးဘူး။ ဒီအိမ်လေးမှာ လွတ်လွတ်လပ်လပ် နေခွင့်ရတာ နှစ်လပဲ ရှိသေးတယ်။ ဒါတောင်မှ ကျွန်မမိဘက လုံးဝဥဿုံ ယုံကြည်စိတ်ချရတဲ့ အထိန်းတော်မကြီးက လိုက်လိုက်လျောလျော လွှတ်ထားလို့ပဲ"

"ရှင် အံ့ဩပုံရတယ်။ ဒါပေမယ့် အံ့ဩစရာမဟုတ်ပါဘူး။ ရှင် သတင်းစာတွေ ဖတ်မိရင် နောက်တစ်လလောက်မှာ ကျွန်မနိုင်ငံကို ကျွန်မ ပြန်ပြီး အိမ်ထောင်ပြုရမှာကို သိမှာပေါ့။ ကျွန်မ အိမ်ထောင်ပြုရမယ့်သူကို ကျွန်မ မသိဘူး။ အဲဒီလူကိုတော့ မချစ်ဘူး။ ကျွန်မတို့လို လူတန်းစားတွေကြားမှာ ပြုလေ့ရှိကြတဲ့ ရွှေလမ်းငွေလမ်း အိမ်ထောင်ရေးသက်သက်ပဲ။ အဲဒီကိစ္စကို ကျွန်မ အတိုက်အခံလုပ်ခဲ့တယ်။ နောက်ဆုံး သူတို့ သဘောကျ လုပ်ရမယ်မှန်း သိတော့ အနည်းဆုံး သုံးလတော့ အပျိုဘဝမှာ လွတ်လွတ်လပ်လပ် ပျော်ပါရစေဆိုပြီး အတင်းအကျပ်တောင်းဆိုလို့ ကျွန်မကို ဒီမှာ လာနေခွင့်ပေးခဲ့ပါတယ်"

ဝေါဖွတ်သည် သစ်သီးခွဲသည့်ဓားနှင့် စိတ်လှုပ်ရှားစွာ ကစားနေမိခဲ့သည်။

"ကျွန်တော် နားလည်ပါတယ်။ ဒါပေမယ့် ကျွန်တော်က ဘယ်အနေ



www.burmeseclassic.com

www.burmeseclassic.com

ကဏ္ဍာမှာ ပါဝင်ရမှန်း ကျွန်တော် ခုထိ သဘောမပေါက်သေးဘူး"

မိန်းမပျိုလေးက ပြုံးလိုက်သည်။

"ရှင် နားမလည်ဘူးလား။ ရှင့်ကို ကျွန်မ ဒီည စင်ပေါ်မှာ တွေ့တော့ ရှင့်အကြောင်း ဘာမှမသိခဲ့ဘူး။ ဒါပေမယ့် ရှင့်ကို စိတ်ကူးပုံဖော်ကြည့်ခဲ့တယ်။ ရှင်ဟာ ကျွန်မ အမြဲတစေ တမ်းတနေတဲ့ လူပဲလို့ ကျွန်မ ထင်မိတယ်။ မိနစ်နဲ့အမျှ ကျွန်မ ပိုသေချာလာတယ်။ ရှင့်ကို ကျွန်မ ချစ်တယ်"

(၅)

လူးစစ်ဝေါ့ဖွတ်သည် ဘုရားရှိခိုးကျောင်းကြီး၏ ရင်ပြင်ကို ဖြတ်သန်းရင်း ဖြည်းလေးစွာ လျှောက်မိသည်။ သူ့ဘဝ စာမျက်နှာအများအပြား လျင်မြန်စွာ လွန်သွားခဲ့သည်ဟု သတိထားမိသည်။ နေသာနေသည်။ ဤရက်သတ္တပတ်လုံး နေသာနေခဲ့သည်။ နေသာခြင်းက သဘာဝကျပုံရသည်။ သူ့ဘဝကို သူ သုံးသပ် မေးခွန်းထုတ်လေ့ရှိသော သူသည် ယခု သူကြုံတွေ့နေရသော အဖြစ်အပျက်ကို စေ့ငုနိုင်ခြင်း ကင်းမဲ့နေသည်။ ယနေ့ သောကြာနေ့ဖြစ်ပြီး တနင်္ဂနွေနေ့ရောက်လျှင် နောက်တစ်မြို့သို့ ခရီးဆက်ရမည့်အခြေအနေရှိသော ကြောင့်လည်း ထိုအကြောင်းကို မတွေးချင်ပေ။

အိတ်ထဲ နှိုက်ထားသော သူ၏ လက်သည် ငွေစက္ကူလိပ်တစ်လိပ်ကို ထုတ်လိုက်သည်။ သူလည်စည်း ရင်ထိုးကို ပေါင်၍ရသောငွေမှ လက်ကျန်ငွေဖြစ်သည်။ သူသည် အပေါင်ဆိုင်ရှေ့၌ ရပ်တန့်၍ ပြတင်းပေါက်တွင် ပြထားသော အပေါင်ဆုံး ပစ္စည်းများကို ငေးကြည့်မိသည်။ သူသည် ကတ္တီပါစ တစ်ခုပေါ် တင်ထားသော ရွှေသောက်ရေခွက်လေးတစ်ခုကို သတိထားမိလေသည်။ ရွှေခွက်မှာ အတော်ရှေးကျပြီး ဝေါလ်ချိုက်စတာ ကျောင်းတော်ကြီးပုံကို ပြုပြင်တည်ဆောက်စဉ်က တူးဖော်ရရှိခဲ့သည်ဟု ထင်၏။ အောက်ခြေတွင် ရေးသားထားသော စာတမ်းက ဖော်ပြထားပေသည်။

**"ရွှေခွက်၏ ဈေးနှုန်းမှာ ခုနစ်ဆယ်ဂျီးနီး"**

ဖြစ်သည်။

ဝေါ့ဖွတ်သည် အပေါင်ဆိုင် အတွင်းသို့ ဝင်သွားသည်။

"ကျုပ် ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ခင်ဗျားဆီမှာ ရင်ထိုးတစ်ခုကို ပေါင် ၃၀နဲ့ ပေါင်ထားခဲ့တယ်။ အခု ကျုပ် ရောင်းချင်တယ်။ ဂျီးနီး ၇၀လောက် ထပ်ပေးနိုင်မလား"

ဆိုင်စာရေးသည် အတွင်းဘက်သို့ ဝင်သွားပြီး ပိုင်ရှင်နှင့် စကားအနည်းငယ် ပြောလိုက်သည်။ ခဏအကြာတွင် ဆိုင်ရှင်ပါ ထွက်လာခဲ့သည်။ သူ၏ လက်ထဲတွင် ရင်ထိုးကို ကိုင်လာခဲ့သည်။

"မင်္ဂလာနံနက်ခင်းပါ မစ္စတာဝေါ့ဖွတ်။ မနေ့ညက ခင်ဗျားပွဲကို ကျုပ် လာကြည့်ခဲ့တယ်။ သိပ်ကောင်းတာပဲဗျာ။ ဒီရင်ထိုးအတွက်ကတော့ ခင်ဗျားကို ၇၀ ဂျီးနီးထပ်ပေးပါ့မယ်။ ဒါပေမယ့် ခင်ဗျားရင်ထိုးက ဒါ့ထက်မက တန်ပါတယ်ဗျာ"

ဝေါ့ဖွတ် ပြုံးလိုက်လေသည်။

"ကျုပ်သိပါတယ်။ ဒါပေမယ့် ကျုပ်က ဟိုမှာ ပြထားတဲ့ ၇၀ဂျီးနီးတန်တဲ့ ရွှေခွက်ကို လိုချင်တယ်။ ငွေပိုလည်း မလိုချင်ဘူး။ ကျုပ် ဒီရင်ထိုးကို သိပ်မြတ်နိုးတယ်။ အဲဒီ မြတ်နိုးမှုကို ဒီရွှေခွက်ပေါ်မှာ လဲလှယ်မှု ပြုထားချင်တယ်"

အရောင်းအဝယ် သဘောတူလိုက်သောအခါ ရွှေခွက်၏ အောက်ခြေတွင် "အလ်ဒဗလျူ" မှဟု ကမ္ပည်းထိုးခိုင်းလိုက်လေသည်။

သူသည် ဥယျာဉ်ထဲတွင် သူမကို ရွှေခွက်လေး ကမ်းပေးခဲ့လေသည်။ လရောင်ရှမ်းသော ဥယျာဉ်သည် ပို၍ပင် လှပနေပုံရသည်။ ထိုညတွင် သူ့တစ်သက်တွင် တစ်ကြိမ်သာ ကြုံသော ငြိမ်းချမ်းသောအချစ်ကို ထားရစ်ခဲ့လေသည်။

မစ္စတာ ဝေါ့ဖွတ်သည် ဝေါလ်ချက်စတာမြို့မှ ရထားဖြင့် ထွက်ခွာလာရင်း ထိုမနက်စောစောပိုင်းတွင် သူ၏ ဟိုတယ်သို့ လာရောက်ပို့ဆောင်သွားသော လက်ဆောင်လေးကို ဖွင့်ဖောက်ကြည့်လိုက်လေသည်။

အတွင်းမှ စာလေးတစ်စောင် ထွက်လာသည်။

*"သူငယ်ချင်း...*

*ရှင် ကျွန်မကို မှတ်မိစေမည့် လက်ဆောင်တစ်ခုပေးချင်ပါတယ်။ ရှင်နဲ့ လိုက်ဖက်မယ်လို့ ကျွန်မ ယူဆတဲ့ ဒီပစ္စည်းပဲ တွေ့တယ်။ ရှင် ဒါလေးကို ဝတ်ဆင်မလား။ ကျွန်မကို အမှတ်တရပေါ့"*

*သင့်ရဲ့ ထာဝရ*

သူသည် ဘူးကလေးကို ဆက်မဖွင့်ခင်မှာပင် သူ၏ ရင်ထိုးလေးမှန်း သိလိုက်မိလေသည်။

* * *

ဘာနှင်း(မြန်မာပြန်)



www.burmeseclassic.com

www.burmeseclassic.com

# အဆောင်ကောင်း အဆောင်မြတ်

■ သက်နှင်းဆွေ (ပုပ္ပါး) ■

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော
ယံ ပရူပက္ကမေန တထာဂတံ
ဇီဝိတာ ဝေါရောပေယျ
အနုပက္ကမေန ဘိက္ခဝေ
တထာဂတာ ပရိနိဗ္ဗာယန္တိ

(၁)

မှတ်မှတ်ရရပါပဲ။ ထိုညက ကျွန်တော် လှည်းတန်းမှ ပြန်လာတာ အချိန်တော်တော်နောက်ကျနေသည်။ ထိုညက လှပနေသည့် နွေညချမ်းလေးတစ်ခုဖြစ်သည်။ ထိုညနေခင်းကတည်းက ဆရာ ကိုစစ၊ ဆရာ မောင်ညိုအေး (ပန်းတော)၊ ဆရာ နွယ်ဦးလှိုင်တို့နှင့် ကျွန်တော်တို့၏ စကားဝိုင်းလေးက ခါတိုင်းနေ့တွေထက် အရှိန်ကောင်းနေခဲ့သည်။ ထိုစဉ်က လှည်းတန်းရှိ ပြည်မြန်မာကုန်တိုက်ဝင်းထဲမှ "ဆုံစည်းရာ" လက်ဖက်ရည်ဆိုင်လေးသည် ကျွန်တော်တို့အဖွဲ့၏ ဆုံမှတ်နေရာလေးတစ်ခုဖြစ်နေခဲ့လေသည်။

ထိုညက ဆုံစည်းရာမှာ ည ၉နာရီထိုးခါနီးအထိ ထိုင်နေခဲ့ကြပြီးမှ ဆရာ နွယ်ဦးလှိုင်နှင့် ဆရာမောင်ညိုအေးတို့က ပြန်သွားသည်။ ကျွန်တော်က ပြည်လမ်းဘက်သို့ကူးကာ ကားတစ်စီးတားပြီး ပြန်မည်ဖြစ်သည်။ ကျွန်တော်ပြန်လာတော့ ကိုစစက လမ်းလျှောက်ရင်း ပြည်လမ်းဘက်အထိ ကျွန်တော့်ကို လိုက်ပို့သည်။ ရန်ကုန်တက္ကသိုလ်ပုရဝုဏ်၏ရှေ့ ပလက်ဖောင်းအတိုင်း လမ်းလျှောက်ခဲ့ကြပြီး ဂျက်ဆင်၏ ရှေ့အဝင်ဝမှ အုတ်ခုံလေးတွင် ကျွန်တော်တို့နှစ်ယောက်သား ထိုင်ကာ ယခင်နေ့တွေကလိုပင် စကားပြောဖြစ်ကြပြန်သည်။ ထို့သို့ဖြင့် ကျွန်တော်ပြန်ဖို့ နောက်ကျသွားခဲ့ရသည်။

ည ၁၀နာရီကျော်မှပင် တက္ကစီတစ်စီးကို တားကာ ကျွန်တော်ပြန်လာခဲ့သည်။ ကိုစစက လှည်းတန်းမှာပဲ နေသူဖြစ်ရာ သူ့အိမ်သို့ လမ်းလျှောက်ပြီးပြန်သွားသည်။ ကျွန်တော်စီးလာသည့် တက္ကစီကားလေးက ပြည်လမ်းအတိုင်း တရိပ်ရိပ်ပြေးနေသည်။ အင်းလျားကန်ပေါင်ပေါ်မှာ လူမရှိတော့။ တိတ်ဆိတ်စ ပြုနေပြီ။ ပြည်လမ်းမကြီးပေါ်မှာလည်း ကားတွေ ရှင်းနေသည်။ ကားပေါ်မှာ လိုက်ပါလာသည့်အထိ ကျွန်တော့်စိတ်က ကျွန်တော့်မိတ်ဆွေတွေဆီမှာပဲ ရှိနေပြန်သည်။ ကျွန်တော့်မိတ်ဆွေတွေနှင့် ကဗျာစကား၊ စာစကားတွေ ပြောဖြစ်ခဲ့တာကို ကျေနပ်နေမိလေသည်။ ဖြိုင် ကားမှတ်တိုင်ကို ကျော်လာသည်။ ကားလေးက တရိပ်ရိပ်ပြေးနေဆဲပင်။

သည်အခိုက်မှာပဲ "ဖြုန်း" ဆိုသည့် အသံကြီးတစ်ခုက ကျွန်တော်စီးလာသည့် ကားလေး၏ နောက်တက် ကပ်လျက်မှ ပေါ်လာသည်။ နောက်ကို လှည့်ကြည့်လိုက်တော့ လမ်းဘေးမှ စိန်ပန်းပင်ကြီး၏ ကိုင်းကြီးတစ်ခု ရုတ်တရက် ကျိုးကျကာ ဓာတ်ကြိုးပါ ပြတ်ကျသွားခြင်းဖြစ်သည်။ မီးပွင့်တွေ ဖွိုးဖွိုးဖျပ်ဖျပ်ပွင့်ကုန်သည်။ လမ်းတစ်ဘက်မှ ဘတ်(စ်)ကားကြီးတစ်စီးကလည်း ထိုနေရာမှ ဖြတ်သွားခိုက်ဖြစ်သည်။

တက္ကစီကားဆရာက ကားကို ခဏရပ်ပြီး အခြေအနေကို ပြန်လှည့်ကြည့်သည်။ လမ်းပေါ်မှာ လျှပ်စစ်ဓာတ်ကြိုးက လျှော့ခ်ဖြစ်နေပြီ။ လူတချို့ထွက်လာပြီး အဝေးမှသာ ကြည့်နေရသည်။ ဘတ်(စ်)ကားကြီးလည်း ခဏရပ်နေရသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com

အခိုက်အတန့်လေးအတွင်း လမ်းပေါ်မှာကား အသွားအလာ ကျဲလွန်းနေတာကိုပင် ဝမ်းသာလိုက်ရသေးသည်။

"ကံကောင်းလို့ဗျာ။ ကျွန်တော်တို့ကားနဲ့ သီသီကလေးပဲ လွတ်သွားတာ"

ဒရိုင်ဘာက သက်မ,ချရင်း ပြောလိုက်ခြင်းဖြစ်၏။ သီသီကလေးဆိုသည့်စကားမှာ စက္ကန့်ပိုင်း အချိန်လေးမျှသာ ဖြစ်သည်။ သို့မဟုတ်လျှင် ကျွန်တော်တို့ကားပေါ်သို့ ထိုသစ်ကိုင်းကြီးသည် လည်းကောင်း၊ ဓာတ်ကြိုးတွေသည် လည်းကောင်း ကွက်တိ ပြုတ်ကျကာ ထိခိုက်နိုင်လေသည်။ တွေးပြီး ကျောချမ်းသွားရတော့၏။

ကျွန်တော်သည် ဘာမှပြန်ပြောနိုင်ခြင်း မရှိအောင် ငိုင်ကြည့်နေမိခဲ့လေသည်။ မိုးမရွာ၊ လေမတိုက်ဘဲ ထိုသစ်ကိုင်းကြီးက ဘာကြောင့် ကျိုးကျသွားခဲ့ပါလိမ့်။ ကျွန်တော်တို့ကရော ဘာကြောင့် သီသီကလေး လွတ်သွားခဲ့တာပါလိမ့်။ ကျွန်တော်သည် သက်ပြင်းဖွဖွချရင်း တစ်စုံတစ်ရာကို လေးလေးမြတ်မြတ် သတိရသွားလိုက်မိပြန်သည်။

(၂)

ထိုနေ့ကတော့ မိုးတွေ သဲသဲမဲမဲရွာနေသည့် မိုးနေ့တစ်နေ့ဖြစ်သည်။ ထိုစဉ်က ရှစ်မိုင်မှ Junction 8 သို့ နေ့စဉ်လိုလို ကျွန်တော်ရောက်နေဖြစ်ခဲ့တတ်သည်။ Junction 8 အပေါ်ထပ်မှ မွန်းဘက်ကရီမှာ ထိုင်ပြီး ကော်ဖီသောက်ရင်း စာရေးနေဖြစ်ခဲ့တတ်သည်။ ထိုနေ့ညကတော့ ကျွန်တော်ရေးနေသည့် ဝတ္ထုတိုလေး ပြီးသွားချိန်တွင် ည ၈ နာရီထိုးနေပြီ။ ဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)တို့နှင့် အတူထိုင်နေကျ လက်ဖက်ရည်ဆိုင်သို့ မသွားဖြစ်တော့။ ညနေကတည်းက မိုးက တစိမ့်စိမ့်ရွာနေခဲ့သည်။ ဝတ်လာသည့် အင်္ကျီက ခပ်ပါးပါးဖြစ်၍ နည်းနည်းအေးနေသည်။ ထို့ကြောင့် အိမ်သို့ ပြန်ဖို့သာ ကျွန်တော် ဆုံးဖြတ်လိုက်သည်။ မိုးလေကင်းစင်သည့် ညတွေဆိုလျှင် ကျွန်တော်က ရှစ်မိုင်မှ ကမ္ဘာအေးသို့ အညောင်းပြေ လမ်းလျှောက်ပြီး ပြန်ဖြစ်တာမျိုးတွေလည်း ရှိသည်။ တစ်ခါတစ်ခါတော့လည်း ထိုခရီးလေးကိုပင် တက္ကစီဖြင့် ပြန်ဖြစ်တာ၊ သွားဖြစ်တာတွေလည်း ရှိသည်။ ထိုနေ့ကတော့ Junction 8ပေါ်မှ ဆင်းလိုက်သည်နှင့် Junction 8၏ ရှေ့မှ ကားမှတ်တိုင်တွင် ဒိုင်နာကား(ဘတ်စ်ကား)တစ်စီးက အဆင်သင့်ရှိနေသည်။ ဒိုင်နာကား၏ ရှေ့ခေါင်းခန်းတွင်လည်း လူလွတ်နေ၍ ခေါင်းခန်းမှာ တက်ထိုင်ရင်း လိုက်ပါလာခဲ့မိသည်။ ထိုအချိန်မှာပဲ မိုးက သဲသဲမဲမဲရွာလာပြန်သည်။ မိုးနှင့်အတူ လေပါတိုက်လာသည်။

ဒိုင်နာကားက နဝဒေးမှတ်တိုင်တွင် ခဏရပ်ပြီး ခရီးသည် အတင်အချလုပ်သည်။ သို့သော် ကားဆရာက မှတ်တိုင်အလွန်ရောက်မှ ကားကို ရပ်လိုက်လေသည်။ ကားရပ်နေသည့်ဘေး ပလက်ဖောင်းအနီးတွင် သစ်ပင်ကြီးတစ်ပင်ရှိသည်။ မိုးသက်လေတစ်ချက် ဝေ့ရမ်းတိုက်ခတ်လိုက်သည်။ ကားကလည်း ထိုအချိန်မှာပင် ပြန်ထွက်သည်။ ကားပြန်ထွက်လိုက်သည့် စက္ကန့်ပိုင်းလေးအတွင်းမှာပင် လမ်းဘေးသစ်ပင်မှ သစ်ကိုင်းကြီးက ဝုန်းခနဲ ကျိုးကျလာသည်။ ကားပေါ်မှ လူတွေ "ဟင်ခနဲ…ဟာခနဲ" ဖြစ်ကုန်ကြ၏။ အရှိန်မြင့်ပြီး မောင်းထွက်စ ပြုနေသည့်ကားကို ခဏရပ်ပြီး ပြန်ကြည့်လိုက်ကြတော့ ထိုသစ်ကိုင်းကြီးက ဒိုင်နာကားရပ်နေခဲ့သည့် နေရာသို့ ကွက်တိ ပြုတ်ကျနေတာ တွေ့ရလေသည်။

"ကံကောင်းလို့ ဆရာရေ… နို့မို့ဆိုရင် ခေါင်းခန်းပေါ်ကို ကွက်တိကျမှာပဲ"

ကားပေါ်မှ ပြေးဆင်းသွားပြီး ကြည့်နေသည့် ကားစပယ်ယာက သူ့ဆရာ ကားဒရိုင်ဘာကို အော်ပြောလိုက်ခြင်းဖြစ်သည်။ အမှန်တော့ ထိုသစ်ပင်ကြီးသည် ကားလမ်းနှင့် လွတ်နေပါသည်။ သို့သော် မိုးနှင့် လေကြောင့် လမ်းပေါ်ရောက်အောင် ကျိုးကျလာခြင်းသာ ဖြစ်လေသည်။ ထိုနေရာက မှတ်တိုင်နှင့် ပေနှစ်ဆယ်ကျော်လောက်အကွာမှာ ရှိသည်။ ထိုအချိန်တွင်မှ ကားဒရိုင်ဘာက ထိုနေရာတွင် ဘာကြောင့်ရပ်ဖြစ်ခဲ့ပါလိမ့်။ ထို့အပြင် ကားပြန်ထွက်ပြီး စက္ကန့်ပိုင်းလေး ကျော်လွန်သွားမှ သစ်ကိုင်းက ဘာကြောင့် ကျိုးကျသွားပါလိမ့်။ သို့မဟုတ် သစ်ကိုင်းကြီးကျိုးကျဖို့ စက္ကန့်ပိုင်းမျှအလိုတွင်မှ ကားက ဘာကြောင့် အချိန်မီ ပြန်ထွက်လိုက်မိပါလိမ့်။ ကားခေါင်းခန်းပေါ်သာ ကျခဲ့လျှင် ကျွန်တော်နှင့် ကားဆရာတို့အတွက်က မတွေးဝံ့စရာပင်၊ သစ်ကိုင်းကြီး ကျိုးကျလိုက်ချိန်တွင် ကားနောက်ဖျားပိုင်းကိုပင် အဖျားရိုက်ခတ်သွားသေးသည် ဆို၏။ သစ်ကိုင်းကြီးကလည်း နည်းနည်းနောနောမဟုတ်။ ကားပေါ်မှ လူတွေမှာ ရင်တုန်ပန်းတုန်ဖြစ်သွားခဲ့ကြရသည်။ မိုးတွေ လေတွေက သဲသဲမဲမဲ ဆက်ရွာနေသည်။ ကားဆက်ထွက်လာတော့ ကျွန်တော့်စိတ်တွင် တစ်စုံတစ်ရာကို တလေးတမြတ် သတိရနေမိပြန်တော့သည်။

(၃)

ထိုနေ့ကလည်း ကျွန်တော် အိမ်ပြန်လာတာ နည်းနည်းနောက်ကျသည်။ ည ၉နာရီကျော်သွားပြီ။ တက္ကစီကားလေးပေါ်မှ ကျွန်တော်ဆင်းလိုက်ချိန်တွင် ကျွန်တော်တို့တိုက်၏ မြေညီထပ်မှ ဆိုင်ခန်းတွေအားလုံး ပိတ်သွားပြီ၊



www.burmeseclassic.com

www.burmeseclassic.com

လူတွေ ရှင်းနေလေပြီ။

ကျွန်တော်သည် တက္ကစီကားပေါ်မှဆင်းပြီး အခန်းသို့ တက်သည့် လှေကားထစ်တွေ၏ အောက်ခြေ အုတ်ခုံတွင် ခဏရပ်လိုက်သည်။ အင်္ကျီနှင့် ဘောင်းဘီကို ဆန့်ဆန့်ရန့်ရန့် ဖြစ်အောင် ဆွဲဆန့်ပြီး အိတ်လေးကို ပခုံးမှ ဖြုတ်ကာ လက်မှာ ကိုင်ရင်း လမ်းဘေးသို့ လှည့်ပြီး ရပ်ကြည့်နေလိုက်မိပြန်သည်။ လမ်းပေါ်မှာ လူတွေ မရှိတော့သလောက် ဖြစ်နေပြီ။ တစ်နေ့လုံး ရှုပ်ထွေးနေသည့်လမ်းပေါ်မှ လူ့ရေစီးကြောင်းကြီးက ယခုတော့ ရှင်းလင်းလို့ နေလေပြီ။ ကျွန်တော်သည် နေ့နှင့် ည၏ ခြားနားမှုကို လေးလေးနက်နက်တွေးရင်း အသက်ကို ဖြည်းဖြည်းမှန်မှန်ရှူနေမိပြန်၏။ လူတွေ ရှင်းနေချိန်တွင် အသက်ရှူရတာ ပိုပြီးလတ်ဆတ်လှသည်ဟုလည်း တွေးနေမိပြန်သည်။ ကမ္ဘာအေးလမ်းမကြီးပေါ်တွင် ကားတချို့ကတော့ ဖြတ်သန်း ပြေးလွှားနေကြဆဲ ဖြစ်သည်။ ကျွန်တော်သည် လှေကားထစ်တွေအတိုင်း အေးအေးလူလူပင် တစ်လှမ်းချင်း လှမ်းတက်လာခဲ့မိ၏။

ဒုတိယထပ်ရှိ ကျွန်တော့်အခန်းရှေ့ရောက်တော့ တံခါးကို ခပ်ဖွဖွခေါက်လိုက်သည်။ ကျွန်တော် အခန်းထဲသို့ လှမ်းဝင်လိုက်ချိန်မှာပဲ အောက်မှ "ဝုန်း…ဒိုင်း…" ဆိုသည့် အသံတွေ၊ လူတွေ အထိတ်တလန့် အော်လိုက်သံတွေက ဆူညံသွားခဲ့သည်။ ဝရံတာကို ပြေးထွက်သွားပြီး ငုံ့ကြည့်လိုက်တော့ အောက်တွင် အခိုးအငွေ့တွေ တလူလူထွက်နေသည့် ဂျစ်ကားတစ်စီးက လှေကားရင်းတွင် တုံးလုံးလဲကာ မှောက်နေလေပြီ။

"မီးသတ်ဘူးယူလာ…မီးသတ်ဘူး"

ကားကို မီးမလောင်ဖို့ ဝိုင်းဝန်းကြိုးစားနေကြသည်။ ကျွန်တော်တို့တွေမှာ ရင်တမမဖြင့် ငုံ့ကြည့်နေမိကြ၏။ ဂျစ်ကားလေးက လှေကားရင်း အုတ်ခုံပေါ်အထိ ဝင်ဆောင့်ကာ မှောက်သွားခြင်းဖြစ်သည်။ ကံကောင်းထောက်မသည်ဟုပင် ဆိုရမည်ထင်၏။ ကားပေါ်မှာ ပါလာသည့် လူနှစ်ယောက်မှာ ဘေးကို လွင့်စဉ်ကျသွားပြီး ဒဏ်ရာအကြီးအကျယ် မရကြ။ အောက်သို့ ကျွန်တော်ဆင်းသွားပြီး ကြည့်လိုက်တော့ စောစောက ကျွန်တော်ရပ်နေသည့်နေရာသို့ ကားက ဝင်ဆောင့်ထားခြင်းဖြစ်လေသည်။ ကျွန်တော်လည်း ဘာမှပြောနိုင်စွမ်းမရှိအောင် ငေးကြောင်ကာ ကြည့်နေမိတော့လေသည်။

အပြင်မှ ပြန်လာတိုင်း ထိုလှေကားဝခြေရင်း အုတ်ခုံတွင် ရပ်ကာ လမ်းမဘက်သို့ လှည့်ပြီး ကျွန်တော်ငေးကြည့်နေမိတတ်ခဲ့သည်ပဲ။ လမ်းပေါ်မှ လူတွေ၊ ကားတွေ၊ ဈေးဆိုင်တွေ စသည့် လူမှုဘဝ ရှုခင်းတွေကို လှမ်းငေးနေမိတတ်ခြင်းဖြစ်သည်။ ပြီးမှ အိမ်ပေါ်သို့ တက်ခဲ့တတ်မြဲဖြစ်သည်။

ထိုညကလည်း ထိုနေရာမှာ ရပ်နေမိခဲ့သေးသည်ပဲ။ သို့သော် ယခင်နေ့တွေကလောက် ကြာအောင် ရပ်မနေမိခဲ့။ ကျွန်တော်လှည့်ထွက်လာပြီး မိနစ်ပိုင်းလေးအတွင်း ဒုတိယထပ်သို့ ရောက်ချိန်မှာပင် ထိုကားက အက်စီးဒင့်ဖြစ်သွားခဲ့ခြင်းဖြစ်သည်။ ထိုနေရာကိုပင် ဝင်ဆောင့်ကာ ထိုနေရာမှာပင် တိမ်းမှောက်သွားခဲ့ခြင်းဖြစ်၏။

ကျွန်တော် ထိုနေရာမှ ထွက်လာခဲ့ပြီး နှစ်မိနစ်ခန့်အတွင်း ဖြစ်သွားခဲ့ခြင်းသာဖြစ်သည်။ ထိုနေရာမှာ နောက်ထပ် နှစ်မိနစ် သုံးမိနစ်ခန့် ဆက်ရပ်နေဖြစ်ခဲ့လျှင်ဆိုသော အတွေးက ကျွန်တော့်ကို ဆက်မတွေးဝံ့အောင် ဖြစ်သွားစေပြန်သည်။

(၄)

ထိုအဖြစ်အပျက်လေးတွေသည် လွန်ခဲ့သည့် ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်လောက်က (၂နှစ်ခန့်ကာလအတွင်း) တစ်ခုပြီးတစ်ခု ဖြစ်သွားခဲ့ကြခြင်းဖြစ်သည်။ ကျွန်တော်ကိုယ်တိုင်ကြုံခဲ့ရခြင်းပင်ဖြစ်သည်။

ထိုဖြစ်စဉ်မျိုးတွေသည် ဘဝတွင် မကြာခဏကြုံရတတ်တာတော့ မဟုတ်။ ကြုံတောင့်ကြုံခဲ ကိစ္စတွေသာ ဖြစ်သည်။ ထိုဖြစ်စဉ်သုံးခုကြုံရပြီးနောက် တုန်လှုပ်စရာနာဂစ်မုန်တိုင်းအဖြစ်အပျက်ကြီးကို ကြုံရပြန်သည်။

ထိုအချိန်မှစကာ "သေခြင်းတရားဟာ ငါတို့ရဲ့ လက်တကမ်းမှာပဲ ရှိနေတာပါလား"ဆိုသည့်အသိက ကျွန်တော့်အတွင်းစိတ်ကို မကြာခဏဆိုသလို တို့ထိ သတိပေးလာနေတော့သည်။ ထိုအသိကို ပြတ်ပြတ်ထင်ထင် လက်ခံလာမိခဲ့ခြင်းလည်း ဖြစ်သည်။

ထိုအတူ အက်(စ်)စီးဒင့် အဖြစ်အပျက်တွေအကြောင်း၊ ရုတ်တရက် ထိခိုက်ရိုက်ခတ်မှု အဖြစ်အပျက်တွေအကြောင်းကို မကြာခဏ တွေးဖြစ်လာပြန်သည်။ ယခု ဤဆောင်းပါးကိုပင် "အက်(စ်)စီးဒင့်"ဟု အမည်တပ်ကာ ရေးချင်နေခဲ့ခြင်းဖြစ်သည်။ သို့သော် ခါးသီးသော အငွေ့အသက်တို့သာ ထုံမွှမ်းနေသည့် "အက်(စ်)စီးဒင့်"စကားလုံးကို ခေါင်းစီးတပ်ပြီး မရေးလိုပြန်။ ကျွန်တော်က စာရေးရာတွင် အတိတ်ကောင်းနိမိတ်ကောင်းသော စကားလုံးတွေကိုသာ အတတ်နိုင်ဆုံး သုံးစွဲလိုသူဖြစ်၏။ သို့သော် လူဘဝ လူ့လောကတွင် နှစ်လိုဖွယ် "ဣဋ္ဌာရုံ"ကိစ္စတွေကိုသာ အမြဲကြုံရနိုင်သည်မဟုတ်။ အလိုမရှိ၊ မကြားလို၊ မသိလို၊ မမြင်လိုသော အနိဋ္ဌာရုံကိစ္စတွေကို အမှတ်မထင် တွေ့ကြုံလာရတတ်ခြင်းမျိုးတွေ



www.burmeseclassic.com

www.burmeseclassic.com

လည်း များစွာရှိနေတတ်သည်။ ကောင်း-ဆိုး ဒွန်တွဲနေခြင်းသည်ပင် ဘဝတွေကို ကြီးကိုင် ခြယ်လှယ်နေသည့် လောကဓမ္မတာ(လောကဓံတရား)တွေ မဟုတ်ပါလား။

သတ္တဝါတို့သည် အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတို့ကို မည်သူ တစ်စုံတစ်ဦးတစ်ယောက်မှ လွန်ဆန်နိုင်သည် မဟုတ်။ သို့သော် "အက်(စ်)စီးဒင့်"လိုမျိုး ရုတ်တရက် ထိခိုက်ရိုက်ဖြတ်ခြင်းကို ခံရသည့်ဖြစ်စဉ်တွေကိုမူ ကျွန်တော် လွန်စွာကြောက်ရွံ့နေမိကြောင်း ဝန်ခံလိုပါသည်။ ကျွန်တော့်လိုပင် ပုထုဇဉ် လူသားတိုင်း၊ သတ္တဝါတိုင်းသည်လည်း ကြောက်ရွံ့ကြမည်ပင် ဖြစ်သည်။ ထိုသို့ ရုတ်တရက် ထိခိုက်ခြင်း ဘေးရန်တို့ကိုတော့ "ဝိပါက"ဝဋ်ကြွေးကြီးမားစွာ ပါလာ၍ ခံရသည်ဖြစ်စေဦး၊ အတတ်နိုင်ဆုံး ကာကွယ်ထားသင့်သည်သာ ဖြစ်၏။

ကျွန်တော်သည် ရတနာသုံးပါးနှင့် ဆိုင်သည့် အဆောင်အယောင် အကာအကွယ် အားကိုးအားထားမှုတို့ကိုသာ အဓိက ဦးစားပေးကာ အဆောင်အရွက်ပြုလိုသူဖြစ်၏။

ထိုသို့ ရုတ်တရက် ထိခိုက်တတ်မှု အန္တရာယ်တို့ကို ကာကွယ်နိုင်သည့် အဆောင်ကောင်း၊ အဆောင်မှန်တစ်ခုကိုလည်း တရိုတသေ တလေးတမြတ် ဆောင်ထားဖြစ်ခဲ့တာ ရှိပါသည်။ ထိုအဆောင်ကောင်းမှာ အတုမရှိသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ နှုတ်ပတ်တော်အစစ်ဖြစ်သည့် **"အဋ္ဌာနမေ တံဂါထာ"**ပင် ဖြစ်လေသည်။

(၅)

"အဋ္ဌာနမေတံ ဂါထာတော်ကြီးဟာ ဗုဒ္ဓမန္တာန်အစစ်ဖြစ်တယ်ကွဲ့။ မြတ်ဗုဒ္ဓရဲ့ နှုတ်ပတ်တော်တွေဟာ အတုမရှိတဲ့ သစ္စာတော်တွေဖြစ်လို့ အလိုလိုနေရင်းကို အတုမရှိတဲ့ တန်ခိုးစွမ်းအင်တွေနဲ့ ပြည့်စုံနေတော်မူတယ်ဆိုတာ နည်းနည်းလေးမှ သံသယမရှိလေနဲ့ မောင်သက်နှင်းဆွေရေ"

အဋ္ဌာနမေတံဂါထာတော်ကြီးအကြောင်းကို ကျွန်တော့်ဆရာပြောပြနေခဲ့စဉ်က စကားတွေဖြစ်သည်။ ကျွန်တော်သည် ဆရာကောင်းတို့ထံမှ ထိုသို့သော ဆုံးမ ညွှန်ပြမှုတွေကို များစွာရရှိခဲ့ဖူး၏။

"အဋ္ဌာနမေတံ ဂါထာတော်ကြီးကို ဦးထိပ်ပန်ဆင်ပြီး အကာအကွယ်အဖြစ် ဆောင်ကြသူတွေ၊ ရွတ်ပွား ပူဇော်ကြတဲ့သူတွေ၊ အထူးပွားထုံနေကြတဲ့သူတွေထံက ဘေးဆိုး ရန်ဆိုး၊ အနာရောဂါဆိုးတွေက ထူးထူးခြားခြား လွတ်ကင်းသွားခဲ့တာတွေ၊ ထူးကဲတဲ့ ကောင်းကျိုးချမ်းသာကို ခံစားရသူတွေရဲ့ အံ့မခန်းလောက်တဲ့ ကိုယ်တွေ့ဖြစ်စဉ်တွေ အများကြီး ရှိခဲ့တယ်ကွဲ့။ ကိုယ်တွေ့ ဖြစ်စဉ်တွေကို ပြန်ရေးထားခဲ့တဲ့ စာပေမှတ်တမ်းတွေလည်း အများကြီး ရှိနေတယ်"

ထိုနေ့က ဆရာသည် ကျွန်တော့်အား အဋ္ဌာနမေတံဂါထာတော်ကြောင့် ဘေးရန်ကင်းသူတွေ၏ ထူးခြားဖြစ်စဉ်တွေကို ပြည့်ပြည့်စုံစုံပြောပြနေခဲ့လေသည်။

◆◆◆

"လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကပေါ့ကွယ်။ မြန်မာ့တပ်မတော်က တပ်ရင်းတစ်ခုဟာ ရှေ့တန်းနယ်မြေမှာ တပ်စွဲပြီး အဖျက်သမားတွေကို နှိမ်နင်းနေခဲ့တယ် ဆိုပါတော့။ အဲဒီနယ်မြေကလည်း အလွန်နာမည်ကြီးတဲ့ ရန်သူ့နယ်မြေတစ်ခု ဖြစ်တယ်။ အဲဒီမှာ ထူးခြားတာက သူတို့ တပ်စွဲနေတဲ့ တောကြီးရဲ့ တစ်နေရာမှာပဲ တောရဆောက်တည်ပြီး တရားအားထုတ်နေတဲ့ ဆရာတော်တစ်ပါးကလည်း ရှိနေတော်မူခဲ့တယ်တဲ့။ ဘယ်နေရာ၊ ဘယ်လိုဇာတ်ဂူမှာ သီတင်းသုံးတော်မူတယ်ဆိုတာတော့ မသိဘူးပေါ့လေ။ အဲဒီဆရာတော်က အဲဒီတပ်စုဆီကို မကြာမကြာ ဆွမ်းခံကြွလာတတ်တယ်တဲ့။ အဲဒီတပ်စုရဲ့ အကြီးအကဲ ဗိုလ်မှူးကြီးကလည်း ရတနာသုံးပါးကို ရှိသေကိုင်းညွတ်သူဆိုတော့ အဲဒီဆရာတော်ကို ဆွမ်းလောင်းရတာကို အလွန်ဝမ်းမြောက်နေခဲ့တယ်တဲ့၊ ဗိုလ်မှူးဆိုတဲ့ စကားက ဆရာမှတ်မိသလို ပြောတာပါ။ အကြီးအကဲတစ်ယောက်လို့ပဲ မှတ်ယူလိုက်ပေါ့။ ရာထူးအဆင့်တွေ၊ အမည်နာမတွေကို ခုဆရာ မမှတ်မိတော့ဘူး။ အကြောင်း အရာအဖြစ်အပျက်ကိုပဲ မှတ်မိနေခဲ့တာပါ"

ဆရာသည် ထိုသို့ စကားပလ္လင်ခံလျက် ထိုဖြစ်စဉ်ကို ကျွန်တော့်အား ပြန်ပြောပြခဲ့ခြင်းဖြစ်၏။ ထိုအဖြစ်အပျက်ကို ကြုံခဲ့သည့်တပ်စုနှင့် ထိုတပ်စုတွင် ပါဝင်ခဲ့သည့် ပုဂ္ဂိုလ်တို့၏ ရာထူးရာခံမှအစ အမည်နာမတို့ အတိအကျ ပြောပြခဲ့ခြင်းမဟုတ်။ ဖြစ်စဉ်ကိုသာ အဓိက ပြောပြခဲ့ခြင်းဖြစ်၏။

"တိုတိုပြောရရင်ကွယ်၊ တစ်နေ့မှာ ရန်သူတွေက အဲဒီတပ်စုရှိတဲ့ တောင်ကုန်းကို အသေအချာ ဝိုင်းမိသွားခဲ့တယ်။ ဘယ်လိုမှ ထွက်ပေါက်မရှိအောင် ပိတ်ဆို့ထားလိုက်တယ်။ ပြီးတော့ တိုက်ပွဲတွေ ဖြစ်နေခဲ့ကြတယ် ဆိုပါတော့၊ အဆက်အသွယ်တွေ ပြတ်တောက်ပြီး တပ်ကူလည်း မရနဲ့ နောက်ဆုံးမှာ ဘယ်လိုမှ မျှော်လင့်ချက် မရှိတော့တဲ့ အနေအထားမျိုးကို ရောက်သွားခဲ့တယ်လို့ ဆိုတယ်။ အဲဒီအချိန်မှာ ရံဖန်ရံခါ ဆွမ်းခံကြွလာဖူးတဲ့ ရဟန်းတော်က တိုက်ပွဲတွေကြားကပဲ ရောက်လာပြီး အဲဒီ အကြီးအကဲဗိုလ်မှူးကို တွေ့တယ်တဲ့။ အဆောင်ကောင်းတစ်ခုကို ချီးမြှင့်တော်မူခဲ့တယ်တဲ့။ အဲဒါကတော့ ဗုဒ္ဓမန္တန်ဖြစ်တဲ့ အဋ္ဌာနမေတံဂါထာတော်ကြီးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

ဆရာ ပြောပြနေသည်တို့ကို ကျွန်တော်က စိတ်ဝင်စားစွာ နားထောင်နေဖြစ်ခဲ့သည်။

"အဌာနမေတံ ဂါထာတော်ကြီးကို စာရွက်လေးတွေမှာ ရေးပြီး ကျန်ရှိနေတဲ့ တပ်မတော်သားတွေကို ဆောင်နိုင်းတယ်။ ပြီးတော့ အဌာနမေတံဂါထာတော်ကြီးကိုပဲ တတ်နိုင်သမျှ သင်ပေးပြီး ရွတ်ပွားခိုင်းတယ်။ ပြောရရင်တော့ကွယ် လေးဘက်လေးတန် အပေါ်စီးက နေရာယူပြီး ပိတ်ဆို့ထားတဲ့ ရန်သူတွေရဲ့ ရှေ့ကနေပြီး ဒီဂါထာတော်ကြီးကို ကိုယ်စီဆောင်ပြီး ပါးစပ်ကလည်း တိုးတိုးဖွဖွ ပီပီသသ ရွတ်ပွားပြီး အဲဒီတပ်စုဟာ ဖောက်ထွက်နိုင်လိုက်ကြတယ်။ သိပ်ပြီး ထူးဆန်းတာက ရန်သူတွေရဲ့ မျက်စိရှေ့ကနေ ဖြတ်လျှောက်ပြီး ဖောက်ထွက်လာခဲ့ကြတာကို အဲဒီရန်သူတွေက လုံးဝ မမြင်မတွေ့တဲ့ အဖြစ်မျိုးအထိ ကြုံခဲ့ရတာ။ အဲဒီထက် ထူးခြားတဲ့ အစွမ်းအာနိသင်ကို ခံစားရတာမျိုး ဘယ်မှာ ရှိဦးမှာလဲကွယ်။ သစ်ရွက်လှုပ်တာ တွေ့ရင်တောင် လက်နက်တွေနဲ့ တရကြမ်း ပစ်ခတ်နေချိန်မှာ အဲဒီလို ဖောက်ထွက်လိုက်နိုင်တာဟာ ဘယ်လိုမှ မတွေးဝံ့လောက်စရာ အနေအထားပဲလေ"

ဆရာက စကားကို ခဏရပ်ထားလိုက်၏။

"နောက်တော့ အဲဒီတပ်က ပုဂ္ဂိုလ်ကြီးဟာ အဲဒီခေတ်က နိုင်ငံတော်ရဲ့ အထင်ကရ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သွားတယ်ကွဲ့။ အဲဒီအချိန်က စလို့ အဲဒီပုဂ္ဂိုလ်က အဌာနမေတံ ဂါထာတော်ကြီးကို တရိုတသေ တထွင့်တမြတ် ဆောင်ကြဖို့၊ ရွတ်ပွားပူဇော်ကြဖို့ တိုက်တွန်း နှိုးဆော်တော့တာပါပဲ။ အဲဒီတုန်းက သူ့စေ့ဆော်မှုကြောင့် တချို့လူကြီးတွေဆိုရင် အဌာနမေတံဂါထာတော်ကို ရေးပြီး ရွှေကြုတ်လေးတွေနဲ့ ထည့်ပြီး သူတို့မိသားစုဝင်တွေကို လည်ပင်းမှာ ဆွဲပြီး အမြဲဆောင်ထားခိုင်းတာကို ဆရာကိုယ်တိုင် တွေ့ခဲ့ဖူးတယ်။ တကယ်လည်း စွမ်းအားကြီးပါတယ်။ အဲဒါကိုတော့ လုံးဝ သံသယမရှိလေနဲ့။ တကယ်ကို အားကိုးထိုက်တဲ့ ဗုဒ္ဓမန္တာန်တော်ကြီးပါပဲကွယ်"

ထို့နောက် ဆရာက ထိုဂါထာတော်ကြီးနှင့် ဆိုင်သည့် တခြားဖြစ်စဉ်တွေကိုပါ ပြောပြနေပြန်၏။ ပြီးမှ ဆောင်ပုံဆောင်နည်းကို အသေးစိတ် ပြောပြခဲ့လေ၏။

"စာရွက်ပေါ်မှာ ဖြစ်စေ၊ ဖက်ရွက်ပေါ်မှာ ဖြစ်စေ၊ ကြေးပြားပေါ်မှာ ဖြစ်စေ၊ ဒါမှမဟုတ် ရွှေပြားငွေပြားပေါ်မှာ ဖြစ်စေ စသည်ဖြင့်ပေါ့၊ ကိုယ်နဲ့အဆင်ပြေမယ့် ကိုယ်ဆောင်ချင်တဲ့ အရာပေါ်မှာ အဌာနမေတံဂါထာတော်ကို ပါဠိပါဌ်သားပီသကျနစွာနဲ့ ရေးရမယ်။ ပုဒ်ဖြတ်၊ ပုဒ်ရပ်(ပုဒ်မ၊ ပုဒ်ထီး) တွေ မပါစေရဘူး။ ဂါထာရဲ့ မူရင်းစာလုံးတော်တွေကိုပဲ စနစ်တကျ မှန်မှန်ကန်ကန်ရေးထားရမယ်။ ရေးတာကိုလည်း ဘုရားခန်းလို သန့်ပြန့်တဲ့ နေရာမျိုးမှာ ငါးပါးသီလခံယူပြီး အတုမရှိတဲ့ ဘုရားရှင်ကို ဦးထိပ်ပန်ဆင်ပြီးမှ ရေးရမယ်။ ပြီးရင် အဲဒါကို ဆောင်ထားရုံပါပဲကွယ်။ ခပ်သေးသေးရေးပြီး ကြုတ်ထဲမှာ လိပ်ထည့်ပြီး ဆောင်ထားရင်လည်း ဖြစ်တယ်။ ကတ္တူစက္ကူလေးမှာ ရေးပြီး ပလပ်စတစ်လောင်း၍ အိတ်ကပ်ထဲမှာလည်း ဆောင်ထားနိုင်တယ်။ လျှောက်လွှာစက္ကူ ဒါမှမဟုတ် ဗလာစာရွက်ပေါ်မှာ ရေးပြီး မှန်ဘောင်တွေဘာတွေနဲ့ ထည့်ပြီး အိမ်ဦးခန်းမှာ ခမ်းခမ်းနားနားချိတ်ပြီးတော့လည်း ဆောင်ထားနိုင်တယ်။ အဲဒီလို ရိုးရိုးရှင်းရှင်းလေး ရေးပြီး တရိုတသေဆောင်ထားတာနဲ့တင် လက်နက်ခဲယမ်းမီးကျောက် ထိခိုက်မှုဘေးတွေ၊ အမျိုးမျိုးသော အတိုက်အခိုက် အနှောင့်အယှက် ဘေးရန်တွေ၊ ရတ်တရက် ထိခိုက်စေတတ်တဲ့ "အက်စီးဒင့်"လို ဘေးမျိုးတွေကလည်း အလုံးခြုံဆုံး ကာကွယ်ပေးနိုင်စွမ်းတယ်လို့ ဆရာတော်သမားတော်ကြီးတွေကအစ ရှေးက ဆရာစဉ်ဆက်တွေ၊ လူကြီးသူမတွေက အတိအကျ ညွှန်ပြထားခဲ့ကြတယ်ကွယ့်"

ထို့နောက် ဆရာက အဌာနမေတံ ဂါထာတော်ကြီးကို မြတ်စွာဘုရား ဟောမိန့်တော်မူဖြစ်ခဲ့သည့် ဗုဒ္ဓဝင်ဇာတ်တော်ဖြစ်စဉ်ကိုပါ ပြောပြနေခဲ့ပြန်၏။

(၆)

ဒေဝဒတ္တ ရဟန်းသည် ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်မောင်းဆင်ပြီး ကျောက်တုန်းကြီးကို လှိမ့်ချကာ မြတ်စွာဘုရားရှင်အား လုပ်ကြံသတ်ဖြတ်ခြင်းအမှုကို ပြုခဲ့လေသည်။ သို့သော် ဘုရားရှင်အား လုပ်ကြံ သတ်ဖြတ်နိုင်စွမ်း မရှိခဲ့။ (ထိုကျောက်တုန်းကြီးမှ ကျောက်ခဲစလေးတချို့သာ ပဲ့စင်လျက် ကျောက်တုံးတစ်စက ဘုရားရှင်၏ ခြေမတော်ကို ထိကာ သွေးစိမ်းအနည်းငယ်သာ ထွက်သွားခဲ့လေ၏။)

ထိုအကြောင်းစုံတို့ကို ဘုရားရှင်၏ တပည့်သားသံဃာတော်အရှင်သူမြတ်တို့ သိရှိသွားသောအခါ ဘုရားရှင်သီတင်းသုံးတော်မူသည့် ကျောင်းတော်သို့ စုရုံးကြွချီလာကြလေသည်။ ပြီးလျှင် ဘုရားရှင်အား ဝိုင်းဝန်းစောင့်ရှောက်ကာကွယ်တော်မူကြလေသည်။

ထိုအခါ မြတ်စွာဘုရားက "ဘုရားရှင်တို့၏ အသက်တော်အန္တရာယ်အတွက် စိုးရိမ်ရန် မလိုကြောင်း၊ ဘုရားရှင်တို့၏ အသက်တော်ကို မည်သူ တစ်စုံတစ်ဦးတစ်ယောက်မှ အန္တရာယ်ပြုနိုင်စွမ်း မရှိကြောင်း၊ မြတ်စွာဘုရားရှင်တို့၏ အသက်တော်သည် သူတစ်ပါး၏ ရန်ပြုမှု ပယောဂဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ပရိနိဗ္ဗာန်ပြုရရိုး မရှိကြောင်း”

စသည်တို့ကို နှုတ်တော်မှ ဟောမိန့်တော်မူခဲ့ခြင်းဖြစ်လေသည်။

ထိုနှုတ်ထွက်စကားတော်မှာ ***အဋ္ဌာနမေတံ*** ဂါထာပင်ဖြစ်သည်။

*အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော*
*ယံပရူပက္ကမေန တထာဂတံ*
*ဇီဝိတာဝေါရော ပေယျ။*
*အနုပက္ကမေန ဘိက္ခဝေ*
*တထာဂတာ ပရိနိဗ္ဗာယန္တိ။*

(မှတ်ချက် စာရွက်ပေါ်တွင် ရေးပြီးဆောင်သောအခါ ထိုအတိုင်း ဝီဝီသသ ရေးရပါမည်။ သို့သော် ပုဒ်မ(။)ကို ထည့်ရေးဖို့ မလိုပါ။)

နှုတ်မှ ရွတ်ပွား ပူဇော်လိုသောအခါတွင် ဖြစ်စေ၊ ပုတီးစိပ်သောအခါတွင် ဖြစ်စေ “ဋောနသဗ္ဗဝဋ္ဋေနသဗ္ဗဝဋ္ဋာ ယောဝိနသသတု”ဟု ထည့်ပြီး ရွတ်ပွားနိုင်သည်။

(၇)

“အဋ္ဌနမေတံဗုဒ္ဓမန္တရာန်သည် အသက်အန္တရာယ်နှင့် ပတ်သက်သော ကိစ္စမျိုးတွင် အထူးအားကိုးရပါသည်”ဟု ဗုဒ္ဓဘာသာကောင်းတစ်ယောက် ကျမ်းစာအုပ်ကြီးတွင် အတိအကျရေးထား၏။

နံနက်အိပ်ရာထ အာခံတွင်း သန့်ရှင်းပြီးလျှင်ပြီးချင်း အဋ္ဌာနမေတံဂါထာကို ဥခေါက်ရွတ်ပါ။ အလုပ်သွားရာတွင် ဖြစ်စေ၊ အပြင်သွားရာတွင်ဖြစ်စေ ဥခေါက်ရွတ်ပါ။ အလုပ်ပြန်ရာတွင် ဥခေါက်ရွတ်ပွားပါ။ ထိုသို့ နေ့စဉ် မပျက်မကွက် ရွတ်ပွားနေရန်ကိုလည်း ညွှန်ပြထားလေသည်။ အသက်အန္တရာယ်တစ်ခုခုကြုံနေရသူများ ကြီးမားသော ရန်ရှိနေသူများမှာ အထူးရွတ်ပွားသင့်ကြောင်း ညွှန်ကြားထားလေသည်။

ကျွန်တော်တို့လို ပုထုဇဉ် လူသားတိုင်းသည် လူမှုရေး စီးပွားရေး ကျန်းမာရေး စသည့် ဘဝကိစ္စအထွေထွေတို့တွင် တစ်စုံတစ်ရာသော အခက်အခဲတို့ ကြုံရမှာကို စိုးရိမ်တတ်မြဲ ဓမ္မတာရှိကြသည်သာ ဖြစ်၏။ ထို့ထက် အသက်အိုးစည်းစိမ်ကို ထိခိုက်နိုင်သည့် ဘေးရန်အန္တရာယ်တို့ကိုဆိုလျှင် ပိုပြီးကြောက်ရွံ့တတ်သည်သာ ဖြစ်၏။

ထို့အတွက်လည်း အဆောင်အဖွဲ့ အကာအကွယ် တစ်ခုခုကိုလည်း အားကိုးအားထားပြုကာ ဆောင်လိုတတ်ကြသည်မှာ ပုထုဇဉ် လူအများစု၏ သဘာဝပင် ဖြစ်ပေမည်။ ထိုအဆောင်တို့တွင် ရတနာတော်သုံးပါးထက် ပိုပြီးထက်မြက်မြင့်မားသော အဆောင်သည် မရှိဟု ကျွန်တော် အကြွင်းမဲ့ ယုံကြည်ထားပါသည်။ ထို့ထက်ဆိုရသော် မြတ်ဗုဒ္ဓ၏ နှုတ်ပတ်တော် စကားလုံးတိုင်း၊ စာလုံးတိုင်းသည် အကြီးမားဆုံးသော အာနိသင် တန်ခိုးစွမ်းအားတို့နှင့် (သူ့အလိုလိုပင်) ပြည့်စုံနေသည်ဟု အကြိမ်ကြိမ်မှတ်သားရဖူးပါသည်။

ဤ အဋ္ဌာနမေတံဂါထာကို ပါဠိပါဒ်သား မှန်ကန်စွာ ရေးပြီး ဆောင်ထားသော အဆောင်သည် အရိုးရှင်းဆုံးနှင့် အထိမိဆုံး၊ အထွဋ်မြတ်ဆုံးအဆောင်ဟူ၍ ကျွန်တော်စွဲမှတ်ခံယူထားမိပါသည်။ “လူ့ဘဝက သေပေါက်သေဝနဲ့ အမြဲနီးစပ်နေတာပဲ” ဆိုသည့် လူကြီးသူမတို့၏ စကားကို ကျွန်တော် အကြိမ်ကြိမ်ကြားသိခဲ့ရဖူးသည်။ အမှန်မှာလည်း လူ့ဘဝဆိုတာ ဆူးကြားထဲက ဘုံးသီးလို ဘေးရန်တွေ တင်းကြမ်းပြည့်နေသည့် ခရီးကြမ်းတစ်ခုသာဖြစ်လေသည်။

(တောင်တွင်းကြီး၊ ဗိဿနိုးခရီးသွားစဉ်ကလည်း ထိုဂါထာတော်အဆောင်ကို အသေအချာစီမံပြီး အိတ်ထဲတွင် တရိုတသေဆောင်သွားဖြစ်ခဲ့သည်။ ကျွန်တော့်အတွက်သာမက အတူခရီးသွားသူအားလုံးအတွက်ပါ ရည်စူးပြီး ဆောင်သွားခဲ့မိခြင်းဖြစ်သည်။ ထိုခရီးကို မထွက်ခင်ညက ကျွန်တော်တို့ စီးသွားသည့် ကားကြီး ချောက်ထဲသို့ ထိုးကျသွားတာကို အိပ်မက်မြင်မက်ခဲ့သည်။ အခြား နိမိတ်ဆိုးတွေကိုလည်း တွေ့နေခဲ့ရသည်။ ကျွန်တော်သည် အဋ္ဌာနမေတံ ဂါထာတော်ကို အထူးယုံကြည်စိတ်ချစွာဖြင့် လိုက်ပါသွားခဲ့ခြင်းဖြစ်၏။ လမ်းခရီးတွင် အသွားရော၊ အပြန်ပါ အမှန်ပင် လမ်းချော်သည့် အန္တရာယ်တွေနှင့် ကြုံခဲ့ရပါသည်။ ထိုအန္တရာယ်တို့မှလည်း လွတ်မြောက်ခဲ့ရပါသည်။ အပြန်ခရီးတွင်မှ ထိုစာရွက်လေးကို ကျွန်တော့်သူငယ်ချင်းများဖြစ်သည့် ကိုနွယ်ဦးလှိုင်နှင့် ကိုညီညီအေးတို့အား ထုတ်ပြဖြစ်ခဲ့သည်။)

အမှန်တော့ လူ့ဘဝ၊ လူ့ကံကြမ္မာသည် ဘဝတစ်ခုမှ အသေအချာ အတိအကျ ကြိုတင် သိမြင်နိုင်ဖို့ ခက်ခဲလှသော အမှောင်လမ်း ခရီးရှည်ကြီးကို စမ်းတဝါးဝါးလျှောက်လှမ်းနေကြရခြင်းသာဖြစ်၏။ ထိုသို့ ဘဝခရီးကို မျက်ရမ်းမှန်းဆလျှောက်နေကြရာတွင် အတုမရှိသော ဘုရားရှင်၏ နှုတ်ပတ်ဂါထာတော်နှင့် ပရိတ်တော်တို့ကို ဆောင်ထားခြင်း၊ ပွားထုံ ပူဇော်ထားခြင်းတို့သည် မဖြစ်မနေ ပြုအပ်သော အလုပ်များဟုလည်း ကျွန်တော် မဝိုက်မသုန် ယုံကြည်စွာ ခံယူထားမိပါသတည်း။

အားလုံးသတ္တဝါ ချမ်းသာပါစေ

* * *

www.burmeseclassic.com

www.burmeseclassic.com

# တမာပင် ဆေးဖက်အသုံး

ကျော်တင့်ဆွေ

တစ်ချိန်တုန်းက ကမ္ဘာပေါ်တွင် ကပ်ရောဂါဆိုးကြီးအဖြစ် ကာလဝမ်းရောဂါမှာ နာမည်ကျော်ခဲ့ပါတယ်။ ရှေးသမားစဉ်ဆက်မှာ ကာလဝမ်းရောဂါကို တိုင်းရင်းနွယ်ဖွားမှ နာမည်အမျိုးမျိုးတပ်ကာ တိုင်းရင်းဆေးဝါးများနဲ့ ကုသခဲ့ပါတယ်။ ဆေးဝါးပင်များအနက် တမာပင်လည်း ပါဝင်ခဲ့ပါတယ်။

## မြန်မာ့တိုင်းရင်းဆေးပညာ

ကာလဝမ်းရောဂါဟာ ရာသီဥတုမရွေးဖြစ်တတ်တဲ့ ရောဂါလည်း ဖြစ်ပါတယ်။ အထူးသဖြင့် ဝမ်းပျက်လွယ်တဲ့ အပူဓာတ်လွန်ကဲတဲ့ နွေရာသီတွေမှာ ဖြစ်ပွားမှုနှုန်း မြင့်တတ်ကြပါတယ်။ မြန်မာတိုင်းရင်းဆေးပညာအရ အပူဝမ်းရောဂါ၊ အအေးဝမ်းရောဂါဟူ၍ အပိုင်းနှစ်ပိုင်းကို ခွဲခြားကာ ကုထုံးတွေမှာလည်း ကွဲပြားတတ်ပါတယ်။ ကာလဝမ်းရောဂါတွင် ကြွက်တက်သည့်အဆင့်ဟာ အသက်အန္တရာယ်ကို ပြုနိုင်ပါတယ်။ မြန်မာ့ဆေးပညာအရ အတိသာရ ဝမ်းရောဂါသည် အဆိုးဝါးဆုံးဖြစ်ပါတယ်။

## ကာလဝမ်းရောဂါ တမာပင်ဖြင့် ကုသနည်း

မြန်မာနိုင်ငံဟာ ဒေသပေါက်ပင်များ ကြွယ်ဝတဲ့ နိုင်ငံဖြစ်တဲ့အတွက် ရပ်ကွက်တိုင်း၊ လမ်းတိုင်းထဲမှာ အပင်များပေါက်တဲ့ အပင်များအနက် တမာပင်များ ပါဝင်ကြောင်းကို တွေ့မြင်ရပါတယ်။ တမာရွက် ၅ကျပ်သားကို ရေလေးဆနဲ့ ပြုတ်ရမှာ ဖြစ်ပါတယ်။ ပြုတ်ရည် လေးပုံတစ်ပုံကျန်တဲ့ ဆေးရည်ကို ဆေးဝါးအဖြစ် အသုံးပြုနိုင်ပါတယ်။ လူကြီးများအတွက် ဆေးတစ်ခွက်ပမာဏအနေနဲ့ လက်ဖက်ရည်ဇွန်းလေးဇွန်းခန့်ကို အိမ်သုံးသကြား လက်ဖက်ရည်ဇွန်းနှစ်ဇွန်းခန့်ကို ရောစပ်၍ သောက်ပေးနိုင်ပါတယ်။ ဆေးချိန်အနေနှင့် လေးနာရီ တစ်ကြိမ်ကျ တစ်နေ့ကို လေးကြိမ်တိုက်ပေးပါက ကာလဝမ်းရောဂါလက္ခဏာတွေဖြစ်တဲ့ ဝမ်းဗိုက်အတွင်းမှာ ကြွက်ဘက်ခြင်း ကင်းဝေးကာ ပင်ပန်းခြင်း၊ နလုံးပူခြင်း၊ အော့အန်ခြင်း၊ ရေငတ်ခြင်း၊ ဝမ်းသွားရခြင်းမှာ ဝေးသထက် ဝေးကွာစေနိုင်ပါတယ်။ တမာပင်ဆေးဝါးအာနိသင်များကြောင့် ဆီး၊ ဝမ်း၊ လေကွဲကာ ရောဂါရဲ့ အခြေအနေများကို ပြန်လည်ကျန်းမာတဲ့အဆင့်ထိ တိုးတက်စေနိုင်ပါတယ်။

## ပြင်းထန်သော ကာလဝမ်းရောဂါကုသနည်း

ဆေးပညာဗဟုသုတ ကြွယ်ဝမှု နည်းပါးကြသူများဟာ မိမိမှာ ဘယ်လို ရောဂါတွေ ခံစားနေရသည်ကို ကြိုတင်သိရှိနိုင်မှု နည်းကြပါတယ်။ အချို့ ကာလဝမ်းရောဂါဖြစ်သူများမှာ ရောဂါ စတင်ခံစားရခြင်းကို သိခွင့်မရလိုက်ဘဲ ရောဂါကျွမ်းမှသာ၊ ကြွက်တက်တဲ့ အဆင့်ရောက်မှသာ အခြေအနေမှန်တွေကို ဆိုးဝါးစွာ ခံစားရနိုင်သည်။ ဝမ်းတွင်းအစိတ်အပိုင်းများမှာ ကြွက်တက်ခြင်း၊ ဒါမှမဟုတ်ရင် ပါးစပ်မှ သောက်ချလိုက်တဲ့ ရေဟာ ဇအိုဝမှ တိုက်ရိုက် ပြန်ထွက်ကျလာသည်အထိ ရောဂါအခြေအနေဆိုးပါက အထက်ပါအထက်ပါ တမာပြုတ်ရည်ကို ဆေးချိန်အတိုင်း သဘာဝပျားရည် လက်ဖက်ဇွန်းနှစ်ဇွန်း၊ ပရုတ်မှုန့် ရွေးစေ့ခန့်ကို ရောစပ်ကာ တိုက်ကျွေးပြုစု စောင့်ရှောက်ပေးနိုင်ပါတယ်။ လက်ရှိ ခံစားရတဲ့ ရောဂါအခြေအနေတွေကို အပြောင်းအလဲဖြစ်စေနိုင်ပါတယ်။

ခန္ဓာကိုယ်အပြင်ပိုင်းမှာ ကြွက်တက်နေပါက ပရုတ်လိမ်းဆေး၊ ဒါမှမဟုတ်ရင် ပရုတ်ဆီကို အရေပြားထဲမှာ စိမ့်ဝင်စေရန် လိမ်းပေးပါ။ နှိပ်နယ်ပေးပါ။ ရေနွေးအိတ်၊ ရေနွေးပုလင်းတို့နဲ့ အပူပေးပါ□

အာရောဂျံ ပရမံ လာဘံ

* * *

ကျော်တင့်ဆွေ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(၁)

မိုးက တဖွဲဖွဲရွာနေသည်။ လေပါ ပါလာသဖြင့် ချမ်းတုန်နေပြီ။ ခြုံထားသည့် ပလတ်စတစ်မိုးကာ အစုတ်အပြတ်လေးက လုံခြုံမှု မပေးနိုင်ဘဲ ဖြစ်နေသည်။ ပန်းရင်းနှင့် လက်မောင်းကြွက်သားတွေလည်း နာလာပြီ။ မိုးနယ် ခုနေခါမှ ရွာရသလားဟု ဒေါသဖြစ်မိသည်။

"သား…မင်းညောင်းရင် အဖေ တစ်လှည့်လှော်မယ်၊ ထ"

"ရ…ရပါတယ် အဖေ။ ရောက်လုပြီပဲ"

"အင်း…ဘောက်တူက လောင်းလို မပုတ်ဘူး။ လောင်းလို မသွက်ဘူး။ ဝမ်းပြားတော့ ရေဆွဲတယ်။ ခရီးဖင့်တယ်။ လောင်းက ဝမ်းလုံးတော့ ရေဆွဲနည်းတယ်။ သွက်တယ်။ သားညောင်းရင် ပြော၊ ခရီးက ရေတစ်ကွေ့လိုသေးတယ်"

"အဖေ…အခု ဘာလလဲဟင်"

"တပေါင်းဆန်းရုံရှိသေး သားရဲ့။ ဘာဖြစ်လို့ မေးတာလဲ"

"ဒါဆို ဒီကောင်တွေ အသိုက်ဖွဲ့ပြီး အောင်းလောက်ပြီနော်"

"အေး၊ တန်ခူးဝင်ရင် ဥပြီ။ ဝါးပိုးချောင်းလက်တက်ထဲ စ,ဝင်ပြီဆိုတာနဲ့ သတိ ဝီရိယ ရှိစေတော့နော်။ အသိုက်ဖွဲ့တဲ့ ကောင်တွေနဲ့ တွေ့နိုင်တယ်"

"ဟုတ်ကဲ့ပါ။ ဪ…ဒါနဲ့ သူတို့က ဥအုပြီး ဘယ်လောက်ကြာမှ အကောင်ပေါက်တာလဲဟင်"

"အင်း… ဥပြီး သုံးလလောက်၊ ရက်အားဖြင့် ငါးဆယ်ကျော်လောက် ရှိမယ်။ ဝါမဝင်လောက်ဘူး"

"ပြောသာ ပြောရတာ၊ သူတို့ရဲ့ ဥကို ခုထိ မမြင်ဘူးသေးဘူး"

"ဘဲငန်းကြီးတွေ ဥလိုပါပဲကွာ။ လုံးပတ် ၆လက်မသာသာရှိလောက်တယ်"

"အလေးချိန်က…"

"ခုနစ်ကျပ်သားလောက် ရှိတယ်။ ဟောဒီလို ကိုင်ကြည့်ရင်ပဲ စီးစီးပိုင်ပိုင်အရှိသားကွ"

"သားပေါက်လေးတွေရော အဖေ မြင်ဖူးလား"

"အေး"

"ဘယ်အရွယ်လောက်ရှိလဲဟင်"

"ခေါင်းကနေ သူ့အမြီးအထိ ၉ လက်မခွဲလောက်တော့ ရှိမယ်။ တစ်ကောင်အလေးချိန် ၅ကျပ်သားသာသာ ရှိတယ်"

"ဥကျင်းတစ်ကျင်းမှာ ဘယ်နှလုံးလောက် အုတတ်ကြလဲ အဖေ၊ ဟင်"

"၉လုံး၊ ၁၀လုံးကနေ ၃၀-၄၀ လောက်အထိ ဥတတ်ကြတယ်တဲ့။ ငါတွေ့ဖူးတဲ့ ဥကျင်းက ၁၁လုံးရှိတာပဲ။ ထပ်ပြီး ဥရင်တော့ မပြောတတ်ဘူး"

"ဟာ…ဒါဆို ပေါက်လာရင် မနည်းမနောပဲနော်"

"ကံကောင်းတဲ့ ကောင်လောက် အဖတ်တင် ကျန်ရစ်တာပါကွာ"

"ဟင်…ဘာဖြစ်လို့လဲ"

"အထီးကောင်ကြီးတွေက အမကောင်အလစ်ဆို ကိုက်စားပစ်လိုက်ကြတာကွ။ မလွယ်ဘူး။ သားငယ်ကောင်လေးတွေက သူ့အမေအနား ပွတ်သီးပွတ်သပ် နေချင်ကြတာကလား ကွ။ အထီးကောင်ကြီးတွေက အဲဒါကို ကြိုက်ပုံမရဘူး။ အမကြီး လစ်တာနဲ့ ကိုက်သတ်၊ ကိုက်စားပဲ။ အဲ…စပါးအုံးလို အကောင်တွေ ရန်ကလည်းပဲ တစ်မှောင့်"

"ဟား…အတော်ဆိုးတဲ့ ကောင်တွေ။ ဟောဟိုရှေ့မှာ ဝါးပိုးချောင်းအဝ ရောက်ရင် ထိုးဝင်လိုက်တော့မယ်နော် အဖေ"

"အေး၊ ချောင်းဝမှာ တစ်ချက် သတိထားဝင်။ မင်းမိုန်း ငါ့ပေး"

ချောင်းဝမှာ ဗျိုက်၊ လမုနှင့် ဓနိပင်တွေက အသင်းအဖွဲ့စုဖွဲ့ ပိတ်ဆီးထားသဖြင့် ရုတ်တရက် မမြင်ရ။ ဒေသစွဲအခေါ်မို့ "ဝါးပိုးချောင်း"အမည်တွင်နေသည်။ တကယ်တော့ ရိုးချောင်းသာသာရယ်။

"ရှေ့ကျရင် ညာကွေ့လိုက်"

"ဒါဆို ကျုပ်တို့…"

"အလယ်ကျွန်းကုန်းမှာ ခဏနိုင်း မနက်စာစားကြမယ်ကွာ။ မိုးလည်း စဲသွားပြီပဲ"

"ကျုပ် ညာဘက် လက်မောင်းသားနဲ့ လက်ပြင်လှုပ်တယ်"

"မင်းလှော်ခဲ့ရတဲ့ ခရီးကလည်း မနီးဘူးလေကွာ။ ကြွက်သားတွေ၊ အကြောတွေ မခံနိုင်လို့ လှုပ်တာ နေမှာပါ"

"အင်း…အမှန်တော့ ဒီအကြံအစည်ကို မစဉ်းစားသင့်ပါဘူး။ ဒါပေမယ့် အဖေ့မြေး တာနော မင်္ဂလာဆောင်အတွက်မို့သာ စွန့်စားမိတာ။ ဒါနဲ့ အဖေ…"

"ဘာတုန်းကွ၊ ပြော"

"မိကျောင်းထိုးပြီး ပြန်ရင်ရော အဖေ၊ တစ်ကောင်ဆို အရေခွံနဲ့ အသားရောင်းရင် အထိုက်အလျောက်တော့ ငွေရမှာပဲ"

"ဟ-ကောင်ရ…တစ်ကောင်ရဖို့ မလွယ်သလို၊ အန္တရာယ်များတယ်။ ပြီးတော့ ဝယ်လက်နဲ့ တည့်တိုးမှ၊ နို့မို့ ငွေက ချက်ချင်းမပေါ်နိုင်ဘူး။ ခုဟာက သေချာပေါက်ရမှာ။ တစ်ကျပ်သား…နှစ်ကျပ်သားလောက် မြို့ဘက် ဈေးရောင်း



www.burmeseclassic.com

www.burmeseclassic.com

မယ်။ ရလာတဲ့ ငွေနဲ့ တာနော မင်္ဂလာဆောင်ကိစ္စ စီစဉ်မယ်။ တစ်ရွာလုံး ဖိတ်ပြီး မီးခိုးတိတ်ကျွေးမယ်ကွာ"

"ရွာက လူတွေက ဒီငွေတွေ ဘယ်က ဘယ်လိုရသလဲ မေးလာရင် ဘယ်လိုဖြေကြမလဲ အဖေ"

"လွယ်ပါတယ်။ သားကျင်းထဲ ဝင်နေတဲ့ အကောင်တစ်ကောင်ကောင် အရထိုးသွားမယ်ကွာ။ အဲဒါ ရောင်းရငွေပြောရင် ရပြီပဲ။ စျေးကောင်းမိတယ်ဆို၊ ကိစ္စပြီးပြီ"

"ဟား・・・ ဟုတ်ပြီ အဖေ။ အလယ်ကျွန်းရဲ့ ဟို ကုန်းတန်းရောက်အော် ဝင်လို့ရမယ် မထင်ဘူး။ အောက်ဘက် လေ့ဝမ်းတိုက်နေပြီ"

"ဒါဆို ရော၊ ဒီဝါးစုးထိုးစိုက်လိုက်။ ကြိုးချည်၊ ခိုင်အောင် ချည်။ ငါတို့ ဟိုမယ် မြင်နေရတဲ့ ကျွဲနယ်တော ဖျိုက်တောက ဖြတ်တက်ရမှာပဲ။ ကဲ-ငါဆင်းပြီ၊ ဟား・・ရေက အနောက်ဝင်နေတော့ မကြည်ဘူး။ ဒါမျိုးဆို မင်းကောင်တွေ အကြိုက်ပဲ"

သားအဖနှစ်ဦးသား ဖျိုက်တောတွေ၊ ချုံတွေထဲ ဒယိမ်းဒယိုင်နှင့် လျှောက်လှမ်းခဲ့ကြသည်။ ရေထဲ ချုံစအကိုင်းအငုတ်တွေက စူးသည်မို့ ခြေကို ဖွဖွစမ်းလိုက်၊ ဆက်လျှောက်လိုက် လုပ်နေရသည်။

(၂)

လူသံ၊ ခြေသံကြားလို့ ထင်၏။ ဟိုး ညာဘက်ကုန်းတန်း ချုံစပ်မှ အရိပ်မည်းကြီးက ရေလယ်ကျွန်းစပ်ဆီဘက် ထိုးဆင်းလာသည်။ ဘယ်သူမှ မသိ။

ဦးပုတင်နှင့် ယက္ခတို့ သားအဖမှာ ရှေ့ကုန်းတန်းလေးဆီ စိုက်စိုက်ကယ် လျှောက်လှမ်းနေကြဆဲ။

"ဗိုး・・・ကစ်・・・ကစ်・・・ကျိုလိ・・・ကျလိ"

ရုတ်တရက် သူတို့နောက်ဘက်ဆီမှ ငုက်နှစ်ကောင် အလန့်တကြား အော်မြည်လျက် ထပျံသွားသည်ကို ကြားလိုက်၊ သိလိုက်သဖြင့် ဦးပုတင်က လှည့်အကြည့်・・・

"ဟာ・・・အကောင်အကြီးကြီးပဲ ဟ"

ခြေသလုံးမက ကြီးမားသည့် မြွေကြီး။ ငါးရံ့ခေါင်းကြီးလို သူ့ဦးခေါင်းကို မ,ကာ ဖျိုက်ချုံတွေအပေါ် မေးတင်လျက်က သူ့ရှေ့မှ လူသားနှစ်ဦးကို လှမ်းကြည့်နေသည်။

သူ့အဖေပြောသံကြောင့် ယက္ခက နောက်လှည့်ကြည့်ရင်း・・・

"စပါးကြီးလား၊ စပါးအုံးလား အဖေ။ အကောင်အတော်ကြီးတယ်နော်"

"စပါးအုံးကြီးကွ၊ လူ့သံကြားလို့။ ဒီကောင် မဟုတ်မှလွဲရော ဥခိုးစားပြီး ပြန်လာတာ ဖြစ်မယ်"

"ဘာ・・・ဘယ်လို အဖေ"

"ဒီကောင်ကြီးတွေကလည်း မိကျောင်းဥဆို သိပ်ကြိုက်ပဲကွ။ မိကျောင်းသိုက်တွေထဲ မိကျောင်းဥတွေ တွေ့လို့ကတော့ ကုန်ပြီသာ မှတ်။ မိကျောင်းမကြီးတွေ လိုဏ်ခေါင်းရှည်တွေတူးပြီး အသိုက်တွေလုပ် အုတတ်ကြတယ်။ တော်ရုံတန်ရုံလူ ဥကျင်းတွေ့ဖို့ မလွယ်ဘူး။ မလွယ်အောင်လည်းပဲ လိုဏ်ခေါင်းရှည်တွေကို ပရိယာယ်ဝေ့ဝစ်နဲ့ လုပ်ထားတတ်ကြတာ။ အံ့စရာပဲကွ"

"ဥခိုးစားနေတုန်း မိကျောင်းမနဲ့ တွေ့ရင် ဘယ်လိုဖြစ်မလဲဟင် အဖေ"

"ဟာ・・ဘယ်ပြောကောင်းမတုန်း။ ငါငယ်ငယ်တုန်းက ဝါးခုတ်ရင်း ဒီဘက်ရောက်ခိုက် တဝုန်းဝုန်းအသံကြားလို့ သွားချောင်းကြည့်ဖူးတယ်။ ဥခိုးစားတဲ့ မြွေကြီးကို မိကျောင်းမက ဇက်ပိုးကို ကိုက်ထားတယ်။ မြွေကြီးကလည်း မိကျောင်းမကိုယ်လုံးကြီးကို အမိအရ ပတ်ထား၊ ညှစ်ထားတာ။ နှစ်ကောင် သတ်နေလိုက်ကြတာ ဝုန်းဒိုင်းကျဲနေတာပဲ။ ခုလည်းပဲ ဟာ・・・ပြေးရင်းဆိုရင်း ဟို・・・ဟိုမှာ လိုက်လာပြီ။ ယက္ခ・・・သား ပြေး・・・ပြေးဟ။ အလယ်ကျွန်း ကုန်းတန်းရောက်အောင် ပြေး၊ ဟေးဟေး・・・"

ယက္ခက ရှေ့မှ၊ ဦးပုတင်က နောက်မှ၊ ဦးပုတင်နောက်မှ စပါးအုံးမြွေကြီး၊ သေပြေးရှင်ပြေး ဘဝတူတွေ။

စပါးအုံးမြွေကြီးကလည်း သူလုပ်ခဲ့တဲ့အပြစ် သူသိပုံရသည်။ ရေစပ်စပ်နှင့် ဖျိုက်တော ချုံတောတွေအကြား သူ့ကိုယ်လုံးကြီးကို လူ့ပ်ယမ်းအားယူလျက် ပြေးသည်။

သူ့နောက် ခပ်လှမ်းလှမ်းမှာက မိကျောင်းမကြီး။ ခေါင်းဖျားမှ အမြီးဖျားအထိ ရှစ်ပေကျော်လောက်သည် သားဇောကြောင့် ဒေါသတကြီး လိုက်လာပုံများ အသည်းယားစရာကောင်းလွန်းလှသည်။

"အဖေ・・・ရှေ့မှာ ရေသဖန်းပင်ကုန်း။ အဲဒီကို ပြေးရင် ကောင်းမယ်"

"အေး၊ အဲဒီက သဖန်းပင်ပေါ် တက်ပုန်းရုံ ရှိတော့တာပေါ့"

နှစ်ယောက်သား ကုန်းဆီရောက်တော့ သဖန်းပင်ပေါ် ရှေ့ဆင့်နောက်ဆင့် ကုပ်ကပ်တွယ်တက်လိုက်ကြသည်။ ဘယ်လိုက ဘယ်လို အပေါ်ရောက်သည် မသိတော့။ အပေါ်ရောက်မှ လှမ်းကြည့်လိုက်တော့ မြွေကြီး ဘယ်ပြေးသည် မသိ။ မိကျောင်းမကြီးမှာ ဒေါသအရှိန်မပြေသေးထင့်၊ ရေကို သူ့အမြီးနှင့် တဖုန်းဖုန်းရိုက်ရင်းက သူ့ခန္ဓာကိုယ်ကြီးကို ဘယ်ညာလူးလိမ့်လုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

အနီးရှိ ချုံနွယ်တွေ ပိပြားကုန်ပြီ။

အပင်ပေါ် ထိုင်နေရင်းက…

"ယက္ခ"

"ဗျာ…အဖေ",

"ဒီကနေ လှမ်းမြင်နေရတယ်။ ဟိုးမှာ ရေတံခွန် တွေ့လား၊ အဲဒီကို ရောက်ဖို့ ဖျိုက်ချုံတော၊ ကျွဲနွယ်တော၊ ကိုင်းတောတွေ ဖြတ်ရဦးမယ်။ ဖျိုက်တော၊ ကျွဲနွယ်တောက မိကျောင်းကြီးတွေ ကျက်စားတဲ့ နေရာ။ အဲဒီမှာ လိုဏ်ခေါင်းရှည်တွေနဲ့ မိကျောင်းအသိုက်တွေ၊ အောင်းကျင်းတွေ ရှိတယ်။ အန္တရာယ်များသလို ကိုင်းတောကြီးကလည်း ကိုင်းဥတွေ စားပြီး ပေါက်ဖွားရှင်သန်နေတဲ့ မြွေပွေးလို မြွေဆိုးကြီးတွေ ရှိနေတယ်"

"အင်း… ရေတံခွန်အောက် မိကျောင်းကျင်း အခုံးသတ်တဲ့အထိ ဝါးပိုးချောင်းလက်တက်ကလည်းပဲ ဝင်လို့ မဖြစ်ဆိုတော့ ဘယ်လိုလုပ်ကြမလဲ အဖေ"

"အေး၊ ဒီအထိရောက်လာပြီးမှတော့ မထူးဘူး။ စွန့်စားရလိမ့်မယ်။ ညဉ့်နက်ချိန် ဟိုကောင်ကြီးတွေ အိပ်ကြမှာပဲ။ မင်း မီးအုပ်ဆောင်း ဘယ်မလဲ"

"လှေပေါ်မှာ"

"အေး၊ လှေကို အသာလေးလော်ပြီး ချောင်းလက်တက်မှာ နေ။ ဟောဟို ဝါးပိုးတောဆီ ကပ်မယ်။ ဝါးတောမှတစ်ဆင့် ဟိုးကျောက်ဆောင်တောဖြတ်မယ်။ အခု ငါတို့က ဂူထဲက ထွက်လာတဲ့ ကျောက်မြောင်းကြီးတွေရဲ့ ဘယ်ဘက်အခြမ်းရောက်နေတယ်။ ဟိုကျောက်ဖျာကြီးက ညာဘက်အခြမ်းဆိုတော့…"

ယက္ခက ကောက်ကာငင်ကာနှင့်…

"ဟို ကနစိုးပင်ကြီး လဲကျတဲ့ နေရာရှိတယ်လေ အဖေ။ အဲဒီက ကူးရင် ဟိုဘက်ရောက်ပြီပဲ"

"ဟာ…ဟုတ်တယ်၊ အဲဒီက ကူးမယ်"

"အခု ဘာဆက်လုပ်ကြမလဲ။ ဟိုမှာ သူ ခုထိရှိနေသေးတယ်"

"ခဏကြာ သူ့ဥကျင်း စိတ်မချလို့ လှည့်ပြန်မှာပေါ့ကွာ။ အဲဒီအခါ မင်းလှေကို သဖန်းကုန်းအစပ် ဆွဲခဲ့။ ပါလာတဲ့ ကောက်ညှင်းထုပ်နဲ့ ငါးခြောက် ဆီဆမ်းစားရင်း ညဉ့်နက်တဲ့အထိ စောင့်လှုပ်ရှားကြတာပေါ့။ ဟုတ်ပလား"

မိကျောင်းမကြီးလည်း လှည့်ပြန်သွားပြီ။ မှောင်စလည်း ပျိုးလာပြီ။ ယက္ခက သူ့အောက်တူ လှေလေးကို ကမ်းစပ်ဆွဲလာကာ မေးတင်ထားလိုက်သည်။

ပါလာသည့် ငါးခြောက်ကို ကိုက်ဝါးလိုက်၊ ကောက်ညှင်းစားလိုက်နှင့် ညစာ ဝမ်းဖြည့်လိုက်ကြသည်။ စား၍ပြီးတော့…

"သား…ဟိုဝါးတောစပ်က ဝါးသွားခုတ်ခဲ့ကွာ"

ယက္ခ ခုတ်ယူလာသော ဝါးနှင့် ဝါးလှေကားလုပ်သည်။ ၁၀ပေနီးပါး အမြင့်ရှိ ကျောက်တုံးကြီးတစ်တုံးပေါ် တက်ကြသည်။ ကျောက်တုံးကြီး အထက် ပြန့်ပြူးသောနေရာ၌ သားအဖနှစ်ယောက် ခေတ္တအနားယူ လဲလျောင်းရင်း ယက္ခက…

"အဖေ…အစီအစဉ်လေး ပြောပါဦး"

"ညအမှောင်ကို အားပြုပြီး ကျောက်မိကျောင်းကြီး ရှိရာကို သွားမယ်။ ရောက်တဲ့အခါ ပါလာတဲ့ အုန်းငှက်ပျောပွဲပြင်ပြီး သက်ဆိုင်ရာ တောစောင့် တောင်စောင့်တွေကို အကူအညီတောင်းမယ်။ မင်းက ဘာရယ်နေတာလဲ"

"အဟီး…အဖေ့ဟာ မဟုတ်သေးပါဘူး။ ခုကိစ္စကို ဘယ်နတ်က ကူညီချင်မှာတုန်း"

"ဩော်…အဟဲ…ဟုတ်သားပဲ။ အဲဒါ ထားတော့။ ဟိုရောက်ရင် အရေးကြီးတာ ကြို့ပြောထားမယ်။ ငါက တက်ဆိုတာနဲ့ ကျောက်မိကျောင်းကြီးရဲ့ ဇက်ပိုးပေါ် ခုန်တက်ပြီး မင်းလက်က စူးချွန်နဲ့ ကျွန်တော်သယ ကျောက်နီမျက်ရှင်ကို အမိအရထိုးကော်ထုတ်နိုင်အောင် ကြိုးစားပေတော့။ ငါက သူ့အမြီးရင်းမှာ ရှိနေမယ်။ ဖိထိုင်ထားမယ်။ ကျောက်နီ မျက်ရှင်နှစ်လုံး ရလို့ကတော့ ငါတို့က အောင်နိုင်သူဖြစ်လို့သွားပြီ။ ဒါဆို ငါတို့ လုပ်ချင်တာ လုပ်လို့ရပြီ။ အဲဒါ အရေးကြီးဆုံး အချိန်ပဲ။ မကြောက်လေနဲ့။ ကြောက်လန့်ပြီး မင်းက သူ့အောက်ကို ပြုတ်ကျသွားလို့ကတော့ ငါတို့ ရှုံးပြီ။ ရှုံးပြီဆိုမှဖြင့် ကျရောက်လာမယ့် အန္တရာယ်တွေက မတွေးဝံ့စရာပဲ။ ငါပြောတာ ကြားရဲ့လား ယက္ခ"

"ဟုတ်ကဲ့ နားထောင်နေပါတယ်"

ယက္ခက ပြောသာ ပြောရသည်။ သူ့အာရုံထဲ ဟိုးလွန်ခဲ့တဲ့ ၁၁နှစ်ကျော်လောက်က ကျောက်ဂူကြီးထိပ် မြာဂုရားအနီး ဘုရသေ့ရှေ့မှောက် ဒူးထောက်လျက်နှင့် သားအဖနှစ်ယောက် ကတိသစ္စာပြုခဲ့ကြပုံကို ပြန်လည်မြင်ယောင်နေမိသည်။

◆◆◆

ကျောက်ဖျာကြီးအထက် တကယ့် မိကျောင်းကြီးတစ်ကောင်လို အင်္ဂတေအရုပ်ကြီးတစ်ရုပ် ပြုလုပ်ပေးအပြီး အရုပ်ကြီး ဝမ်းခေါင်းထဲကို ရွှေတုံး၊ ငွေတုံး၊ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးပြားများ



www.burmeseclassic.com

www.burmeseclassic.com

ထည့်သည်။ ပြီးတော့ ဝမ်းခေါင်းပိတ်သည်။ မျက်လုံးအစုံကို ဣန္ဒြာသာယ ကျောက်နီ မျက်ရှင်နှစ်လုံး တပ်ဆင်ပေးအပြီး···

“ကဲ - ဒီကိစ္စကို ငါနဲ့ မင်းတို့ သားအဖသာ သိတဲ့ ကိစ္စ။ မင်းတို့ကို ယုံလို့ ငါ အလုပ်ခိုင်းခဲ့ပြီးပြီ။ မင်းတို့သာ တတ်နိုင်တဲ့ အလုပ်မို့ ခိုင်းခဲ့တာ ဖြစ်တယ်။ ဒီရတနာပစ္စည်းတွေကို ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမနဲ့ နောင် ပွင့်လာမယ့် အရိမေတ္တေယျ ဘုရားငါးဆူအပေါ် ရည်မှန်းပြီး သာသနာအကျိုး ဆောင်ရွက်နိုင်ရန်အတွက် အဓိဋ္ဌာန်ဝင် စုဆောင်းလာခဲ့တယ်။ ဘုရားရှင်တွေကို လှူဒါန်းထားတဲ့ ပစ္စည်းတွေ။ ဒါကြောင့် မင်းတို့က ငါနဲ့အတူ ဟောဒီ မြဘုရားဆင်းတုတော်ရှေ့မှာ ကတိသစ္စာဆိုကြရလိမ့်မယ်။ ကဲ - လိုက်ဆိုကြ”

“ဘုရားတပည့်တော်တို့သည် ခံစားမှု၊ စံစားမှု၊ ချမ်းသာလိုခြင်းအပေါ် အနုမာန ပမာဏ၊ သဒ္ဒပမာဏ၊ အနုပလဒ္ဓိ ပမာဏအားဖြင့် ဆင်ခြင်၍ သိပါ၏။ တပေယသိ သိပါ၏။ အာရုံသိ သိပါ၏။ ယုတ်ညံ့သော ချမ်းသာခြင်းသည် မှန်မြတ်သော ချမ်းသာမဟုတ်ပါ။ ချမ်းသာလိုခြင်းအတွက် ခံစားမှု၊ စံစားမှု အပေါ် ယုတ်ညံ့စိတ်ဖြင့် ဖောက်ဖျက်ကျူးလွန်မိပါက သောက၊ ပရိဒေဝ၊ ဒုက္ခ၊ မရဏ စသည့် ကြုံကြိုက်လျက် ဘဝသံသရာအဆက်ဆက် ဥပါဒိသေသ၊ အနုပါဒိသေသတည်းဟူသော နိဗ္ဗာန်တို့၌ ခံစား၊ စံစားခွင့်မရှိသောသူများ ဖြစ်ကြပါစေသတည်း”

လိုက်ဆိုရင်းက ကြက်သီးမွေးညင်းထသည်အထိ ဖြစ်ခဲ့ရသည်။ သစ္စာဆိုနေစဉ်အတွင်း ယက္ခမျက်လုံးအကြည့်က ကျောက်မိကျောင်းကြီးဆီ ရောက်နေသည်။ သက်မဲ့ ကျောက်မိကျောင်းကြီးက သက်ရှိအလား ဦးခေါင်းရောအမြီးပါ လှုပ်ခါနေသယောင် မြင်နေရသဖြင့် အံ့ဩ ကြောက်ရွံ့နေမိခဲ့သည်။ ပြီးတော့ သစ္စာရေသောက်ကြရ ပြန်သည်။ သစ္စာရေသောက်အပြီး ဘရသေ့က···

“ဒီသစ္စာရေဟာ မင်းတို့ရဲ့ ခန္ဓာကိုယ်အတွင်းမှာ မင်းတို့ရဲ့ သွေးသားနဲ့ အတူရှိနေမှာ ဖြစ်တယ်။ မင်းတို့ သစ္စာဖောက်ရင် တန်ပြန်သက်ရောက်မှုက ဆိုးဝါးလိမ့်မယ်။ ငါ ဒါပဲ ပြောချင်တယ်” တဲ့။

နောက်ကြောင်းတွေကို ပြန်တွေးတောရင်းက···

“ဟား···ငါ ဘာတွေ ပြန်တွေးနေမိပါလိမ့်။ ကြောက်ရင် ဗေဒါ်လွှဲ၊ ရဲ မင်းဖြစ် စကားအရှိသားနဲ့။ ဘရသေ့က သူ့ပစ္စည်းတွေ ထိပါးမှာစိုးလို့ ဒီနည်းနဲ့ ခြောက်လှန့် တားမြစ်တာ ဖြစ်မယ်။ ဟင်းဟင်း···ငါ့သား တာနော မဂ်လာကိစ္စ တင့်တင့်တယ်နဲ့ ပြီးမြောက်ဖို့ရာ ဒီနည်းပဲ ရှိတယ်။ ငါ့အနား အဖေတစ်ယောက်လုံးလည်း ရှိနေတာပဲဥစ္စာ”

ယက္ခတစ်ယောက် ကိုယ့်ကိုယ်ကိုယ် အားပေးရင်း မှေးခနဲ အိပ်ပျော်လို့သွားသည်။

(၃)

“ဟာ···ဘ···ဘရသေ့၊ ဟို···ဟိုမှာ မိ···မိကျောင်းကြီးတွေ။ မြွေ···မြွေကြီးတွေလည်း အများကြီး”

ဘရသေ့က ရေသဖန်းပင်အောက်မှ ခါးထောက်လျက် လှမ်းကြည့်နေသည်။ မျက်လုံးအစုံက အရောင်တောက်နေသည်။ မိကျောင်းကြီးတွေ၊ မြွေကြီးတွေက ကျောက်လုံးကြီးပတ်လည်မှာ ဝန်းရံထားသည်။ မိကျောင်းကြီးတွေက ပါးစပ်ကြီးတွေ ဖြဟလျက် သူတို့သားအဖကို မော့ကြည့်နေသလို၊ မြွေကြီးတွေကလည်း ပါးပျဉ်းကြီးတွေ တထောင်ထောင်နှင့် မာန်ဖီကြပုံများ အသည်းယားစရာ ကောင်းလှန်းလှသည်။

ထိုစဉ် မိကျောင်းအုပ်ကြီးအတွင်းရှိ ထူးထူးခြားခြား မိကျောင်းဖြူကြီးတစ်ကောင်က ယက္ခတို့သားအဖရှိရာ ကျောက်လုံးကြီးအထက် သူ့ရဲ့ နီရဲသော မျက်လုံးအစုံဖြင့် မော့ကြည့်လျက် သူ့ပါးစပ်ကြီးကို အစွမ်းကုန် ဖြဟကာ ဝုန်းခနဲ ခုန်တက်အဆွဲ···

“အမလေးဗျ။ ဟ···ဟ”

ယက္ခ၏ အလန့်တကြား အော်သံကြောင့် သူ့အနီးတွင် အိပ်နေသည့် ဦးပုတင်မှာ လန့်ဖျပ် နိုးသွားသည်။ မျက်လုံးအစုံကို လက်နှင့် ပွတ်သပ်ရင်းက···

“ဟေ့···ယက္ခ၊ ဟေ့ကောင် ဘာ···ဘာဖြစ်တာလဲ။ မင်းအိပ်နေရာက ကယောင်ချောက်ချားနဲ့ ဒီကောင်။ ဘာတုန်းကွ၊ မင်းဟာ···”

ယက္ခမှာ အိပ်နေရာမှ ထထိုင်သည်။ ပြီး ကျောက်လုံးကြီးအောက်ဘက်ဆီ ပြူးတူးပြဲတဲ ကြည့်ရင်း···

“ဘာ···ဘာမှမဟုတ်ပါဘူးဗျာ။ အိပ်မက်···ဟုတ်တယ်၊ အိပ်မက်မက်ပြီး လန့်အော်မိတာ နေမှာ။ ဟူး···”

“ခော်···မင်းနှယ်၊ ဟားဟား···အိပ်တာမှ ကြာမယ်မထင်ဘူး၊ အိပ်မက်အတော်လွယ်တဲ့ ကောင်။ ကဲ- ဘယ်နနာရီရှိနေပြီလဲ”

“ဟိုမှာ ခုနစ်စဉ်ကြယ်တောင် အမြီးထောင်နေပြီ အဖေ။ သန်းကောင်ကျော်ပြီ။ သွားသင့်ပြီ ထင်တာပဲ”

“ဟေ···ငါအိပ်တာ ခဏလေး မှတ်တယ်။ ကဲ - ဟကောင်···သွားဖို့ လုပ်။ လောလောဆယ် ဘာ...



www.burmeseclassic.com

www.burmeseclassic.com

မလဲ မီးတုတ်"

"အဖေ့ခြေရင်းမှာလေ"

"အဲ…ရော့ မီးတုတ်၊ မီးညှိကွာ။ ပြီးတော့ ဆင်း၊ လှေအသင့်လုပ်"

သားအဖနှစ်ဦးသား ဝါးပိုးချောင်းလက်တက်ထဲမှ မြင်နေရသည့် ဝါးတောဘက် တိုးကပ်ခဲ့ကြသည်။ လရိပ်မရှိပေမယ့် ကြယ်ရိပ်ခိုကာ ဘောက်တူလှေကလေးအားကိုးဖြင့် ဖြည်းညင်းစွာ လှော်ခတ်ခဲ့ကြသည်။ ကွမ်းတစ်ယာညက်ခန့်အကြာ ဝါးတောစပ်အရောက်သူတို့နောက် ခပ်လှမ်းလှမ်းဆီမှ အသာကပ်လိုက်လာသည့် ရှည်မျောမျောသတ္တဝါကြီးတစ်ကောင်က သွက်သွက်ကယ်နှင့် လှေအောက် အတင်းဝင်တိုးကာ ထိုးမလိုက်သဖြင့် လှေကအမှောက်…

"ဟာ…ဟာ…ဘာ…ဘယ်လိုဖြစ်…"

"အိုး…"

သားအဖနှစ်ယောက် ကျွမ်းသန္တာလန်ကာ ရေထဲ ပစ်ကျသွားကြသည်။ လှေနှင့် ခပ်လှမ်းလှမ်းမှာ ကျသည်။ ကြောက်အားလန့်အားနှင့် နီးစပ်ရာ ဝါးတောစပ်ကုန်းပေါ် ပြေးတက်ခဲ့ကြသည်။

"ဟူး…မိကျောင်းကြီးကွ။ နည်းတဲ့ ကောင်ကြီးမဟုတ်ဘူး။ သင်းက လှေကိုချည်းပဲ နေလို့သာ။ နို့ မလွယ်ဘူး။ လွတ်ရုံလေး။ ကဲ - ယက္ခ၊ မင်းလှေ ဟိုမှာ မှောက်နေပြီ။ ထားရစ်ခဲ့တော့။ ဟိုကောင်ကြီး ဘယ်ရောက်သွားပါလိမ့်။ ဟား… ကံကောင်းလို့ ဒီအတိုင်း ကျောက်ဆောင်တောဘက် ဖြတ်ကြရုံ ရှိတော့တာပေါ့။ ကဲ - ထကွာ"

"မှောင်နေတယ် အဖေ။ မီးတုတ်လည်း မရှိတော့ဘူး။ မှိန်းတံလည်း ရေထဲ ကျသွားပြီ"

"အဲ…"

ဦးပုတင်က သူ့ခါး စမ်းကြည့်ရင်း…

"တော်ပါသေးရဲ့၊ ဒီမှာ လက်နက်ဆိုလို့ ဒီတောလိုက် ဓားမြှောင်တစ်လက်ရှိတော့တာ။ ရော့…ဒါနဲ့ ဝါးတစ်လုံးရအောင် ခုတ်၊ ဝါးချွန်လုပ်ကွာ။ ဒါလည်း မှိန်းလောက် အားကိုးရမှာပဲ"

ဓားက တောလိုက်ဓား၊ ဓားမောက် ဦးချွန်။ ဓားအိမ်မှ ဆွဲချွတ်ယူလိုက်ပြီး တောစပ် ဝါးတစ်ပင်မှ ဝါးလုံးတစ်လုံးခုတ်သည်။ အဖျားကို ချွန်လိုက်သည်။ လက်ထဲ အသာ ဆ,ကြည့်သည်။ စီးစီးပိုင်ပိုင်ကိုင်ရသည်မို့ ကျေနပ်သည်။

"ကဲ - သွားကြစို့ လူကလေး"

ကျောက်ဆောင်တောကို ကြယ်ရောင်အားပြုလျက် အလဲလဲအပြိုပြိုနှင့် ဖြတ်လျှောက်ခဲ့ကြသည်။ ညီညာမှုမရှိသော ကျောက်တုံး ကျောက်ခဲတွေအကြား လျှောက်ရ သွားရ မလွယ်လှ။ တစ်နာရီမက ကြာမည် ထင်ပါသည်။ ကျောက်မြောင်းကြီးအနား ရောက်လာသည်။ ရေစီးသံ ကြားနေရသည်။ ချုံနွယ်တွေကို ကျော်ဖြတ် လျှောက်ခဲ့ကြရပြန်သည်။

"ယက္ခ…ဟိုးမှာ ကနစိုပင်ကြီးလဲနေတဲ့ နေရာမဟုတ်လား"

"မှန်။ ဟာ…ဟုတ်ပ အဖေ။ အဖေ ဒီဘက်ကပ်လျှောက်။ မြောင်းထဲ လိမ့်ကျနေဦးမယ်"

နှစ်ဦးသား လဲကျနေသည့် ကနစိုပင်ကြီး၏ အကိုင်းအခက်ကြားမှ ဟိုစမ်းသည်စမ်း ဆွဲ၍ မရဲတရဲ တက်လျှောက်ရင်း တစ်ဖက်မြောင်းကမ်းပါးစပ်သို့ ကူးခဲ့ကြသည်။

"အဖေ"

"ဟေ"

"ဟိုမှာ တွေ့နေရပြီ"

လိပ်ကျောကုန်းသဖွယ် ကျောက်လုံးကြီးထက် ကြယ်ရောင် မလင်းတလင်းနှင့် ကျောက်မိကျောင်းကြီးကို လှမ်းမြင်နေရပြီ။ ကျောက်မိကျောင်းကြီးကား နဂိုမူလအတိုင်း အဖြူရောင်မဖွေးလက်တော့ဘဲ မိုးလေရာသီဥတုဒဏ်ကြောင့် ညိုညစ်ညစ်နှင့် ကြည့်ရဆိုးနေသည်။ ဘုရသေ့ရှိစဉ်ကနှင့် လုံးဝမတူတော့။

နှစ်သီးသား သတိကြီးစွာဖြင့် ကျောက်မိကျောင်းကြီးအနီး ချဉ်းကပ်ခဲ့ကြသည်။ ထိုအခိုက်…

"ဂီး…ဝိုး…ဝိုး…"

ငှက်ဆိုးထိုးသံကြီးက ယက္ခကို တုန်လှုပ်သွားစေသည်။

"ယက္ခ"

"ဗျာ၊ ဟာ…ဟာ…အဖေ"

"မကြောက်နဲ့၊ မိကျောင်းရုပ်ကြီးရဲ့ လေးဘက်လေးတန်မှာ ကျွတ်အင်းတွေ မြှုပ်ထားတယ်။ ဝါးဆစ်ဘူး သွားခုတ်ခဲ့၊ ကျောက်မြောင်းထဲက ရေပါခပ်ခဲ့"

ဦးပုတင်လက်ထဲ ဝါးဆစ်ဘူးရောက်တော့ ညာလက်နှင့် အပေါ်ကိုင်မြှောက်ပြီး ဂါထာလိုလို၊ မန္တန်လိုလို တိုးတိုး တိုးတိုးနှင့် ရွတ်ဖတ်နေသည်မို့…

"အဖေ"

"ဘာတုန်း။ ဒီမှာ အလုပ်လုပ်နေတယ်လေကွာ"

"ဘာလုပ်နေတာလဲ၊ အဖေ့ဟာ"

"ဂါထာရွတ်နေတာ မင်းမတွေ့ဘူးလား"

"ဘာ ဂါထာတွေ ရွတ်နေတာလဲ အဖေ"



www.burmeseclassic.com

www.burmeseclassic.com

"ဘီလူးနိုင် ဂါထာ"

"ဟားဟားဟား…ဟုတ်မှလည်း လုပ်ပါ အဖေရာ"

"ဟာ…ဒီခွေးသား။ အဲ့… ခွေးကောင်၊ ငါ့မျှား အထင်သေးလို့။ ရော့ ဒီရေမန်းနဲ့ ကျောက်မိကျောင်းကြီးရဲ့ လေးဘက်လေးတန် ပတ်လည်သာ ဖျန်းစမ်းကွာ။ ပြီးတာနဲ့ မင်းက မိကျောင်းကြီးရဲ့ ဇက်ပိုးပေါ် ခုန်တက်ဖို့ လုပ်။ ရော့၊ ဒီမယ် ဓားမောက်။ သူ့မျက်လုံးတွေကို ကော်ထုတ်နိုင်အောင် ကြိုးစားပေတော့ ငါ့သား"

"အဖေကရော"

"ငါက သူ့အမြီးပေါ် ဖိထိုင်ထားမယ်လို့ ပြောထားပြီးသား။ မင်း အလွန်မေ့လွယ်တဲ့ ကောင်ပဲ။ ကဲ - စတော့"

ယက္ခက သူ့အဖေကမ်းပေးလာသည့် ဝါးဆစ်ဘူးအတွင်းမှ ရေနှင့် ကျောက်မိကျောင်းပတ်လည်ကို လှည့်ကား ဖျန်းသည်။ လေးဘက်လေးတန်ရှိ ဂူအောင်းတွေ မြုပ်ထားသည်ဆိုသော ကျောက်ခွက်တွင်းတွေထဲမှ အဖြူရောင် အခိုးအငွေ့တွေ ထွက်လာသည်မို့ ကြောက်ရွံ့ ထိတ်လန့်စွာ ကြည့်နေနိုက်…

"ဟ…ရေမြန်းစည်းအတွင်းဝင်၊ ကျောက်မိကျောင်းကြီးပေါ် ခုန်…ခုန်တက်တော့လေကွာ။ သယ်…စကားက အရေးထဲ ထစ်…မင်း ဘာကြောင့် ကြည့်နေတာလဲ။ တောက်…"

ပြောလည်း ပြော၊ ယက္ခကိုယ်လုံးကြီးကို ဆောင့်တွန်းလိုက်သဖြင့် သတိဝင်လာသော ယက္ခ၊ ဓားမောက်ကို ကိုင်လျက် မိကျောင်းကျောကုန်းကြီးပေါ် ခုန်တက်လိုက်သည်မှာ လျှပ်တစ်ပြက်ပင်။ မြန်လိုက်သည့် ဖြစ်ခြင်း။ ဇက်ပေါ် ခွစီးလျက် ရှေ့ဘက်သို့ ကိုင်းပြီး ညာမျက်လုံးဘက်မှ ကျောက်နီကြီးကို ကော်ထုတ်ပြီး ပါးစောင်သို့ အထည့်…

"ဟာ…အဖေ၊ ဒီမယ် ရ… ရ…ဟာ…ဟ…ကျ…ကျပြီဗျ"

သူ့ခန္ဓာကိုယ်ကြီးကို အားပါးတရ ခါချလိုက်သလိုမျိုး ခံစားလိုက်ရပြီး မိကျောင်းရုပ်ထုကြီး ဇက်ပေါ်မှ ကိုးရိုးကားရားနှင့် ထိုးကျသွားသည်မှာ တလိမ့်ခေါက်ကွေးနှင့်မို့ ပြူးတူးပြတဲ နောက်က လိုက်ဆွဲသည့် ဦးပုတင်ပါ ကျောက်မိကျောင်းအမြီးပေါ် ခွထိုင်ကာ ရှိသေး၊ အတူပြုတ်ကျလာသည်။

ကျသည်က မြောင်းကြီးအစပ်ဘက်ဖြစ်သည့်အပြင် မမြင်ရသော အရှိန်အဟုန်တစ်ခု၏ တွန်းထုတ်လိုက်သည့်ဇာတ်ကြောင့် ဘယ်လိုမှ ထိန်းမရဘဲ ရေမြောင်းကြီးထဲ ထိုးကျသွားကြသည်မှာ မျက်စိတစ်မှိတ်ပင်။

အချိန်က ကြာပုံမရ။ ကြောက်ရွံ့နေကြသဖြင့် အော်ဟစ်ရန်ပင် မေ့နေကြသည်။ မြောင်းရေက နက်ပုံရသည်။ နှစ်ဦးစလုံး မြောင်းရေထဲကျ မြုပ်သွားသည်။ တော်ရုံနှင့် ပြန်ပေါ်မလာခဲ့။ ပေါ်မယ့် ပေါ်လာတော့ ယက္ခက အရင်။ ပါးစောင်ထဲက ပစ္စည်းကို သတိထားရင်းက…

"ဝူး…အဖေ၊ အဟွတ်ဟွတ်… အဖေ…ဟာ…"

အရေးထဲ ရေက သီးနေသေးသည်။ အခိုက်အတန့်လေးအတွင်း သူ့အဖေ ဦးပုတင်တစ်ယောက် သူ့ခန္ဓာကိုယ်နှင့် တွန်းတိုက်ပြီး ရေပေါ် ပေါ်လာသည်။ ခြေကားရား လက်ကားရားနှင့် ပေါ်လာသည်မို့ အင်္ကျီစကို လှမ်း၍ ဆွဲထားရင်း…

"အဖေ…သတိထား"

"အူး…ဝူး…ဖွီး…ယက်… ယက်…ခ"

စကားပင် ဆုံးအောင် ပြောချိန်မရ လိုက်၊ ရေအောက် ပြန်မြုပ်သွားပြန်သည်။

မြောင်းရေစီးကလည်း သန်သဖြင့် မျောပါသွားကြသည်။ ယက္ခက အမှောင်ထုထဲ သူ့အဖေကို ရှာကြည့်နေခိုက် သူ့ရှေ့ ခပ်လှမ်းလှမ်းဆီမှ သူ့အဖေ ဦးပုတင်၏ ခန္ဓာကိုယ်ကြီး ရေတံခွန်အောက် ထိုးကျသွားသည်ကို ရိပ်ခနဲ မြင်လိုက်ရသည်။

သူပါ ရေစီးအားနှင့်အတူ ရေတံခွန်အစပ် ရောက်လာသည်။ အနီးရှိ ကျောက်တုံး၊ ကျောက်ဆွယ်တွေကို လှမ်းဆွဲကြည့်မိသည်။ ရေညှိတွေနှင့်မို့ ဆွဲမရ။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိနှင့် ရေလုံးကြီးနှင့်အတူ ရေတံခွန်အောက် ထိုးကျသွားတော့သည်။

- "ဒုတ်…အား"

နောက်ဘက် ကျောက်တုံးကြီးနှင့် ဦးခေါင်းအဆောင့် နာကျင်လွန်းသဖြင့် ပါးစပ်ဖြဲအအော် ပါးစောင်ထဲ ငုံထားသည့် ဣန္ဒာသယ ကျောက်နီမျက်ရှင်မှာ ရေတံခွန် သားကျင်းထဲ ထွက်ကျသွားတော့သည်။ လူလည်း မူးနောက်သွားပြီး မျက်လုံးတွေ ပြာကာ ဘာမှမမြင်ရတော့။ ခဏနှင့် လောကကြီးတစ်ခုလုံးပါ မှောက်မိုက်လို့သွားသည်။

တစ်ယောက်သောသူမှာလည်း သားကျင်းထဲ၊ တကယ့်မိကျောင်းကြီး တစ်ကောင်နှင့် လုံးလားထွေးလားဖြစ်လျက် တောင်မင်း မြောက်မင်း မကာယ်နိုင်အနေအထား။

မတော်လောဘသားနှစ်ယောက်၏ ကံကြမ္မာကား ကံ-ကံ၏ အကျိုးသစ္စာစူးပြီထင့်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃ ခုနှစ်၊ မေလအတွက်

# လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့်

## (ကာ၊ ကု၊ ဖွင့်) နဝင်းယတြာအစီအရင်များ

**ဆရာ မြတ်ထွင့်ခေါင်** (မြန်မာ့ရိုးရာဗေဒင်ပညာရှင်)

## တနင်္ဂနွေသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - တနင်္ဂနွေနေ့နံနက် ၆နာရီမှ ၇နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သီဟိုဠ် (၆)ညွန့် သွားရောက်လှူဒါန်း၍ ဒိဝါတပတိဂုဏ်တော် (၉)ခေါက် ရွတ်ဆိုကာ မိမိလိုရာဆုကို တောင်းပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၉)ညွန့် သွားရောက်လှူဒါန်း၍ မိမိလိုရာဆုကို တောင်းပါ။

**ငွေကြေးအခက်အခဲအတွက်** - စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပျဉ်းမ (၉)ညွန့်နှင့် ထီးနီ (၉)လက်တို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆု တောင်းပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပဲပေါင်မုန့် (၅)ခု၊ ကြက်လျှာ (၅)လက်နှင့် ရေသက်စေ့တို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကိတ်မုန့် (၁)ခု၊ ကြို့ဟ်တံခွန် (၉)လက်တို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

**နိုင်ငံခြားခရီးအတွက်** - မွေးနေ့တွင် ရဟန်းတစ်ပါးကို ပေါင်မုန့် (၅)လုံးလှူပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သရက်သီး (၅)လုံးကို လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက် ရွတ်ဆိုပါ။

**အိမ်/ ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ပျဉ်းမ (၁၉)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၁)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (က)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများအတွက်

| | |
|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် - | တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သရက်သီး (၂)လုံးနှင့် ဆူးတံခွန် (၁)လုံးတို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် - | ဗုဒ္ဓဟူးနေ့ မနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရဟန်းတစ်ပါးအား နန်းကြိုးသုပ်လှူဒါန်းပါ။ |
| ငွေကြေးအခက်အခဲအတွက် - | ကြာသပတေးနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် နှင်းဆီ (၉)ပွင့်နှင့် ကြိုးဟ်တံခွန် (၉)လက်တို့ကို သွားရောက်လှူဒါန်းပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက်- | တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး (၈)ညွန့်၊ တံခွန်ကုက္ကားတစ်စုံတို့ကို လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| ကျန်းမာရေးအတွက် - | တနင်္လာနေ့ မနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သပြေ (၅)ညွန့် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီးအတွက် - | မွေးနေ့တွင် ရဟန်းတစ်ပါးအား ဆန် (၉)လုံးလှူဒါန်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် - | ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် လက်ဖက် (၉)ကျပ်သား၊ တံခွန်လုံးအဝါ (၉)လုံးတို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။ |
| အိမ်/ကားရောင်းလိုလျှင် - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဇော်စိမ်း (၈)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ - | (၂)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (တ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |

## အင်္ဂါသားသမီးများအတွက်

| | |
|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် - | အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် နှမ်းဆီ (၉)ကျပ်သား၊ ဒူးရင်းယို (၉)ကျပ်သားတို့ကို လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် - | သောကြာနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ရေသက်စေ့နှင့် ဆီမီး (၉)တိုင်ကို သွားရောက်လှူဒါန်းပါ။ |
| ငွေကြေးအခက်အခဲအတွက် - | တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် အုန်းယို (၉)ခုနှင့် ရေသန့်ဘူးတစ်ဘူးကို သွားရောက်လှူဒါန်းပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက်- | ကြာသပတေးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း ဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သရက် (၁၀)ညွန့်၊ ဆီမီး (၉)တိုင်နှင့် ရေသက်စေ့တို့ကို လှူဒါန်းပြီး လိုရာဆုတောင်းပါ။ |
| ကျန်းမာရေးအတွက် - | တနင်္လာနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ခရေ (၆)ညွန့်နှင့် ရေသက်စေ့တို့ကို လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို ပုတီး(၉)ပတ်စိပ်ပါ။ |
| နိုင်ငံခြားခရီးအတွက် - | သောကြာနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ သောကြာထောင့်တွင် သရက်သားနှင့် ပြုလုပ်ထားသော ပုတီးတစ်ကုံးကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် - | တနင်္လာနေ့ နံနက် ၆နာရီမှ ၇နာရီအတွင်း မိမိအိမ်ရှေ့တွင် ဖြတ်လာသော အလှူခံပုဂ္ဂိုလ်တစ်ဦးကို အလှူငွေ (၉၀၀)ကျပ်လှူဒါန်းပါ။ |
| အိမ်/ကားရောင်းလိုလျှင် - | ကြာသပတေးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း နေအိမ်ရှိ ဘုရားတွင် နွားနို့တစ်ခွက်နှင့် နှင်းဆီပန်း (၉)ပွင့်ကို လှူဒါန်းပါ။ |
| ထီကံကြမ္မာ - | (၇)ထိပ်စီး၊ (၇)နောက်ပိတ်နှင့် (တ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများအတွက်

| | |
|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် - | ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် အုန်း (၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး မေတ္တာသုတ် (၉)ခေါက်ရွတ်ဖတ်ပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန်- | စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။ |
| ငွေကြေးအခက်အခဲအတွက် - | စနေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး(၉)ပတ်စိပ်ပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက်- | အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ကိတ်မုန့် (၉)ခုလှူဒါန်းပြီး ဒိဗ္ဗတပဋ္ဌိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။ |
| ကျန်းမာရေးအတွက် - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ ဆုတောင်းပါ။ |
| နိုင်ငံခြားခရီးအတွက် - | သောကြာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၉)ညွန့်နှင့် တံခွန်ကုက္ကား (၃)စုံတို့ကို သွားရောက်လှူဒါန်း၍ ဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် - | စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။ |
| အိမ်/ကားရောင်းလိုလျှင် - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၆)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ - | (၃)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (ခ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |

## ကြာသပတေးသားသမီးများအတွက်

| | |
|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ကံ့ကော် (၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဗ္ဗတပဋ္ဌိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန်- | စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် သီဟိုဠ် (၉)ညွန့်ကို သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။ |
| ငွေကြေးအခက်အခဲအတွက် - | ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇော်စိမ်း (၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက်- | တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးယိုနှင့် ကိတ်မုန့်ဆွမ်း လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| ကျန်းမာရေးအတွက် - | ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် လောက်သေ (၉)ညွန့်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီးအတွက် - | တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၇နာရီခွဲအတွင်း အင်ကြင်း (၉)ညွန့်ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် - | တနင်္ဂနွေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။ |
| အိမ်/ ကားရောင်းလိုလျှင် - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဆီး (၉)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ - | (၆)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (မ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ထန်း (၉)ညွန့်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - တနင်္လာနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး(၈)ညွန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက်- ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ အင်္ဂါထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ထန်းလျက် (၉)ကျပ်သား နှင်းဆီ (၉)ပွင့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇီဇဝါ(၉)ညွန့်နှင့် တံခွန်ကုက္ကား(၉)စုံကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဇော်စိမ်း(၈)ညွန့်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ကားရောင်းလိုသော် - တနင်္ဂနွေနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရွက်လှ(၉)ညွန့်နှင့် တရော်ကင်ပွန်းကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၁)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (လ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## စနေသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - စနေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ရာဟုထောင့်တွင် အုန်းသီးတစ်လုံးကို အဝလုပ်၍ ရွက်လှ(၄)ညွန့်ကို ထိပ်ဝတွင် စိုက်ပြီး ဖြူပတ်တံခွန်(၉)လက်နှင့်အတူ လှူဒါန်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မီးသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့် လှူဒါန်း၍ အရဟံဂုဏ်တော်ကို ပုတီး(၉)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ပေါင်မုန့် (၉)ခု လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ပုလဲပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကားတစ်စုံလှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၇)ထိပ်စီး၊ (၇)နောက်ပိတ်နှင့် (ထ)အက္ခရာပါသောထီကို ရွေးထိုးပါ။

***



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သောအခါ···

"သူငယ်ချင်း··· မင်း ကြားပြီးပြီလား"

ဟု ခရီးရောက်မဆိုက် သူငယ်ချင်းဖြစ်သူ ကိုနိုင်၏ အမေးစကားကို ကြားလိုက်ရပါသည်။

"ဘာကို ပြောတာလဲကွ"

ဟု စာရေးသူမှ ပြန်မေးသောအခါ···

"ဟာကွာ··မင်းကလဲ၊ မသိသေးဘူးလား။ မန်ကျည်းပင်ရွာက ဘကြီးမှုံတို့ လင်မယားနှစ်ယောက်စလုံး ဆုံးသွားတာလေ"

ဟု သူငယ်ချင်း ကိုနိုင်မှ ပြန်ပြောပါသည်။

"ဟုတ်လား၊ ငါ မသိဘူးကွ။ ပြောစမ်းပါဦး။ ဘယ်တုန်းကလဲ၊ ကြာပြီလား"

ဟု မေးလိုက်ပါသည်။

"တစ်လကျော်ပြီကွ။ ဟိုတစ်လောက လလည်း သပိတ်သွတ်တယ်"

"ငါ မသိလို့ပါကွာ။ သိရင် သွားတာပေါ့"

"ဒါနဲ့ မင်းကို ပြောရဦးမယ်။ မင်းအတွက် ကုန်ကြမ်းရတာပေါ့နော်"

ဟု ကိုနိုင်မှ ပြောပါသည်။

"ကုန်ကြမ်း···ဟုတ်လား၊ ပြောကွာ၊ နားထောင်မယ်"

"စာရေးဆရာ မပြောရဘူး။ ကုန်ကြမ်းဆိုတာနဲ့ သိချင်နေပြီ"

ဟု ပြောရာ စာရေးသူမှ···

"ဒါကတော့ကွာ၊ အကျင့်ပါနေလို့ပါ"

ဟု ပြန်ပြောလိုက်ပါသည်။ ထို့နောက် စာရေးသူမှ-

"ဒါနဲ့ မင်းရဲ့ ကုန်ကြမ်းဆိုတာက···"

ဟု မေးရာ···

"ပြောပြမယ်လေ။ ဒီနားက လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်ရင်း ပြောကြတာပေါ့"

ဟု ဆိုကာ ကိုနိုင်မှ လက်ဖက်ရည်ဆိုင်ထဲသို့ ရှေ့မှ ဝင်သွား၍ စာရေးသူလည်း သူ့နောက်မှ လိုက်သွားပါသည်။

လက်ဖက်ရည်နှင့် မုန့်များကို မှာယူ၍ စားသောက်ကြရင်း ကိုနိုင်မှ စတင်ပြီး···

"အဖြစ်က ဒီလိုကွ။ ဆန်းတော့ အဆန်းသား။ အိပ်မက်ပေမယ့် အပြင်မှာလည်း အိပ်မက်ထဲကအတိုင်း ဖြစ်တာပဲ။ ဒါပေမယ့် အိပ်မက်ထဲကအတိုင်း အပြင်မှာ တူချင်မှ တူကြတာ။ တူတာတွေလည်း ရှိကြမှာပါ။ ဒါပေမယ့် ခုဟာက တစ်ထပ်တည်းပဲကွ။ အိပ်မက်ထဲကအတိုင်း သဏ္ဍာန်တူဖြစ်တယ်ဆိုရင် မမှားဘူးပေါ့ကွာ"

ဟု ပြောသောအခါ စာရေးသူမှ···

"ဒါနဲ့ မင်းပြောမယ်ဆိုတဲ့ အကြောင်းက ဘာလဲ"

ဟု မေးရာ···

"ဒီလိုကွ"

ဟု အစချီကာ ကိုနိုင်မှ ပြောပြပါတော့သည်။

(ဤနေရာ၌ အိပ်မက်မက်ခဲ့သူ ဘကြီးမှုံတို့အနေဖြင့် ရေးသားပါမည်။)

◆◆◆

"ဟဲ့ - လေးခ၊ နင့်ကို ပြောစရာရှိလို့"

ဟု ဦးမှုံမှ ဇနီးဖြစ်သူ ဒေါ်လေးခသို့ ပြောလိုက်ရာ -

"ဘာပြောစရာရှိလဲ၊ ပြောလေ"

ဟု ပြန်ပြောသောအခါ···

"အေးပါ။ ဒါပေမယ့် ငါပြောရမှာ တစ်မျိုးကြီးပဲဟ။ နင် စိတ်မကောင်းမဖြစ်နဲ့နော်၊ ကြားလား"

ဟု ဦးမှုံမှ ပြောပါသည်။

"တော့်ဟာက ဘာမို့လို့ စိတ်မကောင်းဖြစ်ရမှာလဲ။ ပြောမှာသာ ပြောစမ်းပါ"

ဟု ဒေါ်လေးခ ပြန်ပြောရာ···

"ဒီလိုဟ၊ ညက ငါ အိပ်မက်မက်တယ်"

ဟု ဦးမှုံမှ ပြောပါသည်။ ဒေါ်လေးခမှလည်း···

"အိပ်မက်မက်တယ် ဟုတ်လား။ ဘာတွေ မက်လဲ ဟင်···ကိုမှုံ၊ ပြောစမ်းပါတော်"

ဟု မေးပါတော့သည်။

"ငါတို့နှစ်ယောက်စလုံး နောက် ဇရက်ကြာရင် သေမယ်လို့ မက်တယ်။ ပြီးတော့ သေမယ့်အချိန်တောင် မက်သေးတယ် လေးခရယ်"

"ဟင်··· ဒါဆို ကျုပ်လည်း ကိုမှုံအတိုင်း ညက အိပ်မက်မက်တယ်။ မက်တဲ့ အိပ်မက်က ကျုပ်တို့နှစ်ယောက်စလုံး အတူတူမက်တဲ့ အိပ်မက်တွေပဲ"

ဟု ဒေါ်လေးခမှ စိတ်မကောင်းသံဖြင့် ပြောလိုက်ပါတော့သည်။

"ဒါပေမယ့် ခေတ်တွင်းအိပ်မက် ကယောက်ကယက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသလို၊ တကယ်မဖြစ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ ကိုမှုံ့ရယ်”

ဟု ဒေါ်လေးခမှ ထပ်မံ၍ ပြောလိုက်ပါသည်။

“အေးလေ၊ သတ္တဝါတစ်ခု ကံတစ်ခုပဲ။ ဘာတတ်နိုင်မှာလဲ လေးခရယ်။ ဘာပဲဖြစ်ဖြစ် တို့တွေ ဘာသာရေးကိုပဲ ပိုလုပ်ကြတာပေါ့၊ ဟုတ်ဘူးလား”

“ဟုတ်ပါတယ်တော်။ ဒါပေမယ့် စိတ်တော့ မကောင်းပါဘူး။ တော်ပြောသလို ဆောင်းတွင်းအိပ်မက် ကယောက်ကယက်ပဲဖြစ်ပါစေလို့ ကျုပ် ဆုတောင်းပါတယ်”

ဤသို့ဖြင့် ရှစ်ရက်မြောက်သောနေ့သို့ ရောက်လာသောအခါ···

“ကိုမှုံ့ ဒီနေ့ ရှစ်ရက်ရှိပြီနော်။ မနက်ဖြန်ဆို ကျုပ်တို့တွေ အိပ်မက်မက်တဲ့အတိုင်းများ ဖြစ်နေမလား”

ဟု ဒေါ်လေးခမှ စိတ်မကောင်းသံဖြင့် ပြောသောအခါ ဦးမှုံ့မှ···

“လေးခရာ··· သေခြင်းတရားဆိုတာ ဘယ်သူမှ လွန်ဆန်လို့ မရပါဘူး။ သိပ်လည်း စိတ်မကောင်းဖြစ်မနေပါနဲ့။ တရားနဲ့ ဖြေပေါ့ဟာ”

ဟု ပြောလိုက်ပါသည်။

•••

ဒီနေ့ ၉ရက်မြောက်သောနေ့။

“ကိုမှုံ့···ရှင်ကြည့်ရတာ တစ်မျိုးပဲ နေမကောင်းဘူးလား”

“အေး ခေါင်းထဲ မူးနောက်နောက်ဖြစ်နေလို့”

“ဒါဖြင့်လည်း အိပ်ရာထဲ သွားလှဲနေ၊ ဆရာ့ကို သွားပင့်ခိုင်းလိုက်မယ်”

ဟု ဒေါ်လေးခ ပြောပါသည်။

မကြာမီ ဆရာရောက်လာ၍ ဦးမှုံ့အား ကြည့်သောအခါ သေဆုံးနေသည်ကို တွေ့လိုက်ရ၍ ခေါင်းရင်းဘက်ရှိ နာရီကို ကြည့်လိုက်သောအခါ ၉နာရီထိုးနေကြောင်း တွေ့ရ၍ ဒေါ်လေးခတစ်ယောက် အတော်ပင် အံ့သြတုန်လှုပ်သွားပါတော့သည်။

ဒေါ်လေးခတစ်ယောက် စဉ်းစားရပြီ။ သူ့ယောက်ျား အိပ်မက်ထဲကအတိုင်း နံနက် ၉နာရီဆုံးမည်ကို ကြိုတင်၍ သူ့အား ပြောခဲ့သလို မိမိလည်း နေ့လယ် ၁နာရီတွင် သေဆုံးမည်ကို ပြောခဲ့ပါသည်။ သူမအနေဖြင့် ထိုအိပ်မက်မျိုးကို လွန်ခဲ့သော ၉ရက်က သူ့ယောက်ျားနှင့်အတူ မက်ခဲ့ပါသည်။

ထို့နောက် ဦးမှုံ့ ဈာပနကို ရွာသားများ ဝိုင်းဝန်းလုပ်ဆောင်ပြီး နေ့လယ်စာစားရန် ပြင်ဆင်နေကြစဉ်···

“အရီးခ ဘာဖြစ်တယ် မသိဘူး၊ ဒီမှာ မူးလဲနေလို့၊ လာကြပါဦး”

ဟု မြေးမဖြစ်သူ မြနှစ်မှ အော်ခေါ်နေ၍ သွားကြည့်ကြရာ ဒေါ်လေးခတစ်ယောက် သေဆုံးနေသည်ကို တွေ့လိုက်ကြရပါတော့သည်။ ထိုအချိန်၌ နာရီကလည်း နေ့လယ် တစ်နာရီထိုးနေပြီဖြစ်ပါသည်။

ထိုအဖြစ်အပျက်ကြောင့် တစ်ရွာလုံး စိတ်မကောင်းကြ။ မိမိတို့ရွာတွင် ဤကဲ့သို့ တစ်နေ့တည်း နှစ်လောင်းဖြိုင် သေဆုံးခဲ့ခြင်းမှာ ယခင်က မရှိခဲ့၊ ယခုတော့ ကြုံရပြီ။

“အေးကွာ···သူငယ်ချင်းရာ၊ မင်းပြောလို့ သိရပါပြီ။ စိတ်မကောင်းပါဘူး။ ဘကြီးမှုံ့တို့ ဇနီးမောင်နှံ ကောင်းရာဘုံဘဝသို့ ရောက်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ် ဘကြီးမှုံ့ရတို့ရယ်”

ဟု စာရေးသူမှ ပြောလိုက်ပါတော့သည်။

(မှတ်ချက်။ ရွာအမည်၊ လူအမည်များကို လွှဲပြောင်းထားသည်မှအပ ဖြစ်ရပ်မှန်များ ဖြစ်ပါသည်။)။

* * *

ဦးအုန်းမြင့်(ဝေဒသူ့တောသိ)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(၁)

ကျွန်တော်တို့ တပ်စိတ်အစိတ်ခေတ္တ စခန်းချရာ စည်သောင်ကျေးရွာသည် ရှမ်းတိုင်းရင်းသားများ၏ ကျေးရွာကြီး အိမ်ခြေ ၅၄အိမ်ရှိသည်။ အလွန်ရိုးသားကြသော တောင်သူတွေ။ ရွာပတ်ဝန်းကျင်မှာတော့ လယ်တော၊ မြေပဲခင်း၊ မုံညင်းခင်းတွေက အဓိက။ အခြားစားပင်ဆို၍ ပြောင်း၊ တိုင်ထောင်ပဲ၊ ကစွန်းဥအခင်းတွေလည်း ရောနှောလုပ်ကိုင်ကြ၏။

ရိုးသားသော ကျေးရွာသားတွေဟု ဆိုရသော်လည်း လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ကျော်အချိန်ကာလ၊ ကျူးကျော်လာသည့် မန်ချူး ကေရာင်တပ်တွေ လာရောက်တိုက်ခိုက်စဉ် မြန်မာ့စစ်သူကြီး မဟာသီဟသူရနှင့် ကောင်းတုံမြို့ ဝန်ကြီး ဗလမင်းထင်လက်ထက်တွင် စစ်သည်များ ကောင်းတုံနယ်မြေတစ်ဝိုက်တွင် နှစ်ရှည်လများ အရပ်သားအသွင် ရွာတွေ တည်။ ရွာသူမတွေနှင့် အိမ်ထောင်ပြုကြ။ စစ်နှင့်ပတ်သက်၍ ပြည်သူ့စစ်အသွင် တိုက်ပွဲဝင်ခဲ့ကြရာမှ ရွာသစ်အမည်တွင်ခဲ့သော မန်ကြီးကိုးမန်နှင့် စည်ကြီးကိုးလုံးဟု အတိုကောက်ဖြစ်ပေါ်လာသည့် ရွာများမှာကား ယနေ့တိုင် တည်ရှိနေဆဲပင်။

မန်ကြီးကိုးမန်မှာ မန်သာရွာ၊ မန်သဲရွာ၊ မန်စိန်းရွာ၊ မန်ရရွာ၊ မန်မကောက်ရွာ၊ မန်စီရွာ၊ မန်ဖွရာ၊ မန်ရွတ်ရွာနှင့် မန်ဖာရွာဟူ၍ လည်းကောင်း။ စည်ကြီးကိုးစည်မှာ စည်ကော်ရွာ၊ စည်ခန်းကြီးရွာ၊ စည်ခန်းလေးရွာ၊ စည်အူရွာ၊ စည်ပိန်းရွာ၊ စည်သာရွာ၊ စည်ဟဲရွာ၊ စည်သောင်ရွာနှင့် စည်မွန်းရွာတို့ ဖြစ်ပါသည်။

ကောင်းတုံကျေးရွာ ခံတပ်ကြီး၏ အောင်မြေစေတီ တော်၏ ဘွဲ့အမည်မှာ စစ်ပြေငြိမ်းစဉ် အမှတ်တရ အောင်မြေအဖြစ် သတ်မှတ်၍ စေတီတစ်ဆူတည်ခဲ့၏။ ထိုစေတီအား မြန်မာသက္ကရာဇ် ၁၀၇၃ ခုနှစ်တွင် တည်ထားကြောင်းကိုလည်း ထိုစေတီဘေးတွင် ကျောက်စာရေးထိုးခဲ့လေသည်။

အထောက်အထားပြည့်စုံသော စစ်မြေဝယ် ကျူးကျော်သူ မန်ချူးကေရာင်တို့နှင့် စစ်ပြေငြိမ်းပြီးနောက် ဖော်ပြပါ မန်ကြီးကိုးမန်နှင့် စည်ကြီးကိုးစည်ရွာတွေကား ယနေ့တိုင် စည်ကားလျက်၊ အေးချမ်းလျက် တည်ရှိနေခဲ့ပြီ။

ထိုစစ်ပွဲကြီးတွေသည် လွန်စွာများပြားသည့် ကျဆုံးမှုအင်အား ရေတွက်မရအောင် မန်ချူးစစ်သည်တွေ စတေးခံခဲ့ရသော ကျူးကျော်စစ်တို့၏ ဝိညာဉ်တွေကား နှစ်ကာလ ရာချီခဲ့သော်လည်း ကျေးရွာသူ ကျေးရွာသားများ၏ ပြောပြချက်အရ တစ်ခါတစ်ရံ ညည်းညူသံများ၊ အော်ဟစ်သံများ၊ တက်ခေါက်သံနှင့် ဓားခုတ်သံများ။ မြင်းဟီသံ၊ လဲပြိုသံများ ကြားရဆဲဖြစ်၍ ကြောက်ရွံ့ တုန်လှုပ်ကြပါသော်လည်း သူတို့၏ ဘိုးဘေးလက်ထက်မှ အစပြုရွာတည်ခဲ့မှုအပေါ် ကြီးမားသော သံယောဇဉ်အပြင် မြေခံ၊ ရေခံကောင်းသည့် သီးနှံကြွယ်ဝ၊ စိုက်သမျှ ဖြစ်ထွန်းခဲ့၍လည်း မောင်ကြီး မခွာနိုင်ဖြစ်နေသည်ကား အမှန်။

ထိုသို့သော ကြောက်မက်ဖွယ် စစ်မီးလျှံအတွင်း သက်ဆင်းရသူများ၏ ထိတ်လန့် တုန်လှုပ်မှုအသံတွေအား ယခင့်ယခင် ကြားရမှုတွေမှ လက်ဆင့်ကမ်းလာမှုကြောင့် ယနေ့တိုင် ထိုဝိညာဉ်တွေအား ကြောက်ရွံ့နေကြဆဲပင် ဖြစ်ပါသည်။

တစ်ဖန် တစ္ဆေ သရဲ ဝိညာဉ်တွေ ကြောက်ကြရသည့်ထဲမှာပင် "ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက်ဆိုး" ဆိုသကဲ့သို့ ဝိညာဉ်တွေကြောက်၍ ရွာဦး နတ်ကြီးစင်တွေထားကာ ကိုးကွယ်အားထားကြသည်။ အားကိုးသည့် ရွာဦးနတ်အား ဝါဝင်ဝါထွက် တင်ကြ၊ မြှောက်ကြရာတွင် အနီးကပ်ဆုံး ရန်သူမှာ ကျားနှင့် ကျားသစ်ရန်အတွက်လည်း နတ်ကြီးတိုင်တည်ကာ ကျားရန်၊ ကျားသစ်ရန်မှ ကင်းဝေးအောင်လည်း တင်ရ၏။

သို့ကလို တင်ပါသော်လည်း မကြာမကြာ ကျား၊ ကျားသစ်တွေနှင့် တွေ့ကြုံကြ၊ အတိုက်အခိုက်ခံရကြရပြီး သေကြေသည်အထိ ရှိခဲ့၍လည်း ရတက်မအေးကြရပါ။

(၂)

"ဆရာတို့…ရော်…ဆရာတို့ပအေး"

"ဟုတ်ကဲ့၊ အဘတို့ ဘာကိစ္စများလဲ မသိဘူး"

ရွာလူကြီး ဦးခမ်းရွက် ဦးဆောင်သော ရွာလူကြီး သုံးယောက် တပ်အပေါက်ဂိတ်မှ လာခေါ်စဉ် ကင်းသမားမှ မေးနေပြီးနောက် ဆရာ ဘိုးခွေးနှင့် လူကြီး သုံးယောက် ရောက်လာကြပြီး…

"ရော်…ဆရာကြီးပ၊ အရေးကြီးတာပအေး"

"ပြောပါ အဘ"

"ရွာသား စိုင်းလုံ တောဝက်ပက်လို့ လက်လည်း ကျိုးတာပ။ ဗိုက်လည်း ဟက်တက်ကြီး ကွဲတာပရှိး။ ခု ပုဆိုးနဲ့ စည်းထားရတာပ"

"ဟာ…ဒါဆို မန်စီဆေးရုံပို့ပေါ့ အဘ"



www.burmeseclassic.com

www.burmeseclassic.com

"ပို့ချင်တာပနော့။ ရွာကနေ မိုင်းကာချောင်းဖြတ်ရအုံး"

"မိုင်းကာချောင်းမှာ ရေစပ်စပ်ပဲ အဘ။ ကဲ - လာပါ။ ကျွန်တော်နဲ့ တပ်စိတ်တစ်စိတ် လိုက်ပို့ပေးမယ်။ ဆရာ ဘိုးခွေးတို့ တပ်စိတ်စခန်းလုံခြုံရေးတာဝန်ယူ။ ငါနဲ့ တစ်စိတ် မန်စီအထိ လိုက်ပို့မယ်"

ကျွန်တော် ပြောပြောဆိုဆို မိုးကျော်အောင်၊ တင်မြတ်တို့နှင့်အတူ ရွာထဲသို့ လိုက်ခဲ့၏။ စိုင်းလုံအား ကျွန်တော် သိပါသည်။ စိုင်းလုံသည် တောပစ် ဝါသနာပါသူ၊ တစ်ယောက်တည်း။ သို့မဟုတ် တစ်ခါတစ်ခါ သူ့အချစ်ဆုံး သူငယ်ချင်း ပေါလုနှင့် ထွက်၏။ သူတို့မှာကား ဒူးလေးသာ ပါ၏။ ဒူးလေးသည် ချေလောက်တော့ ပစ်ခတ်ရနိုင်သော်လည်း ဒရယ်၊ ဆတ်၊ တောဝက်တော့ ပစ်ခတ်ရန် မလွယ်ပါ။ သူ့စိတ်ကြိုက် ဒူးလေးမှာ သားကောင်ကြီးကြီးပစ်၍မရသော ဒူးလေး။ ယခု တစ်ယောက်တည်း တောပစ်ထွက်စဉ် ဝက်ပက်ခံရခြင်းဖြစ်လေသည်။

ရွာလူကြီး အဘ ဦးခမ်းရွက် ပြောသည့်အတိုင်း စိုင်းလုံ၏ ဝဲဘက်လက်မောင်းလည်း ကျိုးနေပြီး ဝမ်းဗိုက်မှ သွေးတွေသည် ပဆိုးပတ်ထားသော်လည်း ရွှဲနေ၏။ သတိတော့ ကောင်းကောင်းရ၏။

"ကိုစိုင်းလုံ…ဘယ်လိုဖြစ်တာလဲ"

"ရော်…ဆရာကြီးပ၊ ကျွန်တော် တောဝက် မပစ်ပ။ ချေကို ပစ်တာပနော့။ မှန်တာပ။ ချေလဲလို့ သွားကောက်တာပအေး၊ ချေမဟုတ်။ အစွယ်ဖွေးနေတဲ့ တောဝက်ကြီးဖြစ်တာပရိုး"

"ဗျာ…ခင်ဗျားက ချေနဲ့ တောဝက်ကို မသိလို့လား"

"ရော်… မှဆိုးပ၊ ချေလည်း သိ၊ တောဝက်လည်း သိတာပရိုး။ ချေမှ ချေအစစ်။ မှန်တာလည်း ချေ၊ လဲတာလည်း ချေ။ နောက်ခြေထောက်ပအေး ဆွဲမတာနဲ့ တောဝက်ဖြစ်ပြီး ပက်တာပ။ ကျွန်တော် ဓားနဲ့ ခုတ်ဖို့ မေ့တာပရိုး"

"ကဲ - ထမ်းစင်အသင့် ဆိုရင် သယ်ကြစို့။ ကိုစိုင်းလုံ ကျွန်တော်တို့ မန်စီဆေးရုံပို့ပေးမယ်"

"ရော်…ရော်…မိုင်းကာ၊ မိုင်းကာချောင်းဖြတ်ရမှာပအေး"

"ဘာဖြစ်လဲ၊ ဘာလဲ ကျားနဲ့ ကျားသစ်အတွက် မပူနဲ့၊ ဒီမှာ…"

ကျွန်တော် လွယ်ထားသော ဂျီသုံး သေနတ်အား ပုတ်ပြရင်း အားပေးလိုက်၏။ သူလည်း ပြုံးလျက် စိုးရိမ်မှုကင်းအောင် ပြောပြသော်လည်း…

"ဆရာကြီးပ…မိုင်းကာချောင်းရိုးမှာ ဝိညာဉ်တွေ ဆိုးတာပအေး။ သွေးနံ့ရရင် ဒေါသဖြစ်ပြီး သတ်ပုတ်ကြတာပ"

"မဟုတ်တာဗျာ။ ဘာကောင်က သတ်ပုတ်ရဲမှာလဲ။ ကိစ္စမရှိဘူး။ ကဲ- ခရီးထွက်မယ်"

ကျွန်တော် သူတို့ ရွာလူကြီးတွေ အပြောကို မစောင့်တော့။ မိုင်းကာချောင်းဖြတ်ပြီး အရှေ့မြောက် တောတန်းလေးကို ဖြတ်လိုက်ပါက မန်စီလမ်းဆုံရောက်ပြီ၊ လမ်းဆုံမှ နာရီဝက်ကျော်ကျော်ဆို မန်စီဆေးရုံသို့ ရောက်မည်။ သို့မဟုတ် မိုင်းကာချောင်းဘေးအထက် အင်တောဘက်မှဆို ခရီးဝေးပြီး တစ်ကွေ့တစ်ပတ်ကြီးဖြစ်၏။

"တင်မြတ်…ပွိုင့်ထွက်၊ ရဲမြင့်နောက်က လိုက်။ မိုးကျော်က နောက်ဆုံး။ မင်းနဲ့အတူ သာမောင်ပါ လိုက်ခဲ့။ ငါနဲ့ တင်မောင်၊ အောင်သောင်း၊ လှဝင်း၊ လူနာနဲ့ အတူလိုက်မယ်။ ဟေ့ - စိုးမောင်နဲ့ ကျော်ဇောကြီး ငါ့အမိန့်မရဘဲ လုံးဝ မပစ်နဲ့၊ ကြားလား"

"ဟုတ်ကဲ့"

မိန်းကာချောင်းတွင် ကျားပေါ်၏။ ကျားသစ်လည်း ရှိ၏။ သူတို့ပြောသော ဝိညာဉ်ကား ကျွန်တော် မသိ။ တကယ်တော့ ဝိညာဉ်တွေကား လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ကျော်ကာလ မန်ချူးစစ်သည်တွေဟု ပြောသံကြားဖူး၏။ ဂရုမစိုက်ပါ။ ခုလောက်ဆို အရိုးလည်း ခွေ။ အသွေးလည်း ခြောက်၍လို့ ပျောက်ကုန်ပါပြီ။ ရွာသားတွေမှာတော့ ကြောက်နေကြဆဲ။ တစ်ခုတော့ သတိထားရမည်။ စိုင်းလုံပြောသလို သူ့ဒဏ်ရာမှာ သွေးစိမ်းအလူးလူး၊ သွေးညှီနံ့တွေက ပျံ့နေ၏။ တစ်ဖန် အချိန်က ည ၇နာရီခွဲလေပြီ၊ နွားရိုင်းသွင်းချိန်မကာတော့။ မကောင်းဆိုးဝါးများသည် ညဉ့်အခါဝယ် သူတို့၏ အကောင်းဆုံး အမှောင်ထု အစာရှာချိန်ဆိုပါက မမှား။ ထိုကြားထဲ တောကောင်ကြီးတွေမှာလည်း အစာရှာထွက်ကြပြီ။

ရှေ့ဆုံးမှ တင်မြတ်သည် လျှပ်တစ်ပြက် တင်မြတ်ဖြစ်သလို၊ အတွေ့အကြုံရှိပြီးသား။ နောက်ဆုံးမှ မိုးကျော်အောင်သည်လည်း ပစ်မလွဲ။ ပိုပြီး အသည်းမာသော သတ္တိခဲ မိုးကျော်အောင်ကား သရဲ တစ္ဆေဆို အလွန်မုန်း၏။ ကျွန်တော့်အထဲမှ စိုးမောင်နဲ့ ကျော်ဇောကြီးတို့မှာ ပစ်ခတ်မှု အလွန်ဝါသနာကြီး၍ သတိပေးထားရသည်။

ကိုစိုင်းလုံ၏ ဇနီး ခမ်းမူ၊ သူ့အမေ ဒေါ်နန်းခင်၊ ရွာလူကြီး သုံးဦး၊ ကိုစိုင်းလုံကို ထမ်းရန် ရွာသားလေးယောက်။ ဝါးလုံးလျှိုး၍ ရှေ့တစ်ယောက် နောက်တစ်ယောက် ထမ်းရ၏။



www.burmeseclassic.com

www.burmeseclassic.com

ယောက်မှာ အရန်။ တစ်လှည့်စီ ထမ်းကြသည်။

ကျွန်တော် တင်မြတ်ထံ သွက်သွက်သွားပြီး သတိထားရန်၊ ဒီနယ်မြေကို နယ်မြေဒေသခံ ရွာသားတွေ အလွန်ကြောက်ရွံ့၍ မည်သည့် အန္တရာယ်ဖြစ်လာမည်ကို သတိထားရန်၊ ပစ်ခတ်မှုလည်း အထူးဂရုပြုရန် ပြောပြီးနောက် ကျွန်တော် လူနာထံ ပြန်သည်တွင်···

"ရော်···ဆရာကြီး ဘယ်သွားတာပ။ ကျွန်တော့်အနား နေပေးတာပ။ ခု မိုင်းကာချောင်းထဲ ရောက်တာပနော်"

"ဟုတ်တယ်။ ခင်ဗျား ဘာမှ မကြောက်နဲ့။ ဒီက အမေရော မခမ်းမှုပါ မကြောက်နဲ့။ ကျွန်တော်တို့အားလုံး ရှင်းသွားမယ်။ ပစ်ခတ်သံကြားလည်း မကြောက်နဲ့နော်"

"ဟုတ်···ဟုတ်"

"ရော်···ကြောက်တာပအေး။ သား ဒီနားက မခွာဘဲ နေပေးစာပနော့"

"စိတ်ချပါ အမေ"

ကျွန်တော်တို့ မိုင်းကာချောင်းအား ဖြတ်ပါပြီ။ မိုးဆိုလျှင်တော့ ရေစီးသန်၏။ ရေမနက်။ လူတစ်ရပ်ခန့် မကျော်။ သို့သော် နွေကာလဆိုပါက သဲပြင်ကြီးအလယ်ရောက်မှ ဒူးဆစ်ထက် မကျော်။ ချောင်းကတော့ ပေတစ်ရာကျော်ကျော်လောက် ကျယ်၏။ ချောင်းထဲ ရောက်သော်လည်း မည်သို့မျှ မထူး။ အေးအေးဆေးဆေးပင်။

(၃)

"ရှီ···ရှီ···ရှီ···ဒုတ်"

"ခွတ်···ခွတ်···ခွတ်"

"ရော်···ရော်···ကြားတာပ၊ ဓားခုတ်သံတွေ။ ဟော···ဟော··· မြင်းခွာသံပအေး"

"ကိုစိုင်းလုံ··· ရှင့်ပြောတာနဲ့ တောကောင်တွေ ပြေးတာပါဗျ"

"မဟုတ်ပ"

"ရော်··ဘာ···ဘာကောင်ကြီးပအေး"

"အို···"

ကျွန်တော်ပင်လျှင် ရေအလယ်ရောက်နေစဉ် ရေခွဲ့မှ ပွိုင့်ထွက်သော တင်မြတ်တို့ မမြင်၍ ကျော်ဖြတ်အသွား။ လူနာနှင့် ကျွန်တော်တို့ ရေလယ်အရောက် ခုနစ်ပေ၊ ရှစ်ပေခန့် လက်တစ်ဖက်မြှောက်ထားသည့် ဓားကိုင် လူကြီး။ မတုန်မလှုပ် ကျွန်တော်တို့လူနာအဖွဲ့အား ခုတ်တော့ ထစ်တော့ မည့်အသွင်။ ရွာလူကြီး အဘ ဦးခမ်းရှက်၏ အော်သံကြောင့် အားလုံး လန့်နေကြသလို၊ အကုန်လုံး အကြောက်ကြီးကာ မင်တက်မိနေခိုက် ကျွန်တော်လည်း လက်ထဲမှ သေနတ်ဖြင့် လျှပ်တစ်ပြက် ပစ်လိုက်၏။

"ဒိုင်း"

"ဝေါ···ဝေါ···ဝေါ···"

"ဝုန်း··ဗွမ်း···"

"ဟောင်းဟောင်း···ဟောင်း ဟောင်း···"

"ဝေါင်း···ဝေါင်း···ဝေါင်း···"

"ဝေါက်···ဝေါက်···ဝေါက်"

"ဖြောက်···ဖြောက်···ဖြောက်"

ကျွန်တော့်ပစ်ခတ်မှု ထိရောက်သလို၊ တောတစ်တောလုံး ဆူညံသွားပြီး ထိုအကောင်ကြီး ရေထဲသို့ လဲကျသကဲ့သို့ တောမှဆိုး ကျားကြီး လန့်ကား အော်ဟစ်သံလား၊ ဒေါသဖြင့် ဟိန်းဟောက်သံလား၊ ခြေသံ၊ တောတိုးသံတွေ ညံသွားလေတော့၏။

"ဆရာကျော် ···ဆရာကျော် ဘာကောင်လဲ"

"အလကားပါ။ တောခြောက်တာ။ လဲသွားပြီ။ မိုးကျော် မီးထိုးစမ်း။ ရေအလယ်မှာ"

"အေး···အေး၊ ရေအလယ်မှာကွ"

"ဆရာကျော်···ဘာကောင်မှ မရှိပါဘူး"

"ရော်···ဆရာကြီးလည်း တွေ့တာပ။ ကျွန်တော်တို့လည်း တွေ့တာပနော့။ ကျွန်တော်တို့ကို ဓားနဲ့ ခုတ်မယ့် အကောင်ကြီးပ"

ရွာသား လူလတ်ပိုင်း အထမ်းသမားမှ ပြော၏။ အားလုံးတော့ မမြင်။ အကောင်ကြီးမှ အကောင်ကြီးဟု ကျွန်တော် တတ်အပ်သေချာစွာ မြင်ရသည်။ မန်စီဆေးရုံရောက်တော့ လူနာကိုစိုင်းလုံမှာ အတော်လေး အားပျော့နေပြီ။ သို့သော် ဆေးရုံရောက်ပြီးမှ အရေးမကြီးတော့။ ကျွန်တော်တို့ နှုတ်ဆက်ပြီး ပြန်ခဲ့ကြပါပြီ။

(၄)

"မိုးကျော်နဲ့ တင်မြတ်··· ငါ သေသေချာချာ မြင်တာကွ။ ဓားကိုင်ထားတဲ့ လူမည်းမည်းကြီးကွ။ ပစ်တာလည်း မှန်တယ်။ လဲကျသွားတယ်ကွ"

"ဆရာကျော်···ကျွန်တော်တို့ မိုင်းကာချောင်းထဲမှာ မွှေကြရအောင်"

"အေး ကဲ - ဆက်ထွက်ကြမယ်"

အပြန်လမ်းကား အေးဆေးပါဘိ။ သို့သော် ထိုမိုင်းကာချောင်းထဲရောက်တော့ အထွေအထူးမရှိ။ ညဉ့်တစ်နာရီထိုးပါပြီ။ မွှေနှောက်ရှာဖွေနေစဉ် မိုးကျော်အောင်မှ···

"ဆရာကျော်··· ဆရာကျော် ဒီမှာဗျ။ ဒီမှာ···ဒီမှာ"

"ဘာကောင်လဲဟင်၊ ဘာလဲ"

"ဆရာကျော် ပစ်တာ မျောက်ကြီးဗျ။ သေနေပြီ။ ဒီသစ်ပင်ခြောက်



www.burmeseclassic.com

www.burmeseclassic.com

ကြီးကို ဖက်ရက်သားဗျ"

ကျွန်တော် အသေအချာကြည့်တော့ ငါးပေကျော်ကျော်ခန့် သစ်ပင်အခြောက်ကြီးကို ဖက်ထားသော မျောက်ကြီး။ သစ်ပင်အခြောက်ကြီးမှာလည်း ရေတိုက်စားထား၍ အောက်ခြေပြတ်လုပြတ်ခင်။ ယခု သေနတ်ကျည်ဆံ၏ အရှိန်ကြောင့် ဖက်ထားသော မျောက်ကြီးနှင့်အတူ လဲကျသွားခြင်းသာ ဖြစ်မည်ဟု တွေးလိုက်မိပါသည်။

"မိုးကျော်နဲ့ တင်မြတ်တို့ သုံးယောက် ကိုစိုင်းလုံ တောပစ်တဲ့ နေရာကို သွားကြမယ်ကွာ"

"သွားလေ၊ သူတို့ရော"

"လုဝင်း··· မင်း ဦးစီးပြီး ဒီမျောက်ကို ထမ်းပြန်ကြ။ မိုးလည်း လင်းတော့မယ်။ တို့ ရွာမြီးဘက် တောပစ်ထွက်မယ်။ ကဲ - ဂရုစိုက်ပြန်ကြ"

ကျွန်တော် လုဝင်း ဦးစီးသော အဖွဲ့ကို မျောက်တစ်ကောင်ထမ်း၍ ပြန်ခိုင်းလိုက်ပြီး သုံးယောက်သား ကိုစိုင်းလုံ တောဝက်အပက်ခံရသော ရွာမြီးဘက် ထွက်ခဲ့ပါသည်။

သုံးယောက်သား ကိုစိုင်းလုံ ပြောသော ဆားကျင်းနားရောက်တော့ သတိထားရင်း ရှေ့ဆက်အတိုးမှာတော့ ဘယ်အချိန်က စောင့်ကြို ချောင်းမြောင်းနေလေသော ဒဏ်ရာရထားသည့် တောဝက်ကြီးမှ···

"ဝူး···ဝူး···ဝုန်း"

"ဟာ···အို···ရှောင်၊ ဒိုင်း··ဒိုင်း···"

ကျွန်တော်နှင့် တင်မြတ် ဝဲယာနှစ်ဘက် ကျွမ်းထိုးမှောက်ခုံ အရှောင်ကောင်း၍ လွတ်သွား၏။ မိုးကျော်မှာ သတိကြီးစွာ ထားရင်း ရှောင်ဆိုသော အသံနှင့်အတူ လဲနေသော တုံးကြီးဘေး လှဲချရင်း ပစ်ခတ်လိုက်သော ကျည်နှစ်တောင့်။

"ဆရာကျော်နဲ့ တင်မြတ် လွတ်တယ်နော်"

"အေး မင်းရော"

"လွတ်တယ်။ တောဝက်ကြီးဗျ။ ရှေ့မှာ မှောက်သွားပြီ"

ပေး ၄၀ခန့်တွင် တရှူးရှူး နှာမှုတ်ရင်း လဲနေလေသော တောဝက်ထီးကြီးကား ကြောက်မက်ဖွယ်ပင်။ အစွယ်ကြီးတွေကား ကွေးကွေးကောက်ကောက်။ လုံသွား ထက်သည်မှာ ဒီအစွယ်ကြီးတွေကို မီမည်မထင်။

"ဟာ··ဆရာကျော်၊ သူ့တင်ပါးမှာ ကိုစိုင်းလုံရဲ့ မြားကြီး စိုက်နေတာဗျ"

"အေးဟ။ ဒါကြောင့် ကျားလိုကျားနာခဲ့ထင်တယ်ကွ"

သုံးယောက်သား မိုးလင်းသည်အထိ စောင့်ပြီးနောက် မိုးလင်းသောအခါ ပတ်ဝန်းကျင်အခြေအနေကို လေ့လာပြီး တောဝက်ကြီး သယ်ရန် စီစဉ်ရပါပြီ။

"ရွာသားတွေကို သွားခေါ်လိုက်မယ် ဆရာကျော်"

"အေး ကောင်းသားပဲ"

မိုးကျော်အောင် ရွာဘက်သို့ ထွက်သွားစဉ် တင်မြတ်တစ်ယောက် သေနတ် ပခုံးထမ်းဖြင့် ပတ်ဝန်းကျင် ရှင်းလင်းစဉ် ကျွန်တော့်အား ခေါ်လိုက်၏။

"ဆရာကျော်ရေ··ဆရာကျော်"

"ဘာလဲ တင်မြတ်"

"ဒီမှာ တစ်ကောင်ဗျ။ ဒီမှာ ချေမြားထိလို့ သေနေပြီ"

"ဒီမြားထိတဲ့ ချေကတော့ ကိုစိုင်းလုံ ပစ်တာကွ။ ဒါပေမယ့် သူပြောတာ မြားတစ်စင်းတည်းနဲ့ ချေပစ်တာတဲ့။ ခုတော့ ဟောဟို တောဝက်မှာ မြားတစ်စင်း"

"ထူးဆန်းတဲ့ တောပဲနော်။ ပစ်တာက ချေ။ မြားကလည်း တစ်စင်းတည်း။ မှန်တာကလည်း ချေ။ သေတာလည်း ချေ။ နောက် ဟိုတောဝက်ကို ဘယ်သူ ပစ်တာလဲ"

"ကဲ - တင်မြတ်ရေ ဘယ်သူပဲ ပစ်ပစ် စားရက်ကြလို့ မှတ်ဆိတ်များစွဲတာပေါ့ကွာ"

"အင်း···ဒါပေမယ့် အသက်ဘေးကတော့ သီသီလေး လွတ်တာ ကျွန်တော်နဲ့ ဆရာကျော်ပဲ၊ ဟဲဟဲ"

"အေး မင်းပြောမှ ပြန်တွေးမိတယ်။ အသက်ဘေးက သီသီလေးနော်။ အင်း···အသက်ဘေးက သီသီလေးပဲ"

ကျွန်တော် ယခုမှ ပြန်သတိရမိ၏။ မိုင်းကာချောင်းကို ဖြတ်စဉ် အမှန်တကယ် မြင်းခွာသံများ၊ ဓားခုတ်သံ တရှိုရှို ပြေးသံလွှားသံများကား ယနေ့တိုင် ရှိနေသေးသလား။ ဒီ စစ်နယ်မြေဒေသမှာတော့ ငါတို့ရဲ့ အသက်ဘေးက သီသီလေးလွဲခဲ့ပေမယ့် ထူးဆန်းမှုတွေကတော့ ယနေ့တိုင်ပါတကား။

* * *

မင်းရဲကျော်





www.burmeseclassic.com

www.burmeseclassic.com

■ တက္ကသိုလ်စိုးမိုးနိုင် ■

# ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

**ကိုဌေးလွင်**
**အင်းကုန်းရွာ၊ ပင်လည်ဘူးမြို့နယ်၊**
**စစ်ကိုင်းတိုင်းဒေသ။**

**မေး။ ။ အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။**

**ဖြေ။** ။ ကိုဌေးလွင်သည် တရုတ်ရိုးရာကမ္ဘာ့ရဝေဒဗေဒင်ပညာရပ်အရ နဂါး(မြေ)နှစ်ဖွား ဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီး ကိုင်ရိုရဲ့ ဂဏန်းဗေဒင်ပညာရပ်အရ (၉)ဂဏန်းသမားဖြစ်ပြီး အနောက်တိုင်း ဗေဒင်ပညာရပ်အရ မေထုန်ရာသီဖွား (Gemini)ဖြစ်ပါသည်။ ထို့ကြောင့် ကိုဌေးလွင်သည် တည်တည်တံ့တံ့နှင့် အေးအေးဆေးဆေး နေထိုင်တတ်သူဖြစ်သည်။ ပတ်ဝန်းကျင်ကို ဂရုစိုက်လွန်းသူဖြစ်သည်။ မြင့်မြတ်သော နှလုံးသားရှိသူမျိုးဖြစ်သည်။

ချစ်သူသည် ကြက်(သစ်သား)နှစ်ဖွား ဇာတာရှင်ဖြစ်သည်။ (၁)ဂဏန်းသမား၊ ပြိဿရာသီဖွား(Taurus) ဖြစ်သောကြောင့် အရာရာကို ဦးဆောင် တာဝန်ယူတတ်သူ၊ သွက်လက်ချက်ချာသူ၊ ချစ်စဖွယ်ဟန်ပန်အမူအရာရှိသူမျိုးဖြစ်သည်။

ကိုဌေးလွင်၏ အချစ်ပုစ္ဆာကို အဖြေထုတ်ရမည်ဆိုလျှင် ရာနှုန်းပြည့်နီးပါး အဆင်ပြေပြီး ဘဝကို အေးချမ်းစွာဖြတ်သန်းနိုင်ပါလိမ့်မည်။ ကိုဌေးလွင်အနေဖြင့် အချစ်တစ်ခုကို နှလုံးသားတွင် ကမ္ပည်းထိုးသောအခါတွင် ချစ်တတ်ရုံနှင့် မလုံလောက်တဲ့ နားလည်မှု၊ ကြင်နာမှု၊ စာနာမှု၊ တန်ဖိုးထားမှု၊ ပေးဆပ်အနစ်နာခံမှု၊ သစ္စာရှိမှု၊ မေတ္တာထားမှုတို့ များစွာလိုအပ်ကြောင်း မှတ်သားထားစေချင်ပါသည်။

**တိုကြီး**
**တောင်ကြီးမြို့။**

**မေး။ ။ ကံကောင်းခြင်း၏ လက်ဆောင် ယတြာတစ်ခုကို လိုချင်ပါသည်။**

**ဖြေ။** ။ တိုကြီးသည် တရုတ်ရိုးရာကမ္ဘာ့ရဝေဒဗေဒင်ပညာရပ်အရ နွား(ရေ)နှစ်ဖွား ဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီး ကိုင်ရိုရဲ့ ဂဏန်းဗေဒင်ပညာရပ်အရ (၄)ဂဏန်းသမားဖြစ်ပြီး အနောက်တိုင်း ဗေဒင်ပညာရပ်အရ ဗြိစ္ဆာရာသီဖွား (Scorpio)ဖြစ်ပါသည်။ ထို့ကြောင့် တိုကြီးသည် အကျင့်စရိုက်ကောင်းမွန်ပြီး ဉာဏ်ပညာထက်မြက်သူ ဖြစ်သည်။ သဘောထားပြည့်ဝသူ၊ စည်းရုံးရေးကောင်းသူ၊ လူချစ်လူခင်များသူဖြစ်သည်။

တိုကြီးဘဝမှာ ကြီးပွားချမ်းသာပြီး ကံကောင်းခြင်းအစစ်အမှန်ကို တွေ့ကြုံစေရန် ဤဘဝတွင် ကြီးပွားနိုင်ကြောင်း မင်္ဂလာတရားတော်နှင့်အညီ နေထိုင်ပါ။

* **ပဋိရူပဒေသဝါသော စ** - သင့်တော် လျောက်ပတ်သောအရပ်မှာ နေရမည်။

**သင့်တော်သော အရပ်(၈)မျိုး**

(၁) ရတနာသုံးပါးရှိသော အရပ်။
(၂) ပညာရှိ ပေါ်များသော အရပ်။
(၃) ဆေးဆရာကောင်းရှိသော အရပ်။
(၄) စာသင်ကျောင်းရှိသော အရပ်။
(၅) အစိုးရအုပ်ချုပ်ရေးရှိသော အရပ်။
(၆) ရာသီဥတု ညီမျှသော အရပ်။
(၇) ပစ္စည်းဥစ္စာရှာဖွေရ လွယ်ကူသော အရပ်။



www.burmeseclassic.com

www.burmeseclassic.com

(၈) လမ်းပန်းဆက်သွယ်ရေးလွယ်ကူသော အရပ်။

* **ပုဗ္ဗေစကတ ပုညတာ** - ရှေးဘဝက ပြုဖူးသော ကောင်းမှုရှိသူဖြစ်ရမည်။

**ကြိုတင်ကောင်းမှု ရှိသူ**

(၁) အသက်ရှည်သူ
(၂) အဆင်းလှသူ
(၃) ချမ်းသာကြီးသူ
(၄) ခွန်အားကြီးသူ
(၅) ပညာကြီးသူ စသည့် အကျိုးကျေးဇူး ခံစားရသူများသည် ကြိုတင်ကောင်းမှုရှိသူများပင် ဖြစ်သည်။

**ကြိုတင်ကောင်းမှု မရှိသူ**

(၁) အသက်တိုသူ
(၂) အရုပ်ဆိုးသူ
(၃) အလွန်ဆင်းရဲသူ
(၄) အားအင်ချည့်နဲ့သူ
(၅) ပညာမရှိသူ စသည့် ဝေဒနာများ ခံစားရသူတို့သည် ကြိုတင်ကောင်းမှု မရှိသောကြောင့်ဖြစ်သည်။

ကြိုတင် ကောင်းမှုရှိခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သောကြောင့် ကြိုတင်ပြီး ဒါန၊ သီလ၊ ဘာဝနာ တရားတို့ကို ပွားများအားထုတ်ကြစေချင်ပါသည်။

* **အတ္တသမ္မာပဏိဓိစ** - မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်း။

**ထိန်းသိမ်းပုံ (၅)မျိုး**

(၁) **သဒ္ဓါ** - ရတနာသုံးပါး ကြည်ညိုသောအားဖြင့် ထိန်းသိမ်းမှု။
(၂) **အစိကျေပ** - မိမိစိတ်ကို မလွှင့်ပါးသောအားဖြင့် ထိန်းသိမ်းမှု။
(၃) **သမ္မာဆန္ဒ** - ကုသိုလ်ပညာ လိုချင်သောအားဖြင့် ထိန်းသိမ်းမှု။
(၄) **အာတပ** - ကိုယ်ကျင့်တရားကောင်းသောအားဖြင့် ထိန်းသိမ်းမှု။
(၅) **ပရိဟိတ** - အများအတွက် ဆောင်ရွက်သောအားဖြင့် ထိန်းသိမ်းမှု။

တိုကြီး၏ ဘဝမှာ အကောင်းဆုံး ကံကြမ္မာကို တွေ့ဆုံစေရန် ကံဇကောင်းခြင်းလက်ဆောင် ယတြာမှာ သင့်တော်လျောက်ပတ်သော အရပ်မှာ နေပါ။ ကြိုတင်ပြီး ဒါန၊ သီလ၊ ဘာဝနာ၊ ဝိပဿနာများကို ပွားများပါ။ မိမိကိုယ် မိမိ ဘာသာတရားအခုံးအမဖြင့် ထိန်းသိမ်းပါ။ ထို့အပြင် အောက်ပါ မင်္ဂလာသုတ်လာ "ဤဘဝ မှချကြီးပွားကြောင်း" ဂါထာကို နေ့စဉ် သတိရတိုင်း ရွတ်ဆိုလျက် နှလုံးသွင်းပါ။

**ပဋိရူပ ဒေသဝါသော စ**
**ပုဗ္ဗေစ ကတပုညတာ**
**အတ္တ သမ္မာပဏိဓိ စ**
**ဧတံ မင်္ဂလမုတ္တမံ။ ။**

**ပဋိရူပ ဒေသဝါသော စ** - သင့်တင့်လျောက်ပတ်သောအရပ်၌ နေခြင်းသည် လည်းကောင်း၊ **ပုဗ္ဗေ** - ရှေ့ဘဝ၌၊ **ကတပုညတာ စ** - ပြုအပ်ဖူးသော ကောင်းမှုရှိသူ၏အဖြစ်သည် လည်းကောင်း၊ **အတ္တသမ္မာပဏိဓိ စ**- မိမိ၏ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထားခြင်းသည် လည်းကောင်း၊ **ဧတံ** - ဤသုံးပါးသော တရားသည်၊ **ဥတ္တမံ** - ကောင်းမြတ်သော၊ **မင်္ဂလံ** - မင်္ဂလာပေတည်း။

တိုကြီး၏ ဘဝခရီးမှာ အထက်ပါ ကံကောင်းခြင်း လက်ဆောင် ယတြာအတိုင်း ကျင့်ကြံနေထိုင်ပြီး ကံကောင်းမှု အပေါင်း ခညောင်းရောက်ရှိလာပါစေ။

**မအိအိဖြူ**
**မကွေးမြို့**

**မေး။** ။ **အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။**

**ဖြေ။** ။ မအိအိဖြူသည် တရုတ်ရိုးရာဂမ္ဘီရဝေဒဗေဒင် ပညာရပ်အရ ကြက်(ရေ)နှစ်ဖွား ဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီး ကိုင်ရိုရဲ ဂဏန်းဗေဒင်ပညာရပ်အရ (၉)ဂဏန်းသမားဖြစ်ပြီး အနောက်တိုင်း ဗေဒင်ပညာရပ်အရ ကုမ်ရာသီဖွား (Aquarius)ဖြစ်ပါသည်။ ထို့ကြောင့် မအိအိဖြူသည် စကားရည်လုရခြင်း၊ ငြင်းခုန်ရခြင်းကို ဝါသနာပါသူ၊ စည်းရုံးရေးကောင်းသူဖြစ်သည်။ ဉာဏ်ကောင်းသူဖြစ်သော်လည်း အသေးအဖွဲကိစ္စများအတွက် အကျိုးမဲ့ အချိန်ကုန်တတ်သူမျိုးဖြစ်သည်။

မအိအိဖြူ၏ နှလုံးသားပုစ္ဆာကို အဖြေထုတ်ရမည်ဆိုလျှင် အချစ်ဆိုသည်မှာ တစ်ခါတစ်ရံ နေမင်းပမာ ပူလောင်တတ်သည်။ ထို့ကြောင့် ငယ်ရွယ်စဉ် ဘဝလေးမှာ ပူလောင်တတ်သော အချစ်အကြောင်းကို မစဉ်းစားဘဲ ဘဝ အနာဂတ်အတွက် တိုးတက်ရာ တိုးတက်ကြောင်းများကို စဉ်းစားစေချင်ပါသည်။

* * *

ဇာတ္တာသိုလ်စိုးမိုးနိုင်



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏လက်ဆောင်မွန်

# ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

ဘဝရဲ့အောင်မြင်မှုမှာ အရေးအကြီးဆုံးက ဒဿနနဲ့ မှန်ကန်တဲ့ အသိတရားရှိဖို့လိုပါတယ်။ ရေလိုက်လွဲရင် အောင်မြင်မှုနဲ့ ဝေးလိမ့်မယ်။ တစ်ခါတစ်ခါ ယောင်ဝါးဝါးနဲ့လျှောက်နေရင်း ဘဝခရီးထဲမှာ မောပန်းလမ်းပျောက်နေမှုတွေ ရှိတတ်ပါတယ်။

ဒါ့ကြောင့် . . . ဒဿနိကဗေဒ၊စိတ်ပညာပိုင်းဆိုင်ရာ၊နက္ခတ္တဗေဒအမြင်၊ဂဏန်းဗေဒင်ပညာ၊ တိုင်းရင်းဆေးပညာအမြင် ရှုထောင့်စုံမှ သင့်ဘဝအောင်မြင်ရေးအတွက် ဆရာနိုင်သမျှ သင့်ကိုကူညီမှာပါ။

အောက်ဖော်ပြပါ အချက်အလက်များထဲမှ သင်နှစ်သက်ရာတစ်ခုကိုသာ မေးခွင့်ရှိပါသည်။

- **A** - ဒီနှစ်ထဲမှာ ကံကောင်းမလား။
- **B** - ကံကောင်းခြင်းရဲ့လက်ဆောင်၊ ယတြာတစ်ခု လိုချင်ပါသည်။
- **C** - ကျန်းမာရေးဓာတ်စာကို ပေးပါ။(ခံစားနေရမှု ဝေဒနာကို ဖော်ပြရန်လိုသည်။)
- **D** - ကျန်းမာရေးကောင်းစေရန် ယတြာကိုပေးပါ။
- **E** - အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။ (ချစ်သူ၏ မွေးနေ့၊ရက်၊လ၊ ခုနှစ်၊ မွေးဒေသနှင့် လူမျိုးတို့ကို ဖော်ပြရန်လိုပါသည်။)
- **F** - ဘဝအောင်မြင်ရေး ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။(အမည်၊ မွေးနေ့၊ရက်၊လ၊ခုနှစ်၊အချိန်၊ မွေးဒေသ၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ ပညာအရည်အချင်းတို့ကို ဖော်ပြရန် လိုပါသည်။
- **G** - အပ်စပ်သော အမိဋ္ဌာန်တစ်ရပ်ကို သိလိုပါသည်။

## ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမည် ။ ။ ____________________

မွေးခုနှစ်၊လ၊ရက် ။ ။ ____________________

နေရပ်လိပ်စာ ။ ။ ____________________

____________________

____________________

မိမိမေးလိုသည့် ။ ။ ____________________

မေးခွန်းအကြောင်းအရာ ____________________

သင်သိလိုသောမေးခွန်းတစ်ခု၏အက္ခရာကိုအမှန်(✓)ခြစ်၍ ဖော်ပြပါ။

**A** (   ) **B** (   ) **C** (   ) **D** (   ) **E** (   ) **F** (   ) **G** (   )

✂ ------------------------------------------------------------

ဤပုံစံတွင်ဖြည့်စွက်၍ဖြတ်ပြီးလျှင် အောက်ပါလိပ်စာသို့ပို့လိုက်ပါလေ။ (သို့မဟုတ်)

ဤပုံစံအတိုင်းမိမိလက်ရေးဖြင့်လည်းပေးပို့လို့ရပါတယ်။

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း

ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမှတ် - ၁၇၉ (မြေညီထပ်)၊ ၃၁ - လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၇၄၄၈၅



www.burmeseclassic.com

www.burmeseclassic.com



# ကျောင်းလာအပ်သော ပရလောကသားများ

လှစံ(ပညာရေး)

(၁)

အချိန်ကား ၁၉၈၆ ခုနှစ်၊ နိုဝင်ဘာလ၏ တစ်ခုသောညာ၊ ကျွန်တော် တာဝန်ထမ်းဆောင်ရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ အထက်တန်းကျောင်း တစ်ကျောင်းတွင် ကျောင်းလုံခြုံရေးအတွက် ဆရာ၊ ဆရာမများ နေ့/ည လုံခြုံရေး တာဝန်ထမ်းဆောင်စဉ် ကြုံတွေ့ခဲ့ရသော အကြောင်းအရာတစ်ခုပင် ဖြစ်ပါသည်။

ထိုစဉ်အခါက ကျွန်ုပ်တို့ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

တွင် ယောက်ျားဆရာဦးရေ အသင့်အတင့်ရှိသောကြောင့် ညဂျူတီကို ဆရာများက တာဝန်ယူ စောင့်လေ့ရှိသည်။ ကျောင်းသည် သစ်သားနှစ်ထပ်ကျောင်းဟောင်းကြီးဖြစ်ပြီး ထုထည်ကြီးမား၍ အလွန်ခိုင်ခံ့သော ကျောင်းကြီးဖြစ်သည်။ ကျောင်းအောက်ထပ်တွင် စတိတ်စင်နှင့် တွဲထားသော အစည်းအဝေးပြုလုပ်ရာခန်းမကြီး ရှိသည်။ ကျောင်းကပွဲများ၊ အစည်းအဝေးများ၊ ဟောပြောပွဲများ ပြုလုပ်လေ့ရှိသော ခန်းမကြီးဖြစ်သည်။

ညဘက် လုံခြုံရေးတာဝန်ကျ ဆရာများ လုံခြုံရေးတာဝန်စောင့်ရင်းနားနေအိပ်စက်သောနေရာသည် ၎င်းစတိတ်စင်ပင်ဖြစ်သည်။ တာဝန်ကျ ဆရာအများစုက ၎င်းတို့သည် ည ၁၂ နာရီကျော်လျှင် ကျောင်းအပေါ်ထပ်မှ လမ်းလျှောက်သံများ၊ စကားပြောသံများ၊ ခုံရွှေ့သံများကို ကြားရလေ့ရှိကြောင်း၊ တစ်ခါတစ်ရံ လူမမာကဲ့သို့ ညည်းသံများလည်း ကြားရတတ်ကြောင်း ပြောကြသည်။ မကောင်းသော အနံ့အသက်များလည်း ရတတ်သည်ဟု အချင်းချင်းပြောဆိုကြရာ ကျွန်ုပ်က "ဘာတွေ မြင်ရသလဲ"ဟု မေးကြည့်ရာ ဘာမှမြင်တွေ့ရခြင်းတော့ မရှိကြောင်း၊ ၎င်းတို့ အပေါ်ထပ်သို့ တက်၍ မီးဖွင့်ကြည့်လျှင် အသံများအားလုံးငြိမ်သက်သွားကြောင်း၊ ထိုင်ခုံများလည်း လဲပြိုနေခြင်းမရှိကြောင်း ဖြေကြသည်။

ကျွန်ုပ်က ကျောင်းအပေါ်ထပ်တွင် ကြောင်များ၊ ကြွက်များ ရှိနေခြင်းကြောင့် ထိုအသံများဖြစ်နိုင်ကြောင်း၊ မျက်နှာကျက်ပေါ်ရှိ ခိုငှက်များ၏ အသံသည် လူမမာ ညည်းညူသံနှင့် တူကြောင်း၊ အနံ့အသက်ဆိုးများမှာလည်း အမှိုက်ပုံနှင့် ပတ်ဝန်းကျင်ရှိ အိမ်များကြောင့် ဖြစ်နိုင်ကြောင်း ပြောပြရသည်။

တစ်နေ့တွင် ရပ်ကွက်သမဝါယမ ညီလာခံပြုလုပ်ရန် မြို့နယ်ပညာရေးမှူး ခွင့်ပြုချက်ဖြင့် ဤကျောင်းတွင် အခမ်းအနား လာရောက်ပြင်ဆင်ကြသည်။ အခမ်းအနားပြင်ဆင်သော အရန် မီးသတ် ရဲဘော်လေးများသည် စတိတ်စင်ပေါ်တွင် ညအိပ်စောင့်ကြသည်။ နောက်တစ်နေ့နံနက်တွင် ၎င်းတို့က ကျွန်ုပ်အား...

"ဆရာရေ..ညက ကျွန်တော်တို့လေးယောက် စတိတ်စင်ပေါ်မှာ အိပ်ကြတယ်။ မနက်မိုးလင်းတော့ သူတို့နှစ်ယောက် စတိတ်ခုံအောက် ကြမ်းပြင်ပေါ် ရောက်နေတယ်။ သူတို့ ခြေထောက်ကို လာဆွဲချသွားတာလို့ ပြောကြတယ် ဆရာ"

ဟု ကျွန်တော့်အား ပြောရာ...

"ဒီစတိတ်စင်ပေါ်မှာ ညဂျူတီဆရာတွေလည်း အိပ်ကြတာပဲ။ သူတို့ ဘာမှမဖြစ်ကြပါဘူး။ မင်းတို့ တစ်ယောက်နဲ့ တစ်ယောက် နောက်ပြီး ဆွဲချထားတာ ဖြစ်မှာပေါ့"

ဟု ပြောခဲ့ရသည်။

ဤအတိုင်းလည်း ဖြစ်နိုင်သည်။ လူငယ်အချင်းချင်း စ,ကြ နောက်,ကြမည်ဖြစ်သည်။ ထို့ပြင် ဤကျောင်းတွင် ပရလောကသားများ ရှိနေကြသည်ဆိုလျှင် ၎င်းတို့သည် ဆရာများကို အနှောင့်အယှက်မပေးဘဲ အပြင်လူစိမ်းများကိုသာ အနှောင့်အယှက်ပေးခြင်းလောဟု စဉ်းစားစရာဖြစ်ခဲ့ရသည်။ စိတ်ထဲမှာတော့ အမျိုးမျိုးတွေးတောလျက် ရှိနေသည်။

(၂)

ဤသို့ဖြစ်ပြီး တစ်ပတ်မျှအကြာတွင် ကျွန်ုပ်သည် ကျောင်းစာရေးကြီး ဦးလှမြင့်နှင့်အတူ ညဂျူတီစောင့်ဖို့ ဖြစ်လာသည်။ အခြား ဆရာများကဲ့သို့ ကျောင်းအောက်ထပ်တွင် မအိပ်ဘဲ ကျောင်းအပေါ်ထပ် ဘုရားခန်းတွင် အိပ်ရန် ပြင်ဆင်လိုက်သည်။ ဘုရားခန်းသည် အတက်အဆင်းလှေကားထိပ်တွင် ရှိပြီး အတွင်းတံခါးသည် အပေါ်ပိုင်းတွင် သံဇကာတပ်ထားသဖြင့် အပြင်ဘက်ကို လွယ်ကူစွာ မြင်တွေ့နိုင်သည်။ ကျောင်းအပြင်ဘက်သို့လည်း ပြတင်းပေါက်မှ အားလုံးကို မြင်တွေ့နိုင်သော နေရာကောင်းတစ်ခုဖြစ်သည်။ ဘုရားခန်းအောက် တစ်ဆင့်နိမ့်သော လှေကားဘေးရှိ အခန်းတွင် စားပွဲတင်တင်းနစ်ကစားသောခုံရှိသည်။ စာရေးကြီး ဦးလှမြင့်သည် ထိုခုံပေါ်တွင် အိပ်ရာပြင်ဆင်နေသည်ကို တွေ့ရသည်။

ကျွန်ုပ်သည် ဘုရားခန်းအတွင်းနှင့် လှေကားထိပ် ကြမ်းပြင်နေ့တွင် တံမျက်စည်းလှဲခြင်းပြုပြီးနောက် စာရေးကြီးနှင့်အတူ ကျောင်းတွင်းကျောင်းပြင် လိုက်လံစစ်ဆေးကြသည်။ နှစ်ဦးသား လုပ်ဆောင်စရာကိစ္စများ ဆောင်ရွက်ပြီး ထွေရာလေးပါး စကားပြောဆိုကြသည်။ ည ၁၂ နာရီကျော်ချိန်တွင်တော့ နှစ်ဦးစလုံး အိပ်ရာဝင်ကြသည်။ မကြာမီပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်။

"ဆရာ"

"ဆရာ"

ကျွန်ုပ်၏ နားထဲတွင် "ဆရာ"ဟု ခေါ်နိုးသံကို ကြားလိုက်မိသည်။ ထို့နောက် အိပ်ရာမှထပြီး တံခါးပေါက်သို့ ရောက်သွားသည်။ အပြင်ဘက်သို့ လှမ်းကြည့်လိုက်ရာ လှေကားထိပ် တံခါးဝတွင် ကျောင်းသား၊ ကျောင်းသူ ၁၀ယောက်ခန့်ကို တွေ့လိုက်ရသည်။ ရှေ့ဆုံးမှ ကျောင်းသားသည် မောင်ကျော်ငြိမ်း။ သူ့ကို ကျွန်ုပ် ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်းမှတ်မိသည်။

ဤရပ်ကွက်ရှိ တစ်ခုသော ဘုန်းကြီးကျောင်းဝိုင်းထဲတွင် ကျူးကျော်တဲဆောက်လုပ်၍ နေထိုင်ရသော မိသားစုမှ သားငယ်တစ်ယောက်ဖြစ်သည်။ မိဘများမှာ အလွန်ဆင်းရဲကြသော်လည်း တစ်ဦးတည်းသော သားငယ်ကို ကြိုးစား၍ ကျောင်းထားပေးကြသည်။ မောင်ကျော်ငြိမ်းကလည်း အလွန်လိမ္မာသည်။ စာကြိုးစားသည်။ ဆရာ၊ ဆရာမများကိုလည်း ရိုသေလေးစားသည်။ စည်းကမ်းရှိသေး၍ ကျောင်းအလုပ်များကို တာဝန်ကျေအောင် ပြုလုပ်ပေးတတ်သူဖြစ်သည်။ ထို့ကြောင့်လည်း ဆရာ၊ ဆရာမများ၏ ချစ်ခင်ကြင်နာမှုကို ရရှိနေသူဖြစ်သည်။ ကျောင်းအားရက်များတွင်လည်း မောင်ကျော်ငြိမ်းသည် ရရာအလုပ်များ ရှာဖွေလုပ်ကိုင်၍ မိဘများကို ကူညီလေ့ရှိသည်။

တစ်နေ့တွင် ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ မန်ကျည်းပင်မှ မန်ကျည်းရွက်နုများကို ခူး၍ ရောင်းရန်အတွက် အပင်ပေါ် တက်ခဲ့သည်။ ထိုအပင်သည် သူ တက်နေကျအပင်ဖြစ်သော်လည်း ထိုနေ့က ကံမကောင်းစွာဖြင့် အပင်ပေါ်မှ မြေကြီးပေါ်သို့ ခေါင်းဖြင့် လိမ့်ကျခဲ့ပြီး သတိမေ့မြောသွားခဲ့သည်။ နောက်နှစ်ရက်အကြာတွင်တော့ အားလုံးကို သူ ခွဲခွာသွားခဲ့လေပြီ။

ယခုညတွင် တပည့် မောင်ကျော်ငြိမ်းနှင့် ကျောင်းသားအချို့ ကျွန်ုပ်၏ တံခါးဝတွင် ရောက်နေသည်။ ကျွန်ုပ်အား တံခါးကို ဖွင့်မပေးရဲပါ။ သူ၏နောက်တွင်လည်း တပည့်များ ဖြစ်ခဲ့ဖူးသော မောင်မိုးကြည်၊ မောင်စံသင်း၊ မောင်ကောင်း စသော ကျောင်းသားများနှင့် ကျောင်းသူအချို့ကို တွေ့ရသည်။ သူတို့အသီးသီးလည်း အကြောင်းအမျိုး



မျိုးဖြင့် ကွယ်လွန်ခဲ့ကြပြီးသူများ ဖြစ်ကြသည်။

ကျွန်ုပ်သည် စာရေးကြီး ဦးလှမြင့် အိပ်သည်နေရာဖြစ်သော စားပွဲတင် တင်းနစ်ခုံရှိရာဘက်သို့ စွေစောင်းကြည့်လိုက်သည်။ သူ၏ ခြင်ထောင်ဘေးတွင်လည်း ကျောင်းသား ၅ယောက်ခန့်ကို တွေ့ရသည် ဦးလှမြင့်ကား သိဟန်မတူ။

"ဆရာ . . . ကျွန်တော်တို့ ကျောင်းပြန်တက်ချင်တယ် ဆရာ။ အခု ကျောင်းအပ်ဖို့ လာကြတာပါ"

တပည့်ချစ်ကလေး မောင်ကျော်ငြိမ်းထံမှ ထွက်လာသောအသံဖြစ်သည်။ သူ၏ နောက်မှ မောင်မိုးကြည်ကလည်း . . .

"ကျွန်တော်လည်း ကျောင်းပြန်တက်ချင်တယ် ဆရာ"

ဟု ပြောလာသည်။ ကျွန်ုပ် ဘာလုပ်ရမည်နည်း။ သူတို့ကို ကျွန်တော် ချစ်ပါသည်။ သနားပါသည်။ သို့သော် ဆရာတစ်ယောက်အနေဖြင့် ဤကျောင်းတွင် နေခွင့်ပြုလိုက်လျှင် နေခွင့်ရသွားနိုင်မည်လော။ ကျောင်းတွင် အနှောင့်အယှက်အမျိုးမျိုးပေးကြမည်လော။ စာသင်ခန်းများတွင် အမွှေးနံ့များ၊ အပုပ်နံ့များ ပေးကြမည်လောဟူသော "လော" အမျိုးမျိုးဖြင့် စဉ်းစားကြည့်မိသည်။ ထို့ကြောင့် ကျွန်ုပ်မှ . . .

"မင်းတို့ ကျောင်းလာအပ်တာ နောက်ကျနေပြီကွ။ အခု ဒီဇင်ဘာလတောင် ရောက်နေပြီ။ ကျောင်းအပ်လို့ မရတော့ဘူး။ နောက်နှစ်မှ လာကြပေါ့ကွာ။ အခု ပြန်ကြဦး"

ဟု ပြောပြီး လောလောဆယ်ပြဿနာကို ပြီးပြတ်အောင် ပြောလိုက်သည်။ ထိုအခါ သူတို့၏ မျက်နှာများ ညှိုးငယ်သွားသည်ကို တွေ့ရသည်။ ကျောင်းသူတစ်ယောက် ဆိုလျှင် မျက်ရည်များပင် ကျလာသည်။

"ကျွန်တော်တို့ ကျောင်းတက်ချင်လွန်းလို့ပါ ဆရာရယ်၊ လက်ခံပေးပါနော် ဆရာ"

နောက်ဘက်မှ မောင်မိုးကြည်၏ အသံဖြစ်သည်။ သူသည်လည်း မနှစ်က ကျောင်းပိတ်ရက်တွင် တောရွာသို့ အလည်သွားရာမှ ရေနစ်သေဆုံးခဲ့သူဖြစ်သည်။

"ဘယ်လိုမှ မင်းတို့ကို လက်ခံလို့ မရလို့ပါကွာ။ ဆရာလည်း စိတ်မကောင်းပါဘူး"

ဟု ပြောလိုက်ရသည်။

"ဒီလိုဆိုရင်လည်း ဆရာရယ် . . နောက်နှစ်မှ ကျွန်တော်တို့ ပြန်လာခဲ့တော့မယ်"

ဟု မောင်စံသင်းက ဝမ်းနည်း



www.burmeseclassic.com

www.burmeseclassic.com

သံကြီးဖြင့် ပြောပြီး သူတို့ ကျောင်းအောက်သို့ ပြန်ဆင်းသွားကြသည်။

အကယ်၍များ သူတို့တွေ နောက်နှစ်တွင် စောစောစီးစီး ကျောင်းလာအပ်ကြလျှင် မည်သို့လုပ်ရမည်နည်းဟု စဉ်းစားတွေးတောနေမိသည်။

ကျောင်းစာရေးကြီး အိပ်သောခြင်ထောင်ဘေးရှိ ပရလောကသားကျောင်းသားများလည်း ကျောင်းအောက်သို့ ပြန်ဆင်းရန် လှေကားရှိရာဘက်သို့ ပြန်လာနေကြသည်ကို တွေ့ရသည်။ ထိုအချိန်တွင် ကျောင်းသူတစ်ယောက်သည် လမ်းတွင် ရှိသော ကုလားထိုင်တစ်လုံးကို မတော်တဆ ဝင်တိုက်မိလိုက်သည်။ ကုလားထိုင် လဲပြိုသံက ဒုန်းခနဲ ကျယ်လောင်စွာ မြည်သွားခဲ့သည်။

(၃)

ဒုန်းခနဲ မြည်သံကြောင့် ကျွန်ုပ်အိပ်ရာမှ လန့်နိုးခဲ့လေပြီ။ အိပ်မက်မက်နေတာလား၊ တကယ်ဖြစ်နေတာလား မဝေခွဲနိုင်။ ဖြစ်ပျက်သမျှအားလုံးကိုတော့ မှတ်မိနေသည်။ ဆောင်းတွင်းကာလ မအိပ်ခင်အချိန်တွင် ဤကျောင်းမှာ ကျောင်းနေရင်း ကွယ်လွန်သွားကြသော တပည့်များအကြောင်းကို စဉ်းစားနေခဲ့သောကြောင့် အိပ်မက်မက်နေခြင်းဖြစ်ရမည်ဟု ယုံကြည်မိသည်။ ထို့ကြောင့် အိပ်ရာမှ ထ၍ မီးခလုတ်ကို ဖွင့်လိုက်သည်။ စာရေးကြီးကား အိပ်ပျော်နေဆဲ။ ဟောက်သံများပင် ပေးလိုက်သေးသည်။

တံခါးဖွင့်၍ အပြင်ကို ထွက်လိုက်သည်။ အိပ်ရာမဝင်ခင်က ကျွန်ုပ်ကိုယ်တိုင် ပြောင်စင်အောင် ထပ်မံလှည်းထားခဲ့သော ကြမ်းပြင်တွင် အမှိုက်စများ၊ မြေမှုန့်များ၊ ရွှံ့ခြေရာများကို တွေ့ရသည်။ အောက်ဘက် ကြမ်းပြင်မှာတော့ လဲပြိုနေသော ကုလားထိုင်တစ်လုံး။ ဘာကြောင့် ဒီလိုဖြစ်နေကြသနည်း။ ကျွန်ုပ် မဝေခွဲနိုင်ဖြစ်ခဲ့ရသည်။

ကျွန်ုပ်တို့ စာသင်ကျောင်းများတွင် ဝန်ထမ်းများနှင့် ကျောင်းသားများ ကွယ်လွန်အနိစ္စရောက်မှုများ ရှိတတ်ပါသည်။ ထိုအခါ ကျောင်းအုပ်ကြီးများမှ အမိန့်စာထုတ်ပြန်၍ ကျောင်းနှင့် မသက်ဆိုင်တော့ကြောင်း၊ ကျောင်းမှ ထုတ်ပယ်လိုက်ပြီးဖြစ်ကြောင်း၊ အမိန့်စာဖတ်ခြင်း၊ ထည့်ပေးခြင်းများ ပြုလုပ်လေ့ရှိသည်။ သို့ရာတွင် အချို့ရပ်ဝေးတွင် ကွယ်လွန်ကြသူများအတွက် မည်သို့မျှ လုပ်ဆောင်ပေးနိုင်ခြင်း မရှိခြင်းများလည်း ရှိခဲ့သည်။

ပုဂ္ဂိုလ်၊ သတ္တဝါတိုင်းသည် သေပြီးသည့်နောက် ဂတိနိမိတ်ထင်လာသည့်အားလျော်စွာ လူ့ဘုံ၊ နတ်ဘုံ၊ တိရစ္ဆာန်ဘုံတို့တွင် ဖြစ်ကြရသည်။ ကွယ်လွန်ခါနီးကာလ နလုံးသွင်းမကောင်းခဲ့လျှင် လည်းကောင်း၊ သားစွဲ၊ သမီးစွဲ၊ ဥစ္စာစွဲ၊ ကျောင်းစွဲ စသည်ဖြင့် အစွဲတစ်မျိုးမျိုးဖြင့် ကွယ်လွန်သေဆုံးခဲ့လျှင် ပြိတ္တာဘုံသို့ ရောက်ကြရသည်။ ပြိတ္တာတို့သည် ခြောက်လှန့်တတ်ကြသောကြောင့် ပါဠိဘာသာအရ "တစ္ဆေတိ"ဟု ခေါ်ပြီး အများက "တစ္ဆေ"ဟု ခေါ်ဆိုကြလေသည်။

တစ္ဆေက လူကို ခြောက်ရာတွင် အခြောက်ခံရသူသည် ကံနိမ့်၍ အခြောက်ခံရခြင်း၊ နောက်ပြောင် ကျီစယ်လို၍ ခြောက်ခြင်း၊ အမျှအတန်းဝေသည်ကို ခံယူလို၍ ခြောက်ခြင်း၊ ဥစ္စာပေးလို၍ ခြောက်ခြင်း၊ စွဲလမ်းခင်မင်သည့်အတွက် ခြောက်ခြင်းဟူ၍ အမျိုးမျိုးရှိလေသည်။ အများအားဖြင့် ပြိတ္တာ၊ သရဲ၊ တစ္ဆေတို့ ခြောက်ခြင်းသည် သူတို့၏ ဆန္ဒကို သက်ဆိုင်သူများ သိနိုင်ရန် ပြောပြခြင်း၊ အကူအညီတောင်းခံလိုခြင်းအတွက် အရိပ်အယောင်ပြခြင်းပင် ဖြစ်ပေမည်။

ထို့ကြောင့်လည်း ကျွန်ုပ်တို့ ကျောင်းများတွင် နှစ်စဉ်မပျက် ပြုလုပ်ကြသော ဝါဆိုသင်္ကန်းကပ်ပွဲ၊ ကထိန်ပွဲ စသည့် အလှူပွဲများတွင် တရားနာ၊ ရေစက်ချ အမျှဝေခြင်း မပြုလုပ်မီ မိမိတို့ကျောင်းမှ ကွယ်လွန်သွားကြပြီးဖြစ်သော ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများကို တရားနာကြွရောက်ကြရန် ဖိတ်ခေါ်၍ အမျှပေးဝေခြင်းအားဖြင့် ကျွတ်ထိုက်သူများ ကျွတ်တန်းဝင်နိုင်ကြမည်ဖြစ်လေသည်။ ထို့ကြောင့်လည်း အထက်ပါ ကိစ္စများ အိပ်မက်လိုလိုဖြစ်ပြီးနောက် ကျွန်ုပ်၏ ကျောင်းတွင် ပြုလုပ်သော အလှူပွဲများတွင် သက်ဆိုင်သူများကို တရားနာဖိတ်၍ အမျှပေးဝေခြင်း ပြုလုပ်ခဲ့ရာ တပည့်ဖြစ်သူများထဲမှ ပရလောကသို့ ရောက်ရှိနေကြသူများ ကျွတ်တန်းဝင်သွား၍လား မသိ၊ နောက်နှစ်တွင် ကျောင်းအပ်ရန် လာရောက်ခြင်း မရှိကြတော့ပေ။ ဂမ္ဘီရလောကသည် ဆန်းကြယ်ပေစွတကား■


* * *

လှခံ(မဥာဓရေး)



www.burmeseclassic.com

www.burmeseclassic.com



# ဘုန်းကံမြင့်မားအပွင့်အလန်းအတွက် အဆောင်

■ ဦးကျော်(ပြည်)

မြန်မာတို့နှင့် လိုက်လျောညီထွေဖြစ်စေသော၊ သဘာဝတဖြစ်စေသော မြန်မာ့ဂန္ဓာရီပညာရပ် အမျိုးမျိုးရှိကြပါသည်။

ဤအဆောင်အစီအမံမှာ မြန်မာ့ဂန္ဓာရီပညာရှင်များ အသုံးအစွဲပြုခဲ့သည်ဆိုသော များစွာသော အဆောင်အစီအမံများထဲမှ တစ်မျိုးဖြစ်ပါသည်။ ကျွန်ုပ် ရေးသားထုတ်ဝေခဲ့ဖူးသော "အောင်မြင်ကြီးပွား အဆောင်များ"ဟူသော လုံးချင်းစာအုပ်ထဲမှ ကူးယူဖော်ပြပေးလိုက်ခြင်းဖြစ်ပါသည်။ ဘုန်းကံမြင့်မား အပွင့်အလန်းအတွက် အဆောင်ဟူ၍ ကင်ပွန်းတပ်ထားပါသည်။

လူတစ်ယောက် ဘုန်းကံကြီးမားရန်မှာ မိမိကိုယ်တိုင်ကလည်း ဘုန်းကံကြီးမည့်အလုပ်များကို နေ့တာရှစ လုပ်နေရန် လိုအပ်ပါသည်။ ဓမ္မအရ သုညကြိယာ ၁၀ပါးဖြစ်သည်။ ဤနေရာမှာတော့ လောကီ ပညာရပ်ဆိုင်ရာများကိုသာ ဦးတည် ဖော်ပြထားပါသည်။

အသက်ရှည်ပြီး ကျန်းမာဖို့ ဆိုသည်မှာလည်း အစားအသောက် အနေအထိုင် ကျန်းမာရေး အမြဲသတိရှိနေရပါမည်။ ကျန်းမာရေးကောင်းအောင် စောင့်ရှောက်တတ်သော ဗဟုသုတ လိုအပ်ပါသည်။ ယတြာချေခြင်း၊ ဓာတ်ရိုက်ခြင်း၊ ဓာတ်ဆင်ခြင်း၊ အဆောင်တွေ ဆောင်ထားရုံမျှနဲ့တော့ လက်တွေ့ အကျိုးများနိုင်ခြင်း မရှိနိုင်ပါ။

ယခု တင်ပြပေးမည့် အဆောင်အစီအမံသည် ဘုန်းကံ




www.burmeseclassic.com

www.burmeseclassic.com

ကြီးမားပြီး အသက်ရှည်ခြင်းကို အထောက်အပံ့ဖြစ်စေပါသည်။


ဤအဆောင်မှာ လွယ်ကူပါသည်။ မိမိကိုယ်တိုင်ရေးဆွဲရပါမည်။ ရေးဆွဲရာ၌ အပေါ်ထောင် တြိဂံတစ်ခုနှင့် အောက်စိုက် တြိဂံတစ်ခုကို ထပ်ပြီး ရေးဆွဲရုံပါပဲ။

ပုံ (၁)ဟာ အပေါ်ထောင် တြိဂံဖြစ်သည်။ ဓာတ်ဖို သဘောဆောင်ကြောင်း အာရုံထဲမှာ သိထားပါ။




ပုံ (၁)

ပုံ (၂)ဟာ အောက်စိုက် တြိဂံဖြစ်သည်။ ဓာတ်မ သဘော သဘာဝရှိကြောင်း အာရုံထဲမှာ ထင်မြင် သိထားပါ။



ပုံ (၂)

ပုံ (၃)ဟာ ဖိုဓာတ်သဘာဝ အပေါ်ထောင် တြိဂံနှင့် ဓာတ်မ သဘာဝရှိ အောက်စိုက် တြိဂံနှစ်ခုကို ထပ်ဆွဲလိုက်ပါက "ခြောက်ထောင့်ကြယ်"ဖြစ်လာပါမည်။ ဤသို့ဆိုလျှင် သင့်အတွက် "အဆောင်သရုပ်"ဖြစ်သွားပါပြီ။



ပုံ (၃)

အဓိက မေးစရာတစ်ခုတော့ ရှိသည်။ ခြောက်ထောင့်ကြယ်ဖြစ်အောင် ရေးဆွဲလိုက်ရုံနှင့် အစွမ်းသိဒ္ဓိရအဆောင်ဖြစ်သွားပြီလားဆိုသော မေးခွန်း မေးနိုင်ပါသည်။

မဖြစ်သေးပါခင်ဗျာ။

လုံးဝ (လုံးဝ)ကို မဖြစ်သေးပါဟု ပြောပါရစေ။

ခြောက်ထောင့်ကြယ်ရေးဆွဲခြင်းသည် သရုပ်သဘောသာ ဖြစ်ပါသေးသည်။ အစွမ်းသိဒ္ဓိများ ပြည့်ဝလာအောင်၊ စွဲထင်လာအောင် အားဖြည့်ပေးရန် လိုပါသေးသည်။

ဤနေရာ၌ တစ်ခုပြောလိုသည်မှာ အဆောင်များ၊ အစီအရင်များ၊ ယတြာများ ပြုလုပ်တိုင်း ဂါထာမန္တန်များ မန်းမှုတ်ရွတ်ဆိုရခြင်းသည် အစွမ်းသိဒ္ဓိများ ဖြည့်စွမ်းမှုဖြစ်ပါသည်။ သို့မှသာ ရေးဆွဲထားသော သရုပ်သည် သိဒ္ဓိများ ပြည့်ဝပြီး အဆောင်စွမ်းဖြစ်လာနိုင်ပါသည်။

ဂမ္ဘီရပညာရပ်ဝန်းတွင် အာရုံထင်မြင်ပေးခြင်းသည်လည်း အလွန်အရေးပါပါသည်။ အစွမ်းသိဒ္ဓိများ ပြည့်ဝပြီဖြစ်ကြောင်း မိမိအာရုံမှာ ယုံကြည် ထင်မြင်ပေးနိုင်ရပါသည်။

ဤခြောက်ထောင့်ကြယ်အဆောင်၌ ဗုဒ္ဓမြတ်စွာ၏ ဘုန်းတော်ခြောက်ပါးကို အာရုံစူးစိုက်ပြီး ကမ္မဋ္ဌာန်းစီးဖြန်းပေးရသည်။ ဘုန်းတော် ခြောက်ပါးဆိုသည်မှာ -

(၁) ဣဿရိယ - အစိုးရခြင်း
(၂) ဓမ္မ - ဉာဏ်ပညာနှင့် ပြည့်စုံခြင်း
(၃) ယသ - အခြံအရံ တင့်တယ်ပေါများခြင်း
(၄) သိရီ - အသရေတော်နှင့် ပြည့်စုံခြင်း
(၅) ကာမ - အလိုတော်ရှိရာ ပြည့်စုံခြင်း
(၆) ပယတ္တ - အား၊ လုံ့လနှင့် ပြည့်စုံခြင်းတို့ဖြစ်ပါသည်။

ရေးဆွဲစဉ်မှာ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို အာရုံစူးစိုက်ထားရခြင်းပါပဲ။

ကျွန်ုပ်ပြောခဲ့သလို လုပ်ဆောင်ရာမှာလည်း တကယ်တမ်း ယုံကြည်နိုင်ဖို့ လိုအပ်ပါသေးသည်။ လောကီ ဂမ္ဘီရပညာရပ်တိုင်းသည် ယုံကြည်ချက်နှင့် လုပ်ဆောင်ကြရပါသည်။


သို့ဖြစ်လေရာ ဤအဆောင်ကို ဆောင်ထားခြင်းဖြင့် ဇော် ဘုန်းကံမြင့်မား အပွင့်အလန်းကောင်းမည် ဆိုခြင်းကို အာရုံထဲမှာ စွဲစွဲထင်ထင်ရှိနေဖို့ လိုအပ်ပါကြောင်း။

* * *

ဦးကျော်မြင့်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(၁)

တပေါင်းလ ညချမ်းသည် လမွန်းမတည့်သေးသည့်ကာလ၊ ၁ဝနာရီကျော်ရုံလေးသာ ရှိသေးသည်။ တစ်နေ့လုံး ပင်ပန်းလာသမျှကိုလည်း အတိုးချကာ အနားယူသင့်သည့်ကာလဟု မိုးကျော် ထင်မိသည်။ ထို့ကြောင့်လည်း သူ ကားသိမ်းရန်အချိန်ဟု ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့်လည်း နောက်ဆုံးခရီးစဉ်အဖြစ် သူ ဗိုလ်တထောင်ဘုရားမှ ခရီးသည်မိသားစုကို ယုဇနဥယျာဉ်မြို့တော်သို့ ပို့ဆောင်ပေးခဲ့သည်။ အားလုံး မိသားစုလေးယောက်ဖြစ်သည်။ လမ်းခရီးစဉ်တစ်လျှောက်လုံးမှာလည်း ပေါက်ပေါက်ဖောက်သလို သူတို့တစ်တွေ စကားပြောလာကြသည်။

"မာမီတို့ သတိမထားမိလို့သာပဲ၊ မြနန်းနွယ် မယ်တော်က သမီးကို မျက်စိမှိတ်ပြတာ"

သမီးက သူတွေ့ရှိချက်ကို သူ့ဖေဖေ၊ မာမီနဲ့ အစ်မဖြစ်သူကို ပြောပြလိုက်သည်။ အားလုံးက ပီတိဝမ်းသာသွားပါတော့သည်။ မြနန်းနွယ်မယ်တော်က သူတို့မိသားစုကို ထိုက်ထိုက်တန်တန် မစတော့မည်ဟု ယုံကြည်ထားခြင်းကြောင့်ဖြစ်သည်။ အကြောင်းကလည်း ပသီမောင်နှမတို့၏ ကျေးဇူးကြောင့်ဖြစ်သည်ဟု ဆိုပါ၏။

ပသီမောင်နှမဆိုတာက ယုဇနမြို့တော်ရှိ ကွင်းများကို ပိုင်သသော မောင်နှမများ ဖြစ်ကြသည်။ သူတို့ နတ်ကွန်းများသည် ဘုရားလေး ဘုရားဝင်းတွင် ရှိသည်။ ထိုဘုရားလေးသည် ယုဇနမြို့တော်၏ တောင်ဘက်ကွင်းထဲတွင် ရှိသည်။ နတ်ကွန်းများစွာထဲမှ ပသီမောင်နှမ နတ်ကွန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

မနေ့ညနေတုန်းက သမီးဖြစ်သူနှင့် သူ့အစ်မသည် ဘုရားလေးသို့ ဆီမီးပူဇော်ရန် ရောက်ခဲ့သည်။ ဘုရားပရဝဏ်တစ်ခုလုံးသည် ဆီမီးတို့ဖြင့် ထိန်ထိန်လင်းလျက်ရှိသည်။ ဘေးအနားတွင် နန်းကရိုင်းမယ်တော်၊ ဥက္ကမင်း နတ်၊ မနဲ့လေး စသည့် နတ်ကွန်းများကို တွေ့ရှိရလေသည်။ ထိုအထဲတွင် ပသီမောင်နှမ နတ်ကွန်းလည်း ရှိ၏။

ပသီမောင်နှမ နတ်ရုပ်ဘေးတွင် ပါးပြင်းထောင်ထနေသော မြွေဟောက်လည်း ရှိ၏။ အဓိပ္ပာယ်က ကွင်းပိုင်ကြီး ပသီမောင်နှမတွင် အစောင့်မြွေကြီးရှိသည်။ ရေနံပိုင် ဦးရှင်ကြီးက ငါးကျင်းပိုင်သလို၊ ရွှေဖျဉ်းညီနောင်များက စီးတော်ကျားကြီးကို ပိုင်ဆိုင်သည်သို့ ဖြစ်၏။ သူ့ပိုင်ရာဆိုင်ရာနှင့် တန်ခိုးထွားနေသည်ဟု ဆိုကြသည်။

ထို့နောက် သမီးဖြစ်သူတို့သည် အုန်းသီး ငှက်ပျောက်ဖီး ကပ်ကြပြီး ဖယောင်းတိုင် ပူဇော်ကြသည်။ ပြီးလိုရာဆုကို တောင်းကြသည်။ အထူးသဖြင့် လာဘ်ပေါ်များပြီး ကားကောင်း၊ ကားသန့်စီးကာ အိမ်ကြီးအိမ်ကောင်းနှင့် နေရသည့်ဆုမျိုးဖြစ်သည်။

ညကျတော့ ပသီမောင်နှမများက အိပ်မက်လာပေးသည်ဟု နံနက်လင်းတော့ မိသားစုကို သမီးဖြစ်သူက ပြန်ပြောပြသည်။ အိပ်မက်မှာ ဗိုလ်တစ်ထောင်ဘုရားရှိ မြနန်းနွယ်မယ်တော်အား ပဝါတစ်ပိုင်း၊ အုန်း-ငှက်ပျော၊ ဖယောင်းတိုင် ဆက်ကပ်ပူဇော်ပြီး လိုရာဆုကို တောင်းဟု ညွှန်ကြားထားသည်။

ထို့ကြောင့်လည်း ကနေ့တော့ဖြင့် ဗိုလ်တထောင်စေတီတော်သို့ ရောက်လာပါတော့၏။ ပူဇာနိမိတ်အနေနှင့် မြနန်းနွယ် နတ်ကွန်းသို့ ရောက်သည်နှင့် မြနန်းနွယ် မယ်တော်က မျက်စိတစ်ဖက်မှိတ်ပြတာကို တွေ့လိုက်ရသည်ဟု သမီးက ပြောလိုက်၏။ မိသားစုအားလုံး ပီတိဝမ်းမြောက်သွားပါတော့သည်။ ထို့ကြောင့်လည်း မာမီက -

"အဲဒါ ပသီမောင်နှမတွေက မနောဓာတ်နဲ့ မြနန်းနွယ် မယ်တော်ကို အသိပေးထားလို့ နေမှာပေါ့"

"မာမီပြောတာ မှန်တယ်။ သူတို့အချင်းချင်း အာရုံတို့၊ နိမိတ်တို့၊ မနောဓာတ်တို့နဲ့ ဆက်သွယ်နေကြတာ။ မိုင်ပေါင်း ဘယ်လောက်ဝေးဝေးပေါ့"

ကျလောက်သည့် မိသားစုတွေဖြစ်၏။ သမီးပြောတာကို အမေလုပ်သူက ထောက်ခံစကားပြောသည်။ တစ်ခါ မာမီ၏ စကားကို ပါလာသူ အကြီးမက ထောက်ခံ စကားပြောပါသည်။ ဒရိုင်ဘာခန်းမှာ ထိုင်နေသော ဒက်ဒီကြီးက တုံးတိုဘာဝေ လုပ်နေသည်။ ဒက်ဒီ့စိတ်ထဲမှာ ဘာတွေ ရှိနေလဲတော့ မသိ။

မိုးကျော်သည် သူတို့သားအမိ လက်ပံပင် ဆက်ရက်ကျသလို ပြောနေသည်ကို ကားမောင်းနေရင်းနှင့် ကြားနေရသည်မို့ ပြုံးတုံ့တုံ့ဖြစ်နေမိသည်။ သူတို့သည် မရှိတာကို အရှိလုပ်၊ မသိတာကို အသိလုပ်နေကြသူတွေဟု ယူဆကာ ကားကို ဆက်မောင်းနေ၏။ ဒါတွေကို မိုးကျော် အယူမရှိ၊ သူသိတာက ဘုရားဖြစ်၏။

သို့နှင့် မိုးကျော် မောင်းလာသော တိုရိုတာ အက်(စ်)အီးကားလေးသည် တိုင်းရင်းသားကျေးရွာအလွန်သို့ ရောက်ခဲ့ပြီဖြစ်၏။ ထိုနေရာတွင် အရှေ့ဘက်



www.burmeseclassic.com

www.burmeseclassic.com

အဒံ့တိုက်တာတွေ မရှိတော့ပါ။ ကွင်းပြင်ချည်းသာဖြစ်၏။ ထိုကွင်းပြင်တွင် ဥယျာဉ်ခြံမြေ လုပ်ကိုင်စားသောက်နေသော တဲကလေးတွေ ရှိသည်။ တဲတစ်တဲနှင့်တစ်တဲ အလှမ်းကွာဝေးပါသည်။ အားလုံးသည် အိပ်ကုန်ကြပြီထင်သည်။ မှောင်မဲ၍ တိတ်ဆိတ်နေပါသည်။

ထိုအခါကျမှ မိုးကျော်ဘေးမှာ ထိုင်နေသော ဒက်ဒီကြီးက စကားစတင်ဖောက်လာတော့၏။ ဒက်ဒီကြီးကား မပြောတော့ ပကတိ ကျောက်ရုပ်ဖြစ်၏။ ပြောပြန်တော့လည်း မိုးကျော်ကိုယ်တိုင် ကျောစိမ့်သွားရပါ၏။ ကြက်သီးတွေတောင် ထသွားရပါသည်။ မှတ်မှတ်ရရနှင့် ဘုရားတမိပါတော့၏။

"ရှေ့မှာ ရာဇဂြိုဟ်ကျောင်းကို တွေ့ရတော့မယ်။ ဒီနေရာမှာ သာသနာပြု ဘုန်းတော်ကြီးကျောင်းတွေပဲ ရှိတယ်။ တခြားဟာတွေတော့ ကွင်းပြင်တွေချည်းပဲ။ ဘာမှမရှိဘူး။ ရှိတာက မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေပဲ"

ဒက်ဒီကြီး၏ မမြင်အပ် ပုဂ္ဂိုလ်ဆိုသည့် စကားကြောင့် မိုးကျော်တစ်ယောက် ဖျန်းခနဲ ကြက်သီးတွေ ထသွားပါတော့သည်။ ပြီးတော့ မလုံမလဲစိတ်ဖြင့် သူ့ဘေးနားကို ကြည့်မိ၏။ နောက်ခန်းကိုလည်း လှည့်ကြည့်မိသည်။ အားလုံးသည် ဗိုလ်တထောင်ဘုရားမှ လိုက်ပါလာသူချည်းဖြစ်၏။ တစ်ယောက်မှ မချို့ယွင်းသည်ကို တွေ့ရ၍ ဟူးခနဲ သက်ပြင်းချလိုက်မိ၏။ သို့သော် ဒက်ဒီကြီးကတော့ အရှိန်ရလာလို့လား မသိ၊ စကားတွေ အမြုပ်မပြတ်ဖြစ်နေ၏။

"ဟိုတစ်ခါကလည်း ဒီလိုအချိန်မှာပေါ့။ သာကေတမှ ခါလီပြန်လာသော ဒရိုင်ဘာတစ်ယောက်ဟာ ဒီရာဇဂြိုဟ်မှတ်တိုင်မှာ..."

"

လယ်သမားများကမူ ဘုရားငုတ်တိုကို ကွေ့ဝိုက်ကာစိုက်ပျိုးလုပ်ကိုင်လေ့ရှိသည်။ ရှေးဟောင်းဘုရားဖြစ်ခြင်းကြောင့် ကြွင်းကျန်ရစ်သော အုတ်ချပ်အပိုင်းအစများကို ပညာရှင်များအား ပြသရာ ဘီစီ ၃၀၈၊ သာသနာသက္ကရာဇ် ၃၂၅ ခု ကတည်းက တည်ရှိကြောင်း သိရသည်။ ဤသို့ဖြင့် ဘုရားငုတ်တိုသည် ထိုနေရာတွင် ငြိမ်းချမ်းစွာ စံပယ်နေရာမှ ယခု ယုဇနဥယျာဉ်မြို့တော်ကြီးနှင့် ဆိပ်ကမ်းမြို့နယ်ကြီးသည် ပေါ်ပေါက်လာပါတော့သည်။

"

(၂)

ခရစ်နှစ် ၂၀၀၀ မတိုင်ခင်အထိ ရန်ကုန်အရှေ့ပိုင်း ပဲခူးမြစ်ကမ်းတစ်လျှောက်သည် လယ်ကွင်းပြင်ကြီးဖြစ်သည်။ ဟိုတစ်စု သည်တစ်စုနှင့် ခပ်လှမ်းလှမ်းမှာ လယ်သမားတွေ နေကြသည်။ ဖားရှာ ငါးရှာသော အလုပ်လုပ်ပြီး ဝမ်းစာရှာနေကြသည်။ ထိုလယ်ကွက်များကြားတွင် ယိုယွင်းပျက်စီးနေသော စေတီပျက် ဘုရားငုတ်တိုတစ်ခု ရှိပါသည်။

ထိုဘုရားငုတ်တိုသည် ရှေးဟောင်းဘုရားဖြစ်သည်။ လယ်သမားများကမူ ဘုရားငုတ်တိုကို ကွေ့ဝိုက်ကာ စိုက်ပျိုးလုပ်ကိုင်လေ့ရှိသည်။ ရှေးဟောင်းဘုရားဖြစ်ခြင်းကြောင့် ကြွင်းကျန်ရစ်သော အုတ်ချပ်အပိုင်းအစများကို ပညာရှင်များအား ပြသရာ ဘီစီ ၃၀၈၊ သာသနာသက္ကရာဇ် ၃၂၅ ခု ကတည်းက တည်ရှိကြောင်း သိရသည်။ ဤသို့ဖြင့် ဘုရားငုတ်တိုသည် ထိုနေရာတွင် ငြိမ်းချမ်းစွာ စံပယ်နေရာမှ ယခု ယုဇနဥယျာဉ်မြို့တော်ကြီးနှင့် ဆိပ်ကမ်းမြို့နယ်ကြီးသည် ပေါ်ပေါက်လာပါတော့သည်။

ဆိပ်ကမ်းမြို့နယ်ကြီးကို အကြောင်းပြုပြီး လှုနေ ရပ်ကွက်ကြီး ဖြစ်လာသည်။ လှုနေ ရပ်ကွက်ကြီး ဖြစ်လာတော့ လမ်းတွေ ဘုန်းတော်ကြီး စာသင်တိုက်တွေ ဖြစ်လာသည်။ ထို့အတူ ပဲခူးမြစ်လမ်း၊ ရေဝတီလမ်း၊ ရတနာလမ်းဟူ၍လည်း ဖြစ်ပေါ်လာတော့သည်။

ရတနာလမ်းသည် ဆိပ်ကမ်းမြို့နယ်ရှိ ပဲခူးမြစ်ကမ်းလမ်းမှ စသည့် ခရီးရှည်ကြီးဖြစ်သည်။ သာကေတ-ဒေါပုံကို ဖြတ်ပြီး ရန်ကုန်မြို့ထဲသို့ သွားလိုရအောင် ရှည်သည့် အခြားသော လမ်းများကို ဖောက်ရာမှာတော့ ပြဿနာမရှိ။ ရတနာလမ်းမကြီးကို ဖောက်ရာမှာတော့ ပြဿနာရှိလာပါတော့သည်။

ရတနာလမ်းသည် တစ်ဖက်တွင် လယ်ကွင်းပြင်ကြီး ရှိသည်။ လှုနေကွက်ဖြစ်သော်လည်း နေမည့်သူ မရှိသေးပေ။ တစ်ဖက်တွင်မူ အလိုတော်ပြည့် ဘုန်းတော်ကြီး စာသင်ကျောင်း၊ ရာဇဂြိုဟ် ဘုန်းတော်ကြီး စာသင်ကျောင်းတို့ ရှိသည်။ ထိုလယ်ကွင်းကြားနှင့် ဘုန်းတော်ကြီးကျောင်းများကြားတွင် ရတနာလမ်းမကြီး ရှိ၏။

ရတနာလမ်းမကြီး ဖောက်လုပ်ရာ၌ တွေ့ကြုံရသော အခက်အခဲ ပြဿနာမှာ ရာဇဂြိုဟ် ဘုန်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းရှေ့ လမ်းမအလယ်ကောင်တည့်တည့်တွင် ထိုဘုရားငုတ်တို့ရှိနေခြင်းပင်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ ဘာသာဝင်တိုင်းသည် မိမိတို့ ကိုးကွယ်သည့် သာသနိက အဆောက်အအုံများကို မဖြိုရဲ၊ မဖျက်ရဲကြပါ။ ဗုဒ္ဓဘာသာဝင်များအဖို့ ဘုရားအနေကဇာတင်ထားသည့် ကျောင်းနေရာများ၊ သိမ်သမုတ်ထားသော နေရာများကို ဖြိုဖျက်ရမှာကို ကြောက်ကြသည်။ ဘာသာ၊ သာသနာကို လေးစားတာရော ပါ၏။

ထို့ကြောင့် လမ်းဖောက်သည့် တာဝန်ရှိ လုပ်သားများသည် ထိုဘုရားငုတ်တိုအား ရှောင်ကွင်းကာ လမ်းဖောက်လုပ်ကြသည်။ ယာဉ်မောင်းသူတို့ကလည်း ထိုဘုရားငုတ်တိုကို ကွေ့ပတ်မောင်းနေကြရသည်။ နေ့လယ်နေ့ခင်း ထင်သာမြင်သာသည့် နေ့အချိန်များမှာတော့ မောင်းသူများအနေနှင့် အန္တရာယ်ကင်းကင်းနှင့် သတိထားမောင်းနှင်းနေရသည်။

မှောင်မိုက်သော ညကာလများမှာတော့ ဆိုးဝါးသည့် အန္တရာယ်များ ကြုံတွေ့နိုင်ပါသည်။ ကာလကလည်း မှောင်မိုက်နေတာက တစ်ကြောင်း၊ လမ်းကြောင်းကောင်းကောင်းနှင့် အရှိန်ဖြင့် မောင်းနှင်လာတာက တစ်ကြောင်း၊ လမ်းဆော့ ဝဲယာတွင် လမ်းမီးဓာတ်တိုင်များ မရှိခြင်းက တစ်ကြောင်းကြောင့် ကားမောင်းသူ၏ အာရုံသည် မှောက်မှားသွားပါတော့သည်။ အရှိန်ကောင်းကောင်း၊ လမ်းကောင်းကောင်းမှာ မောင်းနှင်လာ၍ ရုတ်တရက်ဆိုသလို ဘွားခနဲ ဘုရားငုတ်တိုကို မြင်မိကာမှ ဘရိတ်အုပ်လိုက်ရာ အရှိန်မသေသဲ ဖြစ်နေတော့၏။ သည်တော့ ဘုရားငုတ်တိုကို တည့်တည့်ကြီး ဝင်တိုက်တာတို့၊ လမ်းဘေးဝဲယာသို့ ထိုးကျကာ တိမ်းစောင်း မှောက်သွားတာတို့နှင့် ကြုံရသည်။ ဤအခါ သေသူသေ၊ ဒဏ်ရာရသူ ရဖြစ်ကြကုန်၏။

ထိုဖြစ်ရပ်မျိုး မကြာမကြာ ထပ်ခါထပ်ခါ ဖြစ်ရလေသောအခါ လမ်းတံတားအဖွဲ့သည် လမ်းကို ကွေ့ဝိုက်ဖောက်ခြင်း မပြုတော့ဘဲ တဖြောင့်တည်း ဖောက်ရန် စီမံကြလေသည်။ ထိုသို့ လမ်းမကြီး တစ်ဖြောင့်တည်းဖြစ်ရန်အတွက် ဘုရားငုတ်တိုကို ဖြိုဖျက်ရန် စိုင်းပြင်းကြလေတော့သည်။

ထိုသို့ စိုင်းပြင်းကြခြင်းကြောင့် လူအင်အား၊ စက်ယန္တရားများဖြင့် ရောက်လာကြသည်။ ရှေးဦးစွာ စက်ယန္တရားကြီးများ၏ အင်ဂျင်ကို နှိုးကြည့်ရာ နှိုး၍မရဘဲ ဖြစ်နေ၏။ တစ်ခါ နှစ်ခါ သုံးလေးခါ နှိုးကြည့်၏။ ယန္တရားကြီးများမှာ ဤအသေသို့ ယူဆောင်လာစဉ်မှာ အကောင်းပကာတိဖြစ်၏။

အလုပ်သမားများမှာလည်း ကောက်ကာငင်ကာ မူးဝေအော့အန်တာတို့ဖြစ်ကြ၏။ တချို့ဆိုလျှင် အလုပ်လုပ်နေစဉ်အတွင်းမှာ ပေါက်တူး ခုတ်မိတာတို့၊ ထိခိုက်မိတာတို့ ရှိကြသေး၏။ အချို့လည်း ညနေ အိမ်ပြန်ရောက်တာ အကောင်းကြီးဖြစ်၏။ နောက်နေ့ အလုပ်ဆင်းရာမှာတော့ ဖျားနာကာ အလုပ်ပျက်ဖြစ်ရသည်။ အဆိုးဆုံးကတော့ မကြာမကြာဆိုသလိုပင် ဝိုးထိ (မြွေကိုက်)ခံရခြင်းဖြစ်သည်။ ထိုဖြစ်စဉ်ကြောင့် တာဝန်ခံတို့ ကြောက်လန့်နေတော့၏။



တာဝန်ခံများသည် လောလောဆယ် အားကိုးအားထားအဖြစ် မြင်မိတာက ရာဇဂြိုဟ် ဘုန်းတော်ကြီးကျောင်းဖြစ်သည်။ ဘုရားငုတ်တိုက ထိုဘုန်းတော်ကြီးကျောင်းရှေ့တည့်တည့်မှာ ရှိနေခြင်းကြောင့်ဖြစ်သည်။ ကျောင်းထိုင်ဆရာတော်အား ထိုဘုရားငုတ်တိုတွင် ဆိုင်ရာပိုင်ရာ အစောင့်ပုဂ္ဂိုလ်များရှိက ဖယ်ရှားပေးပါရန် လျှောက်ထားကြသည်။

ရာဇဂြိုလ်ကျောင်းထိုင် ဆရာတော်မှာ သက်တော် ၁၀၂ နှစ်ရှိပြီဖြစ်၍ လက်ထောက် ဆရာတော်အား တာဝန်ယူစေသည်။ ထို လက်ထောက်ဆရာတော်မှ တာဝန်ယူ စီစဉ် တိုင်ပင်နေခဲ့မှာပင် ဘုရားငုတ်တိုရှိ အစောင့်အရှောက်များက ဝင်ရောက် ပူးကပ်ပါလေတော့သည်။ ပူးကပ်တာမှ တစ်ယောက်တည်း မဟုတ်။ တစ်ပြိုင်တည်း သုံးလေးဦးဖြစ်၏။ ယက္ခ၊ နဂါး၊ ပသီနှင့် အခြားအစောင့် ပုဂ္ဂိုလ်များလည်း ပါဝင်ကြသည်။ တစ်ယောက်တစ်ပေါက်နှင့် ဆူညံနေပါသည်။ ဘာမှရေရေရာရာ မသိရပါ။ ထို့ကြောင့် ဆရာတော်က တစ်ယောက်တစ်ပေါက် မပြောကြရန် မေတ္တာရပ်ခံလိုက်သည်။

ထိုအခါ ဘောဂဝတီအမျိုးအနွယ်ဖြစ်သော ရေနဂါးက…



www.burmeseclassic.com

www.burmeseclassic.com

"မိမိသည် ကွန်အပ်သားနှင့် ကုလားလန်ဘားတို့ ပဲခူးမြစ်အတွင်းမှာ လှေစီးချင်း စစ်ထိုးရာ ကွန်အပ်သားဘက်မှ ကူညီခဲ့ကြောင်း၊ ကုလား လန်ဘား ကျခုံးရာအရပ်ကိုလည်း ကုလားဝဲရွာဟု ယနေ့တိုင် အမည်တွင်နေကြောင်း" တင်ပြခြင်းအားဖြင့် ဤဒေသတွင် နေထိုင်တာ ကြာပြီဖြစ်ကြောင်း ပြောပြသည်။

အချို့ကလည်း မိမိတို့သည် အလောင်းစည်သူမင်းကြီးလက်ထက်ကတည်းက ဤဘုရားတွင် နေထိုင်လာသည်မှာ ယနေ့ ဘုရားငုတ်တိုဘဝသို့ ရောက်သည့်တိုင်အောင် ဖြစ်သည်ဟု ပြောပြသည်။ ထို့ကြောင့် မိမိတို့အား ဖယ်ရှားခွင့် မပြုပါရန် တင်ပြသည်။

ဆရာတော်ကလည်း ဂုရက်သားသမီးတို့ ဘေးကင်း လုံခြုံရေးနှင့် ကျန်းမာ သက်ရှည်ရေးအတွက် ဖယ်ရှားပေးပါရန် တောင်းဆိုလိုက်ပြန်သည်။

သို့ပါ၍ ထိုသို့ ဖယ်ရှားပေးရန်အတွက် မိမိတို့အား နေစရာ ဖန်တီးပေးပါရန် ထပ်မံလျှောက်ထားကြပြန်၏။ ဆရာတော်ကလည်း ဤကျောင်းဝင်းတစ်နေရာ၌ စေတီတော်တစ်ဆူတည်ပေးပြီး နေကြရန် မိန့်ကြားပါသည်။ လောလောဆယ်အနေနှင့် ဖယ်ရှားလိုက်သော စေတီပျက်ကို ဘုရားဝင်းအတွင်း စုပုံထားမည်။ ပုဂ္ဂိုလ်များကိုမူ သိမ်တွင် နေခွင့်ပေးမည်။ သို့သော်မည်သည့် ဂုရက်သားသမီးကိုမျှ ဒုက္ခမရောက်စေရဟု မေတ္တာရပ်ခံထားသည်။

"အဲသလို ညှိနှိုင်းလိုက်လို့ လမ်းကလည်း တစ်ဖြောင့်တည်းဖြစ်သွားတယ်။ ဘုရားငုတ်တိုလည်း ကျောင်းဝင်းထဲ ရောက်သွားရတာပေါ့ကွယ်"

"

ဘယ်နေ့ပါ့မလဲ သမီးရယ်။
မိုးမရွာတဲ့ မိုးတွင်းကာလမှာပေါ့။
ဒယ်ဒီတို့ ယုဇနမြို့တော်ထဲက
မောင်ပြူးချိုဆိုတဲ့
တက္ကစီဒရိုင်ဘာဟာ ကားသိမ်းဖို့
သာကေတ-အဝိုင်းကြီးမှ
ယုဇနကို အပြန်မှာပေါ့။
လကလည်း မသာ၊ မိုးကလည်း
ခပ်အုံ့အုံ့၊ အချိန်ကလည်း
၁၀နာရီလောက်။
တက္ကစီကလည်း
ပါစင်ဂျာမပါ။
တစ်ယောက်တည်း
ခါလီမောင်းပြန်အလာမှာ . . .

"

ဒက်ဒီကြီးက ထိုစကားဖြင့် အခုံးသတ်လိုက်သည်။ ဤလမ်း ဤမျှဖြောင့်ဖြူးသွားရသည့် အကြောင်းကိုလည်း စိကာပတ်ကုံး ပြောသွားတာများ ကထိကတစ်ယောက် အလွှုပေးရသည့် အထိဖြစ်၏။

"ဒါဖြင့် ဒီ နာနာဘာဝတွေ ကျောင်းအပြင် ထွက်မလာတော့ဘူးပေါ့နော် ဒက်ဒီ"

"ဘယ်နေ့ပါ့မလဲ သမီးရယ်။ မိုးမရွာတဲ့ မိုးတွင်းကာလမှာပေါ့။ ဒယ်ဒီတို့ ယုဇနမြို့တော်ထဲက မောင်ပြူးချိုဆိုတဲ့ တက္ကစီ ဒရိုင်ဘာဟာ ကားသိမ်းဖို့ သာကေတ-အဝိုင်းကြီးမှ ယုဇနကို အပြန်မှာပေါ့။ လကလည်း မသာ၊ မိုးကလည်း ခပ်အုံ့အုံ့၊ အချိန်ကလည်း ၁၀နာရီလောက်။ တက္ကစီကလည်း ပါစင်ဂျာမပါ။ တစ်ယောက်တည်း ခါလီမောင်းပြန်အလာမှာ . . .

တစ်ယောက်တည်း မောင်းပြန်လာတာ ပျင်းစရာကောင်းလှတယ်ဆိုပြီး ခရီးသည် ပါစင်ဂျာကို မျှော်ရင်း မောင်းလာခဲ့ရာ ရာဇဂြိုဟ်မှတ်တိုင်နားရောက်တော့ သူတောင့်တချက် ပြည့်ဝလာပြီဆိုပြီး ဝမ်းသာမိတော့တယ်။ ဘာလို့ ဝမ်းသာသွားသလဲဆိုတော့ မှတ်တိုင်မှာ ခရီးသည်တစ်ဦးက လက်တားနေတာကို ကားမီးရောင်အောက်မှာတွေ့နေရလို့ပါပဲ။ သူက မိန်းကလေးခရီးသည်ဖြစ်နေလို့ ပိုပြီးတောင် စိတ်ချသွားတော့တယ်။ ယောကျ်ားကလေးခရီးသည်ဆိုရင် ဤခေတ်ကြီးမှာ စိတ်ချရတာ မဟုတ်ဘူးပေါ့။

သူကလေးနားကို ကားရပ်ပေးလိုက်တယ်။ ယုဇနကို သွားမယ့် ခရီးသည်ပဲပေါ့။ အသက်က ၂၀အရွယ်။ ဖြူဖွေးတ်အိညက်တဲ့ အသားအရေပိုင်ရှင်ပဲတဲ့။ ရုပ်ရည်ကလည်း ပြစ်မျိုးမဲ့မထင်ပါပဲတဲ့။ ခုခေတ် သမီးတို့ သုံးနေတဲ့ရေမွှေးနံ့လည်း သင်းသင်းလေး မွှေးနေတာတဲ့။ ပြီးတော့ မိုးတွင်းကြီး၊ အခါမဟုတ် သဇင်ပန်းတွေလည်း ဝေနေအောင် ပန်ထားတယ်။ မောင်ပြူးချိုတွက်ထားတာက နိုင်ငံခြားနဲ့ အဆက်အသွယ်ရှိသူမို့ အခါလွန် သဇင်ပန်းတွေ ပန်နိုင်တာလို့ ထင်မိတယ်။

သူက နောက်ဘက် အခန်းမှာ ထိုင်လာတယ်။ စကားတော့ မပြောဘူးတဲ့။ သူ့ထံက အမွှေးရနံ့တွေ သဇင်ပန်းရနံ့တွေကတော့ လှိုင်နေတာပဲတဲ့။ ပြူးချိုဟာ ကားမောင်းနေရင်း နောက်ကြည့်မှန်ကနေ သူ့ကို လှမ်းမြင်နေရတယ်။ သူကလေးဟာ ရှုမငြီးသည့် အမျိုးအစား မိန်းမသားတစ်ဦးပါပဲ။ တကယ်လည်း လှလိုက်တာ စက်ကဲ



www.burmeseclassic.com

www.burmeseclassic.com

ယိုအမျိုးအစားထဲက ဖြစ်တယ်။

ဒီလိုနဲ့ လာခဲ့ရာ အိုးအိမ်မှတ်တိုင်နားရောက်တော့ မွှေးရနံ့တွေ၊ သဇင်ပန်းရနံ့တွေ ပျောက်ကွယ်နေတာ သတိထားမိတော့ နောက်ကြည့်မှန်ထဲကနေ သူကလေးကို ကြည့်မိတော့ မရှိတော့တာကို သိရတယ်။ တစ်စုံတစ်ခုများ အောက်ကျသွားလို့ ကုန်းကောက်နေတာလား ဆိုပြီး ကားကို ပ်ပြီး ကြည့်လိုက်တော့ သူဟာ လုံးဝ မရှိတော့ကြောင်း သိရတာမို့ ကြက်သီးတွေ ထ၊ ခေါင်းမွေးတွေ ထောင်ပြီး တစ်ချိုးတည်း မောင်းပြေးတော့တာပဲ။ ကဲ - ရေလမ်းထဲ ချိုးဝင်လိုက်ပါတော့။ ရောက်ပါပြီ"

မိုးကျော်က ကားကို ရပ်လိုက်သည်။ မိသားစုအားလုံးလည်း ကားပေါ်မှ ဆင်းလိုက်ကြသည်။ မိုးကျော် ပြန်ရန်အတွက် ပြင်ဆင်နေစဉ် ဒက်ဒီကြီးက စကားတစ်ခွန်းပြောလိုက်သည်။ တစ်ယောက်တည်း ပြန်ရမည်ဖြစ်သော မိုးကျော် ထိတ်ခနဲဖြစ်သွားတော့၏။

"သတိထား မောင်းရင် လောကမှာ မြင်အပ်၊ မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်"တဲ့။

(၃)

မိုးကျော်သည် ကားသိမ်း အိမ်ပြန်ခရီးကို စပြီဖြစ်သည်။ သူ ပြန်မှာက သာကေတ-ကျောင်းလမ်းမှတ်တိုင်ဖြစ်၏။ သို့နှင့် ကားကလေးသည် ယုဇနဥယျာဉ်မြို့တော် မုခ်ဦးသို့ ရောက်ခဲ့သည်။ သူသည် သူတို့ပြောသွားသော စကားများကို မေ့ပျောက်ထားလိုက်သည့်အနေနှင့် ကောင်းကင်ကြီးကို မော့ကြည့်လိုက်သည်။ လမင်းကြီးလည်း အေးအေးချမ်းချမ်းနှင့် ထွန်းလင်းနေပါသည်။ ဤအခါ သူသည် ခေတ်ပေါင်း အဆိုတော်ကြီး ဒေါ်အေးမိ



သီဆိုထားသော တေးသွားတစ်ပိုင်းတစ်စကို ညည်းဆိုလိုက်သည်။ တေးစာသားကို အလွတ်ရလို့ မဟုတ်ပါ။

"သန်းခေါင်ကျော် လေချိုသွေးရင်လေ ××× ပျိုမေလေးမှာလေ ××× ဘေးမသမ်းဘဲ အေးချမ်းတဲ့ ညည်းလေပြည်×××"

မုခ်ဦးကို လွန်လာတော့ အိမ်ခြေကျဲသည့်နေရာသို့ ရောက်ရှိလာခဲ့သည်။ သူကတော့ သီချင်းတအေးအေးနှင့် ကားကို မောင်းနှင်လာသည်။ ဘာကိုမှ သတိမထားမိပါ။ သည်လိုနှင့် ရတနာလမ်းဝထဲသို့ ချိုးကွေ့ဝင်လိုက်သည်။ သာကေတသို့ ရှေ့ရှုသောလမ်းဖြစ်သည်။ သည်နေရာလည်း တိုင်းရင်းသားကျေးရွာအထိ လူနေကျဲပါသည်။ ကျိုးတဲ့ကျဲတဲ တဲကလေး တစ်လုံးစ နှစ်လုံးစကိုသာ တွေ့ရသည်။

မိုးကျော် ထိတ်ခနဲဖြစ်သွားရသည်။ ကြက်သီးတွေတောင် ထသွားသည်အထိဖြစ်၏။ သည်ကြားထဲ ဒက်ဒီကြီး၏ စကားကို ကြားယောင်လာသည်။

သတိထား မောင်းရင် လောကမှာ မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်တွေ ရှိတယ် ဆိုသည့် စကားကို ဖြစ်သည်။ ထိုစကားကြောင့် သူ ဘုရားစာတွေကို ရွတ်သည်။ တတ်သမျှ မှတ်သမျှ ဂုဏ်တော်တွေကို ရွတ်သည်။

သူ့ကားမီးရောင်ဖြင့် ဆံပင်တစ်ပတ်လျှိုထုံးထားသော မိန်းမပျိုတစ်ယောက် ကားကို တားနေသည်။ သတိထား မောင်းရင်ဆိုသည့် စကားကို အမှတ်ရလာတော့ ကားလီဗာကို အရှိန်ဖြင့် နင်းလိုက်ရာ ကားကလေးသည် ထိုမိန်းမပျိုလေးရှေ့မှ ဝေါခနဲ ပြေးထွက်သွားတော့၏။ သူသည် ကြောက်အားလန့်အားနှင့် ဂိတ်ပေါင်းမှတ်တိုင်အထိ နောက်ကြောင်း ပြန်မလှည့်ဘဲ မောင်းလာခဲ့၏။

နောက်တစ်ပတ်လောက် ကြာသောအခါ သူသည် သတင်းစာတစ်စောင်မှ "အယ်ဒီတာသို့ ပေးစာ"ဆိုသည့် အခန်းကဏ္ဍကို ဖတ်ကြည့်ရာ တွေ့ဝေသွားရ၏။ ကြေကွဲသွားရ၏။ အကြောင်းအရာမှာ···

"--------ရက်နေ့ ည ၁၀နာရီကျော်လောက်တွင် ကျွန်မ မိခင်ကြီး အသည်းအသန်ဖြစ်နေခြင်းကြောင့် ဆေးရုံပို့ရန်အတွက် ရတနာလမ်းမပေါ်တွင် တက္ကစီကို တားရာ ရပ်မပေးဘဲ ထွက်ပြေးသွားခြင်းကြောင့် မိခင်ကြီးခမျာ ရေတိမ်နစ်သွားရပါသည်။ ကျွန်မကဲ့သို့ အဖြစ်ဆိုးမျိုး မကြုံရစေရန် စာနာစိတ် ကင်းမဲ့သော ယာဉ်မောင်းသမားအား ရှုတ်ချပါကြောင်း"

ဟူ၍ ပါရှိသောကြောင့် ဖြစ်သည်။■

* * *

မုဒုံသူမွန်



www.burmeseclassic.com

www.burmeseclassic.com

# သမ္မတလင်းကွန်းနှင့် သမ္မတကနေဒီတို့၏ ဆန်းကြယ်မှုများ

မောင် ကြည် မျိုး

အမေရိကန်နိုင်ငံ၏ ကွယ်လွန်သွားခဲ့ပြီးသော အမေရိကန်သမ္မတနှစ်ဦးဖြစ်သည့် လင်းကွန်း(၁၈၀၉-၁၈၆၅)နှင့် ကနေဒီ(၁၉၁၇-၁၉၆၃)တို့၏ တိုက်ဆိုင်မှုများစွာတွင် အံ့ဩဖွယ်ရာများ တူညီနေသည်ကို တွေ့ရှိရလေသည်။ သမ္မတလင်းကွန်းသည် ၁၆ဦးမြောက် သမ္မတဖြစ်ပြီး သမ္မတ ကနေဒီသည် ၃၅ဦးမြောက် သမ္မတပင် ဖြစ်ပါသည်။

သမ္မတ လင်းကွန်းသည် ငွေဝယ်ကျေးကျွန်စနစ်ကို ဆန့်ကျင်တိုက်ဖျက်ခဲ့၏။ ထိုနည်းတူ ကနေဒီသည်လည်း အသားခွဲခြားမှု လူမျိုးရေးခွဲဖျက်မှုစနစ်ကို ဆန့်ကျင်တိုက်ဖျက်ခဲ့ကြသည်။

လင်းကွန်းသည် လုပ်ကြံသတ်ဖြတ်ခံရပြီး အနိစ္စရောက်ခဲ့ရ၏။ လုပ်ကြံသတ်ဖြတ်သူမှာ ဂျွန်ဝီလကီ(စ်)ဘုဖြစ်၍ ထိုသူသည် ခရစ်သက္ကရာဇ် ၁၈၃၉ ခုနှစ်တွင် မွေးဖွားခဲ့လေသည်။ ကနေဒီသည်လည်း လုပ်ကြံသတ်ဖြတ်ခံရပြီး အနိစ္စရောက်ခဲ့ရ၏။ လုပ်ကြံသူမှာ လီယာဗေးလ်အော့(စ်)ဝေါ(လ်) ဖြစ်ပြီး ထိုသူသည် ၁၉၃၉ ခုနှစ်တွင် မွေးဖွားခဲ့လေသည်။

ကွယ်လွန်သူ ၁၆ဦးမြောက် လင်းကွန်း၏ အတွင်းရေးမှူးအမည်မှာ ကနေဒီဖြစ်ပါ၏။ အတွင်းရေးမှူး ကနေဒီသည် မိမိ၏ ဆရာ သမ္မတ လင်းကွန်းအား လုပ်ကြံခံရမည့်ညတွင် ကပွဲရုံသို့ မသွားရောက်ရန် တားမြစ်ခဲ့၏။ သို့ရာတွင် ထိုတားမြစ်ခြင်းကို လင်းကွန်းသည် လက်မခံ၊ မနာယူခဲ့ချေ။ ထိုညမှာပင် ပြဇာတ်ရုံသို့ သွားရောက်ခဲ့ရာ ထိုပြဇာတ်ရုံတွင် လုပ်ကြံခြင်း ခံရလေသည်။

၃၅ဦးမြောက် ကွယ်လွန်သူ သမ္မတ ကနေဒီ၏ အတွင်းရေးမှူးအမည်မှာ လင်းကွန်းပင် ဖြစ်ပါ၏။ ထိုအတွင်းရေးမှူး လင်းကွန်းပင် ဖြစ်ပါ၏။ ထိုအတွင်းရေးမှူး လင်းကွန်းသည် မိမိဆရာ ကနေဒီအား ဒါးလတ်(စ်)မြို့သို့ မသွားရောက်ရန် တားမြစ်ခဲ့ပါ၏။ ထိုတားမြစ်မှုကို သမ္မတ ကနေဒီ မနာယူခဲ့ပေ။ ဒါးလတ်(စ်)မြို့သို့ သွားခဲ့လေရာ ထိုမြို့လယ်မှာပင် လုပ်ကြံ သတ်ဖြတ်ခြင်း ခံခဲ့ရလေသည်။

သမ္မတ လင်းကွန်း လုပ်ကြံ သေနတ်ပစ်ခံရသောနေ့မှာ သောကြာနေ့ဖြစ်၍ သမ္မတ ကနေဒီ လုပ်ကြံ သေနတ်ပစ်ခံရသောနေ့မှာလည်း ထိုနေ့ သောကြာနေ့ပင် ဖြစ်ပါသည်။

သူတို့နှစ်ဦးသည် တူညီစွာ နောက်ကျောဘက်ကို သေနတ်ပစ်ခံရခြင်း ဖြစ်ပါ၏။

သူတို့နှစ်ဦး(လင်းကွန်း၊ ကနေဒီ)လုပ်ကြံခံရချိန်ဝယ် သူတို့နှင့်အတူ ဇနီးများမှာလည်း အတူရှိနေကြသည်။

သမ္မတ လင်းကွန်းကို လုပ်ကြံသူသည် ပြဇာတ်ရုံတွင် လုပ်ကြံပြီးနောက် အနီးရှိ ကုန်လှောင်ရုံသို့ ထွက်ပြေးသွားခဲ့သည်။ ကနေဒီကို လုပ်ကြံသူမှာလည်း ကုန်လှောင်ရုံမှနေ၍ သေနတ်ဖြင့် ပစ်ခတ်ပြီးနောက် အနီးရှိ ပြဇာတ်ရုံထဲသို့ ထွက်ပြေးသွားခဲ့လေသည်။

သမ္မတ လင်းကွန်း ကွယ်လွန်ပြီးနောက် အမေရိကန်နိုင်ငံ၏ သမ္မတရာထူးဆက်ခံသူ သမ္မတအသစ်ဖြစ်လာသူ အမည်မှာ ဂျွန်ဆင်ဖြစ်၏။ ထိုကဲ့သို့ပင် သမ္မတ ကနေဒီ ကွယ်လွန်ပြီးနောက် သမ္မတ ရာထူးကို ဆက်ခံသူ သမ္မတအသစ်အမည်မှာလည်း ဂျွန်ဆင်ပင် ဖြစ်၏။

ထိုသမ္မတအသစ်နှစ်ဦးဖြစ်သော နာမည်တူ ဂျွန်ဆင်တို့သည် ဒီမိုကရက်တစ်ပါတီဝင်များ ဖြစ်ကြပြီး အမေရိကန်နိုင်ငံ၏ တောင်ပိုင်းသားများပင် ဖြစ်ကြလေသည်။

သမ္မတ လင်းကွန်း၏ နောက်ရာထူးကို ဆက်ခံသူ သမ္မတသစ် ဂျွန်ဆင်သည် ၁၈၀၈ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ သမတ ကနေဒီ၏ နောက်ရာထူးကို ဆက်ခံသူ သမ္မတသစ် ဂျွန်ဆင်သည်လည်း ခရစ်သက္ကရာဇ် ၁၉၀၈ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။

ကွယ်လွန်သူ သမ္မတနှစ်ဦး၏ နာမည်တို့မှာ အက္ခရာ ၇လုံး ပါဝင်၏။ LINCOLN(အက္ခရာ ၇လုံး)၊ KENNEDY (အက္ခရာ ၇လုံး)တို့ ဖြစ်သည်။ ထို့အပြင် သမ္မတသစ်ရာထူးကို ဆက်ခံသူ သမ္မတသစ်နှစ်ဦးလုံး၏ နာမည်အပြည့်အစုံများတွင်လည်း အက္ခရာ ၁၃လုံးစီ တူညီစွာ ရှိကြလေသည်။ အင်ဒရူးဂျွန်ဆင်(ANDREW JOHNSON) နှင့် လင်ဒန်ဂျွန်ဆင်(LYNDON JOHNSON) တို့ ဖြစ်သည်။ ထိုနည်းတူစွာ လုပ်ကြံသူ အမျိုးသားနှစ်ဦးမှာလည်း နာမည် အက္ခရာ ၁၅လုံးစီ တူညီစွာ ရှိခဲ့ကြလေသည်။ ဂျွန်ဝီလကီ(စ်) ဘု(JOHN WILKES BOOTH)နှင့် လီယာဗေးအော့(စ်) ဝေါလ်(LEEHARVEY OS WALD)တို့ ဖြစ်သည်။

ထို့ကြောင့် ကွယ်လွန်သူ သမ္မတ လင်းကွန်းနှင့် ကွယ်လွန်သူ သမ္မတ ကနေဒီတို့၏ အံ့ဩဖွယ် ထူးဆန်းသော တိုက်ဆိုင်မှုများသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက ရှိခဲ့ဖူးကြောင်း တင်ပြလိုက်ရပါသည်။

* * *

မောင်ကြည်မျိုး



www.burmeseclassic.com

www.burmeseclassic.com




မောင်တင်ကြွယ် (ပြည်)

# မသီးသောအပင် သီး၍ သားမတင်သောမိန်းမ
# ကလေးရစေနိုင်သည့် အသီးသီး၊ သားတင် အင်းအစီအရင်

www.burmeseclassic.com

www.burmeseclassic.com

■

တစ်ရက်သောနေ့ နံနက်ခင်း ၈နာရီအချိန်လောက်တွင် ကျွန်တော့်အိမ်သို့ မောင်စိုးမြင့် ရောက်လာသည်။ သူ့လက်ထဲတွင် သခော်ဘသီးထွားထွားတစ်လုံးလည်း ပါလာသည်။ အသီးက ဗမာသီးမျိုးဖြစ်သော်လည်း အလုံးချောအဝိုင်းမျိုး။ အသီးပါ အမြှောင်းနေရာလေးများက အဝါရောင်သမ်း၍ အစိမ်းရောင်က မပြယ်သေး။ လေးပုံတစ်ပုံခန့်သာ ဝါသေးသည်။

"သခော်ဘသီးက ချောသားပဲ။ မင်းအိမ်က အပင်လား"

"မဟုတ်ပါဘူး ဆရာ။ ဆရာကြိုက်တတ်လို့ လမ်းက ဝယ်လာတာပါ။ သိပ်တော့ မမှည့်သေးဘူး"

ဟု ပြောသည်။

သည်တော့လည်း သူ့ကို သခော်ဘသီး၏ သဘောသဘာဝကို ရှင်းပြရသည်။

"ဒီအနေက အတော်ပါပဲ မောင်စိုးမြင့်။ မင်းဝယ်လာတဲ့ အသည်က အပင်သည်ဖြစ်လိမ့်မယ်။ အသီးက မှည့်ဆေးထိုးမထားဘူး။ ရင့်လို့ မှည့်တော့မယ့် သဘာဝအတိုင်းပဲ။ ဒါမျိုးကိုမှ ဆရာက ကြိုက်တာ"

ကျွန်တော်ကြိုက်တယ်ဆိုတော့ သူလည်း ပီတိဖြစ်သွားသည်။ ကျွန်တော်က မကောင်းကို အကောင်း မကြိုက်ကို အကြိုက်၊ လောကဝတ်ဖြင့် ဟန်ဆောင်ပြတတ်သူ မဟုတ်ကြောင်း သူသိသည်။ အရသာတွင်လည်း နိုင်ငံခြားမျိုး အလုံးထွားထွားကြီးများက ဗမာသီးလောက် မချို။ ပေါ့ရွတ်ရွတ်အရသာ။ နူးညံ့ချောမွတ်မှုကလည်း ဗမာသီးက သာသည်။ ဈေးတွေထဲက သစ်သီးဆိုင်တွေမှာ ဗမာသီး အတင်နည်းသည်။ တင်ခဲသည်။ တင်တော့လည်း မှည့်ဆေးထိုးထားတာက များသည်။

"ဈေးထဲက ဝင်းထိန်နေတဲ့ သစ်သီးတွေကိုတော့ မမက်လေနဲ့ မောင်စိုးမြင့်ရေ။ များသောအားဖြင့် တို့ဆေးနဲ့ ကင်းခဲတယ်ကွ။ ကိုင်ကြည့်လို့ ဝင်းဝါမှုရော ညီပြီး တစ်လုံးလုံး ဝင်းဝါနေမယ်၊ မာတင်းမှု ရှိနေမယ်၊ အထားလည်း ခံမယ်ဆိုရင်တော့ အဲဒါ မှည့်ဆေးတို့ထားလို့ပဲကွ။ မရင့်သေးဘဲ ခူးလို့ မှည့်ဖို့လည်း အချိန်လိုသေးတယ်လေ။ ဆေးကြောင့်သာ မှည့်ရ၊ အရောင်ပြောင်းရတာကိုး။

ဈေးသည်အတွက် ရောင်းပန်း အမြင်လှတယ်။ အထားခံတယ်။ အထိအခိုက်ဒဏ် ခံနိုင်တယ်။ အဲ··· ဝယ်တဲ့၊ စားတဲ့သူတွေကျတော့ မာတင်းတင်း ပေါ့ရွတ်ရွတ်စားရလို့ အာဟာရမဖြစ်ဘူး။ ရောဂါတောင် ဖြစ်နိုင်တယ်ကွ"

ဟု ရှင်းပြရသည်။

သူက မေး၍ သခော်ဘသီးသာမက၊ အခြားသော သရက်သီး၊ ငှက်ပျောသီး၊ ပန်းသီး၊ လိမ္မော်သီး၊ ကမ္ဘလာသီး၊ ခရမ်းချဉ်သီးတို့လည်း မှည့်ဆေးတို့ပြီး ရောင်းချနေကြကြောင်း ဆက်ပြောရသည်။

"အခု မင်းဝယ်လာတဲ့ သခော်ဘသီးကို ဆရာ ဝေဖန်ပြမယ်။ ဒီမှာကြည့်၊ ဘေးမှာ အမြှောင့်ကလေး ငါးခုရှိတယ်။ အမြှောင့်လေးတွေက ဝါနေပြီ။ ဒါက သဘာဝအတိုင်း ရင့်လို့ မှည့်တော့မယ်ဆိုတဲ့ လက္ခဏာပါ။ အပင်မှာ ဆက်ထားရင် ပင်မှည့်ပေါ့။ မှည့်ရင်လည်း အညှာမခိုင်ဘဲ ပြုတ်ကျရော။ ဒါကြောင့် အပင်ရှင်က ဒီအနေမှာ ခူးဆွတ်ရောင်းတာ။ အမြှောင့်နေရာ ဝါဝါလေးတွေက သဘာဝအရ တစ်ရက်နှစ်ရက်အတွင်း တဖြည်းဖြည်း ပြန့်ကားပြီး တစ်လုံးလုံး ဝါထိန်သွားမှ အမှည့်ညီတာ။ အဲဒီအခါမှ စားသုံးရင် လတ်ဆတ် အရသာရှိပြီး နူးညံ့မှုကို တွေ့ရမှာပေါ့"

ဟု ပြောရသည်။

သည်တော့လည်း သူ့အိမ်မှာ သခော်ဘပင် စိုက်ထားကြောင်း၊ အသီးမတင်ကြောင်း စိတ်ပျက်စွာ ပြောပြသည်။ ကျွန်တော်တို့လူမျိုးက များသောအားဖြင့် စိုက်တာပျိုးတာ ဝါသနာပါကြသည်။ မြေလွတ် မြေကွက်လပ်လေးများ ရှိလျှင် စိုက်ကြပျိုးကြသည်။ သို့သော်လည်း မိမိစိုက်ပျိုးခဲ့သည့် အပင်တို့ သီးချိန်တန် သီး၊ ပွင့်ချိန်တန် ပွင့် မဖြစ်သောအခါ စိတ်ပျက်ရသည်။ ဤကဲ့သို့သော အခက်အခဲအား ဖြေရှင်းနိုင်သည့် နည်းလမ်းတစ်ခုကား အင်္ဂဝိဇ္ဇာပညာ ဓာတ်ရိုက်ဓာတ်ဆင် အင်းပညာဖြင့် ဖြေရှင်းနိုင်သည်။

"ကဲ - မောင်စိုးမြင့်ရေ၊ ဒီကနေတော့ တိုက်ဆိုင်စွာနဲ့ပဲ မင်းကို အင်းအစီအရင်အဆောင်တစ်ခု ရေးဆွဲနည်းနဲ့ ဆောင်နည်းကို ပြောပြပေးလိုက်ပါ့မယ်။ ဒီအင်းက အပင်ဆိုရင် ပွင့်စေ၊ သီးစေမယ်။ အိမ်ထောင်ရှင် မိန်းကလေး သားသမီးရစေမယ်ဆိုတဲ့ အင်းပါပဲ။ ဒီအင်းရေးဆွဲနည်းကတော့ အပြိုင်အဆိုင် အနိုင်အင်းအဆောင်ရေးဆွဲနည်းအတိုင်း ရေးဆွဲရမှာပါ။ ဒါပေမယ့် ပထမ အင်းဆန်ရှာတာမှာ နည်းကွဲတယ်။ နေ့နံတိုင်တစ်ခုထူပြီး အခြာရဲ့ အထက်က ဂြိုဟ်သုံးလုံးပေါင်းလို့ရတဲ့ ဂဏန်းကို အပြိုင်အဆိုင် အနိုင်အင်းမှာ ပထမ အင်းဆန်အဖြစ် အသုံးပြုပြီး၊ ဒီအင်းမှာက အခြာရဲ့ အောက်က ဂြိုဟ်သုံးလုံးပေါင်းလို့ရတဲ့ ဂဏန်းကို ပထမ အင်းဆန်အဖြစ် အသုံးပြုရတယ်။



www.burmeseclassic.com

www.burmeseclassic.com

နေ့နံ နံသင့်တိုင်ထူရာမှာ အမည်ပညတ်အရ လူသတ္တဝါတို့ကို အရင်းနံ၊ သစ်ပင်ပန်းမာလ်ကိုတော့ အဖျားနံ ကောက်ယူရပါမယ်။ ဆိုလိုတာက သက်ရှိ အရင်း၊ သက်မဲ့ အဖျားဆိုတဲ့ ဥပဒေအတိုင်း ကောက်ယူရမယ်လို့ ပြောချင်တာပါ။

နံသင့်နေ့တွေရဲ့ ပထမ အင်းဆန်တွေကို ပြောပြပါ့မယ်။ တနင်္ဂနွေနံ ၁၄၊ တနင်္လာနံ ၁၀၊ အင်္ဂါနံ ၁၃၊ ဗုဒ္ဓဟူးနံ ၁၆၊ ကြာသပတေးနံ ၁၂၊ သောကြာနံ ၈၊ စနေနံ ၁၁ ဖြစ်ပါတယ်။ ထည့်နည်းကတော့ ၉ကွက်ပါ အင်းဇယားမှာ လက်ဝဲဘက် အစွန်ဆုံးအကွက်မှာ နံသင့် ပထမ အင်းဆန်ထည့်၊ ပထမ အင်းဆန်ဂဏန်းကိုပဲ ၉နဲ့ ပေါင်းရတဲ့ ဂဏန်းကို ဒုတိယအင်းဆန်အဖြစ် ဒုတိယအကွက်မှာ ထည့်၊ ဒုတိယ အင်းဆန်ကို အခြေပြုပြီး ၉နဲ့ ပေါင်းရတဲ့ ဂဏန်း တတိယ အင်းဆန်အဖြစ် တတိယကွက်မှာ ထည့်၊ တစ်ကွက်ထည့်ပြီးတိုင်း ၉ပေါင်းထည့်နည်းနဲ့ လက်ျာရစ် နာရီလက်တံသွား ၈ကွက်ဖြည့်ရင် အလယ်တစ်ကွက်ကျန်မယ်၊ ကျန်တဲ့ အကွက်မှာ နံသင့်ဂဏန်းထည့်ရမယ်။ (အင်းဆန်ထည့်သွင်းမှု မှန်ကန်ရန်နှင့် မြန်ဆန်ရန် စာရွက်တစ်ရွက်ဖြင့် အကြမ်းရေးဆွဲထားသင့်သည်။) ဒီအင်းကို နံသင့်အသားပစ္စည်းပေါ်မှာ ရေးဆွဲပြီး နံသင့်နေ့ နံနက် ၆နာရီမှ နံနက် ၇နာရီခွဲအကြားမှာ အပင်ဆိုရင် ပင်စည်မှာ ချိတ်ဆွဲ၊ ဒါမှမဟုတ် ပင်ခြေရင်းမှာ မြှုပ်နှံ၊ လူဆိုရင် ကိုယ်မှာ ဆောင်ထားရင် ပြီးပါပြီ"

မောင်စိုးမြင့် သဘော်ပင်အတွက် နမူနာအင်းပုံစံရေးဆွဲရမည့် အသား၊ ဆောင်ရွက်ရမည့် နေ့အချိန်ကို ပြောပြပါ့မယ်။ သဘော်ပင် နံသင့် ကြာသပတေးဖြစ်လို့ ကြာသပတေးနံ အင်းပုံစံကို သုံးရပါမယ်။ အသားကတော့ သွပ်ပြား၊ သံပြားပေါ်မှာ ရေးရပါမယ်။ မရှိရင်တော့ ပျဉ်ပြား၊ ကတ်ပြား စတာတွေပေါ်မှာလည်း ရေးနိုင်ပါတယ်။ နေ့အချိန်ကတော့ ကြာသပတေးနေ့နံနက် ၆နာရီမှ နံနက် ၇နာရီခွဲကြားမှာ ဆောင်ရွက်ရပါမယ်။

ကြာသပတေးနံသင့်အင်းက အလားတူ ငှက်ပျော၊ လိမ္မော်၊ ဘူးပင်တို့မှာ သုံးနိုင်ပြီး လူဆိုရင်တော့ ကြာသပတေးသားသမီးသုံးရမှာပါ"

ဟု ရှင်းပြ၍ ကြာသပတေးနံသင့် အင်းပုံစံလေးတစ်ခုလည်း ဆွဲပေးလိုက်ပါသည်။

| | | |
|---|---|---|
| ၁၂ | ၂၀ | ၃၀ |
| ၇၅ | ၅ | ၃၉ |
| ၆၆ | ၃၇ | ၄၈ |

(ကြာသပတေးနံသင့်အပင် (သို့) နေ့သားသမီးအတွက် အဆောင်အင်းပုံစံ)

စာဖတ်သူတို့လည်း ဤအင်းပုံစံလေးကို နမူနာယူ၍ အခြားသော သီးပင်ပန်းပင်တို့ မသီးမပွင့်ရင်၊ အိမ်ထောင်ရှင်မိန်းကလေးများ သားသမီးရချင်၊ အဖတ်တင်ချင်ရင် ဒီအင်းလေးကို ဆောင်ကြည့်ပါလို့။

(စေတနာမှန်လျှင် ကံကောင်းမည်)

* * *

မောင်တင်ကြွယ်(မြည်)

ရွှေရင့်မာရှင် ဆရာပင်၊ မှာတွင်သိစရာ။
ဟောတိုင်းပြောတိုင်း၊ ချင့်အနှိုင်း ရေးတိုင်းမယုံရာ။
နိဗ္ဗာန်လို့က ဝိရာဂ၊ မိန့်မှယုံသင့်ပါ။

လေးသင်းမင်းကျောင်း ဆရာတော်


www.burmeseclassic.com

www.burmeseclassic.com



# မုတ်ဆိတ်မွေး ဂျာအေး

ချစ်မင်းသူ

www.burmeseclassic.com

www.burmeseclassic.com

(၁)

ကျွန်ုပ်တို့ ဇနီးမောင်နှံမှာ အနုပညာဝါသနာပါသူများဖြစ်ကြရာ "ပန်းကမ္ဘာ" ဟူသော ဇာတ်အဖွဲ့တစ်ဖွဲ့ကို တည်ထောင်မိခဲ့ကြ၏။ ထိုသို့ ဇာတ်ပွဲ တည်ထောင်ပြီးသည်မှစ၍ ကျွန်ုပ်တို့ ဇနီးမောင်နှံမှာ ဇာတ်ပွဲကရာသို့ လိုက်ပါရတော့၏။ ထိုနှစ်က ကျွန်ုပ်တို့ ဇနီးမောင်နှံ၏ ပန်းကမ္ဘာဇာတ်ပွဲသည် ဧရာဝတီတိုင်း နယ်တစ်လျှောက်၌ ကပြရာ အထူးအောင်မြင်၏။ ထို့ကြောင့် ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ မြို့ရွာဒေသအနှံ့သို့ ရောက်ရှိခဲ့ရ၏။

ပွဲဦးကို ဓနုဖြူမြို့ ဘုရားပွဲတော်၌ ကပြပြီးသည်မှစ၍ ဟင်္သာတ၊ ကျုံပျော်၊ ရေကြည်၊ ငသိုင်းချောင်း။ အသုတ်မြို့များနှင့် ထိုနယ်များအတွင်းရှိ ကျေးရွာများတွင် ကပြခဲ့ရာ ပွဲချိ ၃၀ကျော် ကပြခဲ့ပြီးဖြစ်သည်။ ကန်ထရိုက်(ဂုံးပွဲ)ပွဲများ ဖြစ်သောကြောင့် ဇာတ်ဆရာဖြစ်သူ ကျွန်ုပ်တို့ဇနီးမောင်နှံမှာ စိတ်ချမ်းသာခဲ့ရ၏။ သို့သော် နောက်ပိုင်းတွင် ဂုံးပွဲမရှိသောကြောင့် ဇာတ်ဆရာ ကျွန်ုပ်တို့ ဇနီးမောင်နှံမှာ ခေါင်းခဲရပြန်လေ၏။

ဇာတ်အဖွဲ့တွင် ဇာတ်သူ ဇာတ်သားပေါင်း ၅၀ဦးမျှ ပါရှိလေရာ ထိုလူ ၅၀၏ နေ့စဉ် ထမင်းနှစ်နပ်ကျွေးရသည့် စရိတ်မှာ မသေးလှချေ။ ဇာတ်ပွဲ မနားတမ်း က,နေရပါမှ ထိုစရိတ် အဆင်ပြေရသည်ဖြစ်ရာ၊ ဇာတ်ပွဲနားရသောအခါ ဇာတ်ဆရာ ကျွန်ုပ်တို့ ဇနီးမောင်နှံ နှစ်ယောက်မှာ ဦးနှောက်ခြောက်ရတော့သည်။ ထို့ကြောင့် ဇာတ်ထဲမှ ရေ့ပြေးမန်နေဂျာ ဦးတင်ဦးအား ဇာတ်ပွဲကရန် ရှံဆင်ခိုင်းလိုက်ရ၏။

ဂုံးပွဲများမရခင်စပ်ကြား ဇာတ်ဆရာသွင်းပွဲ(Own Show) ကနေရလျှင်ပင် ကျွန်ုပ်တို့ ဇာတ်ဆရာအတွက် ငွေမြင်နေရသောကြောင့် ရှုံးရှုံး,မြတ်မြတ် တော်သေး၏ဟု ယူဆရ၏။ ဇာတ်သမားများကို စပေါ်(ကြိုတင်ငွေ) ပွဲချိ ၂၀စာ ပေးထားခဲ့သည်ဖြစ်ရာ ဇာတ်ရုံတစ်ရုံ၌ သုံးညကလျှင် ညကြေးတစ်ညစာ ပြန်ဖြတ်လေ့ရှိ၏။ ထို့ကြောင့် ဇာတ်ပွဲက၍ တစ်ညစာရသည့် ငွေမှာ ဇာတ်ဆရာလက်ထဲ လုံးလုံးလျားလျားရောက်၏။ အကယ်၍ သတ်မှတ်ထားသော ဇာတ်ကြေးမပြည့်မီဘဲ ရသည်ဆိုစေဦးတော့၊ အတိုအထွာသုံးစရိတ်အတွက် အထောက်အကူဖြစ်ရာ ဇာတ်ဆရာခမျာ အသက်ရှူပေါက်ရလေ၏။

"ကျွန်ုပ်တို့ ဇာတ်ဆရာမှာကား
လူပေါင်း ၅၀ကို
၁၀ရက်နီးပါးမျှ
ထမင်းထိုင်ကျွေးနေရသောကြောင့်
လက်ထဲရှိသမျှ ငွေတိုငွေစတို့မှာ
မှုး၍ ရှူစရာမရှိအောင်
ကုန်စင်သွားလေ၏။
ထို့ကြောင့် ပါလာသမျှ
ရွှေစလေးများကို
ဝါးခယ်မမြို့ရှိ အပေါင်ဆိုင်သို့
ပြေးထားကာ
ဣန္ဒြေမပျက်အောင်
ထိန်းနေရ၏။"

ဤသို့ဖြင့် ကျွန်ုပ်တို့ ပန်းကမ္ဘာ ဇာတ်ပွဲသည် အသုတ်မြို့၌ ၇ရက်မျှ နားနေပြီးနောက် ဝါးခယ်မမြို့သို့ ပြောင်းရွှေ့ခဲ့ကြ၏။ ဝါးခယ်မ မြို့နယ်ခန်းမကြီး၌ ဇာတ်ဆရာသွင်းပွဲ(Own Show) ကရန်ဖြစ်၏။ သို့သော် ဝါးခယ်မသို့ ရောက်ရောက်ချင်း မကရသေးဘဲ နှစ်ရက်မျှ နားနေရပြန်၏။ အဘယ့်ကြောင့်ဆိုသော် ဇာတ်ပွဲကရန်အတွက် ပါမစ်လိုက်နေရသောကြောင့်ဖြစ်၏။ ထို့ကြောင့် ဇာတ်ဆရာ ကျွန်ုပ်တို့ဇနီးမောင်နှံမှာ အသက်ရှူကျပ်ရ၏။ နားနေရသည့်ရက်များအတွင်း ဇာတ်အဖွဲ့သူ အဖွဲ့သား ၅၀ တို့မှာကား စားလိုက်သောက်လိုက်နှင့် အိပ်ရေးဝဝအိပ်ကာ ငိမ်ကျနေကြရာ၏။

ကျွန်ုပ်တို့ ဇာတ်ဆရာမှာကား လူပေါင်း ၅၀ကို ၁၀ရက်နီးပါးမျှ ထမင်းထိုင်ကျွေးနေရသောကြောင့် လက်ထဲရှိသမျှ ငွေတိုငွေစတို့မှာ မှုး၍ ရှူစရာမရှိအောင် ကုန်စင်သွားလေ၏။ ထို့ကြောင့် ပါလာသမျှ ရွှေစလေးများကို ဝါးခယ်မမြို့ရှိ အပေါင်ဆိုင်သို့ ပြေးထားကာ ဣန္ဒြေမပျက်အောင် ထိန်းနေရ၏။

သို့နှင့် ဇာတ်ပွဲ ပထမည ကပြီးသွားလေသည်။ ဇာတ်ပွဲကရသည် ဆိုသော်လည်း ဘုရားပွဲတော်ရက် မဟုတ်၍ တစ်ကြောင်း၊ ကြိုတင်၍ ကြော်ငြာထားခြင်း မရှိသည်က တစ်ကြောင်း၊ ကြားရက် ကြားပွဲဖြစ်သောကြောင့် ပွဲကြည့် ပရိသတ်က သိပ်မလာ။ ထို့ကြောင့် ဇာတ်ရင်းကြေး နှစ်သောင်းပင် အပြည့်အဝ မရ။ ငွေလေး နှစ်ထောင်ကျော်ကျော်သာလျှင် ရသောကြောင့် ဇာတ်ရုံငှားခ တစ်ညစာ ငါးထောင်နုတ်လျှင် ငွေသုံးထောင်ကျော်သာ သုံးရန်ကျန်၏။ သို့အတွက် ဇာတ်သမားများကို ပထမ ညကြေး ရှင်းမပေးနိုင်။ ဤ

www.burmeseclassic.com

သည့် ငွေသုံးထောင်ကျော်နှင့် ထမင်းစရိတ်လောက်အောင် မနည်းချွေတာ ခြိုးခြံ ဝယ်ချက်လိုက်ရ၏။

ဇာတ်သမားတချို့မှာ အသုံးအစွဲ ကြမ်းသူများဖြစ်သောကြောင့် သူတို့လက်ထဲ၌လည်း ငွေပြတ်နေကြ၏။ ထို့ကြောင့် ကျွန်ုပ်တို့ ညကြေးမရှင်းသည်ကို မကျေမနပ်ဖြစ်နေကြ၏။ သို့သော် ကျွန်ုပ်တို့ ဇာတ်ဆရာအား ထိပ်တိုက်လာ၍ မပြောရဲကြ။ ကွယ်ရာမှာ တွတ်ထိုးပြောသံကို ကြားနေရတော့ ကျွန်ုပ်မှာ အလွန်ဒေါသဖြစ်နေမိ၏။ ထို့ကြောင့် နံနက်စာကို မွန်းတည့်ကျော်သည့်တိုင် မစားသေးဘဲ ကျွန်ုပ်တို့နေထိုင်ရသည့် ဇာတ်စင်နောက်ဘက် အခန်းလေးထဲတွင် လှဲအိပ်နေရင်း လုပ်ငန်းအကြောင်းများကို စဉ်းစားနေမိလေ၏။ ထိုစဉ်・・・

"ဇာတ်ဆရာ・・・ဇာတ်ဆရာ၊ ဟောဒီမှာ ထမင်းနည်းနည်း လာတောင်းနေတယ်"

ကားဆွဲ အောင်ကြီးက ကျွန်ုပ်တို့၏ အခန်းဝမှနေ၍ လှမ်းအော်ပြော၏။ ထို့ကြောင့် ကျွန်ုပ်မှာ လှဲအိပ်နေရာမှ ထကာ အခန်းအပြင်သို့ ထွက်၍ကြည့်လိုက်၏။ ကားဆွဲ အောင်ကြီး၏ ဘေးတွင် လူကြီးတစ်ဦး မတ်တတ်ရပ်လျက်ရှိနေ၏။ ထိုလူကြီးမှာ အသက် ၆၀ကျော်ခန့် ရှိလေ၏။ နွမ်းဖတ်သော အဝတ်အစားများကို ဝတ်ဆင်ထား၏။ ထိုလူကြီး၏ ဦးခေါင်းမှ ဆံပင်များမှာ ရှုပ်ပွနေပြီး နီကျင်သော အရောင်ရှိနေ၏။

ထိုလူကြီး၏ မျက်နှာတွင်လည်း မုတ်ဆိတ်မွေးများ ထူလပျစ်ရှိနေလေရာ ကြည့်ရသည်မှာ အလွန်အရုပ်ဆိုးလှ၏။ ကျွန်ုပ်အား လက်နှစ်ဖက်ကို ပန်းကန်ပြားသဏ္ဌာန်လုပ်ပြပြီးနောက်



လက်တစ်ဖက်ဖြင့် ထမင်းလုတ် ပါးစပ်ထဲ ထည့်သကဲ့သို့ လုပ်ပြရင်း မေးတဆတ်ဆတ်မော့ပြနေလေ၏။ ကျွန်ုပ်အား ထမင်းဟင်းပေးရန် တောင်းနေသည်ဟု ကျွန်ုပ် သဘောပေါက်မိ၏။ ထို့ကြောင့်・・・

"သူက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဒီထဲကို ဘယ်လိုလုပ် ဝင်လာတာလဲ"

ကျွန်ုပ်က အောင်ကြီးကို ခပ်ဆတ်ဆတ်မေးလိုက်၏။ ထိုလူကြီးကိုလည်း ခပ်ထန်ထန်ကြည့်လိုက်၏။

"ကျွန်တော်လည်း မသိဘူး ဆရာ။ ဇာတ်ဆရာတို့အခန်းဘက် လျှောက်လာနေတာ တွေ့လို့ လိုက်လာပြီး မေးကြည့်တော့ ထမင်းမစားရသေးလို့ ထမင်းနည်းနည်းပေးပါလို့ ပြောတယ်"

ကားဆွဲ အောင်ကြီးက ကျွန်ုပ်ရှင်းပြနေစဉ်တွင် ထိုလူကြီးက ကျွန်ုပ်အား မျက်လုံးအပြူးသားဖြင့် ငေးကြည့်နေရာ၏။ ထိုအချိန်တွင် အပြင်မှ ပြန်လာသော ကျွန်ုပ်၏ ဇနီးသည်မှာ ကျွန်ုပ်တို့အနားသို့ ရောက်လာ၏။

ကျွန်ုပ်တို့ သုံးယောက် မျက်နှာချင်းဆိုင် မတ်တတ်ရပ်နေသည်ကို ကြည့်ရင်း-

"အောင်ကြီး・・・ဘာတွေ ဖြစ်လို့လဲ"

ဇနီးသည်က စိုးရိမ်စွာ မေးလိုက်၏။ ထို့ကြောင့် ကျွန်ုပ်က အလျင်အမြန် ဝင်ဖြေလိုက်၏။

"ဘာမှမဖြစ်ပါဘူးကွာ။ ဒီမှာ ထမင်းလာတောင်းနေလို့၊ အဲဒါ・・・"

"ဒါများရှင်・・・လာတောင်းနေရင်လည်း ပေးလိုက်ပေါ့။ အောင်ကြီး ကိုချစ်သန်းဆီ သွားပြီး မေးကြည့်စမ်း။ ထမင်းဟင်းကျန်သေးရင် ငါတို့ တောင်းခိုင်းတယ်ပြောပြီး တစ်ပန်းကန်ထည့်ပြီး ယူလာခဲ့"

ကားဆွဲ အောင်ကြီး အနီးမှ ချက်ချင်းထွက်သွား၏။ မကြာမီ ကျွန်ုပ်တို့အနီးသို့ ပြန်ရောက်လာ၏။

"ကိုချစ်သန်းဆီမှာ ထမင်းဟင်း မကျန်တော့ဘူးတဲ့"

"ကဲ - ဒါဆို ကျွန်မတို့အတွက် ယူထားတဲ့ ထမင်းဟင်းထဲကပဲ ပေးလိုက်ရအောင်။ ခဏလေးစောင့်နော်"

ကျွန်ုပ်ဇနီးသည်က ထိုလူကြီးကို ခေတ္တစောင့်ခိုင်းထားပြီး ကျွန်ုပ်တို့ နေထိုင်ရာ အခန်းထဲသို့ ဝင်သွား၏။ ခဏအကြာတွင် ဇနီးသည်၏ လက်ထဲ၌ ထမင်းဟင်းပါသော ပန်းကန်တစ်ချပ်ကိုင်ကာ ထွက်လာ၏။ ပြီးနောက် ထိုလူကြီးထံ လှမ်းပေးလိုက်ရာ လူကြီးမှာ ထမင်းပန်းကန် သူ့လက်ထဲသို့ ရောက်သည်နှင့် အငမ်းမရ စားသောက်လေတော့၏။

ထမင်းလုတ်ကို ပလုတ်ပလောင်း အမြန်စားနေပြန်ရာ ထမင်းစေ့အချို့မှာ ထိုလူကြီး၏ နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးများကြားတွင် တင်နေကြ၏။ ကျွန်ုပ်မှာ ရွံစရာကောင်းသော ထိုလူကြီး၏



www.burmeseclassic.com

www.burmeseclassic.com

ရုပ်လွှာကို ကြည့်ကာ နှာခေါင်းရှုံ့၍ တစ်ဖက်သို့ မျက်နှာလွှဲထားမိလေ၏။ ကျွန်ုပ်၏ ဇနီးသည်မှာကား ထိုလူကြီး စားသောက်နေသည်ကို ကြည့်ကာ ပီတိဖြစ်လျက် ပြုံးနေရှာ၏။

"ဦးကြီး ဖြည်းဖြည်းစားပါ။ ဟော ဟို ထိုင်ခုံမှာ ထိုင်စားပါ။ မဝသေးရင်လည်း ပြော၊ ကျွန်မ ထမင်းဟင်းထပ်ထည့်ပေးမယ်"

ကျွန်ုပ်၏ ဇနီးသည်က မနီးမဝေးရှိ ထိုင်ခုံကို လက်ညှိုးညွှန်ပြရင်း ပြောနေသော်လည်း ထိုလူကြီးမှာ နေရာမပြောင်းဘဲ ယခင်အတိုင်း မတ်တတ်ရပ်လျက်ပင် ဆက်၍စားနေ၏။ ခဏအကြာတွင် ထမင်းတစ်ပန်းကန်မှာ ပြောင်သွားလေ၏။

ကုန်သွားသော ထမင်းပန်းကန်ကို ကျွန်ုပ်၏ အမျိုးသမီးအား ပြန်ပေးပြီးနောက် သူ့လက်၌ ပေကျံနေသည်များကို သူ၏ ပုဆိုးဖြင့် သုတ်နေလိုက်၏။ ကျွန်ုပ်မှာ ထိုလူကြီး၏ လုပ်ပုံကိုင်ပုံများကို မသတီဖြစ်သောကြောင့် ထိုနေရာမှ ရှောင်ထွက်ရန် ကားဆွဲအောင်ကြီးကို မျက်ရိပ်ပြလိုက်ပြီး ခြေလှမ်းပြင်လိုက်၏။

"ဟော့ -- နေပါဦးကွ၊ ငါ မင်းတို့ လင်မယားကို ကျေးဇူးဆပ်ချင်သေးလို့ပါကွာ"

ထိုလူကြီး၏ စကားသံကြောင့် ကျွန်ုပ်မှာ နောက်သို့ ပြန်လှည့်လာကာ ထိုလူကြီးနှင့် မျက်နှာချင်းဆိုင်ရပ်လျက် သူ့အား စူးစူးစိုက်စိုက်ကြည့်နေမိ၏။ ကျွန်ုပ်၏ အမျိုးသမီးကား သူ၏ လက်ထဲမှ ပန်းကန်ကို ကားဆွဲ အောင်ကြီးကို လှမ်းပေးပြီး ပန်းကန်ဆေးခိုင်းလိုက်သောကြောင့် အောင်ကြီးတစ်ယောက် ကျွန်ုပ်တို့အနီးမှ ထွက်သွား၏။

"မင်းတို့လင်မယား ဇာတ်ပွဲအဆင်မပြေလို့ ဦးနှောက်ခြောက်နေကြတယ် မဟုတ်လား။ အင်း···ပြီးတော့ ဇာတ်ထဲမှာကလည်း မင်းတို့မွေးတဲ့ မျောက်က မင်းတို့ကို ပြန်ခြောက်ဆိုတော့ မင်းတို့ စိတ်ဆင်းရဲနေရတယ်ဆိုတာ ငါသိပါတယ်ကွာ။ ကဲ-ငါ့ကို ထမင်းတော့ ကျွေးပြီးပြီ ရေတိုက်ချင်စိတ်ရော မရှိကြဘူးလား"

"ဪ··· ရှိ···ရှိပါတယ်။ ကျွန်မတို့ မေ့နေလို့ပါ ဆရာကြီးရယ်"

ကျွန်ုပ်၏ အမျိုးသမီးက နှုတ်သွက် အာသွက်ဖြင့် ဆရာခေါ်ရင်းမှ အခန်းထဲဝင်၍ ရေတစ်ခွက်ခပ်ပြီးနောက် ပြန်ထွက်လာကာ ထိုလူကြီးအား တရိုတသေ ကမ်းပေးလိုက်၏။ ထိုလူကြီးက ရေတစ်ခွက်ကို မော့သောက်လိုက်ပြီး ပလုတ်ကျင်းကာ

"
မင်းက အတော်အသန့်ကြိုက်တဲ့
ကောင်ပဲကွ။
မင်း ဘယ်လောက်
အသန့်ကြိုက်ကြိုက်
မင်းအိပ်နေရတာ
မြေကြီးပေါ်မှာဆိုတာရော
မင်း သတိထားမိရဲ့လား။
ကဲပါ၊ မင်းတို့က ငါ့ကို
ထမင်းကျွေးထားတဲ့
ကျေးဇူးတွေ
ရှိနေတော့ ငါကလည်း
မင်းတို့ကျေးဇူးကို
ဆပ်ရပေဦးမှာပေါ့။ ရော့
"

ကျွန်ုပ်အနီးသို့ ပက်ခနဲ ထွေးချလိုက်၏။ ထိုလူကြီး ထွေးချလိုက်သော ရေစက်အချို့မှာ ကျွန်ုပ်အား လာရောက်ထိမှန်သောကြောင့် ကျွန်ုပ်၏ ခြေလှမ်းများမှာ နောက်သို့ အလိုလိုဆုတ်မိရက်သားဖြစ်သွား၏။ စိတ်ထဲမှလည်း မကျေမနပ်ဖြစ်သွား၏။

"မင်းက အတော်အသန့်ကြိုက်တဲ့ ကောင်ပဲကွ။ မင်း ဘယ်လောက် အသန့်ကြိုက်ကြိုက် မင်းအိပ်နေရတာ မြေကြီးပေါ်မှာဆိုတာရော မင်း သတိထားမိရဲ့လား။ ကဲပါ၊ မင်းတို့က ငါ့ကို ထမင်းကျွေးထားတဲ့ ကျေးဇူးတွေ ရှိနေတော့ ငါကလည်း မင်းတို့ကျေးဇူးကို ဆပ်ရပေဦးမှာပေါ့။ ရော့"

ထိုလူကြီးက ပြောပြောဆိုဆိုဖြင့် သူ၏ အကျႌအိတ်ကပ်ထဲမှ တစ်ခုခုကို နှိုက်ယူပြီး ကျွန်ုပ်တို့လင်မယားရှေ့၌ လက်ဝါးဆုပ်လျက် ပေးလိုက်၏။ ထို့ကြောင့် ကျွန်ုပ်၏ ဇနီးသည်က ကပျာကယာ လက်ဖြန့်ယူလိုက်၏။ ကျွန်ုပ်အားလည်း သူနည်းတူ လှမ်းယူရန် မျက်ရိပ်ပြလိုက်သဖြင့် ကျွန်ုပ်လည်း ထိုလူကြီးရှေ့၌ လက်ဝါးဖြန့်လိုက်ရာ ထိုလူကြီးက ကျွန်ုပ်၏ လက်ဝါးထဲသို့ တစ်စုံတစ်ခုကို ထည့်ပေးလိုက်လေ၏။ ပြီးနောက်···

"အေး၊ ဒီနေ့က စပြီး မင်းတို့မှာ ရှိနေတဲ့ အခက်အခဲတွေ အောင်မြင်သွားလိမ့်မယ်။ တစ်ခုတော့ ရှိတယ်။ ရတနာသုံးပါးနဲ့ အမိအဖ ဆရာသမားတွေကိုတော့ ဘယ်တော့မှ မမေ့နဲ့။ ကဲ - ငါသွားပြီ။ သတ္တဝါအပေါင်း ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ"

ထိုလူကြီးက ပြောပြောဆိုဆိုဖြင့် နောက်ကြောင်းလှည့်ကာ ဇာတ်ရုံထဲမှ ထွက်သွားလေတော့၏။ ထိုလူကြီး ထွက်သွားရာနောက်သို့ ကျွန်ုပ်တို့မီး



www.burmeseclassic.com

www.burmeseclassic.com

မောင်နံ့နှစ်ယောက်မှာ ငေးကြောင်စွာ ကြည့်နေမိရာ အတန်ကြာသောအခါ ထိုလူကြီးမှာ ကျွန်ုပ်တို့၏ မြင်ကွင်းမှ ကွယ်ပျောက်သွားလေသည်။ ထိုအခါမှ ကျွန်ုပ်တို့ လက်ထဲသို့ ထိုလူကြီးထည့်ပေးထားခဲ့သည့် ပစ္စည်းများကို ကြည့်ရာ ခြင်္သေ့ရုပ်ပါသော မတ်စေ့ ၂၅ပြား အကြွေစေ့တစ်စေ့စီဖြစ်ကြောင်း သိရလေတော့၏။

(၂)

ဒုတိယည ဇာတ်ပွဲကရန် ဇာတ်ရုံ မီးလင်းသည်အထိ ပရိသတ်များ ကျိုးတိုးကျဲတဲသာလျှင် ရှိ၏။ ကျွန်ုပ်တို့ ဇာတ်ပွဲမှ ရွာစား စိန်ဘာဘူဆိုင်းဝိုင်းက ညှော်ခံတီးပေးနေသည့်တိုင် ပရိသတ်မှာ ရုံထဲသို့ ဝင်ကြည့်သူ ရှားပါးလှ၏။ ကျွန်ုပ်တို့ ဇနီးမောင်နှံမှာ လက်မှတ်ရုံ၌ ထိုင်၍ လက်မှတ်ရောင်းနေရင်း နှုတ်မှလည်း ဘုရားစာများ ရွတ်ဖတ်ပူဇော်နေမိ၏။

ကျွန်ုပ်တို့ ပန်းကမ္ဘာဇာတ်ပွဲ၏ အစဉ်အလာအရ ညနေ ၆နာရီထိုးသည်နှင့် ဇာတ်ရုံ မီးလင်းရ၏။ ထိုအချိန်မှစ၍ ဇာတ်သူ၊ ဇာတ်သားများ မိတ်ကပ်လိမ်းခြယ်ကြတော့၏။ ၇နာရီထိုးသည်နှင့် ဆိုင်းဝိုင်းမှ ညှော်ခံတီးပေးရ၏။ ဂ-နာရီခွဲသည်နှင့် အနောက်တိုင်းဝိုင်းက တစ်ဖန် ညှော်ခံရပြန်၏။ ပြီးလျှင် ဆိုင်းဝိုင်းနှင့် အနောက်တိုင်းဝိုင်း နှစ်ဝိုင်းပေါင်း ညှော်ခံပြီးသည့်နောက် ပွဲထွက်ရန် စတင် ပြင်ဆင်ရတော့၏။ တစ်ခါတစ်ရံ ည ၉နာရီခွဲတွင် ပွဲထွက်၍ တစ်ခါတစ်ရံ ၁၀နာရီတွင် ပွဲထွက်လေ့ရှိ၏။

ပရိသတ်၏ အခြေအနေကို ကြည့်၍ ပွဲထွက်ခြင်းကို ရှေ့တိုး နောက်ငင် ချိန်ဆ၍ ထွက်လေ့ရှိ၏။ ညှော်ခံတီးနေသောအချိန်တွင် ရုံဝင်လက်မှတ်နှင့်



ဖျာလက်မှတ်တို့ကို ရောင်းချ၏။ နှစ်ဝိုင်းပြိုင် ညှော်ခံတီးဝိုင်းပြီးသည်နှင့် ရုံခါကာ ပွဲထွက်ရန် ပြင်ဆင်၏။ ရုံခါပြီးသည်နှင့် ရုံအတွင်းသို့ လူပြန်သွင်းကာ မကြာမီ ဇာတ်ပွဲ စထွက်တော့၏။ ဤသည်မှာ ကျွန်ုပ်တို့ ဇာတ်ပွဲ၏ အစဉ်အလာဖြစ်သည်။

လက်မှတ်ရုံအတွင်း၌ လက်မှတ်ထိုင်ရောင်းနေရသည်မှာ ကျိုးတိုးကျဲတဲဖြစ်သောကြောင့် ကျွန်ုပ်မှာ လက်မှတ်ရုံထဲ၌ ဇနီးသည်ကို ထားခဲ့ပြီး ဇာတ်ရုံထဲသို့ ထွက်လာကာ ပရိသတ်ကို အကဲခတ်လေ့လာနေမိ၏။ ဇာတ်ရုံထဲရှိ ညှော်ခံတီးနေသော ဆိုင်းဝိုင်းဘေးတွင် ပရိသတ်မှာ စောစောကထက် များပြားကာ လူပ်လူပ်ရွရွ ရှိနေကြသည်ကို လှမ်းမြင်လိုက်ရ၏။ ထိုသို့ ကြည့်နေစဉ်အတွင်းမှာပင် ဇာတ်ရုံထဲသို့ လူဝင်လူထွက်များလာနေသည်ကို သတိထားမိလိုက်၏။ မကြာမီ ဆိုင်းဝိုင်းညှော်ခံပြီးသွား၏။

ထိုအချိန်တွင် အနောက်တိုင်းဝိုင်းမှ စတင်ညှော်ခံရန် အသံပေးနေပြီဖြစ်၏။ ထို့ကြောင့် ပရိသတ်များမှာ အနောက်တိုင်းဝိုင်းရှိရာဘက်သို့ အလုအယက်ပြေးကပ်ကြည့်ကြပြန်၏။ ကျွန်ုပ်မှာ လှုပ်လှုပ်ရွရွရှိလှသော ပရိသတ်ဘက်ကို ကြည့်လျက် ဝမ်းသာပီတိဖြစ်ကာ လက်မှတ်ရုံဘက်သို့ ခပ်တွတ်တွတ်ပြန်လျှောက်လာလိုက်၏။ လက်မှတ်ရုံပေါက်ဝတွင် လူများ တိုးဝှေ့၍ လက်မှတ်ဝယ်နေကြသည်ဖြစ်ရာ ကျွန်ုပ်၏ အမျိုးသမီးမှာ လက်မလည်အောင် ဖြစ်နေရာသဖြင့် ကျွန်ုပ်ပါ ကူ၍ လက်မှတ် ရောင်းပေးရပြန်၏။

အတန်ကြာသောအခါ ညှော်ခံတီးလုံးရပ်သွားပြီးနောက် ရုံခါနေပြီဖြစ်ကြောင်း ကြေညာသံကို လက်မှတ်ရုံထဲမှ ကြားလိုက်ရ၏။ ထို့ကြောင့် ကျွန်ုပ်၏ ဇနီးသည်နှင့် အဖော်တစ်ယောက်ကို လက်မှတ်ရုံ၌ ထားရစ်ခဲ့ပြီး ကျွန်ုပ်က ဇာတ်ရုံပေါက်ဝသို့ အပြေးလာခဲ့ရပြန်၏။ ရုံခါပြီးသည်နှင့် ဇာတ်ရုံထဲသို့ လူပြန်သွင်းရမည်ဖြစ်ရာ ကျွန်ုပ်မှာ လက်မှတ်(လူဝင်လက်မှတ်)များကို ရုံပေါက်ဝမှ စောင့်၍ သိမ်းပေးရမည်ဖြစ်၏။ အကယ်၍ ဇာတ်ဆရာကိုယ်တိုင် ကြီးကြပ်မှုမရှိပါက ရုံပေါက်ဝစောင့်သူတို့သည် လျှော့ဈေးဖြင့် လူသွင်းတတ်ကြလေရာ ရေသာများ၍ ငါးမတွေ့ဆိုသကဲ့သို့ လူဝင်များသော်လည်း ပိုက်ဆံမရဘဲ ရှိတတ်၏။

ထို့ကြောင့် ကျွန်ုပ်တို့ ဇာတ်ဆရာလင်မယားမှာ (Own Show) ဇာတ်ဆရာသွင်းပွဲကတိုင်း ရုံပေါက်ဝ၌ တစ်ဦးမဟုတ် တစ်ဦး စောင့်ကြပ်ကြရ၏။ ထိုညက ရုံပေါက်ဝစောင့်ရသူ ကျွန်ုပ်မှာ မတ်တတ်ရပ်နေသော်လည်း ညောင်း၍ညောင်းမှန်း မသိ၊ အချိန်ကုန်၍ ကုန်မှန်းပင် မသိလိုက်။ အဘယ့်ကြောင့်ဆိုသော် ပရိသတ်မှာ ဝင်[illegible]မဲ

www.burmeseclassic.com

www.burmeseclassic.com

တသဲသဲဖြစ်သောကြောင့် ဖြစ်လေ၏။ ကျွန်ုပ်ဇနီးသည်မှာလည်း ရုံဝင်လက်မှတ်များကို အဆက်မပြတ်ရောင်းနေရရာ စတိတ်ရှိုးပြီးသည့် ည ၁နာရီကျော်မှ လက်မှတ်ရုံက ထရတော့၏။

စတိတ်ရှိုးပြီးသည့်နောက် ပြဇာတ်တစ်ဝက်ကျိုးသောအခါ ရုံဖွင့်ပေးလိုက်ပြီး ကျွန်ုပ်တို့ ဇနီးမောင်နှံနှစ်ယောက် မိမိတို့နားနေရာ အခန်းသို့လာလိုက်ကြ၏။ ပြီးနောက် လက်မှတ်ရောင်းခဲ့ရသမျှ ငွေများကို နှစ်ယောက်သား ရေတွက်ကြည့်ရာ အထူးအဆန်း သဖွယ် အံ့သြဘနန်းဖြစ်ကာ ဝမ်းသာလွန်း၍ မျက်ရည်များပင် စို့တွက်ကြရရှာ၏။

ထိုဒုတိယညက ငွေငါးသောင်းကျော်ရရှိခဲ့၏။ ဇာတ်ရင်းကြေးမှာ နှစ်သောင်းသာသာရှိ၍ ရုံငှားခပေါင်းပါမှ သုံးသောင်းအပြည့်သာ ရှင်းရမည်ဖြစ်ရာ ငွေနှစ်သောင်းကျော် အမြတ်ရရှိခဲ့လေသည်။ ပထမညက ရရှိသော ငွေရှစ်ထောင်နှင့် ယှဉ်လျှင် မမျှော်မှန်းရဲသော ငွေများကို ရရှိလာခြင်းအတွက် ကျွန်ုပ်တို့မှာ အထူးအဆန်း အံ့သြဖွယ်ဖြစ်ရခြင်းဖြစ်၏။ ထိုသို့ ငွေကြေးအမြတ်အစွန်းများ ရရှိခြင်း၊ ဤအောင်မြင်ခြင်းတို့မှာ နေ့လယ်က ကျွန်ုပ်တို့ ထမင်းကျွေးလိုက်သော မုတ်ဆိတ်မွေး ထူလပျစ်နှင့် ညစ်ပေပေ လူကြီး၏ အစွမ်းကြောင့်ဟု ကျွန်ုပ်၏ ဇနီးသည်က ကျွန်ုပ်အား ယုံကြည်စွာ ပြောပြ၏။

ကျွန်ုပ်၏ ဇနီးသည် ပြောသောအခါမှ ကျွန်ုပ်တွေးကြည့်ရာတွင် ကျွန်ုပ် ထိုလူကြီး၏ အစွမ်းကို မယုံရဲ ယုံရဲဖြစ်မိ၏။ သို့သော် ကျွန်ုပ်တို့၏ ငွေကြေးအဆင်ပြေလာရခြင်းမှာလည်း မမျှော်လင့်ဘဲ ရုတ်ခြည်းဖြစ်လာရသည်ဖြစ်ရာ အလွန်ထူးဆန်းဖွယ် အကြောင်းတစ်ခုအဖြစ်ကိုကား ကျွန်ုပ်၏ ရင်တွင်း၌ စွဲ၍ တေးမှတ်ထားလိုက်၏။

(၃)

နောက်တစ်နေ့တွင် ကျွန်ုပ်တို့ ဇာတ်အဖွဲ့သည် နောက်ဆုံးညအဖြစ် ကပြရမည်ဖြစ်၏။ ဇာတ်အဖွဲ့သူ၊ အဖွဲ့သားများကို ညကြေးရှင်းပေးနိုင်သောကြောင့် ဇာတ်သူ၊ ဇာတ်သားတို့မှာလည်း ပျော်မဆုံးနိုင် ရှိနေကြ၏။ ကျွန်ုပ်၏ ဇနီးသည်မှာကား ကြက်အသည်းအမြစ်ကို သီးသန့် ဝယ်ချက်ထားပြီး မုတ်ဆိတ်မွေး ထူလပျစ်နှင့် လူကြီးအလာကို စောင့်မျှော်နေရှာ၏။ ညနေမိုးချုပ်သွားပြီး ကျွန်ုပ်တို့ဇာတ်ပွဲ ကပြသည့်အချိန်တိုင် ထိုလူကြီးက ရောက်မလာ။ သို့သော် ကျွန်ုပ်တို့ဇာတ်ပွဲကို

ကျွန်ုပ်တို့ ဇနီးမောင်နှံလက်ထဲတွင်
ချက်ချင်း ငွေသီးခဲ့ရာ
ပေါင်နှံထားခဲ့သော
ရွှေတိုရွှေစများကို
ပြန်၍ရွေးလိုက်ကြရ၏။
ထို့ပြင် ပုသိမ်မှ ကန်ထရိုက်များ
လိုက်လာ၍ ဇာတ်ပွဲငှားသောကြောင့်
ဇာတ်ပွဲဆက်ကရန်မှာလည်း
အဆင်ပြေသွား၏။
ထို့ကြောင့် ဝါးခယ်မ ဇာတ်ရုံ၌
တစ်ညနားပြီးနောက်
ပုသိမ်မြို့သို့ ဆက်ကူးရန်
နံနက်စောစောထ၍
ပြင်ဆင်ရလေ၏

အားပေးကြည့်ရှုကြသည့် ပရိသတ်မှာ ကြိတ်ကြိတ်တိုးမျှ စည်ကားလှသောကြောင့် ဒုတိယညထက်ပင် လျှို့ဝှက်ကာ ငွေသုံးသောင်းကျော် အမြတ်ရရှိခဲ့တော့၏။

ထို့ကြောင့် ကျွန်ုပ်တို့ ဇနီးမောင်နှံလက်ထဲတွင် ချက်ချင်း ငွေသီးခဲ့ရာ ပေါင်နှံထားခဲ့သော ရွှေတိုရွှေစများကို ပြန်၍ရွေးလိုက်ကြရ၏။ ထို့ပြင် ပုသိမ်မှ ကန်ထရိုက်များ လိုက်လာ၍ ဇာတ်ပွဲငှားသောကြောင့် ဇာတ်ပွဲဆက်ကရန်မှာလည်း အဆင်ပြေသွား၏။ ထို့ကြောင့် ဝါးခယ်မ ဇာတ်ရုံ၌ တစ်ညနားပြီးနောက် ပုသိမ်မြို့သို့ ဆက်ကူးရန် နံနက်စောစောထ၍ ပြင်ဆင်ရလေ၏။

နံနက် ဝေလီဝေလင်းမှ စ၍ ကျွန်ုပ်မှာ ဝါးခယ်မမြို့ ကမ်းနားတစ်လျှောက်သို့သွားကာ ကျွန်ုပ်တို့ဇာတ်အဖွဲ့နှင့် ဆံ့မည့် မော်တော်တစ်စီးကို လိုက်ငှားရ၏။ ဇာတ်သူ၊ ဇာတ်သားတို့၏ အဝတ်အစားထည့် သေတ္တာနှင့် ဇာတ်ပစ္စည်းသေတ္တာ၊ ဆိုင်းဝိုင်း၊ တီးဝိုင်းသေတ္တာ စုစုပေါင်းလျှင် သေတ္တာအလုံး ၅၀ကျော် ပါရှိ၏။ ဇာတ်အဖွဲ့သားကလည်း ၅၀နီးပါးမျှ ရှိပြန်ရာ ပစ္စည်းရော လူပါ ဝင်ဆံ့မည့် မော်တော်ကို ငှားရသည်မှာ မလွယ်လှချေ။

ဤသို့ဖြင့် ကျွန်ုပ်မှာ ဝါးခယ်မ ကမ်းနားတစ်လျှောက် တောင်နှင့်မြောက်သို့ သွားချည်လာချည်ရှိနေ၏။ ထိုအချိန်တွင် မော်တော်ဆိပ်တစ်နေရာ၌ လူအများ စုရုံးဝိုင်းအုံနေသည်ကို မြင်တွေ့ရာ ကျွန်ုပ်မှာ သိချင်စိတ်ပြင်းပြသဖြင့် ထိုနေရာသို့ ရောက်ရှိသွားလေ၏။

ဝိုင်းအုံနေသော လူအများကြားမှ ကျွန်ုပ်၏ ဦးခေါင်းကို တိုးဝှေ့ကြည့်လိုက်ရာ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး

www.burmeseclassic.com

ထူလပျစ်နှင့် ထိုလူကြီးကို မြင်တွေ့လိုက်ရ၏။ ကျွန်ုပ်မှာ အံ့အားသင့်စွာဖြင့် ရေနွေးသို့ တိုးကာ သေချာစွာ စူးစမ်းကြည့်မိ၏။

မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး ထူလပျစ်နှင့် လူကြီးမှာ ကွမ်းကို ပါးစပ်ထဲတွင် ပလုတ်ပလောင်းထည့်ထားပြီး ဝါးနေ၏။ သူ့ဘေး၌ ဝိုင်းအုံနေကြသော လူတို့မှာ သူတို့၏ လက်ဝါးများကို ထိုလူကြီးရှေ့၌ ဖြန့်လျက်ရှိနေကြ၏။ မကြာမီ ထိုလူကြီးသည် သူ၏ ပါးစပ်ထဲမှ ဝါးပြီး ကွမ်းဖတ်များကို သူ့ရှေ့၌ ဖြန့်ထားလျက်ရှိသည့် လက်များအတွင်းသို့ အနည်းငယ်စီ ဝေထည့်ပေးလိုက်၏။ ပြီးနောက် "သတ္တဝါအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ" ဟူ၍ ပြောဆိုပြီး ထိုလူအုပ်ကြားမှ ရောင်ထွက်သွားလေ၏။

ကျွန်ုပ်မှာ ထိုလူကြီးကို ယခုတိုင်နားမလည်နိုင်သေးဘဲ ရှိနေရာ ကျွန်ုပ်အနားရှိ ကျွန်ုပ်နှင့် သက်တူရွယ်တူ ယောက်ျားတစ်ဦးအား မေးမြန်းကြည့်မိ၏။

"ဒီလူကြီးက အတော်ထူးဆန်းတယ်ဗျာ။ သူ့ကို လာပါဆိုလို့ သူလာချင်မှ လာတာ၊ မလာပါနဲ့ ဆိုလျှင်လည်း သူက ရောက်လာတတ်တယ်။ ဘယ်သူ့ဆီမှလည်း အလှူမခံဘူး။ သူ ဘာသာ ပိုက်ဆံအကြွေစေ့လေးတွေ ပေးသွားတတ်တယ်။ သူပေးတဲ့ ပိုက်ဆံအကြွေရရင်တော့ အဲဒီလူတွေ စီးပွားတက်ပြီလို့သာ မှတ်ပေတော့။ အခု ကျုပ်တို့တစ်တွေ သူဝါးပေးတဲ့ ကွမ်းယာကို လိုချင်လွန်းလို့ စောင့်နေကြရတာ။ သူကျွေးတဲ့ ကွမ်းယာစားရင်လည်း အကျိုးထူးတွေ ရတာပဲဗျ။ ဒါကြောင့် ကျုပ်တို့တစ်တွေ သူ့ဆီမှာ ဝိုင်းအုံတောင်းနေတာပေါ့"

"ဒါနဲ့ ဒီလူကြီးက ဘယ်မှာနေတာလဲ"

ကျွန်ုပ်က သိချင်ဇောဖြင့် ကြားဖြတ် ဝင်မေးလိုက်၏။

"သူ ဘယ်မှာနေတယ်ဆိုတာတော့ ကျုပ်တို့လည်း မသိဘူး။ သူက ရောက်ချင် ရောက်လာတယ်။ ပျောက်ချင်ရင်လည်း လနဲ့ နှစ်နဲ့ ချီပြီး ပျောက်နေတတ်တယ်။ အင်း…တကယ့်ကို လူထူးလူဆန်းကြီးပါဗျာ။ ခင်ဗျားတို့ ကျုံမငေး မီးလောင်တာ ကြားမိမှာပေါ့။ အဲဒီ ကျုံမငေး မီးမလောင်ခင် တစ်နေ့မှာ အဲဒီလူကြီးက သဘော်ကြီးပေါ်ကနေ ကျုံမငေးမြို့ကြီးဘက်ကို သေချာကြည့်ပြီး ဟောဟိုမှာ မီးတွေ၊ မီးတွေ လောင်နေတယ်လို့ လှမ်းပြောတာကို ကြားတဲ့သူတွေက သူ့ကို အရူးလို့ ထင်ကြတယ်လေ။ အမှန်ကတော့ သူက ကျုံမငေးမြို့ မီးလောင်တော့မယ်ဆိုတာကို ကြိုပြီးပြောပြနေခဲ့တာဗျ။ နောက်တစ်နေ့ ကျုံမငေးမြို့ မီးလောင်တော့မှ သူပြောတာကို သွားပြီး သတိရတယ်"

"အင်း…ဒါဆိုရင် အတော်ထူးဆန်းတာပဲ၊ ဒါနဲ့ သူ့နာမည်က ဘယ်လိုခေါ်လဲဗျ"

ကျွန်ုပ်အား ရှင်းပြနေသည့်သူမှာ အာညောင်းသွားသည် ထင်၏။ စကားစကို ဖြတ်လျက် သူ၏ လက်ထဲ၌ ရှိသော ထိုလူကြီး ပေးသွားသည့် ဝါးပြီးသား ကွမ်းယာကို သူ့ပါးစပ်ထဲသို့ ထည့်၍ ဝါးလိုက်၏။ ခဏကြာဝါးပြီးမှ ကွမ်းတံတွေးကို မျိုချကာ စကားဆက်ပြော၏။

"သူ့နာမည်က ဦးဂျာအေးတဲ့၊ သူ့အကြောင်း မသိတဲ့သူတွေကတော့ သူ့ကို အရူးလို့ ထင်ကြတယ်။ ကျွန်တော်တို့ သိရသလောက်တော့ သူဟာ ဘုရားတည် ကျောင်းဆောက်ပြီး တရားကျင့်နေတဲ့ လူကြီးပဲ။ အဲဒီ ဦးဂျာအေးဟာ မြစ်ထဲကို ကျသွားတဲ့ အကြွေစေ့တွေကိုတောင် တစ်ပြားမကျန်အောင် ရေငုပ်ပြီး ပြန်ယူပေးနိုင်တယ်လို့ ကြုံဖူးတဲ့သူတွေ ပြောတာ ကြားဖူးတယ်။ တစ်ခါတလေတော့ ကျုံမငေးနဲ့ ဝါးခယ်မကို ခေါက်တုံ့ခေါက်ပြန် သွားနေတတ်တယ်ဗျ။ တစ်ခါတစ်ရံတော့လည်း ပျောက်ခြင်းမလှ ပျောက်သွားလိုက်တာ ဒီမြို့မှာ မမြင်ရတော့ဘူး။ ဘာပဲဖြစ်ဖြစ် ဦးဂျာအေးနဲ့ ကြုံတွေ့ရသူတိုင်း စီးပွားတိုး၊ ဉစ္စာတိုးတက်သွားကြတာတော့ မလွဲမသွေဘဲ။ ကဲ - ကျွန်တော်လည်း သွားလိုက်ဦးမယ်"

ကျွန်ုပ်အား ရှင်းပြနေသည့်သူက စကားစကို ဖြတ်ကာ ကျွန်ုပ်အား နှုတ်ဆက်ပြီးနောက် ထွက်သွားလေ၏။ ကျွန်ုပ်မှာ ဦးဂျာအေး၏ အကြောင်းကို သိလိုက်ရသောကြောင့် ဦးဂျာအေးနှင့် ထပ်မံတွေ့ဆုံချင်စိတ် ဖြစ်ပေါ်လာခဲ့မိ၏။ သို့သော် ကျွန်ုပ်တို့ဇာတ်ပွဲ ထိုမြို့မှ ထွက်ခွာလာခဲ့သည့်တိုင် ဦးဂျာအေးကို မတွေ့ရတော့ပေ။ ကျွန်ုပ်တို့၏ ဇာတ်ပွဲမှာ ထိုအချိန်မှစ၍ မရပ်မနားကပြခဲ့ရာ ထိုဇာတ်ရာသီတွင် အထူးအောင်မြင်ခဲ့ရ၏။ ငွေကြေးအဆင်ပြေ၍ စီးပွားလည်း တက်ခဲ့ရ၏။ ထို့ကြောင့် ဦးဂျာအေး၏ ကျေးဇူးကို ကျွန်ုပ်တို့ ဇနီးမောင်နှံမှာ အမြဲသတိတရရှိနေခဲ့၏။ နောက်တစ်နှစ် ဇာတ်ရာသီရောက်သော အခါ ဝါးခယ်မ၌ ဇာတ်ဝင်ကပြီး ဦးဂျာအေးအကြောင်း စုံစမ်းခဲ့ကြ၏။ သို့သော် ဦးဂျာအေး၏ အကြောင်းကား သတင်းအစအနပင် မရခဲ့တော့ချေ။


* * *

ချစ်မင်းသူ



www.burmeseclassic.com

www.burmeseclassic.com



# ဂမ္ဘီရရောင်ခြည် အလင်းတိုင်အစီအရင်

ခေတ္တရာ ဆရာကျော်



www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

ကျွန်ုပ်ထံ လာရောက် အကြံဉာဏ်တောင်းသူများအား လိုအပ်လျှင် လိုအပ်သလိုပင် ကျွန်ုပ်သည် အလင်းတိုင်ခေါ် ဖယောင်းတိုင်အစီအမံကို ပေးမြဲဖြစ်ပါ၏။ အဘယ့်ကြောင့်ဟူသော အကြောင်းကို ကျွန်ုပ်၏ မရေးဖြစ်သေးသော ဘဝမှတ်တမ်းမှ ကောက်နုတ်၍ စာဖတ်ပရိသတ် ဂမ္ဘီရဝါသနာရှင်များကို ရေးပြောပေးလိုပါသည်။

ယနေ့ ဂမ္ဘီရလောကတွင် "အိရောင်ဝါးများ"ကို အဟုတ်လုပ်၍ ရေးသားနေခြင်းထက် ကိုယ်တိုင်လေ့လာ၊ ကိုယ်တိုင်ရှာဖွေပြီး ကိုယ်တိုင် ထဲထဲဝင်ဝင်ရှိပြီး အကြောင်းအချက်များကို တင်ပြမှသာ ပိုက်ဆံအကုန်အကျခံပြီး အချိန်ကုန်ခံပြီး ဖတ်နေကြသော စာဖတ်ပရိသတ်အတွက် အကျိုးရှိမှာ ဖြစ်ပါ၏။ သို့မဟုတ်ပါက အပေါ်သိကံတွေ ဖြစ်ကုန်ပေလိမ့်မည်။

## ဂမ္ဘီရ၏ သဘော

စာပေဆန်ဆန်ပြောရလျှင် အချက်အလက်တွေ အလွန်များပေလိမ့်မည်။ နေရာတကာ အစီအမံလုပ်သရွေ့ ဂမ္ဘီရဟု ပြောလျှင်လည်း မတတ်နိုင်။ လောကီရေးရာသည် အလွန်များပြား၍ အလွန်ရှုပ်ထွေးလေရာ ဂမ္ဘီရ၏ သဘောကို တိတိကျကျရှင်းပြရလျှင်လည်း ပြောသလောက် လွယ်မည်မထင်ဟု ကျွန်ုပ် ယူဆ၏။ ထို့ကြောင့် ယနေ့ တွင်တွင်ကျယ်ကျယ်ကြီး သုံးစွဲနေသော အသုံးအတိုင်းပင် ရှိပါစေတော့။ လောကီပညာ၊ လောကီကိစ္စ၊ လောကီအယူ၊ လောကီအသုံးသာဖြစ်လေရာ အနှစ်သာရအရမှာတော့ "သုည"သာ ဖြစ်ပါလေ၏။ ထို သုညကို ခဏတာ တန်ဖိုးပြောင်းလဲအောင် စွမ်းဆောင်ခြင်း (ဝါ) စွမ်းဆောင်နိုင်ခြင်းသည် ဂမ္ဘီရ၏ သဘောပင်ဖြစ်ပါလေသည်။

BURMESE CLASSIC .com

## ဂမ္ဘီရအဆိပ်

ကျွန်ုပ်သည် ဆရာသခင်တချို့နှင့် နှစ်ကာလများစွာ နေခဲ့ဖူးပါ၏။ ဆရာတို့၏ အယူ၊ ဆရာတို့၏ မှုကို လေ့လာ၏။ မှတ်သား၏။ မေးမြန်း၏။ သင်ယူ၏။ တချို့သောသူများထံမှလည်း လေ့လာ၏။ ဘဝကံအခြေအနေကလည်း လေ့လာခွင့်ကို ပေးသောကြောင့်သာ လေ့လာနိုင်ခြင်းဖြစ်လေ၏။ ကံကောင်းထောက်မစွာပင် မဂ္ဂဇင်းကြီးတစ်ခု၌ နယ်လှည့်အယ်ဒီတာဘဝရောက်ရလေရာ ကျွန်ုပ်၏ ဝသီဘော်အတိုင်း နယ်ပယ်အသီးသီးတွင် ထဲထဲဝင်ဝင် ကျွမ်းဝင်နေလေတော့ရာ ဂမ္ဘီရရပ်ဝန်းသို့လည်း ကျွမ်းဝင်ခဲ့ရပြန်တော့သည်။

အဟုတ်တကယ်တွေလည်း တွေ့ရသလို၊ မဟုတ်သလို၊ ဟုတ်သလိုတွေလည်း ဆုံရပြန်သည်။ တကယ်တမ်း သိလာရသောအချက်မှာ သဟဇာတဖြစ်၍ ပေါင်းဖက်ညီညွတ်သော နေရာတွင် ပေါင်းဖက်မိခြင်း(ဝါ)တွတ်သဘော တူညီခြင်းသည် ကောင်း၍၊ မသင့်မလျော် အဆီအငေါ် မတည့်ခြင်း(ဝါ) ဓာတ်သဘောဆန့်ကျင်မှုများကြောင့် မဟုတ်မဟပ်ဖြစ်သွားမှုများ ရှိကြောင်းပင်။ ထိုအချက်မှာ ဂမ္ဘီရအဆိပ်ဖြစ်သွားခြင်းဟု ဆိုနိုင်မည်လို့ ကျွန်ုပ်ထင်ပါ၏။

တကယ်တမ်းတွင် ဂမ္ဘီရသဘော သက်ဝင်မှုကိစ္စများကို စီမံ သုံးစွဲရာတွင် ကိုယ်နှင့် သင့်လျော်ရာကို စွဲစွဲမြဲမြဲလုပ်ကိုင်ဖို့ လို၏။ ကောင်းနိုးရာရာ သူပြောငါပြောကို ကြံရာကျပန်း အရူးချေးပန်းလုပ်ပါက ဂမ္ဘီရအဆိပ်မိတတ်ကြောင်း သတိပြု ဆင်ခြင်ရန် လိုပါလေသည်။

## အဆိပ်သင့် လက္ခဏာတစ်မျိုး

ဂမ္ဘီရအဆိပ်သင့် လက္ခဏာများစွာရှိကြောင်း ထဲထဲဝင်ဝင်လေ့လာလျှင် သိမြင်နိုင်ပါ၏။ လက္ခဏာတချို့မှာ စိတ်မှုမမှန်တော့ခြင်း၊ ရူးကြောင်ကြောင်ပုံစံ ပေါက်လာခြင်း၊ ပါးစပ်မှ သူများ နားမလည်သော စကားများ နေ့ရာမရွေး ပြောလာခြင်း၊ ဘဝင် လေဟပ်သွားခြင်း၊ အယူအဆများ လွဲမှားစွာ တစ်ဖက်စောင်းနင်း ယုံကြည်စွဲလမ်းသွားတတ်ခြင်းများဖြစ်လေ၏။

ဤအချက်များမှာ တစ်ခါတစ်ရံတွင် တကယ်တမ်းဖြစ်သော်လည်း အခြားတစ်ဖက်တွင် ထိုသို့မဟုတ်။ သူလမ်းသူလျှောက်လုပ်နေခြင်းကို တစ်ပါးသူက မြင်နေခြင်း၊ ထင်နေခြင်းမျိုးလည်း ရှိတတ်ပါ၏။ ဂမ္ဘီရရပ်ဝန်းမှ တချို့သော အစီအမံနှင့် ကျင့်စဉ်များသည် အခြားသူများအား မည်သို့မည်ပုံဖြစ်နေကြောင်း၊ ဖြစ်တတ်ကြောင်းကို သက်သေပြရန် ခက်ခဲသောကြောင့်လည်း ဖြစ်ပါပေ၏။

## အလင်းတိုင်အစီအရင်

ယခု ကျွန်ုပ်တင်ပြ ရေးပြောပေးမည့် အလင်းတိုင်အစီအရင်မှာ ဂမ္ဘီရအဆိပ်သင့်ခြင်းမှ လုံးဝ ကင်းဝေး၏။ ဘယ်သူ မလုပ်ရ၊ ဘယ်ဝါ မလုပ်ရဟူသော သဘောမပါချေ။ ရိုးသားသော အစီအမံဖြစ်သလို၊ ဂမ္ဘီရသဘောလည်း သက်ဝင်နေပေ၏။ အစီအရင်ပြုသူ၏ သက်ဝင်ယုံကြည်ခြင်းရှိလျှင် ရှိသလောက် ကောင်းကျိုးရောက်မည်သာ ဖြစ်ကြောင်း ကျွန်ုပ် အာမခံ၏။ ကျွန်ုပ်စိတ်ကူးဖြင့် ရမ်းရော်မှန်းဆ ကြံဆတီထွင် ဂမ္ဘီရသက်ဝင်အောင် ကလိန်စေ့ ငြမ်းဆင်ထားခြင်း မဟုတ်။ အမည်ဖော်ပြရန် မသင့်သော ပုဂ္ဂိုလ်တစ်ဦး၏ ဩဝါဒမှ ယူငင် ဖြန့်ဝေခြင်းသာ ဖြစ်၏။ ထိုအချက်ကို



www.burmeseclassic.com

www.burmeseclassic.com

သင့်အား ကျွန်ုပ် အတင်းငွတ်သွင်း၍ မယုံခိုင်းလိုပါ။ သင့်စိတ်နှင့် သင့်သဘောသာ ဖြစ်ပါ၏။

သို့သော် သင်က ယုံကြည်ပါသည်ဆိုလျှင်တော့ တကယ်တမ်းသာ ယုံကြည်နေဖို့ပင်။ Faith ဖြစ်နေဖို့ပင်။ ထိုသို့သာ သင်ယုံကြည်နိုင်လျှင် ပြင်းထန်သော စိတ်အင်အား တစ်ရပ်ဖြစ်လာကာ စကြဝဠာထဲမှ စွမ်းအင်လှိုင်းများ သင့်ထံ ကူးစက်လာလျက် သင်၏ ဆန္ဒအမှန်ပြည့်ဝရေးအတွက် ထူးထူးကဲကဲ ပြည့်တင်းပေးပေလိမ့်မည်။ သင့်အရင် အစွမ်းထက်သော ဂမ္ဘီရပညာရှင်အသီးသီးအသသသည်လည်း ထိုယုံကြည်မှု၊ သက်ဝင်မှုမပါလျှင် မပြီးခဲ့ကြောင်း သင်ကောင်းကောင်း လက်ခံနိုင်လာလျှင် ဂမ္ဘီရအလင်းတိုင် ထွန်းညှိ ပူဇော်ခြင်းသည် မဟာ့မဟာ လာဘ်ဆုကြီးတစ်ပါးပင် ဖြစ်နိုင်ပါလေသည်။

## အလင်းတိုင်

"အလင်းတိုင်"ဟု ကျွန်ုပ်က သုံးမည်။ တကယ်တမ်းအားဖြင့် ဖယောင်းတိုင်ပင် ဖြစ်ပါသည်။ အစီအရင်၌ အနည်းဆုံး (၁၈) စင်တီမီတာခန့် ရှည်သော၊ လုံးပတ် (၄.၅)စင်တီမီတာအချင်းရှိသော အလင်းတိုင်ကို သုံးလျှင် ပိုသင့်တော်၏။ (အခြေအနေအရ သင့်သလိုလည်း သုံးနိုင်ပါသည်။)

အလင်းရောင်ထွက်၍ အလင်းတိုင်ဟု ခေါ်ရမည်။ (ပူသောဓာတ်ကို အာရုံမှ ရှင်းထုတ်ထားပါ။) အလင်းရောင်သည် အမှောင်ကို ဖြိုခွင်းပါ၏။ တိုက်ထုတ်ပါ၏။ မကောင်းဆိုးရွားများပင် ထွက်ပြေးကြရသော သဘောရှိလေရာ ရှေးနှစ်များစွာကပင် ဂမ္ဘီရရပ်ဝန်း၌ အလင်းရောင်(မီးရောင်)ကို အသုံးအစွဲပြုခဲ့ကြောင်း စာပေမှတ်တမ်းများတွင် တွေ့ရလေ၏။ ဂမ္ဘီရစာပေတချို့တွင် အလင်းရောင်ထွန်းညှိခြင်းသည် လူ့ပြည် လူ့လောကမက၊ နတ်ပြည်တိုင်အောင် သယ်ဆောင်စွမ်းအင်ရှိကြောင်း ကျွန်ုပ်မှတ်သားထားဖူးပါ၏။ ကျွန်ုပ်တို့မြန်မာဂမ္ဘီရရပ်ဝန်း၊ ဂန္ဓာရီရပ်ဝန်းသာမဟုတ်၊ ကမ္ဘာ့ဂန္ဓာရီရပ်ဝန်းနယ်ပယ်မှလည်း ထိုအတိုင်းပင် ယုံကြည်ထားလေ၏။

ကျွန်ုပ်တို့အနေဖြင့် အင်းဖယောင်းတိုင်၊ ဆေးဖယောင်းတိုင်၊ ရတနာဒီပံအလင်းတိုင်၊ စမအလင်းတိုင် စသဖြင့် အသုံးအစွဲရှိကြ၏။ ယနေ့ ဗွီဒီယိုကားတချို့တလေ၌ပင် စုန်းမကဝေမ၊ ပြုစားသူ၊ ပြုစားခံရသူ၊ မကောင်းဆိုးဝါး မောင်းထုတ်သူ စသော ပြကွက်များတွင် ဖယောင်းတိုင်ကြီးများ၊ အလင်းတိုင်ကြီးများ၊ ဆီမီးတိုင်ကြီးများ ရေနံတုတ်ပတ်၍ ထွန်းညှိခြင်းများကို တွေ့ရလေ၏။

တစ်ဖန် အရောင်နှင့် တွဲစပ်ကာ အလင်းတိုင်များ ထွန်းညှိ စီမံခြင်းများကိုလည်း ကျွန်ုပ်တွေ့ဖူး၊ လေ့လာဖူးပါ၏။ (၂၀၁၃ မတ်လထုတ် ဤမဂ္ဂဇင်းကြီး၌လည်း အရောင်နှင့် စပ်သော အင်းအလင်းတိုင်အကြောင်းကို "ဂမ္ဘီရရောင်စဉ် အင်းအစီအရင်"ဟု ခေါင်းစီးပေးပြီး ရေးသားခဲ့ပါသည်။) ဤသည်မှာ ကျွန်ုပ် သိထားသော အလင်းတိုင်(ဖယောင်းတိုင်)နှင့် စပ်သော အစိတ်အပိုင်းတစ်ချက်ပင် ဖြစ်ပါလေသည်။

## စီမံပုံ

ပုံတွင် ပြထားသည့်အတိုင်း စက္ကူဖြူ (သို့မဟုတ်) မှိုင်းကိုင်စက္ကူပေါ်တွင် ရေးပါ။


ပြီးနောက် လိုအပ်သော ဆင်းဆံ (ဝါ) ဂါထာကို ပုံပါအတိုင်း ရေးသွင်းရမည်။ ဂဏန်းများကိုလည်း အောက်ခြေ(ရာသီခွင်ပါ ပုံအတိုင်း) အကွက်တွင် ထည့်သွင်းရပါမည်။

အပေါ် ၁၈-ကွက် ၄တန်းဖြစ်၍ အောက်ခြေ ရာသီကွက် ၁၂ကွက်ဖြစ်၏။

အပေါ် ၁၈-ကွက်တွင် "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ကို နှစ်တန်း၊ ၎င်းကို ဂုလုံးစီ ကျော်၍ ဒုတိယတန်း၊ ဒုတိယတန်းကို ဂုလုံးစီ ကျော်၍ တတိယတန်းအဖြစ် ဒေါင်လိုက် ရေးသွင်းရပါသည်။ ပုံစံကို ကြည့်ပါ။ ရှင်းပါသည်။

ရာသီကွက်များတွင် နဝင်းဂဏန်းများ ၉ ဂဏန်းတိုး၍ တိုး၍ ၁၂ကွက်ပြည့်အောင် ရေးသွင်းပါ။ အလယ်ကွက်ထဲတွင် မိမိ၏ မွေးနံဂဏန်းကို ရေးသွင်းရမည်။

ထိပ်ဆုံးနေရာတွင် ဏ-ကြီး ရေးသား၍ ဏ-ကြီးထဲတွင် "ဘ၊ ယံ"ကို ယှည့်ရမည်။ ပြီးမှ ဏ-ကြီးပေါ်၌ နှခင်းညွှန့် ရေးရပါမည်။ ပုံစံမှာ -




ဟူ၍ ဖြစ်ပါသည်။ ပုံစံအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါလေသည်။




www.burmeseclassic.com

www.burmeseclassic.com

## ပုတီး

| | | | |
|---|---|---|---|
| ဿ | ဿ | ဿ | ဿ |
| ဒ္ဓ | ဟ | ဘ | ဒ္ဓ |
| မ္ဗု | ဿ | ရ | မ္ဗု |
| သ | သ | သ | သ |
| မ္မာ | တော | မော | မ္မာ |
| သ | နံ | ဝ | သ |
| တော | တော | တော | တော |
| ဟ | ဘ | ဒ္ဓ | ဟ |
| ရ | မ္ဗု | ဿ | ရ |
| အ | အ | အ | အ |
| တော | မော | မ္မာ | တော |
| ဝ | သ | နံ | ဝ |
| ဂ | ဂ | ဂ | ဂ |
| ဘ | ဒ္ဓ | ဟ | ဘ |
| ဿ | ရ | မ္ဗု | ဿ |
| တ | တ | တ | တ |
| မော | မ္မာ | တော | မော |
| နံ | ဝ | သ | နံ |

| | | |
|---|---|---|
| ၁၈ / ၂၇ | ၉ | ၁၀၈ / ၉၉ |
| ၃၆ | နံ | ၉၀ |
| ၄၅ / ၅၄ | ၆၃ | ၈၁ / ၇၂ |



တစ်နည်းမှာ အောက်ခြေ ရာသီကွက်တွင် မိမိ၏ ဇာတာကို ထည့်ပြီး နံအကွက်တွင် မွေးနံထည့်ပါသည်။

အထက်ပါအတိုင်း စက္ကူတွင် ချ၍ ဖယောင်းတိုင်ကြီးတွင် သေချာပတ်ကာ ထွန်းညှိပူဇော်ရပါသည်။ မိမိနေအိမ် ဘုရားကျောင်းဆောင်တွင် ဖြစ်စေ၊ တန်ခိုးကြီးဘုရား၏ မွေးနံ ထောင့်တွင်လည်း စီမံနိုင်ပါ၏။

မနက် ၅နာရီမှ စတင်၍ လည်းကောင်း၊ မနက် ၉နာရီမှ စတင်၍ လည်းကောင်း ပူဇော်သင့်ပါသည်။ တစ်ရက်နှင့် အပြီးထွန်းပါ။ ထွန်းညှိပူဇော်နေစဉ် မေတ္တာသုတ်၊ ဂုဏ်တော်၊ နမောတဿ၊ ဇယစက္ကောဂါထာ၊ ဒိဗ္ဗိတပတိ၊ သမ္ဗုဒ္ဓေ စသဖြင့် ပုတီးတစ်ပတ်ရအောင် အနည်းဆုံး စိပ်သင့်ပါ၏။

ကျွန်ုပ်၏ စိတ်ကြိုက်မှာ "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ပုတီးတစ်လုံးချပြီး အနည်းဆုံး ၁၀၈-လုံး ပုတီးဖြင့် တစ်ပတ်စိပ်သင့်သည်ဟု ဆိုချင်ပါသည်။ တတ်နိုင်လျှင် ပို၍စိပ်သင့်ပါ၏။

လက်တွေ့အရ ကျွန်ုပ်မှာ ရွှေတိဂုံဘုရားတွင် အရဟံသိဒ္ဓိ ပုတီးတစ်လုံးချ၊ ရှစ်သောင်းလေးထောင် လုံးရေပြည့်အောင် စိပ်ဖူးပါသည်။ မနက် ၅နာရီ စစိပ်လျှင် ညနေ ၆နာရီခန့်မှာ ပြီးပါ၏။ ကျွန်ုပ်ကိုယ်တွေ့ အကျိုးများသလို လုပ်ဖူးသူတိုင်းလည်း အကျိုးများကြောင်း ပြန်ကြားရပါသည်။ စာဖတ်သူများလည်း ဤဂမ္ဘီရရောင်ခြည် အလင်းတိုင်အစီအရင်ကို တစ်လ တစ်ကြိမ် ၅လပြည့်အောင် လုပ်ကြည့်စေချင်ပါသည်။ ကျွန်ုပ်အား ကျေးဇူးတင်မဆုံး ဖြစ်နေပါလိမ့်မည်။

* * *

ဓမ္မာစရိယဆရာတော်



www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



(၁)

တပေါင်းလပြည့်ညက သာယာကုန်းတစ်ရွာလုံးကို လွှမ်းခြုံထားသည်။ အပ်ကျသွားလျှင်ပင် ပြန်ကောက်၍ ရှာတွေ့နိုင်သည့် အနေအထား။

တစ်ချက် တစ်ချက် "ဂီးခနဲ… ဂီးခနဲ" အော်မြည်လိုက်သည့် သားစားညဉ့်ငှက်တို့၏ အသံမှတစ်ပါး တစ်ရွာလုံး အိပ်မောကျနေကြပြီ။

ရင်ထဲကမှ ရေလည်း ငတ်လာသဖြင့် ကျော်သိန်း ဝေါက်ခနဲ ထထိုင်လိုက်သည်။ ကြယ်မြင်၊ လမြင် နေအိမ်ဖြစ်၍ ဇနီးသည် ခင်မနှင့် ကလေးသုံးယောက် ကွေးလျက်၊ ဆန့်လျက်၊ စောင်းလျက်၊ မှောက်လျက် အိပ်နေခြင်းက မြင်ကွင်းကျယ်။ အရေးထဲ ဇနီးသည် ခင်မ၏ ပါးစပ်က သွားရည်များ ကျ၊ တခေါခေါဟောက်သံက အိပ်ရာထဲက နိုး၍ နားရင်းတီးချင်စရာ။

နေ့လယ်က ရွာထဲမှ တပည့်ကျော် သိန်းထန်၏ အိမ်တွင် များလာခဲ့ရာ မည်သို့မည်ပုံ အိမ်ရောက်လာမှန်း မသိလိုက်။

ကျော်သိန်းက အရက်သာသောက်ရမည်ဆိုလျှင် အချိန်အခါ နေရာဒေသရွေးနေသည့် လူမျိုးမဟုတ်။

"တန်ဆေး လွန်ဘေး များ ဖဲရိုးဂွတ်"အစား။ အိပ်ရာနိုးလာကာမှ ဗိုက်ဆာသလို၊ ဟာသလို၊ သောက်ချင်လာသလို၊ အစား(အဖတ်)က အရေးမကြီး။ အရက်(အရည်)က အရေးကြီးသည်။ အခုနေများ တစ်ပိုင်းသောက်ချလိုက်ရလျှင် နတ်စည်းစိမ် ဆယ်သက် တကယ်ပင် မမက်ချင်။

တစ်ရေးနိုးသော် အကြံပေါ်သည့် ကျော်သိန်း ဝါးကြမ်းခင်းကို တကွမ်းကွမ်းနင်းပြီး မီးဖိုဘေး ဆန်အိုးထဲတွင် တစ်ရေးနိုးက ထ,သောက်ရန် ခင်မ ဝယ်ပေးထားသည့် အရက်တစ်ပိုင်းရှိနေသည်ပဲလေ။

ဆန်အိုးထဲတွင် အရက်ပိုင်း ပုလင်းတစ်လုံး။

လင် အရက်သမားကို တော်တော်ချစ်သည့် မိန်းမ။ အံချိန်တန်၍ ကလေးသာ သုံးယောက်မွေးလာသည်။ ကျော်သိန်းက အလုပ်မရှိ။ အိမ်ဦးနတ်ရာထူးနှင့် ဝေလေလေ လူသား။

အလုပ်အကိုင်သာ မရှိသည်။ ပြောပေါက်ဆိုပေါက်က မိုးတစ်လုံး မြေတစ်လုံး။ တကယ့်ရိုက်ကွင်း။ တစ်ရွာလုံး အော်ကြောလန်သည်။ ဤအပြောအဆိုလေးကြောင့် သင်းကို အထင်ကြီးလေးစား၊ ကျနေသည့် မိန်းမ။

ကျော်သိန်းကလည်း ကျော်သိန်း။

အိပ်မက်ထဲ၌ သာယာကုန်းရွာ၏ (ရ·ယ·က)ဥက္ကဋ္ဌဖြစ်သည်ဟု မက်ခဲ့သော အိပ်မက်ကြောင့် တော်ရုံ အလုပ်လောက်ကို စိတ်မကူး။ ခေါင်းထဲပင် မထည့်။

စျေးတောင်း ခေါင်းရွက်၊ ရွာစဉ်လှည့်ရောင်းနေသည့် အိမ်သူကျေးဇူးကြောင့် အရက်သောက်နေသည့် ငပျင်း။

"ဟ…ဒါ့ သက်ကြီး ခေါင်းချကြက်တွန်သံပဲ။ အချိန်မသေးတော့ပါလား"

ဟိုမှသည်မှ ထွက်ပေါ်လာသော ကြက်တွန်သံကို နားစွင့်၊ အရက်ပုလင်းဆွဲ၊ ဆေးလိပ်တို မီးညှိ၊ အိမ်ရှေ့သို့ ထွက်လာခဲ့သည်။

ကျော်သိန်းတို့က အရက်သောက်လျှင် မြဲတ်သည်။ ရေမသောက်၊ အမြည်းမစား၊ ဆေးလိပ်တိုလေးရှိလျှင် ပြီးသည်။ အရက်တစ်ခွက်မော့၊ ဆေးလိပ်ကလေး တစ်ချက်ရှိုက်၊ အိပ်မက်ထဲက (ရ·ယ·က)ဥက္ကဋ္ဌဘဝကို ပြန်ရေနွေး။ တကယ့်အပြင်းစား စိတ်ကူး။

တချို့သော အလုပ်သင် အရက်သမားများက ရေနှင့် အမြည်းမပါလျှင် မျိုမကျ။ အချို့က အမြည်းမလို။ ဆိုင်မှ ချပေးသော မန်ကျည်းမှည့်ကို လက်ညှိုးလေးနှင့် တို့၊ လျှာနှင့် စတိ(တစ်ချက်ထိ)၊ အရက်ခွက်မော့၊ လက်ညှိုးထိပ်ဖျားက မန်ကျည်းမှည့်ကို ဆိုင်ရှေ့ ထရံတွင် သုတ်၊ နံနက်စောစော(သို့မဟုတ်) တစ်ရေးနိုးတွင် ဆိုင်ရှင်ကို နှိုး၊ အတွင်းမှ ကမ်းပေးသော အရက်ခွက်ကို ယူ၊ စောစောက ဆိုင်ရှေ့ ထရံတွင် သုတ်ထားခဲ့သော မန်ကျည်းမှည့်နှင့် လျှာကို တို့၊ အရက်ကို မော့၊ ပြီးပြီ။

သို့မှသာ တကယ့်ပေမီ ဒေါက်မီ စံချိန်ဝင် စာရင်းပေါက် အရက်သမား။ ယဉ်ယဉ်ကျေးကျေးဆိုရလျှင် ယမကာလုလင်။

သူတို့ကို အရက်သမားခေါ်လျှင် မကြိုက်ကြ။ နားကလော၊ နားရိုင်းသည်။ နူးနူးညံ့ညံ့ အနုပညာဆန်ဆန် ကဗျာဟန်အပြည့်နှင့် ယမကာလုလင်တဲ့။

ကျော်သိန်းက သည်လို လူစား။

အိမ်ရှေ့တွင် ချထားသော ထန်းကုလားထိုင် ယိုင်နဲ့နဲ့အား မှေးထိုင်၊ အိမ်ရှေ့ရှိ ငမိုးရိပ်ချောင်း ရေပြင်အား ကလူကျီစယ်၍ အသာဖြတ်တိုက်လာသော လေနုအေး၏ အယုအယကို ခံ၊ တစ်ခွက်မော့၊ ဆေးလိပ်တို တစ်ချက်ရှိုက်၊ သိကြားမင်း ဖျက်တောင် အပျက်မခံနိုင်သည့် စည်းစိမ်ရှည်။

သူ့အိမ်နှင့် တစ်ဖက်ကမ်းကို ငမိုးရိပ်ချောင်းက ခြားထားသည်။ ဟိုက



www.burmeseclassic.com

www.burmeseclassic.com

ဘက်ကမ်းတွင် ဓနိတော၊ ခရာချုံနှင့် ရွံ့နွံတောများသာ။

"ဟင်"

ကျော်သိန်းနှုတ်မှ အာမေဋိတ်သံ တစ်ချက်။ သူ့မျက်စိက အမြင်မှားနေသည်လား။ တကယ်ပဲ မြင်နေကြားနေသည်လား ဝေခွဲမရ။

"မြစ်ကို မြင် တံတားဆောက်၊ တောင်ကို မြင် လမ်းဖောက်၊ ပြည်ခွင်သာဖို့ လမ်းခင်းစို့"ဟူသည့် သမယတွင် ခဲတစ်ပစ်ခန့်သာ ကွာဝေးသော တစ်ဖက်ကမ်း လမုတော၊ ဓနိတောထဲတွင် ရောမဲ့ ပွဲလမ်းသဘင်ကြီး ကျင်းပနေကြောင်း သူ့ရဲ့ မျက်မြင်ကိုယ်တွေ့။

မယုံနိုင်သော်လည်း တကယ့်ကိုယ်တွေ့ မျက်မြင်။

(၂)

မြင်ကွင်းက ရှင်းနေသည်။

တစ်ဖက်ကမ်းတွင် ကြက်ပျံမကျ စည်ကားနေသော ပွဲတော်ကြီး။

အငြိမ့်ပွဲ၊ ဇာတ်ပွဲများမှ တေးသံသာများ၊ ဈေးသည် ဈေးဝယ်တို့၏ အသံ၊ ချားရဟတ်တို့ လည်ပတ်နေပုံ၊ ကြိတ်ကြိတ်တိုးနေသည့် ကြက်ပျံမကျ ပွဲတော်။ စည်ကားလှသည်။ လူများက ဝတ်ကောင်းစားလှအတိ။

သည်လောက် ဘဝင်ထိ ဆူညံနေသည့် ပွဲတော်ကြီးကို သည်သာယာကုန်းတစ်ရွာလုံး မသိမမြင်။ ဘာ့ကြောင့် မသွားကြပါလိမ့်။

တစ်ရွာလုံး အိပ်မောကျနေသည်က တုတ်တုတ်ပင် မလှုပ်။ ကျော်သိန်း ကြည့်နေရင်းမှ မရိုးမရွဖြစ်လာပြီ။

အရက်ဆိုသည်ကလည်း တစ်ယောက်တည်း သောက်၍ ကောင်းသော အရာမဟုတ်။ အဖော်အပေါင်းနှင့်မှ ပျော်စရာကောင်းသည်လေ။ ဟိုမှာဘက်ဆီသို့ ကူး၊ ပွဲခင်းထဲတွင် အပေါင်းအသင်းများနှင့် တွေ့၊ ဘူးသီးကြော်ဆိုင်တွင် ရေနွေးကြမ်းအိုးနှင့် အရက်မှာ၊ ပျော်စရာကောင်းလိုက်မည့် ဖြစ်ခြင်း။

တွေးရင်းက သွားရည်များပင် ကျလာသည် ထင်မိ၏။

ပုလင်းထဲမှ လက်ကျန်ကို အပြတ်မော့။ ဆေးလိပ်တိုကို နှစ်ချက်သုံးချက် ဖွာရှိုက်၊ ယိုင်နဲ့နဲ့ ထန်းကုလားထိုင်မှ အသာထ၊ ချောင်းကမ်းစပ်ဘက်သို့ တစ်လှမ်းချင်း။

ယိုင်တိယိုင်တိုင်။ ထိုစဉ်…

"ဂီး…ဂစ်"

"အု…အု…"

"ဝုတ်…ဝုတ်…ဝေါင်း…အူး"

ချောင်းစပ်သို့ စိုက်စိုက်…စိုက်စိုက် ယိုင်တိယိုင်တိုင် သွားနေသော သူ့ခေါင်းထက်မှ လင်ကောင်ပိုးငှက်တစ်ကောင်က အော်ဟစ် ဖြတ်ကျော်ပျံသန်းသွားသည်။



တစ်ရွာလုံးရှိ ခွေးများ တစ်ကောင်ချင်းမှသည် စုပေါင်း ဟောင်သံအူသံများက သူ့ဆီ ဦးတည်လာနေသည့်အလား။

လရောင်ကလည်း ငွေရောင် အဆင်းမဟုတ်တော့။ မည်းသလို ညစ်သလို မှောင်လာသည်။

တစ်ဖက်ကမ်းမှ ဆိုင်းသံ ဗုံသံတူရိယာသံများကလည်း သာယာငြိမ့်ညောင်း ရှင်မြူးသော တီးလုံးများ မဟုတ်တော့။

အမင်္ဂလာသံ၊ ဖျင်းတောင်သံစဉ်များ ဖြစ်လာသည်။ လေနအေးက လည်း မအေး။ မနတော့။ ညစ်ပုပ်ပုပ်၊ ပုပ်အဲ့အဲ့ အနံ့ကြီး ဖြစ်လာသည်။

ကျော်သိန်း ကျောရိုးမှသည် တစ်ကိုယ်လုံး စိမ့်အေးလာပြီး ကြက်သီးမွေးညင်းများ ထ၊ ဦးခေါင်းက ပုတ်လောက် ကြီးသွားသည် ထင်ရသည်။

"ဘာဖြစ်တာလဲဟ"

တစ်ယောက်တည်း အယုတ္တအနတ္တ စကားလုံးများ။ အကြမ်းတမ်း၊ အရိုင်းဆုံး စကားလုံးများဖြင့် ဆဲဆိုရေရွတ်လိုက်သည်။

ထို့နောက် အိမ်ဘက်သို့ သမင်လည်ပြန် တစ်ချက်ကြည့်လိုက်ပြီးမှ ချောင်းဘက်သို့ ပြန်လှည့်ကြည့်လိုက်သည်။

အခြေအနေက စောစောက အတိုင်း အပြောင်းအလဲမရှိ။ မှန်ကင်းနှင့် စိန်၊ ဓာတ်မီးရောင်က ထိန်လျက်။ သို့သော် သူ့ရှေ့တွင် ချောင်းကို ကျောပေးလျက် ရပ်နေသူ သူစိမ်းတစ်ယောက်၊ အခြားသူ မဟုတ်။ သူ့သူငယ်ချင်းအရင်း မြသန်း။

မြသန်းက ပြုံးနေသည်။ သို့သော် သူ့အပြုံးက အသက်မဝင်၊ မျက်နှာနှင့် ပါးစပ်ကသာ ပြုံးနေသည်။ မျက်လုံးက မပြုံး။ မျက်နှာကြီးက



www.burmeseclassic.com

www.burmeseclassic.com

ဖြူဖတ်ဖြူရော်။ လူသေမျက်ခွက်။

"ဟော့ကောင် ကျော်သိန်း၊ မင်း ဟိုဘက်ကမ်း သွားချင်နေတယ်မဟုတ်လား။ လာ၊ ငါနဲ့ လိုက်ခဲ့"

မြသန်း၏ ရုပ်သာမက၊ အသံကပါ ထူးခြားစွာ အက်ကွဲနေပြီး သာမန်လူတစ်ယောက်အသံမဟုတ်။

အက်ကွဲရှတသံကြီး။

"မင်း . . . မင်း . . . မြသန်းနော်။ ဒါထက် မင်းမိန်းမရှုပ်လို့ ဓားထိုးခံပြီး သေသွားတယ်မဟုတ်လား"

သူ့အမေးကို မြသန်းက အသက်မပါသောအသံဖြင့် တဟားဟားရယ်မောလိုက်သည်။

ရယ်မောသံအဆုံးတွင် ကျော်သိန်းတစ်ကိုယ်လုံး အေးစိမ့်သွားသည်။

"ဟားဟားဟား . . . မင်း ဘာတွေကြောင်နေတာလဲ။ လာ၊ ငါနဲ့ ဟိုဘက်ကမ်းကို လိုက်ခဲ့"

ပြောပြောဆိုဆို မြသန်းက ကျော်သိန်း၏ လက်တစ်ဖက်ကို လှမ်းကိုင်လိုက်သည်။

အေးစက်နေသော မြသန်း၏ လက်ကြောင့် ကျော်သိန်း နောက်တွန့်၍ ရုန်းလိုက်မိသည်။

ပြုတ်တူနှင့် အညှပ်ခံရသည့်အလား၊ မြသန်းလက်၏ အေးစက်နေမှုမှ သူ ရုန်းမထွက်နိုင်။

ချောင်းရေပြင်ပေါ်မှ ဖြတ်လျှောက်၍ တစ်ဖက်ကမ်းသို့ ကူးသွားကြသည်။

(၃)

တစ်ဖက်ကမ်းရောက်ပြီ။

ကျော်သိန်းက နောက်ကြောင်းပြန်ချင်သည်။

စောစောက ရှေ့ပြည့်တံ့နန်းသည် တစ်ဖက်ကမ်းမှ လှမ်းမြင်ရသည့် အတိုင်း မဟုတ်တော့။

ရွှေဘုံထီးနှင့် အပုံကြီးကွာပြီး ပြန်လှည့်ချင်နေသည်။ ကွာခြားချက်က တက်တက်စင်။

ယခု သူရောက်နေသည့် နေရာသည် သုခရိပ်မြုံမဟုတ်တော့။

"ကယ်ပါ၊ ယူပါ"ဟု အသံကုန်အော်ဟစ် ပြေးလွှားနေသော လူအုပ်ကြီးအား နွားပေါက်ခန့်ရှိ ခွေးကြီးများက အတင်းထိုးဟပ်၊ ကိုက်ခဲ ဆွဲခါလိုက်သဖြင့် ငယ်သံပါအောင် အော်ဟစ်သံများ။

ခေါ်ကြီးများဘေးရန်မှ လွတ်သွားသူများကို အရပ် ၁၀ပေခန့်ရှိ တစ်ကိုယ်လုံး နက်မှောင်နေပြီး ခေါင်းတွင် ဦးချိုနှစ်ဖက်ပေါက် မီးကျီးခဲ မျက်စိနှင့် လူဘီလူးကြီးများက မိန်းသုံးချောင်းပါ လှံကြီးများ၊ မြနေသော ဓားကြီးများ၊ သံချွန်ပါ ကြာပွတ်ကြီးများဖြင့် ထိုးခုတ် ရိုက်နက်နေသည်မှာ မမြင်ဝံ့စရာ။

သည်ကြားထဲမှ လွတ်မြောက်သွားသူများက ဆူးသွားအပြည့်နှင့် လက်ပံပင်ကြီးများပေါ် တွယ်ကပ်တက်၊ ရင်ပွင့်ပြီး အူများထွက် ပြုတ်ကျ၊ ခွေးကြီးများက ကိုက်စား၊ ပွက်ပွက်ဆူနေသော ရေပူကန်ကြီးများထဲတွင်လည်း အသည်းခိုက်အောင် အော်ဟစ်နေသူများ။ ငရဲသားများနှင့် ခွေးကြီးများ ကိုက်၍ သေကြရ၊ ပြီး ပြန်ရှင်၊ ပြေး၊ သေ၊ မဆုံးနိုင်သော အနိဋ္ဌာရုံများ။

ကျော်သိန်း တစ်ဖက်ကမ်းရှိ လှူဘုံသို့ ပြန်ချင်နေပြီ။ ငရဲတံခါးဝ ရောက်မှ ကောင်းမှုကုသိုလ်လုပ်ခွင့် မရှိတော့။ ထိုအခိုက် . . .

"မင်း သာယာကုန်းက မြွေသား ကျော်သိန်းမဟုတ်လား"

ငရဲ မြင်ကွင်းများကို ကြည့်ပြီး ကြောက်ဒူးတုန်နေသော ကျော်သိန်း။ သူ့နောက်မှ သံလိုက်ပမာ ညှို့အားရှိသော သြဇာသံကြီးကြောင့် နောက်သို့ လှည့်ကြည့်မိလိုက်သည်။

သန့်ရှင်းတည်ကြည်သော ဥပဓိရုပ်နှင့် တောက်ပြောင် ခန့်ညားသော အဝတ်အစားများနှင့် အရပ် ၁၀ပေခန့်ရှိ လူကြီးတစ်ယောက်။

သူ့နံဘေးတွင် နက်မှောင်သော အသား၊ ဦးခေါင်းနှစ်ဖက် ချိုပေါက်နေပြီး တင်းပုတ်ထမ်း ကြောက်မက်ဖွယ် မျက်နှာနှင့် ငရဲသားနှစ်ဦး။

"မင်း ဒီကို ဘာလာလုပ်တာလဲ။ ဘယ်သူခေါ်လာတာလဲ"

ကျော်သိန်းက ဉာဉ်မပျောက်သေး။ လိမ်ညာချင်သေးသည်။ သို့သော် မုသားစကားပြော၍ မထွက်။ သူ့နှုတ်က အမှန်အတိုင်းထွက်သွားသည်။

"သူ . . . သူ . . . မြသန်းခေါ်လာတာပါ"

"အား . . ."

အကြီးအကဲဖြစ်ဟန်တူသူ ထိုပုဂ္ဂိုလ်ကြီးက သူဘယ်လက်ကို ရုတ်တရက် ဝှေ့ရမ်းလိုက်ရာ သူ့နံဘေးတွင် ရပ်နေသော မြသန်းမှာ ငယ်သံပါအောင် နာကျင်လှသည့် အသံကြီးနှင့် အော်ဟစ်ကာ လေထဲတွင် လွင့်ပျံသွားပြီး ဦးခေါင်း စောက်ထိုးဖြင့် ပွက်ပွက်ဆူနေသော ငရဲကန်ကြီးတွင်း စုန်းစုန်းမြုပ်သွားတော့သည်။

ထိုပုဂ္ဂိုလ်ကြီးက တည်ကြည်လေးနက်သော အသံဖြင့် . . .

"ကျော်သိန်း . . . ဒါ ငရဲဘုံ၊ မင်းလည်း ဒီကို လာရမှာပဲ။ အချိန်မကျသေးဘူး။ ပြန်လိုက်ဦး"

အနီ ပုဂ္ဂိုလ်ကြီးက စကားအဆုံး လက်ကို ဝှေ့ရမ်းလိုက်ရာ ကျော်သိန်း အော်ချိန်ပင် မရလိုက်။ တစ်ဖက်ကမ်းသို့ လေဟုန်စီးကာ ပြန်ရောက်လာတော့သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

(၄)

လပြည့်ကျော် တစ်ရက်၏ လကဝိုင်းသာသည်။ တစ်လောကလုံး ငွေစက်ငွေပြောက် ငွေရည်သောက်၍ အေးချမ်းလှပလွှမ်းနေသည်။

ကျော်သိန်း အိပ်မပျော်သေး။

သန်းခေါင်ကြက်များပင် တွန်လာပြီ။

မနေ့ညက သူ မြင်မက်ခဲ့သော အိပ်မက်ကို လန့်နေမိသည်။ တစ်ရွာလုံးတွင် အိပ်မပျော်သူက သူတစ်ယောက်တည်းသာ ဖြစ်နေ၍ အားလုံးကို ကြောက်ရွံ့နေမိသည်။

အကောင်းဆုံးက အမူးသောက်လိုက်လျှင် အမြန်အိပ်ပျော်မည်။ မူး၍အိပ်ပျော်သွားလျှင် အားလုံးကို မေ့သွားမည်။

နေ့လယ်က ရှာရှာပါးပါး ရထားသော နွှေဖားကင်အား တစ်ချက်ဝါး၊ ဆေးလိပ်တို တစ်ရှိုက်ဖွာ၊ အိပ်တော့မည်အပြု…

"ဂါး…ဂစ်…ဂီး"

"အုံ…အုံ…အုံး"

"ဝုတ်…ဝုတ်"

နာရီကြည့်လျှင် လွဲနေဦးမည်။

မနေ့က အချိန်၊ ကွက်တိ။

ညကအတိုင်း လေကလေး တစ်ချက်ဝှေ့လိုက်ပြီး အိမ်ခေါင်မိုးထက်မှ ဖြတ်အော်သွားသော လင်ကောင်ပိုးငှက်၏ အသံ။ ဆက်တိုက်ဆိုသလို တစ်ရွာလုံးရှိ ခွေးများ၏ ဟောင်သံအူသံများ။

လက်ရဲဇက်ရဲ ထိုးရဲခေါက်ပုတ်ရိုက်နှက်ရဲသော ကျော်သိန်း။ တကယ်တမ်း ကြောက်လာပြီဆိုလျှင် လူမိုက်အတွက် ပုန်းစရာနေရာမရှိတော့။ သို့သော် မည်သို့ဖြစ်သည် မသိ၊ သူ့ကြောက်စိတ်ကို အခြားစိတ်တစ်ခုက အနိုင်ယူသွားပြီ။

အိပ်ရာထဲ ခေါင်းထိုးအိပ်နေရာမှ အသာထ၊ အိမ်ရှေ့ ငမိုးရိပ်ချောင်းကမ်းပါးသို့ ဣန္ဒြေရရ တစ်လှမ်းချင်း လျှောက်လာခဲ့သည်။

လရောင်ကြောင့် ညက တကယ့်နေ့နေ့လယ်ခင်း။ ငမိုးရိပ်ချောင်းရေက တငြိမ့်ငြိမ့်။

ဟိုမှာဘက်ကမ်းမှ ဆိုင်းသံ ဗုံသံဆူညံသံ။ လူသံ၊ အပျော်အပါး အကအခုန်၊ နာပျော်ဖွယ် သီချင်းသံ၊ လက်ခုပ်သံ တဖြောင်းဖြောင်းတို့က သူ့အိပ်ချင်စိတ်ကို ပျောက်သွားစေသည်ထင့်။

ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသော လူအုပ်ကြီး။ ချောမောလှပလွန်းသည့် မိန်းမလှလေးများက သူ့အား လာပါလှည့်၊ အတူပျော်ပါးပါလှည့်ဟု ခေါ်နေသယောင်။

ဟိုဘက်ကမ်း သာယာရွှေပြည်သို့ သွားချင်စိတ်များက တားမရဆီးမနိုင်။

တစ်ဖက်ကမ်းနှင့် သူ့အားရွှေပင်လယ် မကာဆီးသော်လည်း ငမိုးရိပ်ချောင်း ခြားနေပြီ။ မည်သို့ ကျော်ဖြတ်ရပါ့။

မျက်စုံအစုံက တစ်ဖက်ကမ်းသို့ လှမ်းမျှော်ကြည့်လိုက်မိသည်။ ကမ်းစပ်တွင် ငုတ်၌ ကြိုးချည်ထားသော လှေငယ်တစ်စင်း။ စိတ်အလျဉ်က ဤကြိုးချည်ထားသော လှေကလေး ကြိုးပြတ်၍ သူ့ထံသို့ တန်းတန်းမတ်မတ်လာလျှင် ကောင်းလေစွဟု တောင့်တလိုက်မိသည်။

"ဟင်"

လူမိုက် ကံကောင်းသည်လား၊ ကံဇာတာ အတျိုးပေးချိန်ရောက်ပြီ ဆိုရမည်လား မသိ။

သူ ဖြစ်စေချင်သော ဆန္ဒအတိုင်း လှေကလေးက ကြိုးမှ ပြတ်ကာ သူ့ထံသို့ တန်းတန်းမတ်မတ်ပင် ရောက်လာပြီရော။

လော်ခတ်သူ မပါသည့် လှေကလေးထက် အသာပင် ထိုင်ချလိုက်မိသည်။ ပဲ့ကိုင်သူမဲ့ လှေကလေးက သည်မှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းသို့ အသာအယာပင် ခေါ်သွားသည်။

သာယာရွှေပြည်တစ်ဖက်ကမ်းသို့ ကျော်သိန်း ခြေချလိုက်ပြီး နောက်ဘက်သို့ တစ်ချက်လေးပင် လှည့်မကြည့်တော့ဘဲ ကမ်းပေါ်သို့ တက်သွားတော့သည်။

မည်သူကမှ သူ့ကို မတားဆီးကြတော့။

(၅)

နောက်နှစ်ရက်အကြာတွင် ငမိုးရိပ်ချောင်းနံဘေး ဆီးပင်ဝဲရှာအထက် ချုံပုတ်ထဲတွင် ငြိ၍ ပုပ်နေသော ကျော်သိန်းအလောင်းကို ရှာတွေ့ကြရတော့သည်။

(စာကြွင်း။ ထိုညက ကျော်သိန်းတစ်ယောက် ငမိုးရိပ်ချောင်းအတွင်းသို့ တည်ငြိမ်အေးဆေးစွာ ဆင်းသွားသည်ကို ည-ည အိပ်မပျော်သော နေမကောင်းသည့် လူမမာတစ်ယောက်က မြင်တွေ့လိုက်ရကြောင်း သိကြရသည်။

မိမိပြုသော ကုသိုလ်၊ အကုသိုလ်အတိုင်း စိုက်ပျိုးသော အပင်၏ သီးနှံကိုသာ ရိတ်ကြရပါသည်။)■

* * *

ကျော်မင်းညွှန့် (လှည်းကူး)



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်အမြင် နက္ခတ်ဂြိုဟ်စဉ်များအရ

## ၂၀၁၃ ခု၊ မေလ၊ ခုနစ်နေ့သားသမီးများအတွက်

# ကြွင်းရုပ်အဟောစာတမ်းများ

ဝဗ္ဗာစရိယ ဦးအောင်ကျော်မိုး

## တနင်္ဂနွေသားသမီးများ

ယခုလ မိဿရာသီ ပထမကြွင်းရုပ် အဟောထွက်သည်။



**စီးပွားရေး။** အလုံးစုံ ရင်းနှီးမြှုပ်နှံထားရမည်။ ငွေ၊ အချိန်၊ လုပ်အား အားလုံး တစ်ယောက်တည်း ကုန်းရုန်းလုပ်နေရမည်။ ဆရာတစ်ဆူကဲ့သို့ သူတစ်ပါးအား အကြံပေးနည်း လုပ်ပြ၊ အလုပ်ရှာပေးဖြစ်မည်။ တပည့်များနှင့် ပတ်သက်၍ ငွေအချိုကြီး တစ်ကြိမ်ဝင်မည်။ မိတ်ဟောင်းနှင့် ပတ်သက်၍ ငွေဝင်ပြီး၊ မိတ်သစ်နှင့် ပတ်သက်၍ မိတ်ပျက်မည်။ အလုပ်တွေ ပုံကျလာမည်။ ငွေဝင်နည်းသော်လည်း အများ၏ အားကိုးမှု ခံရမည်။ မြင့်သော ရာထူးနေရာမှာ အလုပ်လုပ်ဖြစ်မည်။

**အိမ်ထောင်ရေး။** သာယာသော အိမ်ထောင်ရေးဖြစ်သော်လည်း ရံခါ တွက်ကပ်ပြီး အရှုံးအမြတ်တွက်လိမ့်မည်။ ပတ်ဝန်းကျင် ဆွေညံ့သံများကြောင့် မိသားစု စိတ်အနှောင့်အယှက်ဖြစ်မည်။ ကိုယ့်အဝတ် ကိုယ်လျှော်၊ ကိုယ့်ထမင်း ကိုယ်ခူးစားပြီး လွတ်လွတ်လပ်လပ်နေမိမည်။ သို့မဟုတ်လျှင် အစားအသောက်နှင့် ပတ်သက်၍ လင်မယား စကားများဖြစ်မည်။

**ပညာရေး။** အုပ်ချုပ်ရေးနည်းပညာနှင့် ကျောက်မျက် ပညာများ စိတ်ဝင်စားနေမည်။ သင်္ချာဆိုင်ရာများ အားနည်းမည်။ မိတ်ဆွေများနှင့် ပတ်သက်၍ ပညာရပ် ပညာရပ်မည်။ ၎င်းပညာမှ ငွေဝင်မည်။

**အချစ်ရေး။** အမိန့်ပေးသူ၏ အချစ်ကို ရလိမ့်မည်။ မချစ်သော်လည်း အားကိုးနေမိမည်။ စိတ်တူကိုယ်တူ အရွယ်တူ အချစ်ကို ရလိုသော်လည်း ဝေးနေမည်။ ကြီးလျှင် အရမ်းကြီး၍ ငယ်လျှင် အရမ်းငယ်နေမည်။

**ကျန်းမာရေး။** ဆေးစားများမည်။ အစားများမည်။ အလကားရ အစားအစာများ၊ သွန်ပစ်ရမှာ နမြော၍ စားမိသော အစားအစာများကြောင့် ရောဂါရမည်။

**ကံကောင်းသောအရောင်** - အနက်၊ အညို၊ အနီရင့်ရောင်များ။

**ကံကောင်းသောဂဏန်း** - ၃၊ ၀၊ ၇ ဂဏန်းများ။

**ယတြာ** - သက်ကြီးရွယ်အို ဆရာများထံမှ အဆောင်တစ်ခုခုရအောင် စွန့်ခိုင်းပြီး ဆောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ



**ယခုလ ဗြိစ္ဆာရာသီ တတိယတြင်းရှစ် အဟောထွက်သည်။**

**စီးပွားရေး။** အကျိုးဆောင်လုပ်ငန်းများ။ ပူးပေါင်းလုပ်ဆောင်မှုများ အောင်မြင်မည်။ မိမိ၏ ပညာရပ်ကို ထိရောက်စွာ ပြသခွင့်ရမည်။ ပြည်သူများအကြား မိမိနာမည် ပျံ့နှံ့သင်းနေမည်။ နေအိမ်နှင့် မြေယာများအတွက် ရင်လေး ပူပင်နေလိမ့်မည်။ ဝန်ထမ်းများ အလုပ်ပြောင်း။ နေရာပြောင်းရှိသည်။ ပုံမှန်လုပ်ငန်းထက် ပြင်ပအလုပ်များ ဝင်ငွေပိုရမည်။

**အိမ်ထောင်ရေး။** အိမ်ထောင်ဘက်၏ စီးပွားရေး ရုတ်တရက် ကောင်းလာမည်။ ပို၍ အားကိုးယုံကြည်လာမည်။ ခိုင်မြဲသော အိမ်ထောင်ရေးအဖြစ် ယုံကြည်နေမိမည်။ သားသမီးများ၏ ပညာရေးအတွက် ငွေများစွာ ကုန်ကျမှုကြောင့် စကားများဖြစ်မည်။

**ပညာရေး။** အများ၏ ပံ့ပိုးမှုကို ရသော်လည်း ဆရာများ၏ အထင်လွဲမှု၊ မျက်နှာလိုက်မှုကြောင့် အခက်အခဲများစွာ ကြုံမည်။ ပတ်ဝန်းကျင် ဆူညံမှုကြောင့် စာကျက် အနှောင့်အယှက်ဖြစ်မည်။ တွက်စာ လွယ်သမျှ ကျက်စာ ခက်နေမည်။

**အချစ်ရေး။** ငယ်ရွယ်သူများ ချစ်သူဝိုင်းဝိုင်းလည်နေမည်။ ရွေးချယ်ရ ခက်မည်။ သို့သော် နီးစပ်သူ၊ လက်ဦးသူနောက် ပါသွားမည်။ ယခုလ တွေ့သူသည် သင်၏ ဖူးစာမှန်ဖြစ်လိမ့်မည်။

**ကျန်းမာရေး။** အလိုက်မသိသူ၊ လူရိုင်းစိတ်ဝင်သူများကြောင့် စိတ်အနှောင့်အယှက်ဖြစ်မည်။ ဒူးခေါင်းနာမည်။ ဥပဒေအကြောင်းအရာများကြောင့် စိတ်ပူပက်မိမည်။ အမျိုးသမီးများ မီးယပ်ဆိုင်ရာ ရောဂါရမည်။

**ကံကောင်းသောအရောင်** - အဝါရောင်နုနုနှင့် အဖြူရောင်များ။
**ကံကောင်းသောဂဏန်း** - ၆၊ ၅။
**ယတြာ** - ဆေးရုံနှင့် အိမ်ျိုးသမီးဆိုင်ရာများသို့ အလှူဒါနပြုပြီး ဆုတောင်းပါ။

BURMESE CLASSIC .com

## အင်္ဂါသားသမီးများ



**ယခုလ မိန်ရာသီ တတိယတြင်းရှစ် အဟောထွက်သည်။**

**စီးပွားရေး။** ခြေလှမ်းတွေ များ။ ခရီးတွေ ဆက်နေရသော်လည်း ငွေဝင်နည်းမည်။ ရုံခါ မဝင်သလောက်ဖြစ်မည်။ ဆရာ၊ မိတ်ဆွေတို့၏ အကူအညီနှင့် အနီးနေသူ၏ အားပေးမှုကို ရရှိမည်။ အလုပ်ထဲမှာ မပျော်ပိုက်သော်လည်း ပေကာ လုပ်နေဖြစ်မည်။ မာနနှင့် ငွေ လဲပယူနေရချိန်ဖြစ်သည်။ အလုပ်သစ်များစွာကို ကြံစည်မိမည်။ ရသည့်နေရာမှာ တည်ငြိမ်စွာ လုပ်သင့်သည်။

**အိမ်ထောင်ရေး။** ပြဿနာတကျက်ကျက်။ ညှိနှိုင်းမရမှုတွေ များနေမည်။ မိဘဆွေမျိုးများကြားမှာ ကြိတ်မှိတ် သည်းခံနေရမည်။ ဘဝခရီးကို ပင်ပန်းစွာ ဖြတ်သန်းနေရချိန်ဖြစ်၍ သည်းခံနေရမည်။

**ပညာရေး။** အပေါင်းဆိုး၍ နားလည်မှုမရှိသော ဆရာများနှင့် တွေ့မည်။ ကိုယ်တိုင်ကလည်း ပညာရေးကို စိတ်မဝင်စား။ အပျော်အပါးနှင့်သာ အချိန်ကုန်နေမည်။ နှုတ်အပြောစကားသင်တန်းတက်မိလျှင် ငွေကုန်ရုံသာ။

**အချစ်ရေး။** ချစ်သူက ဘာသာရေးကို စိတ်ဝင်စားနေမည်။ ချစ်သူ၏ အားနည်းမှု၊ အားငယ်မှုများကို အကူအညီပေးမိမည်။ နုနယ်လှပသော အချစ်များ ရောက်လာမည်။ နှလုံးသား ရင်ခုန်မှုတွေ များနေမည်။ စိတ်နှစ်ခွဖြစ်မည်။

**ကျန်းမာရေး။** ကျားများ အူရောင်၊ အူနာမည်။ အပူရုပ် ဖျားနာမည်။ ကမ်းနားမှာ ရေနစ်မည်။

**ကံကောင်းသောအရောင်** - အနီရောင်၊ ပန်းရောင်နှင့် အဝါနုရောင်များ။
**ကံကောင်းသောဂဏန်း** - ၂၊ ၃၊ ၅။
**ယတြာ** - ရေထဲရှိ သတ္တဝါများအား အစာကျွေး၍ ဆုတောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများ



### ထခုထ ကုစ်ရာသီ ဒုတိယတြင်းရှစ် အဟောထွက်သည်။

**စီးပွားရေး။** ဆရာများ၊ အရောင်းအဝယ်ကိစ္စများနှင့် ပတ်သက်၍ အကျိုးအမြတ်ရမည်။ စက်ပစ္စည်း၊ မြေယာကိစ္စများအတွက် စာချုပ်ရာမှ အကျိုးအမြတ်ရမည်။ မြေအဟောင်းနှင့် ရေကန်အဟောင်း၊ အဆောက်အအုံအဟောင်းတို့မှ ငွေဝင်မည်။ ဖြည်းဖြည်းနှင့် မှန်မှန်လုပ်နေသောအလုပ်များ အောင်မြင်မည်။ ကံကောင်းသော အချိန်ဖြစ်သည်။

**အိမ်ထောင်ရေး။** သာယာသော အိမ်ထောင်ရေးဖြစ်သည်။ အိမ်ထောင်ဖက်သည် တက်ကြွ၍ အောင်မြင်မှုတွေ ရနေမည်။ အိမ်ထောင်ဖက်အတွက် ဝမ်းသာဂုဏ်ယူဖြစ်မည်။ မိသားစု စကားဝိုင်း၊ စားသောက်ဝိုင်းတို့ဖြင့် စည်ကားနေမည်။ ဧည့်သည်ကောင်း ရောက်လာမည်။

**ပညာရေး။** ငယ်ရွယ်သူများ အချက်အပြုတ်နှင့် ဟိုတယ် ခရီးသွားဆိုင်ရာ ပညာရပ်များ သင်ယူဖြစ်မည်။ ဘာသာစုံ လေ့လာဖြစ်မည်။ နှုတ်အပြော ပညာရပ်များမှ ထူးချွန်မည်။ သင်ယူချင်စိတ်ရှိလျှင် မည်သည့်ပညာဖြစ်ဖြစ် သင်ယူဖြစ်မည်။

**အချစ်ရေး။** နှလုံးသား မခုန်ရသော်လည်း ပျော်ရွှင်ကြည်နူးဖွယ် မိတ်ဆွေလိုခင်မင်ရသူ ပေါ်လာမည်။ ဘဝ ထာဝရလက်တွဲဖော်အဖြစ် စိတ်ကူးနေမိမည်။ လက်ထပ်လျှင် လွယ်ကူမည်။

**ကျန်းမာရေး။** ဆေးစားများမည်။ ရေချိုးရာမှ ထိခိုက်ဒဏ်ရာရမည်။ ခြင် စသော ပိုးမွှားတို့၏ ကိုက်ခဲမှု ခံရမည်။

**ကံကောင်းသောအရောင်** - ရေညှိရောင်၊ အစိမ်းရင့်၊ အနက်ရောင်များ။
**ကံကောင်းသောဂဏန်း** - ၄၊ ၀၊ ၇။
**ယတြာ** - ရှေးဟောင်းရုပ်ပုံတစ်ခုကို အဆောင်ထားပါ။

BURMESE CLASSIC .com

## ကြာသပတေးသားသမီးများ



### ယခုလ ပြိဿရာသီ ဒုတိယတြင်းရှစ် အဟောထွက်သည်။

**စီးပွားရေး။** အရောင်းအဝယ်ကိစ္စများ ဆက်တိုက်ဖြစ်နေမည်။ ဆန့်ကျင်ဘက်လိင်ကို အထင်ကြီးရာမှ ငွေဆုံးရှုံးလိမ့်မည်။ ယုံကြည်လွန်း၍ စီးပွားရေးပါ ဆုတ်ယုတ်မည်။ ဆရာများကြောင့် စီးပွားတက်မည်။ အလုပ်သမား နွမ်းပါးသော မိတ်ဆွေများကြောင့် အမြတ်နည်းပါးမည်။ အကျိုးဆောင်လုပ်ငန်းများ ဖြစ်သော်လည်း ရငွေနည်းပါးမည်။

**အိမ်ထောင်ရေး။** ခွဲခွာရတတ်သည်။ တစ်အိမ်တည်းရှိသော်လည်း နေရာခွဲအိပ်ဖြစ်မည်။ စည်းကမ်းတင်းကျပ် ချုပ်ချယ်လွန်းမည်။ အစစ သူ့မျက်နှာကြည့်၍ လုပ်ကိုင်နေရသဖြင့် ဘဝကို မကျေမနပ်ဖြစ်မည်။ ရုံခါ ခွဲရန်အထိ စိတ်ကူးဖြစ်မည်။

**ပညာရေး။** ပညာသင်ရာ တစ်ဝက်ရောက်မှ ပျက်သွားလိမ့်မည်။ အပေါင်းအသင်းများမည်။ တစ်ယောက်တည်းရှိလျှင် ပုံမှန်ဖြစ်နေသော်လည်း အပေါင်းအသင်းနှင့် အပျော်အပါးတွေ့လျှင် စိတ်လွတ်မည်။ ရုံခါ လောင်းကစားဘက် စိတ်ဝင်စားမိ၍ သတိပြုစေချင်သည်။

**အချစ်ရေး။** မရေရာသော အချစ်၊ အားကိုးခံရသော အချစ်များသာ ရနေမည်။ အချစ်နှင့် အိမ်ထောင်ရေး တခြားစီ ဖြစ်နေမည်။ လွတ်လပ်စွာ နေလိုစိတ်များမည်။ ခုချစ် ခုမေ့အချစ်ကို မယုံကြည်ဘဲ ဖြစ်နေမည်။

**ကျန်းမာရေး။** ဆီးရောဂါဖြစ်လွယ်မည်။ ဆီးပူ၊ ဆီးအောင့်၊ ဆီးချုပ်မှုများ ကြုံမည်။

**ကံကောင်းသောအရောင်** - အဖြူရောင်နှင့် အဝါရောင်များ။
**ကံကောင်းသောဂဏန်း** - ၅၊ ၆။
**ယတြာ** - ဘာသာရေးလုပ်ငန်းများတွင် ပါဝင်၍ ဝေယျာဝစ္စဆောင်ရွက်ပြီး ဆုတောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများ



**ယခုလ မိန်ရာသီ တတိယတြင်းရုပ် အဟောထွက်သည်၊**

**စီးပွားရေး။** ကံကောင်းနေချိန်ဖြစ်သည်။ ခရီးသွား၊ ဟိုတယ်၊ စားသောက်ကုန်၊ အနုပညာ၊ အဝတ်အထည်၊ လက်ဝတ်ရတနာ စသဖြင့် များစွာအကျိုးပေးနေမည်။ စက်ပစ္စည်း၊ မြေယာ စသဖြင့် ကိုယ်တိုင် ဦးဆောင်ပါဝင် လုပ်ကိုင်သော အလုပ်များ အကျိုးပေးမည်။ အလုပ်သမား၊ ဝန်ထမ်းများ အကျိုးမပေး။ ၎င်းတို့အတွက် ကုန်ကျစရိတ်ကြီးမားမည်။

**အိမ်ထောင်ရေး။** စကားဆက်တိုင်များရချိန်။ အကျအနကောက်လွန်းမည်။ နေရာတကာ ဝင်ပါနေ၍ စိတ်ပျက်ရမည်။ ရှုချင်လောက်အောင် စိတ်ပျက်နေရချိန်ဖြစ်သည်။

**ပညာရေး။** ဝတ်ကျေတန်းကျေသာ သင်နေရမည်။ ပညာရေးကို စိတ်ဝင်စားမှုနည်းမည်။ အချက်အပြုတ်၊ အိမ်ချုပ်အလုပ်ပညာများ သင်ယူခွင့်ရမည်။

**အချစ်ရေး။** အပြစ်အနာအဆာရှိသူကိုမှ သနားလွန်း၍ အချစ်ပိုမိမည်။ လက်ထပ်လိုသော်လည်း စိတ်ကြိုက်မတွေ့ ဖြစ်မည်။ ခရီးသွားရင်း ချစ်သူတွေ့မည်။

**ကျန်းမာရေး။** - စိတ်မငြိမ်၊ ခန္ဓာကိုယ် ယားယံမည်။ ဆံပင်ကျွတ်၊ ခေါင်းယားမည်။ ယောက်ျားကလေးများ ဥရောင်၊ ဥတွဲဖြစ်မည်။

**ကံကောင်းသောအရောင်** - စပ်ကြား၊ အကွက်များ။

**ကံကောင်းသောဂဏန်း** - ၁၊ ၃၊ ၀။

**ယတြာ** - တိတ်ဆိတ် လိုဏ်ဂူ (သို့မဟုတ်) တဝဂူဘုရားအတွင်းမှာ စိတ်ငြိမ်အောင် ပုတီးစိပ်၍ဖြစ်စေ၊ တရားထိုင်၍ဖြစ်စေ ပြုလုပ်ပါ။

## စနေသားသမီးများ



**ယခုလ တူရာသီ နဝမတြင်းရုပ် အဟောထွက်သည်၊**

**စီးပွားရေး။** အခက်အခဲများစွာ ကြုံရသောအချိန်ဖြစ်သည်။ စကားများစွာပြောဖြစ်မည်။ ၎င်းနှီးမြှုပ်နှံသူ များမည်။ လိုအပ်တာထက် ပို၍ငွေကုန်မည်။ ကိုယ်တိုင်ကြိုးစားလုပ်ကိုင်ဖြစ်မည်။ ဤလ အစစရှည့်သဖြင့် သတိထားသင့်သည်။

**အိမ်ထောင်ရေး။** တကျက်တက် စကားများ ရန်ဖြစ်၊ အငြင်းပွားနေရမည်။ မြို့ပြင်ပြသသနာမှာ ဝင်လာမည်။ အပိုရန်တွေ ရှင်းနေရမည်။ ရန်ဖြစ်ပြီးမှ ငွေဝင်မည်။

**ပညာရေး။** လေးနက်သော အဘိဓမ္မာများ သင်ယူဖြစ်မည်။ ပရဟိတနှင့်ဆက်သွယ်ရေး ပညာရပ်များ သင်ယူဖြစ်မည်။ အလုပ်တစ်ဖက်ကြောင့် ပညာရေး အနှောင့်အယှက်ဖြစ်မည်။

**အချစ်ရေး။** အသက်ကြီးသူများ၏ ချစ်ခင်မှုကို ရရှိမည်။ မိခင်ပမာ ဂရုစိုက်သူဖြစ်မည်။ လေးနက်တည်ကြည် ခန့်ညားသောအချစ်ကို ရရှိသော်လည်း စကားပြောအဆင်မပြေမှုတွေ များမည်။

**ကျန်းမာရေး။** ခါးနာမည်။ သည်းခြေပျက်၍ စိတ်မငြိမ်ဖြစ်မည်။ မီးလောင်ခံရလွယ်သည်။

**ကံကောင်းသောအရောင်** - အညို၊ အနက်၊ မီးခိုးရောင်များ။

**ကံကောင်းသောဂဏန်း** - ၇၊ ၉၊ ၀။

**ယတြာ** - ရေထဲရှိ သတ္တဝါများအား အစာကျွေးပြီး ဆုတောင်းပါ။

* * *

ဦးအောင်ကျော်မိုး